http://www.dhammadownload.com

ဓမ္မစေတီတော်

# မိလိန္ဒပဉှာသင်္ဂြိုဟ်တော်မြန်မာပြန်

ကွယ်လွန်သူ မိဘနှစ်ပါး ဖြစ်သော
ဦးဘွား-ဒေါ်ခန်းခန်းလှိုင်-နှင့်
ကွယ်လွန်သူ ဦးအကိုမြင့်သူ
အောင်မင်းရှင်ဆေး ဆေး-ဓာတ်ရည်ဆိုင်ရှင်
သားကြီး-ထိုဝင်းထွန်းသောင်း၊
ဒေးဒေးချွန်သီတာ (မန္တ-ချမ်း)
သားငယ် ထိုအောင်ပြည့်စုံအေး (မန္တ-ဇော်ကျ)
ဒိသာရ၊ ထောက်ခံမှု
၁၃၇၂-ခုနှစ်

မိလိန္ဒပဉှာသင်္ဂြိုဟ်တော်မြန်မာပြန်

http://www.dhammadownload.com

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# မိလိန္ဒပဉှာပါဠိတော်

## မြန်မာပြန်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၄၁ ကောဇာ-၁၃၅၉ ၁၉၉၇

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်
( မှတ်ပုံတင်အမှတ် - ၀၂၄၀၅/၀၂၅၂၇ ) က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

## မိလိန္ဒပဉှာပါဠိတော် မြန်မာပြန်

# မာတိကာ

---


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁ | ရှေးဆုတောင်း ပုဗ္ဗယောဂ | ၃ |
| | **၁-ဗာဟိရကထာ** | |
| ၂ | ပုဗ္ဗယောဂစသည် | ၄ |
| ၃ | မိလိန္ဒမင်းအကြောင်း | ၅ |
| ၄ | အတတ်တဆယ့်ကိုးမျိုး | ၅ |
| ၅ | ပညာရှိစူးစမ်းခဏ်း | ၇ |
| ၆ | ပူရဏကဿပသို့ မေးမြန်းခဏ်း | ၈ |
| ၇ | မက္ခလိဂေါသာလသို့ မေးမြန်းခဏ်း | ၈ |
| ၈ | နာဂသေနနတ်သားကို တောင်းပန်ခဏ်း | ၉ |
| ၉ | အသျှင်ရောဟဏကို ဒဏ်ပေးခဏ်း | ၁၁ |
| ၁၀ | နာဂသေနသူငယ်ဖွားမြင်ခဏ်း | ၁၁ |
| ၁၁ | နာဂသေန ပညာသင်ခဏ်း | ၁၂ |
| ၁၂ | ရောဟဏမထေရ်နှင့် နာဂသေနတွေ့ဆုံခဏ်း | ၁၃ |
| ၁၃ | နာဂသေန ရှင်ပြုခဏ်း | ၁၄ |
| ၁၄ | အသျှင်နာဂသေန ဆရာကိုပြစ်မှား၍ ဒဏ်ထားခဏ်း | ၁၆ |
| ၁၅ | သျှင်နာဂသေန ပိဋကသင်ကြားခဏ်း | ၁၈ |
| ၁၆ | သံဃာတော်တို့ သာဂလပြည်သို့ ဝင်ရောက်ခဏ်း | ၂၀ |
| ၁၇ | အသျှင်အာယုပါလသို့ မိလိန္ဒမင်းမေးခဏ်း | ၂၀ |
| ၁၈ | မိလိန္ဒမင်းနှင့် သျှင်နာဂသေန တွေ့ဆုံခဏ်း | ၂၂ |
| | **၂-မိလိန္ဒပဉှာ** | |
| | **၁-မဟာဝဂ်** | |
| ၁ | ပညတ္တိပဉှာ(ဘွဲ့မည်တော်ကို မေးခြင်း) | ၂၇ |
| ၂ | ဝဿဂဏနပဉှာ(သိက္ခာတော်ကိုမေးခြင်း) | ၃၀ |
| ၃ | ဝီမံသနပဉှာ(စုံစမ်းလျှောက်မေးခြင်း) | ၃၀ |
| ၄ | အနန္တကာယပဉှာ(အနန္တကာယအမတ်၏ လျှောက်ထားမေးမြန်းချက်) | ၃၁ |
| ၅ | ပဗ္ဗဇ္ဇပဉှာ(ရဟန်းပြုခြင်းဆိုင်ရာပြဿနာ) | ၃၃ |
| ၆ | ပဋိသန္ဓိပဉှာ(ပဋိသန္ဓေ နေမနေပြဿနာ) | ၃၄ |

## မိလိန္ဒပဉှာပါဠိတော် မြန်မာပြန်

ဦးရေ　　　　အကြောင်းအရာ　　　　မျက်နှာအမှတ်

### ၁-မဟာဝဂ်


၇-ယောနိသောမနသိကာရပဉှာ(ယောနိသောမနသိကာရပြဿနာ) .... .... ၃၄
၈-မနသိကာရလက္ခဏပဉှာ(မနသိကာရလက္ခဏာပြဿနာ) .... .... ၃၅
၉-သီလလက္ခဏပဉှာ(သီလလက္ခဏာပြဿနာ).... .... .... .... ၃၅
၁၀-သမ္ပသာဒနလက္ခဏသဒ္ဓါပဉှာ(သဒ္ဓါ၏ကြည်လင်ခြင်း လက္ခဏာပြဿနာ) .... ၃၇
၁၁-သမ္ပက္ခန္ဒနလက္ခဏသဒ္ဓါပဉှာ(သဒ္ဓါ၏ပြေးဝင်ခြင်းလက္ခဏာပြဿနာ) .... ၃၈
၁၂-ဝီရိယလက္ခဏပဉှာ(ဝီရိယလက္ခဏာပြဿနာ) .... .... .... ၃၉
၁၃-သတိလက္ခဏပဉှာ(သတိလက္ခဏာပြဿနာ) .... .... .... ၃၉
၁၄-သမာဓိလက္ခဏပဉှာ(သမာဓိလက္ခဏာပြဿနာ) .... .... .... ၄၁
၁၅-ပညာလက္ခဏပဉှာ(ပညာလက္ခဏာပြဿနာ) .... .... .... ၄၂
၁၆-နာနာဓမ္မာနံ ကေကိစ္စ အဘိနိပ္ဖါဒနပဉှာ(တရားအသီးသီးတို့ အကျိုးတခုတည်းကို
ပြီးစီးခြင်းပြဿနာ).... .... .... .... .... .... ၄၂


### ၂-အဒ္ဓါနဝဂ်


၁-ဓမ္မသန္တတိပဉှာ(တရားအစဉ်အဆက် ဆက်စပ်ပုံပြဿနာ) .... .... ၄၄
၂-ပဋိသန္ဒဟနပဉှာ(ပဋိသန္ဓေမနေရမှုကို သိမသိပြဿနာ).... .... .... ၄၅
၃-ဉာဏပညာပဉှာ(ဉာဏ်နှင့်ပညာပြဿနာ) .... .... .... .... ၄၆
၄-ပဋိသန္ဒဟနပုဂ္ဂလဝေဒိယနပဉှာ(ပဋိသန္ဓေမနေသူ ဝေဒနာခံစား မခံစားပြဿနာ) ၄၈
၅-ဝေဒနာပဉှာ(ဝေဒနာပြဿနာ) .... .... .... .... ၄၉
၆-နာမရူပဧကတ္တနာနတ္တာပဉှာ(ရုပ်နာမ်တူမတူပြဿနာ) .... .... .... ၅၀
၇-ထေရပဋိသန္ဒဟနာပဋိသန္ဒဟနပဉှာ(နာဂသေနမထေရ်တဖန်ပဋိသန္ဓေနေမနေပြဿနာ) ၅၃
၈-နာမရူပပဋိသန္ဒဟနပဉှာ (နာမ်ရုပ်နှင့်ပဋိသန္ဓေနေမှုပြဿနာ) .... .... ၅၄
၉-အဒ္ဓါနပဉှာ(ကာလပြဿနာ) .... .... .... .... .... ၅၅


### ၃-ဝိစာရဝဂ်


၁-အဒ္ဓါနမူလပဉှာ(ကာလ၏အရင်းမူလပြဿနာ) .... .... .... ၅၆
၂-ပုရိမကောဋိပဉှာ(ရှေးအစွန်းပြဿနာ) .... .... .... .... ၅၆
၃-ကောဋိပညာယနပဉှာ(ရှေးအစွန်းထင်မထင်ပြဿနာ) .... .... .... ၅၇
၄-သင်္ခါရဇာယမာနပဉှာ (ဖြစ်ဆဲသင်္ခါရရှိမရှိပြဿနာ) .... .... .... ၅၈
၅-ဘဝန္တသင်္ခါရဇာယမာနပဉှာ(ဖြစ်ရာမရှိပဲသင်္ခါရဖြစ်မဖြစ်ပြဿနာ) .... .... ၅၉
၆-ဝေဒဂူပဉှာ(ဇီဝမည်သော လိပ်ပြာကောင်အတ္တ ပြဿနာ) .... .... ၆၀
၇-စက္ခုဝိညာဏာဒိပဉှာ (စက္ခုဝိညာဏ်စသည်ဖြစ်ပုံပြဿနာ) .... .... ၆၄
၈-ဖဿလက္ခဏပဉှာ(ဖဿလက္ခဏာပြဿနာ) .... .... .... .... ၆၆
၉-ဝေဒနာလက္ခဏပဉှာ(ဝေဒနာလက္ခဏာပြဿနာ) .... .... .... ၆၇

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## ၃-ဝိစာရဝဂ်


၁၀-သညာလက္ခဏပဉ္ဟာ(သညာလက္ခဏာပြဿနာ) .... .... .... ၆၈
၁၁-စေတနာလက္ခဏပဉ္ဟာ(စေတနာလက္ခဏာပြဿနာ) .... .... .... ၆၈
၁၂-ဝိညာဏလက္ခဏပဉ္ဟာ(ဝိညာဏ်လက္ခဏာပြဿနာ) .... .... .... ၆၉
၁၃-ဝိတက္ကလက္ခဏပဉ္ဟာ(ဝိတက်လက္ခဏာပြဿနာ) .... .... .... ၇၀
၁၄-ဝိစာရလက္ခဏပဉ္ဟာ(ဝိစာရလက္ခဏာပြဿနာ) .... .... .... ၇၀


## ၄-နိဗ္ဗာနဝဂ်


၁-ဖဿာဒိဝိနိဗ္ဘုဇနပဉ္ဟာ(ဖဿစသည်တို့ကိုခွဲခြား၍သိမသိပြဿနာ) .... .... ၇၁
၂-နာဂသေနပဉ္ဟာ(အသျှင်နာဂသေနမေးသောပြဿနာ).... .... .... ၇၂
၃-ပဉ္စာယတနကမ္မနိဗ္ဗတ္တပဉ္ဟာ(အာယတနငါးပါးကံကြောင့်ဖြစ်ပုံပြဿနာ) .... ၇၂
၄-ကမ္မနာနာကရဏပဉ္ဟာ(ကုသိုလ်ကံ အကုသိုလ်ကံခြားနားမှုပြဿနာ) .... ၇၃
၅-ဝါယာမကရဏပဉ္ဟာ(လုံ့လဝီရိယထုတ်ခြင်း ပြဿနာ) .... .... .... ၇၄
၆-နေရယိကဂ္ဂိဥဏှဘာဝပဉ္ဟာ(ငရဲမီးပူလောင်ပုံပြဿနာ) .... .... .... ၇၅
၇-ပထဝီသန္ဓာရကပဉ္ဟာ(မြေကြီး တည်နေပုံပြဿနာ) .... .... .... ၇၇
၈-နိရောဓနိဗ္ဗာနပဉ္ဟာ(ချုပ်ခြင်းသည် နိဗ္ဗာန်မည်မမည်ပြဿနာ) .... .... ၇၇
၉-နိဗ္ဗာနလာဘပဉ္ဟာ(နိဗ္ဗာန်ရခြင်းပြဿနာ) .... .... .... .... ၇၈
၁၀-နိဗ္ဗာနသုခဇာနနပဉ္ဟာ(နိဗ္ဗာန်ချမ်းသာကိုသိမသိပြဿနာ) .... .... ၇၈


## ၅-ဗုဒ္ဓဝဂ်


၁-ဗုဒ္ဓဿ အတ္ထိနတ္ထိဘာဝပဉ္ဟာ(မြတ်စွာဘုရားရှိမရှိပြဿနာ) .... .... ၇၉
၂-ဗုဒ္ဓဿ အနုတ္တရဘာဝပဉ္ဟာ(မြတ်စွာဘုရားအတုမရှိမြတ်ပုံပြဿနာ) .... .... ၇၉
၃-ဗုဒ္ဓဿ အနုတ္တရဘာဝဇာနနပဉ္ဟာ (မြတ်စွာဘုရား၏ အတုမရှိသည့် အဖြစ်ကို
သိမသိပြဿနာ) .... .... .... .... .... .... ၈၀
၄-ဓမ္မဒိဋ္ဌပဉ္ဟာ(တရားတော်ကိုမြင်မမြင်ပြဿနာ) .... .... .... ၈၀
၅-အသင်္ကမနပဋိသန္ဒဟနပဉ္ဟာ (မပြောင်းရွှေ့ပဲ ပဋိသန္ဓေ နေ မနေ ပြဿနာ) .... ၈၀
၆-ဝေဒဂူပဉ္ဟာ (ဝေဒဂူ'အတ္တ'လိပ်ပြာကောင်'ပြဿနာ) .... .... .... ၈၁
၇-အညကာယသင်္ကမနပဉ္ဟာ (အခြားကိုယ်သို့ ပြောင်းသော သတ္တဝါရှိ မရှိ ပြဿနာ) ၈၁
၈-ကမ္မဖလအတ္ထိဘာဝပဉ္ဟာ (ကံ၏ အကျိုးရှိသည်၏ အဖြစ်ပြဿနာ) .... .... ၈၂
၉-ဥပ္ပဇ္ဇတိဇာနနပဉ္ဟာ (ပဋိသန္ဓေဖြစ်တည်မှုကို သိ မသိ ပြဿနာ) .... .... ၈၂
၁၀-ဗုဒ္ဓနိဒဿနပဉ္ဟာ (မြတ်စွာဘုရားကို ပြနိုင် မပြနိုင် ပြဿနာ) .... .... ၈၃


## ၆-သတိဝဂ်


၁-ကာယပိယာယနပဉ္ဟာ (မိမိကိုယ်ကို ချစ် မချစ် ပြဿနာ) .... .... ၈၄
၂-သဗ္ဗညုဘာဝပဉ္ဟာ (မြတ်စွာဘုရား တရားအားလုံးကို သိ မသိ ပြဿနာ) .... ၈၄

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## ၆-သတိဝဂ်

၃-မဟာပုရိသလက္ခဏပဉှာ(မြတ်စွာဘုရား မဟာပုရိသလက္ခဏာ ပြည့်စုံ မပြည့်စုံပြဿနာ) ၇၅
၄-ဘဂဝတောဗြဟ္မစာရိပဉှာ (မြတ်စွာဘုရား ဗြဟ္မစာရီ ၊ ည် မမည် ပြဿနာ) .... ၇၆
၅-ဘဂဝတော ဥပသမ္ပဒါပဉှာ (မြတ်စွာဘုရား ပဉ္စင်းဖြစ် မဖြစ် ပြဿနာ) .... ၇၇
၆-အဿုဘေသဇ္ဇာဘေသဇ္ဇပဉှာ (မျက်ရည်၏ ဆေးနှင့် ဘေးဖြစ်ပုံ ပြဿနာ) .... ၇၇
၇-သရာဂ ဝီတရာဂ နာနာကရဏပဉှာ(ရာဂရှိသူနှင့် ရာဂကင်းသူ ထူးပုံ ပြဿနာ).... ၈၈
၈-ပညာပတိဋ္ဌာနပဉှာ (ပညာ၏ တည်နေရာ ပြဿနာ) .... .... .... ၈၈
၉-သံသာရပဉှာ (သံသရာပြဿနာ) .... .... .... .... ၈၈
၁၀-စိရကတသရဏပဉှာ(ကြာမြင့်စွာက ပြုပြီးသည်ကို အောက်မေ့နိုင်မှု ပြဿနာ) .... ၈၉
၁၁-အဘိဇာနန္တသတိပဉှာ (သတိသည် အမြဲသိမှတ်၍ ဖြစ် မဖြစ် ပြဿနာ) .... ၈၉

## ၇-အရူပဓမ္မဝဝတ္ထာနဝဂ်

၁-သတိဥပ္ပဇ္ဇနပဉှာ(သတိဖြစ်ပေါ်ပုံ ပြဿနာ).... .... .... .... ၉၁
၂-ဗုဒ္ဓဂုဏသတိပဋိလာဘပဉှာ (ဘုရားဂုဏ်တော်ကို သတိရမှု ပြဿနာ) .... ၉၃
၃-ဒုက္ခပ္ပဟာနဝါယမပဉှာ (ဒုက္ခကို ပယ်စွန့်ခြင်း ပြဿနာ).... .... .... ၉၃
၄-ဗြဟ္မလောကပဉှာ (ဗြဟ္မာ့ပြည်နှင့် လူ့ပြည် အကွာအဝေး ပြဿနာ) .... ၉၅
၅-ဒွိန္နံ လောကုပ္ပန္နာနံ သမကဘာဝပဉှာ(လောကနှစ်ခု၌ ဖြစ်ရမှု၏ တူမျှပုံ ပြဿနာ) ၉၆
၆-ဗောဇ္ဈင်္ဂပဉှာ (ဗောဇ္ဈင် ပြဿနာ) .... .... .... .... ၉၇
၇-ပါပပုညာနံ အပ္ပါနပ္ပဘာဝပဉှာ(အကုသိုလ်နှင့် ကုသိုလ် အနည်းအများ ပြဿနာ) ၉၇
၈-ဇာနန္တာဇာနန္တ ပါပကရဏပဉှာ (သိလျက် မကောင်းမှုကို ပြုခြင်း မသိပဲ
မကောင်းမှုကို ပြုခြင်းပြဿနာ) .... .... .... .... ၉၈
၉-ဥတ္တရကုရုကာဒိဂမနပဉှာ(မြောက်ကျွန်းစသည်သို့ သွားနိုင် မသွားနိုင်ပြဿနာ) ၉၈
၁၀-ဒီဃဋ္ဌိပဉှာ(အရိုးရှည်ပြဿနာ).... .... .... .... .... ၉၉
၁၁-အဿာသ ပဿာသ နိရောဓပဉှာ (ထွက်သက် ဝင်သက်ချုပ်ရန်
တတ်နိုင် မတတ်နိုင်ပြဿနာ) .... .... .... .... .... ၉၉
၁၂-သမုဒ္ဒပဉှာ (သမုဒ္ဒရာပြဿနာ).... .... .... .... .... ၁၀၀
၁၃-သမုဒ္ဒဧကရသပဉှာ (သမုဒ္ဒရာ၏ အငန်အရသာတခုတည်းရှိပုံပြဿနာ) .... ၁၀၀
၁၄-သုခုမပဉှာ (သိမ်မွေ့သော အရာဝတ္ထုပြဿနာ) .... .... .... ၁၀၁
၁၅-ဝိညာဏနာနတ္တပဉှာ (ဝိညာဏ်၏ အနက်အထူးထူးပြဿနာ) .... .... ၁၀၁
၁၆-အရူပဓမ္မဝဝတ္ထာန ဒုက္ကရပဉှာ (နာမ်တရားကို ပိုင်းခြားခြင်း၌ ခဲယဉ်းပုံပြဿနာ) ၁၀၂
မိလိန္ဒပဉှာပုစ္ဆာဝိသဇ္ဇနာ (မိလိန္ဒမင်း၏ ပြဿနာနှင့် အမေးအဖြေများ) .... ၁၀၃

http://www.dhammadownload.com



ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## ၃-မေဏ္ဍကပဉှာရမ္ဘကထာ


၁-တိုင်ပင်ခြင်း၏ ရှောင်ကြဉ်ရာ အရပ်ရှစ်မျိုး.... .... .... .... ၁၀၅
၂-တိုင်ပင်မှုကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်ရှစ်ယောက် .... .... .... ၁၀၇
၃-လျှို့ဝှက်တိုင်ပင်ချက်ကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်ကိုးယောက် .... .... ၁၀၇
၄-ပညာကြီးရင့်ကြောင်းရှစ်ပါး .... .... .... .... .... ၁၀၈
၅-ဆရာ၏ ဂုဏ်အင်္ဂါ .... .... .... .... .... .... ၁၀၉
၆-ဥပါသကာ၏ ဂုဏ်အင်္ဂါ .... .... .... .... .... ၁၁၀


## ၄-မေဏ္ဍကပဉှာ

### ၁-ဣဒ္ဓိဗလဝဂ်


၁-ကတာဓိကာရသဖလပဉှာ (ပရိနိဗ္ဗာန်ပြုသော မြတ်စွာဘုရားအား ပူဇော်မှု အကျိုးရှိ မရှိပြဿနာ) .... .... .... .... ၁၁၁
၂-သဗ္ဗညုဘာဝပဉှာ (သဗ္ဗညုတဉာဏ်ဖြစ်ပုံပြဿနာ) .... .... .... ၁၁၇
၃-ဒေဝဒတ္တပဗ္ဗဇ္ဇပဉှာ (ဒေဝဒတ်အား ရဟန်းပြုပေးမှုပြဿနာ) .... .... ၁၂၂
၄-ပထဝီစလနပဉှာ (မြေလှုပ်ပုံပြဿနာ) .... .... .... .... ၁၂၇
၅-သိဝိရာဇစက္ခုဒါနပဉှာ (သိဝိမင်း မျက်လုံးကို ထုတ်၍ ပေးလှူခြင်း ပြဿနာ).... ၁၃၃
၆-ဂဗ္ဘာဝက္ကန္တိပဉှာ (ကိုယ်ဝန်တည် ပြဿနာ).... ... .... .... ၁၃၇
၇-သဒ္ဓမ္မန္တရဓာနပဉှာ (သာသနာကွယ် မကွယ် ပြဿနာ) .... .... ၁၄၃
၈-အကုသလစ္ဆေဒနပဉှာ (မြတ်စွာဘုရား အကုသိုလ် အကြွင်းမဲ့ဖြတ် မဖြတ်ပြဿနာ) ၁၄၇
၉-ဥတ္တရိကရဏီယပဉှာ (မြတ်စွာဘုရားအား ထပ်မံပွါးများမှု ရှိ မရှိ ပြဿနာ) .... ၁၅၁
၁၀-ဣဒ္ဓိဗလဒဿနပဉှာ (ဣဒ္ဓိပါဒ်စွမ်းအားကို ပြခြင်း ပြဿနာ) .... .... ၁၅၃


### ၂-အဘေဇ္ဇဝဂ်


၁-ခုဒ္ဒါနုခုဒ္ဒကပဉှာ (ဒုက္ကဋ် ဒုဗ္ဘာသိသိက္ခာပုဒ်တို့ကို နုတ်ပယ်စေသော ပြဿနာ).... ၁၅၆
၂-အဗျာကရဏီယပဉှာ (မြတ်စွာဘုရား ဖြေကြားခြင်းမပြုသော ပုစ္ဆာ ပြဿနာ).... ၁၅၇
၃-မစ္စုဘာယနာဘာယနပဉှာ (သေခြင်းမှ ကြောက် မကြောက် ပြဿနာ) .... ၁၅၉
၄-မစ္စုပါသမုတ္တိပဉှာ(သေမင်းကျော့ကွင်းမှ လွတ် မလွတ် ပြဿနာ) .... .... ၁၆၄
၅-ဗုဒ္ဓလာဘန္တရာယပဉှာ (မြတ်စွာဘုရားအား လာဘ်အန္တရာယ် ရှိ မရှိ ပြဿနာ).... ၁၆၇
၆-အပုညပဉှာ (မကောင်းမှု ပွါးစီး မပွါးစီး ပြဿနာ) .... .... .... ၁၇၁
၇-ဘိက္ခုသံဃပရိဟရဏပဉှာ (ရဟန်းသံဃာကို ထိန်းသိမ်းဆောင်ရွက်ခြင်း ပြဿနာ) ၁၇၂
၈-အဘေဇ္ဇပရိသပဉှာ (မြတ်စွာဘုရားအား မကွဲပျက်သော ပရိသတ် ရှိ မရှိ ပြဿနာ) ၁၇၃

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၃-ပဏ္ဏာမိတဝဂ်


၁-သေဋ္ဌဓမ္မပဉှာ(တရားတော်သည် အမြတ်ဆုံး ဖြစ် မဖြစ် ပြဿနာ).... .... ၁၇၅
၂-သဗ္ဗသတ္တဟိတဖရဏပဉှာ (မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွါးကို ဆောင် မဆောင် ပြဿနာ) .... .... .... ၁၇၇
၃-ဝတ္ထဂုယှနိဒဿနပဉှာ (လျို့ဝှက်သော အင်္ဂါကို ပြခြင်းဆိုင်ရာပြဿနာ) .... ၁၈၁
၄-ဖရုသဝါစာဘာဝပဉှာ (မြတ်စွာဘုရား စကားကြမ်းသည်၏ အဖြစ်ကို ပြသော ပြဿနာ) .... .... .... .... .... .... ၁၈၃
၅-ရုက္ခအစေတနာဘာဝပဉှာ (သစ်ပင်တို့ စိတ်စေတနာ မရှိသည့် အဖြစ်ပြဿနာ) ၁၈၆
၆-ပိဏ္ဍပါတမဟပ္ဖလပဉှာ (ဆွမ်းနှစ်မျိုး၏အကျိုးကြီးမှုတူပုံပြဿနာ) .... ၁၈၇
၇-ဗုဒ္ဓပူဇနပဉှာ (မြတ်စွာဘုရားအား ပူဇော်ခြင်းပြဿနာ) .... .... ၁၉၀
၈-ပါဒသကလိကာဟတပဉှာ (ခြေတော်၌ ကျောက်ချပ်လွှာထိခြင်း ပြဿနာ) .... ၁၉၂
၉-အဂ္ဂသမဏပဉှာ (အမြတ်ဆုံးရဟန်းပြဿနာ) .... .... .... ၁၉၄
၁၀-ဝဏ္ဏဘဏနပဉှာ(ဂုဏ်ကိုပြောဆိုခြင်းပြဿနာ) .... .... .... ၁၉၆
၁၁-အဟိံသာနိဂ္ဂဟပဉှာ (မညှဉ်းဆဲခြင်းနှင့် ဖိနှိပ်ခြင်းပြဿနာ) .... .... ၁၉၇
၁၂-ဘိက္ခုပဏ္ဏာမိတပဉှာ (ရဟန်းတို့ကို မြတ်စွာဘုရား နှင်ထုတ်ခြင်းပြဿနာ) .... ၁၉၉


## ၄-သဗ္ဗညုတဉာဏဝဂ်


၁-ဣဒ္ဓိကမ္မဝိပါကပဉှာ(တန်ခိုးနှင့် ကံ၏အကျိုးပြဿနာ).... .... .... ၂၀၁
၂-ဓမ္မဝိနယပဋိစ္ဆန္နာပဋိစ္ဆန္နပဉှာ(ဓမ္မဝိနယကို ဖုံးထားသင့် မထားသင့်ပြဿနာ) .... ၂၀၂
၃-မုသာဝါဒ ဂရုလဟုဘာဝပဉှာ (မုသားစကား၏ အလေးအပေါ့ဖြစ်ပုံပြဿနာ) .... ၂၀၅
၄-ဗောဓိသတ္တဓမ္မတာပဉှာ (ဘုရားလောင်းဓမ္မတာပြဿနာ) .... .... ၂၀၆
၅-အတ္တနိပါတနပဉှာ (မိမိကိုယ်ကို သတ်ခြင်းနှင့်စပ်သောပြဿနာ) .... .... ၂၀၇
၆-မေတ္တာဘာဝနာနိသံသပဉှာ (မေတ္တာပွါးများကျိုးပြဿနာ) .... .... ၂၁၀
၇-ကုသလာကုသလ သမဝိသမပဉှာ(ကုသိုလ်နှင့်အကုသိုလ်အကျိုးတူမတူပြဿနာ) ၂၁၃
၈-အမရာဒေဝီပဉှာ(အမရာဒေဝီမကောင်းမှုမပြုသောပြဿနာ) .... .... ၂၁၇
၉-အရဟန္တအဘာယနပဉှာ(ရဟန္တာပုဂ္ဂိုလ်ကြောက်ရွံ့ခြင်းကင်းမကင်းပြဿနာ) .... ၂၁၈
၁၀-ဗုဒ္ဓသဗ္ဗညုဘာဝပဉှာ(မြတ်စွာဘုရား အသုံးစုံကိုသိတော်မူပုံပြဿနာ) .... ၂၂၀


## ၅-သန္ထဝဝဂ်


၁-သန္ထဝပဉှာ(သန္ထဝစသောဂါထာနှင့်စပ်သော ပြဿနာ).... .... .... ၂၂၂
၂-ဥဒရသံယတပဉှာ(ဝမ်း'အစာအိမ်'၌ စောင့်စည်းမှုပြဿနာ) .... .... ၂၂၃
၃-ဗုဒ္ဓအပ္ပါဗာဓပဉှာ(မြတ်စွာဘုရားနှင့်အနာကင်းသူပြဿနာ) .... .... ၂၂၅
၄-မဂ္ဂုပ္ပါဒနပဉှာ (မဂ်ကိုဖြစ်စေပြပုံသာနာ) .... .... .... ၂၂၇
၅-ဗုဒ္ဓအဝိဟေဌကပဉှာ (မြတ်စွာဘုရားသတ္တဝါတို့ကို မညှဉ်းဆဲပုံပြဿနာ) .... ၂၂၉

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

### ၅-သန္ထဝဂ်

၆-ဆန္နန္တဇောတိပါလာရုဗ္ဗပဥ္ဟာ(ဆဒ္ဒန်ဆင်မင်းနှင့် ဇောတိပါလလုလင်တို့၏ အပြုအမူပြဿနာ) .... .... .... .... .... ၂၃၂
၇-ဃဋိကာရပဥ္ဟာ(ဃဋိကာရ အိုးထိန်းသည်အိမ်ပြဿနာ) .... .... ၂၃၃
၈-ဗြာဟ္မဏရာဇဝါဒပဥ္ဟာ(မြတ်စွာဘုရား၏ ဗြာဟ္မဏ,ရာဇဟူသောစကားပြဿနာ) ၂၃၅
၉-ဂါထာဘိဂီတဘောဇနကထာပဥ္ဟာ (ဂါထာတို့ကို သီဆို၍ရအပ်သောဘောဇဉ်ကို မသုံးဆောင်ဟူသောစကားဆိုင်ရာပြဿနာ) .... .... .... ၂၃၈
၁၀-ဓမ္မဒေသနာယအပ္ပေါဿုက္ကပဥ္ဟာ(မြတ်စွာဘုရားတရားဟောမှု၌ ကြောင့်ကြမဲ့နေလိုခြင်း ပြဿနာ) .... .... .... .... .... .... ၂၄၂
၁၁-အာစရိယာနာစရိယပဥ္ဟာ (မြတ်စွာဘုရားအား ဆရာရှိမရှိပြဿနာ) .... ၂၄၅

## ၅-အနုမာနပဥ္ဟာ

### ၁-ဗုဒ္ဓဝဂ်

၁-ဒွိန္နံဗုဒ္ဓါနံ အနုပ္ပဇ္ဇမာနပဥ္ဟာ(ဘုရားနှစ်ဆူတပြိုင်နက် မပွင့်ခြင်းပြဿနာ) .... ၂၄၇
၂-ဂေါတမိဝတ္ထဒါနပဥ္ဟာ(မိထွေးတော်ဂေါတမီ သင်္ကန်းလှူခြင်းပြဿနာ) .... ၂၅၀
၃-ဂိဟိပဗ္ဗဇိတ သမ္မာပဋိပတ္တိပဥ္ဟာ(လူနှင့်ရဟန်းတို့ကောင်းစွာကျင့်ခြင်းပြဿနာ) ၂၅၃
၄-ပဋိပဒါဒေါသပဥ္ဟာ (ဒုက္ကရစရိယာအကျင့်၏ အပြစ်ပြဿနာ) .... .... ၂၅၄
၅-ဟီနာယာဝတ္တနပဥ္ဟာ(သာသနာတော်မှ ပြန်လည်ဆုတ်နစ်'လူထွက်'ခြင်း ပြဿနာ) ၂၅၆
၆-အရဟန္တဝေဒနာဝေဒိယနပဥ္ဟာ(ရဟန္တာဝေဒနာခံစားခြင်းပြဿနာ) .... ၂၆၃
၇-အဘိသမယန္တရာယကရပဥ္ဟာ(တရားကိုထိုးထွင်းသိမြင်ခြင်း၏အန္တရာယ်ပြဿနာ) ၂၆၅
၈-ဒုဿီလပဥ္ဟာ(ဒုဿီလ'ရဟန်းနှင့်လူအထူး'ပြဿနာ) .... .... .... ၂၆၇
၉-ဥဒကသတ္တဇီဝပဥ္ဟာ(ရေသည် သတ္တဇီဝဟုတ်မဟုတ်ပြဿနာ) .... .... ၂၆၉

### ၂-နိပ္ပပဥ္စဝဂ်

၁-နိပ္ပပဥ္စပဥ္ဟာ(သံသရာမချဲ့တတ်သော တရားပြဿနာ) .... .... .... ၂၇၃
၂-ခီဏာသဝဘာဝပဥ္ဟာ(လူ့အသွင်ဖြင့် ရဟန္တာအဖြစ်ပြဿနာ) .... .... ၂၇၅
၃-ခီဏာသဝ သတိသမ္မောသပဥ္ဟာ(ရဟန္တာနှင့်သတိမေ့လျော့မှု ပြဿနာ) .... ၂၇၆
၄-လောကေနတ္ထိ ဘာဝပဥ္ဟာ(လောက၌ မရှိသောဝတ္ထုပြဿနာ) .... .... ၂၇၇
၅-အကမ္မဇာဒိပဥ္ဟာ(ကံစသည်ကြောင့် မဖြစ်သော အရာဝတ္ထုပြဿနာ) .... ၂၇၈
၆-ကမ္မဇာဒိပဥ္ဟာ(ကံစသည်ကြောင့်ဖြစ်သော အရာဝတ္ထုပြဿနာ) .... .... ၂၈၁
၇-ယက္ခပဥ္ဟာ (ဘီလူးရှိမရှိပြဿနာ) .... .... .... .... ၂၈၂
၈-အနဝသေသသိက္ခာပဒပဥ္ဟာ(သိက္ခာပုဒ်ကိုအကြွင်းမဲ့ပညတ်ခဲ့ခြင်းပြဿနာ) .... ၂၈၃
၉-သူရိယတပနပဥ္ဟာ(နေ၏ထွန်းလင်းတောက်ပမှုပြဿနာ) .... .... ၂၈၄
၁၀-ကဋ္ဌိနတပနပဥ္ဟာ(နေ၏ပြင်းစွာ ထွန်းလင်းတောက်ပမှုပြဿနာ) .... .... ၂၈၄

http://www.dhammadownload.com



ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

## ၃-ဝေဿန္တရဝဂ်

### ၁-ဝေဿန္တရပဉှာ


၁-ဝေဿန္တရပဉှာ(ဝေဿန္တရာမင်းကြီး၏ပေးလှူမှုပြဿနာ) .... ၂၈၆
၂-ဒုက္ကရကာရိကပဉှာ(ဒုက္ကရစရိယာအကျင့်ပြဿနာ) .... .... ၂၉၅
၃-ကုသလာကုသလဗလဝတရပဉှာ(ကုသိုလ်အကုသိုလ်၏အားကြီးမှုပြဿနာ) .... ၃၀၀
၄-ပုဗ္ဗပေတာဒိသပဉှာ(ရှေးကသေလွန်ပြီးသူတို့အားရည်ညွှန်း၍လှူသော အလှူပြဿနာ) ၃၀၄
၅-သုပိနပဉှာ (အိပ်မက်ပြဿနာ) .... .... .... .... ၃၀၈
၆-အကာလမရဏပဉှာ (သေချိန်မရောက်မီ သေခြင်းပြဿနာ) .... .... ၃၁၁
၇-စေတိယပါဋိဟာရိယပဉှာ (စေတီတန်ခိုးပြခြင်းပြဿနာ) .... .... ၃၁၈
၈-ဓမ္မာဘိသမယပဉှာ (မဂ်ဖိုလ်ကိုထိုးထွင်း၍သိခြင်းပြဿနာ) .... .... ၃၁၉
၉-ကေန္တသုခနိဗ္ဗာနပဉှာ (နိဗ္ဗာန်၏စင်စစ်ချမ်းသာအတိဖြစ်ပုံပြဿနာ) .... ၃၂၂
၁၀-နိဗ္ဗာနရူပသဏ္ဌာနပဉှာ (နိဗ္ဗာန်၏အဆင်းအသွင်သဏ္ဌာန်ပြဿနာ) .... ၃၂၅
၁၁-နိဗ္ဗာနသစ္ဆိကရဏပဉှာ (နိဗ္ဗာန်သို့မျက်မှောက်ပြုပုံပြဿနာ) .... .... ၃၃၀
၁၂-နိဗ္ဗာနသန္နိဟိတပဉှာ (နိဗ္ဗာန်၏တည်ရာပြဿနာ) .... .... .... ၃၃၃


## ၄-အနုမာနဝဂ်

### ၁-အနုမာနပဉှာ


၁-အနုမာနပဉှာ (မှန်းဆ၍'မြတ်စွာဘုရားရှိကြောင်း'သိရပုံပြဿနာ) .... ၃၃၆
၂-ဓုတင်္ဂပဉှာ (ဓုတင်အကျင့်ပြဿနာ) .... .... .... .... ၃၅၃

၆-ဩပမ္မကထာပဉှာ မာတိကာ .... .... ၃၆၇


## ၁-ဂဒြဘဝဂ်


၁-ဂဒြဘင်္ဂပဉှာ (မြည်း၏အင်္ဂါပြဿနာ) .... .... .... .... ၃၇၁
၂-ကုက္ကုဋင်္ဂပဉှာ (ကြက်၏အင်္ဂါပြဿနာ) .... .... .... .... ၃၇၁
၃-ကလန္ဒကင်္ဂပဉှာ (ရှဉ့်၏အင်္ဂါပြဿနာ) .... .... .... .... ၃၇၃
၄-ဒီပိနိယင်္ဂပဉှာ (သစ်မ၏အင်္ဂါပြဿနာ) .... .... .... .... ၃၇၃
၅-ဒီပိကင်္ဂပဉှာ (သစ်ဖို၏အင်္ဂါပြဿနာ) .... .... .... .... ၃၇၄
၆-ကုမ္မင်္ဂပဉှာ (လိပ်၏အင်္ဂါပြဿနာ) .... .... .... .... ၃၇၅
၇-ဝံသင်္ဂပဉှာ (ဝါး၏အင်္ဂါပြဿနာ) .... .... .... .... ၃၇၆
၈-စာပင်္ဂပဉှာ (လေး၏အင်္ဂါပြဿနာ) .... .... .... .... ၃၇၇
၉-ဝါယသင်္ဂပဉှာ (ကျီးငှက်၏အင်္ဂါပြဿနာ) .... .... .... ၃၇၇
၁၀-မက္ကဋင်္ဂပဉှာ (မျောက်၏အင်္ဂါပြဿနာ) .... .... .... .... ၃၇၈

http://www.dhammadownload.com



ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## ၂-သမုဒ္ဒဝဂ်


၁-လာဗုလတက်ပဉ္ဟာ (ဗူးနွယ်၏အင်္ဂါပြဿနာ) .... .... .... ၃၀၀
၂-ပဒုမင်္ဂပဉ္ဟာ (ပဒုမာကြာ၏အင်္ဂါပြဿနာ).... .... .... .... ၃၀၀
၃-ဗီဇင်္ဂပဉ္ဟာ (မျိုးစေ့၏အင်္ဂါပြဿနာ) .... .... .... .... ၃၀၁
၄-သာလကလျာဏိကင်္ဂပဉ္ဟာ(သာလကလျာဏီပင်၏အင်္ဂါပြဿနာ) .... .... ၃၀၂
၅-နာဝင်္ဂပဉ္ဟာ (လှေ၏အင်္ဂါပြဿနာ) .... .... .... .... ၃၀၂
၆-နာဝါလဂ္ဂနကင်္ဂပဉ္ဟာ (ကျောက်ဆူး၏အင်္ဂါပြဿနာ) .... .... .... ၃၀၃
၇-ကူပင်္ဂပဉ္ဟာ (လင်းယဉ်တိုင်၏အင်္ဂါပြဿနာ) .... .... .... ၃၀၄
၈-နိယာမကင်္ဂပဉ္ဟာ (လှေသူကြီး၏အင်္ဂါပြဿနာ) .... .... .... ၃၀၄
၉-ကမ္မကာရင်္ဂပဉ္ဟာ (လှေထိုးသား၏အင်္ဂါပြဿနာ) .... .... .... ၃၀၅
၁၀-သမုဒ္ဒင်္ဂပဉ္ဟာ (သမုဒြာ၏အင်္ဂါပြဿနာ) .... .... .... .... ၃၀၆


## ၃-ပထဝီဝဂ်


၁-ပထဝီအင်္ဂပဉ္ဟာ (မြေကြီး၏အင်္ဂါပြဿနာ) .... .... .... ၃၀၈
၂-အာပင်္ဂပဉ္ဟာ (ရေ၏အင်္ဂါပြဿနာ) .... .... .... .... ၃၀၉
၃-တေဇင်္ဂပဉ္ဟာ (မီး၏အင်္ဂါပြဿနာ) .... .... .... .... ၃၉၀
၄-ဝါယုင်္ဂပဉ္ဟာ (လေ၏အင်္ဂါပြဿနာ) .... .... .... .... ၃၉၁
၅-ပဗ္ဗတင်္ဂပဉ္ဟာ (တောင်၏အင်္ဂါပြဿနာ) .... .... .... .... ၃၉၂
၆-အာကာသင်္ဂပဉ္ဟာ (ကောင်းကင်၏အင်္ဂါပြဿနာ) .... .... .... ၃၉၃
၇-စန္ဒင်္ဂပဉ္ဟာ (လ၏အင်္ဂါပြဿနာ) .... .... .... .... ၃၉၄
၈-သူရိယင်္ဂပဉ္ဟာ (နေ၏အင်္ဂါပြဿနာ) .... .... .... .... ၃၉၅
၉-သက္ကင်္ဂပဉ္ဟာ (သိကြားမင်း၏အင်္ဂါပြဿနာ) .... .... .... ၃၉၆
၁၀-စက္ကဝတ္တိင်္ဂပဉ္ဟာ (စကြဝတေးမင်း၏အင်္ဂါပြဿနာ) .... .... .... ၃၉၇


## ၄-ဥပစိကာဝဂ်


၁-ဥပစိကင်္ဂပဉ္ဟာ (ခြ၏အင်္ဂါပြဿနာ) .... .... .... .... ၃၉၉
၂-ဗိဠာရင်္ဂပဉ္ဟာ (ကြောင်၏အင်္ဂါပြဿနာ) .... .... .... .... ၃၉၉
၃-ဥန္ဒူရင်္ဂပဉ္ဟာ (ကြွက်၏အင်္ဂါပြဿနာ) .... .... .... .... ၄၀၀
၄-ဝိစ္ဆိကင်္ဂပဉ္ဟာ (ကင်းမြီးကောက်၏အင်္ဂါပြဿနာ) .... .... .... ၄၀၀
၅-နကုလင်္ဂပဉ္ဟာ (မြွေပါ၏အင်္ဂါပြဿနာ) .... .... .... .... ၄၀၁
၆-ဇရသိင်္ဂါလင်္ဂပဉ္ဟာ (မြေခွေးအို၏အင်္ဂါပြဿနာ) .... .... .... ၄၀၁
၇-မိဂင်္ဂပဉ္ဟာ (သမင်၏အင်္ဂါပြဿနာ) .... .... .... .... ၄၀၂

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၄-ဥပမိကာဝဂ်


၈-ဂေါရူပင်္ဂပဉှာ (နွားအပေါင်း၏အင်္ဂါပြဿနာ) .... .... .... ၄၀၃
၉-ဝရာဟင်္ဂပဉှာ (ဝက်၏အင်္ဂါပြဿနာ) .... .... .... .... ၄၀၄
၁၀-ဟတ္ထိင်္ဂပဉှာ (ဆင်၏အင်္ဂါပြဿနာ) .... .... .... .... ၄၀၅


## ၅-သီဟဝဂ်


၁-သီဟင်္ဂပဉှာ (ခြင်္သေ့၏အင်္ဂါပြဿနာ) .... .... .... .... ၄၀၇
၂-စက္ကဝါကင်္ဂပဉှာ (စက္ကဝါက်ငှက်၏အင်္ဂါပြဿနာ) .... .... .... ၄၀၈
၃-ပေဏာဟိကင်္ဂပဉှာ (အောက်ချင်းငှက်၏အင်္ဂါပြဿနာ) .... .... ၄၀၉
၄-ဃရကပေါတင်္ဂပဉှာ (အိမ်ခို၏အင်္ဂါပြဿနာ) .... .... .... ၄၁၀
၅-ဥလူကင်္ဂပဉှာ (ခင်ပုပ်ငှက်၏အင်္ဂါပြဿနာ) .... .... .... ၄၁၀
၆-သတပတ္တင်္ဂပဉှာ (ခေါက်ရှာငှက်၏အင်္ဂါပြဿနာ .... .... .... ၄၁၁
၇-ဝဂ္ဂုလိင်္ဂပဉှာ (လင်းနို့၏အင်္ဂါပြဿနာ .... .... .... .... ၄၁၁
၈-ဇလူကင်္ဂပဉှာ (မြှော့၏အင်္ဂါပြဿနာ) .... .... .... .... ၄၁၂
၉-သပ္ပင်္ဂပဉှာ (မြွေ၏အင်္ဂါပြဿနာ) .... .... .... .... ၄၁၂
၁၀-အဇဂရင်္ဂပဉှာ (စပါးကြီးမြွေ၏အင်္ဂါပြဿနာ) .... .... .... ၄၁၃


## ၆-မက္ကဋကဝဂ်


၁-ပန္ထမက္ကဋကင်္ဂပဉှာ (ပင့်ကူ၏အင်္ဂါပြဿနာ) .... .... .... ၄၁၅
၂-ထနဿိတဒါရကင်္ဂပဉှာ (နို့စို့သူငယ်၏အင်္ဂါပြဿနာ) .... .... ၄၁၅
၃-စိတ္တကဓရကုမ္မင်္ဂပဉှာ (ကုန်းလိပ်၏အင်္ဂါပြဿနာ) .... .... .... ၄၁၆
၄-ပဝနင်္ဂပဉှာ (တောအုပ်၏အင်္ဂါပြဿနာ) .... .... .... .... ၄၁၆
၅-ရုက္ခင်္ဂပဉှာ (သစ်ပင်၏အင်္ဂါပြဿနာ) .... .... .... .... ၄၁၇
၆-မေဃင်္ဂပဉှာ (မိုး၏အင်္ဂါပြဿနာ) .... .... .... .... ၄၁၈
၇-မဏိရတနင်္ဂပဉှာ (ပတ္တမြား၏အင်္ဂါပြဿနာ) .... .... .... ၄၁၉
၈ မာဂဝိကင်္ဂပဉှာ (သားမုဆိုး၏အင်္ဂါပြဿနာ) .... .... .... ၄၂၀
၉-ဗာဠိသိကင်္ဂပဉှာ (ငါးမြှားသူ၏အင်္ဂါပြဿနာ) .... .... .... ၄၂၀
၁၀-တစ္ဆကင်္ဂပဉှာ (တစည်းသမား၏အင်္ဂါပြဿနာ) .... .... .... ၄၂၁


## ၇-ကုမ္ဘဝဂ်


၁-ကုမ္ဘင်္ဂပဉှာ (အိုး၏အင်္ဂါပြဿနာ) .... .... .... .... ၄၂၃
၂-ကာဠာယသင်္ဂပဉှာ (တီးတုတ်ငှက်၏အင်္ဂါပြဿနာ) .... .... .... ၄၂၃
၃-ဆတ္တင်္ဂပဉှာ (ထီး၏အင်္ဂါပြဿနာ) .... .... .... .... ၄၂၄
၄-ခေတ္တင်္ဂပဉှာ (လယ်၏အင်္ဂါပြဿနာ) .... .... .... .... ၄၂၅

http://www.dhammadownload.com




| ဦးရေ | အကြောင်း ရာ | မျက်နှာအမှတ် |
|---|---|---|
| | **၇-ကုမ္ဘဝဂ်** | |
| ၅-အဂဒဂ်ပဉှာ (အဆိပ်ဖြေဆေး၏အင်္ဂါပြဿနာ) | .... .... .... | ၄၂၅ |
| ၆-ဘောဇနင်္ဂပဉှာ (ဘောဇဉ်၏အင်္ဂါပြဿနာ) | .... .... .... | ၄၂၆ |
| ၇-ဣဿာသင်္ဂပဉှာ (လေးသမား၏အင်္ဂါပြဿနာ) | .... .... .... | ၄၂၇ |
| နိဂုံး .... | .... .... .... .... .... .... | ၄၂၉ |
| မိလိန္ဒမင်းရဟန်းပြုခြင်း | .... .... .... .... .... | ၄၂၉ |
| ကျမ်းနိဂုံး | .... .... .... .... .... .... | ၄၃၀ |


မိလိန္ဒပဉှာ မာတိကာ ပြီး၏။

http://www.dhammadownload.com

# ကြို တင်သိမှတ်ရန် သင်္ကေတ လက္ခဏာ များ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ ‘အာကာရ’ ဟု သိမှတ်ရန်။

‘ ’ ဤကဲ့သို့ ကော်မာပြလျှင် ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ . ’ ” ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားဗျာပါရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိ ပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက် ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျ မဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ ဆက်လက်ပြု လုပ်ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများ ဖြစ်သည် ဟု သိမှတ်ရန်။

၁-၂-ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ ကပ်လျက်ရှိသော ပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်း အစဉ်အလိုက် ဖော်ပြထားသည်ဟု သိမှတ်ရန်။ * ဤကဲ့သို့ ချရားပွင့်ပြရာ၌လည်း ထို့အတူပင် မှတ်သားရန်ဖြစ်ပါသည်။

http://www.dhammadownload.com

## မိလိန္ဒပဉှာပါဠိတော် မြန်မာပြန်

# ကျမ်းဦးမှတ်ဖွယ်

မြန်မာပြန် ကျမ်းတကျမ်းအဖြစ်ဖြင့် ပေါ်ထွက်လာသော ဤမိလိန္ဒပဉှာကျမ်းနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ကောင်းသော အချက်များကို စာပေဗဟုသုတ လိုက်စားသည့် ပုဂ္ဂိုလ်များအတွက် အကျဉ်းရုံး၍ ဖော်ပြဦးအံ့—

### မိလိန္ဒပဉှာကျမ်း ဖြစ်ပေါ်ပုံ

သာသနာနှစ် ၅၀၀ (ခရစ်မပေါ်မီ နှစ် ၁၀၁)ခန့် အချိန်က ယောနကတိုင်း[၁] သာဂလ နေပြည်တော်[၂]၌ မိလိန္ဒအမည်ရှိသော ပညာရှိမင်းဘုရင်ပါး ပေါ်ပေါက်ခဲ့လေသည်။ ထိုမင်းသည် ဗုဒ္ဓဝါဒ အယူအဆတို့တွင် မိမိကိုယ်တိုင် မရှင်းမလင်းသော အချက်အလက်များကို အသျှင် နာဂသေန မည်သော ရဟန္တာမထေရ်မြတ်အား မေးမြန်းလျှောက်ထားလေရာ မထေရ်မြတ်က လည်း မင်းကြီး၏ သံသယများကို အချက်ကျကျ ပယ်ရှင်းလျက် မေးခွန်းတိုင်းကိုပင် တိကျ ပြတ်သားစွာ ဖြေကြားတော်မူခဲ့ပေသည်။ ထိုပညာရှိ မင်းမြတ်၏ မေးခွန်းတို့နှင့် ရဟန္တာမထေရ် မြတ်တို့၏ ဖြေကြားတော်မူချက်တို့ကို ပေါင်းစည်း၍ မှတ်တမ်းတင်ထားသော ကျမ်းသည်ပင် မိလိန္ဒပဉှာကျမ်း ဖြစ်လေသည်။

ဤကျမ်းကို ရှေးဦးစွာစတင်၍ မှတ်တမ်းတင်ခဲ့သူ၏အမည်ကို တိကျစွာ မထုတ်ဖော်နိုင်သေး သော်သည်း မြန်မာမူ မိလိန္ဒပဉှာပါဠိတော်နိဂုံး၌ လာသော—

"လင်္ကာယံ ဒေါဠိနာဂရေ၊ ဝသတာ ဒေါဠိနာမိနာ။
မဟာထေရေန လေခိတွာ၊ သုဋ္ဌပိတံ ယထာသုတံ"။

အစရှိသော ဂါထာသုံးပုဒ်အရ နောက်ဆုံးရေးသား မှတ်တမ်းတင်ခဲ့သောပုဂ္ဂိုလ်မှာ သီဟိုဠ်ကျွန်း ဒေါဠိမြို့၌ သီတင်းသုံးနေထိုင်တော်မူသော ဒေါဠိမထေရ်ဖြစ်ကြောင်း သိရှိရပေသည်။ မိမိ 'ကြားနာ မှတ်သိရသည့်အတိုင်း ရေးသား၍ ကောင်းစွာ ထားအပ်သည်'ဟု ဆိုသဖြင့် ဤမထေရ်မှတ်တမ်းတင်ခဲ့သောကျမ်းမှာ ထိုခေတ်က ထေရဝါဒ ဗုဒ္ဓဘာသာဝင် ရဟန်းတော် အသျှင်မြတ်တို့ တညီတညွတ်တည်း လက်ခံ၍ အဆင့်ဆင့်ဆောင်ခဲ့သော မူတဆူဖြစ်သည်ကိုလည်း ယုံကြည်စွာ မှတ်သားထားထိုက်ပေသည်။

ဤကျမ်းကိုရေးသားခဲ့သော ဘာသာမှာလည်း ပါဠိဘာသာပင်ဖြစ်ရပေမည်၊ အကြောင်းကား ဤကျမ်းသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ လက်ခံသော ကျမ်းဖြစ်သည်တကြောင်း, ယခုအခါ

---

၁။ ယောနကတိုင်းကား ဗက်ထရီးယားဟု ရှေးကခေါ်ဝေါ်ခဲ့သော ယခုအခါ အနောက်ပါကစ္စတန် အာဖ်ဂါနစ္စတန်နှင့် တာကစ္စတန်နိုင်ငံများပါဝင်သော နယ်မြေဖြစ်သည်။

၂။ သာဂလနေပြည်တော်ကား အနောက်ပါကစ္စတန်နိုင်ငံ ချေနဗ်မြစ်နှင့် ရာဝိမြစ်တို့အကြားရှိ ယခုခေတ် ဆီးယားလ်ကွတ်ခေါ် မြို့ဖြစ်သည်။

http://www.dhammadownload.com



မူအစောင်စောင်မှာပင် ပါဠိဘာသာဖြင့်သာ တွေ့မြင်ရသည့်တကြောင်းကြောင့် ဖြစ်ပေသည်၊ ထို့ကြောင့်ပင် ဒေါက်တာမထေရ်သည် ဤမိလိန္ဒပဉှာကျမ်းကို ထေရဝါဒီတို့၏ ဘာသာမှန်ဖြစ်သော ပါဠိဘာသာဖြင့်သာ ရေးသားမှတ်တမ်းတင်ခဲ့မည်ကို ယုံမှားမဲ့ မှတ်သင့်လှပေသည်။

အိန္ဒိယနှင့်အနောက်တိုင်း သုတေသီတို့ကမူကား ဤမိလိန္ဒပဉှာ စ၍ဖြစ်ပေါ်ရာ ဌာနကို ထောက်ထား၍၎င်း၊ ဤကျမ်း၌ တွေ့ရသော အချို့သောအသုံးအနှုန်းတို့မှာ အခြားမည်သည့် ပါဠိတော်ကျမ်းများတွင်မှ မတွေ့ရပဲ သက္ကတကျမ်းများတွင်သာ တွေ့ရသော အသုံးအနှုန်းတို့နှင့် တူညီနေသောကြောင့်၎င်း ဤကျမ်းသည် ရှေးဦးစွာ သက္ကတဘာသာ သို့မဟုတ် ပြာကရိတ် ဘာသာဖြင့်ရှိခဲ့ပြီး နောင်အခါ သီဟိုဠ်ကျွန်းသို့ရောက်သောအခါမှ ပါဠိဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်ဟန်တူကြောင်း ကြံဆကြလေသည်။

မည်သို့ပင်ဖြစ်စေ ဤမိလိန္ဒပဉှာကျမ်းသည် ထိုအခါမှစ၍ မိစ္ဆာဝါဒများကို နှိမ်နင်းခြင်းတို့၌၎င်း၊ ဗုဒ္ဓဝါဒဆိုင်ရာ ခဲရာခဲဆစ် အငြင်းဖြစ်စရာနေရာတို့ဝယ် ချောမွေ့ပြေပြစ်စွာ ဆုံးဖြတ်ဆွေးနွေး အသိဉာဏ်ပေးခြင်းတို့၌၎င်း အလွန်အသုံးဝင်လှသဖြင့် ဗုဒ္ဓဘာသာဝင် လူမျိုးတိုင်းနှင့် ဗုဒ္ဓဘာသာကို လေ့လာကြသူတိုင်း အကြိုက်ညီခဲ့သော ကျမ်းတစောင်ဖြစ်ပေသည်၊ ထို့ကြောင့်ပင် ဤမိလိန္ဒပဉှာကျမ်းကို တရုပ်၊ ယိုးဒယား၊ ဟိန္ဒီ၊ ဘင်္ဂါလီ၊ မြန်မာ၊ သီဟိုဠ်စသော အရှေ့တိုင်းဘာသာများ၊ အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်၊ အီတာလျံ စသော အနောက်တိုင်းဘာသာများဖြင့် အသီးအသီးပြန်ဆိုကြပြီးဖြစ်ရာ ကမ္ဘာ့စာပေနယ်တွင် တင့်တင့်တယ်တယ် ပေါ်ထွန်းရပ်တည်လျက်ရှိနေပေပြီ။

ဤမျှသာမကသေး ဤမိလိန္ဒပဉှာကျမ်း၏ ထူးခြားချက်တရပ်မှာ အိန္ဒိယပြည်မြောက်ပိုင်းတွင် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းပေါင်းများစွာ ပေါ်ထွက်ခဲ့ရာ ဤမိလိန္ဒပဉှာ တကျမ်းတည်းသာလျှင် ထေရဝါဒီမထေရ်မြတ်တို့ သဘောတူလက်ခံသောကျမ်း ဖြစ်ခြင်းပင် ဖြစ်လေသည်။

## အသျှင်မဟာဗုဒ္ဓဃောသ၏ လေးစားခံရပုံ

ထို့ပြင်လည်း ဗုဒ္ဓဘာသိတ ပါဠိပိဋကတ်တော်များမှလွဲလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်တွင် အကောင်းဆုံး ကျမ်းတကျမ်းဖြစ်ကြောင်း၊ မဟာအဋ္ဌကထာစသော ရှေးအဋ္ဌကထာကြီးများကဲ့သို့ အားထားလောက်သော ကျမ်းတစောင်ဖြစ်ကြောင်း ထင်ရှားစေသောအချက်မှာ ဗုဒ္ဓမတညူ ဖြစ်တော်မူသည့် အဋ္ဌကထာကျမ်းပြုဆရာ အသျှင်မဟာဗုဒ္ဓဃောသမထေရ်မြတ် ကိုယ်တော်တိုင်ပင် မိမိဖွင့်ဆိုတော်မူသော အဋ္ဌကထာကျမ်းများတွင် မိလိန္ဒပဉှာမှ ဆိုင်ရာဆိုင်ရာ ကောက်နုတ်၍ [၁] လေးလေးစားစား ကိုးကားထားတော်မူခဲ့ခြင်းပင် ဖြစ်ပေသည်။

ဤကျမ်း၌ပါဝင်သော အကြောင်းအရာများကို စေ့စေ့ငုငု ကြည့်ရှုဆင်ခြင်လျှင် မိလိန္ဒဘုရင်နှင့် အသျှင်နာဂသေနဟူသော ပညာရှိနှစ်ဦးတို့သည် ဗုဒ္ဓ ဝါဒ သက်သက်ကိုသာ ဥပမာသာဓကတို့ဖြင့် ကျနသိပ်သည်းစွာ ဆွေးနွေးထားသည်ကို တွေ့ရပေမည်၊ စကားအပေးအယူ အသွယ်အဝိုက်

---

၁။ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ အမ္ဗဋ္ဌသုတ္တဝဏ္ဏနာ (၂၄၆)၊ မဇ္ဈိမနိကာယ မဇ္ဈိမပဏ္ဏာသဋ္ဌကထာ ဗြဟ္မာယုသုတ္တဝဏ္ဏနာ (၂၅၃)၊ အင်္ဂုတ္တရဋ္ဌကထာ သတ္တကနိပါတ နဂရောပမသုတ္တဝဏ္ဏနာ (၁ဂ၃)၊ အဘိဓမ္မပိဋက အဋ္ဌသာလိနီ အဋ္ဌကထာ စိတ္တုပ္ပါဒကဏ္ဍ ကာမာဝစရကုသလဓမ္မုဒ္ဒေသကထာ (ဖဿအဖွင့် ၁၅၁)စသည်တို့တွင်ကြည့်ပါ။

http://www.dhammadownload.com



ကောင်းမွန်မှုတို့ကြောင့် ဖတ်ရှု၍မငြီးအောင်လည်းဖြစ်ရပေသည်၊ထိုကိုပင် အနောက်တိုင်းပညာရှင်တို့က အခြေအတင်ပြောဆိုကြသော ဟန်မျိုးမဟုတ်ပဲ ဆန်းကြယ်သော ပုံပြင်ကလေးများဖြင့် တန်ဆာဆင်ထားပြီး လူတို့လိုက်နာအပ်သော နီတိသဘောများ စိတ်ပညာနှင့်စပ်ဆိုင်သော အချက်အလက်များကို စိတ်ကူးဉာဏ်ဖြင့် အမေးအဖြေဟန် ပြုလုပ်ရေးသားထားကြောင်း တွေးထင်ယူဆခဲ့ကြပေသည်။

## သိလွယ်မှတ်သား လေးစားဖွယ်ရာ

အမှန်အားဖြင့်ကား ထိုပညာရှိနှစ်ဦးတို့ အကျယ်တဝင့်ပြောဆိုကြသည်ကို မှတ်တမ်းတင်သူက ချုံ့တန်လျှင်ချုံ့၍ရင်း ချဲ့တန်လျှင်ချဲ့၍ရင်း ဉာဏ်ဖြင့်ဆင်ခြင်၍ ထင်မြင်ဖတ်ရှုလွယ်အောင် လျော်သလို ရေးသားခဲ့မည်ဖြစ်သဖြင့် မူလပြောဆိုရင်း စကားပုံဟန်အတိုင်း ဖြစ်မနေသည်ကို အပြစ်ဆိုဖွယ် လိုမည်မထင်ချေ။

ဤသို့ ဖွဲ့နွဲ့ရေးသားနိုင်ခဲ့ခြင်းကြောင့်လည်း ဗုဒ္ဓဝါဒဆိုင်ရာတို့တွင် ဖတ်ရှုသူတို့အဖို့ ပိုမိုစိတ်ဝင်စားလာပြီး ဥဒါဟရုဏ်သက်သေသာဓကတို့ဖြင့် တန်ဆာဆင်ထားခြင်းကလည်း စာဖတ်သူတို့ကို လက်မလွှတ်နိုင်အောင် ဆွဲဆောင် သိမ်းသွင်းလျက် ဆိုလိုရင်းအချက်တို့ကို လေးလေးနက်နက် စွဲမြဲ၍သွားစေလေသည်။

## သံသယနှင့် အယူအဆများ

ထိုမှတပါး ဤကျမ်း၏အနေအထားနှင့်ပတ်သက်၍ အချို့ပညာရှင်တို့၏ အယူအဆကိုလည်း တင်ပြလိုပေသည်၊ ထိုအယူအဆမှာ ပညာရှိနှစ်ဦးတို့၏ အမေးနှင့်အဖြေမှုရင်းသည် ယခုလက်ရှိကျမ်း၏ သုံးပုံတပုံခန့် သတ္တမဝဂ်အဆုံးတွင် လုံးဝပြီးစီးသွားပြီဟု ယူဆဖွယ်ရှိသည်၊အဘယ့်ကြောင့်ဆိုသော် ပညာရှိနှစ်ဦးတို့သည် အထူးထူးသော ပြဿနာအရပ်ရပ်တို့ကို ကြေကြေနပ်နပ် ဆွေးနွေး၍အပြီး အသီးသီးဝမ်းမြောက်ဝမ်းသာ ခွဲခွါ၍သွားကြပုံ့၊ ပြန်လည်စဉ်းစား၍ အားရကြေနပ်နေကြပုံ့၊ နောက်ထပ်တွေ့ဆုံကြရာ၌လည်း အချင်းချင်း ဆွေးနွေးရ၍ ဝမ်းမြောက်ကြောင်းစကားကို ပြောကြားနေကြပုံတို့ကို ပြဆိုထားပြီးနောက် မိလိန္ဒပဉှာဝိသဇ္ဇနာပြီး၏ဟု ပြဆိုထားသောကြောင့်ပင်ဖြစ်၏။

ထို့ပြင် နောက်မှဆက်လက်၍ ကျမ်းသစ်တကျမ်းအနေဖြင့် စကားချီးလျက် မေဏ္ဍကပဉှာခဏ်း အနုမာနပဉှာခဏ်း ဩပမ္မကထာပဉှာခဏ်းတို့ကို ဖော်ပြထားသည်မှာ မူလမိလိန္ဒပဉှာကျမ်းနှင့် အဆက်အစပ်မရှိပဲ နောက်ထပ်တဖန် သီကုံးရေးသား၍ ထည့်သွင်းထားခြင်း ဖြစ်ဟန်တူသည် ဟူသော အယူအဆပင်ဖြစ်ပေသည်။

ထိုအယူအဆအတွက်မူ မိလိန္ဒမင်းနှင့်အသျှင်နာဂသေနတို့၏ မေးမြန်းဖြေဆိုချက်တို့ကို မူလမှတ်တမ်းတင်စဉ်က တဦးတယောက်တည်းသာ မှတ်တမ်းတင်ခဲ့ဟန် မတူပဲ နှစ်ဦး သို့မဟုတ် သုံးလေးဦးက တဦးလျှင် တမျိုးစီ မိမိတို့ ကြားသိသလို ရေးသား မှတ်တမ်းတင်ထားခဲ့ဟန်ရှိပြီး ထိုမှတ်တမ်းစာမူဘို့ကို နောက်လူတို့က စုစည်းပေါင်းချုပ်၍ တကျမ်းတည်းပြုလုပ် ထားခဲ့ခြင်းဖြင့် ဤသို့ နေထားပုံဟန်ဖြစ်နေကြောင်း ဖြေဆိုသင့်ပေသည်။

တဖန် ဩပမ္မကထာ၌ ဥပမာပဉှာ တရာ့ငါးပါးမာတိကာထားခဲ့သော်လည်း အကျယ်ဖော်ပြချက်၌ ခြောက်ဆယ့်ခုနစ်ပါးသာ ပါရှိလျက် သုံးဆယ့်ရှစ်ပါး ပျောက်ပျက်နေခြင်း, ဝါ-မပါရှိခြင်း

http://www.dhammadownload.com



မှာလည်း အထူးစဉ်းစားထိုက်သော အချက်တရပ်ဖြစ်ပေသည်၊ ဤအချက်ကိုပင် ဤကျမ်း၏ ချွတ်ယွင်းချက်တရပ်အနေဖြင့် ညွှန်ပြကြ၍လည်း ကျမ်းနောက်ပိုင်းလာ ပဥှာဝိသဇ္ဇနာတို့သည် တစုံတဦး၏ကြံဆရေးသားချက်တို့သာ ဖြစ်ကြောင်း ထင်ရှားသည်ဟု အချို့သော အနောက်တိုင်း သုတေသီတို့က ဆိုကြ၏။

သို့သော် ကြွင်းကျန်နေသော ဥပမာပဥှာတို့ကို စိစစ်ကြည့်လျှင် ပဌမဝဂ်မှ ဆဋ္ဌဝဂ်အထိ မာတိကာအတိုင်းပင် ပြဿနာဆယ်ခုစီ အညီအမျှ အပြည့်အစုံရှိနေကာ သတ္တမဝဂ်၌ ပြဿနာခုနစ်ခု သာရှိနေပြီးနောက် အဆုံးသပ်သွားခြင်း ပါရှိသမျှ အကျယ်ပြဿနာခြောက်ဆယ်ခုနှစ်ပါးမှာလည်း မာတိကာ အစဉ်အတိုင်းပင် အစဉ်မပျက် ဆက်ကာ ဆက်ကာ ပါရှိနေခြင်းနှင့် ကြွင်းကျန်ရာ၌လည်း အစဉ်အလိုက် တစုတရုံးတည်း ကြွင်းကျန်နေခြင်းတို့မှာ ရှေးယခင်က မူချရှိခဲ့ဘူးလျက် နောက် လူတို့ အဆင့်ဆင့် ကူးယူရေးသားရာ၌ ကျန်ခဲ့ခြင်း၊ သို့မဟုတ်-ကျပျောက်ခြင်းတို့သာ ဖြစ်စရာ အကြောင်းရှိပေသည်၊ ထိုဖြစ်နိုင်သော အကြောင်းအတိုင်းပင် ယုံကြည်၍ မူအများအပြားတွင်ပင် "ကြွင်းကျန်နေသော ပြဿနာများကို တွေ့ရှိပေးပို့က ထပ်မံပုံနှိပ်မည်ဖြစ်ကြောင်း" နှင့် အမှာများ ပါရှိကြပေသည်။

ထို့ကြောင့် ဤဩပမ္မကထာပဥှာ၌ မစုံမလင်ဖြစ်နေခြင်းဖြင့် မေးမြန်းဖြေဆိုချက် အစစ်အမှန် ဟုတ်မဟုတ် ပြဿနာပေါ် စရာမလိုဟု ဆိုရန်ရှိပေသည်။

ကျမ်းစာနှင့်ပတ်သက်၍ ဤမျှဘင်ပြပြီးနောက် ဤကျမ်း၌ အရေးအကြီးဆုံး အပိုင်းအခဏ်းမှ ပါဝင်ကြသူများအကြောင်းကို ဆွေးနွေးတင်ပြရန် လိုပေလိမ့်မည်။

### အသျှင်နာဂသေနမထေရ်၏မွေးဖွားရာ စိစစ်ချက်

ဤကျမ်း၌ အရေးကြီးသောပုဂ္ဂိုလ်တဦးဖြစ်သည့် အသျှင်နာဂသေနနှင့် ၎င်း၏ဖွားရာဌာနကို မိလိန္ဒပဥှာကျမ်းတွင် ပါရှိသည်ထက် ပိုမိုသော ရှာဖွေတွေ့ရှိချက်များ မပေါ်ထွက်သေးချေ၊ ဤကျမ်း၏အစပိုင်းတွင် အသျှင်နာဂသေန၏ ဖွားရာဌာနမှာ ဟိမဝန္တာတောင်၏အနီးရှိ ဇင်္ဂလ ရွာဟု သိရသဖြင့် ယခုခေတ်အခြေအနေအရ ကသ္မီရတိုင်းအတွင်း သို့မဟုတ် ဂန္ဓာရတိုင်းအတွင်း တနေရာရာဖြစ်မည်ဟု မှန်းဆရပေသည်၊ ဟိမဝန္တာတောင်နှင့် ဝေးကွာသော မဇ္ဈိမနယ်နိမိတ် အရှေ့ဖက်ခြမ်း အင်္ဂတိုင်းအတွင်း တနေရာရှိ ဇင်္ဂလနိဂုံးနှင့် တခြားစီဖြစ်သည်ကိုကား သတိပြုရ ပေမည်။

### မိလိန္ဒမင်း၏မွေးဖွားရာ စိစစ်ချက်

မိလိန္ဒမင်းနှင့် ပတ်သက်၍ကား အတော်အတန် သိရှိရပေသည်။ ထိုမင်း နန်းစိုက်ရာသည် ယောနကတိုင်း သာဂလနေပြည်တော် (ယခု အနောက်ပါကစ္စတန်ပြည် ဆီးယားလ်ကွတ်မြို့) ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးလေပြီ။ ဖွားမြင်ရာဇာတိဒေသနှင့် ရွာကိုလည်း မိမိဖွားမြင်ရာအရပ်ကို အသျှင်နာဂသေနက မေးတော်မူ၍ မင်းကြီးကိုယ်တိုင် ဖြေဆိုထားသော စကားဖြင့်ပင် အလသန္ဒ ဒီပအရပ်၊ ကလသိရွာဖြစ်ကြောင်း သိရပေသည်၊ ထိုနေရာသည် သာဂလနေပြည်တော်နှင့် ယူဇနာ ၂၀၀-ဝေးသည်ဟုလည်း ဆိုထားပေသည်။ ယူဇနာဟူသော ဝေါဟာရ၏ အတိုင်းအတာကိုလည်း အမျိုးမျိုးပြဆိုထားကြသဖြင့် ယခုခေတ် မိုင်အားဖြင့် မည်မျှရှိသည်ဟု ဖော်ပြရန်မှာ မလွယ်ကူ

http://www.dhammadownload.com



လှပေ။ သို့ဖြစ်သော်လည်း ကလသိရွာ ဖြစ်နိုင်လောက်သော နေရာကို ရှာဖွေရာ ဆီးယားလ်ကွတ်မြို့(သာဂလနေပြည်တော်)၏ အနောက်မြောက်ဖက် မိုင် ၄၀၀-ကျော် ၅၀၀-ခန့် ဝေးသော ယခု အာဖ်ဂါနစ္စတန်ပြည်အတွင်း ကာဗူးလ်မြို့၏ မြောက်ဖက်နားရှိ အရပ်ပင် ဖြစ်လိမ့်မည်ဟု ရှေးဟောင်းသမိုင်း ပညာရှင်တို့ ခန့်မှန်းကြသည်။ ကာဗူးလ်မြစ်နှင့် ပံချရှီရ်မြစ်တို့ ဆုံရာအနီး ချာရိကာခေါ် မြို့တဝိုက်တွင် အယ်လက်ဇန္ဒြာဘုရင်၏ မြို့ပျက်များကို တွေ့ရှိရပေရာ ဤနေရာ ထဝိုက်၌ပင် ယောနက ဝါ-ယဝနခေါ် ဂရိက်တို့ အနွယ်ဝင်ဖြစ်သော မိလိန္ဒမင်းကြီးလည်း မွေးဖွားခဲ့ရသည်ဟု မှန်းဆရပေသည်။ ထိုမြစ် ၂-မြစ်တို့၏ အကြားရှိ ကုန်းမြေကိုပင် ရေပတ်လည်ဝန်းရံလျက် မရှိသော်လည်း မြစ် ၂-မြစ်တို့ အကြားၖ ရှိနေသောကြောင့် 'ဒီပ'ဟု ခေါ်ခဲ့ကြဟန်တူပေသည်။

ထို့ပြင် ဤယောနကတိုင်း အလသန္ဒာအရပ်သည် အသျှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် စေလွှတ်တော်မူသော သာသနာပြုမထေရ်တို့တွင် အပါအဝင်ဖြစ်သော ယောနက မဟာဓမ္မရက္ခိတမထေရ် ကြွရောက်၍ သာသနာပြုရာဌာနဖြစ်ကြောင်းကိုလည်း "ယောနက မဟာဓမ္မရက္ခိတမထေရ်သည် ယောနကတိုင်း အလသန္ဒာ အရပ်မှ ရဟန်းသုံးသောင်းတို့ကို ခေါ်ဆောင်၍ (သီဟိုဠ်ကျွန်း မဟာစေတီတည်ရာအရပ်သို့) ကြွလာတော်မူ၏" ဟူသော မဟာဝံသကျမ်း ၂၉-ပရိစ္ဆေဒ, ၃၉-ဂါထာစကားအရ သိရှိရပေသေးသည်။

မိလိန္ဒဟူသောအမည်ကို ဗက်တရီးယားအနွယ် ဂရိက်ဘုရင်များ၏ အမည်စာရင်း၌ မိနန္ဒာဟူ၍ တွေ့ရပေသည်၊ သို့သော်လည်း မူလမှတ်တမ်းတင်သူသည် အိန္ဒိယအမည်နှင့် လျော်ညီအောင် မိနန္ဒာဟူသောအမည်ကို မိလိန္ဒဟူ၍ ပြုပြင်ရေးသားထား၍ခြင်း ဖြစ်ဟန်တူပေသည်။

(ဤမိလိန္ဒပဥှာကျမ်း၌ပါရှိသော အမတ်ကြီးများ၏ အမည်များသည်လည်း ဤသို့ပင် ဂရိက်အမည်များမှ ပါဠိအမည်သို့ ဆင်တူရိုးမှား ပြုပြင်ထည့်သွင်းထားကြောင်းဖြင့် ဒေမေထရီယောစ်ဟူသောအမည်ကို ဒေဝမန္တိယဟူ၍ရင်း အန္တိယိုခတ်စ်ဟူသောအမည်ကို အနန္တကာယဟူ၍ရင်း မေနေကလေဟူသော အမည်ကို မင်္ကုရဟူ၍ရင်း သရပေါဒေါတာစ်ဟူသောအမည်ကို သဗ္ဗဒိန္နဟူ၍ရင်း ပြောင်းလဲရေးသားခဲ့သည်ဟု အနောက်တိုင်းမှတ်တမ်းများ၌ ဖော်ပြထားကြပေသည်)။

ဤမိလိန္ဒခေါ် မိနန္ဒာဘုရင်အကြောင်းကို ရေးသားထားသော အနောက်တိုင်း စာပေများ၌ ထိုဘုရင်မင်းမြတ်သည် အိန္ဒိယပြည်တိုင်အောင် ဂရိက်အင်ပါယာကြီးကို ကျယ်ပြန့်စေခဲ့သော ဗက်တရီးယားဘုရင်နှစ်ဦးအနက် တဦးဖြစ်သည်ဟူ၍ရင်း, အိန္ဒိယပြည်ကို သွားရောက်အုပ်စိုးသော ဘုရင်ဖြစ်သည်ဟူ၍ရင်း ဖော်ပြကြသည်၊ ထို့ပြင်လည်း မိလိန္ဒမင်းသည် အိန္ဒိယပြည်တွင် နယ်ပယ်မြောက်မြားစွာ ချဲ့ထွင်နိုင်၍ အနောက်နိုင်ငံများတွင် အထူးထင်ရှားခဲ့သော အယ်လက်ဇန္ဒြာဘုရင်ကြီး တည်ထောင်ခဲ့သည့် ဂရိက်နိုင်ငံများကို ဆက်လက်စိုးစံသော ဘုရင်တပါးဖြစ်သည်ဟု ရေးသားထားကြလေသည်၊ ထိုမှတပါး ကသ္မီရပြည်နှင့် ပတ်သက်သော မှတ်တမ်းတခုတွင် ကသ္မီရပြည်ကို လာရောက်အုပ်စိုးခဲ့သော ဂရိက်လူမျိုးဘုရင် ရှစ်ဦးရှိရာတွင် ခုနစ်ဦးမြောက်ဘုရင်မှာ ဤမိနန္ဒာပင်ဖြစ်ကြောင်း အဆိုရှိပြန်ပေသည်။

http://www.dhammadownload.com



## ထင်ရှားသောသာဓကများ

ထိုမှတ်တမ်းများကို အထောက်အကူပြုသော သက်သေသာဓကတို့ကား အိန္ဒိယမြောက်ပိုင်းမှ တူးဖော်ရရှိသော ဒင်္ဂါးတို့ပင် ဖြစ်ကြ၏၊ ၎င်းဒင်္ဂါးတို့တွင် မိနန္ဒာဟူသော အမည်နှင့် ရုပ်ပုံများကို ရေးထိုးသွန်းလုပ်ထားသည့် ဒင်္ဂါးတို့ကို များစွာ တွေ့ရခြင်းပင်တည်း၊ ထိုဌာနတွင် တူးဖော်ရရှိသော ဒင်္ဂါးအမျိုးပေါင်း ၂၂-မျိုးရှိရာတွင် ၈-မျိုးမှာ မိနန္ဒာ၏ အမည်နှင့် ရုပ်ပုံပါရှိသည်ကို တွေ့ရသည်ဟု ဆိုပေသည်။

၎င်းဒင်္ဂါးများကို အနောက်သို့လားသော် ကာဗူးလ်မြစ်, အရှေ့သို့လားသော် မထုရ, မြောက်သို့လားသော် ကသ္မီရအထိဖြစ်၍ မိနန္ဒာဘုရင်ပိုင်ဆိုင်စိုးမိုးခဲ့သော နယ်ပယ်သည် မည်မျှကျယ်ဝန်းကြောင်းကို ခန့်မှန်းနိုင်ပေသည်၊ ဒင်္ဂါးပေါ်တွင် တွေ့မြင်ရသော မိနန္ဒာ၏ ရုပ်ပုံမှာ ခံ့ညား၍ ပညာရှိလက္ခဏာ ပေါ်လွင်လျက် နိုင်ငံနှင့် အမျိုးကို ချစ်သော သူရသတ္တိပိုင်ရှင်တဦး၏ ပုံသဏ္ဌာန်ပင် ဖြစ်ပေသည်။

အချို့ဒင်္ဂါးတို့တွင် မိနန္ဒာဘုရင် ငယ်ရွယ်နုပျိုစဉ်ကပုံကို တွေ့မြင်ရ၍ အချို့တွင်မူ အလွန်အိုမင်းသောပုံသဏ္ဌာန်များကို တွေ့ရသဖြင့် ဤဘုရင်မင်းမြတ်သည် နှစ်ပေါင်းများစွာပင် မင်းပြု၍ သွားဟန်တူကြောင်း သိနိုင်ပေ၏၊ မှတ်တမ်းတစောင်တွင် မိနန္ဒာ၏တံဆိပ် ခပ်နှိပ်ပါရှိသော ဒင်္ဂါးများကို ၎င်းနတ်ရွာစံပြီးသည့်နောက် နှစ်အတန်ကြာမြင့်အောင်ပင် ကာဗူးလ်မြစ်ကမ်း ကမ္ဗောဇတိုင်း၏ မြို့တော်ဖြစ်ခဲ့သော ဂုဇ္ဇရ(ဂုဂျရတ်)တလျှောက်၌ သုံးစွဲခဲ့ကြောင်း ရေးသားထားပေသည်။

တွေ့ရှိရသော ဒင်္ဂါးများနှင့်ပတ်သက်၍ လေ့လာရန်မှာ ၎င်းတို့၌ ရေးထိုးထားသောစာများပင်ဖြစ်သည်၊ ဒင်္ဂါးများ၌ တဖက်တွင် ဂရိက်ဘာသာဖြင့် ရေးထိုး၍ တဖက်တွင်မူ ထိုခေတ်သုံးပါဠိဘာသာဖြင့် ရေးထိုးထားသည်ကို တွေ့ရ၏၊ အချို့စာများမှာ အက္ခရာအနေဖြင့် ဖတ်၍ရသော်လည်း အဓိပ္ပါယ်ကိုသိရန် မလွယ်ကူပေ၊သို့သော် အချို့စာများမှာ "မဟာရာဇဿ ဓမ္မိကဿ မိနန္ဒဿ"ဟူ၍ တွေ့ရသဖြင့်၎င်း သွန်းလုပ်ထားသော ရုပ်ပုံများတွင်လည်း ပြေးလွှားနေသော မြင်းဆင် ကုလားအုပ် ဝက် ထန်းရွက် ဆောက်ပုတ် စသောပုံများအပြင် ဓမ္မစကြာပုံများကိုပါ တွေ့ရသဖြင့်၎င်း ဤမင်းသည် စင်စစ် ဗုဒ္ဓဘာသာကို ကြည်ညိုလေးစားသော မင်းတပါးဖြစ်သည်ဟု မုချယူဆနိုင်ပေသည်။

## မိလိန္ဒမင်း၏ ကြည်ညိုဖွယ်ရာ

ထို့ပြင် အထောက်အထား ပြုဖွယ်ကောင်းသော ရေးသားချက်တခု၌ မိနန္ဒာဘုရင်သည် အလွန် တရားမျှတသော ပညာရှိမင်းတပါးဖြစ်၍ ပြည်သူလူထု၏ ချစ်မြတ်နိုးခြင်းကို ခံယူရသည်နှင့်အညီ ၎င်းနတ်ရွာစံသောအခါ ရုပ်ကလာပ်ကို လုယက် စစ်တိုက်ကြရကြောင်း နောက်ဘွင်မှ ညီညွတ်စွာ ခွဲဝေ၍ အရိုးပြာများကို စေတီတည်ကြကြောင်း သမိုင်းပညာရှင် ပလုတတ်၍ ရည်ညွှန်းရေးသားခဲ့သည်ကို ဖတ်ရှုရပေ၏၊ထိုရေးသားချက်အရ ဘုရားရဟန္တာတို့ ပရိနိဗ္ဗာန်ပြုရာ၌ ပြုမူရိုးဖြစ်သော စေတီတည်ထားခြင်းမျိုးအထိ ပြုလုပ်သည်ကို ထောက်ဆလျှင် မိလိန္ဒမင်းကြီးသည် ဗုဒ္ဓဘာသာကို ကြည်ညိုလေးစားသော မင်းတပါး ဖြစ်ရုံမျှမက ဤမိလိန္ဒပဉှာကျမ်းနောက်ပိုင်းတွင်ပါရှိသော အချက်တရပ်၏ ဖြစ်နိုင်သော အခြေအနေသို့ပင် ရောက်ရှိနေပေသည်။

http://www.dhammadownload.com



၎င်းအချက်မှာ မိလိန္ဒမင်းသည် သူ၏ သားတော်အား တိုင်းပြည်ကို အပ်နှင်း၍ သာသနာတော်၌ ရဟန်းပြုကာ မကြာမီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက် သွားသည် ဟူသည်ပင်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ မိလိန္ဒခေါ် မိနန္ဒာဘုရင်သည်ကား အလွန်ပညာလိုလားသော ဘုရင်ကြီးဖြစ်၍ ၎င်းကိုယ်တိုင်လည်း ပညာရပ်အမျိုးမျိုး အထူးသဖြင့် ဗုဒ္ဓဝါဒဆိုင်ရာ လောကုတ္တရာပညာတို့ကို သင်ကြားလေ့လာ ကောင်းစွာတတ်မြောက် တံခွန်ဆောက်ခဲ့ကြောင်းတို့ကို ဤကျမ်းဖြင့် ထင်ရှားသိသာနိုင်လျက် ၎င်း၏ လေးနက်သော အမေးပုစ္ဆာ ပြဿနာတို့ကို လောကုတ္တရာပညာအရာတွင် ပြိုင်ဖက်ကင်းသော အသျှင်နာဂသေန မထေရ်က ကြည်ညိုဖွယ်ရာ ဖြေဆိုထားချက်တို့ကို ဤကျမ်း၌ ပြည့်စွာ ဖော်ပြထားပေရာ ဤမိလိန္ဒပဉှာကျမ်းသည် ဗုဒ္ဓဝါဒနှင့် ပတ်သက်သော အသိပညာတို့ကို ပြည့်ပြည့်ဝဝ ပေးစွမ်းနိုင်ပေရကား ဗုဒ္ဓဘာသာ ကျမ်းဂန်တို့တွင် အမြင့်ဆုံးစခန်း ထိပ်တန်း၌ တည်ရှိနေပေသော ဤကျမ်းစာကို ဗုဒ္ဓဘာသာဝင်တိုင်း လက်စွဲပြုကာ ဖတ်ရှုလေ့လာကြလျက် ဗုဒ္ဓဝါဒ၏ အဆီအနှစ်တို့ကို ထုတ်ညှစ်စားသုံးပြီးလျှင် တလောကလုံး၏ ထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ တရားတော်အချုပ် ဝိမုတ္တိချမ်းသာ အမတကြွင်းနိဗ္ဗာန်နန်းသို့ ကြွမြန်းနိုင်ကြပါစေသတည်း။

http://www.dhammadownload.com

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ်

# မိလိန္ဒပဉှာပါဠိတော်

# မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဂင်္ဂါမြစ်သည် သမုဒ္ဒရာသို့ စီးဆင်းသက်ဝင်သကဲ့သို့ တိုင်းတကာတို့ထက် မြတ်သော (ယောနက)တိုင်း သာဂလမြို့တော်၌ (စိုးစံသော) မိလိန္ဒမည်သောမင်းသည် အသျှင်နာဂသေနမထေရ်မြတ်ထံသို့ ချဉ်းကပ်လေ၏။

ချဉ်းကပ်ပြီးသော် မိလိန္ဒမင်းသည် (ပညာဟူသော) မီးရှူးမီးတိုင်ကို ဆောင်သော (သူတပါးတို့ ယုံမှားခြင်းဟူသော) အမိုက်တိုက်ကို ပယ်နုတ်နိုင်သော ဆန်းကြယ်သော စကားကို ပြောဟောတတ်သော အသျှင်နာဂသေနမထေရ်မြတ်အား သိမ်မွေ့ နက်နဲကုန်သော အရာဟုတ်သည် မဟုတ်သည်၌ ဖြစ်ကုန်သော များစွာသော အမေးပုစ္ဆာ ပြဿနာတို့ကို မေးလျှောက်လေ၏။

မိလိန္ဒမင်း၏ အမေးပုစ္ဆာတို့သည်၎င်း အသျှင်နာဂသေနမထေရ်မြတ်၏ ဖြေရှင်းချက်တို့သည်၎င်း နက်နဲသော အနက်အဓိပ္ပါယ်ကို မှီကုန်၏၊ ပညာရှိတို့ စိတ်နှလုံးသို့လည်း သက်ရောက်ကုန်၏၊ ပညာရှိတို့၏ နားကိုလည်း ချမ်းသာစေနိုင်ကုန်၏၊ မဖြစ်ဘူးမြဲ ဖြစ်ကုန်၏၊ ကြက်သီးမွေးညှင်း ထဖွယ်လည်း ဖြစ်ကုန်၏။

အသျှင်နာဂသေနမထေရ်၏ အဖြေစကားတို့သည်လည်း အဘိဓမ္မာပိဋကတ် ဝိနည်းပိဋကတ်နှစ်ရပ်သို့လည်း သက်ဝင်ကုန်၏၊ သုတ္တန်ဟူသော ကွန်ရက်နှင့် ပြည့်စုံကုန်၏၊ ဥပမာ ပုံပြင်တို့ဖြင့်၎င်း နည်းအမျိုးမျိုးတို့ဖြင့်၎င်း (အံ့ဩစဖွယ်) ဆန်းကြယ်လှကုန်၏။

http://www.dhammadownload.com



ထိုဆိုပြီး ဂုဏ်နှင့်ပြည့်စုံသော မိလိန္ဒပဉှာကျမ်း၌ (သိမြင်နားလည်ရန် ခွမ်းနိုင်သော) ဉာဏ်ကို မြဲစွာစိုက်ထား၍ စိတ်ကို ရှင်ကြည်စေလျက် သိမ်မွေ့နက်နဲကုန်သော အမေး ပုစ္ဆာ ပြဿနာတို့ကိုလည်းကောင်း ယုံမှားဖွယ်ရာကို ခွဲဖျက်နိုင်ကုန်သော အဖြေတို့ကိုလည်းကောင်း နားထောင်ကြပါကုန်လော့။

၂။ ထိုမိလိန္ဒပဉှာကျမ်းကို အဘယ်သို့သော အကြောင်းရင်းမူလအားဖြင့် ကြားနာရမည် နည်းဟူမူ— ယောနကတိုင်းသူ တိုင်းသားတို့၏ ကုန်ထုပ်အမျိုးမျိုးကို ခွဲခြားဝေဖန်ရာ (အရောင်း အဝယ်ဗဟိုဌာန)ဖြစ်သော သာဂလမည်သော မြို့သည် ထင်ရှားရှိလတ်သတည်း၊ (ထိုသာဂလမြို့ သည်) မြစ် ချောင်း တောင်တန်းတို့ဖြင့် တင့်တယ်၏၊ ပျော်မွေ့ဖွယ်ရာ မြေမျက်နှာပြင် အစိတ် အပိုင်းတို့လည်း ရှိ၏၊ အရံ ဥယျာဉ် တောတန်း တဖက်ဆည်ကန် လေးထောင့်ကန်တို့နှင့် ပြည့်စုံ၏၊ မြစ်၏ မွေ့လျော်ဖွယ် တောင်၏ မွေ့လျော်ဖွယ် တော၏ မွေ့လျော်ဖွယ်နှင့်လည်း ပြည့်စုံ၏၊ အကြားအမြင် ဗဟုသုတရှိသူတို့ ဖန်ဆင်းတည်ထောင်အပ်သောမြို့လည်း ဖြစ်၏၊ ရန်သူတို့ကို ပယ်ရှားပြီးဖြစ်၍ ရန်သူတို့ မဖျက်ဆီး မနှိပ်စက်နိုင်၊ အထူးထူး အပြားပြား ဆန်းကြယ်၍ မြဲမြံခိုင်ခံ့သော ပြအိုး တံခါးမုခ်ရှိ၏၊ အဝိုင်းထက်အလွန် ကောင်းမြတ်သော တံခါးခုံ တုရိုက် တိုင်လည်း ရှိ၏၊ နက်စွာသော ကျုံးမြောင်း ဖွေးဖွေးဖြူသော တန်တိုင်းတို့ဖြင့် ဝန်းရံအပ်သော မြို့တွင်းနန်းတော်လည်းရှိ၏၊ ကောင်းစွာခွဲခြား ဝေဖန်အပ်သော လမ်းကြီး လမ်းငယ် လမ်းလေးခွ လမ်းဆုံရှိ၏၊ တင့်တယ်သပ်ယပ်စွာ ဖြန့်ခင်းရောင်းချအပ်သော တန်ဘိုးရှိသော ကုန်စည်ပစ္စည်း အမျိုးမျိုးတို့ဖြင့် ပြည့်နှက်သည့် ဈေးတော်ကြီးလည်း ရှိ၏၊ အလှူမဏ္ဍပ်အမျိုးမျိုးတို့ဖြင့် အမြဲ အစဉ်တင့်တယ်၏၊ ဟိမဝန္တာတောင်ထွတ်နှင့်တူသော လွန်ကဲမြင့်မြတ်သည့် နန်းဘုံဗိမာန်အသိန်း တို့ဖြင့် တန်ဆာဆင်ယင်အပ်၏၊ ဆင်မြင်း ရထား ခြေသည် ဟူသော စစ်အင်္ဂါတို့ဖြင့် ပြွမ်း၏၊ အဆင်းလှသော ယောကျ်ား မိန်းမအပေါင်းတို့ မပြတ်လှည့်လည်ရာ ဖြစ်၏၊ လူမျိုးစုံတို့ဖြင့် ရောပြွမ်း ပြည့်ကြပ်နေ၏၊ များပြားသော မင်း ပုဏ္ဏား ကုန်သည် ဆင်းရဲသားမျိုးတို့၏နေရာ ဖြစ်၏၊ အညီအမျှ ခွဲခြား ဝေဖန်ထားသည့် အမျိုးမျိုး အစားစားသော သမဏဗြာဟ္မဏတို့နှင့် စပ်ယှဉ်၏၊ မြောက်မြားစွာသော အတတ်ပညာ ပညာရှိသူတို့ ကြာမြင့်စွာ နေထိုင်ရာ ဖြစ်၏၊ ကာသိတိုင်း ကောဋုမ္ဗရတိုင်းဖြစ် စသော အထူးထူး အပြားပြားသော အထည်ဈေးရုံတို့နှင့် ပြည့်စုံ၏၊ ကောင်းစွာ ဖြန့်ခင်းအပ်၍ စိတ်နှစ်သက်ဖွယ်ရာ များပြားစွာသော ပန်းဈေး နံ့သာဈေး ရှိ၏၊ အမွှေးနံ့သာတို့ဖြင့် မွှေးကြိုင်လျက် ရှိ၏၊ တောင့်တ လိုချင်ဖွယ်ရာ များစွာသော ရတနာမျိုး တို့နှင့် ပြည့်စုံ၏၊ ထိုထိုအရပ်သို့ ရှေးရှု ဖြန့်ခင်းအပ်သော ဈေးဆိုင် ရှိ၏၊ တင့်တယ် ဖွယ်ရာ လိမ္မာကျွမ်းကျင်သော ကုန်သည်အပေါင်းတို့၏ မပြတ် ကျက်စားရာ ဖြစ်၏၊ အသပြာ ငွေ ရွှေ ကြေးတို့ကို ခင်းကျင်းထားသော ဆိုင်တို့ဖြင့် ပြည့်၏၊ တပြောင်ပြောင်တောက်သော အိမ်ဆောင် ဘုံနန်း ရှိ၏၊ များစွာသော ဥစ္စာစပါး အသုံးအဆောင် လက်ဝတ်လက်စား ရှိ၏၊ ပြည့်လျှံသော ကျီကြ ရှိ၏၊ များစွာသော ထမင်း အဖျော် ရှိ၏၊ နှစ်သက်ဖွယ်ရာ များစွာသော ခဲဖွယ် စားဖွယ် လျက်ဖွယ် သောက်ဖွယ် ရှိ၏၊ ဥတ္တရကုရု ကျွန်းနှင့်တူ၏၊ ပြည့်စုံသော ကောက်စပါး ရှိ၏၊ အာဠကမန္ဒာမည်သော နတ်မြို့တော်နှင့်တူ၏။

ဤအရာ၌ ပုဗ္ဗဝိသဇ္ဇနာအချက်ကို ဆိုင်းငံ့ရပ်ထား၍ ထိုမိလိန္ဒမင်းနှင့် အသျှင်နာဂသေန မထေရ်မြတ်တို့၏ ရှေးကံအကြောင်းရင်းကို ပြဆိုသင့် ပြဆိုထိုက်၏၊ ပြဆိုသော ဆရာသည်လည်း ခြောက်ပါးအပြားဖြင့် ဝေဖန်ပိုင်းခြားကာ ပြဆိုသင့် ပြဆိုထိုက်၏၊ ခြောက်ပါး အပြားဟူသည်

http://www.dhammadownload.com



အဘယ်နည်း— ရှေးဆုတောင်းခဏ်း မိလိန္ဒမင်း၏ ပြဿနာခဏ်း မှတ်ကြောင်းလက္ခဏာကို မေးခဏ်း ဆိတ်ချိုနှင့်တူစွာ ကောက်တကျစ် မေးခွန်းအခဏ်း အနုမာန(မှန်းဆသော)အားဖြင့် မေးသောအခဏ်း ဥပမာစကားကို မေးသောအခဏ်း ဤသို့ အခဏ်းခြောက်ပါး အပြားရှိ၏။

ထိုခြောက်ခဏ်းတို့တွင် မိလိန္ဒပဥှာသည် လက္ခဏာပဥှာအခဏ်းနှင့် ယုံမှားသောအရာကို ပယ်ဖျောက်သော ပြဿနာမေးခွန်းအခဏ်းဟု နှစ်ခဏ်းရှိ၏။

ဆိတ်ချိုနှင့်တူစွာ ကောက်တကျစ်အမေး မေဏ္ဍကပဥှာသည်လည်း မဟာဝဂ်နှင့် ယောဂီပုဂ္ဂိုလ်တို့ကို မေးသောအခဏ်းဟု နှစ်မျိုးရှိ၏။

## (ရှေးဆုတောင်း ပုဗ္ဗယောဂ)

(ထိုအခဏ်း ခြောက်မျိုးတို့တွင်) ရှေးဆုတောင်းခဏ်းဟူသည် ထိုမိလိန္ဒမင်းနှင့် အသျှင်နာဂသေန မထေရ်မြတ်တို့၏ ရှေး၌ပြုအပ်သော ကံအကြောင်းရင်းတည်း။

http://www.dhammadownload.com

# ၁-ဗာဟိယဝဂ်

## ပုဗ္ဗယောဂဝတ္ထု

၃။ တဆင့်စကား ကြားရဘူးသည်ကား—ရှေးလွန်လေပြီးသောအခါ ကဿပ မြတ်စွာဘုရား၏ သာသနာတော် တည်ထွန်း ဖြစ်ပေါ်လတ်သော် ဂင်္ဂါမြစ်၏အနီး ကျောင်းတိုက်တခု၌ ရဟန်းသံဃာအများ (သီတင်းသုံး) နေထိုင်လေ၏၊ ထိုကျောင်းတိုက်၌ ဝတ်ကြီး ဝတ်ငယ် အကျင့်သီလနှင့်ပြည့်စုံကုန်သော ရဟန်းတို့သည် နံနက်စောစောထကုန်၍ အရိုးရှည် တံမြက်စည်းတို့ကို ယူကြကုန်ပြီးလျှင် မြတ်စွာဘုရား ဂုဏ်ကျေးဇူးတို့ကို ဆင်ခြင်ကုန်လျက် ကျောင်းတလင်းကို တံမြက်လှည်းကြကုန်၍ အမှိုက်သရိုက်စုပုံခြင်းကို ပြုလုပ်ကြကုန်၏၊ ထိုအခါ ရဟန်းတပါးသည် သာမဏေတဦးကို "သာမဏေ လာလော့၊ ဤတံမြက်ချေးကို စွန့်ပစ်ချေလော့"ဟု ပြောဆို၏၊ ထိုသာမဏေသည် မကြားယောင်ပြု၍ သွားလေ၏၊ နှစ်ကြိမ် သုံးကြိမ်တိုင်တိုင် ခေါ်အပ်သော်လည်း ထိုသာမဏေသည် မကြားယောင်ပြု၍ သွားမြဲသွားသည်သာတည်း၊ ထို့နောက် ထိုရဟန်းသည် "ဤသာမဏေကား အပြောရခက်လှလေစွ"ဟု အမျက်ထွက်၍ တံမြက်စည်းရိုးဖြင့် ရိုက်ပုတ်လေ၏၊ ထိုသို့ရိုက်ပုတ်ခြင်းကြောင့် ထိုသာမဏေသည် ငိုလျက် ကြောက်ရွံ့သဖြင့် တံမြက်ချေးကို စွန့်ပစ်စဉ် "အကျွန်ုပ်သည် ဤတံမြက်ချေးကို စွန့်ပစ်ရသောကောင်းမှုကြောင့် နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဤအတွင်း ဖြစ်လေရာရာ ဘဝ၌ မွန်းတည့်နေကဲ့သို့ ဘုန်းကံကြီးသူ တန်ခိုးတေဇော်ကြီးသူ ဖြစ်ရပါလို၏"ဟု ပဌမအကြိမ် ဆုတောင်း၏၊ တံမြက်ချေးကို စွန့်ပစ်ပြီးနောက် ရေချိုးရန် ဂင်္ဂါမြစ်ဆိပ်သို့ သွားပြန်ခဲ့သော် တဝုန်းဝုန်းမြည်နေသော မြစ်၏လှိုင်းတံပိုးအဟုန်ကို မြင်ရပြန်၍ "အကျွန်ုပ်သည် နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဤအတွင်း ဖြစ်လေရာရာဘဝ၌ ဤလှိုင်းတံပိုးအဟုန်ကဲ့သို့ အရာအားလျော်စွာဖြစ်ပေါ်လာသော ဉာဏ်ပဋိဘာန်ရှိသူ မကုန်နိုင်သော ဉာဏ်ပဋိဘာန်ရှိသူ ဖြစ်ရပါလို၏"ဟု ဒုတိယအကြိမ် ဆုတောင်းပြန်၏။

ထိုသာမဏေကို စေခိုင်းသော ရဟန်းသည်လည်း တံမြက်စည်းထားရာစင်၌ တံမြက်စည်းကို ထား၍ ရေချိုးရန် ဂင်္ဂါမြစ်ဆိပ်သို့ သွားလတ်သော် သာမဏေ၏ဆုတောင်းသံကို ကြားရသဖြင့်၊ "ငါစေခိုင်းအပ်သော ဤသာမဏေသည်ပင် ဤမျှလောက် ဆုတောင်းဘိသေး၏၊ ငါ့အား အဘယ်မှာ(ဆုတောင်း)မပြည့်စုံပဲ ရှိလိမ့်မည်နည်း"ဟု ကြံစည်၍ "ငါသည် နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဤအတွင်း ဖြစ်လေရာရာ ဘဝ၌ ဤဂင်္ဂါမြစ်၏ လှိုင်းတံပိုးအဟုန်ကဲ့သို့ မကုန်နိုင်သော ဉာဏ်ပဋိဘာန်ရှိသူ ဖြစ်ရပါလို၏၊ ဤသာမဏေ မေးတိုင်းမေးတိုင်းသော ပြဿနာအလုံးစုံကို ရှင်းလင်းရန် ဖြေရှင်းရန် စွမ်းနိုင်သူ ဖြစ်ရပါလို၏"ဟု ဆုတောင်းလေ၏။

ထိုသူနှစ်ဦးတို့သည်လည်း နတ်ဘုံလူ့ဘုံ လှည့်လည်ကျင်လည်ကုန်လျက် ကဿပမြတ်စွာဘုရားနှင့် ငါတို့မြတ်စွာဘုရား၏ တခုသောအကြားကို ကုန်လွန်စေကြကုန်၏၊ ထို့နောက် ငါတို့၏ မြတ်စွာဘုရားသည်လည်း မောဂ္ဂလိပုတ္တတိဿထေရ်ကို ဗျာဒိတ်ညွှန်ကြားတော်မူအပ်သကဲ့သို့ ထို့အတူ ထိုသူနှစ်ဦးတို့ကိုလည်း ဗျာဒိတ်ညွှန်ကြားအပ်ကုန်၏ "ငါဘုရား ပရိနိဗ္ဗာန်စံလွန်သည်မှ နောက် နှစ်ပေါင်းငါးရာကျော်လွန်လတ်သော် ထိုသူနှစ်ဦးတို့သည် ဖြစ်ပေါ်လာကုန်လတ္တံ့၊ ထိုသူနှစ်ဦးတို့သည် သိမ်မွေ့နက်နဲစွာပြု၍ ငါဟောကြားအပ်သော ထို သုတ် အဘိဓမ္မာ ဝိနည်း

http://www.dhammadownload.com



တရားတော်ကို ပြဿနာမေးခွန်း ဥပမာဥပမေယျ ညီမျှသင့်တင့်သော နည်းတို့၏အစွမ်းဖြင့် အရှုပ်အထွေးမရှိအောင် ပြု၍ ဝေဖန်ကြကုန်လတ္တံ့”ဟု ဗျာဒိတ်ညွှန်ကြားအပ်ကုန်၏။

## မိလိန္ဒမင်းအကြောင်း

၄။ ထိုသူနှစ်ဦးတို့တွင် သာမဏေသည် ဇမ္ဗူဒိပ်ကျွန်း သာဂလမြို့၌ မိလိန္ဒမည်သောမင်း ဖြစ်လေ၏၊ (ထိုမင်းသည်)အသိဉာဏ်ရှိသူ လိမ္မာသူ ထိုးထွင်းဉာဏ်ရှိသူဖြစ်၍ အတိတ်အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော ပညာနှင့်ယှဉ်၍ စီရင်ခြင်း ပြုလုပ်ခြင်းတို့ကို စွမ်းဆောင်နိုင်၏၊ ပြုလုပ်သော အခါ၌လည်း စူးစမ်းဆင်ခြင်၍ ပြုလုပ်လေ့ရှိ၏၊ အထူးအားဖြင့် ထိုမိလိန္ဒမင်းသည် များစွာသော ကျမ်းဂန်အတတ်တို့ကို သင်ယူအပ်ကုန်၏။

## အတတ်တဆယ့်ကိုးမျိုး

ထိုမင်း သင်အပ်သော ကျမ်းဂန်တို့ဟူသည် အဘယ်နည်း—

သုတိ-ဝေဒကျမ်း [၁]၊ သမ္မုတိ-ကမ္ဘာ့ဥပဒေသကျမ်း [၂]၊ သင်္ချာ-သင်္ချာခေါ် အဘိဓမ္မာကျမ်း [၃]၊ ယောဂ-ယောဂခေါ် အဘိဓမ္မာကျမ်း [၄]၊ နီတိ-နီတိကျမ်း [၅]၊ ဝိသေသိက-ဝိသေသိကခေါ် အဘိဓမ္မာ

---

၁-ဣရု, ယဇု, သာမ-ဟူသော ဝေဒကျမ်းရင်း သုံးပုံနှင့် နောက်တိုးသော အထဗ္ဗဏကျမ်းပါ ဝေဒလေးပုံ။

၂-ဗြဟ္မာကြီး၏ ဟောကြားချက်မှ လူသားဆရာတို့ မှတ်သားမိသမျှ ရေးသားထားသော မနုဓမ္မသတ် စသော ကျမ်းများနှင့် ကမ္ဘာသူ ကမ္ဘာသားတို့ စောင့်စည်းအပ် ရှောင်ကြဉ်အပ် လိုက်နာဆောင်ရွက်အပ်သော ဥပဒေသအားလုံး။

၃-တတ္တ ခေါ် ပရမတ္ထ သဘောတရား နှစ်ဆယ့်ငါးပါး၏ သရုပ်သဘောကို ရေတွက်စိစစ်သော ကျမ်းဖြစ်သည်၊ ၎င်းသင်္ချာ အဘိဓမ္မာကို ကပိလရသေ့တည်ထောင်သည်၊ သင်္ချာအဘိဓမ္မာနှင့် စပ်လျဉ်းသော ရှေးအကျဆုံး စာအုပ်များသည် သင်္ချာ ပါဝစနသုတ္တနှင့် တတ္တသမာသတို့ ဖြစ်ကြ၏။ ၎င်းနှစ်အုပ်ကို ကပိလရသေ့စီရင်သည်ဟု အဆိုရှိကြသော်လည်း ထင်ရှားသော အထောက်အထားမရှိချေ၊ သမိုင်းမှတ်တမ်းအရ ကပိလရသေ့သည် စာအုပ် ရေးသားစီရင်မှု မပြုခဲ့ပဲ ၎င်း၏ပညာကို အာသူရိအား သင်ကြားပေးခဲ့၍ အာသူရိ က ပဉ္စသိခကို တဆင့် သင်ကြား ပေးခဲ့သည်ဟု ဆိုပေသည်၊ သို့ဖြင့် အထက်ပါ ကျမ်းနှစ်ကျမ်းသည် ပေါ်ပေါက်ခဲ့၏၊ သင်္ချာ အဘိဓမ္မာနှင့် စပ်လျဉ်း၍ စံယူလောက်သော စာအုပ်မှာ ဤဿွရ ကရိဿန ရေးသော “သင်္ချာကာရိကာ”ပင် ဖြစ်လေသည်။

၄-ပုဂ္ဂိုလ်အသီးသီး၏ ဇီဝအတ္တကို ဣဿရ၊ သို့မဟုတ်-ပရမအတ္တနှင့် ပေါင်းဆုံနိုင်ရန် သမထကမ္မဋ္ဌာန်းများကို ဖော်ပြသော ကျမ်းဖြစ်သည်၊ ယောဂအဘိဓမ္မာသည် သင်္ချာအဘိဓမ္မာကို အမှီပြုသည်၊ ထိုယောဂအဘိဓမ္မာကို တည်ထောင်သူမှာ ပတဉ္စလီရသေ့ဖြစ်သည်၊ ရှေးအကျဆုံးသော ယောဂအဘိဓမ္မာစာအုပ်သည် ပတဉ္စလီရသေ့၏ “ယောဂသုတ္တ”ပင် ဖြစ်၏၊ ဗျာသဆရာရေးသော “ဘာသာ”မည်သော ယောဂအဘိဓမ္မာအဖွင့်ကျမ်းနှင့် ဝိညာဏဘိက္ခု၏ အဘိဓမ္မာအဖွင့်ကျမ်းအပြင် ဝိညာဏဘိက္ခု၏ “ယောဂဝုတ္တိကာ”နှင့် “ယောဂသာရသင်္ဂဟ” စသော ကျမ်းများလည်း ရှိကြသေးသည်။

၅-နိုင်ငံအုပ်ချုပ်ရေးကို ညွှန်ပြသော ရာဇနီတိ, အမျိုးသေးပါးတို့၏ ယဉ်ကျေးမှုကို ညွှန်ပြသော လောကနီတိ, အကျင့်သိက္ခာ စောင့်စည်းမှုကို ညွှန်ပြသော ဓမ္မနီတိ စသော ကျမ်းများ။

http://www.dhammadownload.com



ကျမ်း [၁]၊ ဂဏိတ- အတွက်အချက်-သင်္ချာ-ကျမ်း [၂]၊ ဂန္ဓဗ္ဗ- အတီးအမှုတ်- တူရိယာ-ပညာကျမ်း [၃]၊ တိကိစ္ဆ-ဆေးကုခြင်းအတတ်ကိုပြသော တိကိစ္ဆကျမ်း [၄]၊ ဓနုဗ္ဗေဒ-ဓနုဗ္ဗေဒကျမ်း [၅]၊ ပုရာဏ-ပုရာဏ်ကျမ်း [၆]၊ ဣတိဟာသ-ဣတိဟာသကျမ်း [၇]၊ ဇောတိသ-ဇောတိသခေါ် ဗေဒင်ကျမ်း [၈]၊ မာယာ-လှည့်စားခြင်း-အလိမ္မာသုံးခြင်းကိုပြသော မာယာကျမ်း [၉]၊ ဟေတု-တက္ကဗေဒခေါ် ဟေတုဝိဇ္ဇာကျမ်း [၁၀]၊

---

၁-အမြဲတည်တံ့၍ အားလုံးသော အရာတို့ထက် ထူးခြားသော ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, ကာလ, ဒိသာ, အတ္တမန ဟူသော ပရမတ္ထတရားကိုးမျိုးကို ခွဲခြားသိခြင်းအားဖြင့် သစ္စာဉာဏ်ကို ရအပ်သည်ဟု ဖော်ပြသောကျမ်း၊ ဤဝိသေသိကအဘိဓမ္မာကို ကဏာဒဟူ၍ရင်း, ကဏာဘုဇဟူ၍ရင်း, ကဏာဘက္ခဟူ၍ရင်း ထင်ရှားသော ရသေ့ပညာရှိ တီထွင်အပ်သည်၊ ၎င်း၏အမည်ရင်းမှာ ကဿပဖြစ်သော်လည်း ဖော်ပြပါ ပရမတ္ထတရားတို့ကို အဏုမြူခေါ် အသေးငယ်ဆုံး အစိတ်အပိုင်း တိုင်အောင် ခွဲခြမ်းစိတ်ဖြာ၍ ဖော်ပြနိုင်သော ကြောင့် အဏုမြူကို စားသူဟု အဓိပ္ပါယ်ရှိသော ကဏာဒ, ကဏာဘုဇ, ကဏာဘက္ခ အမည်များဖြင့် ထင်ရှားနေရပေသည်။

၂-ဂဏန်းဖြင့် တွက်ချက်သော ဂဏန်းသင်္ချာ, အက္ခရာဖြင့် တွက်ချက်သော အက္ခရာသင်္ချာ, အရေးအကြောင်းဖြင့် တွက်ချက်သော ရေခာသင်္ချာ(ဂျဲသြမေထရီ)။ ဂဏိကဟု ပုဒ်နေရှိတတ်သည်၊ များစွာသော သင်္ကရိုက်မူ ပြာကရိုက်မူတို့၌ ဂဏိတချည်းသာ ရှိကြသည်။

၃-ဆာမိုနာဝီလုံ၏ အဘိဓာန်၌ အနက်များစွာ ဖွင့်ဆို၏၊ ၎င်းတို့တွင် နတ်သီချင်းသည်, နတ်အတီးအမှုတ်သည် ဟု ပါရှိသည်၊ ဂန္ဓဗ္ဗဝိဇ္ဇာပုဒ်၏ အနက်ကိုကား အတီးအမှုတ် တူရိယာပညာဟု ဖွင့်ဆိုသည်။ အဘယာရာမဆရာတော်၏ အဘိဓာန်နိဿယသစ်၌ ဂန္ဓဗ္ဗဗေဒကို သင်္ဂီတကျမ်းဟု ပြန်ဆို၍ အရှင်အာဒိစ္စဝံသ၏ မိလိန္ဒပဉှာ နိဿယ၌ ဂန္ဓဗ္ဗကို သင်္ဂီတမူလကျမ်းဟု ပြန်ဆိုသည်၊ ၎င်းသင်္ဂီတပုဒ်ကို သင်္ဂီတရတ္နာကရ၌ "နစ္စံ ဂီတံ တထာဝါဒျ(ဝဇ္ဇံ)၊ တယံ သင်္ဂီတ'မုစ္စတေ"ဟု ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်း သုံးမျိုးလုံးကို သင်္ဂီတခေါ် ကြောင်း ပြဆို၍ ဆာမိုနာဝီလုံက သာမန် သီဆို တီးမှုတ်ခြင်းအပြင် အစုအဖွဲ့နှင့် တစုတပေါင်းတည်း သံပြိုင် သီဆို တီးမှုတ်ကခုန်ခြင်းဟု ပြန်ဆိုသည်။

၄-စရက, သုဿုတ, ဘာဝပ္ပကာသ စသော ဆေးကျမ်းများဟု ပြန်ဆိုကြသည်။

၅-လေးအတတ်ကိုပြသောကျမ်း။ စတုဗ္ဗေဒဟု ပါဠ်ရှိနေတတ်သည်၊ စတုဗ္ဗေဒဆိုလျှင် ဝေဒလေးကျမ်းကို ဆိုသဖြင့် သုတိ၌ ပါဝင်ပြီးဖြစ်သည်၊ သင်္ကရိုက်ကျမ်း အားလုံးတွင် ဓနုဗ္ဗေဒချည်းသာရှိသည်။

၆-ရှေးဟောင်း ကမ္ဘာ့အဖြစ်သနစ် အခြင်းအရာ အစုံအလင် ပုရာဏ်ကျမ်းသည် တဆယ့်ရှစ်ကျမ်း ရှိသည်ဟု ဆိုသည်။

၇-"ဤသို့ ဖြစ်သတတ်"ဟု ပြောဆိုလေ့ရှိသော မဟာဘာရတ စသည် ရာဇဝင် ပုံပြင် နိပါတ်နှင့် ရှေးစကားများ။

၈-ကောင်းကင်ရှိ နေ လ ဂြိုဟ် နက္ခတ်တို့၏ အသွားအလာကို တွက်ချက်ဟောပြောသော သူရိယသိဒ္ဓန္တ စသော ကျမ်းမျိုးများ။

၉-လိမ်လည်ကောက်ကျစ်ခြင်း,မျက်လှည့်ပြခြင်း အနက်များကိုသာ အဓိပ္ပါယ်ကောက်ယူလေ့ရှိကြသည်၊မင်း၏ ဂုဏ်ကိုပြသော နေရာဖြစ်၍ ရာဇမာယာဟု ဆိုအပ်သော ပရိယာယ် ဥပါယ်မျိုးကိုယူလျှင် သင့်မည်ဟု ထင်သည်၊ ဥပါယ်လေးမျိုးကား ဘေဒဥပါယ်, သာမဥပါယ်, ဒါနဥပါယ်, ဒဏ္ဍဥပါယ်တို့ ဖြစ်ကြ၏။

၁၀-ဆာမိုနာဝီလုံ၏ အဘိဓာန်၌ အကျိုးအကြောင်း ဆင်ခြင်တုံပညာ အခြေအတင် ဝေဖန်စီစစ်ခြင်း ပညာဟု အဓိပ္ပါယ်ပြန်ဆိုသည်၊ ကေတု ဟု ပုဒ်နေရှိတတ်သည်၊ ကေတုသဒ္ဒါသည် ကိတ်ဂြိုဟ်, အန္တလိက္ခကိတ်, ဘောမကိတ် စသော အနက်ကို ဟောသည်၊ ၎င်းတို့အကြောင်းကို တွက်ချက်ဟောပြောသော ကျမ်းဟု ဆိုလိုလျှင်လည်း ဤအချက်သည် ဇောတိသကျမ်း၌ ပါဝင်ပြီးဖြစ်၍ ပုနရုတ္တိ ဖြစ်ဖွယ်ရှိပေသည်၊၎င်းပြင် ကေတုကို"ကေတုဘ" ဖြစ်သင့်သည်ဟု ကြံ၍ "အလင်္ကာကျမ်း"ဟု အနက်ဆိုကြပြန်သည်၊ မုဒ္ဒဇနှင့် ကေဋုဘသည်သာ အလင်္ကာကျမ်းဟု အနက်ထွက်၍ ဒန္တဇနှင့် ကေတုဘသည် မိုးတိမ်ဟူသော အနက်ထွက်ရကား ဤနေရာနှင့် ကွာလှမ်းလွန်းလှ၏၊ ထို့ကြောင့် ဟေတုသည်သာ ဤနေရာနှင့် သင့်မြတ်ပေသည်၊ တရုတ်ရဟန်းတော် ဟီယန်ဆင်သည် နာဠန္ဒတက္ကသိုလ်၌

http://www.dhammadownload.com



မန္တန-မန္တန်ကျမ်း [၁]၊ ယုဒ္ဓါ--ယုဒ္ဓကျမ်း [၂]၊ ဆန္ဒသာ-ဆန်းကျမ်း [၃]၊ ဗုဒ္ဓဝစန မြတ်စွာဘုရားပါဠိတော်နှင့်တကွ တဆယ့်ကိုးပါးသော ကျမ်းအတတ်တို့ကို သင်ယူအပ်ကုန်၏၊ ပညာရှိတို့စိတ်နှလုံးကို တုန်လှုပ်အောင် ပြောဆိုတတ်၏၊ သူတပါးတို့က ညှဉ်းဆဲနိုင်ခဲ၏၊ သူတပါးတို့က နှိပ်နင်းခြင်းငှါ ခက်ခဲ၏၊ များစွာသော အယူကို တီထွင်သူတို့တွင် အထွတ်အမြတ်ဟု ဆိုထိုက်၏၊ ဉာဏ်အစွမ်းအားဖြင့်၎င်း ဉာဏ်လျင်လျားခြင်းအားဖြင့်၎င်း ရဲရင့်ခြင်းအားဖြင့်၎င်း ပညာအားဖြင့်၎င်း ဇမ္ဗူဒိပ်ကျွန်းလုံး၌ မိလိန္ဒမင်းနှင့်တူသောသူ တဦးတယောက်မျှမဖြစ်ပေ၊ ပစ္စည်းဥစ္စာကြွယ်ဝ၏၊ များသောဥစ္စာရှိ၏၊ များသောစည်းစိမ်ရှိ၏၊ များစွာသော စစ်သည် ဗိုလ်ပါ ဆင်ယာဉ်စသည် ရှိ၏။

## ပညာရှိစူးစမ်းခဏ်း

၅။ ထိုအခါ တနေ့သ၌ မိလိန္ဒမင်းသည် များစွာသော စစ်သည် ဗိုလ်ပါ ဆင်ယာဉ် မြင်းယာဉ်စသည့် စစ်အင်္ဂါလေးပါးရှိသော စစ်အင်ကျင်းပပွဲကို ရှုစားတော်မူလိုသဖြင့် သာဂလမြို့မှထွက်တော်မူ၍ မြို့၏ပြင်ပ၌ စစ်အင်ကျင်းပပွဲကို ရှုစားတော်မူ၍ ပြီးဆုံးလတ်သော် စကားပြောဆိုလိုသော ထိုမိလိန္ဒမင်းသည် လောကကို ချဲ့ထွင်တတ်သူ ပညာရှိတို့၏ စိတ်နှလုံးကို တုန်လှုပ်စေတတ်သော သူတို့နှင့် ဆွေးနွေးပြောဆိုမှု၌ စိတ်အား ထက်သန်သည်ဖြစ်ရကား ရဲရဲ ရင့်ရင့် တင့်တယ်စမွယ်လျက် နေကို မော့ကြည့်ပြီးလျှင် အမတ်တို့ကို ပြောဆိုတိုင်ပင်တော်မူ၏ "အချင်းအမတ်တို့ အချိန်များစွာ ကျန်ရှိသေး၏၊ အဘယ်ကို ပြုလုပ်ရကုန်အံ့နည်း၊ ယခုပင်လျှင် မြို့တွင်းသို့ဝင်၍ တပည့်သံဃာရှိသော ဂိုဏ်းရှိသော ဂိုဏ်းဆရာဖြစ်သော ပူဇော်အထူးကို ခံထိုက်၍ သမ္မာသမ္ဗုဒ္ဓဟူ၍ပင် ဝန်ခံသော သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ တစုံတယောက်သော ပညာရှိသူသည် ရှိသည်ဖြစ်ရာ၏၊ အကြင်ပညာရှိသည် ငါနှင့်အတူတကွ ပြောဆိုတိုင်ပင်ခြင်းငှါ ငါ၏ ယုံမှား 'ကခ်ါ'ကို ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်၏၊ ထိုပညာရှိထံသို့ ချဉ်းကပ်၍ အမေး ပုစ္ဆာပြဿနာကို မေးမြန်းကုန်အံ့၊ ယုံမှား'ကခ်ါ'ကို ပယ်ဖျောက်ကုန်အံ့"ဟု (ပြောဆို တိုင်ပင်တော်မူ၏)။

ဤသို့ ပြောဆိုလတ်သော် ငါးရာသော ယောနကအမတ်တို့သည် မိလိန္ဒမင်းအား ဤသို့သော စကားကို လျှောက်ထားကြကုန်၏ "မင်းမြတ် ပူရဏကဿပ မက္ခလိဂေါသာလ နိဂဏ္ဌနာဋပုတ္တ သဉ္စယဗေလဋ္ဌပုတ္တ အဇိတကေသကမ္ဗလ ပကုဓကစ္စာယနဟု ခြောက်ဦးသော ဂိုဏ်းဆရာကြီးတို့သည် [၄] ရှိကြပါကုန်၏၊ ထိုသူတို့သည် တပည့်အပေါင်းနှင့် ပြည့်စုံကုန်၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံကုန်၏၊ ဂိုဏ်းဆရာတို့လည်း ဖြစ်ကုန်၏၊ တင်ရှားကြပါကုန်၏၊ ကျော်စောကြပါကုန်၏၊ အယူဝါဒတီထွင်သူတို့ ဖြစ်ကြပါကုန်၏၊ လူအများက သူတော်ကောင်းဟု သမုတ်ထားသူတို့ ဖြစ်ကြပါကုန်၏၊ မင်းမြတ် အရှင်မင်းမြတ်သည် ကြွချီတော်မူပါ၊ ထိုဂိုဏ်းဆရာကြီးတို့အား အမေးပုစ္ဆာပြဿနာကို မေးမြန်းတော်မူပါ၊ ယုံမှား 'ကခ်ါ' ကို ပယ်ဖျောက်တော်မူပါ"ဟု (လျှောက်ထားကြကုန်၏)။

---

ပညာသင်ယူစဉ် သင်ယူရသော ပညာရပ်တို့တွင် ဤဟေတုဝိဇ္ဇာခေါ် တက္ကဗေဒ ပညာရပ် တရပ်လည်း ပါဝင်ကြောင်းနှင့် ၎င်း၏မှတ်တမ်းတွင် ပါရှိသည်။

၁-ဂါထာမန္တန် သရဇ္ဈာယ်နည်း, ယင်ပူဇော်နည်း စသည်များ။

၂-စစ်နှင့်ဆိုင်သော အတတ်ကို ပြသောကျမ်း။

၃-ဝေဒဆိုင်ရာ ဂါထာကျမ်းနှင့် ကဗျာလင်္ကာအစီအကုံးဆိုင်ရာ ကျမ်းများ။

၄-ဘုရားလက်ထက်ကရှိသော ဂိုဏ်းဆရာကြီး ခြောက်ဦးတို့၏ အဆက်အနွယ်များ ဖြစ်ကြသည်။

http://www.dhammadownload.com



## ပူရဏကဿပသို့ မေးမြန်းခဏ်း

၆။ ထိုအခါ မိလိန္ဒမင်းသည် ယောနကအမတ်ငါးရာ ခြံရံလျက် ကောင်းသော မြင်းယာဉ်ကသော ရထားမြတ်ကို တက်စီး၍ ပူရဏကဿပထံသို့ ချဉ်းကပ်လေ၏၊ ချဉ်းကပ်ပြီးသော် ပူရဏကဿပနှင့် အတူတကွ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ အသက်ထက်ဆုံး အောက်မေ့အပ်သော နှစ်သက်ဝမ်းမြောက်ဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်လျောက်ပတ်သော နေရာအရပ်၌ ထိုင်နေပြီးသော် "အသျှင်ကဿပ အဘယ်သည် လောကကို စောင့်ရှောက်ပါသနည်း"ဟု မေးမြန်းပြောဆို၏၊ မင်းမြတ် မြေကြီးသည် လောကကို စောင့်ရှောက်ပါ၏ဟု ဖြေဆို၏၊ အသျှင်ကဿပ မြေကြီးသည် လောကကို စောင့်ရှောက်သည်ဖြစ်ခဲ့မူ အဝီစိငရဲကြီးသို့ ကျရောက်သော သတ္တဝါတို့သည် မြေကြီးကို ကျော်လွန်၍ အဘယ့်ကြောင့် ကျရောက်ရပါကုန်သနည်းဟု မေးမြန်းပြောဆိုပြန်၏၊ ဤသို့မေးမြန်း ပြောဆိုလတ်သော် ပူရဏကဿပသည် မထွေးနိုင် မမျိုနိုင်၊ မျက်နှာအောက်ချကာ ဦးခေါင်းငိုက်ဆိုက် တိတ်ဆိတ်စွာ ကြံမှိုင်လျက်နေလေ၏။

## မက္ခလိဂေါသာလသို့ မေးမြန်းခဏ်း

၇။ ထိုသို့ မေးမြန်းပြီးနောက် မိလိန္ဒမင်းသည် မက္ခလိဂေါသာလကို "အသျှင်ဂေါသာလ ကုသိုလ်ကံ အကုသိုလ်ကံတို့သည် ရှိပါကုန်သလော၊ ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိပါသလော"ဟု မေးမြန်းပြောဆို၏။ မင်းမြတ် ကုသိုလ်ကံ အကုသိုလ်ကံတို့သည် မရှိပါကုန်၊ ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိပါ၊ မင်းမြတ် ဤလောက၌(ရှိသော)မင်းမျိုးတို့သည် တပါးသော လောကသို့ ပြောင်းသွားကုန်သော်လည်း တဖန်မင်းမျိုးတို့သာ ဖြစ်ကြရပါကုန်လတ္တံ့၊ ပုဏ္ဏား ကုန်သည် သူဆင်းရဲ ဒွန်းစဏ္ဍား ပန်းမှိုက်သွန်မျိုးတို့သည် တပါးသော လောကသို့ ပြောင်းသွားကုန်သော်လည်း တဖန် ပုဏ္ဏား ကုန်သည် သူဆင်းရဲ ဒွန်းစဏ္ဍား ပန်းမှိုက်သွန် မျိုးတို့သာ ဖြစ်ကြရပါကုန်လတ္တံ့၊ ကုသိုလ်ကံ အကုသိုလ်ကံတို့ဖြင့် အဘယ်အကျိုးရှိပါအံ့နည်းဟု ဖြေဆို၏။ အသျှင်ဂေါသာလ ဤလောက၌ (ရှိသော) မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲ ဒွန်းစဏ္ဍား ပန်းမှိုက်သွန်မျိုးတို့သည် တပါးသော လောကသို့ ပြောင်းသွားကုန်သော်လည်း တဖန် မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲ ဒွန်းစဏ္ဍား ပန်းမှိုက်သွန်မျိုးတို့သာ အကယ်၍ဖြစ်ကြရကုန်မူ ကုသိုလ်ကံ အကုသိုလ်ကံတို့ဖြင့် ပြုလုပ်ဖွယ်သည် အကယ်၍ မရှိခဲ့မူ အသျှင်ဂေါသာလ ဤလောက၌ ရှိသော လက်ပြတ်သူတို့သည် တပါးသော လောကသို့ ပြောင်းသွားကုန်သော်လည်း တဖန် လက်ပြတ်သူတို့ပင် ဖြစ်ရကုန်လိမ့်တကား၊ ခြေပြတ်သော သူတို့သည် ထိုခြေပြတ်သောသူတို့သာ ဖြစ်ရကုန်လိမ့်တကား၊ လက်ခြေပြတ်သော သူတို့သည် လက်ခြေပြတ်သောသူတို့သာ ဖြစ်ရကုန်လိမ့်တကား၊ နားပြတ်သော သူတို့သည် နားပြတ်သော သူတို့သာ ဖြစ်ရကုန်လိမ့်တကား၊ နှာခေါင်းပြတ်သောသူတို့သည် နှာခေါင်းပြတ်သောသူတို့သာ ဖြစ်ရကုန်လိမ့်တကား၊ နားနှာခေါင်းပြတ်သော သူတို့သည် နားနှာခေါင်းပြတ်သော သူတို့သာ ဖြစ်ရကုန်လိမ့်တကားဟု ဤသို့ ပြောဆိုသည်ရှိသော် ဂေါသာလသည် စကားမပြော တိတ်ဆိတ်၍နေ၏။

ထိုအခါ၌ မိလိန္ဒမင်းအား ဤသို့သော တွေးတောမှု ဖြစ်လေ၏ "အချင်းတို့ ဇမ္ဗူဒိပ်ကျွန်းသည် အချည်းနှီးဖြစ်လေစွ၊ အချင်းတို့ ဇမ္ဗူဒိပ်ကျွန်းသည် အဖျင်းအတိ ဖြစ်လေစွ၊ ငါနှင့်

http://www.dhammadownload.com



ဖက်ပြိုင်ပြောဆိုခြင်းငှါ ငါ၏ယုံမှား 'ကခ်ါ'ကို ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်သည့် တစုံတယောက်သော သမဏသော်၎င်း ဗြာဟ္မဏသော်၎င်း မရှိတော့ချေ"ဟု တွေးတောမှု ဖြစ်လေ၏။

ထို့နောက် မိလိန္ဒမင်းသည် အမတ်တို့ကို ပြောဆို မေးမြန်းတော်မူ၏ "အချင်းတို့ ညဉ့်သည် အပြစ်ကင်း၍ မွေ့လျော်ဖွယ်ရှိစွတကား၊ ယခုအခါကာလ၌ အဘယ်သမဏ ဗြာဟ္မဏသို့ အမေးပုစ္ဆာပြဿနာ မေးရန် ဆည်းကပ်ရပါအံ့နည်း၊ အဘယ် သမဏဗြာဟ္မဏသည် ငါနှင့်ဖက်ပြိုင် ပြောဆိုခြင်းငှါ ငါ၏ယုံမှား 'ကခ်ါ'ကို ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်မည်နည်း"ဟု (ပြောဆိုမေးမြန်းတော်မူ၏)။ ဤသို့ မေးမြန်းလတ်သော် အမတ်တို့သည် ဆိတ်ဆိတ်ဖြစ်ကုန်၍ မိလိန္ဒမင်း၏ မျက်နှာကို မော့ကြည့်ကုန်လျက် ရပ်တည်နေကြကုန်၏။

ထိုအခါ သာဂလမြို့သည် တဆယ့်နှစ်နှစ်တို့တိုင်တိုင် သမဏပညာရှိ ဗြာဟ္မဏပညာရှိ ဂဟပတိပညာရှိတို့မှ ဆိတ်သုဉ်း၏၊ အကြင်အရပ်၌ သမဏပညာရှိ ဗြာဟ္မဏပညာရှိ ဂဟပတိပညာရှိတို့သည် နေကြကုန်၏ဟု သတင်းကြား၏၊ ထိုအရပ်သို့ သွားရောက်၍ မိလိန္ဒမင်းသည် ထိုပညာရှိတို့ကို ပြဿနာမေး၏၊ ထိုပညာရှိအားလုံးတို့သည်လည်း ပြဿနာကို ဖြေဆိုခြင်းဖြင့် မိလိန္ဒမင်းကို နှစ်ခြိုက်စေခြင်းငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ ထိုထိုအရပ်မျက်နှာသို့ ဖဲသွားကြရကုန်၏၊ အကြင်ပညာရှိတို့သည် သာဂလပြည်မှ တပါးသော အရပ်သို့ မသွားကုန်၊ ထိုပညာရှိအားလုံးတို့သည် တိတ်ဆိတ်စွာ နေကြရကုန်၏၊ ရဟန်းတို့ကား များသောအားဖြင့် ဟိမဝန္တာသို့သာ ကြွသွားကြကုန်၏။

## နာဂသေနနတ်သားကို တောင်းပန်ခဏ်း

၇။ ထိုသို့ သာဂလပြည်ဝယ် ပညာရှိ ဆိတ်သုဉ်းသောအခါ၌ များးစွာကုန်သော ရဟန္တာတို့သည် ဟိမဝန္တာတောင် ရက္ခိတမည်သော ကုန်းပြင်၌ (သီတင်းသုံး) နေထိုင်ကြကုန်၏။ ထိုအခါ အသျှင်အဿဂုတ္တမထေရ်သည် ဒိဗ္ဗသောတအဘိညာဏ်ဖြင့် မိလိန္ဒမင်း၏ ညည်းတွားသော စကားကို ကြားရ၍ ယုဂန္ဓိုရ်တောင်ထိပ်၌ ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် "ငါ့သျှင်တို့ မိလိန္ဒမင်းနှင့် ဖက်ပြိုင် ပြောဆိုခြင်းငှါ မိလိန္ဒမင်း၏ ယုံမှား'ကခ်ါ'ကို ပယ်ဖျောက်ခြင်းငှါ စွမ်းဆောင်နိုင်သော တစုံတဦးသော ရဟန်းရှိသလော"ဟု ရဟန်းတို့ကို မေးတော်မူ၏။

ဤသို့ မေးတော်မူသော် များးစွာကုန်သော ရဟန္တာတို့သည် ဆိတ်ဆိတ်နေကြကုန်၏၊ နှစ်ကြိမ်သုံးကြိမ် မေးမြန်းအပ်ကုန်သော်လည်း ဆိတ်ဆိတ်ပင် နေကြကုန်၏၊ထိုအခါ အသျှင်အဿဂုတ္တသည် ရဟန်းသံဃာအား "ငါ့သျှင်တို့ တာဝတိံသာနတ်ဘုံ သိကြားနတ်မင်း၏ ဗိမာန် ဝေဇယန္တာပြာသာဒ်၏ အရှေ့မျက်နှာ အရပ်၌ ကေတုမတီမည်သော ဗိမာန်သည် ရှိ၏၊ ထို ကေတုမတီဗိမာန်၌ မဟာသေနမည်သော နတ်သားသည် နေ၏၊ ထို မဟာသေနနတ်သားသည် ထို မိလိန္ဒမင်းနှင့် ဖက်ပြိုင်ပြောဆိုခြင်းငှါ မိလိန္ဒမင်း၏ ယုံမှား 'ကခ်ါ'ကို ပယ်ဖျောက်ခြင်းငှါ စွမ်းဆောင်နိုင်၏"ဟု ပြောကြားတော်မူ၏။

ထို့နောက် များးစွာကုန်သော ရဟန္တာတို့သည် ယုဂန္ဓိုရ်တောင်ထိပ်မှ ကွယ်ခဲ့ကုန်၍ တာဝတိံသာနတ်ပြည်၌ ထင်ရှားဖြစ်ကုန်၏၊ နတ်တို့အရှင် သိကြားမင်းသည် ကြွလာသော ရဟန်းတို့ကို အဝေးမှပင် မြင်၍ အသျှင်အဿဂုတ္တရှိရာ အရပ်သို့ ချဉ်းကပ်ပြီးသော် အသျှင်အဿဂုတ္တကို ရှိခိုး၍ သင့်လျော်သော နေရာ၌ ရပ်၏၊ သင့်လျော်သောနေရာ၌ ရပ်ပြီးသော် နတ်တို့အရှင်

http://www.dhammadownload.com



သိကြားမင်းသည် အသျှင်အဿဂုတ္တအား "အသျှင်ဘုရား များစွာပြားလှစွာသော ရဟန်းသံဃာသည် ကြွရောက်တော်မူလာ၏၊ အကျွန်ုပ်သည် သံဃာတော်၏ အရံစောင့် ဖြစ်ပါ၏၊ အဘယ်ဝတ္တုဖြင့် အလိုရှိပါသနည်း၊ အကျွန်ုပ်သည် အဘယ်ကို ပြုရပါအံ့နည်း"ဟု (လျှောက်၏)။

ထိုအခါ အသျှင်အဿဂုတ္တသည် နတ်တို့အရှင် သိကြားမင်းအား "မင်းမြတ် ဇမ္ဗူဒိပ်ကျွန်း သာဂလပြည်၌ မိလိန္ဒအမည်ရှိသော ဤမင်းသည် ပညာရှိတို့ စိတ်နှလုံးကို တုန်လှုပ်အောင် ပြောဆိုတတ်၏၊ သူတပါးတို့က ညှဉ်းဆဲနိုင်ခဲ၏၊ သူတပါးတို့က နှိပ်နင်းခြင်းငှါ ခက်ခဲ၏၊ များစွာသော အယူကို တီထွင်သူတို့တွင် အထွတ်အမြတ်ဟု ဆိုထိုက်၏၊ ထိုမိလိန္ဒမင်းသည် ရဟန်းသံဃာကို ဆည်းကပ်၍ အယူဝါဒကို ပြောဆိုသဖြင့် အမေးပုစ္ဆာပြဿနာကို မေးလျက် ရဟန်းသံဃာကို ညှဉ်းဆဲနှိပ်စက်နေပါ၏"ဟု (ဆို၏)။

ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် အသျှင်အဿဂုတ္တအား "အသျှင်ဘုရား ဤမိလိန္ဒမင်းသည် ဤ(တာဝတိံသာ)နတ်ပြည်မှ စုတေ၍ လူ့ပြည်၌ ဖြစ်ပါ၏၊ အသျှင်ဘုရား ကေတုမတီအမည်ရှိသော ဗိမာန်၌ မဟာသေနအမည်ရှိသော ဤနတ်သားသည် နေပါ၏၊ ထိုမဟာသေန နတ်သားသည် ထိုမိလိန္ဒမင်းနှင့် ဖက်ပြိုင် ပြောဆိုခြင်းငှါ ယုံမှား'ကင်္ခါ'ကို ပယ်ဖျောက်ခြင်းငှါ စွမ်းဆောင်နိုင်ပါ၏၊ ထိုနတ်သားကို လူ့ပြည်၌ ဖြစ်ရန် တောင်းပန်ကြပါကုန်စို့"ဟု လျှောက်၏။

ထို့နောက် နတ်တို့အရှင် သိကြားမင်းသည် ရဟန်းသံဃာကို ရှေ့သွားပြု၍ ကေတုမတီဗိမာန်သို့ ဝင်ပြီးလျှင် မဟာသေနနတ်သားကို လည်ဖက်လျက် "အဆွေမဟာသေနနတ်သားသင့်ကို ရဟန်းသံဃာသည် လူ့ပြည်၌ဖြစ်ရန် တိုက်တွန်းပါ၏"ဟု ပြောဆို၏။ "အရှင်သိကြားမင်း အမှုကိစ္စများလှသော လူ့ပြည်လောကဖြင့် အကျွန်ုပ် အလိုမရှိပါ၊ လူ့ပြည်လောကသည် (လောဘစသည်)ထက်သန်လှချေ၏၊ အရှင်သိကြားမင်း အကျွန်ုပ်သည် ဤနတ်ပြည်လောက၌ပင် အဆင့်ဆင့်ဖြစ်ပြီးလျှင် ပရိနိဗ္ဗာန် ပြုလိုပါ၏"ဟု ပြောဆို၏၊ နတ်တို့အရှင် သိကြားမင်းသည် နှစ်ကြိမ် သုံးကြိမ်တောင်းပန်အပ်သော် မဟာသေနနတ်သားသည် "အရှင်သိကြားမင်း အမှုကိစ္စများလှသော လူ့ပြည်လောကဖြင့် အကျွန်ုပ် အလိုမရှိပါ၊ လူ့ပြည်လောကသည် (လောဘစသည်) ထက်သန်လှချေ၏၊ အရှင်သိကြားမင်း အကျွန်ုပ်သည် ဤနတ်ပြည်လောက၌ပင် အဆင့်ဆင့်ဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုလိုပါ၏"ဟု ပြောဆို၏။

ထိုသို့ သုံးကြိမ်တိုင် ငြင်းပယ်သောအခါ အသျှင်အဿဂုတ္တသည် မဟာသေနနတ်သားအား "သူတော်ကောင်းနတ်သား နတ်နှင့်တကွသော လောကကို အစဉ်လျှောက်၍ ကြည့်ကုန်သော် သင်နတ်သားမှတပါး မိလိန္ဒမင်း၏ အယူဝါဒကို နှိပ်နင်းဖျက်ဆီး၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ စွမ်းနိုင်မည့်သူ တစုံတယောက်ကိုမျှ ငါတို့ မမြင်မိကုန်၊ သူတော်ကောင်းနတ်သား ရဟန်းသံဃာသည် သင်နတ်သားကို တိုက်တွန်း တောင်းပန်ပါ၏၊ သူတော်ကောင်းနတ်သား တောင်းပန်ပါ၏၊ လူ့ပြည်လောက၌ ဖြစ်၍ မြတ်စွာဘုရား၏ သာသနာတော်ကို ထောက်ပံ့ချီးမြှင့်ပါလော့"ဟု တိုက်တွန်းပြောဆို၏။ ဤသို့ ပြောဆိုလတ်သော် မဟာသေနနတ်သားသည် "ငါကား မိလိန္ဒမင်း၏ အယူဝါဒကို ဖျက်ဆီး၍ မြတ်စွာဘုရား သာသနာတော်ကို ချီးမြှောက်ခြင်းငှါ စွမ်းဆောင်နိုင်သူ ဖြစ်သတတ်"ဟု အလွန်ရွှင်ပျ ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ "အသျှင်ဘုရားတို့ ကောင်းလှပါပြီ အကျွန်ုပ်သည် လူ့ပြည်လောက၌ ဖြစ်ပါတော့အံ့"ဟု ဝန်ခံ၏။

http://www.dhammadownload.com



## အသျှင်ရောဟဏကို ဒဏ်ပေးခန်း

၉။ ထိုအခါ ထိုရဟန်းတို့သည် နတ်ပြည်၌ ထိုကိစ္စကို ပြီးဆုံးစေ၍ တာဝတိံသာနတ်ပြည်တို့မှ ကွယ်ခဲ့ကုန်ပြီးလျှင် ဟိမဝန္တာတောင် ရက္ခိတကုန်းပြင်၌ ထင်ရှားဖြစ်ကုန်၏။

ထိုအခါ အသျှင်အဿဂုတ္တမထေရ်သည် ရဟန်းသံဃာအား "ငါ့သျှင်တို့ ဤရဟန်းသံဃာ၌ အစည်းအဝေးသို့ မလာသော ရဟန်းတဦးတယောက် ရှိပါသလော"ဟု ပြောဆို၏။ ဤသို့ ဆိုသည်ရှိသော် ရဟန်းတပါးက အသျှင်အဿဂုတ္တအား "အသျှင်ဘုရား ရှိပါ၏၊ အသျှင်ရောဟဏသည် ဤနေ့မှ ခုနစ်ရက်က ဟိမဝန္တာတောင်သို့ ဝင်၍ နိရောဓသမာပတ်ကို ဝင်စားနေထိုင်ပါ၏၊ ထိုရဟန်း၏ အထံသို့ တမန်စေလွှတ်တော်မူပါကုန်လော့"ဟု လျှောက်၏။ အသျှင်ရောဟဏသည်လည်း ထိုခဏ၌ပင် နိရောဓသမာပတ်မှ ထ၍ "သံဃာသည် ငါ့ကို မြော်လင့်တော်တ၏"ဟု ဟိမဝန္တာတောင်မှ ကွယ်ခဲ့ပြီးလျှင် ရက္ခိတကုန်းပြင်၌ သိတင်းသုံး နေကြသော များစွာသော ရဟန္တာတို့၏ ရှေ့၌ ထင်ရှားဖြစ်ပေါ်၏။

ထိုအခါ အသျှင်အဿဂုတ္တသည် အသျှင်ရောဟဏအား "ငါ့သျှင်ရောဟဏ မြတ်စွာဘုရားသာသနာတော် ပျက်စီးသည်ရှိသော် သံဃာ ပြုရမည့် ကိစ္စတို့ကို မမြင်သလော"ဟု ပြောဆို၏။ အသျှင်ဘုရား အကျွန်ုပ် နှလုံးမသွင်းခဲ့မိပါဟု လျှောက်ထား၏။

ယင်းသို့ နှလုံးမသွင်းမိခဲ့မှု ဒဏ်ထမ်းခြင်းအမှုကို ပြုလော့ဟု မိန့်တော်မူ၏။ အသျှင်ဘုရား အဘယ်အမှုကို ပြုရပါအံ့နည်းဟု လျှောက်ထား၏။ "ငါ့သျှင်ရောဟဏ ဟိမဝန္တာတောင်ခြေရင်း၌ ဂဇင်္ဂလအမည်ရှိသော ပုဏ္ဏားရွာသည် ရှိ၏၊ ထိုပုဏ္ဏားရွာ၌ သောဏုတ္တရအမည်ရှိသော ပုဏ္ဏားသည် နေ၏၊ ထိုပုဏ္ဏားအား နာဂသေနအမည်ရှိသော သားသူငယ်သည် ဖြစ်ပေါ်မွေးဖွားလတ္တံ့၊ ငါ့သျှင်ရောဟဏ ထိုသို့ မွေးဖွားမည်ဖြစ်သောကြောင့် သင်သည် ခုနစ်နှစ် ဆယ်လတို့ပတ်လုံး ထိုပုဏ္ဏားအိမ်သို့ ဆွမ်းခံဝင်၍ နာဂသေနအမည်ရှိသော သူငယ်ကို လူ့ဘောင်မှ ထုတ်နုတ်လျက် ရှင်သာမဏေပြုစေလော့၊ ထိုနာဂသေန ရှင်သာမဏေပြုပြီးမှသာ သင်သည် ဒဏ်ထမ်းသော အမှုမှ လွတ်လတ္တံ့"ဟု မိန့်တော်မူ၏။ အသျှင်ရောဟဏသည်လည်း "ကောင်းပါပြီ"ဟု ဝန်ခံလေ၏။

## နာဂသေနသူငယ် ဖွားမြင်ခန်း

၁၀။ မဟာသေနနတ်သားသည်လည်း နတ်ပြည်မှ စုတေ၍ရွေ့လျောခဲ့၍ သောဏုတ္တရပုဏ္ဏား၏ စင်ပွန်းမဝမ်း၌ ပဋိသန္ဓေကို ယူ၏၊ ပဋိသန္ဓေယူသည်နှင့် တပြိုင်နက် လက်နက်ဘဏ္ဍာတို့သည် ထွန်းတောက်ပကုန်၏၊ မြတ်သော ကောက်စပါးသည် ပြည့်စုံ၏၊ မိုးကြီး သည်းထန်စွာ ရွာသွန်း၏၊ ဤသို့ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ထူးကဲသော ဖြစ်ပေါ်ခြင်း သဘောသုံးမျိုးတို့သည် ထင်ရှားဖြစ်ကုန်၏။

အသျှင်ရောဟဏသည်လည်း ထိုနာဂသေနသူငယ် ပဋိသန္ဓေယူသော နေ့မှစ၍ ခုနစ်နှစ် ဆယ်လတို့ပတ်လုံး ထိုပုဏ္ဏားအိမ်သို့ ဆွမ်းခံဝင်သော်လည်း တယောက်မျှလောက်သော ဆွမ်းကိုသော်ရင်း တယောက်ချိုမျှလောက်သော ယာဂုကိုသော်ရင်း ရှိခိုးခြင်းကိုသော်ရင်း လက်အုပ်ချီခြင်းကိုသော်ရင်း အရိုအသေပြုခြင်းကိုသော်ရင်း တနေ့မျှပင် မရခဲ့ချေ၊ ဆဲရေးခြင်း ကြိမ်းမောင်းခြင်းကိုသာလျှင် ရလေ၏၊ "အသျှင် ကန်တော့ပါသေး၏"ဟူသော စကားမျှကိုလည်း

http://www.dhammadownload.com



ပြောဆိုသူမည်သည် မရှိခဲ့စဘူး၊ ခုနစ်နှစ်ဆယ်လတို့ လွန်သဖြင့် တနေ့သ၌ "အသျှင် ကန်တော့ပါသေး၏" ဟူသော စကားမျှကို ရလေ၏၊ ထိုနေ့၌ပင်လျှင် သောဏုတ္တရပုဏ္ဏားသည်လည်း အပြင်ပ အလုပ်လုပ်ရာမှ လာသည်ရှိသော် ရောဟဏမထေရ်ကို ခရီးရင်ဆိုင်မြင်၍ "ရဟန်း ငါတို့၏ အိမ်သို့ ရောက်ခဲ့ပါ၏လော" ဟု မေး၏၊ ပုဏ္ဏား ရောက်ခဲ့ပါကုန်၏၊ တစုံတခုမျှကို ရခဲ့ပါ၏လောဟု မေး၏၊ ပုဏ္ဏား ရခဲ့ပါကုန်၏ ဟု (ဖြေ၏)၊ ထိုပုဏ္ဏားသည် နှလုံးမသာပဲ အိမ်သို့ သွား၍ "ထိုရဟန်းအား တစုံတခုကို ပေးမိသလော" ဟု မေး၏။ တစုံတခုကိုမျှ မပေးပါကုန်ဟု ပြောကြားကုန်၏၊ ပုဏ္ဏားသည် ဒုတိယနေ့၌ "ယနေ့ ရဟန်းကို မုသာဝါဒဖြင့် နှိပ်အံ့" ဟု အိမ်တံခါး၌သာလျှင် ထိုင်နေ၏၊ ရောဟဏမထေရ်သည် ဒုတိယနေ့၌ ပုဏ္ဏား၏ အိမ်တံခါးသို့ ကြွရောက်၏။

ပုဏ္ဏားသည် မထေရ်ကို မြင်လျှင် မြင်ခြင်းပင်လျှင် "သင်တို့သည် ယမန်နေ့က ငါတို့၏ အိမ်၌ တစုံတရာကိုမျှ မရပဲလျက်သာလျှင် 'ရကုန်၏' ဟု ဆိုကုန်၏၊ သင်ရဟန်းတို့အား မဟုတ်မမှန် ပြောဆိုခြင်းသည် အပ်သလော" ဟု ပြောဆို၏။ ရောဟဏ မထေရ်က ပုဏ္ဏား "ငါတို့သည် သင်တို့ အိမ်၌ ခုနစ်နှစ်ဆယ်လတို့ပတ်လုံး 'ကန်တော့ပါသေး၏' ဟူသော စကားကိုမျှလည်း မရစဘူး၊ ယမန်နေ့က 'အသျှင် ကန်တော့ပါသေး၏' ဟူသော စကားမျှကို ရခဲ့ကုန်၏၊ ထိုသို့ ရသောကြောင့် ထိုပဋိသန္ထာရ စကားတခွန်းကို အကြောင်းပြု၍ ဤသို့ရခဲ့ကုန်၏ ဟူသော စကားကို ငါတို့ ဆိုကုန်၏" ဟု ပြောဆို၏။

ပုဏ္ဏားသည် "ဤရဟန်းတို့ကား ပဋိသန္ထာရစကားကို ရရုံမျှလည်း လူတို့၏အလယ်၌ 'ရကုန်၏' ဟု ချီးမွမ်းကြကုန်သေး၏၊ တပါးသော တစုံတခုသော ခဲဖွယ်ကိုရင်း စားဖွယ်ကိုရင်း ရသည် ရှိသော် အဘယ့်ကြောင့် မချီးမွမ်းပဲ ရှိကုန်အံ့နည်း" ဟု ကြံစည်ကြည်ညို၍ မိမိအလို့ငှါ စီရင်အပ်သော ထမင်းမှ တဇွန်းသော ဆွမ်းကိုရင်း ထိုဆွမ်းအား လျော်သော ဟင်းကိုရင်း ပေးလှူစေ၍ "ဤမျှသော ဆွမ်းကို အခါခပ်သိမ်း အသျှင်ဘုရားတို့ ရကုန်လတ္တံ့" ဟု ပြောဆို၏။

ထိုပုဏ္ဏားသည် နောက်တနေ့မှစ၍ ချဉ်းကပ်လာသော မထေရ်၏ ငြိမ်သက်သော ဣန္ဒြေကို မြင်ရ၍အတိုင်းထက် အလွန် ကြည်ညိုပြီးလျှင် မထေရ်ကို အခါခပ်သိမ်း မိမိအိမ်၌ ဆွမ်းအမြဲ ဘုဉ်းပေးရန် တောင်းပန်၏။ မထေရ်သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံ၍ နေ့တိုင်း နေ့တိုင်း ဆွမ်းစားခြင်းကိစ္စကိုပြုလျက် ကြွသွားသည်ရှိသော် အနည်းငယ် အနည်းငယ်သော ဘုရားစကားကို ဟောပြောပြီးမှ ကြွသွားလေ၏။ ထိုပုဏ္ဏေးမသည်လည်း ဆယ်လလွန်သဖြင့် သားကို ဖွားမြင်လေ၏၊ ထိုသူငယ်အား "နာဂသေန" ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုနာဂသေနသူငယ်သည် အစဉ်သဖြင့် ကြီးပွါးလတ်၍ ခုနစ်နှစ်သားရှိလာ၏။

## နာဂသေန ပညာသင်ခန်း

၁၁။ ထိုအခါ နာဂသေနသူငယ်၏ ဖခင်ပုဏ္ဏားသည် နာဂသေနသူငယ်အား "ချစ်သား ဒနာဂသေန ဤ ငါတို့ ပုဏ္ဏားမျိုး၌ သင်ကြားအပ်သော အတတ်ပညာတို့ကို သင်ကြားပါလော့" ဟုပြောဆို၏။ ဖခင် ဤပုဏ္ဏားမျိုး၌ သင်ကြားအပ်သော အတတ်ပညာတို့ မည်သည် အဘယ် ပါနည်းဟု မေး၏။ ချစ်သားနာဂသေန ဗေဒင်သုံးပုံတို့သည် သင်ကြားအပ်သော အတတ်ပညာ မည်ကုန်၏၊ ဗေဒင်သုံးပုံမှ ကြွင်းသော အတတ်ပညာတို့သည် သိပ္ပမည်၏ဟု ပြောဆို၏။ ဖခင် သို့ဖြစ်လျှင် သင်ကြားပါအံ့ဟု ဝန်ခံ၏။

http://www.dhammadownload.com



ယင်းသို့ နာဂသေန ဝန်ခံသောအခါ၌ သောဏုတ္တရပုဏ္ဏားသည် ဆရာပုဏ္ဏားအား အသပြာ တထောင်ကို ဆရာစားပေး၍ ပြာသာဒ်အတွင်း တိုက်ခန်းတခုဝယ် တဖက်မှ ညောင်စောင်းကို ခင်းထားစေ၍ ဆရာပုဏ္ဏားအား "ဆရာပုဏ္ဏား သင်သည် ဤနာဂသေနသူငယ်အား ဗေဒင်တို့ကို ရွတ်ဖတ် သင်ကြားပါစေလော့"ဟု ပြောကြား၏။ ချစ်သား သို့ဖြစ်လျှင် ဗေဒင်သုံးပုံတို့ကို သင်ယူလော့ဟု ဆို၍ ဆရာပုဏ္ဏားသည် ချပို့သရဇ္ဈာယ်၏။ နာဂသေနသတို့သားအား တကြိမ်ရွတ်ဆို သင်ယူကာမျှဖြင့်ပင်လျှင် ဗေဒင်သုံးပုံတို့သည် နှလုံးသို့ သက်ဝင်ကုန်၍ နှုတ်တက်ကုန်ပြီ ကောင်းစွာ ဆောင်မိကုန်ပြီ ကောင်းစွာ ပိုင်းခြား မှတ်သားမိကုန်ပြီ ကောင်းစွာ နှလုံးသွင်းထားမိကုန်ပြီ တကြိမ်သင်ကာမျှဖြင့်ပင် ဗေဒင်သုံးပုံ (အဘိဓာန်) နိဃဏ္ဍုကျမ်း (အလင်္ကာ) ကေဋုဘကျမ်း (သဒ္ဒါ) အက္ခရပ္ပဘေဒ ကျမ်းနှင့်တကွ ငါးခုမြောက် ဣတိဟာသကျမ်းတို့၌ ပညာမျက်စိ ထင်ရှားဖြစ်ပြီ ပဒကျမ်းကို တတ်မြောက်၏၊ ဗျာကရဏ်းကျမ်းကို တတ်မြောက်၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့တတ်မြောက်၏။

ထိုအခါ နာဂသေနသူငယ်သည် ဖခင်အား "ဖခင် ဤပုဏ္ဏားမျိုး၌ ဤဗေဒင်သုံးပုံစသည်ထက် အပိုအလွန်လည်း သင်ကြားဖွယ်တို့ ရှိပါကုန်သေးသလော၊ သို့မဟုတ် ဤမျှတို့သာလော"ဟု ပြောဆို၏။ ချစ်သားနာဂသေန ဤပုဏ္ဏားမျိုး၌ ဤဗေဒင်သုံးပုံ စသည်ထက် အပိုအလွန် သင်ကြားဖွယ်တို့ မရှိကုန်၊ ဤဗေဒင်သုံးပုံတို့ကိုသာ သင်ကြားအပ်ကုန်၏ဟု ပြန်ကြား ပြောဆို၏။

ထိုအခါ နာဂသေနသတို့သားသည် ဆရာပုဏ္ဏားအား မေးမြန်း စီစစ်ဖွယ်ကို မေးမြန်း စီစစ်ပြီးလျှင် ပြာသာဒ်မှ သက်ဆင်းခဲ့၍ ရှေးအထုံ (ဝါသနာ)သည် တိုက်တွန်း အပ်သော စိတ်ရှိလတ်ရကား ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် တယောက်တည်း ကိန်းအောင်းကာ မိမိ အတတ်၏ အစ အလယ် အဆုံးကို ကြည့်ရှု ဆင်ခြင်သည် ရှိသော် အစ၌ရှင်း အလယ်၌ရှင်း အဆုံး၌ရှင်း အနှစ်သာရ အနည်းငယ်မျှကိုသော်လည်း မမြင်မတွေ့ ရသောကြောင့် "အချင်းတို့ ဤဗေဒင်တို့သည် အချည်းနှီးဖြစ်ကုန်စွတကား၊ အချင်းတို့ ဤဗေဒင်တို့သည် အဖျင်းအတိသာ ဖြစ်ကုန်စွတကား၊ အနှစ်မရှိကုန် အနှစ်ကင်းကုန်၏"ဟု နှလုံးမသာယာ စိတ်မချမ်းမသာ ဖြစ်လေ၏။

## ရောဟဏမထေရ်နှင့် နာဂသေနတွေ့ဆုံခဏ်း

၁၂။ ထိုအခါ အသျှင်ရောဟဏသည် ဝတ္တနိယကျောင်း၌ နေလျက် နာဂသေနသတို့သား၏ စိတ်အကြံကို မိမိ၏ စိတ်ဖြင့် သိ၍ သင်္ကန်းကို ပြင်ဝတ်လျက် သပိတ်သင်္ကန်းကိုယူပြီးလျှင် ဝတ္တနိယကျောင်းမှ ကွယ်ခဲ့၍ ဇင်္ဂလပုဏ္ဏားရွာ၏ ရှေ့မျက်နှာစာအရပ်၌ ထင်ရှား ဖြစ်လေ၏၊ နာဂသေနသတို့သားသည် မိမိ၏ အိမ်တံခါးမုခ်၌ ရပ်တည်နေစဉ် ကြွလာသော အသျှင်ရောဟဏကို အဝေးကပင် မြင်ရသောကြောင့် နှစ်လိုတက်ကြွ အားရရွှင်လန်း ဝမ်းပန်းတသာရှိသည်ဖြစ်၍ "ဤရဟန်းသည် တစုံတခုသော အနှစ်သာရကို သိတန်ကောင်းရာ၏"ဟု ကြံစည်လျက် အသျှင်ရောဟဏထံ ချဉ်းကပ်ပြီးလျှင် အသျှင်ရောဟဏအား "အသျှင် ဤသို့သဘောရှိသော ဦးပြည်းလျက် ဖန်ရည်ဆိုးအဝတ်ကို ဝတ်သော အသျှင်ကား အဘယ် လူမျိုးမည်သနည်း"ဟု လျှောက်၏၊ သူငယ် ငါသည် ရဟန်းမည်သတည်း။ အသျှင် သင်သည် အဘယ့်ကြောင့် ရဟန်းမည်ပါနည်းဟု လျှောက်၏။ သူငယ် ငါသည် ယုတ်ညံ့သော (အကုသိုလ်) အညစ်အကြေးတို့ကို နှင်ထုတ်သောကြောင့် ရဟန်းမည်၏။ အသျှင် သင်၏ ဆံပင်တို့သည် အဘယ့်ကြောင့် တပါးသောသူတို့၏ ဆံပင်တို့ကဲ့သို့

http://www.dhammadownload.com



မဟုတ်ပါသနည်းဟု (လျှောက်၏)။ သူငယ် ဤကြောင့်ကြမှု တဆယ့်ခြောက်ပါးတို့ကို မြင်သော ကြောင့် ဆံမုတ်ဆိတ်ကို ပယ်၍ ရဟန်းပြု၏။

ဆံပင်၌ ကြောင့်ကြခြင်း တဆယ့်ခြောက်ပါးဟူသည် အဘယ်တို့နည်း၊ တန်ဆာဆင်ရခြင်း၌ ကြောင့်ကြမှု ပြေပြစ်ချောမွေ့အောင် ပြုရခြင်း၌ ကြောင့်ကြမှု ဆီလိမ်းရခြင်း၌ ကြောင့်ကြမှု ခေါင်းလျှော်ရခြင်း၌ ကြောင့်ကြမှု ပန်းပန်ဆင်ရခြင်း၌ ကြောင့်ကြမှု အမွှေးအကြိုင်လိမ်းရ ခြင်း၌ ကြောင့်ကြမှု ခေါင်းလျှော်ရန် တရော်ကင်ပွန်းစသည် စိမ်ဆုံရခြင်း၌ ကြောင့်ကြမှု သဖန်းခါးသီး ရှာရခြင်း၌ ကြောင့်ကြမှု သျှစ်သျှားသီးရှာရခြင်း၌ ကြောင့်ကြမှု ဆံပင်နက်အောင် ဆိုးရည်ဆိုးရခြင်း၌ ကြောင့်ကြမှု သျှောင်ထုံးရခြင်း၌ ကြောင့်ကြမှု ဘီးဖြင့် ဖီးရခြင်း၌ ကြောင့်ကြမှု ဆေတ္တာသည်တို့ဖြင့် ပြုပြင်ရခြင်း၌ ကြောင့်ကြမှု ထုံးပြီးသျှောင်ကို ဖြေပြန်ရခြင်း၌ ကြောင့်ကြမှု သန်းရှာရခြင်း၌ ကြောင့်ကြမှု ဆံပင်တို့ ကျွတ်ခဲ့ ပြတ်ခဲ့ကုန်သော် စိုးရိမ်ရကုန်၏၊ ပင်ပန်းရကုန်၏၊ ငိုကြွေး မြည်တမ်းရကုန်၏၊ ရင်ပတ်စည်ဘီး ညည်းတွား မြည်တမ်းရကုန်၏၊ လွန်စွာ တွေဝေခြင်းသို့ ရောက်ရကုန်၏။ သူငယ် ဤကြောင့်ကြမှု တဆယ့်ခြောက်ပါးတို့ဖြင့် ရစ်ပတ် နှောက်ယှက်ကုန်သော လူတို့သည် အလွန်သိမ်မွေ့ နူးညံ့လှကုန်သော အလုံးစုံသော အတတ်ပညာတို့ကို ဖျက်ဆီးကြလေကုန်၏ဟု (အသျှင်ရောဟဏ မိန့်တော်မူ၏)။ အသျှင် သင်၏ အဝတ်တို့သည် အဘယ့်ကြောင့် တပါးသော သူတို့၏ အဝတ်တို့ကဲ့သို့ မဟုတ်ကုန်သနည်း။ သူငယ် အဝတ်ဘို့သည် ကာမဂုဏ်တို့၌သာ မှီကုန်၏၊ လူဘို့၏ အသွင်အပြင် လူဘို့၏ အဝတ်ဘဏ္ဍာ အသုံးအဆောင်တို့သည် ကာမဂုဏ်တို့၌ မှီကုန်၏၊ အဝတ်ကြောင့်ဖြစ်ကုန်သော ဘေးရန်ဟူသမျှ တို့သည် ဖန်ရည်ဆိုးဝတ်သောသူအား မဖြစ်နိုင်ကုန်၊ ထို့ကြောင့် ငါ၏ အဝတ်တို့သည် တပါးသော သူတို့၏ အဝတ်တို့ကဲ့သို့ မဟုတ်ကုန်။ အသျှင် သင်သည် အတတ်ပညာမည်သည်တို့ကို တတ်ကျွမ်း ပါ၏လောဟု လျှောက်၏။ သူငယ် ငါသည် လောက၌ အတတ်ပညာတို့ကိုလည်း တတ်ကျွမ်း၏၊ လောကထက် မြတ်သော မန္တန်ကိုလည်း ငါတတ်ကျွမ်း၏။ အသျှင် ထိုမန္တန်ကို အကျွန်ုပ်အား လည်း သင်ကြား ပေးနိုင်ပါအံ့လောဟု (လျှောက်၏)။ သူငယ် သင်ကြားပေးနိုင်၏။ ယင်းသို့ ဖြစ်ပါမူ အကျွန်ုပ်အား သင်ကြားပေးပါလော့ဟု (လျှောက်၏)။ သူငယ် သင်ကြားပေးရန် အခါ မဟုတ်သေး၊ ရွာတွင်းသို့ ဆွမ်းခံဝင်ဆဲဖြစ်သေး၏ဟု (အသျှင်ရောဟဏ မိန့်တော်မူ၏)။

ထိုအခါ နာဂသေနသူငယ်သည် အသျှင်ရောဟဏလက်မှ သပိတ်ကို ယူ၍ အိမ်တွင်းသို့ ပင့်ဆောင်ပြီးလျှင် မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တန်ပြီဟု တားမြစ်သည့်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေး၍ အသျှင်ရောဟဏ ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ အသျှင်ရောဟဏအား "အသျှင် မန္တန်ကို ယခုအခါ အကျွန်ုပ်အား သင်ကြားပေးပါလော့" ဟု ပြောဆို၏။ "သူငယ် သင်သည် ကြောင့်ကြမှု အနှောက်အယှက် ကင်းသည်ဖြစ်၍ အမိအဖတို့ကို ခွင့်ပြုစေလျက် ငါယူအပ်သော ရဟန်းအသွင်အပြင်ကို ယူသော အခါ၌ သင့်အား မန္တန်ကို သင်ကြားပေးအံ့" ဟု အသျှင်ရောဟဏ မိန့်တော်မူ၏။

## နာဂသေနရှင်ပြုခဏ်း

ထိုအခါ နာဂသေနသည် အမိအဖတို့ထံသို့ ချဉ်းကပ်ပြီးလျှင် "မိခင်ဖခင်တို့ ဤရဟန်းသည် 'လောကထက် လွန်မြတ်သော မန္တန်ကို ငါသိ၏' ဟု ပြောဆိုဘိ၏၊ မိမိထံ၌ ရဟန်းမပြုသူအား လည်း မပေး၊ အကျွန်ုပ်သည် ဤရဟန်း၏ အထံ၌ ရဟန်းပြု၍ ထိုမြတ်သော မန္တန်ကို သင်ယူ

http://www.dhammadownload.com



ပါအံ့”ဟု ပြောဆို၏။ ထိုအခါ ထိုနာဂသေန၏ အမိအဖတို့သည် “ငါတို့၏ သားသည် ရဟန်းပြု၍ မန္တန်ကို သင်ယူပါစေ၊ သင်ယူပြီးသော် တဖန် ပြန်လာလတ္တံ့” ဟု မှတ်ထင်ကုန်၍ “ချစ်သား သင်ယူပါလော့”ဟု အခွင့်လွှတ်ကုန်၏။

၁၃။ ထိုအခါ အသျှင်ရောဟဏသည် နာဂသေနသူငယ်ကို ခေါ်ယူခဲ့၍ ဝိဇမ္ဗဝတ္ထုကျောင်းတိုက် ဝတ္တနိယကျောင်းသို့ ချဉ်းကပ်ပြီးလျှင် ဝိဇမ္ဗဝတ္ထုကျောင်းတိုက်၌ တညဥ့်မျှနေ၍ ထိုရက္ခိတကုန်းပြင်သို့ ချဉ်းကပ်လျက် များစွာသော ရဟန္တာတို့၏ အလယ်၌ နာဂသေနသူငယ်ကို ရှင်ပြုပေး၏၊ ရှင်ပြုပြီးသော သျှင်နာဂသေနသည် အသျှင်ရောဟဏအား “အသျှင်ဘုရား အကျွန်ုပ်သည် အသျှင်ဘုရား၏ အသွင်ကို ယူပြီးပါပြီ၊ ယခု အကျွန်ုပ်အား မန္တန်ကို သင်ကြားပေးတော်မူပါလော့”ဟု (လျှောက်၏)။ ထိုအခါ အသျှင်ရောဟဏသည် “ငါသည် နာဂသေနအား အဘယ်ပိဋကတ်၌ သင်ကြားပေးရအံ့နည်း၊ ဝိနည်း၌သော်လည်း ရှေးဦးစွာ သင်ကြားပေးရအံ့လော၊ သုတ္တန်၌သော်လည်း ရှေးဦးစွာ သင်ကြားပေးရအံ့လော၊ အဘိဓမ္မာ၌သော်လည်း ရှေးဦးစွာ သင်ကြားပေးရအံ့လော”ဟု ကြံစည်၍ ဤနာဂသေနသည် ပညာရှိ၏၊ လွယ်ကူသဖြင့်သာ အဘိဓမ္မာပိဋကတ်ကို သင်ယူခြင်းငှါ စွမ်းဆောင်နိုင်၏ဟု ကြံစည်၍ ရှေးဦးစွာ အဘိဓမ္မာ၌ သင်ကြားပေး၏။

အသျှင်နာဂသေနသည်လည်း “ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ အဗျာကတာ ဓမ္မာ” အစရှိသော တိက် ဒုက်တို့ဖြင့် တန်ဆာဆင်အပ်သော ဓမ္မသင်္ဂဏီကျမ်း ခန္ဓဝိဘင်းအစရှိသော တဆယ့်ရှစ်ပါးသော ဝိဘင်းတို့ဖြင့် တန်ဆာဆင်အပ်သော ဝိဘင်းကျမ်း “သင်္ဂဟော အသင်္ဂဟော” အစရှိသော တဆယ့်လေးပါးအပြားဖြင့် ဝေဖန်အပ်သော ဓာတုကထာကျမ်း “ခန္ဓပညတ် အာယတနပညတ်” အစရှိသော ခြောက်ပါးအပြားဖြင့် ဝေဖန်အပ်သော ပုဂ္ဂလပညတ်ကျမ်း မိမိ၏ ဝါဒ၌ သုတ်ငါးရာ သူတပါးဝါဒ၌ သုတ်ငါးရာ ဤသို့ သုတ်တထောင်ကို ပေါင်း၍ ဝေဖန်အပ်သော ကထာဝတ္ထုကျမ်း “မူလယမိုက် ခန္ဓယမိုက်” အစရှိသော ဆယ်ပါးအပြားဖြင့် ဝေဖန်အပ်သော ယမိုက်ကျမ်း “ဟေတုပစ္စယော အာရမ္မဏပစ္စယော”အစရှိသော နှစ်ဆယ့်လေးပါးအပြားဖြင့် ဝေဖန်အပ်သော ပဋ္ဌာန်းကျမ်း ဤသို့ ထိုအဘိဓမ္မပိဋကတ်အားလုံးကို တကြိမ်ရွတ်အံ (သရဇ္ဈာယ်)ခြင်းဖြင့်ပင် လေ့လာသည်ကိုပြု၍“အသျှင်ဘုရား ရပ်ဆိုင်းတော်မူပါကုန်၊ အဆုံးမသတ်ပါကုန်လင့်ဦး၊ အကျွန်ုပ်သည် ဤမျှဖြင့်ပင် ပြန်လှန်သရဇ္ဈာယ်ပါဦးအံ့”ဟု လျှောက်၏။

၁၄။ ထိုအခါ သျှင်နာဂသေနသည် များစွာသော ရဟန္တာတို့ထံသို့ ချဉ်းကပ်ပြီးသော် ကုဋေတရာသော ရဟန္တာတို့အား “အသျှင်ဘုရားတို့ အကျွန်ုပ်သည် အဘိဓမ္မာပိဋကတ်အားလုံးကို ‘ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ အဗျာကတာ ဓမ္မာ’ ဟူသော ဤသုံးပုဒ်တို့၌ ထည့်ထား၍ အကျယ်အားဖြင့် ပြီးဆုံးစေပါအံ့” ဟု လျှောက်၏၊ ငါ့သျှင်နာဂသေန ကောင်းပြီ ပြီးဆုံးစေလော့ ဟု မိန့်ဆိုကုန်၏။

ထိုအခါ သျှင်နာဂသေနသည် အဘိဓမ္မာခုနစ်ကျမ်းတို့ကို ခုနစ်လတို့အတွင်း အကျယ်အားဖြင့် ပြီးဆုံးစေ၏၊ မြေကြီးသည် ပဲ့တင်ထပ်၏၊ နတ်တို့သည် ကောင်းချီးပေးကြကုန်၏၊ ဗြဟ္မာတို့သည် လက်ပန်းပေါက်ခတ်ကုန်၏၊ နတ်၌ဖြစ်ကုန်သော စန္ဒကူးနံ့သာမှုန့် မိုးတို့သည်၎င်း နတ်၌ဖြစ်ကုန်သော မန္ဒာရဝပန်းမိုးတို့သည်၎င်း ရွာချကုန်၏။

http://www.dhammadownload.com



## အသျှင်နာဂသေန ဆရာကိုပြစ်မှား၍ ဒဏ်ထားခဏ်း

၁၅။ ထိုအခါ များစွာသော ရဟန္တာတို့သည် အသက်နှစ်ဆယ်ပြည့်သော သျှင်နာဂသေနကို ရက္ခိတကုန်းပြင်၌ ရဟန်းပြုပေးကြကုန်၏။ ရဟန်းဖြစ်ပြီးသော သျှင်နာဂသေနသည်လည်း ထိုရဟန်းဖြစ်ပြီး ညဉ့်လွန်သောအခါ နောက်တနေ့ နံနက်အချိန် သင်္ကန်းကိုပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူဆောင်လျက် ဥပဇ္ဈာယ်ဖြစ်သော ရောဟဏမထေရ်နှင့်အတူ ရွာတွင်းသို့ ဆွမ်းခံဝင် သည်ရှိသော် "ငါ၏ဥပဇ္ဈာယ်ဆရာသည် အချည်းနှီးပေတကား၊ငါ၏ဥပဇ္ဈာယ်ဆရာသည် မသိတတ် လှပေသည်တကား၊ အဘိဓမ္မာမှကြွင်းသော မြတ်စွာဘုရား ပါဠိတော်ကို ချင်းချန်ထား၍ ငါ့ကို အဘိဓမ္မာ၌ ရှေးဦးစွာ သင်ကြားဆုံးမဘိ၏"ဟု ဤသို့သဘောရှိသော အကြံအစည်ကို ဖြစ်စေ၏။

ထိုအခါ အသျှင်ရောဟဏသည် အသျှင်နာဂသေန၏ စိတ်အကြံကို မိမိစိတ်ဖြင့်သိ၍ အသျှင်နာဂ သေနကို "နာဂသေန မသင့်လျော်သော အကြံအစည်ကိုသာ ကြံစည်ဘိ၏၊ နာဂသေန သင်၏ ဤအကြံသည် မသင့်မလျော်ချေ"ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်နာဂသေနအား အချင်းတို့ အံ့ဖွယ်ရှိးပစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်ပေစွတကား၊ ငါ၏ဥပဇ္ဈာယ်ဆရာသည် မိမိ၏စိတ်ဖြင့် ငါ၏စိတ်အကြံကို သိနိုင်ပါပေ၏၊ ငါ၏ ဥပဇ္ဈာယ်ဆရာသည် ပညာရှိလှပေသည်တကား၊ ငါသည် ဥပဇ္ဈာယ်ဆရာကို ကန်တော့ ဝန်ချရ မှကား ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုသို့အကြံဖြစ်သောအခါ သျှင်နာဂသေနသည် အသျှင် ရောဟဏအား "အသျှင်ဘုရား အကျွန်ုပ်အား သည်းခံတော်မူပါ၊ တဖန် ဤသို့သော အကြံ အစည်ကို မကြံစည်တော့ပါ"ဟု လျှောက်၏။

ထိုအခါ အသျှင်ရောဟဏသည် အသျှင်နာဂသေနအား "နာဂသေန ငါသည် ဤမျှဖြင့် သင့်အား သည်းမခံနိုင်သေး၊ နာဂသေန သာဂလမည်သောမြို့သည် ရှိ၏၊ ထိုသာဂလမြို့၌ မိလိန္ဒမည်သော မင်းသည် မင်းအဖြစ်ကိုပြု၏၊ထိုမိလိန္ဒမင်းသည် အယူဝါဒကို ပြောဆိုသဖြင့် အမေးပုစ္ဆာပြဿနာကို မေး၍ ရဟန်းသံဃာကို ညှဉ်းဆဲ၏၊သင်သည် ထိုသာဂလမြို့သို့သွား၍ ထိုမိလိန္ဒမင်းကို ဆုံးမပြီးလျှင် မြတ်စွာဘုရား သာသနာတော်၌ ကြည်ညိုစေနိုင်ခဲ့မူ ငါသည် သင့်ကို သည်းခံအံ့"ဟု မိန့်ဆို၏။

အသျှင်ဘုရား မိလိန္ဒမင်းတယောက်တည်းကို ထားဘိဦး၊ ဇမ္ဗူဒိပ်တကျွန်းလုံးက မင်းအားလုံး တို့သည် လာကုန်၍ အကျွန်ုပ်အား ပြဿနာကို မေးစေကုန်ဦးတော့၊ ထိုပြဿနာအားလုံးကို ဖြေ၍ အယူကို ဖောက်ခွဲ(ဖြိုခွင်း)ပါအံ့၊ "အသျှင်ဘုရား အကျွန်ုပ်အား သည်းခံတော်မူပါ"ဟု လျှောက်ထား၍"သည်းမခံနိုင်သေး"ဟု ဆိုလတ်သော်"အသျှင်ဘုရား သို့ဖြစ်လျှင် ဤဝါတွင်းသုံးလ ပတ်လုံး အဘယ်ဆရာ၏အထံ၌ နေရပါအံ့နည်း"ဟု လျှောက်ထား၏။ နာဂသေန ဤအသျှင် အဿဂုတ္တသည် ဝတ္တနီယကျောင်း၌ နေ၏၊ နာဂသေန သင်သည် သွားချေလော့၊ အသျှင်အဿ ဂုတ္တထံ ချဉ်းကပ်လေလော့၊ ချဉ်းကပ်ပြီးလျှင် ငါ၏စကားဖြင့် အသျှင်အဿဂုတ္တ၏ ခြေတော် တို့ကို ဦးခိုက်ရှိခိုးလေလော့၊ ထိုအသျှင်အဿဂုတ္တအား ဤသို့လည်း လျှောက်ထားလေလော့ "အသျှင်ဘုရား အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် အသျှင်ဘုရားတို့၏ ခြေတော်တို့ကို ဦးခိုက်ရှိခိုး လိုက်ပါ၏၊ အနာကင်းခြင်း ဆင်းရဲကင်းခြင်း လျင်မြန်စွာထနိုင်ခြင်း ခွန်အားရှိခြင်း ချမ်းသာစွာ နေရခြင်းကို မေးလိုက်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်၏ဥပဇ္ဈာယ်ဆရာသည် ဤဝါတွင်းသုံးလ ပတ်လုံး အသျှင်ဘုရားတို့၏ အထံ၌ နေခြင်းငှါ အကျွန်ုပ်ကို စေလွှတ်လိုက်ပါ၏"ဟု (လျှောက်

http://www.dhammadownload.com



လေလော့)၊ ထို့ပြင်လည်း "သင်၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိသနည်း"ဟု မေးခဲ့မူ "အသျှင်ဘုရား ရောဟဏထေရ်အမည်ရှိပါ၏"ဟု လျှောက်ထားလေလော့၊ "ငါသည် အဘယ်အမည်ရှိသနည်း"ဟု မေးပြန်မူ"အသျှင်ဘုရား အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် အသျှင်ဘုရားတို့၏ အမည်ကို သိပါ၏"ဟု လျှောက်ထားလေလော့ဟု မှာကြားတော်မူလိုက်လေ၏။ "အသျှင်ဘုရား ကောင်းလှပါပြီ" ဟု အသျှင်နာဂသေနသည် အသျှင်ရောဟဏကို ရှိသေစွာရှိခိုးလျက် အရိုအသေပြု၍ သပိတ်သင်္ကန်းကို ယူကာ အစဉ်အတိုင်း သွားလာလှည့်လည်သော် ဝတ္တနိယကျောင်း အသျှင်အဿဂုတ္တထံ ချဉ်းကပ်လေ၏၊ ချဉ်းကပ်ပြီးလျှင် အသျှင်အဿဂုတ္တအား ရှိသေစွာ ရှိခိုးပြီး၍ သင့်တင့်လျှောက်ပတ်သော အရပ်၌ ရပ်တည်၏၊ သင့်တင့်လျှောက်ပတ်သော အရပ်၌ ရပ်တည်နေထိုင်ပြီးသော် အသျှင်နာဂသေနသည် အသျှင်အဿဂုတ္တအား "အသျှင်ဘုရား အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် အသျှင်ဘုရားတို့၏ ခြေတော်တို့ကို ဦးခိုက် ရှိခိုးလိုက်ပါ၏၊ ဤသို့လည်း မှာကြားလိုက်ပါ၏၊ အနာရောဂါကင်းခြင်း ဆင်းရဲကင်းခြင်း လျင်စွာထနိုင်ခြင်း ခွန်အားရှိခြင်း ချမ်းသာစွာ နေရခြင်းကိုလည်း မေးလိုက်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် ဝါတွင်းသုံးလပတ်လုံး အသျှင်ဘုရားတို့၏ အထံ၌ နေခြင်းငှါ အကျွန်ုပ်ကို စေလွှတ်လိုက်ပါ၏" ဟု လျှောက်ထား၏။

ထိုအခါ အသျှင်အဿဂုတ္တသည် အသျှင်နာဂသေနကို "သင်သည် အဘယ်အမည်ရှိသနည်း"ဟု (မိန့်ဆို၏)။ အသျှင်ဘုရား အကျွန်ုပ်သည် နာဂသေနမည်ပါ၏ဟု လျှောက်၏။ သင်၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိသနည်း၊ အသျှင်ဘုရား အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် ရောဟဏအမည်ရှိပါ၏။ ငါသည် အဘယ်အမည်ရှိသနည်း၊ အသျှင်ဘုရား အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် အသျှင်ဘုရားတို့၏ အမည်ကို သိပါ၏ဟု (လျှောက်၏)။

နာဂသေန ကောင်းပေ၏ သပိတ်သင်္ကန်းကို ထားသိုလော့ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းလှပါပြီ" ဟု သပိတ်သင်္ကန်းကို ထားသို၍ နောက်နေ့၌ ပရိဝုဏ်ကို တံမြက်လှည်း၍ မျက်နှာသစ်ရေ တံပူကို ဆက်ကပ်တည်ထား၏၊ အဿဂုတ္တမထေရ်သည် တံမြက်လှည်းပြီးသော နေရာကို ထပ်၍တံမြက်လှည်း၏၊ ထိုနာဂသေန ဆက်ကပ်တည်ထားသော ရေကို စွန့်၍ အခြားရေကို ဆောင်၏၊ ထိုနာဂသေန တည်ထားသော တံပူကို ပယ်၍ တပါးသော တံပူကို ယူ၏၊ စကားမေးမြန်း ပြောဆိုခြင်းကို မပြု၊ဤသို့ချည်း ခုနစ်ရက်ပတ်လုံး ပြု၍ ခုနစ်ရက်မြောက်သောနေ့၌ တဖန်မေးမြန်းပြန်သော် ထိုနာဂသေနသည် ထိုရှေးနည်းတူသာ လျှောက်ထားမှ ဝါဆိုနေထိုင်ခြင်းကို အခွင့်ပြုလေ၏။

၁၆။ ထိုအခါ ဒါယိကာမကြီးတဦးသည် အသျှင်အဿဂုတ္တအား အနှစ်သုံးဆယ်တိုင်တိုင် ဆည်းကပ် လုပ်ကျွေး၏၊ ထိုအခါ ထိုဒါယိကာမကြီးသည် ဝါတွင်းသုံးလကို လွန်သောအခါ ထိုအသျှင်အဿဂုတ္တထံသို့ ချဉ်းကပ်၏၊ ချဉ်းကပ်ပြီးသော် အသျှင်အဿဂုတ္တအား "အသျှင်ဘုရား အသျှင်တို့၏ အထံ၌ အခြားသော ရဟန်းလည်း ရှိပါသေးသလော"ဟု လျှောက်၏။ ဒါယိကာမကြီး ငါတို့၏ အထံ၌ နာဂသေနအမည်ရှိသော ရဟန်းသည် ရှိသေး၏ဟု ဖြေကြား၏။ အသျှင်အဿဂုတ္တ သို့ဖြစ်မူ နာဂသေနရဟန်းနှင့်အတူ နက်ဖြန်အတွက် ဆွမ်းဘုဉ်းပေးခြင်းအလို့ငှါ လက်ခံတော်မူပါလော့ဟု လျှောက်၏။ အသျှင်အဿဂုတ္တသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံ၏။

ထိုအခါ အသျှင်အဿဂုတ္တသည် ထိုညဉ့်လွန်သောအခါ နံနက်အချိန် သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် နောက်လိုက်ရဟန်းဖြစ်သော အသျှင်နာဂသေနနှင့် အတူ

http://www.dhammadownload.com



ထိုဒါယိကာမကြီး၏ အိမ်သို့ ချဉ်းကပ်၏၊ ချဉ်းကပ်ပြီးလျှင် ခြင်းထားသောနေရာ၌ ထိုင်နေ၏။ ထိုအခါ ထိုဒါယိကာမကြီးသည် အသျှင်အဿဂုတ္တကိုရင်း အသျှင်နာဂသေနကိုရင်း မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တန်ပြီဟု တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏။ ထိုအခါ အသျှင်အဿဂုတ္တသည် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသော အခါ သျှင်နာဂသေနကို "နာဂသေန သင်သည် ဒါယိကာမကြီးအား ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာတရားကို ဟောပြောခဲ့လော့"ဟု မိန့်တော်မူပြီးသော် နေရာမှထကာ ဖဲကြွတော်မူ၏။

ထိုအခါ ထိုဒါယိကာမကြီးသည် အသျှင်နာဂသေနကို "အသျှင်ဘုရားနာဂသေန အကျွန်ုပ်သည် အရွယ်ကြီးရင့်ပါပြီ၊ နက်နဲသောတရားစကားဖြင့် အကျွန်ုပ်အား အနုမောဒနာတရားကို ပြောဟောတော်မူပါလော့"ဟု လျှောက်၏။ထိုအခါ အသျှင်နာဂသေနသည် ထိုဒါယိကာမကြီးအား နက်နဲသော လောကမှလွန်နိုင်ရာဖြစ်သော ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ ကင်းပျောက် ကွယ်သုဉ်းခြင်းနှင့် စပ်ဆိုင်သော တရားစကားဖြင့် အနုမောဒနာပြုတော်မူ၏။ ထိုအခါ ထို ဒါယိကာမကြီးအား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအားလုံးသည် ချုပ်ခြင်း သဘောရှိ၏"ဟု ကိလေသာမြူကင်းစင်သော ကိလေသာမြူ အညစ်အကြေးမှ ကင်းသော တရား မျက်စိ'သောတာပတ္တိဉာဏ်'သည်ဖြစ်ပေါ်၏။ အသျှင်နာဂသေနသည်လည်း ထိုဒါယိကာမကြီးအား အနုမောဒနာကိုပြုပြီး၍ မိမိဟောအပ်သောတရားကို ဆင်ခြင်အောက်မေ့လျက် (အနိစ္စသည်ဖြင့်) ဝိပဿနာကိုဖြစ်စေ၍ ထိုနေရာ၌ ထိုင်နေလျက်ပင်လျှင် သောတာပတ္တိဖိုလ်၌ တည်၏။

ထိုအခါ အသျှင်အဿဂုတ္တသည် စည်းဝေးရာ တန်ဆောင်းဝန်း၌ ထိုင်နေလျက် သျှင်နာဂသေန နှင့် ဒါယိကာမကြီးနှစ်ဦးလုံးတို့၏လည်း သောတာပတ္တိဉာဏ်မျက်စိရခြင်းကို သိရှိတော်မူ၍ "နာဂသေန ကောင်းပေစွ၊ ကောင်းပေစွ၊ မြားချက်တခုတည်းဖြင့် နှစ်ခုသောခန္ဓာကိုယ်တို့ကို ပစ်ခွဲ ဖောက်ထွင်းနိုင်ပေကုန်၏" ဟု ကောင်းချီးနှုမော် သာဓုခေါ်တော်မူ၏၊ ထို့ပြင် အထောင်မက များစွာသော နတ်ဗြဟ္မာတို့သည် ကောင်းချီးနှုမော် သာဓုခေါ်ကြကုန်၏။

## သျှင်နာဂသေနပိဋကတ်သင်ကြွခန်း

၁၇။ ယင်းသို့ အနုမောဒနာတရား ဟောကြားပြီးနောက် သျှင်နာဂသေနသည် နေရာမှ ထကာ အသျှင်အဿဂုတ္တထံသို့ ချဉ်းကပ်၍ အသျှင်အဿဂုတ္တကို ရှိခိုးပြီးလျှင် သင့်တင့် လျောက်ပတ်သော အရပ်၌ ထိုင်နေ၏၊ သင့်တင့်လျောက်ပတ်သောအရပ်၌ ထိုင်နေသော သျှင်နာဂသေနအား အသျှင်အဿဂုတ္တသည် ဤစကားကို မိန့်ဆို၏ "နာဂသေန သင်သည် ပါဋလိပုတ်ပြည်သို့ သွားချေလော့၊ ပါဋလိပုတ်ပြည် အသောကာရုံကျောင်းတိုက်၌ အသျှင်ဓမ္မ ရက္ခိတသည် နေ၏၊ ထိုအသျှင်ဓမ္မရက္ခိတအထံ၌ မြတ်စွာဘုရား စကားတော်ကို သင်ချေလော့"ဟု (မိန့်ဆို၏)။ အသျှင်ဘုရား ပါဋလိပုတ်ပြည်သည် ဤဝတ္တနိယကျောင်းမှ အဘယ်မျှလောက် ဝေးပါသနည်းဟု လျှောက်၏။ နာဂသေန ယူဇနာတရာတို့တိုင်တိုင် ဝေး၏။ အသျှင်ဘုရား ခရီးသည် ဝေးလှ၏၊ လမ်းခရီးအကြား၌ ဆွမ်းရရန် ခက်ခဲပါလိမ့်မည်၊ အကျွန်ုပ် အဘယ်ကဲ့သို့ သွားရပါအံ့နည်းဟု လျှောက်ပြန်၏။ နာဂသေန သွားသာ သွားလော့၊ သင်သည် လမ်းခရီး အကြား၌ ဆန်မည်းကင်းစင်သော များသောဟင်း များသောဗျည်းလျာရှိသော သလေး ဆွမ်းကို ရလတ္တံ့ဟု မိန့်ဆို၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု သျှင်နာဂသေနသည် အသျှင်

http://www.dhammadownload.com



အဿဂုတ္တကို ရှိခိုးပြီး၍ အရှိအသေပြုကာ သပိတ်သင်္ကန်းကို ယူပြီးလျှင် ပါဋလိပုတ်ပြည်သို့ ဒေသစာရီလှည့်လည် ကြွသွားလေ၏။

၁၈။ ထိုသျှင်နာဂသေန ဒေသစာရီလှည့်လည်ကြွသွားခိုက်၌ ပါဋလိပုတ်ပြည်သား သူဌေး (တဦး)သည် လှည်းငါးရာတို့ဖြင့် ပါဋလိပုတ်ပြည်သွား ခရီးသို့ သွားနေ၏၊ ပါဋလိပုတ် သူဌေးသည် သျှင်နာဂသေန ကြွလာသည်ကို အဝေးမှပင်မြင်သောကြောင့် ထိုသျှင်နာဂသေနထံသို့ ချဉ်းကပ်ပြီးလျှင် သျှင်နာဂသေနကို ရိုသေစွာ ရှိခိုးလျက် "အသျှင်ဘုရား အဘယ်အရပ်သို့ သွားမည်နည်း"ဟု လျှောက်၏။ ဒါယကာ ပါဋလိပုတ်ပြည်သို့ သွားအံ့ဟု ပြောဆိုသော် အသျှင်ဘုရား ကောင်းလှပါပြီ၊ အကျွန်ုပ်တို့သည်လည်း ပါဋလိပုတ်ပြည်သို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့နှင့်အတူ ချမ်းသာစွာ ကြွတော်မူပါကုန်လော့ဟု (လျှောက်၏)။

ထိုအခါ ပါဋလိပုတ် သူဌေးသည် သျှင်နာဂသေန၏ ဣရိယာပုထ်၌ ကြည်ညို၍ သျှင်နာဂသေနကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တန်ပြီဟု တားမြစ်သည့် တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေးပြီးနောက် သျှင်နာဂသေန ဆွမ်းစားပြီး၍ သပိတ်မှ လက်ကိုဖယ်ပြီးသော အခါ နိမ့်သောထိုင်စရာတခုကို ယူလျက် သင့်တင့်လျှောက်ပတ်သော နေရာ၌ ထိုင်နေ၏၊ သင့်တင့်လျှောက်ပတ်သော နေရာ၌ ထိုင်နေပြီးသော ပါဋလိပုတ် သူဌေးသည် သျှင်နာဂသေနကို "အသျှင်ဘုရား အသျှင်သည် အဘယ်အမည်ရှိပါသနည်း"ဟု လျှောက်၏၊ ဒါယကာ ငါသည် နာဂသေနအမည်ရှိ၏။ အသျှင်ဘုရား အသျှင်သည် မြတ်စွာဘုရား စကားတော်မည်သည်ကို သိပါ၏လော။ ဒါယကာ ငါသည် အဘိဓမ္မာပိဋကတ်မျှလောက်ကိုသာ သိပါ၏။ အသျှင်ဘုရား အကျွန်ုပ်တို့အား အရတော်ပေစွတကား၊ အသျှင်ဘုရား အကျွန်ုပ်တို့အား (လူ၏အဖြစ်ကို) ကောင်းစွာ ရအပ်ပေစွတကား၊ အသျှင်ဘုရား အကျွန်ုပ်သည် အဘိဓမ္မာပိဋကတ်ကို ဆောင်ပါ၏၊ အသျှင်ဘုရားသည်လည်း အဘိဓမ္မာပိဋကတ်ကို ဆောင်၏၊ အသျှင်ဘုရား အဘိဓမ္မာပိဋကတ်တို့ကို ရွတ်ဆို ဟောကြားတော်မူပါလော့ဟု လျှောက်၏။ ထိုအခါ သျှင်နာဂသေနသည် ပါဋလိပုတ် သူဌေးအား အဘိဓမ္မာပိဋကတ်ကို ဟောကြားလေ၏၊ ဟောစဉ်ပင်လျှင် ပါဋလိပုတ်သူဌေးအား "ဖြစ်ခြင်းသဘောရှိသော တရားအားလုံးသည် ချုပ်ခြင်းသဘောရှိ၏" ဟု ကိလေသာမြူ အညစ်အကြေးကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ထင်ရှားဖြစ်ပေါ်၏။

ထိုအခါ ပါဋလိပုတ်သူဌေးသည် လှည်းငါးရာတို့ကို ရှေ့ကလွှတ်လိုက်၍ မိမိသည် နောက်မှ သွားလျက် ပါဋလိပုတ်ပြည်၏အနီး ခရီးလမ်းနှစ်ကြောင်းဆုံ၌ ရပ်၍ သျှင်နာဂသေနကို "အသျှင်ဘုရားနာဂသေန ဤလမ်းသည် အသောကာရုံကျောင်းတိုက်သို့ သွားသောလမ်းပါတည်း၊ အသျှင်ဘုရား အကျွန်ုပ်၏ ဤကမ္ဗလာရတနာသည် အလျားတဆယ့်ခြောက်တောင် ရှိပါ၏၊ အနံ ရှစ်တောင် ရှိပါ၏၊ အသျှင်ဘုရား သနားသောအားဖြင့် ဤကမ္ဗလာရတနာကို ခံယူတော်မူပါလော့"ဟု လျှောက်၏။ သျှင်နာဂသေနသည် သနားသောအားဖြင့် ထိုကမ္ဗလာရတနာကို ခံယူတော်မူ၏၊ ထိုအခါ ပါဋလိပုတ်သူဌေးသည် နှစ်လို တက်ကြွ အားရရွှင်လန်း ဝမ်းပန်းတသာ ဖြစ်၍ သျှင်နာဂသေနကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲသွားလေ၏။

၁၉။ ထို့နောက် သျှင်နာဂသေနသည် အသောကာရုံကျောင်းတိုက် အသျှင်ဓမ္မရက္ခိတထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်ဓမ္မရက္ခိတကို ရိုသေစွာရှိခိုးလျက် မိမိ၏လာခဲ့သော အကြောင်းကို

http://www.dhammadownload.com



လျှောက်ထား၍ အသျှင်ဓမ္မရက္ခိတအထံ၌ ပိဋကတ်သုံးပုံဟူသော မြတ်စွာဘုရားစကားတော်ကို တဆက်တည်း ရွတ်ဆိုခြင်းဖြင့် သုံးလတို့ပတ်လုံး သဒ္ဒါ ပုဒ် ဗျည်းအားဖြင့် သင်ယူပြီး၍ နောက် သုံးလတို့ပတ်လုံး အနက်အဓိပ္ပါယ်အားဖြင့် နှုတ်လုံးသွင်းလေ၏။

ထိုအခါ၌ အသျှင်ဓမ္မရက္ခိတသည် သျှင်နာဂသေနကို "နာဂသေန နွားကျောင်းသားသည် နွားတို့ကို ထိန်းကျောင်းရ၍ အခြားသော သူတို့သည် နွားနို့မှဖြစ်သော အရသာကို သုံးဆောင်ကြရကုန်သကဲ့သို့ နာဂသေန ဤအတူပင် သင်သည် ပိဋကတ်သုံးပုံတည်းဟူသော ဘုရားစကားတော်ကို ဆောင်သော်လည်း မဂ်ဖိုလ်အဘို့အစုရှိသူ မဖြစ်ခဲ့"ဟုမိန့်ဆို၏။ အသျှင်ဘုရား ရှိပါစေ၊ ဤမျှသော ဩဝါဒဖြင့် သင့်တော်လောက်ပါပြီဟု (လျှောက်၏)။ ထိုနေ့အဘို့ ထိုည၌ အဘို့ဖြင့်ပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏၊ သစ္စာလေးပါးကို ထိုးထွင်း၍သိသည်နှင့်တပြိုင်နက် သျှင်နာဂသေနအား အလုံးစုံသော နတ်တို့သည် ကောင်းချီး နှုမော် သာဓုခေါ်ကြကုန်၏၊ မြေကြီးသည် ပဲ့တင်ထပ်၏၊ ဗြဟ္မာတို့သည် လက်ပန်းပေါက်ခတ်ကုန်၏၊ နတ်တို့၌ဖြစ်ကုန်သော စန္ဒကူးမှုန့်မိုးတို့ရင်း နတ်၌ဖြစ်ကုန်သော မန္ဒာရဝပန်းမိုးတို့သည်ရင်း ရွာသွန်းကြဲချကုန်၏။

## သံဃာတော်တို့ သာဂလပြည်သို့ ဝင်ရောက်ခဏ်း

၂၀။ ထိုအခါ ရာပေါင်းများစွာသော ရဟန္တာတို့သည် ဟိမဝန္တာတောင် ရက္ခိတကုန်းပြင်၌ စည်းဝေးကုန်၍ အသျှင်နာဂသေန၏အထံသို့ "နာဂသေနသည် လာစေသတည်း၊ ငါတို့သည် နာဂသေနကို တွေ့မြင်လိုကုန်၏"ဟု တမန်စေလွှတ်ကုန်၏၊ ထိုအခါ သျှင်နာဂသေနသည် တမန်၏ စကားကိုကြား၍ အသောကာရုံကျောင်းတိုက်မှ ကွယ်ခဲ့ပြီးလျှင် ဟိမဝန္တာတောင် ရက္ခိတကုန်းပြင် ရာပေါင်းများစွာသော ရဟန္တာတို့၏ ရှေ့မှောက်၌ ထင်ရှားဖြစ်၏။

ထိုအခါ ရာပေါင်းများစွာသော ရဟန္တာတို့သည် သျှင်နာဂသေနကို "နာဂသေန မိလိန္ဒအမည်ရှိသော ထိုမင်းသည် ရဟန်းသံဃာအား မူလစကားကို ဆန့်ကျင်ဖက်စကားဖြင့် အမေးပုစ္ဆာ ပြဿနာ မေးမြန်း၍ ညှဉ်းဆဲနေပါ၏၊ နာဂသေန တောင်းပန်ပါကုန်၏၊သင် သွားချေလော့၊ မိလိန္ဒမင်းကို ဆုံးမလော့"ဟုဆိုကုန်၏၊အသျှင်ဘုရားတို့ မိလိန္ဒမင်းတယောက်တည်းကိုထားဘိဦး၊ဇမ္ဗူဒိပ်တကျွန်းလုံးက မင်းတို့သည် လာကုန်၍ အကျွန်ုပ်အား ပြဿနာကို မေးစေကုန်ဦးတော့၊ထိုပြဿနာအားလုံးကို ဖြေ၍ အယူကို ကောင်းစွာ ဖောက်ခွဲ(ဖြိုခွင်း) ပါအံ့၊ အသျှင်ဘုရားတို့ အသျှင်တို့သည် ကြောက်ရွံ့ခြင်းမရှိကုန်ပဲ သာဂလမြို့သို့ ကြွတော်မူကြပါကုန်ဟု (လျှောက်၏)၊ ထိုအခါ မထေရ်ရဟန်းတို့သည် သာဂလပြည်ကို သင်္ကန်းရောင်ဖြင့် ပြောင်ပြောင် တောက်ထွန်းစေလျက် ရဟန်းသံဃာတို့၏ သွားလာသောကြောင့်ဖြစ်သော လေစုန် လေဆန် တိုက်ခတ်သည်ကို ပြုကုန်၏။

## အသျှင်အာယုပါလသို့ မိလိန္ဒမင်းမေးခဏ်း

၂၁။ ထိုအခါ အသျှင်အာယုပါလသည် သင်္ခေယျပရိဝုဏ်၌ နေ၏၊ ထိုအခါ မိလိန္ဒမင်းသည် အမတ်ပေါ့ကို "အချင်းတို့ ညဉ့်သည် အပြစ်ကင်း၍ မွေ့လျော်ဖွယ်ရှိ၏ဘကား၊ ယခုအခါ ကာလ၌ ဆွေးနွေးခြင်းငှါ ပြဿနာမေးခြင်းငှါ အဘယ် သမဏ ဗြာဟ္မဏသို့ ဆည်းကပ်ရပါကုန်အံ့နည်း၊ အဘယ် သမဏ ဗြာဟ္မဏသည် ငါနှင့် အတူ ဖက်ပြိုင် ပြောဆိုခြင်းငှါ ငါ၏ ယုံမှား 'ကခါ'ကို

http://www.dhammadownload.com



ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်မည်နည်း”ဟု မိန့်ကြား၏၊ ဤသို့ မိန့်ကြားသော် ယောနကအမတ်ငါးရာတို့သည် မိလိန္ဒမင်းကို “မင်းမြတ် ပိဋကသုံးပုံဆောင်သော များသောအကြားအမြင်ရှိသော အာဂုံပါဠိ အရအမိရှိသော အာယုပါလမည်သော မထေရ်သည် ရှိပါ၏၊ထိုအာယုပါလမထေရ်သည် ယခုအခါ သင်္ချေယျပရိဝုဏ်၌ နေပါ၏၊ မင်းမြတ် အသျှင်မင်းမြတ်သည် ကြွတော်မူပါလော့၊ အသျှင်အာယုပါလအား ပြဿနာမေးတော်မူပါလော့” ဟု လျှောက်တင်ကြကုန်၏၊ အချင်းတို့ သို့ဖြစ်လျှင် အသျှင်ကောင်းအား ပန်ကြားလျှောက်ထားကုန်လော့ဟု မိန့်ကြား၏။

ထိုအခါ နေမိတ္တိကအမတ်သည် အသျှင်အာယုပါလအထံသို့ “အသျှင်ဘုရား မိလိန္ဒမင်းသည် အသျှင်အာယုပါလကို ဖူးမြင်လိုပါ၏”ဟု တမန်စေလွှတ်၏၊ အသျှင်အာယုပါလသည်လည်း “သို့ဖြစ်လျှင် လာပါစေ”ဟု ပြောဆို၏၊ ထိုအခါ မိလိန္ဒမင်းသည် ယောနကအမတ်ငါးရာခြံရံလျက် မြတ်သော ရထားကို တက်စီး၍ သင်္ချေယျပရိဝုဏ် အသျှင်အာယုပါလထံသို့ ဆည်းကပ်၏၊ ဆည်းကပ်ပြီးသော် အသျှင်အာယုပါလနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်လျောက်ပတ်သော နေရာ၌ ထိုင်နေ၏၊သင့်လျော် လျောက်ပတ်သောနေရာ၌ ထိုင်နေပြီးသော မိလိန္ဒမင်းသည် အသျှင်အာယုပါလအား “အသျှင်ဘုရား အာယုပါလ အသျှင်ဘုရားတို့၏ ရှင်ရဟန်းအဖြစ်သည် အဘယ်အကျိုးရှိပါသနည်း၊ ထို့ပြင် အသျှင်ဘုရားတို့ အလွန်အလိုရှိအပ်မြတ်သော အကျိုးသည် အဘယ်ပါနည်း”ဟု လျှောက်၏၊ အာယုပါလမထေရ်သည် “မင်းမြတ် ရှင်ရဟန်းအဖြစ်သည် တရားသဖြင့် ကျင့်ကြံခြင်း အညီအမျှ ကျင့်ကြံခြင်း အကျိုးရှိ၏၊ ထို့ပြင် ငါတို့ အလွန်အလိုရှိအပ် မြတ်သောအကျိုးသည် မဂ်ဖိုလ်ပေတည်း”ဟု ပြောဆို၏။ အသျှင်ဘုရား မေးလျှောက်ပါဦးအံ့၊ လူဖြစ်ပါလျက်လည်း တရားသဖြင့် ကျင့်ကြံသူ အညီအမျှကျင့်ကြံသူ တစုံတယောက် ရှိပါ၏လောဟု (မေးလျှောက်ပြန်၏)။ မင်းမြတ် လူဖြစ်ပါလျက်လည်း တရားသဖြင့် ကျင့်ကြံသူ အညီအမျှကျင့်ကြံသူသည် ရှိပေ၏၊ မင်းမြတ် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ မြတ်စွာဘုရားသည် ဓမ္မစကြာဒေသနာကို ဟောတော်မူလတ်သော် ဗြဟ္မာတဆယ့်ရှစ်ကုဋေတို့၏ တရားသိခြင်း တရားရခြင်းသည် ဖြစ်ခဲ့၏၊ ထိုမှတပါး နတ်တို့၏ တရားသိခြင်း တရားရခြင်းသည် ဂဏန်းအရေအတွက်ကို လွန်၏၊ (မရေတွက်နိုင်)၊ ထိုနတ်ဗြဟ္မာအားလုံးတို့သည် လူဖြစ်ကုန်၏၊ ရဟန်း မဟုတ်ကုန်။

မင်းမြတ် ထို့မှတပါးလည်း မြတ်စွာဘုရားသည် မဟာသမယသုတ္တန်ကို ဟောတော်မူအပ်သော်ရင်း မဟာမင်္ဂလသုတ္တန်ကို ဟောတော်မူအပ်သော်ရင်း သမစိတ္တပရိယာယသုတ္တန်ကို ဟောတော်မူအပ်သော်ရင်း ရာဟုလောဝါဒသုတ္တန်ကို ဟောတော်မူအပ်သော်ရင်း ပရာဘဝသုတ္တန်ကို ဟောတော်မူအပ်သော်ရင်း ဂဏန်းအရေအတွက်ကို လွန်ကုန်သော (မရေမတွက်နိုင်ကုန်သော)နတ်တို့၏ တရားသိခြင်း တရားရခြင်းသည် ဖြစ်ခဲ့၏၊ထိုအားလုံးတို့သည်ပင် လူဖြစ်ကုန်၏၊ ရဟန်းမဟုတ်ကုန်ဟု ဖြေကြား၏။ အသျှင်ဘုရားအာယုပါလ ထိုသို့လူဖြစ်ပါလျက်လည်း တရားကျင့်၍ ရဘိမူကား အသျှင်ဘုရားတို့၏ ရဟန်းအဖြစ်သည် အကျိုးမရှိလေစွတကား၊ ရှေးရှေးဘဝ၌ ပြုကျင့်ခဲ့သော မကောင်းမှုကံ၏ အကျိုးဆက်ကြောင့် သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းပြုကြရကုန်၏၊ ဓုတင်တို့ကိုလည်း ကျင့်ဆောင်ကြရကုန်၏၊ အသျှင်ဘုရားအာယုပါလ အကြင်ရဟန်းတို့သည် တနေရာတည်း၌ တထပ်သာစားရသော ဧကာသနိက်(ဓုတင်)ဆောင်ကုန်၏၊ထိုရဟန်းတို့သည် ရှေးရှေးဘဝ၌ သူတပါးတို့၏ ဥစ္စာကို ခိုးဝှက်ယူဆောင်သော ခိုးသူတို့ ဖြစ်ခဲ့ကြလေယောင်တကား၊ ထိုရဟန်းတို့သည် သူတပါးတို့၏ ဥစ္စာတို့ကို

http://www.dhammadownload.com



ခိုးယူ၍ ထိုခိုးယူမိသောကံ၏ အကျိုးဆက်ကြောင့် ယခုဘ၀ဝယ် တနေရာတည်း၌ တထပ်သာ စားရသူတို့ ဖြစ်ကြရကုန်၏၊ အခါခပ်သိမ်း စားသောက်ခြင်းငှါ မရကြကုန်၊ ထိုရဟန်းတို့အား သီလမရှိ အကျင့်မရှိ အကျင့်မြတ်မရှိ၊ ထိုမှတပါး အသျှင်ဘုရားအာယုပါလ အကြင်ရဟန်းတို့သည် လွင်တီးခေါင်၌ နေရသော အဗ္ဘောကာသိက(ဓုတင်)ဆောင်ကုန်၏၊ ထိုရဟန်းတို့သည် ရှေးရှေး ဘ၀၌ ရွာကိုဖျက်ဆီးသော ခိုးသူတို့ ဖြစ်ခဲ့ကြလေယောင်တကား၊ ထိုရဟန်းတို့သည် သူတပါးတို့၏ အိမ်တို့ကို ဖျက်ဆီး၍ ထိုဖျက်ဆီးမိသောကံ၏ အကျိုးဆက်ကြောင့် ယခုဘ၀ဝယ် လွင်တီးခေါင်၌ နေရသော အဗ္ဘောကာသိက(ဓုတင်)ဆောင်ဖြစ်ကြရကုန်၏၊ အိပ်ရာ နေရာကျောင်းတို့ကို သုံးဆောင်ခြင်းငှါ မရကြကုန်၊ ထိုရဟန်းတို့အား သီလမရှိ အကျင့်မရှိ အကျင့်မြတ်မရှိ၊ ထိုမှတပါး အသျှင်ဘုရားအာယုပါလ အကြင်ရဟန်းတို့သည် ထိုင်၍သာ နေရသော နိသဇ်(ဓုတင်) ဆောင်ကုန်၏၊ ထိုရဟန်းတို့သည် ရှေးရှေးဘ၀၌ လမ်းခရီးဝယ် ဖျက်ဆီးတတ်ကုန်သော ခိုးသူတို့ ဖြစ်ခဲ့ကြလေယောင်တကား။ ထိုရဟန်းတို့သည် တပါးသော ခရီးသွား လူအပေါင်းတို့ကို ဘမ်းယူ၍ နှောင်ဖွဲ့ကာ ထိုင်နေစေခဲ့မိသဖြင့် ထို ထိုင်နေစေခဲ့မိသော ကံ၏အကျိုးဆက်ကြောင့် ယခုဘ၀၌ ထိုင်၍သာနေရသော နိသဇ် (ဓုတင်) ဆောင်ဖြစ်ကြရကုန်၏၊ အိပ်ခြင်းငှါ မရကြလေကုန်၊ ထို ရဟန်းတို့အား သီလမရှိ အကျင့်မရှိ အကျင့်မြတ်မရှိဟု လျှောက်ထား၏။

ဤသို့ လျှောက်ထားသော် အသျှင်အာယုပါလသည် ဆိတ်ဆိတ်နေ၏၊ စကားတစုံတရာ မပြန်ဆို။ ထိုအခါ ယောနကအမတ်ငါးရာတို့သည် မိလိန္ဒမင်းကို "မင်းမြတ် မထေရ်သည် ပညာ ကားရှိ၏၊ သို့သော်လည်း ရဲရင့်ခြင်းမရှိသည်ဖြစ်၍ တစုံတရာ စကားတုံ့ မပြန်ပါ"ဟု လျှောက်တင် ကြကုန်၏။

ထိုအခါ မိလိန္ဒမင်းသည် ဆိတ်ဆိတ်နေသော အသျှင်အာယုပါလကို မြင်လျှင် လက်ပန်းပေါက် ခတ်၍ ကြွေးကြော်ခြင်းကို ပြုလျက် ယောနကအမတ်တို့ကို "အချင်းတို့ ဇမ္ဗူဒိပ်ကျွန်းသည် အချည်းနှီးဖြစ်လေစွတကား၊ အချင်းတို့ ဇမ္ဗူဒိပ်ကျွန်းသည် အဖျင်းအတိဖြစ်လေစွတကား၊ ငါနှင့် အတူ ဖက်ပြိုင် ပြောဆိုခြင်းငှါ ငါ၏ယုံမှား 'ကခ်ါ' ကို ပယ်ဖျောက်ခြင်းငှါ စွမ်းဆောင်နိုင်သော သမဏ ဗြာဟ္မဏ တစုံတယောက်မျှ မရှိတော့ချေ"ဟု မိန့်ဆို၏။

## မိလိန္ဒမင်းနှင့် သျှင်နာဂသေနတွေ့ဆုံခဏ်း

၂၂။ ထိုအခါ မိလိန္ဒမင်းသည် အလုံးစုံသော ထိုပရိသတ်ကို ကြည့်ရှုစဉ် မကြောက်မရွံ့ မျက်နှာရွှင်ပျ ရှိနေကြကုန်သော ယောနကအမတ်တို့ကို မြင်၍ "ငါနှင့်အတူ ဖက်ပြိုင် ပြောဆို ခြင်းငှါ ငါ၏ယုံမှား 'ကခ်ါ'ကို ပယ်ဖျောက်ခြင်းငှါ စွမ်းဆောင်နိုင်သော ပညာရှိရဟန်း တဦး တယောက် ရှိသေးမည်ထင်၏၊ ယင်သို့ရှိသေးသောကြောင့် ဤယောနကအမတ်တို့သည် မျက်နှာ ရွှင်ပျ ဖြစ်ကြလေကုန်ယောင်တကား"ဟု မိလိန္ဒမင်းအား အကြံအစည်ဖြစ်၏၊ ထိုအခါ မိလိန္ဒမင်း သည် ယောနကအမတ်တို့ကို အချင်းတို့ ငါနှင့်အတူ ဖက်ပြိုင်ပြောဆိုခြင်းငှါ ငါ၏ယုံမှား 'ကခ်ါ'ကို ပယ်ဖျောက်ခြင်းငှါ စွမ်းဆောင်နိုင်သော ပညာရှိရဟန်း တဦးတယောက် ရှိသေးသလော"ဟု မေးမြန်းတော်မူ၏။

ထိုအခါ သျှင်နာဂသေနသည် ရဟန်းအပေါင်းခြံရံလျက် သံဃာရှိသူ ဂိုဏ်းနှင့်လည်း ပြည့်စုံသူ ဂိုဏ်းဆရာဖြစ်သူ ထင်ရှားသူ ကျော်စောသူ လူအပေါင်းက သူတော်ကောင်းဟု သမုတ်အပ်သူ ပညာရှိသူ ထက်မြက်သူ ထိုးထွင်းသောဉာဏ်ရှိသူ သိကြားလိမ္မာသူ ထင်စွာပြနိုင်သူ ဆုံးမတတ်သူ

http://www.dhammadownload.com



ရရှိရင့်သူ အကြားအမြင် ဗဟုသုတရှိသူ ပိဋကတ်သုံးပုံကိုဆောင်သူ အရဟတ္တဖိုလ်သို့ရောက်သူ ခွဲခြမ်းနိုင်သောဉာဏ်ပညာရှိသူ အာဂုံပါဠိရှိသူ ခွဲခြမ်းနိုင်သော ပဋိသမ္ဘိဒါဉာဏ်ရှိသူ အင်္ဂါကိုးပါး ရှိသော မြတ်စွာဘုရား သာသနာတော်၌ ပရိယတ်ကို ဆောင်သူ သာဝကပါရမီ ဉာဏ်အထွတ် အထိပ်သို့ ရောက်သူ မြတ်စွာဘုရား စကားတော်ဝယ် အကြောင်း၌ရှင်း အကျိုး၌ရှင်း အကြောင်း အကျိုးနှစ်ပါးကို ဝေဖန်၍ ဟောပြောခြင်း၌ရှင်း မချွတ်မယွင်း သိမြင်ခြင်း၌ရှင်း လိမ္မာကျွမ်း ကျင်သူ မကုန်မခန်း ဆန်းကြယ်သော ဉာဏ်အမြင်ရှိသူ ဆန်းကြယ်သော တရားစကားရှိသူ ကောင်းသောစကားရှိသူ သူတပါးတို့က ညှဉ်းဆဲနိုင်ခဲသူ ဖိနှိပ်နိုင်ခဲသူ ကျော်လွန်နိုင်ခဲသူ ပိတ်ပင် နိုင်ခဲသူ တားမြစ်နိုင်ခဲသူ သမုဒ္ဒရာပင်လယ်နှင့်တူ၍ သူတပါးတို့ မလှုပ်ချောက်နိုင်သူ မြင့်မိုရ်တောင် မင်းနှင့်တူ၍ တုန်လှုပ်ခြင်းကင်းသူ ကိလေသာကို စွန့်ပယ်ပြီးသူ မောဟမှောင်ကို နှုတ်ပယ်ပြီးသူ ပညာဉာဏ်ရောင်ကို ထွန်းပြောင်စေနိုင်သူ မြင့်မြတ်သော စကားကိုဆိုတတ်သူ သာသနာတော်မှ အပဖြစ်သော ဂိုဏ်း၏ အကြီးအမှူးအပေါင်းကို ဖျက်ချိုးနိုင်သူ သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့ကို နှိမ်နင်းနိုင်သူ ရဟန်း ရဟန်းမိန်းမ ဒါယကာ ဒါယိကာမ မင်း မင်း၏ အမတ်တို့သည် ရှိသေအပ်သူ အလေးမူအပ်သူ မြတ်နိုးအပ်သူ ပူဇော်အပ်သူ ကျိုးနွံအပ်သူ သင်္ကန်း ဆွမ်း ကျောင်း နေရာ သူနာအထောက်အပံ့ဖြစ်သော ဆေးပစ္စည်း ပရိက္ခရာတို့ကို ရလွယ်သူ မြတ်သောလာဘ်လာဘ မြတ်သော အခြံအရံကိုရသူ ဖြစ်၍ ကြီးပွါးလိုကုန် လိမ္မာလိုကုန် နားထောင်လိုက်နာခြင်းနှင့် ပြည့်စုံ ကုန်သောသူတို့အား အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား၏ သာသနာသုံးရပ်ဟူသော ရတနာ သုံးပါးကို ဟောပြောပြသလျက် တရားဟူသော ခရီးလမ်းကို ညွှန်ကြားဖော်ပြလျက် တရားဆီမီး တိုင်ကို ဆောင်ယူညှိထွန်းလျက် တရားယင်တိုင်ကို စိုက်ထောင်လျက် တရားယင်ကို ပူဇော်လျက် တရားအောင်လံကို မြှောက်ချီလျက် တရားတံခွန်ကို စိုက်ထူလျက် တရားခရုသင်းကို မှုတ်လျက် တရားစည်ကြီးကို ဆော်ရွမ်းတီးခတ်လျက် မကြောက်မရွံ့ ခြသေ့်သံကဲ့သို့ ဟိန်းဟောက်လျက် မိုးကြိုးသံကဲ့သို့ ကြုံးဝါးလျက် ချိုသာသောအသံဖြင့် ထစ်ချုန်းသော ဉာဏ်တည်းဟူသော မြတ်သော လျှပ်နွယ်ကွန်ရက်ဖြင့် ရှက်သန်း ရစ်ပတ်အပ်သော သနားခြင်းကရုဏာရေဖြင့် ပြည့်လျှံ သော ကြီးကျယ်လှစွာသော တရားအမြိုက်ဟူသော မိုးဖြင့် အလုံးစုံသော လူအပေါင်းကို ရောင့်ရဲ တင်းတိမ်စေလျက် ရွာ နိဂုံး မင်းနေပြည်တို့၌ လှည့်လည်လတ်သော် အစဉ်သဖြင့် သာဂလမြို့သို့ ရောက်တော်မူလာ၍ ရှစ်သောင်းသော ရဟန်းတို့နှင့်အတူတကွ ထိုသာဂလမြို့ သင်္ချေယျပရိဝုဏ် ၌ပင် နေတော်မူ၏၊ ထို့ကြောင့် ရှေးပဝေဏီမထေရ်မြတ်တို့သည် ဤသို့ မိန့်ဆိုကုန်၏—

“နာဂသေနမထေရ်သည် များစွာသော အကြားအမြင်လည်း ရှိ၏၊ ဆန်းကြယ်သော စကားလည်း ရှိ၏၊ သိမ်မွေ့နူးညွံ့ခြင်းလည်း ရှိ၏၊ ကြောက်ရွံ့ခြင်း မရှိ၊ပကတိအားဖြင့်လည်း ရဲရင့်၏၊ ဘာသာအယူ၌လည်း သိကျွမ်းလိမ္မာ၏၊ အရာဌာနတိုင်း၌ လိမ္မာ၏။

ပိဋကတ်သုံးပုံဆောင်သည်လည်းဖြစ်ကုန်သော နိကာယ်ငါးရပ်ကို ဆောင်သည်လည်း ဖြစ်ကုန်သော နိကာယ်လေးရပ်ကို ဆောင်သည်လည်း ဖြစ်ကုန်သော ထိုရဟန်းတို့သည် လည်း နာဂသေနမထေရ်ကို ဝန်းရံကုန်၏။

နက်နဲသောဉာဏ်ပညာရှိသော ထိုးထွင်းသောဉာဏ်ရှိသော နည်းလမ်းဟုတ် မဟုတ်၌ လိမ္မာကျွမ်းကျင်သော မြတ်သော အရဟတ္တဖိုလ်အကျိုးထူးသို့ အစဉ်ရောက်သော ပိဋကတ် ၌ ရရှိရင့်သော နာဂသေနမထေရ်သည်—သိမ်မွေ့သောပညာ ရှိကုန်သော မှန်ကန်သော

http://www.dhammadownload.com



စကားကို ဆိုလေ့ရှိကုန်သော ထိုရဟန်းအပေါင်းတို့ဖြင့် ဝန်းဝိုင်းခြံရံလျက် ရွှာနိဂုံးသို့ လှည့်လည်သည်ရှိသော် သာဂလမြို့သို့ ကပ်ရောက်လေ၏။

ထိုသာဂလမြို့သို့ ကပ်ရောက်သောအခါ၌ နာဂသေနမထေရ်သည် သင်္ချေယျပရိဝုဏ်၌ နေတော်မူ၏၊ ထိုနာဂသေနမထေရ်သည် တောင်လိုဏ်ဂူ၌ ခြင်္သေ့မင်းကဲ့သို့ လူအပေါင်းတို့နှင့် စကားဆွေးနွေး ပြောဆိုတော်မူ၏''ဟု (မိန့်ဆိုကုန်၏)။

၂၃။ ထိုအခါ ဒေဝမန္တိယအမတ်သည် မိလိန္ဒမင်းအား ''မင်းမြတ် အရှင်မင်းမြတ်သည် ဆိုင်းင့် တော်မူပါဦးလော့၊ မင်းမြတ် ပညာရှိသော လိမ္မာသော ထိုးထွင်းသော ဉာဏ်ရှိသော ဉာဏ်ဖြင့် ထိုးထွင်းနိုင်သော ရဲရင့်သော များသော အကြားအမြင်ရှိသော ဆန်းကြယ်သော တရားစကားရှိသော ကောင်းမြတ်သော ထိုးထွင်းဉာဏ်ရှိသော အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါ ပဋိဘာနပဋိသမ္ဘိဒါတို့၌ အထွတ်အထိပ်သို့ ရောက်သော နာဂသေန မည်သော မထေရ်သည် ရှိပါ၏၊ ထိုနာဂသေနမထေရ်သည် ယခုအခါ သင်္ချေယျပရိဝုဏ်၌ နေပါ၏၊ မင်းမြတ် အရှင်မင်းမြတ်သည် ကြွသွားတော်မူပါလော့၊ အသျှင်နာဂသေနကို ပြဿနာ မေးတော် မူပါလော့၊ ထိုအသျှင်နာဂသေနသည် အရှင်နှင့် အတူ ဖက်ပြိုင် ပြောဟောခြင်းငှါ အရှင်မင်းကြီး၏ ယုံမှား 'ကခ်ါ'ကို ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်ပါ၏''ဟု လျှောက်၏၊ ထိုအခါ မိလိန္ဒမင်းအား အဆော တလျင်''နာဂသေန''ဟူသော အသံကို ကြားရရုံမျှဖြင့်ပင်လျှင် ကြောက်ခြင်း ကိုယ်တုန်လှုပ်ခြင်း ကြက်သီးမွေးညင်း ထခြင်းဖြစ်၏၊ ထိုအခါ မိလိန္ဒမင်းသည် ဒေဝမန္တိယအမတ်ကို ဒေဝမန္တိယ အမတ် ''နာဂသေနရဟန်းသည် ငါနှင့် ဖက်ပြိုင် ပြောဟောခြင်းငှါ စွမ်းနိုင်အံ့လော''ဟု မေးမြန်း၏၊ ''မင်းမြတ် ဣန္ဒနတ် ယမနတ် ဝရုဏနတ် ကုဝေရနတ် ပဇာပတိနတ် သုယာမနတ် သန္တုသိတနတ် လောကပါလနတ်တို့နှင့် သော်၎င်း ဗြဟ္မာကြီးနှင့်သော်၎င်း ဖက်ပြိုင် ပြောဆိုခြင်းငှါ စွမ်းဆောင်နိုင်ပါ၏၊ လူချင်းချင်းဖြစ်သောသူနှင့်အတူ ဖက်ပြိုင် ပြောဆိုခြင်းငှါကား အဘယ့်ကြောင့် မစွမ်းဆောင်နိုင်ပဲ ရှိပါမည်နည်းဟု လျှောက်၏။

ထိုအခါ မိလိန္ဒမင်းသည် ဒေဝမန္တိယအမတ်အား ''ဒေဝမန္တိယ ထိုသို့ ဖြစ်လျှင် သင်သည် အသျှင်မြတ်၏ အထံသို့ တမန်စေလွှတ်လော့''ဟု မိန့်ဆို၏၊ ''မင်းမြတ် ကောင်းပါပြီ''ဟု ဒေဝမန္တိယ အမတ်သည် အသျှင်နာဂသေန အထံသို့ ''အသျှင်ဘုရား မိလိန္ဒမင်းသည် အသျှင်ဘုရားကို ဖူးမြင်လိုပါ၏''ဟု တမန်စေလွှတ်၏၊ အသျှင်နာဂသေနသည်လည်း ''သို့ဖြစ်လျှင် လာခဲ့လော့''ဟု (မိန့်တော်မူ၏)။

ထိုအခါ မိလိန္ဒမင်းသည် ယောနကအမတ် ငါးရာတို့ ခြံရံလျက် မြတ်သော ရထားကို တက်စီး၍ များစွာသော ဗိုလ်လူအပေါင်းနှင့်တကွ သင်္ချေယျပရိဝုဏ်ရှိ အသျှင်နာဂသေနထံသို့ ချဉ်းကပ်လေ၏။ ထိုအခါ အသျှင်နာဂသေနသည် ရှစ်သောင်းသော ရဟန်းနှင့်အတူ စည်းဝေးရာ တန်ဆောင်း၌ ထိုင်နေ၏။ မိလိန္ဒမင်းသည် အသျှင်နာဂသေန၏ ပရိသတ်ကို အဝေးမှပင် မြင်သောကြောင့် ဒေဝမန္တိယ အမတ်ကို ''ဒေဝမန္တိယအမတ် များလှသော ပရိသတ်သည် အဘယ်သူ၏ ပရိသတ်နည်း'' ဟု မေး၏။ မင်းမြတ် အသျှင်နာဂသေန၏ ပရိသတ်ပါတည်းဟု (လျှောက်၏)။

ထိုအခါ မိလိန္ဒမင်းအား အသျှင်နာဂသေန၏ ပရိသတ်ကို အဝေးမှပင်မြင်၍ ကြောက်ခြင်း ကိုယ်တုန်လှုပ်ခြင်း ကြက်သီးမွေးညင်း ထခြင်းဖြစ်၏။ ထိုအခါ မိလိန္ဒမင်းသည် ကြံ့သတ္တဝါတို့

http://www.dhammadownload.com



ဝန်းဝိုင်းမိသော ဆင်ပြောင်ကဲ့သို့ရင်း ဂဠုန်တို့ ဝန်းဝိုင်းမိသော နဂါးကဲ့သို့ရင်း စပါးကြီးမြွေ ဝန်းဝိုင်းမိသော မြေခွေးကဲ့သို့ရင်း ကျဲတို့ ဝန်းဝိုင်းမိသော ဝံသတ္တဝါကဲ့သို့ရင်း မြွေလိုက်ခံရသောဖားကဲ့သို့ရင်း ကျားသစ်လိုက်ခံရသော သမင်ကဲ့သို့ရင်း အလမ္မာယ်သမား လက်သို့ ရောက်သော မြွေကဲ့သို့ရင်း ကြောင်လက်သို့ ရောက်သော ကြွက်ကဲ့သို့ရင်း ဘုတ်မန္တရားတတ်သူ ပယောဂဆရာရှိရာသို့ ရောက်လာသော မြေဘုတ်ဘီလူးကဲ့သို့ရင်း ရာဟုခံတွင်းသို့ ရောက်သော လကဲ့သို့ရင်း ပခြုပ်တွင်းသို့ ရောက်သော မြွေကဲ့သို့ရင်း နှောင်ချိုင့်တွင်းသို့ ရောက်သော ငှက်ကဲ့သို့ရင်း ပိုက်ကွန်တွင်းသို့ ရောက်သော ငါးကဲ့သို့ရင်း သားရဲရှိသော တောအုပ်သို့ဝင်မိသော ယောကျ်ားကဲ့သို့ရင်း ဝေဿဝဏ်နတ်မင်းကို ပြစ်မှားမိသော နတ်ဘီလူးကဲ့သို့ရင်း နတ်သက် ကုန်ဆုံးသော နတ်သားကဲ့သို့ရင်း ကြောက်ရွံ့တုန်လှုပ် ထိတ်လန့် ချောက်ချားလျက် ကြက်သီးမွေးညင်းထကာ စိတ်ဖောက်ပြန်ခြင်း နှလုံးမသာခြင်းရှိလျက် တုန်လှုပ်သောစိတ် နိမ့်ကျသောစိတ်ထားရှိသည် ဖြစ်၍ ငါ့ကို ဤလူအပေါင်းသည် မနှိပ်စက်ပါစေသားဟု သတိကိုဖြစ်စေလျက် ဒေဝမန္တိယအမတ်ကို "ဒေဝမန္တိယအမတ် သင်သည် ငါ့အား ဤသူ အသျှင်နာဂသေနတည်းဟု မပြောကြားလင့်၊ မပြောကြားပဲသာလျှင် ငါသည် နာဂသေနကို သိအောင် ပြုအံ့"ဟု (မိန့်ဆို၏)။ မင်းမြတ် ကောင်းပါပြီ အရှင်မင်းမြတ်သည်သာလျှင် သိအောင် ပြုတော်မူပါလော့ဟု (လျှောက်၏)။

ထိုအခါ၌ အသျှင်နာဂသေနသည် ထိုရှစ်သောင်းသော ရဟန်းပရိသတ်ဝယ် ရှေ့ လေးသောင်းသော ရဟန်းတို့အောက် ငယ်၏၊ နောက် လေးသောင်းသော ရဟန်းတို့ထက် ကြီး၏။

ထိုအခါ မိလိန္ဒမင်းသည် ထိုအလုံးစုံသော ရဟန်း အပေါင်းကို ရှေ့မှရင်း နောက်မှရင်း အလယ်မှရင်း အစဉ်လှည့်လည် ကြည့်ရှုလတ်သော် ရဟန်းအပေါင်း၏ အလယ်၌ ခြင်္သေ့မင်းကဲ့သို့ ထိတ်လန့်မှုကင်းသည်ဖြစ်၍ ကြက်သီး မွေးညင်း ထခြင်း ကင်းလျက် လန့်ထိတ်တွန့်ရွံ့ခြင်း အလျှင်းမရှိပဲ ထိုင်နေသော နာဂသေနကို အဝေးမှပင် မြင်ရသော် ထိုနေဟန် အမူအရာဖြင့်ပင် "ဤပရိသတ်၌ ဤသူသည် နာဂသေနပင်တည်းဟု" သိလေ၏။

ထိုအခါ မိလိန္ဒမင်းသည် ဒေဝမန္တိယအမတ်ကို ဒေဝမန္တိယအမတ် "ဤသူပင် အသျှင်နာဂသေနပင်တည်း"ဟု ပြောဆို၏၊ မင်းမြတ် ဤသူသည်ပင် အသျှင်နာဂသေန ဟုတ်ပါ၏၊ မင်းမြတ် အရှင်မင်းမြတ်သည် ကောင်းစွာသာလျှင် အသျှင်နာဂသေနကို သိပေ၏ဟု ပြန်ကြား လျှောက်ထား၏။ ထို့နောက် မိလိန္ဒမင်းသည် "သူတပါး မပြောကြားပဲပင် ငါသည် အသျှင်နာဂသေနကို သိနိုင်ပေ၏" ဟု ကြည်ရွှင်ဝမ်းမြောက်မှုဖြစ်၏၊ ထိုအခါ မိလိန္ဒမင်းအား အသျှင်နာဂသေနကို မြင်ရသောကြောင့်သာလျှင် ကြောက်ခြင်း ကိုယ်တုန်လှုပ်ခြင်း ကြက်သီးမွေးညင်း ထခြင်း ဖြစ်တော့သည်သာတည်း။ ထို့ကြောင့် ရှေးပဝေဏီမထေရ်မြတ်တို့သည် ဤသို့ မိန့်ဆိုကုန်၏—

"မိလိန္ဒမင်းသည် နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အခြေပါဒ စရဏ တဆယ့်ငါးပါးနှင့်ပြည့်စုံသည်လည်း ဖြစ်သော လွန်မြတ်သော ဣန္ဒြေစောင့်ထိန်းခြင်း၌ ကောင်းစွာ ယဉ်ကျေးပြီးသည်လည်း ဖြစ်သော နာဂသေနမထေရ်ကို မြင်လတ်၍ ဤသို့သော စကားကို ပြောဆို၏။

http://www.dhammadownload.com



"ငါသည် များစွာသော ပညာရှိတို့ကို တွေ့မြင်ရ၍ စကားပြောဘူးလှကုန်ပြီ၊ များစွာသော ဆွေးနွေးပွဲတို့သို့ သက်ဝင်ဘူးလှပြီ၊ ယခုတကြိမ် ငါ့အား ထိတ်လန့်ခြင်းကဲ့သို့ ထိုထိတ်လန့်ခြင်းနှင့် တူစွာ ကြောက်၍ထိတ်လန့်ခြင်း မဖြစ်စဘူးချေ။

အကြင်သို့ ထိတ်လန့်သောကြောင့် ငါ၏ စိတ်သည် မတည်တံ့နိုင်၊ ထိုသို့ မတည်တံ့နိုင်အောင် ကြောက်လန့်သောကြောင့် ယခုတကြိမ် ငါ၏ရှုံးရခြင်းသည် ဧကန် မုချ ဖြစ်လတ္တံ့၊ နာဂသေန၏ အောင်မြင်ခြင်းသည် ဖြစ်လတ္တံ့သတည်း"ဟု ပြောဆို၏။

## ဗာဟိရကထာ ပြီး၏။

http://www.dhammadownload.com

# ၂-မိလိန္ဒပဉှာ

## ၁-မဟာဝဂ် ၁-ပညတ္တိပဉှာ

### (ဘွဲ့မည်တော်ကို မေးခြင်း)

၁။ ထိုအခါ မိလိန္ဒမင်းသည် အသျှင်နာဂသေနထံ ချဉ်းကပ်၍ အသျှင်နာဂသေနနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်တင့် လျောက်ပတ်သော နေရာ၌ ထိုင်နေ၏၊ အသျှင်နာဂသေနသည်လည်း ဝမ်းမြောက် ဝမ်းသာ ပြောကြားခြင်းဖြင့်ပင် မိလိန္ဒမင်း၏ စိတ်ကို နှစ်သိမ့်စေ၏။ ထိုအခါ မိလိန္ဒမင်းသည် အသျှင်နာဂသေနအား "အသျှင့်ကို အဘယ်သို့ သိအပ်ပါသနည်း၊အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ်အမည်ရှိပါသနည်း"ဟု လျှောက်၏။ မင်းမြတ် ငါ့ကို "နာဂသေန" ဟူ၍ သိအပ်၏၊ မင်းမြတ် ငါ့ကို "နာဂသေန"ဟူ၍ သီတင်းသုံးဖော်တို့က ခေါ်ကုန်၏၊ စင်စစ် သော်ကား "နာဂသေန"ဟူ၍ရင်း "သူရသေန"ဟူ၍ရင်း "ဝီရသေန"ဟူ၍ရင်း "သီဟသေန"ဟူ၍ရင်း အမိအဖတို့က အမည်မှည့်ကုန်၏၊ မင်းမြတ် ဤသို့မှည့်ကြပါကုန်သော်လည်း နာဂသေနဟူသောအမည်သည် ရေတွက်ခေါ်ဆိုခြင်းမျှသာတည်း သမုတ်ခြင်းမျှသာတည်း ပညတ်ခြင်းမျှသာတည်း ဝေါဟာရမျှသာတည်း အမည်မျှသာတည်း၊ ဤနာဂသေနဟူရာ၌ ပုဂ္ဂိုလ်ကို (ဉာဏ်ဖြင့်) ရှုကြည့်၍ မရနိုင်ဟု မိန့်ဆို၏။

ထိုအခါ မိလိန္ဒမင်းသည် ဤသို့ဆို၏ "ငါးရာကုန်သော ယောနကအမတ်တို့နှင့် ရှစ်သောင်းသော အသျှင်ရဟန်းတို့ အကျွန်ုပ်၏စကားကို နားထောင်တော်မူပါကုန်လော့၊ဤနာဂသေနသည် 'ဤနာဂသေနဟူရာ၌ ပုဂ္ဂိုလ်ကို (ဉာဏ်ဖြင့်)ရှုကြည့်၍ မရနိုင်' ဟု မိန့်ဆို၏၊ ထိုနာဂသေနမထေရ်စကားကို (ကောင်းပေ၏ဟု) နှစ်ခြိုက်ခြင်းငှါ လျှော်ကန်သင့်မြတ်နိုင်ပါမည်လော"ဟု တိုင်ကြားပြောဆို၏၊ ထို့နောက် မိလိန္ဒမင်းသည် အသျှင်နာဂသေနအား ဤစကားကို လျှောက်ထား၏– အသျှင်ဘုရားနာဂသေန ပုဂ္ဂိုလ်သတ္တဝါကို အကယ်၍ မရနိုင်သည်ဖြစ်အံ့၊ အဘယ်သူသည် အသျှင်ဘုရားတို့အား သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏အထောက်အပံ့ဆေးအသုံးအဆောင်ကို ပေးလှူပါသနည်း၊ အဘယ်သူသည် ထိုပေးလှူသော ပစ္စည်းကို သုံးဆောင်ပါသနည်း၊ အဘယ်သူသည် သီလကို စောင့်ထိန်းပါသနည်း၊အဘယ်သူသည် ဘာဝနာကို အားထုတ်ပါသနည်း၊အဘယ်သူသည် မဂ်ဖိုလ်နိဗ္ဗာန်တို့ကို မျက်မှောက်ပြုပါသနည်း၊အဘယ်သူသည် သတ္တဝါကို သတ်ပါသနည်း၊ အဘယ်သူသည် အရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူပါသနည်း၊ အဘယ်သူသည် ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်ကို ကျင့်ပါသနည်း၊ အဘယ်သူသည် မမှန်ချွတ်ယွင်းသော စကားကို ပြောဆိုပါသနည်း၊ အဘယ်သူသည် သေအရက်ကို သောက်ပါသနည်း၊ အဘယ်သူသည် မာတုဃာတကကံစသော ပဉ္စာနန္တရိယကံကို ပြုလုပ်ပါသနည်း၊ ထို့ကြောင့် ကုသိုလ်မည်သည် မရှိ၊အကုသိုလ်မည်သည် မရှိ၊ ကုသိုလ် အကုသိုလ်ကံတို့ကို ပြုလုပ်သူသည်ရင်း ပြုလုပ်စေသူသည်ရင်း မရှိပြီ၊ ကောင်းစွာပြုအပ် မကောင်းသဖြင့် ပြုအပ်သော ကံတို့၏ အကျိုးဝိပါက်သည် မရှိပြီ၊ အသျှင်ဘုရား နာဂသေန အကြင်သူသည် အသျှင်ဘုရားတို့ကို အကယ်၍ သတ်သည်ဖြစ်အံ့၊ ထိုသတ်သောသူအားလည်း ပါဏာတိပါတကံ မရှိတော့ပြီ၊ အသျှင်နာဂသေန အသျှင်ဘုရားတို့အားလည်း ဆရာသည် မရှိတော့ပြီ၊ ဥပဇ္ဈာယ်သည် မရှိတော့ပြီ၊ ပဉ္စင်းအဖြစ်သည် မရှိတော့ပြီ၊ "မင်းမြတ်

http://www.dhammadownload.com



သီတင်းသုံးဖော်တို့သည် ငါ့ကို နာဂသေန”ဟူ၍ ခေါ်ဝေါ် ကုန်၏ဟု ပြောဆိုသော အသျှင်ဘုရား ၏စကား၌ အဘယ်သည် နာဂသေနမည်ပါသနည်း၊ အသျှင်ဘုရား အသို့ပါနည်း၊ ဆံပင်တို့သည် နာဂသေနလောဟု မေးလျှောက်၏။

မင်းမြတ် (ဆံပင်သည်) နာဂသေန မမည်ချေ။ အမွေးတို့သည် နာဂသေနလော။ မင်းမြတ် အမွေးတို့သည် နာဂသေန မမည်ချေ။ ခြေသည်း လက်သည်းတို့သည်။ပ။သွားတို့သည်။အရေသည်။ အသားသည်။ အကြောသည်။ အရိုးသည်။ ခြင်ဆီသည်။ အညို့သည်။ နှလုံးသည်။ အသည်းသည်။ အမြှေးသည်။အဖျဉ်းသည်။ အဆုပ်သည်။ အူမသည်။ အူသိမ်သည်။ အစာသစ်သည်။ အစာဟောင်း သည်။သည်းခြေသည်။သလိပ်သည်။ပြည်သည်။သွေးသည်။ချွေးသည်။အဆီခဲသည်။မျက်ရည်သည်။ ဆီကြည်သည်။ တံထွေးသည်။ နှပ်သည်။ အစေးသည်။ ကျင်ငယ်သည်။ပ။ ဦးထိပ်၌ ဦးနှောက်သည် နာဂသေနမည်ပါသလော။ မင်းမြတ် ဦးနှောက်သည် နာဂသေန မမည်ချေ။ အသျှင်ဘုရား အသို့ ပါနည်း၊ ရုပ်သည် နာဂသေနမည်ပါသလော။ မင်းမြတ် ရုပ်သည် နာဂသေန မမည်ချေ။ ဝေဒနာ သည် နာဂသေန မည်ပါသလော။ မင်းမြတ် ဝေဒနာသည် နာဂသေန မမည်ချေ။ သညာသည် နာဂသေန မည်ပါသလော။မင်းမြတ် သညာသည် နာဂသေန မမည်ချေ။သင်္ခါရတို့သည် နာဂသေန မည်ပါသလော။ မင်းမြတ် သင်္ခါရတို့သည် နာဂသေန မမည်ချေ။ဝိညာဏ်သည် နာဂသေန မည်ပါ သလော။ မင်းမြတ် ဝိညာဏ်သည် နာဂသေန မမည်ချေ။ အသျှင်ဘုရား အသို့ပါနည်း၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်သည် နာဂသေန မည်ပါသလော။ မင်းမြတ် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်သည် နာဂသေန မမည်ချေ။ အသျှင်ဘုရား အသို့ပါနည်း၊ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်မှတပါးသော တရားသည် နာဂသေန မည်ပါသလော။ မင်းမြတ် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်မှတပါးသော တရားသည် နာဂသေန မမည်ချေ။ အသျှင်ဘုရား အကျွန်ုပ်သည် မေးတိုင်းမေးတိုင်း ထိုနာဂသေနကို မမြင်ရပါ၊ အသျှင်ဘုရား နာဂသေနဟု ပြောဆို သောအသံသည်ပင် နာဂသေန မည်ပါသလော။မင်းမြတ် နာဂသေနဟု ပြောဆိုသောအသံသည်ပင် နာဂသေန မမည်ပါ။ ဤအရာ၌ အဘယ်သည် နာဂသေန မည်ပါသနည်း၊ အသျှင်ဘုရား အသျှင်ဘုရားသည် မမှန်ချွတ်ယွင်းသောစကားကို ဆိုဘိ၏၊ နာဂသေနသည် မရှိချေဟုကားဟု (လျှောက်၏)။

ထိုအခါ အသျှင်နာဂသေနသည် မိလိန္ဒမင်းအား ဤစကားကို ဆို၏“မင်းမြတ် သင်မင်းမြတ် သည် မင်းမျိုးတို့၏ နူးညံ့ခြင်းရှိ၍ စင်စစ် နူးညံ့လှ၏၊ မင်းမြတ် သင်မင်းမြတ်သည် မွန်းတည့်ရှိန်ရှိန် ပူလောင်လှသော မြေအပြင်ဝယ် ပူပြင်းလှသော သဲပြင် ကြမ်းထမ်းသော ကျောက်စရစ်ခဲ အိုးခြမ်း ကွဲ၌နင်း၍ ခြေဖြင့်လာခဲ့ရလျှင် ခြေထောက်တို့သည် ကျင်နာ ကျိန်းစပ်ကုန်လိမ့်မည်၊ ကိုယ်သည် ပင်ပန်းပေလိမ့်မည်၊ စိတ်သည် ညှိုးနွမ်းပေလိမ့်မည်၊ ဆင်းရဲနှင့် တကွသော ကာယဝိညာဏ်စိတ် သည် ဖြစ်ပေါ်ပေလိမ့်မည်၊ အသို့နည်း၊ သင်မင်းမြတ်သည် ခြေဖြင့် လာခဲ့သလော၊ သို့မဟုတ် ယာဉ်ဖြင့် လာခဲ့သလော”ဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် ခြေဖြင့် မလာခဲ့ပါ၊ ရထားဖြင့် လာခဲ့ပါ၏။မင်းမြတ် သင်မင်းမြတ်သည် ရထားဖြင့် လာခဲ့သည်ဖြစ်အံ့၊ငါ့အား ရထားကို ပြောကြားပါလော့၊မင်းမြတ် အသို့နည်း၊ရထားသန်သည် ရထားပေလော။မဟုတ်ပါ အသျှင်ဘုရား။ ဝင်ရိုးသည် ရထားပေလော။မဟုတ်ပါ အသျှင်ဘုရား။ရထားဘီးတို့သည် ရထားပေလော။မဟုတ်ပါ အသျှင်ဘုရား။ ရထားအိမ်သည် ရထားပေလော။ မဟုတ်ပါ အသျှင်ဘုရား။ ရထားထောက်သည် ရထားပေလော။ မဟုတ်ပါ အသျှင်ဘုရား။ ထမ်းပိုးတုံးသည် ရထားပေလော။ မဟုတ်ပါ

http://www.dhammadownload.com



အသျှင်ဘုရား။ ကြိုးတို့သည် ရထားပေလော။ မဟုတ်ပါ အသျှင်ဘုရား။ နှင်တံကြိမ်လုံးသည် ရထားပေလော။ မဟုတ်ပါ အသျှင်ဘုရား။ မင်းမြတ် အသို့နည်း၊ ရထားသန် ဝင်ရိုး ရထားဘီး ရထားအိမ် ရထားထောက် ထမ်းပိုးတုံး ကြိုး နှင်တံ ကြိမ်လုံးတို့သည် ရထားပေလော။ မဟုတ်ပါ အသျှင်ဘုရား။ မင်းမြတ် အသို့နည်း၊ ရထားသန် ဝင်ရိုး ရထားဘီး ရထားအိမ် ရထားထောက် ထမ်းပိုးတုံး ကြိုး နှင်တံ ကြိမ်လုံးတို့ကို ထား၍ ရထားရှိသလော။ မရှိပါ အသျှင်ဘုရား။ မင်းမြတ် ငါသည် သင်မင်းမြတ်ကို မေးတိုင်း မေးတိုင်း ရထားကို မမြင်တွေ့ရ၊ မင်းမြတ် ရထားဟု ခေါ်ဝေါ်ပြောဆိုသော အသံသည်ပင် ရထားလေလော။ မဟုတ်ပါ အသျှင်ဘုရား။ ဤအရာ၌ အဘယ်သည် ရထားပေနည်း၊ မင်းမြတ် သင်မင်းမြတ်သည် မမှန်ချွတ်ယွင်းသော စကားကို ဆိုဘိ၏၊ ရထားသည် မရှိချေတကား၊ မင်းမြတ် သင်မင်းမြတ်သည် ဇမ္ဗူဒိပ်တကျွန်းလုံး၌ မြတ်သောမင်းဖြစ်ပေ၏၊ သို့ဖြစ်ပါလျက် အဘယ်သူကို ကြောက်၍ မမှန်သော စကားကို ဆိုတဲ့ဘိသနည်း၊ ငါးရာကုန်သော ယောနကအမတ်တို့နှင့် ရှစ်သောင်းသော ရဟန်းတို့ အကျွန်ုပ်၏ စကားကို နားထောင်ကြကုန်လော့၊ ဤမိလိန္ဒမင်းသည် "ရထားနှင့် အကျွန်ုပ် လာခဲ့ပါ၏ဟု ပြောဆိုဘိ၏၊ မင်းမြတ် သင်သည် အကယ်၍ ရထားနှင့် လာခဲ့သည်ဖြစ်အံ့၊ 'ငါ့အား ရထားကို ပြောကြားပါလော့'ဟု ဆိုလတ်သော် ရထားကို ပြည့်စုံအောင် မပြောဆိုနိုင်၊ ထိုမိလိန္ဒမင်း၏ စကားကို နှစ်သက်ခြင်းငှါ သင့်ပါအံ့လော"ဟု ပြောဆို၏။ ဤသို့ ပြောဆိုသည်ရှိသော် ငါးရာသော ယောနကအမတ်တို့သည် အသျှင်နာဂသေနအား ကောင်းချီးပေး၍ မိလိန္ဒမင်းကို "မင်းမြတ် ယခုအခါ သင်မင်းမြတ်သည် စွမ်းနိုင်သည်ရှိသော် ဆိုတော်မူပါလော့"ဟု လျှောက်ကုန်၏။

ထိုအခါ မိလိန္ဒမင်းသည် အသျှင်နာဂသေနကို "အသျှင်ဘုရားနာဂသေန အကျွန်ုပ်သည် မမှန်စကားကို ဆိုသည် မဟုတ်ပါ၊ ရထားသန်ကိုရင်း ရထားဝင်ရိုးကိုရင်း ရထားဘီးတို့ကိုရင်း ရထားအိမ်ကိုရင်း ရထားထောက်ကိုရင်း အစွဲပြု၍ ရထားဟူသော အရေအတွက် ရထားဟု သမုတ်ခြင်း ရထားဟူသော ပညတ်ခြင်း ရထားဟူသော အခေါ်အဝေါ် ရထားဟူသော အမည်မျှသာ ဖြစ်ပါ၏"ဟု လျှောက်၏။ မင်းမြတ် သင်မင်းမြတ်သည် ရထားကို ကောင်းစွာ သိပါပေ၏၊ မင်းမြတ် ဤအတူသာလျှင် ဆံပင်တို့ကိုရင်း အမွေးတို့ကိုရင်း။ပ။ ဦးထိပ်၌ ဦးနှောက်ကိုရင်း အစွဲပြု၍ ရုပ်ကိုရင်း ဝေဒနာကိုရင်း သညာကိုရင်း သင်္ခါရတို့ကိုရင်း ဝိညာဏ်ကိုရင်း အစွဲပြု၍ ငါ့အားလည်း နာဂသေနဟူသော အရေအတွက် နာဂသေနဟု သမုတ်ခြင်း နာဂသေနဟူသော ပညတ် နာဂသေနဟူသော အခေါ်အဝေါ် နာဂသေနဟူသော အမည်မျှသာ ဖြစ်ပေ၏၊ စင်စစ်သော်ကား ဤနာဂသေနဟူရာ၌ မဖောက်မပြန် မှန်သော အနက်သဘောအားဖြင့် ပုဂ္ဂိုလ် သတ္တဝါကို မရကောင်းပေ၊ မင်းမြတ် ဝဇိရာမည်သော ဘိက္ခုနီသည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌—

"ရထားသန် ဝင်ရိုး ထမ်းပိုးစသော ရထား၏ အစိတ်အပိုင်း အဆောက်အဦကြောင့် ရထားဟူသော သဒ္ဒပညတ်သည် ဖြစ်သကဲ့သို့ ဤအတူ ရူပက္ခန္ဓာစသော ခန္ဓာတို့ ရှိကုန်လတ်သော် သတ္တဝါဟူသော သမုတ်ခြင်း သတ္တဝါဟူသော အခေါ်အဝေါ် သတ္တဝါဟူသော ပညတ်တရားသည် ဖြစ်ရလေ၏"ဟု မြွက်ဆို ကျူးရင့်အပ်၏။

အသျှင်ဘုရားနာဂသေန အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရားနာဂသေန မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ အလွန်ဆန်းကြယ်ကုန်သော ပြဿနာမေးခွန်းစကားတို့ကို ဖြေဆိုတော်မူအပ်ပါကုန်၏၊ မြတ်စွာဘုရားသည် အကယ်၍ ထင်ရှားရှိပါမူကား "နာဂသေန ကောင်းပေစွ ကောင်းပေစွ၊ အလွန်

http://www.dhammadownload.com



ဆန်းကြယ်ကုန်သော ပြဿနာမေးခွန်းစကားတို့ကို ဖြေဆိုအပ်ကုန်၏”ဟု ကောင်းချီးပေးရာပါ၏ဟု (လျှောက်၏)။

ရှေးဦးစွာသော ပညတ္တိပဥှာ ပြီး၏။

## ၂-ဝဿဂဏနပဥှာ

### (သိက္ခာတော်ကို မေးခြင်း)

၂။ အသျှင်ဘုရားနာဂသေန အသျှင်ဘုရားသည် ဝါတော် အဘယ်မျှ ရှိပါသနည်းဟု လျှောက်၏။ မင်းမြတ် ငါသည် ခုနစ်ဝါ ရှိပါပြီဟု မိန့်ဆို၏။ အသျှင်ဘုရား ထိုခုနစ်ဝါတို့သည် အဘယ်သည်တို့ပါနည်း၊ အသျှင်ဘုရားသည်မှုလည်း ခုနစ်ဝါတို့ပါလော၊ အရေအတွက်ဂဏန်းတို့သည်မှုလည်း ခုနစ်ဝါတို့ပါလောဟု လျှောက်၏။

ထိုဝါကို မေးနေစဉ်အခါ၌ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်၍ တန်ဆာဆင်ခြင်းနှင့် ဆက်စပ်သော မိလိန္ဒမင်း၏ ကိုယ်ရိပ်သည် မြေ၌လည်း ထင်၏၊ ရေအိုးကြီး၌လည်း ထင်၏။ ထိုအခါ အသျှင်နာဂသေနသည် မိလိန္ဒမင်းအား “မင်းမြတ် သင်မြတ်၏ ဤကိုယ်ရိပ်သည် မြေ၌ရှင်း ရေအိုးကြီး၌ရှင်း ထင်၏၊ မင်းမြတ် မေးပါအံ့၊ သင်မင်းမြတ်သည်မှုလည်း မိလိန္ဒမင်းလော၊ ကိုယ်ရိပ်သည်မှုလည်း မိလိန္ဒမင်းလောဟု မေး၏။ အသျှင်ဘုရားနာဂသေန အကျွန်ုပ်သည်သာ မိလိန္ဒမင်းပါတည်း၊ ဤကိုယ်ရိပ်သည် မိလိန္ဒမင်း မဟုတ်ပါ၊ စင်စစ်သော်ကား အကျွန်ုပ်ကို မှီ၍ ကိုယ်ရိပ်သည် ဖြစ်ပါ၏ဟု လျှောက်၏။ မင်းမြတ် ဤအတူသာလျှင် သိက္ခာဝါ အရေအတွက်တို့သည် ခုနစ်ဝါတို့ပေတည်း၊ ငါသည်ကား ခုနစ်ဝါမဟုတ်ချေ၊ စင်စစ်သော်ကား ငါ့ကို မှီ၍ ခုနစ်ခုအရေအတွက်သည် ဖြစ်၏၊ မင်းမြတ် အရိပ်လျှင် ဥပမာရှိ၏ဟု မိန့်တော်မူ၏။ အသျှင်ဘုရားနာဂသေန အံ့ဖွယ်ရှိပါပေစွ၊အသျှင်ဘုရားနာဂသေန မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အလွန်ဆန်းကြယ်သော ပြဿနာမေးခွန်းစကားတို့ကို ဖြေကြားတော်မူပါပေ၏ဟု (လျှောက်၏)။

နှစ်ခုမြောက် ဝဿဂဏနပဥှာ ပြီး၏။

## ၃-ဝီမံသနပဥှာ

### (စုံစမ်းလျှောက်မေးခြင်း)

၃။ မိလိန္ဒမင်းသည် “အသျှင်ဘုရားနာဂသေန အကျွန်ုပ်နှင့်အတူတကွ တိုင်ပင်ပြောဆိုပါအံ့လော”ဟု လျှောက်၏။ မင်းမြတ် သင်သည် ပညာရှိတို့၏ တိုင်ပင် ပြောဆိုခြင်းမျိုးကို အကယ်၍ တိုင်ပင် ပြောဆိုသည်ဖြစ်အံ့၊ တိုင်ပင်ပြောဆိုပါအံ့၊ မင်းတို့၏ တိုင်ပင်ပြောဆိုခြင်းမျိုးကို အကယ်၍ တိုင်ပင်ပြောဆိုသည်ဖြစ်အံ့၊ မတိုင်ပင် မပြောဆိုလိုဟု မိန့်ဆို၏။ အသျှင်ဘုရားနာဂသေန ပညာရှိတို့သည် အဘယ်သို့လျှင် တိုင်ပင်ပြောဆိုပါကုန်သနည်းဟု လျှောက်၏။ မင်းမြတ် စင်စစ် ပညာရှိတို့၏ တိုင်ပင်ပြောဆိုရာ၌ စကားဖြင့် ရစ်ပတ်ချည်နှောင်ခြင်းကိုလည်း ပြုလုပ်အပ်၏၊ တုံ့ပြန်ဖြေချွတ်ခြင်းကိုလည်း ပြုလုပ်အပ်၏၊ နှိပ်နင်းရှုတ်ချခြင်းကိုလည်း ပြုလုပ်အပ်၏၊ မြှင့်တင်ခြီးမြှောက်ခြင်းကိုလည်း ပြုလုပ်အပ်၏၊ အကျွမ်းတဝင်ကိုလည်း ပြုလုပ်အပ်၏၊ သူ၏ အတုံ့အပြန် အကျွမ်းတဝင်ကိုလည်း ပြုလုပ်အပ်၏၊ ထိုသို့ပြုလုပ်ခြင်းကြောင့် ပညာရှိတို့သည် အမျက်လည်း မထွက်ကုန်၊ မင်းမြတ် ပညာရှိတို့သည် ဤသို့လျှင် တိုင်ပင်ပြောဆိုကုန်၏ ဟု မိန့်ဆို၏။ အသျှင်

http://www.dhammadownload.com



ဘုရား မင်းတို့သည် အဘယ်သို့လျှင် တိုင်ပင်ပြောဆိုကုန်ပါသနည်းဟု လျှောက်၏။ မင်းမြတ် မင်းတို့သည် တိုင်ပင်ပြောဆိုသောအခါ၌ အကြောင်းတခုကို ဝန်ခံခွင့်ပြုကုန်၏၊ အကြင်သူသည် ထိုအကြောင်းကို ချုတ်ယွင်းစေ၏၊ "ဤသူ့အား ဒဏ်တပ်ကုန်လော့"ဟု ထိုသူ့အား ဒဏ်ထား ကုန်၏၊ မင်းမြတ် ဤသို့လျှင် မင်းတို့သည် တိုင်ပင်ပြောဆိုကုန်၏ ဟု မိန့်ဆို၏။ အသျှင်ဘုရား အကျွန်ုပ်သည် ပညာရှိတို့၏ တိုင်ပင်ပြောဆိုခြင်းမျိုးဖြင့် တိုင်ပင်ပြောဆိုပါအံ့၊ မင်းတို့၏ တိုင်ပင် ပြောဆိုခြင်းမျိုးဖြင့် မတိုင်ပင် မပြောဆိုပါ၊ အသျှင်မြတ်သည် ရဲရဲဝံ့ဝံ့ တိုင်ပင်ပြောဆိုတော်မူပါ၊ ရဟန်းနှင့်ငှင်း သာမဏေနှင့်ငှင်း ဒါယကာနှင့်ငှင်း အရံစောင့်နှင့်ငှင်း အတူတကွ တိုင်ပင်ပြောဆို သကဲ့သို့ ထို့အတူ အသျှင်မြတ်သည် ရဲရဲဝံ့ဝံ့ တိုင်ပင်ပြောဆိုတော်မူပါ မကြောက်ပါလင့် ဟု လျှောက်၏။ "မင်းမြတ် ကောင်းလှပြီ"ဟု နာဂသေနမထေရ်သည် ဝမ်းမြောက်တော်မူ၏။

မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန မေးပါအံ့"ဟု လျှောက်၏။ မင်းမြတ် မေးလော့။ အသျှင်ဘုရား အကျွန်ုပ် မေးအပ်ပါပြီ။ မင်းမြတ် ဖြေအပ်ပြီ။ အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ်ကို ဖြေအပ်ပါသနည်းဟု မေးလျှောက်သော် မင်းမြတ် သင်သည် အဘယ်ကို မေးအပ် သနည်းဟု မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဝိမံသနပဥှာ ပြီး၏။

---

## ၄-အနန္တကာယပဥှာ

### (အနန္တကာယအမတ်၏ လျှောက်ထားမေးမြန်းချက်)

၄။ ထိုအခါ မိလိန္ဒမင်းအား ဤသို့သော အကြံအစည်ဖြစ်၏ "ဤရဟန်းသည် ပညာရှိ၏၊ ဤရဟန်းသည် ငါနှင့်အတူ တိုင်ပင်ပြောဆိုခြင်းငှါ စွမ်းနိုင်၏၊ စင်စစ်သော်ကား များပြားသော မေးမြန်းဖွယ် အကြောင်းအရာတို့ကို ပြည့်စုံစွာ မမေးရသေးပဲပင် နေဝင်လတ္တံ့၊ ငါသည် နက်ဖြန် နန်းတွင်း၌ လျှောက်ထားပြောဆိုရမူကား ကောင်းလေစွ"ဟု (အကြံအစည်ဖြစ်၏)။ ထိုအခါ မိလိန္ဒမင်းသည် ဒေဝမန္တိယအမတ်အား ဒေဝမန္တိယအမတ် သို့ဖြစ်လျှင် သင်သည် အသျှင်မြတ် အား "နက်ဖြန် နန်းတွင်း၌ မင်းနှင့်အတူ ပြောဆိုဆွေးနွေးခြင်းသည် ဖြစ်ပါလိမ့်မည်"ဟု လျှောက်ထား ပြောဆိုချေလော့ဟု မိန့်တော်မူ၏၊ မိလိန္ဒမင်းသည် ဤစကားကို မိန့်တော်မူပြီး၍ နေရာမှထကာ နာဂသေနမထေရ်ကို ပန်ကြား၍ ရထားစီးလျက် နာဂသေန နာဂသေနဟု တတွတ်တွတ်မြွက်ဆိုလျက် ဖဲသွားလေ၏။

ထိုအခါ ဒေဝမန္တိယအမတ်သည် အသျှင်နာဂသေနအား "အသျှင်ဘုရား မိလိန္ဒမင်းသည် နက်ဖြန်နန်းတွင်း၌ ဘုရင်မင်းမြတ်နှင့်အတူ ပြောဆိုဆွေးနွေးခြင်းသည် ဖြစ်ပါလိမ့်မည်ဟု မိလိန္ဒ မင်းက ပြောဆိုပါသည်"ဟူ၍ လျှောက်၏။ မထေရ်သည် "ကောင်းပြီ" ဟု ဝမ်းမြောက်၏။ ထို့နောက် ထိုညဉ့်လွန်သောအခါ ဒေဝမန္တိယအမတ်သည်ငှင်း အနန္တကာယအမတ်သည်ငှင်း မင်္ကုရ အမတ်သည်ငှင်း သဗ္ဗဒိန္နအမတ်သည်ငှင်း မိလိန္ဒမင်းထံသို့ ချဉ်းကပ်ကုန်ပြီးသော် မိလိန္ဒမင်းကို "မင်းမြတ် အသျှင်နာဂသေနသည် ကြွလာစေအံ့လော"ဟု လျှောက်တင်ကြကုန်၏။ ကြွလာပါစေ ဟု မိန့်တော်မူ၏။ အဘယ်မျှလောက်သော ရဟန်းတို့နှင့်အတူ ကြွလာစေရအံ့နည်းဟု လျှောက် တင်ကြကုန်၏။ အလိုရှိသမျှ ရဟန်းတို့နှင့်အတူ ကြွလာစေလော့ဟု (မိန့်ဆို၏)။

ထိုအခါ သဗ္ဗဒိန္နအမတ်သည် "မင်းမြတ် တကျိပ်သောရဟန်းတို့နှင့်အတူ ကြွလာစေရမည်လော" ဟု လျှောက်၏။ နှစ်ကြိမ်တိုင်အောင်လည်း မိလိန္ဒမင်းသည် အလိုရှိသမျှ ရဟန်းတို့နှင့်အတူ ကြွလာ

http://www.dhammadownload.com



စေလော့”ဟု မိန့်ဆို၏။ နှစ်ကြိမ်တိုင်အောင်လည်း သဗ္ဗဒိန္နအမတ်သည် “မင်းမြတ် တကျိပ်သော ရဟန်းတို့နှင့်အတူ ကြွလာစေရမည်လော”ဟု လျှောက်၏။ သုံးကြိမ်မြောက်လည်း မိလိန္ဒမင်းသည် “အလိုရှိသမျှသော ရဟန်းတို့နှင့်အတူ ကြွလာစေလော့”ဟု မိန့်ဆို၏။ သုံးကြိမ်မြောက်သည်း သဗ္ဗဒိန္နအမတ်သည် “တကျိပ်သော ရဟန်းတို့နှင့်အတူ ကြွလာစေရမည်လော” ဟု လျှောက်၏။ အလုံးစုံသော ဤပူဇော်သက္ကာရကို စီရင်ပြီးပြီ၊ “အလိုရှိသမျှသော ရဟန်းတို့နှင့်အတူ လာစေလော့”ဟု ငါမိန့်ဆိုပါလျက် အချင်းတို့ ဤသဗ္ဗဒိန္နအမတ်သည် တမျိုးတမည်အားဖြင့် လျှောက်တင်နေ၏၊ ငါတို့သည် ရဟန်းတို့အား ဘောဇဉ်ကို ပေးလှူခြင်းငှါ မစွမ်းနိုင်ကုန်သလောဟု မိန့်ဆို၏။ ဤသို့ မိန့်ဆိုသည်ရှိသော် သဗ္ဗဒိန္နအမတ်သည် မျက်နှာမသာ ဖြစ်လေ၏။

ထိုအခါ၌ ဒေဝမန္တိယအမတ်သည်၎င်း အနန္တကာယအမတ်သည်၎င်း မင်္ကုရအမတ်သည်၎င်း အသျှင်နာဂသေနထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်နာဂသေနကို အသျှင်ဘုရား မိလိန္ဒမင်းသည် “အလိုရှိသမျှသော ရဟန်းတို့နှင့်အတူ ကြွလာတော်မူပါလော့”ဟူ၍ ပြောဆိုပါသည်ဟု လျှောက်ထားကုန်၏။ ထိုအခါ အသျှင်နာဂသေနသည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ရှစ်သောင်းသော ရဟန်းတို့နှင့်အတူ သာဂလမြို့သို့ ဝင်တော်မူ၏။

ထိုအခါ အနန္တကာယအမတ်သည် အသျှင်နာဂသေနကို ကပ်မှီသွားစဉ် အသျှင်နာဂသေနကို “အသျှင်ဘုရားနာဂသေန မေးလျှောက်ပါရစေ၊ ‘နာဂသေန’ ဟူသော ဤစကား၌ အဘယ်သည် နာဂသေနဖြစ်ပါသနည်းဟု လျှောက်၏။ အသျှင်နာဂသေနမထေရ်သည် “ဤနာဂသေန ဆိုရာ၌ အဘယ်ကိုနာဂသေနဟူ၍ သင်မှတ်ထင်သနည်း”ဟု ဆို၏။ အသျှင်ဘုရား ကိုယ်တွင်း၌ လေဟုဆိုအပ်သော အကြင်အသက်သည် အတွင်းသို့လည်း ဝင်ပါ၏၊ အပသို့လည်း ထွက်ပါ၏၊ ထိုဝင်ချည် ထွက်ချည်ဖြစ်သော အသက်သည် ‘နာဂသေနဖြစ်၏’ဟူ၍ မှတ်ထင်ပါသည်”ဟု လျှောက်၏။ ဤအသက်ခေါ်သောလေသည် အပသို့ထွက်ပြီးသော် ဤလေသည် ထွက်ပြီးလျှင် အကယ်၍ အတွင်းသို့ မဝင်ခဲ့မူ အတွင်းသို့ ဝင်ပြီး၍ အပသို့မထွက်ခဲ့မူ ထိုယောကျ်ားသည် အသက်ရှင်နိုင်ရာအံ့လောဟု မေး၏။ အသျှင်ဘုရား အသက်မရှင်နိုင်ရာပါ။ အကြင်ခရုသင်းမှုတ်တတ်ကုန်သော သူတို့သည် ခရုသင်းကို မှုတ်ကုန်၏၊ ထိုခရုသင်းမှုတ်သူတို့၏ ထွက်လေသည် ပြန်ဝင်သေးသလော။ ပြန်မဝင်ပါ အသျှင်ဘုရား၊ အကြင် ပြွေမှုတ်တတ်သော သူတို့သည် ပြွေကို မှုတ်ကုန်၏၊ ထိုပြွေမှုတ်သူတို့၏ ထွက်လေသည် ပြန်ဝင်သေးသလော။ ပြန်မဝင်ပါ အသျှင်ဘုရား၊ အကြင် တံပိုး မှုတ်တတ်သောသူတို့သည် တံပိုးကို မှုတ်ကုန်၏၊ ထိုသူတို့၏ ထွက်လေသည် ပြန်ဝင်သေးသလော။ ပြန်မဝင်ပါ အသျှင်ဘုရား။ထိုသို့ဖြစ်လျက် သူတို့သည် အဘယ့်ကြောင့် မသေရကုန်သနည်းဟု(မိန့်တော်မူ၏)။ အကျွန်ုပ်သည် စကားကပ်ပြောတတ်သော အသျှင်ဘုရားနှင့်အတူ ပြောဆိုခြင်းငှါ မစွမ်းနိုင်ပါ၊ အသျှင်ဘုရား တောင်းပန်ပါ၏ လိုအပ်သောအနက်အဓိပ္ပါယ်ကို ဟောကြားဖြေဆိုတော်မူပါလော့ ဟု(လျှောက်၏)။ဤ သင် ပြောသော လေသည် အသက်မဟုတ်၊ ဤလေတို့ကား ကာယသင်္ခါရ ဟူသော စတုသမုဋ္ဌာနိက ရုပ်အပေါင်းသည် ပြုပြင်စီမံအပ်ကုန်သော ထွက်သက်ဝင်သက်တို့ပေတည်းဟု မထေရ်သည် သခ်ီရိယမိုက်လာ အဘိဓမ္မာတရား စကားကို ဖြေရှင်းမိန့်ကြားတော်မူ၏။ ထို့နောက် အနန္တကာယအမတ်သည် ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာ အဖြစ်ကို လျှောက်ကြား၏။

လေးခုမြောက် အနန္တကာယပဉှာ ပြီး၏။

http://www.dhammadownload.com



## ၅-ပဗ္ဗဇ္ဇပဥ္စာ

### (ရဟန်းပြုခြင်းဆိုင်ရာ ပြဿနာ)

၅။ ထိုအခါ အသျှင်နာဂသေနသည် မိလိန္ဒမင်း နန်းတော်သို့ ချဉ်းကပ်ပြီးသော် ခင်းထားသော နေရာ၌ ထိုင်နေ၏၊ ထိုအခါ မိလိန္ဒမင်းသည် ပရိသတ်နှင့် တကွသော အသျှင်နာဂသေနကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်ဝိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေး၍ တပါးတပါးသော ရဟန်းအား သင်္ကန်းတစုံစီ တစုံစီ ဆက်ကပ် လှူဒါန်း၍ အသျှင်နာဂသေနအား တိစီဝရိက်သင်္ကန်းကို ဆက်ကပ် လှူဒါန်းပြီးလျှင် "အသျှင်ဘုရားနာဂသေန ရဟန်းတော် ဆယ်ပါးတို့နှင့် အတူတကွ ဤနန်းတော်၌ ထိုင်နေတော်မူခဲ့ပါကုန်၊ ကြွင်းသော ရဟန်းတော်တို့သည် ကြွကြပါစေကုန်"ဟု အသျှင်နာဂသေနအား လျှောက်ထား၏။

ထိုအခါ မိလိန္ဒမင်းသည် အသျှင်နာဂသေန ဆွမ်းစားပြီး၍ သပိတ်မှလက်ကို ဖယ်ပြီးသောအခါ နိမ့်သော ထိုင်နေစရာတခုကို ယူ၍ သင့်တင့် လျောက်ပတ်သော နေရာ၌ ထိုင်နေ၏၊ သင့်တင့် လျောက်ပတ်သော နေရာ၌ ထိုင်ပြီးသော မိလိန္ဒမင်းသည် အသျှင်နာဂသေနကို "အသျှင်ဘုရား နာဂသေန အဘယ်အရာမျိုး၌ စကားပြောဟောခြင်းသည် ဖြစ်ပါအံ့နည်း"ဟု လျှောက်၏။ မင်းမြတ် ငါတို့သည် အကျိုးစီးပွါးကို အလိုရှိကုန်၏၊ အကျိုးစီးပွါးနှင့် စပ်ယှဉ်သောအရာ၌ စကားပြောဟောခြင်း ဖြစ်ပါစေလော့ဟု (မိန့်တော်မူ၏)။

မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အသျှင်ဘုရားတို့၏ ရဟန်းအဖြစ်သည် အဘယ် အကျိုးရှိပါသနည်း၊ အသျှင်ဘုရားတို့ တောင့်တအပ် မြတ်သော အကျိုးကား အဘယ်ပါနည်း" ဟု မေးလျှောက်၏။ နာဂသေနမထေရ်သည် "မင်းမြတ် ဤသံသရာဆင်းရဲသည် အဘယ်သို့သော နည်းနာအကြောင်းဖြင့် ချုပ်ငြိမ်းရာအံ့နည်း၊ ဤယခုဖြစ်ရသော ဒုက္ခမှ တပါးသော ဆင်းရဲဒုက္ခမျိုးသည် မကပ်ရောက် မဖြစ်ပေါ်ရာအံ့နည်းဟု ကြံစည်၍ ရဟန်းပြုကြရကား ငါတို့၏ ရဟန်း အဖြစ်သည် ဤပြဆိုခဲ့သည့် အကျိုးရှိ၏၊ ထို့ပြင် ငါတို့ တောင့်တအပ် မြတ်သောအကျိုးသည် တဏှာဒိဋ္ဌိ ကပ်ငြိစွဲလမ်းခြင်း မရှိမူ၍ တဏှာညွတ်မှ လွတ်မြောက်ရခြင်းပင်တည်း"ဟု ဖြေကြားတော်မူ၏။

အသျှင်နာဂသေန မေးလျှောက်ပါဦးအံ့ ရဟန်းအားလုံးတို့သည်ပင် ဤပြဆိုခဲ့သည့် အကျိုးငှါ ရဟန်းပြုကြပါကုန်သလောဟု မေးလျှောက်၏။ မင်းမြတ် အချို့သော သူတို့သည် ဤပြဆိုခဲ့သည့် အကျိုးငှါ ရဟန်းပြုသည် မဟုတ်ကုန်၊ အချို့သော သူတို့သည် မင်းနှိပ်စက်ကုန်၍ ရဟန်းပြုကုန်၏၊ အချို့သော သူတို့သည် ခိုးသူနှိပ်စက်ကုန်၍ ရဟန်းပြုကုန်၏၊ အချို့သော သူတို့သည် ကြွေးမြီ နှိပ်စက်ကုန်၍ ရဟန်းပြုကုန်၏၊ အချို့သော သူတို့သည် အသက်မွေးဝမ်းကျောင်းအလို့ငှါ ရဟန်း ပြုကုန်၏၊ အထူးအားဖြင့် အကြင်သူတို့သည် ကောင်းစွာ ရဟန်းပြုကုန်၏၊ ထိုသူတို့သည် ဤပြဆို ခဲ့သည့်အကျိုးငှါ ရဟန်းပြုကုန်၏ဟု ဖြေကြားတော်မူ၏။

အသျှင်ဘုရား အသျှင်ဘုရားသည်ကား ဤပြဆိုခဲ့သည့် အကျိုးငှါ ရဟန်း ပြုပါသလောဟု မေးလျှောက်၏။ မင်းမြတ် ငါသည်ကား ငယ်ငယ်ရွယ်ရွယ်ကပင် ရဟန်းပြု၏၊ ဤမည်သောနိဗ္ဗာန် ၏ အကျိုးငှါ ရဟန်းပြု၏ဟု ငါမသိ၊ အကြောင်းမှန်သော်ကား "ဤသာကီဝင်မင်းသား ဘုရား သားတော် ရဟန်းတို့သည် ပညာရှိကုန်၏၊ ထိုပညာရှိ ရဟန်းတို့သည် ငါ့ကို သင်ကြားပေးကုန် လတ္တံ့"ဟု ငါ့အား အကြံအစည်ဖြစ်၏၊ ထိုငါသည် ထိုသာကီဝင်မင်းသား ဘုရားသားတော်

http://www.dhammadownload.com



ရဟန်းတို့က သင်ကြားပေးရကား "ဤမည်သော နိဗ္ဗာန်အကျိုးငှါ ရဟန်းပြုရ၏" ဟု သိလည်း သိရ၏ မြင်လည်း မြင်ရ၏ဟု မိန့်တော်မူ၏။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ငါးခုမြောက် ပဗ္ဗဇ္ဇပဉှာ ပြီး၏။

---

## ၆-ပဋိသန္ဓိပဉှာ

(ပဋိသန္ဓေ နေမနေ ပြဿနာ)

၆။ မိလိန္ဒမင်းသည်"အသျှင်ဘုရားနာဂသေန သေလွန်ပြီး၍ တဖန်ပဋိသန္ဓေ မနေသောသူ တစုံတယောက်ရှိပါသလော"ဟု မေးလျှောက်၏။ နာဂသေနမထေရ်သည် အချို့သော သူသည် တဖန် ပဋိသန္ဓေနေ၏၊ အချို့သော သူသည် တဖန် ပဋိသန္ဓေမနေ"ဟု ဖြေကြားတော်မူ၏။ အဘယ်သူသည် တဖန် ပဋိသန္ဓေနေပါသနည်း၊ အဘယ်သူသည် တဖန် ပဋိသန္ဓေမနေပါသနည်း။ မင်းမြတ် ကိလေသာရှိသူသည် တဖန် ပဋိသန္ဓေနေ၏၊ ကိလေသာ မရှိသူသည် တဖန် ပဋိသန္ဓေမနေ။ အသျှင်ဘုရားနာဂသေန အသျှင်ဘုရားသည်ကား ပဋိသန္ဓေ နေလတ္တံ့ပါလော။ မင်းမြတ် အကယ်၍ ငါသည် ဥပါဒါန် ရှိသေးသည် ဖြစ်အံ့၊ တဖန် ပဋိသန္ဓေ နေရလတ္တံ့၊ အကယ်၍ ဥပါဒါန် မရှိသည် ဖြစ်အံ့၊ တဖန်ပဋိသန္ဓေ မနေရလတ္တံ့ဟု မိန့်တော်မူ၏။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ခြောက်ခုမြောက် ပဋိသန္ဓိပဉှာ ပြီး၏။

---

## ၇-ယောနိသော မနသိကာရ ပဉှာ

(ယောနိသောမနသိကာရ ပြဿနာ)

၇။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ပဋိသန္ဓေ မနေရသူသည် အသင့် အတင့် နှလုံးသွင်းမှု ယောနိသော မနသိကာရကြောင့် ပဋိသန္ဓေ မနေရသည် မဟုတ်ပါလော"ဟု မေးလျှောက်၏။ မင်းမြတ် ယောနိသော မနသိကာရကြောင့်ရင်း ပညာဉာဏ်ကြောင့်ရင်း တပါးသော သဒ္ဓါစသော ကုသိုလ်တရားတို့ကြောင့်ရင်း ပဋိသန္ဓေ မနေရဟု ဖြေကြားတော်မူ၏။ အသျှင်ဘုရား ယောနိသောမနသိကာရသည်ပင် ပညာမဟုတ်ပါလော ဟု မေးလျှောက်၏။ မင်းမြတ် ယောနိသောမနသိကာရသည် ပညာ မဟုတ်ချေ၊ ယောနိသောမနသိကာရသည် တပါးတခြား ပညာသည် တပါးတခြားသာတည်း။ မင်းမြတ် ကေန်အားဖြင့် ဤဆိတ်မြန်မာ ဆိတ်ကုလား နွား ကျွဲ ကုလားအုတ် မြည်း သတ္တဝါတို့အားလည်း မနသိကာရသည်ရှိ၏၊ ထိုသတ္တဝါတို့အား ပညာကား မရှိချေဟု ဖြေကြားတော်မူ၏။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ခုနစ်ခုမြောက် ယောနိသောမနသိကာရပဉှာ ပြီး၏။

http://www.dhammadownload.com



## ၈-မနသိကာရလက္ခဏပဥှာ

(မနသိကာရလက္ခဏာ ပြဿနာ)

၈။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန မနသိကာရသည် အဘယ်လက္ခဏာရှိပါသနည်း၊ ပညာသည် အဘယ်လက္ခဏာရှိပါသနည်း"ဟု မေးလျှောက်၏။ မင်းမြတ် မနသိကာရသည် ရုံးစုခြင်းလက္ခဏာရှိ၏၊ ပညာသည် ပိုင်းဖြတ်ခြင်းလက္ခဏာရှိ၏ ဟု (ဖြေကြား၏)။

မနသိကာရသည် အဘယ်သို့လျှင် ရုံးစုခြင်းလက္ခဏာရှိပါသနည်း၊ ပညာသည် အဘယ်သို့လျှင် ပိုင်းဖြတ်ခြင်းလက္ခဏာရှိပါသနည်း၊ ဥပမာပြုတော်မူပါဦးလော့ ဟု (လျှောက်၏)။ မင်းမြတ် မုယောစပါးရိတ်သမားတို့ကို သင် သိပါ၏လော။ သိပါ၏ အသျှင်ဘုရား။ မင်းမြတ် မုယောစပါးရိတ်သမားတို့သည် မုယောစပါးကို အဘယ်သို့ ရိတ်ကုန်သနည်း။ အသျှင်ဘုရား လက်ဝဲလက်ဖြင့် မုယောစပါးဆုပ်ကို ကိုင်ဆုပ်၍ လကျာလက်ဖြင့် တံစဉ်ကို ကိုင်ဆုပ်ပြီးလျှင် တံစဉ်ဖြင့် ရိတ်ဖြတ်ပါကုန်၏။

မင်းမြတ် မုယောစပါးရိတ်သမားသည် လက်ဝဲလက်ဖြင့် မုယောစပါးဆုပ်ကို ကိုင်ဆုပ်၍ လကျာလက်ဖြင့် တံစဉ်ကို ကိုင်ဆုပ်ပြီးလျှင် မုယောစပါးကို ရိတ်ဖြတ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်သည် မနသိကာရဖြင့် စိတ်ကို ဖမ်းယူဆုပ်ကိုင်၍ ပညာဖြင့် ကိလေသာတို့ကို ပိုင်းဖြတ်၏၊ မင်းမြတ် ဤသို့လျှင် မနသိကာရသည် ရုံးစုခြင်းလက္ခဏာရှိ၏၊ ပညာသည် ပိုင်းဖြတ်ခြင်းလက္ခဏာရှိ၏ဟု (ဖြေကြားတော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ရှစ်ခုမြောက် မနသိကာရလက္ခဏပဥှာ ပြီး၏။

---

## ၉-သီလလက္ခဏပဥှာ

(သီလလက္ခဏာ ပြဿနာ)

၉။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန 'ယောနိသောမနသိကာရ ပညာမှ တပါးသော ကုသိုလ်တရားတို့ကြောင့်' ဟူသော အကြင်စကားကို မိန့်တော်မူဘိ၏၊ ထိုဆိုခဲ့ပြီး ကုသိုလ်တရားတို့သည် အဘယ်တို့ပါနည်း" ဟု မေးလျှောက်၏။ မင်းမြတ် သီလ သဒ္ဓါ ဝီရိယ သတိ သမာဓိ ဤတရားတို့သည် ထိုဆိုခဲ့ပြီး ကုသိုလ်တရားတို့ပေတည်း ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား သီလသည် အဘယ်လက္ခဏာရှိပါသနည်း ဟု (လျှောက်၏)။ မင်းမြတ် သီလသည် ကုသိုလ်တရားအားလုံးတို့၏ တည်ရာ မှီရာလက္ခဏာရှိ၏၊ သီလသည် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင် သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဈာန် ဝိမောက္ခ သမာဓိ သမာပတ်ဟူသော ဗောဓိပက္ခိယတရား ကုသိုလ်များတို့၏ တည်ရာမှီရာဖြစ်၏၊ မင်းမြတ် သီလ၌ တည်သော ကမ္မဋ္ဌာန်းအားထုတ်သူ ပုဂ္ဂိုလ်သည် သီလကိုမှီ၍ သီလ၌တည်၍ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ ဟူသော ဣန္ဒြေငါးပါးတို့ကို ပွါးများ၏၊ ကုသိုလ်တရားအားလုံးတို့သည် မဆုတ်မယုတ်ကုန်ဟု (ဖြေကြားတော်မူ၏)။ ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပွါးခြင်းသို့ ရောက်ကုန်သော ဗီဇဂါမ် ဘူတဂါမ် ဟူသမျှအားလုံးတို့သည် မြေပြင်ကိုမှီ၍ မြေပြင်၌တည်၍ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပွါးခြင်းသို့ ရောက်ရကုန်သကဲ့သို့

http://www.dhammadownload.com



မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်သည် သီလကိုမှီ၍ သီလ၌တည်၍ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေဟူသော ဣန္ဒြေငါးပါးတို့ကို ပွါးများ၏ဟု (ဖြေကြားတော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် အားအင်ဖြင့် ပြုလုပ်အပ်သော အမှုမျိုးဟူသမျှအားလုံးတို့ကို မြေပြင်ကိုမှီ၍ မြေပြင်၌တည်၍ ပြုလုပ်အပ်ကုန် သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်သည် သီလကိုမှီ၍ သီလ၌တည်၍ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေဟူသော ဣန္ဒြေငါးပါးတို့ကို ပွါးများ၏ဟု (ဖြေကြားတော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် မြို့ကိုတည် ဆောက်သော ဗိသုကာလက်သမားသည် မြို့ကို တည်ဆောက် ဖန်ဆင်းလိုသော် ရှေးဦးစွာ မြို့နေရာကို သုတ်သင် ရှင်းလင်းစေပြီးမှ သစ်ငုတ် ဆူးငြောင့်ကို ပယ်နုတ်စေလျက် မြေကို ညီညီ ညွတ်ညွတ် ပြုလုပ်စေပြီးလျှင် ထိုသို့ သုတ်သင် မြေညှိပြီး နောက်အဘို့၌ လမ်းမ လမ်းခွ လမ်းဆုံ စသည် ပိုင်းခြားသဖြင့် ဝေဖန်ကာ မြို့ကို တည်ဆောက်ဖန်ဆင်းသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်သည် သီလကိုမှီ၍ သီလ၌တည်၍ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေဟူသော ဣန္ဒြေငါးပါးတို့ကို ပွါးများ၏ဟု (ဖြေကြား တော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ ဟု (လျှောက်၏)။ မင်းမြတ် ကချေသမားသည် ကချေအတတ်ကို ပြလိုလတ်သော် မြေကို တူးစေ၍ ကျောက်စရစ်အိုးခြမ်းကွဲကို ဖယ်ရှားစေပြီးမှ မြေကို ညီညီညွတ်ညွတ် ပြုလုပ်စေပြီးလျှင် နူးညံ့သိမ်မွေ့သော မြေပြင်၌ အတတ်ကိုပြသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်သည် သီလကိုမှီ၍ သီလ၌တည်၍ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေဟူသော ဣန္ဒြေငါးပါးတို့ကို ပွါးများ၏။ မင်းမြတ် မြတ်စွာဘုရားသည်—

"ကမ္မဇတိဟိတ် ပဋိသန္ဓေပညာရှိ၍ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော ရင့်ကျက်သော ပါရိဟာရိယပညာရှိသော သံသရာဘေးကို ရှုလေ့ရှိသော သူသည် သီလ၌တည်၍ သမာဓိစိတ်ကိုရင်း ဝိပဿနာပညာကိုရင်း ပွါးများစေလျက် ဤ အတွင်း အပ နှစ်ဝသော တဏှာအရှုပ်အထွေးကို ဖြေရှင်းနိုင်ရာ၏"ဟု (ဟောတော်မူ၏)။

"မြေသည် သတ္တဝါအပေါင်းတို့၏ တည်ရာဖြစ်သကဲ့သို့ မြတ်သော ပါတိမောက်၌ အကျုံးဝင်သော ဤသီလအစုသည် ကုသိုလ်တရားတို့၏ တည်ရာ မှီရာဖြစ်၏၊ ဤသီလသည် ကုသိုလ်ပွါးစီးခြင်း၏ အရင်းအမြစ်လည်း ဖြစ်၏၊ ဤသီလသည် အလုံးစုံသော မြတ်စွာ ဘုရား၏ ဩဝါဒအဆုံးအမအပေါင်း၌ တံခါးပေါက်ဝ ပမာဏအချက်လည်း ဖြစ်ပေ၏"ဟု (သံယုတ္တနိကာယ်၌ ဟောလည်း ဟောအပ်ပြီဟု ဖြေကြားတော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ကိုးခုမြောက် သီလလက္ခဏပဉှာ ပြီး၏။

http://www.dhammadownload.com



## ၁၀-သမ္ပသာဒနလက္ခဏသဒ္ဓါပဥှာ

**(သဒ္ဓါ၏ကြည်လင်ခြင်းလက္ခဏာ ပြဿနာ)**

၁၀။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန သဒ္ဓါသည် အဘယ်လက္ခဏာရှိပါသနည်း"ဟု မေးလျှောက်၏။ မင်းမြတ် သဒ္ဓါသည် ကြည်လင် စေခြင်းလက္ခဏာလည်း ရှိ၏၊ ကုသိုလ်အဘို့သို့ ပြေးဝင်ခြင်းလက္ခဏာလည်း ရှိ၏ဟု ဖြေကြားတော်မူ၏။ အသျှင်ဘုရား သဒ္ဓါသည် အဘယ်သို့လျှင် ကြည်လင်စေခြင်း လက္ခဏာ ရှိပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် သဒ္ဓါ ဖြစ်သည်ရှိသော် နီဝရဏတို့ကို ကင်းကွာစေ၏၊ နီဝရဏကင်းသောစိတ်သည် ကြည်လင်၏၊ အထူးသဖြင့် သန့်စင်၏၊ မနောက်ကျု။ မင်းမြတ် ဤသို့လျှင် သဒ္ဓါသည် ကြည်လင်စေခြင်း လက္ခဏာရှိ၏ဟု ဖြေကြားတော်မူ၏။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် စကြဝတေးမင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်နှင့်အတူ ရှည်လျားဝေးကွာသော ခရီးသို့ကြွချီထွက်သွားသော် အနည်းငယ်သော ရေကို ဖြတ်ကူးရာ၏၊ ထိုရေသည် ဆင် မြင်း ရထား ခြေသည်တို့ လှုပ်ရှားသွားလာသည် ဖြစ်၍ နောက်ကျုသည် ညစ်ကျုသည် ရွံ့ညွန်သဖွယ်ဖြစ်သည်ဖြစ်ရာ၏၊ စစ်အင်္ဂါလေးပါး ဖြတ်ကူးပြီးသော် စကြဝတေးမင်းသည် "အချင်းတို့ သောက်ရေကို ဆောင်ယူ ဆက်ကြကုန်လော့၊ ရေသောက်အံ့"ဟု လူတို့ကို စေခိုင်းရာ၏၊ ရေကို ကြည်လင် စေတတ်သော မင်း၏ ပတ္တမြားသည်လည်း ရှိသည်ဖြစ်ရာ၏။ "မင်းမြတ် ကောင်းပါပြီ"ဟု ဤသို့လျှင် ထိုလူတို့သည် စကြဝတေးမင်းအား တုံ့ပြန်လျှောက်ထား၍ ရေကိုကြည်လင်စေတတ်သော ထိုပတ္တမြားကို ရေ၌ ထည့်ကုန်ရာ၏၊ ထိုပတ္တမြားကို ရေ၌ ထည့်ကာမျှပင် မှော်ကြီး မှော်သေး မှော်ညိုသည် ကင်းပျောက်ရာ၏၊ ညွန်နှစ်သည်လည်း နစ်မြုပ်ရာ၏၊ ရေသည် ကြည်လင်သည် အထူးသဖြင့် သန့်စင်သည် မနောက်ကျုသည် ဖြစ်ရာ၏၊ ထိုနောင်မှ စကြဝတေးမင်းအား"မင်းမြတ် သောက်တော်ရေကို သောက်တော်မူပါလော့"ဟု သောက်ရေကို ဆက်ကပ်ကုန်ရာ၏။

မင်းမြတ် ရေကဲ့သို့ စိတ်ကို မှတ်အပ်၏၊ ထိုလူတို့ကဲ့သို့ ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်ကို မှတ်အပ်၏၊ မှော်ကြီး မှော်သေး မှော်ညိုကဲ့သို့ရင်း ညွန်ကဲ့သို့ရင်း ကိလေသာတို့ကို မှတ်အပ်ကုန်၏၊ ရေကို ကြည်လင်စေတတ်သော ပတ္တမြားကဲ့သို့ သဒ္ဓါကို မှတ်အပ်၏၊ ရေကို ကြည်လင် စေတတ်သော ပတ္တမြားကို ရေ၌ထည့်ကာမျှပင် မှော်ကြီး မှော်သေး မှော်ညိုကင်းရာသကဲ့သို့ရင်း ညွန်နှစ်သည်လည်း နစ်မြုပ်ရာသကဲ့သို့ရင်း ရေသည် ကြည်လင်သည် အထူးသဖြင့် သန့်စင်သည် မနောက်ကျုသည် ဖြစ်ရာသကဲ့သို့ရင်း သဒ္ဓါ ဖြစ်သည်ရှိသော် နီဝရဏတို့ကို ဖယ်ရှား၏၊ နီဝရဏမှ ကင်းသော စိတ်သည် ကြည်လင်၏၊ အထူးသဖြင့် သန့်စင်၏၊ မနောက်ကျု၊ မင်းမြတ် ဤသို့လျှင် သဒ္ဓါသည် ကြည်လင်စေခြင်း လက္ခဏာရှိ၏ဟု ဖြေကြားတော်မူ၏။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ဆယ်ခုမြောက် သမ္ပသာဒနလက္ခဏသဒ္ဓါပဥှာ ပြီး၏။

http://www.dhammadownload.com



## ၁၁-သမ္မကန္ဒနလက္ခဏသဒ္ဓါပဉှာ

### (သဒ္ဓါ၏ပြေးဝင်ခြင်းလက္ခဏာ ပြဿနာ)

၁၁။ အသျှင်ဘုရားနာဂသေန သဒ္ဓါသည် အဘယ်သို့လျှင် ပြေးဝင်ခြင်း လက္ခဏာရှိပါသနည်းဟု(မေးလျှောက်၏)။ မင်းမြတ် ကမ္မဋ္ဌာန်း အားထုတ်သော ပုဂ္ဂိုလ်သည် တပါးသောသူတို့၏ ကိလေသာမှ လွတ်မြောက်သော စိတ်ကို ရှုမြင်၍ သောတာပတ္တိဖိုလ်၌ရင်း သကဒါဂါမိဖိုလ်၌ရင်း အနာဂါမိဖိုလ်၌ရင်း အရဟတ္တဖိုလ်၌ရင်း ကောင်းစွာ ပြေးဝင်၏၊ မရောက်သေးသော မဂ်ဖိုလ်သို့ ရောက်ခြင်းငှါ မရသေးသော မဂ်ဖိုလ်ကို ရခြင်းငှါ မျက်မှောက်မပြုရသေးသော မဂ်ဖိုလ်ကို မျက်မှောက်ပြုရခြင်းငှါ အားထုတ်မှုကို ပြုလုပ်၏၊ မင်းမြတ် ဤသို့လျှင် သဒ္ဓါသည် ပြေးဝင်ခြင်း လက္ခဏာ ရှိ၏ဟု မြေကြားတော်မူ၏။

ဥပမာ ပြုတော်မူပါဦးလော့ဟု လျှောက်၏။ မင်းမြတ် တောင်ထက်၌ မိုးကြီးသည်းထန်စွာ ရွာသွန်းရာ၏၊ ထိုမိုးရေသည် ချိုင့်ဝှမ်းရာ အတိုင်း စီးဆင်းလျက် တောင်မြောင် ချောက်ကြား ချောင်းလက်တက်တို့ကို ပြည့်လျှံစေ၍ မြစ်ကို ပြည့်စေရာ၏၊ ထိုမြစ်သည် ကမ်းနှစ်ဖက်တို့ကို လျှံတက်ယိုစီး၍ သွားရာ၏၊ ထိုစဉ်အခါ၌ လူများအပေါင်းသည် လာ၍ ထိုမြစ်၏ တိမ်သည့်အဖြစ်ကိုရင်း နက်သည့်အဖြစ်ကိုရင်း မသိသဖြင့် ကြောက်သည်ဖြစ်၍ တွန့်ဆုတ်လျက် ကမ်းနား၌ ရပ်တည်နေရာ၏၊ ထိုစဉ်အခါ၌ တယောက်သော ယောကျ်ားသည် လာလတ်၍ မိမိအားအင်ကိုရင်း သတ္တိအစွမ်းကိုရင်း ကောင်းစွာမြင်သဖြင့် မြဲစွာ ခါးတောင်းကျိုက်လျက် မြစ်သို့ သက်ဆင်း၍ ကူးရာ၏၊ ထိုကူးနေသော ယောကျ်ားကို မြင်သည်ရှိသော် လူများအပေါင်းသည်လည်း ကူးရာသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း အားထုတ်သော ပုဂ္ဂိုလ်သည် တပါးသော သူတို့၏ ကိလေသာမှ လွတ်မြောက်သော စိတ်ကို ရှုမြင်၍ သောတာပတ္တိဖိုလ်၌ရင်း သကဒါဂါမိဖိုလ်၌ရင်း အနာဂါမိဖိုလ်၌ရင်း အရဟတ္တဖိုလ်၌ရင်း ကောင်းစွာသက်ဝင်၏၊ မရောက်သေးသော မဂ်ဖိုလ်သို့ ရောက်ခြင်းငှါ မရသေးသော မဂ်ဖိုလ်ကို ရခြင်းငှါ မျက်မှောက် မပြုရသေးသော မဂ်ဖိုလ်ကို မျက်မှောက် ပြုရခြင်းငှါ အားထုတ်မှုကိုပြုလုပ်၏၊ မင်းမြတ် ဤသို့လျှင် သဒ္ဓါသည် ပြေးဝင်ခြင်း လက္ခဏာရှိ၏ဟု မြေကြားတော်မူ၏။ မင်းမြတ် မြတ်စွာဘုရားသည် သံယုတ္တနိကာယ်မြတ်၌—

"သဒ္ဓါတရားဖြင့် ဝဋ်ဩဃသမုဒ္ဒရာကြီးကို 'ကူးခတ်လွန်မြောက်နိုင်၏၊မမေ့မလျော့ခြင်း သတိတရားဖြင့် သံသရာပင်လယ်ကြီးကို ကူးခတ်လွန်မြောက်နိုင်၏၊လုံ့လအားထုတ်ခြင်းဖြင့် ဆင်းရဲမျိုးအပေါင်းကို လွန်မြောက်နိုင်၏၊ ပညာဖြင့် စင်ကြယ်နိုင်၏"ဟူသော ဤစကားကိုလည်း ဟောကြားတော်မူအပ်၏ဟု သာဓကေ ဆောင်၍ မိန့်တော်မူ၏။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ ဟု (လျှောက်၏)။

တဆယ့်ထခုမြောက် သမ္မကန္ဒနလက္ခဏသဒ္ဓါပဉှာ ပြီး၏။

http://www.dhammadownload.com



## ၁၂-ဝီရိယလက္ခဏပဉှာ

### (ဝီရိယလက္ခဏာ ပြဿနာ)

၁၂။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ဝီရိယသည် အဘယ်လက္ခဏာ ရှိပါသနည်း"ဟု မေးလျှောက်၏။ မင်းမြတ် ဝီရိယသည် ထောက်ကန်ခြင်း လက္ခဏာရှိ၏၊ ဝီရိယ ထောက်ကန်အပ်ကုန်သော ကုသိုလ်တရားအားလုံးတို့သည် မဆုတ်ယုတ်ကြကုန်ဟု ဖြေကြားတော်မူ၏။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ယောကျ်ားသည် အိမ်ပြိုကျသည်ရှိသော် အခြားသော သစ်ဖြင့် ထောက်ကန်ထားရာ၏၊ ထောက်ကန်ထားသည်ရှိသော် ထိုအိမ်သည် မပြိုကျရာသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ဝီရိယသည် ထောက်ကန်ထားခြင်း လက္ခဏာရှိ၏၊ ဝီရိယဖြင့် ထောက်ကန်ထားအပ်ကုန်သော ကုသိုလ်တရားအားလုံးတို့သည် မဆုတ်ယုတ်ကြကုန်ဟု (ဖြေကြားတော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် အနည်းငယ်သော စစ်သည်ကို များပြားသော စစ်သည်သည် ဖျက်ဆီးရာ၏၊ ထိုသို့ဖျက်ဆီးသောအခါ၌ မင်းသည် အချင်းချင်း သတိပေးရာ၏၊ ထပ်ပို့ဖြည့်စွက်ရာ၏၊ မိမိ၏အနည်းငယ်သော စစ်သည်အား တပ်ကူစစ်အင်အားကို ဖြည့်စွက်ပေးရာ၏၊ထိုတပ်ကူစစ်အင်အားနှင့် တကွ အနည်းငယ်သော စစ်သည်သည် များစွာသော စစ်သည်ကို ဖျက်ဆီးရာသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ဝီရိယသည် ချီးမြှောက်ထောက်ကန်ထားခြင်း လက္ခဏာရှိ၏၊ ဝီရိယဖြင့် ထောက်ကန်ထားအပ်ကုန်သော ကုသိုလ်တရားအားလုံးတို့သည် မဆုတ်ယုတ်ကုန်။မင်းမြတ် မြတ်စွာဘုရားသည် "ရဟန်းတို့ လုံ့လနှင့်ပြည့်စုံသော အရိယာဘပည့်သည် အကုသိုလ်ကို ပယ်စွန့်၏၊ကုသိုလ်ကို ပွါးများ၏၊ အပြစ်ရှိသည်ကို ပယ်စွန့်၏၊ အပြစ်ကင်းသည်ကို ပွါးများ၏၊ကိလေသာမှ စင်ကြယ်သော မိမိကိုယ်ကို ဆောင်ရာ၏"ဟု ဤစကားကိုလည်း ဟောကြားတော်မူအပ်၏ဟု (သာဓကဆောင်၍ မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ထဆယ့်နှစ်ခုမြောက် ဝီရိယလက္ခဏပဉှာ ပြီး၏။

---

## ၁၃-သတိလက္ခဏပဉှာ

### (သတိလက္ခဏာ ပြဿနာ)

၁၃။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန သတိသည် အဘယ်လက္ခဏာရှိပါသနည်း"ဟု မေးလျှောက်၏။ မင်းမြတ် သတိသည် မပျောက်ပျက်စေခြင်း လက္ခဏာလည်းရှိ၏၊ သိမ်းဆည်းခြင်း လက္ခဏာလည်းရှိ၏ဟု (ဖြေကြားတော်မူ၏)။အသျှင်ဘုရား သတိသည် အဘယ်သို့လျှင် မပျောက်ပျက်စေခြင်း လက္ခဏာရှိပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် သတိဖြစ်သည်ရှိသော် ကုသိုလ် အကုသိုလ် အပြစ်ရှိ အပြစ်မဲ့ အယုတ် အမြတ် မည်းညစ်ဖြူစင်သော အဘို့ရှိသော တရားတို့ကို "ဤတရားတို့ကား သတိပဋ္ဌာန်လေးပါးတို့တည်း၊ ဤတရားတို့ကား သမ္မပ္ပဓာန်လေးပါးတို့တည်း၊ ဤတရားတို့ကား ဣဒ္ဓိပါဒ်လေးပါးတို့တည်း၊ ဤတရားတို့ကား ဣန္ဒြေငါးပါးတို့တည်း၊ ဤတရားတို့ကား ဗိုလ်ငါးပါးတို့တည်း၊ ဤတရားတို့ကား ဗောဇ္ဈင်ခုနစ်ပါးတို့တည်း၊ ဤတရားကား

http://www.dhammadownload.com



အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တည်း၊ ဤတရားကား သမထတည်း၊ဤတရားကား ဝိပဿနာတည်း၊ ဤတရားကား ဝိဇ္ဇာတည်း၊ ဤတရားကား ဝိမုတ္တိတည်း”ဟု မပျောက်ပျက်စေတတ်၊ ထိုသို့ မပျောက်ပျက်စေတတ်သောကြောင့် ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်သည် မှီဝဲသင့်သော တရားတို့ကို မှီဝဲ၏၊ မမှီဝဲသင့်သောတရားတို့ကို မမှီဝဲ၊ ဆည်းကပ်သင့်သောတရားတို့ကို ဆည်းကပ်၏၊ မဆည်းကပ်သင့်သော တရားတို့ကို မဆည်းကပ်။ မင်းမြတ် ဤသို့လျှင် သတိသည် မပျောက်ပျက်စေခြင်း လက္ခဏာရှိ၏ဟု (ဖြေကြားတော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် စကြဝတေးမင်း၏ ဘဏ္ဍာစိုးသည် စကြဝတေးမင်းကို ညဉ့်တိုင်း နံနက်တိုင်း “မင်းမြတ် သင်မင်းမြတ်၏ ဆင်တို့သည် ဤမျှရှိကုန်၏၊ မြင်းတို့သည် ဤမျှရှိကုန်၏၊ ရထားတို့သည် ဤမျှရှိကုန်၏၊ ခြေသည်တို့သည် ဤမျှရှိကုန်၏၊ ငွေသည် ဤမျှရှိ၏၊ ရွှေသည် ဤမျှရှိ၏၊ ဥစ္စာဘဏ္ဍာအစုသည် ဤမျှရှိ၏၊ ထိုစည်းစိမ်ကို အရှင်မင်းမြတ်သည် အောက်မေ့တော်မူပါလော့”ဟု စည်းစိမ်ကို အောက်မေ့စေလျက် မင်း၏ဥစ္စာဘဏ္ဍာအစုကို မပျောက်ပျက်စေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် သတိ ဖြစ်သည်ရှိသော် ကုသိုလ် အကုသိုလ် အပြစ်ရှိ အပြစ်မဲ့ အယုတ် အမြတ် မည်းညစ်ဖြူစင်သော အဘို့ရှိကုန်သော တရားတို့ကို “ဤတရားတို့ကား သတိပဋ္ဌာန်လေးပါးတို့တည်း၊ ဤတရားတို့ကား သမ္မပ္ပဓာန်လေးပါးတို့တည်း၊ ဤတရားတို့ကား ဣဒ္ဓိပါဒ်လေးပါးတို့တည်း၊ ဤတရားတို့ကား ဣန္ဒြေငါးပါးတို့တည်း၊ ဤတရားတို့ကား ဗိုလ်ငါးပါးတို့တည်း၊ ဤတရားတို့ကား ဗောဇ္ဈင်ခုနစ်ပါးတို့တည်း၊ ဤတရားကား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တည်း၊ ဤတရားကား သမထတည်း၊ ဤတရားကား ဝိပဿနာတည်း၊ ဤတရားကား ဝိဇ္ဇာတည်း၊ ဤတရားကား ဝိမုတ္တိတည်း”ဟု မပျောက်ပျက်စေသောကြောင့် ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်သည် မှီဝဲသင့်သောတရားတို့ကို မှီဝဲ၏၊ မမှီဝဲသင့်သောတရားတို့ကို မမှီဝဲ၊ ဆည်းကပ်သင့်သောတရားတို့ကို ဆည်းကပ်၏၊ မဆည်းကပ်သင့်သောတရားတို့ကို မဆည်းကပ်။ မင်းမြတ် ဤသို့လျှင် သတိသည် မပျောက်ပျက်စေခြင်း လက္ခဏာရှိ၏ဟု (ဖြေကြားတော်မူ၏)။

အသျှင်ဘုရား သတိသည် အဘယ်သို့လျှင် သိမ်းဆည်းခြင်းလက္ခဏာ ရှိပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် သတိ ဖြစ်သည်ရှိသော် အစီးအပွါးရှိ အစီးအပွါးမဲ့ ဖြစ်ကုန်သော တရားတို့၏ ဖြစ်ခြင်းသဘောတို့ကို “ဤတရားတို့ကား အစီးအပွါးရှိကုန်၏၊ ဤတရားတို့ကား အစီးအပွါးမရှိကုန်၊ ဤတရားတို့ကား ကျေးဇူးများကုန်၏၊ဤတရားတို့ကား ကျေးဇူးမများကုန်”ဟု ကောင်းစွာ စူးစမ်းတတ်၏၊ ထိုသို့ စူးစမ်းတတ်သောကြောင့် ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်သည် အစီးအပွါးမရှိသောတရားတို့ကို ပယ်၍ အစီးအပွါးရှိသော တရားတို့ကို သိမ်းဆည်း၏၊ ကျေးဇူးမများသော တရားတို့ကို ပယ်၍ ကျေးဇူးများသော တရားတို့ကို သိမ်းဆည်း၏၊ မင်းမြတ် ဤသို့လျှင် သတိသည် သိမ်းဆည်းခြင်းလက္ခဏာရှိ၏ဟု (ဖြေကြားတော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် စကြဝတေးမင်း၏ သားကြီးရတနာသည် “ဤသူတို့ကား မင်းအား အစီးအပွါးရှိကုန်၏၊ ဤသူတို့ကား မင်းအား အစီးအပွါးမရှိကုန်၊ ဤသူတို့ကား ကျေးဇူးများကုန်၏၊ ဤသူတို့ကား ကျေးဇူးမများကုန်”ဟု မင်း၏အစီးအပွါးရှိသူ မရှိသူတို့ကို သိ၏၊ ထိုသို့ သိခြင်းကြောင့် အစီးအပွါးမရှိသူတို့ကို ပယ်၍ အစီးအပွါးရှိသူတို့ကို သိမ်းဆည်းသကဲ့သို့ ကျေးဇူးမရှိသူတို့ကို ပယ်၍ ကျေးဇူးရှိသူတို့ကို သိမ်းဆည်းသကဲ့သို့ မင်းမြတ် ဤအတူပင်လျှင် သတိဖြစ်သည်ရှိသော် အစီးအပွါးရှိ အစီးအပွါးမရှိကုန်သော တရား

http://www.dhammadownload.com



တို့၏ ဖြစ်ခြင်းသဘောတို့ကို "ဤတရားတို့ကား အစီးအပွါးရှိကုန်၏၊ဤတရားတို့ကား အစီးအပွါး မရှိကုန်၊ ဤတရားတို့ကား ကျေးဇူးများကုန်၏၊ ဤတရားတို့ကား ကျေးဇူးမများကုန်"ဟု ကောင်းစွာ စူးစမ်းတတ်၏၊ ထိုသို့ စူးစမ်းခြင်းကြောင့် ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် အစီးအပွါးမရှိသော တရားတို့ကို ပယ်၍ အစီးအပွါးရှိသော တရားတို့ကို သိမ်းဆည်း၏၊ ကျေးဇူးမများသော တရားတို့ကို ပယ်၍ ကျေးဇူးများသော တရားတို့ကို သိမ်းဆည်း၏။မင်းမြတ် ဤသို့လျှင် သတိသည် သိမ်းဆည်းခြင်းလက္ခဏာရှိ၏။ မင်းမြတ် မြတ်စွာဘုရားသည် "ရဟန်းတို့ ငါသည် အောက်မေ့မှု'သတိ'ကို အရာခပ်သိမ်း၌ အလိုရှိအပ်၏"ဟူသော ဤစကားကိုလည်း ဟောကြားတော်မူ၏ဟု (သာဓကဆောင်၍ မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော်‌ လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

တဆယ့်သုံးခုမြောက် သတိလက္ခဏပဥှာ ပြီး၏။

---

## ၁၄-သမာဓိလက္ခဏပဥှာ

### (သမာဓိလက္ခဏာ ပြဿနာ)

၁၄။ မိလိန္ဒမင်းသည်"အသျှင်ဘုရားနာဂသေန သမာဓိသည် အဘယ်လက္ခဏာရှိပါသနည်း" ဟု မေးလျှောက်၏။ မင်းမြတ် သမာဓိသည် ကြီးမှူးပြဋ္ဌာန်းခြင်း လက္ခဏာရှိ၏၊ ကုသိုလ်တရား အားလုံးတို့သည် သမာဓိလျှင် ပြဋ္ဌာန်းကုန်၏၊ သမာဓိ၌ ညွတ်ကုန်၏၊ သမာဓိ၌ ကိုင်းကုန်၏၊ သမာဓိ၌ ရှိုင်းကုန်၏ဟု (ဖြေကြားတော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် စုလစ်မွန်ချွန် အထွတ် တပ်သော အိမ်၏ အခြင်ဟူသမျှအားလုံးတို့သည် စုလစ်မွန်ချွန်အထွတ်သို့ ရောက်ကုန်၏၊ အထွတ်၌ ညွတ် ကိုင်း ကုန်၏၊ အထွတ်၌ စုရုံးကုန်၏၊ စုလစ်မွန်ချွန်အထွတ်ကို ထိုအခြင်သစ်ဝါးတို့ထက် မြတ်၏ဟု ဆိုရသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကုသိုလ်တရားအားလုံးတို့သည် သမာဓိလျှင် ပြဋ္ဌာန်းကုန်၏၊ သမာဓိ၌ ညွတ်ကုန်၏၊ သမာဓိ၌ ကိုင်းကုန်၏၊ သမာဓိ၌ ရှိုင်းကုန်၏ဟု (ဖြေကြားတော်မူ၏)။

ထိုထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု(လျှောက်၏)။မင်းမြတ် တစုံတဦးသောမင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်နှင့်အတူ စစ်မြေပြင်သို့ သက်ရောက်ရာ၏၊ ဆင်တပ် မြင်းတပ် ရထားတပ် ခြေသည်သူရဲတပ်ဟူသော စစ်တပ်အားလုံးတို့သည် ထိုမင်းသာလျှင် အကြီးအမှူးရှိကုန်၏၊ ထိုမင်း၌ ညွတ်ကုန်၏၊ ထိုမင်း၌ ကိုင်းကုန်၏၊ ထိုမင်း၌ ရှိုင်းကုန်၏၊ ထိုမင်းသို့သာလျှင် အစဉ်လိုက်ကုန်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကုသိုလ်ဟူသမျှအားလုံးတို့သည် သမာဓိလျှင် ပြဋ္ဌာန်းကုန်၏၊ သမာဓိ၌ ညွတ်ကုန်၏၊ သမာဓိ၌ ကိုင်းကုန်၏၊ သမာဓိ၌ ရှိုင်းကုန်၏၊ မင်းမြတ် ဤသို့လျှင် သမာဓိသည် ကြီးမှူးပြဋ္ဌာန်းခြင်း လက္ခဏာရှိ၏၊ မင်းမြတ် မြတ်စွာဘုရားသည် "ရဟန်းတို့ တည်ကြည်မှု 'သမာဓိ' တရားကို ပွါးများကုန်လော့၊ တည်ကြည်သော ရဟန်းသည် ဟုတ်တိုင်းမှန်စွာ သိ၏" ဟု ဤဒေသနာကိုလည်း ဟောတော်မူအပ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

တဆယ့်လေးခုမြောက် သမာဓိလက္ခဏပဥှာ ပြီး၏။

http://www.dhammadownload.com



### ၁၅-ပညာလက္ခဏပဉှာ

(ပညာလက္ခဏာ ပြဿနာ)

၁၅။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ပညာသည် အဘယ်လက္ခဏာရှိပါသနည်း"ဟု မေးလျှောက်၏။ မင်းမြတ် ငါသည် ရှေးမနသိကာရ အမေး၌ပင် "ပညာသည် ပိုင်းဖြတ်ခြင်း လက္ခဏာရှိ၏"ဟူ၍ ဆိုအပ်ခဲ့ပြီ၊ တနည်းသော်ကား ပညာသည် ထွန်းလင်းတောက်ပခြင်းလက္ခဏာ ရှိ၏ဟု (ဖြေကြားတော်မူ၏)။ အသျှင်ဘုရား ပညာသည် အဘယ်သို့ ထွန်းလင်း တောက်ပခြင်း လက္ခဏာရှိပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ပညာဖြစ်သည်ရှိ႕သော် အဝိဇ္ဇာအမိုက်တိုက်ကို မှုတ်လွင့် (ဖျက်ဆီး)၏၊ ဝိဇ္ဇာအလင်းရောင်ကို ဖြစ်ပေါ်စေ၏၊ ဉာဏ်အလင်းရောင်ကို ထွန်းပြ၏၊ အရိယာသစ္စာတို့ကို ထင်ရှားပေါ်လွင်အောင်ပြု၏၊ ထိုသို့ ထင်ရှားခြင်းကြောင့် ကမ္မဋ္ဌာန်း အားထုတ်သော ပုဂ္ဂိုလ်သည် "အမြဲမရှိ 'အနိစ္စ'ဟု"ငှင်း "ဆင်းရဲအတိ 'ဒုက္ခ'ဟု"ငှင်း "သာယာ တပ်မက်စရာ အစိုင်အခဲအနှစ်မရှိ 'အနတ္တ'ဟု"ငှင်း ကောင်းမွန် ဖြောင့်မှန်သော ဉာဏ်ဖြင့် ရှုမြင်နိုင်၏ဟု (ဖြေကြားတော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ယောကျ်ားသည် မိုက်မှောင်သော အိမ်၌ ဆီမီးကို သွင်းရာ၏၊ သွင်းပြီးသော ဆီမီးသည် အမိုက်မှောင်ကို မှုတ်လွင့်လျက် အရောင်ကို ဖြစ်စေကာ အလင်းကို ထွန်းပြ၍ အဆင်းတို့ကို ပေါ်လွင်အောင်ပြုသကဲ့သို့ မင်းမြတ် ဤအတူသာ လျှင် ပညာဖြစ်သည်ရှိသော် အဝိဇ္ဇာအမိုက်တိုက်ကို မှုတ်လွင့်(ဖျက်ဆီး)၏၊ ဝိဇ္ဇာအလင်းရောင်ကို ဖြစ်ပေါ်စေ၏၊ ဉာဏ်အလင်းရောင်ကို ထွန်းပြ၏၊ အရိယာသစ္စာတို့ကို ထင်ရှား ပေါ်လွင်အောင် ပြု၏၊ ထိုသို့ ထင်ရှားခြင်းကြောင့် ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်သည်"အမြဲမရှိ'အနိစ္စ'ဟု"ငှင်း "ဆင်းရဲအတိ 'ဒုက္ခ'ဟု" ငှင်း "သာယာတပ်မက်စရာ အစိုင်အခဲအနှစ်မရှိ 'အနတ္တ'ဟု"ငှင်း ကောင်းမွန်ဖြောင့်မှန်သောဉာဏ်ဖြင့် ရှုမြင်နိုင်၏။ မင်းမြတ် ဤသို့လျှင် ပညာသည် ထွန်းလင်း တောက်ပခြင်း လက္ခဏာရှိ၏ဟု (ဖြေကြားတော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

တဆယ့်ငါးခုမြောက် ပညာလက္ခဏပဉှာ ပြီး၏။

---

### ၁၆-နာနာဓမ္မာနံ ဧကကိစ္စအဘိနိပ္ဖါဒနပဉှာ

(တရားအသီးသီးတို့ အကျိုးတခုတည်းကို ပြီးစီးခြင်းပြဿနာ)

၁၆။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ဤဆိုခဲ့ပြီးသော တရားတို့သည် အသီးအသီး ဖြစ်ကြကုန်လျက် တခုတည်းသောအကျိုးကို ပြီးစေနိုင်ကုန်သလော"ဟု မေးလျှောက်၏။မင်းမြတ် ဆိုခဲ့ပြီးသော တရားတို့သည် အသီးသီးဖြစ်ကုန်လျက် တခုတည်းသော အကျိုးကို ပြီးစေနိုင်ကုန်၏၊ ကိလေသာတို့ကို သတ်နိုင်ကုန်၏ဟု (ဖြေကြားတော်မူ၏)။

အသျှင်ဘုရား အဘယ်သို့လျှင် ဤဆိုခဲ့ပြီးသော တရားတို့သည် အသီးအသီး ဖြစ်ကြကုန်လျက် တခုတည်းသော အကျိုးကို ပြီးစေပါကုန်သနည်း၊ ကိလေသာတို့ကို သတ်နိုင်ပါကုန်သနည်း၊ ဥပမာပြုတော်မူပါဦးလော့ဟု (မေးလျှောက်၏)။ မင်းမြတ် ဆင်တပ် မြင်းတပ် ရထားတပ်

http://www.dhammadownload.com



ခြေလျင်တပ်ဟူသော စစ်တပ်တို့သည် အသီးအသီးဖြစ်ကြကုန်လျက် စစ်မြေပြင်၌ တပါးစစ်သည်ကို နှိပ်နင်းအောင်မြင်ခြင်းဟူသော တခုတည်းသော အကျိုးကို ပြီးစေကုန်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ဆိုခဲ့ပြီးသော တရားတို့သည် အသီးအသီး ဖြစ်ကြကုန်လျက် တခုတည်းသော အကျိုးကို ပြီးစေကုန်၏၊ ကိလေသာတို့ကို သတ်နိုင်ကုန်၏ဟု (ဖြေကြားတော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

တဆယ်ခြောက်ခုမြောက် နာနာဓမ္မာန် ကေကိစ္စအဘိနိပ္ပါဒနပဥ္စာ ပြီး၏။

# ရှေးဦးစွာသော မဟာဝဂ်ါ ပြီး၏။

ဤမဟာဝဂ်၌ အမေးပုစ္ဆာပြဿနာ တဆယ့်ခြောက်ပါးတို့တည်း။

http://www.dhammadownload.com

# ၂-အဒ္ဓါနဝဂ်

## ၁-ဓမ္မသန္တတိပဥှာ

(တရားအစဉ်အဆက် ဆက်စပ်ပုံ ပြဿနာ)

၁။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အကြင်သူသည် ပဋိသန္ဓေအားဖြင့် ဘဝသစ်၌ ဖြစ်ပေါ်၏၊ ထိုပဋိသန္ဓေ စွဲနေဖြစ်ပေါ်လာသောသူသည် ထိုရှေးဘဝကသူပင် ဖြစ်ပါသလော၊ သို့မဟုတ် အခြားသူလော"ဟု မေးလျှောက်၏။ နာဂသေနမထေရ်သည် "ထိုရှေးဘဝက သူလည်း မဟုတ် အခြားသူလည်း မဟုတ်"ဟု (မိန့်တော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ အကြင်အခါ၌ သင်မင်းကြီးသည် ငယ်ရွယ်သူ နုပျိုသူ သေးငယ်သူ ပက်လက်အိပ်တတ်ကာမျှ ဖြစ်သော ကလေး သူငယ်ဖြစ်ခဲ့၏၊ ယခုအခါ ကြီးလာသော သင်မင်းကြီးသည် ထိုသူငယ်ပင် ဖြစ်လေသလောဟု (မေး တော်မူ၏)။ အသျှင်ဘုရား ယင်းသို့မဟုတ်ပါ ငယ်ရွယ်နုပျိုသေးငယ်၍ ပက်လက်အိပ်တတ်ကာမျှ ဖြစ်သော ထိုသူငယ်သည် တခြားဖြစ်၍ ယခုအခါ ကြီးလာသော အကျွန်ုပ်သည် တခြားဖြစ်ပါ၏ (လျှောက်၏)။ မင်းမြတ် ဤသို့ ငယ်သူတခြား ကြီးသူတခြား ဖြစ်ခဲ့သော် အမိဟူ၍လည်း ဖြစ်နိုင် တော့မည်မဟုတ်၊ အဖဟူ၍လည်း ဆရာသမားဟူ၍လည်း အတတ်တတ်သောသူ ဟူ၍လည်း သီလ ရှိသောသူ ဟူ၍လည်း ပညာရှိသောသူ ဟူ၍လည်း ဖြစ်နိုင်တော့မည်မဟုတ်၊ မင်းမြတ် အသို့နည်း ဘဝအစ ကလလရေကြည် တည်စဉ်က အမိသည် အခြားတယောက် ဖြစ်လေသလော၊ အမြှုပ်ဖြစ် စဉ်က အမိသည် အခြားတယောက် ဖြစ်လေသလော၊ သားတစ်ဖြစ်စဉ်က အမိသည် အခြား တယောက် ဖြစ်လေသလော၊ အတုံးအခဲဖြစ်စဉ်က အမိသည် အခြားတယောက် ဖြစ်လေသလော၊ သူငယ်ဖြစ်စဉ်က အမိသည် အခြားတယောက်ဖြစ်လေသလော၊ ကြီးလာသောအခါ အမိသည် အခြားတယောက် ဖြစ်လေသလော၊ အခြားတယောက်သည် အတတ်ပညာ သင်ယူ၍ အခြား တယောက်သည် အတတ်ပညာတတ်မြောက်သူ ဖြစ်လေသလော၊အခြားတယောက်သည် မကောင်း မှုကို ပြု၍ အခြားတယောက်သည် လက်ခြေ အဖြတ်ခံရလေသလောဟု (မေးတော်မူ၏)။ အသျှင် ဘုရား ဤသို့ကား မဟုတ်သင့်ပါ၊အသျှင်ဘုရား ဤအတိုင်း သူတပါးက မေးသော် အသျှင်ဘုရားက အဘယ်သို့ ဖြေဆိုမည်နည်းဟု (လျှောက်၏)။ အသျှင်နာဂသေနမထေရ်သည်"မင်းမြတ် ငါသည် ပင်လျှင် ငယ်ရွယ်နုပျိုသေးငယ်၍ ပက်လက်အိပ်တတ်ကာမျှ သူငယ်သည် ဖြစ်ခဲ့ပြီးလျှင် ငါသည် ပင်လျှင် ယခုအခါ၌ ကြီးရင့်၏၊ ဤကိုယ်ကိုသာလျှင် အမှီပြု၍ ထိုအလုံးစုံသော ငယ်သောအရွယ် စသည်တို့ကို တပေါင်းတည်း သိမ်းရုံးအပ်ကုန်၏"ဟု (ဖြေကြားတော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် တစုံတယောက်သော ယောကျ်ားသည် မီးတိုင်ကို ညှိထွန်းရာ၏၊ ထိုမီးတိုင်သည် တညဉ့်လုံးလုံး ထွန်းတောက်ရာအံ့လောဟု(မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်မှန်ပါ၏၊ တညဉ့်လုံးလုံး ထွန်း တောက်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် အသို့နည်း ညဉ့်ဦးယံ၌ အကြင်မီးတောက် မီးလျှံသည် ရှိ၏၊ သန်ကောင်ယံ၌ မီးတောက် မီးလျှံသည် ထိုညဉ့်ဦးယံကရှိသော မီးတောက် မီးလျှံ ပင်လောဟု (မေးတော်မူ၏)။ မဟုတ်ပါ အသျှင်ဘုရား။ သန်ကောင်ယံ၌ အကြင် မီးတောက် မီးလျှံသည် ရှိ၏၊ မိုးသောက်ယံ၌ မီးတောက် မီးလျှံသည် ထိုသန်ကောင်ယံက ရှိသော မီးတောက်

http://www.dhammadownload.com



မီးလျှံပင်လောဟု (မေးတော်မူ၏)။ မဟုတ်ပါ အသျှင်ဘုရား။ မင်းမြတ် အသို့နည်း ညဉ့်ဦးယံ၌ ရှိသော ထိုမီးလျှံသည် တပါးတခြား ဖြစ်သလော၊ သန်းကောင်ယံ၌ရှိသော မီးလျှံသည် တပါးတခြား ဖြစ်သလော၊ မိုးသောက်ယံ၌ရှိသော မီးလျှံသည် တပါးတခြားဖြစ်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိုသို့မဟုတ်ပါ၊ ထိုညဉ့်ဦးယံရှိသော မီးလျှံကိုသာလျှင် အမှီပြု၍ တညဉ့်လုံးလုံး ထွန်းတောက်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် တရားအစဉ်အဆက်သည် ရှေ့နောက် ဆက်စပ်၏၊တပါးတခြားသော တရားသည် ဖြစ်ပေါ်လာ၏၊တပါးတခြားသော တရားသည် ချုပ်ငြိမ်း၏၊ မရှေးမနှောင်း တပြိုင်နက်ကဲ့သို့ ရှေ့နောက် ဆက်စပ်၏၊ ထိုသို့တပြိုင်နက်ကဲ့သို့ဖြစ်၍ ချုပ်ပျက်ဆက်စပ်သောကြောင့် ထိုရှေးသူလည်းမဟုတ်၊ ထိုရှေးသူမှတပါး တခြားကသူလည်း မဟုတ်၊ ရှေးဘဝဖြစ်သော ဝိညာဉ်တရား၌ နောက်ဘဝဖြစ်သော ဝိညာဉ်တရားသည် ပေါင်းရုံးခြင်းသို့ ရောက်၏ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် ညှစ်အပ်သော နို့ရည်သည် ကာလခြားသဖြင့် နို့ဓမ်းဖြစ်ရာ၏၊နို့ဓမ်းမှ ဆီဦး ဆီဦးမှ ထောပတ်ဖြစ်ရာ၏၊ ယင်းနို့ရည်သည်ပင် နို့ဓမ်း ယင်းနို့ဓမ်းသည်ပင် ဆီဦး ယင်းဆီဦးသည်ပင် ထောပတ်တည်းဟု အကြင်သူသည် ဆိုငြားအံ့၊ထိုသို့ဆိုသောသူသည် မဖောက်မပြန် မှန်ကန်စွာ ဆိုသည်မည်ရာပါအံ့လောဟု(မေးတော်မူ၏)။ အသျှင်ဘုရား မှန်ကန်စွာဆိုသည် မမည်ရာပါ၊ထိုနို့ရည်ကိုသာ အမှီပြု၍ နို့ဓမ်းစသည်ဖြစ်ချေ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် တရားအစဉ်အဆက်သည် ရှေ့နောက်ဆက်စပ်၏၊ တပါးတခြားသော တရားသည် ဖြစ်ပေါ်လာ၏၊ တပါးတခြားသော တရားသည် ချုပ်ငြိမ်း၏၊ မရှေးမနှောင်း တပြိုင်နက်ကဲ့သို့ ရှေ့နောက်ဆက်စပ်၏၊ ထိုသို့ တပြိုင်နက်ကဲ့သို့ဖြစ်၍ ချုပ်ပျက်ဆက်စပ်သောကြောင့် ထိုရှေးသူလည်း မဟုတ်၊ ထိုရှေးသူမှတပါး တခြားကသူလည်း မဟုတ်၊ ရှေးဘဝဖြစ်သော ဝိညာဉ်တရား၌ နောက်ဘဝဖြစ်သော ဝိညာဉ်တရားသည် ပေါင်းရုံးခြင်းသို့ ရောက်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ရှေးဦးစွာသော ဓမ္မသန္တတိပဥှာ ပြီး၏။

---

## ၂-ပဋိသန္ဓဟနပဥှာ

(ပဋိသန္ဓေ မနေရမှုကို သိမသိ ပြဿနာ)

၂။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ပဋိသန္ဓေမနေရသောသူသည် 'ငါ ပဋိသန္ဓေနေရတော့မည် မဟုတ်'ဟု သိပါသလော"ဟု မေးလျှောက်၏။ မင်းမြတ် ဟုတ်ပေ၏၊ ပဋိသန္ဓေမနေရသောသူသည် "ငါ ပဋိသန္ဓေနေရတော့မည် မဟုတ်"ဟု သိ၏။ အသျှင်ဘုရား အဘယ်သို့ သိပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ပဋိသန္ဓေနေရခြင်း အကြင်အကြောင်း အထောက်အပံ့သည်ရှိ၏၊ ထိုအကြောင်း အထောက်အပံ့ ကင်းခြင်းကြောင့် ထိုသူသည် "ငါ ပဋိသန္ဓေနေရတော့မည် မဟုတ်"ဟု သိ၏ဟု (ဖြေကြားတော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် လယ်ထွန်ယောကျ်ားသည် ထွန်ယက်၍၎င်း စိုက်ပျိုး၍၎င်း စပါးကျီကို ပြည့်စေရာ၏၊ ထိုလယ်ထွန်ယောကျ်ားသည် အခါတပါး၌ မထွန်ယက်ရာ မစိုက်ပျိုးရာ၊ ကောင်းစွာ ဆည်းပူးထားအပ်သော စပါးကို စားမူ

http://www.dhammadownload.com



လည်း စားရာ၏၊ စွန့်မှုလည်း စွန့်ရာ၏၊ အကြောင်းအားလျော်စွာ ပြုမှုလည်း ပြုရာ၏။ မင်းမြတ် ထိုလယ်ထွန်ယောကျ်ားသည် "ငါ၏စပါးကျီသည် ပြည့်နေတော့မည် မဟုတ်" ဟု သိရာသလောဟု (မေးတော်မူ၏)။ သိနိုင်ရာပါသည် အသျှင်ဘုရား။ အသို့ သိနိုင်ရာသနည်း၊ စပါးကျီပြည့်ခြင်း၏ အကြင်အကြောင်း အထောက်အပံ့သည် ရှိ၏၊ ထိုအကြောင်းအထောက်အပံ့ ကင်းခြင်းကြောင့် "ငါ၏စပါးကျီသည် ပြည့်နေတော့မည် မဟုတ်"ဟု သိနိုင်ပါသည်ဟု (လျှောက်ထား၏)။မင်းမြတ် ဤအတူသာလျှင် ပဋိသန္ဓေနေရခြင်း၏ အကြင်အကြောင်း အထောက်အပံ့သည် ရှိ၏၊ ထိုအကြောင်းအထောက်အပံ့ ကင်းခြင်းကြောင့် ထိုသူသည် "ငါ ပဋိသန္ဓေနေရတော့မည် မဟုတ်" ဟု သိ၏ ဟု (မိန့်ကြားတော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

နှစ်ခုမြောက် ပဋိသန္ဓဟနပဥှာ ပြီး၏။

---

## ၃-ဉာဏပညာပဥှာ

### (ဉာဏ်နှင့် ပညာ ပြဿနာ)

၃။ မိလိန္ဒမင်းသည်"အသျှင်ဘုရားနာဂသေန ဉာဏ်ဖြစ်သောသူအား ပညာဖြစ်ပါသလော"ဟု မေးလျှောက်၏။ မင်းမြတ် ဉာဏ်ဖြစ်သောသူအား ပညာသည် ဖြစ်၏ဟု (ဖြေကြားတော်မူ၏)။ အသျှင်ဘုရား အသို့ပါနည်း ဉာဏ်သည်ပင် ပညာဖြစ်ပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် ဉာဏ်သည်ပင် ပညာဖြစ်၏ဟု (ဖြေကြားတော်မူ၏)။ အသျှင်ဘုရား အကြင်သူအား ထိုဉာဏ်သည်ပင် ထိုပညာသာဖြစ်၏၊ ထိုဉာဏ်ပညာဖြစ်သော သူသည် တွေဝေရာသလော၊ သို့မဟုတ် မတွေဝေရာသလောဟု (မေးလျှောက်၏)။ မင်းမြတ် အချို့သောအရာ၌ တွေဝေရာ၏၊ အချို့သောအရာ၌ မတွေဝေရာဟု (ဖြေကြားတော်မူ၏)။ အသျှင်ဘုရား အဘယ်အရာ၌ တွေဝေရာပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မသိဘူးသေးသော အတတ်ပညာအရာ၌လည်းကောင်း မလာရောက်ဘူးသေးသော အရပ်၌လည်းကောင်း မကြားဘူးသေးသော အမည်ပညတ်၌လည်းကောင်း တွေဝေရာ၏ ဟု (ဖြေကြားတော်မူ၏)။ အသျှင်ဘုရား အဘယ်အရာ၌ မတွေဝေရာပါသနည်း ဟု (မေးလျှောက်၏)။ မင်းမြတ် ထိုပညာဖြင့် "အနိစ္စ" ဟူ၍လည်းကောင်း "ဒုက္ခ" ဟူ၍လည်းကောင်း "အနတ္တ" ဟူ၍လည်းကောင်း ပြုအပ်သော ဘာဝနာကိစ္စ၌ မတွေဝေရာဟု(ဖြေကြားတော်မူ၏)။ အသျှင်ဘုရား ထိုဘာဝနာကိစ္စကို ပြုသောပညာရှိအား တွေဝေမှု'မောဟ'သည် အဘယ်သို့ ရောက်သွားပါသနည်းဟု(မေးလျှောက်၏)။ မင်းမြတ် ဉာဏ်ဖြစ်ပေါ်သည်ရှိသော် မောဟသည် ဉာဏ်ဖြစ်ပေါ်ကာမျှ ထိုခဏ၌ပင် ချုပ်ပျောက်လေတော့၏။

ဥပမာ ပြုတော်မူပါဦးလော့။ မင်းမြတ် တစုံတယောက်သော ယောကျ်ားသည် မှောင်သော အိမ်၌ ဆီမီးကို ညှိထွန်းရာ၏၊ ထိုဆီမီးညှိထွန်းခြင်းကြောင့် အမိုက်မှောင်သည် ချုပ်ပျောက်၍ အရောင်အလင်းထင်ရှားဖြစ်ပေါ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ဉာဏ်ဖြစ်ပေါ်သည်ရှိသော် မောဟသည် ဉာဏ်ဖြစ်ပေါ်ကာမျှ ထိုခဏ၌ပင် ချုပ်ပျောက်လေတော့၏ဟု(မိန့်ကြားတော်မူ၏)။

အသျှင်ဘုရား ပညာသော်ကား အဘယ်သို့ ရောက်သွားပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ပညာသည်လည်း မိမိပြုလုပ်ဖွယ်ကို သိခြင်းကိစ္စကို ပြုပြီး၍ ပြုပြီးကာမျှ ထိုခဏ၌ပင်

http://www.dhammadownload.com



ချုပ်ပျောက်၏၊ "အနိစ္စ"ဟူ၍၎င်း "ဒုက္ခ"ဟူ၍၎င်း "အနတ္တ" ဟူ၍၎င်း ပညာက ပြုအပ်သော ဘာဝနာကံသည် မချုပ်ပျောက်ဟု (ဖြေကြားတော်မူ၏)။

အသျှင်ဘုရားနာဂသေန "ပညာသည် မိမိပြုလုပ်ဖွယ် သိခြင်းကိစ္စကို ပြုပြီး၍ ပြုပြီးကာမျှ ထိုခဏ၌ပင် ချုပ်ပျောက်၏၊ "အနိစ္စ"ဟူ၍၎င်း "ဒုက္ခ"ဟူ၍၎င်း "အနတ္တ"ဟူ၍၎င်း ပညာက ပြုအပ်သော ထိုဘာဝနာကံသည် မချုပ်ပျောက်"ဟု အကြင်စကားကို အသျှင်ဘုရား ဆိုတော်မူ၏၊ ထိုစကား၏ ဥပမာကို ပြုတော်မူပါဦးလော့ ဟု (လျှောက်၏)။ မင်းမြတ် တစုံတယောက်သော ယောကျ်ားသည် ညဉ့်အခါ သဝန်လွှာစာကို စေလွှတ်လိုသည်ဖြစ်၍ စာရေးကို ခေါ်စေပြီးလျှင် ဆီမီးညှိထွန်းလျက် သဝန်လွှာစာကို ရေးသားစေရာ သဝန်လွှာစာကို ရေးသားပြီးသောအခါ ဆီမီးကို ငြိမ်းစေရာ၏၊ ဆီမီးကို ငြိမ်းစေပြီးသော်လည်း သဝန်လွှာစာသည် မပျောက်ရာသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ပညာသည် မိမိပြုလုပ်ဖွယ် သိခြင်းကိစ္စကို ပြုပြီး၍ ပြုပြီးကာမျှ ထိုခဏ၌ပင် ချုပ်ပျောက်၏၊ "အနိစ္စ"ဟူ၍၎င်း "ဒုက္ခ"ဟူ၍၎င်း "အနတ္တ"ဟူ၍၎င်း ထိုပညာက ပြုအပ်သော ဘာဝနာကံသည် မချုပ်ပျောက်ဟု (မိန့်ကြားတော်မူ၏)။

ထို့ထက်အလွန် ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် အရှေ့တိုင်းတို့၌ ရှိသောလူတို့သည် လောင်သောမီးကို ငြိမ်းစိမ့်သောငှါ အိမ်တိုင်း အိမ်တိုင်း ရေအိုး ငါးလုံး ငါးလုံးစီ ထားကုန်၏၊ အိမ်ကို မီးလောင်ခဲ့သော် ထိုငါးလုံးသော ရေအိုးတို့ကို အိမ်၏ အထက်၌ ပစ်လွှင့်ကုန်၏၊ ယင်းသို့ပစ်လွှင့်သောကြောင့် မီးသည် ငြိမ်းလေ၏၊ မင်းမြတ် အသို့နည်း လူတို့အား တဖန်ထိုပစ်လွှင့်လိုက်သော ရေအိုးတို့ဖြင့် အိုးကိစ္စကို ပြုကုန်ဦးအံ့ဟု စိတ်အကြံ ဖြစ်လေဦးမည်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား အိုးကိစ္စကို ပြုရကုန်အံ့ဟု စိတ်အကြံမဖြစ်နိုင်တော့ပါ၊ ထိုရေအိုးတို့ဖြင့် အလိုမရှိတော့ပါ၊ ထိုရေအိုးတို့ဖြင့် အဘယ်ပြုတော့အံ့နည်းဟု (လျှောက်ထားဖြေကြား၏)။ မင်းမြတ် ငါးလုံးသောရေအိုးတို့ကဲ့သို့ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေဟူသော ဣန္ဒြေငါးပါးတို့ကို မှတ်ယူအပ်ကုန်၏၊ ထိုလူတို့ကဲ့သို့ ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်ကို မှတ်ယူအပ်၏၊ မီးကဲ့သို့ ကိလေသာတို့ကို မှတ်အပ်ကုန်၏၊ ငါးလုံးသော အိုးတို့ဖြင့် မီးကို ငြိမ်းစေအပ်သကဲ့သို့ ဣန္ဒြေငါးပါးတို့ဖြင့် ကိလေသာတို့ကို ငြိမ်းအေးစေအပ်ကုန်၏၊ ငြိမ်းစေအပ်ပြီးသော ကိလေသာတို့သည်လည်း တဖန်မဖြစ်ကုန်၊ မင်းမြတ် ဤသို့လျှင် ပညာသည် မိမိ၏ပြုလုပ်ဖွယ် သိခြင်းကိစ္စကို ပြုပြီး၍ ပြုပြီးကာမျှ ထိုခဏ၌ပင် ချုပ်ပျောက်၏၊ "အနိစ္စ"ဟူ၍၎င်း "ဒုက္ခ"ဟူ၍၎င်း "အနတ္တ"ဟူ၍၎င်း ထိုပညာက ပြုအပ်သော ဘာဝနာကံသည် မချုပ်ပျောက်ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် ဆေးဆရာသည် ငါးပါးသောအမြစ်ဆေးတို့ကို ယူ၍ သူနာသို့ ချဉ်းကပ်ပြီးလျှင် ထိုငါးပါးသော အမြစ်ဆေးတို့ကို ကြိတ်၍ သူနာကို တိုက်ရာ၏၊ ထိုဆေးတို့ဖြင့်လည်း အနာရောဂါတို့သည် ပျက်စီးပျောက်ငြိမ်းကုန်ရာ၏၊ မင်းမြတ် အသို့နည်း ထိုဆေးဆရာအား "တဖန်ထိုငါးပါးသော အမြစ်ဆေးတို့ဖြင့် ဆေးကိစ္စပြုလုပ်ရဦးမည်"ဟု ဤသို့သော စိတ်အကြံ ဖြစ်ရသေးသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဆေးကိစ္စကို ပြုလုပ်ရဦးမည်ဟု စိတ်အကြံ မဖြစ်တော့ပါ၊ ထိုငါးပါးသော အမြစ်ဆေးတို့ဖြင့် အကျိုးမရှိတော့ပါ၊ ထိုငါးပါးသော အမြစ်ဆေးတို့ဖြင့် အဘယ်သို့ပြုတော့အံ့နည်းဟု (လျှောက်၏)။ မင်းမြတ် ငါးပါးသော အမြစ်ဆေးတို့ကဲ့သို့ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေဟူသော ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်၏၊ ဆေးဆရာကဲ့သို့

http://www.dhammadownload.com



ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်ကို မှတ်အပ်၏၊ အနာရောဂါကဲ့သို့ ကိလေသာတို့ကို မှတ်အပ်ကုန်၏၊ နာသောယောကျ်ားကဲ့သို့ ပုထုဇဉ်ကို မှတ်အပ်၏။ ငါးပါးသော အမြစ်ဆေးတို့ဖြင့် သူနာ၏ အနာရောဂါပျက်စီး ပျောက်ငြိမ်းပြီးလျှင် အနာရောဂါ ပျက်စီး ပျောက်ငြိမ်းခြင်းကြောင့် သူနာသည် အနာကင်းသကဲ့သို့ ဤအတူ ငါးပါးသောဣန္ဒြေတို့ဖြင့် ကိလေသာတို့ကို ဖျက်ဆီးအပ်ကုန်၏၊ ဖျက်ဆီးအပ်ကုန်သော ကိလေသာတို့သည်လည်း တဖန်မဖြစ်ကုန်။ မင်းမြတ် ဤသို့လျှင် ပညာသည် မိမိ၏ပြုလုပ်ဖွယ်သိခြင်းကိစ္စကို ပြုပြီး၍ ပြုပြီးကာမျှ ထိုခဏ၌ပင် ချုပ်ပျောက်၏၊ "အနိစ္စ"ဟူ၍ရင်း "ဒုက္ခ"ဟူ၍ရင်း "အနတ္တ"ဟူ၍ရင်း ထိုပညာကပြုအပ်သော ဘာဝနာကံသည် မချုပ်ပျောက်ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် စစ်မြေပြင်၌ ကျက်စားသော သူရဲကောင်းသည် မြားငါးစင်းတို့ကို ကိုင်စွဲ၍ တဖက်စစ်သည်ကို အောင်နိုင်ခြင်းငှါ စစ်တလင်းသို့ သက်ဆင်းရာ၏၊ ထိုစစ်သူရဲကောင်းသည် စစ်မြေပြင်သို့ ရောက်သည်ရှိသော် ထိုမြားငါးစင်းတို့ကို ပစ်ရာ၏၊ ထိုမြားငါးစင်းတို့ဖြင့် တဖက်စစ်သည်သည် ပျက်စီးရာ၏၊ မင်းမြတ် အသို့နည်း စစ်မြေပြင်၌ ကျက်စားသော ထိုသူရဲကောင်းအား တဖန် ထိုမြားတို့ဖြင့် မြားကိစ္စကို ပြုလုပ်ရဦးမည်ဟု ဤသို့သော စိတ်အကြံ ဖြစ်ရသေးသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မြားကိစ္စကို ပြုလုပ်ရဦးမည်ဟု စိတ်အကြံ မဖြစ်ရာပါ၊ ထိုမြားတို့ဖြင့် အကျိုးမရှိတော့ပါ၊ ထိုမြားတို့ဖြင့် အဘယ်ပြုတော့အံ့နည်းဟု (လျှောက်၏)။ မင်းမြတ် မြားငါးစင်းတို့ကဲ့သို့ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေဟူသော ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်၏၊ မင်းမြတ် စစ်မြေပြင်၌ ကျက်စားသောသူရဲကောင်းကဲ့သို့ ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်ကို မှတ်အပ်၏၊ တဖက်စစ်သည်ကဲ့သို့ ကိလေသာတို့ကို မှတ်အပ်ကုန်၏၊ မြားငါးစင်းတို့ဖြင့် တဖက်စစ်သည်သည် ပျက်စီးသကဲ့သို့ ငါးပါးသောဣန္ဒြေတို့ဖြင့် ကိလေသာတို့သည် ပျက်စီးကုန်၏၊ ပျက်စီးကုန်ပြီးသော ကိလေသာတို့သည်လည်း တဖန်မဖြစ်ကုန်၊ မင်းမြတ် ဤအတူသာလျှင် ပညာသည် မိမိ၏ပြုလုပ်ဖွယ် သိခြင်းကိစ္စကို ပြုပြီး၍ ပြုပြီးကာမျှ ထိုခဏ၌ပင် ချုပ်ပျောက်၏၊ "အနိစ္စ"ဟူ၍ရင်း "ဒုက္ခ"ဟူ၍ရင်း "အနတ္တ"ဟူ၍ရင်း ထိုပညာက ပြုအပ်သောဘာဝနာကံသည် မချုပ်ပျောက်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

သုံးခုမြောက် ဉာဏပညာပဉှာ ပြီး၏။

---

## ၄-ပဋိသန္ဓဟနပုဂ္ဂလဝေဒိယနပဉှာ

(ပဋိသန္ဓေမနေသူ ဝေဒနာခံစား မခံစားပြဿနာ)

၄။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ပဋိသန္ဓေမနေရသူ (ရဟန္တာ) ပုဂ္ဂိုလ်သည် တစုံတရာသော ဒုက္ခဝေဒနာကို ခံစားရပါသေးသလော"ဟု မေးလျှောက်၏။ နာဂသေနမထေရ်သည် အချို့သောဝေဒနာကို ခံစားရ၏၊ အချို့သောဝေဒနာကို မခံစားရဟု (ဖြေတော်မူ၏)။ အဘယ်ဝေဒနာကို ခံစားရပါသနည်း၊ အဘယ်ဝေဒနာကို မခံစားရပါသနည်း။ မင်းမြတ် ကိုယ်၌ဖြစ်သော ဝေဒနာကို ခံစားရ၏၊ စိတ်၌ဖြစ်သောဝေဒနာကို မခံစားရ။ အသျှင်ဘုရား အဘယ်သို့လျှင် ကိုယ်၌ဖြစ်သော ဝေဒနာကို ခံစားရပါသနည်း၊ အဘယ်သို့လျှင် စိတ်၌ဖြစ်သော ဝေဒနာကို

http://www.dhammadownload.com



မခံစားရပါသနည်း။ ကိုယ်၌ဆင်းရဲဝေဒနာ၏ ဖြစ်ပေါ်ခြင်း၏ အကြင်အကြောင်း အထောက် အပံ့သည် ရှိ၏၊ ထိုအကြောင်းအထောက်အပံ့၏ မကင်းခြင်းကြောင့် ကိုယ်၌ဖြစ်သော ဆင်းရဲ ဝေဒနာကို ခံစားရ၏၊ စိတ်၌ဖြစ်သော ဆင်းရဲဝေဒနာ၏ ဖြစ်ပေါ်ခြင်း၏ အကြင်အကြောင်း အထောက်အပံ့သည် ရှိ၏၊ ထိုအကြောင်းအထောက်အပံ့ ကင်းခြင်းကြောင့် စိတ်၌ ဖြစ်သော ဆင်းရဲဝေဒနာကို မခံစားရ၊ မင်းမြတ် မြတ်စွာဘုရားသည် "ထိုပဋိသန္ဓေမနေရသူ (ရဟန္တာ ပုဂ္ဂိုလ်)သည် ကိုယ်၌ဖြစ်သော ဝေဒနာတခုကိုသာ ခံစားရ၏၊ စိတ်၌ဖြစ်သော ဝေဒနာကို မခံစားရ"ဟု ဤဒေသနာတော်ကိုလည်း ဟောတော်မူအပ်၏ဟု (ဖြေတော်မူ၏)။

အသျှင်ဘုရားနာဂသေန အကြင် (ရဟန္တာ) ပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာကို ခံစားရ၏၊ ထို (ရဟန္တာ)ပုဂ္ဂိုလ်သည် အဘယ့်ကြောင့် ပရိနိဗ္ဗာန်မပြုသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ရဟန္တာပုဂ္ဂိုလ်အား ချစ်ခင်လေးမြတ်မှု 'တဏှာ'သည်ရှင်း ငြိုငြင်ထိပါးမှု 'ဒေါသ'သည်ရှင်း မရှိ၊ ရဟန္တာပုဂ္ဂိုလ်တို့သည် ပညာရှိကြကုန်၍ မရင့်ကျက်သေးသည်ကို မချွေချကုန်၊ ရင့်ကျက်အောင် ဆိုင်းငံ့ကုန်၏၊ မင်းမြတ် တရားစစ်သူကြီးဖြစ်သော အသျှင်သာရိပုတြာမထေရ်သည်—

"သေလွန်ခြင်းကိုလည်း ငါ မနှစ်သက်၊ အသက်မသေ တည်နေရခြင်းကိုလည်း ငါ မနှစ် သက်၊ စင်စစ်သော်ကား အခစားလုပ်သားသည် နှစ်တွက် လခကြေးငွေစကို မြော်လင့် တောင့်တသကဲ့သို့ ထိုအတူ သေရမည့် အခါကိုသာ ငါ မြော်လင့်နေ၏။

သေလွန်ရခြင်းကိုလည်း ငါ မနှစ်သက်၊ အသက်မသေ တည်နေရခြင်းကိုလည်း ငါ မနှစ် သက်၊ စင်စစ်သော်ကား ပညာဉာဏ်ဖြင့် ကောင်းစွာယှဉ်လျက် ထင်စွာမှတ်ရှိ သတိနှင့် ပြည့်စုံသည်ဖြစ်၍ သေရမည့်အခါကိုသာ ငါ မြော်လင့်နေ၏ဟု မိန့်တော်မူ၏" ဟု (ဖြေကြားတော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

လေးခုမြောက် ပဋိသန္ဓဟနပုဂ္ဂလဝေဒိယနပဥှာ ပြီး၏။

---

### ၅-ဝေဒနာပဥှာ

(ဝေဒနာပြဿနာ)

၅။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန သုခဝေဒနာသည် ကုသိုလ်ပင်လော အကုသိုလ် ပင်လော အဗျာကတပင်လော" ဟု မေးလျှောက်၏။ မင်းမြတ် အချို့သောဝေဒနာသည် ကုသိုလ်ပေတည်း၊ အချို့ကား အကုသိုလ်ပေတည်း၊ အချို့ကား အဗျာကတပေတည်းဟု (ဖြေကြားတော်မူ၏)။ အသျှင်ဘုရား သုခဝေဒနာသည် ကုသိုလ်ဖြစ်ခဲ့မူ ဒုက္ခမဖြစ်ပေရာ၊ ဒုက္ခ ဖြစ်ပြန်ခဲ့မူ ကုသိုလ် မဖြစ်ရာ၊ ကုသိုလ်မည်သည် ဒုက္ခဟူ၍ မဖြစ်သင့်ဟု (အပြစ်တင်ကာ) (လျှောက်ထား၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ ယောကျာ်း၏လက်၌ ရဲရဲတောက် ပူသော သံတွေခဲကို တင်ထားရာ၏၊ ဒုတိယလက်၌ အေးသော ဆီးနှင်းခဲကို တင်ထားရာ၏၊ မင်းမြတ် အသို့နည်း ထို အပူ အအေ နှစ်ပါးစုံတို့သည်လည်း လောင်မြိုက် ကုန်ရာသလော။ အသျှင်ဘုရား ဟုတ်ပါပေ၏၊ ထိုနှစ်ပါးစုံတို့သည်သည်း လောင်မြိုက်ကုန်ရာ ပါ၏။ မင်းမြတ် အသို့နည်း ထိုနှစ်ပါးစုံတို့သည် အပူတို့ချည်းလော။ အသျှင်ဘုရား အပူချည်း

http://www.dhammadownload.com



မဟုတ်ပါ၊ မင်းမြတ် ထိုနှစ်ပါးစုံတို့သည် အတော့်ချည်းလော။ အသျှင်ဘုရား အချေည်း မဟုတ်ပါ။ သင်မင်းကြီး၏စကား၌ နှိပ်အပ်သည်ကို သိမှတ်လော့၊ ရဲရဲတောက် ပူလောင်သော သံတွေခဲ ပူလောင်ခဲ့မူ ထိုနှစ်ပါးစုံတို့သည်လည်း အပူတို့ချည်း မဟုတ်ကုန်ခဲ့တကား၊ ယင်းသို့ အပူချည်း မဟုတ်သောကြောင့် ဆံတွေခဲလောင်သည် မဖြစ်ပေရာ၊ ‌သောဆီးနှင်းခဲ ပူလောင်ခဲ့မူ ထိုနှစ်ပါးစုံ သည်လည်း အတော့်ချည်း မဟုတ်ကုန်ခဲ့တကား၊ ယင်းသို့ အချေည်း မဟုတ်သောကြောင့် ဆီးနှင်းခဲပူလောင်သည် မဖြစ်ပေရာ၊ ထိုနှစ်ပါးစုံတို့သည်လည်း အဘယ့်ကြောင့် လောင်ကြကုန် သနည်း၊ထိုနှစ်ပါးစုံတို့သည်လည်း အပူတို့ချည်းလည်း မဟုတ်ကုန်ခဲ့၊အတော့်ချည်းလည်း မဟုတ်ကုန်ခဲ့ တကား၊ တခုသော သံတွေခဲသည် ပူ၍ တခုသော ဆီးနှင်းခဲသည် ခဲ၏၊ ထိုနှစ်ပါးစုံတို့သည်လည်း လောင်မြိုက်ကုန်၏တကား၊ ထို့ကြောင့် အပူ အေ လောင်ခြင်း မဖြစ်သင့်ဟု (မိန့်တော်မူ၏)။ အကျွန်ုပ်သည် ဤသို့စကားကပ် ဆိုလေ့ရှိသော အသျှင်မြတ်နှင့်အတူ ဖက်ပြိုင် ပြောဆိုရန် မစွမ်း ဆောင်နိုင်တော့ပါ၊ တောင်းပန်ပါ၏၊ ဆိုလိုသော အနက်အဓိပ္ပါယ်ကိုသာ ပြီးပြေအောင် ဖြေဆို ပါလော့ဟု (လျှောက်၏)။ ထို့နောက် နာဂသေနမထေရ်သည် အဘိဓမ္မာနှင့် စပ်ဆိုင်သောစကား ဖြင့် မိလိန္ဒမင်းကို—

မင်းမြတ် ကာမဂုဏ်၌ မှီကုန်သော ဤ 'ဂေဟာဿိတ' သောမနဿဝေဒနာတို့ကား ခြောက်ပါး အပြားရှိကုန်၏၊ ကာမဂုဏ်မှ ထွက်မြောက်ကြောင်း ဈာန်မဂ်၌ မှီကုန်သော 'နေက္ခမ္မဿိတ' သောမနဿဝေဒနာတို့ကား ခြောက်ပါး အပြားရှိကုန်၏၊ ကာမဂုဏ်၌မှီကုန်သော ဒေါမနဿ ဝေဒနာတို့ကား ခြောက်ပါး အပြား ရှိကုန်၏၊ ကာမဂုဏ်မှ ထွက်မြောက်ကြောင်း ဈာန်မဂ်၌ မှီကုန်သော ဒေါမနဿဝေဒနာတို့ကား ခြောက်ပါးအပြားရှိကုန်၏၊ ကာမဂုဏ်၌ မှီကုန်သော ဥပေက္ခာဝေဒနာတို့ကား ခြောက်ပါးအပြားရှိကုန်၏၊ ကာမဂုဏ်မှ ထွက်မြောက်ကြောင်း ဈာန်မဂ် ၌ မှီကုန်သော ဥပေက္ခာဝေဒနာတို့ကား ခြောက်ပါးအပြားရှိကုန်၏၊ ဤသို့ ဤ(ဝေဒနာအပြား သုံးဆယ့်ခြောက်ပါး) ဆက္ကခြောက်ပါးတို့ ဖြစ်ကုန်၏၊အတိတ် ဝေဒနာတို့သည်လည်း သုံးဆယ့် ခြောက်ပါး အပြားရှိကုန်၏၊ အနာဂတ် ဝေဒနာတို့သည်လည်း သုံးဆယ့်ခြောက်ပါး အပြားရှိကုန် ၏၊ ပစ္စုပ္ပန်ဝေဒနာ တို့သည်လည်း သုံးဆယ့်ခြောက်ပါး အပြားရှိကုန်၏၊ ထိုကာလ သုံးပါး၌ ဖြစ်သော ဆဆက္ကဝေဒနာကို တပေါင်းတစုတည်း ပေါင်းရုံးစုစည်း၍ ဝေဒနာတရာ့ရှစ်ပါးတို့ ဖြစ်ကုန်၏ဟု သိစေတော်မူ၏။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ငါးခုမြောက် ၄ဝေဒနာပဉှာ ပြီး၏။

---

## ၆-နာမရူပကေတ္တနာနတ္တပဉှာ

(နာမ်ရုပ် တူပတူ ပြဿနာ)

၆။ မိလိန္ဒမင်းသည်"အသျှင်ဘုရားနာဂသေန အဘယ် တရားသည် ပဋိသန္ဓေ နေသနည်း"ဟု မေးလျှောက်၏။ နာဂသေနမထေရ်သည်"မင်းမြတ် နာမ်ရုပ်သည် ပဋိသန္ဓေနေ၏"ဟု (မိန့်ဆို၏)။

၁-သောမနဿ ဒေါမနဿ ဥပေက္ခာဝေဒနာ သုံးမျိုးတို့ကို ဂေဟာဿိတ နေက္ခမ္မဿိတ နှစ်ပါးနှင့်မြှောက် ခြောက်မျိုးဖြစ်၏၊ ယင်းခြောက်မျိုးကို အာရုံခြောက်ပါးနှင့်မြှောက် ၆ × ၆ = ၃၆ ဖြစ်၏၊ ယင်း ၃၆ ကို အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါးနှင့်မြှောက်သော် ၃၆ × ၃ = ၁၀၈—ဝေဒနာ တရာ့ရှစ်မျိုး ဖြစ်၏။

http://www.dhammadownload.com



ဤပစ္စုပ္ပန် နာမ်ရုပ်သည်ပင်လျှင် ပဋိသန္ဓေနေသလောဟု (မေးလျှောက်၏)။မင်းမြတ် ဤပစ္စုပ္ပန် နာမ်ရုပ်သည်ပင်လျှင် ပဋိသန္ဓေနေသည်မဟုတ်၊ မင်းမြတ် စင်စစ်သော်ကား ဤပစ္စုပ္ပန် နာမ်ရုပ်ဖြင့် ကောင်းသည်လည်း ဖြစ်သော မကောင်းသည်လည်းဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံကို ပြုလုပ်၏၊ထိုကုသိုလ်ကံ အကုသိုလ်ကံကြောင့် တပါးသော နာမ်ရုပ်သည် ပဋိသန္ဓေ နေ၏ဟု (ဖြေတော်မူ၏)။ အသျှင်ဘုရား ဤပစ္စုပ္ပန် နာမ်ရုပ်တရားသည်သာ အကယ်၍ ပဋိသန္ဓေမနေသည် ဖြစ်အံ့၊ ထိုသူသည် ယုတ်ညံ့ကုန်သော အကုသိုလ်ကံတို့မှ လွတ်ရမည် မဟုတ်လောဟု (မေးလျှောက်၏)။ ထိုသူသည် အကယ်၍ ပဋိသန္ဓေမနေရခဲ့မူ ယုတ်ညံ့ကုန်သောအကုသိုလ်ကံတို့မှ လွတ်မြောက်သည် ဖြစ်ရာ၏၊မင်းမြတ် စင်စစ်သော်ကား ထိုသူသည် ပဋိသန္ဓေ နေရသေးသောကြောင့် ယုတ်ညံ့ကုန်သော အကုသိုလ်ကံတို့မှ မလွတ်နိုင်ဟု အသျှင်နာဂသေနမထေရ် (ဖြေကြားတော်မူ၏)။

ဥပမာ ပြုတော်မူပါဦးလော့ဟု(လျှောက်၏)။မင်းမြတ် ဥပမာအားဖြင့် တစုံတယောက်သော ယောကျ်ားသည် အခြားယောကျ်ားတယောက်၏ သရက်သီးကို ခိုးရာ၏၊ထို(ခိုးသော)ယောကျ်ားကို သရက်သီးအရှင်သည် ဖမ်းယူ၍ "မင်းကြီး ဤယောကျ်ားသည် အကျွန်ုပ်၏ သရက်သီးတို့ကို ခိုးအပ်ပါ၏"ဟု မင်းအား ပြရာ၏၊ထိုခိုးသော သူသည်"မင်းကြီး အကျွန်ုပ်သည် ဤသူ၏ သရက်သီးတို့ကို မခိုးယူပါ၊ ဤယောကျ်ား, စိုက်ပျိုးအပ်သော သရက်သီးတို့သည် တခြားတပါးတို့ပါတည်း၊ အကျွန်ုပ်ခိုးအပ်သော သရက်သီးတို့သည် တခြားတပါးတို့ပါတည်း၊ အကျွန်ုပ်သည် အပြစ်ဒဏ် မရောက်သင့်ပါ"ဟု ပြောဆိုရာ၏၊ မင်းမြတ် အသို့နည်း ထိုခိုးသောသူသည် အပြစ်ဒဏ် ရောက်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏၊ အပြစ်ဒဏ် ရောက်ရာပါ၏ဟု (ဖြေကြား၏)။ အဘယ်အကြောင်းကြောင့် အပြစ်ဒဏ် ရောက်ရသနည်း။ အသျှင်ဘုရား ထိုခိုးသူသည် ဤသို့ပင် ဆိုစေကာမူ ရှေးစိုက်ပျိုးရင်း သရက်သီးကို မပယ်မစွန့်သောကြောင့် နောက်(သီးသော) သရက်သီးဖြင့် ထိုခိုးသော ယောကျ်ားသည် အပြစ်ဒဏ် ရောက်ရာပါ၏ဟု (ဖြေကြားလျှောက်ထား၏)။ မင်းမြတ် ဤအတူသာလျှင် ဤပစ္စုပ္ပန် နာမ်ရုပ်ဖြင့် ကောင်းသည်လည်း ဖြစ်သော မကောင်းသည်လည်းဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံကို ပြု၏၊ ထိုကုသိုလ်ကံ အကုသိုလ်ကံကြောင့် အခြားနာမ်ရုပ်သည် ပဋိသန္ဓေ နေ၏၊ ထို့ကြောင့် ယုတ်ညံ့ကုန်သော အကုသိုလ်ကံတို့မှ မလွတ်နိုင်ဟု (မိန့်တော်မူ၏)။

ထို့အထက်လွန် ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာ အားဖြင့် တစုံတယောက်သော ယောကျ်ားသည် အခြားယောကျ်ား တယောက်၏ သလေးစပါးကို ခိုးရာ၏။ပ။ ကြံကို ခိုးရာ၏။ပ။ မင်းမြတ် ဥပမာအားဖြင့် တစုံတယောက်သော ယောကျ်ားသည် ဆောင်းအခါ မီးညှိပျိုး၍ မီးလှုံပြီးလျှင် မငြိမ်းသတ်ခဲ့ပဲ ဖဲသွားရာ၏၊ ထိုအခါ ထိုမီးသည် အခြားသော ယောကျ်ား၏ လယ်ကို လောင်မြိုက်ရာ၏၊ ထိုမီးလှုံသော ယောကျ်ားကို လယ်ရှင်က ဖမ်းယူ၍ မင်းကြီး ဤသူသည် အကျွန်ုပ်၏ လယ်ကို မီးရှို့ပါ၏ဟု မင်းအား ပြရာ၏၊ ထိုမီးလှုံသော ယောကျ်ားသည် မင်းကြီး အကျွန်ုပ်သည် ဤယောကျ်ား၏ လယ်ကို မီးမရှို့ပါ၊အကျွန်ုပ် မငြိမ်းခဲ့မိသော မီးသည် အခြားတပါးပါတည်း၊ ဤသူ၏လယ်ကို လောင်မြိုက်သောမီးသည် အခြားတပါးပါတည်း၊အကျွန်ုပ်သည် အပြစ်ဒဏ် မရောက်သင့်ပါဟု ပြောဆိုရာပါ၏၊မင်းမြတ် အသို့နည်း ထိုမီးလှုံသော ယောကျ်ားသည် အပြစ်ဒဏ် ရောက်ရာသလော (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏၊ အပြစ်ဒဏ် ရောက်ရာပါ၏ဟု(ဖြေကြား၏)။ အဘယ်အကြောင်းကြောင့် အပြစ်ဒဏ် ရောက်ရာသနည်းဟု(မေးတော်မူ၏)။ ထိုမီးလှုံသောသူသည် ဤသို့ပင် ဆိုစေကာမူ အသျှင်ဘုရား

http://www.dhammadownload.com



ရှေးလုံးသော မီးကို မပယ်မစွန့်သောကြောင့် နောက်လောင်သော မီးဖြင့် ထိုမီးလုံးသော သူသည် အပြစ်ဒဏ် ရောက်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ဤပဋိသန္ဓေ နာမ်ရုပ်ဖြင့် ကောင်းသည်လည်းဖြစ်သော မကောင်းသည်လည်းဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံကို ပြု၏၊ထိုကုသိုလ်ကံ အကုသိုလ် ကံကြောင့် တပါးသော နာမ်ရုပ်သည် ပဋိသန္ဓေ နေ၏၊ ထို့ကြောင့် ယုတ်ညံ့သော အကုသိုလ်ကံတို့မှ မလွတ်နိုင်ဟု မိန့်တော်မူ၏။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် တစုံတယောက်သော ယောကျ်ားသည် ဆီမီးတိုင်ကိုယူ၍ ပြာသာဒ်ထက်သို့ တက်ပြီးလျှင် ဘောဇဉ်စားရာ၏၊ ဆီမီးတိုင်သည် လောင်မြိုက်သည်ရှိသော် မိုးသောမြက်ကို လောင်မြိုက်ရာ၏၊ မိုးသောမြက်ကို လောင်မြိုက်သည်ရှိသော် အိမ်ကို လောင်မြိုက်ရာ၏၊အိမ်ကို လောင်မြိုက်သည်ရှိသော် ရွာကို လောင်မြိုက်ရာ၏၊ ရွာသားအပေါင်းသည် ယောကျ်ားကို ဖမ်း၍ "အချင်းယောကျ်ား သင်သည် အဘယ့်ကြောင့် ရွာကို မီးရှို့ရသနည်း"ဟု ပြောဆိုရာ၏။ထိုယောကျ်ားက "အချင်းတို့ အကျွန်ုပ်သည် ရွာကို မီးမရှို့ရပါ၊ အကျွန်ုပ်သည် အကြင်မီး၏ အရောင်ဖြင့် ဘောဇဉ်စား၏၊ ထို မီးတိုင်မီးသည် အခြားတပါးပါတည်း၊ ရွာကို လောင်မြိုက်သော မီးသည် အခြားတပါးပါတည်း"ဟု ပြောဆိုရာ၏။ ထိုမီးတိုင်ရှင်နှင့် ရွာသားတို့သည် ငြင်းခုံကြကုန်လျက် သင်မင်းကြီး၏ အထံသို့ လာကုန်ငြားအံ့၊ မင်းမြတ် သင်မင်းမြတ်သည် အဘယ်သူအား တရားကို အနိုင်ပေးရအံ့နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ရွာသားအပေါင်းအား တရားကို အနိုင်ပေးရပါမည်ဟု (လျှောက်၏)။ အဘယ်အကြောင်းကြောင့် တရားကို အနိုင်ပေးအံ့နည်းဟု (မေးတော်မူ၏)။ ထိုမီးတိုင်ရှင် ယောကျ်ားသည် ဤသို့ပင် ဆိုစေကာမူ စင်စစ်သော်ကား ထိုရွာကို လောင်သောမီးသည် ထိုယောကျ်ား၏ မီးမှသာလျှင် ဖြစ်ပေါ်လာပါ၏ဟု (လျှောက်ထား၏)။ မင်းမြတ် ဤအတူသာလျှင် သေသည့်အဆုံးဖြစ်သော နာမ်ရုပ်သည် အကယ်၍ကား အခြားတပါးဖြစ်၏၊ ပဋိသန္ဓေအခါ၌ နာမ်ရုပ်သည် အကယ်၍ကား အခြားတပါးဖြစ်၏၊ သို့ဖြစ်သော်လည်း ထို ရှေး နာမ်ရုပ်ကြောင့်သာလျှင် ထိုနောက်နာမ်ရုပ်သည် ဖြစ်၏၊ ထို့ကြောင့် ယုတ်ညံ့ကုန်သော အကုသိုလ်ကံတို့မှ မလွတ်နိုင်ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် တစုံတယောက်သော ယောကျ်ားသည် ငယ်ရွယ်သော သူငယ်မကို စေ့စပ် ကြောင်းလမ်း တောင်းရမ်း ပြောဆို၍ အသွင်းဥစ္စာကို ပေးခဲ့ပြီးလျှင် ဖဲသွားရာ၏၊ ထိုသူငယ်မသည် နောက်အခါ၌ ထိမ်းမြားသင့်လောက် အရွယ်ရောက်လေ၏။ ထို့နောင်မှ အခြားယောကျ်ားသည် အသွင်းဥစ္စာကို ပေး၍ ထိမ်းမြားမှုကို ပြုရာ၏၊ ထိုအခါ ပဌမယောကျ်ားသည် ပြန်လာ၍ "အချင်းယောကျ်ား သင်သည် အဘယ့်ကြောင့် ငါ၏ မယားကို သိမ်းပိုက်ဘိသနည်း"ဟု (ပြောဆိုရာ၏)။ ထိုထိမ်းမြားသူသည် "သင့်မယားကို ငါ မဆောင်ယူ၊ သင် စေ့စပ် ကြောင်းလမ်း တောင်းရမ်း ပြောဆို၍ အသွင်းဥစ္စာ ပေးထားသော သူငယ်မသည် ငယ်ရွယ်နုပျိုသော အခြားတပါးသော မိန်းမပါတည်း၊ အသွင်းဥစ္စာပေး၍ ငါထိမ်းမြားသော ထိမ်းမြားသင့်လောက် အရွယ်ရောက်သော ဤသူငယ်မသည်ကား အခြားတပါးသာတည်း"ဟု (ပြောဆိုရာ၏)။ ထိုယောကျ်ား နှစ်ယောကျ်ားတို့သည် ငြင်းခုံကြကုန်လျက် သင်မင်းမြတ်အထံသို့ လာကုန်ရာ၏၊ မင်းမြတ် သင်မင်းမြတ်သည် အဘယ်သူအား တရားကို အနိုင်ပေးမည်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ပဌမရှေးဦး ယောကျ်ားအား တရားကို အနိုင်ပေးပါအံ့။ အဘယ်အကြောင်းကြောင့် တရားကို အနိုင်ပေးရာ

http://www.dhammadownload.com



သနည်း။ ထိုဒုတိယ ယောကျ်ားသည် ဤသို့ပင် ဆိုစေကာမူ စင်စစ်သော်ကား ထိုထိမ်းမြား သင့်လောက် အရွယ်ရောက်သော မိန်းမသည် ထိုငယ်ရွယ်သော မိန်းမမှသာလျှင် ဖြစ်လာပါ၏။ မင်းမြတ် ဤအဘူသာလျှင် သေသည့်အဆုံးဖြစ်သော နာမ်ရုပ်သည် အကယ်၍ကား အခြားတပါး ဖြစ်၏၊ ပဋိသန္ဓေအခါ၌ နာမ်ရုပ်သည် အကယ်၍ကား အခြားတပါးဖြစ်၏၊ သို့ဖြစ်သော်လည်း ထို နောက် နာမ်ရုပ်သည် ထိုရှေးနာမ်ရုပ်ကြောင့်သာလျှင် ဖြစ်၏၊ ထို့ကြောင့် ယုတ်ညံ့ကုန်သော အကုသိုလ်ကံတို့မှ မလွတ်နိုင်ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် တစုံတယောက်သော ယောကျ်ားသည် နွားကျောင်းသား၏ လက်မှ နွားနို့ အိုးကို ဝယ်၍ "နက်ဖြန် မှ ယူ၍ သွားအံ့"ဟု ထိုနွားကျောင်းသား၏ လက်၌ပင်လျှင် အပ်နှံခဲ့၍ ဖဲသွားရာ၏၊ ထိုနွားနို့ သည် နက်ဖြန်၌ နို့ဓမ်းဖြစ်လေရာ၏၊ ထိုနွားနို့အိုး ဝယ်သော ယောကျ်ားသည် လာ၍ "ငါ၏ နွားနို့အိုးကို ပေးလော့"ဟု (ဆိုရာ၏)။ ထိုနွားကျောင်းသားသည် နို့ဓမ်းကို ပြရာ၏။ နွားနို့ဝယ်သော ယောကျ်ားသည် "ငါသည် သင်၏လက်မှ နို့ဓမ်းကို မဝယ်၊ ငါ၏ နွားနို့အိုး ကိုသာ ပေးလော့"ဟု (ဆိုရာ၏)။ ထိုနွားကျောင်းသားသည် "နို့သည် သင် မသိစဉ် နို့ဓမ်းဖြစ် လေ၏"ဟု (ပြောဆိုရာ၏)။ ထိုသူတို့သည် ငြင်းခုံကြကုန်လျက် သင်မင်းမြတ်၏ အထံသို့ လာကုန် ရာ၏၊ မင်းမြတ် သင်မင်းမြတ်သည် အဘယ်သူအား တရားကို အနိုင်ပေးမည်နည်းဟု (မေး တော်မူ၏)။ အသျှင်ဘုရား နွားကျောင်းသားအား တရားကို အနိုင်ပေးပါအံ့ဟု (လျှောက်၏)။ အဘယ်အကြောင်းကြောင့် တရားကို အနိုင်ပေးအံ့နည်းဟု (မေးတော်မူ၏)။ ထိုနွားနို့အိုး ဝယ်သော ယောကျ်ားသည် ဤသို့ပင် ဆိုစေကာမူ စင်စစ်သော်ကား ထိုနို့ဓမ်းသည် ထိုနွားနို့ မှသာလျှင် ဖြစ်လာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် သေသည့်အဆုံးဖြစ် သော နာမ်ရုပ်သည် အကယ်၍ကား အခြားတပါးဖြစ်၏၊ ပဋိသန္ဓေအခါ၌ ဖြစ်သော နာမ်ရုပ်သည် အကယ်၍ကား အခြားတပါးဖြစ်၏၊ သို့ဖြစ်သော်လည်း ထိုနောက် နာမ်ရုပ်သည် ထိုရှေးနာမ် ရုပ်ကြောင့်သာလျှင် ဖြစ်၏၊ ထို့ကြောင့် ယုတ်ညံ့ကုန်သော အကုသိုလ်ကံတို့မှ မလွတ်နိုင်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ခြောက်ခုမြောက် နာမရူပကေတ္တနာနတ္တပဥှာ ပြီး၏။

---

## ၇-ထေရပဋိသန္ဓဟနာပဋိသန္ဓဟနပဥှာ

(နာဂသေနမထေရ် တဖန်ပဋိသန္ဓေနေ မနေ ပြဿနာ)

၇။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အသျှင်ဘုရားသည်ကား ပဋိသန္ဓေနေရဦးမည် လော"ဟု မေးလျှောက်၏။ မင်းမြတ် မမေးပါလင့် သင်မင်းကြီးအား ထိုအမေးဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ "မင်းမြတ် ဥပါဒါန် ရှိသေးသည် ဖြစ်အံ့ ပဋိသန္ဓေနေရလတ္တံ့၊ ဥပါဒါန် မရှိသည် ဖြစ်အံ့ ပဋိသန္ဓေ မနေရလတ္တံ့"ဟု ငါသည် ရှေးမဆွကပင် ပြောကြားအပ်ပြီ မဟုတ် လောဟု (မိန့်တော်မူ၏)။

ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် တစုံတယောက် သော ယောကျ်ားသည် မင်းအား ကျေးဇူးကို ပြုလေရာ၏၊ မင်းသည် နှစ်သက်သည်ဖြစ်၍

http://www.dhammadownload.com



ကျေးဇူးတို့ ချီးမြှောက်ခြင်းကို ပြုပြန်ရာ၏၊ ထိုယောကျ်ားသည် ထိုမင်းပြုသော ချီးမြှောက်ခြင်းဖြင့် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံသည်ဖြစ်၍ သုံးဆောင်ခံစားရာ၏၊ ထိုယောကျ်ားသည် လူအပေါင်းအား "မင်းသည် ငါ့အား တစုံတခုသော ကျေးဇူးတို့ကို မပြု"ဟု အကယ်၍ ပြောကြားအံ့၊ မင်းမြတ် အသို့နည်း ထိုယောကျ်ားသည် သင့်လျော်စွာ ပြုလုပ်သည် ဖြစ်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား သင့်လျော်စွာ ပြုလုပ်သည် မဖြစ်ရာပါဟု (လျှောက်ထား၏)။ မင်းမြတ် ဤအတူသာလျှင် သင်မင်းမြတ်အား ထိုအမေးဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ငါသည် "ဥပါဒါန် ရှိသေးသည် ဖြစ်အံ့ ပဋိသန္ဓေနေရလတ္တံ့၊ အကယ်၍ ဥပါဒါန် မရှိသည်ဖြစ်အံ့၊ ပဋိသန္ဓေ မနေရလတ္တံ့ဟု ငါသည် ရှေးမဆွကပင် ဟောကြားအပ်ပြီးမဟုတ်ပါလော"ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ခုနစ်ခုမြောက် ထေရပဋိသန္ဓဟနာပဋိသန္ဓဟနပဥှာ ပြီး၏။

---

ဂ-နာမရူပပဋိသန္ဓဟနပဥှာ

(နာမ်ရုပ်နှင့် ပဋိသန္ဓေနေမှု ပြဿနာ)

၈။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန 'နာမ်ရုပ်' ဟူ၍ အကြင်စကားကို မိန့်ဆိုတော်မူ၏၊ ထိုနာမ်ရုပ်နှစ်ပါးတို့တွင် အဘယ်တရားသည် နာမ်ပါနည်း၊ အဘယ်တရားသည် ရုပ်ပါနည်း" ဟု မေးလျှောက်၏။ မင်းမြတ် ထို နာမ်ရုပ်နှစ်ပါးတို့တွင် ထင်ရှား ကြမ်းထမ်းသော သဘောသည် ရုပ်တည်း၊ သိမ်မွေ့နူးညံ့ကုန်သော စိတ် စေတသိက်တရားတို့သည် နာမ်တည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အဘယ်အကြောင်းကြောင့် နာမ်ချည်းသာ သို့မဟုတ် ရုပ်ချည်းသာ ပဋိသန္ဓေမနေပါသနည်းဟု (လျှောက်ထား၏)။ မင်းမြတ် ထိုနာမ်ရုပ်တရားတို့သည် အချင်းချင်း တပါးသည် တပါး၌ မှီကုန်ရကား တပေါင်းတည်းသာလျှင် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် ကြက်မအား ကလလ ရေကြည်သည် မဖြစ်တုံငြားအံ့၊ အဥ သည်လည်း မဖြစ်လေရာ။ ထိုနှစ်ပါးတို့တွင် ရေကြည် အဥ နှစ်ပါးစုံတို့သည် အချင်းချင်း တပါးသည်တပါး၌ မှီကုန်၏၊ ထိုရေကြည် အဥတို့၏ တပေါင်းတည်းသာလျှင် ဖြစ်ခြင်းသည် ထင်ရှားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ထို နာမ်ရုပ်နှစ်ပါးတို့တွင် နာမ်သည် မဖြစ်ခဲ့မူ ရုပ်သည်လည်း မဖြစ်ရာ၊ ထို နာမ်ရုပ်နှစ်ပါးတို့တွင် နာမ်နှင့်ရုပ် နှစ်ပါးစုံတို့သည် အချင်းချင်း တပါးသည် တပါး၌ မှီကုန်၏၊ ထို နာမ်ရုပ်တို့၏ တပေါင်းတည်းသာလျှင် ဖြစ်ခြင်းသည် ထင်ရှား၏၊ ဤသို့ ထိုနာမ်ရုပ်နှစ်ပါးသည် ရှည်စွာသော ကာလပတ်လုံး ကျင်လည် ပြေးသွားရလေ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ရှစ်ခုမြောက် နာမရူပပဋိသန္ဓဟနပဥှာ ပြီး၏။

http://www.dhammadownload.com



## ၉-အဒ္ဓါနပဥှာ

(ကာလ ပြဿနာ)

၉။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန 'ရှည်စွာသော ကာလ'ဟူ၍ အကြင်စကားကို မိန့်ဆိုတော်မူ၏၊ ဤကာလမည်သည် အဘယ်ပါနည်း"ဟု (လျှောက်၏)။ မင်းမြတ် အတိတ်သည် ကာလမည်၏၊ အနာဂတ်သည် ကာလမည်၏၊ ပစ္စုပ္ပန်သည် ကာလမည်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အလုံးစုံသော ကာလတို့သည် ရှိပါလေကုန်သလောဟု (လျှောက်ထား၏)။ မင်းမြတ် အချို့သော ကာလသည် ရှိ၏၊ အချို့သော ကာလသည် မရှိဟု (ဖြေကြားတော်မူ၏)။ အသျှင်ဘုရား အဘယ်ကာလသည် ရှိ၍ အဘယ်ကာလသည် မရှိပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် အကြင်သင်္ခါရတို့သည် အတိတ်ဖြစ်ကုန်၏၊ ပစ္စုပ္ပန်မှ ကင်းလွတ်ကုန်၏၊ ချုပ်ငြိမ်းကုန်ပြီ၊ ဖောက်ပြန်ပျက်စီးကုန်ပြီ၊ ထိုသင်္ခါရတို့၏ ထိုကာလသည် မရှိ၊ အကြင်တရားတို့သည် အကျိုးတရားဖြစ်ကုန်၏၊ ထို့ပြင် အကြင်တရားတို့သည် အကျိုးကို ဖြစ်စေတတ်သော သဘောရှိသော အကြောင်းတရားဖြစ်ကုန်၏၊ အကြင်တရားတို့သည် တပါးသော ဘဝ၌ ပဋိသန္ဓေကို ပေးကုန်ဆဲ၊ ထိုတရားတို့၏ ထိုကာလသုံးမျိုးသည် ရှိ၏၊ အကြင်သတ္တဝါတို့သည် သေလွန်ကုန်သော် တပါးသော ဘဝ၌ ဖြစ်ကုန်ဆဲ၊ ထို သတ္တဝါတို့၏ ထိုကာလသည်လည်း ရှိ၏၊ အကြင်သတ္တဝါတို့သည် သေလွန်ကုန်သော် တပါးသော ဘုံဘဝ၌ မဖြစ်ကုန်၊ ထိုသတ္တဝါတို့၏ ထိုကာလသည် မရှိ၊ အကြင်သတ္တဝါတို့သည် ဘဝမှ လွတ်ငြိမ်းအေးမြကုန်၏၊ ထိုသတ္တဝါတို့၏ ထိုကာလသည်လည်း မရှိ၊ အဘယ့်ကြောင့်နည်း ဟူမူ—ပရိနိဗ္ဗာန်စံလွန်ချုပ်ငြိမ်း ခန္ဓာဇာတ်သိမ်းသောကြောင့်တည်းဟု (ဖြေဆိုမိန့်ကြားတော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ကိုးခုမြောက် အဒ္ဓါနပဥှာ ပြီး၏။

# နှစ်ခုမြောက် အဒ္ဓါနဝဂ် ပြီး၏။

ဤအဒ္ဓါနဝဂ်၌ အမေးပုစ္ဆာပြဿနာ ကိုးပါးတို့တည်း။

http://www.dhammadownload.com

# ၃—ဝိစာရဝဂ်

## ၁-အဒ္ဓါနမူလပဥှာ

(ကာလ၏အရင်းမူလ ပြဿနာ)

၁။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အတိတ်ကာလ၏ အရင်း မူလသည် အဘယ်ပါနည်း၊ အနာဂတ်ကာလ၏ အရင်း မူလသည် အဘယ်ပါနည်း၊ ပစ္စုပ္ပန်ကာလ၏ အရင်း မူလသည် အဘယ်ပါနည်း"ဟု မေးလျှောက်၏။ မင်းမြတ် အတိတ်ကာလ အနာဂတ်ကာလ ပစ္စုပ္ပန်ကာလ၏ အရင်း မူလသည် သစ္စာလေးပါးကို မသိမှု 'အဝိဇ္ဇာ'ပင်တည်း၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကုန်၏၊ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်ဖြစ်၏၊ ဝိညာဏ်ဟူသော အကြောင်းကြောင့် နာမ်ရုပ်ဖြစ်၏၊ နာမ်ရုပ်ဟူသော အကြောင်းကြောင့် အဇ္ဈတ္တိကာယတန ခြောက်ပါးဖြစ်၏၊ အဇ္ဈတ္တိကာယတန ခြောက်ပါးဟူသော အကြောင်းကြောင့် ဖဿဖြစ်၏၊ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်၏၊ ဝေဒနာဟူသော အကြောင်းကြောင့် တဏှာဖြစ်၏၊ တဏှာဟူသောအကြောင်းကြောင့် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန်ဟူသော အကြောင်းကြောင့် ဘဝဖြစ်၏၊ ဘဝဟူသော အကြောင်းကြောင့် ဇာတိဖြစ်၏၊ ဇာတိဟူသော အကြောင်းကြောင့် ဇရာ မရဏသည်ရင်း သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည်ရင်း ဖြစ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ကာလ၏ ရှေးအစွန်းသည် မထင်ရှားဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ရှေးဦးစွာသော အဒ္ဓါနမူလပဥှာ ပြီး၏။

---

## ၂-ပုရိမကောဋိပဥှာ

(ရှေးအစွန်း ပြဿနာ)

၂။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ရှေးဖြစ်သော အစွန်း (အပိုင်းအခြား)သည် မထင်ဟု အကြင်စကားကို မိန့်ဆိုတော်မူ၏၊ ထိုစကား၏ ဥပမာကို ပြုတော်မူပါဦးလော့"ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် ယောကျ်ားသည် သေးငယ်သော မျိုးစေ့ကို မြေ၌ စိုက်ပျိုးရာ၏၊ ထိုမျိုးစေ့မှ အညွန့်ထွက်လတ်၍ အစဉ်အတိုင်း ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လတ်သော် အသီးသီးရာ၏၊ ထိုအသီးမှလည်း မျိုးစေ့ကို ယူ၍ တဖန် စိုက်ပျိုးပြန်ရာ၏၊ ထိုမျိုးစေ့မှလည်း အညွန့်ထွက်လတ်၍ အစဉ်အတိုင်း ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လတ်သော် အသီးသီးရာ၏၊ ဤသို့လျှင် ဤ (မျိုးစေ့) အစဉ်၏ အစွန်း (အပိုင်းအခြား)သည် ရှိပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရှိပါဟု (လျှောက်ထား၏)။ မင်းမြတ် ဤအတူသာလျှင် ရှည်စွာသော ကာလ၏လည်း ရှေးဖြစ်သော အစွန်း (အပိုင်းအခြား)သည် မထင်ဟု (ဖြေကြားတော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ကြက်မမှ ကြက်ဥသည် ဥရာ၏၊ ကြက်ဥမှ ကြက်မသည် ပေါက်ရာ၏၊ ကြက်မမှ ကြက်ဥသည် ဥရာ၏၊ ဤသို့

http://www.dhammadownload.com



အဆင့်ဆင့်ဖြစ်သော် ဤအစွန်း (အပိုင်းအခြား)သည် ရှိကောင်းပါအံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရှိနိုင်ပါဟု (လျှောက်ထား ဖြေကြား၏)။ မင်းမြတ် ဤအတူသာလျှင် ဤရှည်စွာသော ကာလ၏လည်း အစွန်း(အပိုင်းအခြား)သည် မထင်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့။ နာဂသေနမထေရ်သည် မြေ၌ စက်ဝိုင်းရေး၍ မိလိန္ဒမင်းကြီးအား "မင်းမြတ် ဤစက်ဝိုင်း၏ အစွန်း(အပိုင်းအခြား)သည် ရှိပါသလော"ဟူသော ဤစကားကို မိန့်တော်မူ၏။ မရှိပါ အသျှင်ဘုရား။ မင်းမြတ် ဤအတူသာလျှင် "စက္ခုပသာဒရုပ်ကိုရင်း ရူပါရုံတို့ကိုရင်း အစွဲအမှီပြု၍ စက္ခုဝိညာဏ်ဖြစ်ပေါ်၏၊ စက္ခုပသာဒရုပ် ရူပါရုံ စက္ခုဝိညာဏ်စိတ်သုံးမျိုးတို့၏ ရောစပ်ပေါင်းဆုံမိသည်ဖြစ်၍ တွေ့ထိမှု 'ဖဿ'ဖြစ်ပေါ်၏၊ တွေ့ထိမှု'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားမှု'ဝေဒနာ'ဖြစ်ပေါ်၏၊ခံစားမှု'ဝေဒနာ'ဟူသော အကြောင်းကြောင့် ကပ်ငြိတွယ်တာမှု 'တဏှာ'ဖြစ်ပေါ်၏၊ ကပ်ငြိတွယ်တာမှု'တဏှာ'ဟူသော အကြောင်းကြောင့် ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်'ဖြစ်ပေါ်၏၊ ဥပါဒါန်ဟူသော အကြောင်းကြောင့် ကုသိုလ် အကုသိုလ်စေတနာကံ ဖြစ်ပေါ်၏၊ ကံကြောင့် တဖန်စက္ခုပသာဒရုပ်ဖြစ်ပေါ်ပြန်၏"ဟူ၍ ဤစက်တို့ကို မြတ်စွာဘုရားသည် (နိဒါနသံယုတ်ဂဟပတိဝဂ်၌) ဟောကြားတော်မူအပ်ကုန်၏၊ ဤသို့လျှင် မြတ်စွာဘုရား ဟောတော်မူအပ်သည့်အတိုင်း ဤစက္ခုဝိညာဏ် အစဉ်အဆက်၏ အစွန်း(အပိုင်းအခြား)သည် ရှိပါအံ့လောဟု (မေးတော်မူ၏)။ မရှိပါ အသျှင်ဘုရားဟု (လျှောက်၏)။

သောတပသာဒရုပ်ကိုရင်း သဒ္ဒါရုံတို့ကိုရင်း အစွဲအမှီပြု၍။ပ။မနောဒွါရကိုရင်း ဓမ္မာရုံတို့ကိုရင်း အစွဲအမှီပြု၍ မနောဝိညာဏ်သည် ဖြစ်ပေါ်၏၊ မနောဒွါရ ဓမ္မာရုံ မနောဝိညာဏ် သုံးမျိုးတို့ ရောစပ်ပေါင်းဆုံမိသည်ဖြစ်၍ တွေ့ထိမှု'ဖဿ'ဖြစ်ပေါ်၏၊ တွေ့ထိမှု'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားမှု'ဝေဒနာ'ဖြစ်ပေါ်၏၊ ခံစားမှု'ဝေဒနာ'ဟူသော အကြောင်းကြောင့် ကပ်ငြိတွယ်တာမှု'တဏှာ'ဖြစ်ပေါ်၏၊ ကပ်ငြိတွယ်တာမှု'တဏှာ'ဟူသော အကြောင်းကြောင့် ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်'ဖြစ်ပေါ်၏၊ ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်'ဟူသော အကြောင်းကြောင့် ကုသိုလ် အကုသိုလ် စေတနာကံ ဖြစ်ပေါ်၏၊ ကံကြောင့် တဖန် မနောဝိညာဏ် ဖြစ်ပေါ်ပြန်၏ ဟူ၍ ဤစက်တို့ကို မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်ကုန်၏၊ ဤသို့လျှင် မြတ်စွာဘုရား ဟောတော်မူအပ်သည့်အတိုင်း ဤမနောဝိညာဏ် အစဉ်အဆက်၏ အစွန်း(အပိုင်းအခြား)သည် ရှိပါအံ့လောဟု (မေးတော်မူ၏)။မရှိပါ အသျှင်ဘုရား။မင်းမြတ် ဤသို့လျှင် ရှည်စွာသောကာလ၏လည်း ရှေးဖြစ်ပြီးသော အစွန်း(အပိုင်းအခြား)သည် မထင်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

နှစ်ခုမြောက် ပုရိမကောဋိပဉှာ ပြီး၏။

---

## ၃-ကောဋ္ဌိပညာယနပဉှာ

### (ရှေးအစွန်း ထင်မထင် ပြဿနာ)

၃။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန 'ရှေးဖြစ်သော အစွန်း(အပိုင်းအခြား)သည် မထင်'ဟု အကြင်စကားကို မိန့်ကြားတော်မူ၏၊ ထို ရှေးဖြစ်သော အစွန်း (အပိုင်းအခြား) သည် အဘယ်ပါနည်း"ဟု မေးလျှောက်၏။ မင်းမြတ် အတိတ်ဖြစ်သောကာလသည်ပင် ရှေးဖြစ်

http://www.dhammadownload.com



သော အစွန်း(အပိုင်းအခြား) မည်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန "ရှေး ဖြစ်သော အစွန်း(အပိုင်းအခြား)သည် မထင်"ဟု အကြင်စကားကို မိန့်ကြားတော်မူ၏၊ အသျှင်ဘုရား အလုံးစုံသာဖြစ်သော ရှေးဖြစ်သော အစွန်း(အပိုင်းအခြား)သည် မထင်ပါသလော ဟု (မေးလျှောက်၏)။ မင်းမြတ် အချို့သော ရှေးအစွန်း (အပိုင်းအခြား)သည် ထင်၏၊ အချို့ သော ရှေးအစွန်း (အပိုင်းအခြား)သည် မထင်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အဘယ် ရှေးအစွန်း (အပိုင်းအခြား)သည် ထင်ပါသနည်း၊ အဘယ် ရှေးအစွန်း (အပိုင်းအခြား)သည် မထင်ပါသနည်း ဟု (မေးလျှောက်၏)။ မင်းမြတ် ဤကာလမှ ရှေးကာလ၌ အခါခပ်သိမ်း အချင်းခပ်သိမ်း အဝိဇ္ဇာတရားသည် မဖြစ်ဘူး၊ ရှေးအစွန်း(အပိုင်းအခြား)သည် မထင်၊ အကြင် တရားသည် ထင်ရှားမရှိလတ်ပဲ ထင်စွာဖြစ်ပေါ်လာ၏၊ ထင်ရှား ရှိပြီး၍ ချုပ်ကင်း ပျောက်ကွယ် လေ၏၊ ဤရှေးအစွန်း (အပိုင်းအခြား)သည် ထင်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အကြင်တရားသည် ထင်ရှားမရှိလတ်ပဲ ထင်စွာဖြစ်ပေါ်လာ၏၊ ထင်ရှားရှိပြီး၍ ချုပ်ကင်းပျောက်ကွယ်လေ၏၊ ထိုတရားသည် ရှေ့နောက် အစွန်း(အပိုင်းအခြား) နှစ်ပါးစုံအားဖြင့် ပြတ်သည်ဖြစ်၍ ချုပ်ကင်း ပျောက်ကွယ်ခြင်းသို့ ရောက်လတ်သည် မဟုတ်ပါ လောဟု (လျှောက်၏)။ မင်းမြတ် ရှေ့ နောက် အစွန်း (အပိုင်းအခြား) နှစ်ပါးစုံအားဖြင့် ပြတ် သည်ဖြစ်၍ ချုပ်ကင်း ကွယ်ပျောက်ခြင်းသို့ ရောက်ခဲ့မူ ရှေ့နောက် အစွန်း(အပိုင်းအခြား) နှစ်ပါးစုံ အားဖြင့် ပြတ်သည်ကို ဆက်ပွါးခြင်းငှါ စွမ်းနိုင်အံ့လောဟု(မေးတော်မူ၏)။ အသျှင်ဘုရား ထိုနှစ် ပါးစုံအားဖြင့် ပြတ်သည်ကိုလည်း ဆက်ပွါးခြင်းငှါ စွမ်းနိုင်သင့်ပါ၏၊ အသျှင်ဘုရား သို့ပင် စွမ်းနိုင် သော်လည်း အကျွန်ုပ်သည် ဤနှစ်ပါးစုံ ပြတ်သည်ကို မမေးပါ၊ ရှေး နောက် အစွန်း (အပိုင်း အခြား) အားဖြင့် ဆက်ပွါးခြင်းငှါ စွမ်းနိုင်ပါသလောဟုသာ မေးပါသည်ဟု (လျှောက်၏)။ ဟုတ်၏ ဆက်ပွါးခြင်းငှါ စွမ်းနိုင်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ဥပမာပြုတော်မူပါဦးလော့ဟု ( လျှောက်၏ )။ နာဂသေနမထေရ်သည် ထိုမိလိန္ဒမင်းအား သစ်ပင်ဥပမာကို ပြုတော်မူ၏၊ ခန္ဓာငါးပါးတို့သည်လည်း အလုံးစုံသော ဒုက္ခ အစု၏ မျိုးစေ့တို့ပင်တည်းဟု (ပြတော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

သုံးခုမြောက် ကောဋိပညာယနပဉှာ ပြီး၏။

---

## ၄-သင်္ခါရဇာယမာနပဉှာ

(ဖြစ်ဆဲသင်္ခါရ ရှိမရှိ ပြဿနာ)

၄။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အကြင်သင်္ခါရတို့သည် ဖြစ်ဆဲဖြစ်ကုန်၏၊ အချို့ကုန်သော ထိုသင်္ခါရတို့သည် ရှိပါကုန်သလော"ဟု မေးလျှောက်၏။ မင်းမြတ် ဟုတ်၏ အကြင်သင်္ခါရတို့သည် ဖြစ်ဆဲ ဖြစ်ကုန်၏၊ ထိုသင်္ခါရတို့သည် ရှိကုန်၏ဟု (မိန့်တော်မူ၏)။ ထိုဖြစ်ဆဲသင်္ခါရတို့သည် အဘယ်သည်တို့ပါနည်းဟု (မေးလျှောက်၏)။ စက္ခုပသာဒသည် ရှိလတ် သော်ငှင်း ရူပါရုံတို့သည် ရှိလတ်ကုန်သော်ငှင်း စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်၏၊ စက္ခုဝိညာဏ်စိတ် ရှိလတ်သော် စက္ခုသမ္ဖဿ ဖြစ်ပေါ်၏၊ စက္ခုသမ္ဖဿ ရှိလတ်သော် ဝေဒနာဖြစ်ပေါ်၏၊ ဝေဒနာ ရှိလတ်သော် တဏှာဖြစ်ပေါ်၏၊ တဏှာ ရှိလတ်သော် ဥပါဒါန် ဖြစ်ပေါ်၏၊ ဥပါဒါန် ရှိလတ်သော် ဘဝ ဖြစ်ပေါ်၏၊ ဘဝ ရှိလတ်သော် ဇာတိ ဖြစ်ပေါ်၏၊ ဇာတိ ရှိလတ်သော် ဇရာ မရဏသည်ငှင်း

http://www.dhammadownload.com



သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည်ရှင်း ဖြစ်ပေါ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအပေါင်း၏ ဖြစ်ပေါ်ရခြင်းသည် ထင်ရှား၏။ မင်းမြတ် စက္ခုပသာဒမရှိသော်ရှင်း ရူပါရုံတို့သည် မရှိကုန်သော်ရှင်း စက္ခုဝိညာဏ်စိတ် မဖြစ်ပေါ်၊ စက္ခုဝိညာဏ်စိတ် မရှိလတ်သော် စက္ခုသမ္ဖဿ မဖြစ်ပေါ်၊ စက္ခုသမ္ဖဿ မရှိလတ်သော် ဝေဒနာ မဖြစ်ပေါ်၊ ဝေဒနာ မရှိလတ်သော် တဏှာ မဖြစ်ပေါ်၊ တဏှာ မရှိလတ်သော် ဥပါဒါန် မဖြစ်ပေါ်၊ ဥပါဒါန် မရှိလတ်သော် ဘဝ မဖြစ်ပေါ်၊ ဘဝ မရှိလတ်သော် ဇာတိ မဖြစ်ပေါ်၊ ဇာတိ မရှိလတ်သော် ဇရာ မရဏသည်ရှင်း သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည်ရှင်း မဖြစ်ပေါ်ကုန်၊ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအပေါင်း၏ ချုပ်ငြိမ်း ပြတ်စဲခြင်းသည် ထင်ရှား၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

လေးခုမြောက် သင်္ခါရဇာယမာနပဥှာ ပြီး၏။

---

## ၅-ဘဝန္တသင်္ခါရဇာယမာနပဥှာ

(ဖြစ်ရာမရှိပဲ သင်္ခါရ ဖြစ်မဖြစ် ပြဿနာ)

၅။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ထင်ရှားဖြစ်ရာ မရှိကုန်ပဲ ဖြစ်ပေါ်ကြသည့် အချို့သင်္ခါရတို့သည် ရှိပါကုန်သလော"ဟု မေးလျှောက်၏။ မင်းမြတ် ထင်ရှားဖြစ်ရာ ဘဝမရှိကုန်ပဲ ဖြစ်ပေါ်ကြသည့် အချို့သင်္ခါရတို့သည် မရှိကုန်။ မင်းမြတ် သင်္ခါရထင်ရှားဖြစ်ရာ ဘဝရှိကုန်၍သာလျှင် သင်္ခါရတို့ဖြစ်ပေါ် ကြကုန်၏။

ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်မင်းမြတ် နေထိုင်သော ဤနန်းတော်သည် ဖြစ်ရာ ထင်ရှားမရှိပဲ ဖြစ်ပေါ်လာသလောဟု(မေးတော်မူ၏)။ အသျှင်ဘုရား ဤနန်းတော်၌ ဖြစ်ရာ ထင်ရှားမရှိပဲ ဖြစ်ပေါ်လာသော ဝတ္ထုတစုံတရာမျှ မရှိချေ၊ ဖြစ်ရာ ထင်ရှားရှိ၍သာ ဖြစ်ပေါ်လာ၏၊ အသျှင်ဘုရား ဤထိုင်နေသော သစ်သားတို့သည် သစ်တော၌ ဖြစ်ပါကုန်၏၊ ဤနံရံလိမ်းကျံသော မြေညက်သည်လည်း မြေကြီး၌ ဖြစ်၏၊ မိန်းမတို့၏ရှင်း ယောကျ်ားတို့၏ရှင်း ထိုနန်းတော်ကိုဖြစ်စေတတ်သော လုံ့လဖြင့် ဤသို့လျှင် ဤနန်းတော်သည် ဖြစ်ပါ၏ဟု(လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ဖြစ်ရာ ထင်ရှားမရှိပဲ ဖြစ်ပေါ်ကြသည့် အချို့သင်္ခါရတို့သည် မရှိကုန်၊ သင်္ခါရတို့သည် ဖြစ်ရာ ထင်ရှား ရှိကုန်၍သာလျှင် ဖြစ်ပေါ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် ဗီဇဂါမ် ဘူတဂါမ်[၁]ဟူသမျှ အားလုံးတို့သည် မြေ၌ ချထား စိုက်ပျိုးကုန်သော် အစဉ်သဖြင့် ကြီးပွါး စည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကုန်လျက် အပွင့် အသီးတို့ ပွင့်သီးကုန်ရာ၏၊ ထိုသစ်ပင်တို့သည် ဖြစ်ရာ ထင်ရှားရှိကုန်၍သာလျှင် ဖြစ်ပေါ်ကုန်၏၊ မင်းမြတ် ဤအတူသာလျှင် ဖြစ်ရာ ထင်ရှားမရှိကုန်ပဲ ဖြစ်ပေါ်ကြသည့် အချို့သင်္ခါရတို့သည် မရှိကုန်၊ ထိုသင်္ခါရတို့သည် ဖြစ်ရာ ထင်ရှားရှိကုန်၍သာလျှင် ဖြစ်ပေါ်ကုန်၏ဟု (မိန့်တော်မူ၏)။

---

၁-အစေ့,အညွန့်,အပင်,အမြစ်,အဆစ်-ဟူသော ဤမျိုးစေ့ ငါးမျိုးကို ဗီဇဂါမ်ဟု ယူအပ်၏၊ ၎င်းမျိုးစေ့တို့မှ ပေါက်လာ၍ စိမ်းစိုသော အရွက် အညွန့် ထွက်လာသည်မှ စ၍ အပင်ဟူသမျှကို ဘူတဂါမ် ဟု ယူအပ်၏။

http://www.dhammadownload.com



ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် အိုးလုပ်သမားသည် မြေမှ မြေညက်ကို ထုတ်ယူ၍ အမျိုးမျိုးသော အိုးခွက်တို့ကို ပြုလုပ်၏၊ထိုအိုးခွက်တို့သည် ဖြစ်ရာ ထင်ရှား မရှိကုန်ပဲ မဖြစ်ပေါ် ကုန်၊ ဖြစ်ရာ ထင်ရှား ရှိကုန်၍သာလျှင် ဖြစ်ပေါ်ကုန်၏၊ မင်းမြတ် ဤအတူသာလျှင် ဖြစ်ရာ ထင်ရှား မရှိကုန်ပဲ ဖြစ်ပေါ်ကြသည့် သင်္ခါရတို့သည် မရှိကုန်၊ သင်္ခါရတို့သည် ဖြစ်ရာ ထင်ရှားရှိကုန်၍သာလျှင် ဖြစ်ပေါ်ကုန်၏ဟု(မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် စောင်း၏ ကိုယ်ထည် မရှိခဲ့မူ စောင်းကြက်သားရေ မရှိခဲ့မူ စောင်းခွက် (စောင်းကျင်း)မရှိခဲ့မူ စောင်းလက် (မင်ရိုး)မရှိခဲ့မူ စောင်းကြိုးချည်ရာ ခလုတ်(ဒလက်)မရှိခဲ့မူ စောင်းညှို့ (စောင်းကြိုး)တို့ မရှိခဲ့ကုန်မူ စောင်းဘီး လက်ခတ် မရှိခဲ့မူ စောင်းသမား ယောကျ်ား၏ ထိုစောင်းသံဖြစ်ရန် လျော်ကန်သော လုံ့လမရှိခဲ့မူ စောင်းသံသည် ဖြစ်ရာသလောဟု(မေးတော်မူ၏)။ အသျှင်ဘုရား စောင်းသံမဖြစ်ရာပါဟု (လျှောက်၏)။ မင်းမြတ် စောင်း၏ကိုယ်ထည်ရှိခဲ့မူ စောင်းကြက်သားရေရှိခဲ့မူ စောင်းခွက် (စောင်းကျင်း)ရှိခဲ့မူ စောင်းလက်(မင်ရိုး)ရှိခဲ့မူ စောင်းကြိုးချည်ရာ ခလုတ်(ဒလက်)ရှိခဲ့မူ စောင်းညှို့ (စောင်းကြိုး)ရှိခဲ့မူ စောင်းတီးလက်ခတ်ရှိခဲ့မူ စောင်းသမား ယောကျ်ား၏ ထိုစောင်းသံဖြစ်ရန် လျော်ကန်သော လုံ့လလည်းရှိခဲ့မူ စောင်းသံသည် ဖြစ်ရာသလောဟု(မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏ စောင်းသံ ဖြစ်ရာပါ၏။ မင်းမြတ် ဤအတူသာလျှင် ဖြစ်ရာ ထင်ရှားမရှိကုန်ပဲ ဖြစ်ပေါ်ကြသည့် အချို့သော သင်္ခါရတို့ မရှိကုန်၊ သင်္ခါရတို့ ဖြစ်ရာ ထင်ရှားရှိကုန်၍သာလျှင် ဖြစ်ပေါ်ကုန်၏ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် မီးပွတ်ခုံ မရှိခဲ့မူ မီးပွတ်ကျည် (တုတ်ချောင်း)မရှိခဲ့မူ မီးပွတ်ကြိုးမရှိခဲ့မူ မီးပွတ်နှိပ်မရှိခဲ့မူ မီးပွတ်စာ မရှိခဲ့မူ မီးပွတ်သမားယောကျ်ား၏ ထိုမီးဖြစ်ရန် လျော်ကန်သော လုံ့လမရှိခဲ့မူ ထိုမီးသည် ဖြစ်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မီး မဖြစ်ရာပါ။ မင်းမြတ် မီးပွတ်ခုံရှိခဲ့မူ မီးပွတ်ကျည် (တုတ်ချောင်း)ရှိခဲ့မူ မီးပွတ်ကြိုးရှိခဲ့မူ မီးပွတ်နှိပ်ရှိခဲ့မူ မီးပွတ်စာရှိခဲ့မူ မီးပွတ်သမား ယောကျ်ား၏ ထိုမီးဖြစ်ရန် လျော်ကန်သော လုံ့လရှိခဲ့မူ ထိုမီးသည် ဖြစ်ရာသလော။အသျှင်ဘုရား ဟုတ်ပါ၏ မီးဖြစ်ရာပါ၏။ မင်းမြတ် ဤအတူသာလျှင် ဖြစ်ရာ ထင်ရှားမရှိကုန်ပဲ ဖြစ်ပေါ်ကြသည့် အချို့ကုန်သော သင်္ခါရတို့ မရှိကုန်၊ သင်္ခါရတို့သည် ဖြစ်ရာ ထင်ရှား ရှိကုန်၍သာလျှင် ဖြစ်ပေါ်ကုန်၏ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု(လျှောက်၏)။မင်းမြတ် ဥပမာအားဖြင့် သူရိယကန်ကျောက်သည် မရှိခဲ့မူ နေပူသည် မရှိခဲ့မူ မီးစာသည် မရှိခဲ့မူ ထိုမီးသည် ဖြစ်ရာသလော။ အသျှင်ဘုရား မီးမဖြစ်ရာပါ။ မင်းမြတ် သူရိယကန်ကျောက်ရှိခဲ့မူ နေပူသည်ရှိခဲ့မူ မီးစာသည် ရှိခဲ့မူ ထိုမီးသည် ဖြစ်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏ ဖြစ်ရာပါ၏။ မင်းမြတ် ဤအတူသာလျှင် ဖြစ်ရာ ထင်ရှားမရှိကုန်ပဲ ဖြစ်ပေါ်ကြသည့် အချို့သော သင်္ခါရတို့ ပရှိကုန်၊ သင်္ခါရတို့သည် ဖြစ်ရာ ထင်ရှားရှိကုန်၍သာလျှင် ဖြစ်ပေါ်ကုန်၏ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် မှန်သည် မရှိခဲ့မူ အလင်းရောင်သည် မရှိခဲ့မူ မျက်နှာသည် မရှိခဲ့မူ ကိုယ်အရိပ် ဖြစ်ပေါ်ရာသလော။ အသျှင်ဘုရား ကိုယ်အရိပ်သည် မဖြစ်ပေါ်ရာပါ။မင်းမြတ် မှန်သည် ရှိခဲ့မူ အလင်းရောင်သည် ရှိခဲ့မူ မျက်နှာသည်ရှိခဲ့မူ ကိုယ်အရိပ်သည် ဖြစ်ပေါ်ရာသလော။အသျှင်ဘုရား ဟုတ်ပါ၏ ကိုယ်အရိပ်သည်

http://www.dhammadownload.com



ဖြစ်ပေါ်ရာပါ၏။ မင်းမြတ် ဤအတူသာလျှင် ဖြစ်ရာ ထင်ရှားမရှိကုန်ပဲ ဖြစ်ပေါ်ကြသည့် အချို့သော သင်္ခါရတို့ မရှိကုန်၊ သင်္ခါရတို့သည် ဖြစ်ရာ ထင်ရှားရှိကုန်၍သာလျှင် ဖြစ်ပေါ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ငါးခုမြောက် ဘဝန္တသင်္ခါရဇာယမာနပဉှာ ပြီး၏။

## ၆-ဝေဒဂူပဉှာ

### (ဇီဝမည်သော လိပ်ပြာကောင်အတ္တ ပြဿနာ)

၆။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ဝေဒဂူမည်သော အရာစုကို ပမှတ်သဘော အားဖြင့် ရအပ်ပါသလော"ဟု မေးလျှောက်၏။ မင်းမြတ် ဤသင်မင်းမြတ် ပြောသော ဝေဒဂူမည်သည် အဘယ်ပါနည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ကိုယ်တွင်း၌ အကြင် ဇီဝ မည်သော လိပ်ပြာကောင်အတ္တသည် မျက်စိဖြင့် အဆင်း'ရူပါရုံ'ကို မြင်၏၊ နားဖြင့် အသံ 'သဒ္ဒါရုံ'ကို ကြား၏၊ နှာခေါင်းဖြင့် အနံ့'ဂန္ဓာရုံ'ကို နမ်းရှူ၏၊ လျှာဖြင့် အရသာ'ရသာရုံ'ကို လျက်၏၊ ကိုယ်ဖြင့် အတွေ့အထိ'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိ၏၊ စိတ်ဖြင့် သဘောတရား 'ဓမ္မာရုံ'ကို သိ၏၊ ဥပမာအားဖြင့်—အကျွန်ုပ်တို့သည် ဤနန်းပြာသာဒ်ထက်၌ နေထိုင်ကုန်လျက် ကြည့်ရှုရန် အလိုရှိရာ လေသာပြူတင်းတံခါးဖြင့် ကြည့်ရှုနိုင်ကြပါကုန်၏၊ အရှေ့ လေသာပြူတင်းတံခါး ဖြင့်လည်း ကြည့်ရှုနိုင်ကြပါကုန်၏၊ အနောက် လေသာပြူတင်းတံခါးဖြင့်လည်း ကြည့်ရှုနိုင်ကြ ပါကုန်၏၊ မြောက် လေသာပြူတင်းတံခါးဖြင့်လည်း ကြည့်ရှုနိုင်ကြပါကုန်၏၊ တောင် လေသာ ပြူတင်းတံခါးဖြင့်လည်း ကြည့်ရှုနိုင်ကြပါကုန်၏၊ အသျှင်ဘုရား ဤအတူသာလျှင် ကိုယ်တွင်း၌ ဤဇီဝမည်သော လိပ်ပြာကောင်အတ္တသည် အကြင် အကြင် စက္ခုစသော ဒွါရဖြင့် မြင်ခြင်းငှါ အလိုရှိ၏၊ ထို ထို စက္ခုစသောဒွါရဖြင့် မြင်နိုင်ပါ၏၊ (ဇီဝမည်သော လိပ်ပြာကောင်အတ္တသည် ဝေဒဂူမည်ပါ၏ဟု လျှောက်ထား၏)။

နာဂသေနမထေရ်သည် "မင်းမြတ် စက္ခုစသောငါးဒွါရကို ပြဆိုပေအံ့၊ ထိုစကားကို သင် မင်းမြတ် နားထောင်လော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ကိုယ်တွင်း၌ရှိသော ဇီဝမည်သော လိပ်ပြာကောင်အတ္တသည် မျက်စိဖြင့် အဆင်း'ရူပါရုံ'ကို အကယ်၍ မြင်သည်ဖြစ်အံ့ ဥပမာ အားဖြင့်—ငါတို့သည် ဤ နန်းပြာသာဒ်ထက်၌ နေထိုင်ကုန်လျက် ကြည့်ရှုရန် အလိုရှိသော လေသာပြူတင်းတံခါးဖြင့် အဆင်း'ရူပါရုံ'ကိုသာ မြင်ကြရကုန်၏၊ အရှေ့ လေသာပြူတင်းတံခါး ဖြင့်လည်း အဆင်း'ရူပါရုံ'ကိုပင် မြင်ကြရကုန်၏၊ အနောက် လေသာပြူတင်းတံခါးဖြင့်လည်း အဆင်း'ရူပါရုံ'ကိုပင် မြင်ကြရကုန်၏၊ မြောက် လေသာပြူတင်းတံခါးဖြင့်လည်း အဆင်း'ရူပါရုံ' ကိုပင် မြင်ကြရကုန်၏၊ တောင် လေသာပြူတင်းတံခါးဖြင့်လည်း အဆင်း'ရူပါရုံ'ကိုပင် မြင်ကြရ ကုန်၏၊ ဤအတူ ကိုယ်တွင်း၌ရှိသော ဤသင်မင်းမြတ် ပြသော ဇီဝမည်သော လိပ်ပြာကောင် အတ္တသည် နားဖြင့်လည်း အဆင်း'ရူပါရုံ'ကိုပင် မြင်အပ်ရာ၏၊ နှာခေါင်းဖြင့်လည်း အဆင်း'ရူပါရုံ' ကိုပင် မြင်အပ်ရာ၏၊ လျှာဖြင့်လည်း အဆင်း'ရူပါရုံ'ကိုပင် မြင်အပ်ရာ၏၊ ကိုယ်ဖြင့်လည်း အဆင်း 'ရူပါရုံ'ကိုပင် မြင်အပ်ရာ၏၊ စိတ်ဖြင့်လည်း အဆင်း'ရူပါရုံ'ကိုပင် မြင်အပ်ရာ၏၊ မျက်စိဖြင့်လည်း အသံ'သဒ္ဒါရုံ'ကိုပင် ကြားအပ်ရာ၏၊ နှာခေါင်းဖြင့်လည်း အသံ'သဒ္ဒါရုံ'ကိုပင် ကြားအပ်ရာ၏၊ လျှာဖြင့်လည်း အသံ'သဒ္ဒါရုံ'ကိုပင် ကြားအပ်ရာ၏၊ကိုယ်ဖြင့်လည်း အသံ 'သဒ္ဒါရုံ'ကိုပင် ကြားအပ်

http://www.dhammadownload.com



ရာ၏၊ စိတ်ဖြင့်လည်း အသံ'သဒ္ဒါရုံ'ကိုပင် ကြားအပ်ရာ၏။ မျက်စိဖြင့်လည်း အနံ့'ဂန္ဓာရုံ'ကိုပင် နမ်းရှူအပ်ရာ၏၊ နားဖြင့်လည်း အနံ့'ဂန္ဓာရုံ'ကိုပင် နမ်းရှူအပ်ရာ၏၊ လျှာဖြင့်လည်း အနံ့'ဂန္ဓာရုံ' ကိုပင် နမ်းရှူအပ်ရာ၏၊ ကိုယ်ဖြင့်လည်း အနံ့ 'ဂန္ဓာရုံ'ကိုပင် နမ်းရှူအပ်ရာ၏၊ စိတ်ဖြင့်လည်း အနံ့'ဂန္ဓာရုံ'ကိုပင် နမ်းရှူအပ်ရာ၏။ မျက်စိဖြင့်လည်း အရသာ'ရသာရုံ'ကိုပင် လျက်အပ်ရာ၏၊ နားဖြင့်လည်း အရသာ'ရသာရုံ'ကိုပင် လျက်အပ်ရာ၏၊ နှာခေါင်းဖြင့်လည်း အရသာ'ရသာရုံ' ကိုပင် လျက်အပ်ရာ၏၊ ကိုယ်ဖြင့်လည်း အရသာ'ရသာရုံ'ကိုပင် လျက်အပ်ရာ၏၊ စိတ်ဖြင့်လည်း အရသာ'ရသာရုံ'ကိုပင် လျက်အပ်ရာ၏။ မျက်စိဖြင့်လည်း ဖောဋ္ဌဗ္ဗာရုံကိုပင် တွေ့ထိအပ်ရာ၏၊ နားဖြင့်လည်း ဖောဋ္ဌဗ္ဗာရုံကိုပင် တွေ့ထိအပ်ရာ၏၊ နှာခေါင်းဖြင့်လည်း ဖောဋ္ဌဗ္ဗာရုံကိုပင် တွေ့ထိ အပ်ရာ၏၊ လျှာဖြင့်လည်း ဖောဋ္ဌဗ္ဗာရုံကိုပင် တွေ့ထိအပ်ရာ၏၊ စိတ်ဖြင့်လည်း ဖောဋ္ဌဗ္ဗာရုံကိုပင် တွေ့ထိအပ်ရာ၏။ မျက်စိဖြင့်လည်း ဓမ္မာရုံကိုပင် သိအပ်ရာ၏၊ နားဖြင့်လည်း ဓမ္မာရုံကိုပင် သိအပ် ရာ၏၊ နှာခေါင်းဖြင့်လည်း ဓမ္မာရုံကိုပင် သိအပ်ရာ၏၊ လျှာဖြင့်လည်း ဓမ္မာရုံကိုပင် သိအပ်ရာ၏၊ ကာယပသာဒဖြင့်လည်း ဓမ္မာရုံကိုပင် သိအပ်ရာ၏"ဟု မိန့်တော်မူ၏။ အသျှင်ဘုရား ဤသို့ကား မဟုတ်ပါဟု (လျှောက်၏)။

မင်းမြတ် သင်မင်းမြတ်၏ ရှေးယခင်စကားနှင့် ယခု နောက်စကားသည်ရင်း ယခု နောက်စကား နှင့် ယခင်ရှေးစကားသည်ရင်း မညီညွတ် မသင့်တင့်ချေ၊ မင်းမြတ် ဥပမာ တနည်းသော်ကား ငါတို့သည် ဤနန်းပြာသာဒ်၌ နေထိုင်ကုန်လျက် ဤဇာကွန်ရက်တပ်ထားသော လေသာတံခါး တို့ကို ဖွင့်လှစ်အပ်ကုန်သော် ကျယ်စွာသော ဟင်းလင်းအပြင် ကောင်းကင်ဖြင့် အပြင်ဖက်သို့ မျက်နှာရှေးရှုကုန်၍ အလွန်ထင်ရှားစွာ အဆင်း'ရူပါရုံ'ကို မြင်ကြရကုန်သကဲ့သို့ ဤအတူ ကိုယ်တွင်း၌ ရှိသည့် သင်မင်းမြတ် ပြသော ဇီဝမည်သော လိပ်ပြာကောင် အတ္တသည်လည်း စက္ခုဒွါရတို့ကို ဖွင့်လှစ်ခါထုတ်အပ်ကုန်သော် ကျယ်စွာသော ဟင်းလင်းအပြင် ကောင်းကင်ဖြင့် အလွန်ထင်ရှားစွာ အဆင်း'ရူပါရုံ'ကို မြင်ကောင်းရာ၏၊ သောတဒွါရတို့ကို ဖွင့်လှစ် ခွါထုတ်အပ် ကုန်သော်။ ဃာနဒွါရကို ဖွင့်လှစ် ခွါထုတ်အပ်သော်။ ဇိဝှါဒွါရကို ဖွင့်လှစ်ခွါထုတ်အပ်သော်။ ကာယဒွါရကို ဖွင့်လှစ်ခွါထုတ်အပ်သော် ကျယ်စွာသော ဟင်းလင်းအပြင် ကောင်းကင်ဖြင့် အလွန် ထင်ရှားစွာ အသံ'သဒ္ဒါရုံ'ကို ကြားကောင်းရာ၏၊ အနံ့'ဂန္ဓာရုံ'ကို နမ်းရှူကောင်းရာ၏၊ အရသာ 'ရသာရုံ'ကို လျက်ကောင်းရာ၏၊ အတွေ့အထိ'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိကောင်းရာ၏ဟု (မိန့်တော် မူ၏)။ အသျှင်ဘုရား ဤသို့ကား မဟုတ်ပါဟု (လျှောက်၏)။

မင်းမြတ် သင်မင်းမြတ်၏ ရှေးယခင်စကားနှင့် ယခု နောက်စကားသည်ရင်း ယခု နောက် စကားနှင့် ယခင် ရှေးစကားသည်ရင်း မညီညွတ် မသင့်တင့်ချေ၊ မင်းမြတ် ဥပမာ တနည်းသော် ကား ဤဒိန္နအမတ်သည် ထွက်သွားပြီးလျှင် တံခါးမုခ်အပြင်ဖက်၌ ရပ်နေငြားအံ့၊ မင်းမြတ် "ဤဒိန္နအမတ်သည် ထွက်သွားပြီးလျှင် တံခါးမုခ်အပြင်ဖက်၌ ရပ်နေ၏"ဟု သင်မင်းမြတ် သိနိုင်ပါ မည်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား သိနိုင်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဥပမာ တနည်းသော်ကား ဤဒိန္နအမတ်သည် အတွင်းသို့ ဝင်၍ သင်မင်းမြတ်၏ ရှေ့၌ ရပ်ရာ၏၊ မင်းမြတ် "ဤဒိန္နအမတ်သည် အတွင်းသို့ ဝင်၍ ငါ၏ ရှေ့၌ ရပ်၏"ဟု သင်မင်းမြတ် သိပါ၏လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား သိနိုင်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ကိုယ်တွင်း၌ ရှိသည့် သင်မင်းမြတ်ပြသော ဇီဝမည်သော လိပ်ပြာကောင် အတ္တသည် လျှာ၌ အရသာကို တင်ထားသော် ချဉ်သော အရသာကိုရင်း ငန်သော အရသာကိုရင်း ခါးသော အရသာ

http://www.dhammadownload.com



ကိုင်း စပ်သော အရသာကိုင်း ဖန်သော အရသာကိုင်း ချိုသော အရသာကိုင်း သိရာသည် မဟုတ်လော။ အသျှင်ဘုရား ဟုတ်ပါ၏၊ သိနိုင်ရာပါ၏။အတွင်းသို့ ဝင်ကုန်သော ထိုအရသာတို့ကို ချဉ်သောအရသာ ငန်သောအရသာ ခါးသောအရသာ စပ်သောအရသာ ဖန်သောအရသာ ချိုသောအရသာ ဟူ၍ သိနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မသိနိုင်ရာပါဟု (လျှောက်၏)။

မင်းမြတ် သင်မင်းမြတ်၏ ရှေးယခင်စကားနှင့် ယခု နောက်စကားသည်ငင်း ယခု နောက် စကားနှင့် ယခင် ရှေးစကားသည်ငင်း မညီညွတ် မသင့်တင့်ချေ၊ မင်းမြတ် ဥပမာအားဖြင့် တစုံ တယောက်သော ယောကျ်ားသည် ပျားရည်အိုး တရာကို ဆောင်ယူစေ၍ ပျားရည်စားကျင်းကို ပြည့်စေလျက် ယောကျ်ား၏ ခံတွင်းဝကို ပိတ်၍ ပျားရည် စားကျင်း၌ ချရာ၏၊မင်းမြတ် ထို ယောကျ်ားသည် အချိုကို ချိုမြိန်၏ဟူ၍ငင်း မချိုမြိန်ဟူ၍ငင်း သိနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မသိနိုင်ရာပါဟု (လျှောက်၏)။ အဘယ်အကြောင်းကြောင့် မသိနိုင်ရာ သနည်း။ အသျှင်ဘုရား ထိုယောကျ်ား၏ ခံတွင်း၌ ပျားရည် မဝင်သောကြောင့် မသိနိုင်ရာပါဟု (လျှောက်၏)။

မင်းမြတ် သင်မင်းမြတ်၏ ရှေးယခင်စကားနှင့် ယခု နောက်စကားသည်ငင်း ယခု နောက် စကားနှင့် ယခင် ရှေးစကားသည်ငင်း မညီညွတ် မသင့်တင့်ချေဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် အသျှင်ဘုရားကဲ့သို့ စကားကပ်သောသူနှင့် အတူယှဉ်ပြိုင်၍ စကားပြောဆိုရန် မစွမ်းနိုင်တော့ပါ၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ ဆိုလိုသော အနက်အဓိပ္ပါယ်ကိုသာ မိန့်ကြား တော်မူပါလော့ဟု (လျှောက်၏)။

နာဂသေနမထေရ်သည် အဘိဓမ္မာနှင့်စပ်ဆိုင်သောစကားဖြင့် မိလိန္ဒမင်းကိုသိစေ၏— “မင်းမြတ် ဤလောက၌ စက္ခုပသာဒကိုငင်း ရူပါရုံတို့ကိုငင်း စွဲမှီ၍ စက္ခုဝိညာဏ် ဖြစ်ပေါ်၏၊ ထိုစက္ခုဝိညာဏ်နှင့် အတူတကွ ဖြစ်ကုန်သော တွေ့ထိမှု ‘ဖဿ’ ခံစားမှု ‘ဝေဒနာ’ မှတ်သားမှု ‘သညာ’ စေ့ဆော်မှု ‘စေတနာ’ တည်ကြည်မှု ‘ဧကဂ္ဂတာ’ သဟဇာတ်တရားတို့ကို စောင့်ရှောက်မှု ‘ဇီဝိတိန္ဒြေ’ နှလုံးသွင်းမှု ‘မနသိကာရ’ ဟူသော ဤတရားရှစ်ပါးတို့သည် စက္ခုပသာဒနှင့် ရူပါရုံ ထိခိုက်ခြင်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်၏၊ အဟုတ်အမှန်အားဖြင့် ဤအရာ ဌာန၌ ဇီဝမည်သော ဝေဒဂူကို မရနိုင် မရသင့်ချေ။ သောတပသာဒကိုငင်း သဒ္ဒါရုံတို့ကိုငင်း စွဲမှီ၍။ပ။ မနောဒွါရကိုငင်း ဓမ္မာရုံတို့ကိုငင်း စွဲမှီ၍ မနောဝိညာဏ်သည် ဖြစ်ပေါ်၏၊ ထို မနောဝိညာဏ်နှင့် အတူတကွဖြစ်ကုန်သော တွေ့ထိမှု ‘ဖဿ’ ခံစားမှု ‘ဝေဒနာ’ မှတ်သားမှု ‘သညာ’ စေ့ဆော်မှု ‘စေတနာ’ တည်ကြည်မှု ‘ဧကဂ္ဂတာ’ သဟဇာတ်တရားတို့ကို စောင့်ရှောက်မှု ‘ဇီဝိတိန္ဒြေ’ နှလုံးသွင်းမှု ‘မနသိကာရ’ ဟူသော ဤတရားရှစ်ပါးတို့သည် မနောဒွါရနှင့် ဓမ္မာရုံ ထိခိုက်ခြင်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်၏၊ အဟုတ်အမှန်အားဖြင့် ဤအရာ၌ ဇီဝမည်သော ဝေဒဂူကို မရနိုင် မရသင့်ချေ”ဟု (သိစေ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ခြောက်ခုမြောက် ဝေဒဂူပဉှာ ပြီး၏။

http://www.dhammadownload.com



## ၇-စက္ခုဝိညာဏာဒိပဉှာ

### (စက္ခုဝိညာဏ် စသည်ဖြစ်ပုံ ပြဿနာ)

၇။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အကြင်စက္ခုဒွါရ၌ စက္ခုဝိညာဏ်စိတ် ဖြစ်၏၊ ထိုစက္ခုဒွါရ၌ မနောဝိညာဏ် ဖြစ်နိုင်ပါသလော"ဟု မေးလျှောက်၏။ မင်းမြတ် အကြင်စက္ခုဒွါရ၌ စက္ခုဝိညာဏ်စိတ် ဖြစ်၏၊ ထိုစက္ခုဒွါရ၌ မနောဝိညာဏ်လည်း ဖြစ်နိုင်ပါသည်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အသို့ပါနည်း ရှေးဦးစွာ စက္ခုဝိညာဏ်ဖြစ်၍ နောက်မှ မနောဝိညာဏ်ဖြစ်ပါသလော၊ သို့မဟုတ် မနောဝိညာဏ် ရှေးဦးစွာ ဖြစ်၍ နောက်မှ စက္ခုဝိညာဏ်ဖြစ်ပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် ရှေးဦးစွာ စက္ခုဝိညာဏ်ဖြစ်၍ နောက်မှ မနောဝိညာဏ်ဖြစ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အသို့ပါနည်း၊ စက္ခုဝိညာဏ်က "ငါသည် အကြင်စက္ခုဒွါရ၌ ဖြစ်အံ့၊ သင်သည်လည်း ထိုစက္ခုဒွါရ၌ ဖြစ်လော့"ဟု မနောဝိညာဏ်ကို စေခိုင်းပါသလော၊ သို့မဟုတ် မနောဝိညာဏ်က "အကြင်စက္ခုဒွါရ၌ သင် ဖြစ်လတ္တံ့၊ ငါသည်လည်း ထိုစက္ခုဒွါရ၌ ဖြစ်အံ့"ဟု စက္ခုဝိညာဏ်ကို စေခိုင်းပါသလောဟု လျှောက်ထား၏။ မင်းမြတ် မစေခိုင်း၊ ထိုဝိညာဏ်တို့အား အချင်းချင်း တိုင်ပင်ပြောဆိုခြင်းမရှိချေဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အကြင်ဒွါရ၌ စက္ခုဝိညာဏ်ဖြစ်၏၊ ထိုဒွါရ၌ မနောဝိညာဏ်သည်လည်း အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ညွတ်ကိုင်းသည်၏ အဖြစ်ကြောင့်၎င်း ဖြစ်ပေါ်ရာ တံခါး 'ဒွါရ'၏ အဖြစ်ကြောင့်၎င်း လေ့လာသည့်အဖြစ်ကြောင့်၎င်း အလွန်လေ့ကျက်သည့် အဖြစ်ကြောင့်၎င်း ဖြစ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ညွတ်ကိုင်းသည့်အဖြစ်ကြောင့် အကြင်ဒွါရ၌ စက္ခုဝိညာဏ်ဖြစ်၏၊ ထိုဒွါရ၌ မနောဝိညာဏ်သည် အသို့ဖြစ်ပါသနည်း၊ ဥပမာပြုတော်မူပါဦးလော့ ဟု (လျှောက်၏)။

မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မိုးရွာသွန်းသည်ရှိသော် ရေသည် အဘယ်အရပ်သို့ သွားရာသနည်း။ အသျှင်ဘုရား နိမ့်ရှိုင်းရာ အရပ်သို့ သွားရာပါ၏ဟု (လျှောက်ထား၏)။ ထိုနောက် အခါတပါး၌ မိုးသည် ရွာသွန်းပြန်ရာ၏၊ ထိုနောက် ရွာသော မိုးရေသည် အဘယ်အရပ်သို့ သွားရာသနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကြင်အရပ်သို့ ရှေး မိုးရေသည် စီးသွား၏၊ ထိုနောက်မိုးရေသည်လည်း ထိုရှေးမိုးရေ လမ်းကြောင်းခရီးဖြင့်သာ စီးသွားရာပါ၏ဟု (လျှောက်၏)။

မင်းမြတ် အသို့နည်း ရှေးမိုးရေက "ငါသည် အကြင်အရပ်သို့ သွားအံ့၊ သင်သည်လည်း ထိုငါသွားသောအရပ်သို့ စီးသွားလော့"ဟု နောက်ဖြစ်သော မိုးရေကို စေခိုင်းသလော၊ နောက်ဖြစ်သော မိုးရေကလည်း "သင်သည် အကြင်အရပ်သို့ စီးသွားလတ္တံ့၊ ငါသည်လည်း ထိုအရပ်သို့ စီးသွားအံ့"ဟု ရှေးမိုးရေကို စေခိုင်းသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မစေခိုင်းပါ၊ ထိုမိုးရေတို့အား အချင်းချင်းတိုင်ပင် ပြောဆိုခြင်း မရှိပါ၊ နိမ့်ရှိုင်းသောကြောင့် စီးသွားပါကုန်၏ ဟု(လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ညွတ်ကိုင်းသောကြောင့် အကြင်ဒွါရ၌ စက္ခုဝိညာဏ်သည် ဖြစ်၏၊ ထိုဒွါရ၌ မနောဝိညာဏ်သည်လည်း ဖြစ်၏၊ စက္ခုဝိညာဏ်က "ငါသည် အကြင်ဒွါရ၌

http://www.dhammadownload.com



ဖြစ်အံ့၊ သင်သည်လည်း ထိုဒွါရ၌ ဖြစ်လော့”ဟု မနောဝိညာဏ်ကို မစေခိုင်း၊ မနောဝိညာဏ်ကလည်း “အကြင်ဒွါရ၌ သင်သည် ဖြစ်လတ္တံ့ ၊ ငါသည်လည်း ထိုဒွါရ၌ဖြစ်အံ့”ဟု စက္ခုဝိညာဏ်ကို မစေခိုင်း၊ ထိုဝိညာဏ်တို့အား အချင်းချင်း တိုင်ပင်ပြောဆိုခြင်း မရှိ၊ ညွတ်ကိုင်းသောကြောင့် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ဖြစ်ပေါ်ရာ တံခါး ‘ဒွါရ’ ၏ ဖြစ်ခြင်းကြောင့် အကြင်ဒွါရ၌ စက္ခုဝိညာဏ်သည် ဖြစ်၏၊ ထိုဒွါရ၌ မနောဝိညာဏ်သည် အဘယ်သို့ဖြစ်ပါသနည်း၊ ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။

မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မင်း၏ တိုင်းစွန်ပြည်နားဖြစ်သော မြို့သည် မြဲမြံခိုင်ခန့်သော တန်တိုင်း တုရိုဏ်တိုင်ရှိ၏၊ တံခါးတပေါက်သာ ရှိ၏၊ ယောကျ်ားသည် ထိုမြို့မှ ထွက်လိုသည်ဖြစ်ရာ၏၊ အဘယ်အရပ်ဖြင့် ထွက်မည်နည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား တံခါးဖြင့် ထွက်ရာပါ၏ ဟု (လျှောက်၏)။ ထိုမှနောက်၌ တယောက်သော ယောကျ်ားသည် ထွက်လိုသည် ဖြစ်ရာ၏၊ ထိုယောကျ်ားသည် အဘယ်အရပ်ဖြင့် ထွက်မည်နည်းဟု(မေးတော်မူ၏)။ အသျှင်ဘုရား အကြင်တံခါးဖြင့် ပဌမယောကျ်ားသည် ထွက်၏၊ ထိုတံခါးဖြင့်ပင် ထိုယောကျ်ားသည်လည်း ထွက်ရာ၏ဟု (လျှောက်၏)။

မင်းမြတ် အသို့နည်း ပဌမထွက်သော ယောကျ်ားက “ငါသည် အကြင်တံခါးဖြင့် သွားအံ့၊ သင်သည်လည်း ထိုတံခါးဖြင့်ပင် ထွက်ခဲ့လော့”ဟု နောက်မှထွက်သော ယောကျ်ားကို စေခိုင်းသလော၊ နောက်မှ ထွက်သော ယောကျ်ားကလည်း သင်သည် “အကြင်တံခါးဖြင့် သွားလတ္တံ့ ၊ ငါသည်လည်း ထိုတံခါးဖြင့် သွားအံ့”ဟု ပဌမယောကျ်ားကို စေခိုင်းသလောဟု(မေးတော်မူ၏)။ အသျှင်ဘုရား မစေခိုင်းပါ ထိုသူနှစ်ယောက်တို့အား အချင်းချင်း တိုင်ပင်ပြောဆိုခြင်း မရှိပါ၊ ထွက်ရာတံခါး၏ ဖြစ်ခြင်းကြောင့် သွားကြပါကုန်၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ဖြစ်ပေါ်ရာ တံခါး ‘ဒွါရ’ ဖြစ်ခြင်းကြောင့် အကြင်ဒွါရ၌ စက္ခုဝိညာဏ်သည် ဖြစ်၏၊ ထိုဒွါရ၌ မနောဝိညာဏ်သည်လည်း ဖြစ်ပေါ်၏၊ စက္ခုဝိညာဏ်က “အကြင်ဒွါရ၌ ငါဖြစ်အံ့၊ ထိုဒွါရ၌ သင်သည်လည်း ဖြစ်လော့”ဟု မနောဝိညာဏ်ကို မစေခိုင်း၊ မနောဝိညာဏ်ကလည်း “အကြင်ဒွါရ၌ သင်ဖြစ်လတ္တံ့ ၊ ထိုဒွါရ၌လည်း ငါဖြစ်အံ့”ဟု စက္ခုဝိညာဏ်ကို မစေခိုင်း၊ ထိုဝိညာဏ်တို့အား အချင်းချင်း တိုင်ပင်ပြောဆိုခြင်း မရှိ၊ ဖြစ်ပေါ်ရာဒွါရဖြစ်ခြင်းကြောင့် ဖြစ်ပေါ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန လေ့လာသည့်အဖြစ်ကြောင့် အကြင်ဒွါရ၌ စက္ခုဝိညာဏ်ဖြစ်၏၊ ထိုဒွါရ၌ မနောဝိညာဏ်သည် အသို့ဖြစ်ပါသနည်း၊ ဥပမာပြုတော်မူပါဦးလော့ ဟု (လျှောက်၏)။

မင်းမြတ် ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ ရှေးဦးစွာ တစီးသော လှည်းသည် သွားရာ၏၊ ထိုနောက်၌ နှစ်ခုမြောက်သော လှည်းသည် အဘယ်လမ်းဖြင့် သွားရာသနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကြင်ခရီးလမ်းဖြင့် ရှေး လှည်းသည် သွား၏၊ ထို နောက် လှည်းသည်လည်း ထိုခရီးလမ်းဖြင့်ပင် သွားရာပါ၏ ဟု (လျှောက်၏)။

မင်းမြတ် အသို့နည်း ရှေးဦးဖြစ်သောလှည်းက အကြင်လမ်းဖြင့် “ငါသည် သွားအံ့၊ သင်သည်လည်း ထိုလမ်းဖြင့်ပင် သွားလော့”ဟု နောက် လှည်းကို စေခိုင်းသလော၊ နောက်ဖြစ်သော လှည်းကလည်း သင်သည် “အကြင်လမ်းဖြင့် သွားလတ္တံ့ ၊ ငါသည်လည်း ထိုလမ်းဖြင့် သွားအံ့”ဟု ရှေးဦးလှည်းကို စေခိုင်းသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မစေခိုင်းပါ၊ ထိုလှည်းတို့အား

http://www.dhammadownload.com



အချင်းချင်း တိုင်ပင်ပြောဆိုခြင်း မရှိပါ၊ လေ့လာသည့်အဖြစ်ကြောင့် သွားကြပါကုန်၏ဟု (လျှောက်ထား၏)။ မင်းမြတ် ဤအတူသာလျှင် လေ့လာသည့်အဖြစ်ကြောင့် အကြင်ဒွါရ၌ စက္ခုဝိညာဏ်ဖြစ်၏၊ ထိုဒွါရ၌ မနောဝိညာဏ်သည်လည်း ဖြစ်၏၊ စက္ခုဝိညာဏ်က "ငါသည် အကြင်ဒွါရ၌ ဖြစ်အံ့၊ သင်သည်လည်း ထိုဒွါရ၌ ဖြစ်လော့"ဟု မနောဝိညာဏ်ကို မစေခိုင်း၊ မနောဝိညာဏ်ကလည်း "အကြင်ဒွါရ၌ သင်သည် ဖြစ်လတ္တံ့၊ ထိုဒွါရ၌ ငါသည်လည်း ဖြစ်အံ့"ဟု စက္ခုဝိညာဏ်ကို မစေခိုင်း၊ ထိုဝိညာဏ်တို့အား အချင်းချင်း တိုင်ပင်ပြောဆိုခြင်း မရှိ၊ လေ့လာသည့်အဖြစ်ကြောင့် ဖြစ်ပေါ်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အလွန်လေ့ကျက်သည့်အဖြစ်ကြောင့် အကြင်ဒွါရ၌ စက္ခုဝိညာဏ် ဖြစ်၏၊ ထိုဒွါရ၌ မနောဝိညာဏ်သည် အသို့ ဖြစ်ပါသနည်း၊ ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် လက်ဆစ်ချိုးရေတွက်အတတ် ကိုးကြောင်းတွက်အတတ် အပေါင်းရေတွက်အတတ် စာရေးအတတ်တို့၌ အစဦး လေ့ကျက်သူအား နုန့်နှေး၏၊ နောင်အခါ၌ ဆင်ခြင်စူးစမ်း၍ ပြုသဖြင့် အလွန်လေ့ကျက်သည့် အဖြစ်ကြောင့် သွက်လက်ခြင်း ဖြစ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် အလွန်လေ့ကျက်သည့် အဖြစ်ကြောင့် အကြင်ဒွါရ၌ စက္ခုဝိညာဏ် ဖြစ်၏၊ ထိုဒွါရ၌ မနောဝိညာဏ်သည်လည်း ဖြစ်၏၊ စက္ခုဝိညာဏ်က "ငါသည် အကြင်ဒွါရ၌ ဖြစ်အံ့၊ သင်သည်လည်း ထိုဒွါရ၌ဖြစ်လော့" ဟု မနောဝိညာဏ်ကို မစေခိုင်း၊ မနောဝိညာဏ်ကလည်း "အကြင်ဒွါရ၌ သင်သည် ဖြစ်လတ္တံ့၊ ထိုဒွါရ၌ ငါသည်လည်း ဖြစ်အံ့"ဟု စက္ခုဝိညာဏ်ကိုမစေခိုင်း၊ ထိုဝိညာဏ်တို့အား အချင်းချင်း တိုင်ပင်ပြောဆိုခြင်း မရှိ၊ အလွန်လေ့ကျက်သည့် အဖြစ်ကြောင့် ဖြစ်ပေါ်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အကြင်ဒွါရ၌ သောတဝိညာဏ်သည် ဖြစ်၏၊ ထိုဒွါရ၌ မနောဝိညာဏ်သည် ဖြစ်ပါသလောဟု (လျှောက်ထား၏)။ပ။အကြင်ဒွါရ၌ ဃာနဝိညာဏ်သည် ဖြစ်၏။အကြင်ဒွါရ၌ ဇိဝှါဝိညာဏ်သည် ဖြစ်၏။ အကြင်ဒွါရ၌ ကာယဝိညာဏ်သည် ဖြစ်၏၊ ထိုဒွါရ၌ မနောဝိညာဏ်သည် ဖြစ်ပါသလောဟု (လျှောက်ထား၏)။ မင်းမြတ် ဟုတ်၏၊ အကြင်ဒွါရ၌ ကာယဝိညာဏ် ဖြစ်၏၊ ထိုဒွါရ၌ မနောဝိညာဏ်သည်လည်း ဖြစ်၏ဟု (မိန့်ဆို၏)။

အသျှင်ဘုရားနာဂသေန အသို့ပါနည်း၊ ရှေးဦးစွာ ကာယဝိညာဏ်ဖြစ်၍ နောက်မှ မနောဝိညာဏ်ဖြစ်ပါသလော၊ သို့မဟုတ် မနောဝိညာဏ်သည် ရှေးဦးစွာဖြစ်၍ နောက်မှ ကာယဝိညာဏ် ဖြစ်ပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် ကာယဝိညာဏ်သည် ရှေးဦးစွာဖြစ်၍ နောက်မှ မနောဝိညာဏ်ဖြစ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အသို့ပါနည်း။ပ။ ထိုဝိညာဏ်တို့အား အချင်းချင်း တိုင်ပင်ပြောဆိုခြင်း မရှိ၊ အလွန်လေ့ကျက်သည့် အဖြစ်ကြောင့် ဖြစ်ပေါ်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ခုနစ်ခုမြောက် စက္ခုဝိညာဏာဒိပဉှာ ပြီး၏။

---

### ၈-ဖဿလက္ခဏပဉှာ

### (ဖဿလက္ခဏာပြဿနာ)

၈။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အကြင်ဒွါရ၌ မနောဝိညာဏ်ဖြစ်၏၊ ထိုဒွါရ၌ ဖဿသည်ရှင်း ဝေဒနာသည်ရှင်း ဖြစ်ပါသလော"ဟု မေးလျှောက်၏။ မင်းမြတ် ဟုတ်၏ ဖြစ်

http://www.dhammadownload.com



ပါ၏၊ အကြင်ဒွါရ၌ မနောဝိညာဏ်သည် ဖြစ်၏၊ ထိုဒွါရ၌ ဖဿသည်လည်း ဖြစ်၏၊ ထိုဒွါရ၌ ဝေဒနာသည်လည်း ဖြစ်၏၊ ထိုဒွါရ၌ သညာသည်လည်း ဖြစ်၏၊ ထိုဒွါရ၌ စေတနာသည်လည်း ဖြစ်၏၊ ထိုဒွါရ၌ ဝိတက်သည်လည်း ဖြစ်၏၊ ထိုဒွါရ၌ ဝိစာရသည်လည်း ဖြစ်၏၊ ဖဿအမှူးရှိကုန်သော တရားအားလုံးတို့သည် ထိုဒွါရ၌ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ဖဿသည် အဘယ်လက္ခဏာရှိပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ဖဿသည် တွေ့ထိခြင်း လက္ခဏာရှိ၏ဟု (မိန့်တော်မူ၏)။

ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် ဆိတ်နှစ်ကောင်တို့သည် ဝေ့ကြကုန်ရာ၏၊ ထိုဆိတ်နှစ်ကောင်တို့တွင် တကောင်သော ဆိတ်ကဲ့သို့ မျက်စိ 'စက္ခုပသာဒ'ကို မှတ်ရာ၏၊ ဒုတိယ ဆိတ်ကဲ့သို့ အဆင်း 'ရူပါရုံ'ကို မှတ်ရာ၏၊ ထိုဆိတ်နှစ်ကောင်တို့၏ ဝေ့ခတ် ပေါင်းဆုံခြင်းကဲ့သို့ တွေ့ထိမှု 'ဖဿ'ကို မှတ်အပ်၏ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် လက်ဝါးနှစ်ခုတို့ကို တီးခတ်ကုန်ရာ၏၊ ထိုလက်ဝါးနှစ်ခုတို့တွင် တခုသော လက်ဝါးကဲ့သို့ မျက်စိ 'စက္ခုပသာဒ'ကို မှတ်ရာ၏၊ ဒုတိယလက်ဝါးကဲ့သို့ အဆင်း 'ရူပါရုံ' ကို မှတ်ရာ၏၊ ထိုလက်ဝါးနှစ်ခုတို့၏ ထိခတ်ပေါင်းဆုံခြင်းကဲ့သို့ တွေ့ထိမှု 'ဖဿ'ကို မှတ်ရာ၏ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် လင်းကွင်းနှစ်ခုတို့ကို တီးခတ်ကုန်ရာ၏၊ ထိုနှစ်ခုတို့တွင် တခုသော လင်းကွင်းကဲ့သို့ မျက်စိ 'စက္ခုပသာဒ'ကို မှတ်ရာ၏၊ ဒုတိယလင်းကွင်းကဲ့သို့ အဆင်း 'ရူပါရုံ'ကို မှတ်ရာ၏၊ ထိုလင်းကွင်းနှစ်ခုတို့၏ ထိခတ်ပေါင်းဆုံခြင်းကဲ့သို့ တွေ့ထိမှု 'ဖဿ' ကို မှတ်ရာ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ရှစ်ခုမြောက် ဖဿလက္ခဏပဥှာ ပြီး၏။

---

## ၉-ဝေဒနာလက္ခဏပဥှာ

### (ဝေဒနာလက္ခဏာပြဿနာ)

၉။ အသျှင်ဘုရားနာဂသေန ဝေဒနာသည် အဘယ်လက္ခဏာရှိပါသနည်းဟု(မေးလျှောက်၏)။ မင်းမြတ် ဝေဒနာသည် ခံစားခြင်းလက္ခဏာ ရှိ၏၊ သုံးဆောင်ခြင်းလက္ခဏာလည်း ရှိ၏ဟု (မိန့်တော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် တစုံတယောက်သော ယောကျ်ားသည် မင်းအား ကျေးဇူးပြုရာ၏၊ ထိုယောကျ်ားအား မင်းသည် နှစ်သက်သည်ဖြစ်၍ ကျေးဇူးတုံ့ စည်းစိမ်ကို ပေးရာ၏၊ယောကျ်ားသည် ထိုကျေးဇူးတုံ့စည်းစိမ်တို့ဖြင့် ကာမဂုဏ်ငါးပါးတို့နှင့် ကုံလုံပြည့်စုံစွာ ခံစားရာ၏၊ ထိုယောကျ်ားအား ဤသို့သော အကြံဖြစ်ရာ၏၊ ငါသည် ရှေးအခါက မင်းအား ကျေးဇူးပြုခဲ့၏၊ ထိုငါ့အား မင်းသည် နှစ်သက်သည်လည်းဖြစ်၍ ကျေးဇူးတုံ့ စည်းစိမ်ကို ပေး၏၊ ထိုငါသည် ထိုစည်းစိမ်ကို ရခြင်းကြောင့် ဤသို့သဘောရှိသော ဤခံစားခြင်းကို ခံစားရ၏ဟု အကြံဖြစ်ရာ၏။

မင်းမြတ် ဥပမာတနည်းသော်ကား တစုံတယောက်သော ယောကျ်ားသည် ကုသိုလ်ကံကို ပြု၍ ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော

http://www.dhammadownload.com



နတ်ပြည်သို့ ရောက်ရာ၏၊ ထိုသူသည်လည်း ထိုနတ်ပြည်၌ နတ်၌ဖြစ်ကုန်သော ကာမဂုဏ်ငါးပါးတို့ဖြင့် ကုလုံပြည့်စုံစွာ ခံစားရာ၏၊ ထိုသူအား ဤသို့သော အကြံဖြစ်ရာ၏၊ ထိုငါသည် စင်စစ် ရှေးအခါက ကုသိုလ်ကံကိုပြုခဲ့၏၊ ထိုငါသည် ထိုကောင်းမှုကုသိုလ်ကို ပြုသောကြောင့် ဤသို့ သဘောရှိသော ဤခံစားခြင်းကို ခံစားရ၏ဟု အကြံဖြစ်ရာ၏၊ မင်းမြတ် ဤသို့လျှင် ဝေဒနာသည် ခံစားခြင်းလက္ခဏာရှိ၏၊ သုံးဆောင်ခြင်း လက္ခဏာလည်းရှိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော်  လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ကိုးခုမြောက် ဝေဒနာလက္ခဏပဉှာ ပြီး၏။

---

## ၁၀-သညာလက္ခဏပဉှာ

### (သညာလက္ခဏာပြဿနာ)

၁၀။ အသျှင်ဘုရားနာဂသေန သညာသည် အဘယ်လက္ခဏာရှိပါသနည်းဟု(မေးလျှောက်၏)။ မင်းမြတ် သညာသည် အမှတ်ပြု၍သိခြင်း လက္ခဏာရှိ၏၊ အဘယ်ကို အမှတ်ပြု၍ သိသနည်းဟူမူ—အညိုကိုလည်း အမှတ်ပြု၍ သိ၏၊ အရွှေကိုလည်း အမှတ်ပြု၍ သိ၏၊ အနီကိုလည်း အမှတ်ပြု၍ သိ၏၊ အဖြူကိုလည်း အမှတ်ပြု၍ သိ၏၊ အမောင်းကိုလည်း အမှတ်ပြု၍ သိ၏၊ မင်းမြတ် ဤသို့လျှင် သညာသည် အမှတ်ပြု၍ သိခြင်းလက္ခဏာရှိ၏ဟု (မိန့်တော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။မင်းမြတ် ဥပမာသော်ကား မင်း၏ ဘဏ္ဍာစိုးသည် ဘဏ္ဍာတိုက်သို့ဝင်၍ ညို ရွှေ နီ ဖြူ မောင်းသော အရောင်ရှိကုန်သော မင်းအသုံးအဆောင်အထည်ဝတ်ကိုမြင်၍ အမှတ်ပြုကာ သိသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် သညာသည် အမှတ်ပြု၍ သိခြင်းလက္ခဏာရှိ၏ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ဆယ်ခုမြောက် သညာလက္ခဏပဉှာ ပြီး၏။

---

## ၁၁-စေတနာလက္ခဏပဉှာ

### (စေတနာလက္ခဏာပြဿနာ)

၁၁။ အသျှင်ဘုရားနာဂသေန စေတနာသည် အဘယ်လက္ခဏာရှိပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် စေတနာသည် စေ့ဆော် အားထုတ်ခြင်း လက္ခဏာရှိ၏၊ ပြုပြင် စီရင်ခြင်း လက္ခဏာလည်းရှိ၏ဟု (မိန့်တော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် တစုံတယောက်သော ယောကျ်ားသည် အဆိပ်ကို ပြုပြင်စီရင်၍ မိမိသည်လည်း သောက်ရာ၏၊ သူတပါးတို့ကိုလည်း သောက်စေရာ၏၊ ထိုယောကျ်ားသည် မိမိသည်လည်း ဆင်းရဲရာ၏၊ သူတပါးတို့သည်လည်း ဆင်းရဲကုန်ရာ၏၊မင်းမြတ် ဤအတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အကုသိုလ်ကံကို စေတနာဖြင့် စေ့ဆော်အားထုတ်၍ ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးကျရောက်ရာဖြစ်သော ငရဲသို့ ကပ်ရောက်ရ၏၊

http://www.dhammadownload.com



အကြင်သူတို့သည်လည်း ထိုအကုသိုလ်ကံ ပြုသောသူသို့ အတုလိုက်၍ ကျင့်ကုန်၏၊ ထိုသူတို့သည်လည်း ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး ကျရောက်ရာဖြစ်သော ငရဲသို့ ကပ်ရောက်ရကုန်၏။

မင်းမြတ် ဥပမာတနည်းသော်ကား တစုံတယောက်သော ယောကျ်ားသည် ထောပတ် ဆီဦး ဆီ ပျား တင်လဲကို တပေါင်းတည်း ပြုပြင်စီရင်၍ မိမိသည်လည်း သောက်ရာ၏၊ သူတပါးတို့ကိုလည်း သောက်စေရာ၏၊ ထိုယောကျ်ားသည် မိမိသည်လည်း ချမ်းသာရာ၏၊သူတပါးတို့သည်လည်း ချမ်းသာကုန်ရာ၏၊မင်းမြတ် ဤအတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်ကံကို စေတနာဖြင့် စေ့ဆော် အားထုတ်၍ ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ကပ်ရောက်ရ၏ အကြင်သူတို့သည်လည်း ထိုကုသိုလ်ကံ ပြုသောသူသို့ အတုလိုက်၍ ကျင့်ကုန်၏၊ ထိုသူတို့သည်လည်း ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် သေပြီးသည်မှ နောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်သို့ ကပ်ရောက်ကြရကုန်၏၊ မင်းမြတ် ဤသို့လျှင် စေတနာသည် စေ့ဆော်ခြင်းလက္ခဏာရှိ၏၊ ပြုပြင်စီရင်ခြင်း လက္ခဏာလည်း ရှိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်)၏။

**တဆယ့်တခုမြောက် စေတနာလက္ခဏပဥ္စာ ပြီး၏။**

---

## ၁၂-ဝိညာဏလက္ခဏပဥ္စာ

### (ဝိညာဏ်လက္ခဏာပြဿနာ)

၁၂။ အသျှင်ဘုရားနာဂသေန ဝိညာဏ်သည် အဘယ်လက္ခဏာရှိပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ဝိညာဏ်သည် အာရုံကို သိခြင်းလက္ခဏာရှိ၏ဟု (မိန့်တော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာသော်ကား မြို့စောင့်သူသည် မြို့လယ်လမ်းဆုံ၌ နေလျက် အရှေ့အရပ်မှ လာသော ယောကျ်ားကို မြင်ရာ၏၊ တောင်အရပ်မှ လာသော ယောကျ်ားကို မြင်ရာ၏၊ အနောက်အရပ်မှ လာသော ယောကျ်ားကို မြင်ရာ၏၊ မြောက်အရပ်မှ လာသော ယောကျ်ားကို မြင်ရာ၏၊ မင်းမြတ် ဤအတူသာလျှင် ယောကျ်ားသည် မျက်စိ 'စက္ခုပသာဒ' ဖြင့် အကြင်အဆင်း 'ရူပါရုံ'ကို မြင်၏၊ ထို အဆင်း'ရူပါရုံ'ကို ဝိညာဏ်ဖြင့် သိ၏။ နား 'သောတပသာဒ'ဖြင့် အကြင်အသံ 'သဒ္ဒါရုံ' ကို ကြား၏၊ ထိုအသံ 'သဒ္ဒါရုံ' ကို ဝိညာဏ်ဖြင့် သိ၏၊ နှာခေါင်း 'ဃာနပသာဒ' ဖြင့် အကြင်အနံ့ 'ဂန္ဓာရုံ' ကို နမ်းရှူ၏၊ ထိုအနံ့ 'ဂန္ဓာရုံ'ကို ဝိညာဏ်ဖြင့် သိ၏၊ လျှာ'ဇိဝှါပသာဒ'ဖြင့် အကြင်အရသာ 'ရသာရုံ'ကို လျက်၏၊ ထိုအရသာ 'ရသာရုံ'ကို ဝိညာဏ်ဖြင့် သိ၏၊ ကိုယ် 'ကာယပသာဒ'ဖြင့် အကြင်အတွေ့ အထိ 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိ၏၊ ထိုအတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'ကို ဝိညာဏ်ဖြင့် သိ၏၊ စိတ်ဖြင့် အကြင် ဓမ္မာရုံကို သိ၏၊ ထိုဓမ္မာရုံကို ဝိညာဏ်ဖြင့် သိ၏၊ မင်းမြတ် ဤသို့လျှင် ဝိညာဏ်သည် အာရုံကို သိခြင်း လက္ခဏာရှိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

**တဆယ့်နှစ်ခုမြောက် ဝိညာဏလက္ခဏပဥ္စာ ပြီး၏။**

http://www.dhammadownload.com



## ၁၃-ဝိတက္ကလက္ခဏပဉှာ

(ဝိတက်လက္ခဏာပြဿနာ)

**၁၃။** အသျှင်ဘုရားနာဂသေန ဝိတက်သည် အဘယ်လက္ခဏာရှိပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ဝိတက်သည် အာရုံသို့ သွင်းခြင်းလက္ခဏာရှိ၏ဟု (မိန့်တော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာသော်ကား လက်သမားသည် ချောမွေ့သေသပ် အပြေအပြစ် ပြုအပ်လေပြီးသော သစ်သားကို အဆက်အစပ်၌ သွတ်သွင်း၏၊ မင်းမြတ် ဤအတူသာလျှင် ဝိတက်သည် အာရုံသို့ သွင်းခြင်းလက္ခဏာရှိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

တဆယ့်သုံးခုမြောက် ဝိတက္ကလက္ခဏပဉှာ ပြီး၏။

---

## ၁၄-ဝိစာရလက္ခဏပဉှာ

(ဝိစာရလက္ခဏာပြဿနာ)

**၁၄။** အသျှင်ဘုရားနာဂသေန ဝိစာရသည် အဘယ်လက္ခဏာရှိပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ဝိစာရသည် အဖန်ဖန်သုံးသပ်ခြင်း လက္ခဏာရှိ၏ဟု (မိန့်တော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာသော်ကား ကြေးခွက်ကို တီးခေါက်အပ်သော် နောက်၌ မပြတ်မြည်၏၊ အဆက်မပြတ်မြည်၏၊ မင်းမြတ် လက်ဦးတီးခေါက်ခြင်း ကဲ့သို့ ဤအတူ ဝိတက်ကို မှတ်အပ်၏၊ နောက်မှလိုက်၍ အဆက်မပြတ် မြည်သကဲ့သို့ ဤအတူ ဝိစာရကို မှတ်အပ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

တဆယ့်လေးခုမြောက် ဝိစာရလက္ခဏပဉှာ ပြီး၏။

# သုံးခုမြောက် ဝိစာရဝဂ် ပြီး၏။

ဤဝိစာရဝဂ်၌ အမေးပုစ္ဆာပြဿနာ တဆယ့်လေးပါးတို့တည်း။

http://www.dhammadownload.com

# ၄-နိဗ္ဗာနဝဂ်

## ၁-ဖဿာဒိဝိနိဗ္ဘုဇနပဥှာ

(ဖဿစသည်တို့ကို ခွဲခြား၍သိမသိ ပြဿနာ)

၁။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန တပေါင်းတည်း အဖြစ်သို့ ရောက်ကုန်သော ဤဖဿစသော တရားတို့ကို ခွဲခြား၍ ခွဲခြား၍ ဤတရားကား ဖဿတည်း၊ ဤတရားကား ဝေဒနာတည်း၊ ဤတရားကား သညာတည်း၊ ဤတရားကား စေတနာတည်း၊ ဤတရားကား ဝိညာဏ်တည်းဟု အသီးအသီးပြုလျက် သိသာ ထင်ရှားစေခြင်းငှါ တတ်ကောင်းပါအံ့လော"ဟု မေးလျှောက်၏။မင်းမြတ် တပေါင်းတည်း အဖြစ်သို့ ရောက်ကုန်သော"ဤဖဿစသော တရားတို့ကို ခွဲခြား၍ ခွဲခြား၍ ဤတရားကား ဖဿတည်း၊ ဤတရားကား ဝေဒနာတည်း၊ ဤတရားကား သညာတည်း၊ ဤတရားကား စေတနာတည်း၊ ဤတရားကား ဝိညာဏ်တည်း၊ ဤတရားကား ဝိတက်တည်း၊ ဤတရားကား ဝိစာရတည်းဟု အသီးအသီးပြုလျက် သိသာ ထင်ရှားစေခြင်းငှါ မတတ်ကောင်း"ဟု (မိန့်တော်မူ၏)။

ဥပမာ ပြုတော်မူပါဦးလော့ဟု(လျှောက်၏)။မင်းမြတ် ဥပမာအားဖြင့် ဘုရင့်စားဖိုသည်သည် လက်သုပ်ဟင်းလျာကိုငှ်း အရေသောက် ဟင်းလျာကိုငှ်း ချက်ပြုတ်စီရင်ရာ၏၊ ထိုစားဖိုသည်သည် ထိုဟင်းလျာ၌ နို့ဓမ်းကိုလည်း ထည့်ရာ၏၊ဆားကိုလည်း ထည့်ရာ၏၊ချင်းကိုလည်း ထည့်ရာ၏၊ဇီယာကိုလည်း ထည့်ရာ၏၊ ငြုတ်ကိုလည်း ထည့်ရာ၏၊ ဤမှတပါးသော ဟင်းအဆောက်အဦတို့ကိုလည်း ထည့်ရာ၏၊ ထိုစားဖိုသည်ကို မင်းသည် ဤသို့ဆိုရာ၏"နို့ဓမ်း၏ အရသာကို ငါ့အား ထုတ်ဆောင် ပေးလော့၊ ဆား၏ အရသာကို ငါ့အား ထုတ်ဆောင် ပေးလော့၊ ချင်း၏ အရသာကို ငါ့အား ထုတ်ဆောင် ပေးလော့၊ဇီယာ၏ အရသာကို ငါ့အား ထုတ်ဆောင် ပေးလော့၊ငြုတ်၏ အရသာကို ငါ့အား ထုတ်ဆောင် ပေးလော့၊ အလုံးစုံထည့်သမျှသော ဟင်းအဆောက်အဦတို့၏ အရသာကို ငါ့အား ထုတ်ဆောင် ပေးလော့"ဟု(ဆိုရာ၏)။မင်းမြတ်တပေါင်းတည်း အဖြစ်သို့ ရောက်ကုန်သော ထိုအရသာတို့ကို ခွဲခြား၍ ခွဲခြား၍ အချဉ်အရသာကိုငှ်း အငန်အရသာကိုငှ်း အခါးအရသာကိုငှ်း အစပ်အရသာကိုငှ်း အဖန်အရသာကိုငှ်း အချိုအရသာကိုငှ်း ထုတ်ဆောင်ခြင်းငှါ တတ်ကောင်းရာအံ့လောဟု(မေးတော်မူ၏)။အသျှင်ဘုရား တပေါင်းတည်း အဖြစ်သို့ ရောက်ကုန်သော ထိုအရသာတို့ကို ခွဲခြား၍ ခွဲခြား၍ အချဉ်အရသာကိုငှ်း အငန်အရသာကိုငှ်း အခါးအရသာကိုငှ်း အစပ်အရသာကိုငှ်း အဖန်အရသာကိုငှ်း အချိုအရသာကိုငှ်း ထုတ်ဆောင်ခြင်းငှါ မတတ်ကောင်းပါ၊ အမှန်စင်စစ်သော်ကား မိမိ မိမိတို့၏ ချဉ် ဖန် ခါးစသော မှတ်ကြောင်း လက္ခဏာဖြင့် ထင်စွာ တည်ပေကုန်၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် တပေါင်းတည်း အဖြစ်သို့ ရောက်ကုန်သော ဤဖဿစသောတရားတို့ကို ခွဲခြား၍ ခွဲခြား၍ "ဤတရားကား ဖဿတည်း၊ ဤတရားကား ဝေဒနာတည်း၊ ဤတရားကား သညာတည်း၊ ဤတရားကား စေတနာတည်း၊ ဤတရားကား ဝိညာဏ်တည်း၊ ဤတရားကား ဝိတက်တည်း၊ ဤတရားကား ဝိစာရတည်း"ဟု သိသာ ထင်ရှားစေခြင်းငှါ မတတ်ကောင်း၊ အမှန်စင်စစ်သော်ကား မိမိ မိမိတို့၏ ဖဿစသော လက္ခဏာဖြင့် ထင်စွာတည်ပေကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု(လျှောက်၏)။

ရှေးဦးစွာသော ဖဿာဒိဝိနိဗ္ဘုဇနပဥှာ ပြီး၏။

http://www.dhammadownload.com



## ၂-နာဂသေနပဉှာ

(အသျှင်နာဂသေနမေးသော ပြဿနာ)

၂။ နာဂသေနမထေရ်သည်"မင်းမြတ် ဆားကို[၁] မျက်စိ'စက္ခုဝိညာဏ်'ဖြင့် သိအပ်သလော"ဟု မေးတော်မူ၏။ အသျှင်ဘုရား ဟုတ်ပါ၏၊ စက္ခုဝိညာဏ်ဖြင့် သိအပ်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ကောင်းစွာ သိပါလေ့ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား လျှာဖြင့် သိအပ်ပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် ဟုတ်၏၊ လျှာ 'ဇိဝှါဝိညာဏ်'ဖြင့် သိအပ်၏ဟု (မိန့်တော်မူ၏)။အသျှင်ဘုရား အလုံးစုံသော ဆားကို လျှာ 'ဇိဝှါဝိညာဏ်'ဖြင့် သိနိုင်ပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် ဟုတ်၏၊ အလုံးစုံသော ဆားကို လျှာ'ဇိဝှါဝိညာဏ်'ဖြင့် သိနိုင်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အလုံးစုံသော ဆားကို လျှာ 'ဇိဝှါဝိညာဏ်' ဖြင့် အကယ်၍ သိနိုင်ခဲ့သော် အဘယ့်ကြောင့် ထိုဆားကို လှည်းတို့ဖြင့် နွားလားတို့သည် ဆောင်ကုန်သနည်း၊ဆားနှင့်မဖက် အနေအရသာ သက်သက်ကိုသာလျှင် ဆောင်သင့်သည် မဟုတ်လောဟု (လျှောက်၏)။ မင်းမြတ် ငန်သော အရသာ သက်သက်ကိုသာလျှင် ဆောင်ခြင်းငှါ မတတ်ကောင်း၊ ဆား၏ ငန်သော အရသာ ဆား၏ လေးသော အဖြစ်ဟူသော ဤသဘောတရားတို့သည် တပေါင်းတည်းအဖြစ်သို့ ရောက်ကုန်၏၊ အာရုံထူးထွေသည့် အဖြစ်သို့သာ ရောက်ကုန်၏၊ မင်းမြတ် ဆားကို ချိန်ခွင်ဖြင့် ချိန်စက်ခြင်းငှါ တတ်ကောင်းပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏ တတ်ကောင်းပါ၏ဟု(လျှောက်၏)။မင်းမြတ် ဆား၏ အရသာ သက်သက်ကို ချိန်ခွင်ဖြင့် ချိန်ခြင်းငှါ မတတ်ကောင်း၊ လေးသော အဖြစ်ဟူသော ဆားခြုပ်ကို ချိန်ခွင်ဖြင့် ချိန်စက် အပ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု(လျှောက်၏)။

နှစ်ခုမြောက် နာဂသေနပဉှာ ပြီး၏။

---

## ၃-ပဉ္စာယတနကမ္မနိဗ္ဗတ္တပဉှာ

(အာယတနငါးပါးကံကြောင့်ဖြစ်ပုံ ပြဿနာ)

၃။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အကြင် အာယတန ငါးပါးတို့သည် ရှိကုန်၏၊ ထိုအာယတန ငါးပါးတို့သည် အမျိုးမျိုးသော ကံတို့ကြောင့် ဖြစ်ပါကုန်သလော၊ သို့မဟုတ် တခုတည်းသော ကံကြောင့်သာ ဖြစ်ပါကုန်သလောဟု မေးလျှောက်၏။ မင်းမြတ် အမျိုးမျိုးသော ကံတို့ကြောင့် ဖြစ်ကုန်၏၊ တခုတည်းသော ကံကြောင့် မဖြစ်ကုန်ဟု (မိန့်တော်မူ၏)။

ဥပမာ ပြုတော် မူပါဦးလေ့ဟု (လျှောက်၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ တခုသော လယ်၌ မျိုးစေ့အမျိုးမျိုးတို့ကို စိုက်ပျိုးကုန်ရာ၏၊ ထို မျိုးစေ့အမျိုးမျိုးတို့၏ အသီးအမျိုးမျိုးတို့သည် ဖြစ်ကုန်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏၊

---

၁-ဆားဟူသည် နာဂသေနမထေရ်၏ အလိုအားဖြင့် အနေအရသာကို ဆိုလို၍ မိလိန္ဒမင်း၏ အလိုအားဖြင့် ဆားခြုပ်ကို ဆိုလိုသည်။

http://www.dhammadownload.com



ဖြစ်ကုန်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အကြင် အကြင် အာယတနငါးပါးတို့သည် ရှိကုန်၏၊ ထိုထို အာယတနငါးပါးတို့သည် အမျိုးမျိုးသောကံတို့ကြောင့် ဖြစ်ကုန်၏၊ တခုသော ကံကြောင့် မဖြစ်ကုန်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

သုံးခုမြောက် ပဉ္စာယတနကမ္မနိဗ္ဗတ္တပဉှာ ပြီး၏။

---

## ၄-ကမ္မနာနာကရဏပဉှာ

### (ကုသိုလ်ကံ အကုသိုလ်ကံ ခြားနားမှု ပြဿနာ)

၄။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အချို့သော လူတို့သည် အသက်တိုကုန်၏၊ အချို့သော လူတို့သည် အသက်ရှည်ကုန်၏၊ အချို့သော လူတို့သည် အနာများကုန်၏၊ အချို့သော လူတို့သည် အနာနည်းကုန်၏၊ အချို့သော လူတို့သည် အဆင်း မလှကုန်၊ အချို့သော လူတို့သည် အဆင်း လှကုန်၏၊ အချို့သော လူတို့သည် တန်ခိုးနည်းကုန်၏၊ အချို့သော လူတို့သည် တန်ခိုး ကြီးကုန်၏၊ အချို့သော လူတို့သည် ဥစ္စာစည်းစိမ် နည်းပါးကုန်၏၊ အချို့သော လူတို့သည် ဥစ္စာစည်းစိမ် များပြားကုန်၏၊ အချို့သော လူတို့သည် အမျိုးဇာတ် ယုတ်နိမ့်ကုန်၏၊ အချို့သော လူတို့သည် အမျိုးဇာတ် မြင့်မြတ်ကုန်၏၊ အချို့သော လူတို့သည် ပညာမဲ့ကုန်၏၊ အချို့သော လူတို့သည် ပညာရှိကုန်၏၊ လူအားလုံးတို့သည် အဘယ့်ကြောင့် မတူမျှကြပါကုန်သနည်း"ဟု မေးလျှောက်၏။

နာဂသေနမထေရ်သည် "မင်းမြတ် အချို့သစ်ပင်တို့သည် ချဉ်ကုန်၏၊ အချို့သစ်ပင်တို့သည် ငန်ကုန်၏၊ အချို့သစ်ပင်တို့သည် ခါးကုန်၏၊ အချို့သစ်ပင်တို့သည် စပ်ကုန်၏၊ အချို့သစ်ပင်တို့သည် ဖန်ကုန်၏၊ အချို့သစ်ပင်တို့သည် ချိုကုန်၏၊ သစ်ပင်အားလုံးတို့သည် အဘယ့်ကြောင့် မတူမျှကြကုန်သနည်း"ဟု မိန့်တော်မူ၏။ အသျှင်ဘုရား မျိုးစေ့တို့၏ ခြားနားခြင်းကြောင့် မတူမျှကြကုန်ဟု မှတ်ထင်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ခြားနားခြင်းကြောင့် အချို့လူတို့သည် အသက်တိုကုန်၏၊ အချို့လူတို့သည် အသက်ရှည်ကုန်၏၊ အချို့လူတို့သည် အနာများကုန်၏၊ အချို့လူတို့သည် အနာနည်းကုန်၏၊ အချို့လူတို့သည် အဆင်း မလှကုန်၊ အချို့လူတို့သည် အဆင်းလှကုန်၏၊ အချို့လူတို့သည် တန်ခိုးနည်းကုန်၏၊ အချို့လူတို့သည် တန်ခိုးကြီးကုန်၏၊ အချို့လူတို့သည် ဥစ္စာစည်းစိမ် နည်းပါးကုန်၏၊ အချို့လူတို့သည် ဥစ္စာစည်းစိမ် များပြားကုန်၏၊ အချို့လူတို့သည် အမျိုးဇာတ် ယုတ်နိမ့်ကုန်၏၊ အချို့လူတို့သည် အမျိုးဇာတ် မြင့်မြတ်ကုန်၏၊ အချို့လူတို့သည် ပညာမဲ့ကုန်၏၊ အချို့လူတို့သည် ပညာရှိကုန်၏၊ မင်းမြတ် မြတ်စွာဘုရားသည် "လုလင် သတ္တဝါတို့သည် ကံသာလျှင် မိမိဥစ္စာရှိကုန်၏၊ ကံ၏ အမွေခံဖြစ်ကုန်၏၊ ကံသာလျှင် အကြောင်းရှိကုန်၏၊ ကံသာလျှင် ဆွေမျိုးရှိကုန်၏၊ ကံသာလျှင် ကိုးစားရာ ရှိကုန်၏၊ အကြင်ကံသည် ရှိ၏၊ ထိုကံသည် သတ္တဝါတို့ကို အယုတ်အမြတ်ဖြစ်ခြင်းငှါ ဝေဖန်၏"ဟု ဤတရားကိုလည်း ဟောကြားအပ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

လေးခုမြောက် ကမ္မနာနာကရဏပဉှာ ပြီး၏။

http://www.dhammadownload.com



## ၅-ဝါယာမကရဏပဉှာ

### (လုံ့လဝီရိယထုတ်ခြင်း ပြဿနာ)

၅။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ဤဝဋ်ဆင်းရဲသည် 'အဘယ်သို့သောနည်းဖြင့် ချုပ်ရာအံ့နည်း၊ တပါးသော ဆင်းရဲသည်လည်း မဖြစ်ပေါ်ရာပါအံ့နည်း'ဟု ကြံစည်၍ ငါတို့၏ ရဟန်းအဖြစ်သည် ဤဆိုခဲ့ပြီးသော အကျိုးရှိ၏ဟု အောက်(ပဗ္ဗဇ္ဇပဉှာ)၌ အသျှင်ဘုရားတို့ မိန့်ဆိုတော်မူခဲ့ကုန်၏၊ အခွင့်မရောက်မီ ရှေးဦးစွာလျှင် လုံ့လထုတ်ခြင်းဖြင့် အဘယ်အကျိုးရှိသနည်း၊ အခွင့်အခါ ရောက်မှသာ လုံ့လထုတ်သင့်သည် မဟုတ်ပါလော"ဟု မေးလျှောက်၏။ နာဂသေနမထေရ်သည် "မင်းမြတ် အခွင့်အခါ ကြုံရောက်မှ လုံ့လထုတ်ခြင်းသည် လိုအပ်သော အမှုကိစ္စမပြီးစီးနိုင်၊ (အခွင့်မရောက်မီ) ကြိုတင်လုံ့လထုတ်ခြင်းသည် လိုအပ်သော အမှုကိစ္စပြီးစီးနိုင်၏"ဟု မိန့်ဆိုဖြေကြားတော်မူ၏။

ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ သင်မင်းမြတ်သည် ရေမွတ်သိပ်သောအခါမှ "ရေသောက်အံ့"ဟု ရေတွင်းကို တူးစေရာသလော၊ ရေကန်ကို တူးစေရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါ (ရေငတ်မှ ရေတွင်းရေကန်ကို မတူးစေရာပါဟု လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အခါရောက်မှ လုံ့လထုတ်ခြင်းသည် လိုအပ်သော အမှုကိစ္စမပြီးစီးနိုင်၊ (အခါ မရောက်မီ)ကြိုတင်လုံ့လထုတ်ခြင်းသည်သာ လိုအပ်သော အမှုကိစ္စပြီးစီးနိုင်၏ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။မင်းမြတ် ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ အကြင်အခါ၌ သင်မင်းမြတ်သည် ဆာလောင်သည်ဖြစ်ရာ၏၊ ထိုအခါမှ သင်သည် "ထမင်းကို စားအံ့"ဟု လယ်ကို ထွန်ယက်စေရာသလော၊ သလေးစပါးကို စိုက်ပျိုးစေရာသလော၊ စပါးကို ဆောင်စေရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အခါရောက်မှ လုံ့လထုတ်ခြင်းသည် လိုအပ်သော အမှုကိစ္စမပြီးစီးနိုင်၊ (အခါမရောက်မီ) ကြိုတင်လုံ့လထုတ်ခြင်းသည် လိုအပ်သော အမှုကိစ္စပြီးစီးနိုင်၏ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။မင်းမြတ် ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ အကြင်အခါ၌ သင်မင်းမြတ်အား စစ်တိုက်ရန် အခွင့်ကြုံကြိုက်လာသည် ဖြစ်ရာ၏၊ ထိုအခါမှ သင်မင်းမြတ်သည် ကျုံးမြောင်းကို တူးစေရာသလော၊ တန်တိုင်းကို ပြုလုပ်စေရာသလော၊ တံခါးမုခ်ကို ပြုလုပ်စေရာသလော၊ ပြအိုးကို ပြုလုပ်စေရာသလော၊ ရိက္ခာစပါးကို ဆောင်သွင်းစေရာသလော၊ ထိုအခါမှ သင်မင်းမြတ်သည် ဆင်စီးအတတ်ကို သင်စေရာသလော၊ မြင်းစီးအတတ်ကို သင်စေရာသလော၊ ရထားစီးအတတ်ကို သင်စေရာသလော၊ လေးပစ်အတတ်ကို သင်စေရာသလော၊ ဓားလှံအတတ်ကို သင်စေရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အခါရောက်မှ လုံ့လထုတ်ခြင်းသည် လိုအပ်သော အမှုကိစ္စမပြီးစီးနိုင်၊ (အခါ မရောက်မီ) ကြိုတင်လုံ့လ ထုတ်ခြင်းသည်သာ လိုအပ်သော အမှုကိစ္စပြီးစီးနိုင်၏၊ မင်းမြတ် မြတ်စွာဘုရားသည်—

http://www.dhammadownload.com



"ပညာရှိသူတော်ကောင်းသည် မိမိ၏ အစီးအပွါးကို သိခဲ့အံ့၊ ထိုအစီးအပွါးကို ရှေးဦးစွာကပင်လျှင် ပြုလုပ်ရာ၏၊ လှည်းသမား၏ အကြံအစည်မျိုးဖြင့် နုန့်နုန့်နှေးနှေး အားမထုတ်ရာ။

လှည်းသမားသည် ညီညွတ်သော ခရီးလမ်းမကို ဖဲကြဉ်၍ မညီညွတ်သော ခရီးလမ်းဆိုးသို့ မောင်းနှင် တက်သွားသည်ရှိသော် ဝင်ရိုးကျိုးလျက်သာ ကြံမှိုင်ရရှာဘိသကဲ့သို့ ဤအတူ လူမိုက်သည် သူတော်ကောင်းတရားမှ ဖဲကြဉ်၍ မသူတော်တရားသို့ အစဉ်လိုက်သည်ရှိသော် သေမင်း၏ ခံတွင်းဝသို့ ရောက်ရသည်ဖြစ်၍ ဝင်ရိုးကျိုးသော လှည်းသမားကဲ့သို့ စိုးရိမ်ပူဆွေးရ၏"ဟု ဤတရားဒေသနာကိုလည်း ဟောအပ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ငါးခုမြောက် ဝါယာမကရဏပဥှာ ပြီး၏။

---

## ၆-နေရယိကဂ္ဂိဥဏှာဘာဝပဥှာ

### (ငရဲမီးပူလောင်ပုံ ပြဿနာ)

၆။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အသျှင်ဘုရားတို့သည် 'ပြကတေ့မီးထက် ငရဲမီးသည် လွန်လွန် မင်းမင်း ပူလောင်၏၊ ပြကတေ့မီး၌ ပစ်ချအပ်သော သေးငယ်သော ကျောက်ခဲသည် တနေ့ပတ်လုံး လောင်ကျွမ်းသော်လည်း ကြေညက်ခြင်းသို့ မရောက်နိုင်၊ အိမ်အထွတ်မျှရှိသော ကျောက်ခဲပင် ဖြစ်သော်လည်း ငရဲမီး၌ ထည့်ခဲ့သော် တခဏခြင်းဖြင့်ပင် ကြေညက်ခြင်းသို့ ရောက်နိုင်၏'ဟု (မိန့်ဆိုကြပါကုန်၏)၊ ထိုစကားကို အကျွန်ုပ် မယုံကြည်နိုင်ပါ၊ ထို့ပြင်လည်း ငရဲမီး၌ ဖြစ်ကုန်သော သတ္တဝါတို့သည် များစွာသော နှစ်အထောင်တို့ပတ်လုံး ငရဲ၌ လောင်ကျွမ်းကုန်လျက် ကြေညက်ခြင်းသို့ မရောက်ကုန်ဟု ဤသို့လည်း အသျှင်ဘုရားတို့ ဆိုတော်မူကြကုန်သေး၏။ ထိုစကားကိုလည်း အကျွန်ုပ် မယုံကြည်နိုင်ပါ"ဟု လျှောက်၏။

နာဂသေနမထေရ်သည် "မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မကန်းမတို့သည်၎င်း မိကျောင်းမတို့သည်၎င်း လိပ်မတို့သည်၎င်း ဥဒေါင်းမတို့သည်၎င်း ခိုမတို့သည်၎င်း ကြမ်းထမ်းကုန်သော ကျောက်ခဲတို့ကိုဖြစ်စေ ကျောက်စရစ်ခဲတို့ကိုဖြစ်စေ စားမျိုကြကုန်သည် မဟုတ်လော"ဟု မေးတော်မူ၏။ အသျှင်ဘုရား ဟုတ်ပါ၏၊ စားမျိုကြပါကုန်၏ဟု (လျှောက်၏)။ ထိုကျောက်ခဲတို့သည် ထိုမကန်းမစသည်တို့၏ ဝမ်း၌ အူအတွင်းသို့ ရောက်ကုန်သည်ရှိသော် ကြေညက်ခြင်းသို့ ရောက်ကုန်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏၊ ကြေညက်ခြင်းသို့ ရောက်ပါကုန်၏ဟု (လျှောက်၏)။ ထိုမကန်းမစသည်တို့၏ ဝမ်း၌ရှိသော ကိုယ်ဝန်သည်လည်း ကြေညက်ခြင်းသို့ ရောက်ပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိုကိုယ်ဝန်သည် ကြေညက်ခြင်းသို့ မရောက်ပါဟု (လျှောက်၏)။ အဘယ့်ကြောင့် ကြေညက်ခြင်းသို့ မရောက်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ပြုခဲ့သော ကံကြောင့် ကြေညက်ခြင်းသို့ မရောက်ရာဟု အောက်မေ့ မှတ်ထင်ပါသည်ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ပြုခဲ့သောကံကြောင့် ငရဲသူသတ္တဝါတို့သည် များစွာသော နှစ်အထောင်တို့ပတ်လုံး ငရဲ၌ လောင်ကျွမ်းကုန်သော်လည်း ကြေညက်ခြင်းသို့ မရောက်ကုန်၊ မင်းမြတ် မြတ်စွာဘုရားသည်— "ငရဲသူသတ္တဝါတို့အား အကြင်မျှလောက် ကာလပတ်လုံး ထိုမကောင်းမှုကံသည် ကုန်ခြင်းသို့

http://www.dhammadownload.com



မရောက်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ငရဲသူသတ္တဝါသည် မသေ”ဟု ဤဒေသနာတော်ကိုလည်း ဟောတော်မူ၏ဟု (မိန့်တော်မူ၏)။

ထိုထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ခြင်္သေ့မတို့သည်ရှင်း ကျားမတို့သည်ရှင်း ကျားသစ်မတို့သည်ရှင်း ခွေးမတို့သည်ရှင်း ကြမ်းထမ်းသော အရိုးအသားတို့ကို စားကြသည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏၊ စားပါကုန်၏ဟု (လျှောက်၏)။ ထိုကြမ်းထမ်းကုန်သော အရိုးအသားတို့သည် ထိုခြင်္သေ့မစသည်တို့၏ ဝမ်း၌ အူအတွင်းသို့ ရောက်ကုန်သည်ရှိသော် ကြေညက်ခြင်းသို့ ရောက်ကုန်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏၊ ကြေညက်ခြင်းသို့ ရောက်ပါကုန်၏ဟု (လျှောက်၏)။ ထိုခြင်္သေ့မစသည်တို့၏ ဝမ်း၌ရှိသော ကိုယ်ဝန်သည်လည်း ကြေညက်ခြင်းသို့ ရောက်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ကြေညက်ခြင်းသို့ မရောက်ပါဟု (လျှောက်၏)။ အဘယ့်ကြောင့် ကြေညက်ခြင်းသို့ မရောက်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ပြုခဲ့သောကံကြောင့် ကြေညက်ခြင်းသို့ မရောက်ပါဟု မှတ်ထင်ပါသည်ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ပြုခဲ့သောကံကြောင့် ငရဲသူသတ္တဝါတို့သည် များစွာသော နှစ်အထောင်တို့ပတ်လုံး ငရဲ၌ လောင်ကျွမ်းကုန်သော်လည်း ကြေညက်ခြင်းသို့ မရောက်ကုန်ဟု (မိန့်တော်မူ၏)။

ထိုထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ နူးညံ့သိမ်မွေ့သော ယောနကတိုင်းသူတို့သည်ရှင်း နူးညံ့သိမ်မွေ့သော ခတ္တိယအမျိုးသမီးတို့သည်ရှင်း နူးညံ့သိမ်မွေ့သော ဗြာဟ္မဏအမျိုးသမီးတို့သည်ရှင်း နူးညံ့သိမ်မွေ့သော ဂဟပတိအမျိုးသမီးတို့သည်ရှင်း ကြမ်းထမ်းသော ခဲဖွယ်အသားတို့ကို စားကုန်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏၊ စားပါကုန်၏ဟု (လျှောက်၏)။ ထိုမိန်းမတို့၏ ဝမ်း၌ အူအတွင်းသို့ ရောက်ကုန်သော ထိုကြမ်းထမ်းသော ခဲဖွယ်အသားတို့သည် ကြေညက်ခြင်းသို့ ရောက်ကုန်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏၊ ကြေညက်ခြင်းသို့ ရောက်ပါကုန်၏ဟု (လျှောက်၏)။ ထိုမိန်းမတို့၏ ဝမ်း၌ရှိသော ကိုယ်ဝန်သော်ကား ကြေညက်ခြင်းသို့ ရောက်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ကိုယ်ဝန်သည် ကြေညက်ခြင်းသို့ မရောက်နိုင်ပါဟု (လျှောက်၏)။ အဘယ်အကြောင်းကြောင့် ကြေညက်ခြင်းသို့ မရောက်နိုင်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ပြုခဲ့သောကံကြောင့် ကြေညက်ခြင်းသို့ မရောက်နိုင်ပါဟု မှတ်ထင်ပါသည်ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ပြုခဲ့သောကံကြောင့် ငရဲသူသတ္တဝါတို့သည် များစွာသော နှစ်အထောင်တို့ပတ်လုံး ငရဲ၌ လောင်ကျွမ်းကုန်သော်လည်း ကြေညက်ခြင်းသို့ မရောက်ကုန်၊ မင်းမြတ် မြတ်စွာဘုရားသည်— “အကြင်မျှလောက်သော ကာလပတ်လုံး ထိုမကောင်းမှုကံသည် ကုန်ခြင်းသို့ မရောက်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ထိုငရဲသူသတ္တဝါသည် မသေ”ဟု ဤဒေသနာတော်ကိုလည်း ဟောကြားအပ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ ဟု (လျှောက်၏)။

ခြောက်ခုမြောက် နေရယိကဂ္ဂိဥဏှဘာဝပဥှာ ပြီး၏။

http://www.dhammadownload.com



## ၇-ပထဝိသန္ဓာရကပဥှာ

(မြေကြီးတည်နေပုံ ပြဿနာ)

၇။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန 'ဤမြေကြီးသည် ရေပြင်၌ တည်၏၊ ရေသည် လေပေါ်၌ တည်၏၊ လေသည် ကောင်းကင်၌ တည်၏'ဟု အသျှင်ဘုရားတို့ ဆိုဘော်မူကြပါကုန်၏၊ ထိုစကားကိုလည်း အကျွန်ုပ် မယုံကြည်ပါ"ဟု လျှောက်၏။ နာဂသေနမထေရ်သည် ဓမ္မကရိုဏ် (ရေစစ်)ဖြင့် ရေကိုယူ၍ မိလိန္ဒမင်းကို "မင်းမြတ် ဤရေကို လေသည် ဆောင်ယူအပ်သကဲ့သို့ ဤအတူ ထို(ကမ္ဘာမြေကြီးကိုခံသော) ရေကိုလည်း လေသည် ဆောင်ယူအပ်၏"ဟု သိစေ၏၊

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ခုနစ်ခုမြောက် ပထဝိသန္ဓာရကပဥှာ ပြီး၏။

---

## ၈-နိရောဓနိဗ္ဗာနပဥှာ

(ချုပ်ခြင်းသည် နိဗ္ဗာန်မည်မမည် ပြဿနာ)

၈။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ချုပ်ခြင်းသည် နိဗ္ဗာန်မည်ပါသလော"ဟု မေးလျှောက်၏။ မင်းမြတ် ချုပ်ခြင်းသည် နိဗ္ဗာန်မည်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား နာဂသေန အဘယ်သို့လျှင် ချုပ်ခြင်းသည် နိဗ္ဗာန်မည်ပါသည်နည်းဟု (မေးလျှောက်၏)။ မင်းမြတ် ပုထုဇဉ်မိုက် အားလုံးတို့သည် အတွင်းအပဖြစ်သော အာယတနတို့ကို အလွန်နှစ်သက်ကုန်၏၊ အလွန်စွဲလမ်း ပြောဆိုကုန်၏၊ အဆုံးတိုင် သက်ဝင်၍ တည်ကုန်၏၊ ထိုပုထုဇဉ်မိုက်တို့သည် ထို တဏှာရေအယဉ်ဖြင့် မျောပါကုန်၏၊ ပဋိသန္ဓေနေရခြင်း အိုရခြင်း သေရခြင်း ပူဆွေးရခြင်း ငိုကြွေးရခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်း တို့မှ မလွတ်ကုန်၊ ဆင်းရဲ အပေါင်းမှ မလွတ်ကုန်ဟု (ဘုရားစကားနှင့်အညီ) ငါဆို၏။ မင်းမြတ် ထိုမှပြန်သောနည်းအားဖြင့် အကြားအမြင်ရှိသော အရိယာတပည့်သည်ကား အတွင်းအပဖြစ်သော အာယတနတို့ကို အလွန် နှစ်သက်မှုမရှိ၊ အလွန်စွဲလမ်း ပြောဆိုမှုမရှိ၊ အဆုံးတိုင်သက်ဝင်၍ မတည်၊ ထို (အတွင်းအပ၌ ဖြစ်သော) အာယတနတို့ကို မနှစ်သက်သော အလွန်စွဲလမ်းပြောဆိုမှု မရှိသော အဆုံးတိုင် သက်ဝင်၍ မတည်သော ထိုအရိယာတပည့်အား တပ်မက်မှု 'တဏှာ'သည် ချုပ်၏၊ တပ်မက်မှု 'တဏှာ' ချုပ်ခြင်းကြောင့် ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်' ချုပ်၏၊ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်' ချုပ်ခြင်းကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ချုပ်၏၊ ပဋိသန္ဓေ နေခြင်း 'ဇာတိ' ချုပ်ခြင်းကြောင့် အိုခြင်း သေခြင်းသည်၎င်း ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည်၎င်း ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ထိုဆင်းရဲ အစုချုပ်၏၊ မင်းမြတ် ဤသို့လျှင် ချုပ်ခြင်းသည် နိဗ္ဗာန်မည်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ရှစ်ခုမြောက် နိရောဓနိဗ္ဗာနပဥှာ ပြီး၏။

http://www.dhammadownload.com



## ၉-နိဗ္ဗာနလာဘနပဉှာ

### (နိဗ္ဗာန်ရခြင်း ပြဿနာ)

၉။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အလုံးစုံသော သူတို့သည်ပင် နိဗ္ဗာန်ကို ရကုန်ပါသလော"ဟု မေးလျှောက်၏။ မင်းမြတ် အလုံးစုံသောသူတို့သည်ပင် နိဗ္ဗာန်ကို မရကုန်။ မင်းမြတ် စင်စစ်သော်ကား အကြင်သူသည် ကောင်းစွာ ကျင့်သည်ဖြစ်၍ သိအပ်သော ဒုက္ခသစ္စာတရားတို့ကို ဉာဏ်ဖြင့် ရှေးရှုသိ၏၊ ပိုင်းခြား၍ သိအပ်သော ဒုက္ခသစ္စာတရားတို့ကို ပိုင်းခြား၍ သိ၏၊ ပယ်အပ်သော သမုဒယသစ္စာတရားတို့ကို ပယ်စွန့်၏၊ ပွါးများအပ်သော မဂ္ဂသစ္စာတရားတို့ကို ပွါးများ၏၊ မျက်မှောက်ပြုအပ်သော နိရောဓသစ္စာတရားတို့ကို မျက်မှောက်ပြု၏၊ ထိုသူသည်သာ နိဗ္ဗာန်ကို ရ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ကိုးခုမြောက် နိဗ္ဗာနလာဘနပဉှာ ပြီး၏။

---

## ၁၀-နိဗ္ဗာနသုခဇာနနပဉှာ

### (နိဗ္ဗာန်ချမ်းသာကို သိမသိ ပြဿနာ)

၁၀။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အကြင်သူသည် နိဗ္ဗာန်ကို မရ၊ ထိုနိဗ္ဗာန်ကို မရသောသူသည် နိဗ္ဗာန်သည် ချမ်းသာ၏ဟု သိပါသလော"ဟု မေးလျှောက်၏။ မင်းမြတ် အကြင်သူသည် နိဗ္ဗာန်ကို မရသေး၊ ထိုသူသည် "နိဗ္ဗာန်သည် ချမ်းသာ၏"ဟု သိနိုင်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန မရသေးပဲလျက် "နိဗ္ဗာန်သည် ချမ်းသာ၏" ဟု အဘယ်သို့ သိနိုင်ပါသနည်းဟု(လျှောက်၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ အကြင်သူတို့၏ လက်ခြေတို့သည် မပြတ်ကုန်၊ မင်းမြတ် ထိုသူတို့သည် "လက်ခြေ၏ပြတ်ခြင်းသည် ဆင်းရဲ၏"ဟု သိနိုင်ကုန်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏၊ သိနိုင်ကုန်ရာပါ၏ဟု (လျှောက်၏)။ အဘယ်သို့ သိနိုင်ကုန်ရာသနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား အခြားတပါးသော လက်ခြေပြတ်ကုန်သော သူတို့၏ ငိုကြွေးသံကို ကြား၍ "လက်ခြေပြတ်ခြင်းသည် ဆင်းရဲ၏"ဟု သိပါကုန်၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အကြင်သူတို့သည် နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် မြင်အပ်၏၊ ထိုသူတို့ ပြောဆိုသံကိုကြား၍ "နိဗ္ဗာန်သည် ချမ်းသာ၏" ဟု သိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ဆယ်ခုမြောက် နိဗ္ဗာနသုခဇာနနပဉှာ ပြီး၏။

## လေးခုမြောက် နိဗ္ဗာနဝဂ် ပြီး၏။

ဤနိဗ္ဗာနဝဂ်၌ အမေးပုစ္ဆာပြဿနာ ဆယ်ပါးတို့တည်း။

http://www.dhammadownload.com

# ၅-ဗုဒ္ဓဝဂ်

## ၁-ဗုဒ္ဓဿ အတ္ထိ နတ္ထိဘာဝပဥှာ
## (မြတ်စွာဘုရား ရှိမရှိ ပြဿနာ)

၁။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အသျှင်ဘုရားသည် မြတ်စွာဘုရားကို ဖူးမြင်ဘူးပါသလောဟု မေးလျှောက်၏။ မင်းမြတ် မဖူးမြင်ဘူးပါဟု (မိန့်တော်မူ၏)။ ယင်းသို့ မဖူးမြင်ဘူးသည်ရှိသော် အသျှင်ဘုရား၏ ဆရာတို့သည် မြတ်စွာဘုရားကို ဖူးမြင်ဘူးပါကုန်သလော" ဟု မေးလျှောက်၏။ မင်းမြတ် မဖူးမြင်ဘူးပါကုန်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန သို့ဖြစ်လျှင် မြတ်စွာဘုရား မရှိချေတကားဟု(လျှောက်၏)။ မင်းမြတ် ဟိမဝန္တာအရပ်၌ ဦဟာ မြစ်ကို သင်မင်းမြတ် မြင်ဘူးသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မမြင်ဘူးပါဟု (လျှောက်၏)။ ယင်းသို့ မမြင်ဘူးသော် သင်မင်းမြတ်၏ အဖသည် ဦဟာ မြစ်ကို မြင်ဘူးပါသလောဟု (မေးတော်မူ၏)။အသျှင်ဘုရား မမြင်ဘူးပါဟု (လျှောက်၏)။ မင်းမြတ် သို့ဖြစ်မူ ဦဟာ မြစ်သည် မရှိချေတကားဟု (မိန့်ဆို၏)။ အသျှင်ဘုရား ရှိပါ၏၊ အကျွန်ုပ်သည် ဦဟာ မြစ်ကို အကယ်၍ကား မမြင်ဘူးပါ၊ အကျွန်ုပ်၏ အဖသည်လည်း ဦဟာ မြစ်ကို အကယ်၍ကား မမြင်ဘူးပါ၊ သို့သော်လည်း ဦဟာ မြစ်သည် ရှိပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ငါသည် မြတ်စွာဘုရားကို အကယ်၍ကား မျက်မြင်'ဒိဋ္ဌ' မဖူးမြင်လိုက်ရ၊ ငါ၏ဆရာတို့သည်လည်း မြတ်စွာဘုရားကို အကယ်၍ကား မျက်မြင်'ဒိဋ္ဌ' မဖူးမြင်လိုက်ရပါ၊ သို့သော်လည်း မြတ်စွာဘုရားသည် ရှိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ရှေးဦးစွာသော ဗုဒ္ဓဿ အတ္ထိ နတ္ထိဘာဝပဥှာ ပြီး၏။

---

## ၂-ဗုဒ္ဓဿ အနုတ္တရဘာဝပဥှာ
## (မြတ်စွာဘုရား အတုမရှိမြတ်ပုံ ပြဿနာ)

၂။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် အတုမရှိ မြတ်ပါသလော" ဟု မေးလျှောက်၏။ မင်းမြတ် မြတ်စွာဘုရားသည် အတုမရှိ မြတ်သည် မှန်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန မမြင်ဘူးပါပဲလျက် "မြတ်စွာဘုရားသည် အတုမရှိ မြတ်၏"ဟု အဘယ်သို့ သိပါသနည်းဟု (လျှောက်၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မဟာသမုဒ္ဒရာကို မမြင်ဘူးသေးသော သူတို့သည် မဟာသမုဒ္ဒရာသည် ကျယ်၏ အစောက်နက်၏ မရေတွက်နိုင် သက်ဝင် ကူးခပ်နိုင်ခဲ၏၊ အကြင် မဟာသမုဒ္ဒရာ၌ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီဟူသော ဤမြစ်ကြီးငါးသွယ်တို့ အမြဲမပြတ် စီးဝင်ကုန်၏၊ ထိုမဟာသမုဒ္ဒရာ၏ယုတ်လျော့သော အဖြစ်သည်ရှင်း ပြည့်လျှံသောအဖြစ်သည်ရှင်း မထင်နိုင်လေဟု သိနိုင်ကုန်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏ သိနိုင်ကုန်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ကြီးမြတ်တော်မူကုန်သော ပရိနိဗ္ဗာန်ဝင်စံတော်မူကုန်ပြီးသော တပည့်သာဝကတို့ကို မြင်ရသောကြောင့် မြတ်စွာဘုရားသည် အတုမရှိ မြတ်၏ဟူ၍ သိနိုင်ရာ၏ (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

နှစ်ခုမြောက် ဗုဒ္ဓဿ အနုတ္တရဘာဝပဥှာ ပြီး၏။

http://www.dhammadownload.com



## ၃-ဗုဒ္ဓသ အနုတ္တရဘာဝဇာနနပဉှာ

(မြတ်စွာဘုရား၏ အတုမရှိသည့်အဖြစ်ကို သိမသိ ပြဿနာ)

၃။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် အတုမရှိ မြတ်၏ဟု သိခြင်းငှါ တတ်ကောင်းပါသလော" ဟု မေးလျှောက်၏။ မင်းမြတ် "မြတ်စွာဘုရားသည် အတုမရှိမြတ်၏" ဟု သိခြင်းငှါ တတ်ကောင်းသည် မှန်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အဘယ်သို့လျှင် "မြတ်စွာဘုရားသည် အတုမရှိ မြတ်၏" ဟု သိခြင်းငှါ တတ်ကောင်းပါသနည်းဟု (လျှောက်၏)။ မင်းမြတ် ရှေးကဖြစ်ဘူးသည်ကား တိဿထေရအမည်ရသော စာရေးဆရာကြီးသည် ရှိခဲ့ဘူးပြီ၊ ထိုစာရေးဆရာကြီး ကွယ်လွန်ခြင်းသည် နှစ်ပေါင်းများစွာ ကျော်လွန်ပြီးဖြစ်ပါလျက် ထိုစာရေးဆရာကြီးကို အဘယ်သို့ သိနိုင်ပါသနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိုဆရာကြီး ရေးထားသော စာဖြင့် သိရပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အကြင်သူသည် တရားကို ရှုမြင်၏၊ ထိုသူသည် မြတ်စွာဘုရားကို ရှုမြင်၏၊ ထိုသူသည် မြတ်စွာဘုရားကို မြင်ရ၏၊ မင်းမြတ် မြတ်စွာဘုရားသည် တရားတော်ကို ဟောကြားတော်မူခဲ့၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

သုံးခုမြောက် ဗုဒ္ဓသ အနုတ္တရဘာဝဇာနနပဉှာ ပြီး၏။

---

## ၄-ဓမ္မဒိဋ္ဌပဉှာ

(တရားတော်ကို မြင်မမြင် ပြဿနာ)

၄။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အသျှင်ဘုရားသည် တရားတော်ကို မြင်ပါသလော" ဟု မေးလျှောက်၏။ မင်းမြတ် မြတ်စွာဘုရား ညွှန်ကြားတော်မူသော နည်းဖြင့်သာ မြတ်စွာဘုရား ပညတ်တော်မူချက်ဖြင့်သာ အသက်ထက်ဆုံး တပည့်သာဝကတို့သည် လိုက်နာကျင့်ဆောင်အပ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

လေးခုမြောက် ဓမ္မဒိဋ္ဌပဉှာ ပြီး၏။

---

## ၅-အသင်္ကမနပဋိသန္ဓဟနပဉှာ

(မပြောင်းရွှေ့ပဲ ပဋိသန္ဓေ နေမနေ ပြဿနာ)

၅။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန (ဤဘဝမှတစုံတရာမပါ) မပြောင်းရွှေ့ရပဲ ပဋိသန္ဓေစွဲနေရပါသလော" ဟု မေးလျှောက်၏။ မင်းမြတ် (ဤဘဝမှတစုံတရာမပါ) မပြောင်းရွှေ့ရပဲ ပဋိသန္ဓေစွဲနေရသည် မှန်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန (ဤဘဝမှ တစုံတရာမပါ) မပြောင်းရွှေ့ရပဲ အဘယ်သို့ ပဋိသန္ဓေစွဲနေရပါသနည်း၊ ဥပမာ ပြုတော်မူပါဦးလော့ ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် တစုံတယောက်သော ယောကျ်ားသည် မီးတိုင်တခုမှ မီးတိုင်တခုကို ညှိထွန်းရာ၏၊ မင်းမြတ် အသို့နည်း ထိုမီးသည် ထိုမီးတိုင်မှ ပြောင်းရွှေ့သွားသလော

http://www.dhammadownload.com



ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မပြောင်းရွှေ့ပါဟု(လျှောက်၏)။မင်းမြတ် ဤအတူသာလျှင် (ဤဘဝမှ တစုံတရာမပါ) မပြောင်းရွှေ့ရပဲ ပဋိသန္ဓေ စွဲနေရ၏ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် သင်မင်းမြတ်သည် ငယ်ရွယ်စဉ်က ကဗျာဆရာ၏အထံ၌ တစုံတခုသော ကဗျာကို သင်ယူဘူးသည်ကို မှတ်မိပါ၏လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏ မှတ်မိပါ၏ဟု (လျှောက်၏)။မင်းမြတ် အသို့နည်း ထိုကဗျာသည် ဆရာ့ထံမှ ပြောင်းရွှေ့လာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မပြောင်း ရွှေ့ပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် (ဤဘဝမှ တစုံတရာမပါ) မပြောင်းရွှေ့ ရပဲ ပဋိသန္ဓေစွဲနေရ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ငါးခုမြောက် အသင်္ကမနပဋိသန္ဓဟနပဥ္စာ ပြီး၏။

---

## ၆-ဝေဒဂူပဥ္စာ

(ဝေဒဂူ'အတ္တထိပ်ပြာကောင်'မြဿနာ)

၆။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ဝေဒဂူကို ပရမတ်ဖြင့် ရအပ်ပါသလော"ဟု မေးလျှောက်၏။ မင်းမြတ် ပရမတ္ထအားဖြင့် ဝေဒဂူကို မရနိုင်ဟု နာဂသေနမထေရ်သည် (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ခြောက်ခုမြောက် ဝေဒဂူပဥ္စာ ပြီး၏။

---

## ၇-အညကာယသင်္ကမနပဥ္စာ

(အခြားကိုယ်သို့ပြောင်းသောသတ္တဝါရှိမရှိပြဿနာ)

၇။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အကြင်သတ္တဝါသည် ဤကိုယ်ကောင်မှ တပါး သော ကိုယ်ကောင်သို့ ရွှေ့ပြောင်း၏၊ တစုံတယောက်သော ထိုသတ္တဝါမျိုး ရှိပါသလော"ဟု မေးလျှောက်၏။ မင်းမြတ် မရှိဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ဤကိုယ်ကောင်မှ တပါးသော ကိုယ်ကောင်သို့ ပြောင်းရွှေ့သော သတ္တဝါသည် အကယ်၍ မရှိမူ ယုတ်ညံ့သောကံတို့မှ လွတ်မြောက်သူ ဖြစ်ပါလတ္တံ့လောဟု (မေးလျှောက်၏)။ မင်းမြတ် ဟုတ်မှန်၏၊ အကယ်၍ ပဋိသန္ဓေမနေခဲ့မူ ယုတ်ညံ့သော ကံတို့မှ လွတ်မြောက်သူ ဖြစ်လတ္တံ့၊ မင်းမြတ် အကြင့်ကြောင့် ပဋိသန္ဓေနေရသေး၏၊ ထိုကြောင့် ယုတ်ညံ့သော ကံတို့မှ မလွတ်နိုင်ဟု (မိန့်တော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် တယောက်သော ယောကျ်ားသည် အခြားသော သူ၏ သရက်သီးကို ခိုးယူရာ၏၊ ထိုသရက်သီးခိုးသော သူသည် အပြစ်ဒဏ်သို့ ရောက်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏ အပြစ်ဒဏ်သို့ ရောက်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုခိုးသူသည် အခြားသူ စိုက်ပျိုးအပ်သော သရက်သီးတို့ကို ခိုးသည် မဟုတ်ပါပဲလျက် အဘယ့်ကြောင့် အပြစ်ဒဏ်သို့ ရောက်ရာသနည်းဟု (မေးတော်မူ၏)။ အသျှင် ဘုရား ထိုခိုးယူအပ်သော သရက်သီးတို့သည် အခြားသူ စိုက်ပျိုးသော သရက်သီးတို့ကို မှီ၍

http://www.dhammadownload.com



ဖြစ်ပေါ်ကုန်၏၊ ထို့ကြောင့် အပြစ်ဒဏ်သို့ ရောက်ရပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူ သာလျှင် ဤ (ပဋိသန္ဓေ) နာမ်ရုပ်ဖြင့် ကောင်းသည်လည်းဖြစ်သော မကောင်းသည်လည်းဖြစ်သော ကံကို ပြု၏၊ ထိုကံကြောင့် အခြားသော နာမ်ရုပ်သည် ပဋိသန္ဓေနေ၏၊ ထို့ကြောင့် ယုတ်ညံ့သော ကံတို့မှ မလွတ်နိုင်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ခုနစ်ခုမြောက် အညကာယသင်္ကမနပဉှာ ပြီး၏။

---

## ၈-ကမ္မဖလအတ္ထိဘာဝပဉှာ

### (ကံ၏အကျိုးရှိသည်၏အဖြစ်ပြဿနာ)

၈။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ဤနာမ်ရုပ်ဖြင့် ကုသိုလ်ကံကိုရင်း အကုသိုလ် ကံကိုရင်း ပြုလုပ်အပ်၏၊ ထိုကံတို့သည် အဘယ်၌ တည်ရှိနေပါကုန်သနည်း" ဟု မေးလျှောက်၏။ မင်းမြတ် ထိုကံတို့သည် အစဉ်တစိုက် နောက်မှလိုက်သော အရိပ်ကဲ့သို့ အစဉ်တစိုက် နောက်မှ လိုက်တတ်ကုန်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား "ဤနေရာ၌ရင်း ဤနေရာ၌ရင်း ထိုကံတို့သည် တည်ရှိကုန်၏" ဟု ပြခြင်းငှါ တတ်ကောင်းပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် "ဤနေရာ၌ ရင်း ဤနေရာ၌ရင်း ထိုကံတို့သည် တည်ရှိကုန်၏" ဟု ထိုကံတို့ကို ပြခြင်းငှါ မတတ်ကောင်းဟု (မိန့်တော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင် သနည်း၊ အကြင်သစ်ပင်တို့သည် အသီးတို့ မသီးသေးကုန်၊ "ဤနေရာ၌ရင်း ဤနေရာ၌ရင်း ထိုအသီးတို့သည် တည်ကုန်၏" ဟု ထိုသစ်ပင်တို့၏ အသီးတို့ကို ပြခြင်းငှါ တတ်ကောင်းပါ သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မတတ်ကောင်းပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အစဉ်၏ မပြတ်ခြင်းကြောင့် "ဤနေရာ၌ရင်း ဤနေရာ၌ရင်း ထိုကံတို့သည် တည်ရှိကုန်၏" ဟု ပြခြင်းငှါ မတတ်ကောင်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ရှစ်ခုမြောက် ကမ္မဖလအတ္ထိဘာဝပဉှာ ပြီး၏။

---

## ၉-ဥပ္ပဇ္ဇတိဇာနနပဉှာ

### (ပဋိသန္ဓေဖြစ်တည်မှုကိုသိမသိပြဿနာ)

၉။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အကြင်သူသည် ပဋိသန္ဓေ တည်နေရသေး၏၊ ထိုသူသည် 'ပဋိသန္ဓေတည်နေရဦးအံ့' ဟု သိပါသလော" ဟု မေးလျှောက်၏။ မင်းမြတ် အကြင် သူသည် ပဋိသန္ဓေ တည်နေရသေး၏၊ ထိုသူသည် "ပဋိသန္ဓေ တည်နေရဦးအံ့" ဟု သိပါ၏ ဟု (မိန့်တော်မူ၏)။ ဥပမာ ပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် လယ်ထွန်ယောကျ်ားသည် မျိုးစေ့တို့ကို မြေ၌ စိုက်ပျိုးကြဲချ၍ မိုးကောင်းစွာ ရွာသော် "စပါး ဖြစ်လတ္တံ့" ဟု သိနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ သိနိုင်ရာပါ၏ ဟု

http://www.dhammadownload.com



(လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အကြင်သူသည် ပဋိသန္ဓေတည်နေရသေး၏၊ ထိုသူသည် "ပဋိသန္ဓေ တည်နေရဦးလတ္တံ့" ဟု သိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ကိုးခုမြောက် ဥပ္ပဇ္ဇတိဇာနနပဥှာ ပြီး၏။

---

## ၁၀-ဗုဒ္ဓနိဒဿနပဥှာ

### (မြတ်စွာဘုရားကိုပြနိုင်မပြနိုင်ပြဿနာ)

၁၀။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် ရှိပါ၏လော" ဟု မေးလျှောက်၏။ မင်းမြတ် မြတ်စွာဘုရားသည် ရှိပေ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန "မြတ်စွာဘုရားသည် ဤနေရာ၌ရှိ၏ ဤနေရာ၌ရှိ၏" ဟု ပြခြင်းငှါ တတ်ကောင်းပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် မြတ်စွာဘုရားသည် ရုပ်နာမ်အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူလေပြီ၊ မြတ်စွာဘုရားသည် "ဤနေရာ၌ရှိ၏ ဤနေရာ၌ရှိ၏" ဟု ပြခြင်းငှါ မတတ်ကောင်းဟု (မိန့်တော်မူ၏)။

ဥပမာ ပြုတော်မူပါဦးလောဟု လျှောက်၏။ မင်းမြတ် ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ တောက်လောင်နေသော မီးပုံကြီး၏ အကြင် မီးတောက်သည် ချုပ်ပျောက်ပြီ၊ ထို မီးတောက် မီးလျှံသည် "ဤနေရာ၌ရှိ၏ ဤနေရာ၌ရှိ၏" ဟု ပြခြင်းငှါ တတ်ကောင်းပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ပြခြင်းငှါ မတတ်ကောင်းပါ၊ ထိုမီးတောက် မီးလျှံသည် ချုပ်ပျောက်ပြီ၊ မီးဟူသော ပညတ်မရှိခြင်းသို့ ရောက်ခဲ့ပြီဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ရုပ်နာမ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ချုပ်ကွယ်ခြင်းသို့ ရောက်တော်မူလေပြီ၊ မြတ်စွာဘုရားသည် "ဤနေရာ၌ရှိ၏ ဤနေရာ၌ရှိ၏" ဟု ပြခြင်းငှါ မတတ်ကောင်း။ မင်းမြတ် တရားအပေါင်းဖြင့် မြတ်စွာဘုရားကို ပြခြင်းငှါ တတ်ကောင်း၏၊ မင်းမြတ် မြတ်စွာဘုရားသည် တရားတော်ကို ဟောထားတော်မူခဲ့၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ဆယ်ခုမြောက် ဗုဒ္ဓနိဒဿနပဥှာ ပြီး၏။

## ငါးခုမြောက် ဗုဒ္ဓဝဂ် ပြီး၏။

ဤဗုဒ္ဓဝဂ်၌ အမေးပုစ္ဆာ ပြဿနာဆယ်ခုတို့တည်း။

http://www.dhammadownload.com

# ၆—သတိဝဂ်

## ၁-ကာယပိယာယနပဥှာ

(မိမိကိုယ်ကို ချစ်မချစ်ပြဿနာ)

၁။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ရဟန်းတို့သည် ကိုယ်ကို ချစ်ပါသလော"ဟု မေးလျှောက်၏။ မင်းမြတ် ရဟန်းတို့သည် ကိုယ်ကို မချစ်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား သို့ဖြစ်ပါလျက် အဘယ့်ကြောင့် ခင်မင်ကုန်သနည်း၊ မြတ်နိုးကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် တခါတရံ၌ စစ်တိုက်ရာသို့ သွားသော သင်မင်းမြတ်အား မြှားထိမှန်ဘူးသလောဟု (မေးတော်မူ၏)။အသျှင်ဘုရား မြှားထိမှန်ဘူးပါ၏ဟု(လျှောက်၏)။မင်းမြတ် အသို့နည်း ထိုမြှား ထိမှန်သော အနာကို လိမ်းဆေးဖြင့်လည်း လိမ်းအပ်သည် မဟုတ်လော၊ ဆီဖြင့်လည်း သုတ်လူး အပ်သည် မဟုတ်လော၊ နူးညံ့သော အဝတ်စပြားဖြင့်လည်း ပတ်စည်းအပ်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏ လိမ်းဆေးဖြင့်လည်း လိမ်းအပ်ပါ၏၊ ဆီဖြင့်လည်း သုတ်လူးအပ်ပါ၏၊ နူးညံ့သော အဝတ်စပြားဖြင့်လည်း ပတ်စည်းအပ်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် အသို့နည်း အနာကို သင်ချစ်သလော၊ ထိုသို့ချစ်သောကြောင့် လိမ်းဆေးဖြင့်လည်း လိမ်းအပ်သလော၊ ဆီဖြင့်လည်း သုတ်လူးအပ်သလော၊ နူးညံ့သော အဝတ်စပြားဖြင့်လည်း ပတ်စည်းအပ်သလောဟု(မေးတော်မူ၏)။အသျှင်ဘုရား အကျွန်ုပ်သည် အနာကို မချစ်ပါ၊ စင်စစ် သော်ကား အသားနု တက်စေခြင်းငှါ လိမ်းဆေးဖြင့်လည်း လိမ်းအပ်ပါ၏၊ ဆီဖြင့်လည်း သုတ်လူး အပ်ပါ၏၊နူးညံ့သော အဝတ်စပြားဖြင့်လည်း ပတ်စည်းအပ်ပါ၏ဟု လျှောက်၏။မင်းမြတ် ဤအတူ ပင်လျှင် ရဟန်းတို့သည် ကိုယ်ကို မချစ်၊ သို့မချစ်သော်လည်း ရဟန်းတို့သည် တပ်မက်မှု၌ မနစ်မြုပ်ကုန်ပဲ မြတ်သော သာသနာတော်ကို ချီးမြှောက်ခြင်းငှါ ကိုယ်ကို ဆောင်ကုန်၏၊မင်းမြတ် စင်စစ်သော်ကား မြတ်စွာဘုရားသည် ကိုယ်ကို အနာနှင့် တူ၏ဟူ၍ ဟောတော်မူအပ်၏၊ ထို့ကြောင့် ရဟန်းတို့သည် တပ်မက်မှု၌ မနစ်မြုပ်ကုန်ပဲ အနာကဲ့သို့ ကိုယ်ကို ဆောင်ကုန်၏၊ မင်းမြတ် မြတ်စွာဘုရားသည်—

> "စိုသောအရေဖြင့် ရစ်ပတ်ဖုံးလွှမ်းအပ်သော (ဤကိုယ်သည်) ကိုးပေါက်ဒွါရ အမာဝ ရှိ၏၊ အိုင်းအမာကြီးလည်း ဖြစ်၏၊ မစင်မသန့် ပုပ်နံ့ညှီစွာ ထွက်ကျလာ၍ အရပ်ထက်ဝန်း ကျင်မှ ယိုစီး၏"ဟု ဤဒေသနာတော်ကိုလည်း ဟောအပ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ရှေးဦးစွာသော ကာယပိယာယနပဥှာ ပြီး၏။

---

## ၂-သဗ္ဗညုဘာဝပဥှာ

(မြတ်စွာဘုရား တရားအားလုံးကို သိမသိပြဿနာ)

၂။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် အလုံးစုံကို အကုန်အစင် သိပါ၏လော၊ အလုံးစုံကို အကုန်အစင် မြင်ပါ၏လော" ဟု မေးလျှောက်၏။ မင်းမြတ်

http://www.dhammadownload.com



မြတ်စွာဘုရားသည် အလုံးစုံကို အကုန်အစင်သိ၏၊ အလုံးစုံကို အကုန်အစင်မြင်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ထိုသို့ သိပါ မြင်ပါလျက် တပည့်သာဝကတို့အား သိက္ခာပုဒ်ကို အဘယ့်ကြောင့် အစဉ်အားဖြင့် ပညတ်တော်မူပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ဤမြေပြင်၌ အလုံးစုံသော ဆေးမျိုးတို့ကို သိသော တစုံတဦးသော ဆေးဆရာသည် သင်မင်းမြတ်အား ရှိပါ၏လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ရှိပါ၏ဟု (လျှောက်၏)။ မင်းမြတ် အသို့နည်း၊ ထိုဆေးဆရာသည် သူနာကို ဆေးတိုက်ရန် အခါအခွင့်ရောက်မှ ဆေးတိုက်သလော၊ သို့မဟုတ် ဆေးတိုက်ရန် အခါအခွင့်မရောက်မီ ဆေးတိုက်သလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား သူနာကို ဆေးတိုက်ရန် အခါအခွင့်ရောက်မှ ဆေးတိုက်ပါ၏၊ ဆေးတိုက်ရန် အခါအခွင့် မရောက်မီ ဆေးမတိုက်ပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် အလုံးစုံကို အကုန်အစင် သိ၏၊ အလုံးစုံကို အကုန်အစင်မြင်၏၊ သိက္ခာပုဒ်ပညတ်ရန် အချိန်အခါ မရောက်မီ တပည့်သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်တော်မမူ၊ သိက္ခာပုဒ် ပညတ်ရန် အချိန်အခါရောက်မှသာလျှင် အသက်ထက်ဆုံး မလွန်ကျူးအပ်သော သိက္ခာပုဒ်ကို တပည့်သာဝကတို့အား ပညတ်တော်မူ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

နှစ်ခုမြောက် သဗ္ဗညုဘာဝပဥှာ ပြီး၏။

---

## ၃-မဟာပုရိသလက္ခဏပဥှာ

### (မြတ်စွာဘုရား မဟာပုရိသလက္ခဏာ ပြည့်စုံမပြည့်စုံပြဿနာ)

၃။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတို့နှင့် ပြည့်စုံပါသလော၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့်လည်း နှစ်သက်စဖွယ် တင့်တယ်ပါသလော၊ ရွှေအဆင်းကဲ့သို့တင့်တယ်သော အဆင်းရှိပါသလော၊ ရွှေသားသဘော ညက်ညော သန့်စင် ကြည်လင်သော အရေအဆင်းရှိပါသလော၊ တလံမျှလောက်သော အရောင်တော်ရှိပါသလော"ဟု မေးလျှောက်၏။ မင်းမြတ် မြတ်စွာဘုရားသည် သုံးဆယ့်နှစ်ပါး မဟာ မဟာပုရိသလက္ခဏာတို့နှင့် ပြည့်စုံတော်မူ၏၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့်လည်း နှစ်သက်စဖွယ် တင့်တယ်တော်မူပါ၏၊ ရွှေအဆင်းကဲ့သို့သော အဆင်းတော်ရှိပါ၏၊ ရွှေသားသဘော ညက်ညော သန့်စင် ကြည်လင်သော အရေအဆင်းရှိပါ၏၊ တလံမျှလောက်သော အရောင်တော်ရှိပါ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ထိုမြတ်စွာဘုရား၏ မယ်တော် ခမည်းတော်တို့သည်လည်း သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတို့နှင့် ပြည့်စုံပါကုန်သလော၊ ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် နှစ်သက်စဖွယ် တင့်တယ်ပါကုန်သလော၊ ရွှေအဆင်းကဲ့သို့ တင့်တယ်သော အဆင်းရှိပါကုန်သလော၊ ရွှေသားသဘော ညက်ညော သန့်စင် ကြည်လင်သော အရေအဆင်းရှိပါကုန်သလော၊ တလံမျှလောက်သော အရောင်ရှိပါကုန်သလောဟု (မေးလျှောက်၏)။ မင်းမြတ် ထိုမြတ်စွာဘုရား၏ မယ်တော် ခမည်းတော်တို့သည် သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတို့နှင့် မပြည့်စုံကုန်၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့်လည်း နှစ်သက်စဖွယ် မတင့်တယ်ကုန်၊ ရွှေအဆင်းကဲ့သို့ တင့်တယ်သော အဆင်းမရှိကုန်၊ ရွှေသားသဘော ညက်ညော သန့်စင် ကြည်လင်သော အရေအဆင်း မရှိကုန်၊ တလံမျှလောက်သော အရောင်မရှိကုန်ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရားနာဂသေန ဤသို့ဖြစ်သည်ရှိသော် မြတ်စွာဘုရားသည် သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော်တို့နှင့် ပြည့်စုံခြင်းသည် မဖြစ်တန်ရာပါ၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့်လည်း နှစ်သက်စဖွယ် မတင့်တယ်ရာပါ၊ ရွှေအဆင်းကဲ့သို့ တင့်တယ်သော အဆင်းလည်း မရှိတန်ရာပါ၊ ရွှေသားသဘော ညက်ညော သန့်စင် ကြည်လင်သော အရေအဆင်းတော်လည်း မရှိတန်ရာပါ၊ တလံမျှလောက်သော အရောင်တော်လည်း မရှိတန်ရာပါ၊ စင်စစ်သော်ကား အမိနှင့်တူသော သားသည်မှုလည်း ဖြစ်သင့်ပါ၏၊ အမိဖက်လိုက်သော သားသည်မှုလည်း ဖြစ်သင့်ပါ၏၊ အဖနှင့်တူသော သားသည်မှုလည်း ဖြစ်သင့်ပါ၏၊ အဖဖက်လိုက်သော သားသည်မှုလည်း ဖြစ်သင့်ပါ၏ဟု (လျှောက်၏)။ နာဂသေနမထေရ်သည် "မင်းမြတ် ပွင့်ချပ်များသော တစ်စုံတခုသော ကြာသည် ရှိသည်မဟုတ်လော" ဟု မေးတော်မူ၏။ အသျှင်ဘုရား ရှိပါသည် ဟု (လျှောက်၏)။ ထိုကြာ၏ဖြစ်ရာသည် အဘယ်၌ဖြစ်သနည်းဟု (မေးတော်မူ၏)။ ညွန်၌ ဖြစ်ပါ၏၊ ရေ၌ မှီပါ၏ဟု (လျှောက်၏)။ မင်းမြတ် အသို့နည်း၊ ကြာသည် ညွန်နှင့်အဆင်းအားဖြင့်ငင်း အနံ့အားဖြင့်ငင်း အရသာအားဖြင့်ငင်း တူပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မတူပါဟု (လျှောက်၏)။ သို့မဟုတ် ရေနှင့် အဆင်းအားဖြင့်ငင်း အနံ့အားဖြင့်ငင်း အရသာအားဖြင့်ငင်း တူပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မတူပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော်တို့နှင့် ပြည့်စုံတော်မူ၏၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့်လည်း နှစ်သက်စဖွယ် တင့်တယ်တော်မူ၏၊ ရွှေအဆင်းကဲ့သို့ တင့်တယ်သော အဆင်းရှိတော်မူ၏၊ ရွှေသားသဘော ညက်ညော သန့်စင် ကြည်လင်သော အရေအဆင်းတော်လည်း ရှိတော်မူ၏၊ တလံမျှလောက်သော ဆောင်ခြည်တော်လည်း ရှိတော်မူ၏၊ ထိုမြတ်စွာဘုရား၏ မယ်တော် ခမည်းတော်တို့သည် သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတို့နှင့် မပြည့်စုံပါကုန်၊ ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် နှစ်သက်စဖွယ် မတင့်တယ်ပါကုန်၊ ရွှေအဆင်းကဲ့သို့ တင့်တယ်သော အဆင်းမရှိပါကုန်၊ ရွှေသားသဘော ညက်ညော သန့်စင်ကြည်လင်သော အရေအဆင်းမရှိပါကုန်၊ တလံမျှလောက်သော အရောင် မရှိပါကုန်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

သုံးခုမြောက် မဟာပုရိသလက္ခဏပဉှာ ပြီး၏။

---

## ၄-ဘဂဝတောဗြဟ္မစာရိပဉှာ

### (မြတ်စွာဘုရား ဗြဟ္မစာရီမည်မမည်ပြဿနာ)

၄။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် ဗြဟ္မာမင်း၏ အကျင့်ကို ကျင့်သူ 'ဗြဟ္မစာရီ'မည်ပါသလော"ဟု မေးလျှောက်၏။ မင်းမြတ် မြတ်စွာဘုရားသည် ဗြဟ္မာမင်း၏ အကျင့်ကို ကျင့်သူ ဗြဟ္မစာရီ မည်တော်မူ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန သို့ဖြစ်လျှင် မြတ်စွာဘုရားသည် ဗြဟ္မာ၏ တပည့်လေလောဟု (မေးလျှောက်၏)။ မင်းမြတ် မင်းမြတ်အား ဆင်တို့၏ အကြီးအမှူး ဖြစ်သော မင်္ဂလာဆင်တော်သည် ရှိပါသလောဟု မေးတော်မူ၏။ အသျှင်ဘုရား ရှိပါ၏ဟု လျှောက်၏။ မင်းမြတ် အသို့နည်း ထိုဆင်တို့ အကြီးအမှူးဖြစ်သော

http://www.dhammadownload.com



မင်္ဂလာဆင်တော်သည် တခါတရံ ကြိုးကြာသံနှင့် တူသော အသံကို မြည်သည်မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏ မြည်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် သို့ဖြစ်လျှင် ထိုဆင်သည် ကြိုးကြာငှက်၏ တပည့်လေလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါဟု (လျှောက်၏)။မင်းမြတ် အသို့နည်း၊ ဗြဟ္မာသည် သိသင့် သိထိုက်သော တရားရှိသေးသလော၊ သိသင့် သိထိုက်သော တရားမရှိတော့ပြီလောဟု(မေးတော်မူ၏)။အသျှင်ဘုရား သိသင့် သိထိုက်သော တရားရှိပါသေး၏ဟု (လျှောက်၏)။ မင်းမြတ် သို့ဖြစ်လျှင် ဗြဟ္မာသည် မြတ်စွာဘုရား၏ တပည့်သာတည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

လေးခုမြောက် ဘဂဝတော ဗြဟ္မစာရိပဉ္စာ ပြီး၏။

---

## ၅-ဘဂဝတော ဥပသမ္ပဒါပဉ္စာ
### (မြတ်စွာဘုရား ပဉ္စင်းဖြစ်မဖြစ်ပြဿနာ)

၅။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ရဟန်းပဉ္စင်း၏ အဖြစ်သည် ကောင်းမြတ်ပါ၏လော"ဟု မေးလျှောက်၏။ မင်းမြတ် ရဟန်းပဉ္စင်း၏ အဖြစ်သည် ကောင်းမြတ်၏ဟု (မိန့်တော်မူ၏)။အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားအား ပဉ္စင်းအဖြစ်သည် ရှိပါသလော၊သို့မဟုတ် မရှိပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်တော်ကို ရသည်နှင့် တပြိုင်နက် ရဟန်းပဉ္စင်း ဖြစ်လေပြီ၊မြတ်စွာဘုရားသည် အသက်ထက်ဆုံး မလွန်ကျူးအပ်ဟု တပည့်သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်ဘိသည့်အလား မြတ်စွာဘုရားအား အခြားသူတို့က ပေးသင့်ပေးထိုက်သော ပဉ္စင်းအဖြစ် မရှိခဲ့ပေဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ငါးခုမြောက် ဘဂဝတော ဥပသမ္ပဒါပဉ္စာ ပြီး၏။

---

## ၆-အဿုဘေသဇ္ဇာဘေသဇ္ဇပဉ္စာ
### (မျက်ရည်၏ ဆေးနှင့်ဘေးဖြစ်ပုံပြဿနာ)

၆။ မိလိန္ဒမင်းသည်"အသျှင်ဘုရားနာဂသေန အကြင်သူသည် အမိသေဆုံးသည်ရှိသော် ငိုကြွေး၏၊ အကြင်သူသည်ကား တရားခင်မင်သဖြင့် ငိုကြွေး၏၊ ငိုကြွေးကုန်သော ထိုသူ နှစ်ယောက်တို့တွင် အဘယ်သူ၏ မျက်ရည်သည် ရာဂငြိမ်းကြောင်း ဆေးကောင်းဖြစ်ပါသနည်း၊ အဘယ်သူ၏ မျက်ရည်သည် ဆေးကောင်းမဖြစ်ပါသနည်း"ဟု လျှောက်၏။ မင်းမြတ် တယောက်သောသူ၏ မျက်ရည်သည်ကား ရာဂ ဒေါသ မောဟတို့ဖြင့် ညစ်နွမ်း၏၊ပူလောင်၏၊တယောက်သောသူ၏ မျက်ရည်သည်ကား နှစ်သက်ခြင်း ဝမ်းသာခြင်းဖြင့် အညစ်အကြေးကင်း၏၊ သီတာရေသို့ အေးမြ၏၊ မင်းမြတ် အကြင်မျက်ရည်သည် အေးမြ၏၊ ထိုမျက်ရည်သည် ရာဂငြိမ်းကြောင်း ဆေးကောင်းဖြစ်ပါ၏၊ အကြင်မျက်ရည်သည် ပူလောင်၏၊ ထိုမျက်ရည်သည် ဆေးကောင်းမဖြစ်နိုင်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ခြောက်ခုမြောက် အဿုဘေသဇ္ဇာဘေသဇ္ဇပဉ္စာ ပြီး၏။

http://www.dhammadownload.com



## ၇-သရာဂဝီတရာဂနာနာကရဏပဉှာ

(ရာဂရှိသူနှင့်ရာဂကင်းသူထူးပုံ ပြဿနာ)

၇။ မိလိန္ဒမင်းသည်"အသျှင်ဘုရားနာဂသေန ရာဂရှိသူ၏၎င်း ရာဂကင်းသူ၏၎င်း ထူးခြားသော အကြောင်းသည် အဘယ်ပါနည်း"ဟု မေးလျှောက်၏။ မင်းမြတ် တယောက်သော သူသည် လွှမ်းမိုး သက်ဝင်၍ တည်၏၊ တယောက်သော သူသည်ကား လွှမ်းမိုး သက်ဝင်၍ မတည်၊ ဤသို့ ထူးခြား၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား လွှမ်းမိုး သက်ဝင်၍ တည်သူ လွှမ်းမိုး သက်ဝင်၍ မတည်သူဟူသော ဤစကားသည် အဘယ်သဘော အဓိပ္ပါယ်ပါနည်းဟု မေးလျှောက်၏။ မင်းမြတ် တယောက်သောသူသည် အလိုရှိတတ်၏၊ တယောက်သော သူသည်ကား အလိုမရှိတတ်ဟု မိန့်တော်မူ၏။ အသျှင်ဘုရား ရာဂရှိသော သူဖြစ်စေ ရာဂကင်းသော သူဖြစ်စေ ဤနှစ်ဦးလုံးသည် လည်း ကောင်းမြတ်သည်သာဖြစ်သော ခဲဖွယ် ဘောဇဉ်ကို အလိုရှိပါ၏၊ တယောက်သောသူမျှ မကောင်းသော ခဲဖွယ်ဘောဇဉ်ကို အလိုမရှိ၊ အကျွန်ုပ်သည် ဤသို့သော အရာကို တွေ့မြင်ရပါ၏ဟု လျှောက်၏။ မင်းမြတ် ရာဂ မကင်းသော သူသည် အရသာကို ခံစားသည်ဖြစ်၍၎င်း ရသတဏှာ ဖြင့် ခံစားသည်ဖြစ်၍၎င်း ဘောဇဉ်ကို သုံးဆောင်၏၊ ရာဂ ကင်းသောသူသည်ကား အရသာကို ခံစား၍သာ ဘောဇဉ်ကို သုံးဆောင်၏၊ ရသတဏှာဖြင့် ခံစား၍မူကား ဘောဇဉ်ကို မသုံးဆောင် လေဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ခုနစ်ခုမြောက် သရာဂဝီတရာဂနာနာကရဏပဉှာ ပြီး၏၊

---

## ၈-ပညာပတိဋ္ဌာနပဉှာ

(ပညာ၏တည်နေရာ ပြဿနာ)

၈။ မိလိန္ဒမင်းသည်"အသျှင်ဘုရားနာဂသေန ပညာသည် အဘယ်အရပ်၌ ထင်ရှားစွာ နေပါ သနည်း"ဟု မေးလျှောက်၏။မင်းမြတ် ပညာသည် တစုံတခုသော အရပ်၌ ထင်ရှားစွာ မနေဟု မိန့်တော်မူ၏၊ အသျှင်ဘုရားနာဂသေန သို့ဖြစ်လျှင် ပညာသည် မရှိပါသလော ဟု (မေးလျှောက် ၏)။ မင်းမြတ် လေသည် အဘယ်အရပ်၌ ထင်ရှားစွာ နေသနည်းဟု (မိန့်တော်မူ၏)။ အသျှင် ဘုရား လေသည် တစုံတခုသော အရပ်၌ ထင်ရှားစွာ မနေဟု (လျှောက်၏)။ မင်းမြတ် သို့ဖြစ် လျှင် လေသည် မရှိသလောဟု (မေးတော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ရှစ်ခုမြောက် ပညာပတိဋ္ဌာနပဉှာ ပြီး၏။

---

## ၉-သံသာရပဉှာ

(သံသရာ ပြဿနာ)

၉။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန သံသရာဟူ၍ အကြင်စကားကို ဆိုတော်မူ၏၊ ထိုသံသရာသည် အဘယ်ပါနည်း"ဟု မေးလျှောက်၏။ မင်းမြတ် ဤအရပ် ဤဘုံ၌ ဖြစ်၍

http://www.dhammadownload.com



ဤအရပ် ဤဘုံ၌ပင်လျှင် သေ၏၊ ဤအရပ် ဤဘုံ၌ သေ၍ တပါးသောအရပ် တပါးသောဘုံ၌ ဖြစ်ပြန်၏၊ ထိုအရပ် ထိုဘုံ၌ဖြစ်၍ ထိုအရပ် ထိုဘုံ၌ပင်လျှင် သေ၏၊ ထိုအရပ် ထိုဘုံ၌ သေ၍ တပါးသောအရပ် တပါးသောဘုံ၌ ဖြစ်ပြန်၏၊ မင်းမြတ် ဤသို့လျှင် သံသရာသည် ဖြစ်၏ဟု (မိန့်တော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။မင်းမြတ် ဥပမာအားဖြင့် တစုံတယောက်သော ယောကျ်ားသည် သရက်သီးမှည့်ကို စား၍ အစေ့ကို စိုက်ပျိုးရာ၏၊ ထိုသရက်သီးမှည့်မှ ကြီးစွာသော သရက်ပင်သည်ဖြစ်၍ အသီးသီးရာ၏၊ ထိုအခါ ထိုယောကျ်ားသည် ထိုသရက်ပင်မှလည်း သရက်သီးမှည့်ကို စား၍ အစေ့ကို စိုက်ပျိုးပြန်ရာ၏၊ ထိုသရက်သီး အစေ့မှလည်း ကြီးစွာသော သရက်ပင်သည် ဖြစ်ပြန်၍ အသီးသီးပြန်ရာ၏၊ ဤသို့ (ဆက်ကာ ဆက်ကာ စိုက်ပျိုးသော်) ထိုသရက်ပင်တို့၏ အဆုံးသည် မထင်၊မင်းမြတ် ဤအတူသာလျှင် ဤအရပ် ဤဘုံ၌ဖြစ်၍ ဤအရပ် ဤဘုံ၌ပင်လျှင် သေ၏၊ ဤအရပ် ဤဘုံ၌ သေ၍ တပါးသောအရပ် တပါးသောဘုံ၌ ဖြစ်ပြန်၏၊ ထိုအရပ် ထိုဘုံ၌ ဖြစ်၍ ထိုအရပ် ထိုဘုံ၌ပင်လျှင် သေ၏၊ ထိုအရပ် ထိုဘုံ၌ သေ၍ တပါးသော အရပ် တပါးသောဘုံ၌ ဖြစ်ပြန်၏၊ မင်းမြတ် ဤသို့လျှင် သံသရာသည် ဖြစ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ကိုးခုမြောက် သံသာရပဥှာ ပြီး၏။

---

## ၁၀-စိရကတသရဏပဥှာ

### (ကြာမြင့်စွာက ပြုပြီးသည်ကို အောက်မေ့နိုင်မှု ပြဿနာ)

၁၀။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန လွန်လေပြီးသော ကြာမြင့်စွာက ပြုအပ်ပြီးသော အရာကို အဘယ်တရားဖြင့် အောက်မေ့နိုင်ပါသနည်း"ဟု မေးလျှောက်၏။ မင်းမြတ် သတိတရားဖြင့် အောက်မေ့နိုင်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန သတိဖြင့် မအောက်မေ့နိုင် စိတ်ဖြင့်သာ အောက်မေ့နိုင်သည် မဟုတ်ပါလောဟု (မေးလျှောက်၏)။ မင်းမြတ် သင်မင်းမြတ်သည် တစုံတခုသော ပြုဖွယ်ကိစ္စကို ပြုပြီး၍ မေ့လျော့သည်ကို မှတ်မိဘူးသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှတ်မိပါ၏ဟု (လျှောက်၏)။ မင်းမြတ် အသို့နည်း သင်မင်းမြတ်သည် ထိုမေ့လျော့နေစဉ် အခါက စိတ် မရှိသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား စိတ်မရှိသည် မဟုတ်ပါ၊ ထိုမေ့လျော့ခိုက် အခါက သတိသည် မဖြစ်ပါဟု (လျှောက်၏)၊ မင်းမြတ် သို့ဖြစ်ပါလျက် သင်သည် သတိဖြင့် မအောက်မေ့နိုင် စိတ်ဖြင့်သာ အောက်မေ့နိုင်၏ဟု အဘယ့်ကြောင့် ဆိုဘိသနည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ဆယ်ခုမြောက် စိရကတသရဏပဥှာ ပြီး၏။

---

## ၁၂-အဘိဇာနန္တသတိပဥှာ

### (သတိသည် အမြဲသိမှတ်၍ ဖြစ်မဖြစ် ပြဿနာ)

၁၁။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အလုံးစုံသော သတိသည် အမြဲသိမှတ်၍ ဖြစ်ပါသလော၊ သို့မဟုတ် (အခြားသူတို့) လှုံ့ဆော်မှုသာ ဖြစ်ပါသလော"ဟု မေးတော်မူ၏။

http://www.dhammadownload.com



မင်းမြတ် သတိသည် အမြဲသိမှတ်၍လည်း ဖြစ်၏၊ (အခြားသူတို့)လှုံ့ဆော်၍လည်း ဖြစ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အလုံးစုံသော သတိသည် ဤသို့လျှင် အမြဲသိမှတ်၍ ဖြစ်ခဲ့ပါမူကား (အခြားသူတို့) လှုံ့ဆော်၍ ဖြစ်သောသတိသည် မရှိတန်ရာဟု (လျှောက်၏)။ မင်းမြတ် (အခြားသူတို့) လှုံ့ဆော်၍ဖြစ်သော သတိသည် အကယ်၍ မရှိခဲ့မူ (ဆင်စွယ်ပွတ် ပန်းချီစသော) အတတ်သည်တို့၏ ပြုလုပ်ဖွယ်အမှုတို့ဖြင့်ငှင်း အတတ်ပညာတို့ဖြင့်ငှင်း ပညာ၏ အကြောင်းတို့ဖြင့်ငှင်း ပြုဖွယ်မရှိတော့ရာ၊ အတတ်သင် ဆရာတို့သည် အကျိုး မရှိကုန်ရာ၊ မင်းမြတ် အကြင့်ကြောင့်လည်း (အခြားသူတို့) လှုံ့ဆော်၍ဖြစ်သော သတိသည် ရှိ၏၊ ထို့ကြောင့် ပြုလုပ်ဖွယ်အမှုတို့ဖြင့်ငှင်း အတတ်ပညာတို့ဖြင့်ငှင်း ပညာ၏ အကြောင်းတို့ဖြင့်ငှင်း ပြုလုပ်ဖွယ်သည် ရှိပါ၏၊ အတတ်သင် ဆရာတို့ဖြင့် အကျိုးလည်း ရှိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

တဆယ့်တခုမြောက် အဘိဇာနန္တသတိပဉှာ ပြီး၏။

## ခြောက်ခုမြောက် သတိဝဂ် ပြီး၏။

ဤသတိဝဂ်၌ အမေးပုစ္ဆာပြဿနာ တဆယ့်တစ်ခုတို့တည်း။

http://www.dhammadownload.com

# ၇-အရူပဓမ္မဝဝတ္ထာနဝဂ်

## ၁-သတိဥပဋ္ဌာနပဉှာ

## (သတိဖြစ်ပေါ်ပုံ ပြဿနာ)

၁။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အဘယ်မျှလောက်သော အကြောင်းတို့ဖြင့် သတိဖြစ်ပါသနည်း"ဟု မေးလျှောက်၏။ မင်းမြတ် တဆယ့်ခုနစ်ပါးသော အကြောင်းတို့ဖြင့် သတိဖြစ်၏ဟု (မိန့်တော်မူ၏)။ အဘယ် တဆယ့်ခုနစ်ပါးသော အကြောင်းတို့ဖြင့် သတိဖြစ်ပါသနည်းဟု (လျှောက်၏)။ မင်းမြတ် အမြဲ သိမှတ်သော အားဖြင့်လည်း သတိဖြစ်၏၊ (အခြားသူတို့) လှုံ့ဆော်သော အားဖြင့်လည်း သတိဖြစ်၏၊ ထင်ရှားသော အာရုံကိုသိသော အားဖြင့်လည်း သတိဖြစ်၏၊ အကျိုးစီးပွါးရှိ၏ဟု သိသောအားဖြင့်လည်း သတိဖြစ်၏၊ အကျိုးစီးပွါးမရှိဟု သိသောအားဖြင့်လည်း သတိဖြစ်၏၊ သဘောတူ အာရုံအားဖြင့်လည်း သတိဖြစ်၏၊ သဘောကွဲ အာရုံအားဖြင့်လည်း သတိဖြစ်၏၊ စကားကို ကြားသိသော အားဖြင့်လည်း သတိဖြစ်၏၊ မှတ်ကြောင်း အင်္ဂါလက္ခဏာအားဖြင့်လည်း သတိဖြစ်၏၊ သူတပါး သတိပေးသော အားဖြင့်လည်း သတိဖြစ်၏၊ အက္ခရာအရေးအသားအားဖြင့်လည်း သတိဖြစ်၏၊ ဂဏန်းသင်္ချာ အရေအတွက် အားဖြင့်လည်း သတိဖြစ်၏၊ နှုတ်တက်အာဂုံ ဆောင်သော အားဖြင့်လည်း သတိဖြစ်၏၊ ကမ္မဋ္ဌာန်းဘာဝနာ အားဖြင့်လည်း သတိဖြစ်၏၊ ပေပရပိုက် စာအုပ်တို့နှင့် ဖွဲ့ယှက်ဆက်စပ်သော အားဖြင့်လည်း သတိဖြစ်၏၊ အနီး၌ဆည်းထားသော အားဖြင့်လည်း သတိဖြစ်၏၊ သုံးဆောင် ခံစားဘူးသောအားဖြင့်လည်း သတိဖြစ်၏ဟု (မိန့်တော်မူ၏)။

အမြဲသိမှတ်သောအားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ မင်းမြတ် အသျှင်အာနန္ဒာနှင့် ခုဇ္ဇုတ္တရာဥပါသိကာမတို့သည် (ပိဋကတ်သုံးပုံကို)အောက်မေ့နိုင်ကုန်သကဲ့သို့ရင်း ဇာတိဿရဉာဏ်ကို ရသူတို့သည် မိမိတို့ဖြစ်ပြီးဘဝကို အောက်မေ့နိုင်ကုန်သကဲ့သို့ရင်းတည်း၊ ဤသို့လျှင် သတိသည် အမြဲ သိမှတ်သောအားဖြင့် ဖြစ်၏။

(အခြားသူတို့) လှုံ့ဆော်သောအားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ ပြကတေအားဖြင့် သတိမေ့လျော့တတ်သူကို သူတပါးတို့က သတိရစေခြင်းငှါ အမြဲမပြတ် ဖွဲ့စပ် နှိုးဆော်ရကုန်၏၊ ဤသို့လျှင် သတိသည် (အခြားသူတို့)လှုံ့ဆော်သောအားဖြင့် ဖြစ်၏။

ထင်ရှားသော အာရုံကို သိသောအားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ မင်းအဖြစ်၌ မူလည်း အဘိသိက်သွန်း ခံရသူဖြစ်၏၊ သောတာပတ္တိဖိုလ်သို့မူလည်း ရောက်ရသူဖြစ်၏၊ ဤသို့လျှင် သတိသည် ထင်ရှားသော အာရုံကို သိသောအားဖြင့် ဖြစ်၏။

အကျိုးစီးပွါးရှိ၏ဟု သိသော အားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ အကြင်အရပ်၌ ချမ်းသာစေအပ်၏၊ "ဤမည်သော အရပ်၌ ဤသို့ချမ်းသာစေအပ်ပြီ"ဟု (ထိုအရပ်ကို) အောက်မေ့၏၊ ဤသို့လျှင် သတိသည် အကျိုးစီးပွါးရှိ၏ဟု သိသောအားဖြင့် ဖြစ်၏။

အကျိုးစီးပွါး မရှိဟု သိသောအားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ အကြင်အရပ်၌ ဆင်းရဲစေအပ်၏၊ "ဤမည်သော အရပ်၌ ဤသို့ ဆင်းရဲစေအပ်ပြီ"ဟု (ထိုအရပ်ကို) အောက်မေ့၏၊ ဤသို့လျှင် သတိသည် အကျိုးစီးပွါးမရှိဟု သိသောအားဖြင့် ဖြစ်၏။

http://www.dhammadownload.com



သဘောတူ အာရုံအားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ အမိစသည်နှင့်တူသော ပုဂ္ဂိုလ်ကို မြင်၍ အမိကိုင်း အဖကိုင်း အစ်ကိုကိုင်း အစ်မ ညီမကိုင်း သတိရ၏၊ ကုလားအုပ်ကိုင်း နွားကိုင်း မြည်းကိုင်း မြင်၍ အခြားတပါးသော ထိုသို့သဘောရှိသော ကုလားအုပ်ကိုင်း နွားကိုင်း မြည်းကိုင်း သတိရ၏၊ ဤသို့လျှင် သတိသည် သဘောတူ အာရုံအားဖြင့် ဖြစ်၏။

သဘောကွဲ အာရုံအားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ ဤမည်သောသူ၏ အဆင်းသည် ဤသို့ သဘောရှိ၏၊ အသံသည် ဤသို့ သဘောရှိ၏၊ အနံ့သည် ဤသို့ သဘောရှိ၏၊ အရသာသည် ဤသို့ သဘောရှိ၏၊ အတွေ့အထိသည် ဤသို့ သဘောရှိ၏ဟု အောက်မေ့၏၊ ဤသို့လျှင် သတိသည် သဘောကွဲအာရုံအားဖြင့် ဖြစ်၏။

စကားကို ကြားသိသောအားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ ပြကတေ့ အားဖြင့် မေ့လျော့တတ်သူကို သူတပါးတို့က သတိရစေကုန်၏၊ ထိုစကားဖြင့် ထိုသူသည် အောက်မေ့နိုင်၏၊ ဤသို့လျှင် သတိသည် စကားကို ကြားသိသောအားဖြင့် ဖြစ်၏။

မှတ်ကြောင်း အင်္ဂါလက္ခဏာအားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ အကြင် သူသည် ပြကတေ့အားဖြင့် နွားတို့၏ ခြေလက်စသော အင်္ဂါဖြင့် သိ၏၊ မွေ့ အိမ်မြှောင်စသော လက္ခဏာဖြင့် သိ၏၊ ဤသို့လျှင် သတိသည် မှတ်ကြောင်း အင်္ဂါလက္ခဏာအားဖြင့် ဖြစ်၏။

သူတပါး သတိပေးသောအားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ ပြကတေ့အားဖြင့် မေ့လျော့တတ်သူကို "အချင်း သတိရလော့၊ အချင်း သတိရလော့"ဟု အတန်တန် အောက်မေ့စေ၏၊ ဤသို့လျှင် သတိသည် သူတပါး သတိပေးသောအားဖြင့် ဖြစ်၏။

အက္ခရာအရေးအသားအားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ အက္ခရာ အရေးအသားကို သင်ကြားထားသည်၏ အဖြစ်ကြောင့် "ဤအက္ခရာ၏ အခြားမဲ့၌ ဤအက္ခရာကို ပြုအပ်၏"ဟု သိ၏၊ ဤသို့လျှင် သတိသည် အက္ခရာအရေးအသားအားဖြင့် ဖြစ်၏။

ဂဏန်းသင်္ချာအတွက်အားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ ဂဏန်းသင်္ချာ၌ သင်ကြားထားပြီးသည်၏ အဖြစ်ကြောင့် ဂဏန်းသင်္ချာတတ်သူတို့သည် များစွာသော ဂဏန်းကိုလည်း ရေတွက်နိုင်ကုန်၏၊ ဤသို့လျှင် သတိသည် ဂဏန်းသင်္ချာအတွက်အားဖြင့် ဖြစ်၏။

နှုတ်တက်အာဂုံ ဆောင်သောအားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ နှုတ်တက်ဆောင်ခြင်း ဖြင့် သင်ကြားထားပြီးသည်၏ အဖြစ်ကြောင့် နှုတ်တက် အာဂုံဆောင်သူတို့သည် များစွာသော ကျမ်းဂန်တို့ကို ဆောင်နိုင်ကုန်၏၊ ဤသို့လျှင် သတိသည် နှုတ်တက် အာဂုံဆောင်သောအားဖြင့် ဖြစ်၏။

ကမ္မဋ္ဌာန်း ဘာဝနာအားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ ဤသာသနာတော်၌ ရဟန်းသည် များပြားသော ရှေး၌ နေဘူးသော ဘဝကို အောက်မေ့နိုင်၏၊ ဤသည်ကား အဘယ်နည်း၊ တဘဝကိုင်း နှစ်ဘဝတို့ကိုင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် အမည် အနွယ်နှင့်တကွ ရှေး၌ နေဘူးသည်ကို အောက်မေ့နိုင်၏၊ ဤသို့လျှင် သတိသည် ကမ္မဋ္ဌာန်း ဘာဝနာအားဖြင့် ဖြစ်၏။

ပေပရပိုက်စာအုပ်တို့နှင့် ဖွဲ့ယှက်ဆက်စပ်သော အားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ မင်းတို့သည် (အပြစ်ဒဏ်စသည် ချပေးဆုံးဖြတ်ရာ၌) စည်းမျဉ်းဥပဒေကို မေ့လျော့ကုန်သည်

http://www.dhammadownload.com



ဖြစ်၍ ဤမည်သော (စည်းမျဉ်းဥပဒေ)ကျမ်းကို ဆောင်ယူခဲ့ကုန်လော့ဟု ဆို၍ ထို(စည်းမျဉ်း ဥပဒေ)ကျမ်းဖြင့် အောက်မေ့သတိရကုန်၏၊ ဤသို့လျှင် သတိသည် ပေပရပိုက် စာအုပ်တို့နှင့် ဖွဲ့ယှက် ဆက်စပ်သောအားဖြင့် ဖြစ်၏။

အနီး၌ထားသောအားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ အနီး၌ထားသော ဥစ္စာဘဏ္ဍာကို မြင်၍ သတိရ၏၊ ဤသို့လျှင် သတိသည် အနီး၌ ထားသောအားဖြင့် ဖြစ်၏။

သုံးဆောင် ခံစားဘူးသောအားဖြင့် အဘယ်သို့ သတိဖြစ်သနည်းဟူမူ၊ မြင်ဘူးသည်၏ အဖြစ်ကြောင့် အဆင်းကို အောက်မေ့၏၊ ကြားဘူးသည်၏ အဖြစ်ကြောင့် အသံကို အောက်မေ့၏၊ နမ်းရှူဘူးသည်၏ အဖြစ်ကြောင့် အနံ့ကို အောက်မေ့၏၊ လျက်ဘူးသည်၏ အဖြစ်ကြောင့် အရသာကို အောက်မေ့၏၊ တွေ့ထိဘူးသည်၏ အဖြစ်ကြောင့် အတွေ့အထိကို အောက်မေ့၏၊ သိဘူးသည်၏ အဖြစ်ကြောင့် သဘောတရားကို အောက်မေ့၏၊ ဤသို့လျှင် သတိသည် သုံးဆောင်ခံစားဘူးသော အားဖြင့် ဖြစ်၏၊ မင်းမြတ် ဤ တဆယ့်ခုနစ်ပါးကုန်သော အကြောင်းတို့ဖြင့် သတိဖြစ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော်လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ရှေးဦးစွာသော သတိဥပ္ပဇ္ဇနပဥှာ ပြီး၏။

## ၂-ဗုဒ္ဓဂုဏသတိပဋိလာဘပဥှာ

(ဘုရားဂုဏ်တော်ကို သတိရမှု ပြဿနာ)

၂။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန' အကြင်သူသည် အနှစ်တရာပတ်လုံး အကုသိုလ်ကို ပြုရာ၏၊ သေခါနီးအခါ၌မူကား တခုသော ဘုရားဂုဏ်တော်ကို သတိရငြားအံ့၊ ထိုသူသည် နတ်ပြည်တို့၌ ဖြစ်၏'ဟု ဤစကားကို အရှင်ဘုရားတို့ ဆိုတော်မူကြကုန်၏၊ ထိုစကားကို အကျွန်ုပ် မယုံကြည်ပါ၊ 'တခုသော ပါဏာတိပါတကံဖြင့် ငရဲ၌ ဖြစ်ရာ၏'ဟူ၍ ဤသို့လည်း ဆိုတော်မူကြကုန်သေး၏၊ ထိုစကားကိုလည်း အကျွန်ုပ် မယုံကြည်ပါ"ဟု လျှောက်၏။

မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ကျောက်သည် ငယ်သော်လည်း လှေနှင့် ကင်း၍ ရေ၌ ပေါ်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မပေါ်ရာပါဟု (လျှောက်၏)။ မင်းမြတ် အသို့နည်း ကျောက်တို့၏လှည်းအစီးတရာတင်ဝန်သည်လည်း လှေဖြင့် တင်ထားခဲ့သည် ရှိသော် ရေ၌ ပေါ်ရာသည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ပေါ်ရာပါ၏ဟု (လျှောက်၏)။မင်းမြတ် လှေကဲ့သို့ ထိုအတူ ကုသိုလ်တို့ကို မှတ်အပ်ကုန်၏ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

နှစ်ခုမြောက် ဗုဒ္ဓဂုဏသတိ ပဋိလာဘပဥှာ ပြီး၏။

## ၃-ဒုက္ခပ္ပဟာန ဝါယမပဥှာ

(ဒုက္ခကို ပယ်စွန့်ခြင်း ပြဿနာ)

၃။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အသျှင်ဘုရားတို့သည် အတိတ် ဒုက္ခကို ပယ်စွန့်ခြင်းငှါ လုံ့လပြုပါကုန်သလော"ဟု မေးလျှောက်၏။ မင်းမြတ် အတိတ် ဒုက္ခကို ပယ်စွန့်ခြင်း

http://www.dhammadownload.com



ငှါ လှုံ့လမပြုကုန်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ထိုသို့မဟုတ်ခဲ့မူ အနာဂတ်ဒုက္ခကို ပယ်စွန့်ခြင်းငှါ လှုံ့လပြုပါကုန်သလောဟု (မေးလျှောက်၏)။ မင်းမြတ် အနာဂတ်ဒုက္ခကို ပယ်စွန့်ခြင်းငှါ လှုံ့လ မပြုကုန်ဟု (မိန့်တော်မူ၏)။ ထိုသို့မဟုတ်ခဲ့မူ ပစ္စုပ္ပန်ဒုက္ခကို ပယ်စွန့်ခြင်းငှါ လှုံ့လပြုပါကုန်သလောဟု(မေးလျှောက်၏)။ မင်းမြတ် ပစ္စုပ္ပန်ဒုက္ခကို ပယ်စွန့်ခြင်းငှါ လှုံ့လ မပြုကုန်ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားတို့သည် အတိတ်ဒုက္ခကို ပယ်စွန့်ခြင်းငှါ အကယ်၍ လှုံ့လမပြုကုန်အံ့၊အနာဂတ် ဒုက္ခကို ပယ်စွန့်ခြင်းငှါ အကယ်၍ လှုံ့လမပြုကုန်အံ့၊ပစ္စုပ္ပန်ဒုက္ခကို ပယ်စွန့်ခြင်းငှါ အကယ်၍ လှုံ့လမပြုကုန်အံ့၊ ထိုသို့ဖြစ်ခဲ့လျှင် အဘယ်အကျိုးငှါ လှုံ့လပြုကြပါကုန်သနည်းဟု(မေးလျှောက်၏)။ နာဂသေနမထေရ်သည် "ဤ ပစ္စုပ္ပန်ဒုက္ခသည်လည်း အသို့လျှင် ချုပ်ငြိမ်းရာအံ့နည်း၊ ပစ္စုပ္ပန်ဒုက္ခမှ အခြားတပါးသော ဒုက္ခသည်လည်း အသို့လျှင် နောက်ထပ် မဖြစ်ရာအံ့နည်း"ဟု ဤသို့သော အကျိုးငှါ လှုံ့လပြုကြကုန်၏ဟု မိန့်တော်မူ၏။

အသျှင်ဘုရားနာဂသေန အနာဂတ်ဒုက္ခသည် ထင်စွာ ရှိပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် အနာဂတ်ဒုက္ခသည် ထင်စွာ မရှိဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အသျှင်ဘုရားတို့သည် ထင်ရှားမရှိကုန်သော အနာဂတ်ဒုက္ခကို ပယ်စွန့်ခြင်းငှါ လှုံ့လပြုကုန်၏၊ ထိုအသျှင်ဘုရားတို့သည် လွန်ကဲသော ပညာရှိတို့ ဖြစ်ကုန်၏ဟု(လျှောက်၏)။ မင်းမြတ် သင်မင်းမြတ်အား ဆန့်ကျင်ဖက်ကို လိုလားကုန်သော ပြိုင်ဖက်ရန်သူ ဖြစ်ကုန်သော စစ်ပြိုင်ရန် ရှေးရှုတည်လာကုန်သော အချို့သော ရန်သူမင်းတို့သည် ရှိကုန်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ရှိပါကုန်၏ဟု (လျှောက်၏)။ မင်းမြတ် အသို့နည်း ထိုစစ်ပြိုင်ရန် ရောက်လာမှ သင်မင်းမြတ်တို့သည် ကျုံးကို တူးစေကုန်ရာသလော၊ မြို့တန်တိုင်းကို ဆင့်စီစေကုန်ရာသလော၊ တံခါးမုခ်ကို ပြုစေကုန်ရာသလော၊ ပြအိုးကို ပြုစေကုန်ရာသလော၊ ရိက္ခာစပါးကို ဆောင်ယူသွင်းစေကုန်ရာသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါ၊ ထိုကျုံးတူးခြင်း စသည်ကို ကြိုကြို တင်တင် စီရင်ပြီး ဖြစ်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် သင်မင်းမြတ်တို့သည် ထိုစစ်ပြိုင်ရန် ရောက်လာမှ ဆင်စီးအတတ်ကို သင်ကုန်ရာသလော၊ မြင်းစီးအတတ်ကို သင်ကုန်ရာသလော၊ရထားစီးအတတ်ကို သင်ကုန်ရာသလော၊ လေးအတတ်ကို သင်ကုန်ရာသလော၊ ဓားလှံအတတ်ကို သင်ကုန်ရာသလောဟု(မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါ၊ ကြိုကြိုတင်တင်ပင်လျှင် အလုံးစုံသော အတတ်ကို သင်ကြားပြီး ဖြစ်ပါ၏ဟု (လျှောက်၏)။ အဘယ်အကျိုးငှါ သင်အပ်သနည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မရောက်လာသေးကုန်သော ဘေးတို့ကို တားမြစ်ခြင်းအကျိုးငှါ သင်ကြားအပ်ပါကုန်၏ဟု (လျှောက်၏)။ မင်းမြတ် အသို့နည်း မရောက်လာသေးသော ဘေးသည် ထင်ရှားရှိသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထင်ရှား မရှိပါဟု (လျှောက်၏)။ မင်းမြတ် သင်မင်းမြတ်တို့သည် ထင်ရှားမရှိကုန်သော မရောက်လာသေးကုန်သော ဘေးတို့ကို တားမြစ်ခြင်းငှါ စီရင်ကုန်၏၊ ထိုသင်မင်းမြတ်တို့သည်လည်း လွန်ကဲသော ပညာရှိတို့ ဖြစ်ကုန်၏ဟု(မိန့်တော်မူ၏)။

တို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ အကြင်အခါ၌ သင်မင်းမြတ်သည် ရေမွတ်သိပ်သည် ဖြစ်ရာ၏၊ ထိုအခါမှ သင်သည် ရေကို သောက်အံ့ဟု ရေတွင်းကို တူးစေရာသလော၊ လေးထောင့်ကန်ကို တူးစေရာသလော၊ တဖက်ဆည်ကန်ကို တူးစေရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါ ကြိုကြို တင်တင်ကပင် ထိုရေတွင်းတူးခြင်းစသော ကိစ္စကို ပြုစီရင်အပ်ပါ၏ဟု (လျှောက်၏)။ အဘယ်အကျိုးငှါ ပြုစီရင်အပ်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား

http://www.dhammadownload.com



မရောက်လာသေးကုန်သော ရေမွတ်သိပ်ခြင်းတို့ကို တားမြစ်ခြင်းငှါ စီရင်အပ်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် မရောက်လာသေးသော ရေမွတ်သိပ်ခြင်းသည် ထင်ရှား ရှိပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထင်ရှား မရှိပါဟု (လျှောက်၏)။ မင်းမြတ် အကြင်သင်မင်းမြတ်တို့သည် ထင်ရှားမရှိကုန်သော မရောက်လာသေးကုန်သော ရေမွတ်သိပ်ခြင်းတို့ကို တားမြစ်ခြင်းငှါ စီရင်ကုန်၏၊ ထိုသင်မင်းမြတ်တို့သည် လွန်ကဲသော ပညာရှိတို့ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ အကြင်အခါ၌ သင်မင်းမြတ်သည် ဆာလောင်သည် ဖြစ်ရာ၏၊ ထိုအခါမှ သင်မင်းမြတ်သည် ပွဲတော်တည်အံ့ဟု လယ်ကို ထွန်စေရာသလော၊ သလေးစပါးကို စိုက်ပျိုးစေရာ သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါ၊ ကြိုကြို တင်တင်ကပင် ထိုလယ်ထွန်ခြင်း သလေးစပါး စိုက်ပျိုးခြင်းကိစ္စကို ပြုစီရင်အပ်ပါ၏ဟု (လျှောက်၏)။ အဘယ်အကျိုးငှါ ပြုစီရင်အပ်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရောက်လာသေးကုန်သော ဆာလောင်မှုကို တားမြစ်ခြင်းငှါ စီရင်အပ်ပါကုန်၏ဟု (လျှောက်၏)။ မင်းမြတ် မရောက်လာသေးသော ဆာလောင်မှု ရှိပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရှိပါဟု(လျှောက်၏)။ မင်းမြတ် သင်မင်းမြတ်တို့သည် ထင်ရှားမရှိကုန်သော မရောက်လာသေးကုန်သော ဆာလောင်မှုကို တားမြစ်ခြင်းငှါ စီရင်ကုန်၏၊ ထို သင်မင်းမြတ်တို့သည် လွန်ကဲသော ပညာရှိတို့ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

သုံးခုမြောက် ဒုက္ခပ္ပဟာနဝါယမပဥှာ ပြီး၏။

---

## ၄-ဖြဟ္မလောကပဥှာ

(ဗြဟ္မာ့ပြည်နှင့်လူ့ပြည် အကွာအဝေး ပြဿနာ)

၄။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ဤလူ့ပြည်မှ ဗြဟ္မာ့ပြည်သည် အဘယ်မျှလောက် ဝေးကွာပါသနည်း"ဟု မေးလျှောက်၏ ။ မင်းမြတ် ဤလူ့ပြည်မှ ဗြဟ္မာ့ပြည်သည် ဝေးကွာလှ၏၊ အိမ်အထွတ်မျှရှိသော ကျောက်ကြီးသည် ထိုဗြဟ္မာ့ပြည်မှ ကျလာလတ်သော် တနေ့နှင့် တညဉ့်အားဖြင့် ယူဇနာပေါင်း လေးသောင်းရှစ်ထောင်တိုင်တိုင် လျှောကျသော် လေးလကြာမှ မြေ၌ တည်ရာ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "အားရှိသော ယောကျ်ားသည် ကွေးသော လက်မောင်းကို ဆန့်ရာသကဲ့သို့ရင်း ဆန့်သော လက်မောင်းကို ကွေးရာသကဲ့သို့ရင်း ဤအတူသာလျှင် တန်ခိုးရှိသော ရဟန်းသည် စိတ်၏ လေ့လာခြင်းသို့ ရောက်သည်ဖြစ်၍ ဇမ္ဗူဒိပ်ကျွန်း၌ ကွယ်ပျောက်ကာ ဗြဟ္မာ့ပြည်၌ ထင်ရှားဖြစ်နိုင်ရာ၏"ဟု အသျှင်ဘုရားတို့ ဟောတော်မူကုန်၏၊ ဤစကားကို အကျွန်ုပ် မယုံကြည်နိုင်ပါ၊ ထိုမျှလောက် ယူဇနာပေါင်း များစွာတို့တိုင်အောင် ဤသို့ အလွန်လျင်မြန်စွာ သွားရောက်နိုင်ပါအံ့လောဟု (မေးလျှောက်၏)။ နာဂသေနမထေရ်သည် မင်းမြတ် သင်မင်းမြတ်၏ မွေးဖွားရာ အရပ်သည် အဘယ်အရပ်နည်း"ဟု (မေးတော်မူ၏)။ အသျှင်ဘုရား

http://www.dhammadownload.com



အလသန္ဒမည်သော ကျွန်းသည် ရှိပါ၏၊ ထိုကျွန်း၌ အကျွန်ုပ်သည် မွေးဖွားပါ၏ဟု (လျှောက်၏)။ မင်းမြတ် အလသန္ဒကျွန်းသည် ဤသာဂလမြို့မှ အဘယ်မျှလောက် ဝေးကွာသနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ယူဇနာနှစ်ရာတိုင်တိုင် ဝေးကွာပါ၏ဟု (လျှောက်၏)။ မင်းမြတ် သင်မင်းမြတ်သည် ထိုအလသန္ဒကျွန်း၌ တစုံတရာသော ပြုဖွယ်ကိစ္စကို ပြုခဲ့ပြီး၍ ထိုသို့ ပြုလုပ်ခဲ့သည်ကို မှတ်မိပါ၏လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှတ်မိပါ၏ဟု (လျှောက်၏)။ မင်းမြတ် သင်မင်းမြတ်သည် ယူဇနာနှစ်ရာတို့တိုင်တိုင် လျင်စွာ သွားရောက်နိုင်လေဘိသည်တကားဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

လေးခုမြောက် ဖြဟွလောကပဥှာ ပြီး၏။

---

## ၅-ဒိုန္နံ လောကုပ္ပန္နာနံ သမကာဘာဝပဥှာ

(လောကနှစ်ခု၌ဖြစ်ရမှု၏တူမျှပုံပြဿနာ)

၅။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အကြင်သူသည် ဤလူ့ပြည်၌ သေလွန်၍ ဗြဟ္မာ့ပြည်၌ ဖြစ်ရာ၏၊ အကြင်သူသည်လည်း ဤလူ့ပြည်၌ သေလွန်၍ ကသ္မီရတိုင်း၌ ဖြစ်ရာ၏၊ အဘယ်သူကကြာမြင့်၍ အဘယ်သူက လျင်မြန်ပါသနည်း" ဟု မေးလျှောက်၏။ မင်းမြတ် ထိုသူနှစ်ယောက်တို့သည် အညီအမျှပင် ဖြစ်ရာပါ၏ဟု (မိန့်တော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် သင်မင်းမြတ်၏ မွေးဖွားရာမြို့သည် အဘယ်မှာနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ကလသိမည်သော ရွာသည် ရှိပါ၏၊ ထိုကလသိရွာ၌ အကျွန်ုပ်သည် မွေးဖွားပါ၏ဟု (လျှောက်၏)။ မင်းမြတ် ကလသိရွာသည် ဤသာဂလမြို့မှ အဘယ်မျှလောက် ဝေးကွာသနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ယူဇနာနှစ်ရာတိုင်တိုင် ဝေးကွာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ကသ္မီရတိုင်းသည် ဤသာဂလပြည်မှ အဘယ်မျှလောက် ဝေးကွာသနည်းဟု မေးတော်မူ၏ ။ အသျှင်ဘုရား တဆယ့်နှစ်ယူဇနာတိုင်အောင် ဝေးကွာပါ၏ဟု (လျှောက်၏)။ မင်းမြတ် တိုက်တွန်းပါ၏၊ သင်မင်းမြတ်သည် ကလသိရွာကို ကြံစည်အောက်မေ့ပါလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ကြံစည်အောက်မေ့ပြီးပါပြီဟု (လျှောက်၏)။ မင်းမြတ် တိုက်တွန်းပါ၏၊ သင်မင်းမြတ်သည် ကသ္မီရတိုင်းကို ကြံစည်အောက်မေ့ပါဦးလော့ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ကြံစည် အောက်မေ့ပြီးပါပြီဟု (လျှောက်၏)။ မင်းမြတ် အဘယ်အရပ်ကို ကြာမြင့်စွာ ကြံစည် အောက်မေ့ရသနည်း၊ အဘယ်အရပ်ကို လျင်မြန်စွာ ကြံစည် အောက်မေ့ရသနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား အညီအမျှပင် ကြံစည်အောက်မေ့ရပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အကြင်သူသည် ဤလူ့ပြည်၌ သေလွန်၍ ဗြဟ္မာ့ပြည်၌ ဖြစ်ရာ၏၊ အကြင်သူသည်လည်း ဤလူ့ပြည်၌ သေလွန်၍ ကသ္မီရတိုင်း၌ ဖြစ်ရာ၏၊ ထိုသူနှစ်ယောက်တို့သည် အညီအမျှသာလျှင် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ထို့ထက်အလွန် ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ငှက်နှစ်ကောင်တို့သည် ကောင်းကင်ဖြင့် ပျံသွားကုန်ရာ၏၊ ထိုငှက်

http://www.dhammadownload.com



နှစ်ကောင်တို့တွင် ငှက်တကောင်သည် မြင့်သော သစ်ပင်၌ နားရာ၏၊ ငှက်တကောင်သည် နိမ့်သော သစ်ပင်၌ နားရာ၏၊ အညီအမျှ တပြိုင်နက် နား၍ ရပ်တည်ကုန်သော ထိုငှက်နှစ်ကောင်တို့တွင် အဘယ်ငှက်၏ အရိပ်သည် ရှေးဦးစွာ မြေ၌ ထင်ရာသနည်း၊ အဘယ်ငှက်၏ အရိပ်သည် ကြာမြင့်မှ မြေ၌ ထင်ရာသနည်း ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အရိပ်သည် တပြိုင်နက်ပင် မြေ၌ ထင်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အကြင်သူသည် ဤလူ့ပြည်၌ သေလွန်၍ ဗြဟ္မာ့ပြည်၌ ဖြစ်ရာ၏၊ အကြင်သူသည်လည်း ဤလူ့ပြည်၌ သေလွန်၍ ကသ္မီရတိုင်း၌ ဖြစ်ရာ၏၊ ထိုသူနှစ်ယောက်တို့သည် အညီအမျှသာလျှင် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ငါးခုမြောက် ဒွိန္နံ လောကုပ္ပန္နာနံ သမကဘာဝပဥှာ ပြီး၏။

---

## ၆-ဗောဇ္ဈင်္ဂပဥှာ

### (ဗောဇ္ဈင်ပြဿနာ)

၆။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ဗောဇ္ဈင်တို့သည် အဘယ်မျှ ရှိပါကုန်သနည်း" ဟု မေးလျှောက်၏ ။ မင်းမြတ် ဗောဇ္ဈင်တို့သည် ခုနစ်ပါးရှိကုန်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အဘယ်မျှလောက်ကုန်သော ဗောဇ္ဈင်တို့ဖြင့် သိနိုင်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟူသော တပါးတည်းသော ဗောဇ္ဈင်ဖြင့် သိနိုင်ပါ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ထိုသို့ တပါးတည်းသော ဗောဇ္ဈင်ဖြင့် သိနိုင်ပါလျက် အဘယ့်ကြောင့် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟောအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သန်လျက်အိမ်၌ ထည့်ထားသော သန်လျက်သည် လက်ဖြင့် မကိုင်ပဲ ဖြတ်တောက်ဖွယ်ရာ ဝတ္ထုကို ဖြတ်ခြင်းငှါ စွမ်းနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မစွမ်းနိုင်ပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ဗောဇ္ဈင်ခြောက်ပါးတို့နှင့် ကင်း၍ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြင့် မသိနိုင်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ခြောက်ခုမြောက် ဗောဇ္ဈင်္ဂပဥှာ ပြီး၏။

---

## ၇-ပါပပုညာနံ အပ္ပါနပ္ပဘာဝပဥှာ

### (အကုသိုလ်နှင့်ကုသိုလ်အနည်းအများပြဿနာ)

၇။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ကုသိုလ်ကောင်းမှုသည်၎င်း အကုသိုလ်မကောင်းမှုသည်၎င်း အဘယ်က များပြားပါသနည်း" ဟု မေးလျှောက်၏။ မင်းမြတ် ကုသိုလ်ကောင်းမှုသည်ကား များပြား၏၊ အကုသိုလ်မကောင်းမှုသည် နည်းပါး၏ဟု (မိန့်တော်မူ၏)။ အဘယ်အကြောင်းကြောင့်ပါနည်းဟု (လျှောက်၏)။ မင်းမြတ် အကုသိုလ်မကောင်းမှု ပြုသောသူသည်ကား ငါသည် အကုသိုလ်မကောင်းမှုကို ပြုမိပြီဟု နှလုံးမသာခြင်း ဖြစ်၏၊ ထိုသို့

http://www.dhammadownload.com



စိတ်မကြည်ဖြူ နှလုံးပူသောကြောင့် အကုသိုလ်မကောင်းမှုသည် မတိုးပွါး။ မင်းမြတ် ကောင်းမှု ကုသိုလ်ကို ပြုသောသူသည်ကား ပူပန်မှု မရှိ၊ ပကတိ မြေ စိတ်ရွှင်ပျ၏၊ စိတ်ရွှင်ပျသူအား ဝမ်းမြောက်ခြင်း ဖြစ်ပေါ်၏၊ ဝမ်းမြောက်သောသူအား နှစ်သိမ့်ခြင်း ဖြစ်ပေါ်၏၊ နှစ်သိမ့်သော စိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသော ကိုယ်ရှိသောသူသည် ချမ်းသာကို ခံစား၏၊ ချမ်းသာသောသူ၏ စိတ်သည် တည်ကြည်၏၊ တည်ကြည်သောသူသည် ဟုတ်မှန်သောအတိုင်း သိ၏၊ ထိုအကြောင်းကြောင့် ကုသိုလ်ကောင်းမှုသည် တိုးပွါး၏။ မင်းမြတ် လက်ခြေပြတ်သော ယောကျ်ားသည် မြတ်စွာဘုရားအား တခုသော ကြာလက်ကြာခိုင်ကို ပေးလှူ၍ ကိုးဆယ့် တကမ္ဘာတိုင်ပတ်လုံး ဖရိုဖရဲ ပျက်စီးကျရောက်ရာ အပါယ်ငရဲသို့ မရောက်ရလတ္တံ့။ မင်းမြတ် ဤ အကြောင်းကြောင့်လည်း ကုသိုလ်ကောင်းမှုသည် များပြား၏၊ အကုသိုလ်မကောင်းမှုသည် နည်းပါး၏ဟု ငါဆို၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ခုနစ်ခုမြောက် အပွါနပုဘာဝပဉှာ ပြီး၏။

---

## ၈-ဇာနန္တာဇာနန္တပါပကရဏပဉှာ

### (သိလျက်မကောင်းမှုကိုပြုခြင်း မသိပဲမကောင်းမှုကိုပြုခြင်းပြဿနာ)

၈။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အကြင်သူသည် သိလျက် မကောင်းမှုကို ပြု၏၊ အကြင်သူသည် မသိမူ၍ မကောင်းမှုကို ပြု၏၊ အဘယ်သူ၏ မကောင်းမှု အကုသိုလ်က သည် များပြားပါသနည်း"ဟု မေးလျှောက်၏။ နာဂသေနမထေရ်သည် မင်းမြတ် အကြင်သူသည် မသိမူ၍ မကောင်းမှုကို ပြု၏၊ ထိုမသိမူ၍ မကောင်းမှုကိုပြုသူ၏ မကောင်းမှုအကုသိုလ်သည် များပြား၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန သို့ဖြစ်လျှင် အကျွန်ုပ်တို့၏ အကြင် မင်းသားသည်ငှင်း အကြင်မင်းအမတ်သည်ငှင်း မသိမူ၍ မကောင်းမှုကို ပြုအံ့၊ ထိုသူ့အား အကျွန်ုပ်တို့သည် နှစ်ဆထက်သော ဒဏ်ကို ပေးရကုန်အံ့လောဟု (လျှောက်၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ပူလောင်သော ရဲရဲတောက်သော အလျှံပြောင်ပြောင် တောက်လောင်သော မီးနှင့်တကွဖြစ်သော သံခဲသံတုံးကို တယောက်သောသူသည် သိလျက် ကိုင်ရာ၏၊ တယောက်သောသူသည် မသိမူ၍ ကိုင်ရာ၏၊ အဘယ်သူကို ပြင်းထန်စွာ လောင်ရာ သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကြင်သူသည်ကား မသိမူ၍ ကိုင်ရာ၏၊ ထိုသူ့အား ပြင်းထန်စွာ လောင်ရာပါ၏ ဟု(လျှောက်၏)။မင်းမြတ် ဤအတူသာလျှင် အကြင်သူသည် မသိမူ၍ အကုသိုလ်မကောင်းမှုကို ပြု၏၊ထိုသူ့အား မကောင်းမှုသည် များပြား၏ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ရှစ်ခုမြောက် ဇာနန္တာဇာနန္တပါပကရဏပဉှာ ပြီး၏။

---

## ၉-ဥတ္တရကုရုကာဒိဂမနပဉှာ

### (မြောက်ကျွန်းစသည်သို့ သွားနိုင်မသွားနိုင်ပြဿနာ)

၉။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန ဤကိုယ်ဖြင့် မြောက်ကျွန်းသို့ ဖြစ်စေ ဗြဟ္မာ ပြည်သို့ဖြစ်စေ သို့မဟုတ် အခြားကျွန်းသို့ ဖြစ်စေ သွားနိုင်သူ တစုံတယောက် ရှိပါသလော"ဟု

http://www.dhammadownload.com



မေးလျှောက်၏။ မင်းမြတ် မဟာဘုတ်လေးပါးရှိသော ဤကိုယ်ဖြင့် မြောက်ကျွန်းသို့ ဖြစ်စေ ဗြဟ္မာ့ပြည်သို့ဖြစ်စေ သို့မဟုတ် အခြားကျွန်းသို့ဖြစ်စေ သွားနိုင်သူ ရှိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန မဟာဘုတ်လေးပါးရှိသော ဤကိုယ်ဖြင့် မြောက်ကျွန်းသို့ဖြစ်စေ ဗြဟ္မာ့ပြည်သို့ဖြစ်စေ သို့မဟုတ် အခြားကျွန်းသို့ဖြစ်စေ အဘယ်သို့ သွားနိုင်ရာပါသနည်းဟု (လျှောက်၏)။ မင်းမြတ် သင်မင်းမြတ်သည် ဤမြေကြီး၌ တထွာဖြစ်စေ တတောင်ဖြစ်စေ ခုန်ဘူးပါ၏လော၊ ခုန်ဘူးသည်ကို မှတ်မိပါ၏လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှတ်မိပါ၏၊ အသျှင်ဘုရားနာဂသေန အကျွန်ုပ်သည် ရှစ်တောင်မျှအမြင့်ကိုလည်း ခုန်နိုင်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် သင်မင်းမြတ်သည် ရှစ်တောင်မျှ အမြင့်ကို အသို့ခုန်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် ဤအရပ်၌ ကျရောက်အံ့ဟု စိတ်ကို ဖြစ်စေ၏၊ စိတ်ဖြစ်သည်နှင့် တပြိုင်နက် အကျွန်ုပ်၏ကိုယ်သည် ပေါ့ပါးပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် တန်ခိုးနှင့်ပြည့်စုံသော စိတ်လေ့လာပြီးသည့်အဖြစ်သို့ ရောက်သော ရဟန်းသည် ကိုယ်ကို စိတ်၌ ကောင်းစွာတင်၍ စိတ်၏ အစွမ်းဖြင့် ကောင်းကင်သို့ သွားနိုင်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ကိုးခုမြောက် ဥတ္တရကုရုကာဒိဂမနပဉ္စာ ပြီး၏။

---

## ၁၀-ဒီဃဋ္ဌိပဉ္စာ

### (အရိုးရှည်ပြဿနာ)

၁၀။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန 'အရိုးတို့သည် ယူဇနာတရာတိုင်အောင် ရှည်ကုန်၏'ဟု အသျှင်ဘုရားတို့ ဆိုတော်မူကုန်၏၊ သစ်ပင်သော်မျှလည်း ထိုမျှလောက် ယူဇနာတရာ မရှိနိုင်၊ အရိုးတို့သည် အဘယ်မှာ ယူဇနာတရာတိုင် ရှည်နိုင်လတ္တံ့နည်း" ဟု မေးလျှောက်၏။

မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ "မဟာသမုဒ္ဒရာ၌ ယူဇနာငါးရာတိုင် ရှိကြကုန်သော ငါးတို့သည် ရှိကုန်၏"ဟု သင်ကြားဘူးသည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏၊ ကြားဘူးပါ၏ဟု (လျှောက်၏)။ မင်းမြတ် ယူဇနာငါးရာရှိသော ငါး၏အရိုးတို့သည် ယူဇနာတရာရှည်ကုန်သည် ဖြစ်သင့်သည် မဟုတ်လောဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

ဆယ်ခုမြောက် ဒီဃဋ္ဌိပဉ္စာ ပြီး၏။

---

## ၁၁-အဿာသပဿာသနိရောဓပဉ္စာ

### (ထွက်သက်ဝင်သက်ချုပ်ရန်တတ်နိုင်မတတ်နိုင်ပြဿနာ)

၁၁။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန 'ထွက်သက်ဝင်သက်တို့ကို ချုပ်စေခြင်းငှါ တတ်စွမ်းနိုင်၏'ဟု အသျှင်ဘုရားတို့ ဆိုတော်မူကုန်သည် မဟုတ်လော"ဟု မေးလျှောက်၏။ မင်းမြတ် ဟုတ်၏၊ ထွက်သက်ဝင်သက်တို့ကို ချုပ်စေခြင်းငှါ တတ်စွမ်းနိုင်၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရားနာဂသေန အဘယ်သို့လျှင် ထွက်သက်ဝင်သက်တို့ကို ချုပ်စေခြင်းငှါ တတ်စွမ်းနိုင်ပါသနည်းဟု (လျှောက်၏)။ မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်မင်းမြတ်သည် တစုံတယောက်သောသူ၏ ဟောက်သံကို ကြားဘူးသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ကြားဘူးပါ၏ ဟု (လျှောက်၏)။မင်းမြတ် အသို့နည်း၊ထိုဟောက်သံသည် ကိုယ်ကို ကွေးညွတ်သိုက်သော် ပျောက်ကင်းရာသည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ပျောက်ကင်းရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ကမ္မဋ္ဌာန်းအာရုံ မထုံအပ်သော ကိုယ်ရှိသော ဝိရတီအာရုံ မထုံအပ်သော သီလရှိသော ကမ္မဋ္ဌာန်းအာရုံ မထုံအပ်သော စိတ်ရှိသော မပွါးမထုံအပ်သော ပညာရှိသောသူ၏ ထိုဟောက်သော အသံစင်လျက် ကိုယ်ကို ကွေးညွတ်ကာမျှ ပျောက်ကင်းဘိသေး၏၊ ကမ္မဋ္ဌာန်းအာရုံ ထုံအပ်ပြီးသော ကိုယ်ရှိသော ဝိရတီအာရုံ ထုံအပ်ပြီးသော သီလရှိသော ကမ္မဋ္ဌာန်းအာရုံ ထုံအပ်ပြီးသော စိတ်ရှိသော ပွါးအပ်ထုံအပ်ပြီးသော ပညာရှိသော စတုတ္ထဈာန်ကို ဝင်စားသောသူ၏ ထွက်သက်ဝင်သက်တို့သည် အဘယ်မှာ မချုပ်ပဲ ရှိလတ္တံ့ နည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

တဆယ့်တခုမြောက် အဿာသပဿာသနိရောဓပဉှာ ပြီး၏။

---

## ၁၂-သမုဒ္ဒပဉှာ

(သမုဒ္ဒါပြဿနာ)

၁၂။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန 'သမုဒ္ဒါ သမုဒ္ဒါ'ဟူ၍ ဆိုအပ်ပါ၏၊ အဘယ်အကြောင်းကြောင့် ရေကို 'သမုဒ္ဒါ' ဟူ၍ ဆိုအပ်ပါသနည်း"ဟု မေးလျှောက်၏။ နာဂသေနမထေရ်သည် "မင်းမြတ် အကြင်မျှလောက် ရေရှိ၏၊ ထိုမျှလောက် ငန်၏။ အကြင်မျှလောက် ငန်၏၊ ထိုမျှလောက် ရေရှိ၏။ ထို့ကြောင့် 'သမုဒ္ဒါ'ဟူ၍ ဆိုအပ်၏"ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

တဆယ့်နှစ်ခုမြောက် သမုဒ္ဒပဉှာ ပြီး၏။

---

## ၁၃-သမုဒ္ဒဧကရသပဉှာ

(သမုဒ္ဒါ၏ အငန်အရသာတခုတည်းရှိပုံပြဿနာ)

၁၃။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန အဘယ်အကြောင်းကြောင့် သမုဒ္ဒါသည် ငန်သောအရသာ တခုတည်းသာ ရှိပါသနည်း"ဟု မေးလျှောက်၏။ မင်းမြတ် ရေ၏ ကြာမြင့်စွာ တည်သည်၏ အဖြစ်ကြောင့်သာလျှင် သမုဒ္ဒါသည် ငန်သော အရသာ တခုတည်းသာ ရှိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

တဆယ့်သုံးခုမြောက် သမုဒ္ဒဧကရသပဉှာ ပြီး၏။

http://www.dhammadownload.com



## ၁၄-သုခုမပဥှာ

### (သိမ်မွေ့သောအရာဝတ္ထုပြဿနာ)

၁၄။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန သိမ်မွေ့သော အရာဟူသမျှ အားလုံးကို ဖြတ်တောက်ခြင်းငှါ တတ်နိုင်ပါသလောဟု မေးလျှောက်၏။ မင်းမြတ် သိမ်မွေ့သော အရာဟူသမျှ အားလုံးကို ဖြတ်တောက်ခြင်းငှါ တတ်နိုင်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား သိမ်မွေ့သော အရာအားလုံးသည် အဘယ်ပါနည်း ဟု (မေးလျှောက်၏)။ မင်းမြတ် တရားသည်သာလျှင် 'သိမ်မွေ့သော အရာဟူသမျှတို့ထက် သိမ်မွေ့၏၊ မင်းမြတ် တရားဟူသမျှ အားလုံးတို့သည် သိမ်မွေ့ကြသည် မဟုတ်ကုန်၊ "သိမ်မွေ့၏"ဟူသော ဤအမည်သည်ရှင်း "ရုန့်ရင်း၏"ဟူသော ဤအမည်သည်ရှင်း ကုသိုလ် အကုသိုလ်တရားတို့၏ အမည်တည်း။ ဖြတ်တောက်ဖွယ်ဟူသမျှ အားလုံးကို ပညာဖြင့် ဖြတ်တောက်၏၊ပညာမှ နှစ်ခုမြောက်ဖြစ်သော ဖြတ်တောက်ကြောင်းတရား မရှိဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

တဆယ့်လေးခုမြောက် သုခုမပဥှာ ပြီး၏။

---

## ၁၅-ဝိညာဏနာနတ္တပဥှာ

### (ဝိညာဏ်၏ အနက်အထူးထူးပြဿနာ)

၁၅။ မိလိန္ဒမင်းသည်"အသျှင်ဘုရားနာဂသေန 'ဝိညာဏ်'ဟူသော တရားငှင်း 'ပညာ'ဟူသော တရားငှင်း'ကိုယ်၌ ဇီဝခေါ်သော လိပ်ပြာကောင် အတ္တ'ငှင်း ဤတရားသုံးပါးတို့သည် အနက်လည်း ထူးခြား သဒ္ဒါလည်း ထူးခြားပါကုန်သလော၊ သို့မဟုတ် အနက် တူကုန်၍ သဒ္ဒါမျှသာ ထူးခြားပါကုန်သလော"ဟု မေးလျှောက်၏။ မင်းမြတ် ဝိညာဏ်သည် အာရုံကို သိခြင်း လက္ခဏာ ရှိ၏၊ ပညာသည် ခွဲခြား၍ သိခြင်း လက္ခဏာ ရှိ၏၊ ကိုယ်၌ ဇီဝခေါ်သော လိပ်ပြာကောင်အတ္တကို မရအပ်ဟု(မိန့်တော်မူ၏)။ ဇီဝခေါ်သော လိပ်ပြာကောင် အတ္တကို အကယ်၍ မရအပ်သည်ဖြစ်အံ့၊ ထိုသို့ မရအပ်သော် အဘယ်သူသည် မျက်စိ'စက္ခု'ဖြင့် အဆင်း'ရူပါရုံ'ကို မြင်ရပါသနည်း၊ နား'သောတ' ဖြင့် အသံ'သဒ္ဒါရုံ'ကို ကြားရပါသနည်း၊နှာခေါင်း'ဃာန'ဖြင့် အနံ့ 'ဂန္ဓာရုံ'ကို နမ်းရှုရပါသနည်း၊ လျှာ'ဇိဝှါ'ဖြင့် အရသာ'ရသာရုံ'ကို လျက်ရပါသနည်း၊ ကိုယ်'ကာယ'ဖြင့် အတွေ့အထိ'ဖောဋ္ဌဗ္ဗာရုံ' ကို တွေ့ထိရပါသနည်း၊ စိတ် 'မနော'ဖြင့် သဘောတရား 'ဓမ္မာရုံ'ကို သိရပါသနည်းဟု (မေးလျှောက်၏)။နာဂသေနမထေရ်သည် "ဇီဝခေါ်သော လိပ်ပြာကောင် အတ္တသည် မျက်စိ'စက္ခု'ဖြင့် အဆင်း'ရူပါရုံ'ကို အကယ်၍ မြင်သည်ဖြစ်အံ့။ပ။ စိတ်'မနော'ဖြင့် သဘောတရား 'ဓမ္မာရုံ'ကို အကယ်၍ သိသည်ဖြစ်အံ့၊ စက္ခုဒွါရတို့ကို ဖွင့်လှစ်ကုန်သည်ရှိသော် ကျယ်စွာသော ကောင်းကင်ဖြင့် အပြင်သို့ မျက်နှာမူလျက် ရူပါရုံကို ကောင်းစွာ မြင်ရာသလော၊ သောတဒွါရတို့ကို ဖွင့်လှစ်ကုန်သည်ရှိသော်၊ ဃာနဒွါရကို ဖွင့်လှစ်သည်ရှိသော်၊ ဇိဝှါဒွါရကို ဖွင့်လှစ်သည်ရှိသော်၊ ကာယဒွါရကို ဖွင့်လှစ်သည်ရှိသော် ကျယ်စွာသော ကောင်းကင်ဖြင့် အသံ'သဒ္ဒါရုံ'ကို ကောင်းစွာ ကြားရာသလော၊အနံ့'ဂန္ဓာရုံ'ကို နမ်းရှုရာသလော၊ အရသာ'ရသာရုံ'ကို လျက်ရာသလော၊ အတွေ့အထိ

http://www.dhammadownload.com



'ဗောဇ္ဈင်္ဂရွာရုံ'ကို တွေ့ထိရာသလော"ဟု မေးတော်မူ၏။အသျှင်ဘုရား မတွေ့ထိပါဟု(လျှောက်၏)။ မင်းမြတ် သို့ဖြစ်လျှင် ကိုယ်၌ ဇီဝခေါ် သော လိပ်ပြာကောင် အတ္တကို မရအပ်ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သင့်လျော် လျှောက်ပတ်ပါပေ၏ဟု (လျှောက်၏)။

တဆယ့်ငါးခုမြောက် ဝိညာဏနာနတ္တပဉှာ ပြီး၏။

---

## ၁၆-အရူပဓမ္မဝဝတ္ထာနဒုက္ကရပဉှာ

(နာမ်တရားကို ပိုင်းခြားခြင်း၌ ခဲယဉ်းပုံ ပြဿနာ)

၁၆။ မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန မြတ်စွာဘုရား ပြုလုပ်ခဲ့သော ခဲယဉ်းသော အရာရှိအပ်ပါသလော"ဟု မေးလျှောက်၏။ နာဂသေနမထေရ်သည် မင်းမြတ် မြတ်စွာဘုရား ပြုလုပ်ခဲ့သော ခဲယဉ်းသောအရာရှိ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရား ခဲယဉ်းစွာပြုခဲ့သော အရာသည် အဘယ်ပါနည်းဟု (လျှောက်၏)။ မင်းမြတ် မြတ်စွာဘုရားသည် တခုတည်းသော အာရုံ၌ ဖြစ်ကုန်သော နာမ်ဖြစ်ကုန်သော ဤစိတ် စေတသိက်တရားတို့ကို "ဤတရားသဘောကား ဖဿတည်း၊ဤတရားသဘောကား ဝေဒနာတည်း၊ ဤတရားသဘောကား သညာတည်း၊ ဤတရားသဘောကား စေတနာတည်း၊ ဤတရားသဘောကား စိတ်တည်း"ဟု ပိုင်းခြား ဝေဖန်လျက် ဟောကြားတော်မူရခြင်းသည် ခဲယဉ်းစွာ ပြုအပ်သောအရာမည်၏ဟု (မိန့်တော်မူ၏)။

ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် တစုံတယောက်သော ယောကျ်ားသည် လှေဖြင့် မဟာသမုဒ္ဒရာသို့ သက်ဝင်၍ လက်ခုပ်ဖြင့် ရေကိုယူပြီးလျှင် လျှာဖြင့် လျက်၍ "ဤရေသည် ဂင်္ဂါမြစ်ရေတည်း၊ ဤရေသည် ယမုနာမြစ်ရေတည်း၊ဤရေသည် အစိရဝတီ မြစ်ရေတည်း၊ ဤရေသည် သရဘူမြစ်ရေတည်း၊ ဤရေသည် မဟီမြစ်ရေတည်း"ဟု သိနိုင်ရာ သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား သိနိုင်ရန် ခဲယဉ်းလှပါ၏ဟု(လျှောက်၏)။ မင်းမြတ် တခုသော အာရုံ၌ ဖြစ်ကုန်သော နာမ်ဖြစ်ကုန်သော ဤစိတ် စေတသိက်တရားတို့ကို "ဤတရား သဘောကား ဖဿတည်း၊ ဤတရားသဘောကား ဝေဒနာတည်း၊ ဤတရားသဘောကား သညာတည်း၊ ဤတရားသဘောကား စေတနာတည်း၊ ဤတရားသဘောကား စိတ်တည်း"ဟု ပိုင်းခြား ဝေဖန်လျက် ဟောကြားတော်မူရခြင်းသည် ဤရေကို အသိခက်သည်ထက် အလွန် ခဲယဉ်းစွာ ပြုတော်မူအပ်သောအရာဖြစ်၏ဟု (မိန့်တော်မူ၏)။ မိလိန္ဒမင်းသည် အသျှင်ဘုရား ကောင်းလှပါပေ၏ဟု ဝမ်းမြောက်စကား လျှောက်ထား၏။

တဆယ့်ခြောက်ခုမြောက် အရူပဓမ္မဝဝတ္ထာနဒုက္ကရပဉှာ ပြီး၏။

## ခုနစ်ခုမြောက် အရူပဓမ္မဝဝတ္ထာနဝဂ် ပြီး၏။

ဤဝဂ်၌ အမေးပုစ္ဆာပြဿနာ တဆယ့်ခြောက်ပါးတို့တည်း။

http://www.dhammadownload.com



## မိလိန္ဒပဉှာပုစ္ဆာဝိသဇ္ဇနာ

### (မိလိန္ဒမင်း၏ပြဿနာနှင့် အမေးအဖြေများ)

နာဂသေနမထေရ်သည် "မင်းမြတ် ယခုဘယ်အချိန် ရှိပြီဟု သိပါ၏လော"ဟု မိန့်တော်မူ၏။ အသျှင်ဘုရား သိပါ၏၊ "ယခုအချိန်ကား ညဥ့်ဦးယံလွန်ပါပြီ၊ သန်ကောင်ယံ ဖြစ်ခဲ့ပါ၏၊ ဆီမီးတိုင်တို့ကို ထွန်းအပ်ပါကုန်ပြီ၊ အောင်လံလေးခုတို့ကို စိုက်ထူရန် စေခိုင်းအပ်ပါကုန်ပြီ၊ မင်းဘို့အားသာ ထိုက်တန်ကုန်သော လှူဖွယ်ဝတ္ထုတို့သည် ဘဏ္ဍာတိုက်မှ ရောက်လာပါကုန်လိမ့်မည်" ဟု (လျှောက်၏)။

(ဤသို့လျှောက်ထားပြီးသော် အသျှင်နာဂသေနအား ခေတ္တဆိုင်းတော်မူရန် လျှောက်ထားခဲ့၍ မထေရ်အား လှူဒါန်းဖွယ် ကမ္ဗလာကို ပြင်ဆင်စေခိုင်းရန် အမတ်တို့နှင့်တကွ အပြင်သို့ ထွက်သွား၏၊ ထိုအခါ အမတ်တို့သည် မင်းအား ဤဆိုလတ္တံ့သော စကားကို လျှောက်တင်ကြကုန်၏)။

ယောနကအမတ်တို့သည် "မင်းမြတ် နာဂသေနမထေရ်သည် သင့်လျော်ပါ၏လော၊ ပညာရှိပါ၏လော"ဟု ပြောဆို လျှောက်တင်ကြကုန်၏။ အချင်းတို့ နာဂသေနမထေရ်သည် ပညာရှိမှန်ပါပေ၏၊ ဆရာသည် ဤသို့သဘောရှိသောသူဖြစ်၍ တပည့်ကလည်း ငါကဲ့သို့သဘောရှိသူဖြစ်ခဲ့မူ ပညာရှိသူသည် မကြာမြင့်မီပင် တရားကို သိနိုင်ရာ၏ဟု (အမတ်တို့အား ပြောကြား၏။ ထိုသို့အမတ်တို့နှင့် ပြောကြားပြီးနောက် နာဂသေနမထေရ်ထံ ချဉ်းကပ်၍) ထိုနာဂသေနမထေရ်၏ ပြဿနာကို ဖြေကြားခြင်းဖြင့် မိလိန္ဒမင်းသည် နှစ်သက်ရကား နာဂသေနမထေရ်အား အဘိုးတသိန်းထိုက်တန်သော သားမွေးကမ္ဗလာကို လှူဒါန်း၍ "အသျှင်ဘုရားနာဂသေန ယနေ့မှစ၍ အသျှင်ဘုရားအား တရာ့ရှစ်အုပ်သော ဆွမ်းအုပ်ကို ဝတ်တည်ပါ၏၊နန်းတော်တွင်း၌ အသျှင်ဘုရားတို့အား အပ်သောပစ္စည်း ဝတ္ထုမျိုးအလုံးစုံသည် ရှိ၏၊ ထိုအလုံးစုံသော အပ်သောပစ္စည်းဝတ္ထုဖြင့်လည်း ဖိတ်ကြားပါ၏"ဟု လျှောက်၏။ မင်းမြတ် တော်သင့်ပြီ၊ အသက်မွေးနိုင်ပါ၏ဟု ပယ်လှန် တားမြစ်တော်မူ၏။ အသျှင်ဘုရားနာဂသေန အသျှင်ဘုရား အသက်မွေးနိုင်၏ဟု အကျွန်ုပ် သိပါ၏၊ သို့သော်လည်း မိမိကိုယ်ကိုလည်း စောင့်ရှောက်တော်မူပါ၊ အကျွန်ုပ်ကိုလည်း စောင့်ရှောက်တော်မူပါ၊ အသို့လျှင် မိမိကိုယ်ကို စောင့်ရှောက်ရမည်နည်းဟူမူ "အသျှင်နာဂသေနသည် မိလိန္ဒမင်းကို ကြည်ညိုစေနိုင်၏၊ တစုံတရာကိုကား မရရှိပါလေ"ဟု သူတပါးတို့ ကဲ့ရဲ့ခြင်းသည် ရောက်လာရာ၏၊ ဤသို့လျှင် မိမိကိုယ်ကို စောင့်ရှောက်တော်မူပါ၊ အသို့လျှင် အကျွန်ုပ်ကို စောင့်ရှောက်ရမည်နည်းဟူမူ "မိလိန္ဒမင်းသည် ကြည်ညို၏၊ ကြည်ညိုသော အခြင်းအရာကိုကား မပြု"ဟု သူတပါးတို့ ကဲ့ရဲ့ခြင်းသည် ရောက်လာရာ၏၊ ဤသို့လျှင် အကျွန်ုပ်ကို စောင့်ရှောက်တော်မူပါဟု (လျှောက်၏)။ မင်းမြတ် သင်မင်းမြတ် အလိုအတိုင်း ဖြစ်စေလော့ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား သားတို့သနင်း ခြင်္သေ့မင်းသည် ရွှေချိုင့်၌ သွင်းထားပါသော်လည်း ပြင်ပသို့ မျက်နှာမူသည်သာလျှင် ဖြစ်သကဲ့သို့ အသျှင်ဘုရား အကျွန်ုပ်သည် အိမ်ရာထောင်သော လူ့ဘောင်၌ နေပင်နေလင့်ကစား သာသနာဟူသော အပသို့သာ မျက်နှာမူလျက် နေပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် အိမ်ရာတည်ထောင် လူ၏ဘောင်မှ (ဖဲခွါ၍) အိမ်ရာမထောင် ရဟန်းဘောင်၌ အကယ်၍ ရဟန်းပြုသည် ဖြစ်ပါအံ့၊ အကျွန်ုပ်အား ရန်သူတို့ များပြားသောကြောင့် ကြာမြင့်စွာ အသက်မရှင်ရာပါဟု (လျှောက်၏)။

http://www.dhammadownload.com



ထို့နောက် အသျှင်နာဂသေနသည် မိလိန္ဒမင်း၏ အမေးပြဿနာကို ဖြေပြီးသော် နေရာမှ ထကာ သံဃာ့အရံသို့ ကြွသွားတော်မူ၏။ အသျှင်နာဂသေန ကြွသွား၍ မကြာမြင့်မီ မိလိန္ဒမင်းအား "ငါသည် အဘယ်ကို မေးခဲ့သနည်း၊ အသျှင်နာဂသေနသည် အဘယ်ကို ဖြေလေသနည်း"ဟု ဤသို့သော အကြံဖြစ်၏။ ထို့နောက်၌ "ငါသည် အလုံးစုံကို ကောင်းစွာ မေးအပ်၏၊ အသျှင်နာဂသေနသည် ငါမေးသမျှ အလုံးစုံကို ကောင်းစွာ ဖြေအပ်ပေ၏"ဟု ဤသို့ အကြံဖြစ်ပြန်၏။ "မိလိန္ဒမင်းသည် အဘယ်ကို မေးသနည်း၊ ငါသည် အဘယ်ကို ဖြေသနည်း"ဟု သံဃာ့အရံသို့ ကြွသွားသော အသျှင်နာဂသေနအား ဤသို့သော အကြံဖြစ်၏။ ထို့နောက် "မိလိန္ဒမင်းသည် အလုံးစုံကို ကောင်းစွာမေးအပ်၏၊ ငါသည် မေးသမျှ အလုံးစုံကို ကောင်းစွာဖြေအပ်၏"ဟု ဤသို့သော အကြံဖြစ်ပြန်၏။

ထို့နောက် အသျှင်နာဂသေနသည် ထိုညဉ့်လွန်သဖြင့် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် မိလိန္ဒမင်း၏ နန်းတော်သို့ ချဉ်းကပ်လျက် ခင်းထားသော နေရာ၌ ထိုင်နေ၏။ ထိုအခါ မိလိန္ဒမင်းသည် အသျှင်နာဂသေနကို ရှိခိုးပြီး၍ တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေပြီးသော် အသျှင်နာဂသေနအား ဤစကားကို လျှောက်၏။

"ငါသည် အသျှင်နာဂသေနကို ပြဿနာမေးရ၏"ဟု ထိုသို့သော ဝမ်းမြောက်ခြင်းဖြင့်သာ ထိုညဉ့်ကြွင်းကို လွန်မြောက်စေ၏ဟု အသျှင့်အား ဤသို့သော အကြံမဖြစ်ပါစေလင့်၊ အသျှင်ဘုရားသည် ဤသို့ မမှတ်ထိုက်ပါ၊ အသျှင်ဘုရား ထိုအကျွန်ုပ်အား ထိုညဉ့်ကြွင်းပတ်လုံး "ငါသည် အဘယ်ကို မေးအပ်သနည်း၊ အသျှင်မြတ်သည် အဘယ်ကို ဖြေအပ်သနည်း"၊ "ငါသည် အလုံးစုံသော ပြဿနာကို ကောင်းစွာမေးအပ်၏၊ အသျှင်မြတ်သည် မေးသမျှ အလုံးစုံကို ကောင်းစွာ ဖြေအပ်၏"ဟု အကြံဖြစ်ပါသည်ဟု (လျှောက်၏)။

နာဂသေနမထေရ်သည်လည်း ဤသို့ မိန့်တော်မူ၏— "ငါသည် မိလိန္ဒမင်း၏ ပြဿနာကို ဖြေအပ်၏"ဟု ထိုသို့သော ဝမ်းမြောက်ခြင်းဖြင့်သာ ထိုညဉ့်ကြွင်းကို လွန်မြောက်စေ၏ဟု မင်းမြတ်အား ဤသို့ အကြံမဖြစ်ပါစေလင့်၊ သင်မင်းမြတ်သည် ဤသို့ မမှတ်ထိုက်ပါ၊ "ထိုငါ့အား ထိုညဉ့်ကြွင်းပတ်လုံး မိလိန္ဒမင်းသည် အဘယ်ကို မေးအပ်သနည်း၊ ငါသည် အဘယ်ကို ဖြေအပ်သနည်း၊ မိလိန္ဒမင်းသည် အလုံးစုံကို ကောင်းစွာ မေးအပ်၏၊ ငါသည် အလုံးစုံကို ကောင်းစွာဖြေအပ်၏"ဟု အကြံဖြစ်၏ဟု (မိန့်တော်မူ၏)။ ဤသို့လျှင် ထိုယောကျ်ားမြတ်တို့သည် အချင်းချင်း ကောင်းစွာဆိုအပ်သည်ကို အညီအမျှ ဝမ်းမြောက်ကြကုန်၏။

## မိလိန္ဒပဉှာပုစ္ဆာဝိသဇ္ဇနာ ပြီး၏။

http://www.dhammadownload.com

# ၃–မေဏ္ဍကပဉ္စာရက္ခကထာ

## တိုင်ပင်ခြင်း၏ ရှောင်ကြဉ်ရာ အရပ်ရှစ်မျိုး

စကားနိုပ်နင်း ငြင်းခုံခြင်း အလေ့ရှိ၍ ပညာရှိတို့၏ နှလုံးကို တုန်လှုပ်စေတတ်သော အလွန်ပညာလည်းရှိ စူးစမ်းနိုင်သော ပညာလည်းရှိသည့် မိလိန္ဒမင်းသည် ဉာဏ်ထူးခြား ကွဲပြားစိမ့်သောငှါ နာဂသေနမထေရ်သို့ ဆည်းကပ်၏။

ထိုနာဂသေနမထေရ်၏ အရိပ်၌ နေလျက် အဖန်တလဲလဲ မေးလျှောက်၏၊ ထိုမိလိန္ဒမင်းသည်လည်း ခွဲခြမ်းနိုင်သော ဉာဏ်ရှိသည်ဖြစ်၍ ပိဋကတ်သုံးပုံကို တတ်ကျွမ်းနားလည်လေပြီ။

ညဉ့်ဖက်၌ ဆိတ်ငြိမ်ရာသို့ ကပ်လျက် အင်္ဂါကိုးပါးရှိသော ပရိယတ်ကို အဖန်ဖန် သုံးသပ်သည်ရှိသော် ဖြေရှင်းရန် ခဲယဉ်းကုန်သော နှိပ်နင်းဖွယ်နှင့် တကွဖြစ်ကုန်သော ဆိတ်ချုပမာဝက်ဝုတ် သဘောရှိကုန်သော ပြဿနာတို့ကို မြင်လေပြီ။

တရားမင်းဘုရား၏ သာသနာတော်၌ ပရိယာယ်အားဖြင့် ဟောတော်မူသော တရားတော်သည်လည်း ရှိ၏၊ ရည်ညွှန်း၍ ဟောတော်မူသော တရားတော်သည်လည်း ရှိ၏၊ သဘောအားဖြင့် ဟောတော်မူသော တရားတော်သည်လည်း ရှိ၏။

မြတ်စွာဘုရား ဟောတော်မူအပ်သော ဆိတ်ချုပမာ ဝက်ဝုတ် ဒေသနာတော်၌ ထို ဒေသနာတော်တို့၏ အနက်အဓိပ္ပါယ်ကို မသိနိုင်သောကြောင့် နောင်အနာဂတ်ကာလဝယ် ထိုဘုရားစကားတော်၌ အငြင်းအခုံ ဖြစ်လတ္တံ့။

ယခုအခါကပင် အမေးစကားကို ကြည်ညိုစေ၍ ဆိတ်ချုပမာ ဝက်ဝုတ် ဒေသနာ တို့ကို ခွဲဖြတ် ရှင်းလင်းစေအံ့၊ ထိုနာဂသေနမထေရ်မြတ်၏ မြွက်ဆို ညွှန်ပြသော စကား လမ်းစဉ်ဖြင့် အနာဂတ်အခါ၌ ညွှန်ပြကြကုန်လတ္တံ့။

ထိုအခါ မိလိန္ဒမင်းသည် ညဉ့်မိုးသောက်၍ အရုဏ်တက်သော် ဦးခေါင်းကိုဆေးလျှော်၍ ဦးထိပ်ထက်၌ လက်အုပ်ချီမြှောက်လျက် အတိတ် အနာဂတ် ပစ္စုပ္ပန် ဘုရားတို့ကို အောက်မေ့ပြီးလျှင် ကျင့်ဝတ်ရှစ်ပါးတို့ကို ဆောက်တည်၏၊ "ဤနေ့မှ (အစပြု၍) ငါသည် လာမည့် ခုနစ်ရက်တို့ပတ်လုံး ကျင့်ဝတ်ရှစ်ပါးတို့ကို ဆောက်တည်၍ ခြိုးခြံသောအကျင့်ကိုကျင့်အံ့၊ ထိုငါသည် လေ့ကျက်သော အကျင့်ရှိသည်ဖြစ်၍ ဆရာ (နာဂသေန)ကို နှစ်သက်စေလျက် ဆိတ်ချုပမာ ဝက်ဝုတ် ပြဿနာ တို့ကို မေးအံ့"ဟု ကြံစည်၍ ဆောက်တည်၏။ ထို့နောက် မိလိန္ဒမင်းသည် ဝတ်မြဲတိုင်းပုဆိုးအစုံကို ပယ်၍ ဘယက်တန်ဆာတို့ကိုလည်း ချွတ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်ကိုဝတ်လျက် ခေါင်းတုံးနှင့် တူသော ဦးစွပ်ကို ဦးခေါင်း၌ ဆောင်း(စွပ်)ကာ ရဟန်း၏ အဖြစ်သို့ကပ်၍ ကျင့်ဝတ်ရှစ်ပါးတို့ကို ဆောက်တည်၏ "ဤခုနစ်ရက်ပတ်လုံး ငါသည် မင်းနှင့်စပ်သော ကိစ္စကို မဆုံးမအပ်၊ ရာဂနှင့်စပ်သော စိတ်ကို မဖြစ်စေအပ်၊ ဒေါသနှင့်စပ်သော စိတ်ကို မဖြစ်စေအပ်၊ မောဟနှင့်စပ်သော စိတ်ကို မဖြစ်စေအပ်၊ ကျွန် အလုပ်သမားဖြစ်ကုန်သော သူအပေါင်း၌သော်လည်း နှိမ့်ချခြင်းရှိသည် ဖြစ်ရာ၏။ ကိုယ်နှုတ်ကို အစဉ်စောင့်ရှောက်အံ့၊ အာယတနခြောက်ပါးတို့ကိုလည်း အကြွင်းမဲ့ စောင့်စည်းအပ်ကုန်၏၊ မေတ္တာဘာဝနာ၌ စိတ်ကို ထည့်သွင်းထားအပ်၏"ဟု ဆောက်တည်၏။ ဤသို့ ဤကျင့်ဝတ်ရှစ်ပါးတို့ကို ကောင်းစွာဆောက်တည်၍ ထိုကျင့်ဝတ်ရှစ်ပါးတို့၌ သာလျှင်

http://www.dhammadownload.com



စိတ်ကို တည်စေ၍ ပြင်ပသို့ မထွက်ပဲ ခုနစ်ရက်ကို လွန်စေ၍ ရှစ်ရက်မြောက်သော နေ့၌ မိုးသောက်သည်ရှိသော် စောစောကပင်လျှင် နံနက်ပွဲတော်စာကို စား၍ မျက်လွှာ အောက်ချလျက် ချင့်ချိန်ပြောဆို၍ ကောင်းစွာထားသော ဣရိယာပုထ်ရှိလျက် မပျံ့မလွင့် ရွှင်လန်းတက်ကြွကြည်လင် လှသောစိတ်ဖြင့် နာဂသေနမထေရ်သို့ ချဉ်းကပ်၍ မထေရ်၏ခြေတို့ကို ဦးတိုက်ကာ တခုသော နေရာ၌ ရပ်တည်လျက် ဤစကားကို လျှောက်ထား၏—

အသျှင်ဘုရားနာဂသေန အကျွန်ုပ်အား အသျှင်ဘုရားတို့နှင့် အတူတကွ ဆွေးနွေးတိုင်ပင်ဖွယ် တစုံတခုသော အကျိုးအကြောင်း (ကိစ္စ)သည် ရှိပါ၏၊ ထိုကိစ္စ၌ အသျှင်နှင့် တပည့်တော်မှ တပါးသော သုံးယောက်မြောက် တစုံတယောက်ကိုမျှ အလိုမရှိအပ်ပါ၊ အသံဆိတ်ငြိမ်ရာဖြစ်သော လူသူကင်းဆိတ်သော အင်္ဂါရှစ်ပါးရှိ၍ ရဟန်းတို့အား လျောက်ပတ်သော တောအရပ်၌ ထိုသို့သဘောရှိသော ပြဿနာကို မေးအပ်သည် ဖြစ်ပါလတ္တံ့၊ ထိုပြဿနာ၌ အကျွန်ုပ်အား ဖုံးကွယ်ခြင်းကို မပြုသင့်၊ လျှို့ဝှက်ခြင်းကို မပြုသင့်၊ အကျွန်ုပ်သည် ကောင်းစွာ တိုင်ပင်ရန် ကြိမ်ရောက်ခဲ့သော် လျှို့ဝှက်ဖွယ်ကို နာယူခြင်းငှါ ထိုက်သင့်ပါ၏၊ ထိုဆိုအပ်ပြီးသော အနက်အဓိပ္ပါယ်ကို ပုံထုံးဥပမာဖြင့်လည်း ပြအပ်ပါ၏၊ အဘယ်ကဲ့သို့နည်းဟူမူ— အသျှင်ဘုရားနာဂသေန ပစ်ချထားသိုခြင်းသို့ ကပ်ရောက်ခဲ့သော် မဟာပထဝီမြေကြီးသည်ပင် ရတနာကိုမြှုပ်နှံရန် ကြိမ်ရောက်ခဲ့သော် မဟာပထဝီမြေကြီးသည် မြှုပ်နှံရန် ထိုက်သကဲ့သို့ အသျှင်ဘုရားနာဂသေန ဤအဘူသာလျှင် ကောင်းစွာ တိုင်ပင်ရန် ကြိမ်ရောက်ခဲ့သော် အကျွန်ုပ်သည် လျှို့ဝှက်ဖွယ်ကို နာယူခြင်းငှါ ထိုက်သင့်ပါ၏ဟု (ကြိုတင်လျှောက်ထား၏)။ ၆

ဆရာထေရ်မြတ်နှင့် အတူတူ ဆိတ်ငြိမ်သော တောသို့ဝင်၍ ဤစကားကို လျှောက်ပြန်၏— အသျှင်ဘုရားနာဂသေန ဤလောက၌ တိုင်ပင်လိုသော ယောကျ်ားသည် အရပ်ရှစ်မျိုးတို့ကို ရှောင်ကြဉ်အပ်ကုန်၏၊ ထိုအရပ်ရှစ်မျိုးတို့၌ လိမ္မာသော ယောကျ်ားသည် အကျိုးအကြောင်းကို မတိုင်ပင်၊ တိုင်ပင်မိသော်လည်း အကျိုးပျက်စီး၏ အကျိုးမဖြစ်။ အဘယ်အရပ်ရှစ်မျိုးတို့နည်းဟူမူ—မညီညွတ်ရာ အရပ်ကို ရှောင်ကြဉ်အပ်၏၊ ဘေးဘျမ်းရှိရာ အရပ်ကို ရှောင်ကြဉ်အပ်၏၊ အလွန်လေထန်သော အရပ်ကို ရှောင်ကြဉ်အပ်၏၊ နံရံစသည် ဖုံးကွယ်ရာ အရပ်ကို ရှောင်ကြဉ်အပ်၏၊ နတ်စင် နတ်ကွန်းအရပ်ကို ရှောင်ကြဉ်အပ်၏၊ ခရီးလမ်းမကို ရှောင်ကြဉ်အပ်၏၊ စစ်မြေပြင်အရပ်ကို ရှောင်ကြဉ်အပ်၏၊ ရေဆိပ်အရပ်ကို ရှောင်ကြဉ်အပ်၏၊ ဤအရပ်ရှစ်မျိုးတို့ကို ရှောင်ကြဉ်အပ်ပါကုန်၏ဟု (လျှောက်၏)။

အသျှင်နာဂသေနမထေရ်သည် "မြေမညီညွတ်သော အရပ်၌ အဘယ်အပြစ် ရှိသနည်း၊ ဘေးဘျမ်းရှိရာအရပ် အလွန်လေထန်သောအရပ် နံရံစသည် ဖုံးကွယ်ရာအရပ် နတ်စင်နတ်ကွန်း ခရီးလမ်းမ စစ်မြေပြင်အရပ် ရေဆိပ်၌ အဘယ်အပြစ်ရှိသနည်း" ဟု မိန့်တော်မူ၏။ အသျှင်ဘုရားနာဂသေန မညီညွတ်ရာအရပ်၌ တိုင်ပင်သော် အကျိုးသည် ပြန့်ကြဲ၏ လွင့်စင်၏၊ လျော့ကျ၏၊ မပြီးမြောက်နိုင်။ ဘေးဘျမ်းရှိရာ အရပ်၌ စိတ်နှလုံးတုန်လှုပ်၏၊ စိတ်နှလုံးတုန်လှုပ်သော် ကောင်းမွန်မှန်ကန်သော အကျိုးကို မမြင်နိုင်၊ အလွန်လေထန်သော အရပ်၌ အသံသည် မထင်ရှား၊ နံရံစသည် ဖုံးကွယ်ရာ အရပ်၌ ချောင်းမြောင်း နားထောင်သူတို့သည် လာတတ်ကုန်၏၊ နတ်စင် နတ်ကွန်း၌ တိုင်ပင်သော် အကျိုးသည် နှောင့်နှေးလေးဖင့်စွာ သက်ရောက်၏၊ ခရီးလမ်းမ၌ တိုင်ပင်သော် အကျိုးသည် အချည်းနှီးဖြစ်တတ်၏၊ စစ်မြေပြင်အရပ်၌ တိုင်ပင်သော် လှုပ်ရှားခြင်းဖြစ်၏၊ ရေဆိပ်၌ တိုင်ပင်သော် ပေါက်ကြားလွယ်၏။

http://www.dhammadownload.com



ဤမိလိန္ဒမင်း လျှောက်ထားသောအရာ၌—

"မညီညွတ်သောအရပ် ဘေးဘျမ်းရှိရာအရပ် လေထန်သောအရပ် နံရံစသည် ဖုံးကွယ်ရာအရပ် နတ်စင်နတ်ကွန်းအရပ် ခရီးလမ်းမ စစ်မြေပြင်အရပ် ရေဆိပ် ဤအရပ်ရှစ်မျိုးတို့ကို ကြဉ်ရှောင်အပ်ကုန်၏"ဟု (ရှေးဆရာတို့ ဂါထာသိမ်းကျုံးခြင်းဖြစ်၏)။

ဤကား တိုင်ပင်ခြင်း၏ ရှောင်ကြဉ်ရာ အရပ်ရှစ်မျိုးတို့တည်း။

---

## တိုင်ပင်မှုကိုဖျက်ဆီးတတ်သော ပုဂ္ဂိုလ်ရှစ်ယောက်

အသျှင်ဘုရားနာဂသေန ဤရှစ်ယောက်သောပုဂ္ဂိုလ်တို့သည် တိုင်ပင်အပ်ကုန်သော်တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေတတ်ကုန်၏၊ အဘယ်ပုဂ္ဂိုလ်ရှစ်ယောက်တို့နည်း ဟူမူ—ရာဂစရိုက်ရှိသူ ဒေါသစရိုက်ရှိသူ မောဟစရိုက်ရှိသူ မာနစရိုက်ရှိသူ လာဘ်၌ လိုချင်တပ်မက်ခြင်း ရှိသောသူ ပျင်းရိသောသူ အကြံတခုတည်းကိုသာ စူးစိုက်ကြံစည်သူ ယယ်ရွယ်မိုက်မဲသူ ဤရှစ်ယောက်သောပုဂ္ဂိုလ်တို့သည် တိုင်ပင်အပ်သော အကျိုးကို ပျက်စီးစေပါကုန်၏ဟု (လျှောက်၏)။

နာဂသေနမထေရ်သည် "ထိုပုဂ္ဂိုလ်ရှစ်ယောက်တို့အား (တိုင်ပင်သော်) အဘယ်အပြစ်ရှိပါသနည်း"ဟု မိန့်တော်မူ၏။ အသျှင်ဘုရားနာဂသေန ရာဂစရိုက်ရှိသူသည် ရာဂ၏အစွမ်းဖြင့် တိုင်ပင်အပ်သော အကျိုးကို ပျက်စီးစေ၏၊ ဒေါသစရိုက်ရှိသူသည် ဒေါသ၏အစွမ်းဖြင့် တိုင်ပင်အပ်သော အကျိုးကို ပျက်စီးစေ၏၊ မောဟစရိုက်ရှိသူသည် မောဟ၏အစွမ်းဖြင့် တိုင်ပင်အပ်သော အကျိုးကို ပျက်စီးစေ၏၊ မာနစရိုက်ရှိသူသည် မာန၏အစွမ်းဖြင့် တိုင်ပင်အပ်သော အကျိုးကို ပျက်စီးစေ၏၊ လာဘ်၌ လိုချင်တပ်မက်အားကြီးသူသည် လောဘ၏အစွမ်းဖြင့် တိုင်ပင်အပ်သော အကျိုးကို ပျက်စီးစေ၏၊ ပျင်းရိသောသူသည် ပျင်းရိသည့်အဖြစ်ကြောင့် တိုင်ပင်အပ်သော အကျိုးကို ပျက်စီးစေ၏၊ အကြံတခုတည်းကိုသာ စူးစိုက်ကြံစည်သူသည် အကြံတခုတည်းကိုသာ စူးစိုက်ကြံစည်သောကြောင့် တိုင်ပင်အပ်သော အကျိုးကို ပျက်စီးစေ၏၊ ယယ်ရွယ်မိုက်မဲသူသည် ယယ်ရွယ်မိုက်မဲသည့်အဖြစ်ကြောင့် တိုင်ပင်အပ်သော အကျိုးကို ပျက်စီးစေ၏။

ဤမိလိန္ဒမင်း လျှောက်ထားသော အရာ၌—

"ရာဂကြီးသူရင်း အမျက်ဒေါသကြီးသူရင်း တွေဝေခြင်း မောဟကြီးသူရင်း မာန်ထောင်တက်ကြွသူရင်း လာဘ်၌ လိုချင်တတ်သူရင်း ထိုမှတပါး ပျင်းရိသူရင်း အကြံတခုတည်းကိုသာ စူးစိုက်ကြံစည်တတ်သူရင်း ယယ်ရွယ်မိုက်မဲသူရင်း ဤပုဂ္ဂိုလ်ရှစ်ဦးတို့သည် တိုင်ပင်အပ်သောအကျိုးကို ဖျက်ဆီးတတ်ကုန်၏"ဟု (ရှေးဆရာတို့ ဂါထာသိမ်းကျုံးခြင်းဖြစ်၏)။

တိုင်ပင်ခြင်းကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်ရှစ်ယောက် ပြီး၏။

---

## လျှို့ဝှက်တိုင်ပင်ချက်ကို ဖျက်ဆီးတတ်သောပုဂ္ဂိုလ်ကိုးယောက်

အသျှင်ဘုရားနာဂသေန ဤပုဂ္ဂိုလ်ကိုးယောက်တို့သည် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်ကုန်၏၊ သိုသိပ်၍ မထားနိုင်ကုန်။ အဘယ်ပုဂ္ဂိုလ် ကိုးယောက်တို့နည်း ဟူမူ—ရာဂစရိုက်ရှိသူ ဒေါသစရိုက်ရှိသူ မောဟစရိုက်ရှိသူ ကြောက်ရွံ့ထိတ်လန့်တတ်သူ လာဘ် အာမိ

http://www.dhammadownload.com



သဥ္စ အလေးပြုသူ မိန်းမ သေသောက်ကြူး ပဏ္ဍုက် သူငယ် ဤပုဂ္ဂိုလ် ကိုးယောက်တို့တည်းဟု (လျှောက်၏)။

အသျှင်နာဂသေနမထေရ်သည် "ထိုကိုးယောက်သော ပုဂ္ဂိုလ်တို့အား တိုင်ပင်သော် အဘယ် အပြစ်ရှိသနည်း"ဟု မိန့်တော်မူ၏။ အသျှင်ဘုရားနာဂသေန ရာဂစရိုက်ရှိသူသည် ရာဂ၏အစွမ်းဖြင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏ သိုသိပ်မထားနိုင်၊ ဒေါသစရိုက်ရှိသူသည် ဒေါသ၏အစွမ်းဖြင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏ သိုသိပ်မထားနိုင်၊ မောဟစရိုက်ရှိသူသည် မောဟ၏အစွမ်းဖြင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏ သိုသိပ်မထားနိုင်၊ ကြောက်တတ်သောသူသည် ကြောက်သည်၏အစွမ်းဖြင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏ သိုသိပ်မထားနိုင်၊ လာဘ်အာမိသဥ္စ အလေးပြုသူသည် လာဘ်အာမိသဟူသော အကြောင်းကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏ သိုသိပ်မထားနိုင်၊ မိန်းမသည် ပညာနည်းသည့်အဖြစ်ကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏ သိုသိပ်မထားနိုင်၊ သေသောက်ကြူးသူသည်လည်း သေရည် သေရက် သောက်စားခြင်း၌ လျှပ်ပေါ်သည့်အဖြစ်ကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏ သိုသိပ်မထားနိုင်၊ ပဏ္ဍုက်သည် စိတ်ထားမဘည့်မတ်သောကြောင့် လျှို့ဝှက် အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏ သိုသိပ်မထားနိုင်၊ သူငယ်သည် စိတ်နေနုနယ် ပြောင်းလဲလွယ်သောကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏ သိုသိပ် မထားနိုင်။

ဤမိလိန္ဒမင်း လျှောက်ထားသော အရာ၌ဤ—

"ရာဂများသူ ဒေါသများသူ မောဟများသူ ကြောက်လန့်တတ်သူ လာဘ်အာမိသ၌ အလေးပြုသူ မိန်းမ သေသောက်ကြူး ပဏ္ဍုက် ကိုးယောက်မြောက်သူငယ် (အားဖြင့် ပုဂ္ဂိုလ်ကိုးယောက်) ဖြစ်၏။

လောက၌ ဤပုဂ္ဂိုလ် ကိုးယောက်တို့သည် ယုတ်မာ ဆိုးစွ တခဏမျှ ဖြစ်ကုန်၏၊ စိတ်တုန်သူပ်ကုန်၏၊ လျှပ်ပေါ်လေလည်ကုန်၏၊ ဤပုဂ္ဂိုလ်ကိုးယောက်တို့နှင့် တိုင်ပင် အပ်သော် လျှို့ဝှက်အပ်သော အတိုင်အပင်သည် လျင်မြန်စွာ ပေါက်ကြားတတ်၏"ဟု (ရှေးဆရာတို့ ဂါထာသိမ်းကျုံးခြင်းဖြစ်၏) ။

လျှို့ဝှက်တိုင်ပင်ချက်ကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်ကိုးယောက် ပြီး၏။

---

## ပညာကြီးရင့်ကြောင်းရှစ်ပါး

အသျှင်ဘုရားနာဂသေန ရှစ်ပါးသော အကြောင်းတို့ကြောင့် ပညာသည် ကြီးရင့်၏ ရင့်ကျက် ခြင်းသို့ရောက်၏။ အဘယ်ရှစ်ပါးသော အကြောင်းတို့ကြောင့်နည်း ဟူမူ— အရွယ်ကြီးရင့်သော ကြောင့် ပညာသည် ကြီးရင့်၏ ရင့်ကျက်ခြင်းသို့ ရောက်၏၊ အခြံအရံ အကျော်အစော များသောကြောင့် ပညာသည် ကြီးရင့်၏ ရင့်ကျက်ခြင်းသို့ ရောက်၏၊ အဖန်ဖန် မေးမြန်း သောကြောင့် ပညာသည် ကြီးရင့်၏ ရင့်ကျက်ခြင်းသို့ ရောက်၏၊ ရေဆိပ်ပမာ ဆရာနှင့် ပေါင်းဖော်သောကြောင့် ပညာသည် ကြီးရင့်၏ ရင့်ကျက်ခြင်းသို့ ရောက်၏၊ သင့်လျော်စွာ

http://www.dhammadownload.com



နှလုံးသွင်းသောကြောင့် ပညာသည် ကြီးရင့်၏ ရင့်ကျက်ခြင်းသို့ရောက်၏၊ တိုင်ပင် ဆွေးနွေးသော ကြောင့် ပညာသည် ကြီးရင့်၏ ရင့်ကျက်ခြင်းသို့ ရောက်၏၊ ချစ်ခင်သူနှင့် ပေါင်းဖော်ရသော ကြောင့်ပညာသည် ကြီးရင့်၏ ရင့်ကျက်ခြင်းသို့ ရောက်၏၊ သင့်လျော်သော အရပ်ဌာနၶ နေထိုင် ရသောကြောင့် ပညာသည် ကြီးရင့်၏ ရင့်ကျက်ခြင်းသို့ ရောက်၏။

ဤမိလိန္ဒမင်း လျှောက်ထားသော အရာဌာန၌—

"အရွယ်ကြီးရင့်သောကြောင့်ရင်း အခြအရံအကျော်အစောများခြင်း မေးမြန်းခြင်း တို့ကြောင့်ရင်း ရေဆိပ်ပမာ ဆရာနှင့် ပေါင်းဖော်သောကြောင့်ရင်း သင့်လျော်စွာ နှလုံးသွင်းသောကြောင့်ရင်း တိုင်ပင် ဆွေးနွေးသောကြောင့်ရင်း ချစ်ခင်သူနှင့်အတူ ပေါင်းသင်းရသောကြောင့်ရင်းသင့်လျော်သော အရပ်ဌာန၌ နေထိုင်ရသောကြောင့်ရင်း။ (ပညာသည် ကြီးရင့်၏ ရင့်ကျက်ခြင်းသို့ ရောက်၏)။

ဤရှစ်ပါးသောအကြောင်းတို့သည် ပညာသန့်ရှင်းနိုင်သော အကြောင်းတို့ပေတည်း၊ ဤဆိုခဲ့ပြီး အကြောင်းရှစ်ပါးတို့သည် အကြင်သူတို့အား ရှိကုန်၏၊ ထိုသူတို့အား ဉာဏ် ပညာသည် ထူးခြားကွဲပြား၏"ဟု (ရှေးဆရာတို့ ဂါထာသိမ်းကျုံးခြင်းဖြစ်၏)။

ပညာကြီးရင့်ကြောင်း ရှစ်ပါး ပြီး၏။

---

## ဆရာ၏ ဂုဏ်အင်္ဂါ

အသျှင်ဘုရားနာဂသေန ဤမြေအဘို့သည် တိုင်ပင်ခြင်း၏ အပြစ်ရှစ်ပါးမှ လွတ်ကင်းပါ၏၊ အကျွန်ုပ်သည်လည်း လောက၌ လွန်မြတ်သော တိုင်ပင်သင့်သော အဖော်သဟဲပါတည်း၊ အကျွန်ုပ် သည် လျှို့ဝှက်အပ်သော အတိုင်အပင်ကို အစဉ်စောင့်စည်း နိုင်လောက်သူလည်း ဖြစ်ပါ၏၊ အကျွန်ုပ်သည် အသက်ရှည်သမျှ ကာလပတ်လုံး လျှို့ဝှက်အပ်သော အတိုင်အပင်ကို စောင့်စည်း ပါအံ့၊ အကျွန်ုပ်သည် ပြဆိုပြီး ရှစ်ပါးသော အကြောင်းတို့ဖြင့် ပညာကြီးရင့်ခြင်းသို့ ရောက်ပါ၏၊ ယခုအခါ၌ အကျွန်ုပ်ကဲ့သို့သော တပည့်ကို ရနိုင်ခဲပါ၏၊ ကောင်းစွာ ကျင့်သော တပည့်အပေါ်၌ အကြင်နှစ်ဆယ့်ငါးပါးသော ဆရာ၏ဝတ်နိဗဒ်အဘို့အရာတို့ ရှိပါ၏၊ထိုနှစ်ဆယ့်ငါးပါးသော ဆရာ၏ ဝတ် နိဗဒ်အဘို့အရာတို့ဖြင့် ဆရာသည် ဖြောင့်မှန်စွာ လိုက်နာကျင့်ဆောင်အပ်၏။ နှစ်ဆယ့် ငါးပါးသော ဆရာ၏ ဝတ်နိဗဒ် အဘို့အရာတို့ဟူသည် အဘယ်တို့နည်းဟူမူ—

အသျှင်ဘုရားနာဂသေန ဤလောက၌ ဆရာသည် မိမိတပည့်အပေါ်၌ အမြဲမပြတ် အစောင့် အရှောက်ကို ဖြစ်စေအပ်၏၊ တပည့်၏ မဆည်းကပ်သင့်သောပုဂ္ဂိုလ် ဆည်းကပ်သင့်သော ပုဂ္ဂိုလ်ကို သိအပ်၏၊ တပည့် ပေါ့တန်သည် မပေါ့တန်သည်ကို သိအပ်၏၊ တပည့်အတွက် နေရာထိုင်ခင်းကို သိအပ်၏၊ နာဖျား မကျန်းသည်ကို သိအပ်၏၊ ဆွမ်းဘောဇဉ်ရ မရကို သိအပ်၏၊ တပည့်၏ ထူးခြား မထူးခြားကို သိအပ်၏၊ မိမိသပိတ်တွင်းရောက်ရှိသော ဘောဇဉ်ကို ဝေဖန်အပ်၏၊ "မကြောက်လင့်၊သင်၏ အကျိုးစီးပွါးသည် တိုးတက်နေ၏"ဟု အားပေး အားမြှောက် ပြုအပ်၏၊ "ဤသို့သော ပုဂ္ဂိုလ်နှင့် အတူတကွ ဆက်ဆံပေါင်းသင်းနေ၏"ဟု တပည့်၏ အပေါင်းအသင်းကို သိအပ်၏၊ ရွာ၌ အပေါင်းအသင်းကို သိအပ်၏၊ ကျောင်း၌ အပေါင်းအသင်းကို သိအပ်၏၊ ထို တပည့်နှင့်အတူ ရယ်မောခြင်း မြူးထူးခြင်းကို မပြုအပ်၊ ထိုတပည့်နှင့် အတူတကွ စကားပြောဆို

http://www.dhammadownload.com



ခြင်းကို ပြုအပ်၏၊ အနည်းငယ် ချွတ်ချော်တိမ်းပါးသည်ကို မြင်သော် သည်းခံအပ်၏၊ လေးစား သမှု ကောင်းစွာပြုရာ၏၊ ဆရာ့ဝတ်ကို မချိုးမဖျက်ရာ၊ မလျှို့မဝှက် ပြုလုပ်ရာ၏၊ အတတ် ပညာကို အကြွင်းမထား သင်ကြားပေးရာ၏၊ "ဤတပည့်ကို အတတ်ပညာတို့၌ ဖြစ်စေအံ့"ဟု အဖ စိတ်ထားရာ၏၊ "ဤတပည့်သည် အဘယ်သို့ အကျိုးမဆုတ်ယုတ်ပေမည်နည်း"ဟု ကြီးပွါး စေလိုစိတ် ထားရာ၏၊ "ဤတပည့်ကို အတတ်ပညာအင်အားအစွမ်းဖြင့် အားရှိသည်ကို ပြုအံ့" ဟူသော စိတ်ကို ထားရာ၏၊ မေတ္တာစိတ်ကို ရှေးရှုထားရာ၏၊ ဘေးရန်ရောက်သောအခါတို့၌ မစွန့်ပစ်ရာ၊ ပြုလုပ်ဖွယ်ဝတ်၌ မမေ့လျော့ရာ၊ ချွတ်ချော် ဖောက်ပြန်လတ်သော် တရားသဖြင့် ချီးမြှောက် ပြောကြားရာ၏၊ ဤကား တပည့်၌ ကျင့်ရန် ဆရာ၏ ဝတ်နိဗဒ်ဂုဏ်အင်္ဂါတို့တည်း။ ထိုဆိုခဲ့ပြီး ဝတ်နိဗဒ်ဂုဏ်အင်္ဂါတို့ဖြင့် အကျွန်ုပ်၌ ကောင်းစွာ ကျင့်တော်မူပါလော့၊ အသျှင်ဘုရား အကျွန်ုပ်အား ယုံမှားခြင်း ဖြစ်ပါ၏၊ ဆိတ်ချိုပမာ ဝက်ဝုတ်ဒေသနာဖြစ်သော မြတ်စွာဘုရား၏ စကားတော်သည် ရှိပါ၏၊ ထိုဆိတ်ချိုပမာ ဝက်ဝုတ်ပြဿနာ၌ နောင်လာလတ္တံ့သော အစွန်း ကာလဝယ် သူမှန် ငါမှန် ငြင်းခုံခြင်းသည် ဖြစ်ပါလတ္တံ့၊ နောင်လာလတ္တံ့သော အစွန်းကာလ၌ လည်း အသျှင်ဘုရားနှင့် တူသော ပညာရှိတို့ကို ရခဲပါကုန်လတ္တံ့၊ သူတပါးတို့ စွပ်စွဲခြင်းကို နှိပ်နင်းခြင်းငှါ ထိုမေဏ္ဍကပြဿနာတို့၌ အကျွန်ုပ်အား ပညာမျက်စိကို ပေးတော်မူပါလော့ဟု (လျှောက်ထား၏)။

## ဥပါသကာ၏ ဂုဏ်အင်္ဂါ

နာဂသေနမထေရ်သည် "ကောင်းပြီ"ဟု ဝန်ခံ၍ ဆယ်ပါးကုန်သော ဥပါသကာ၏ ကျင့်ဝတ် ဂုဏ်အင်္ဂါတို့ကို ပြတော်မူ၏။ မင်းမြတ် ဥပါသကာ၏ ကျင့်ဝတ်ဂုဏ်အင်္ဂါတို့သည် ဤဆယ်ပါး တို့ဘည်း။ အဘယ်ဆယ်ပါးတို့နည်းဟူမူ— မင်းမြတ် ဤလောက၌ ဥပါသကာသည် သံဃာနှင့် တူမျှသော ချမ်းသာဆင်းရဲရှိသူ ဖြစ်၏၊ တရားတော်လျှင် အကြီးအမှူးထားသူ ဖြစ်၏၊ ဥစ္စာပစ္စည်း အင်အားအလျောက် ဝေဖန်နှံခြားခြင်း၌ မွေ့လျော်သူဖြစ်၏၊ ဘုရားသာသနာတော် ပျက်ပြား ဆုတ်ယုတ်သည်ကို ကြားသိ တွေ့မြင်သော် တိုးတက်စည်ပင်ခြင်းငှါ လုံ့လစိုက်ထုတ်၏၊ ကောင်း သော အယူဝါဒရှိသူဖြစ်၏၊ ဒိဋ္ဌ သုတ မုတမင်္ဂလာအယူမှ ကင်းလွတ်၍ အသက်ဟူသော အကြောင်းကြောင့်လည်း သာသနာတော်မှ တပါးသောသူကို ဆရာဟူ၍ မညွှန်ကြား၊ ထို ဥပါသကာသည် ကိုယ်အမူအရာ နှုတ်အမူအရာကိုလည်း စောင့်စည်း၏၊ သင့်တင့် ညီညွတ်ခြင်း၌ မွေ့လျော်သူ သင့်တင့် ညီညွတ်ခြင်း၌ ပျော်ပိုက်သူ ဖြစ်၏၊ မငြူစူတတ်သူဖြစ်၏၊ ကောက်ကျစ် စဉ်းလဲသည့်အစွမ်းဖြင့် သာသနာတော်၌ ကျက်စားကျင်လည်သူ မဟုတ်၊ ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်သူ ဖြစ်၏၊ တရားတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်သူ ဖြစ်၏၊ သံဃာတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်သူ ဖြစ်၏၊ မင်းမြတ် ဤသည်တို့ကား ဥပါသကာ၏ ကျင့်ဝတ်ဂုဏ် အင်္ဂါဆယ်ပါးတို့တည်း၊ ထိုအလုံးစုံသော ကျင့်ဝတ်ဂုဏ်အင်္ဂါတို့သည် သင်မင်းမြတ်၌ ကောင်းစွာ ရှိကုန်၏၊ သင်မင်းမြတ်သည် ဘုရားသာသနာတော် ဆုတ်ယုတ်မည်ကို မြင်၍ ကြီးပွါးခြင်းကို အလိုရှိခြင်းသည် သင့်မြတ်၏၊ အခွင့်ရောက်၏၊ လျောက်ပတ်၏၊ သင့်တင့်၏၊ သင့်အား ငါ ခွင့်ပြု ၏၊ သင်မင်းမြတ်သည် အလိုရှိတိုင်း ငါ့ကို မေးလော့ဟု (မိန့်တော်မူ၏)။

**မေဏ္ဍကပဉှာရမ္ဘကထာ ပြီး၏။**

http://www.dhammadownload.com

# ၄-မေဏ္ဍကပဉှာ

## ၁-ဣဒ္ဓိဗလဝဂ် ၁-ကတာဓိကာရသဖလပဉှာ

### (ပရိနိဗ္ဗာန်ပြုသော မြတ်စွာဘုရားအား ပူဇော်မှုအကျိုး ရှိမရှိပြဿနာ)

၁။ ထိုအခါ မိလိန္ဒမင်းသည် ပုစ္ဆာမေးခွင့် ပြုအပ်သည်ဖြစ်ရကား ဆရာမထေရ်၏ ခြေရင်း၌ တုပ်ဝပ်နှိမ့်ချ၍ ဦးထိပ်၌ လက်အုပ်တင်ကာ ဤစကားကို လျှောက်ထား၏— "အသျှင်ဘုရား နာဂသေန ဤတိတ္ထိတို့သည် ဤသို့ ပြောဆိုပါကုန်၏—'မြတ်စွာဘုရားသည် ပူဇော်သက္ကာရကို အကယ်၍ သာယာသည်ဖြစ်အံ့၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုပြီးသူ မဟုတ်နိုင်၊ လောက သုံးပါးနှင့် စပ်ယှဉ်တွဲနေ၏၊ လောကသုံးပါး၌ အတွင်းဝင် ဖြစ်နေသေး၏၊ လောကနှင့် ဆက်ဆံနေ သေး၏၊ ထို့ကြောင့် ထိုမြတ်စွာဘုရားအား ပြုအပ်သောကျေးဇူးသည် မမြုံ အကျိုးရှိ၏။ အကယ် ၍ ပရိနိဗ္ဗာန်ပြုအံ့၊ လောကသုံးပါးနှင့် မယှဉ်စပ်တော့ပဲ အလုံးစုံသော ဘုံဘဝတို့မှ လွတ်လပ်လေ ရကား ထိုမြတ်စွာဘုရားအား ပူဇော်ခြင်းသည် မဖြစ်နိုင်၊ ပရိနိဗ္ဗာန် စံဝင်ဇာတ်သိမ်း ခန္ဓာငြိမ်း ပြီးဖြစ်၍ တစုံတခုသော ပူဇော်ဖွယ်ကို မသာယာနိုင်တော့ပေ၊ မသာယာသော မြတ်စွာဘုရားအား ပြုအပ်သော ကျေးဇူးသည် မြုံ၏၊ အကျိုးမရှိ'၊ ဤသို့လျှင် တိတ္ထိတို့သည် ပြောဆိုကြကုန်၏။ ဤအမေးပုစ္ဆာပြဿနာသည် အစွန်းနှစ်ဖက်ထွက်၏၊ ဤအမေးပုစ္ဆာပြဿနာသည် ရဟန္တာအဖြစ် သို့ မရောက်ကုန်သေးသောသူတို့ ဖြေဆိုရန် အရာမဟုတ်ပါ၊ ဤအမေးပုစ္ဆာပြဿနာကား ပဋိသမ္ဘိဒါပတ္တ မြတ်လှသော ပုဂ္ဂိုလ်တို့၏ အရာသာဖြစ်ပါ၏၊ ဤမှားယွင်းသော အယူကွန်ရက်ကို ဖြတ်ခွဲပယ်ဖျက်တော်မူ၍ တခုတည်းသော မှန်ကန်သော အဘို့၌ တည်ထားတော်မူပါလော့။ ဤအမေးပုစ္ဆာပြဿနာသည် အသျှင်ဘုရားသို့ ရှေးရှုရောက်လတ်ပြီ၊ နောင်လာလတ္တံ့သော ဘုရားသားတော်တို့အား သာသနာတော်မှဘပါးသော အယူရှိကုန်သော ပုဂ္ဂိုလ်တို့ကို နှိပ်ခြင်း ငှါ ပညာမျက်စိကို ပေးတော်မူပါလော့"ဟု (လျှောက်၏)။

နာဂသေနမထေရ်သည် မင်းမြတ် "မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပြီ၊ မြတ်စွာဘုရား သည် ပူဇော်သက္ကာရကို သာလည်း သာယာတော်မမူ၊ မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ပင်လျှင် သာယာတပ်မက်မှုကို ပယ်စွန့်အပ်ပြီ၊ (ထိုသို့ဖြစ်သောကြောင့်) ရုပ်နာမ်အကြွင်းမရှိသော နိဗ္ဗာန မာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသော မြတ်စွာဘုရားအား အဘယ်မှာလျှင် ပူဇော်သက္ကာရကို သာယာ ပါတော့မည်နည်း။ မင်းမြတ် တရားစစ်သူကြီး ဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်—

> 'နတ်နှင့်တကွသော လူအပေါင်းတို့သည် ပူဇော်အပ်ကုန်သော အတုမရှိသော ရှေး ဘုရားတို့နှင့်သာ တူတော်မူကုန်သော ထိုမြတ်စွာဘုရားတို့သည် ပူဇော်သက္ကာရကို မသာ ယာကုန်၊ ဤသို့ မသာယာခြင်းကား မြတ်စွာဘုရားတို့၏ သဘောတံထွာ ဓမ္မတာပင် တည်း'ဟု ဟောအပ်ပြီ"ဟု မိန့်ဆို၏။

မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန သားသည်မူလည်း အဖ၏ဂုဏ်ကို ပြောဆိုတတ်ပါ၏၊ အဖသည်မူလည်း သား၏ဂုဏ်ကို ပြောဆိုတတ်ပါ၏၊ ဤယခု အသျှင်တင်ပြသော စကားသည် တပါးသော အယူရှိသော ပုဂ္ဂိုလ်တို့ကို နှိပ်ခြင်းငှါ အကြောင်းမဟုတ်သေးပါ၊ ဤယခု အသျှင် တင်ပြသော စကားသည် ကြည်ညိုဖွယ်ကို ဖော်ပြခြင်းမျှသာဖြစ်ပါ၏၊ တိုက်တွန်းပါ၏၊ အသျှင်

http://www.dhammadownload.com



ဘုရားသည် ထိုနှစ်ဖက်အစွန်းထွက်သော ပြဿနာ၌ မိမိအယူ၏ တည်တံ့ ခိုင်မြဲစေခြင်းငှါလည်း မိစ္ဆာကွန်ရက်ကို ဖြေရှင်းခြင်းငှါလည်း အကျွန်ုပ်အား အကြောင်းကို ကောင်းစွာ ဟောတော်မူပါလော့”ဟု လျှောက်၏။

နာဂသေနမထေရ်သည် “မင်းမြတ် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ မြတ်စွာဘုရားသည် ပူဇော်သက္ကာရကို သာယာတော်မမူ၊ မသာယာသည်သာဖြစ်သော မြတ်စွာဘုရား၏ ဓာတ်တော်ရတနာကို နတ်လူတို့သည် တည်ရာမှီရာပြုလျက် မြတ်စွာဘုရား၏ ဉာဏ်တော်ရတနာကို အာရုံပြုသဖြင့် ကောင်းသော အကျင့်ကို မှီဝဲကုန်သည်ဖြစ်၍ လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာ စည်းစိမ်တို့ကို ရရှိကုန်၏”ဟု မိန့်တော်မူ၏။

မင်းမြတ် ဥပမာအားဖြင့် မီးပုံကြီးသည် ရဲရဲ ပြောင်ပြောင် တောက်လောင်၍ ငြိမ်းလေရာ၏၊ မင်းမြတ် ထိုမီးပုံကြီးသည် မြက်ထင်း ဟူသော လောင်စာကို သာယာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိုမီးပုံကြီးသည် ရဲရဲ ပြောင်ပြောင် တောက်လောင်နေစဉ် သော်မှလည်း မြက် ထင်း ဟူသော လောင်စာကို မသာယာပေ၊ ထိုသို့ဖြစ်ပါလျက် ငြိမ်းလေပြီးသော အေးမြပြီးသော စိတ်စေတနာမရှိသော မီးပုံကြီးသည် အဘယ်မှာ သာယာပါလိမ့်မည်နည်းဟု (လျှောက်၏)။ မင်းမြတ် ထိုမီးပုံကြီးသည် ပြတ်စဲငြိမ်းအေးခဲ့သော် လောက၌ မီးသည် ဆိတ်သုဉ်း သွားသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မီးသည် မဆိတ်သုဉ်းပါ၊ ထင်းသည် မီး၏တည်ရာ မီးစာဖြစ်ပါ၏၊ မီးကို အလိုရှိကုန်သော သူအားလုံးတို့သည် အသီးအခြား ယောကျ်ားတို့ ပြုအပ်သော မိမိ၏ အားစွမ်းလုံ့လဖြင့် ထင်းကို ဖိန့်ပ်ပွတ်တိုက်ပြီးလျှင် မီးကို ဖြစ်စေ၍ ထိုမီးဖြင့် မီးနှင့်ဆိုင်ရာပြုလုပ်ဖွယ်ဖြစ်ကုန်သော အမှုကိစ္စတို့ကို ပြုလုပ်ကြပါကုန်၏ဟု (လျှောက်၏)။ မင်းမြတ် သို့ဖြစ်လျှင် “မသာယာသောသူအား ပြုအပ်သောကျေးဇူးသည် မြုံ၏ အကျိုးမရှိ” ဟူသော တိတ္ထိတို့၏ စကားသည် အမှားစင်စစ်သာ ဖြစ်၏။

မင်းမြတ် မီးပုံကြီးသည် ရဲရဲ ပြောင်ပြောင် တောက်လောင်သကဲ့သို့ ထိုအတူ မြတ်စွာဘုရားသည် တသောင်းသော လောကဓာတ်၌ ဘုရား၏အသရေတော်ဖြင့် ထိန်းလင်းတောက်ပတော်မူပြီ၊ မင်းမြတ် မီးပုံကြီးသည် ရဲရဲ ပြောင်ပြောင် တောက်လောင်၍ ငြိမ်းလေသကဲ့သို့ ထိုအတူ မြတ်စွာဘုရားသည် တသောင်းသော လောကဓာတ်၌ ဘုရား၏ အသရေတော်ဖြင့် ထိန်လင်းတောက်ပတော်မူပြီး၍ ခန္ဓာအကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ မင်းမြတ် ငြိမ်းလေပြီးသော မီးပုံသည် မြက်ထင်း ဟူသော လောင်စာကို မသာယာသကဲ့သို့ ထိုအတူ (မြတ်စွာဘုရားသည်) လောကအစီးအပွါးကို သာယာခြင်းကို ပယ်တော်မူလျက် ငြိမ်အေးလေပြီ။ မင်းမြတ် မီးပုံငြိမ်းအေးပြီးသော် လောင်စာမရှိခဲ့သော် လူတို့သည် အသီးအခြား ယောကျ်ားတို့ ပြုအပ်သော မိမိ၏အားစွမ်းလုံ့လဖြင့် ထင်းကို ပွတ်တိုက်ပြီးလျှင် မီးကိုဖြစ်စေ၍ ထိုမီးဖြင့်မီးနှင့်ဆိုင်ရာ ပြုလုပ်ဖွယ်ဖြစ်ကုန်သော အမှုကိစ္စတို့ကို ပြုလုပ်ကြကုန်သကဲ့သို့ ထိုအတူသာလျှင် နတ်လူတို့သည် ပရိနိဗ္ဗာန်ပြုတော်မူပြီးသော သာယာခြင်း ကင်းတော်မူသော မြတ်စွာဘုရား၏ ဓာတ်တော်ရတနာကို သာလျှင် တည်ရာပြု၍ မြတ်စွာဘုရား၏ ဉာဏ်တော်ရတနာကို အာရုံပြုသဖြင့် ကောင်းသော အကျင့်ကို မှီဝဲကုန်သည်ဖြစ်၍ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို ရကုန်၏၊ မင်းမြတ် ဤအကြောင်းဖြင့်လည်း ပရိနိဗ္ဗာန်ပြုတော်မူပြီးသော မသာယာသည်သာလျှင်ဖြစ်သော မြတ်စွာဘုရားအား ပြုအပ်သော ကျေးဇူးသည် မမြုံ အကျိုးရှိ၏။

http://www.dhammadownload.com



မင်းမြတ် ပရိနိဗ္ဗာန် ပြုတော်မူပြီးသော မသာယာသည်သာလျှင်ဖြစ်သော မြတ်စွာဘုရားအား ပြုအပ်သော ကျေးဇူးသည် မမြဲ အကျိုးရှိ၏ ဟူသော ဤအကြောင်းမှ ထိုထက်အလွန်အခြား အကြောင်းတမျိုးကိုလည်း နာဦးလော့၊ မင်းမြတ် ဥပမာအားဖြင့် လေပြင်းမုန်တိုင်းသည် တိုက်ခတ်၍ ကင်းပြတ်ငြိမ်းစဲရာ၏၊ မင်းမြတ် ကင်းပြတ်ငြိမ်းစဲပြီးသောလေသည် နောင်တဖန် ဖြစ်စေခြင်းကို သာယာပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ကင်းပြတ်ငြိမ်းစဲပြီးသော လေ၏ တဖန်ဖြစ်စေခြင်းငှါ နှလုံးသွင်းခြင်းသည်၎င်း စိတ်ထားပြုခြင်းသည်၎င်း မရှိပါ၊ အဘယ် အကြောင်းကြောင့်နည်းဟူမူ—ထိုဝါယောဓာတ်သည် စေ့ဆော်မှုလုံ့လဗျာပါရ မရှိသောကြောင့်ပါ တည်း၊ သို့ပင်နှလုံးသွင်းမှု မရှိသော်လည်း ကင်းပြတ် ငြိမ်းစဲပြီးသော ထိုလေ၏ လေဟူသော အမည်သည် ကင်းပျောက်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား လေဟူသော အမည် သည် မကင်း မပျောက်ပါ ယပ်ဝန်းယပ်တောင်တို့သည် လေဖြစ်ခြင်း၏ အကြောင်းတို့ပါတည်း၊ အလွန်ပူကုန်သော ပူအိုက်ခြင်း နှိပ်စက်ခံရကုန်သော လူအားလုံးတို့သည် ယပ်ဝန်းဖြင့်၎င်း ယပ်တောင်ဖြင့်၎င်း အသီးအခြား ယောကျ်ားတို့ပြုအပ်သော မိမိ၏အားစွမ်းလုံ့လဖြင့် ထိုလေကို ဖြစ်စေလျက် ထိုလေဖြင့် အပူကို ငြိမ်းအေးစေပါကုန်၏၊ အအိုက်ကို ပြေပျောက်စေပါကုန်၏ဟု (လျှောက်၏)။ မင်းမြတ် သို့ဖြစ်လျှင် "သာယာခြင်း ကင်းဘော်မူသော မြတ်စွာဘုရားအား ပြုအပ်သော ကျေးဇူးသည် မြဲ၏ အကျိုးမရှိ"ဟူသော တိတ္ထိတို့၏စကားသည် မှား၏။

မင်းမြတ် လေပြင်းမုန်တိုင်း တိုက်ခတ်သကဲ့သို့ ထိုအတူသာလျှင် မြတ်စွာဘုရားသည် တသောင်း သောလောကဓာတ်၌ အေးမြ သာယာ သိမ်မွေ့နူးညံ့သော မေတ္တာတော်လေဖြင့် တိုက်ခတ် တော်မူ၏၊ မင်းမြတ် လေမုန်တိုင်းသည် တိုက်ခတ်၍ ကင်းပြတ် ငြိမ်းစဲသကဲ့သို့ ထိုအတူသာလျှင် မြတ်စွာဘုရားသည် အေးမြသာယာသိမ်မွေ့နူးညံ့သော မေတ္တာတော်လေဖြင့် တိုက်ခတ်တော်မူ၍ ခန္ဓာအကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။မင်းမြတ် ကင်းပြတ် ငြိမ်းစဲပြီး သောလေသည် နောင်တဖန် ဖြစ်စေခြင်းကို မသာယာသကဲ့သို့ ထိုအတူသာလျှင် လောက၏အစီး အပွါးဖြစ်တော်မူသော မြတ်စွာဘုရားသည် သာယာခြင်းကို ပယ်တော်မူအပ်ပြီးကင်းပြတ်ငြိမ်းစဲပြီ။ မင်းမြတ် ထိုလူတို့သည် အပူဖြင့် ပူလောင်ကုန်သည် အအိုက်ဖြင့် နှိပ်စက်ခံရကုန်သည် ဖြစ်ကုန်သကဲ့ သို့ ထိုအတူသာလျှင် နတ်လူတို့သည် လောဘ ဒေါသ မောဟတည်းဟူသော မီးသုံးမျိုးတို့၏ ပူလောင်အိုက်စပ်ခြင်းဖြင့် နှိပ်စက်ခံရကုန်၏။ ယပ်ဝန်း ယပ်တောင်တို့သည် လေဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သကဲ့သို့ ထိုအတူသာလျှင် မြတ်စွာဘုရား၏ ဓာတ်တော်သည်၎င်း ဉာဏ်တော် ရတနာသည်၎င်း လူနတ်နိဗ္ဗာန်သုံးတန်သော ပြည့်စုံခြင်းတို့ကို ရခြင်းငှါ အကြောင်းအထောက် အပံ့သည် ဖြစ်၏။ လူတို့သည် အပူဖြင့် ပူလောင်ကုန်သည် အအိုက်ဖြင့် နှိပ်စက်ခံရကုန်သည်ဖြစ်၍ ယပ်ဝန်းဖြင့်၎င်း ယပ်တောင်ဖြင့်၎င်း လေကိုဖြစ်စေ၍ အပူကို ငြိမ်းအေးစေကုန်သကဲ့သို့ အအိုက်ကို ပြေပျောက်စေကုန်သကဲ့သို့ ထိုအတူသာလျှင် နတ်လူတို့သည် ပရိနိဗ္ဗာန်ပြုတော်မူသော မသာယာ သည်သာဖြစ်တော်မူသော မြတ်စွာဘုရား၏ ဓာတ်တော်ကို၎င်း ဉာဏ်တော်ရတနာကို၎င်းပူဇော်၍ ကုသိုလ်ကိုဖြစ်စေလျက် ထိုကုသိုလ်ဖြင့် လောဘ ဒေါသ မောဟတည်းဟူသော မီးသုံးမျိုးတို့၏ ပူလောင်အိုက်စပ်ခြင်းကို ငြိမ်းစေကုန်၏၊ အေးစေကုန်၏။ မင်းမြတ် ဤသို့သော အကြောင်းဖြင့် လည်း ပရိနိဗ္ဗာန်ပြုတော်မူသော မသာယာသည်သာဖြစ်တော်မူသော မြတ်စွာဘုရားအား ပြုအပ် သောကျေးဇူးသည် မမြဲ အကျိုးရှိ၏။

http://www.dhammadownload.com



မင်းမြတ် သူတပါး အယူတို့ကို နှိပ်ခြင်းငှါ ထို့ထက်အလွန် အခြားအကြောင်းတမျိုးကိုလည်း နာဦးလော့၊ မင်းမြတ် ဥပမာအားဖြင့် ယောကျ်ားသည် စည်ကို တီးခတ်၍ အသံကို ဖြစ်စေရာ၏၊ အကြင်စည်သံကို ယောကျ်ားသည် ဖြစ်စေအပ်၏၊ ထိုအသံသည် ကွယ်ပျောက်ရာ၏၊ မင်းမြတ် ထိုစည်သံသည် နောင်တဖန်ဖြစ်စေခြင်းကို သာယာသေးသလောဟု မေးတော်မူ၏။ အသျှင်ဘုရား မသာယာပါ၊ ထိုစည်သံသည် ကွယ်ပျောက်ပါပြီ၊ ထိုအသံအား နောင်တဖန် ဖြစ်စေခြင်းငှါ နှလုံးသွင်းခြင်းသည်ရှင်း စိတ်ထားခြင်းသည်ရှင်း မရှိတော့ပါ၊ တကြိမ်ဖြစ်ပြီးသော စည်သံသည် ကွယ်ပျောက်သည်ရှိသော် ထိုစည်သံသည် ပြတ်စဲသွားပါ၏၊ အသျှင်ဘုရား ယင်းသို့ ပြတ်စဲပါသော်လည်း စည်သည် စည်သံဖြစ်ခြင်း အကြောင်းအထောက်အပံ့ဖြစ်ပါ၏၊ ထိုသို့ဖြစ်သောကြောင့် ယောကျ်ားသည် တီးခတ်ရန် အကြောင်းဖြစ်ပေါ်လတ်သော် မိမိသည်ဖြစ်စေအပ်သော လုံ့လဖြင့် စည်ကို တီးခတ်၍ အသံကို ဖြစ်စေရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် သီလ သမာဓိ ပညာ အရဟတ္တဖိုလ် ပစ္စဝေက္ခဏာဉာဏ်တော်တို့ဖြင့် ထုံအပ်သော ဓာတ်တော်ရတနာကိုရှင်း သုတ် အဘိဓမ္မာကိုရှင်း ဝိနည်းကိုရှင်း အဆုံးအမတော်ကိုရှင်း ကိုယ်တော်စား ဘုရားအရာ၌ထားခဲ့၍ ကိုယ်တော်သည်ကား ခန္ဓာအကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသော်လည်း လူနတ်နိဗ္ဗာန်သုံးတန်သော ပြည့်စုံမှုကိုရခြင်းသည် မကင်းပြတ် ဘုံသုံးပါးအတွင်း ဆင်းရဲအမျိုးမျိုးဖြင့် နှိပ်စက်ခံရကုန်သည် ဖြစ်၍ စည်းစိမ်ချမ်းသာကို အလိုရှိကုန်သော သတ္တဝါတို့သည် ဓာတ်တော်ရတနာကိုရှင်း သုတ် အဘိဓမ္မာကိုရှင်း ဝိနည်းကိုရှင်း အဆုံးအမတော်ကိုရှင်း အကြောင်း အထောက်အပံ့ပြုလျက် လူ နတ် နိဗ္ဗာန် သုံးတန်သော စည်းစိမ်ချမ်းသာတို့ကို ရကြကုန်၏။ မင်းမြတ် ဤအကြောင်းဖြင့်လည်း ပရိနိဗ္ဗာန်ပြုတော်မူသော မသာယာသည်သာ ဖြစ်တော်မူသော မြတ်စွာဘုရားအား ပြုအပ်သော ကျေးဇူးသည် မမြုံ အကျိုးရှိ၏။

မင်းမြတ် အနာဂတ်ကာလ၌ ဖြစ်ပေါ်လတ္တံ့သော ဤသင်မင်းမြတ် ပြဆိုသော အကြောင်းအရာကို မြင်လည်း မြင်တော်မူခဲ့ပါ၏၊ ဟောလည်း ဟောတော်မူခဲ့ပါ၏၊ မှာဆိုလည်း မှာဆိုခဲ့ပါ၏၊ ပြောကြားလည်း ပြောကြားတော်မူခဲ့ပါ၏ "အာနန္ဒာ တရားစကားတော်သည် ဟောကြားသော ဆရာ(ဘုရား)မှ ကင်းကွာခဲ့လေပြီ၊ ငါတို့ဆရာ(ဘုရား)သည် မရှိတော့ပြီဟု သင်တို့အား ဤသို့သော ထင်မှတ်ခြင်း ဖြစ်သော်လည်း ဖြစ်ရာ၏၊ အာနန္ဒာ ဤအရာကို ဤသို့ မထင်မှတ်သင့်၊ အာနန္ဒာ ငါဟောကြားပညတ်ထားသော တရားတော်နှင့် ဝိနည်းတော်သည် ငါကွယ်လွန်သောအခါ၌ သင်တို့၏ဆရာ (ဘုရား)ပင် ဖြစ်ပေ၏"ဟု ဟောတော်မူ၏။ ပရိနိဗ္ဗာန်ပြုတော်မူပြီးသော သာယာတော်မမူသော မြတ်စွာဘုရားအား ပြုအပ်သော ကျေးဇူးသည် မြုံ၏ အကျိုးမရှိဟူသော ထိုတိတ္ထိတို့၏ စကားသည် မှားယွင်း၏၊ မမှန်ကန် ချွတ်ယွင်း၏၊ ချော်ချွတ်၏၊ ဆန့်ကျင်၏၊ ဖောက်ပြန်၏၊ ဆင်းရဲတို့ကို ပေးတတ်၏၊ ဆင်းရဲသော အကျိုးရှိ၏၊ အပါယ်သို့ လားကြောင်းဖြစ်၏။

မင်းမြတ် အကြင် ပရိနိဗ္ဗာန်ပြုတော်မူသော သာယာတော် မမူသော မြတ်စွာဘုရားအား ပြုအပ်သော ကျေးဇူးသည် မမြုံ အကျိုးရှိ၏ဟူသော ဤအကြောင်းမှ ထို့ထက်အလွန် အခြားအကြောင်းတမျိုးကိုလည်း နာဦးလော့၊ မင်းမြတ် ဤမြေကြီးသည် "ငါ၌ မျိုးစေ့အားလုံးတို့ ပေါက်ရောက်စေကုန်"ဟု သာယာသလော။ အသျှင်ဘုရား မသာယာပါ။ မင်းမြတ် သာယာခြင်း မရှိသော်လည်း ထိုမျိုးစေ့တို့သည် မြေကြီး၌ ကောင်းစွာ ပေါက်ပွါးကုန်လျက် သန့်စွမ်းသော အမြစ်တို့ဖြင့် ထွေးယှက်ကုန်လျက် တည်ခိုင်သော ပင်စည်အနှစ်ရှိကုန်၍ အခက်ကြီးငယ် ကျယ်ပြန့် ပွါးစီး

http://www.dhammadownload.com



ကုန်လျက် အပွင့်အသီးတို့ကို အဘယ့်ကြောင့် ဆောင်ကုန်သနည်း၊ အသျှင်ဘုရား မြေကြီးသည် သာယာခြင်း မရှိပါသော်လည်း ထိုမျိုးစေ့တို့၏တည်ရာ ဖြစ်ပါ၏၊ ပေါက်ရောက် စည်ပင် ပြန့်ပွါးခြင်း၄၊ အကြောင်းအထောက်အပံ့ကို ပေးပါ၏၊ ထိုမျိုးစေ့တို့သည် ထိုမြေကြီးတည်းဟူသော တည်ရာကို မှီ၍ ထိုအကြောင်း အထောက်အပံ့ဖြင့် ကောင်းစွာ ပေါက်ရောက် စည်ပင်ပြန့်ပွါးကုန်လျက် သန့်စွမ်းသော အမြစ်တို့ဖြင့် ထွေးယှက်ကုန်လျက် တည်ခိုင်သော ပင်စည်အနှစ်ရှိကုန်၍ အခက်ကြီးငယ် ကျယ်ပြန့် ပွါးစီးကုန်လျက် အပွင့်အသီးတို့ကို ဆောင်ပါကုန်၏၊ မင်းမြတ် ယိုသို့ ဖြစ်လျှင် ထိုတိတ္ထိတို့သည် "သာယာခြင်းကင်းသော မြတ်စွာဘုရားအား ပူဇော်သော ကျေးဇူးသည် မြဲ၏ အကျိုးမရှိ" ဟု အကယ်၍ ဆိုကုန်အံ့၊ ဤသို့ဆိုမူ တိတ္ထိတို့သည် မိမိတို့အယူဝါဒ၌ ပျက်စီးကုန်၏၊ ပုတ်ခတ်ကုန်၏၊ ဆန့်ကျင်ကုန်၏။

မင်းမြတ် မြေကြီးကဲ့သို့ ထိုအတူ ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါးတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို (မှတ်အပ်၏)။ မင်းမြတ် မြေကြီးသည် တစုံတခုသော ဝတ္ထုကိုမျှ မသာယာသကဲ့သို့ ထိုအတူ မြတ်စွာဘုရားသည် တစုံတခုသော ဝတ္ထုကိုမျှ သာယာတော်မမူ၊ မင်းမြတ် ထိုမျိုးစေ့တို့သည် မြေကြီးကို တည်မှီ၍ ပေါက်ဖွားကုန်လျက် သန့်စွမ်းသော အမြစ်တို့ဖြင့် ထွေးယှက်ကုန်လျက် တည်ခိုင်သော ပင်စည်အနှစ် ရှိကုန်၍ အခက်ကြီးငယ် ကျယ်ပြန့်ပွါးစီးကုန်လျက် အပွင့်အသီးကို ဆောင်ကုန်သကဲ့သို့ ထိုအတူ နတ် လူတို့သည် ပရိနိဗ္ဗာန်ပြုတော်မူပြီးသော မသာယာသည်သာဖြစ်သော မြတ်စွာဘုရား၏ ဓာတ်တော်ကိုရင်း ဉာဏ်တော်ရတနာကိုရင်း မှီ၍ မြဲစွာသော ကုသိုလ်တည်းဟူသော အမြစ်၌ တည်ကုန်လျက် သမာဓိဟူသော ပင်စည်တရားဟူသော အနှစ်သီလဟူသော အကိုင်းအခက်တို့ဖြင့် ထက်ဝန်းကျင် ပြန့်ပွါးကုန်၍ ဝိမုတ္တိဟူသော အပွင့် မဂ်ဖိုလ်ဟူသော အသီးတို့ကို ပွင့်သီးကုန်၏။ မင်းမြတ် ဤအကြောင်းဖြင့်လည်း ပရိနိဗ္ဗာန်ပြုတော်မူပြီးသော သာယာခြင်းရှိတော်မမူသော မြတ်စွာဘုရားအား ပူဇော်သော ကျေးဇူးသည် မမြဲ အကျိုးရှိ၏။

မင်းမြတ် ပရိနိဗ္ဗာန်ပြုတော်မူပြီးသော မသာယာသည်သာလျှင် ဖြစ်တော်မူသော မြတ်စွာဘုရားအား ပူဇော်သော ကျေးဇူးသည် မမြဲ အကျိုးရှိ၏ဟူသော ဤအကြောင်းမှ ထို့ထက်အလွန် အခြား အကြောင်းတမျိုးကိုလည်း နာဦးလော့၊ မင်းမြတ် ဤကုလားအုပ် နွား မြည်း ဆိတ် သားသမင် လူတို့သည် (မိမိတို့၏) ဝမ်းတွင်း၌ ပိုးမျိုးတို့၏ ဖြစ်ခြင်းကို သာယာကုန်သလော။ အသျှင်ဘုရား မသာယာပါ။ မင်းမြတ် ထိုသို့ မသာယာပါပဲလျက် ထိုပိုးမျိုးတို့သည် သာယာခြင်း မရှိကုန်သော ထိုသတ္တဝါတို့၏ ဝမ်း၌ ကောင်းစွာဖြစ်ကုန်၍ များစွာသော သားမြေးရှိကုန်လျက် ပြန့်ပွါးခြင်းသို့ အဘယ့်ကြောင့် ရောက်ကုန်သနည်း။ အသျှင်ဘုရား မကောင်းမှုကံ၏ အားကြီးသည်၏အဖြစ်ကြောင့် မသာယာသည်သာလျှင် ဖြစ်ကုန်သော ထိုသတ္တဝါတို့၏ ဝမ်းတွင်း၌ ပိုးမျိုးတို့သည် ကောင်းစွာဖြစ်ကုန်၍ များစွာသော သားမြေးရှိကုန်လျက် ပြန့်ပွါးခြင်းသို့ ရောက်ကုန်၏၊ မင်းမြတ် ဤအတူသာလျှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးသော မသာယာသည်သာလျှင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဓာတ်တော်၏ရင်း ဉာဏ်တော်အာရုံ၏ရင်း အားကောင်းသည့် အဖြစ်ကြောင့် မြတ်စွာဘုရား၌ ပူဇော်သောကျေးဇူးသည် မမြဲ အကျိုးရှိ၏။

မင်းမြတ် ပရိနိဗ္ဗာန်ပြုတော်မူပြီးသော သာယာခြင်း ရှိတော်မမူသော မြတ်စွာဘုရားအား ပူဇော်သော ကျေးဇူးသည် မမြဲ အကျိုးရှိ၏ဟူသော ဤအကြောင်းမှ ထို့ထက်အလွန် အခြား အကြောင်းတမျိုးကိုလည်း နာဦးလော့၊ မင်းမြတ် ဤကိုးဆယ့်ရှစ်ပါးသော ရောဂါတို့သည် ကိုယ်၌

http://www.dhammadownload.com



ဖြစ်စေကုန်သတည်းဟု ဤလူတို့သည် သာယာကုန်သလော။ အသျှင်ဘုရား မသာယာပါကုန်။ မင်းမြတ် ထိုရောဂါတို့သည် သာယာခြင်း မရှိကုန်သော လူတို့၏ ကိုယ်၌ အဘယ့်ကြောင့် ဖြစ်ကုန်သနည်း။ အသျှင်ဘုရား ရှေးကပြုခဲ့သော မကောင်းမှု 'ဒုစရိုက်'ကြောင့် ဖြစ်ပါကုန်၏။ မင်းမြတ် ရှေးကပြုခဲ့သော အကုသိုလ်ကံသည် ဤဘဝ၌ ခံစားအပ်သည်ဖြစ်အံ့၊ မင်းမြတ် သို့ဖြစ်မူ ရှေးက ပြုအပ်သည်မူလည်းဖြစ်သော ဤဘဝ၌ ပြုအပ်သည်မူလည်းဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံသည် မမြဲ အကျိုးရှိ၏။ မင်းမြတ် ဤအကြောင်းဖြင့်လည်း ပရိနိဗ္ဗာန်ပြုတော်မူပြီးသော မသာယာသည်သာလျှင်ဖြစ်သော မြတ်စွာဘုရားအား ပြုအပ်သော ကျေးဇူးသည် မမြဲ အကျိုးရှိ၏။

မင်းမြတ် နန္ဒကမည်သော ဘီလူးသည် သာရိပုတြာမထေရ်ကို ပြစ်မှားမိသောကြောင့် မြေမျို ခံရလေ၏ဟု သင်မင်းမြတ် ကြားဘူးသလော။ အသျှင်ဘုရား ကြားဘူးပါ၏၊ ဤအကြောင်းသည် လောက၌ ထင်ရှားပါ၏။ မင်းမြတ် သာရိပုတြာမထေရ်သည် နန္ဒကဘီလူး မြေမျိုခံရခြင်းကို သာယာသလော။ အသျှင်ဘုရား နတ် ဗြဟ္မာနှင့်တကွသော လောကသည် ထက်အောက်ပြောင်းပြန်ဖြစ်သော်ငြား လနေ နှစ်ပါးသည် မြေသို့ကျသော်ငြား မြင်းမိုရ်တောင်မင်းသည် ဖရိုဖရဲပြန့်ကြဲသော်ငြား သာရိပုတြာမထေရ်သည် သူတပါး၏ ဆင်းရဲခြင်းကို သာယာခြင်း မရှိပါ၊ထိုသို့ မသာယာခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—အကြင် အကြောင်းကြောင့် သာရိပုတြာမထေရ်သည် အမျက်ထွက်မှုလည်း ထွက်ရာ၏၊ ပြစ်မှားမှုလည်း ပြစ်မှားရာ၏၊ ထိုအကြောင်းကို သာရိပုတြာမထေရ်သည် အကြွင်းမဲ့ နုတ်အပ်ပါပြီ၊ အကြွင်းမဲ့ ဖြတ်အပ်ပါပြီ၊ အသျှင်ဘုရား အကြောင်းကို အကြွင်းမဲ့ ပယ်ဖျက်ပြီးသည့်အဖြစ်ကြောင့် သာရိပုတြာမထေရ်သည် မိမိအသက်ကို ပျက်အောင် ဆောင်တတ်သူ၌သော်လည်း အမျက်ဒေါသကို မပြုရာပါ။ မင်းမြတ် သာရိပုတြာမထေရ်သည် နန္ဒကဘီလူးမြေမျိုခံရခြင်းကို အကယ်၍ မသာယာသည်ဖြစ်အံ့၊ဤသို့ မသာယာပဲလျက် အဘယ့်ကြောင့် နန္ဒကဘီလူး မြေမျိုခံရသနည်း။ အသျှင်ဘုရား အကုသိုလ်ကံ အားကြီးခြင်းကြောင့် မြေမျိုခံရပါ၏။ မင်းမြတ် အကုသိုလ်ကံ အားကြီးခြင်းကြောင့် နန္ဒကဘီလူးသည် မြေမျိုခံရသည် ဖြစ်အံ့၊ ဤသို့ဖြစ်သော် မသာယာသော သာရိပုတြာအားလည်း ပြုအပ်သော ပြစ်မှားမှုသည် မမြဲ အကျိုးရှိ၏၊ မင်းမြတ် သို့ဖြစ်လျှင် အကုသိုလ်ကံ အားကြီးခြင်းကြောင့် မသာယာသော သူအား ပြုအပ်သော ပြစ်မှားမှုသည် မမြဲ အပြစ်ရှိ၏။ မင်းမြတ် ဤသို့သော အကြောင်းဖြင့်လည်း ပရိနိဗ္ဗာန်ပြုတော်မူပြီးသော မသာယာသည်သာလျှင်ဖြစ်သော မြတ်စွာဘုရားအား ပြုအပ်သောကျေးဇူးသည် မမြဲ အကျိုးရှိ၏။

မင်းမြတ် မျက်မှောက်ဘဝ၌ မြေမျိုခံရသူတို့သည် အဘယ်မျှလောက်ရှိကုန်သနည်း၊ ထိုအရာ၌ သင့်အား ကြားဘူးနားဝရှိပါ၏လော။ အသျှင်ဘုရား ကြားဘူးပါ၏။ မင်းမြတ် တိုက်တွန်းပါ၏၊ သင်သည် ပြောကြားပါလော့။အသျှင်ဘုရား စိဉ္စမာဏဝိကာမည်သော မိန်းမတဦး သာကီဝင်မင်းမျိုးဖြစ်သော သုပ္ပဗုဒ္ဓမင်းလည်းတဦး ဒေဝဒတ်ထေရ်လည်းတဦး နန္ဒကမည်သောဘီလူးလည်းတဦး နန္ဒမည်သော သူဌေးသားလုလင်လည်းတဦး ဤငါးဦးတို့ပါတည်း။ အသျှင်ဘုရား ဤသူငါးဦးတို့သည် မြေမျိုခံရကုန်၏ဟု ဤအကြောင်းကို ကြားဘူးပါ၏။ မင်းမြတ် ထိုသူငါးဦးတို့သည် အဘယ်ပုဂ္ဂိုလ်၌ ပြစ်မှားကုန်သနည်း။ အသျှင်ဘုရား မြတ်စွာဘုရား၌ငြား တပည့်သာဝကတို့၌ငြား ပြစ်မှားပါကုန်၏။ မင်းမြတ် မြတ်စွာဘုရားသည်ငြား တပည့်သာဝကတို့သည်ငြား ဤသူတို့၏ မြေမျိုခံရခြင်းကို သာယာကုန်သလော။ အသျှင်ဘုရား မသာယာပါကုန်။ မင်းမြတ် သို့ဖြစ်လျှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးသော မသာယာသည်သာလျှင်ဖြစ်သော မြတ်စွာ

http://www.dhammadownload.com



ဘုရားအား ပြုအပ်သော ကျေးဇူးသည် မမြဲ အကျိုးရှိ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား နာဂသေန အမေးပြဿနာကို ကောင်းစွာ သိစေတော်မူအပ်ပါပြီ၊ မပေါ် ခက်ခဲ နက်နဲသည်ကို ပေါ်လွင်အောင် ပြုအပ်ပါပြီ၊ လျှို့ဝှက်သည်ကို ဖျက်ဆီးအပ်ပြီ၊ ခက်ဆစ်ကို ဖျက်ဆီးရှင်းလင်းအပ်ပြီ၊ တောရှုပ်ကို အရှုပ်မရှိအောင် ပြုအပ်ပြီ၊ ဂိုဏ်းတို့ထွတ်ဆီး ကြီးမြတ်သူတို့ထက် အလွန်မြတ်သော အသျှင်ဘုရားသို့ ကပ်ရောက်ရပါသောကြောင့် တပါးသော အယူတို့သည် ပြေပျောက်ပျက်စီးကုန်ပါပြီ၊ မကောင်းသော အယူတို့သည် အကျိုးပျက်ပြားကုန်ပါပြီ၊ မကောင်းသော အယူရှိသော တိတ္ထိတို့သည် အရောင်အဝါ မရှိ ဖြစ်ပါကုန်ပြီဟု (လျှောက်၏)။

ရှေးဦးစွာသော ကတာဓိကာရသဖလပဥ္စာ ပြီး၏။

---

## ၂-သဗ္ဗညုဘာဝပဥ္စာ

### (သဗ္ဗညုတဉာဏ် ဖြစ်ပုံပြဿနာ)

၂။ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် တရားအားလုံးကိုသိသူ သဗ္ဗညု ဖြစ်ပါသလော။မင်းမြတ် ဟုတ်၏ မြတ်စွာဘုရားသည် တရားအားလုံးကို သိသူ သဗ္ဗညုဖြစ်တော်မူ၏၊သို့ပင်ဖြစ်သော်လည်း မြတ်စွာဘုရားအား ဉာဏ်အမြင်သည် အမြဲမပြတ် ထင်နေသည် မဟုတ်ပေ၊မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် ဆင်ခြင်ခြင်းနှင့် စပ်၏၊ ဆင်ခြင်တော်မူလျှင် အလိုရှိတိုင်း သိတော်မူ၏။ အသျှင်ဘုရားနာဂသေန ထိုမြတ်စွာဘုရားအား ဆင်ခြင်ရှာမှီးသဖြင့်သာ သဗ္ဗညုတဉာဏ်တော်သည် အကယ်၍ ဖြစ်အံ့၊ ထိုသို့ဖြစ်မူ မြတ်စွာဘုရားသည် တရားအားလုံးကို သိသူ သဗ္ဗညု မဟုတ်နိုင်ရာပါ။ မင်းမြတ် စပါးလှည်း အစီးတရာ (တင်းရေ-၁၀၀၀)တို့ငှင်း လှည်းတစီးတို့၏ ထက်ဝက် (တင်းရေ လေးဆယ်)ငှင်း ခုနစ်အမ္ဗဏ (တဆယ့်ကိုးတင်းတစိတ်)တို့ငှင်း နှစ်ပြည်တို့ငှင်း ရှိကုန်၏၊ ဤမျှလောက် (စပါးတင်းရေ-၁၀၅၉-တင်း တစိတ်နှစ်ပြည်ရှိ) စပါးတို့သည် လက်ဖျစ်တတွက်ခဏ၌ ဖြစ်ပေါ်လာသော တခုခုသော စိတ်ကို အမှတ်အသားပြု၍ ထားအပ်ကုန်သော် ကုန်ခြင်း ခန်းခြင်းသို့ ရောက်ကုန်ရာ၏။

ထိုအရာ၌ ခုနစ်မျိုးရှိသော ဤစိတ်တို့သည် ဖြစ်ကုန်၏၊ မင်းမြတ် အကြင်သူတို့သည် ရာဂရှိကုန်၏၊ ဒေါသရှိကုန်၏၊ မောဟရှိကုန်၏၊ ကိလေသာ ကာယ်ပါးရှိကုန်၏၊ မပွါးစေအပ်သောကိုယ် မပွါးစေအပ်သော သီလရှိကုန်၏၊ မပွါးစေအပ်သောစိတ် ှုကုန်၏၊မပွါးစေအပ်သောပညာရှိကုန်၏၊ ထိုသူတို့၏ ထိုစိတ်သည် လေးလေးဖင့်ဖင့် ဖြစ်၏၊ နှန့်နှန့်နှေးနှေး လည်၏၊ အဘယ့်ကြောင့်နည်းဟူမူ—စိတ်ကို မပွါးစေအပ်သည့် အဖြစ်ကြောင့်တည်း။ မင်းမြတ် ဥပမာအားဖြင့် ကျယ်ဝန်းပြန့်ပြောစည်ကား၍ အရင်းနှင့် အဖျား အဖျားနှင့်အရင်း စပ်ယှက်ပူးပေါင်းလျက် အခက်အလက်တို့ဖြင့် ရှုပ်ရှက်ထွေးရစ်နေသော ဝါးပင်ကို ဆွဲယူငင်ထုတ်သော် လေးလေးဖင့်ဖင့် နှန့်နှန့်နှေးနှေး ပါလာ၏၊ အဘယ့်ကြောင့်နည်းဟူမူ— ဝါးရုံခက်တို့၏ အရင်းနှင့် အဖျား အဖျားနှင့် အရင်း စပ်ယှက်ပူးပေါင်းနေသောကြောင့်တည်း။ မင်းမြတ် ဤအတူသာလျှင် အကြင်သူတို့သည် ရာဂရှိကုန်၏၊ ဒေါသရှိကုန်၏၊ မောဟရှိကုန်၏၊ ကိလေသာဆယ်ပါး ရှိကုန်၏၊ မပွါးစေအပ်သောကိုယ်ရှိကုန်၏၊ မပွါးစေအပ်သော သီလရှိကုန်၏၊ မပွါးစေအပ်သော စိတ်ရှိကုန်၏၊ မပွါးစေအပ်သော ပညာရှိကုန်၏၊ ထိုသူတို့၏ ထိုစိတ်သည် လေးလေးဖင့်ဖင့်ဖြစ်၏၊ နှန့်နှန့်နှေးနှေးလည်၏၊ အဘယ့်

http://www.dhammadownload.com



ကြောင့်နည်းဟူမူ—ကိလေသာတို့နှင့် ပူးပေါင်းစပ်ယှက်နေသောကြောင့်တည်း။ ဤစိတ်သည်ကား ပဌမဖြစ်သော ပုထုဇဉ်စိတ်မျိုးပေတည်း။

ထိုအရာ၌ ဤဒုတိယဖြစ်သောစိတ်သည် ဝေဖန်ခြင်းသို့ ရောက်၏— မင်းမြတ် အကြင်သောတာပန်ပုဂ္ဂိုလ်တို့သည် အပါယ်တံခါး ပိတ်ကုန်၏၊ သစ္စာလေးပါးကို သိမြင်ခြင်းဖြင့် နိဗ္ဗာန်သို့ ရောက်ကုန်၏၊ ဘုရားသခင်၏ ပဋိဝေဓသာသနာကို သိပြီးဖြစ်ကုန်၏၊ ထိုသောတာပန်ပုဂ္ဂိုလ်တို့၏ ထိုစိတ်သည် သုံးပါးသော အရာတို့၌ ပေါ့ပါးစွာဖြစ်၏၊ ပေါ့ပါးစွာ လည်၏၊ အထက်မဂ်ဖိုလ်အရာတို့၌ လေးလေးဖင့်ဖင့် ဖြစ်၏၊ နှန့်နှန့်နှေးနှေး လည်၏၊ အဘယ့်ကြောင့်နည်းဟူမူ—သုံးပါးသော အရာတို့၌ စိတ်၏ စင်ကြယ်သည်၏ အဖြစ်ကြောင့်ရင်း အထက်၌ ကိလေသာတို့ကို မပယ်အပ်သေးသည်၏ အဖြစ်ကြောင့်ရင်းတည်း။ မင်းမြတ် ဥပမာအားဖြင့် အောက်သုံးဆစ် အဖုအထစ် စင်ကြယ်ပြီးသော အထက်၌ အခက်အလက်တို့ဖြင့် ရှုပ်ရှက်ထွေးရစ်နေသော ဝါးပင်ကို ဆွဲယူငင်ထုတ်သော် အဖုအထစ် စင်ကြယ်သော သုံးဆစ်ရောက်အောင် လျင်စွာ ပါလာ၏၊ ထိုသုံးဆစ်အထက်၌ လေးလံနေသေး၏၊ အဘယ့်ကြောင့်နည်းဟူမူ—အောက်၌ စင်ကြယ်၍ အထက်၌ အခက်အလက်တို့ဖြင့် ရှုပ်ရှက်ထွေးရစ်နေသည်၏ အဖြစ်ကြောင့်တည်း၊ မင်းမြတ် ဤအတူသာလျှင် အကြင်သောတာပန်ပုဂ္ဂိုလ်တို့သည် အပါယ်တံခါး ပိတ်ကုန်၏၊ သစ္စာလေးပါးကို သိမြင်ခြင်းဖြင့် နိဗ္ဗာန်သို့ ရောက်ကုန်၏၊ ဘုရားသခင်၏ ပဋိဝေဓသာသနာကို သိပြီးဖြစ်ကုန်၏၊ ထိုသောတာပန်ပုဂ္ဂိုလ်တို့၏ ထိုစိတ်သည် သုံးပါးသော အရာတို့၌ ပေါ့ပါးစွာဖြစ်၏၊ ပေါ့ပါးစွာ လည်၏၊ အထက်မဂ်ဖိုလ်အရာတို့၌ လေးလေးဖင့်ဖင့် ဖြစ်၏၊ နှန့်နှန့်နှေးနှေး လည်၏၊ အဘယ့်ကြောင့်နည်းဟူမူ—သုံးပါးသော အရာတို့၌ စိတ်၏ စင်ကြယ်သည်၏ အဖြစ်ကြောင့်ရင်း အထက်၌ ကိလေသာတို့ကို မပယ်ရသေးသည်၏ အဖြစ်ကြောင့်ရင်းတည်း။ ဤစိတ်သည်ကား ဒုတိယဖြစ်သော သောတာပန်စိတ်မျိုးပေတည်း။

ထိုအရာ၌ ဤတတိယဖြစ်သော စိတ်သည် ဝေဖန်ခြင်းသို့ ရောက်၏—မင်းမြတ် အကြင်သကဒါဂါမ်ပုဂ္ဂိုလ်တို့သည် ရှိကုန်၏၊ ယင်းသကဒါဂါမ်ပုဂ္ဂိုလ်တို့၏ ရာဂ ဒေါသ မောဟတို့သည် ခေါင်းပါးကုန်ပြီ၊ထိုသကဒါဂါမ်ပုဂ္ဂိုလ်တို့၏ ထိုစိတ်သည် ငါးပါးသော အရာတို့၌ ပေါ့ပါးစွာ ဖြစ်၏၊ ပေါ့ပါးစွာ လည်၏၊ အထက်မဂ်ဖိုလ်အရာတို့၌ လေးလေးဖင့်ဖင့် ဖြစ်၏၊ နှန့်နှန့်နှေးနှေး လည်၏၊ အဘယ့်ကြောင့်နည်း ဟူမူ—ငါးပါးသောအရာတို့၌ စိတ်၏စင်ကြယ်သည်၏ အဖြစ်ကြောင့်ရင်း အထက်၌ ကိလေသာတို့ကို မပယ်ရသေးသည်၏အဖြစ်ကြောင့်ရင်းတည်း။ မင်းမြတ် ဥပမာအားဖြင့် အောက်ငါးဆစ် အဖုအထစ် စင်ကြယ်ပြီးသော အထက်၌ အခက်အလက်တို့ဖြင့် ရှုပ်ရှက်ထွေးရစ်နေသော ဝါးပင်ကို ဆွဲယူငင်ထုတ်သော် အဖုအထစ်စင်ကြယ်သော ငါးဆစ်ရောက်အောင် လျင်စွာ ပါလာ၏၊ ထိုငါးဆစ်အထက်၌ လေးလံနေသေး၏၊ အဘယ့်ကြောင့်နည်း ဟူမူ—ငါးဆစ်အောက်၌ စင်ကြယ်၍ အထက်၌ အခက်အလက်တို့ဖြင့် ရှုပ်ရှက်ထွေးရစ်နေသည်၏ အဖြစ်ကြောင့်တည်း၊ မင်းမြတ် ဤအတူသာလျှင် အကြင်သကဒါဂါမ်ပုဂ္ဂိုလ်တို့သည် ရှိကုန်၏၊ ယင်းသကဒါဂါမ်ပုဂ္ဂိုလ်တို့၏ ရာဂ ဒေါသ မောဟတို့သည် ခေါင်းပါးကုန်ပြီ၊ ထိုသကဒါဂါမ်ပုဂ္ဂိုလ်တို့၏ စိတ်သည် ငါးပါးသောအရာတို့၌ ပေါ့ပါးစွာဖြစ်၏၊ ပေါ့ပါးစွာလည်၏၊ အထက်မဂ်ဖိုလ်အရာတို့၌ လေးလေးဖင့်ဖင့် ဖြစ်၏၊နှန့်နှန့်နှေးနှေး လည်၏၊အဘယ့်ကြောင့်နည်းဟူမူ—ငါးပါးသော အရာတို့၌ စိတ်၏စင်ကြယ်သည်၏အဖြစ်ကြောင့်ရင်း အထက်၌ ကိလေသာတို့ကို မပယ်ရသေးသည်၏ အဖြစ်ကြောင့်ရင်းတည်း။ ဤစိတ်သည်ကား တတိယဖြစ်သော သကဒါဂါမ်စိတ်မျိုးပေတည်း။

http://www.dhammadownload.com



ထိုအရာ၌ ဤစတုတ္ထဖြစ်သောစိတ်သည် ဝေဖန်ခြင်းသို့ရောက်၏—မင်းမြတ် အကြင်အနာဂါမ် ပုဂ္ဂိုလ်တို့သည် ရှိကုန်၏၊ ယင်းအနာဂါမ်ပုဂ္ဂိုလ်တို့သည် ဩရမ္ဘာဂိယသံယောဇဉ်ငါးမျိုးတို့ကို ပယ်အပ်ကုန်ပြီ၊ ထိုအနာဂါမ်ပုဂ္ဂိုလ်တို့၏ ထိုစိတ်သည် ဆယ်ပါးသောအရာတို့၌ ပေါ့ပါးစွာဖြစ်၏၊ ပေါ့ပါးစွာလည်း၏၊အထက်မဂ်ဖိုလ်အရာတို့၌ လေးလေးဖင့်ဖင့်ဖြစ်၏၊နှန့်နှန့်နှေးနှေး လည်း၏၊အဘယ့်ကြောင့်နည်း ဟူမူ—ဆယ်ပါးသောအရာတို့၌ စိတ်၏စင်ကြယ်သည်၏ အဖြစ်ကြောင့်ငှင်း အထက်၌ ကိလေသာတို့ကို မပယ်ရသေးသည်၏ အဖြစ်ကြောင့်ငှင်းတည်း။ မင်းမြတ် ဥပမာအားဖြင့် ဆယ်ဆစ်သော အဖုအထစ် စင်ကြယ်ပြီးသော အထက်၌ အခက်အလက်တို့ဖြင့် ရှုပ်ရှက်ထွေးရစ် နေသော ဝါးပင်ကို ဆွဲယူငင်ထုတ်သော် အဖုအထစ်စင်ကြယ်သော ဆယ်ဆစ်ရောက်အောင် လျင်စွာပါလာ၏၊ ထိုဆယ်ဆစ်အထက်၌ လေးလံနေသေး၏၊ အဘယ့်ကြောင့်နည်း ဟူမူ— အောက်၌ စင်ကြယ်၍ အထက်၌ အခက်အလက်တို့ဖြင့် ရှုပ်ရှက်ထွေးရစ်နေသည်၏အဖြစ်ကြောင့် တည်း၊ မင်းမြတ် ဤအတူသာလျှင် အကြင်အနာဂါမ်ပုဂ္ဂိုလ်တို့သည် ရှိကုန်၏၊ ယင်းအနာဂါမ် ပုဂ္ဂိုလ်တို့သည် ဩရမ္ဘာဂိယသံယောဇဉ်ငါးမျိုးတို့ကို ပယ်အပ်ကုန်၏၊ ထိုအနာဂါမ်ပုဂ္ဂိုလ်တို့၏ စိတ်သည် ဆယ်ပါးသောအရာတို့၌ ပေါ့ပါးစွာဖြစ်၏၊ ပေါ့ပါးစွာလည်း၏၊ အထက်မဂ်ဖိုလ်အရာတို့၌ လေးလေးဖင့်ဖင့် ဖြစ်၏၊နှန့်နှန့်နှေးနှေး လည်း၏၊အဘယ့်ကြောင့်နည်းဟူမူ—ဆယ်ပါးသောအရာတို့၌ စိတ်၏စင်ကြယ်သည်ဖြစ်၍ အထက်၌ ကိလေသာတို့ကို မပယ်ရသေးသည်၏ အဖြစ်ကြောင့်တည်း။ ဤစိတ်သည်ကား စတုတ္ထဖြစ်သော အနာဂါမိစိတ်မျိုးပေတည်း။

ထိုအရာ၌ ပဉ္စမဖြစ်သော စိတ်သည် ဝေဖန်ခြင်းသို့ ရောက်၏—မင်းမြတ် အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့သည် အာသဝေါကုန်ခန်းကုန်ပြီ၊ အညစ်အကြေးကို ဆေးကြောပြီးဖြစ်ကုန်ပြီ၊ကိလေသာ တို့ကို ထွေးအန်ပြီးဖြစ်ကုန်ပြီ၊မဂ်ဟူသော မြတ်သော အကျင့်ကို သုံးပြီးကုန်ပြီ၊ပြုဖွယ်ကိစ္စကို ပြုပြီး ကုန်ပြီ၊ ခန္ဓာဝန်ကို ချထားပြီးကုန်ပြီ၊အရဟတ္တဖိုလ်သို့ အစဉ်ရောက်ပြီးဖြစ်ကုန်ပြီ၊ဘဝသံယောဇဉ် ကုန်ပြီးဖြစ်ကုန်၏၊ ပဋိသမ္ဘိဒါလေးပါးသို့ ရောက်ကုန်ပြီ၊ သာဝကအရာတို့၌ စင်ကြယ်ကုန်ပြီ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ ထိုစိတ်သည် သာဝကအရာ၌ ပေါ့ပါးစွာဖြစ်၏၊ပေါ့ပါးစွာလည်း၏၊ပစ္စေကဗုဒ္ဓါ အရာတို့၌ လေးလေးဖင့်ဖင့် ဖြစ်၏၊ နှန့်နှန့်နှေးနှေး လည်း၏၊ အဘယ့်ကြောင့်နည်း ဟူမူ— သာဝကအရာ၌ စင်ကြယ်သည်ဖြစ်၍ ပစ္စေကဗုဒ္ဓါအရာ၌ မစင်ကြယ်သည်၏ အဖြစ်ကြောင့် တည်း။ မင်းမြတ် ဥပမာအားဖြင့် အလုံးစုံ အဆစ်အဖုအထစ် စင်ကြယ်ပြီးသော ဝါးကို ဆွဲယူငင်ထုတ်သော် လျင်စွာပါလာ၏၊ မလေးလံတော့ပေ၊ အဘယ့်ကြောင့်နည်း ဟူမူ—ဝါး၏ အလုံးစုံသော အဆစ်အဖုအထစ် စင်ကြယ်ပြီးဖြစ်၍ အရှုပ်အထွေး မရှိသောကြောင့်တည်း၊ မင်းမြတ် ဤအတူသာလျှင် အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည် အာသဝေါ ကုန်ခန်းကုန်ပြီ၊ အညစ်အကြေးကို ဆေးကြောပြီးဖြစ်ကုန်ပြီ၊ ကိလေသာတို့ကို ထွေးအန်ပြီးဖြစ်ကုန်ပြီ၊ မဂ်ဟူသော မြတ်သော အကျင့်ကို သုံးပြီးကုန်ပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးကုန်ပြီ၊ ခန္ဓာဝန်ကို ချထားပြီး ကုန်ပြီ၊ အရဟတ္တဖိုလ်သို့ အစဉ်ရောက်ပြီးဖြစ်ကုန်ပြီ၊ ဘဝသံယောဇဉ် ကုန်ပြီးဖြစ်ကုန်၏၊ ပဋိသမ္ဘိဒါလေးပါးသို့ ရောက်ကုန်ပြီ၊ သာဝကအရာတို့၌ စင်ကြယ်ကုန်ပြီ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ ထိုစိတ်သည် သာဝကအရာ၌ ပေါ့ပါးစွာဖြစ်၏၊ ပေါ့ပါးစွာလည်း၏၊ပစ္စေကဗုဒ္ဓါအရာတို့၌ လေးလေး ဖင့်ဖင့် ဖြစ်၏၊ နှန့်နှန့်နှေးနှေး လည်း၏၊ အဘယ့်ကြောင့်နည်း ဟူမူ—သာဝကအရာ၌ စင်ကြယ် သည် ဖြစ်၍ငှင်း ပစ္စေကဗုဒ္ဓါအရာ၌ မစင်ကြယ်သည်၏ အဖြစ်ကြောင့်တည်း။ ဤစိတ်သည်ကား ပဉ္စမဖြစ်သော ရဟန္တာစိတ်မျိုးပေတည်း။

http://www.dhammadownload.com



ထိုအရာ၌ ဤဆင္ဃဖြစ်သော စိတ်သည် ဝေဖန်ခြင်းသို့ရောက်၏—မင်းမြတ် အကြင်ပစ္စေကဗုဒ္ဓါတို့သည် မိမိအလိုလို ကိုယ်တိုင် သိနိုင်ကုန်၏၊ ဆရာမရှိကုန်၊ တပါးတည်း ကျက်စားကုန်၏၊ ကြံ့ချိုနှင့်တူစွာ ဖြစ်ကုန်၏၊ မိမိအရာ၌ စင်ကြယ်သန့်ရှင်း ညစ်ကြေးကင်းသော စိတ်ရှိကုန်၏၊ ထိုပစ္စေကဗုဒ္ဓါတို့၏ ထိုစိတ်သည် မိမိအရာ၌ ပေါ့ပါးစွာဖြစ်၏၊ ပေါ့ပါးစွာလည်၏၊ သဗ္ဗညုဘုရားတို့၏ အရာတို့၌ လေးလေးဖင့်ဖင့် ဖြစ်၏၊ နုန့်နုန့်နှေးနှေး လည်၏၊ အဘယ့်ကြောင့်နည်း ဟူမူ—မိမိ၏အရာ၌ စင်ကြယ်သည် ဖြစ်၍ သဗ္ဗညုဘုရားတို့ အရာ၏ ကျယ်ဝန်းသည်၏ အဖြစ်ကြောင့်တည်း။ မင်းမြတ် ဥပမာအားဖြင့် ယောကျ်ားသည် မိမိအရာဖြစ်သော သေးငယ်သောမြစ်ကို ညဉ့်အခါ၌ဖြစ်စေ နေ့အခါ၌ဖြစ်စေ အလိုရှိတိုင်း ကြောက်ရွံ့ ထိတ်လန့်ခြင်းမရှိပဲ ဆင်းသက်ကူးမြောက်ဝံ့ရာ၏၊ ထို့နောက် အခါတပါး၌ နက်သော ကျယ်ပြန့်သော ထောက်မမှီသော ကမ်းမရှိသော မဟာသမုဒ္ဒရာကို မြင်သော် စိတ်၌ ကြောက်ထိတ်ရာ၏၊ လေးဖင့်ရာ၏၊ ဆင်းသက် ကူးခပ်ခြင်းငှါ မဝံ့ရာ၊ အဘယ့်ကြောင့်နည်း ဟူမူ—မိမိအရာ၌သာ ကူးဘူးသည်ဖြစ်၍ မဟာသမုဒ္ဒရာ၏ ကျယ်ဝန်းသည်၏ အဖြစ်ကြောင့်တည်း၊ မင်းမြတ် ဤအတူသာလျှင် အကြင်ပစ္စေကဗုဒ္ဓါတို့သည် မိမိအလိုလို ကိုယ်တိုင် သိနိုင်ကုန်၏၊ ဆရာမရှိကုန်၊ တပါးတည်း ကျက်စားကုန်၏၊ ကြံ့ချိုနှင့်တူစွာ ဖြစ်ကုန်၏၊ မိမိအရာ၌ စင်ကြယ်သန့်ရှင်း ညစ်ကြေးကင်းသော စိတ်ရှိကုန်၏၊ ထိုပစ္စေကဗုဒ္ဓါတို့၏ ထိုစိတ်သည် မိမိအရာ၌ ပေါ့ပါးစွာဖြစ်၏၊ ပေါ့ပါးစွာလည်၏၊ သဗ္ဗညုဘုရားတို့၏ အရာတို့၌ လေးလေးဖင့်ဖင့်ဖြစ်၏၊ နုန့်နုန့်နှေးနှေး လည်၏၊ အဘယ့်ကြောင့်နည်းဟူမူ—မိမိအရာ၌ စင်ကြယ်သည်ဖြစ်၍ သဗ္ဗညုဘုရား အရာ၏ ကျယ်ဝန်းသည်၏ အဖြစ်ကြောင့်တည်း။ ဤစိတ်သည်ကား ဆင္ဃဖြစ်သော ပစ္စေကဗုဒ္ဓါ စိတ်မျိုးပေတည်း။

ထိုအရာ၌ ဤသတ္တမဖြစ်သော စိတ်သည် ဝေဖန်ခြင်းသို့ရောက်၏—မင်းမြတ် အကြင်မြတ်စွာဘုရားတို့သည် (အလုံးစုံသောတရားတို့ကို) သိတော်မူနိုင်ကုန်၏၊ (ဉာဏ်တော်)အား ဆယ်ပါးကို ဆောင်တော်မူကုန်၏၊ ဝေသာရဇ္ဇဉာဏ် လေးပါးတို့၌ ရဲရင့်တော်မူကုန်၏၊ ဘုရားတို့၏ ကျေးဇူးဂုဏ်တရား တဆယ့်ရှစ်ပါးတို့နှင့် ပြည့်စုံတော်မူကုန်၏၊ အဆုံးမရှိသော ရန်ကို အောင်မြင်တော်မူကုန်၏၊ အပိတ်အပင်မရှိ အကြွင်းမဲ့ သိသော သဗ္ဗညုတဉာဏ် ရှိတော်မူကုန်၏။ ထိုမြတ်စွာဘုရားတို့၏ ထိုစိတ်သည် အလုံးစုံသော အရာတို့၌ ပေါ့ပါးစွာဖြစ်၏၊ ပေါ့ပါးစွာလည်၏၊ အဘယ့်ကြောင့်နည်း ဟူမူ—အလုံးစုံသော အရာတို့၌ စင်ကြယ်သည်၏အဖြစ်ကြောင့်တည်း၊ မင်းမြတ် ကောင်းစွာ ဆေးအပ်သော အညစ်အကြေးကင်းသော အဆစ်အဖု မရှိသော သိမ်မွေ့သော အသွားရှိသော မတွန့်လိမ်သော မကွေးမကောက်သော သန်မာခိုင်ခန့်သော လေး၌ တင်ထားအပ်သော မြားသည် ခေါမအဝတ်နှု၌ဖြစ်စေ ဝါချည်အဝတ်နှု၌ဖြစ်စေ သားမွေးကမ္ဗလာအဝတ်နှု၌ ဖြစ်စေ အားရှိသောသူ ပစ်ချအပ်သည်ရှိသော် ဖင့်နှေးလေးကန်ခြင်းသည်ငှင်း ငြိကပ်ခြင်းသည်ငှင်း ဖြစ်ပါအံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဖင့်နှေးလေးကန်ခြင်း ငြိကပ်ခြင်း ဖြစ်ရန်မရှိပါ၊ အဘယ့်ကြောင့်နည်းဟူမူ—အဝတ်ပုဆိုးတို့၏သိမ်မွေ့သည်၏အဖြစ်ကြောင့်ငှင်း တံချွန်ဖြား၏လည်း ကောင်းစွာ သွေးအပ်သည်၏ အဖြစ်ကြောင့်ငှင်း ပစ်ချခြင်း၏လည်း အရှိန်ပြင်းသည်၏ အဖြစ်ကြောင့်ငှင်း ပါတည်းဟု (လျှောက်၏)။မင်းမြတ် ဤအတူသာလျှင် အကြင်မြတ်စွာဘုရားတို့သည် (အလုံးစုံသောတရားတို့ကို) သိတော်မူနိုင်ကုန်၏၊ (ဉာဏ်တော်)အား ဆယ်ပါးကို ဆောင်တော်မူနိုင်ကုန်၏၊ ဝေသာရဇ္ဇဉာဏ်လေးပါးတို့၌ ရဲရင့်တော်မူကုန်၏၊ ဘုရားတို့၏ ဂုဏ်ကျေးဇူး တဆယ့်ရှစ်ပါးတို့နှင့် ပြည့်စုံတော်မူကုန်၏၊ အဆုံးမရှိသော ရန်ကို အောင်မြင်တော်မူကုန်၏၊ အပိတ်အပင်

http://www.dhammadownload.com



မရှိ အကြွင်းမဲ့သိသော သဗ္ဗညုတဉာဏ်ရှိတော်မူ၏၊ ထိုဘုရားတို့၏ ထိုစိတ်သည် အလုံးစုံသော အရာတို့၌ ပေါ့ပါးစွာဖြစ်၏၊ ပေါ့ပါးစွာလည်း၏၊ အဘယ့်ကြောင့်နည်းဟူမူ— အလုံးစုံသော အရာတို့၌ စင်ကြယ်သည်၏ အဖြစ်ကြောင့်တည်း။ ဤစိတ်သည်ကား သတ္တမဖြစ်သော သဗ္ဗညုဘုရား စိတ်မျိုးပေတည်း။

မင်းမြတ် ထိုစိတ်ခုနစ်မျိုးတို့တွင် သဗ္ဗညုဘုရားရှင်တို့၏ စိတ်တော်သည် ခြောက်မျိုးသော စိတ်တို့ထက် အရေအတွက်ဂဏန်းကို လွန်၍ အဆအပြန်ပေါင်း အသင်္ချေအားဖြင့် စင်ကြယ်လည်း စင်ကြယ်လှ၏၊ လျင်မြန်လည်း လျင်မြန်လှ၏၊ စိတ်တော်၏ စင်ကြယ်လျင်မြန်ခြင်းကြောင့်လည်း မြတ်စွာဘုရားသည် ရေအစုံ မီးအစုံဟူသော တန်ခိုးပြာဋိဟာကို ပြတော်မူနိုင်၏၊ မင်းမြတ် ရေအစုံ မီးအစုံဟူသော တန်ခိုးပြာဋိဟာကို ပြတော်မူသောအခါ၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူကုန်သော ဘုရားရှင်တို့၏ စိတ်တော်ကို ဤသို့လျင်စွာ လည်၏ဟူ၍ သိသင့် သိထိုက်၏၊ ထိုစိတ်လျင်မြန်ရာ၌ ယမိုက်ပြာဋိဟာပြခြင်းထက် လွန်သောအကြောင်းကို ဆိုခြင်းငှါ မစွမ်းနိုင်ပေ၊ မင်းမြတ် ထိုပြာဋိဟာတို့သည်လည်း သဗ္ဗညုဘုရားရှင်တို့၏ စိတ်တော်ကို ထောက်ထား၍ တစိတ်မျှသော်၎င်း တစိတ်တဝက်မျှသော်၎င်း ပြန်၏ဟု ရေတွက်ခြင်း ခေါ်ဝေါ်ခြင်းသို့ မရောက်နိုင်ကုန်၊ မင်းမြတ် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် ဆင်ခြင်ခြင်းနှင့်စပ်၏၊ ဆင်ခြင်တော်မူ၍သာ အလိုရှိတိုင်း သိ၏။

မင်းမြတ် ဥပမာအားဖြင့် ယောကျ်ားသည် လက်၌ တင်ထားအပ်သော တစုံတရာသော ဝတ္ထုကို အခြားတဖက်သော လက်ပေါ်၌ ပြောင်းရွှေ့တင်ထားရာ၏၊ ဖွင့်သောခံတွင်းဖြင့် စကားကို ပြောဆိုရာ၏၊ ခံတွင်း၌ရှိသော ဘောဇဉ်ကို မျိုချရာ၏၊ မျက်စိကို ဖွင့်ပြီး၍လည်း မှိတ်ရာ၏၊ မှိတ်ပြီး၍လည်း ဖွင့်ရာ၏၊ ကွေးထားသော လက်မောင်းကိုလည်း ဆန့်ရာ၏၊ ဆန့်ထားသော လက်မောင်းကိုလည်း ကွေးရာ၏၊ မင်းမြတ် ဤလက်ပြောင်းခြင်း စကားပြောခြင်း စသည်သည် ကြာမြင့်သေး၏၊ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် အလွန်လျင်မြန်၏၊ ဆင်ခြင်ခြင်းသည် အလွန်လျင်မြန်၏၊ ဆင်ခြင်တော်မူ၍သာ အလိုရှိတိုင်း သိနိုင်၏၊ ထိုမျှလောက်ဆင်ခြင်ခြင်း အောက်မေ့မှုချို့တဲ့ကာမျှဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံကုန်သော မြတ်စွာဘုရားတို့သည် သဗ္ဗညု မ မည်ကုန်သည် မဟုတ်ကုန်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ဆင်ခြင်ခြင်းကိုလည်း ရှာမှီးသဖြင့် ပြုလုပ်ရ၏၊ တောင်းပန်တိုက်တွန်းပါ၏၊ ထိုသဗ္ဗညုမည်သင့်ရာ၌ အကျွန်ုပ်ကို (ခိုင်လုံသော) အကြောင်းဖြင့် သိစေတော်မူပါလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် ကြွယ်ဝသော များသော ဥစ္စာရှိသော များသော စည်းစိမ်ရှိသော များသော ရွှေငွေရှိသော များသော အသုံးအဆောင်ရှိသော များသော ဥစ္စာစပါးရှိသော ယောကျ်ား၏သလေးစပါး ကောက်စပါး မုယောစပါး ဆန် နှမ်း ပဲနောက် ပဲကြီး ကောက်ပဲ ထောပတ် ဆီ ဆီဦး နို့ နို့ဓမ်း ပျား တင်လဲခဲ တင်လဲရည်တို့သည်လည်း အိုးကြီး အိုးလတ် အိုးငယ် ကျီကြခွက်တို့၌ ရောက်ကုန်ရာ၏။ ထိုယောကျ်ားအားလည်း ထမင်းကျွေးထိုက်သော ထမင်းဆာသူ ဧည့်သည်သည် ရောက်လာရာ၏၊ ထိုယောကျ်ား၏ အိမ်၌လည်း ချက်ထားသော ဘောဇဉ်သည် စား၍ ကုန်ပြီးသည် ဖြစ်ရာ၏၊ ဆန်အိုးမှ ဆန်တို့ကို ထုတ်၍ ထမင်းဘောဇဉ်ကို ချက်ပြန်ရာ၏၊ မင်းမြတ် စင်စစ်သော်ကား ထိုယောကျ်ားသည် ထိုမျှလောက်သော ဘောဇဉ်ချို့တဲ့ကာမျှဖြင့် ဥစ္စာမရှိသောသူမည်သည် ဆင်းရဲသောသူမည်သည် ဖြစ်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်နိုင်ပါ၊ အသျှင်ဘုရား စကြဝတေးမင်း၏

http://www.dhammadownload.com



နန်းတော်၌သော်လည်း အချိန်အခါမဟုတ်သည်၌ ထမင်းမရှိပဲ ချို့တဲ့ခြင်းသည် ဖြစ်တတ်ပါသေး၏၊ သူကြွယ်၏အိမ်၌ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်းဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရား၏ ဆင်ခြင်မှုချို့တဲ့ကာမျှဖြစ်သော သဗ္ဗညုတဉာဏ်တော်သည် ဆင်ခြင်တော်မူသည်ရှိသော် အလိုရှိတိုင်း သိတော်မူနိုင်၏။

မင်းမြတ် ဥပမာတမျိုးအားဖြင့် သစ်ပင်သည် အသီး သီးသည်ဖြစ်၍ ညွတ်ကိုင်း ကောက်ကွေးသည် အသီးအခိုင်ဝန်ဖြင့် ပြည့်နှက်သည် ဖြစ်ရာ၏၊ ထိုသစ်ပင်၌ တလုံးမျှသော အသီးသည်လည်း ကြွေကျသည် မဖြစ်ခဲ့ရာ၊ မင်းမြတ် ထိုသစ်ပင်သည် ထိုမျှလောက် အသီးကြွေကျမှု ချို့တဲ့ကာမျှဖြင့် အသီးမရှိသော သစ်ပင်မည်သည် ဖြစ်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်နိုင်ပါ၊ ထိုသစ်သီးတို့သည် ကြွေကျခြင်းနှင့် စပ်ယှဉ်ပါကုန်၏၊ သစ်သီးတို့သည် ကြွေကျသည်ရှိသော် အလိုရှိတိုင်း ရနိုင်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရား၏ ဆင်ခြင်ခြင်းနှင့်စပ်သော သဗ္ဗညုတဉာဏ်တော်သည် ဆင်ခြင်သည်ရှိသော် အလိုရှိတိုင်း သိနိုင်ပါ၏ဟု (ဖြေတော်မူ၏)။

အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် ဆင်ခြင်၍ ဆင်ခြင်၍ အလိုရှိတိုင်း သိနိုင်ပါသလောဟု(မေးတော်မူ၏)။ မင်းမြတ် မြတ်စွာဘုရားသည် ဆင်ခြင်၍ ဆင်ခြင်၍ အလိုရှိတိုင်း သိနိုင်သည် မှန်၏ဟု(ဖြေတော်မူ၏)။

မင်းမြတ် စကြဝတေးမင်းသည် အကြင်အခါ၌"ငါ၏ စကြာရတနာသည် ကပ်ရောက် လာစေသတည်း"ဟု စကြာရတနာကို အောက်မေ့လိုက်၏၊အောက်မေ့လိုက်သည်ရှိသော် စကြာရတနာသည် ကပ်ရောက်လာသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ဆင်ခြင်၍ ဆင်ခြင်၍ အလိုရှိတိုင်း သိတော်မူနိုင်၏ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အကြောင်းခိုင်လှပါ၏၊ မြတ်စွာဘုရားသည် သဗ္ဗညုမည်ထိုက်ပါပေ၏၊ မြတ်စွာဘုရားသည် သဗ္ဗညုပါတည်းဟု ဝန်ခံပါကုန်၏ဟု(လျှောက်၏)။

နှစ်ခုမြောက် ဗုဒ္ဓသဗ္ဗညုဘာဝပဉ္ဟာ ပြီး၏။

---

## ၃-ဒေဝဒတ္တပဗ္ဗဇ္ဇပဉ္ဟာ

### (ဒေဝဒတ်အား ရဟန်းပြုပေးမှု ပြဿနာ)

၃။ အသျှင်ဘုရားနာဂသေန ဒေဝဒတ်ကို အဘယ်သူသည် ရဟန်းပြုအပ်ပါသနည်း။ မင်းမြတ် မြတ်စွာဘုရားသည် သဂ္ဂါလေးပါးကို ထိုးထွင်းသိတော်မူ၍ သာကီဝင်မင်းမျိုးတို့၏ ကြည်ညိုနှစ်သက်ခြင်းကို ဖြစ်စေလတ်သော် ဘဒ္ဒိယမင်းသား အနုရုဒ္ဓါမင်းသား အာနန္ဒာမင်းသား ဘဂုမင်းသား ကိမိလမင်းသား ဒေဝဒတ်မင်းသား ဤခြောက်ယောက်သော သာကီဝင်မင်းသားတို့သည်ငှင်း ခုနစ်ယောက်မြောက် ဥပါလိဆေတ္တာသည် သည်ငှင်း မြတ်စွာဘုရားသို့ အတုလိုက်ကာ ရဟန်းပြုလိုကုန်သည်ဖြစ်၍ ထွက်လာကုန်၏၊ ထိုသူတို့ကို မြတ်စွာဘုရားသည် ရဟန်းပြုတော်မူ၏။ အသျှင်ဘုရား ဒေဝဒတ်သည် ရဟန်းပြု၍ သံဃာကို သင်းခွဲသည် မဟုတ်ပါလော။ မင်းမြတ်

http://www.dhammadownload.com



ဒေဝဒတ်သည် ရဟန်းပြု၍ သံဃာကို သင်းခွဲ၏၊ လူသည် သံဃာကို သင်းမခွဲ၊ ဘိက္ခုနီမ သိက္ခမာန်မ သာမဏေယောကျ်ား သာမဏေမိန်းမသည် သံဃာကို သင်းမခွဲ၊ တူသော ပေါင်းသင်းခြင်းရှိသော ကံပြုခြင်းနှင့် စပ်သည်ဖြစ်၍ ပကတတ်ဖြစ်သော ရဟန်းသည် တသိမ်တည်း၌ တည်နေလျက် သံဃာကို သင်းခွဲ၏။ အသျှင်ဘုရား သံဃာကို သင်းခွဲသောပုဂ္ဂိုလ်သည် အဘယ်ကံသို့ ရောက်ရပါသနည်း။ မင်းမြတ် တကမ္ဘာပတ်လုံး တည်သော ကံသို့ ရောက်ရ၏။

အသျှင်ဘုရားနာဂသေန "ဒေဝဒတ်သည် ရဟန်းပြု၍ သံဃာကို သင်းခွဲလတ္တံ့၊ သံဃာကို သင်းခွဲ၍ တကမ္ဘာပတ်လုံး ငရဲ၌ ကျက်ရလတ္တံ့"ဟု မြတ်စွာဘုရားသည် သိပါသလော။ မင်းမြတ် ဒေဝဒတ်သည် ရဟန်းပြု၍ သံဃာကို သင်းခွဲလတ္တံ့ သံဃာကို သင်းခွဲ၍ တကမ္ဘာပတ်လုံး ငရဲ၌ ကျက်ရလတ္တံ့"ဟု မြတ်စွာဘုရားသည် သိတော်မူ၏။ အသျှင်ဘုရားနာဂသေန "ဒေဝဒတ်သည် ရဟန်းပြု၍ သံဃာကို သင်းခွဲလတ္တံ့၊ သံဃာကို သင်းခွဲ၍ တကမ္ဘာပတ်လုံး ငရဲ၌ ကျက်ရလတ္တံ့" ဟု မြတ်စွာဘုရားသည် အကယ်၍ သိသည်ဖြစ်ပါအံ့၊ အသျှင်ဘုရားနာဂသေန ယင်းသို့ သိခဲ့မူ မြတ်စွာဘုရားသည် သနားခြင်း'ကရုဏာ'ရှိတော်မူ၏၊ အစဉ်စောင့်ရှောက်တော်မူတတ်၏၊ အစီးအပွားကို ရှာမှီးလေ့ရှိတော်မူ၏၊ သတ္တဝါအားလုံးတို့၏ အကျိုးမဲ့ကို ပယ်၍ အစီးအပွားကို ဆောင်ရွက်တော်မူ၏ဟူသော စကားသည် မှားယွင်းရာ၏၊ ထိုအကြောင်းကို မသိသောကြောင့် အကယ်၍ ရဟန်းပြုပေးသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ခဲ့သော် မြတ်စွာဘုရားသည် သဗ္ဗညုမဖြစ်ရာ၊ အစွန်းနှစ်ဖက်ထွက်သော ပြဿနာသည်လည်း အသျှင်ဘုရားသို့ အစဉ်ရောက်လာပါ၏၊ ထိုအရှုပ်အထွေးကြီးကို ဖြေရှင်းတော်မူပါလော့၊ တပါးသော သူတို့၏ အယူကို ဖျက်ဆီးတော်မူပါလော့၊ နောင်လာလတ္တံ့သောအခါ၌ အသျှင်ဘုရားနှင့် တူကုန်သော ပညာနှင့်ပြည့်စုံသောရဟန်းတို့ကို ရခဲပါကုန်လတ္တံ့၊ ဤအချက်၌ အသျှင်ဘုရား၏ ပညာဉာဏ်စွမ်းကို ပြတော် မူပါလော့ဟု (မေးလျှောက်၏)။

မင်းမြတ် မြတ်စွာဘုရားသည် သနားခြင်း'ကရုဏာ'လည်း ရှိတော်မူ၏၊ အလုံးစုံသောတရားတို့ကိုလည်း သိတော်မူ၏၊ မင်းမြတ် သနားတော်မူသောကြောင့် မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် ဒေဝဒတ်၏ လားရာ'ဂတိ'ကို ကြည့်တော်မူသည်ရှိသော် အပါယ်၌ ကျစေတတ်သော ကံကို အားထုတ်၍ ကုဋေတသိန်းမက များစွာသော ကမ္ဘာတို့ပတ်လုံး ငရဲတခုမှ ငရဲတခုသို့ ပျက်စီးကျရောက်ရာ တခုမှ ပျက်စီးကျရောက်ရာ တခုသို့ လားရောက်ရလတ္တံ့သော ဒေဝဒတ်ကို မြင်တော်မူ၏၊ ထိုအကြောင်းကို မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် သိတော်မူ၍ ဤဒေဝဒတ်၏ အဆုံးအပိုင်းအခြား မရှိသော ကံသည် ငါဘုရား၏ သာသနာတော်၌ ရဟန်းပြုသည်ရှိသော် အဆုံးအပိုင်းအခြားရှိသည် ဖြစ်လတ္တံ့၊ ဆင်းရဲသည် ရှေးဆိုခဲ့ပြီးသော အပိုင်းအခြားမရှိသော ကံကို ထောက်၍ အဆုံးအပိုင်းအခြားရှိသည် ဖြစ်လတ္တံ့၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ဤသူသည် ရဟန်းမပြုသော်လည်း တကမ္ဘာပတ်လုံး တည်လိမ့်မည်သာ ဖြစ်သော ကံကို အားထုတ်လတ္တံ့ ဟု သိတော်မူ၍ သနားတော်မူသောကြောင့် ဒေဝဒတ်ကို ရဟန်းပြုပေးတော်မူ၏။

အသျှင်ဘုရားနာဂသေန ထိုသို့ဖြစ်လျှင် မြတ်စွာဘုရားသည် ရိုက်ပုတ်ပြီးမှ ဆီဖြင့် သုတ်လိမ်းယောင်တကား၊ ကမ်းပါးပြတ်၌ တွန်းချပြီးမှ လက် ကမ်းယောင်တကား၊ သတ်ပြီးမှ အသက်ရှည်

http://www.dhammadownload.com



ကြောင်းကို ရှာယောင်တကား၊ ယင်းအကြောင်းကြောင့် ထို မြတ်စွာဘုရားသည် ရှေးဦးစွာ ဆင်းရဲကိုပေးပြီး နောက်မှ ချမ်းသာကို ဆောင်ရွက်၏ဟု လျှောက်၏။ မင်းမြတ် မြတ်စွာဘုရားသည် သတ္တဝါတို့၏ အစီးအပွါး၏ အစွမ်းဖြင့် ရိုက်ပုတ်လည်း ရိုက်ပုတ်တော်မူ၏၊သတ္တဝါတို့၏ အစီးအပွါး၏ အစွမ်းဖြင့် တွန်းချလည်း တွန်းချတော်မူ၏၊ သတ္တဝါတို့၏ အစီးအပွါး၏ အစွမ်းဖြင့် သတ်လည်း သတ်တော်မူ၏၊ မင်းမြတ် မြတ်စွာဘုရားသည် ရိုက်ပုတ်၍သာလျှင် သတ္တဝါတို့၏ အစီးအပွါးကို ဆောင်ရွက်တော်မူ၏၊ တွန်းချ၍သာလျှင် သတ္တဝါတို့၏ အစီးအပွါးကို ဆောင်ရွက်တော်မူ၏၊ သတ်၍သာလျှင် သတ္တဝါတို့၏ အစီးအပွါးကို ဆောင်ရွက်တော်မူ၏၊ မင်းမြတ် အမိအဖတို့မည်သည် ရိုက်၍သော်၎င်း တွန်းချ၍သော်၎င်း သားသမီးတို့၏ အစီးအပွါးကိုသာလျှင် ဆောင်ရွက်ကုန်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် သတ္တဝါတို့၏ အစီးအပွါး၏ အစွမ်းဖြင့် ရိုက်ပုတ်လည်း ရိုက်ပုတ်တော်မူ၏၊ သတ္တဝါတို့၏ အစီးအပွါး၏ အစွမ်းဖြင့် တွန်းချလည်း တွန်းချတော်မူ၏၊ သတ္တဝါတို့၏ အစီးအပွါး၏ အစွမ်းဖြင့် သတ်လည်း သတ်တော်မူ၏၊ မင်းမြတ် မြတ်စွာဘုရားသည် ရိုက်ပုတ်၍သာလျှင် သတ္တဝါတို့၏ အစီးအပွါးကို ဆောင်ရွက်တော်မူ၏၊ တွန်းချ၍သာလျှင် သတ္တဝါတို့၏ အစီးအပွါးကို ဆောင်ရွက်တော်မူ၏၊ သတ်ပြီး၍သာလျှင် သတ္တဝါတို့၏ အစီးအပွါးကို ဆောင်ရွက်တော်မူ၏၊ အကြင်အကြင် သို့သော လုံ့လဖြင့် သတ္တဝါတို့၏ ဂုဏ်ကျေးဇူး တိုးပွါးခြင်းသည်ဖြစ်၏၊ ထိုသို့သော လုံ့လဖြင့် အလုံးစုံသော သတ္တဝါတို့၏ အစီးအပွါးကိုသာလျှင် ဆောင်ရွက်တော်မူ၏။

မင်းမြတ် ဒေဝဒတ်သည် အကယ်၍ရဟန်း မပြုသည် ဖြစ်ငြားအံ့၊ ဤသို့ ရဟန်းမပြုသော် လူဖြစ်လျက် ငရဲ၌ ဖြစ်စေတတ်သော မကောင်းမှု ကံကို များစွာပြု၍ ကုဋေ တသိန်းမက များစွာသော ကမ္ဘာတို့ပတ်လုံး ငရဲတခုမှ ငရဲတခုသို့ ပျက်စီး ကျရောက်ရာ တခုမှ ပျက်စီး ကျရောက်ရာ တခုသို့ လားရောက် ရသည် ဖြစ်၍ များစွာသော ဆင်းရဲကို ခံစားရလတ္တံ့၊ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူသည်ဖြစ်၍ သနားတော်မူသောကြောင့် ဒေဝဒတ်ကို ရဟန်းပြုပေးတော်မူ၏၊ "ငါဘုရား၏ သာသနာတော်၌ ရဟန်းပြုသော ဒေဝဒတ်၏ ဆင်းရဲသည် အဆုံးအပိုင်းအခြားရှိသည် ဖြစ်လတ္တံ့"ဟု သိတော်မူ၍ သနားတော်မူသောကြောင့် လေးလံသော ဆင်းရဲကို ပေါ့ပါးအောင် ပြုတော်မူ၏။

မင်းမြတ် ဥပမာအားဖြင့် ဥစ္စာအင်အား အခြံအရံအင်အား ဘုန်းကြက်သရေအင်အား ဆွေမျိုးဉာတိအင်အားဖြင့် အားအစွမ်းရှိသော ယောက်ျားသည် ကြီးလေးသော မင်းပြစ်မင်းဒဏ် သင့်ရောက်နေသော မိမိ၏ ဆွေမျိုးကိုရင်း အဆွေခင်ပွန်းကိုရင်း မိမိ၏များစွာ မင်းကျွမ်းဝင်သည်၏ အဖြစ်ဖြင့် စွမ်းရည်သတ္တိ ရှိသည်၏ အဖြစ်ကြောင့် လေးသောဒဏ်ကို ပေါ့ပါးအောင် ပြု၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ကုဋေတသိန်းမက များစွာသော ကမ္ဘာတို့ပတ်လုံး ဆင်းရဲကို ခံစားရလတ္တံ့သော ဒေဝဒတ်ကို ရဟန်းပြုပေးတော်မူလျက် သီလ သမာဓိ ပညာ ဝိမုတ္တိ အစွမ်းဖြင့် ဆွမ်းဆောင်နိုင်သည်၏ အဖြစ်ကြောင့် လေးလံသောဆင်းရဲကို ပေါ့ပါးအောင် ပြုတော်မူ၏။

မင်းမြတ် ဥပမာတနည်းသော်ကား ဆေးကုရာ၌ လိမ္မာသော ရောဂါကို ထုတ်ပယ်နိုင်သော ဆေးသမားသည် လေးလံသောရောဂါကို အားရှိသော ဆေး၏အစွမ်းဖြင့် ပေါ့ပါးအောင် ပြုသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကုဋေတသိန်းမက များစွာသော ကမ္ဘာတို့ပတ်လုံး ဆင်းရဲကို ခံစားရလတ္တံ့သော ဒေဝဒတ်ကို မြတ်စွာဘုရားသည် အနာရောဂါဟူသော ဒုက္ခကို သိခြင်းကြောင့် ရဟန်း

http://www.dhammadownload.com



ပြုပေးတော်မူလျက် သနားခြင်း အင်အားရှိသည်ဖြစ်၍ ထောက်ပံ့အပ်သော တရားတည်းဟူသော ဆေးအစွမ်းဖြင့် လေးလံသော ဆင်းရဲကို ပေါ့ပါးအောင် ပြုတော်မူ၏။

မင်းမြတ် များစွာဆင်းရဲခံစားရလတ္တံ့သော ဒေဝဒတ်ကို အနည်းငယ်မျှ ဆင်းရဲခံစားရမည်ကို ပြုတော်မူသော ထိုမြတ်စွာဘုရားသည် တစုံတခုသော မကောင်းမှုသို့ ရောက်ရာသလော။ အသျှင်ဘုရား တစုံတခုသော မကောင်းမှုသို့ မရောက်ရာပါ၊ အယုတ်သဖြင့် နို့တခါညှစ်မျှသော မကောင်းမှုမျှသို့လည်း မရောက်ရာပါ။ မင်းမြတ် အကြင်အကြောင်းကြောင့် မြတ်စွာဘုရားသည် ဒေဝဒတ်ကို ရဟန်းပြုပေးတော်မူ၏၊ ဤအကြောင်းကိုလည်း သဘောမှန်အားဖြင့် ဝန်ခံလေလော့။

မင်းမြတ် မြတ်စွာဘုရားသည် ဒေဝဒတ်ကို ရဟန်းပြုပေးတော်မူ၏ ဟူသော ဤအကြောင်းမှ ထို့ထက်အလွန်ဖြစ်သော အခြားအကြောင်းတမျိုးကိုလည်း နာဦးလော့၊ မင်းမြတ် ဥပမာအားဖြင့် မကောင်းမှုကို ပြုကျင့်သော ခိုးသူကို ဖမ်းယူ၍ "မင်းမြတ် ဤသူသည်ကား မကောင်းမှုကို ပြုကျင့်သော ခိုးသူပါတည်း၊ ဤခိုးသူအား အလိုရှိရာ အပြစ်ဒဏ်ကို တပ်စေတော်မူပါလော့"ဟု မင်းအား ပြကြကုန်၏။ မင်းသည် "အချင်းတို့ သို့ဖြစ်လျှင် ဤခိုးသူကို မြို့ပြင်သို့ထုတ်၍ သုသာန်ကုန်း၌ ဦးခေါင်းကို ဖြတ်လော့"ဟု ဆိုရာ၏၊ မင်းမြတ် ကောင်းပါပြီဟု ထိုမင်းချင်းတို့သည် မင်းအား ဝန်ခံ၍ ထိုခိုးသူကို မြို့ပြင်သို့ထုတ်လျက် သုသာန်ကုန်းသို့ ဆောင်ကုန်ရာ၏၊ မင်း၏ထံမှ ရအပ်သော ဆုရှိသော ရအပ်သော အခြံအရံ ဥစ္စာစည်းစိမ်ရှိသော နာယူအပ်သော စကားရှိသော အားကြီးစွာ အလိုအတိုင်း ပြုနိုင်သော တစုံတယောက်သော ယောကျ်ားသည် ထိုခိုးသူကိုမြင်ရ၏၊ ထိုယောကျ်ားသည် ထိုခိုးသူအား သနားသောကြောင့် ထိုမင်းချင်းယောကျ်ားတို့ကို "အချင်းတို့ ဤခိုးသူ၏ ဦးခေါင်းကို ဖြတ်သဖြင့် သင်တို့အား အဘယ်အကျိုးရှိအံ့နည်း၊ အချင်းတို့ ထိုသို့ အကျိုးမရှိသောကြောင့် ဤခိုးသူ၏ လက်ကိုသော်၎င်း ခြေကိုသော်၎င်း ဖြတ်၍ အသက်ကို စောင့်ရှောက်ကြကုန်လော့၊ ထိုလက်ခြေကို ဖြတ်၍ မသတ်ပဲထားခြင်း၏ အကြောင်းကြောင့် မင်း၏အထံ၌ အကြောင်းပြန်စကားကို ငါပြုအံ့"ဟု ပြောဆိုရာ၏၊ ထိုမင်းချင်းယောကျ်ားတို့သည် မင်းကို ပြောဆိုနိုင်ရန် အားအစွမ်းရှိသော ထိုယောကျ်ားစကားဖြင့် ထိုခိုးသူ၏လက်ကိုသော်၎င်း ခြေကိုသော်၎င်း ဖြတ်၍ အသက်ကို စောင့်ရှောက်ကုန်ရာ၏၊ မင်းမြတ် ဤသို့ ပြုလုပ်သော ထိုယောကျ်ားသည် ထိုခိုးသူ၏ ပြုခွင့်ကိစ္စကို ပြုသည်ဖြစ်ရာသလော။ အသျှင်ဘုရား ထိုယောကျ်ားသည် ထိုခိုးသူအား အသက်ပေးသော သူပါတည်း၊ အသက်ကို ပေးသည်ရှိသော် ထိုယောကျ်ားအား ပြုခွင့်ကိစ္စကို မပြုသောမည်သည် အဘယ်မှာရှိပါအံ့နည်း။ ထိုခိုးသူ၏ လက်ခြေကို ဖြတ်ခြင်း၌ အကြင်ဆင်းရဲဝေဒနာသည် ရှိ၏၊ ထိုသနားတတ်သော ယောကျ်ားသည် ထိုဆင်းရဲဝေဒနာကြောင့် တစုံတခုသော မကောင်းမှုသို့ ရောက်ရာသလော။ အသျှင်ဘုရား ထိုခိုးသူသည် မိမိပြုသော ခိုးမှုကြောင့် ဆင်းရဲဝေဒနာကို ခံစားရ၏၊ အသက်ကို ပေးသော ယောကျ်ားသည်ကား တစုံတခုသော မကောင်းမှုသို့ မရောက်ရာပါ။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် သနားတော်မူသောကြောင့် "ငါဘုရား၏ သာသနာတော်၌ ရဟန်းပြုသော ဒေဝဒတ်၏ ဆင်းရဲသည် အဆုံးအပိုင်းအခြားရှိသည်ဖြစ်လတ္တံ့"ဟု သိ၍ ဒေဝဒတ်ကို ရဟန်းပြုပေးတော်မူ၏၊ မင်းမြတ် ဒေဝဒတ်၏ ဆင်းရဲသည် အဆုံးအပိုင်းအခြားရှိ၏။ မင်းမြတ် ဒေဝဒတ်သည် သေခါနီးသောအခါ၌—

"လောကသုံးပါးထက် မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော သမ္မုတိနတ် ဥပပတ္တိနတ်တို့ထက် လွန်သော ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော ဆုံးမထိုက်သူအပေါင်းကို ကောင်းစွာ

http://www.dhammadownload.com



ဆုံးမတော်မူသော ထက်ဝန်းကျင် အပိတ်အပင်မရှိ သိမြင်နိုင်သော သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသော အရာမကသော ဘုန်းတော် ယောကျ်ားမြတ်တို့၏ အမှတ်လက္ခဏာတော် ရှိသော ထိုမြတ်စွာဘုရားကို ဤအရိုးတို့ဖြင့်ငှင်း ဤအသက်ဝိညာဏ်တို့ဖြင့်ငှင်း ဆည်းကပ် ခိုကိုးခြင်းသို့ ကပ်ရောက်ပါ၏"ဟု အသက်ထက်ဆုံး ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေပြီ။

မင်းမြတ် ဒေဝဒတ်သည် ကမ္ဘာကို ခြောက်ဘို့ခြောက်စုပြု၍ ပဌမအဘို့အစုကို လွန်သောအခါ ၌ သံဃာကို သင်းခွဲ၏၊ ငါးဘို့ငါးစုတို့ပတ်လုံး ငရဲ၌ကျက်၍ ထိုငရဲမှ လွတ်သည်ရှိသော် အင္ဂီသာရ အမည်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့။မင်းမြတ် ဤသို့ပြုသော ထိုမြတ်စွာဘုရားသည် ဒေဝဒတ်အား ပြုခွင့်ကိစ္စကို ပြုသည်ဖြစ်ရာသလောဟု(မေးတော်မူ၏)။ အသျှင်ဘုရားနာဂသေန အကြင့်ကြောင့် မြတ်စွာဘုရားသည် ဒေဝဒတ်ကို ပစ္စေကဗောဓိဉာဏ်သို့ ရောက်စေလတ္တံ့၊ ထိုကြောင့် မြတ်စွာဘုရား သည် ဒေဝဒတ်အား အလုံးစုံကို ပေးတော်မူ၏၊ မြတ်စွာဘုရားသည် ဒေဝဒတ်အား ပြုသင့်သည်ကို မပြုသောမည်သည် အဘယ်မှာရှိနိုင်အံ့နည်းဟု (လျှောက်၏)။မင်းမြတ် ဒေဝဒတ်သည် သံဃာကို သင်းခွဲ၍ အကြင့်ကြောင့် ငရဲ၌ ဆင်းရဲသော ဝေဒနာကို ခံစားရ၏။ ထိုအကြောင်းကြောင့် မြတ်စွာဘုရားသည် တစုံတခုသော မကောင်းမှုသို့ ရောက်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရောက်ရာပါ၊ အသျှင်ဘုရား ဒေဝဒတ်သည် မိမိပြုသော ကံကြောင့် တကမ္ဘာ ပတ်လုံး ငရဲ၌ကျက်ရ၏၊ ဆင်းရဲ၏အဆုံးကို ပြုတော်မူသော မြတ်စွာဘုရားသည် တစုံတခုသော မကောင်းမှုသို့ မရောက်ရာပါဟု (လျှောက်၏)။ မင်းမြတ် အကြင်အကြောင်းကြောင့် မြတ်စွာ ဘုရားသည် ဒေဝဒတ်ကို ရဟန်းပြုပေးတော်မူ၏၊ ဤအကြောင်းကိုလည်း သင်မင်းမြတ်သည် သဘောမှန်အားဖြင့် ဝန်ခံလေလော့။

မင်းမြတ် မြတ်စွာဘုရားသည် ဒေဝဒတ်ကို ရဟန်းပြုပေးတော်မူ၏ ဟူသော ဤအကြောင်းမှ ထို့ထက် အလွန်ဖြစ်သော အခြားအကြောင်းတမျိုးကိုလည်း နာဦးလော့၊ မင်းမြတ် ဥပမာအားဖြင့် ဆေးကုရာ၌ လိမ္မာသော ရောဂါကို ထုတ်ပယ်နိုင်သော ဆေးသမားသည် လေ သည်းခြေ သလိပ် တို့၏ ပေါင်းစုသည်ဖြစ်၍ ဥတုဟူသော ပါစကတေဇောဓာတ်၏ ဖောက်ပြန်ခြင်းကြောင့် အစာ အာဟာရတို့၏ မညီမညွတ် ကြေကျက်ခြင်းရှိသော အပုပ် ပိုးလောက် မကောင်းသော အနံ့တို့ဖြင့် ပြွမ်းသော အတွင်း၌ ထိုးကျင် ကိုက်ခဲသော အတွင်း၌ ပြည်ပုပ်အောင်းရာ အခေါင်းရှိသော ပြည်ပုပ် သွေးပုပ်တို့ဖြင့် ပြည့်နှက်သော အနာကို ငြိမ်းစေလိုသည် ဖြစ်၍ အနာဝကို ကြမ်းထမ်း ထက်မြက်စွာ စားတတ်၍ စပ်လှသော ဆေးဖြင့် အနာကျက်စိမ့်သောငှါ သုတ်လိမ်း၏၊ အနာ ကျက်၍ နူးညံ့ ပျော့ပျောင်းခြင်းသို့ ရောက်သောအနာကို ဓားငယ်ဖြင့် ခွဲဖောက်၍ တုတ်ဘဲဖြင့် ပွတ်သပ်၏၊ ပွတ်သပ်ပြီးသော် ဆပ်ပြာငန် လိမ်းသည့်၏၊ အသားနုတက်စေခြင်းငှါ အနာရှိသူ၏ ချမ်းသာသည်၏ အဖြစ်သို့ အစဉ်ရောက်စေခြင်းငှါ ဆေးဖြင့် သုတ်လိမ်း၏၊ မင်းမြတ် ရောဂါကို ပယ်ဘုတ်တတ်သော ထိုဆေးသမားသည် အကျိုးနဲ့စေလိုသော စိတ်ရှိသည်ဖြစ်၍ ဆေးဖြင့် သုတ် လိမ်းသလော၊ ဓားငယ်ဖြင့် ဖောက်ခွဲသလော၊ တုတ်တံဖြင့် ပွတ်သပ်သလော၊ ဆပ်ပြာငန်ကို လိမ်းထည့်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါ၊ အကျိုးကို အလိုရှိသော စိတ်ရှိသည်ဖြစ်၍ ချမ်းသာခြင်းကို အလိုရှိသည်ဖြစ်၍ ထိုပြုလုပ်ဖွယ်တို့ကို ပြုပါ၏ဟု(လျှောက်၏)။ ထိုလူနာအား ဆေးလိမ်းခြင်းဟူသော ပြုလုပ်ဖွယ်တို့ကို ပြုခြင်းကြောင့်ဖြစ်သော အကြင်ဆင်းရဲ သော ဝေဒနာသည် ရှိ၏၊ ထိုဆင်းရဲကို ဖြစ်စေသောကြောင့် ရောဂါကို ထုတ်ပယ်တတ်သော

http://www.dhammadownload.com



ထိုဆေးသမားသည် တစုံတခုသော မကောင်းမှုသို့ ရောက်ရာသလောဟု- (မေးတော်မူ၏)။ အသျှင်ဘုရား ရောဂါကို ပယ်ထုတ်တတ်သော ဆေးသမားသည် အကျိုးကို လိုသော စိတ်ရှိသည် ဖြစ်၍ ချမ်းသာခြင်းကို အလိုရှိသည်ဖြစ်၍ ထိုဆေးလိမ်းခြင်းစသော ပြုလုပ်ဖွယ်တို့ကို ပြုလုပ်ပါ၏၊ ထိုဆေးသမားသည် ထိုသို့ပြုလုပ်ခြင်းကြောင့် အဘယ်မှာ မကောင်းမှုသို့ ရောက်နိုင်ပါအံ့နည်း၊ အသျှင်ဘုရား ရောဂါကို ပယ်ထုတ်တတ်သော ထိုဆေးသမားသည် နတ်ပြည်သို့ ရောက်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် သနားတော်မူသောကြောင့် ဆင်းရဲမှ လွတ်စေခြင်းငှါ ဒေဝဒတ်ကို ရဟန်းပြုပေးတော်မူ၏။

မင်းမြတ် မြတ်စွာဘုရားသည် ဒေဝဒတ်ကို ရဟန်းပြုပေးတော်မူ၏ ဟူသော ဤအကြောင်းမှ ထို့ထက်အလွန်ဖြစ်သော အခြားအကြောင်းတမျိုးကိုလည်း နာဦးလော့၊ မင်းမြတ် ဥပမာအားဖြင့် ယောကျ်ားသည် ဆူးစူးရာ၏၊ ထိုအခါ၌ တယောက်သော ယောကျ်ားသည် ထိုသူ၏ အကျိုးကို အလိုရှိသည်ဖြစ်၍ ချမ်းသာခြင်းကို အလိုရှိသည်ဖြစ်၍ ထက်စွာသော ဆူးဖြင့်သော်၎င်း ဓားဖြင့် သော်၎င်း ထက်ဝန်းကျင်မှဖြတ်ခွဲ၍ ယိုစီးသောသွေးဖြင့် ထိုဆူးကို ထုတ်နုတ်ရာ၏၊ မင်းမြတ် ထိုယောကျ်ားသည် အကျိုးမဲ့ကို လိုလားသည်ဖြစ်၍ ထိုဆူးကို ထုတ်နုတ်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါ၊ အသျှင်ဘုရား ထိုယောကျ်ားသည် အကျိုးကိုအလိုရှိသည်ဖြစ်၍ ချမ်းသာခြင်းကို အလိုရှိသည်ဖြစ်၍ ထိုဆူးကို ထုတ်နုတ်ပါ၏၊ အသျှင်ဘုရား ထိုယောကျ်ားသည် ထိုဆူးကို အကယ်၍ မထုတ်နုတ်ငြားအံ့၊ ထိုဆူးစူးခံရသောသူသည် ထိုဆူးကို မနုတ်ထွင်သော ကြောင့် သေခြင်းသို့သော်၎င်း သေလောက်သောဆင်းရဲသို့သော်၎င်း ရောက်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် သနားတော်မူသောကြောင့် ဆင်းရဲမှ လွတ်စေခြင်းငှါ ဒေဝဒတ်ကို ရဟန်းပြုပေးတော်မူ၏၊ မင်းမြတ် မြတ်စွာဘုရားသည် ဒေဝဒတ်ကို အကယ်၍ ရဟန်းပြုမပေးသည်ဖြစ်ငြားအံ့ ကမ္ဘာကုဋေအသိန်းတို့ပတ်လုံး ဒေဝဒတ်သည် ဘဝ အဆက်ဆက်အားဖြင့် ငရဲ၌ ကျက်ခဲ့ရာ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် သံသရာဝဋ်ဆင်းရဲဟူသော မြစ်အောက်ရေစုန်သို့ မျောလတ္တံ့ သော ဒေဝဒတ်ကို သံသရာဝဋ်ဆင်းရဲဟူသော မြစ်ညာရေဆန်သို့ ပို့ဆောင်တော်မူပါ ပေ၏၊ ခရီးမှားသို့ လျှောက်သွားသော ဒေဝဒတ်ကို ခရီးလမ်းမသို့ ရောက်စေတော် မူပါပေ၏၊ ကမ်းပါးပြတ်၌ ကျရောက်သော ဒေဝဒတ်အား ထောက်တည်ရာကို ပေးတော်မူပါပေ၏၊ မြတ်စွာ ဘုရားသည် မညီမညွတ်သော ခရီးသို့ရောက်သော ဒေဝဒတ်ကို ညီညွတ်သော ခရီးသို့ တင်ပို့တော် မူပါပေ၏၊ အသျှင်ဘုရားနာဂသေန ဤဇနကအကြောင်းရင်းမျိုးတို့ကိုရင်း ဤဥပတ္ထမ္ဘက ယုတ္တိ သမ္ဘာပက အကြောင်းဖျားမျိုးတို့ကိုရင်း အသျှင်ဘုရားကဲ့သို့သော ပညာရှင်ကို ကြဉ်ထား၍ တပါးသောသူသည် ကောင်းစွာ ဖော်ပြခြင်းငှါ မစွမ်းနိုင်ပါဟု (လျှောက်၏)။

သုံးခုမြောက် ဒေဝဒတ္တပဗ္ဗဇ္ဇပဉှာ ပြီး၏။

---

## ၄-ပထဝိစလနပဉှာ
### (မြေလှုပ်ပုံ ပြဿနာ)

၄။ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ မြေလျှင်ပြင်းစွာ တုန်လှုပ်မြင်း ဖြစ်ပေါ်မှု၏ အကြောင်းအထောက်အပံ့တို့သည် ဤရှစ်ပါးတို့တည်း"ဟု ဤစကားကိုလည်း မြတ်စွာဘုရား

http://www.dhammadownload.com



ဟောကြားအပ်၏၊ ဤစကားတော်သည် အကြွင်းမဲ့ စကားတော်ပါတည်း၊ အကြွင်းမထားသော စကားတော်ပါတည်း၊ ပရိယာယ်မဟုတ် မုချစကားတော်ပါတည်း၊ မြေငလျင် ပြင်းစွာတုန်လှုပ်ခြင်း ဖြစ်ပေါ်မှု၏ ကိုးခုမြောက် အကြောင်းတပါးမရှိ၊ အသျှင်ဘုရားနာဂသေန မြေငလျင် ပြင်းစွာ တုန်လှုပ်ခြင်း ဖြစ်ပေါ်မှု၏ ကိုးခုမြောက်အကြောင်းတပါးသည် အကယ်၍ရှိသည် ဖြစ်ငြားအံ့၊ ထိုအကြောင်းကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူခဲ့ရာ၏၊ အသျှင်ဘုရားနာဂသေန မြေငလျင် ပြင်းစွာတုန်လှုပ်ခြင်း ဖြစ်ပေါ်မှု၏ ကိုးခုမြောက် အကြောင်းတပါးသည် အကြင့်ကြောင့်ကား မရှိ၊ ထို့ကြောင့် မြတ်စွာဘုရားသည် မဟောကြားအပ်၊ ဝေဿန္တရာမင်းသည် အလှူကြီးကို ပေးလှူလတ်သော် မြေကြီးခုနစ်ကြိမ်တိုင် တုန်လှုပ်၏ဟူသော မြေငလျင် ပြင်းစွာ တုန်လှုပ်ခြင်း ထင်ရှားဖြစ်ပေါ်မှု၏ ဤကိုးခုမြောက်သော အကြောင်းသည်လည်း ထင်ခဲ့၏၊ အသျှင်ဘုရားနာဂသေန မြေငလျင် ပြင်းစွာတုန်လှုပ်ခြင်း ထင်ရှားဖြစ်ပေါ်မှု၏ အကြောင်းအထောက်အပံ့တို့သည် အကယ်၍ ရှစ်ပါးသာ ဖြစ်ကုန်အံ့၊ ထိုသို့ဖြစ်ခဲ့မူ ဝေဿန္တရာမင်းသည် အလှူကြီးကို ပေးလှူလတ်သော် မြေကြီးခုနစ်ကြိမ်တိုင် တုန်လှုပ်၏ဟူသော စကားသည် မှားယွင်းခဲ့ရာ၏၊ ဝေဿန္တရာမင်းသည် အလှူကြီးကို ပေးလှူလတ်သော် မြေကြီးခုနစ်ကြိမ်တိုင် တုန်လှုပ်ခြင်းသည် အကယ်စင်စစ် ဖြစ်ခဲ့အံ့၊ ထိုသို့ဖြစ်ခဲ့မူ မြေငလျင် ပြင်းစွာတုန်လှုပ်ခြင်း ဖြစ်ပေါ်မှု၏ အကြောင်းအထောက်အပံ့တို့သည် ရှစ်ပါးတို့တည်းဟူသော ထိုစကားသည်လည်း မှားယွင်းခဲ့ရာ၏၊ ဤပြဿနာသည်လည်း အစွန်းနှစ်ဖက်ထွက်ပါ၏၊ သိမ်မွေ့လှပါ၏၊ လူသာမန်တို့ ဖြေနိုင်ခဲပါ၏၊ တွေဝေမှု အမိုက်မှောင်ကို လည်း ပြုတတ်ပါ၏၊ နက်လည်း နက်နဲပါ၏၊ ထိုပြဿနာသည် အသျှင်ဘုရားသို့ အစဉ်ရောက်လာ ပါ၏၊ ဤပြဿနာကို အသျှင်ဘုရားနှင့်တူသော ပညာရှိကို ထား၍ ပညာနည်းသောသူသည် ဖြေခြင်းငှါ မတတ်နိုင်ရာပါဟု (လျှောက်၏)။

မင်းမြတ် "ရဟန်းတို့ မြေငလျင် ပြင်းစွာတုန်လှုပ်ခြင်း ဖြစ်ပေါ်မှု၏ အကြောင်း အထောက်အပံ့တို့သည် ဤရှစ်ပါးတို့တည်း" ဟူသော စကားကိုလည်း မြတ်စွာဘုရား ဟောကြားတော်မူအပ်၏၊ ထို့ပြင် ဝေဿန္တရာမင်းသည် အလှူကြီး ပေးလှူလတ်သော် ခုနစ်ကြိမ်တိုင် မြေကြီးတုန်လှုပ်ခြင်း သည်ကား အခါမဲ့ဖြစ်၏၊ တခါတရံဖြစ်ပေါ်ခြင်းဖြစ်၏၊ မြေလှုပ်ကြောင်းရှစ်မျိုးတို့မှ ကင်းလွတ် လေ၏၊ ထိုသို့ ကင်းလွတ်သောကြောင့် မြေလှုပ်ကြောင်း ရှစ်မျိုးတို့ဖြင့် မရေတွက်အပ်။

မင်းမြတ် ဥပမာအားဖြင့် လောက၌ မိုးဦးကျရွာသော မိုးဟုရင်း မိုးနှောင်း ဆောင်းစ၌ ရွာသောမိုးဟုရင်း မိုးလယ်၌ ရွာသော မိုးဟုရင်း ဤသို့ မိုးသုံးမျိုးတို့ကိုသာ ရေတွက်အပ်ကုန်၏၊ ထိုမိုးသုံးမျိုးတို့ကို လွှတ်၍ တပါးသော မိုးသည် အကယ်၍ကား ရွာသွန်းငြားအံ့၊ ထိုမိုးကို သမုတ် အပ်ပြီး မိုးတို့ဖြင့် မရေတွက်ရ၊ အခါမဲ့ရွာသောမိုးဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏၊ မင်းမြတ် ဤအတူသာလျှင် ဝေဿန္တရာမင်းသည် အလှူကြီးကို ပေးလှူသည်ရှိသော် ခုနစ်ကြိမ် တိုင် မြေတုန်လှုပ်ခြင်းသည်ကား အခါမဲ့ဖြစ်၏၊ တရံတခါ ဖြစ်ပေါ်ခြင်း ဖြစ်၏၊ မြေလှုပ်ကြောင်း ရှစ်မျိုးတို့မှ ကင်းလွတ်၏၊ ထိုမြေလှုပ်ခြင်းကို ရှစ်ပါးသော အကြောင်းတို့ဖြင့် မရေတွက်အပ်။

မင်းမြတ် ဥပမာတနည်းသော်ကား ဟိမဝန္တာတောင်မှ ငါးရာသောမြစ်တို့သည် စီးထွက်ကုန်၏၊ မင်းမြတ် ထိုငါးရာသောမြစ်တို့တွင် ဆယ်စင်းသောမြစ်တို့ကိုသာလျှင် မြစ်ဟူသောအရေအတွက်ဖြင့် ရေတွက်အပ်ကုန်၏။ ဤဆယ်စင်းသော မြစ်တို့သည်ကား အဘယ်တို့နည်း ဟူမူ—ဂင်္ဂါမြစ်

http://www.dhammadownload.com



ယမုနာမြစ် အစိရဝတီမြစ် သရဘူမြစ် မဟီမြစ် သိန္ဓုမြစ် သရဿတီမြစ် ဝေတြဝတီမြစ် ဝီတံသာမြစ် စန္ဒဘာဂါမြစ်တို့ပေတည်း၊ ကြွင်းသောမြစ်တို့ကို မြစ်ဟူသော အရေအတွက်ဖြင့် မရေတွက် မသွတ်သွင်းအပ်ကုန်၊ အဘယ်အကြောင်းကြောင့်နည်း ဟူမူ—ထိုကြွင်းသောမြစ်တို့သည် အမြဲစီးသော ရေမရှိသောကြောင့်တည်း၊ မင်းမြတ် ဤအတူသာလျှင် ဝေဿန္တရာမင်းသည် အလှူကြီးကို ပေးလှူသည်ရှိသော် ခုနစ်ကြိမ်တိုင် မြေတုန်လှုပ်ခြင်းသည် အခါမဲ့ဖြစ်၏၊တရံတခါ ဖြစ်ပေါ်ခြင်းဖြစ်၏၊ ရှစ်ပါးသော အကြောင်းတို့မှ လွတ်၏၊ ထိုမြေလှုပ်ခြင်းကို ရှစ်ပါးသော အကြောင်းတို့ဖြင့် မရေတွက်အပ်။

မင်းမြတ် ဥပမာတမျိုးသော်ကား မင်းအား တရာ နှစ်ရာ သုံးရာသော အမတ်တို့ရှိသည် ဖြစ်ကုန်၏၊ ထိုအမတ်တို့တွင် ခြောက်ယောက်သော သူတို့ကိုသာလျှင် အမတ်အရေအတွက်ဖြင့် ရေတွက်အပ်ကုန်၏၊ ဤခြောက်ယောက်တို့သည် အဘယ်တို့နည်း ဟူမူ—စစ်သူကြီး ပုရောဟိတ် တရားသူကြီး ဘဏ္ဍာစိုး ထီးတော်မိုး သန်လျက်စွဲသောသက်တော်စောင့်တို့တည်း၊ ထိုခြောက်ယောက်တို့ကိုသာလျှင် အမတ်အရေအတွက်ဖြင့် ရေတွက်အပ်ကုန်၏၊ အဘယ်အကြောင်းကြောင့်နည်း ဟူမူ—မင်း၏အကျိုးတို့နှင့် အလွန်ယှဉ်စပ်သောကြောင့်တည်း၊ ကြွင်းသောအမတ်တို့ကို မရေတွက်အပ်ကုန်၊ အလုံးစုံသော အမတ်တို့သည် သာမညအမတ်ဟူသော ရေတွက်ခြင်းသို့ ရောက်ကုန်၏၊ မင်းမြတ် ဤအတူသာလျှင် ဝေဿန္တရာမင်းသည် အလှူကြီးကို ပေးလှူသည်ရှိသော် ခုနစ်ကြိမ်တိုင် မြေကြီးတုန်လှုပ်ခြင်းသည် အခါမဲ့ဖြစ်၏၊ တရံတခါ ဖြစ်ပေါ်ခြင်းဖြစ်၏၊ ရှစ်ပါးသောအကြောင်းတို့မှ လွတ်၏၊ ထိုမြေလှုပ်ခြင်းကို ရှစ်ပါးသော အကြောင်းတို့ဖြင့် မရေတွက်အပ်။

မင်းမြတ် ယခုအခါ မြတ်စွာဘုရား သာသနာတော်ဝယ် အကြင်ပုဂ္ဂိုလ်တို့၏ ကျော်ကြားခြင်းသည် နတ်လူတို့၌ ပျံ့နှံ့၍တက်၏၊ ပြုအပ်သောဒါန ကျေးဇူးရှိကုန်သော ထိုသူတို့၏ မျက်မှောက်သောကိုယ်၏အဖြစ်၌ပင် ချမ်းသာသုခကို ခံစားရသော ကုသိုလ်ကံကို ကြားဘူးပါ၏လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏၊ ယခုအခါ မြတ်စွာဘုရား သာသနာတော်ဝယ် အကြင်ပုဂ္ဂိုလ်တို့၏ ကျော်ကြားခြင်းသည် နတ်လူတို့၌ ပျံ့နှံ့၍ တက်၏၊ပြုအပ်သောဒါန ကျေးဇူးရှိကုန်သော ထိုသူတို့၏မျက်မှောက်သော ကိုယ်၏အဖြစ်၌ပင် ချမ်းသာသုခကို ခံစားရသော ကုသိုလ်ကံကို ကြားဘူးပါ၏၊ ထိုသူတို့သည် ခုနစ်ယောက်တို့ပါတည်း။ မင်းမြတ် ထိုခုနစ်ယောက်တို့သည် အဘယ်သူတို့နည်း။ အသျှင်ဘုရား သုမနပန်းသည် ဧကသာဋကပုဏ္ဏား ပုဏ္ဏသူရင်းငှါး မလ္လိကာမိဖုရား ဂေါပါလမာတာမိဖုရား သုပ္ပိယာဥပါသိကာမ ပုဏ္ဏာမည်သော ကျွန်မတို့ပါတည်း၊ ဤခုနစ်ယောက်တို့သည် မျက်မှောက်သောကိုယ်၏အဖြစ်၌ပင် ချမ်းသာသုခကို ခံစားရသော သူတို့ပါတည်း၊ ဤသူတို့၏ ကျော်စောခြင်းသည်လည်း နတ်လူတို့၌ ပျံ့နှံ့၍ တက်ပါ၏။

လွန်လေပြီးသောအခါက လူ့ခန္ဓာကိုယ်ဖြင့်ပင် နတ်ပြည်သို့ရောက်ရကုန်သော တပါးသော သူတို့ကိုလည်း ကြားဘူးပါကုန်သလော။ အသျှင်ဘုရား ဟုတ်ပါ၏ ကြားဘူးပါကုန်၏။ မင်းမြတ် ထိုသူတို့သည်ကား အဘယ်သူတို့နည်း၊ ဂုတ္တိလစောင်းသမား သာဓိနမင်း နေမိမင်း မန္ဓာတ်မင်းတို့တည်း၊ ဤလေးယောက်သောသူတို့သည် ထိုလူ့ခန္ဓာကိုယ်ဖြင့်ပင်လျှင် နတ်ပြည်သို့ ရောက်ရကုန်၏ဟု ကြားဘူးပါကုန်၏၊ အလွန်ကြာမြင့်မှုလည်း ပြုအပ်သော ကောင်းမှု မကောင်းမှုကို ကြားဘူးပါ၏။ မင်းမြတ် လွန်လေပြီးသော အတိတ်ကာလ၌ဖြစ်စေ ယခုပစ္စုပ္ပန်ကာလ၌ဖြစ်စေ

http://www.dhammadownload.com



ဤမည်သောသူသည် အလှူကို ပေးလှူသည်ရှိသော် တကြိမ်ဒင်း နှစ်ကြိမ်ဒင်း သုံးကြိမ်ဒင်း မြေကြီးတုန်လှုပ်၏ဟူ၍ သင်မင်းမြတ်သည် ကြားဘူး၏လော။ အသျှင်ဘုရား မကြားဘူးပါ။ မင်းမြတ် ပါဠိနှုတ်တက်ရခြင်း အနက်အဓိပ္ပါယ်ကိုသိခြင်း သင်ယူခြင်း ကြားနာခြင်း သင်ကြားမှုစွမ်းအား ဆရာ့ခြေရင်း၌ ဝပ်စင်း လေးမြတ်စွာ နာယူခြင်း အဋ္ဌကထာ နည်းနာစိစစ်မေးမြန်းခြင်း ဆရာ့ခြေရင်း ဝပ်စင်း ဆည်းကပ်ခြင်းသည် ငါ့အား ရှိပါ၏၊ သို့သော်လည်း ဤအမည်ရှိသော သူသည် ဒါနပေးလှူလတ်သော် တကြိမ်ဒင်း နှစ်ကြိမ်ဒင်း သုံးကြိမ်ဒင်း မြေကြီးတုန်လှုပ်၏ဟု ဝေဿန္တရာမင်းမြတ်၏ အလှူမြတ်ကို ကြဉ်ထား၍ မကြားစဘူးချေ၊ မင်းမြတ် ကဿပမြတ်စွာဘုရား သာကီဝင်မင်းမျိုးမှ ဘုရားဖြစ်သော ဂေါတမမြတ်စွာဘုရား ဤဘုရားနှစ်ဆူတို့၏ အကြား၌ အရေအတွက်ကို လွန်ကုန်သော နှစ်ပေါင်းအကုဋေတို့သည် လွန်ကုန်ပြီ၊ ထိုဘုရားနှစ်ဆူအတွင်း၌လည်း "ဤမည်သောသူသည် အလှူကို ပေးလတ်သော် တကြိမ်ဒင်း နှစ်ကြိမ်ဒင်း သုံးကြိမ်ဒင်း မြေကြီးတုန်လှုပ်၏"ဟု ငါ့အား ကြားနာဘူးခြင်း မရှိ၊ မင်းမြတ် ထိုမျှလောက်သော လုံ့လဖြင့် ထိုမျှလောက်သော အားထုတ်ခြင်းဖြင့် မြေကြီးမတုန်မလှုပ်ပေ၊ မင်းမြတ် ဂုဏ်ကျေးဇူးဟူသောဝန်ဖြင့် အလွန်ပြည့်နှက်သည်ဖြစ်၍ အလုံးစုံစင်ကြယ်သော အပြုအမူဟူသော ဂုဏ်ကျေးဇူးဝန်ဖြင့် ပြည့်နှက်နေရကား မြေကြီးသည် ဆောင်ရွက်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ တုန်လှုပ်၏၊ တငြိမ့်ငြိမ့်လှုပ်၏၊ ပြင်းစွာလှုပ်၏။

မင်းမြတ် ဥပမာအားဖြင့် အလွန်လေးသောဝန်တို့ဖြင့် ပြည့်နှက်သည်၏ အဖြစ်ကြောင့် လှည်း၏ ပုန်တောင်းတို့သည်ဒင်း အကွပ်တံကူတို့သည်ဒင်း ကွဲလေကုန်၏၊ ဝင်ရိုးသည် ကျိုး၏၊ မင်းမြတ် ဤအတူသာလျှင် အလုံးစုံစင်ကြယ်သော အပြုအမူဟူသော ဂုဏ်ကျေးဇူးဝန်ဖြင့် ပြည့်နှက်နေရကား မြေကြီးသည် ဆောင်ရွက်ထားခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ တုန်လှုပ်၏၊ တငြိမ့်ငြိမ့်လှုပ်၏၊ ပြင်းစွာ လှုပ်၏။

မင်းမြတ် ဥပမာတမျိုးသော်ကား ကောင်းကင်ပြင်သည် လေအဟုန် ရေအဟုန်တို့ဖြင့် လွှမ်းမိုး ဖုံးအုပ်သည်ဖြစ်၍ များစွာသော ရေလုံး ရေခဲဝန်တို့ဖြင့် ပြည့်နှက်ရကား အလွန်တိုက်ခတ်သော လေကြမ်းဖြင့် တွေ့ဆုံထိခိုက်မိသောကြောင့် ချုန်း၏၊ မြည်ဟည်း၏၊ တဂျုန်းဂျုန်းအသံပြု၏၊ မင်းမြတ် ဤအတူသာလျှင် မြေကြီးသည် ဝေဿန္တရာမင်း၏ အလှူ၏အစွမ်း အင်အားဟူသော ပြန့်ပွါးများမြတ်သော ဝန်တို့ဖြင့် ပြည့်နှက်ရကား ဆောင်ထားခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ တုန်လှုပ်၏၊ တငြိမ့်ငြိမ့်လှုပ်၏၊ ပြင်းစွာလှုပ်၏၊ မင်းမြတ် မှန်၏၊ ဝေဿန္တရာမင်း၏စိတ်သည် တပ်မက်မှု 'ရာဂ'၏ အစွမ်းဖြင့် မဖြစ်၊ အမျက်ထွက်မှု 'ဒေါသ' ၏ အစွမ်းဖြင့် မဖြစ်၊ တွေဝေမှု 'မောဟ'၏ အစွမ်းဖြင့် မဖြစ်၊ ထောင်လွှားမှု 'မာန'၏ အစွမ်းဖြင့် မဖြစ်၊ မကောင်းသောအမြင် 'ဒိဋ္ဌိ'၏ အစွမ်းဖြင့် မဖြစ်၊ ညစ်နွမ်းမှု 'ကိလေသာ'၏ အစွမ်းဖြင့် မဖြစ်၊ ကြံစည်မှု 'ဝိတက်' ၏ အစွမ်းဖြင့် မဖြစ်၊ မမွေ့လျော်ခြင်း 'အရတိ' ၏ အစွမ်းဖြင့် မဖြစ်၊ စင်စစ်သော်ကား ဒါန၏ အစွမ်းအားဖြင့် များစွာ ဖြစ်၏၊ "အသို့သော အကြောင်းအားဖြင့် မလာရောက်ကုန်သေးသော ဖုန်းတောင်းယာစကာတို့သည် ငါ၏ အထံသို့ လာပါကုန်အံ့နည်း၊ လာရောက်ကုန်ပြီးသော ဖုန်းတောင်းယာစကာတို့သည် မိမိတို့ အလိုရှိတိုင်းရ၍ ဝမ်းမြောက်ခြင်းဖြစ်ပါကုန်အံ့နည်း"ဟု အမြဲမပြတ် အလှူဒါနသို့ ရှေးရှုမြွော်လင့်သော စိတ်ကိုထား၏၊ မင်းမြတ် ဝေဿန္တရာမင်းသည် အမြဲမပြတ် ဆယ်ပါးသော အရာတို့၌ စိတ်ကို ထား၏၊ အဘယ်ဆယ်ပါးတို့၌ ထားသနည်းဟူမူ—

ကျိုးနွံစွာ ဆုံးမခြင်း၌၎င်း ညီညွတ်မျှတခြင်း၌၎င်း သည်းခံခြင်း၌၎င်း ဂုဏ္ဍေကိုစောင့်စည်းခြင်း၌၎င်း အမြဲစောင့်သော သီလ၌၎င်းအခါခါစောင့်သောသီလ၌၎င်း အမျက်မထွက်ခြင်း၌၎င်း မညှဉ်းဆဲခြင်း၌၎င်း ဖြောင့်မှန်သောဝစီသစ္စာ၌၎င်း ဖြူစင်ခြင်း၌၎င်း ဤဆယ်ပါးတို့၌ စိတ်ကိုထား၏။

မင်းမြတ် ဝေဿန္တရာမင်းသည် ကာမဂုဏ်၌ လိုလားတောင့်တမှုကို ပယ်အပ်၏၊ လူ့ဘဝနတ်ဘဝကို လိုလားတောင့်တခြင်းသည် အေးငြိမ်းလေ၏၊ မြတ်သောအကျင့်ကိုလိုလားတောင့်တခြင်း၌သာ ကြောင့်ကြခြင်းသို့ရောက်၏၊မင်းမြတ် ဝေဿန္တရာမင်းသည် မိမိကိုယ်ကို စောင့်ရှောက်ခြင်းကို ပယ်အပ်၏၊အလုံးစုံသော သတ္တဝါတို့အား စောင့်ရှောက်ခြင်း၌ ကြောင့်ကြခြင်းသို့ရောက်၏၊ "အသို့လျှင် ဤသတ္တဝါတို့သည် ညီညွတ်ပါကုန်အံ့နည်း၊ အနာရောဂါ ကင်းကုန်အံ့နည်း၊ဥစ္စာရှိပါကုန်အံ့နည်း၊ အသက်ရှည်ပါကုန်အံ့နည်း"ဟူသော စိတ်ထားသာလျှင် များစွာ ဖြစ်၏၊ မင်းမြတ် ဝေဿန္တရာမင်းသည် အလှူပေးသည်ရှိသော် ထိုအလှူကို ဘဝသမ္ပတ္တိဟူသော အကြောင်းကြောင့် ပေးလှူသည် မဟုတ်၊ ဥစ္စာရလိုမှုဟူသော အကြောင်းကြောင့် ပေးလှူသည် မဟုတ်၊ တုံ့ပြန်ပေးလိုသည်ဟူသော အကြောင်းကြောင့် ပေးလှူသည်မဟုတ်၊ ဖြားယောင်း သွေးဆောင်လိုသောကြောင့် ပေးလှူသည် မဟုတ်၊အသက်ရှည်လိုသောကြောင့် ပေးလှူသည် မဟုတ်၊အဆင်းလှလိုသောကြောင့် ပေးလှူသည် မဟုတ်၊ ချမ်းသာလိုသောကြောင့် ပေးလှူသည် မဟုတ်၊ ခွန်အားကြီးလိုသောကြောင့် ပေးလှူသည် မဟုတ်၊ အခြံအရံ အကျော်အစောရလိုသောကြောင့် ပေးလှူသည် မဟုတ်၊ သားဟူသော အကြောင်းကြောင့် ပေးလှူသည် မဟုတ်၊ သမီးဟူသော အကြောင်းကြောင့် ပေးလှူသည် မဟုတ်၊ စင်စစ်သော်ကား သဗ္ဗညုတဉာဏ်တော်ဟူသော အကြောင်းကြောင့် သဗ္ဗညုတဉာဏ်ရတနာ၏ အကြောင်းကြောင့် ဤမျှလောက်သော အတုမဲ့ကင်း ပြန့်ပွါးခြင်းနှင့် လွန်မင်းထွတ်မြတ်လှကုန်သော ဒါနတော်မြတ်တို့ကို ပေးလှူလေသတည်း။ ထိုစကားမှန်၏၊ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော မြတ်စွာဘုရားသည်—

"ငါသည် ဇာလီမင်းသားကိုင်း ကဏှာဇိန်ချစ်သမီးကိုင်း လင့်အလိုအတိုင်း ကျင့်သော မဒ္ဒီမိဖုရားကိုင်း ပေးလှူ စွန့်ကြဲသည်ရှိသော် သဗ္ဗညုတဉာဏ်တော်၏ အကြောင်းကြောင့်ပင် ပေးလှူစွန့်ကြဲ၏၊ တစုံတခုသော စည်းစိမ်၏ ပြည့်စုံခြင်းကိုမျှ မကြံစည်"ဟု ဟောတော်မူ၏။

မင်းမြတ် ဝေဿန္တရာမင်းသည် အမျက်မထွက်သဖြင့် အမျက်ထွက်သူကို အောင်နိုင်၏၊ မကောင်းသူကို ကောင်းအောင် စောင့်စည်းခြင်းဖြင့် အောင်နိုင်၏၊ နှမြောစဉ်းလဲသူကို ပေးကမ်းလှူဒါန်းခြင်းဖြင့် အောင်နိုင်၏၊ မမှန်ပြောဆိုသူကို အမှန်ပြောဆိုခြင်းဖြင့် အောင်နိုင်၏၊ အကုသိုလ်အားလုံးကို ကုသိုလ်ဖြင့် အောင်နိုင်၏၊ ဤသို့ပေးလှူသော တရားသို့အစဉ်လိုက်သော တရားလျှင် အမှီရှိသော ထိုဝေဿန္တရာမင်း၏ အလှူ၏အကျိုးဆက်နှင့် အားကြီးသော လုံ့လတို့၏ ပြန့်စည်ပွါးစည်းသောကြောင့် (ရေကိုခံသော) အောက်ခံလေကြမ်းကြီးတို့သည် လှုပ်ကုန်၏၊ ဖြည်းဖြည်းတကြိမ်တကြိမ် လုံးထွေးလုံးထွေးကုန်လျက် တိုက်ခတ်ကုန်၏၊အောက်သို့ ညွတ် ရှိုင်း ကုန်၏၊အထက်သို့ပင် တက်ကုန်၏၊ယိမ်းယိုင်ညွတ်ကျေး နံဘေးသို့ ပျံ့ကုန်၏၊ ကျိုးပြတ်ခြင်းသို့ ရောက်ကုန်သော သစ်ပင်ကြီးငယ်တို့သည် လဲကျကုန်၏၊မိုးတိမ်တို့သည် အစုလိုက် အစုလိုက် ကောင်းကင်ပြင်၌ ထိုဤလှုပ်ရှား ပြေးသွားကုန်၏၊ မြူနှင့်ပေါင်းရုံး လုံးစည်းမိသော လေတို့သည် ကြမ်းထမ်း ပြင်းထန်

http://www.dhammadownload.com



ကုန်၏၊ လေတို့သည် ကောင်းကင်ပြင်ကို နှိပ်နင်းကုန်လျက် တိုက်ခတ်ကုန်၏၊ ဆောလျင်စွာ လှင့်မှုတ် လှင့်မှုတ်ပင့်၍ ထုတ်ကုန်၏၊ အသံသည် သည်းစွာကြောက်မက်ဖွယ်ဖြစ်လျက် ပေါ်ထွက်၏၊ထိုလေတို့သည် ပကတိမဟုတ် လှင့်မှုတ်ဖောက်ပြန်ခဲ့ကုန်သော် ရေသည် ဖြည်းဖြည်း ဖြည်းဖြည်း လှုပ်၏၊ ရေလှုပ်သော် ငါးလိပ်အပေါင်းတို့သည် လှုပ်ချောက်ချားကုန်၏၊ လှိုင်းတံပိုးတို့သည် အဆိုင်အဆိုင် အပြိုင်အပြိုင်ဖြစ်ကုန်၏၊ ရေ၌ကျက်စားကုန်သော သတ္တဝါအပေါင်းတို့သည် ထိတ်လန့်ကုန်၏၊ ရေလှိုင်းရေလုံးသည် အစုံအစုံ ဖွဲ့ယှက် ရောပြွမ်းလျက် စီး၏၊ ရေလှိုင်းပုတ်ခတ်သံ ဖြစ်ပေါ်လာ၏၊ ပြင်းထန်ကြမ်းထမ်းကုန်သော ရေလုံးရေပွက်တို့ ထကုန်၏၊ ရေမြှုပ် ရေပန်းတို့ဖြစ်ကုန်၏၊ သမုဒ္ဒြာ ပင်လယ်ကြီးသည် လျံတက်၏၊ ရေသည် တူရူအဖြောင့် အထောင့်အရပ်သို့ စီးသွားပြေးထွက်၏၊ ရေအယဉ်တို့သည် အထက်သို့တက်ကာ ရေညာသို့ ရှေးရှုကုန်လျက် စီးကုန်၏၊ အသုရာ ဂဠုန် နဂါး ဘီလူးတို့သည် "အသို့လေနည်း အဘယ်လေနည်း သမုဒ္ဒြာသည် ထက်အောက်ပြောင်းပြန် ဖောက်ပြန်စီးခဲ့၏တကား"ဟု ထိတ်လန့်ကြကုန်၏၊ ကြောက်ရွံ့သော စိတ်ရှိကုန်သည်ဖြစ်၍ ပြေးရာလမ်းစ ရှာမှီးကြကုန်၏၊ ရေအလျဉ် လှုပ်ချောက်ချား၍ ကျိုက်ကျိုက်ဆူပွက်သော် မြေအလုံးသည် တော တောင် သမုဒ္ဒြာနှင့်တကွ လှုပ်၏၊ မြေကြီးတုန်လှုပ်လတ်သော် မြင့်မိုရ် သတ္တရဗ္ဗန် တောင်ထွတ် ကျောက်ထွတ်ဟူသမျှသည် ချာချာလည်၏၊မီးအုံးသောကြိမ်ညွန့်အလား ညွတ်ပြားတိမ်းယိမ်း၏၊မြွေ မြွေပါ ကြောင် မြေခွေး ဝက် သားငှက်အပေါင်းတို့သည် စိတ်ထားမမှန် ဖောက်ပြန်ကုန်၏၊ တန်ခိုးနည်းသောနတ်တို့သည် ငိုကြွေးအော်ဟစ်ကုန်၏၊ တန်ခိုးကြီးသော နတ်တို့သည် ရယ်ရွှင်ကုန်၏။

မင်းမြတ် ဥပမာအားဖြင့် ဆန်လောင်း၍ ရေအပြည့် ထည့်ထားသော ထမင်းအိုးကြီးကို ဖိုခုံ လောက်သို့ တင်လျက် အောက်မှ မီးတိုက်လတ်သော် မီးသည် ရှေးဦးစွာ ထမင်းအိုးကို ပူလောင် စေ၏၊ ပူလောင်သော ထမင်းအိုးသည် ရေကို ပူလောင်စေ၏၊ ပူလောင်သော ရေသည် ဆန်ကို ပူလောင်စေ၏၊ ဆန်သည် ပူလောင်သည်ရှိသော် ပေါ်လည်းပေါ်၏၊မြုပ်လည်း မြုပ်၏၊ ပွက်ပွက် ဆူ၏၊ အမြှုပ်ထလျက် လျံတက်၏၊ မင်းမြတ် ဤအတူသာလျှင် ဝေဿန္တရာမင်းသည် လောက၌ စွန့်နိုင်ခဲသော သား မယားစသည်ကို စွန့်ပေ၏၊ စွန့်နိုင်ခဲသည့် ထိုသားမယားစသည်ကို စွန့်သော ထိုဝေဿန္တရာမင်း၏ အလှူဒါန၏သဘာဝဖြစ်သော အကျိုးဆက်ကြောင့် ရေကိုခံသော အောက်ခံလေကြီးတို့သည် ဝန်ကိုဆောင်ခြင်းငှါ မစွမ်းနိုင်ကုန်သည်ဖြစ်၍ လှင့်မှုတ် ဖောက်ပြန် ကုန်၏၊ လေကြီးတို့ လှင့်မှုတ်ဖောက်ပြန်ကုန်သော် ရေသည် တုန်လှုပ်၏၊ ရေတုန်လှုပ်သော် မြေကြီးတုန်လှုပ်၏၊ ဤသို့လျှင် ထိုဝေဿန္တရာမင်းလှူသော အခါ၌ ရေကို ခံသော လေ ရေ မြေကြီးဟူသော ဤသုံးမျိုးတို့သည် အလှူကြီး၏ အကျိုးဆက်ကြောင့်ရင်း ပြန့်ပွါးသော အစွမ်း လုံ့လကြောင့်ရင်း တစိတ်တဝမ်းတည်းကဲ့သို့ ဖြစ်ကုန်၏၊ မင်းမြတ် ဝေဿန္တရာမင်း အလှူမြတ်၏ အာနုဘော်ကဲ့သို့သော ဤဝေဿန္တရာမင်း၏အလှူနှင့်တူသော တပါးသောသူ၏ အလှူအာနုဘော် သည် မရှိပေ၊ မင်းမြတ် ဥပမာအားဖြင့် ဣန္ဒနီလာကျောက် နီလာကြီး ဇောတိရသ်ကျောက် ကြောင်မျက်ရွဲ ပတ္တမြားညို စိန်ဖြူ မနောဟရပတ္တမြား သူရိယကန်ကျောက် စန္ဒရကန်ကျောက် ဝေဠုရိယ်ခဇ္ဇောပနကကျောက် ဖုဿရာဂမည်သော ဥဿဖယားကျောက် ပတ္တမြားနီ ပတ္တမြား ပြောက်ဟူသော များစွာသော ဤကျောက်မျိုးတို့သည် မြေ၌ ရှိကုန်၏၊ ထိုအလုံးစုံသော ကျောက်မျိုးတို့ကို လွန်၍ စကြာဝတေးမင်း၏ပတ္တမြားရတနာကို အမြတ်ဆုံးဟူ၍ ဆိုရ၏၊ မင်းမြတ် စကြာဝတေးမင်း၏ ပတ္တမြားရတနာသည် ထက်ဝန်းကျင်မှ တယူဇနာတိုင်တိုင် ထွန်းလင်း

http://www.dhammadownload.com



တောက်ပ၏၊မင်းမြတ် ဤအတူသာလျှင် အလွန်ကဲဆုံးသော အသဒိသဒါနပင်ဖြစ်စေကာမူ မြေပြင်၌ အလုံးစုံသော ဒါနကိုလွန်၍ ဝေဿန္တရာမင်း၏ ဒါနကြီးကို အမြတ်ဆုံးဟူ၍ ဆိုရ၏၊ မင်းမြတ် ဝေဿန္တရာမင်းသည် အလှူကြီးကို ပေးလှူသည်ရှိသော် ခုနစ်ကြိမ်တိုင် မြေကြီးတုန်လှုပ်၏။

အသျှင်ဘုရားနာဂသေန ဘုရားရှင်တို့၏ ဂုဏ်တော်သည် လက်ဖျစ်ခတ်တီး အံ့ချီးလောက်ပါပေ၏၊ အသျှင်ဘုရားနာဂသေန ဘုရားရှင်တို့၏ဂုဏ်တော်သည် မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ အကြင့်ကြောင့် မြတ်စွာဘုရားသည် ဘုရားလောင်းသာဖြစ်ပါလျက် လူများအပေါင်းနှင့် မတူမတန်သော ဤမျှ သည်းခံတော်မူနိုင်ပါပေ၏၊ ဤသို့ စိတ်ရှိတော်မူပါပေ၏၊ ဤသို့ အာသာဆန္ဒတောင့်ထခြင်းရှိတော်မူပါပေ၏၊ ဤသို့ အလိုရှိတော်မူပါပေ၏၊ အသျှင်ဘုရားနာဂသေန ဘုရားလောင်းတို့၏ အစွမ်းလုံ့လကို ထင်ရှားပြအပ်ပါပေပြီ၊ ဘုရားရှင်တို့၏ ပါရမီတော်ကိုလည်း အလွန်ထွန်းလင်းစေအပ်ပါပြီ၊ စရိယသုံးပါးကို ရှေးဦးစွာ ကျင့်ဆဲလည်းဖြစ်ပေသော ဘုရားရှင်တို့၏ နတ်နှင့်တကွသော လောက၌ မြတ်သည့်အဖြစ်ကို ကောင်းစွာပြအပ်ပါပြီ၊ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ မြတ်စွာဘုရား သာသနာတော်ကို ချီးကျူးအပ်ပါပြီ၊ မြတ်စွာဘုရား၏ ပါရမီတော်ကို တောက်ထွန်းစေအပ်ပါပြီ၊ တိတ္ထိတို့၏ဝါဒ အဖုအထုံးကို ဖြတ်အပ်ပါပြီ၊ သူတပါးတို့ စွဲဆိုခြင်းဟူသော အိုးကို ခွဲအပ်ပါပြီ၊ နက်နဲသောအမေးပုစ္ဆာပြဿနာကို ပေါ်လွင်အောင် ပြုအပ်ပါပြီ၊ တောရှုပ်ကို အရှုပ် မရှိအောင် ပြုအပ်ပါပြီ၊ ဘုရားသားတော်တို့သည် ငြိမ်းဖွယ်ကို ကောင်းစွာ ရအပ်ပါပြီ၊ ဂိုဏ်းမှူးအမြတ်တို့ထက် မြတ်စွာသော အသျှင်ဘုရား ဤအတိုင်းဟုတ်ပါပေ၏၊ ထိုအသျှင်ဘုရား ဆိုတိုင်းပင် ဝန်ခံပါကုန်၏ဟု (လျှောက်၏)။

လေးခုမြောက် ပထဝီစလနပဥ္စာ ပြီး၏။

---

## ၅-သိဝိရာဇစက္ခုဒါနပဥ္စာ

(သိဝိမင်းမျက်လုံးကိုထုတ်၍ ပေးလှူခြင်း ပြဿနာ)

၅။ အသျှင်ဘုရားနာဂသေန "သိဝိမင်းသည် တောင်းခံလာသော ပုဏ္ဏားအား မျက်လုံးတော်တို့ကို ပေးလှူအပ်ကုန်၏၊ စုံလုံးကန်းသည် ဖြစ်ရလျက် တဖန် နတ်မျက်စိတို့သည် ဖြစ်ပေါ်ကုန်၏"ဟု အသျှင်ဘုရားတို့ ဆိုကုန်၏၊ ဤစကားသည်လည်း အပြစ်နှင့် တကွဖြစ်၏၊ နှိပ်ဖွယ်နှင့်တကွဖြစ်၏၊ ဒေါသနှင့်တကွဖြစ်၏၊ "အကြောင်းကို ပယ်ဖြတ်အပ်သော် အကြောင်းမဲ့ လတ်သော် မှီရာမရှိလတ်သော် နတ်မျက်စိနှင့်တူသော မျက်စိ၏ဖြစ်ခြင်းသည် မရှိ"ဟု သုတ္တန်၌ ဟောတော်မူအပ်၏၊ အသျှင်ဘုရားနာဂသေန သိဝိမင်းသည် တောင်းခံလာသော ပုဏ္ဏားအား မျက်လုံးတော်တို့ကို အကယ်၍ ပေးလှူအပ်ကုန်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ "တဖန်နတ်မျက်စိတို့သည် ဖြစ်ကုန်၏" ဟူသော စကားသည် မှားရာ၏၊ နတ်မျက်စိတို့သည် အကယ်၍ ဖြစ်ပေါ်ကုန်သည် ဖြစ်အံ့၊ ထိုသို့ဖြစ်ပေါ်မူ သိဝိမင်းသည် တောင်းခံလာသော ပုဏ္ဏားအား မျက်လုံးတော်တို့ကို ပေးလှူအပ်ကုန်၏ဟူသော စကားသည် မှားရာ၏၊ ဤပြဿနာသည်လည်း အစွန်းနှစ်ဖက် ထွက်ပါ၏၊ အထုံးအဖွဲ့ဖြစ်သည်ထက် အထုံးအဖွဲ့ဖြစ်ပါ၏၊ ထွေးလုံးရစ်ပတ်သည်ထက် ထွေးလုံးရစ်ပတ်ပါ၏၊ ရှုပ်ထွေးသည်ထက် ရှုပ်ထွေးပါ၏၊ ထိုအစွန်းနှစ်ဖက်ထွက်သော ပြဿနာသည် အသျှင်ဘုရားသို့ အစဉ်ရောက်လာပါ၏၊ ထိုပြဿနာ၌ ငြိမ်းခြေင်းငှါရင်း ပရဝါဒီပုဂ္ဂိုလ်တို့ကို နှိပ်ခြင်းငှါရင်း အလိုဆန္ဒတော်ကို ဖြစ်စေပါလော့ဟု (လျှောက်၏)။

http://www.dhammadownload.com



မင်းမြတ် သိဝိမင်းသည် တောင်းခံလာသော ပုဏ္ဏားအား မျက်လုံးတော်တို့ကို ပေးလှူတော်မူ၏၊ ထိုမျက်လုံးတော်တို့ကို ပေးလှူရာ၌ ယုံမှားခြင်းကို မဖြစ်စေလင့်၊ တဖန် နတ်မျက်စိတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ထိုသို့ နတ်မျက်စိဖြစ်ပေါ်ရာ၌လည်း ယုံမှားခြင်းကို မဖြစ်စေလင့်။ အသျှင်ဘုရားနာဂသေန မေးလျှောက်ပါဦးအံ့၊ အကြောင်းကို ပယ်ဖြတ်အပ်သော် အကြောင်းမဲ့လတ်သော် မှီရာမရှိလတ်သော် နတ်မျက်စိသည် ဖြစ်ပေါ်ပါသလော ဟု (လျှောက်၏)။ မင်းမြတ် မဖြစ်နိုင်။ အသျှင်ဘုရား အကြင်အကြောင်းကြောင့် အကြောင်းကို ပယ်ဖြတ်အပ်ပြီးသော် အကြောင်းမဲ့ လတ်သော် တည်ရာ မရှိလတ်သော် နတ်မျက်စိသည် ဖြစ်၏၊ဤအရာ၌ ထိုအကြောင်းကား အဘယ်ပါနည်း၊ တိုက်တွန်း တောင်းပန်ပါ၏၊ ရှေးဦးစွာ (ခိုင်လုံသော) အကြောင်းဖြင့် အကျွန်ုပ်ကို သိစေတော်မူပါလော့။

မင်းမြတ် အသို့နည်း လောက၌ အကြင်သစ္စာဖြင့် သစ္စာကို ဆိုလေ့ရှိသောသူတို့သည် သစ္စာဆိုခြင်း အမှုကိုပြု၏၊ ထိုသစ္စာမည်သည် ရှိသည် မဟုတ်လော။ အသျှင်ဘုရားနာဂသေန ရှိပါ၏၊ လောက၌ သစ္စာဖြင့် သစ္စာဆိုလေ့ရှိကုန်သော သူတို့သည် သစ္စာဆိုခြင်း အမှုကိုပြု၍ မိုးကို ရွာစေကုန်၏၊ မီးကို ငြိမ်းစေကုန်၏၊ အဆိပ်ကို ပယ်ဖျောက်နိုင်ကုန်၏၊ အခြားတပါးသော အထူးထူး အထွေထွေသော ပြုဖွယ်ကိစ္စကို ပြုပါကုန်၏။ မင်းမြတ် သို့ဖြစ်လျှင် သိဝိမင်း၏ သစ္စာအစွမ်းကြောင့် နတ်မျက်စိတို့သည် ဖြစ်ကုန်၏ဟူသော စကားသည် သင့်လျော်၏၊ ညီညွတ်၏၊ မင်းမြတ် သစ္စာ၏ အစွမ်းကြောင့် အမှီမရှိလျှင်မူလည်း နတ်မျက်စိသည် ဖြစ်၏၊ သစ္စာသည်ပင် ထိုနတ်မျက်စိဖြစ်ရာ၌ နတ်မျက်စိဖြစ်ခြင်းငှါ မှီရာဖြစ်၏။

မင်းမြတ် ဥပမာအားဖြင့် အလုံးစုံကုန်သော သတ္တဝါတို့သည် “မိုးကြီး သည်းစွာ ရွာစေသတည်း” ဟု သစ္စာဆိုကုန်၏၊ ထိုသူတို့၏ သစ္စာဆိုသည်နှင့် တပြိုက်နက် မိုးကြီးသည် ရွာ၏၊ မင်းမြတ် အကြင်အကြောင်းဖြင့် မိုးကြီးသည် ရွာ၏၊ ကောင်းကင်၌ ထိုမိုးရွာခြင်း၏ အကြောင်းသည် စုဝေးလျက်ရှိသလော။ အသျှင်ဘုရား မရှိပါ၊ ထိုမိုးကြီးရွာရာ၌ မိုးကြီးရွာခြင်းငှါ သစ္စာသည်သာလျှင် တည်ရာအကြောင်းဖြစ်ပါ၏။ မင်းမြတ် ဤအတူသာလျှင် ထိုနတ်မျက်စိဖြစ်ခြင်း၏ ပြကတေ့သော အကြောင်းသည် မရှိ၊ ဤနတ်မျက်စိဖြစ်ပေါ်ရာ၌ နတ်မျက်စိဖြစ်ခြင်းငှါ သစ္စာသည်သာလျှင် တည်ရာအကြောင်းဖြစ်၏။

မင်းမြတ် ဥပမာတမျိုးသော်ကား အလုံးစုံသော သတ္တဝါတို့သည် “အလျှံ ပြောင်ပြောင်တောက်သော မီးပုံကြီးသည် ငြိမ်းစေသတည်း” ဟု သစ္စာဆိုကုန်၏၊ ထိုသူတို့ သစ္စာဆိုသည်နှင့် တပြိုင်နက် အလျှံပြောင်ပြောင်တောက်သော မီးပုံကြီးသည် တခဏခြင်းဖြင့် ငြိမ်း၏၊ မင်းမြတ် အကြင်အကြောင်းဖြင့် အလျှံပြောင်ပြောင်တောက်သော မီးပုံကြီးသည် တခဏခြင်းဖြင့် ငြိမ်း၏၊ အလျှံပြောင်ပြောင်တောက်သော ထိုမီးပုံကြီး၌ ထိုမီးငြိမ်းခြင်း အကြောင်းသည် စုဝေးလျက်ရှိသလော။ အသျှင်ဘုရား မရှိပါ၊ ထိုမီးငြိမ်းရာ၌ အလျှံပြောင်ပြောင်တောက်သော ထိုမီးပုံကြီး၏ ခဏခြင်းဖြင့် ငြိမ်းခြင်းငှါ သစ္စာသည်သာလျှင် တည်ရာအကြောင်းဖြစ်ပါ၏။ မင်းမြတ် ဤအတူသာလျှင် ထိုသိဝိမင်းအား ပြကတေ့သော အကြောင်းသည် မရှိ၊ ဤနတ်မျက်စိဖြစ်ရာ၌ နတ်မျက်စိဖြစ်ခြင်းငှါ သစ္စာသည်သာလျှင် တည်ရာအကြောင်းဖြစ်၏။

မင်းမြတ် ဥပမာတနည်းသော်ကား အလုံးစုံသော သတ္တဝါတို့သည် “လတ်တလော သေစေတတ်သော အဆိပ်သည် ဆေးဖြစ်စေသတည်း” ဟုသစ္စာဆိုကြကုန်၏၊ ထိုသူတို့ သစ္စာဆိုသည်နှင့်

http://www.dhammadownload.com



တပြိုင်နက် လတ်တလော သေစေတတ်သော အဆိပ်သည် ခဏခြင်းဖြင့် ဆေးဖြစ်၏၊ မင်းမြတ် အကြင် အကြောင်းဖြင့် လတ်တလောသေစေတတ်သော အဆိပ်သည် ခဏခြင်းဖြင့် ဆေးဖြစ်၏၊ ထိုလတ်တလော သေစေတတ်သော အဆိပ်၌ ထိုအကြောင်းသည် စုဝေးလျက်ရှိပါသလော။ အသျှင်ဘုရား မရှိပါ၊ ထိုဆေးဖြစ်ရာ၌ လတ်တလော သေစေတတ်သော အဆိပ်၏ ခဏခြင်းဖြင့် ပယ်ဖျောက်ခြင်းငှါ သစ္စာသည်သာလျှင် တည်ရာအကြောင်းဖြစ်ပါ၏။ မင်းမြတ် ဤအတူသာလျှင် ပြကတေ့သော အကြောင်းကို ကြဉ်၍ ဤနတ်မျက်စိဖြစ်ရာ၌ နတ်မျက်စိ၏ ဖြစ်ခြင်းငှါ သစ္စာသည်သာလျှင် တည်ရာအကြောင်းဖြစ်၏။

မင်းမြတ် အရိယသစ္စာလေးပါးတို့ကိုလည်း ထိုးထွင်း၍ သိခြင်းငှါ သစ္စာမှ တပါးသော တည်ရာအကြောင်းသည် မရှိ၊ သစ္စာကို တည်ရာအကြောင်းပြု၍ အရိယသစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိကုန်၏၊ မင်းမြတ် စိန်တိုင်းပြည်၌ စိန်မင်းသည် ရှိ၏၊ ထိုစိန်မင်းသည် မဟာသမုဒ္ဒရာ၌ ရေသဘင်ကစားလိုသည်ဖြစ်၍ လေးလတကြိမ် လေးလတကြိမ် သစ္စာဆိုခြင်းကို ပြုလျက် ရထားနှင့်တကွ မဟာသမုဒ္ဒရာအတွင်းသို့ တယူဇနာတိုင်တိုင် သက်ဝင်လေ၏၊ ထိုရထားဦး၏ ရှေ့မှရှေ့မှ ရေလုံးကြီးသည် ရှဲဆုတ်လေ၏၊ ရထားပြန်ထွက်သွားပြီးနောက် ပြန်၍ လွှမ်းမိုး၏၊ မင်းမြတ် ထိုမဟာသမုဒ္ဒရာကို နတ်နှင့်တကွသော လောကသည်လည်း ပြကတေ့ ကိုယ်အင်အားဖြင့် ရှဲဆုတ်စေခြင်းငှါ စွမ်းနိုင်အံ့လော။ အသျှင်ဘုရား အလွန်ရေနည်းသော တဖက်ဆည်ကန်၌သော်လည်း နတ်နှင့်တကွသော လောကသည် ပြကတေ့သော ကိုယ်အင်အားဖြင့် ရေကို ရှဲဆုတ်စေခြင်းငှါ မစွမ်းနိုင်ပါ၊ မဟာသမုဒ္ဒရာ၌ ရေကို အဘယ်မှာ ရှဲဆုတ်စေခြင်းငှါ စွမ်းနိုင်ပါအံ့နည်း။ မင်းမြတ် ဤအကြောင်းဖြင့်လည်း "သစ္စာဖြင့် မရောက်အပ်သော အရပ်သည် မရှိ"ဟု သစ္စာ၏ စွမ်းအားကို သိအပ်၏။

မင်းမြတ် ပါဋလိပုတ်ပြည်၌ အသောကမည်သော တရားမင်းမြတ်သည် နိဂုံးဇနပုဒ် သူတို့နှင့်တကွသော အမတ် မင်းခစား စစ်သည်ဗိုလ်ပါ အမတ်ကြီးတို့ဖြင့် ခြံရံလျက် ရေသစ်တို့ဖြင့် ပြည့်လျှံသော ကမ်းနှင့်အညီအမျှ ပြည့်သော အလျားယူဇနာ ငါးရာရှည်သော တယူဇနာကျယ်ပြန့်သော ဂင်္ဂါမြစ်ရေစီးနေသည်ကို မြင်တော်မူ၍ အမတ်တို့ကို "အမတ်တို့ အကြင်သူသည် ဤဂင်္ဂါမြစ်ကြီးကို ရေဆန်ရေညာသို့ ပြန်စီးစေခြင်းငှါ စွမ်းနိုင်၏၊ တစုံတယောက်သော ထိုသူသည် ရှိပါသလော"ဟု မိန့်ဆို၏။ အမတ်တို့သည် "မင်းမြတ် ခဲယဉ်းလှ၏"ဟု (လျှောက်ကုန်၏)။

ထိုဂင်္ဂါမြစ်ကမ်း၌ပင် ရပ်နေသော ဗန္ဓုမတီမည်သော ပြည့်တန်ဆာမသည် "ဤဂင်္ဂါမြစ်ကြီးကို ရေဆန်ရေညာသို့ ပြန်စီးစေခြင်းငှါ တတ်ကောင်းအံ့လော"ဟု မင်းကြီးသည် ဤသို့ ဆိုသတတ်ဟု ကြားလေ၏၊ ထိုပြည့်တန်ဆာမသည် "ငါသည်ကား ပါဋလိပုတ်ပြည်၌ ပြည့်တန်ဆာမတည်း၊ အဆင်းကိုမှီလျက် အသက်မွေးရသည်ဖြစ်၍ ယုတ်ညံ့သော အသက်မွေးခြင်းရှိသောမိန်းမတည်း၊ မင်းသည် ငါ၏သစ္စာပြုခြင်းကို မြင်စေသတည်း"ဟု ဆို၏၊ ထို့နောက် ထိုပြည့်တန်ဆာမသည် သစ္စာပြု၏၊ ထိုပြည့်တန်ဆာမ သစ္စာပြုသည်နှင့် တပြိုင်နက် ထိုဂင်္ဂါမြစ်ကြီးသည် တဝုန်းဝုန်းမြည်လျက် လူအများကြည့်ရှုစဉ် ရေဆန်ရေညာသို့ စီးလေ၏။

ထိုအခါ၌ အသောကမင်းသည် ရေဝဲလှိုင်းတံပိုး အဟုန်တို့ကြောင့်ဖြစ်သော ဝုန်းဝုန်းသံကို ကြား၍ အံ့ဩလျက် မဖြစ်ဘူးမြဲ အံ့ဖွယ်သရဲရှိသည်ဖြစ်၍ "အမတ်တို့ အဘယ့်ကြောင့် ဤဂင်္ဂါမြစ်ကြီးသည် ရေဆန် ရေညာသို့ စီးသနည်း"ဟု အမတ်တို့ကို မေးတော်မူ၏။ မင်းမြတ် ဗန္ဓုမတီ

http://www.dhammadownload.com



ပြည့်တန်ဆာမသည် အရှင်မင်းမြတ်၏ စကားကို ကြား၍ သစ္စာပြုပါ၏၊ ထိုပြည့်တန်ဆာမ သစ္စာပြုခြင်းကြောင့် ဂင်္ဂါမြစ်ကြီးသည် ရေညာသို့ ရွေးရှုစီးပါ၏ဟု (လျှောက်ကုန်၏)။

ထိုအခါ အသောကမင်းကြီးသည် ထိတ်လန့်သော နှလုံးရှိသည်ဖြစ်၍ အလျင်အမြန် ကိုယ်တိုင်သွားလျက် "ဟယ် ပြည့်တန်ဆာမ သင်သည် သစ္စာပြုခြင်းဖြင့် ဤဂင်္ဂါမြစ်ကြီးကို ရေညာသို့ စီးစေ၏ဟုဆိုသော စကားသည် မှန်သလော"ဟု ထိုပြည့်တန်ဆာမကို မေးတော်မူ၏။ မင်းမြတ် ဟုတ်မှန်ပါ၏ဟု လျှောက်၏။ "သင်ပြည့်တန်ဆာမအား ထိုသစ္စာပြုခြင်း၌ အဘယ်အစွမ်းရှိသနည်း၊ မရူးမသွပ်ပဲ အဘယ်သူသည်မူလည်း သင်၏ စကားကို နာယူမည်နည်း၊ သင်သည် အဘယ်သို့သော အစွမ်းဖြင့် ဤဂင်္ဂါမြစ်ကြီးကို ရေညာသို့ ပြန် စီးစေသနည်း"ဟု အသောကမင်းသည် မိန့်တော်မူ၏။ မင်းမြတ် "အကျွန်ုပ်သည် သစ္စာ၏ အစွမ်းဖြင့် ဤဂင်္ဂါမြစ်ကြီးကို ရေညာသို့ ပြန်စီးစေပါ၏"ဟု ထိုပြည့်တန်ဆာမ လျှောက်၏။

"(သူ့လင် သူ့သားကို) ခိုးယူတတ်သော ကာမကြူးသော သတိမရှိသော အရှက်မရှိသော ယုတ်ညံ့သော သီလပျက်သော အရှက် ကုန်သော မိုက်မဲသူကို ဖြားယောင်းလှည့်ပတ်တတ်သော သင့်အား အဘယ်သစ္စာအစွမ်းရှိသနည်း"ဟု အသောကမင်း မိန့်တော်မူ၏။ မင်းမြတ် ကျွန်တော်မျိုးမသည် ထိုဆိုတိုင်းသော သဘောရှိသည် မှန်ပါ၏၊ မင်းမြတ် ထိုသို့ ဆိုတိုင်းသော သဘောရှိသော်လည်း အကျွန်ုပ်အား သစ္စာပြုခြင်း ရှိပါ၏၊ အကျွန်ုပ်သည် ယင်းသစ္စာပြုခြင်းဖြင့် အလိုရှိသော် နတ်နှင့်တကွသော လောကကို ပြန်လှန်နိုင်ရာပါ၏ဟု လျှောက်၏။ "ထိုသစ္စာပြုခြင်းသည် အဘယ်သစ္စာ ဖြစ်ပါသနည်း၊ တိုက်တွန်းပါ၏၊ငါ့ကို လျှောက်တင်ပါလော့"ဟု အသောကမင်း မိန့်တော်မူ၏။ မင်းမြတ် အကျွန်ုပ်အား မင်းမူလည်း ဖြစ်စေ ပုဏ္ဏားမူလည်း ဖြစ်စေ ကုန်သည်မူလည်း ဖြစ်စေ သူဆင်းရဲမူလည်း ဖြစ်စေ ဆိုအပ်ပြီးသည်မှ တပါးသောသူ တစုံတယောက် ဖြစ်စေ အကြင်သူသည် ဥစ္စာကြေးငွေကို ပေး၏၊ ထိုသူတို့အား အတူအမျှသာ လုပ်ကျွေးပြုစုပါ၏၊ "မင်းပေတည်း"ဟု အထူးအထွေ မရှိပါ၊ "သူဆင်းရဲပေတည်း"ဟု မထေမဲ့မြင်ပြုခြင်းမရှိပါ၊ ချစ်ခြင်း မုန်းခြင်း လွတ်ကင်း၍ ဥစ္စာရှင်ကို လုပ်ကျွေးပြုစုပါ၏၊ မင်းမြတ် အကြင်သစ္စာပြုခြင်းဖြင့် ကျွန်တော်မျိုးမသည် ဤဂင်္ဂါမြစ်ကြီးကို ရေညာသို့ ပြန်စီးစေပါ၏၊ ဤသည်ကား အကျွန်ုပ်၏ သစ္စာပြုခြင်းပါတည်းဟု လျှောက်တင်၏။

မင်းမြတ် ဤသို့လျှင် သစ္စာ၌ တည်ခဲ့ကုန်သော် တစုံတခုသော အကျိုးကို မရသည် မဟုတ်၊ ရကုန်လိမ့်သာတည်း၊ မင်းမြတ် သိဝိမင်းသည် တောင်းခံလာသော ပုဏ္ဏားအား မျက်စိတော်တို့ကို ပေးလှူလည်း ပေးလှူအပ်ကုန်၏၊ နတ်မျက်စိတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ထိုနတ်မျက်စိဖြစ်ပေါ်ခြင်းသည်လည်း သစ္စာပြုသောကြောင့် ဖြစ်ပေါ်ကုန်၏၊ "မံသစက္ခု ပျက်သည်ရှိသော် အကြောင်းမရှိလတ်သော် တည်ရာ မရှိလတ်သော် ဒိဗ္ဗစက္ခု ဖြစ်ပေါ်ခြင်းမရှိ" ဟု သုတ္တန်၌ အကြင်စကားကို ဟောတော်မူအပ်၏၊ ထိုစကားကို ဘာဝနာဖြင့် ပြီးသော ဒိဗ္ဗစက္ခုမည်သော မျက်စိကို ရည်ရွယ်၍ ဟောတော်မူအပ်၏၊ ထို့ကြောင့် မင်းမြတ် သင်မင်းမြတ်သည် ဤယခုပြဆိုသည့်အတိုင်း ဤအကြောင်းကို မှတ်လော့ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ပြဿနာကို ကောင်းစွာ ဖြေရှင်းတော်မူနိုင်ပါ၏၊ နိုပ်ဖွယ်ကို ကောင်းစွာ ညွှန်ကြား ပြဆိုအပ်ပါပြီ၊ သူတပါးတို့ စွပ်စွဲစကားကို ကောင်းစွာ ချိုးဖဲ့အပ်ပါပြီ၊ ဤအတိုင်း ဟုတ်မှန်ပါပေ၏၊ အသျှင်ဘုရား မိန့်ဆိုတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

**ငါးခုမြောက် သိဝိရာဇစက္ခုဒါနပဥှာ ပြီး၏။**

http://www.dhammadownload.com



## ၆-ဂဏ္ဍဝက္ကန္တိပဥှာ

### (ကိုယ်ဝန်တည် ပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ အကြောင်းသုံးပါးတို့၏ ပေါင်းဆုံညီညွတ်ခြင်းကြောင့် ကိုယ်ဝန်တည်ခြင်းဖြစ်၏၊ ဤအရာ၌ အမိအဖတို့သည်လည်း ညီညွတ်ပေါင်းဆုံ စပ်ယှက်ကုန်၏၊ အမိသည်လည်း မိန်းမခမ္မတာ ဥတုလာပြီးစဖြစ်၏၊ ပဋိသန္ဓေနေမည့် သတ္တဝါသည်လည်း ရှေးရှုတည်၏၊ ရဟန်းတို့ ဤအကြောင်းသုံးပါးတို့၏ ပေါင်းဆုံညီညွတ်ခြင်းကြောင့် ကိုယ်ဝန်တည်ခြင်းဖြစ်၏" ဟူသော ဤစကားတော်ကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်၏၊ ဤစကားတော်သည် အကြွင်းမဲ့သော စကားတော်ပါတည်း၊ အကြွင်းမထားသော စကားတော်ပါတည်း၊ ပရိယာယ်မဟုတ် မုချစကားတော်ပါတည်း၊ မလျို့ဝှက်သော စကားတော်ပါတည်း၊ နတ်နှင့် တကွသော လူတို့၏ အလယ်၌ နေ၍ ဟောတော်မူအပ်ပါ၏၊ အကြောင်းနှစ်ပါးတို့၏ ပေါင်းဆုံညီညွတ်ခြင်းကြောင့် ကိုယ်ဝန်တည်ခြင်းသည်လည်း ထင်ပါ၏၊ဒုကူလရသေ့သည် ပါရိကာရသေ့မ၏ ဥတုလာပြီးစအခါ၌ လက်ျာလက်မဖြင့် ချက်ကို သုံးသပ်အပ်၏၊ ထိုဒုကူလရသေ့၏ ထိုချက်ကို သုံးသပ်ခြင်းဖြင့် သာမသတို့သား ဖြစ်လာ၏၊ မာတင်္ဂရသေ့သည်လည်း ဒိဋ္ဌမင်္ဂလိကာမည်သော ပုဏ္ဏေးမပျို၏ ဥတုလာပြီးစအခါ၌ လက်ျာလက်မဖြင့် ချက်ကို သုံးသပ်၏၊ ထိုမာတင်္ဂရသေ့၏ ထိုချက်ကို သုံးသပ်ခြင်းဖြင့် မဏ္ဍဗျအမည်ရှိသော လုလင်သည် ဖြစ်လာ၏၊ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ အကြောင်းသုံးပါးတို့၏ ပေါင်းဆုံ ညီညွတ်ခြင်းကြောင့် ကိုယ်ဝန်တည်ခြင်းဖြစ်၏ဟု အကယ်၍ မြတ်စွာဘုရားဟောတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ "သာမသတို့သားသည်၎င်း မဏ္ဍဗျလုလင်သည်၎င်း ထိုနှစ်ယောက်သော သူတို့သည်လည်း ချက်ကို သုံးသပ်ခြင်းဖြင့် ဖြစ်လာကုန်၏" ဟူသော စကားသည် မှားရာ၏၊ အသျှင်ဘုရား "သာမသတို့သားသည်၎င်း မဏ္ဍဗျလုလင်သည်၎င်း ချက်ကို သုံးသပ်ခြင်းကြောင့် ဖြစ်လာကုန်၏" ဟု မြတ်စွာဘုရားသည် အကယ်၍ ဟောတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ "ရဟန်းတို့ အကြောင်းသုံးပါးတို့၏ ပေါင်းဆုံ ညီညွတ်ခြင်းကြောင့် သာလျှင် ကိုယ်ဝန်တည်ခြင်းဖြစ်၏" ဟူသော စကားသည်လည်း မှားရာ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အလွန်နက်နဲပါ၏၊ အလွန်သိမ်မွေ့ပါ၏၊ ပညာရှိသောသူတို့၏ အရာသာဖြစ်ပါ၏၊ ထိုပြဿနာသည် အသျှင်ဘုရားသို့ အစဉ်ရောက်ပါ၏၊ ယုံမှားခြင်းတည်းဟူသော ခရီးစဉ်ကို ဖြတ်တော်မူပါလော့၊ ဉာဏ်တည်းဟူသော မြတ်သော ဆီမီးတိုင်ကို ညှိထွန်းတော်မူပါလော့ဟု လျှောက်၏။

မင်းမြတ် "ရဟန်းတို့ အကြောင်းသုံးပါးတို့၏ ပေါင်းဆုံ ညီညွတ်ခြင်းကြောင့် ကိုယ်ဝန်တည်ခြင်းဖြစ်၏၊ ဤအရာ၌ အမိအဖတို့သည်လည်း ညီညွတ်ပေါင်းဆုံ စပ်ယှက်ကုန်၏၊ အမိသည်လည်း မိန်းမခမ္မတာ ဥတုလာပြီးစဖြစ်၏၊ ပဋိသန္ဓေနေမည့် သတ္တဝါသည်လည်း ရှေးရှုတည်၏၊ ဤသို့ အကြောင်းသုံးပါးတို့၏ ပေါင်းဆုံ ညီညွတ်ခြင်းကြောင့် ကိုယ်ဝန်တည်ခြင်းဖြစ်၏" ဟု ဤတရားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်၏၊ သာမသတို့သားသည်၎င်း မဏ္ဍဗျလုလင်သည်၎င်း ချက်ကို သုံးသပ်ခြင်းကြောင့် ဖြစ်ကုန်၏ဟူသော ဤတရားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်၏။ အသျှင်ဘုရားနာဂသေန ထိုသို့ဟောသည်ဖြစ်မူ အကြင်အကြောင်းဖြင့် ပြဿနာကို ကောင်းစွာဆုံးဖြတ်အပ်၏၊ထိုအကြောင်းဖြင့် အကျွန်ုပ်ကို သိစေတော်မူပါလော့ဟု (လျှောက်၏)။

http://www.dhammadownload.com



မင်းမြတ် သံကိစ္စသတို့သားသည်၎င်း ဇာလိသိင်္ဂိရသေ့သည်၎င်း ကုမာရကဿပမထေရ်သည်၎င်း "ထိုသူသုံးဦးတို့သည် ဤမည်သော အကြောင်းကြောင့် (ပဋိသန္ဓေနေခြင်း) ဖြစ်ကုန်၏"ဟု သင်မင်းမြတ် ကြားဘူးသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ကြားဘူးပါ၏၊ ထိုသူတို့၏ ပဋိသန္ဓေနေခြင်းသည် ပျံ့နှံ့၍တက်၏၊ သမင်မနှစ်ကောင်တို့သည် ဥတုလာပြီးစအခါ၌ နှစ်ယောက်ကုန်သော ရသေ့တို့၏ ကျင်ငယ်စွန့်ရာအရပ်သို့ လာကုန်၍ သုက်နှင့်တကွသော ကျင်ငယ်ကို သောက်ကုန်၏၊ ထိုကျင်ငယ်နှင့်တကွသော သုက်ကြောင့် သံကိစ္စသတို့သားသည်၎င်း ဇာလိသိင်္ဂိရသေ့သည်၎င်း ဖြစ်လာကုန်၏။ ဘိက္ခုနီမကျောင်းသို့ ကပ်ရောက်သော ဥဒါယိမထေရ်သည် တပ်မက်သောစိတ်ဖြင့် ဘိက္ခုနီမ၏ အင်္ဂါဇာတ်ကို တစိမ့်စိမ့်ရှုကြည့်စဉ် သုက်သည် သင်္ကန်း၌ လွတ်၏၊ ထိုအခါ၌ အသျှင်ဥဒါယိသည် ထိုဘိက္ခုနီမကို "နှမ သွားလော့၊ ရေကို ဆောင်ခဲ့လော့၊ သင်းပိုင်ကို ဖွပ်လျှော်အံ့"ဟု ဤစကားကို ဆို၏။ အသျှင် သင်းပိုင်ကို ဆောင်ခဲ့လော့၊ အကျွန်ုပ်သည်ပင်လျှင် ဖွပ်လျှော်ပါအံ့ဟု ဆို၏၊ ထိုနောင်မှ ထိုဘိက္ခုနီမသည် ဥတုလာပြီးစ အခါ၌ ထိုသုက်ကို အချို့ကို ခံတွင်းဖြင့် စုတ်ယူ၍ အချို့ကို အင်္ဂါဇာတ်၌ ထည့်၏၊ ထိုကြောင့် ကုမာရကဿပမထေရ်ဖြစ်လှ၏၊ ဤသို့ ဤအကြောင်းကို လူအပေါင်းသည် ပြောဆိုပါ၏ဟု လျှောက်၏။

မင်းမြတ် သင်မင်းမြတ်သည် ထိုစကားကို ယုံကြည်သလောဟု မေးတော်မူ၏။ အသျှင်ဘုရား ယုံကြည်ပါ၏၊ ထိုအရာ၌ "ဤအကြောင်းကြောင့် ဖြစ်ကုန်၏"ဟု ယုံကြည်လောက်သော အကြောင်းကို အားကြီးစွာ အမှီရပါကုန်၏ဟု လျှောက်၏။ မင်းမြတ် ဤအရာ၌ အကြောင်းကား အဘယ်ပါနည်းဟု မေးတော်မူ၏။ အသျှင်ဘုရား ထွန်ယက်ခြင်းစသော ပရိကံကို ကောင်းစွာ ပြုပြီးသော တမန်းညွန်ပြင်၌ မျိုးစေ့ကျသည်ရှိသော် လျင်စွာပေါက်ပွါးသည် မဟုတ်ပါလောဟု လျှောက်၏။ မင်းမြတ် ပေါက်ပွါးရာ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ဤအတူသာလျှင် ထိုဘိက္ခုနီမသည် ဥတုလာဆဲဖြစ်လျက် သားအိမ်သည် ကောင်းစွာတည်သော် လာဆဲဥတုသွေးသည် အဲဟုန်ပြတ်စဲ၍ ရာသီဓာတ်သည် တည်တန့်ရပ်စဲလတ်သော် ထိုသင်းပိုင်တွင်းရှိ သုက်ကို ယူ၍ ထိုသားအိမ်၌ထည့်လေ၏၊ ထိုသုက်ကို ထည့်သောကြောင့် ထိုဘိက္ခုနီမအား ကိုယ်ဝန်သည် ကောင်းစွာတည်၏၊ ဤသို့ ထိုအရာ၌ ထိုကိုယ်ဝန်ဖြစ်ခြင်း၏ အကြောင်းကို ယုံကြည်ပါကုန်၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတိုင်းဟုတ်ပေ၏၊ အင်္ဂါဇာတ်တွင် သုက်ရည်ဝင်သဖြင့် ကိုယ်ဝန်ဖြစ်တတ်၏ဟု ထိုအတိုင်း ငါဝန်ခံ၏၊ မင်းမြတ် ကုမာရကဿပမထေရ်၏ အမိဝမ်းတိုက်၌ သက်ဝင်ခြင်းကို သင်မင်းမြတ် ဝန်ခံနိုင်သလောဟု မေးတော်မူ၏။ အသျှင်ဘုရား ဝန်ခံနိုင်ပါ၏။ မင်းမြတ် ကောင်းပြီ သင်ကား ငါ၏အရာသို့ ပြန်ရောက်လာပြီ၊ သင်သည် တခုသော အကြောင်းဖြင့်လည်း ကိုယ်ဝန်တည်ခြင်းကို ပြောဆိုလတ်သော် ငါ့အား အထောက်အပံ့ဖြစ်လတ္တံ့၊ ထိုမှတပါး အကြင် သမင်မနှစ်ကောင်တို့သည် (သုက်ပါသော) ကျင်ငယ်ကို သောက်ကုန်၍ ကိုယ်ဝန်ကို ရကုန်၏၊ ထိုသမင်မနှစ်ကောင်တို့၏ ကိုယ်ဝန်တည်ခြင်းကို သင်မင်းမြတ် ယုံကြည်ပါ၏လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ယုံကြည်ပါ၏၊ စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အာဟာရဟူသမျှ အားလုံးသည် သားအိမ်သို့ သက်ရောက်ပါ၏၊ အကြောင်းအခွင့် သင့်စွာရောက်ရှိသော် ကြီးပွါးခြင်းသို့ ရောက်တတ်ပါ၏၊ အသျှင်ဘုရားနာဂသေန စီးဆင်းတတ်သော မြစ်ဟူသမျှ အားလုံးတို့သည် မဟာသမုဒ္ဒရာသို့ သက်ဝင်ပါကုန်၏၊ အကြောင်းအခွင့် သင့်စွာရောက်ရှိသော် ကြီးပွါးခြင်းသို့ ရောက်ပါကုန်၏၊ အသျှင်ဘုရားနာဂသေန ဤအတူသာလျှင် စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အာဟာရဟူသမျှ အားလုံးသည် သားအိမ်သို့ သက်ရောက်ပါ၏၊ အကြောင်း

http://www.dhammadownload.com



အခွင့် သင့်စွာရောက်ရှိသော် ကြီးပွါးခြင်းသို့ ရောက်တတ်ပါ၏၊ ထိုအကြောင်းကြောင့် အကျွန်ုပ်သည် ယုံကြည်ပါ၏၊ ခံတွင်းမှ ဝင်ရောက်သွားခြင်းဖြင့်လည်း ကိုယ်ဝန်စွဲနေခြင်း ဖြစ်နိုင်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ကောင်းပြီ ငါ၏အရာသို့ ခိုင်မြဲစွာသင်ကပ်ရောက်လာပြီ၊ ခံတွင်းဖြင့် သောက်ခြင်းစုတ်ခြင်းဖြင့်လည်း နှစ်ပါးသော အကြောင်း၏ ပေါင်းဆုံခြင်းဖြစ်၏၊ မင်းမြတ် သံကိစ္စသတ္တိသား၏ရင်း ဣသိသိင်္ဂရသေ့၏ရင်း ကုမာရကဿပမထေရ်၏ရင်း ကိုယ်ဝန်တည်ခြင်းကို ဝန်ခံပါသလောဟု (မေးတော်မူ၏)။အသျှင်ဘုရား ဝန်ခံပါ၏၊ ပေါင်းဆုံစုဝေးခြင်းသို့ သက်ရောက်ပါ၏ဟု (လျှောက်၏)။

မင်းမြတ် သာမသတို့သားသည်ရင်း မဏ္ဍဗျလုလင်သည်ရင်း သုံးပါးသောပေါင်းဆုံခြင်းတို့၌ အတွင်းဝင်ကုန်၏၊ရှေးဆိုခဲ့ပြီး ဝတ္ထုနှင့်ကိစ္စ တူကုန်သည်သာလျှင်တည်း၊ ထိုအရာ၌ အကြောင်းကို ငါဆိုအံ့၊ မင်းမြတ် ဒုကူလရသေ့နှင့် ပါရိကာရသေ့မ ထိုနှစ်ယောက်တို့သည် တော၌ နေကုန်၏၊ ဆိတ်ငြိမ်မှုသို့ ညွတ်သော စိတ်ရှိကုန်၏၊ မြတ်သော ဈာန်မဂ်ဖိုလ်အကျိုးကို ရှာမှီးကုန်၏၊အကျင့်တန်ခိုးဖြင့် ဗြဟ္မာ့ပြည်တိုင်အောင် ပူလောင်စေကုန်၏၊ ထိုအခါက နတ်တို့အရှင် သိကြားမင်းသည် ညဉ့်နံနက်တိုင်း ထိုရသေ့တို့အား ဆည်းကပ်ရန် လာရောက်၏၊ ထိုသိကြားမင်းသည် ထိုရသေ့တို့အား အလေးပြုအပ်သော မေတ္တာစိတ်ရှိသည့်အဖြစ်ဖြင့် စုံစမ်းဆင်ခြင်သည်ရှိသော် နောင်အခါ၌ ထိုရသေ့နှစ်ယောက်တို့၏ မျက်စိကွယ်ပျောက်မည်ကို မြင်သောကြောင့် ထိုရသေ့တို့အား ဤသို့ပြောဆို၏ "အသျှင်ရသေ့တို့ အကျွန်ုပ်၏ တခွန်းသောစကားကို လိုက်နာကြပါကုန်လော့၊ တောင်းပန်ပါ၏၊ သား တယောက်ကို ဖြစ်ပါစေကုန်လော့၊ ထိုသားသည် အရှင်ရသေ့တို့အား အလုပ်အကျွေးသည်ရင်း လက်ကသုံးတောင်ဝေးသည်ရင်း ဖြစ်ပါလတ္တံ့"ဟု (ပြောဆို၏)၊ သိကြားမင်း တန်တော့၊ ဤသို့သော စကားကို မပြောဆိုလင့်ဟု တားမြစ်၍ ထိုရသေ့တို့သည် ထိုသိကြားမင်း၏ စကားကို ဝန်မခံကြကုန်။ အစဉ်စောင့်ရှောက်သော အကျိုးကိုလိုလားသော နတ်တို့အရှင် သိကြားမင်းသည် နှစ်ကြိမ် သုံးကြိမ် ထိုရသေ့တို့ကို ဤသို့ ပြောဆို၏—"အသျှင်ရသေ့တို့ အကျွန်ုပ်၏ တခွန်းသော စကားကို လိုက်နာကြပါကုန်လော့၊ တောင်းပန်ပါ၏၊ သားတယောက်ကို ဖြစ်ပါစေကုန်လော့၊ ထိုသားသည် အသျှင်ရသေ့တို့အား အလုပ်အကျွေးသည်ရင်း လက်ကသုံးတောင်ဝေးသည်ရင်း ဖြစ်ပါလတ္တံ့"ဟု(ပြောဆို၏)၊ သုံးကြိမ်မြောက်လည်း ထိုရသေ့တို့သည် "သိကြားမင်း တန်တော့၊ သင်သည် စင်စစ် ငါတို့ကိုအကျိုးမရှိသည်၌ မတိုက်တွန်းပါနှင့်၊ ဤငါတို့၏ကိုယ်သည် အဘယ်အခါ၌ မပျက်မကွဲ ရှိလိမ့်မည်နည်း၊ ဤငါတို့၏ကိုယ်သည် ကွဲပျက်ရိုး ဓမ္မတာဖြစ်၍ ကွဲပျက်ပါစေတော့၊ မဟာပထဝီမြေကြီးသည် ပြိုပျက်သော်ရင်း ကျောက်တောင်ထွတ်သည် ပြိုကျသော်ရင်း ကောင်းကင်သည် ကွဲအက်သော်ရင်း လနေတို့ ပြုတ်ကျသော်ရင်း ငါတို့သည် လောကဓမ္မတာ ယုတ်မာညစ်ညမ်း တရားကြမ်းတို့ဖြင့် မရောယှက်ကုန်အံ့၊ သင်သည် ငါတို့၏ မျက်မှောက်သို့ မချဉ်းကပ်လာပါလင့်၊ သင် သိကြားမင်းသည် အနီးသို့ ကပ်ရောက်ခြင်းကြောင့် အကျွမ်းဝင်ခြင်းဖြစ်လာ၏၊ သင်သည် ငါတို့၏ အကျိုးမဲ့ကို ပြုကျင့်မည့်သူ ထင်ပါ၏"ဟု (ပြောဆိုကုန်၏)။

ထိုနောင် နတ်တို့အရှင် သိကြားမင်းသည် ထိုရသေ့တို့၏ နှလုံးအလိုကို မရသည်ဖြစ်၍ အလေးပြုကာ လက်အုပ်ချီလျက် တောင်းပန်ပြန်၏ "အကျွန်ုပ်၏စကားကို လိုက်နာရန် မစွမ်းနိုင်ကြမူ ပါရိကာရသေ့မ ဥတုလာသောအခါ၌ အသျှင်ရသေ့သည် လကျာလက်မဖြင့်(ပါရိကာရသေ့မ၏)

http://www.dhammadownload.com



ချက်ကို သုံးသပ်ပါလော့၊ ထိုသို့သုံးသပ်ခြင်းကြောင့် ထိုပါရိကာရသေ့မသည် ကိုယ်ဝန်ကို ရပါလတ္တံ့၊ ဤသုံးသပ်ခြင်းသည် ကိုယ်ဝန်တည်ကြောင်း ပေါင်းဆုံခြင်းပါတည်း"ဟု (လျှောက်ပြန်၏)၊ "သိကြားမင်း ငါသည် ထိုစကားကို လိုက်နာခြင်းငှါ စွမ်းနိုင်၏၊ ထိုမျှလောက်ဖြင့် ငါတို့၏ အကျင့်သီလသည် မပျက်၊ သင် တောင်းပန်တိုင်းပင် ဖြစ်စေတော့"ဟု ဝန်ခံကုန်၏၊ ထိုအခါ နတ်ပြည်၌ ဆည်းပူးအပ်သော ကုသိုလ်အရင်းခံရှိသော နတ်သက်ကုန်ပြီးသော နတ်သက်ကုန်ခြင်းသို့ရောက်သော အလိုရှိခဲ့သော် စကြဝတေးမင်းမျိုး၌သော်လည်း သက်ရောက်ခြင်းငှါ စွမ်းနိုင်သော နတ်သားတယောက်သည် ရှိ၏၊ ထိုနောက် နတ်တို့အရှင် သိကြားမင်းသည် ထိုနတ်သားသို့ ချဉ်းကပ်ပြီးလျှင် ဤသို့ပြောဆို၏ "အချင်းနတ်သား လာပါလှည့် နေ့သည် သင့်အတွက် ကောင်းစွာ မိုးသောက်သောနေ့ ဖြစ်ပါပေ၏၊ အကျိုးပြီးစီးခြင်းသည် သင့်ထံသို့ ကပ်ရောက်ခဲ့ပြီ၊ ငါသည် အကြင်အရပ်သို့ ဆည်းကပ်ခြင်းသို့ ကပ်ရောက်ခဲ့ပြီ၊ အသင်နတ်သားအား မွေ့လျော်ဖွယ်ရှိသော ထိုအရပ်၌ သင်နေရခြင်းသည် ဖြစ်ပါလတ္တံ့၊ သင့်လျော်သော အမျိုး၌ ပဋိသန္ဓေနေရခြင်းသည် ဖြစ်ပါလတ္တံ့၊ ကောင်းသော မိခင်ဖခင်တို့ဖြင့် ကြီးပွါးရသည် ဖြစ်ပါလတ္တံ့၊ လာပါလှည့် ငါ၏စကားကို လိုက်နာပါလော့"ဟု တောင်းပန်၏၊ နှစ်ကြိမ်သုံးကြိမ်လည်း ဦးခေါင်း၌ လက်အုပ်ချီလျက် တောင်းပန်၏။

ထိုနောက် ထိုနတ်သားသည် "အရှင်သိကြားမင်း အရှင်သိကြားမင်းသည် အကြင်အမျိုးကို မပြတ် အဖန်ဖန် အထပ်ထပ်ပြောဆို ချီးကျူး၏၊ ထိုအမျိုးသည် အဘယ်အမျိုးပါနည်း"ဟု (မေးမြန်း၏)၊ ဒုကူလရသေ့ ပါရိကာရသေ့မဖြစ်ပါ၏ဟု ဖြေ၏။ ထိုနတ်သားသည် ထိုသိကြားမင်း၏စကားကို ကြား၍ နှစ်ခြိုက်ရကား ဝန်ခံ၍ "အရှင်သိကြားမင်း ကောင်းပါပြီ၊ သင့်အလိုဆန္ဒအတိုင်း ဖြစ်ပါစေတော့၊ အရှင်သိကြားမင်း အကျွန်ုပ်သည် အလိုရှိခဲ့သော် တောင့်တသော အမျိုး၌ ဖြစ်နိုင်ပါ၏၊ အဘယ်အမျိုး၌ ဖြစ်ရအံ့နည်း၊ ဥမှပေါက်သော အဏ္ဍဇမျိုး၌မူလည်း ဖြစ်ရအံ့လော၊ သားအိမ် ဝမ်းခေါင်း၌ အောင်းရသော ဇလာဗုဇမျိုး၌မူလည်း ဖြစ်ရအံ့လော၊ အညှိ၌ ဖြစ်သော သံသေဒဇမျိုး၌မူလည်း ဖြစ်ရအံ့လော၊ ၁၆-နှစ်သွင် ထင်စွာဖြစ်ရိုး ဩပပါတိကမျိုး၌မူလည်း ဖြစ်ရအံ့လော"ဟု (မေးမြန်း၏)။ အချင်းနတ်သား သားအိမ်ဝမ်းခေါင်း၌ အောင်းရသော ဇလာဗုဇအမျိုး၌ ဖြစ်ပါလော့ဟု (ဆို၏)။ ထိုနောက် နတ်တို့အရှင် သိကြားမင်းသည် ဖြစ်လတ္တံ့သောနေ့ရက်ကို ပိုင်းဖြတ်ရေတွက်၍ "ဒုကူလရသေ့အား ဤအမည်ရှိသောနေ့၌ ရသေ့မသည် ဥတုပန်းပွင့်သည် ဖြစ်လတ္တံ့၊ အသျှင်ရသေ့ ထိုအခါ၌ သင်သည် လကျ်ာလက်မဖြင့် ရသေ့မ၏ ချက်ကို သုံးသပ်ပါလော့"ဟု ပြောကြား၏။ မင်းမြတ် ထို(-သိကြားမင်းပြောကြားသော) နေ့၌ ရသေ့မသည် ဥတုပန်းပွင့်လေ၏၊ နတ်သားသည်လည်း ရသေ့မဝမ်းသို့ ကပ်ရောက်၍ ရှေးရှုတည်၏၊ ရသေ့သည်လည်း လကျ်ာလက်မဖြင့် ရသေ့မ၏ ချက်ကို သုံးသပ်၏၊ ဤသို့လျှင် ထိုအကြောင်းသုံးပါးတို့ ညီညွတ်ပေါင်းဆုံခြင်းဖြစ်ကုန်၏၊ ချက်ကို သုံးသပ်သဖြင့် ရသေ့မအား တပ်မက်မှု'ရာဂ'သည် ထင်ရှားဖြစ်၏၊ ထိုရသေ့မအား ထိုရာဂသည် ချက်ကို သုံးသပ်ခြင်းကို စွဲ၍ ဖြစ်၏၊ သင်မင်းမြတ်သည် လွန်ကျူး၍ ကျင့်ခြင်းကိုသာ ပေါင်းဆုံမှီခြင်းဟု မမှတ်လင့်၊ ရယ်ရွှင်ခြင်းသည်လည်း ပေါင်းဆုံမှီခြင်းပင် ဖြစ်၏၊ စကားရွှင်မော ပြောဆိုခြင်းသည်လည်း ပေါင်းဆုံမှီခြင်းပင် ဖြစ်၏၊ တစိမ့်စိမ့်ရှုကြည့်ခြင်းသည်လည်း ပေါင်းဆုံမှီခြင်းပင် ဖြစ်၏၊ ရာဂဖြစ်ခြင်းငှါ ရှေးအဘို့ဖြစ်သောကြောင့် သုံးသပ်ခြင်းအားဖြင့် ပေါင်းဆုံမှီခြင်းဖြစ်၏၊ ပေါင်းဆုံမှီခြင်းကြောင့် ပဋိသန္ဓေသက်ရောက်ခြင်း ဖြစ်၏။

http://www.dhammadownload.com



မင်းမြတ် မလွန်ကျူးသော်လည်း သုံးသပ်ကာမျှဖြင့် ကိုယ်ဝန်တည်ခြင်းသည် ဖြစ်၏၊ မင်းမြတ် ဥပမာအားဖြင့် တောက်လောင်သော မီးသည် မသုံးသပ်သော်လည်း အနီးသို့ ချဉ်းကပ်လာသော သူအား အချမ်းကို ပယ်ဖျောက်နိုင်၏၊ မင်းမြတ် ဤအတူသာလျှင် မလွန်ကျူးသော်လည်း သုံးသပ်ကာမျှဖြင့် ကိုယ်ဝန်တည်ခြင်းသည် ဖြစ်၏။

မင်းမြတ် လေးပါးသော အကြောင်းတို့၏ အစွမ်းအားဖြင့် သတ္တဝါတို့၏ ကိုယ်ဝန်တည်ခြင်း ဖြစ်၏၊ ကံ၏အစွမ်းကြောင့်ရင်း ဘဝယောနိ၏ အစွမ်းကြောင့်ရင်း အမျိုးဇာတ်၏အစွမ်းကြောင့်ရင်း ဆုတောင်းပတ္ထနာ၏ အစွမ်းကြောင့်ရင်း သတ္တဝါတို့၏ ကိုယ်ဝန်တည်ခြင်းဖြစ်၏၊ စင်စစ်သော်ကား ဤသတ္တဝါအားလုံးတို့သည် ကံကြောင့်သာ ဖြစ်ကုန်၏၊ ကံလျှင် ဖြစ်ကြောင်းရှိကုန်၏။

မင်းမြတ် ကံ၏အစွမ်းကြောင့် သတ္တဝါတို့၏ကိုယ်ဝန်တည်ခြင်းသည် အဘယ်သို့ဖြစ်သနည်းဟူမူ— မင်းမြတ် များသော ကုသိုလ်အရင်းခံရှိကုန်သော သတ္တဝါတို့သည် ကြွယ်ဝသောမင်းမျိုး၌သော်ရင်း ကြွယ်ဝသော ပုဏ္ဏားမျိုး၌သော်ရင်း ကြွယ်ဝသော သူဌေးမျိုး၌သော်ရင်း နတ်ပြည်၌သော်ရင်း အဥ၌ ပဋိသန္ဓေနေရသော အဏ္ဍဇမျိုး၌သော်ရင်း သားအိမ်၌ ပဋိသန္ဓေနေရသော ဇလာဗုဇမျိုး၌သော်ရင်း အညှိ၌ ပဋိသန္ဓေနေရသော သံသေဒဇမျိုး၌သော်ရင်း ကိုယ်ထင်ရှား ဖြစ်ရသော ဩပပါတိကမျိုး၌သော်ရင်း အလိုရှိတိုင်း ဖြစ်ကုန်၏။ မင်းမြတ် ဥပမာအားဖြင့် ကြွယ်ဝသော များသော ဥစ္စာရှိသော များသောစည်းစိမ်ရှိသော များသောရွှေငွေရှိသော များသောနှစ်သက်ဖွယ် အသုံးအဆောင်ရှိသော များသော ဥစ္စာစပါးရှိသော များသော ဆွေမျိုး အသင်းအပင်းရှိသော ယောကျ်ားသည် ကျွန်မိန်းမကိုရင်း ကျွန်ယောကျ်ားကိုရင်း လယ်ကိုရင်း ယာကိုရင်း ရွာကိုရင်း နိဂုံးကိုရင်း ဇနပုဒ်ကိုရင်း မည်သည့်တွေ့မဆို စိတ်ဖြင့် တောင့်တ၏၊ အလိုရှိတိုင်း နှစ်ဆတက် သုံးဆတက်ဖြစ်သော ဥစ္စာကို ပေး၍ ဝယ်ယူ၏၊ မင်းမြတ် ဤအတူသာလျှင် များသော ကုသိုလ်အရင်းခံရှိကုန်သော သတ္တဝါတို့သည် ကြွယ်ဝသော မင်းမျိုး၌သော်ရင်း ကြွယ်ဝသောပုဏ္ဏားမျိုး၌သော်ရင်း ကြွယ်ဝသော သူဌေးမျိုး၌သော်ရင်း နတ်ပြည်တို့၌သော်ရင်း အဥ၌ ပဋိသန္ဓေနေရသော အဏ္ဍဇမျိုး၌သော်ရင်း သားအိမ်၌ ပဋိသန္ဓေနေရသော ဇလာဗုဇမျိုး၌သော်ရင်း အညှိ၌ပဋိသန္ဓေနေရသော သံသေဒဇမျိုး၌သော်ရင်း ကိုယ်ထင်ရှားဖြစ်ရသော ဩပပါတိကမျိုး၌သော်ရင်း အလိုရှိတိုင်း ဖြစ်ကုန်၏။ ဤသို့လျှင် ကံ၏အစွမ်းကြောင့် သတ္တဝါတို့၏ ကိုယ်ဝန်တည်ခြင်းသည် ဖြစ်၏။

မင်းမြတ် ဘဝယောနိ၏ အစွမ်းကြောင့် သတ္တဝါတို့၏ ကိုယ်ဝန်တည်ခြင်းသည် အဘယ်သို့ ဖြစ်သနည်းဟူမူ—မင်းမြတ် လေကြောင့် ကြက်တို့၏ ကိုယ်ဝန်တည်ခြင်း ဖြစ်၏၊ မိုးသံကြောင့် ဗျိုင်းအောက်တို့၏ ကိုယ်ဝန်တည်ခြင်း ဖြစ်၏၊ အလုံးစုံသော နတ်တို့သည်လည်း အမိဝမ်းတိုက်၌ မကိန်းကုန်သော သတ္တဝါတို့သာတည်း၊ ထိုသတ္တဝါတို့အား အထူးထူးသော အသွင်အပြင်အားဖြင့် ကိုယ်ဝန်တည်ခြင်း ဖြစ်၏၊ မင်းမြတ် ဥပမာအားဖြင့် လူတို့သည် အထူးထူးသော အသွင်အပြင် အားဖြင့် မြေ၌ သွားကုန်၏၊ အချို့သော လူတို့သည် ရှေ့မှ (အဝတ်) ဖုံးလွှမ်းကုန်၏၊ အချို့သော လူတို့သည် နောက်မှ (အဝတ်) ဖုံးလွှမ်းကုန်၏၊ အချို့သော လူတို့သည် အချည်းနှီးဖြစ်ကုန်၏၊ အချို့သောလူတို့သည် ခေါင်းတုံးကုန်၍ ဖြူသော အဝတ်ကို ဝတ်ကုန်၏၊ အချို့သောလူတို့သည် သျှောင်ထုံးကုန်၏၊ အချို့သောလူတို့သည် ခေါင်းတုံးကုန်၍ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ကုန်၏၊ အချို့သော လူတို့သည် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ကုန်၍သျှောင်ထုံးကုန်၏၊ အချို့သော လူတို့သည် ဆံကျစ်ထုံးကုန်လျက် လျှော်တေသက်န်းကို ဝတ်ကုန်၏၊ အချို့သောလူတို့သည် သားရေကို ဝတ်ကုန်၏၊ အချို့သောလူတို့သည် ကြိုးတို့ကို (ရစ်ပတ်၍) ဝတ်ကြကုန်၏၊ အလုံးစုံ

http://www.dhammadownload.com



သော ထိုလူတို့သည်လည်း အထူးထူးသော အသွင်အပြင်အားဖြင့် မြေ၌သွားကုန်၏၊ မင်းမြတ် ဤအတူသာလျှင် ထိုအလုံးစုံတို့သည် သတ္တဝါတို့ချည်းသာ လျှင်တည်း၊ ထိုသတ္တဝါတို့အား အထူးထူးသော အမျိုးဇာတ် အသွင်အပြင်အားဖြင့် ကိုယ်ဝန်တည်ခြင်းဖြစ်၏။ ဤသို့လျှင် ဘဝယောနိ၏ အစွမ်းဖြင့် သတ္တဝါတို့၏ ကိုယ်ဝန်တည်ခြင်းဖြစ်၏။

အမျိုးဇာတ်၏ အစွမ်းဖြင့် သတ္တဝါတို့၏ ကိုယ်ဝန် တည်ခြင်းသည် အဘယ်သို့ ဖြစ်သနည်းဟူမူ—မင်းမြတ် အမျိုးမည်သည်ကား အဥ၌ဖြစ်သော အဏ္ဍဇမျိုး သားအိမ်၌ဖြစ်သော ဇလာဗုဇမျိုး အညှိ၌ဖြစ်သော သံသေဒဇမျိုး ကိုယ်ထင်ရှားဖြစ်သော ဥပပါတ်မျိုးဟု အမျိုးတို့သည် လေးပါးရှိကုန်၏၊ ထိုလေးပါးတို့တွင် ပဋိသန္ဓေသို့ ရောက်လတ္တံ့သောသူသည် အမှတ်မရှိသော ဘုံဘဝမျိုးဇာတ်မှလာ၍ အဏ္ဍဇမျိုး၌ အကယ်၍ ဖြစ်အံ့၊ ထိုအမျိုး၌ ထိုဖြစ်လာသူသည် အဏ္ဍဇဖြစ်၏။ပ။ ဇလာဗုဇမျိုး၌။ သံသေဒဇမျိုး၌။ ဥပပါတ်မျိုး၌ အကယ်၍ ဖြစ်အံ့၊ ထိုအမျိုး၌ ထိုဖြစ်သောသတ္တဝါသည် ဥပပါတ်ဖြစ်၏၊ ထိုထိုအမျိုးတို့၌ ထိုသို့သဘော တူသည်သာလျှင် ဖြစ်ကုန်သော သတ္တဝါတို့ ဖြစ်ကုန်၏၊ မင်းမြတ် ဥပမာအားဖြင့် ဟိမဝန္တာတောင်၌ နေရမည်သော တောင်သို့ အလုံးစုံသော သားငှက်တို့သည် ကပ်ရောက်ကုန်၏၊ (နေရှတောင်သို့ ကပ်ရောက်ကုန်သော) ထိုအလုံးစုံသော သားငှက်တို့သည် မိမိတို့၏ အဆင်းကိုစွန့်၍ ရွှေနှင့်တူသော အဆင်းတို့သည်သာ ဖြစ်ကုန်၏၊ မင်းမြတ် ဤအတူသာလျှင် ပဋိသန္ဓေသို့ ရောက်လတ္တံ့သော တစုံတယောက်သော သူသည် အမျိုးဇာတ်ဘုံဘဝမှလာ၍ အဏ္ဍဇမျိုးသို့ ကပ်ရောက်လာသည်ရှိသော် မိမိဖြစ်မြဲ သဘောအမျိုးအနွယ်ကို စွန့်၍ အဏ္ဍဇဖြစ်၏။ပ။ ဇလာဗုဇမျိုးသို့။ သံသေဒဇမျိုးသို့။ ဥပပါတ်မျိုးသို့ ကပ်ရောက်လာသည်ရှိသော် မိမိဖြစ်မြဲ သဘောအမျိုးအနွယ်ကို စွန့်၍ ဥပပါတ်ဖြစ်၏။ ဤသို့လျှင် အမျိုးဇာတ်၏ အစွမ်းဖြင့် သတ္တဝါတို့၏ ကိုယ်ဝန်တည်ခြင်း ဖြစ်၏။

ဆုတောင်းပတ္ထနာ၏ အစွမ်းဖြင့် သတ္တဝါတို့၏ ကိုယ်ဝန်တည်ခြင်းသည် အဘယ်သို့ ဖြစ်သနည်းဟူမူ—မင်းမြတ် ဤလောက၌ သားသမီးမရှိသော များသော ဥစ္စာရှိသော ကံ ကံ၏အကျိုးကို ယုံကြည်သော ရတနာသုံးပါး၌ ကြည်ညိုသော သီလရှိသော ကောင်းသော သဘောရှိသော အကျင့်၌ မှီသောအမျိုးသည် ရှိ၏၊ များသော ကုသိုလ်အရင်းခံရှိသော နတ်သားသည်လည်း စုတေခြင်းသဘောရှိ၏၊ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ထိုအမျိုးအား အစဉ်စောင့်ရှောက်ခြင်း အလို့ငှါ ထိုနတ်သားကို "အချင်းနတ်သား ဤမည်သောအမျိုး၏ မိဖုရား၏ဝမ်းကို တောင့်တပါလော့" ဟု တောင်းပန်၏၊ ထိုနတ်သားသည် ထိုသိကြားမင်း၏ တောင်းပန်ခြင်း ဟူသော အကြောင်းကြောင့် ထိုအမျိုးကို တောင့်တ၏၊ မင်းမြတ် လူတို့သည် ကောင်းမှုကို အလိုရှိကုန်၏၊ စိတ်၌ကြည်ညို နှစ်ခြိုက်သော ရဟန်းကို ဤရဟန်းသည် ကပ်ရောက်လာသော် အလုံးစုံသော အမျိုး၏ ချမ်းသာကို ဆောင်လတ္တံ့ဟု တောင်းပန်၍ အိမ်သို့ ပင့်ဆောင်ကုန်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နတ်တို့အရှင် သိကြားမင်းသည် ထိုနတ်သားကို တောင်းပန်၍ ထိုအမျိုးသို့ ဆောင်၏၊ ဤသို့လျှင် ဆုတောင်းပတ္ထနာ၏ အစွမ်းဖြင့် သတ္တဝါတို့၏ ကိုယ်ဝန်တည်ခြင်း ဖြစ်၏။

မင်းမြတ် သာမသတို့သားသည် နတ်တို့အရှင် သိကြားမင်း တောင်းပန်သောကြောင့် ပါရိကာ ရသေ့မ၏ ဝမ်းသို့သက်ရောက်၏၊မင်းမြတ် သာမသတို့သားသည် ပြုဆည်းပူးပြီးသောကောင်းမှုရှိ၏၊ အမိအဖတို့သည် သီလရှိကုန်၏၊ကောင်းသောသဘောရှိကုန်၏၊တောင်းပန်သော သူသည် သိကြားမင်းတည်း၊ သုံးယောက်သော သူတို့၏ စိတ်ဖြင့် တောင့်တခြင်းကြောင့် သာမသတို့သား ဖြစ်လာ၏၊ မင်းမြတ် ဤလောက၌ လယ်ယာလုပ်နည်း၌ လိမ္မာသော ယောကျ်ားသည် ကောင်းစွာ

http://www.dhammadownload.com



ထွန်ယက်အပ်ပြီးသော ရေလုံလောက်သော လယ်၌ မျိုးစေ့ကို စိုက်ပျိုးရာ၏၊ အန္တရာယ်ကင်းလွတ်သည်ရှိသော် ထိုမျိုးစေ့ ကြီးပွါးခြင်း၏ တစုံတခုသော အန္တရာယ်သည် ဖြစ်ရာဦးမည်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်ရာပါ၊ အသျှင်ဘုရား ဘေးရန် အဖျက် အဆီးမှ ကင်းသော မျိုးစေ့သည် လျင်စွာ ကြီးပွါးရာ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် သာမသတို့သားသည် ဖြစ်ပေါ်လာမည့် အန္တရာယ်တို့မှ လွတ်မြောက်သည်ဖြစ်၍ သုံးယောက်သော သူတို့၏ စိတ်တောင့်တခြင်းကြောင့် ဖြစ်လာ၏။

မင်းမြတ် ရသေ့တို့အား စိတ်ပြစ်မှားသောကြောင့် ကြွယ်ဝသော စည်ပင်သော ဇနပုဒ်ကြီးသည် လူအပေါင်းနှင့်တကွ ပျက်စီးကင်းပျောက်သွား၏ဟု သင်မင်းမြတ် ကြားဘူးသလောဟု(မေးတော်မူ၏)။ အသျှင်ဘုရား ကြားဘူးပါ၏၊ မြေပေါ်၌ ဒဏ္ဍကတော မဇ္ဈတော ကာလိင်္ဂတော မာတင်္ဂတောဟူသော ထိုအလုံးစုံသောတောသည် မြို့မှပြောင်းလဲလှသော တောပင်တည်း၊ ထိုအလုံးစုံသော ဇနပုဒ်တို့သည် ရသေ့တို့အား စိတ်ပြစ်မှားသောကြောင့် ပျက်စီးကင်းပျောက်ခြင်းသို့ ရောက်ကုန်၏ဟု ကြားဘူးပါ၏ဟု (လျှောက်၏)။မင်းမြတ် ထိုရသေ့တို့အား စိတ်ပြစ်မှားသောကြောင့် အလွန်ကြွယ်ဝ ပြည့်စုံကုန်သော ဇနပုဒ်တို့သည် အကယ်၍ ပျက်စီးကင်းပျောက်ကုန်သည်ဖြစ်အံ့၊ ဤသို့ဖြစ်သော် ထိုရသေ့တို့အား စိတ်ကြည်ညိုခြင်းကြောင့် တစုံတရာ ဖြစ်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဖြစ်ရာပါ၏ဟု(လျှောက်၏)။ မင်းမြတ် သို့ဖြစ်လျှင် သာမသတို့သားသည် အားကြီးကုန်သော သုံးယောက်သော သူတို့၏ စိတ်ကြည်လင်ခြင်းကြောင့် ဖြစ်ရ၏၊ ရသေ့နှစ်ဦးတို့ ဖန်ဆင်းအပ်၏၊ သိကြား ဖန်ဆင်းအပ်၏၊ ကောင်းမှု ဖန်ဆင်းအပ်၏၊ မင်းမြတ် ဤအတိုင်း မှတ်လော့။

မင်းမြတ် ဤသုံးယောက်သော နတ်သားတို့သည် နတ်တို့အရှင် သိကြားမင်း တောင်းပန်အပ်သောကြောင့် လူတို့အမျိုးဇာတ်၌ ဖြစ်ကုန်၏၊ အဘယ်သုံးယောက်တို့နည်း၊ သာမသတို့သား မဟာပနာဒမင်း ကုသမင်း ဤသုံးယောက်သောသူတို့တည်း၊ ဤသုံးယောက်တို့သည်လည်း ဘုရားလောင်းတို့ချည်းသာတည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကိုယ်ဝန်တည်ခြင်းကို ကောင်းစွာ ညွှန်းပြတော် မူအပ်ပါပေ၏၊ အကြောင်းကို ကောင်းစွာ မိန့်ကြားတော်မူအပ်ပါပေ၏၊ အမိုက်မှောင်ကို အလင်းရောင် ပြုတော်မူအပ်ပါပေ၏၊ အထွေးအရှုပ်ကို ဖြေရှင်းတော်မူအပ်ပါပေ၏၊ သူတပါးတို့ အယူဝါဒ သူတပါးတို့ ပြောဆိုခြင်းမှ ကင်းလွတ်ကုန်ပြီ၊ ဤသို့လျှင် ဤအကြောင်းကို အသျှင်ဘုရား မိန့်တော်မူသည့်အတိုင်း အကျွန်ုပ်ဝန်ခံပါ၏ဟု (လျှောက်၏)။

ခြောက်ခုမြောက် ဂဗ္ဘာဝက္ကန္တိပဥ္စာ ပြီး၏။

---

## ၇-သဒ္ဓမ္မန္တရဓာနပဥ္စာ

(သာသနာကွယ်မကွယ်ပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန "အာနန္ဒာ ယခုအခါ သာသနာသည် အနှစ်ငါးရာပတ်လုံးသာ တည်လတ္တံ့"ဟု ဤစကားတော်ကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်ပါပေ၏၊ တဖန်လည်း ပရိနိဗ္ဗာန် စံတော်မူခါနီးအခါ၌ သုဘဒ်ပရိဗိုဇ်သည် ပြဿနာကို မေးလျှောက် အပ်သည်ဖြစ်၍ "သုဘဒ်ပရိဗိုဇ် ဤရဟန်းအပေါင်းတို့သည်ကား ကောင်းစွာနေထိုင်ကုန်ငြားအံ့၊ ဤသို့နေထိုင်ကြမူ လောကသည် ရဟန္တာတို့မှ မဆိတ်မသုဉ်းသည် ဖြစ်ရာ၏" ဟု မြတ်စွာဘုရား ဟောတော်မူအပ်

http://www.dhammadownload.com



ပြန်ပါ၏၊ ဤစကားသည် အကြွင်းမဲ့သော စကားတော်ပါတည်း၊ ဤစကားသည် အကြွင်းမရှိသော စကားတော်ပါတည်း၊ ဤစကားသည် ပရိယာယ်မဟုတ် မုချ စကားတော်ပါတည်း၊ အသျှင်ဘုရား နာဂသေန "အာနန္ဒာ ယခုအခါ သာသနာသည် အနှစ်ငါးရာတို့ပတ်လုံးသာ တည်လတ္တံ့"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူအပ်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ လောကသည် ရဟန္တာတို့မှ မဆိတ်မကွယ်သည် ဖြစ်ရာ၏ ဟူသော စကားသည် မှားရာ၏၊ "လောကသည် ရဟန္တာတို့မှ မဆိတ်မကွယ်သည်ဖြစ်ရာ၏"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူအပ်သည်ဖြစ်အံ့၊ ထိုသို့ ဖြစ်မူ "အာနန္ဒာ ယခုအခါ သာသနာသည် အနှစ်ငါးရာတို့ပတ်လုံးသာ တည်လတ္တံ့"ဟူသော ထို စကားသည် မှားရာ၏၊ ဤပြဿနာသည်လည်း အစွန်း နှစ်ဖက်ထွက်၏၊ ရှုပ်ထွေးသည်ထက် ရှုပ်ထွေးသုံပါ၏၊ အားကြီးသည်ထက်လည်း အားကြီးပါ၏၊ အထုံးအဖွဲ့ဖြစ်သည်ထက် အထုံးအဖွဲ့ ဖြစ်ပါ၏၊ ထိုပြဿနာသည် အသျှင်ဘုရားသို့ အစဉ်ရောက်လာပါ၏၊ ထိုပြဿနာ၌ သမုဒ္ဒရာအတွင်းသို့ ရောက်သော မကန်းကဲ့သို့ အသျှင်ဘုရား၏ ဉာဏ်တော်စွမ်းဖြင့် ပျံ့နှံ့ခြင်းကို ပြတော်မူပါလော့ ဟု (လျှောက်၏)။

မင်းမြတ် "အာနန္ဒာ ယခုအခါ သာသနာသည် အနှစ်ငါးရာတို့ပတ်လုံးသာ တည်လတ္တံ့"ဟု ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်၏၊ ပရိနိဗ္ဗာန်ပြုခါနီး အခါ၌လည်း သုဘဒ္ဒ ပရိဗိုဇ်အား "သုဘဒ္ဒပရိဗိုဇ် ဤရဟန်းတို့သည်ကား ကောင်းစွာ နေကုန်ငြားအံ့၊ ဤသို့ နေထိုင်ကြမူ လောကသည် ရဟန္တာတို့မှ မဆိတ်မကွယ်သည် ဖြစ်ရာ၏" ဟုလည်း မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏၊ မင်းမြတ် မြတ်စွာဘုရား၏ ထိုစကားတော် နှစ်ရပ်သည်ကား အနက် အဓိပ္ပါယ်လည်း ထူး၏၊ သဒ္ဒါလည်း ထူး၏၊ ဤသာသနာငါးရာ ဟူသော ရှေးစကားတော်သည် သာသနာတော်နှစ်ကို ပိုင်းခြား၍ ပြသော စကားတော်တည်း၊ ဤရဟန္တာတို့မှ မဆိတ်မကွယ် ဟူသော နောက်စကားတော်သည် ပဋိပတ်စွမ်းအင်ကို ဖော်ပြသော စကားတော်တည်း၊ ထို့ကြောင့် ထိုစကားတော်နှစ်ရပ်တို့သည် အချင်းချင်း ဝေးကွာကင်းပြတ် ခြားနားလှ၏၊ မင်းမြတ် ကောင်းကင်သည် မြေကြီးမှ ဝေးကွာ ကင်းပြတ် ခြားနားသကဲ့သို့ ငရဲသည် နတ်ပြည်မှ ဝေးကွာ ကင်းပြတ် ခြားနားသကဲ့သို့ ကုသိုလ်သည် အကုသိုလ်မှ ဝေးကွာ ကင်းပြတ် ခြားနားသကဲ့သို့ ချမ်းသာသည် ဆင်းရဲမှ ဝေးကွာ ကင်းပြတ် ခြားနားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ထိုစကားနှစ်ရပ်တို့သည် အချင်းချင်း ဝေးကွာ ကင်းပြတ် ခြားနားကုန်၏။

မင်းမြတ် သို့သော်သည်း သင်မင်းမြတ်၏ အမေးပုစ္ဆာသည် အချည်းနှီး မဖြစ်ပါစေလင့်၊ ကိစ္စအားဖြင့် နှီးနှော၍ သင့်အား ဖြေဆိုအံ့၊ "အာနန္ဒာ ယခုအခါ သာသနာသည် အနှစ်ငါးရာတို့ပတ်လုံးသာ တည်လတ္တံ့"ဟု အကြင်စကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုစကားသည် ကုန်ဆုံးလျော့ပါးသည်ကို ဖော်ပြတော်မူလျက် ကြွင်းသော သာသနာတော်ကို အာနန္ဒာ ဘိက္ခုနီမတို့သည် အကယ်၍ သာသနာတော်၌ ရဟန်းမပြုကုန်အံ့၊ သာသနာတော်သည် အနှစ်တထောင်ပတ်လုံး တည်နိုင်ရာ၏၊ အာနန္ဒာ ယခုအခါ သာသနာသည် အနှစ်ငါးရာတို့ ပတ်လုံးသာ တည်လတ္တံ့ ဟု ပိုင်းခြားတော်မူ၏၊ မင်းမြတ် မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူလတ်သော် သာသနာတော်၏ ကွယ်လတ်မည်ကိုမူလည်း ဟောတော်မူသလော၊ သစ္စာလေး… သိခြင်းကိုမူလည်း တားမြစ်တော်မူသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါ… (လျှောက်၏)။ မင်းမြတ် ပျောက်ပျက်သည်ကို ပြောကြားကာ အကြွင်းကို ဖော်ပြလျက်… ပိုင်းခြားတော်မူ၏၊ မင်းမြတ် ဥပမာအားဖြင့် ဥစ္စာပျောက်ပျက်သော ယောကျ်ားသည် အကြွင်း

http://www.dhammadownload.com



အကျန်အားလုံးကို ယူ၍ ငါ၏ ဤမျှသော ဥစ္စာသည် ပျောက်ပျက်၏၊ ဤဥစ္စာကား အကြွင်းအကျန်တည်းဟု လူအများအား ပြရာ၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ပျောက်ပျက်သည်ကို ပြတော်မူလျက် "အာနန္ဒာ ယခုအခါ သာသနာသည် အနှစ်ငါးရာတို့ ပတ်လုံးသာ တည်လတ္တံ့"ဟု နတ်လူတို့အား အကြွင်းကို ဟောတော်မူ၏၊ မင်းမြတ် မြတ်စွာဘုရားသည် "အာနန္ဒာ ယခုအခါ သာသနာသည် အနှစ်ငါးရာတို့ပတ်လုံးသာ တည်လတ္တံ့"ဟု အကြွင်စကားကို ဟောတော်မူ၏၊ ဤစကားတော်သည် သာသနာတော်နှစ်ကို ပိုင်းဖြတ်သော စကားတော်တည်း။

ပရိနိဗ္ဗာန် ပြုတော်မူခါနီးအခါ၌ "သုဘဒ္ဒပရိဗိုဇ် ရဟန်းတို့သည် ကောင်းစွာ နေကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်မကွယ်သည် ဖြစ်ရာ၏"ဟု ရဟန်းတို့ကို ပြောကြားတော်မူလိုသည်ဖြစ်၍ သုဘဒ်ပရိဗိုဇ်အား မိန့်တော်မူသော စကားသည် ပဋိပတ္တိစွမ်းအင်ကို ပြသောစကားတည်း၊ သင်သည်ကား ထိုအပိုင်းအခြားကိုရှင်း ထိုသို့ဖော်ပြခြင်းကိုရှင်း တူသောသဘောကိုပြု၏၊ သင်မင်းမြတ်၏ အလိုဆန္ဒသည် တူသောသဘောကို အကယ်၍ အလိုရှိတုံအံ့၊ တူသောသဘောကို ပြု၍ ဖြေဆိုအံ့၊ မပျံ့လွင့်သော စိတ်ရှိသည်ဖြစ်၍ ကောင်းစွာ နာလော့ နှလုံးသွင်းလော့။

မင်းမြတ် ဤအရာ၌ ရေသစ်တို့ဖြင့် ပြည့်လျှံသော ကန်ပေါင်ကို လျှံတက်သော ရေရှိသော ထက်ဝန်းကျင်မှ ကန်ပေါင်ဖြင့် ပိုင်းခြားအပ်သော ကန်ပေါင်အပိုင်းအခြားအားဖြင့် ပြုအပ်သော တဖက်ဆည်ကန်သည် ရှိသည်ဖြစ်ရာ၏၊ ထိုတဖက်ဆည်ကန်၌ ရေမကုန်မခန်းမီသာ ရေ၏အထက်၌ မိုးကြီးသည် အထပ်ထပ် အစဉ်မပြတ်ပဲ ရွာသွန်းရာ၏၊ မင်းမြတ် ထိုတဖက်ဆည်ကန်၌ ရေသည် ကုန်ခန်းခြင်း လျော့ပါးခြင်းသို့ ရောက်ရာသလောဟု(မေးတော်မူ၏)။ အသျှင်ဘုရား ရေကုန်ခန်းခြင်း လျော့ပါးခြင်းသို့မရောက်ရာပါဟု(လျှောက်၏)။ မင်းမြတ် အဘယ်အကြောင်းကြောင့်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား မိုးအစဉ်မပြတ်သည့် အဖြစ်ကြောင့်ပါတည်းဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရား၏ သာသနာတော်မြတ်တည်းဟူသော သူတော်ကောင်းတရား ကန်တော်ကြီးသည် အကျင့်သီလဂုဏ် ဝတ်အကျင့်ဟူသော ညစ်ကြေးမတင် ဖြူစင်သော ရေသစ်တို့ဖြင့် ပြည့်လျှံလျက် သာသနာကန်တော်ကြီး၏ ကန်ပေါင်ကို လွန်၍ ဘဝဂ်တိုင်အောင် လျှံတက်ပွါးစီးလျက်တည်၏၊ ထိုသာသနာကန်တော်ကြီး၌ ဘုရားသားတော်တို့သည် အကျင့်သီလဂုဏ် ဝတ်အကျင့်တည်းဟူသော မိုးရေကို အစဉ်မပြတ် အထပ်ထပ် ရွာစေကုန်ငြားအံ့၊ ဤသို့ရွာသွန်းကုန်မူကား ဤဘုရားရှင်၏ သာသနာတော်မြတ် တည်းဟူသော သူတော်ကောင်းတရား ကန်တော်ကြီးသည် ရှည်မြင့်စွာသော ကာလပတ်လုံး တည်ရာ၏၊ လောကသည် ရဟန္တာတို့မှ မဆိတ်မကွယ်သည် ဖြစ်ရာ၏၊ မြတ်စွာဘုရားသည် ဤအကြောင်းကို ရည်ရွယ်တော်မူ၍ "သုဘဒ္ဒပရိဗိုဇ် ဤရဟန်းတို့သည် ကောင်းစွာ နေကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်မကွယ်သည် ဖြစ်ရာ၏"ဟု ဟောတော်မူအပ်၏။

မင်းမြတ် ထို့ပြင် ဤအရာ၌ ကြီးမားသော မီးပုံကြီးသည် ပြောင်ပြောင်တောက်သည်ရှိသော် မြက်ခြောက် ထင်းခြောက် နွားချေးခြောက်တို့ကို အထပ်ထပ် ဆောင်ပို့ကုန်ငြားအံ့၊ မင်းမြတ် ထိုမီးပုံကြီးသည် ငြိမ်းရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မငြိမ်းရာပါ၊ ထိုမီးပုံကြီးသည် အလွန်အမင်း တောက်ပရာပါ၏၊ အလွန်အမင်း ထွန်းလင်းရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် တသောင်းသော လောကဓာတ်၌ ဘုရားရှင် သာသနာတော်မြတ်သည်လည်း အကျင့်သီလဂုဏ် ဝတ်အကျင့်ဖြင့် တောက်ပ၏၊ ထွန်းလင်း၏၊ မင်းမြတ် ထို့ထက်

http://www.dhammadownload.com



အလွန် ဘုရားသားတော်တို့သည် ငါးပါးသော ကမ္မဋ္ဌာန်းအားထုတ်နိုင်ကြောင်း အင်္ဂါတို့နှင့် ပြည့်စုံကုန်လျက် အမြဲမပြတ် မမေ့မလျော့ကုန်ပဲ အကယ်၍ အားထုတ်ကုန်ငြားအံ့၊ အဓိသီလ စသော သိက္ခာသုံးပါးတို့၌ လိုလားသော အာသာဆန္ဒရှိကုန်သည်ဖြစ်၍ ကျင့်ကုန်ငြားအံ့၊ စာရိတ္တ သီလကိုရင်း ဝါရိတ္တသီလကိုရင်း အပြည့်အစုံဖြင့် ကျင့်ကုန်ငြားအံ၊ ဤသို့ကျင့်ကုန်ဘည်ရှိသော် ဤဘုရားရှင်သာသနာတော်မြတ်သည် အလွန်အမင်း ရှည်မြင့်စွာသော ကာလပတ်လုံး တည်ရာ၏၊ လောကသည် ရဟန္တာတို့မှ မဆိတ်မကွယ်သည် ဖြစ်ရာ၏၊ ဤသို့လျှင် ဤအကြောင်းကို ရည်ရွယ်တော်မူ၍ "သုဘဒ်ပရိဗိုဇ် ဤရဟန်းတို့သည် ကောင်းစွာ နေကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်မကွယ်သည် ဖြစ်ရာ၏"ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏။

မင်းမြတ် ထိုပြင် ဤအရာ၌ချောညက် ညီညွတ်သည်ဖြစ်၍ ကောင်းစွာ ပွတ်တိုက်သောကြောင့် အရောင်ထိန်လင်း အညစ်အကြေးကင်းသော မှန်ပြင်ကို သိမ်မွေ့နူးညံ့သော ဌေးနီမှုန့်ဖြင့် အထပ်ထပ် ပွတ်တိုက်ကုန်ငြားအံ့၊ မင်းမြတ် ထိုမှန်ပြင်၌ အညစ်အကြေး ရွံ့ညွန်မြူ အညစ်သည် ဖြစ်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်ရာပါ၊ စင်စစ် ညစ်ကြေးမတင် စင်ကြယ်သည်ထက် စင်ကြယ်သည်သာ ဖြစ်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရား သာသနာတော်သည် ပကတိအညစ်အကြေး ကင်းစင်၏၊ ကိလေသာအညစ်အကြေး မြူမှုန်ကင်း၏၊ ထိုမြတ်စွာဘုရား သာသနာတော်မြတ်ကို ဘုရားသားတော်တို့သည် အကျင့်သီလဂုဏ် ဝတ်အကျင့်နှင့် ကိလေသာခေါင်းပါးကြောင်း ဓုတင်ဂုဏ်ကျေးဇူးဖြင့် အကယ်၍ ကောင်းစွာ မှတ်သား ကျင့်ဆောင်ကုန်ငြားအံ့၊ ဤသို့ မှတ်သား ကျင့်ဆောင်ကုန်သည်ရှိသော် ဤမြတ်စွာဘုရား သာသနာတော်မြတ်သည် ရှည်မြင့်စွာသော ကာလပတ်လုံး တည်ရာ၏၊ လောကသည်လည်း ရဟန္တာတို့မှ မဆိတ်မကွယ်သည် ဖြစ်ရာ၏၊ ဤသို့လျှင် ဤအကြောင်းကို ရည်ရွယ်တော်မူ၍ "သုဘဒ်ပရိဗိုဇ် ဤရဟန်းတို့သည် ကောင်းစွာ နေကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်မကွယ်သည် ဖြစ်ရာ၏"ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏။ မင်းမြတ် မြတ်စွာဘုရား၏ သာသနာတော်သည် အကျင့်ပဋိပတ်လျှင် အရင်းအမြစ်ရှိ၏၊ အကျင့်ပဋိပတ် မကွယ်သည်ရှိသော် အကျင့်ပဋိပတ်လျှင် အကြောင်းရှိသော သာသနာတော်သည် တည်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "သာသနာတော် ကွယ်ပျောက်ခြင်း"ဟူ၍ အကြင်စကားကို ဆို၏၊ ထိုစကားသည် အဘယ်ပါနည်းဟု (လျှောက်၏)။ မင်းမြတ် သာသနာတော် ကွယ်ပျောက်ခြင်းတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း ဟူမူ—မဂ်ဖိုလ်ရမှု 'အဓိဂမ' ကွယ်ခြင်း အကျင့်'ပဋိပတ်'ကွယ်ခြင်း ရဟန်းအသွင်'လိင်္ဂ' ကွယ်ခြင်းတို့တည်း။ မင်းမြတ် မဂ်ဖိုလ်ရမှု 'အဓိဂမ' ကွယ်ပျောက်သည်ရှိသော် ကောင်းစွာ ကျင့်သောသူအားလည်း မဂ်ဖိုလ်ကို သိမှု မဖြစ်၊ အကျင့် 'ပဋိပတ်' ကွယ်ပျောက်သည်ရှိသော် သိက္ခာပုဒ် ပညတ်တော်သည် ကွယ်ပျောက်၏၊ ရဟန်းအသွင် အပြင်သည်သာလျှင် တည်၏။ ရဟန်းအသွင်အပြင် 'လိင်္ဂ' ကွယ်ပျောက်သည်ရှိသော် သာသနာတော်အစဉ်အဆက် ပြတ်တော့၏၊ မင်းမြတ် ဤသုံးပါးတို့သည် သာသနာကွယ်ပျောက်ခြင်းတို့တည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ပြဿနာကို ကောင်းစွာ သိစေအပ်ပါ၏၊ နက်နဲသည်ကို ပေါ်လွင်အောင် ပြုတော်မူအပ်ပါပေ၏၊ အထုံးအဖွဲ့ကို ဖျက်ဆီးတော်မူနိုင်ပါပေ၏၊ ဂိုဏ်းဆရာမြတ်တို့ထက် မြတ်သော အသျှင်ဘုရားသို့ ကပ်ရောက်ကုန်သည်ရှိသော် တပါးသော အယူတို့သည် ပျောက်ပျက်

http://www.dhammadownload.com



ကုန်ပြီ၊ မကောင်းသော အယူတို့ကို ချိုးဖျက်အပ်ကုန်ပြီ၊ အသျှင်ဘုရားသည်-(တပါးသော အယူတို့) အရောင်အဝါမရှိသည်ကို ပြုတော်မူအပ်ပါပေ၏ဟု (လျှောက်၏)။

ခုနစ်ခုမြောက် သဗ္ဗညုတ္တရစာနပဥ္စာ ပြီး၏။

---

## ၈-အကုသလစ္ဆေဒနပဥ္စာ

### (မြတ်စွာဘုရား အကုသိုလ်အကြွင်းမဲ့ ဖြတ်မဖြတ်ပြဿနာ)

၈။ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် အကုသိုလ်အားလုံးကို ကုန်ခန်း လောင်ကျွမ်းစေ၍ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူပါသလော၊ ထိုသို့မဟုတ် အကုသိုလ်တို့ကို အကြွင်းထားလျက် ကုန်ခန်း လောင်ကျွမ်းစေ၍ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် မြတ်စွာဘုရားသည် အကုသိုလ်အားလုံးကို ကုန်ခန်း လောင်ကျွမ်းစေ၍ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူ၏၊မြတ်စွာဘုရားအား အကုသိုလ် အကြွင်းအကျန် မရှိဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရား၏ ကိုယ်၌ ဒုက္ခဝေဒနာတို့သည် ဖြစ်ဘူးကုန်သည် မဟုတ်ပါလောဟု (လျှောက်၏)။ မင်းမြတ် ဖြစ်ဘူးကုန်၏၊ ရာဇဂြိုဟ်ပြည်၌ (သီတင်းသုံးစဉ်)ကျောက်ချပ်လွှာသည် မြတ်စွာဘုရား၏ ခြေတော်ကို ထိခိုက် ဖောက်ခွဲအပ်၏၊ ဝမ်းသွေးသွန်သော ရောဂါဖြစ်၏၊ ကိုယ်တော်သည် တောင့်တင်း ခက်မာသည်ရှိသော် ဇီဝကဆေးဆရာသည် ဝမ်းလျှောခြင်းကို ပြုအပ်၏၊ လေနာဖြစ်လတ်သော် အလုပ်အကျွေး မထေရ်သည် ရေနွေးကို ရှာမှီးစီရင်အပ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် အကုသိုလ်အားလုံးကို ကုန်ခန်း လောင်ကျွမ်းစေ၍ သဗ္ဗညုအဖြစ်သို့ အကယ်၍ ရောက်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ ကျောက်ချပ်လွှာသည် မြတ်စွာဘုရား ခြေတော်ကို ထိခိုက် ဖောက်ခွဲအပ်၏၊ ဝမ်းသွေးသွန်သော ရောဂါသည်လည်း ဖြစ်၏ဟူသော ထိုစကားသည် မှားရာ၏၊ ကျောက်ချပ်လွှာသည် မြတ်စွာဘုရား၏ ခြေတော်ကို အကယ်၍ ထိခိုက်ဖောက်ခွဲအပ်သည်ဖြစ်အံ့၊ ဝမ်းသွေးသွန်သော ရောဂါသည်လည်း အကယ်၍ ဖြစ်အံ့၊ သို့ဖြစ်လျှင် မြတ်စွာဘုရားသည် အကုသိုလ်အားလုံးကို ကုန်ခန်းလောင်ကျွမ်းစေ၍ သဗ္ဗညုအဖြစ်သို့ ရောက်၏ဟူသော ထိုစကားသည် မှားရာ၏၊ အသျှင်ဘုရား ကံနှင့် ကင်း၍ ခံစားမှု 'ဝေဒနာ'သည် မရှိ၊ ထိုခံစားမှု'ဝေဒနာ'အားလုံးသည် ကံလျှင် အကြောင်းရင်း ရှိ၏၊ထိုဝေဒနာကို ကံကြောင့်သာလျှင် ခံစားရ၏၊ ဤပြဿနာသည်လည်း အစွန်းနှစ်ဖက် ထက်ပါ၏၊ အသျှင်ဘုရားသို့ အစဉ်ရောက်ပါ၏၊အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါဟု (လျှောက်၏)။

မင်းမြတ် ထိုခံစားမှု 'ဝေဒနာ' အားလုံးသည် ကံလျှင် အကြောင်းရင်းရှိသည် မဟုတ်၊ မင်းမြတ် ရှစ်ပါးသော အကြောင်းတို့ကြောင့် ခံစားမှု 'ဝေဒနာ'တို့သည် ဖြစ်တတ်ကုန်၏၊ ယင်းအကြောင်းရှစ်မျိုးတို့ကြောင့် များစွာသော သတ္တဝါတို့သည် ဝေဒနာတို့ကို ခံစားကြရကုန်၏၊ အဘယ်ရှစ်မျိုးတို့ကြောင့် ခံစားကြရကုန်သနည်းဟူမူ—မင်းမြတ် ဤလောက၌ အချို့သော ဝေဒနာတို့သည် လေကြောင့်လည်း ဖြစ်ပေါ်လာကုန်၏၊ သည်းခြေကြောင့်လည်း ဖြစ်ပေါ်လာကုန်၏၊ သလိပ်ကြောင့်လည်း ဖြစ်ပေါ်လာကုန်၏၊ လေ သည်းခြေ သလိပ် သုံးပါး

http://www.dhammadownload.com



အစုအဝေး 'သန္နိပါတ်'ကြောင့်လည်း ဖြစ်ပေါ်လာကုန်၏၊ ဥတုဖောက်ပြန်ခြင်းကြောင့်လည်း ဖြစ်ပေါ်လာကုန်၏၊ မသင့်သော အစာအာဟာရကြောင့်လည်း ဖြစ်ပေါ်လာကုန်၏၊ လုံ့လကြောင့်လည်း ဖြစ်ပေါ်လာကုန်၏၊မင်းမြတ် ဤလောက၌ အချို့သော ဝေဒနာတို့သည် ကံ၏အကျိုးကြောင့် ဖြစ်ကုန်၏၊ မင်းမြတ် ဤရှစ်ပါးသော အကြောင်းတို့ကြောင့် များစွာသော သတ္တဝါတို့သည် ဝေဒနာတို့ကို ခံစားရကုန်၏၊ ထိုရှစ်မျိုးတို့တွင် အကြင်ပုဂ္ဂိုလ်တို့သည် "သတ္တဝါတို့ကို ကံက ညှဉ်းဆဲ၏"ဟု ဆိုကုန်ရာ၏၊ ထိုပုဂ္ဂိုလ်တို့သည် ခုနစ်ပါးသော အကြောင်းကို ပယ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့၏ ထိုစကားသည် မှား၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အကြင်လေကြောင့် ဖြစ်သောအနာ သည်းခြေကြောင့် ဖြစ်သောအနာ သလိပ်ကြောင့်ဖြစ်သောအနာ လေ သည်းခြေ သလိပ် သုံးပါးအစုအဝေး'သန္နိပါတ်'ကြောင့်ဖြစ်သောအနာ ဥတုဖောက်ပြန်ခြင်းကြောင့်ဖြစ်သော အနာ မသင့်သော အစာအာဟာရကြောင့်ဖြစ်သော အနာ လုံ့လကြောင့်ဖြစ်သော အနာမျိုးသည် ရှိပါ၏၊ ထိုအနာအားလုံးတို့သည် ကံသာလျှင် ဖြစ်ကြောင်း ရှိပါကုန်၏၊ ထိုအနာအားလုံးတို့သည် ကံကြောင့်သာလျှင် ဖြစ်ပါကုန်၏ဟု (လျှောက်၏)။

မင်းမြတ် ထိုအနာအားလုံးတို့သည် ကံကြောင့်သာလျှင် အကယ်၍ ဖြစ်ကုန်ငြားအံ့၊ ထိုအနာရောဂါတို့၏ မိမိတို့၏ သီးခြား အဘို့အစုအားဖြင့် မှတ်ကြောင်းလက္ခဏာတို့သည် မဖြစ်ပေကုန်ရာ၊ မင်းမြတ် လေသည် ပျက်သည်ရှိသော် အအေး အပူ ဆာလောင်မှု မွတ်သိပ်မှု အစားလွန်မှု အထိုင်အရပ်များမှု အလွန်အားထုတ်မှု အပြေးအလွှားလွန်မှု လုံ့လပယောဂလွန်မှု ကံ၏ အကျိုးဟူသော ဤဆယ်ပါးသော အကျိုးကြောင့် ပျက်၏၊ ထိုဆယ်ပါးတို့တွင် ရှေ့ကိုးပါးတို့သည် အတိတ်ဘဝ၌ မဖြစ်ကုန်၊ အနာဂတ်ဘဝ၌ မဖြစ်ကုန်၊ ပစ္စုပ္ပန်ဘဝ၌သာ ဖြစ်ကုန်၏၊ ထို့ကြောင့် "ဝေဒနာအားလုံးတို့ကို ကံကြောင့်သာဖြစ်ကုန်၏"ဟု မဆိုရကုန်၊ မင်းမြတ် သည်းခြေပျက်သော် အအေး အပူ မသင့်သော အစာအာဟာရဟူသော သုံးပါးသော အကြောင်းကြောင့် ပျက်၏၊ မင်းမြတ် သလိပ်ပျက်သော် အအေးအပူ စားဖွယ် သောက်ဖွယ်ဟူသော သုံးပါးသောအကြောင်းကြောင့် ပျက်၏၊ မင်းမြတ် အကြင်လေသည်၎င်း အကြင်သည်းခြေသည်၎င်း အကြင်သလိပ်သည်၎င်း ထိုထို မိမိတို့၏ ပျက်ကြောင်းတို့ဖြင့် ပျက်လတ်၍ ရောနှော ပူးပေါင်းသည် ဖြစ်လျက် မိမိ မိမိတို့နှင့် ဆိုင်ရာဝေဒနာကို တိုးပွါးအောင် ငင်ဆွဲ၏။ မင်းမြတ် ဥတုပျက်၍ဖြစ်သော ဝေဒနာသည် ဥတုပျက်သောကြောင့်ဖြစ်လေ၏၊ မသင့်သော အစာအာဟာရကြောင့် ဖြစ်သော ဝေဒနာသည် မသင့်သော အစာအာဟာရကြောင့် ဖြစ်၏၊ မင်းမြတ် လုံ့လကြောင့် ဖြစ်သော ဝေဒနာသည်ကား ပစ္စုပ္ပန်တွင် ပြုလုပ်သော အမှုကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏၊ ရှေးကံအကျိုးဖြစ်သော ဝေဒနာသည် ရှိ၏၊ကံ၏ အကျိုးကြောင့်ဖြစ်သော ဝေဒနာသည် ရှေး၌ပြုလုပ်အပ်သော ကံကြောင့်ဖြစ်၏၊ မင်းမြတ် ဤသို့လျှင် ကံအကျိုးကြောင့် ဖြစ်သော ဝေဒနာသည် နည်း၏၊ ထိုမှကြွင်းသော အကြောင်းကြောင့် ဖြစ်သော ဝေဒနာသည် များ၏၊ ထိုသို့ ဝေဒနာဖြစ်ရာ၌ သူမိုက်တို့သည်"အလုံးစုံသော ဝေဒနာကို ကံအကျိုးကြောင့်သာလျှင် ဖြစ်ကုန်၏" ဟု အယူသည်းကြကုန်၏၊ ထိုကံကို ဘုရားဉာဏ်တော်နှင့် ကင်း၍ ခြားနား ပိုင်းဖြတ်ခြင်းကို ပြုလုပ်ခြင်းငှါ မစွမ်းနိုင်။

မင်းမြတ် ခြေတော်ကို ကျောက်ချပ်လွှာ ထိခိုက် ဖောက်ခွဲအပ်သည်ဖြစ်၍ မြတ်စွာဘုရား ခံစားရသော ဝေဒနာသည် လေကြောင့် ဖြစ်သည်လည်း မဟုတ်ချေ၊ သည်းခြေကြောင့်

http://www.dhammadownload.com



ဖြစ်သည်လည်း မဟုတ်ချေ၊ သလိပ်ကြောင့်ဖြစ်သည်လည်း မဟုတ်ချေ၊ လေ သည်းခြေ သလိပ် သုံးပါးအစုအဝေး သန္နိပါတ်ကြောင့် ဖြစ်သည်လည်း မဟုတ်ချေ၊ ဥတုပျက်၍ ဖြစ်သည်လည်း မဟုတ်ချေ၊မသင့်သောအစာကြောင့် ဖြစ်သည်လည်း မဟုတ်ချေ၊ကံအကျိုးကြောင့် ဖြစ်သည်လည်း မဟုတ်ချေ၊ လုံ့လကြောင့်သာ ဖြစ်ပေ၏၊ မင်းမြတ် ဒေဝဒတ်သည် ဘဝသိန်းပေါင်း များစွာတို့ ပတ်လုံး မြတ်စွာဘုရားအပေါ်၌ ရန်ငြိုးဖွဲ့ခဲ့၏၊ ထိုဒေဝဒတ်သည် ထိုရန်ငြိုးဖြင့် ကြီးမား လေးလံသော ကျောက်လုံးကို (ယန္တရားဖြင့်)ယူ၍ "မြတ်စွာဘုရား၏ ဦးခေါင်းတော်ထက်၌ ချအံ့"ဟု လွှတ်လိုက်၏၊ ထိုအခါ တပါးကုန်သော ကျောက်တောင်ထွတ် နှစ်ခုတို့သည် လာကုန်၍ ထိုဒေဝဒတ် လွှတ်လိုက်သော ကျောက်လုံးကြီးကို မြတ်စွာဘုရားထံသို့ မရောက်မီသာလျှင် ခံလင့်ကုန်၏၊ ထိုကျောက်တောင်ထွတ် နှစ်ခုတို့၏ တိုက်ခတ်မိခြင်းကြောင့် ကျောက်ချပ်လွင့်သည် ကွဲထွက်ကာ စဉ်ကျလျက် မြတ်စွာဘုရား၏ ခြေတော်၌ ကျ၍ သွေးကို ဖြစ်စေ၏၊ မင်းမြတ် မြတ်စွာဘုရား၏ ဤသွေးစိမ်းတည်သော ဝေဒနာသည် ရှေးကံ ဝိပါက်ကြောင့်ရင်း ပစ္စုပ္ပန်လုံ့လ ပြုမှုကြောင့်ရင်း ဖြစ်ရလေ၏၊ ထိုနှစ်မျိုးထက် အလွန် တပါးသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာသည် မရှိ။

မင်းမြတ် လယ်ယာမကောင်းသောကြောင့်ရင်း မျိုးစေ့မကောင်းသောကြောင့်ရင်း မျိုးစေ့ သည် ကောင်းစွာ မဖြစ်လွန်းသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရား၏ ဤသွေးစိမ်း တည်သော ဝေဒနာသည် ရှေးကံဝိပါက်ကြောင့်ရင်း ပစ္စုပ္ပန်လုံ့လပြုမှုကြောင့်ရင်း ဖြစ်ရလေ၏၊ ထိုနှစ်မျိုးထက် အလွန် တပါးသော အကြောင်းကြောင့် ဖြစ်သော ဝေဒနာသည် မရှိ။

မင်းမြတ် ဥပမာတမျိုးသော်ကား ဝမ်းဘွင်းဓာတ် ပျက်စီးသောကြောင့်ရင်း အာဟာရ ဓာတ်ပျက်စီးသောကြောင့်ရင်း စားဖွယ်သည် ကောင်းစွာ မကြေကျက်၊ မင်းမြတ် ဤအတူ သာလျှင် မြတ်စွာဘုရား၏ ဤဝေဒနာသည် ကံဝိပါက်ကြောင့်ရင်း ပစ္စုပ္ပန်လုံ့လပြုမှုကြောင့်ရင်း ဖြစ်ရလေ၏၊ ထိုနှစ်မျိုးထက် အလွန် တပါးသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာသည် မရှိ၊ မင်းမြတ် စင်စစ်ကေန် အမှန်သော်ကား မြတ်စွာဘုရားအား ကံဝိပါက်ကြောင့် ဖြစ်သော ဝေဒနာသည် မရှိ၊မသင့်သော အစာအာဟာရကြောင့်ဖြစ်သော ဝေဒနာသည် မရှိ၊ကြွင်းကုန်သော (ခြောက်ပါးသော)အကြောင်း သမုဋ္ဌာန်တို့ကြောင့် မြတ်စွာဘုရားအား ဝေဒနာသည် ဖြစ်၏၊ စင်စစ်အားဖြင့် ကြွင်းသော အကြောင်းဖြစ်သော ထိုဝေဒနာဖြင့်လည်း မြတ်စွာဘုရားကို အသက် (ဇီဝိတိန္ဒြေ)မှ ချခြင်းငှါ မတတ်နိုင်။

မင်းမြတ် မဟာဘုတ်လေးပါးလျှင် အရင်းရှိသော ဤကိုယ်၌ အလိုရှိအပ်ကုန် အလိုမရှိအပ် ကုန်သော ကောင်း မကောင်းသော ဝေဒနာတို့သည် ကျရောက်တတ်ကုန်၏၊မင်းမြတ် ကောင်းကင်၌ ပစ်သော ခဲသည် မြေကြီး၌ ကျရောက်၏၊ မင်းမြတ် ခဲသည် ရှေး၌ပြုဘူးသော ကံကြောင့် မြေကြီး၌ ကျသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါ၊ အသျှင်ဘုရား မြေကြီး၌ ကုသိုလ် အကုသိုလ်၏ အကျိုးကို ခံစားရသော အကြောင်းသည် မရှိပါ၊ အသျှင်ဘုရား ပစ္စုပ္ပန် ဖြစ်သော ရှေးကံဟောင်းကင်းသော အကြောင်းဖြင့် ထိုခဲသည် မြေ၌ကျရောက်၏၊ မင်းမြတ် မြေကြီးကဲ့သို့ ထိုအတူ မြတ်စွာဘုရားကို မှတ်အပ်၏၊ ခဲသည် ရှေးကပြုခဲ့သော ကံကြောင့် မဟုတ်ပဲ မြေကြီး၌ ကျရောက်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ရှေးကပြုခဲ့သော ကံကြောင့် မဟုတ်ပဲ (မြေကြီး၏) ထိုကျောက်ချပ်လွှာသည် မြတ်စွာဘုရား၏ ခြေတော်၌ ကျရောက်၏။

http://www.dhammadownload.com



မင်းမြတ် ဤလောက၌ကား လူတို့သည် မြေကြီးကို ဖျက်လည်း ဖျက်ကုန်၏၊ တူးလည်း တူးကုန်၏၊ မင်းမြတ် ရေးကပ္ပါအပ်သော ကံကြောင့် ထိုလူတို့သည် မြေကြီးကို ဖျက်လည်း ဖျက်ကုန်သလော၊ တူးလည်း တူးကုန် သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အကြင်ကျောက်ချပ်လွှာသည် မြတ်စွာဘုရား၏ ခြေတော်၌ ကျရောက်၏၊ ထိုကျောက်ချပ်လွှာသည် မြတ်စွာဘုရား၏ ရေးကပ္ပါအပ်သော ကံကြောင့် မြတ်စွာဘုရား၏ ခြေတော်၌ ကျသည်မဟုတ်။ မင်းမြတ် မြတ်စွာဘုရားအား အကြင် ဝမ်းသွေးသွန်သော အနာသည်လည်း ဖြစ်၏၊ ထိုဝမ်းသွေးသွန်သော အနာသည်လည်း ရေးက ပြုအပ်သော ကံကြောင့် မဖြစ်၊ လေ သည်းခြေ သလိပ် အစုအပေါင်းဟူသော သန္နိပါတ်ကြောင့် သာလျှင် ဖြစ်၏၊ မင်းမြတ် မြတ်စွာဘုရား၏ ကိုယ်၌ ကျရောက် ဖြစ်ပေါ်ကုန်သော အလုံးစုံသော အနာရောဂါတို့သည် ရေးကံကြောင့် မဖြစ်ကုန်၊ ခြောက်ပါးကုန်သော ထိုအနာရောဂါဖြစ်ခြင်း အကြောင်း သမုဋ္ဌာန်တို့တွင် တပါးပါးသော အကြောင်း သမုဋ္ဌာန်ကြောင့် ဖြစ်ကုန်၏။

မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သံယုတ္တနိကာယ်ဟု မြတ်သော အမည်တံဆိပ် ခပ်နှိပ်အပ်သော မောဠိယသီဝက အဖြေ၌ ဤစကားကိုလည်း ဟောတော်မူအပ်ပြီ—

"သီဝက ဤလောက၌ သည်းခြေလျှင် ဖြစ်ကြောင်းရှိကုန်သော အချို့သော ဝေဒနာတို့သည် ဖြစ်ကုန်၏၊ သီဝက ဤလောက၌ သည်းခြေလျှင် ဖြစ်ကြောင်းရှိကုန်သော အချို့သော ဝေဒနာတို့သည် ဖြစ်ကုန်၏ဟူသော ဤအကြောင်းကို ကိုယ်တိုင်လည်း ဤသို့ သိအပ်၏၊ သီဝက ဤလောက၌ သည်းခြေလျှင် ဖြစ်ကြောင်းရှိကုန်သော အချို့သော ဝေဒနာတို့သည် ဖြစ်ကုန်၏ဟူသော ဤအကြောင်းကို လောကသည်လည်း အမှန်ဟု သမုတ်အပ်၏၊ သီဝက ထိုသို့ဖြစ်ရာ ဤသတ္တဝါ ပုဂ္ဂိုလ်သည် တစုံတခု သုခကို ဖြစ်စေ ဒုက္ခကိုဖြစ်စေ ဥပေက္ခာကိုဖြစ်စေ ခံစား၏၊ ထိုအားလုံးသည် ရေးကံကြောင့် ဖြစ်၏ဟု ဤသို့ ဆိုလေ့ရှိကုန် ဤသို့ ယူလေ့ ရှိကုန်သော သမဏဗြာဟ္မဏတို့သည် ကိုယ်တိုင် သိအပ်သည်ကိုလည်း ကျော်လွန်ကုန်၏၊ လောက၌ အမှန်ဟု သမုတ်အပ်သည်ကိုလည်း ကျော်လွန်ကုန်၏၊ ထို့ကြောင့် ထိုသမဏဗြာဟ္မဏတို့၏ စကားကို အမှားဟု (ငါ)ဆို၏။

သီဝက ဤလောက၌ သလိပ်လျှင် ဖြစ်ကြောင်းရှိကုန်သော အချို့သော ဝေဒနာတို့သည် ဖြစ်ကုန်၏၊ သီဝက လေလျှင် ဖြစ်ကြောင်းရှိကုန်သော။ပ။ သီဝက သည်းခြေ လေ သလိပ် အပေါင်းအစု သန္နိပါတ်လျှင် ဖြစ်ကြောင်းရှိကုန်သော။ပ။ သီဝက ဥတု ပျက်ခြင်းလျှင် ဖြစ်ကြောင်းရှိကုန်သော။ပ။ သီဝက မသင့်သော အစာအာဟာရလျှင် ဖြစ်ကြောင်းရှိကုန်သော။ပ။ သီဝက လုံ့လလျှင် ဖြစ်ကြောင်းရှိကုန်သော။ပ။ သီဝက ဤလောက၌ ကံဝိပါက်ကြောင့်ဖြစ်ကုန်သော အချို့သော ဝေဒနာတို့သည် ဖြစ်ကုန်၏၊ သီဝက ဤလောက၌ ကံဝိပါက်ကြောင့်လည်း ဖြစ်ကုန်သော အချို့သော ဝေဒနာတို့သည် ဖြစ်ကုန်၏ ဟူသော ဤအကြောင်းကို ဤသို့ ကိုယ်တိုင်လည်း သိအပ်၏၊ သီဝက ဤလောက၌ ကံဝိပါက်ကြောင့် ဖြစ်ကုန်သော အချို့သော ဝေဒနာတို့သည် ဖြစ်ကုန်၏ ဟူသော ဤအကြောင်းကို လောကသည်လည်း အမှန်ဟု သမုတ်အပ်၏၊ သီဝက ထိုသို့ ဖြစ်ရာ သတ္တဝါ ပုဂ္ဂိုလ်သည် တစုံတခု သုခကိုဖြစ်စေ ဒုက္ခကိုဖြစ်စေ ဥပေက္ခာကို ဖြစ်စေ ခံစား၏၊ ထိုခံစားမှု အားလုံးသည် ရေးကံကြောင့်ဖြစ်၏ဟု ဆိုလေ့ ရှိကုန် ယူလေ့

http://www.dhammadownload.com



ရှိကုန်သော သမဏဗြာဟ္မဏတို့သည် ကိုယ်တိုင် သိအပ်သည်ကိုလည်း ကျော်လွန်ကုန်၏၊ လောကဌ် အမှန်ဟု သမုတ်အပ်သည်ကိုလည်း ကျော်လွန်ကုန်၏၊ ထို့ကြောင့် ထိုသမဏ ဗြာဟ္မဏတို့၏ စကားကို အမှားဟု (ငါ)ဆို၏''ဟု ဟောအပ်၏။

မင်းမြတ် ဤပြခဲ့သော စကားနှင့် အညီလည်း အလုံးစုံသော ဝေဒနာတို့သည် ကံဝိပါက် ကြောင့်သာ ဖြစ်ကုန်သည် မဟုတ်ကုန်၊ မင်းမြတ် မြတ်စွာဘုရားသည် အကုသိုလ် အားလုံးကို လောင်ကျွမ်းစေ၍ သဗ္ဗညု အဖြစ်သို့ ရောက်တော်မူ၏ဟု ဤသို့ဆိုခဲ့ဘိုင်း မှတ်လေလော့ဟု (မိန့်တော်မူ၏)။အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့ ဤအကြောင်းကို အသျှင်ဘုရား မိန့်တော်မူသည့်အတိုင်း ဝန်ခံပါ၏ဟု(လျှောက်၏)။

ရှစ်ခုမြောက် အကုသလစ္ဆေဒနပဥ္စာ ပြီး၏။

---

## ၉-ဥတ္တရိကရဏီယပဥ္စာ

### (မြတ်စွာဘုရားအား ထပ်မံပွါးများရမှု ရှိမရှိ ပြဿနာ)

၉။ အသျှင်ဘုရားနာဂသေန ''မြတ်စွာဘုရားအား ပြုဖွယ်ကိစ္စ အားလုံးသည် ဗောဓိပင်ရင်း၌ သာလျှင် ပြီးဆုံးခြင်းသို့ ရောက်၏၊ မြတ်စွာဘုရားအား ထိုထက်အလွန် ပြုဖွယ်မရှိပြီ၊ ပြုအပ်ပြီး သည်ကိုလည်း ထပ်မံပွါးစီးအောင် ပြုရန်မရှိပြီ''ဟု အသျှင်ဘုရားတို့ မိန့်ဆိုတော်မူကြကုန်၏၊ သုံးလပတ်လုံး ဤတပါးတည်း ကိန်းအောင်းတော်မူခြင်းသည်လည်း ထင်ရှားခဲ့ပြန်၏၊ အသျှင် ဘုရားနာဂသေန မြတ်စွာဘုရားအား ပြုဖွယ်ကိစ္စ အားလုံးသည် ဗောဓိပင်ရင်း၌သာလျှင် အကယ်၍ ပြီးဆုံးခြင်းသို့ ရောက်သည်ဖြစ်အံ့၊ မြတ်စွာဘုရားအား ထိုထက်အလွန် ပြုဖွယ်ရသည် အကယ်၍ မရှိသည်ဖြစ်ပါအံ့၊ ပြုအပ်ပြီးသည်ကိုလည်း ထပ်မံပွါးစီးအောင်ပြုရန် အကယ်၍ မရှိသည်ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ သုံးလပတ်လုံး တပါးတည်း ကိန်းအောင်းတော်မူ၏ဟူသော စကားသည် မှားရာ၏၊ သုံးလပတ်လုံး တပါးတည်း ကိန်းအောင်းတော်မူသည်ဖြစ်ပါအံ့၊ မြတ်စွာဘုရားအား ပြုဖွယ် ကိစ္စ အားလုံးသည် ဗောဓိပင်ရင်း၌သာလျှင် ပြီးဆုံးခြင်းသို့ ရောက်၏ဟူသော စကားသည်လည်း မှားရာ၏၊ ပြုအပ်ပြီးသော အမှုကိစ္စရှိသောသူအား တပါးတည်း ကိန်းအောင်းခြင်းသည် မရှိသင့်၊ ပြုဖွယ်ကိစ္စရှိသောသူအားသာလျှင် တပါးတည်း ကိန်းအောင်း ခြင်းသည် ရှိ၏၊ဥပမာမည်သည်ကား အနာရှိသောသူအားသာလျှင် ဆေးဖြင့်ပြုဖွယ်ကိစ္စသည် ဖြစ်ပါ၏၊ အနာမရှိသူအား ဆေးဖြင့် အဘယ်မှာ ပြုဖွယ်ကိစ္စရှိပါအံ့နည်း၊ မွတ်သိပ်ဆာလောင်သူအားသာလျှင် စားဖွယ်ဖြင့် ပြုဖွယ် ကိစ္စသည် ဖြစ်ပါ၏၊ မွတ်သိပ်ဆာလောင်ခြင်းမရှိသောသူအား စားဖွယ်ဖြင့် အဘယ်ပြုပါအံ့နည်း၊ အသျှင်ဘုရားနာဂသေန ဤအတူသာလျှင် ပြုအပ်ပြီးသော ကိစ္စရှိသောသူအား တပါးတည်း ကိန်းအောင်းခြင်းသည် မရှိသင့်၊ ပြုဖွယ်ကိစ္စရှိသောသူအား သာလျှင် တပါးတည်း ကိန်းအောင်း ခြင်းသည် ရှိ၏၊ အစွန်း နှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားအား အစဉ်ရောက် ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါ ဟု (လျှောက်၏)။

မင်းမြတ် မြတ်စွာဘုရားအား ပြုဖွယ်ကိစ္စအားလုံးသည် ဗောဓိပင်ရင်း၌သာလျှင် ပြီးဆုံးခြင်း သို့ရောက်၏၊ မြတ်စွာဘုရားအား ထိုထက်အလွန် ပြုဖွယ်ကိစ္စသည် မရှိ၊ ပြုအပ် ပြီးသည်ကိုလည်း ထပ်မံပွါးစီးအောင် ပြုရန်မရှိ၊ ထိုသို့ပြုဖွယ်မရှိသော်လည်း မြတ်စွာဘုရားသည် သုံးလပတ်လုံး

http://www.dhammadownload.com



တပါးတည်း ကိန်းအောင်းတော်မူ၏၊ မင်းမြတ် အကြောင်းသော်ကား တပါးတည်း ကိန်းအောင်းတော်မူခြင်းသည် ကျေးဇူးများလှ၏၊ ဘုရားရှင်အားလုံးတို့ပင် တပါးတည်း ကိန်းအောင်းတော်မူကုန်၍ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူကုန်၏၊ ထိုမြတ်စွာဘုရားတို့သည် ထိုသို့ကောင်းစွာပြုအပ်သော ကျေးဇူးကို အစဉ်အောက်မေ့တော်မူကုန်လျက် တပါးတည်း ကိန်းအောင်းတော်မူခြင်းကို မှီဝဲ တော်မူကုန်၏၊ မင်းမြတ် မင်း၏အထံမှ ရအပ်သော ဆုရှိသော ရအပ်သော စည်းစိမ်ရှိသော ယောကျ်ားသည် ထိုကောင်းစွာပြုအပ်သောကျေးဇူးကို အောက်မေ့သည်ဖြစ်၍ မင်းထံအထပ်ထပ် ဆည်းကပ်ခြင်းသို့ ရောက်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် အလုံးစုံသော ဘုရားရှင်တို့သည်လည်း တပါးတည်း ကိန်းအောင်းတော်မူကြကုန်၍ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူကုန်၏၊ ထို ဘုရားရှင်တို့သည် ထိုသို့ကောင်းစွာပြုအပ်သော ကျေးဇူးကို အစဉ်အောက်မေ့တော်မူကုန်လျက် တပါးတည်း ကိန်းအောင်းခြင်းကို မှီဝဲတော်မူကုန်၏။

မင်းမြတ် ဥပမာတမျိုးသော်ကား ရောဂါနှိပ်စက်သော ရောဂါနှိပ်စက်၍ ဆင်းရဲခြင်းသို့ ရောက်သော ပြင်းထန်စွာ နာဖျားသောယောကျ်ားသည် ဆေးဆရာကို မှီဝဲရ၍ ချမ်းသာခြင်းသို့ ရောက်သည်ရှိသော် ထိုကောင်းစွာ ပြုအပ်သော ဂုဏ်ကျေးဇူးကို အောက်မေ့လျက် ဆေးဆရာထံသို့ အထပ်ထပ် မှီဝဲဆည်းကပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် အလုံးစုံသော ဘုရားရှင်တို့သည်လည်း တပါးတည်း ကိန်းအောင်းတော်မူကြကုန်၍ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူကုန်၏၊ ထိုဘုရားရှင်တို့သည် ထိုကောင်းစွာ ပြုအပ်သော ဂုဏ်ကျေးဇူးကို အစဉ်အောက်မေ့ကုန်လျက် တပါးတည်း ကိန်းအောင်းခြင်းကို မှီဝဲတော်မူကုန်၏။

မင်းမြတ် အကြင်ဂုဏ်ကျေးဇူးတို့ကို ရှုမြော်ကုန်၍ မြတ်စွာဘုရားတို့သည် တပါးတည်း ကိန်းအောင်းတော်မူခြင်းကို မှီဝဲတော်မူကုန်၏၊ ထိုတပါးတည်း ကိန်းအောင်းတော်မူခြင်းဟူသော ဂုဏ်ကျေးဇူးတို့သည် ဤနှစ်ဆယ့်ရှစ်ပါးတို့တည်း၊ အဘယ်နှစ်ဆယ့်ရှစ်ပါးတို့နည်း— မင်းမြတ် ဤလောက၌ တပါးတည်း ကိန်းအောင်းခြင်းဖြင့် ကိန်းအောင်းသည်ရှိသော် မိမိကိုယ်ကို စောင့်ရှောက်၏၊ အသက်ကို တိုးပွါးစေ၏၊ ကိုယ်အား ဉာဏ်အားကို ပေး၏၊ အပြစ်ဒေါသကို ပိတ်ပင်၏၊ ကျော်စောမှုကို ပယ်နိုင်၏၊ အကျော်အစောကို ဆောင်နိုင်၏၊ မမွေ့လျော်ခြင်းကို ပယ်ဖျောက်နိုင်၏၊ မွေ့လျော်ခြင်းကို ဆောင်၏၊ ကြောက်လန့်ခြင်းကို ပယ်နိုင်၏၊ ရဲရင့်ခြင်းကို ပြု၏၊ ပျင်းရိခြင်းကို ပယ်နိုင်၏၊ လုံ့လကို ဖြစ်စေ၏၊ ရာဂကို ပယ်နိုင်၏၊ ဒေါသကို ပယ်နိုင်၏၊ မောဟကို ပယ်နိုင်၏၊ မာနကို သတ်နိုင်၏၊ ဝိတက်ကို ချိုးဖျက်နိုင်၏၊ စိတ်ကို တည်ကြည်အောင် ပြုနိုင်၏၊ စိတ်ကို ပျော့ပျောင်းစေနိုင်၏၊ ရွှင်ပျကြည်လင်ခြင်းကို ဖြစ်စေနိုင်၏၊ လေးမြတ်သည်ကို ပြုနိုင်၏၊ လာဘ်ကို ဖြစ်စေနိုင်၏၊ ရှိခိုးထိုက်သည်ကို ပြုနိုင်၏၊ နှစ်သက်ခြင်းသို့ ရောက်စေနိုင်၏၊ ဝမ်းမြောက်ခြင်းကို ပြုနိုင်၏၊ သင်္ခါရတရားတို့၏သဘောကို ပြနိုင်၏၊ ဘဝအစပ်(ပဋိသန္ဓေ)ကို ခွါဖြတ်နိုင်၏၊ အလုံးခုံသော ငြိမ်းအေးခြင်းကို ပေးနိုင်၏၊ မင်းမြတ် အကြင်ဂုဏ်ကျေးဇူးတို့ကို ရှုမြော်ကုန်၍ မြတ်စွာဘုရားတို့သည် တပါးတည်း ကိန်းအောင်းတော်မူခြင်းကို မှီဝဲတော်မူကုန်၏၊ ထိုတပါးတည်း ကိန်းအောင်းတော်မူခြင်း၏ ဂုဏ်ကျေးဇူးတို့သည် ဤနှစ်ဆယ့်ရှစ်ပါးတို့တည်း။

မင်းမြတ် စင်စစ်ကေန် အမှန်အားဖြင့် မြတ်စွာဘုရားတို့သည် အကြံအစည်ပြီးဆုံး ထမြောက်ကုန်ရကား ငြိမ်သက်မြေသော ချမ်းသာသော ဖလသမာပတ်၌ မွေ့လျော်ခြင်းကို ခံစားတော်မူလိုကုန်သည်ဖြစ်၍ တပါးတည်း ကိန်းအောင်းတော်မူခြင်းကို မှီဝဲတော်မူကုန်၏၊ မင်းမြတ် မြတ်စွာဘုရားတို့သည် လေးပါးသော အကြောင်းတို့ကြောင့် တပါးတည်း ကိန်းအောင်းတော်မူခြင်းကို

http://www.dhammadownload.com



မှိဝဲတော်မူကုန်၏၊ အဘယ်လေးပါးသော အကြောင်းတို့ကြောင့်နည်း ဟူမူ—မင်းမြတ် မြတ်စွာဘုရားတို့သည် နေထိုင်ရမှု ချမ်းသာသောကြောင့်လည်း တပါးတည်းကိန်းအောင်းတော်မူခြင်းကို မှိဝဲတော်မူကုန်၏၊အပြစ်မရှိသော ဂုဏ်ကျေးဇူးများသောကြောင့်လည်း တပါးတည်းကိန်းအောင်းတော်မူခြင်းကို မှိဝဲတော်မူကုန်၏၊ အလုံးစုံသော ဘုရားရှင်တို့၏ ဓမ္မတာအစဉ်ဖြစ်သောကြောင့်လည်း တပါးတည်း ကိန်းအောင်းတော်မူခြင်းကို မှိဝဲတော်မူကုန်၏၊ အလုံးစုံသော မြတ်စွာဘုရားတို့ ချီးမွမ်းထောမနာဖွဲ့ဆို ချီးကျူးအပ်သောကြောင့်လည်း တပါးတည်း ကိန်းအောင်းတော်မူခြင်းကို မှိဝဲတော်မူကုန်၏၊ မင်းမြတ် မြတ်စွာဘုရားတို့သည် ဤလေးပါးသော အကြောင်းတို့ကြောင့် တပါးတည်း ကိန်းအောင်းတော်မူခြင်းကို မှိဝဲတော်မူကုန်၏၊ မင်းမြတ် ဤပြဆိုခဲ့ပြီး နည်းအကြောင်းကြောင့် မြတ်စွာဘုရားတို့သည် တပါးတည်း ကိန်းအောင်းတော်မူခြင်းကို မှိဝဲတော်မူကုန်၏၊ ပြုဖွယ်ကိစ္စရှိသေးသောကြောင့်ရင်း ပြုအပ်ပြီးသည်ကိုလည်း ထပ်မံပွါးစီးအောင် ပြုလိုသောကြောင့်ရင်း မှိဝဲတော်မူကြသည် မဟုတ်ကုန်၊ စင်စစ်သော်ကား မြတ်စွာဘုရားတို့သည် ဂုဏ်ကျေးဇူးအထူးကို မြင်တော်မူသောကြောင့် တပါးတည်း ကိန်းအောင်းတော်မူခြင်းကို မှိဝဲတော်မူကုန်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့ ထိုအကြောင်းကို အသျှင်ဘုရားမိန့်တော်မူသည့်အတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ကိုးခုမြောက် ဥတ္တရိကရဏီယပဥှာ ပြီး၏။

## ၁၀-ဣဒ္ဓိဗလဒသနပဥှာ

### (ဣဒ္ဓိပါဒ်စွမ်းအားကိုပြခြင်း ပြဿနာ)

၁၀။ အသျှင်ဘုရားနာဂသေန "အာနန္ဒာ မြတ်စွာဘုရားသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ လေ့ကျက်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်၏၊ ဆောက်တည်ထားပြီးဖြစ်၏၊ ကောင်းစွာ ဆည်းပူးထားပြီးဖြစ်၏၊ကောင်းစွာ အားထုတ်ထားပြီးဖြစ်၏၊ အာနန္ဒာ သို့ဖြစ်၍ ထိုမြတ်စွာဘုရားသည် အလိုရှိခဲ့သော် တကပ်လုံးဖြစ်စေ တကပ်ထက် လွန်၍ဖြစ်စေ တည်နိုင်ပေ၏" ဟု ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏။ "ဤနေ့ ဤရက်မှ သုံးလလွန်မြောက်သောအခါ ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့" ဟုလည်း တဖန်ဟောတော်မူခဲ့ပြန်ပါ၏။ အသျှင်ဘုရားနာဂသေန "မြတ်စွာဘုရားသည် အာနန္ဒာ ဘုရားရှင်သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများထားပြီးဖြစ်၏။ပ။ အာယုကပ်ထက် လွန်၍ ဖြစ်စေ တည်နိုင်ရာ၏" ဟု အကယ်၍ ဟောတော်မူအပ်သည် ဖြစ်ပါအံ့၊ ထိုသို့ဖြစ်မူ သုံးလဟု ပိုင်းခြားခြင်းသည် မှားရာ၏။ အသျှင်ဘုရား "ဤနေ့ ဤရက်မှ သုံးလလွန်မြောက်သောအခါ ပရိနိဗ္ဗာန်ပြုလတ္တံ့" ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူခဲ့သည် ဖြစ်ပါအံ့၊ ထိုသို့ဖြစ်မူ "အာနန္ဒာ ဘုရားရှင်သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ်ကုန်ပြီ။ပ။ တကပ်လုံးသော်ရင်း တည်နိုင်ရာ၏" ဟူသော ထိုစကားသည်လည်း မှားရာ၏။ ဘုရားရှင်တို့အား အရာ မဟုတ်သည်၌ ကြုံးဝါးခြင်း မရှိပေ၊ ဘုန်းတော် ကြီးတော်မူကုန်သော မြတ်စွာဘုရားတို့သည် အချည်းနှီးသော စကားမရှိကုန် ဟုတ်မှန်သော စကားသာရှိကုန်၏၊ နှစ်ခွန်းသော စကားမရှိကုန်။ ဤပြဿနာသည်လည်း အစုန်းနှစ်ဖက် ထွက်ပါ၏၊ နက်နဲလှပါ၏၊ အလွန်သိမ်မွေ့လှပါ၏၊ဉာဏ်ဖြင့် ရှုဆင်ခြင်နိုင်ရန် ခဲယဉ်းလှပါ၏၊ အသျှင်ဘုရားသို့ အစဉ်ရောက်ပါ၏၊ ဤမှားသော ဒိဋ္ဌိကွန်ရက်ကို ဖျက်ဆီးတော်မူပါလော့၊

http://www.dhammadownload.com



မှန်ကန်သော တခုသော အဘို့၌ တည်ပါစေလော့၊ သူတပါးတို့၏ အယူဝါဒကို ဖျက်ဆီးတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် မြတ်စွာဘုရားသည် "အာနန္ဒာ ဘုရားရှင်တို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများထားပြီး ဖြစ်၏။ပ။ တကပ်ထက် လွန်၍ဖြစ်စေ တည်နိုင်ရာ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏၊ သုံးလဟု ပိုင်းခြားခြင်းကိုလည်း ဟောတော်မူခဲ့၏၊ ထိုဘုရားရှင်မိန့်သော ကပ်ကိုလည်း အာယုကပ်ကို ဆိုအပ်၏၊ မင်းမြတ် မြတ်စွာဘုရားသည် ကိုယ်တော်၏ အသက်အင်အားကို ပြောကြားတော်မူလို၍ ဤသို့ တကပ်လုံး နေနိုင်၏ဟူသော စကားကို ဟောတော်မမူ၊ စင်စစ်သော်ကား မြတ်စွာဘုရားသည် ဣဒ္ဓိပါဒ်အစွမ်းတန်ခိုးကို ပြောကြားလိုရကား "အာနန္ဒာ ဘုရားရှင်သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများထားပြီးဖြစ်၏။ပ။ တကပ်ထက် လွန်၍ဖြစ်စေ တည်နိုင်ရာ၏"ဟု ဤသို့ ဟောတော်မူ၏။

မင်းမြတ် ဥပမာအားဖြင့် မင်းအား လေအဟုန်ကဲ့သို့ အသွားလျင်မြန်သော အာဇာနည်မြင်းသည် ရှိသည်ဖြစ်ရာ၏၊ မင်းသည် ထိုအာဇာနည်မြင်း၏ လျင်သော အစွမ်းကို ပြောကြားလိုရကား နိဂုံး ဇနပုဒ်သား မင်းခစား ဗိုလ်ပါ ပုဏ္ဏား သူကြွယ်အမတ်နှင့်တကွသော လူအများတို့ အလယ်၌ ဤသို့ ဆိုရာ၏ "အချင်းတို့ ငါ၏ ဤအာဇာနည်မြင်းမြတ်သည် အလိုရှိခဲ့သော် သမုဒ္ဒရာ အပိုင်းအခြားရှိသော မြေအပြင်ကို သွားရောက်လှည့်လည်၍ တခဏခြင်းဖြင့် ဤနေရာအရပ်သို့ လှည့်ပတ်ပြန်လာနိုင်ရာ၏ဟု ဆိုရာ၏၊ ထိုမြင်း၏ လျင်သော သွားခြင်းကို ထိုပရိသတ်၌ ပြကား မပြပေရာ၊ ထိုမြင်း၏ ထိုသို့သော လျင်ခြင်းသည် ရှိလည်း ရှိပေ၏၊ ထိုမြင်းသည် တခဏခြင်းဖြင့် သမုဒ္ဒရာအပိုင်းအခြားရှိသော မြေအပြင်ကို သွားရောက်လှည့်လည်ခြင်းငှါ စွမ်းလည်း စွမ်းနိုင်၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ကိုယ်တော်၏ ဣဒ္ဓိပါဒ်အစွမ်းတန်ခိုးကို ပြောကြားလိုရကား ဤသို့ ဟောတော်မူ၏၊ ထိုစကားကိုလည်း ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါးရှိကုန်သော အညစ်အကြေး ကင်းသည်ဖြစ်၍ အာသဝေါကုန်ပြီးသော ရဟန္တာတို့၏ရှင်း နတ်လူဘို့၏ရှင်း အလယ်၌ နေတော်မူလျက် "အာနန္ဒာ ဘုရားရှင်သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ လေ့ကျက်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်၏၊ သောက်တည်ထားပြီးဖြစ်၏၊ ကောင်းစွာ ဆည်းပူးထားပြီးဖြစ်၏၊ ကောင်းစွာ အားထုတ်ထားပြီးဖြစ်၏၊ အာနန္ဒာ သို့ဖြစ်၍ ထိုမြတ်စွာဘုရားသည် အလိုရှိခဲ့သော် တကပ်လုံးဖြစ်စေ တကပ်ထက် လွန်၍ဖြစ်စေ တည်နိုင်ပေရာ၏"ဟု (ဟောတော်မူ၏)။ မင်းမြတ် မြတ်စွာဘုရားအား ထိုဣဒ္ဓိပါဒ်အစွမ်းတန်ခိုးသည် ရှိလည်း ရှိပေ၏၊ မြတ်စွာဘုရားသည် ဣဒ္ဓိပါဒ်အစွမ်းတန်ခိုးဖြင့် တကပ်လုံးဖြစ်စေ တကပ်ထက် လွန်၍ဖြစ်စေ တည်ခြင်းငှါ စွမ်းလည်း စွမ်းနိုင်၏၊ မြတ်စွာဘုရားသည် ထိုဣဒ္ဓိပါဒ်အစွမ်းတန်ခိုးကို ထိုပရိသတ်၌ ပြကား ပြတော်မမူ၊ မင်းမြတ် မြတ်စွာဘုရားသည် ဘဝအားလုံးတို့ကို အလိုရှိတော်မမူ၊ မြတ်စွာဘုရားသည် ဘဝအားလုံးတို့ကို ကဲ့ရဲ့လည်း ကဲ့ရဲ့အပ်ကုန်၏၊ မင်းမြတ် မြတ်စွာဘုရားသည် "ရဟန်းတို့ ဥပမာအားဖြင့် အနည်းငယ်မျှသာဖြစ်သော မစင်ကျင်ကြီးသည် မကောင်းသော အနံ့ရှိသည် ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ငါဘုရားသည် အနည်းငယ်မျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ၊ အယုတ်သဖြင့် လက်ဖျစ်တတွက်မျှလောက်သော ဘဝကိုလည်း ချီးမွမ်းတော်မမူ"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။မင်းမြတ် မြတ်စွာဘုရားသည် အလုံးစုံသော ဖြစ်ရာ'ဘဝ' လားရာ'ဂတိ' ပဋိသန္ဓေ 'ယောနိ'တို့ကို မစင်နှင့်အတူ ရှုမြင်တော်မူသျက် ဣဒ္ဓိပါဒ်တန်ခိုးအစွမ်းကို မှီတော်မူ၍ ဘဝတို့၌ လိုလားတပ်စွန်းမှု 'ဆန္ဒရာဂ'ကို ပြုတော်မူရာပါ

http://www.dhammadownload.com



သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဆန္ဒရာဂကို ပြုတော်မမူရာပါဟု (လျှောက်၏)။ မင်းမြတ် သို့ဖြစ်လျှင် မြတ်စွာဘုရားသည် ဣန္ဒိပါဒ်တန်ခိုးအစွမ်းကို ထင်စွာ ပြောကြားတော်မူလိုရကား ဤသို့သဘောရှိသော မြတ်စွာဘုရားတို့၏ ကြုံးဝါးခြင်းကို အလွန်ကြုံးဝါး မိန့်ကြားတော်မူ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤအကြောင်းကို အသျှင်ဘုရား မိန့်တော်မူသည့် အတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ဆယ်ခုမြောက် ဣန္ဒိယလဒဿနပဥှာ ပြီး၏။

## ရှေးဦးစွာသော ဣန္ဒိယလဝဂ် ပြီး၏။

ဤဣန္ဒိယလဝဂ်၌ အမေးပုစ္ဆာပြဿနာ ဆယ်ခုတို့တည်း။

http://www.dhammadownload.com

http://www.dhammadownload.com

# ၂-အဘောဇ္ဇဝဂ်

## ၁-ခုဒ္ဒါနုခုဒ္ဒကပဉှာ

(ဒုက္ကဋ် ဒုဗ္ဘာသိ သိက္ခာပုဒ်တို့ကို နုတ်ပယ်စေသော ပြဿနာ)

၁။ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ ငါဘုရားသည် ထူးသောဉာဏ်ဖြင့် သိ၍သာလျှင် တရားကို ဟော၏၊ မသိပဲ ဟောသည်မဟုတ်"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏၊ "အာနန္ဒာ သံဃာသည် ငါဘုရား ကွယ်လွန်သောအခါ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို နုတ်ပယ်လိုက နုတ်ပယ်သေလော့"ဟုလည်း ဝိနည်းပညတ်၌ တဖန်ဟောတော်မူခဲ့ပြန်ပါ၏ အသျှင်ဘုရားနာဂသေန အသို့ပါနည်း၊ မြတ်စွာဘုရားသည် မိမိကွယ်လွန်သောအခါ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို အကြောင်းကြောင့် နုတ်ပယ်စေတော်မူ၏၊ ထိုကြောင့် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို မကောင်းသဖြင့် ပညတ်တော်မူအပ်ပါကုန်သလော၊ သို့မဟုတ် အရာမဟုတ်ရာ၌ မသိပဲ ပညတ်တော်မူအပ်ပါကုန်သလော၊ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ ငါဘုရားသည် ထူးသောဉာဏ်ဖြင့် သိ၍သာလျှင် တရားကို ဟောတော်မူ၏၊ မသိပဲ ဟောသည်မဟုတ်"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူအပ်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "အာနန္ဒာ သံဃာသည် ငါဘုရား ကွယ်လွန်သောအခါ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို နုတ်ပယ်လိုက နုတ်ပယ်လေလော့"ဟူသော စကားသည် မှားရာ၏၊ "အာနန္ဒာ သံဃာသည် ငါဘုရား ကွယ်လွန်သောအခါ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို နုတ်ပယ်လိုက နုတ်ပယ်လေလော့"ဟု ဝိနည်းပညတ်တော်၌ မြတ်စွာဘုရားသည် အကယ်၍ ဟောတော်မူအပ်သည် ဖြစ်ပါအံ့၊ ထိုသို့ဖြစ်မူ "ရဟန်းတို့ ငါဘုရားသည် ထူးသောဉာဏ်ဖြင့် သိ၍သာလျှင် တရားကို ဟောတော်မူ၏၊ မသိပဲ ဟောသည်မဟုတ်"ဟူသော ထိုစကားသည်လည်း မှားရာ၏။ ဤပြဿနာသည်လည်း အစွန်းနှစ်ဖက်ထွက်၏၊ သိမ်မွေ့၏၊ နူးညံ့၏၊ နက်နဲ၏၊ အလွန်နက်နဲ၏၊ ကပ်၍ ရှုနိုင်ခဲ၏၊ ထိုပြဿနာသည် အသျှင်ဘုရားသို့ အစဉ်ရောက်ပါ၏၊ ထိုပြဿနာ၌ အသျှင်ဘုရား၏ ဉာဏ်အားအစွမ်း ပြန့်နှံ့ခြင်းကို ပြတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ်"ရဟန်းတို့ ငါဘုရားသည် ထူးသောဉာဏ်ဖြင့် သိ၍သာလျှင် တရားကို ဟောတော်မူ၏၊ မသိပဲ ဟောသည်မဟုတ်" ဟူသော ဤစကားကိုလည်း ဟောတော်မူအပ်၏၊ "အာနန္ဒာ သံဃာသည် ငါဘုရား ကွယ်လွန်သောအခါ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို နုတ်ပယ်လိုက နုတ်ပယ်လေလော့"ဟု ဝိနည်းပညတ်တော်၌လည်း ဤသို့ ဟောတော်မူအပ်၏၊ မင်းမြတ် ထိုစကားကိုကား မြတ်စွာဘုရားသည် "ငါ၏တပည့်သာဝကတို့သည် ငါစွန့်ပယ်စေအပ်ကုန်သည်ရှိသော် ငါဘုရား ကွယ်လွန်သောအခါ၌ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို စွန့်ပယ်ကုန်လိမ့်မည်လော၊ ထိုသို့မဟုတ်မူ ကျင့်သုံးကုန်လိမ့်မည်လော"ဟု ရဟန်းတို့ကို စူးစမ်းတော်မူလိုသည်ဖြစ်၍ ဟောတော်မူ၏။

မင်းမြတ် ဥပမာအားဖြင့် စကြဝဠေးမင်းသည် သားတော်တို့ကို ဤသို့ဆိုရာ၏ "သားတော်တို့ ဤတိုင်းနိုင်ငံ ဇနပုဒ်ကြီးသည် အရပ်မျက်နှာ အားလုံးတို့၌ သမုဒ္ဒရာလျှင် အပိုင်းအခြားရှိ၏၊ သားတော်တို့ ထိုမျှလောက်သော ဗိုလ်ပါအင်အားဖြင့် ဆောင်ရွက်ခြင်းငှါ ခဲယဉ်းလှ၏၊ သားတော်တို့ သင်တို့ လာကြကုန်လော့၊ ငါကွယ်လွန်သောအခါ တိုင်းစွန်ပြည်နားဖြစ်ကုန်သော

http://www.dhammadownload.com



ဟောသည်ဖြစ်ပါအံ့၊ ထိုသို့ဖြစ်မူ မာလုကျပုတ္တမထေရ်အား မသိခြင်းကြောင့် မဖြေကြားသည် မသိသောကြောင့် မဖြေကြားသည်မဟုတ်ခဲ့မူ မြတ်စွာဘုရားအား တရား (အရာ) တို့၌ ဆရာ့လက်ဆုပ်ပြုထားသော လျှို့ဝှက်ချက်ရှိသေး၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "အာနန္ဒာ မြတ်စွာဘုရားအား တရား (အရာ)တို့၌ ဆရာ့လက်ဆုပ်ပြုထားသော လျှို့ဝှက်ချက်မရှိ"ဟု ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏၊ မာလုကျပုတ္တမထေရ်မေးအပ်သော ပြဿနာကို ဖြေကြားခြင်းလည်း ပြုတော်မမူ၊ ထိုသို့မဖြေခြင်း သည်ကား သိတော်မမူသောကြောင့်လည်း မဟုတ်၊ လျှို့ဝှက်ခြင်းကို ပြုသောကြောင့်လည်း မဟုတ်။ မင်းမြတ် ပြဿနာကို ဖြေကြားခြင်းတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း၊ တမျိုးတည်းဖြေဆိုအပ်သော မေးခွန်းပုစ္ဆာ 'ဧကံသဗျာကရဏီယပဉှာ' ခွဲခြားဝေဖန်၍ ဖြေဆိုအပ်သောမေးခွန်းပုစ္ဆာ 'ဝိဘဇ္ဇဗျာကရဏီယပဉှာ' တုံ့ပြန်မေးမြန်း၍ ဖြေဆိုအပ်သော မေးခွန်းပုစ္ဆာ 'ပဋိပုစ္ဆာဗျာကရဏီယပဉှာ' မဖြေပဲထားအပ်သော မေးခွန်းပုစ္ဆာ 'ဌပနီယပဉှာ' ဟူ၍ လေးမျိုးတို့တည်း။

မင်းမြတ် ဧကံသဗျာကရဏီယပဉှာသည် အဘယ်နည်းဟူမူ—"ရုပ်သည် မမြဲသလော" ဟူသော အမေးပုစ္ဆာသည် ဧကံသဗျာကရဏီယပဉှာမည်၏။ "ဝေဒနာသည် မမြဲသလော"။ပ။ "သညာသည်မမြဲသလော"။ပ။"သင်္ခါရတို့သည်မမြဲကုန်သလော"။ပ။"ဝိညာဏ်သည်မမြဲသလော" ဟူသော အမေးပုစ္ဆာသည် ဧကံသဗျာကရဏီယပဉှာမည်၏၊ ဤမေးခွန်းပုစ္ဆာမျိုးသည် ဧကံသဗျာကရဏီယပဉှာတည်း။

ဝိဘဇ္ဇဗျာကရဏီယပဉှာသည် အဘယ်နည်းဟူမူ—"ရုပ်သည် အနိစ္စသာမည်သလော"ဟူသော မေးခွန်းပုစ္ဆာသည် ဝိဘဇ္ဇဗျာကရဏီယပဉှာမည်၏။ "ဝေဒနာသည် အနိစ္စသာ မည်သလော"။ပ။ "သညာသည် အနိစ္စသာမည်သလော" ။ပ။ "သင်္ခါရတို့သည် အနိစ္စသာမည်ကုန်သလော"။ပ။ "ဝိညာဏ်သည် အနိစ္စသာမည်သလော" ဟူသော အမေးပုစ္ဆာသည် ဝိဘဇ္ဇဗျာကရဏီယပဉှာ မည်၏၊ ဤမေးခွန်းပုစ္ဆာမျိုးသည် ဝိဘဇ္ဇဗျာကရဏီယပဉှာတည်း။

ပဋိပုစ္ဆာဗျာကရဏီယပဉှာသည် အဘယ်နည်းဟူမူ—"အသို့နည်း စက္ခုဝိညာဏ်ဖြင့် အလုံးစုံကို သိနိုင်ပါသလော" ဟူသော အမေးပုစ္ဆာသည် ပဋိပုစ္ဆာဗျာကရဏီယပဉှာမည်၏။

ဌပနီယပဉှာသည် အဘယ်နည်းဟူမူ—"လောကသည် မြဲသလော"ဟူသော မေးခွန်းပုစ္ဆာသည် ဌပနီယပဉှာမည်၏။ "လောကသည် မမြဲသလော"။ "လောကသည် အဆုံးရှိသလော"။ "လောကသည် အဆုံးမရှိသလော"။ "လောကသည် အဆုံးလည်းရှိ အဆုံးလည်းမရှိသလော"။ "လောကသည် အဆုံးရှိသည်လည်းမဟုတ် အဆုံးမရှိသည်လည်းမဟုတ်သလော"။ "ထိုအသက်သည် ထိုကိုယ်ပင်လော"။ "အသက်သည်တပါး တခြားကိုယ်သည် တပါးတခြားလော"။ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သလော"။ "သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်သလော"။ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်သလော"။ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်သလော"ဟူသော မေးခွန်းပုစ္ဆာသည် ဌပနီယပဉှာမည်၏၊ ဤကား ဌပနီယပဉှာတည်း။

http://www.dhammadownload.com



မင်းမြတ် မြတ်စွာဘုရားသည် မာလုံကျပုတ္တမထေရ်၏ ထိုမေးခွန်းပုစ္ဆာပြဿနာကို မဖြေပဲ ထားအပ်သော ပုစ္ဆာဖြစ်သောကြောင့် ဖြေတော်မမူ၊ ထိုပြဿနာကို အဘယ်ကြောင့် မဖြေပဲ ထားအပ်သနည်း ဟူမူ—ထိုအမေးကို အဖြေထင်စွာပြခြင်းငှါ အကြောင်းရင်းသော်ရင်း အကြောင်းဖျားသော်ရင်း မရှိသောကြောင့် ထိုပြဿနာကို မဖြေပဲ ထားအပ်၏၊ ဘုန်းတော်ကြီး ကုန်သော မြတ်စွာဘုရားတို့အား အကြောင်းယုတ္တိမရှိသော အခြေအမြစ်မရှိသော စကားကို ပြောဆိုတော် မူရိုးမရှိချေဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါပေ၏၊ ဤသို့လျှင် ဤအကြောင်းကို မိန့်တော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

နှစ်ခုမြောက် အဗျာကရဏီယပဉှာ ပြီး၏။

---

## ၃-မစ္စုဘာယနာဘာယနပဥ္စာ

### (သေခြင်းမှ ကြောက်မကြောက် ပြဿနာ)

၃။ အသျှင်ဘုရားနာဂသေန "သတ္တဝါ အားလုံးတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏၊ သတ္တဝါ အားလုံးတို့သည် သေခြင်းမှ ကြောက်ကြကုန်၏"ဟု ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်၏၊ "ရဟန္တာပုဂ္ဂိုလ်သည် အလုံးစုံသော ကြောက်ရွံ့ထိတ်လန့်ခြင်း ဘေးအပေါင်းကို လွန်မြောက်လေ၏"ဟု တဖန်ဟောတော်မူပြန်၏၊ အသျှင်ဘုရားနာဂသေန အသို့နည်း၊ ရဟန္တာ ပုဂ္ဂိုလ်သည် ဒဏ်ဘေးမှ ထိတ်လန့်ပါသေးသလော၊ ငရဲ၌မူ ပြောင်ပြောင် တောက်လောင်သော ကျိုက်ကျိုက်ဆူသော ရဲရဲပူသော အလွန်ပူလောင်သော ပြောင်ပြောင် တောက်လောင်သော မီးလျှံရှိသော ထိုငရဲကြီးမှ စုတေခါနီးကုန်သော ငရဲသူသတ္တဝါတို့သည် သေခြင်းမှ ကြောက်လန့်ပါကုန်သေးသလော။ အသျှင်ဘုရားနာဂသေန "သတ္တဝါအားလုံးတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏၊ သတ္တဝါအားလုံးတို့သည် သေခြင်းမှ ကြောက်ကြကုန်၏"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူအပ်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ "ရဟန္တာပုဂ္ဂိုလ်သည် အလုံးစုံသော ကြောက်ရွံ့ထိတ်လန့်ခြင်း ဘေးအပေါင်းကို လွန်မြောက်လေ၏" ဟူသော စကားသည် မှားရာ၏၊ "ရဟန္တာပုဂ္ဂိုလ်သည် အလုံးစုံသော ကြောက်ထိတ်လန့်ခြင်း ဘေးအပေါင်းကို လွန်မြောက်လေ၏"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူအပ်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ "သတ္တဝါအားလုံးတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏၊ သတ္တဝါအားလုံးတို့သည် သေခြင်းမှ ကြောက်ကြကုန်၏"ဟူသော ထိုစကားသည် မှားရာ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည် အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလေဟု (လျှောက်၏)။

မင်းမြတ် "သတ္တဝါအားလုံးတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏၊ သတ္တဝါအားလုံးတို့သည် သေခြင်းမှ ကြောက်ကြကုန်၏" ဟူသော ဤစကားတော်ကို ရဟန္တာပုဂ္ဂိုလ်တို့ကို အကြောင်းပြု၍ ဟောတော် မူအပ်သည် မဟုတ်၊ ထိုစကား အရာ၌ ရဟန္တာ ပုဂ္ဂိုလ်ကို ချန်၍ ထားအပ်၏၊ ရဟန္တာပုဂ္ဂိုလ်သည် ကြောက်ရွံ့ ထိတ်လန့်ခြင်း၏ အကြောင်းရင်းကို ပယ်နုတ်အပ်ပြီ၊ မင်းမြတ် အကြင်သတ္တဝါတို့သည် ကိလေသာရှိကုန်၏၊ အကြင်သတ္တဝါတို့အားလည်း ငါကိုယ်ဟု ပြင်းစွာ လွန်ကဲသော စွဲလမ်းမှုရှိ၏၊ အကြင်သတ္တဝါတို့သည်လည်း ချမ်းသာဆင်းရဲတို့၌ စိတ်ထား မြင့်တုံ နိမ့်တုံ ရှိ၏၊ ထိုသတ္တဝါတို့ကို အကြောင်းပြု၍ "သတ္တဝါအားလုံးတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏၊ သတ္တဝါအားလုံးတို့သည် သေခြင်းမှ ကြောက်ကြကုန်၏"ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏၊

http://www.dhammadownload.com



မင်းမြတ် ရဟန္တာပုဂ္ဂိုလ်သည် အလုံးစုံသော ဘဝသွားလမ်းကို ဖြတ်အပ်ပြီ၊ ဘဝအကြောင်းကို ဖျက်ဆီးအပ်ပြီ၊ (ဘဝအစပ်) ပဋိသန္ဓေနေခြင်းကို သတ်အပ်ပြီ၊ ကိလေသာအခြင်ရနယ်တို့ကို ချိုးဖျက်အပ်ကုန်ပြီ၊ ဘဝအားလုံး၌ တပ်မက်တွယ်တာမှုကို ပယ်နုတ်အပ်ပြီ၊ ပြုပြင်မှု 'သင်္ခါရ' အားလုံးတို့ကို အကြွင်းမဲ့ ဖြတ်အပ်ကုန်ပြီ၊ ကုသိုလ် အကုသိုလ်ကို ပယ်သတ်အပ်ပြီ၊ အဝိဇ္ဇာကို ပယ်ဖျောက်အပ်ပြီ၊ ပဋိသန္ဓေဝိညာဏ်ကို မျိုးစေ့မဖြစ်အောင် ပြုအပ်ပြီ၊ ကိလေသာ အားလုံးတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ၊ လောကဓံတရားမှ လွန်မြောက်ပြီ၊ ထို့ကြောင့် ရဟန္တာ ပုဂ္ဂိုလ်သည် အလုံးစုံသော ကြောက်ရွံ့ထိတ်လန့်ခြင်း ဘေးအပေါင်းတို့မှ မထိတ်လန့်။

မင်းမြတ် ဤလောက၌ အစဉ်စောင့်ရှောက်တတ်ကုန်သော ရအပ်သော အခြံအရံ စည်းစိမ် ရှိကုန်သော အကျွမ်းဝင်ကုန်သော ကြီးစွာ အစိုးရသောအရာ၌ ခန့်ထားအပ်ကုန်သော အမတ်ကြီး လေးယောက်တို့သည် ရှိသည်ဖြစ်ကုန်ရာ၏၊ ထိုအခါ၌ မင်းသည် ပြုဖွယ်ကိစ္စ တစုံတရာဖြစ်ပေါ် လတ်သော် မိမိ၏ဘိုင်းနိုင်ငံ၌ မှီသမျှလူအပေါင်းအား တိုင်းသားပြည်သူ လူအားလုံးတို့ပင် "ငါ့အ တွက် အခွန်အတုတ်ကို ပြုကြကုန်လော့၊ သင်အမတ်ကြီးလေးဦးတို့သည် ထိုပြုဖွယ်ကိစ္စကို ပြီးစေ ကုန်လော့" ဟု စေရာ၏၊ မင်းမြတ် စင်စစ် ထိုအမတ်ကြီး လေးယောက်တို့အား အခွန်အတုတ် ဘေးကြောင့် ထိတ်လန့်ခြင်း ဖြစ်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိတ်လန့်ခြင်း မဖြစ်ရာပါဟု (လျှောက်၏)။ မင်းမြတ် အဘယ်အကြောင်းကြောင့်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား မင်းသည် ထိုအမတ်တို့ကို မြင့်မြတ်သော အရာဌာန၌ ထားအပ်ပါကုန်၏၊ ထိုအမတ် တို့အား အခွန်အဘုတ်သည် မရှိ၊ ထိုအမတ်တို့သည် အခွန်အတုတ်ကို လွန်မြောက်ကုန်၏၊ အမတ်ကြီး လေးဦးမှ ကြွင်းသောသူတို့ကို အကြောင်းပြု၍ မင်းသည် တိုင်းသားပြည်သူ လူအားလုံးတို့ပင် "ငါ့အတွက် အခွန်အတုတ်ကို ပြုကြကုန်လော့" ဟု စေခိုင်းအပ်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် "သတ္တဝါအားလုံးတို့" ဟူသော ဤစကားကို ရဟန္တာပုဂ္ဂိုလ်တို့ကို အကြောင်း ပြု၍ မြတ်စွာဘုရား ဟောတော်မူအပ်သည်မဟုတ်၊ ထိုစကားအရာ၌ ရဟန္တာပုဂ္ဂိုလ်ကို ချန်ထား အပ်၏၊ ရဟန္တာပုဂ္ဂိုလ်သည် ကြောက်ခြင်း၏ အကြောင်းကို ပယ်နုတ်အပ်ပြီ၊ မင်းမြတ် အကြွင် သတ္တဝါတို့သည် ကိလေသာရှိကုန်၏၊ အကြွင်သတ္တဝါတို့အားလည်း ငါ့ကိုယ်ဟု လွန်ကဲသော စွဲလမ်းမှုရှိ၏၊ ထို့ပြင် အကြွင်သတ္တဝါတို့သည် ချမ်းသာဆင်းရဲတို့၌ စိတ်ထား မြင့်တုနိမ့်တုရှိကုန်၏၊ ထိုသတ္တဝါတို့ကို အကြောင်းပြု၍ "သတ္တဝါအားလုံးတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏၊ သတ္တဝါ အားလုံးတို့သည် သေခြင်းမှ ကြောက်ကြကုန်၏" ဟု မြတ်စွာဘုရားဟောတော်မူအပ်၏၊ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သည် အလုံးစုံသော ကြောက်ရွံ့ ထိတ်လန့်ခြင်းဘေး အပေါင်းတို့မှ မထိတ်လန့်ပေ (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "သတ္တဝါအားလုံး" ဟူသော ဤစကားတော်သည် အကြွင်းရှိသော စကားတော်မဟုတ်၊ "သတ္တဝါအားလုံး" ဟူသော ဤစကားသည် အကြွင်းမရှိသော စကား သာလျှင်ဖြစ်၏၊ ထိုအရာ၌ အကျွန်ုပ်အား ထိုစကားတည်စေခြင်းငှါ လွန်ကဲသော အကြောင်းကို မိန့်တော်မူပါဦးလော့ဟု (လျှောက်၏)။

မင်းမြတ် ဤလောကဝယ် ရွာ၌ ရွာသူကြီးသည် လက်အောက်ခံ အစေအပါးကို "အချင်း လာလှည့် ရွာ၌ ရှိသမျှသော ရွာသူရွာသားအားလုံးတို့သည် ငါ့အထံ၌ လျင်မြန်စွာ စည်းဝေး စေလော့" ဟု စေခိုင်းရာ၏၊ ထိုလက်အောက်ခံ အစေအပါးသည် "အရှင် ကောင်းပါပြီ" ဟု

http://www.dhammadownload.com



ဝန်ခံ၍ ရွာလယ်၌ ရပ်၍ "ရွာ၌ ရှိသမျှသော ရွာသူရွာသားအားလုံးတို့သည် လျင်လျင်မြန်မြန် ရွာသူကြီး၏ အထံ၌ စုရုံးကြကုန်လော့" ဟု သုံးကြိမ်အော်ဟစ် ကြွေးကြော်ရာ၏၊ ထိုနောင်မှ ထိုရွာသူရွာသားတို့သည် ထိုသူ၏စကားဖြင့် ဆောဆောလျင်လျင် စုရုံးကြကုန်၍ "အရှင်သူကြီးမင်း ရွာသူရွာသား အားလုံးတို့သည် စုရုံးမိပါကုန်ပြီ၊ အရှင်သူကြီးမင်း၏ ပြုဖွယ်ကိစ္စကို ပြုပါလော့"ဟု ရွာသူကြီးအား ပြောကြားကုန်၏၊မင်းမြတ် ဤသို့လျှင် ထိုရွာသူကြီးသည် ခေါင်းဆောင်ယောကျ်ားတို့ကို စုရုံးစေလို၍ ရွာသားအားလုံးတို့ကို စုရုံးစေ၏၊ စုရုံးစေအပ်ကုန်သော ထိုရွာသားအားလုံးတို့သည်လည်း စုရုံးကြသည်မဟုတ်ကုန်၊ ခေါင်းဆောင်ယောကျ်ားတို့သည်သာ စုရုံးကုန်၏၊ "ငါ၏ရွာသားတို့သည် ဤမျှတို့ပင်တည်း"ဟု ရွာသူကြီးသည်လည်း ထိုစုရုံးသည့်အတိုင်းပင် ဝန်ခံလေ၏၊ လာရောက် စုရုံးသူမှ တပါးကုန်သော မလာရောက်သော မိန်းမ ယောကျ်ား ကျွန်မိန်းမ ကျွန်ယောကျ်ား သူရင်းငှါး အမှုလုပ် ရွာသူ သူနာ နွား ကျွဲ ဆိတ်မြန်မာ ဆိတ်ကုလား ခွေးတို့သည် များလှကုန်သေး၏၊ မလာရောက်သူအားလုံးတို့ကို မရေတွက်အပ်ကုန်၊ အဘယ့်ကြောင့်နည်းဟူမူ—ခေါင်းဆောင်ယောကျ်ားတို့ကိုသာလျှင် အကြောင်းပြု၍ "ရွာသူရွာသား အားလုံးတို့ကို စုရုံးစေကုန်"ဟု စေခိုင်းအပ်သည့် အဖြစ်ကြောင့်တည်း၊ မင်းမြတ် ဤအတူသာလျှင် "သတ္တဝါအားလုံး"ဟူသော ဤစကားကို ရဟန္တာပုဂ္ဂိုလ်တို့ကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောတော်မူအပ်သည်မဟုတ်၊ ထိုအရာ၌ ရဟန္တာပုဂ္ဂိုလ်ကို ချန်ထားအပ်၏၊ ရဟန္တာပုဂ္ဂိုလ်သည် ကြောက်ခြင်း၏အကြောင်းကို နုတ်ပယ်အပ်ပြီ၊ မင်းမြတ် အကြင်သတ္တဝါတို့သည် ကိလေသာရှိကုန်၏၊ အကြင်သတ္တဝါတို့အားလည်း ငါကိုယ်ဟု လွန်ကဲသော စွဲလမ်းမှုရှိ၏၊ အကြင်သတ္တဝါတို့သည်လည်း ချမ်းသာဆင်းရဲတို့၌ စိတ်ထား မြင့်ဘုံနိမ့်ဘုံရှိကုန်၏၊ ထိုသတ္တဝါတို့ကို အကြောင်းပြု၍ "သတ္တဝါအားလုံးတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏၊ သတ္တဝါအားလုံးတို့သည် သေခြင်းမှ ကြောက်ကြကုန်၏"ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏၊ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သည် အလုံးစုံသော ကြောက်ရွံ့ ထိတ်လန့်ခြင်းတို့မှ မထိတ်လန့်။

မင်းမြတ် သဒ္ဒါလည်းအကြွင်းရှိ အနက်အဓိပ္ပါယ်လည်း အကြွင်းရှိသော စကားမျိုး သဒ္ဒါသာ အကြွင်းရှိ၍ အနက်အဓိပ္ပါယ် အကြွင်းမရှိသော စကားမျိုး သဒ္ဒါကား အကြွင်းမရှိ အနက်အဓိပ္ပါယ်သာ အကြွင်းရှိသော စကားမျိုး သဒ္ဒါလည်း အကြွင်းမရှိ အနက်အဓိပ္ပါယ်လည်း အကြွင်းမရှိသော စကားမျိုးဟူ၍ ရှိ၏၊ ထိုထိုသဒ္ဒါဖြင့် အနက်အဓိပ္ပါယ်ကို လက်ခံအပ်၏။

မင်းမြတ် အာဟစ္စပဒ-ရသ-အာစရိယဝံသ-အဓိပ္ပါယ-ကာရဏုတ္တရိယ ဟူသော ဤငါးပါးသော အကြောင်းတို့ဖြင့် အနက်အဓိပ္ပါယ်ကို လက်ခံအပ်၏၊ ဤငါးပါးတို့တွင် ဘုရားဟောပါဠိတော်ကို အာဟစ္စပဒဟူ၍ အလိုရှိအပ်၏၊ ပါဠိတော်အားလျော်သော သုတ္တာနုလောမကို ရသဟူ၍ အလိုရှိအပ်၏၊ အဋ္ဌကထာ ဆရာတို့၏အယူကို အာစရိယဝံသဟူ၍ အလိုရှိအပ်၏၊ မိမိအယူကို အဓိပ္ပါယဟူ၍ အလိုရှိအပ်၏၊ ရှေးဆိုပြီး ဤလေးမျိုးတို့နှင့် ညီညွတ်သော အကြောင်းကို ကာရဏုတ္တရိယဟူ၍ အလိုရှိအပ်၏၊ မင်းမြတ် ဤငါးပါးသော အကြောင်းတို့ဖြင့် အနက်အဓိပ္ပါယ်ကို လက်ခံအပ်၏၊ ဤသို့လျှင် ထိုပြဿနာကို ကောင်းစွာ ဆုံးဖြတ်အပ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ရှိပါစေတော့၊ အသျှင်ဘုရား ဆိုတိုင်း ထိုစကားကို ဝန်ခံပါ၏၊ ထိုအရာ၌ ရဟန္တာကို ချန်ထားရသည် ရှိပါစေတော့၊ ရဟန္တာမှတပါးသော သတ္တဝါတို့သည်

http://www.dhammadownload.com



ကြောက်၍ထိတ်လန့်ကြသည် ရှိပါစေတော့၊ ငရဲ၌ ငရဲသူသတ္တဝါတို့ကား ဆင်းရဲတုံး အတိဖြစ်ကုန်သော ထက်လှကုန်သော ခါးစပ်ကုန်သော ဝေဒနာတို့ကို ခံစားကုန်၍ ပြောင်ပြောင်တောက်သော အင်္ဂါကြီးငယ်ရှိကုန်လျက် ငိုယိုသောမျက်နှာ သနားကြင်နာစဖွယ် ကျယ်လောင်စွာ အော်ဟစ်ငိုကြွေးကာ ထွေထွေရာရာ မြည်တမ်းသော ပါးစပ်ရှိကုန်လျက် သည်းမခံနိုင်အောင် ပြင်းထန်လှသော ဆင်းရဲဒုက္ခတို့သည် ညှဉ်းဆဲနှိပ်စက်အပ်ကုန်၍ ခိုကိုးပုန်းအောင်းရာ ကိုးစားအားထားရာ ကင်းမဲ့သကဲ့သို့ဖြစ်ကုန်၍ များစွာသော စိုးရိမ်ပူဆွေးခြင်းဖြင့် နာကျင်ကုန်လျက် အယုတ်ညံ့ဆုံးဖြစ်သော ဒုဂ္ဂတိသို့ ရောက်ရှိကုန်၍ စင်စစ်အားဖြင့် စိုးရိမ်ပူဆွေးခြင်းလျှင် မှီခိုလည်းလျောင်းရာရှိကုန်လျက် ပူလောင်ထက်မြက် ကြမ်းထမ်း စူးရှစွာ လောင်ကျွမ်းသော မီးအတိဖြစ်လေ၍ အလွန်ကြောက်မက်ဖွယ်ကို ဖြစ်စေတတ်သော အော်ဟစ်သံတို့ဖြင့် ကျယ်လောင်သော အသံရှိသော နံပါးလေးဖက် အထက်အောက် စပ်ယှက်လျက် ခြောက်ချက်သော မီးတောက်မီးလျှံပန်းတို့ဖြင့် ရောပြွမ်းကာ ထက်ဝန်းကျင်မှ ယူဇနာတရာအရပ်သို့ ပျံ့နှံ့သော မီးလျှံအဟုန်ရှိ၍ ပြင်းထန်စွာ ပူလောင်သောငရဲကြီးမှ စုတေရကုန်သော် သေခြင်းမှ ကြောက်ကြပါကုန်သေးသလောဟု (လျှောက်၏)။ မင်းမြတ် ကြောက်ကြကုန်သေး၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ငရဲသည် စင်စစ် ဆင်းရဲဒုက္ခကိုသာ ခံစားရသည် ဖြစ်လျက် ထိုငရဲသူသတ္တဝါတို့သည် စင်စစ် ဆင်းရဲဒုက္ခကိုသာ ခံစားရ၍ ငရဲမှ စုတေကုန်သော် သေခြင်းမှ အဘယ့်ကြောင့် ကြောက်ကြပါကုန်သနည်း၊ အဘယ့်ကြောင့် ငရဲ၌ မွေ့လျော်နိုင်ပါကုန်သနည်းဟု (လျှောက်၏)။ မင်းမြတ် ထိုငရဲသူ သတ္တဝါတို့သည် ငရဲ၌ မမွေ့လျော်ကုန်၊ ငရဲမှ လွတ်လိုကုန်သည်ပင်တည်း၊ မင်းမြတ် ကြောက်ခြင်းကို မပယ်နိုင်သေးသောကြောင့် ထိုငရဲသူ သတ္တဝါတို့အား ထိတ်လန့်ခြင်းသည် သေခြင်းဟူသောဘေး၏ အကျိုးဆက်ပေတည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန လွတ်မြောက်လိုကုန်သော ငရဲသူသတ္တဝါတို့အား စုတေသေလွန်ရခြင်းမှ ထိတ်လန့်ခြင်းဖြစ်၏ဟူသော စကားကို အကျွန်ုပ် မယုံကြည်နိုင်ပါ၊ အသျှင်ဘုရားနာဂသေန ထိုအရာသည် ရယ်ရွှင်ဖွယ်သာတည်း၊ ထိုငရဲသူ သတ္တဝါတို့ တောင့်တအပ်သော လွတ်မြောက်ခွင့် စုတိကို ရနိုင်ကြသည် မဟုတ်ပါလော၊ အကြောင်းဖြင့် အကျွန်ုပ်ကို သိပါစေလော့ဟု (လျှောက်၏)။

မင်းမြတ် သေရခြင်းဟူသော ဤအရာသည် အရိယသစ္စာကို မမြင်သောသူတို့အား ထိတ်လန့်ဖွယ်ရာ ဖြစ်၏၊ ဤအရာ၌ ဤ(အရိယသစ္စာကို မမြင်သော) သတ္တဝါအပေါင်းသည် ထိတ်လည်းထိတ်၏၊ လန့်လည်းလန့်၏၊ မင်းမြတ် အကြောင်းကို ဆိုအံ့၊ မြွေဟောက်မှ ကြောက်သောသူသည် သေခြင်းမှ ကြောက်သည်ဖြစ်၍ မြွေဟောက်မှ ကြောက်လေသတတ်၊ ထို့ပြင် အကြင်သတ္တဝါသည် ဆင်မှ ကြောက်၏။ပ။ ခြင်္သေ့မှ။ ကျားမှ။ သစ်မှ။ ဝံမှ။ အောင်းမှ။ ကျွဲမှ။ နွားနောက်မှ။ မီးမှ။ ရေမှ။ သစ်ငုတ်မှ။ ဆူးမှ ကြောက်၏၊ ထို့ပြင် အကြင်သူသည် လှံမှ ကြောက်၏၊ မင်းမြတ် ထိုသူသည် သေခြင်းမှ ကြောက်သည်ဖြစ်၍ လှံမှ ကြောက်၏၊ ထိုမြွေစသည်ကို ကြောက်ခြင်းသည် သေခြင်း၏သာလျှင် ကိစ္စလက္ခဏာသဘာဝနှင့် တကွသော တန်ခိုးပင်ဖြစ်၏၊ ထိုသေခြင်းတရား၏ ကိစ္စလက္ခဏာသဘာဝနှင့် တကွသော တန်ခိုးကြောင့် ကိလေသာရှိသော သတ္တဝါတို့သည် သေခြင်းမှ ထိတ်လန့်ကုန်၏၊ ကြောက်ကြကုန်၏၊ မင်းမြတ် ငရဲသူ

http://www.dhammadownload.com



သတ္တဝါတို့သည် ငရဲမှ လွတ်လိုကုန်သော်လည်း သေခြင်းမှ ထိတ်လန့်ကုန်သေး၏၊ ကြောက်ကြကုန်သေး၏။

မင်းမြတ် ဤလောက၌ ယောကျ်ား၏ခန္ဓာကိုယ်၌ အဆိပ်ခဲသည် (ကျုပ်ဖု မြင်းဖုစသော) အဖုအထုံး ဖြစ်ငြားအံ့၊ ထိုယောကျ်ားသည် ထိုအနာရောဂါဖြင့် ဆင်းရဲသည်ဖြစ်၍ အနာဘေးမှ လွတ်လိုရကား အနာရောဂါကို နုတ်ပယ်တတ်သော ဆေးသမားကို ခေါ်စေရာ၏၊ အနာကို နုတ်ပယ်တတ်သော ဆေးသမားသည် ထိုအနာရောဂါရှိသော ယောကျ်ား၏ စကားကို ဝန်ခံ၍ ထိုအနာရောဂါကို ဖောက်ထုတ်ခြင်းငှါ အဆောက်အဦကို ဖြစ်စေရာ၏၊ ဓားငယ်ကို ထက်အောင် ပြုရာ၏၊ ညှပ်တံတို့ကို မီး၌ ထည့်ရာ၏၊ ဆပ်ပြာနှင့် ဆားကို ကျောက်ပြင်၌ ကြိတ်စေရာ၏၊ မင်းမြတ် ထိုအနာနှိပ်စက်သော ယောကျ်ားအား ထက်စွာသော ဓားငယ်နှင့် ဖြတ်ခွဲခြင်း ညှပ်တံဖြင့် ပူလောင်စေခြင်း ဆပ်ပြာဆား ထည့်သွင်းခြင်းမှ ထိတ်လန့်ခြင်း ဖြစ်ရာသေးသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိတ်လန့်ခြင်းဖြစ်ရာပါသေး၏ဟု (လျှောက်၏)။ မင်းမြတ် ဤသို့ ထိုအနာနှိပ်စက်သော ယောကျ်ားအား အနာရောဂါမှ လွတ်လိုသော်လည်း ဝေဒနာဘေးမှ ထိတ်လန့်ခြင်းဖြစ်၏၊ မင်းမြတ် ဤအတူသာလျှင် ငရဲမှ လွတ်လိုကုန်သော ငရဲသူသတ္တဝါတို့အားလည်း သေဘေးမှ ထိတ်လန့်ခြင်းဖြစ်၏။

မင်းမြတ် ဤလောက၌ မင်းပြစ်သင့်သော သံခြေကျဉ်းအနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့အပ်သော နှောင်အိမ်၌ သွင်းထားသော ယောကျ်ားသည် လွတ်လိုသည် ဖြစ်ရာ၏၊ ထိုမင်းသည် ထိုယောကျ်ားကို လွတ်စေလိုသည်ဖြစ်၍ ခေါ်စေရာ၏၊ မင်းမြတ် ငါသည် ပြုအပ်သော အပြစ်ရှိ၏ဟု သိသော မင်းပြစ်သင့်သော ယောကျ်ားအား မင်းကို မြင်သဖြင့် ထိတ်လန့်ခြင်းဖြစ်ရာသလောဟု (မေးတော်မူ၏)။ ထိတ်လန့်ခြင်း ဖြစ်ရာပါသေး၏ဟု (လျှောက်၏)။ မင်းမြတ် ဤသို့လျှင် မင်းပြစ်သင့်သော ထိုယောကျ်ားအား အနှောင်အဖွဲ့မှ လွတ်လိုသော်လည်း မင်းမှ ကြောက်သောကြောင့် ထိတ်လန့်ခြင်းဖြစ်သေး၏၊ မင်းမြတ် ဤအတူသာလျှင် ငရဲမှ လွတ်လိုသော ငရဲသူသတ္တဝါတို့အားလည်း သေဘေးမှ ထိတ်လန့်ခြင်း ဖြစ်သေး၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ် သက်ဝင်ယုံကြည်နိုင်လောက်သော ထိုထက်အလွန် အခြားအကြောင်း တမျိုးကိုလည်း မိန့်တော်မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဤလောက၌ ယောကျ်ားသည် ပူပြင်းသော အဆိပ်ရှိသောမြွေ အကိုက်ခံရသည် ဖြစ်ရာ၏၊ ထိုယောကျ်ားသည် ထိုအဆိပ် ဖောက်ပြန်ခြင်းဖြင့် ကျရာ၏၊ လဲရာ၏၊ လိမ့်ရာ၏၊ အပြန်ပြန်လိမ့်ရာ၏၊ ထိုအခါ၌ ယောကျ်ားတယောက်သည် အစွမ်းထက်သော မန္တရားဂါထာဖြင့် ပူပြင်းသောအဆိပ်ရှိသော ထိုမြွေကိုခေါ်၍ ပူပြင်းသော အဆိပ်ကို တဖန် စုပ်ယူစေရာ၏၊ မင်းမြတ် ထိုမြွေဆိပ်တက်သော ထိုယောကျ်ားအား ပူပြင်းသော အဆိပ်ရှိသော ထိုမြွေသည် ချမ်းသာစေရန် အကြောင်းကြောင့် ကပ်ရောက်လတ်သော် ထိတ်လန့်ခြင်းဖြစ်ရာသေးသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိတ်လန့်ခြင်း ဖြစ်ရာပါသေး၏ဟု (လျှောက်၏)။ မင်းမြတ် ဤသို့လျှင် ထိုသို့ အဆိပ်ကို စုပ်ယူရန် သဘောရှိသော မြွေသည် ချမ်းသာစေရန် အကြောင်းကြောင့် အနီးသို့ ကပ်ရောက်လာသော်လည်း ထိုယောကျ်ားအား ထိတ်လန့်ခြင်းဖြစ်သေး၏၊ မင်းမြတ် ဤအတူသာလျှင် ငရဲမှ လွတ်လိုကုန်သော ငရဲသူသတ္တဝါတို့အားလည်း သေဘေးမှ ထိတ်လန့်ခြင်းဖြစ်သေး၏၊ မင်းမြတ် သတ္တဝါအားလုံးတို့သည် သေခြင်းကိုအလိုမရှိအပ်၊ ထို့ကြောင့် ငရဲသူသတ္တဝါတို့သည် ငရဲမှ လွတ်လိုကုန်သော်လည်း

http://www.dhammadownload.com



သေခြင်းမှ ကြောက်ကုန်သေး၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤအကြောင်းကို မိန့်တော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

သုံးခုမြောက် မစ္စုဘာယနာဘာယနပဉှာ ပြီး၏။

---

## ၄-မစ္စုပါသမုတ္တိပဉှာ

### (သေမင်းကျော့ကွင်းမှ လွတ် မလွတ်ပြဿနာ)

၄။ အသျှင်ဘုရားနာဂသေန—

"ကောင်းကင်၌ တည်နေသော်လည်း သေမင်းကျော့ကွင်းမှ မလွတ်ရာ၊ သမုဒ္ဒရာအလယ်၌ တည်နေသော်လည်း သေမင်းကျော့ကွင်းမှ မလွတ်ရာ၊ တောင်တို့၏အခေါင်း ကျောက်လိုဏ်သို့ဝင်၍ တည်နေသော်လည်း သေမင်းကျော့ကွင်းမှ မလွတ်ရာ၊ အကြင်အရပ်၌ တည်နေသူသည် သေမင်းကျော့ကွင်းမှ လွတ်ရာ၏၊ ထိုလွတ်ရာမြေအရပ်သည် မရှိ"ဟု ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်၏။

တဖန် ရတနသုတ် မေတ္တသုတ် ခန္ဓပရိတ် မောရပရိတ် ဓဇဂ္ဂပရိတ် အာဋာနာဋိယပရိတ် အင်္ဂုလိမာလပရိတ်ဟူသော အရံအတားပရိတ်တို့ကိုလည်း မြတ်စွာဘုရား ထုတ်ညွှန်ဟောကြားအပ်ကုန်၏၊ အသျှင်ဘုရားနာဂသေန ကောင်းကင်၌ တည်နေသူသည်၎င်း သမုဒ္ဒရာအလယ်၌ တည်နေသူသည်၎င်း ပြာသာဒ်အိမ် လိုဏ်ဂူ တောင်ခေါင်း ချောက်ကြား တွင်း အပေါက် တောင်ကြားတို့၌ ခိုအောင်းတည်နေသူသည်၎င်း သေမင်း ကျော့ကွင်းမှ အကယ်၍ မလွတ်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ ပရိတ် 'အရံအတား'ကို ပြုခြင်းသည် မှားရာ၏၊ ပရိတ် 'အရံအတား'ကို ပြုသဖြင့် သေမင်းကျော့ကွင်းမှ အကယ်၍ လွတ်ရခြင်းသည် ဖြစ်အံ့၊ ထိုသို့ဖြစ်မူ "ကောင်းကင်၌ တည်နေသော်လည်း။ပ။ သေမင်း၏ကျော့ကွင်းမှ မလွတ်ရာ"ဟူသော ထိုစကားသည်လည်း မှားရာ၏။ အစွန်းနှစ်ဖက်ထွက်သော ထုံးဖွဲ့သည်ထက်လည်း ထုံးဖွဲ့သော ဤပြဿနာသည်လည်း အသျှင်ဘုရား ထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "ကောင်းကင်၌တည်နေသော်လည်း။ပ။ သေမင်း၏ကျော့ကွင်းမှ မလွတ်ရာ" ဟူ၍ ဤစကားကိုလည်း မြတ်စွာဘုရားဟောတော်မူအပ်၏၊ မြတ်စွာဘုရားသည် ပရိတ်'အရံအတား' တို့ကိုလည်း ထုတ်ညွှန်ဟောကြားတော်မူအပ်ကုန်၏၊ ထိုပရိတ်'အရံအတား'သည်လည်း နေနိုင်ရန် အသက်အကြွင်းရှိသေး၍ အရွယ်နှင့်ပြည့်စုံသော (မာတုဃာတကကံ စသော ပဉ္စာနန္တရိယ)ကံ ပိတ်ပင်တားမြစ်ခြင်းမှ လွတ်ကင်းသောသူ၏ အကျိုးငှါ ဖြစ်၏၊ မင်းမြတ် အသက်ကုန်ပြီးသော သူအား တည်နေနိုင်ရန် ပြုနိုင်ခြင်းသည်၎င်း အစွမ်းလုံ့လသည်၎င်း မရှိပေ။

မင်းမြတ် ဥပမာအားဖြင့် သေ၍ ခြောက်သွေ့နေသော အဆီသြဇာမရှိသော အသက်ချုပ်လေပြီးသော အသက်ရှင်အောင် ပြုပြင်စီရင်ခြင်းကင်းသော အခေါင်းရှိသော သစ်ပင်အား ရေအိုးတထောင်ဖြင့် ရေကို ပက်ဖျန်း သွန်းလောင်းသော်လည်း စိုပြည်ခြင်းသည်၎င်း အရွက် အညွှန့် စိမ်းရှင်ခြင်းသည်၎င်း မဖြစ်နိုင်တော့ရာ၊ မင်းမြတ် ဤအတူသာလျှင် အသက်ကုန်ခါနီးသော သူအား ဆေးကုခြင်း ပရိတ်ရွတ်ခြင်း အမှုဖြင့် အသက်တည်နေနိုင်ရန် ပြုနိုင်ခြင်းသည်၎င်း အစွမ်းလုံ့လသည်၎င်း မရှိပေ၊ မင်းမြတ် မြေအပြင်၌ ရှိကုန်သော ဆေးအမျိုးမျိုးတို့သည်လည်း

http://www.dhammadownload.com



အသက်ကုန်ခါနီးသူအား ဆေးကိစ္စကို မပြုနိုင်ကုန်၊ မင်းမြတ် အသက်အကြွင်းရှိသေး၍ အရွယ်နှင့် ပြည့်စုံသော(မာတုဃာတကကံစသော ပဥ္စာနန္တရိယ)ကံ ပိတ်ပင်တားမြစ်ခြင်းမှ လွတ်ကင်းသော သူကို ပရိတ်'အရံအတား'သည် စောင့်ရှောက်၏၊ လုံခြုံစေ၏၊ ထိုသူ၏အကျိုးငှါ မြတ်စွာဘုရားသည် ပရိတ်'အရံအတား'ကို ထုတ်ညွှန်ဟောကြားတော်မူအပ်၏။

မင်းမြတ် ဥပမာအားဖြင့် လယ်ထွန်ယောကျ်ားသည် စပါးမှည့်ရင့်၍ ကောက်ပင်သေခဲ့သော် ရေသွင်းခြင်းကို တားမြစ်ရာ၏၊ နုသေး၍ မိုးတိမ်ရောင်ရှိသော အရွယ်နှင့် ပြည့်စုံသော ကောက်ပင်သည် ရေ၏ အားအစွမ်းဖြင့် ကြီးပွါး၏၊ မင်းမြတ် ဤအတူသာလျှင် အသက်ကုန်ပြီး သူအား ဆေးကုခြင်း ပရိတ်ရွတ်ခြင်းအမှုကို ပယ်ထားအပ်၏၊ အကြင်သူတို့သည်ကား အသက်အကြွင်းရှိကုန်သေး၏၊ အရွယ်နှင့် ပြည့်စုံကုန်သေး၏၊ ထိုသူတို့၏ အကျိုးငှါ ပရိတ် ရွတ်ခြင်း ဆေးကုခြင်းတို့ကို ဟောကြားတော်မူအပ်ကုန်၏၊ထိုသူတို့သည် ပရိတ်ရွတ်ခြင်း ဆေးကု ခြင်းတို့ဖြင့် တိုးတက်ကြီးပွါးကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အသက်ကုန်ခါနီးသောသူသည် အကယ်၍ သေသည်ဖြစ်အံ့၊ သက် ကြွင်းရှိသေးသောသူသည် အကယ်၍ ရှင်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ ပရိတ်ရွတ်ခြင်း ဆေးကုခြင်း တို့သည် အကျိုးမဲ့ဖြစ်ပါကုန်၏ဟု (လျှောက်၏)။ မင်းမြတ် သင်သည် ဆေးတို့ကြောင့် ဆုတ်နစ် လျော့ကျသော တစုံတရာသော အနာရောဂါကို မြင်ဘူးပါ၏လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား အရာမကများစွာ မြင်ဘူးပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုသို့ဖြစ်မူ "ပရိတ်ရွတ် ခြင်း ဆေးကုခြင်းကို ပြုသဖြင့် အကျိုးမရှိ"ဟူသော စကားသည် အမှားဖြစ်၏ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ဆေးဆရာတို့၏ လုံ့လဖြစ်ကုန်သော ဆေးသောက်ခြင်း ဆေးလိမ်း ကျံခြင်းတို့သည် ထင်ရှားပေကုန်၏၊ ထိုဆေးသောက်ခြင်း ဆေးလိမ်းကျံခြင်းဟူသော ဆေးဆရာ တို့၏ လုံ့လကြောင့် ရောဂါသည် ဆုတ်နစ်လျော့ကျပါ၏ဟု (လျှောက်၏)။ မင်းမြတ် ပရိတ်တို့ကို ရွတ်ဆိုအပ်ကုန်သည်ရှိသော် ပရိတ်ရွတ်သံကို ကြားရ၏၊ လျှာခြောက်၏၊ စိတ်နှလုံးတွန့်လည်၏၊ လည်ချောင်း နာကျင်၏၊ ထိုပရိတ်တို့ကို ရွတ်ဆိုသံကြောင့် အလုံးစုံသော ရောဂါတို့သည် ငြိမ်းကုန်၏၊ အလုံးစုံသော ဘေးရန်တို့သည် ဖဲရှောင်ကုန်၏ဟု (မိန့်တော်မူ၏)။

မင်းမြတ် မြွေကိုက်ခံရသည်ဖြစ်၍ မန္တန်မန်းမှုတ်သဖြင့် အဆိပ်ကို ချအပ် အဆိပ်ကို ယိုစီးစေအပ်သည်ရှိသော် အထက်အောက် ပျံ့အန်ဝမ်းလျှော့သူ တစုံတယောက်ကို သင်မြင်ဘူး၏ လောဟု(မေးတော်မူ၏)။ အသျှင်ဘုရား မြင်ဘူးပါ၏၊ လောက၌ ယခုအထိပင် ထိုအဆိပ်ချခြင်း ဖြစ်ပါသေး၏ဟု (လျှောက်၏)။ မင်းမြတ် ထိုသို့ဖြစ်မူ "ပရိတ်ရွတ်ခြင်း ဆေးကုခြင်းကို ပြုသဖြင့် အကျိုးမရှိ"ဟူသော ထိုစကားသည် အမှားဖြစ်၏၊ မင်းမြတ် ပရိတ်'အရံအတား'ပြုထားသော ယောကျ်ားကို ကိုက်လိုသော မြွေသည် မကိုက်ဝံ့၊ ဟင်းလင်းပွင့်သော မြွေခံတွင်းသည် ပိတ်၏၊ ခိုးသူတို့၏ မြှောက်ချီ ရွယ်မိုးထားသော တင်းပုတ်သည်လည်း (ရိုက်ပုတ်ရန်) မဖြစ်မြောက်နိုင်၊ ထိုတင်းပုတ်ကိုင်သူတို့သည် တင်းပုတ်ကို လွှတ်ချကုန်ပြီးလျှင် ချစ်ခင်ကြကုန်၏၊အမျက်ထွက်သော ဆင်ပြောင်ကြီးသည်လည်း (ထိုးအံ့သောငှါ)လာပြီး၍ ကြဉ်ဖဲလေ၏၊ ပြောင်ပြောင်တောက်သော မီးပုံကြီးသည်လည်း အနီးသို့ရောက်လာ၍ ငြိမ်း၏၊ ခဲစားအပ်သော လတ်တလော သေစေတတ် သော အဆိပ်အတောက်သည်လည်း ဆေးဖြစ်၍ အာဟာရအကျိုးငှါ ပြန့်နှံ့၏၊ သူသတ် တို့သည် သတ်လိုကုန်သည်ဖြစ်၍ အနီးသို့ရောက်လာသော် ကျွန်အဖြစ်သို့ ကပ်ရောက်ကုန်၏၊ နင်းမိသော ကျော့ကွင်းသည်လည်း မဖွဲ့မိ။

http://www.dhammadownload.com



မင်းမြတ်"ပရိတ် 'အရံအတား'ကို ပြုသောဥဒေါင်းမင်းအား မုဆိုးသည် အနှစ် ခုနစ်ရာတို့ပတ်လုံး ကျော့ကွင်းကို ထောင်ခြင်းငှါ မစွမ်းနိုင်၊ ပရိတ် 'အရံအတား'ကို မပြုမိသော ဥဒေါင်းမင်းအားထိုနေ့၌ပင်လျှင် ကျော့ကွင်းဖြင့် ဆောင်ယူဖမ်းဆီးခြင်းငှါ စွမ်းနိုင်၏"ဟူသော စကားကိုသင်မင်းမြတ် ကြားဘူးသလောဟု (မေးတော်မူ၏)။အသျှင်ဘုရား ကြားဘူးပါ၏၊ထိုစကားအသံသည် နတ်နှင့်တကွသော လောက၌ ပြန့်နှံ့၍ထွက်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုသို့ဖြစ်မူ "ပရိတ်ရွတ်ခြင်း ဆေးကုခြင်းကို ပြုခြင်းသည် အကျိုးမရှိ"ဟူသော စကားသည် အမှားဖြစ်၏။

မင်းမြတ် "ဒါနဝဘီလူးသည် မယားကို စောင့်ရှောက်လိုသည်ဖြစ်၍ ကြုပ်၌ ထည့်သွင်းပြီးလျှင် မျိုလျက် ဝမ်းပိုက်ဖြင့် ဆောင်ယူ၏၊ ထိုအခါ၌ ဝိဇ္ဇာဓိုရ်တယောက်သည် ထိုဒါနဝဘီလူး၏ ခံတွင်းဖြင့် ဝင်၍ ထိုမိန်းမနှင့်အတူ မွေ့လျော်ပျော်ပါး၏၊ထိုဒါနဝဘီလူး သိသောအခါ ကြုပ်ကိုအန်ထုတ်၍ ဖွင့်လိုက်သည်နှင့် တပြိုင်နက် ဝိဇ္ဇာဓိုရ်သည် အလိုရှိရာသို့ ဖဲသွားလေပြီ" ဟူသော စကားကိုသင်မင်းမြတ် ကြားဘူးသည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ကြားဘူးပါ၏၊ထိုစကားသံသည်လည်း နတ်နှင့်တကွသောလောက၌ ပြန့်နှံ့၍ ထွက်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုဝိဇ္ဇာဓိုရ်သည် ပရိတ်မန္တန်၏ အစွမ်းဟုန်ကြောင့် ဖမ်းယူခြင်းမှ လွတ်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏ဟု(လျှောက်၏)။ မင်းမြတ် ထိုသို့ဖြစ်မူ ပရိတ်မန္တန်၏ စွမ်းအားသည် ရှိ၏။

မင်းမြတ်"အခြားဝိဇ္ဇာဓိုရ်တယောက်သည်လည်း ဗာရာဏသီမင်း၏ နန်းတော်တွင်း၌ မိဖုရားနှင့် အတူတကွ ပြစ်မှား၍ အဖမ်းခံရခြင်းသို့ ရောက်သည်ဖြစ်လျက် တခဏခြင်းဖြင့် မန္တန်၏စွမ်းအားကြောင့် ကွယ်ပျောက်ခြင်းသို့ ရောက်လေ၏" ဟူသော စကားကို သင်ကြားဘူးသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ကြားဘူးပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုဝိဇ္ဇာဓိုရ်သည် မန္တန်၏ စွမ်းအားကြောင့် ဖမ်းယူခံရခြင်းမှ လွတ်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုသို့ဖြစ်မူ ပရိတ်'အရံအတား'၏ စွမ်းအားသည် ရှိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အလုံးစုံသော သူတို့ကိုပင်လျှင် ပရိတ် 'အရံအတား'သည် စောင့်ပါသလောဟု(မေးလျှောက်၏)။ မင်းမြတ် အချို့သောသူတို့ကို စောင့်၏၊ အချို့သောသူတို့ကို မစောင့်ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ထိုသို့အချို့ကို စောင့်၍ အချို့ကို မစောင့်မူ ပရိတ် 'အရံအတား'သည် အလုံးစုံသော အကျိုးကို မပြီးစေနိုင်တကားဟု (လျှောက်၏)။မင်းမြတ် အစာသည် အလုံးစုံသောသူတို့၏ အသက်ကို စောင့်ရှောက်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား အချို့သောသူတို့ကို စောင့်ရှောက်၏၊အချို့သောသူတို့ကိုမစောင့်ရှောက်ပါဟု(လျှောက်၏)။ အဘယ်အကြောင်းကြောင့်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား အချို့သောသူတို့သည် ထိုအစာကိုပင်လျှင် အလွန်အမင်းစားသည်ဖြစ်၍ ဝမ်းလျှောသဖြင့် သေရကုန်သောကြောင့်ပါတည်းဟု(လျှောက်၏။) မင်းမြတ် ထိုသို့ဖြစ်မူ အစာသည် အလုံးစုံသောသူတို့၏ အသက်ကို မစောင့်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အလွန်အမင်း စားသဖြင့်၎င်း ဝမ်းမီးအားနည်းသဖြင့်၎င်း ဤအကြောင်းနှစ်ပါးတို့ဖြင့် အစာသည် အသက်ကို ဆောင်ယူသတ်ဖြတ်နိုင်၏၊ အသျှင်ဘုရားနာဂသေန အစာသည် အသက်ကို ပေးနိုင်လင့်ကစား မကောင်းသဖြင့် မှီဝဲခြင်းကြောင့် အသက်ကို ဆောင်ယူသတ်ဖြတ်သွား၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ပရိတ် 'အရံအတား'သည် အချို့သောသူတို့ကို စောင့်ရှောက်၏၊ အချို့သောသူတို့ကို မစောင့်ရှောက်။

http://www.dhammadownload.com



မင်းမြတ် ပဥ္စာနန္တရိယကံက တားမြစ်သဖြင့်ရင်း နိယတမိစ္ဆာဒိဋ္ဌိဟူသော ကိလေသာက တားမြစ်သဖြင့်ရင်း ကာကွယ်လိမ့်မည်ဟု မယုံကြည်သဖြင့်ရင်း ဤအကြောင်းသုံးပါးတို့ဖြင့် ပရိတ် 'အရံအတား'သည် မစောင့်ရှောက်။ မင်းမြတ် ပရိတ်'အရံအတား'သည် သတ္တဝါတို့ကိုအစဉ်စောင့်ရှောက်လင့်ကစား မိမိပြုသော အမှုဖြင့် အစောင့်အရှောက်ကို စွန့်၏၊မင်းမြတ် ဥပမာအားဖြင့် အမိသည် ဝမ်း၌တည်သော သားကို မွေးမြူ၏၊အစီးအပွါးကို ကောင်းစွာကျင့်ခြင်းဖြင့် မွေးဖွား၏၊ မွေးဖွားပြီးနောက် မစင်အညစ်အကြေးနှပ်ကို ပယ်ရှင်းလျက် မွှန်မြတ် ကောင်းမွှန်သော နံ့သာကို လိမ်းကျံ၏၊ ထိုသားငယ်သည် တပါးသော အခါ၌ အခြားသူတို့၏ သားတို့ကို မိမိအား ဆဲရေးသောကြောင့်ရင်း ပုတ်ခတ်သောကြောင့်ရင်း ပြန်လှန်ပုတ်ခတ်၏၊ ထို အပုတ်အခတ်ခံရသော သူတပါးသားတို့သည် ထို ပုတ်ခတ်သော သူငယ်အား အမျက်ထွက်ကြကုန်၍ ပရိသတ်အလယ်၌ ဆွဲငင်ကြကုန်လျက် သူငယ်ကို ဖမ်းယူ၍ အစိုးရသူ အရှင်ထံသို့ အပ်နှင်းကုန်၏၊ ယင်းသို့ အပ်နှင်းခံ့သော် ထို အမိ၏ သားသည် အပြစ်ရှိသူ မင်း၏စည်းကမ်း ဥပဒေကို ကျူးလွန်သူ အကယ်၍ဖြစ်ခဲ့အံ့၊ထိုသို့ဖြစ်ခဲ့သော် ထိုသားကို အစိုးရသူ အရှင်၏ မင်းချင်းတို့က ဆွဲငင်ကုန်လျက် တုတ်ဆောက်ပုတ် ဒူး လက်သီးတို့ဖြင့် ရိုက်နှက်ကုန်၏၊ ပုတ်တော်ကုန်၏၊ မင်းမြတ် ထိုသူငယ်၏ အမိသည် ဆွဲဆောင် ငင်ထုတ်ခြင်းငှါရင်း သိမ်းပိုက်နုတ်ယူခြင်းငှါရင်း အစိုးရသော အရှင်၏ အနီးသို့ ကပ်ရောက်ခြင်းကို ပြုခြင်းငှါရင်း ရနိုင်အံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရနိုင်ပါဟု (လျှောက်၏)။ မင်းမြတ် အဘယ်အကြောင်းကြောင့်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား မိမိ၏အပြစ်ကြောင့်ပါတည်း ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ပရိတ်'အရံအတား' သည် သတ္တဝါတို့အား စောင့်ရှောက်လင့်ကစား မိမိ၏အပြစ်ကြောင့် အကျိုးမပေးပဲ မြုံသည်ကို ပြု၏ဟု(မိန့်တော်မူ၏)။အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ပြဿနာကို ကောင်းစွာဆုံးဖြတ်အပ်ပါ၏၊ အရှုပ်အထွေးကို မရှုပ်ထွေးအောင် ပြုအပ်ပါပေ၏၊ အမိုက်တိုက်ကို လင်းအောင် ပြုနိုင်ပါပေ၏၊ အကျွန်ုပ်သည် ဂိုဏ်းဆရာတို့အထွတ် ဆရာမြတ်ဖြစ်သော အသျှင်ဘုရားသို့ ဆည်းကပ်ရသောကြောင့် မိစ္ဆာဒိဋ္ဌိ ကွန်ရက်ကို ဖြေရှင်းနိုင်ပါ၏ဟု (လျှောက်၏)။

လေးခုမြောက် မစ္စုပါသမုတ္တိပဥ္စာ ပြီး၏။

---

## ၅-ဗုဒ္ဓလာဘာန္တရာယပဥ္စာ

### (မြတ်စွာဘုရားအား လာဘ်အန္တရာယ် ရှိမရှိ ပြဿနာ)

၅။ အသျှင်ဘုရားနာဂသေန "မြတ်စွာဘုရားသည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏အထောက်အပံ့ဆေး အသုံးအဆောင်တို့ကို ရတော်မူ၏"ဟု အသျှင်ဘုရားတို့ ဆိုတော်မူကုန်၏၊ တဖန်လည်း မြတ်စွာဘုရားသည် ပဉ္စသာလပုဏ္ဏားရွာသို့ ဆွမ်းခံဝင်တော်မူသော် တစုံတရာကိုမျှ မရခဲ့ပဲ ဆေးကြောတိုင်းသော သပိတ်တော်ဖြင့် ပြန်လည်ထွက်ခဲ့ရ၏ဟု အသျှင်ဘုရားတို့ ဆိုတော်မူကုန်၏၊ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏အထောက်အပံ့ဆေး အသုံးအဆောင်တို့ကို အကယ်၍ ရတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ ပဉ္စသာလ ပုဏ္ဏားရွာသို့ ဆွမ်းခံ ဝင်တော်မူသော် တစုံတရာကိုမျှ မရခဲ့ပဲ ဆေးကြောတိုင်းသော သပိတ်တော်ဖြင့် ပြန်လည်ထွက်ခဲ့ရ၏ဟူသော စကားသည် မှားရာ၏၊ ပဉ္စသာလပုဏ္ဏားရွာသို့ ဆွမ်းခံဝင်တော်မူသော် တစုံတရာကိုမျှ မရခဲ့ပဲ ဆေးကြောတိုင်းသော သပိတ်တော်ဖြင့်

http://www.dhammadownload.com



အကယ်၍ ပြန်လည်ထွက်ခဲ့ရသည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ မြတ်စွာဘုရားသည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏အထောက်အပံ့ဆေး အသုံးအဆောင်တို့ကို ရတော်မူ၏ ဟူသော ထိုစကားသည် မှားရာ၏၊ အစွန်းနှစ်ဖက် ထွက်သော ဤပြဿနာသည်လည်း အလွန်ကြီးကျယ်၏၊ ဖြေနိုင်ရန်ခဲယဉ်း၏၊အသျှင်ဘုရားထံသို့ အစဉ်ရောက်၏၊အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ ဟု(လျှောက်၏)။

မင်းမြတ် မြတ်စွာဘုရားသည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏အထောက်အပံ့ဆေး အသုံးအဆောင်တို့ကို ရတော်မူ၏၊ ပဉ္စသာလပုဏ္ဏားရွာသို့ ဆွမ်းခံဝင်တော်မူသော် တစုံတရာကိုမျှ မရရှိခဲ့ပဲ ဆေးကြောတိုင်းသော သပိတ်တော်ဖြင့် ပြန်လည် ထွက်ခဲ့ရ၏၊ ထိုသို့တစုံတရာမျှမရခဲ့ပဲ ပြန်လည်၍ ထွက်တော်မူရခြင်းသည် ယုတ်မာသော မာရ်မင်း၏ အကြောင်းကြောင့် ဖြစ်ရပေ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန သို့ဖြစ်မူ အရေအတွက်ဂဏန်းကို လွန်ကုန်သော ကမ္ဘာတို့ပတ်လုံး ပြုလုပ်စီရင်တော်မူအပ်သော မြတ်စွာဘုရား၏ ပါရမီကုသိုလ်တော်သည် ကုန်ဆုံးသွားပြီလော၊ ယခုမှသာ ဖြစ်ပေါ်သော ယုတ်မာသော မာရ်မင်းသည် ထိုပါရမီကုသိုလ်တော်၏ အစွမ်းအဟုန်ကို အသို့ ပိတ်ပင်နိုင်လေသနည်း၊ အသျှင်ဘုရားနာဂသေန ထိုသို့ ပိတ်ပင်နိုင်မူကား ထိုအရာ၌ ကုသိုလ်ထက်လည်း အကုသိုလ်တရားသည် အထူးသဖြင့် အားကြီး၏၊မြတ်စွာဘုရား၏ အားတော်ထက်လည်း မာရ်နတ်၏အားသည် အထူးသဖြင့် အားကြီး၏ဟု နှစ်ပါးသော အရာတို့၌ ပြောဆိုစွပ်စွဲဖွယ်သည် ဆိုက်ရောက်၏၊ ထိုသို့ဖြစ်ပြန်မူ သစ်ပင်ရင်းထက်လည်း အဖျားသည် သာ၍ လေးရာ၏၊ ထက်ဝန်းကျင်မှ ပြွမ်းသော ဂုဏ်ကျေးဇူးတရားထက်လည်း ယုတ်ညံ့သော အကုသိုလ်တရားသည် လွန်စွာ အားရှိပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုမျှလောက်တည်းဖြင့် ကုသိုလ်ထက်လည်း အကုသိုလ်သည် အထူးသဖြင့် အားကြီးသည် မည်သည် မဖြစ်နိုင်ပေ၊ မြတ်စွာဘုရားအားတော်ထက်လည်း မာရ်မင်း၏အားသည် အထူးသဖြင့် အားကြီးသည် မည်သည် မဖြစ်နိုင်ပေ၊ စင်စစ်သော်ကား ဤနေရာ၌ အကြောင်းကို (ရှာရန်)လိုလားအပ်၏။

မင်းမြတ် ဥပမာအားဖြင့် ယောကျ်ားသည် စကြဝတေးမင်း၏ (အကျိုးငှါ)ပျားရည်ကိုငင်း ပျားမုံဆုပ်ကိုငင်း အခြားသော လက်ဆောင်ပဏ္ဏာကိုငင်း ဆောင်ခဲ့ရာ၏၊ထိုယောကျ်ားကို မင်း၏ တံခါးစောင့်သည် "အချင်း ဤအချိန်အခါသည်ကား မင်းအားဖူးမြင်ရန် အချိန်အခါ မဟုတ်ချေ၊ အချင်း ထို့ကြောင့်ပင် သင့်အား မင်းသည် ဒဏ်မထားမီ သင်၏ လက်ဆောင်ပဏ္ဏာကို ယူ၍အလွန်လျင်မြန်စွာ ပြန်သွားလော့"ဟု ပြောဆိုရာ၏၊ ထိုသို့ပြောဆိုသောကြောင့် ထိုယောကျ်ားသည် မင်းဒဏ်မှ ကြောက်သည်ဖြစ်၍ ထိတ်လန့်တုန်လှုပ်လျက် ထိုလက်ဆောင်ပဏ္ဏာကို ယူ၍ အလွန်လျင်မြန်စွာပြန်ခဲ့ရာ၏၊မင်းမြတ် ထိုစကြဝတေးမင်းသည် ထိုမျှလောက်သော လက်ဆောင်ပဏ္ဏာမှ ချို့တဲ့ကာမျှဖြင့် တံခါးစောင့်အောက် အားအစွမ်း ယုတ်လျော့နေသလော၊ထို့ပြင် အခြားတစုံတရာသော လက်ဆောင်ကိုလည်း မရရာသလောဟု (မေးတော်မူ၏)။အသျှင်ဘုရား မဟုတ်ပါ၊ အသျှင်ဘုရား ငြူစူခြင်း နှိပ်စက်သည်ဖြစ်၍ ထိုတံခါးစောင့်သည် လက်ဆောင်ပဏ္ဏာကို တားမြစ်၏၊ တပါးသော တံခါးဖြင့်ကား အဆအသိန်းမကသော လက်ဆောင်ပဏ္ဏာသည် မင်းအား ရောက်ပါ၏ဟု (လျှောက်၏)။မင်းမြတ် ဤအတူသာလျှင် ငြူစူခြင်းနှိပ်စက်သည်ဖြစ်၍ ယုတ်မာသောမာရ်နတ်သည် ပဉ္စသာလပုဏ္ဏားနှင့် အမျိုးသားတို့သို့ ပူးဝင်၏၊ ထိုသို့ ဖြစ်သော်လည်း တပါးကုန်သော များစွာကုန်သော

http://www.dhammadownload.com



အသိန်းမကသော နတ်တို့သည် နတ်၌ဖြစ်သော အမြိုက် သုဓာဘုတ်ကို ကိုင်ယူ၍ "မြတ်စွာဘုရား ကိုယ်တော်၌ နတ်ဩဇာကို ထည့်သွင်းကုန်အံ့ဟု ကပ်ရောက်ကြကာ မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုးကုန်လျက် ရပ်တည်ကုန်၏"ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ရှိပါစေတော့၊ လောက၌ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားအား ပစ္စည်းလေးပါးတို့သည် ရလွယ်ပေကုန်၏၊ မြတ်စွာဘုရားသည် နတ်လူတို့ တောင်းပန်အပ်သည်ဖြစ်၍သာ ပစ္စည်းလေးပါးတို့ကို သုံးဆောင်တော်မူ၏၊ စင်စစ်သော်ကား ထိုမာရ်နတ်သည် မြတ်စွာဘုရား၏ စားဖွယ် ဘောဇဉ် ၏ အန္တရာယ်ကို ပြုနိုင်ရကား ထိုမျှလောက်ဖြင့် မာရ်နတ်၏ အလိုအတိုင်း ပြီးလေတော့၏၊ အသျှင်ဘုရား ဤအရာဌာန၌ အကျွန်ုပ်၏ ယုံမှားခြင်းသည် မပြတ်စဲသေးပါ၊ ထိုအရာဌာန၌ အကျွန်ုပ်သည် နှလုံးအလိုလိုဖြစ်၍ ယုံမှားခြင်းသို့ ပြေးဝင်လျက် ရှိနေပါသေး၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါးတရားတို့ကို) မိမိအလိုလို ကိုယ်တော်တိုင်သာ သိတော်မူသော နတ်နှင့်တကွသော လူအပေါင်း၌ အမြတ်ဆုံး ပုဂ္ဂိုလ်ထက်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော ကုသိုလ်ထူး ကုသိုလ်မြတ်တို့၏ ဖြစ်ထွန်းရာဖြစ်သော အတုမဲ့သော ရှေးဘုရားတို့နှင့်သာ တူတော်မူသော နှိုင်းရှည့်စရာ ဥပမာမရှိသော အတုမဲ့ဖြစ်တော်မူသော တူသူရှိတော်မမူသော မြတ်စွာဘုရားအား ယုတ်သောညံ့သော နည်းသော မကောင်းသော မစင်ကြယ်သော ဖောက်ပြန်သော လာဘ်အန္တရာယ်ကို မာရ်နတ်သည် ပြုနိုင်သောကြောင့် ထိုအရာ၌ အကျွန်ုပ်၏ စိတ်သည် မသက်ဝင် မဆုံးဖြတ်နိုင်ပါဟု (လျှောက်၏)။

မင်းမြတ် လာဘ်အန္တရာယ်တို့သည်ကား မရည်ရွယ် မျက်ကွယ်လာဘ်အန္တရာယ် ရည်ရွယ်၍ ပြုအပ်ပြီးသောလာဘ်အန္တရာယ် ရှေးရှုနီးကပ် ပြုစီရင်အပ်သောလာဘ်အန္တရာယ် သုံးဆောင်ဆဲဖြစ်သောလာဘ်အန္တရာယ်ဟူ၍ လေးပါးရှိ၏။ ထိုလေးပါးတို့တွင် မရည်ရွယ် မျက်ကွယ်လာဘ်အန္တရာယ်ဟူသည် အဘယ်နည်း၊ မရည်မရွယ်သေးမူ၍ မျက်ကွယ်အားဖြင့် မစီရင်ရသေးသော လာဘ်ကို တစုံတယောက်သောသူသည် "သူတပါးအား ပေးသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု အန္တရာယ်ကို ပြု၏၊ ဤသည်ကား မရည်မရွယ် မျက်ကွယ်လာဘ်အန္တရာယ်တည်း။

ရည်ရွယ်၍ ပြုအပ်ပြီးသော လာဘ်အန္တရာယ်သည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်ကို ရည်ရွယ်ညွှန်ပြ၍ စားဖွယ်ဘောဇဉ်ကို စီမံအပ်၏၊ ထိုလာဘ်ကို တစုံတယောက်သောသူသည် အန္တရာယ်ပြု၏၊ ဤသည်ကား ရည်ရွယ်၍ ပြုအပ်ပြီးသော လာဘ်အန္တရာယ်တည်း။

ရှေးရှုနီးကပ် ပြုစီရင်အပ်သော လာဘ်အန္တရာယ်သည် အဘယ်နည်း၊ ဤလောက၌ တစုံတခုသော လာဘ်ကို ရှေးရှုနီးကပ် ပြုစီရင်အပ်၏၊ မခံမယူအပ်သေး၊ ထို လာဘ်၌ တစုံတယောက်သောသူသည် အန္တရာယ်ပြု၏၊ ဤသည်ကား ရှေးရှုနီးကပ် ပြုစီရင်အပ်သော လာဘ်အန္တရာယ်တည်း။

သုံးဆောင်ဆဲဖြစ်သော လာဘ် အန္တရာယ်သည် အဘယ်နည်း၊ ဤလောက၌ တစုံတခုသော ပစ္စည်းလာဘ်ကို သုံးဆောင်ခံစားဆဲဖြစ်၏၊ ထိုသုံးဆောင် ခံစားဆဲဖြစ်သော ပစ္စည်းလာဘ်၌ တစုံတယောက်သောသူသည် အန္တရာယ်ပြု၏၊ ဤသည်ကား သုံးဆောင်ဆဲဖြစ်သော လာဘ်အန္တရာယ်တည်း၊ မင်းမြတ် ဤသည်တို့ကား အန္တရာယ် လေးပါးတို့တည်း။

အကြင်ဘောဇဉ်ဟူသော အကြောင်းကြောင့် ယုတ်မာသော မာရ်နတ်သည် ပဉ္စသာလရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့ကို ပူးဝင်၏၊ ထိုဘောဇဉ်သည် မြတ်စွာဘုရား သုံးဆောင်တော်မူ

http://www.dhammadownload.com



ဆဲဖြစ်သော လာဘ်ပစ္စည်းလည်း မဟုတ်၊ ရှေးရှုနီးကပ် ပြုစီရင်အပ်သော လာဘ်ပစ္စည်းလည်း မဟုတ်၊ ရည်ရွယ်၍ ပြုအပ်ပြီးသော လာဘ်ပစ္စည်းလည်း မဟုတ်၊ မရောက်လာသေးသော ရှေးရှု မျက်မှောက် မရောက်သေးသော လာဘ်ကို မျက်ကွယ်အားဖြင့် အန္တရာယ်ပြု၏၊ ကေန်စင်စစ်သော်ကား ထိုအန္တရာယ်သည် ဘုရားရှင်တပါးတည်းအားသာ မဟုတ်၊ အကြင်အသျှင်တို့သည် ထိုအခိုက် ထိုအခါ၌ ဆွမ်းခံထွက်ကုန်၏၊ ရှေးရှုလာရောက်ကုန်၏၊ ထိုအသျှင်အားလုံးတို့သည်ပင် ထိုနေ့၌ ဘောဇဉ်ကို မရရှိနိုင်ကြကုန်၊ မင်းမြတ် အကြင်သူသည် ထိုမြတ်စွာဘုရားအား ရည်ရွယ်၍ ပြုအပ်ပြီးသော လာဘ်ကိုငင်း ရှေးရှုနီးကပ် ပြုစီရင်အပ်သော လာဘ်ကိုငင်း သုံးဆောင်ဆဲဖြစ်သော လာဘ်ကိုငင်း အန္တရာယ်ပြုရာ၏၊ ထိုအန္တရာယ် ပြုနိုင်မည့်သူကို နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောက၌ ငါမမြင်၊ တစုံတယောက်သောသူသည် ငြူစူခြင်း နှိပ်စက်အပ်သည်ဖြစ်၍ ရည်ရွယ်၍ ပြုအပ်ပြီးသော လာဘ်ကိုငင်း ရှေးရှုနီးကပ် ပြုစီရင်အပ်သော လာဘ်ကိုငင်း သုံးဆောင်ဆဲ ဖြစ်သော လာဘ်ကိုငင်း အန္တရာယ်ပြုခဲ့မူ ထိုပြုသူ၏ ဦးခေါင်းသည် အစိတ်အရာသော်ငင်း အစိတ်အထောင်သော်ငင်း ကွဲရာ၏။

မင်းမြတ် တစုံတယောက်သောသူသည် မတားမြစ် မပိတ်ပင်နိုင်သော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတရားတို့သည် ဤလေးပါးတို့တည်း၊ အဘယ်လေးပါးတို့နည်းဟူမူ—မင်းမြတ် မြတ်စွာဘုရားအား ရည်ညွှန်း၍ ပြုထားသော ရှေးရှုနီးကပ် ပြုစီရင်အပ်ပြီးသော လာဘ်ကို တစုံတယောက်သောသူသည် အန္တရာယ်ပြုခြင်းငှါ မတတ်နိုင်၊ မင်းမြတ် မြတ်စွာဘုရား၏ ကိုယ်တော်သို့ အစဉ်လိုက်သော တလံမျှလောက်သော ရောင်ခြည်တော်ကို တစုံတယောက်သောသူသည် အန္တရာယ်ပြုခြင်းငှါ မတတ်နိုင်၊ မင်းမြတ် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော် ရတနာကို တစုံတယောက်သောသူသည် အန္တရာယ်ပြုခြင်းငှါ မတတ်နိုင်၊ မင်းမြတ် မြတ်စွာဘုရား၏ အသက်တော် 'ဇီဝိတိန္ဒြေ'ကို တစုံတယောက်သောသူသည် အန္တရာယ်ပြုခြင်းငှါ မတတ်နိုင်၊ မင်းမြတ် တစုံတယောက်သောသူသည် မတားမြစ် မပိတ်ပင်နိုင်သော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတရားတို့သည် ဤလေးပါးတို့တည်း၊ မင်းမြတ် ထိုအလုံးစုံသော ဂုဏ်ကျေးဇူးတရားတို့သည်လည်း တူသော သဘောရှိကုန်၏၊ အန္တရာယ် မရှိကုန် မပျက်စီးကုန် သူတပါးတို့ လှုံ့လ မပြုနိုင်ကုန် မထိမရောက်နိုင်ကုန်သော အမှုအရာတို့ပေတည်း၊ မင်းမြတ် ယုတ်မာသော မာရ်နတ်သည် မမြင်အောင် ပုန်းကွယ်၍ ပဉ္စသာလရွာသား ပုဏ္ဏားနှင့်အမျိုးသားတို့ကို ပူးဝင်၏။

မင်းမြတ် ဥပမာအားဖြင့် မင်း၏ တိုင်းစွန်ဖြစ်သော မညီမညွတ်သော အရပ်၌ ခိုးသူတို့သည် မမြင်အောင် ပုန်းကွယ်၍ ခရီးလမ်းကို ဖျက်ဆီးကုန်၏၊ မင်းမြတ် ထိုခိုးသူတို့ကို မင်းသည် အကယ်၍ တွေ့မြင်ငြားအံ့၊ ထိုခိုးသူတို့သည် ချမ်းသာခြင်းကို ရကုန်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ချမ်းသာခြင်းကို မရကုန်ရာပါ၊ ပုဆိန်ဖြင့် အစိတ်အရာ အစိတ်အထောင် ခွဲစေရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ယုတ်မာသော မာရ်နတ်သည် မမြင်အောင် ပုန်းကွယ်၍ ပဉ္စသာလရွာသား ပုဏ္ဏားနှင့်အမျိုးသားတို့ကို ပူးဝင်၏။

မင်းမြတ် ဥပမာတမျိုးသော်ကား လင်ရှိမိန်းမသည် မမြင်အောင် ပုန်းလျှိုး၍ ယောကျ်ားတပါးကို ပေါင်းဖော်မှီဝဲ၏၊ မင်းမြတ် ဤအတူသာလျှင် ယုတ်မာသော မာရ်နတ်သည် မမြင်အောင် ပုန်းကွယ်၍ ပဉ္စသာလရွာသား ပုဏ္ဏားနှင့်အမျိုးသားတို့ကို ပူးဝင်၏၊ မင်းမြတ် လင်ရှိမိန်းမသည် လင်၏မျက်မှောက်၌ ယောကျ်ားတပါးကို အကယ်၍ ပေါင်းဖော်မှီဝဲသည်ဖြစ်အံ့၊ ထိုမိန်းမသည် ချမ်းသာ

http://www.dhammadownload.com



ခြင်းကို ရနိုင်မည်လောဟု(မေးတော်မူ၏)။ အသျှင်ဘုရား ချမ်းသာခြင်းကို မရနိုင်ရာပါ၊ အသျှင်ဘုရား လင်ယောကျ်ားသည် ထိုမိန်းကို သတ်သော်လည်း သတ်ရာပါ၏၊ ညှဉ်းဆဲသော်လည်း ညှဉ်းဆဲရာပါ၏၊ နှောင်ဖွဲ့သော်လည်း နှောင်ဖွဲ့ရာပါ၏၊ ကျွန်မ၏အဖြစ်သို့သော်လည်း ဆောင်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ယုတ်မာသော မာရ်နတ်သည် မမြင်အောင် ပုန်းကွယ်၍ ပဉ္စသာလရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့ကို ပူးဝင်၏၊ မင်းမြတ် ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားအား ရည်ညွှန်း၍ ပြုထားပြီးသော လာဘ်ကိုရှင်း ရှေးရှုနီးကပ် ပြုစီရင်အပ်သော လာဘ်ကိုရှင်း သုံးဆောင်ဆဲဖြစ်သောလာဘ်ကိုရှင်း အန္တရာယ်ပြုခဲ့မူ ထိုမာရ်နတ်၏ ဦးခေါင်းသည်လည်း အစိတ်အရာ အစိတ်အထောင် ကွဲလေရာ၏ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ဤစကားသည် ဤသို့ ဆိုဘိုင်းဟုတ်ပါ၏၊ ယုတ်မာသော မာရ်နတ်သည် ခိုးကြောင် ခိုးဝက်ပြုအပ်၏၊ ယုတ်မာသော မာရ်နတ်သည် ပုန်းကွယ်၍ ပဉ္စသာလရွာသား ပုဏ္ဏားနှင့်အမျိုးသားတို့ကို ပူးဝင်ပါ၏၊ အသျှင်ဘုရား ယုတ်မာသော ထိုမာရ်နတ်သည် မြတ်စွာဘုရားအား ရည်ညွှန်း၍ ပြုအပ်ပြီးသော လာဘ်ကိုရှင်း ရှေးရှုနီးကပ် ပြုစီရင်အပ်သော လာဘ်ကိုရှင်း သုံးဆောင်ဆဲဖြစ်သော လာဘ်ကိုရှင်း အန္တရာယ်ပြုခဲ့မူ ထိုမာရ်နတ်၏ ဦးခေါင်းသည်လည်း အစိတ်အရာ အစိတ်အထောင် ကွဲလေရာပါ၏၊ ထိုမာရ်နတ်၏ ကိုယ်သည်လည်း ဖွဲ့ဆုပ်ကဲ့သို့ ဖရိုဖရဲ ပြန့်ကြဲရာ၏၊ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ငါးခုမြောက် ဗုဒ္ဓလာဘန္တရာယပဥှာ ပြီး၏။

---

## ၆-အပုညပဥှာ

### (မကောင်းမှု ပွါးစီး မပွါးစီး ပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန "မသိမူ၍ သူ့အသက်သတ်ခြင်းကို ပြုသူသည် အလွန်အားကြီးသော မကောင်းမှုကိုပွါးစီးစေ၏"ဟု အသျှင်ဘုရားတို့ ဆိုပါကုန်၏၊ တဖန်လည်း ဝိနည်းပညတ်တော်၌ "မသိသော ရဟန်းအား အာပတ် မသင့်"ဟု မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏။ အသျှင်ဘုရားနာဂသေန မသိမူ၍ သူ့အသက်သတ်ခြင်းကို ပြုသောသူသည် အလွန်အားကြီးသော မကောင်းမှုကို အကယ်၍ ပွါးစီးစေသည်ဖြစ်အံ့၊ ထိုသို့ ဖြစ်ပါမူ "မသိသော ရဟန်းအား အာပတ် မသင့်"ဟူသော ထိုစကားသည် မှားရာ၏၊ မသိသော ရဟန်းအား အကယ်၍ အာပတ်မသင့်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "မသိမူ၍ သူ့အသက်သတ်ခြင်းကို ပြုသောသူသည် အလွန်အားကြီးသော မကောင်းမှုကို ပွါးစီးစေ၏"ဟူသော ထိုစကားသည် မှားရာ၏၊ အစွန်းနှစ်ဖက်ထွက်သော သက်ဝင်ရန် ခဲယဉ်းသော လွန်မြောက်နိုင်ခဲသော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ ထိုပြဿနာကို အသျှင်ဘုရားသည် ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ်"မသိမူ၍ သူ့အသက်သတ်ခြင်းကို ပြုသူသည် အလွန်အားကြီးသော မကောင်းမှုကို ပွါးစီးစေ၏"ဟု ထိုစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်၏၊တဖန်လည်း ဝိနည်းပညတ်တော်၌ "မသိသော ရဟန်းအား အာပတ်မသင့်"ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏၊ ထိုသို့ ဟောရာ၌ အဓိပ္ပါယ်အထူးရှိ၏၊ အဓိပ္ပါယ်အထူးသည် အဘယ်နည်းဟူမူ—မင်းမြတ် သညာကြောင့် အပြစ်လွတ်သော အာပတ်သည်ရှိ၏၊ သညာကြောင့် အပြစ်မလွတ်သော အာပတ်သည်ရှိ၏၊ မင်းမြတ် အကြင်အာပတ်သည် သညာကြောင့် အပြစ်မှလွတ်၏၊ ထိုအာပတ်ကို အကြောင်းပြု၍

http://www.dhammadownload.com



မြတ်စွာဘုရားသည် "မသိသောရဟန်းအား အာပတ်မသင့်"ဟု ဟောတော်မူအပ်၏။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏ဟု ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ခြောက်ခုမြောက် အပုညပဉှာ ပြီး၏။

---

## ၇-ဘိက္ခုသံဃပရိဟရဏပဉှာ

### (ရဟန်း သံဃာကို ထိန်းသိမ်းဆောင်ရွက်ခြင်း ပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန "အာနန္ဒာ 'ငါသည် ရဟန်းသံဃာကို ထိန်းသိမ်းဆောင်ရွက်ဦးအံ့' ဟူ၍ဓင်း 'ရဟန်းသံဃာသည် ငါဘုရားလျှင် ရည်ညွှန်းခြင်းရှိ၏' ဟူ၍ဓင်း မြတ်စွာဘုရားအား ဤသို့သော တွယ်တာငဲ့ကွက်မှု မဖြစ်"ဟု ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏၊ တဖန်လည်း မေတ္တေယျမြတ်စွာဘုရား၏ သဘာဝဂုဏ်တော်ကို ပြတော်မူသော မြတ်စွာဘုရားသည် "ငါဘုရားသည် ယခုအခါ၌ ရာပေါင်းများစွာသော ရဟန်းသံဃာကို ထိန်းသိမ်းဆောင်ရွက်သကဲ့သို့ ထို့အတူ ထိုမေတ္တေယျမြတ်စွာဘုရားသည် ထောင်ပေါင်းများစွာသော ရဟန်းသံဃာကို ထိန်းသိမ်းဆောင်ရွက်လတ္တံ့"ဟု ဤသို့ဟောတော်မူခဲ့ပြန်ပါ၏၊ အသျှင်ဘုရားနာဂသေန "အာနန္ဒာ 'ငါသည် ရဟန်းသံဃာကို ထိန်းသိမ်းဆောင်ရွက်၏' ဟူ၍ဓင်း 'ရဟန်းသံဃာသည် ငါဘုရားလျှင် ရည်ညွှန်းခြင်း ရှိ၏' ဟူ၍ဓင်း မြတ်စွာဘုရားအား ဤသို့သော တွယ်တာငဲ့ကွက်မှုသည် မဖြစ်"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ ရာပေါင်းများစွာသော ရဟန်းသံဃာကို ထိန်းသိမ်းဆောင်ရွက်၏ ဟူသော စကားသည် မှားရာ၏၊ "ငါဘုရားသည် ယခုအခါ၌ ရာပေါင်းများစွာသော ရဟန်းသံဃာကို ထိန်းသိမ်းဆောင်ရွက်သကဲ့သို့ ထို့အတူ ထိုမေတ္တေယျမြတ်စွာဘုရားသည် ထောင်ပေါင်းများစွာသော ရဟန်းသံဃာကို ထိန်းသိမ်းဆောင်ရွက်လတ္တံ့"ဟု အကယ်၍ ဟောတော်မူခဲ့ပြန်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ "အာနန္ဒာ ငါသည် ရဟန်းသံဃာကိုထိန်းသိမ်းဆောင်ရွက်အံ့"ဟူ၍ဓင်း "ရဟန်းသံဃာသည် ငါဘုရားလျှင် ရည်ညွှန်းခြင်းရှိ၏"ဟူ၍ဓင်း မြတ်စွာဘုရားအား ဤသို့သော ငဲ့ကွက်တွယ်တာမှုသည် မဖြစ်ဟူသော ထိုစကားသည်လည်း မှားရာ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ ထိုပြဿနာကို အသျှင်ဘုရားသည် ဖြေရှင်းတော်မူပါလော့ဟု(လျှောက်၏)။

မင်းမြတ် "အာနန္ဒာ 'ငါသည် ရဟန်းသံဃာကို ထိန်းသိမ်းဆောင်ရွက်အံ့' ဟူ၍ဓင်း 'ရဟန်းသံဃာသည် ငါဘုရားလျှင် ရည်ညွှန်းခြင်းရှိ၏' ဟူ၍ဓင်း မြတ်စွာဘုရားအား ငဲ့ကွက်တွယ်တာမှုသည် မဖြစ်"ဟူ၍ဓင်း ထိုစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်၏၊ တဖန်လည်း မေတ္တေယျမြတ်စွာဘုရား၏ သဘာဝဂုဏ်တော်ကို ပြတော်မူသော မြတ်စွာဘုရားသည် "ငါဘုရားသည် ယခုအခါ၌ရာပေါင်းများစွာသောရဟန်းသံဃာကို ထိန်းသိမ်းဆောင်ရွက်သကဲ့သို့ ထို့အတူ ထိုမေတ္တေယျမြတ်စွာဘုရားသည် ထောင်ပေါင်းများစွာသော ရဟန်းသံဃာကို ထိန်းသိမ်းဆောင်ရွက်လတ္တံ့"ဟု ဟောတော်မူအပ်၏၊ မင်းမြတ် စင်စစ် ထိုပြဿနာ၌ တစိတ်သော အဓိပ္ပါယ်သည် အကြွင်းရှိ၏၊ တစိတ်သောအဓိပ္ပါယ်သည် အကြွင်းမရှိ၊မင်းမြတ် မြတ်စွာဘုရားသည်ပရိသတ်သို့ အစဉ်လိုက်တော်မမူ၊ပရိသတ်ကသာ မြတ်စွာဘုရားသို့ အစဉ်လိုက်ရ၏၊ မင်းမြတ် "ငါ"ဟူ၍ဓင်း "ငါ့ဥစ္စာ"ဟူ၍ဓင်း ဤစကားသည် လောကအမှတ် ပညတ်ခေါ်ဝေါ်ခြင်းမျှသာတည်း၊ ဤ (ငါ ငါ၏ဥစ္စာဟူသော) စကားသည် ပရမတ် စကားမဟုတ်၊ မင်းမြတ် မြတ်စွာဘုရားအား ချစ်ခြင်းတဏှာကင်းတော်မူ၏၊

http://www.dhammadownload.com



တပ်မက်လေးမြတ်ခြင်း ကင်းတော်မူ၍၊ မြတ်စွာဘုရားအား "ငါ၏ဥစ္စာ" ဟူ၍လည်း စွဲလမ်းယူခြင်း သည် မရှိ၊ ကေန်အမှန်သော်ကား ဥပါဒါပညတ်၏ ထောက်ထားမှီတွယ်ရာဖြစ်၏။

မင်းမြတ် ဥပမာအားဖြင့် မြေကြီးသည် မြေ၌တည်ကုန်သော သတ္တဝါတို့၏ တည်ရာမှီရာဖြစ်၏၊ ဤသတ္တဝါတို့သည် မြေ၌သာတည်ရကုန်၏၊ မြေကြီးအား "ဤသတ္တဝါတို့ကား ငါ၏ဥစ္စာတို့တည်း" ဟူ၍ငဲ့ကွက်ခြင်းသည် ရှိလည်း မရှိပေ၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် အလုံးစုံ သောသတ္တဝါတို့၏ တည်ရာမှီရာဖြစ်၏၊ ဤသတ္တဝါတို့သည် မြတ်စွာဘုရားသာ တည်ရာ မှီရာရှိကုန်၏၊ မြတ်စွာဘုရားအား ဤသတ္တဝါတို့ကား "ငါ၏ဥစ္စာတို့တည်း" ဟု ငဲ့ကွက်ခြင်းသည် မဖြစ်။ မင်းမြတ် ဥပမာတနည်းသော်ကား သည်းထန်သော မိုးကြီးသည် ရှာသွန်းသည်ရှိသော် မြက်သစ်ပင် သားကောင် လူသားတို့အား ကြီးပွါးခြင်းကို ပေး၏၊ အစဉ်ကို စောင့်ရှောက်၏၊ အလုံးစုံသော ဤသတ္တဝါတို့သည်လည်း မိုးကြီးကို မှီ၍သာ အသက်မွေးရကုန်၏၊ မိုးကြီးအား "ဤသတ္တဝါတို့ကား ငါ၏သတ္တဝါတို့တည်း" ဟု ငဲ့ကွက်ခြင်းသည် မဖြစ်၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့အား ကုသိုလ်တရားတို့ကို ဖြစ်စေ၏၊ အစဉ်စောင့်၏၊ အလုံးစုံသော ဤသတ္တဝါတို့သည်လည်း မြတ်စွာဘုရားကို မှီ၍ အသက်မွေးကုန်၏၊ မြတ်စွာဘုရားအား "ဤသတ္တဝါ တို့သည်ကား ငါ၏သတ္တဝါတို့တည်း" ဟု ငဲ့ကွက်ခြင်းသည် မဖြစ်၊ ထိုသို့မဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်းဟူမူ— ငါဟုစွဲလမ်းသော အယူမှားကို ပယ်ပြီးသည်၏ အဖြစ်ကြောင့် တည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ပြဿနာကို များစွာသော အကြောင်းတို့ဖြင့် ကောင်းစွာဖြေရှင်းတော်မူအပ်ပါပေ၏၊ နက်နဲသည်ကို ပေါ်လွင်အောင် ပြုနိုင်ပါပေ၏၊ အထုံးအဖွဲ့ကို ဖျက်ဆီးနိုင်ပါပေ၏၊ ရှုပ်ထွေးသည်ကို မရှုပ်ထွေးအောင် ပြုတော်မူနိုင်ပါပေ၏၊ အမိုက်တိုက်ကို လင်းအောင်ပြုတော်မူနိုင်ပါပေ၏၊ တပါးသော အယူတို့ကို ချိုးဖျက်တော်မူနိုင်ပါပေ၏၊ မြတ်စွာ ဘုရား သားတော်တို့အား ပညာမျက်စိကို ဖြစ်စေတော်မူအပ်ပါပေ၏ ဟု (လျှောက်၏)။

ခုနစ်ခုမြောက် ဘိက္ခုသံဃပရိဟရဏပဉှာ ပြီး၏။

---

## ၈-အဘေဇ္ဇပရိသပဉှာ

### (မြတ်စွာဘုရားအား မကွဲပျက်သောပရိသတ် ရှိမရှိ ပြဿနာ)

၈။ အသျှင်ဘုရားနာဂသေန "မြတ်စွာဘုရားသည် မကွဲပျက်သော ပရိသတ်ရှိ၏" ဟု အသျှင်ဘုရားတို့ ဆိုတော်မူကုန်၏၊ "ဒေဝဒတ်သည် ရဟန်းငါးရာတို့ကို တပြိုင်နက် ခွဲဖျက်အပ် ကုန်၏" ဟူ၍လည်း တဖန်ဆိုပြန်ကုန်၏၊ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် အကယ်၍ မပျက်စီးသောပရိသတ်ရှိသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ ဒေဝဒတ်သည် ရဟန်းငါးရာတို့ကို တပြိုင်နက် ခွဲဖျက်အပ်ကုန်၏ဟူသော စကားသည် မှားရာ၏၊ ဒေဝဒတ်သည် ရဟန်းငါးရာတို့ကို တပြိုင်နက် အကယ်၍ ခွဲဖျက်အပ်ကုန်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ မြတ်စွာဘုရားသည် မပျက်စီးသော ပရိသတ်ရှိ၏ ဟူသော ထိုစကားသည် မှားရာ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာ သည်လည်း အသျှင်ဘုရားထံသို့အစဉ်ရောက်၏၊ နက်နဲ၏၊ ဖြေရှင်းနိုင်ခဲ၏၊ ထုံးဖွဲ့သည်ထက်လည်း အထူးသဖြင့် ထုံးဖွဲ့၏၊ ဤအရာ၌ ဤလူအပေါင်းသည် ပိတ်ပင်၏၊ ဖုံးကွယ်၏၊ ကွယ်ကာ၏၊ ပိတ်ဆို

http://www.dhammadownload.com



၏၊ ထက်ဝန်းကျင် မွှေးယှက်ဖွဲ့စပ်၏၊ ဤပြဿနာဝယ် သူတပါးအယူတို့၌ အသျှင်ဘုရား၏ ဉာဏ်အားကို ပြတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် မြတ်စွာဘုရားသည် မပျက်စီးသော ပရိသတ်ရှိ၏၊ ဒေဝဒတ်သည်လည်း ရဟန်းငါးရာတို့ကို တပြိုင်နက် ခွဲဖျက်အပ်ကုန်၏၊ စင်စစ်အားဖြင့် ထိုသို့ ခွဲဖျက်ခြင်းသည်လည်း ခွဲဖျက်တတ်သူ၏ အစွမ်းကြောင့်ဖြစ်၏၊ မင်းမြတ် ခွဲဖျက်မည့်သူ ရှိခဲ့သော် မကွဲပျက်သော အရာမည်သည်မရှိပေ၊ ခွဲမည့်သူ ရှိခဲ့သော် အမိသည်လည်း သားနှင့် ကွဲရ၏၊ သားသည်လည်း အမိနှင့် ကွဲရ၏၊ အဖသည်လည်း သားနှင့် ကွဲရ၏၊ သားသည်လည်း အဖနှင့် ကွဲရ၏၊ အစ်ကိုသည်လည်း နှမနှင့် ကွဲရ၏၊ နှမသည်လည်း အစ်ကိုနှင့် ကွဲရ၏၊ အပေါင်းအဖော်သည်လည်း အပေါင်းအဖော်နှင့် ကွဲရ၏၊ လှေသည်လည်း အမျိုးမျိုးသော ပျဉ်ချပ်သစ်သားတို့ကို အထူးထူးသော သစ်ဖြင့် ဖွဲ့စပ်အပ်လျက် လှိုင်းတံပိုးအဟုန် ပုတ်ခတ်ခြင်းကြောင့် ကွဲပျက်၏၊ ပျားကဲ့သို့ ချိုမြိန်သော အသီးရှိသော သစ်ပင်သည်လည်း လေ၏ အစွမ်းအဟုန် တိုက်ခတ်အပ်သည်ဖြစ်၍ လဲပြိုပျက်စီး၏၊ အမျိုးမှန်သော ဇမ္ဗူရာဇ် ရွှေစင်ပင်ဖြစ်သော်လည်း ကြေးနီကြောင့် ပျက်စီး၏၊ မင်းမြတ် စင်စစ်သော်ကား မြတ်စွာဘုရားသည် ပျက်စီးသော ပရိသတ်ရှိ၏ဟူသော ဤအလိုသည် ပညာရှိတို့၏ အလိုမဟုတ်၊ ဤနှလုံးသွင်းသည် ဘုရားရှင်တို့၏ နှလုံးသွင်းမဟုတ်၊ ဤအလိုဆန္ဒသည် ပညာရှိတို့၏ အလိုဆန္ဒမဟုတ်။ စင်စစ်သော်ကား အကြင်အကြောင်းဖြင့် မြတ်စွာဘုရားကို "မပျက်စီးသော ပရိသတ်ရှိ၏" ဟူ၍ ဆိုအပ်၏၊ ဤအရာ၌ ထိုအကြောင်းသည် ရှိ၏၊ ဤအရာ၌ အကြောင်းသည် အဘယ်နည်း၊ မင်းမြတ် မြတ်စွာဘုရားသည် တစုံတခုသော ဘဝ၌ အကျင့်ကို ကျင့်တော်မူစဉ်သော်လည်း ပြုအပ်သော အပေးအကမ်း မရှိသောကြောင့်သော်ရင်း မချစ်ဖွယ်ကို ဆိုသောကြောင့်သော်ရင်း အကျိုးမဲ့ကို ကျင့်သောကြောင့်သော်ရင်း ကိုယ်ဘူပြု၍ မကျင့်ခြင်းကြောင့်သော်ရင်း ပရိသတ်သည် ကွဲပျက်၏ဟူ၍ မကြားဘူးဟူပေ၊ ထို့ကြောင့် မြတ်စွာဘုရားကို "မပျက်စီးသော ပရိသတ်ရှိ၏" ဟု ဆိုရ၏၊ မင်းမြတ် သင်မင်းမြတ်သည်လည်း "မြတ်စွာဘုရားသည် ဘုရားလောင်းဖြစ်စဉ်က ပြုကျင့်အပ်သော ဤမည်သော အကြောင်းကြောင့် ပရိသတ်သည် ကွဲပျက်လေ၏ဟု အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား ပါဠိတော်၌ လာသော စကားတစုံတရာသည် ရှိ၏" ဟု သိအပ်ဘူးပါသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မရှိပါ၊ လောက၌လည်း ဤအကြောင်းသည် မထင်ရှားပါ၊ ကြားလည်း မကြားမိပါ၊ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့ ဆိုတိုင်းမှန်ပါပေ၏၊ ထိုစကားကို အသျှင်ဘုရားမိန့်ဆိုတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ရှစ်ခုမြောက် အဘေဇ္ဇပရိသပဉှာ ပြီး၏။

# နှစ်ခုမြောက် အဘေဇ္ဇဝဂ် ပြီး၏။

ဤအဘေဇ္ဇဝဂ်၌ အမေးပုစ္ဆာပြဿနာရှစ်ခုတို့တည်း။

http://www.dhammadownload.com

# ၃-ပဏ္ဏာသမိတဝဂ်

## ၁-သေဋ္ဌဓမ္မပဥှာ

### (တရားတော်သည် အမြတ်ဆုံး ဖြစ်မဖြစ်ပြဿနာ)

၁။ အသျှင်ဘုရားနာဂသေန "ဝါသေဋ္ဌ တရားတော်သည်သာလျှင် ထိုလူအပေါင်းဝယ် မျက်မှောက်၌ရှင်း တမလွန်၌ရှင်း အမြတ်ဆုံးတည်း" ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ တဖန်လည်း "အပါယ်တံခါး ပိတ်ပြီးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ ရောက်ပြီးသော သိက္ခာသုံးရပ်တည်းဟူသော သာသနာတော်ကိုသိပြီးသော သောတာပန် လူဒါယကာသည် ပုထုဇဉ်ဖြစ်သော ရဟန်းဘော်ကိုရှင်း သာမဏေကိုရှင်း ရှိခိုးရ၏၊ ခရီးဦး ကြိုဆိုရ၏" ဟူ၍ ဟောတော်မူခဲ့ပြန်၏၊ အသျှင်ဘုရားနာဂသေန "ဝါသေဋ္ဌ တရားတော်သည်သာလျှင် ထိုလူ အပေါင်းဝယ် မျက်မှောက်၌ရှင်း တမလွန်၌ရှင်း အမြတ်ဆုံးတည်း"ဟူ၍ အကယ်၍ ဟောတော် မူအပ်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "အပါယ်တံခါးပိတ်ပြီးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ ရောက်ပြီး သော သိက္ခာသုံးရပ်တည်းဟူသော သာသနာတော်ကို သိပြီးသော သောတာပန်လူဒါယကာသည် ပုထုဇဉ်ဖြစ်သော ရဟန်းတော်ကိုရှင်း သာမဏေကိုရှင်း ရှိခိုးရ၏၊ ခရီးဦး ကြိုဆိုရ၏" ဟူသော စကားသည် မှားရာ၏၊ အပါယ်တံခါး ပိတ်ပြီးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ ရောက်ပြီးသော သိက္ခာသုံးရပ် တည်းဟူသော သာသနာတော်ကို သိပြီးသော သောတာပန် လူဒါယကာသည် ပုထုဇဉ်ဖြစ်သော ရဟန်းတော်ကိုရှင်း သာမဏေကိုရှင်း ရှိခိုးရသည် ခရီးဦးကြိုဆိုရသည်ဖြစ်ခဲ့မူ "ဝါသေဋ္ဌ တရားတော်သည် သာလျှင် ထိုလူအပေါင်းဝယ် မျက်မှောက်၌ရှင်း တမလွန်၌ရှင်း အမြတ်ဆုံးတည်း" ဟူသော ထိုစကားသည် မှားရာ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာ သည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်း တော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "ဝါသေဋ္ဌ တရားတော်သည်သာလျှင် ထိုလူအပေါင်းဝယ် မျက်မှောက်၌ရှင်း တမလွန်၌ရှင်း အမြတ်ဆုံးတည်း"ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်၏၊ အပါယ်တံခါး ပိတ်ပြီးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ ရောက်ပြီးသော သိက္ခာသုံးရပ် တည်းဟူသော သာသနာတော်ကို သိပြီးသော သောတာပန်လူဒါယကာသည် ပုထုဇဉ် ရဟန်းတော်ကိုရှင်း သာမဏေကိုရှင်း ရှိခိုးရ၏၊ ခရီးဦးကြိုဆိုရ၏၊ ထိုသို့ ရှိခိုးရာ၌ကား အကြောင်းရှိ၏။ ထိုအကြောင်း သည် အဘယ်နည်း—

မင်းမြတ် အကြင်အကျင့်တရား အသွင်အပြင်တို့ဖြင့် ရဟန်းသည် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လေးမြတ်ခြင်း ပူဇော်ခြင်းငှါ ထိုက်၏၊ ရဟန်း၏ ရဟန်းအဖြစ်ကို ပြုတတ်ကုန်သော ထိုအကျင့် တရားတို့သည် နှစ်ဆယ်တို့တည်း၊ ထိုအသွင်အပြင်တို့သည် နှစ်မျိုးတို့တည်း၊ ရဟန်း၏ ရဟန်း အဖြစ်ကို ပြုတတ်ကုန်သော အကျင့်တရား နှစ်ဆယ်တို့သည် အဘယ်သည်တို့နည်း၊ အသွင်အပြင် နှစ်မျိုးတို့သည် အဘယ်သည်တို့နည်း။ မြတ်သော တရား၌ မွေ့လျော်ခြင်း မြတ်သော ဥပုသ် ပြုမှု နိယမ ရှိခြင်း မြတ်သော ဆုံးမခံမှုစသော အကျင့်ရှိခြင်း ကောင်းမွန်စွာ ဝတ်ရုံနေထိုင်ခြင်း စက္ခုစသော ဣန္ဒြေကို စောင့်စည်းခြင်း ကိုယ် နှုတ် နှလုံးကို စောင့်စည်းခြင်း အချမ်းအပူစသည်ကို

http://www.dhammadownload.com



သည်းခံခြင်း ကောင်းသော အကျင့်၌ မွေ့လျော်ခြင်း တယောက်တည်း တရားကျင့်ခြင်း တယောက်တည်း မွေ့လျော်ခြင်း တယောက်တည်း ကိန်းအောင်းခြင်း မကောင်းမှုမှ ရှက်ခြင်း ကြောက်ခြင်း ကောင်းမှု၌ အားထုတ် ပြုကျင့်ခြင်း ကုသိုလ်ကျင့်ဝတ်၌ မမေ့မလျော့ မပေါ့တန်ခြင်း သိက္ခာကို ကောင်းစွာယူခြင်း ဘုရားဟောပါဠိတော်ကို သင်ယူခြင်း အဋ္ဌကထာကို သင်ယူခြင်း သီလစသော သိက္ခာသုံးပါး၌ မွေ့လျော်ခြင်း တပ်မက်မောမှု ကင်းလွတ်ခြင်း သိက္ခာပုဒ်တို့၌ ပြည့်ကျင့်ခြင်းတို့တည်း။ (ဤသည်တို့ကား အကျင့်တရား နှစ်ဆယ်တို့တည်း)။ ဖန်ရည်ဆိုး သင်္ကန်းကိုဝတ်ရုံခြင်း ဦးပြည်း (ခေါင်းတုံးရိတ်)ခြင်းတို့တည်း။ (ဤသည်ကား အသွင်အပြင် နှစ်ပါးတို့တည်း)။ မင်းမြတ် ရဟန်း၏ရဟန်းဖြစ်ခြင်းကို ပြုတတ်ကုန်သော အကျင့်တရားတို့သည် ဤနှစ်ဆယ်တို့ပင်တည်း၊ အသွင်အပြင်တို့သည် ဤနှစ်မျိုးတို့တည်း။ ရဟန်းသည် ဤအကျင့် ဂုဏ်ကျေးဇူးတို့ကို ဆောက်တည်၍ ကျင့်ကြံ၏၊ ထိုရဟန်းသည် ထိုအကျင့် ဂုဏ်ကျေးဇူးတရား တို့၏ မယုတ်မလျော့သည်၏အဖြစ် ပြည့်စုံသည်၏ အဖြစ်ကြောင့် အလုံးစုံပြည့်စုံသည်၏အဖြစ် ကြောင့် ကြီးပွါးသော သိက္ခာ၏ ဖြစ်ရာဖြစ်သော ရဟန္တာတို့၏ဖြစ်ရာ အရဟတ္တမဂ် အရဟတ္တ ဖိုလ်သို့ သက်ရောက်နိုင်၏၊ ချီးမွမ်းအပ် မြတ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် တရားအထူးသို့ သက်ရောက်နိုင်၏၊ အရဟတ္တမဂ်အရဟတ္တဖိုလ်၏အနီးသို့ ရောက်သော အကျင့်ရှိပေ၏ဟု နှလုံး သွင်း၍ သောတာပန်လူဒါယကာသည် ပုထုဇဉ်ရဟန်းကို ရှိခိုးခြင်းငှါ ခရီးဦးကြိုဆိုခြင်းငှါ ထိုက်ပေ၏။

"ထိုပုထုဇဉ်ရဟန်းသည် ရဟန္တာတို့နှင့်တူသော ဇာတ်အသွင်အပြင် အကျင့်သို့ ကပ်ရောက် ပေ၏၊ ငါအား ထိုဇာတ်အတူအဖြစ်ကို ရရှိခြင်း မရှိချေ"ဟု နှလုံးသွင်း၍ သောတာပန်လူဒါယကာ သည် ပုထုဇဉ်ရဟန်းကို ရှိခိုးခြင်းငှါ ခရီးဦးကြိုဆိုခြင်းငှါ ထိုက်ပေ၏။

"ထိုပုထုဇဉ်ရဟန်းသည် မြင့်မြတ်သော ပရိသတ် အသင်းအပင်းသို့ ကပ်ရောက်ပေ၏၊ ငါသည် ထိုမြင့်မြတ်သော အရာသို့ မကပ်ရောက် မသက်ဝင်ပေ"ဟု နှလုံးသွင်း၍ သောတာပန် လူဒါယကာသည် ပုထုဇဉ်ရဟန်းကို ရှိခိုးခြင်းငှါ ခရီးဦးကြိုဆိုခြင်းငှါ ထိုက်ပေ၏။

"ထိုပုထုဇဉ်ရဟန်းသည် အာဏာပါတိမောက်ရွတ်သည်ကို နာယူခြင်းငှါ ရပေ၏၊ ငါသည် ထိုအာဏာပါတိမောက် ရွတ်သည်ကို နာယူခြင်းငှါ မရပေ"ဟု နှလုံးသွင်း၍ သောတာပန် လူဒါယကာသည် ပုထုဇဉ်ရဟန်းကို ရှိခိုးခြင်းငှါ ခရီးဦးကြိုဆိုခြင်းငှါ ထိုက်ပေ၏။

"ထိုပုထုဇဉ်ရဟန်းသည် တပါးသောသူတို့ကို ရှင်ပြုပေးနိုင်၏၊ ရဟန်းခံပေးနိုင်၏၊ မြတ်စွာ ဘုရား သာသနာတော်ကို တိုးပွါးစေနိုင်၏၊ ငါသည် ထိုဆိုခဲ့သည့် အမှုတို့ကို ပြုလုပ်ခြင်းငှါ မရပေ" ဟု နှလုံးသွင်း၍ သောတာပန်လူဒါယကာသည် ပုထုဇဉ်ရဟန်းကို ရှိခိုးခြင်းငှါ ခရီးဦးကြိုဆိုခြင်း ငှါ ထိုက်ပေ၏။

"ထိုပုထုဇဉ်ရဟန်းသည် အတိုင်းအရှည်မရှိ များပြားကုန်သော သိက္ခာပုဒ်တို့၌ ပြည့်စုံစွာ ကျင့်လေ့ရှိပေ၏၊ ငါသည် ထိုသိက္ခာပုဒ်တို့၌ မကျင့်နိုင်ပေ"ဟု နှလုံးသွင်း၍ သောတာပန် လူဒါယကာသည် ပုထုဇဉ်ရဟန်းကို ရှိခိုးခြင်းငှါ ခရီးဦးကြိုဆိုခြင်းငှါ ထိုက်ပေ၏။

"ထိုပုထုဇဉ်ရဟန်းသည် ရဟန်း၏အသွင်အပြင်သို့ ကပ်ရောက်၍ ဘုရား၏အလိုတော်၌ တည်နေ ပေ၏၊ ငါသည် ထိုအသွင်အပြင်မှ ဝေးစွာ ဖဲကြဉ်ကင်းလွတ်ပေ၏"ဟု နှလုံးသွင်း၍ သောတာပန် လူဒါယကာသည် ပုထုဇဉ်ရဟန်းကို ရှိခိုးခြင်းငှါ ခရီးဦးကြိုဆိုခြင်းငှါ ထိုက်ပေ၏။

http://www.dhammadownload.com



"ထိုပုထုဇဉ်ရဟန်းသည် ပွါးများရှည်လျားသော လက်ကတီးမွေးရှိလျက် မျက်စိကို ဆေး မချယ် ကိုယ်ဝတ်တန်ဆာမဆင်ပဲ အစဉ်ထာဝရ လိမ်းကျံအပ်သော သီလနံ့သာရှိပေ၏၊ ငါမှုကား တန်ဆာဆင်ယင်ခြင်း အပြေအပြစ်ပြုခြင်း၌ မွေ့လျော်ပေ၏"ဟု နှလုံးသွင်း၍ သောတာပန် လူဒါယကာသည် ပုထုဇဉ်ရဟန်းကို ရှိခိုးခြင်းငှါ ခရီးဦးကြိုဆိုခြင်းငှါ ထိုက်ပေ၏။

မင်းမြတ် စင်စစ်သော်ကား "ရဟန်းအဖြစ်ကို ပြုတတ်ကုန်သော အကြင်နှစ်ဆယ်သော အကျင့်တရားတို့သည်၎င်း အကြင်နှစ်ပါးသော အသွင်အပြင်တို့သည်၎င်း ရှိကုန်၏၊ ထိုအလုံး စုံသော တရားတို့သည်လည်း ရဟန်းအား ရှိကုန်၏၊ ထိုပုထုဇဉ်ရဟန်းသည်ပင် ထိုတရားတို့ကို ကျင့်ဆောင်၏၊ သူတပါးတို့ကိုလည်း ထိုတရားတို့၌ ကျင့်စေ၏၊ ငါ့အား ထိုရဟန်း၏ ကောင်းသော ကျင့်ဝတ်အလားသည်၎င်း ကျင့်စေခြင်းသည်၎င်း မရှိ"ဟု နှလုံးသွင်း၍ သောတာပန်လူဒါယကာ သည် ပုထုဇဉ်ရဟန်းကို ရှိခိုးခြင်းငှါ ခရီးဦးကြိုဆိုခြင်းငှါ ထိုက်ပေ၏။

မင်းမြတ် ဥပမာအားဖြင့် မင်းသားသည် ပုရောဟိတ်အထံ၌ အတတ်ပညာကို သင်ယူ၏၊ မင်းကျင့်ဝတ်ကို သင်ယူ၏၊ တပါးသော အခါ၌ ထိုမင်းသားသည် (မင်းအဖြစ်၌) အဘိသိက် သွန်းပြီးသည်ရှိသော် "ဤပုရောဟိတ်သည် ငါ့ကို အတတ်ပညာ သင်ကြားပေးသောသူတည်း"ဟု ဆရာကို ရှိခိုး၏၊ ခရီးဦးကြိုဆို၏၊ မင်းမြတ် ဤအတူသာလျှင် "ပုထုဇဉ်ရဟန်းသည် သိက္ခာပုဒ်ကို ကျင့်စေပေ၏၊ အနွယ်ကို ဆောင်ပေ၏"ဟု နှလုံးသွင်း၍ သောတာပန်လူဒါယကာသည် ပုထုဇဉ် ရဟန်းကို ရှိခိုးခြင်းငှါ ခရီးဦးကြိုဆိုခြင်းငှါ ထိုက်ပေ၏။

မင်းမြတ် စင်စစ်သော်ကား ဤဆိုလတ္တံ့သော အကြောင်းဖြင့်လည်း ရဟန်းအဖြစ်၏ ဤမြတ်သည်၏အဖြစ်ကို ဤအတုမရှိ ပြန့်ပြောသည်၏ အဖြစ်ကို သိလော့၊ မင်းမြတ် သောတာပန် လူဒါယကာသည် အရဟတ္တဖိုလ်ကို အကယ်၍ မျက်မှောက်ပြုအံ့၊ ထိုလူရဟန္တာအား ထိုရဟန္တာ ဖြစ်သော နေ့၌ပင်လျှင် နိဗ္ဗာန်သော်လည်း စံလွန်ပေရာ၏၊ ရဟန်းအဖြစ်သို့သော်လည်း ကပ်ရောက် ပေရာ၏ ဟူသော နှစ်မျိုးသောအလားတို့ ဖြစ်ကုန်၏၊ ထိုနှစ်မျိုးမှတပါး အခြားသော အလား မရှိကုန်၊ အကြောင်းမူကား အကြင်ရဟန်း၏အဖြစ်သည် ရှိ၏၊ ထိုရဟန်း၏ အဖြစ်သည် မတုန်လှုပ်၊ လွန်မြတ်၏၊ အလွန်မြင့်မြတ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ပြဿနာသည် သိနိုင်ခြင်းသို့ ရောက်ပါပြီ၊ အားကြီးသော အလွန်ပညာရှိသော အသျှင်ဘုရားသည် ပြဿနာကို ကောင်းစွာ ဖြေအပ်ပါပြီ၊ အသျှင်ဘုရားနှင့်တူသော ပညာရှိကို ထား၍ တပါးသောသူသည် ဤပြဿနာကို ဤသို့ဖြေခြင်းငှါ မစွမ်းနိုင်ရာပါဟု (လျှောက်၏)။

ရှေးဦးစွာသော သေဋ္ဌမွေပဥှာ ပြီး၏။

---

## ၂-သမ္ဗသတ္တဟိတဖရဏပဥှာ

**(မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏အကျိုးစီးပွါးကို ဆောင်မဆောင်ပြဿနာ)**

၂။ အသျှင်ဘုရားနာဂသေန "မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွါးမဲ့ကို ပယ်စွန့်တော်မူ၍ အကျိုးစီးပွါးကို ရွက်ဆောင်တော်မူ၏" ဟု အသျှင်ဘုရားတို့ ဆိုကုန်၏၊ အဂ္ဂိက္ခန္ဓောပမသုတ် တရားဒေသနာတော်ကို ဟောတော်မူသည်ရှိသော် ခြောက်ကျိပ်မျှကုန်သော ရဟန်းတို့၏ ခံတွင်းမှ သွေးပူသည် အန်ထွက်၏ဟူ၍လည်း တဖန်ဆိုပြန်ကုန်၏၊ အသျှင်ဘုရား

http://www.dhammadownload.com



အင်္ဂုတ္တရနွေ့ာပမသုတ် ဒေသနာတော်ကို ဟောတော်မူသော မြတ်စွာဘုရားသည် ခြောက်ကျိပ်မျှကုန်သော ရဟန်းတို့၏ အကျိုးစီးပွါးကို ပယ်၍ အကျိုးစီးပွါးမဲ့ကို ဆောင်အပ်လေ၏တကား၊ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် သတ္တဝါအားလုံး၏ အကျိုးစီးပွါးမဲ့ကို ပယ်၍ အကျိုးစီးပွါးကို အကယ်၍ ရွက်ဆောင်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ အင်္ဂုတ္တရနွေ့ာပမသုတ် တရားဒေသနာတော်ကို ဟောတော်မူသည်ရှိသော် ခြောက်ကျိပ်မျှကုန်သော ရဟန်းတို့၏ခံတွင်းမှ သွေးပူသည် အန်၏ဟူသော စကားသည် မှားရာ၏၊ အင်္ဂုတ္တရနွေ့ာပမသုတ် တရားဒေသနာတော်ကို ဟောတော်မူသည်ရှိသော် ခြောက်ကျိပ်မျှကုန်သော ရဟန်းတို့၏ ခံတွင်းမှ သွေးပူသည် အကယ်၍ အန်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွါးမဲ့ကို ပယ်၍ အကျိုးစီးပွါးကို ရွက်ဆောင်၏ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွါးမဲ့ကို ပယ်၍ အကျိုးစီးပွါးကို ရွက်ဆောင်တော်မူ၏၊ အင်္ဂုတ္တရနွေ့ာပမသုတ် တရားဒေသနာကို ဟောတော်မူသည်ရှိသော် ခြောက်ကျိပ်မျှကုန်သော ရဟန်းတို့၏ ခံတွင်းမှ သွေးပူသည် အန်၏၊ သို့ဖြစ်လင့်ကစား ထိုသွေးအန်ခြင်းသည်ကား မြတ်စွာဘုရားသည် ပြုအပ်သော တရားဟောခြင်းကြောင့် မဟုတ်၊ ထိုရဟန်းတို့၏သာလျှင် မိမိတို့ပြုအပ်သော မကောင်းမှုကံကြောင့် သွေးပူအန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် အင်္ဂုတ္တရနွေ့ာပမသုတ် တရားဒေသနာတော်ကို အကယ်၍ မဟောသည်ဖြစ်အံ့၊ ထိုရဟန်းတို့၏ ခံတွင်းမှ သွေးပူသည် အန်ထွက်ရာသလောဟု (မေးလျှောက်၏)။ မင်းမြတ် မအန်ထွက်ရာ၊ ဖောက်ပြန်စွာ ကျင့်ကုန်သော ထိုရဟန်းတို့အား မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ကြားနာရကုန်၍ ကိုယ်၌ ပူလောင်ခြင်းသည် ဖြစ်၏၊ ထိုသို့ ပူလောင်ခြင်းကြောင့် ထိုရဟန်းတို့၏ ခံတွင်းမှ သွေးပူသည် အန်ထွက်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ထိုသို့ဖြစ်ပါမူ မြတ်စွာဘုရားသည်ပင် ပြုအပ်သော တရားဒေသနာကြောင့် ထိုရဟန်းတို့၏ ခံတွင်းမှ သွေးပူသည် အန်ထွက်ရ၏တကား၊ မြတ်စွာဘုရားသည်ပင် ထိုရဟန်းခြောက်ကျိပ်တို့ သွေးအန်ရာ၌ ထိုရဟန်းတို့၏ သေကြေပျက်စီးခြင်း၌ ပြုကျင့်သည်မည်၏၊ အသျှင်ဘုရားနာဂသေန ဥပမာအားဖြင့် မြွေသည် တောင်ပို့သို့ ဝင်ရာ၏၊ ထိုအခိုက်၌ မြေမှုန့်ကို အလိုရှိသော ယောကျ်ားတယောက်သည် တောင်ပို့ကို ဖြိုဖျက်၍ မြေမှုန့်ကို ဆောင်ယူရာ၏၊ ထိုယောကျ်ား၏ မြေမှုန့်ကို ဆောင်ယူခြင်းကြောင့် ထိုတောင်ပို့၏ အပေါက်သည် ပိတ်ရာ၏၊ ထိုအခါ ထိုတောင်ပို့၌ပင် ထိုမြွေသည် ရှူရှိုက်လေကို မရသည်ဖြစ်၍ သေရာ၏၊ အသျှင်ဘုရား ထိုမြွေသည် ထိုယောကျ်ား၏ ပြုသောအမှုကြောင့် သေခြင်းသို့ ရောက်သည်မဟုတ်လောဟု (မေးလျှောက်၏)။ မင်းမြတ် ဟုတ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ဤအတူသာလျှင် မြတ်စွာဘုရားသည်ပင် ထိုရဟန်းခြောက်ကျိပ်တို့ သွေးအန်ရာ၌ ထိုရဟန်းတို့၏ သေကြေပျက်စီးခြင်း၌ ပြုကျင့်သည်မည်၏ဟု (လျှောက်၏)။

မင်းမြတ် မြတ်စွာဘုရားသည် တရားကို ဟောတော်မူသည်ရှိသော် ချစ်ခင်ခြင်း မုန်းထားခြင်းကို မပြု၊ ချစ်ခင်ခြင်း မုန်းထားခြင်းမှ ကင်းလွတ်သည်ဖြစ်၍ တရားကို ဟောတော်မူ၏၊ ဤသို့ တရားကို ဟောတော်မူသည်ရှိသော် ထိုသို့ ဟောတော်မူရာ၌ အကြင်သူတို့သည် ကောင်းစွာ ကျင့်ကုန်၏၊ ထိုသူတို့သည် သစ္စာလေးပါးကို သိမြင်နိုင်ကုန်၏၊ ထိုသို့မဟုတ်ပဲ အကြင်သူတို့

http://www.dhammadownload.com



သည်ကား ဖောက်ပြန်သဖြင့် ကျင့်ကုန်၏၊ ထိုသူတို့သည် လျော့ကျကုန်၏။ မင်းမြတ် ဥပမာအားဖြင့် ယောကျ်ားသည် သရက်ပင်ကိုသော်၎င်း သပြေပင်ကိုသော်၎င်း သစ်မည်စည်ပင်ကိုသော်၎င်း လှုပ်သည်ရှိသော် ထိုသစ်ပင်၌ အကြင်အသီးတို့သည် ရင့်မာသန်စွမ်းကုန်၍ မြဲသော အညှာရှိကုန်၏၊ ထိုအသီးတို့သည် သစ်ပင်၌သာလျှင် မလျော့ကျကုန်သည်ဖြစ်၍ တည်ကုန်၏၊ ထိုသစ်ပင်၌ အကြင်အသီးတို့သည် ပုပ်ဆွေးသော အညှာရင်းရှိကုန်၏၊ အားနည်းသော အညှာရှိကုန်၏၊ ထိုအသီးတို့သည် လျော့ကျကုန်၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် တရားကို ဟောတော်မူသည်ရှိသော် ချစ်ခင်ခြင်း မုန်းထားခြင်းကို မပြု၊ ချစ်ခင်ခြင်း မုန်းထားခြင်းမှ လွတ်ကင်းသည်ဖြစ်၍ တရားကို ဟောတော်မူ၏၊ ဤသို့လျှင် တရားကို ဟောသည်ရှိသော် ထိုသို့ ဟောတော်မူရာ၌ အကြင်သူတို့သည် ကောင်းစွာကျင့်ကုန်၏၊ ထိုသူတို့သည် သစ္စာလေးပါးကို သိမြင်ကုန်၏၊ ထိုသို့မဟုတ်ပဲ အကြင်သူတို့သည် ဖောက်ပြန်သဖြင့် ကျင့်ကုန်၏၊ ထိုသူတို့သည် လျော့ကျကုန်၏။

မင်းမြတ် ဥပမာတနည်းသော်ကား လယ်သမားသည် စပါးကို စိုက်ပျိုးလိုသည်ဖြစ်၍ လယ်ကို ထွန်ယက်၏၊ ထိုလယ်သမားသည် ထွန်ယက်နေစဉ် အသိန်းမကများကုန်သော မြက်တို့သည် သေကုန်၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ရင့်ကျက်သော စိတ်ရှိကုန်သော သတ္တဝါတို့ကို သိစေလိုရကား ချစ်ခင်ခြင်း မုန်းထားခြင်းမှ လွတ်ကင်းသည်ဖြစ်၍ တရားကို ဟောတော်မူ၏၊ ဤသို့လျှင် တရားကို ဟောတော်မူသည်ရှိသော် အကြင်သူတို့သည် ထိုတရား၌ ကောင်းစွာ ကျင့်ကုန်၏၊ ထိုသူတို့သည် သစ္စာလေးပါးကို သိကြကုန်၏၊ ထိုသို့မဟုတ်ပဲ အကြင်သူတို့သည် ဖောက်ပြန်သဖြင့် ကျင့်ကုန်၏၊ ထိုသူတို့သည် မြက်ကဲ့သို့ သေကုန်၏။

မင်းမြတ် ဥပမာတနည်းသော်ကား လူတို့သည် ကြံရည်ကို လိုသောကြောင့် ကြံညှစ်ယန္တရားဖြင့် ကြံချောင်းကို ကြိတ်ညှစ်ကုန်၏၊ ထိုသူတို့ကြံကို ကြိတ်ညှစ်ကုန်စဉ် ထိုသို့ကြိတ်ညှစ်ရာ၌ အကြင်ပိုးကောင်တို့သည် စက်ယန္တရားအဝသို့ ရောက်ကုန်၏၊ ထိုပိုးကောင်တို့ကို ကြိတ်မိကုန်၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ရင့်ကျက်သော စိတ်ရှိကုန်သော သတ္တဝါတို့ကို သစ္စာလေးပါးကို သိစေလို၍ တရားတည်းဟူသော စက်ယန္တရားကြီးကို ကြိတ်ညှစ်တော်မူ၏၊ ထိုသို့ ကြိတ်ညှစ်ရာ၌ အကြင်သူတို့သည် ဖောက်ပြန်သဖြင့် ကျင့်ကုန်၏၊ ထိုသူတို့သည် ပိုးတို့ကဲ့သို့ သေကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ထိုခြောက်ကျိပ်သော ရဟန်းတို့သည် ထိုအဂ္ဂိက္ခန္ဓောပမသုတ် ဒေသနာကြောင့် လျော့ကျကုန်သည် မဟုတ်လောဟု (မေးလျှောက်၏)။ မင်းမြတ် သစ်ခွေသမားသည် သစ်တုံးကို စောင့်ရှောက်လျက် ဖြောင့်ဖြောင့်စင်ကြယ်စွာ ပြုလုပ်ခုတ်ဖြတ်ပေသလောဟု (မေးတော်မူ၏)၊ အသျှင်ဘုရား သစ်တုံးကို မစောင့်ရှောက်ပါ၊ သစ်ခွေသမားသည် ပယ်သင့်သည်ကို ပယ်ခုတ်၍ သစ်တုံးကို ဖြောင့်ဖြောင့် စင်ကြယ်စွာ ပြုလုပ် ခုတ်ဖြတ်ပါ၏ဟု (ဖြေကြား လျှောက်ထား၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ပရိသတ်ကို စောင့်ရှောက်ရမူကား သစ္စာလေးပါးကို သိထိုက်သော သတ္တဝါတို့ကို သိစေခြင်းငှါ မစွမ်းနိုင်၊ စင်စစ်သော်ကား ဖောက်ပြန်သဖြင့် ကျင့်ကုန်သော သတ္တဝါတို့ကို ပယ်၍ သစ္စာလေးပါးကို သိထိုက်သော သတ္တဝါတို့ကို သိစေတော်မူ၏၊ မင်းမြတ် ထိုရဟန်းတို့သည် မိမိတို့ပြုသောကံကြောင့် ဖောက်ပြန်သဖြင့် ကျင့်ကုန်၍ လျော့ကျကုန်၏။

http://www.dhammadownload.com



မင်းမြတ် ဥပမာအားဖြင့် ငှက်ပျောပင်သည်ရင်း ဝါးပင်သည်ရင်း အဿတိုရ်မြင်းမသည်ရင်း မိမိမှဖြစ်သော အသီးနှင့် သားယော်ကြောင့် သေရသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် အကြင်သူတို့သည် ဖောက်ပြန်သဖြင့် ကျင့်ကုန်၏၊ ထိုသူတို့သည် မိမိတို့ပြုသောကံကြောင့် သေရကုန်၏ လျော့ကျကုန်၏။

မင်းမြတ် ဥပမာအားဖြင့် ခိုးသူကိုသည် မိမိတို့ပြုသော ကံကြောင့် မျက်လုံးထုတ်ခြင်း တံကျင်လျှိုခြင်း ဦးခေါင်းဖြတ်ခြင်းသို့ ရောက်ကုန်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် အကြင်သူတို့သည် ဖောက်ပြန်သဖြင့် ကျင့်ကုန်၏၊ ထိုသူတို့သည် မိမိတို့ ပြုသော ကံကြောင့် သေရကုန်၏ လျော့ကျကုန်၏၊ မင်းမြတ် ခြောက်ကျိပ်မျှကုန်သော အကြင်ရဟန်းတို့၏ ခံတွင်းမှ သွေးပူသည် အန်ထွက်၏၊ ထိုရဟန်းတို့၏ ထိုသွေးအန်ခြင်းသည် မြတ်စွာဘုရား ပြုတော်မူသောကြောင့် မဟုတ်ချေ၊ တပါးသောသူတို့ ပြုသောကြောင့်လည်း မဟုတ်ချေ၊ စင်စစ်သော်ကား မိမိတို့ပြုသော ကံကြောင့်သာလျှင် အန်ထွက်၏။

မင်းမြတ် ဥပမာအားဖြင့် ယောကျ်ားသည် အလုံးစုံသော လူအပေါင်းအား အမြိုက်သုဓာဘုတ်ကို ပေးလှူရာ၏၊ ထိုလူတို့သည် ထိုအမြိုက်သုဓာဘုတ်ကို စားရသောကြောင့် ရောဂါကင်းကုန်လျက် အသက်ရှည်ကုန်လျက် ဘေးဥပဒ်အားလုံးမှ ကင်းလွတ်ကုန်ရာ၏၊ ထိုအခါ ယောကျ်ားတယောက်သည် ဖောက်ပြန်၍ ကျင့်သဖြင့် ထိုအမြိုက်သုဓာဘုတ်ကို စား၍ သေခြင်းသို့ ရောက်လေရာ၏၊ မင်းမြတ် အမြိုက်သုဓာဘုတ်ကို ပေးလှူသော ထိုယောကျ်ားသည် ထိုပေးခြင်းဟူသော အကြောင်းကြောင့် တစုံတခုသော မကောင်းမှုသို့ ရောက်ရာသလောဟု (မေးတော်မူ၏)။အသျှင်ဘုရား မရောက်ရာပါဟု(လျှောက်၏)။မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် တသောင်းသော လောကဓာတ်၌ နတ်လူတို့အား မသေစေတတ်သော ဓမ္မဒါနကို ပေးလှူတော်မူ၏၊ အကြင်သတ္တဝါတို့သည် ကျွတ်ထိုက်ကုန်၏၊ ထိုကျွတ်ထိုက်သူတို့သည် တရားအမြိုက်ဖြင့် သစ္စာလေးပါးကို သိကုန်၏၊ အကြင်သတ္တဝါတို့သည်ကား မကျွတ်ထိုက်ကုန်၊ ထိုသတ္တဝါတို့သည် တရားအမြိုက်ကြောင့် သေကုန်၏၊ လျော့ကြကုန်၏၊ မင်းမြတ် စားဖွယ် ဘောဇဉ်သည် သတ္တဝါအားလုံးတို့၏ အသက်ကို စောင့်ရှောက်၏၊ အချို့သော သူတို့သည် ထိုစားဖွယ် ဘောဇဉ်ကို စား၍ မီးလျှောသဖြင့် သေကုန်၏။ မင်းမြတ် စားဖွယ်ဘောဇဉ်ကို ပေးသော ထိုယောကျ်ားသည် ထိုပေးခြင်းဟူသော အကြောင်းကြောင့် တစုံတရာသော မကောင်းမှုသို့ ရောက်ရာသလောဟု(မေးတော်မူ၏)။အသျှင်ဘုရား မရောက်ရာပါဟု(လျှောက်၏)။မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် တသောင်းသော လောကဓာတ်၌ နတ်လူတို့အား မသေစေတတ်သော အမြိုက်တရား ဓမ္မဒါနကို ပေးလှူတော်မူ၏၊ အကြင်သတ္တဝါတို့သည် ကျွတ်ထိုက်ကုန်၏၊ ထိုသတ္တဝါတို့သည် တရားအမြိုက်ဖြင့် သစ္စာလေးပါးကို သိကုန်၏၊ အကြင်သတ္တဝါတို့သည်ကား မကျွတ်ထိုက်ကုန်၊ ထိုသတ္တဝါတို့သည် တရားအမြိုက်ကြောင့် သေကုန်၏၊ လျော့ကျကုန်၏ဟု (မိန့်တော်မူ၏)။အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ထိုတရားတော်ကို ထိုသို့ ဟောတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

နှစ်ခုမြောက် သဗ္ဗသတ္တဟိတဖရဏပဉှာ ပြီး၏။

http://www.dhammadownload.com



## ၃-ဝစ္ဆဂုဃ္ဃနိဒ္ဒေသနပဥှာ

**(လျှို့ဝှက်သော အင်္ဂါကို ပြခြင်းဆိုင်ရာ ပြဿနာ)**

၃။ အသျှင်ဘုရားနာဂသေန—

"ကိုယ်ဖြင့် စောင့်စည်း ခြင်းသည် ကောင်း၏၊ နှုတ်ဖြင့် စောင့်စည်း ခြင်းသည် ကောင်း၏၊ စိတ်ဖြင့် စောင့်စည်း ခြင်းသည် ကောင်း၏၊ ကိုယ် နှုတ် စိတ် အလုံးစုံတို့၌ စောင့်စည်းခြင်းသည် ကောင်း၏"ဟု မြတ်စွာဘုရားသည် ဤစကားကိုလည်း ဟောတော်မူအပ်၏။

တဖန်လည်း မြတ်စွာဘုရားသည် ပရိသတ်လေးပါးတို့၏ အလယ်၌ နေထိုင်တော်မူ၍ နတ်လူတို့၏ မျက်မှောက်၌ သေလပုဏ္ဏားအား အအိမ်ဖြင့် ဖုံးလွှမ်းသော အင်္ဂါဇာတ်ကို ပြတော်မူ၏၊ အသျှင်ဘုရားနာဂသေန "ကိုယ်ဖြင့် စောင့်စည်းခြင်းသည် ကောင်း၏"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူအပ်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ သေလပုဏ္ဏားအား အအိမ်ဖြင့် ဖုံးလွှမ်းသော အင်္ဂါဇာတ်ကို ပြတော်မူ၏ဟူသော စကားသည် မှားရာ၏၊ သေလပုဏ္ဏားအား အအိမ်ဖြင့် ဖုံးလွှမ်းသော အင်္ဂါဇာတ်ကို အကယ်၍ ပြတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "ကိုယ်ဖြင့် စောင့်စည်းခြင်းသည် ကောင်း၏"ဟူသော ထိုစကားသည် မှားရာ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "ကိုယ်ဖြင့် စောင့်စည်းခြင်းသည် ကောင်း၏"ဟု မြတ်စွာဘုရားသည် ဤစကားကိုလည်း ဟောတော်မူအပ်၏၊ သေလပုဏ္ဏားအားလည်း အအိမ်ဖြင့် ဖုံးလွှမ်းသော အင်္ဂါဇာတ်ကို ပြတော်မူ၏၊ မင်းမြတ် အကြင်သေလပုဏ္ဏားအား မြတ်စွာဘုရား၌ ဘုရား ဟုတ်မဟုတ် ယုံမှားခြင်းသည် ဖြစ်လေ၏၊ ထိုသေလပုဏ္ဏားအား သိမြင်စေခြင်းငှါ မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ထိုအင်္ဂါဇာတ် အတုဖြစ်သော ယောကျ်ားကိုယ်ကို ပြတော်မူ၏၊ ထိုယုံမှား၍ ပြခံရသူ တဦးသည်သာ ထိုတန်ခိုး ပြာဋိဟာကို မြင်ရလေ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ပရိသတ် အများအတွင်း၌ ကပ်ရောက်သော တယောက်တည်းသော သူသည် ထိုလျှို့ဝှက်အပ်သော အင်္ဂါဇာတ်ကို မြင်ရ၍ ကြွင်းသော ပရိသတ်တို့သည် ထိုပရိသတ်အတွင်း၌ပင် နေပါကုန်လျက် မမြင်ရကုန်ဟူသော ဤစကားကို အဘယ်သူ ယုံနိုင်လိမ့်မည်နည်း၊ တောင်းပန်ပါ၏၊ အသျှင်ဘုရားသည် အကျွန်ုပ်အား ထိုပြဿနာ၌ အကြောင်းကို ညွှန်ကြားတော်မူပါလော့၊ အကျွန်ုပ်ကို အကြောင်းဖြင့် သိစေတော်မူပါလော့ဟု (လျှောက်၏)။ မင်းမြတ် ရောဂါနှိပ်စက်ခံနေရ၍ ဆွေမျိုး မိတ်သင်္ဂဟတို့ ဝိုင်းဝန်းစောင့်မအပ်သော တစုံတယောက်သော ယောကျ်ားကို သင်မင်းမြတ် မြင်ဘူး ပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မြင်ဘူးပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုယောကျ်ား ခံစားနေရသော ရောဂါဝေဒနာကို ထိုခြံရံနေသောဆွေမျိုးပရိသတ်တို့ မြင်ရပါ၏လောဟု(မေးတော်မူ၏)။ အသျှင်ဘုရား မမြင်ရပါ၊ အသျှင်ဘုရား ထိုယောကျ်ားသည် မိမိချည်းသာလျှင် ခံစားရပါ၏ဟု (လျှောက်၏)။မင်းမြတ် ဤအတူသာလျှင် အကြင်သူအားသာလျှင် မြတ်စွာဘုရား၌ ဘုရားဟုတ် မဟုတ် ယုံမှားဖြစ်၏၊ ထိုသူအား

http://www.dhammadownload.com



သာလျှင် သိစေခြင်းငှါ မြတ်စွာဘုရားသည် တန်ခိုးဖြင့် ထိုအင်္ဂါဇာတ်အတု ဖြစ်သော ယောကျ်ား ကိုယ်ကို ပြတော်မူ၏၊ ထိုယုံမှားဖြစ်သူ တဦးသည်သာ ထိုတန်ခိုးပြာဋိဟာကို မြင်ရလေ၏။

မင်းမြတ် ဥပမာတနည်းသော်ကား တစုံတယောက်သော ယောကျ်ားကို ဘုတ်တစ္ဆေ ပူးကပ် ငြားအံ့၊ မင်းမြတ် ထိုဘုတ်တစ္ဆေပူးကပ်သူ၏ ထက်ဝန်းကျင်ရှိ ပရိသတ်သည် ထိုဘုတ်တစ္ဆေ၏ လာခြင်းကို မြင်ရ၏လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မမြင်ရပါ၊ ထိုဘုတ်တစ္ဆေ ပူးကပ် နှိပ်စက်ခံနေရသောသူသာ ထိုဘုတ်တစ္ဆေ၏လာခြင်းကို မြင်ရပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အကြင်သူအားသာလျှင် မြတ်စွာဘုရား၌ ဘုရား ဟုတ်မဟုတ် ယုံမှားခြင်းဖြစ်၏၊ ထိုသူအားသာလျှင် သိစေခြင်းငှါ မြတ်စွာဘုရားသည် ထိုအင်္ဂါဇာတ် အတု ဖြစ်သော ယောကျ်ားကိုယ်ကို တန်ခိုးဖြင့် ပြတော်မူ၏၊ ထိုယုံမှားဖြစ်သူ တဦးသည်သာ ထိုတန်ခိုးပြာဋိဟာကို မြင်ရ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် မည်သူ့အားမျှ မပြသင့် မပြထိုက်သော အင်္ဂါဇာတ်ကို ပြတော်မူသဖြင့် ပြုနိုင်ခဲသည်ကို ပြုတော်မူအပ်ပါပေ၏ဟု (လျှောက်၏)။ မင်းမြတ် မြတ်စွာဘုရားသည် အင်္ဂါဇာတ်ကို ပြတော်မမူချေ၊ စင်စစ်သော်ကား တန်ခိုးတော် ဖြင့် အရိပ်အယောင်မျှကို ပြတော်မူ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အရိပ်အယောင်ကို မြင်ရသော်လည်း ယင်းအရိပ်အယောင်ကို မြင်၍ ဆုံးဖြတ်နိုင်ခြင်းသို့ ရောက်ရကား အင်္ဂါဇာတ် ကို မြင်ပြီးပင်ဖြစ်၏ဟု (လျှောက်၏)။ မင်းမြတ် မြတ်စွာဘုရားသည် သစ္စာလေးပါးကို သိသင့် သိထိုက်သောသတ္တဝါတို့ကို သိစေခြင်းငှါ ပြုနိုင်ခဲသည်ကိုလည်း ပြုတော်မူ၏၊ မင်းမြတ် မြတ်စွာ ဘုရားသည် ပြုသင့်သော အမူအရာကို အကယ်၍ ဆုတ်ယုတ်စေသည်ဖြစ်အံ့၊ သစ္စာလေးပါးကို သိထိုက်သောသတ္တဝါတို့သည် မသိကုန်ရာ၊ မင်းမြတ် မြတ်စွာဘုရားသည် သစ္စာလေးပါးကို သိထိုက် သော သတ္တဝါတို့ကို သိစေခြင်းငှါ အကြောင်းလုံ့လကို သိတော်မူသောကြောင့် အကြင် အကြင်သို့ သော လုံ့လဖြင့် သစ္စာလေးပါးကို သိထိုက်သော သတ္တဝါတို့သည် သိကုန်၏၊ မြတ်စွာဘုရားသည် ထိုထိုသို့သောလုံ့လဖြင့် သစ္စာလေးပါးကို သိထိုက်သော သတ္တဝါတို့ကို သိစေ၏။

မင်းမြတ် ဥပမာအားဖြင့် အနာကို ထုတ်ပယ်တတ်သော ဆေးသမားသည် အကြင်အကြင် ဆေးဖြင့် အနာရောဂါ နှိပ်စက်ခံနေရသောသူသည် ရောဂါပျောက်ကင်း၏၊ ထိုထိုဆေးဖြင့် အနာနှိပ်စက် ခံနေရသော သူသို့ ကပ်၏၊ ပျို့အန်ထိုက်သူကို ပျို့အန်စေ၏၊ ဝမ်းလျှောထိုက်သူကို ဝမ်းလျှောစေ၏၊ လိမ်းဆေးတင်ထိုက်သူကို လိမ်းဆေးတင်၏၊ ချေးထုတ်သင့်သူကို ချေးထုတ်၏၊ မင်းမြတ် ဤအတူသာလျှင် အကြင်အကြင်လုံ့လဖြင့် သစ္စာလေးပါးကို သိထိုက်သောသတ္တဝါတို့ သည် သိကုန်၏၊ မြတ်စွာဘုရားသည် ထိုထိုသို့သောလုံ့လဖြင့် သိစေ၏။

မင်းမြတ် ဥပမာတနည်း သော်ကား ကိုယ်ဝန်လမ်းမှား သားမဖွားနိုင်သော မိန်းမသည် ဆေးသမားအား မပြသင့်သော အင်္ဂါဇာတ်ကို ပြရသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် သစ္စာလေးပါးကို သိထိုက်သော သတ္တဝါတို့ကို သိစေခြင်းငှါ မပြသင့်သော အင်္ဂါဇာတ်ကို တန်ခိုးတော်ဖြင့် အရိပ်အယောင်ပြတော်မူ၏၊ မင်းမြတ် ပုဂ္ဂိုလ်ကို ထောက်ဆ၍ မပြသင့်သော အရပ်မည်သည် မရှိပေ၊ မင်းမြတ် တစုံတယောက်သောသူသည် မြတ်စွာဘုရား၏ နှလုံးသားတော်ကို မြင်ရသောကြောင့် သစ္စာလေးပါးကို သိမြင်နိုင်မူ ထိုသူ့အားလည်း မြတ်စွာ ဘုရားသည် လုံ့လဖြင့် နှလုံးသားတော်ကို ပြတော်မူရာ၏။ မင်းမြတ် မြတ်စွာဘုရားသည် သစ္စာ လေးပါး သိကြောင်းလုံ့လ၌ သိမြင်တော်မူ၏၊ ဒေသနာတော်၌ လိမ္မာတော်မူ၏။

http://www.dhammadownload.com



မင်းမြတ် "ဤအမျိုးကောင်းသားသည် ဤအကြောင်းလှုံလဖြင့် သစ္စာလေးပါးကို သိလတ္တံ့"ဟု မြတ်စွာဘုရားသည် နန္ဒမထေရ်၏ အလိုအဇ္ဈာသယကို သိတော်မူ၍ ထိုနန္ဒမထေရ်ကို နတ်ဘုံသို့ ဆောင်လျက် နတ်သမီးကညာတို့ကို ပြတော်မူသည် မဟုတ်လော၊ ထိုအကြောင်းလှုံလဖြင့်လည်း ထိုအမျိုးကောင်းသားသည် သစ္စာလေးပါးကို သိလေပြီ။ မင်းမြတ် ဤသို့လျှင် မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် (နှစ်သက်စရာ သာယာဖွယ်ဟု မှတ်အပ်သော)သုဘအာရုံကို ရှုတ်ချ ကဲ့ရဲ့စက်ဆုပ်တော်မူပါလျက် ထိုနန္ဒမထေရ် သစ္စာလေးပါး သိနိုင်ရန် အကြောင်းကြောင့် ခိုခြေ သဏ္ဍာန် ကြွန်အင်ရှိကုန်သော နတ်သမီးတို့ကို ပြတော်မူဘိသေး၏၊ ဤသို့လည်း မြတ်စွာဘုရား သည် သိကြောင်း လှုံလ၌ သိမြင်တော်မူ၏၊ ဒေသနာ၌ လိမ္မာတော်မူ၏။

မင်းမြတ် ထို့ပြင်လည်း မြတ်စွာဘုရားသည် အစ်ကို နှင်ထုတ်ထားသည်ဖြစ်၍ ဆင်းရဲခြင်းရှိ လျက် စိတ်နှလုံးမသာယာသော စူဠပန္ထကမထေရ်သို့ ကပ်ရောက်၍ "ဤအမျိုးကောင်းသားသည် ဤအကြောင်းဖြင့် သစ္စာလေးပါးကို သိလတ္တံ့"ဟု နှလုံးပြု၍ သိမ်မွေ့သော ပုဆိုးပိုင်းကို ပေးတော် မူ၏၊ ထိုအမျိုးကောင်းသားသည်လည်း ထိုအကြောင်းကြောင့် မြတ်စွာဘုရား သာသနာတော်၌ လေ့လာ ပွါးထုံသည့်အဖြစ်သို့ ရောက်၏၊ မင်းမြတ် ဤသို့လည်း မြတ်စွာဘုရားသည် သိကြောင်း လှုံလ၌ သိမြင်တော်မူ၏၊ ဒေသနာတော်၌ လိမ္မာတော်မူ၏။

မင်းမြတ် ထို့ပြင်လည်း မြတ်စွာဘုရားသည် မောဃရာဇပုဏ္ဏားက သုံးကြိမ်တိုင်တိုင် ပြဿနာ မေးအပ်ပါလျက် ဤသို့ ပုစ္ဆာ မဖြေသဖြင့် "ဤအမျိုးကောင်းသား၏ တက်ကြွမှု မာန်သည် အေးငြိမ်း ကွယ်ပျောက်လတ္တံ့၊ မာန်ငြိမ်းအေးခြင်းကြောင့် သစ္စာလေးပါးကို သိခြင်းဖြစ်လတ္တံ့"ဟု နှလုံးသွင်း၍ ဖြေဆိုတော်မမူချေ၊ ထို့ကြောင့်လည်း ထိုအမျိုးကောင်းသား၏ တက်ကြွမှု မာန်သည် ငြိမ်းအေး၏၊ မာန်ငြိမ်းအေးခြင်းကြောင့် ထိုပုဏ္ဏားသည် အဘိညာဏ်ခြောက်ပါးတို့၌ လေ့လာ ပွါးထုံသည့်အဖြစ်သို့ ရောက်၏၊ မင်းမြတ် ဤသို့လည်း မြတ်စွာဘုရားသည် သိကြောင်း လှုံလ၌ သိမြင်တော်မူ၏၊ ဒေသနာ၌ လိမ္မာတော်မူ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ များစွာသောအကြောင်းတို့ဖြင့် ပြဿနာကို ကောင်းစွာ ဖြေရှင်းနိုင်ပါပေ၏၊ ရှုပ်ထွေးသည်ကို မရှုပ်ထွေးအောင် ပြုနိုင်ပါပေ၏၊ အမိုက်တိုက် ကို လင်းအောင် ပြုနိုင်ပါပေ၏၊ အထုံးအဖွဲ့ကို ဖျက်ဆီးတော်မူနိုင်ပါပေ၏၊ သူတပါး အယူဝါဒတို့ ကို ချိုးဖျက်နိုင်ပါပေ၏၊ အသျှင်ဘုရားသည် မြတ်စွာဘုရား သားတော်တို့အား ပညာမျက်စိ ဖြစ်စေအပ်ပါပေ၏၊ ဂိုဏ်းဆရာမြတ်တို့ထက် မြတ်သော အသျှင်ဘုရားသို့ ကပ်ရောက်ရပါသော ကြောင့် တိတ္ထိတို့သည် စကားဆိုရာ မရနိုင်ကြပါကုန်ဟု (လျှောက်၏)။

သုံးခုမြောက် ဝဏ္ဏဂုယှနိဒဿနပဥှာ ပြီး၏။

---

## ၄-ဖရုသဝါစာဘာဝပဥ္စာ

### (မြတ်စွာဘုရားစကားကြမ်းသည်၏ အဖြစ်ကိုပြသော ပြဿနာ)

၄။ အသျှင်ဘုရားနာဂသေန တရားစစ်သူကြီးဖြစ်သော သာရိပုတြာမထေရ်သည် "ငါ့သျှင်တို့ မြတ်စွာဘုရားသည် သန့်စင် ကောင်းမြတ်သော နှုတ်အလေ့အကျင့် ရှိတော်မူ၏၊ မြတ်စွာ ဘုရားသည် 'ငါ၏ ဤမကောင်းသော နှုတ်အကျင့်ကို တပါးသောသူသည် မသိစေလင့်'ဟုအကြင်

http://www.dhammadownload.com



မကောင်းသော နှုတ်အကျင့်ကို စောင့်ရှောက်ရာ၏၊ ထိုမကောင်းသော နှုတ်အကျင့်သည် မြတ်စွာဘုရားအား မရှိ''ဟု ဤစကားကိုလည်း ဆိုတော်မူ၏၊ တဖန်လည်း မြတ်စွာဘုရားသည် ကလန္ဒသူဌေးသား သုဒိန်မထေရ်၏ ပဌမမှုပြစ်၌ သာသနာတော်မှ ဆုံးရှုံးစေဟူသော ပါရာဇိက အာပတ်ကို ပညတ်တော်မူသည်ရှိသော် ရှုန့်ရင်းကြမ်းထမ်းသော စကားတို့ဖြင့် မဂ်ဖိုလ်မှ အချည်းနှီး ယောကျ်ားဟူသောစကားဖြင့် ပြောဆိုလတ်ပြီ၊ ထိုသုဒိန်မထေရ်သည် ထိုအချည်းနှီးယောကျ်ား ဟူသော စကားဖြင့် မျက်နှာမလှ မကြည်မြသော စိတ်၏အစွမ်းဖြင့် ပိတ်ပင်အပ်သည်၏အဖြစ် ကြောင့် နှလုံးမသာယာသည်ဖြစ်၍ အရိယမဂ်ကို ထိုးထွင်း၍ သိခြင်းငှါ မစွမ်းနိုင်တော့ပေ၊ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် အကယ်၍ သန့်စင်ကောင်းမြတ်သော စင်ကြယ် သော နှုတ်အလေ့အကျင့်ရှိတော်မူ၍ မကောင်းသော နှုတ်အလေ့အကျင့် မရှိသည်ဖြစ်အံ့၊ ထိုသို့ ဖြစ်ပါမူ မြတ်စွာဘုရားသည် ကလန္ဒသူဌေးသားဖြစ်သော သုဒိန်မထေရ်၏ ပဌမမှုပြစ်၌ အချည်း နှီးယောကျ်ားဟူသော စကားဖြင့် ပြောဆိုတော်မူ၏ဟူသောစကားသည် မှားရာ၏၊ မြတ်စွာဘုရား သည် ကလန္ဒသူဌေးသား သုဒိန်မထေရ်၏ ပဌမမှုပြစ်၌ အချည်းနှီးယောကျ်ားဟူသော စကားဖြင့် အကယ်၍ ပြောဆိုသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ မြတ်စွာဘုရားသည် သန့်စင်ကောင်းမြတ်သော နှုတ် အလေ့အကျင့်ရှိတော်မူ၏၊ မြတ်စွာဘုရားအား မကောင်းသော နှုတ်အလေ့အကျင့်သည် မရှိဟူ သော ထိုစကားသည် မှားရာ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင် ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် တရားစစ်သူကြီးဖြစ်သော သာရိပုတြာမထေရ်သည် ''ငါ့သျှင်တို့ မြတ်စွာဘုရားသည် သန့်စင်ကောင်းမြတ်သော နှုတ်အလေ့အကျင့်ရှိတော်မူ၏၊မြတ်စွာဘုရားသည် 'ငါ၏ ဤမကောင်း သော နှုတ်အကျင့်ကို တပါးသောသူသည် မသိပါစေလင့်'ဟု အကြင်မကောင်းသော နှုတ်အကျင့် ကို စောင့်ရှောက်ရာ၏၊ ထိုမကောင်းသော နှုတ်အကျင့်သည် မြတ်စွာဘုရားအား မရှိ''ဟု ဤ စကားကိုလည်း ဆိုတော်မူ၏၊ ကလန္ဒသူဌေးသား အသျှင်သုဒိန်၏လည်း ပဌမမှုပြစ်၌ ပါရာဇိက အာပတ်ကို ပညတ်တော်မူသော မြတ်စွာဘုရားသည် အချည်းနှီးယောကျ်ားဟူသော စကားဖြင့် ပြောဆိုတော်မူ၏၊ ထိုသို့ ပြောဆိုလင့်ကစား ထိုပြောဆိုခြင်းသည်လည်း မချွတ်ချယ်သော ဟုတ် မှန်တိုင်းသော သဘောလက္ခဏာရှိသော မပြစ်မှားသောစိတ်ဖြင့် ဆိုတော်မူ၏၊ထိုစကား၌ဟုတ်မှန် တိုင်းသော သဘောလက္ခဏာဟူသည် အဘယ်နည်းဟူမူ—မင်းမြတ် အကြင်ပုဂ္ဂိုလ်အား ဤကိုယ် ၏အဖြစ်၌ သစ္စာလေးပါးကို သိခြင်းမဖြစ်၊ ထိုပုဂ္ဂိုလ်၏ ယောကျ်ားအဖြစ်သည် အကျိုးမပြီး အချည်းနှီးပင်တည်း၊ ကောင်းသည်ကို ပြုလိုလျက် (ကောင်းသည်မှ) အခြားတပါး မကောင်း သောအားဖြင့် ဖြစ်ကတတ်လေ၏၊ ထို့ကြောင့် ''(မဂ်ဖိုလ်)မှ အချည်းနှီးယောကျ်ား''ဟု ဆိုအပ်၏၊ မင်းမြတ် ဤသို့လျှင် မြတ်စွာဘုရားသည် ကလန္ဒသူဌေးသား အသျှင်သုဒိန်အား သဘာဝကျကျ မှန်သောစကားဖြင့် ပြောဆိုတော်မူ၏၊ မဟုတ်မမှန်သော စကားဖြင့် ဆိုတော်မမူဟု (မိန့်တော် မူ၏)။

အသျှင်ဘုရားနာဂသေန အကြင်သူသည် သဘာဝကျကျ မှန်တိုင်းကိုလည်း ဆဲရေးလိုသည် ဖြစ်၍ ပြောဆို၏၊ ထိုသူ့အား အကျွန်ုပ်တို့သည် တကျပ် ဒဏ်တပ်ပါကုန်၏၊ ထိုသူသည် အပြစ်ရှိ သည်ဖြစ်၍သာလျှင် သဘောမှန်တွေကို မှီ၍ အလီးအခြား ခေါ်ဝေါ်ပြောဆိုခြင်းကို ပြောဆို လျက် ဆဲရေး၏ဟု (လျှောက်၏)။ မင်းမြတ် သင်မင်းမြတ်[illegible] ချွတ်ချော် မှားယွင်းသောသူ

http://www.dhammadownload.com



အား ရှိခိုးခြင်းကိုငှင်း ခရီးဦးကြိုဆိုခြင်းကိုငှင်း အရိုအသေပြုခြင်းကိုငှင်း လက်ဆောင်ပေးခြင်းကိုငှင်း ကြားဘူးပါ၏လောဟု(မိန့်တော်မူ၏)။အသျှင်ဘုရား မကြားဘူးပါ၊အကြင်သူသည် တစုံတခုသော အကြောင်းကြောင့် တစုံတခုသောအရာ၌ ချွတ်ချော်မှားယွင်းမိ၏၊ထိုသူသည် ခြိမ်းချောက်ငေါက်ငမ်းခံထိုက်သူဖြစ်ပါ၏၊ ထိုသူ၏ ဦးခေါင်းကိုမူလည်း ဖြတ်ကြပါကုန်၏၊ ရိုက်မူလည်း ရိုက်ကြပါကုန်၏၊ နှောင်ဖွဲ့မူလည်း နှောင်ဖွဲ့ကြပါကုန်၏၊ သတ်မူလည်း သတ်ကြပါကုန်၏၊ မီးတိုက်မူလည်း မီးတိုက်ကြပါကုန်၏ဟု (လျှောက်၏)။ မင်းမြတ် သို့ဖြစ်လျှင် မြတ်စွာဘုရားသည် ပြုသင့်သည်ကိုသာ ပြုတော်မူ၏၊ မပြုသင့်သည်ကို မပြုပေဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ပြုသင့်သည်ကို ပြုလုပ်သူသည် ပြုရန် အခွင့် သင့်လျော်သဖြင့်သာ ပြုရန် အခွင့်လျောက်ပတ်သဖြင့်သာ ပြုသင့်ပေ၏၊ အသျှင်ဘုရားနာဂသေန ကြားရကာမျှဖြင့်လည်း မြတ်စွာဘုရားအား နတ်နှင့်တကွသော လူသည် ထိတ်လန့်တုံဘိသေး၏၊ ရှက်ကြောက်တုံဘိသေး၏၊ မြင်ပြန်ရသဖြင့်ကား လွန်မင်းစွာ ထိတ်လန့်ပေ၏၊ ရှက်ကြောက်ပေ၏၊ အနီးသို့ချဉ်းကပ်၍ ဆည်းကပ်ခစားမိသဖြင့် ထို့ထက်လွန်မင်းစွာ ထိတ်လန့်ပေ၏၊ ရှက်ကြောက်ပေ၏ဟု (လျှောက်၏)။ မင်းမြတ် ဆေးသမားသည် ကိုယ်၌ စမြင်းဒေါသ အလွန်များ၍ စွတ်စိုခဲ့သော် သွေး သည်းခြေ သလိပ်ဟူသော တြိဒေါသ ဖောက်ပြန်ပျက်စီးခဲ့သော် သိမ်မွေ့ကုန်သော ဆေးတို့ကို ပေးရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မပေးပါ၊ ထက်မြက်၍ ရောဂါကို လျော့ပါးလွင့်စဉ်စေတတ်ကုန်သော ဆေးတို့ကိုသာ ပေးပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် အလုံးစုံသော ကိလေသာအနာကို ငြိမ်းစေခြင်းငှါ အဆုံးအမကို ပေးတော်မူ၏၊ မင်းမြတ် မြတ်စွာဘုရား၏ စကားတော်သည် ကြမ်းသော်လည်း သတ္တဝါတို့ကို နူးညံ့ပျောင်းပျော့စေ၏၊ နူးညံ့သည်တို့ကို ပြု၏၊ မင်းမြတ် ဥပမာအားဖြင့် ပူသော ရေသည်လည်း အလုံးစုံပျောင်းပျော့ဖွယ်ကို ပျောင်းပျော့စေ၏၊ နူးညံ့အောင် ပြု၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရား၏ စကားတော်သည် ကြမ်းသော်လည်း အကျိုးစီးပွါးရှိ၏၊ သနားခြင်း'ကရုဏာ'နှင့် တကွဖြစ်၏။

မင်းမြတ် ဥပမာအားဖြင့် အဖ၏စကားသည် သားသမီးတို့အား အကျိုးစီးပွါးရှိ၏၊သနားခြင်း 'ကရုဏာ'နှင့် တကွဖြစ်၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရား၏ စကားတော်သည် ကြမ်းသော်လည်း အကျိုးစီးပွါးရှိ၏၊သနားခြင်း'ကရုဏာ'နှင့် တကွဖြစ်၏၊ မင်းမြဘ် မြတ်စွာဘုရား၏စကားတော်သည် ကြမ်းသော်လည်း သတ္တဝါတို့၏ ကိလေသာတို့ကို ပယ်နိုင်၏၊ မင်းမြတ် ဥပမာအားဖြင့် သောက်အပ်သော နွားကျင်ငယ်သည် အနံ့မကောင်းသော်လည်း သတ္တဝါတို့၏ အနာရောဂါကို ပယ်ဖျောက်နိုင်၏၊ ခံစားအပ်သော ဆေးသည် အရသာမကောင်းသော်လည်း သတ္တဝါတို့၏ အနာရောဂါကို ပယ်ဖျောက်နိုင်၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရား၏ စကားတော်သည် ကြမ်းသော်လည်း အကျိုးစီးပွါးရှိ၏၊ သနားခြင်း'ကရုဏာ'နှင့်တကွ ဖြစ်၏၊ မင်းမြတ် ဥပမာအားဖြင့် လဲဝါဂွမ်းစိုင်သည် ကြီးမားသော်လည်း သူတပါး၏ ကိုယ်၌ ကျသောကြောင့် နာကျင်ခြင်းကိုမပြု၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရား၏စကားတော်သည် ကြမ်းသော်လည်း တဦးတယောက်သော သူအား ဆင်းရဲကို မဖြစ်စေတတ်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ပြဿနာကို အကြောင်းများစွာတို့ဖြင့် ကောင်းစွာ ဆုံးဖြတ်တော် မူအပ်ပါပေ၏၊ အသျှင်

http://www.dhammadownload.com



ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ထိုစကားတော်ကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

လေးခုမြောက် ဖရုသဝါစာဘာဝပဉှာ ပြီး၏။

---

## ၅-ရုက္ခအစေတနာဘာဝပဉှာ

(သစ်ပင်တို့ စိတ်စေတနာ မရှိသည့် အဖြစ်ပြဿနာ)

၅။ အသျှင်ဘုရားနာဂသေန—

"ပုဏ္ဏားသင်သည် သိသောသူဖြစ်ပါလျက် စိတ်စေတနာမရှိသော ကြားလည်း မကြားတတ်သော သိလည်း မသိတတ်သော ဤပေါက်ပင်ကို ဝီရိယစိုက်ထုတ်၍ အမြဲ မမေ့မလျော့ ချမ်းသာစွာ အိပ်ရပါသလောဟု အဘယ့်ကြောင့် မေးရပါသနည်း"ဟု ဤစကားတော်ကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏။

တဖန်လည်း—

"ကြို့ပင်သည်လည်း ထိုခဏ၌ပင် ဘာရဒွါဇပုဏ္ဏား ငါ့အားလည်း စကားပြောရန်ရှိပါသေး၏၊ ငါ၏စကားကို နားထောင်ပါလော့ဟု ပြောဆို၏"ဟု ဟောတော်မူခဲ့ပြန်၏။

အသျှင်ဘုရားနာဂသေန သစ်ပင်သည် အကယ်၍ စိတ်စေတနာမရှိအံ့၊ ထိုသို့ဖြစ်ပါမူ ကြို့ပင်သည် ဘာရဒွါဇပုဏ္ဏားနှင့် အတူစကားပြော၏ဟူသော စကားသည် မှားရာ၏၊ ကြို့ပင်သည် ဘာရဒွါဇပုဏ္ဏားနှင့် အတူ အကယ်၍ စကားပြောသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ သစ်ပင်သည် စိတ်စေတနာမရှိဟူသော ထိုစကားသည် မှားရာ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "သစ်ပင်သည် စိတ်စေတနာမရှိ"ဟု မြတ်စွာဘုရားသည် ဤစကားကိုလည်း ဟောတော်မူအပ်၏၊ ကြို့ပင်သည်လည်း ဘာရဒွါဇပုဏ္ဏားနှင့်အတူ စကားပြော၏၊ ထိုကြို့ပင်ကပြော၏ဟူသော စကားကိုလည်း လောကပညတ်အားဖြင့်သာ ဆိုအပ်၏၊ မင်းမြတ် စိတ်စေတနာ မရှိသော သစ်ပင်အား စကားပြောခြင်းမည်သည် မရှိ၊ မင်းမြတ် စင်စစ်သော်ကား သစ်ပင်ဟူသော ဤအမည်သည် ထိုသစ်ပင်၌ စောင့်သောနတ်၏အမည်တည်း၊ သစ်ပင်သည် စကားပြော၏ဟူသော ဤစကားကား လောကပညတ်တည်း၊ မင်းမြတ် ဥပမာအားဖြင့် စပါးဖြင့်ပြည့်သော လှည်းကို စပါးလှည်းဟူ၍ လူအပေါင်းသည် ခေါ်ဝေါ်၏၊ စင်စစ်သော်ကား ထိုလှည်းသည် စပါးဖြင့် ပြုလုပ်ထားသော လှည်းမဟုတ်၊ သစ်သားဖြင့် ပြုလုပ်ထားသော လှည်းတည်း၊ ထို(သစ်သားဖြင့်ပြီးသော)လှည်း၌ စပါးကို လောင်းသည့်အဖြစ်ကြောင့် စပါးလှည်းဟူ၍ လူအပေါင်းက ခေါ်ဝေါ်၏၊ မင်းမြတ် ဤအတူသာလျှင် သစ်ပင်သည် စကားမပြော သစ်ပင်သည် စိတ်စေတနာ မရှိ၊ ထိုသစ်ပင်၌ စောင့်သော အကြင်နတ်သည် ရှိ၏၊ သစ်ပင်ဟူသော အမည်သည် ထိုနတ်၏ အမည်သာတည်း၊ ထို့ပြင် သစ်ပင် စကားပြော၏ဟူသော စကားသည် လောကပညတ်တည်း။

မင်းမြတ် ဥပမာတနည်းသော်ကား နို့ဓမ်းကို မွှေနှောက်သော် ရက်တက်ကို မွှေနှောက်၏ဟု ခေါ်ဝေါ်၏၊ ထိုသူသည် အကြင်နို့ဓမ်းကို မွှေနှောက်၏၊ထိုမွှေနှောက်သော နို့ဓမ်းသည် ရက်တက်

http://www.dhammadownload.com



မဟုတ်၊ ထိုသူသည် နို့ဓမ်းကိုသာလျှင် မွေနှောက်သော် ရက်တက်ကို မွေနှောက်၏ဟု ခေါ်ဝေါ်၏၊ မင်းမြတ် ဤအတူသာလျှင် သစ်ပင်သည် စကားမပြော သစ်ပင်သည် စိတ်စေတနာ မရှိ၊ ထိုသစ်ပင်၌ စောင့်သော အကြင်နတ်သည် ရှိ၏၊ သစ်ပင်ဟူသော အမည်သည် ထိုသစ်ပင်စောင့်နတ်၏ အမည်သာတည်း၊ သစ်ပင် စကားပြော၏ဟူသော ဤစကားသည် လောကပညတ်တည်း။

မင်းမြတ် ဥပမာတနည်းသော်ကား ထင်ရှားမရှိသော ယုန်ချိစသည်ကို ပြီးစေလိုသော သူသည် ထင်ရှားရှိသည်ကို ငါပြီးစေ၏ဟု ခေါ်ဝေါ်၏၊ မပြီးသည်ကို ပြီး၏ဟု ခေါ်ဝေါ်၏၊ ဤသို့လျှင် ဤစကားကို လူတို့သည် သမုတ်အပ်၏၊ မင်းမြတ် ဤအတူသာလျှင် သစ်ပင်သည် စကားမပြော သစ်ပင်သည် စိတ်စေတနာမရှိ၊ ထိုသစ်ပင်၌ စောင့်သော အကြင်နတ်သည် ရှိ၏၊ ထိုသစ်ပင်ဟူသော အမည်သည် နတ်၏အမည်သာတည်း၊သစ်ပင်စကားပြော၏ဟူသော ဤစကားသည် လောကပညတ်တည်း၊ မင်းမြတ် လောကသည် သမုတ်အပ်သော အကြင်ပညတ်ဖြင့် လူအပေါင်းသည် ခေါ်ဝေါ်၏၊ မြတ်စွာဘုရားသည်လည်း ထိုလောက သမုတ်အပ်သော ပညတ်အားဖြင့်သာလျှင် သတ္တဝါတို့အား တရားဒေသနာကို ဟောတော်မူ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ငါးခုမြောက် ရုက္ခအစေတနာဘာဝပဥ္စ ပြီး၏။

---

## ၆-ပိဏ္ဍပါတမဟပ္ဖလပဥ္စ

### (ဆွမ်းနှစ်မျိုး၏ အကျိုးကြီးမှု တူပုံပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန—

> "မြတ်စွာဘုရားသည် စုန္ဒမည်သော ရွှေပန်းထိမ်သည်၏ ဆွမ်းကို ဘုဉ်းပေးတော်မူ၍ သေလောက်အောင် ပြင်းထန်သော အနာရောဂါကို ရတော်မူရပြီဟု အကျွန်ုပ်ကြားဘူး ပါ၏" ဟူသော ဤစကားကို ပါဠိတော်သင်္ဂါယနာတင်သော မထေရ်တို့ မိန့်ဆိုတော်မူအပ်၏။

တဖန်လည်း မြတ်စွာဘုရားသည် "အာနန္ဒာ ဤနှစ်ပါးသော ဆွမ်းတို့သည် အလုံးစုံသော အခြင်းအရာအားဖြင့် တူမျှသော အကျိုးဝိပါက်ရှိကုန်သည်ဖြစ်၍ တပါးသော ဆွမ်းတို့ထက် အလွန်အကဲလျှင် အကျိုးကြီးကုန်၏၊ အလွန်လည်း အာနိသင်ကြီးကုန်၏၊ အဘယ်နှစ်ပါးသောဆွမ်းတို့နည်းဟူမူ—အကြင် ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် အတုမရှိ လွန်မြတ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူ၏၊ (ထိုဆွမ်းငှင်း)၊ အကြင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ (ထိုဆွမ်းငှင်းတည်း)၊ ဤနှစ်ပါးသောဆွမ်းတို့သည် အလုံးစုံသော အခြင်းအရာအားဖြင့် တူမျှသော အကျိုးဝိပါက်ရှိကုန်သည်ဖြစ်၍ တပါးသော ဆွမ်းတို့ထက် အလွန်အကဲလျှင် အကျိုးကြီးကုန်၏၊ အလွန်လည်း အာနိသင်ကြီးကုန်၏"ဟု ဟောတော်မူခဲ့၏၊ အသျှင်ဘုရားနာဂသေန စုန္ဒ၏ ဆွမ်းကို ဘုဉ်းပေးသော မြတ်စွာဘုရားအား ကြမ်းထမ်းသော ဝမ်းတော်လားသော ရောဂါသည် အကယ်၍ဖြစ်ခဲ့အံ့၊ သေလောက်အောင် ပြင်းထန်သော

http://www.dhammadownload.com



ဝေဒနာသည်အကယ်၍ဖြစ်ခဲ့အံ့၊ထိုသို့ဖြစ်ပါမူ အာနန္ဒာ ဤနှစ်ပါးသော ဆွမ်းတို့သည် အလုံးစုံသော အခြင်းအရာအားဖြင့် တူမျှသော အကျိုးဝိပါက်ရှိကုန်သည်ဖြစ်၍ တပါးသော ဆွမ်းတို့ထက် အလွန်အကဲလျှင် အထူးသဖြင့် အကျိုးကြီးကုန် အလွန်လည်း အာနိသင်ကြီးကုန်၏ဟူသော စကားသည် မှားရာ၏၊ ဤနှစ်ပါးသော ဆွမ်းတို့သည် အလုံးစုံသော အခြင်းအရာအားဖြင့် တူမျှသော အကျိုးဝိပါက် ရှိကုန်သည်ဖြစ်၍ တပါးသော ဆွမ်းတို့ထက် အလွန်အကဲလျှင် အကယ်၍ အထူးသဖြင့် အကျိုးကြီးကုန်အံ့၊ အလွန်လည်း အာနိသင်ကြီးကုန်အံ့၊ ထိုသို့ဖြစ်ပါမူ စုန္ဒ၏ ဆွမ်းကို ဘုဉ်းပေးသော မြတ်စွာဘုရားအား ကြမ်းထမ်းသော ဝမ်းတော်လားသော ရောဂါသည် ဖြစ်၏၊ သေလောက်အောင် ပြင်းထန်သော ဝေဒနာသည် ဖြစ်၏ဟူသော ထို စကားသည် မှားရာ၏။ အသျှင်ဘုရားနာဂသေန အသို့နည်း ထိုဆွမ်းသည် အဆိပ်နှင့်တကွ ဖြစ်သောကြောင့် အကျိုးကြီးပါသလော၊ ရောဂါကို ဖြစ်စေတတ်သောကြောင့် အကျိုးကြီးပါသလော၊ အသက်ကို ဖျက်ဆီးတတ်သောကြောင့် အကျိုးကြီးပါသလော၊ မြတ်စွာဘုရား၏ အသက်ကို ဆောင်တတ်သောကြောင့် အကျိုးကြီးပါသလော၊ ထိုအရာ၌ သူတပါးအယူဝါဒတို့ကို နှိပ်စက်ခြင်းငှါ အကျုံးနိုပ်အား အကြောင်းကို မိန့်တော်မူပါလော့၊ ဤအရာ၌ ဤလူအပေါင်းသည် လောဘ၏အစွမ်းအားဖြင့် အလွန်အမင်း စားသုံးတော်မူသောကြောင့် ဝမ်းသွန်နာသည် ဖြစ်ရလေ၏ဟု အလွန်တွေဝေပါ၏၊အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ ထိုပြဿနာကို အသျှင်ဘုရားသည် ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ်—

> "မြတ်စွာဘုရားသည် စုန္ဒမည်သော ရွှေပန်းထိမ်သည်၏ဆွမ်းကို ဘုဉ်းပေးတော်မူ၍ သေလောက်အောင် ပြင်းထန်သော အနာရောဂါကို ရတော်မူရပြီဟူသော စကားကို အကျုံနိုပ်ကြားဘူးပါ၏" ဟူသော ဤစကားကို ပါဠိတော် သင်္ဂါယနာတင်သော မထေရ်တို့ မိန့်ဆိုတော်မူအပ်၏။

မြတ်စွာဘုရားသည်လည်း "အာနန္ဒာ ဤနှစ်ပါးသော ဆွမ်းတို့သည် အလုံးစုံသော အခြင်းအရာအားဖြင့် တူမျှသော အကျိုးဝိပါက် ရှိကုန်သည်ဖြစ်၍ တပါးသော ဆွမ်းတို့ထက် အလွန်အကဲလျှင် အထူးသဖြင့် အကျိုးကြီးကုန်၏၊ အလွန်လည်း အာနိသင် ကြီးကုန်၏၊ အဘယ် နှစ်ပါးတို့နည်းဟူမူ—အကြင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် အတုမရှိ လွန်မြတ်သော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိတော်မူ၏၊ (ထိုဆွမ်းငှင်း)၊ အကြင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ (ထိုဆွမ်းငှင်းတည်း)၊ ဤနှစ်ပါးသော ဆွမ်းတို့သည် အလုံးစုံသော အခြင်းအရာအားဖြင့် တူမျှသောအကျိုးဝိပါက် ရှိကုန်သည်ဖြစ်၍ တပါးသော ဆွမ်းတို့ထက် အလွန်အကဲလျှင် အထူးသဖြင့်လည်း အကျိုးကြီးကုန်၏၊ အလွန်လည်း အာနိသင်ကြီးကုန်၏"ဟု ဟောတော်မူအပ်၏။

စင်စစ်သော်ကား ထိုဆွမ်းသည် များစွာသော ဂုဏ်ကျေးဇူးရှိ၏၊ များစွာသော အာနိသင်ရှိ၏၊ မင်းမြတ် နတ်တို့သည် ရွှင်လမ်းကြကုန်သည် ကြည်လင်သော စိတ်ရှိကြကုန်သည် ဖြစ်၍ "ဤဆွမ်းသည်ကား မြတ်စွာဘုရား၏ နောက်ဆုံးဖြစ်သော ဆွမ်းပေတည်း"ဟု နှလုံးသွင်းလျက် နတ်ဩဇာကို ဝက်ပျိုသား၌ လောင်းထည့်ကုန်၏၊ ထိုဘောဇဉ်သည်ကား ကောင်းစွာ ကျက်၏၊ လျင်စွာကျက်၏၊ နှစ်သက်စဖွယ်ရှိ၏၊ အရသာ များစွာရှိ၏၊ ဝမ်းမီးတေဇောဓာတ်၏

http://www.dhammadownload.com



အစီးအပွါးဖြစ်၏၊ မင်းမြတ် ထိုဆွမ်းကို ဘုဥ်းပေးခြင်းကြောင့် မြတ်စွာဘုရားအား တစုံတရာ သော မဖြစ်သေးသော ရောဂါသည် မဖြစ်ပေါ်ပေ၊ မင်းမြတ် စင်စစ်သော်ကား မြတ်စွာဘုရား၏ ပကတိအားနည်းသော ကိုယ်တော်၌ ဖြစ်ပေါ်လာသော အနာရောဂါသည် အာယုသခ်ါရ ကုန်လတ်သော် လွန်စွာ တိုးပွါးလေ၏။

မင်းမြတ် ဥပမာသော်ကား ပကတိအားဖြင့် တောက်သော မီးသည် အခြားသော လောင်စာ ကို ထည့်ပေးသည်ရှိသော် လွန်စွာ တောက်ပလေ၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရား၏ ပကတိအားနည်းသော ကိုယ်တော်၌ ဖြစ်ပေါ်လာသော အနာရောဂါသည် အာယုသခ်ါရ ကုန်လတ်သော် လွန်စွာ တိုးပွါးလေ၏။

မင်းမြတ် ဥပမာတနည်းသော်ကား ပကတိအားဖြင့် ရေအယဉ်သည် စီးဆင်းနေစဉ် မိုးကြီး သည်းထန်စွာ ရွာသွန်းသည်ရှိသော် သည်းထန်စွာသော ဝဲဩဃသည် ရေအယဉ်ဖြစ်၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရား၏ ပကတိအားနည်းသော ကိုယ်တော်၌ ဖြစ်ပေါ် လာသော ရောဂါသည် အာယုသခ်ါရကုန်လတ်သော် လွန်စွာ တိုးပွါးလေ၏။

မင်းမြတ် ဥပမာတနည်းသော်ကား ပကတိအားဖြင့် အလွန်ပြည့်ပျက်သော ဓာတ်ရှိသော ဝမ်းတိုက်သည် တပါးသော အစာအာဟာရကို စားမျိုခဲ့သော် အလွန်ပြည့်ပျက်ရာ၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရား၏ ပကတိအားနည်းသော ကိုယ်တော်၌ ဖြစ်ပေါ်လာသော အနာရောဂါသည် အာယုသခ်ါရကုန်လတ်သော် လွန်စွာ တိုးပွါးလေ၏၊ မင်းမြတ် ထိုဆွမ်း၌ အပြစ်ဒေါသမရှိ၊ စင်စစ် ထိုဆွမ်းအား အပြစ်တင်ခြင်းငှါ မဟတ်ကောင်းပေဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အဘယ်အကြောင်းကြောင့် ထိုနှစ်ပါးသော ဆွမ်းတို့သည် အလုံး စုံသော အခြင်းအရာအားဖြင့် တူမျှသော အကျိုးဝိပါက်ရှိပါကုန်သနည်း၊ တပါးသော ဆွမ်းတို့ ထက် အလွန်အကဲ အထူးသဖြင့် အကျိုးကြီးပါကုန်သနည်း၊ အလွန်လည်း အာနိသင် ကြီးပါ ကုန်သနည်းဟု(လျှောက်၏)။မင်းမြတ် တရားကို အဖန်ဖန် သုံးသပ်ဝင်စားသည်၏ အစွမ်းကြောင့် ထိုနှစ်ပါးသော ဆွမ်းတို့သည် အလုံးစုံသော အခြင်းအရာအားဖြင့် တူမျှသော အကျိုးဝိပါက် ရှိကုန်သည်ဖြစ်၍ တပါးသော ဆွမ်းတို့ထက် အလွန်အကဲလျှင် အထူးသဖြင့် အကျိုးကြီးကုန်၏၊ အလွန်လည်း အာနိသင်ကြီးကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အဘယ်တရားတို့ကို အဖန်ဖန် သုံးသပ်ဝင်စားသည်၏ အစွမ်းကြောင့် ထိုနှစ်ပါးသော ဆွမ်းတို့သည် အလုံးစုံသော အခြင်းအရာအားဖြင့် တူမျှသော အကျိုးဝိပါက်ရှိ ပါကုန်သနည်း၊ တပါးသော ဆွမ်းတို့ထက် အလွန်အကဲလျှင် အထူးသဖြင့် အကျိုးကြီးပါကုန် သနည်း၊ အလွန်လည်း အာနိသင် ကြီးပါကုန်သနည်းဟု (လျှောက်၏)။ မင်းမြတ် အစဉ်အတိုင်း ဝင်စားအပ်ကုန်သော သမာပတ် ကိုးပါးတို့ကို အနုလုံ ပဋိလုံ (အပြန်အလှန်) ဝင်စားသည်၏ အစွမ်းကြောင့် ထိုနှစ်ပါးသော ဆွမ်းတို့သည် အလုံးစုံသော အခြင်းအရာအားဖြင့် တူမျှသော အကျိုးဝိပါက်ရှိကုန်သည်ဖြစ်၍ တပါးသော ဆွမ်းတို့ထက် အလွန်အကဲလျှင် အထူးသဖြင့် အကျိုးကြီးကုန်၏၊ အလွန်လည်း အာနိသင် ကြီးကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ဘုရားဖြစ်တော်မူသောနေ့ ပရိနိဗ္ဗာန် ဝင်စံတော်မူသောနေ့ ဤနေ့ နှစ်ပါးတို့၌သာ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဝင်စားအပ်ကုန်သော သမာပတ်ကိုးပါးတို့ကို

http://www.dhammadownload.com



အနုလုံ ပဋိလုံ လွန်လွန်ကဲကဲ ဝင်စားတော်မူပါသလောဟု (လျှောက်၏)။ မင်းမြတ် ဟုတ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အံ့ဖွယ်ရှိပါပေ၏၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ ဤဘုရားရှင်ခေတ်၌ အတုမရှိ လွန်မြတ်သော 'အသဒိသ'ဒါနကိုပင်သော်လည်း ဤနှစ်မျိုးသော ဆွမ်းတို့ဖြင့် မရေတွက်ခဲ့လေဘကား၊ အသျှင်ဘုရားနာဂသေန အံ့ဖွယ်ရှိပါပေ၏၊ မဖြစ်ဘူးမြဲဖြစ်ပါပေ၏၊ အစဉ်အတိုင်း ဝင်စားအပ်ကုန်သော သမာပတ်ကိုးပါးတို့သည် အလွန်မြတ်ပါကုန်၏၊ ယင်းအကြောင်းကြောင့် အစဉ်အတိုင်း ဝင်စားအပ်ကုန်သော သမာပတ်ကိုးပါးတို့၏ အစွမ်းဖြင့် နှစ်ပါးသောဆွမ်းဒါနသည် အထူးသဖြင့် အကျိုးကြီး၏၊ အလွန်လည်း အာနိသင်ကြီး၏၊ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ မိန့်တော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ခြောက်ခုမြောက် ပိဏ္ဍပါတမဟပ္ဖလပဉှာ ပြီး၏။

---

## ၇-ဗုဒ္ဓပူဇနပဉှာ

### (မြတ်စွာဘုရားအား ပူဇော်ခြင်းပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန "အာနန္ဒာ သင်တို့သည် ငါဘုရား၏ အလောင်းတော်ကို ပူဇော်မှု၌ ကြောင့်ကြ မစိုက်ကြကုန်လင့်"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏။ တဖန်လည်း—

"ပူဇော်ထိုက်သော ဘုရားရှင်၏ သရီရဓာတ်တော်ကို ပူဇော်ကုန်လော့၊ ဤသို့ ပူဇော်ခြင်း ပြုကုန်သောသူတို့သည် ဤကောင်းမှုကြောင့် ဤလူ့ပြည်မှ နတ်ပြည်သို့ သွားရောက်ရပေကုန်လတ္တံ့"ဟု ဟောတော်မူပြန်၏။

အသျှင်ဘုရားနာဂသေန "အာနန္ဒာ သင်တို့သည် ငါဘုရား၏ အလောင်းတော်ကို ပူဇော်မှု၌ ကြောင့်ကြ မစိုက်ကြကုန်လင့်"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူအပ်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "ပူဇော်ထိုက်သော ဘုရားရှင်၏ သရီရဓာတ်တော်ကို ပူဇော်ကုန်လော့၊ ဤသို့ ပူဇော်ခြင်းပြုကုန်သော သူတို့သည် ဤကောင်းမှုကြောင့် ဤလူ့ပြည်မှ နတ်ပြည်သို့ သွားရောက်ရပေကုန်လတ္တံ့"ဟူသော စကားသည် မှားရာ၏၊ မြတ်စွာဘုရားသည် "ပူဇော်ထိုက်သော ဘုရားရှင်၏ ထိုသရီရဓာတ်တော်ကို ပူဇော်ကြကုန်လော့၊ ဤသို့ ပူဇော်ခြင်းပြုကုန်သော သူတို့သည် ဤကောင်းမှုကြောင့် ဤလူ့ပြည်မှ နတ်ပြည်သို့ သွားရောက်ရပေကုန်လတ္တံ့"ဟု အကယ်၍ ဟောတော်မူအပ်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "အာနန္ဒာ သင်တို့သည် ငါဘုရား၏ အလောင်းတော်ကို ပူဇော်မှု၌ ကြောင့်ကြ မစိုက်ကြကုန်လင့်"ဟူသော ထိုစကားသည် မှားရာ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "အာနန္ဒာ သင်တို့သည် ငါဘုရား၏ အလောင်းတော်ကို ပူဇော်မှု၌ ကြောင့်ကြ မစိုက်ကြကုန်လင့်" ဟူသော ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ တဖန်လည်း "ပူဇော်ထိုက်သော ဘုရားရှင်၏ သရီရဓာတ်တော်ကို ပူဇော်ကုန်လော့၊ ဤသို့ ပူဇော်ခြင်းကို ပြုကုန်သောသူတို့သည် ဤကောင်းမှုကြောင့် ဤလူ့ပြည်မှ နတ်ပြည်သို့ ရောက်ရပေကုန်လတ္တံ့" ဟု ဟောတော်မူအပ်၏၊ ထိုသို့ဟောလင့်ကစား ထိုသရီရဓာတ် ပူဇော်ခြင်း၌ ကြောင့်ကြမစိုက်

http://www.dhammadownload.com



ကြလင့် ဟူသော စကားကိုမူကား သတ္တဝါအားလုံးတို့ကို အကြောင်းပြု၍ ဟောတော်မူသည် မဟုတ်၊ ဘုရားသားတော် (ရဟန်းတော်) တို့ကိုသာ အကြောင်းပြု၍ "အာနန္ဒာ ငါဘုရား၏ အလောင်းတော်ကို ပူဇော်မှု၌ ကြောင့်ကြမစိုက်ကြလင့်"ဟု (မိန့်တော်မူအပ်၏)၊ မင်းမြတ် ထို စကားမှန်၏၊ အကြင်ပူဇော်သက္ကာရပြုခြင်းသည် ရှိ၏၊ ဤပူဇော်သက္ကာရ ပြုခြင်းသည် မြတ်စွာ ဘုရား သားတော်တို့၏ အလုပ်ဝတ္တရားမဟုတ်ပေ၊ သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်ခြင်း သင့် လျော်သောအားဖြင့် နှလုံးသွင်းခြင်း သတိပဋ္ဌာန်လေးပါးကို အဖန်တလဲလဲရှုခြင်း အာရုံအထွတ် အမြတ်ကို လက်ကိုင်စွဲယူခြင်း ကိလေသာကို စစ်ထိုးခြင်း အရဟတ္တဖိုလ်ဟူသော မိမိအကျိုးကို အားထုတ်ခြင်း ဤအမှုမျိုးသည်သာ ဘုရားသားတော်တို့ ပြုသင့် ပြုထိုက်သောအမှုတည်း၊ ပူဇော် သက္ကာရပြုမှုသည်ဘုရားသားတော်တို့မှ ကြွင်းကုန်သော နတ်လူတို့ ပြုသင့်ပြုထိုက်သောအမှုတည်း။

မင်းမြတ် ဥပမာအားဖြင့် မြေအပြင်၌ ဆင်အတတ် မြင်းအတတ် ရထားအတတ် လေးအတတ် ဓားရိုးကိုင်အတတ် စာရေးအတတ် လက်ဆစ်ချိုးအတတ် သင်္ချာအတတ် သန်လျက်အတတ် မန္တန် အတတ် ဝေဒကျမ်းအတတ် ကမ္ဘာ့ဥပဒေသကျမ်းအတတ် စစ်ထိုးခြင်း စစ်ထိုးစေခြင်း အတတ်ဟူ သမျှသည် မင်းသားတို့၏ပြုအပ်သော အမှုတို့ဖြစ်ကုန်၏၊ ထွန်ယက်ခြင်း ကုန်သွယ်ခြင်း နွား ကျောင်းခြင်းအမှုတို့သည် ကြွင်းသော များစွာသော ကုန်သည် သူဆင်းရဲတို့ ပြုအပ်သော အမှုတို့ ဖြစ်ကုန်၏၊ မင်းမြတ် ဤအတူသာလျှင် အကြင်ပူဇော်သက္ကာရပြုခြင်းသည်ရှိ၏၊ ဤပူဇော်သက္ကာရ ပြုခြင်းသည် မြတ်စွာဘုရား သားတော်တို့ ပြုအပ်သော အမှုမဟုတ်၊ သင်္ခါရတို့ကို သုံးသပ် ဆင်ခြင်ခြင်း သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း သတိပဋ္ဌာန်လေးပါးကို အဖန်တလဲလဲ ရှုခြင်း အာရုံ အထွတ်အမြတ်ကို လက်ကိုင်စွဲယူခြင်း ကိလေသာကို စစ်ထိုးခြင်း အရဟတ္တဖိုလ် ဟူသော မိမိအကျိုးကို အားထုတ်ခြင်း ဤအမှုမျိုးသည်သာ ဘုရားသားတော်တို့ ပြုအပ်သော အမှုတည်း၊ ပူဇော်သက္ကာရ ပြုမှုသည်ဘုရားသားတော်တို့မှ ကြွင်းကုန်သော နတ်လူတို့ ပြုလုပ် အပ်သော အမှုတည်း။

မင်းမြတ် ဥပမာတနည်းသော်ကား ဣရုဝေဒကျမ်းအတတ် ယဇုဝေဒကျမ်းအတတ် သာမဝေဒ ကျမ်းအတတ် အထဗ္ဗဏဝေဒကျမ်းအတတ် လက္ခဏာဟောအတတ် စကားဟောင်းအတတ် ပုရာဏ် ကျမ်းအတတ် အဘိဓာန်ကျမ်းအတတ် အလင်္ကာကျမ်းအတတ် သဒ္ဒါကျမ်းအတတ် ပဒကျမ်း အတတ် ဗျာကရုဏ်းကျမ်းအတတ် ဟောပြောကြောင်း ဖြစ်သောအတတ် ဥပါတ်ပုံသည်ကို ဟော အတတ် အိပ်မက်ကျမ်းအတတ် နိမိတ်ကောက်အတတ် ဗေဒင်ခြောက်ကျမ်းအတတ် လကြတ် ဟောအတတ် နေကြတ်ဟောအတတ် သောကြာဂြိုဟ် ရာဟုဂြိုဟ်တို့၏ လှည့်လည်ခြင်းကို သိသော အတတ် ကြယ်ဂြိုဟ်တို့ စစ်ထိုးခြင်းကို သိသောအတတ် တော်လဲသံကို ဟောသော အတတ် ဂြိုဟ်ပြောင်း ကြယ်ကြွေအတတ် ဥက္ကာပျံ ကြယ်ကြွေဟောအတတ် မြေအိမ်၌နေ၍ မန္တန်စုပ် ခြင်းအတတ် အရပ်မျက်နှာပူပန်နွှေးဝင့်ရှက်ဟောအတတ် မြေကြိုတ်(ဘူမိကိတ်) ကောင်းကင်ကြိုတ် (အန္တလိက္ခကိတ်)ဟောအတတ် ဇောတိသခေါ် ဗေဒင်ကျမ်းအတတ် လောကကို ရှည်လျားစေတတ် သော အတတ်ခွေးမြည်သံဟောအတတ် သားငှက်မြည်သံဟော အတတ် အခြားသော သတ္တဝါတို့၏ မြည်သံဟောအတတ် မရောနှောသင့်သော သတ္တဝါတို့၏ ရောနှောပေါင်းသင်း၍ ဖြစ်ခြင်းကို ဟောသော အတတ် ငှက်တို့၏ မြည်သံတွန်သံဟောအတတ် ဤသည်တို့ကား ပုဏ္ဏားလုလင်ပျိုတို့ ပြုသင့်ပြုထိုက်သော အမှုတို့ဖြစ်ကုန်၏၊ ထွန်ယက်ခြင်း ကုန်သွယ်ခြင်း နွားကျောင်းခြင်း အမှုတို့ သည် ကြွင်းသော များစွာသော ကုန်သည် သူဆင်းရဲတို့ ပြုအပ်သော အမှုတို့ဖြစ်ကုန်၏။

http://www.dhammadownload.com



မင်းမြတ် ဤအတူသာလျှင် အကြင်ပူဇော်သက္ကာရ ပြုမှုသည်ရှိ၏၊ထိုပူဇော်သက္ကာရ ပြုမှုသည် ဘုရားသားတော်တို့ ပြုအပ်သော အမှုမဟုတ်၊ သင်္ခါရတို့ကို သုံးသပ်ဆင်ခြင်ခြင်း သင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်း သတိပဋ္ဌာန်လေးပါးကို အဖန်တလဲလဲရှုခြင်း အာရုံ အထွတ်အမြတ်ကို လက်ကိုင်စွဲယူခြင်း ကိလေသာကို စစ်ထိုးခြင်း အရဟတ္တဖိုလ်ဟူသော မိမိအကျိုးကို အားထုတ်ခြင်း ဤအမှုမျိုးသည်သာ ဘုရားသားတော်တို့ ပြုအပ်သောအမှုတည်း၊ ပူဇော်သက္ကာရ ပြုမှုသည် ဘုရားသားတော်တို့မှ ကြွင်းကုန်သော နတ်လူတို့ ပြုအပ်သော အမှုတည်း၊ မင်းမြတ် ထို့ကြောင့် မြတ်စွာဘုရားသည် ဤမပြုအပ်သော အမှုတို့ကို အားမထုတ် ကြကုန်လင့်၊ ဤပြုအပ်သော အမှုတို့ကို အားထုတ်ကုန်လော့ဟု မိန့်တော်မူလို၍ "အာနန္ဒာ သင်တို့သည် ငါဘုရား၏ အလောင်းတော်ကို ပူဇော်မှု၌ ကြောင့်ကြမစိုက်ကြကုန်လင့်"ဟု ဟောတော်မူ၏၊ မင်းမြတ် မြတ်စွာဘုရားသည် ဤစကားကို အကယ်၍ မဟောခဲ့ငြားအံ့၊ ရဟန်းတို့သည် မိမိ၏ သပိတ်သင်္ကန်းကိုပင်လည်း ကုန်ဆုံးစေ၍ မြတ်စွာဘုရားအား ပူဇော်ခြင်းကိုသာလျှင် ပြုကုန်ရာ၏ဟု(မိန့်တော်မူ၏)။အသျှင်ဘုရား နာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတိုင်း ဝန်ခံပါ၏ဟု(လျှောက်၏)။

ခုနစ်ခုမြောက် ဗုဒ္ဓပူဇနပဥှာ ပြီး၏။

---

## ၈-ပါဒသကလိကာဟတပဥှာ

(ခြေတော်၌ ကျောက်ချပ်လွှာထိခြင်း ပြဿနာ)

၈။ အသျှင်ဘုရားနာဂသေန "မြတ်စွာဘုရား ကြွသွားတော်မူစဉ် စိတ်စေတနာ မရှိသော ဤမြေကြီးသည် နိမ့်သည်ဖြစ်ခဲ့သော် မြင့်မောက်ရ၏၊ မြင့်မောက်သည် ဖြစ်ခဲ့သော် နိမ့်ရ၏"ဟု အသျှင်ဘုရားတို့ ဆိုတော်မူကြကုန်၏၊တဖန်လည်း "မြတ်စွာဘုရား၏ခြေတော်ကို ကျောက်ချပ်လွှာ ထိခိုက်မိ၏"ဟု(ဆိုတော်မူ၏)။အကြင် ကျောက်ချပ်လွှာသည် မြတ်စွာဘုရား၏ ခြေတော်ပေါ်၌ ကျ၏၊ ထိုကျောက်ချပ်လွှာသည် အဘယ့်ကြောင့် မြတ်စွာဘုရား၏ ခြေတော်မှ မဆုတ်မခွါပါသနည်း၊ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရား ကြွသွားတော်မူစဉ် စိတ် စေတနာမရှိသော ဤမြေကြီးသည် နိမ့်သည်ဖြစ်ခဲ့သော် မြင့်မောက် ရသည်ဖြစ်အံ့၊ မြင့်မောက်သည် ဖြစ်ခဲ့သော် နိမ့်ရသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "မြတ်စွာဘုရား၏ ခြေတော်ကို ကျောက်ချပ်လွှာထိခိုက်မိ၏"ဟူသော စကားသည် မှားရာ၏၊ "မြတ်စွာဘုရား၏ ခြေတော်ကို ကျောက်ချပ်လွှာသည်အကယ်၍ ထိခိုက်မိသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ မြတ်စွာဘုရား ကြွသွားတော်မူစဉ် စိတ်စေတနာ မရှိသော ဤမြေကြီးသည် နိမ့်သည်ဖြစ်ခဲ့မူ မြင့်မောက်ရ၏၊ မြင့်မောက်သည် ဖြစ်ခဲ့မူ နိမ့်ရ၏" ဟူသော ထိုစကားသည် မှားရာ၏၊အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ဤပြဿနာကို ဖြေရှင်းတော် မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် မြတ်စွာဘုရား ကြွသွားတော်မူစဉ် စိတ်စေတနာမရှိသော ဤမြေကြီးသည် နိမ့်သည်ဖြစ်ခဲ့သော် မြင့်မောက်ရ၏၊ မြင့်မောက်သည် ဖြစ်ခဲ့သော် နိမ့်ရ၏၊ မြတ်စွာဘုရား၏ ခြေတော်ကို ကျောက်ချပ်လွှာသည် ထိခိုက်မိ၏ ဟူသော ထို စကားသည် မှန်၏၊ ထိုကျောက်ချပ်လွှာသည်ကား မိမိ၏ သဘောအားဖြင့် ကျသည်မဟုတ်၊ ဒေဝဒတ်၏ လှုံ့လကြောင့်သာလျှင် ကျ၏၊ မင်းမြတ် ဒေဝဒတ်သည် များစွာသော ဘဝ အသိန်းတို့ပတ်လုံး မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့၏၊ ထို ဒေဝဒတ်သည် ထိုသို့ ရန်ငြိုးဖွဲ့သဖြင့် "ကြီးစွာသော အိမ်အထွတ် ပမာဏရှိသော

http://www.dhammadownload.com



ကျောက်ကို မြတ်စွာဘုရား၏ အပေါ်၌ ကျစေအံ့”ဟု လွှတ်၏၊ ထိုအခါ နှစ်လုံးသော ကျောက်တို့သည် မြေမှထ၍ ထို(ချလိုက်သော) ကျောက်လုံးကို ခံလင့်ကုန်၏၊ ထိုအခါ ထိုကျောက်နှစ်ခုတို့၏ ရိုက်ခတ်မိသောကြောင့် ကျောက်မှ အစိတ်အလွှာသည် ကွဲ၍ ထိုထို ဤဤ အရပ်ဖြင့် ကျလာလျက် မြတ်စွာဘုရား၏ ခြေတော်၌ ကျ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန နှစ်လုံးသော ကျောက်တို့သည် (ချလိုက်သော) ကျောက်လုံးကို ခံကုန်သကဲ့သို့ ထိုအတူသာလျှင် အစိတ်အလွှာကိုလည်း ခံထိုက်သည် မဟုတ်ပါလောဟု (လျှောက်၏)။ မင်းမြတ် ခံလင့်သော်လည်း ဤလောက၌ အချို့သော ဝတ္ထုသည် လျှောကျ၏၊ စီးဆင်း၏၊ ထားသောနေရာအတိုင်း တည်ခြင်းသို့ မရောက်၊ မင်းမြတ် ဥပမာအားဖြင့် ရေကို လက်ဖြင့် ယူသည်ရှိသော် လက်ချောင်းကြားတို့မှ လျှောကျ၏၊ စီးဆင်း၏၊ ထားသောနေရာအတိုင်း တည်ခြင်းသို့ မရောက်၊ နို့ ရည် ရက်တက်ရည် ပျားရည် ထောပတ် ဆီ ငါးရည် အမဲရည်ကို လက်ဖြင့် ယူသည်ရှိသော် လက်ချောင်းကြားတို့မှ လျှောကျ၏၊ စီးဆင်း၏၊ ထားသောနေရာအတိုင်း တည်ခြင်းသို့ မရောက်၊ မင်းမြတ် ဤအတူသာလျှင် (ကျောက်လုံးကို) ခံလင့်ခြင်းငှါ ကပ်ရောက်လာကုန်သော ကျောက်နှစ်လုံးတို့၏ ရိုက်ခတ်မိခြင်းကြောင့် ကျောက်လုံးမှ အစိတ်အလွှာသည် ကွဲ၍ ထိုထို ဤဤ အရပ်ဖြင့်ကျလာလျက် မြတ်စွာဘုရား၏ ခြေတော်၌ ကျ၏။

မင်းမြတ် ဥပမာတနည်းသော်ကား သိမ်မွေ့သေးငယ်သော အဏုမြူနှင့်ညီမျှသော သဲမှုန့်ကို လက်ဆုပ်ဖြင့် ယူသည်ရှိသော် လက်ချောင်းကြားတို့မှ လျှောကျ၏၊ စီးဆင်း၏၊ ထားသောနေရာအတိုင်း တည်ခြင်းသို့ မရောက်၊ မင်းမြတ် ဤအတူသာလျှင် (ကျောက်လုံးကို) ခံခြင်းငှါ ကပ်ရောက်လာကုန်သော ကျောက်နှစ်လုံးတို့၏ ရိုက်ခတ်မိခြင်းကြောင့် ကျောက်လုံးမှ အစိတ်အလွှာသည် ကွဲ၍ ထိုထို ဤဤ အရပ်ဖြင့် ကျလာလျက် မြတ်စွာဘုရား၏ ခြေတော်၌ ကျ၏။

မင်းမြတ် ဥပမာတနည်းသော်ကား ဤလောက၌ ထမင်းလုပ်ကို ခံတွင်းဖြင့် ယူသည်ရှိသော် အချို့သောသူ၏ ထမင်းလုပ်သည် ခံတွင်းမှ လွတ်၍ လျှောကျ၏၊ ယိုထွက်၏၊ ထားသော နေရာအတိုင်း တည်ခြင်းသို့ မရောက်၊ မင်းမြတ် ဤအတူသာလျှင်(ကျောက်လုံးကို) ခံခြင်းငှါ ကပ်ရောက်လာကုန်သော ကျောက်နှစ်လုံးတို့၏ ရိုက်ခတ်မိခြင်းကြောင့် ကျောက်လုံးမှ အစိတ်အလွှာသည် ကွဲ၍ ထိုထို ဤဤ အရပ်ဖြင့် ကျလာလျက် မြတ်စွာဘုရား၏ ခြေတော်၌ ကျ၏ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ရှိပါစေတော့၊ ကျောက်(နှစ်လုံး)တို့သည်(ချလိုက်သော)ကျောက်လုံးကို ခံအပ်သည် ရှိပါစေတော့၊ သို့သော် မြေကြီးသည် ရှိသေခြင်းကို ပြုအပ်သကဲ့သို့ အစိတ်အလွှာသည်လည်း ရှိသေခြင်းကို ပြုသင့်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤတဆယ့်နှစ်ဦးသော သူတို့သည် ရှိသေခြင်းကို မပြုကုန်၊ အဘယ်တဆယ့်နှစ်ဦးတို့နည်း ဟူမူ—ရာဂကြီးသူသည် တပ်မက်ခြင်း 'ရာဂ၏' အစွမ်းကြောင့် ရှိသေခြင်းကို မပြု၊ ဒေါသကြီးသူသည် ဒေါသ၏အစွမ်းကြောင့်၊ မောဟကြီးသူသည် မောဟ၏အစွမ်းကြောင့်၊ စိတ်မာန်တက်ကြွသူသည် မာန၏အစွမ်းကြောင့်၊ ဂုဏ်ကြက်သရေမရှိသူသည် ဂုဏ်အထူးမရှိသောကြောင့်၊ အလွန်ခက်ထန်သူသည် အချုပ်အတည်း အတားအမြစ် မရှိသောကြောင့်၊ ယုတ်ညံ့သူသည် ယုတ်ညံ့သော သဘောထားရှိသောကြောင့်၊ သူတပါးအလိုကို လိုက်နာရသူသည် မိမိကိုယ်ကို မစိုးမပိုင်သောကြောင့်၊ ယုတ်မာသော အကျင့်ရှိသူသည် ကောက်ကျစ်စဉ်းလဲသော သဘောထားရှိသောကြောင့်၊ နှိပ်စက်ဆင်းရဲခံနေရသူသည်

http://www.dhammadownload.com



နှိပ်စက်တတ်ပြုလိုသောကြောင့်၊ လောဘကြီးသူသည် လိုချင်ခြင်း 'လောဘ' ဖိစီးနှိပ်စက်သော ကြောင့်၊ တစုံတရာကို အားထုတ်ပြုလုပ် ဆောင်ရွက်ဆဲဖြစ်သူသည် အကျိုးကိစ္စကို ပြီးမြောက် စေလိုသောကြောင့် ရှိသေခြင်းကို မပြု၊ မင်းမြတ် ဤတဆယ့်နှစ်ဦးသော သူတို့သည် ရှိသေ ခြင်းကို မပြုကုန်၊ စင်စစ်သော်ကား ထိုကျောက်ချပ်လွှာသည် ကျောက်ချင်းထိခတ် ဆတ်မိသော ကြောင့် ကွဲပဲ့၍ မရည်စူး မမှန်းဆသော အရပ်ရှိသည်ဖြစ်၍ ထိုထို ဤဤ မတည်သော အရပ်ဖြင့် ကျဆင်းလာလျက် မြတ်စွာဘုရား၏ ခြေတော်၌ ကျ၏။

မင်းမြတ် ဥပမာတနည်းသော်ကား လေဟုန် ဆောင်ကြဉ်းအပ်သော သေးငယ်သော အဏုမြူ သည် မရည်စူး မမှန်းဆသော အရပ်ရှိသည်ဖြစ်၍ ထိုထို ဤဤ မတည်သော အရပ်ဖြင့် အလွန် ပြန့်ကြဲ၏၊ မင်းမြတ် ဤအတူသာလျှင် ထိုကျောက်ချပ်လွှာသည် ကျောက်ချင်း ရိုက်ခတ် ဆတ်မိ သောကြောင့် ကွဲပဲ့၍ မရည်စူး မမှန်းဆသော အရပ်ရှိသည် ဖြစ်လျက် ထိုထို ဤဤ မတည်သော အရပ်ဖြင့် ကျဆင်းလာလျက် မြတ်စွာဘုရား ခြေတော်၌ ကျ၏၊ မင်းမြတ် ထိုကျောက်ချပ်လွှာ သည် ကျောက်လုံးမှ အသီးအခြား မဖြစ်ခဲ့မူ ထိုကျောက်ချပ်လွှာကိုလည်း ထိုခဲသော ကျောက်တို့ သည် ပံ့တင်ခံကျော်၍ ယူကုန်ရာ၏၊ မင်းမြတ် ထိုကျောက်ချပ်လွှာသည် မြေ၌ တည်သည် မဟုတ်၊ ကောင်းကင်၌ တည်သည် မဟုတ်၊ ကျောက်ချင်းတိုက်ခတ် ဆတ်မိသော အဟုန်ကြောင့် ကွဲပဲ့ကာ မရည်စူး မမှန်းဆသော အရပ်ရှိသည်ဖြစ်၍ ထိုထို ဤဤ မတည်သော အရပ်ဖြင့် ကျဆင်းလာလျက် မြတ်စွာဘုရား၏ ခြေတော်၌ ကျ၏။

မင်းမြတ် ဥပမာတနည်းသော်ကား လေဗွေမြောက်လွှင့်အပ်သော သစ်ရွက်ဟောင်း သစ်ရွက် ခြောက်သည် မရည်စူး မမှန်းဆသော အရပ်ရှိသည်ဖြစ်၍ ထိုထို ဤဤ မတည်သော အရပ်ဖြင့် ကျ၏၊ မင်းမြတ် ဤအတူသာလျှင် ဤကျောက်ချပ်လွှာသည် ကျောက်ချင်း ရိုက်ခတ် ဆတ်မိသော အဟုန်ကြောင့် မရည်စူး မမှန်းဆသော အရပ်ရှိသည်ဖြစ်၍ ထိုထို ဤဤ မတည်သော အရပ်ဖြင့် ကျဆင်းလာလျက် မြတ်စွာဘုရား၏ ခြေတော်၌ ကျ၏၊ မင်းမြတ် စင်စစ်သော်ကား သူ၏ကျေးဇူးကို မသိတတ်သော ကောက်ကျစ်စဉ်းလဲခြင်းရှိသော ကောက်ကျစ်သော ဒေဝဒတ်အား ဆင်းရဲ 'ဒုက္ခ' ငရဲ၌ ခံရရန် အလို့ငှါ ကျောက်ချပ်လွှာသည် မြတ်စွာဘုရား၏ ခြေတော်၌ ကျ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ရှစ်ခုမြောက် ပါဒသကလိကာဟတပဉှာ ပြီး၏။

---

## ၉-အဂ္ဂဂ္ဂသမဏပဉှာ

### (အမြတ်ဆုံးရဟန်း ပြဿနာ)

၉။ အသျှင်ဘုရားနာဂသေန "အာသဝေါတရားလေးပါးတို့၏ ကုန်ခြင်းကြောင့် သမဏဖြစ်၏" ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏။

တဖန်လည်း—

"သည်းခံခြင်း သဘောတရားလေးပါးတို့နှင့် ပြည့်စုံသော ထိုသူ့ကို စင်စစ် လောက၌ သမဏဟူ၍ ဆိုကုန်၏"ဟု ဟောတော်မူခဲ့ပြန်၏။

http://www.dhammadownload.com



ထိုစကားတော်၌ ဤသည်တို့ကား တရားလေးပါးတို့တည်း။ သည်းခံခြင်း နည်းပါးသော အစာအာဟာရရှိခြင်း ကာမဂုဏ်မွေ့လျော်မှုကို ပယ်ခြင်း ကြောင့်ကြဖွယ် 'ပလိဗောဓ' မရှိခြင်းတို့တည်း။ ဤအလုံးစုံသော တရားလေးပါးတို့သည်ကား အာသဝေါ မကုန်သေးသော ကိလေသာရှိသော သူအားသာလျှင် ဖြစ်ပါကုန်၏၊ အသျှင်ဘုရားနာဂသေန အာသဝေါတရားလေးပါးတို့၏ ကုန်ခြင်းကြောင့် သမဏမည်သည် အကယ်၍ ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ "(သည်းခံခြင်းစသော)တရားလေးပါးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို လောက၌ သမဏဟူ၍ ဆိုကုန်၏" ဟူသော စကားသည် မှားရာ၏၊ (သည်းခံခြင်းစသော)တရားလေးပါးတို့နှင့် ပြည့်စုံသူသည် သမဏမည်သည် အကယ်၍ ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "အာသဝေါတရား လေးပါးတို့၏ ကုန်ခြင်းကြောင့် သမဏမည်၏" ဟူသော ထိုစကားသည်လည်း မှားရာ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်သည်း အသျှင်ဘုရား ထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် အာသဝေါတရား လေးပါးတို့၏ ကုန်ခြင်းကြောင့် သမဏဖြစ်၏ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်၏၊ "(သည်းခံခြင်းစသော)တရားလေးပါးတို့နှင့် ပြည့်စုံသောသူကို လောက၌ သမဏဟူ၍ ဆိုကုန်၏" ဟူ၍လည်း တဖန်ဟောတော်မူအပ်၏၊ မင်းမြတ် ထိုထို ပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူး၏ အစွမ်းဖြင့် "(သည်းခံခြင်းစသော) တရားလေးပါးတို့နှင့် ပြည့်စုံသောသူကို လောက၌ သမဏဟု ဆိုကုန်၏" ဟူသော ထိုစကားကို ဟောတော်မူအပ်၏၊ "အာသဝေါတရား လေးပါးတို့၏ ကုန်ခြင်းကြောင့် သမဏဖြစ်၏" ဟူသော ဤစကားသည် အကြွင်းမရှိသော စကားတည်း။

မင်းမြတ် ကိလေသာငြိမ်းခြင်းငှါ ကျင့်ကြသူဟူသမျှ အားလုံးတို့ကို ထောက်၍ ထောက်၍ အာသဝကုန်ပြီးသော သမဏကို အထွတ်အမြတ်ဟု ဆိုရ၏၊ မင်းမြတ် ဥပမာအားဖြင့် ရေပန်း ကြည်းပန်း ရှိသမျှပန်းအားလုံးတို့တွင် မြတ်လေးပန်းကို အထွတ်အမြတ်ဟု ဆိုရ၏၊ ကြွင်းကုန်သော အထူးထူး အပြားပြား ပန်းမျိုးဟူသမျှ အားလုံးတို့ကို ထောက်၍ ထောက်၍ မြတ်လေးပန်းကိုသာ လျှင် လူအပေါင်းသည် တောင့်တအပ်၏၊ ချစ်မြတ်နိုးအပ်၏၊ မင်းမြတ် ဤအတူသာလျှင် ကိလေသာ ငြိမ်းခြင်းငှါ ကျင့်ကုန်သောသူ ဟူသမျှ အားလုံးတို့ကို ထောက်၍ ထောက်၍ အာသဝေါကုန်ပြီးသော သမဏကို အထွတ်အမြတ်ဟု ဆိုရ၏။

မင်းမြတ် ဥပမာဘနည်းသော်ကား စပါးအားလုံးတို့တွင် သလေးစပါးကို အထွတ်အမြတ်ဟု ဆိုရ၏၊ သလေးစပါးမှ ကြွင်းကုန်သော အထူးထူး အပြားပြား ကုန်သော စပါးမျိုး ဟူသမျှ အားလုံးတို့ကို ထောက်၍ ထောက်၍ ခန္ဓာကိုယ်၏ တည်တံ့မှုဘခြင်းငှါ ဘောဇဉ်တို့သာ မည်ကုန်၏၊ သလေးစပါးကိုသာလျှင် ထိုစပါးအားလုံးတို့ထက် အထွတ်အမြတ်ဟု ဆိုရ၏။ မင်းမြတ် ဤအတူသာလျှင် ကိလေသာငြိမ်းခြင်းငှါ ကျင့်ကုန်သောသူ ဟူသမျှ အားလုံးတို့ကို ထောက်၍ ထောက်၍ အာသဝေါကုန်ပြီးသော သမဏကိုသာ အထွတ်အမြတ်ဟု ဆိုရ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့သျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ကိုးခုမြောက် အင်္ဂသမဏပဥ္ဉာ ပြီး၏။

http://www.dhammadownload.com



## ၁၀-ဝဏ္ဏဘဏနပဉှာ

(ဂုဏ်ကိုပြောဆိုခြင်း ပြဿနာ)

၁၀။ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ သူတပါးတို့သည် ငါဘုရား၏ဂုဏ်ကို ဖြစ်စေ တရားတော်၏ဂုဏ်ကိုဖြစ်စေ သံဃာတော်၏ဂုဏ်ကိုဖြစ်စေ ပြောကြလျှင် ထို(ပြောကြရာ)၌ သင်တို့သည် နှစ်သက်ခြင်း ဝမ်းသာခြင်း စိတ်တက်ကြွခြင်း မဖြစ်သင့်"ဟု ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏၊ သေလပုဏ္ဏားသည် ဟုတ်မှန်တိုင်းသော ဂုဏ်ကျေးဇူးကို ပြောဆိုသည် ရှိသော် မြတ်စွာဘုရားသည် ဝမ်းမြောက်ဝမ်းသာ စိတ်ထားကြည်လင် ပေါ် လွင်ပျံ့တက်၍—

"သေလပုဏ္ဏား ငါဘုရားသည် မင်းဖြစ်၏၊ အတုမရှိသော တရားမင်းဖြစ်၏၊ သူတပါးတို့ မလည်စေနိုင်သော စကြာရတနာသဖွယ်ဖြစ်သော သူတပါးတို့ မဟောနိုင်သော ဒေသနာစက်ကြီးကို သဗ္ဗညုတဉာဏ်တော်ဖြင့် လှည့်လည်ဟောကြားနိုင်ပေ၏"ဟု—သေလပုဏ္ဏားအား အတိုင်းထက်အလွန် မိမိဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုပါ၏။

အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် "ရဟန်းတို့ သူတပါးတို့သည် ငါဘုရား၏ဂုဏ်ကို ဖြစ်စေ တရားတော်၏ဂုဏ်ကိုဖြစ်စေ သံဃာတော်၏ဂုဏ်ကိုဖြစ်စေ ပြောကြလျှင် ထို(ပြောကြရာ)၌ သင်တို့သည် နှစ်သက်ခြင်း ဝမ်းသာခြင်း စိတ်တက်ကြွခြင်း မဖြစ်စေသင့်"ဟု မြတ်စွာဘုရားသည် အကယ်၍ ဟောတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ သေလပုဏ္ဏားသည် ဟုတ်မှန်တိုင်းသော ဂုဏ်ကျေးဇူးကို ပြောဆိုသည်ရှိသော် မြတ်စွာဘုရားသည် ဝမ်းမြောက် ဝမ်းသာ စိတ်ထားကြည်လင် ပေါ် လွင်ပျံ့တက်၍ အတိုင်းထက်အလွန် မိမိဂုဏ်ကျေးဇူးကို သေလပုဏ္ဏားအား ချီးမွမ်းပြောဆိုတော်မူ၏ ဟူသော စကားသည် မှားရာ၏၊ သေလပုဏ္ဏားသည် ဟုတ်မှန်တိုင်းသော ဂုဏ်ကျေးဇူးကို ပြောဆိုသည်ရှိသော် မြတ်စွာဘုရားသည် ဝမ်းမြောက်ဝမ်းသာ စိတ်ထားကြည်လင် ပေါ် လွင်ပျံ့တက်၍ အတိုင်းထက်အလွန် မိမိဂုဏ်ကျေးဇူးကို သေလပုဏ္ဏားအား အကယ်၍ ပြောဆိုသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "ရဟန်းတို့ သူတပါးတို့သည် ငါဘုရား၏ဂုဏ်ကိုဖြစ်စေ တရားတော်၏ဂုဏ်ကိုဖြစ်စေ သံဃာတော်၏ဂုဏ်ကိုဖြစ်စေ ပြောကြလျှင် ထို(ပြောကြရာ)၌ သင်တို့သည် နှစ်သက်ခြင်း ဝမ်းသာခြင်း စိတ်တက်ကြွခြင်း မဖြစ်စေသင့်"ဟူသော ထိုစကားသည် မှားရာ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် မြတ်စွာဘုရားသည် "ရဟန်းတို့ သူတပါးတို့သည် ငါဘုရား၏ ဂုဏ်ကိုဖြစ်စေ တရားတော်၏ဂုဏ်ကိုဖြစ်စေ သံဃာတော်၏ဂုဏ်ကိုဖြစ်စေ ပြောကြလျှင် ထို(ပြောကြရာ)၌ သင်တို့သည် နှစ်သက်ခြင်း ဝမ်းသာခြင်း စိတ်တက်ကြွခြင်း မဖြစ်စေသင့်"ဟု ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏၊ သေလပုဏ္ဏားသည် ဟုတ်မှန်တိုင်းသော ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုသည် ရှိသော်—

"သေလပုဏ္ဏား ငါဘုရားသည် မင်းဖြစ်၏၊ အတုမရှိသော တရားမင်းဖြစ်၏၊ သူတပါးတို့ မလည်စေနိုင်သော စကြာရတနာသဖွယ် ဖြစ်သော သူတပါးတို့ မဟောနိုင်သော ဒေသနာစက်ကြီးကို သဗ္ဗညုတဉာဏ်တော်ဖြင့် လှည့်လည်ဟောကြားနိုင်ပေ၏"ဟု အတိုင်းထက် အလွန် မိမိဂုဏ်ကို သေလပုဏ္ဏားအား ပြောဆိုတော်မူ၏။

http://www.dhammadownload.com



မင်းမြတ် တရားတော်၏ သဘာဝ မိမိကိစ္စလက္ခဏာ သဘာဝအတိုင်း မချွတ်မယွင်းမှန်ကန်သော ဖြောင့်စင်းသော အဓိပ္ပါယ်နက်ကို ဖော်ပြတော်မူလိုသဖြင့် "ရဟန်းတို့ သူတပါးတို့သည် ငါဘုရား၏ဂုဏ်ကိုဖြစ်စေ တရားတော်၏ဂုဏ်ကိုဖြစ်စေ သံဃာတော်၏ဂုဏ်ကိုဖြစ်စေ ပြောကြလျှင် ထို(ပြောကြရာ)၌ သင်တို့သည် နှစ်သက်ခြင်း ဝမ်းသာခြင်း စိတ်တက်ကြွခြင်း မဖြစ်သင့်"ဟု ပဌမစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ ဟုတ်မှန်တိုင်းသော ဂုဏ်ကျေးဇူးကို သေလပုဏ္ဏားက ပြောဆို ချီးမွမ်းသည်ရှိသော် "သေလပုဏ္ဏား ငါဘုရားသည် မင်းဖြစ်၏၊ အတုမရှိသော တရားမင်းဖြစ်၏"ဟု သေလပုဏ္ဏားအား အတိုင်းထက်အလွန် မိမိဂုဏ်ကို မြတ်စွာဘုရား ပြောဆိုတော်မူခြင်းသည် လာဘ်ဟူသော အကြောင်းကြောင့် အကျော်အစော ဟူသော အကြောင်းကြောင့် မိမိ(အကျိုး)ဟူသော အကြောင်းကြောင့် အသင်းအပင်းဟူသော အကြောင်းကြောင့် တပည့် ပွားစေလိုသောကြောင့် ပြောဆိုတော်မူသည် မဟုတ်ပေ၊စင်စစ်သော်ကား အစဉ် စောင့်ရှောက်လိုသဖြင့် သနားသဖြင့် အစီးအပွါး၏ အစွမ်းဖြင့် ဤသို့လိုက်လျော ပြောဆိုသဖြင့် ဤသေလပုဏ္ဏား၏ရင်း တပည့်လုလင်သုံးရာတို့၏ရင်း သစ္စာလေးပါးကို သိခြင်းဖြစ်လတ္တံ့ဟု နှလုံးသွင်းလျက် "သေလပုဏ္ဏား ငါဘုရားသည် မင်းဖြစ်၏၊ အတုမရှိသော တရားမင် ဖြစ်၏"ဟု အတိုင်းထက် အလွန် သေလပုဏ္ဏားအား မိမိဂုဏ်ကို ပြောဆို ချီးမွမ်းတော်မူအပ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ဆယ်ခုမြောက် ဝဏ္ဏဘဏနဗဉ္စာ ပြီး၏။

---

## ၁၁-အဟိံသာနိဂ္ဂဟပဉ္စာ

### (မညှဉ်းဆဲခြင်းနှင့် ဖိနှိပ်ခြင်း ပြဿနာ)

၁၁။ အသျှင်ဘုရားနာဂသေန "လောက၌ သူတပါးကို မညှဉ်းဆဲသူသည် ချစ်ထိုက်သူ မြတ်နိုးထိုက်သူ ဖြစ်လတ္တံ့"ဟူသော ဤစကားကို မြတ်စွာဘုရားသည် ဟောတော်မူအပ်၏၊ "ဖိနှိပ်ထိုက်သောသူကို ဖိနှိပ်ရာ၏၊ ချီးမြှောက်ထိုက်သောသူကို ချီးမြှောက်ရာ၏"ဟူ၍လည်း တဖန် ဟောတော်မူပြန်၏၊ အသျှင်ဘုရားနာဂသေန ဖိနှိပ်ခြင်းသည်ကား လက်ကိုဖြတ်ခြင်း ခြေကိုဖြတ်ခြင်း ရိုက်ခြင်း ဖွဲ့နှောင်ခြင်း နှောင်အိမ်သို့ သွင်းခြင်းစသော အထူးထူးပြုခြင်း သတ်ခြင်း ဇီဝိတိန္ဒြေအစဉ်ကို ဖျက်ခြင်းတည်း၊ ဤဖိနှိပ်ထိုက်သောသူကို ဖိနှိပ်ရာ၏ဟူသော စကားသည် မြတ်စွာဘုရားအား မသင့်တော်၊ မြတ်စွာဘုရားသည်လည်း ဤစကားကို ဆိုတော်မူခြင်းငှါ မထိုက်၊ အသျှင်ဘုရားနာဂသေန "လောက၌ သူတပါးကို မညှဉ်းဆဲသူသည် ချစ်ထိုက်သူ မြတ်နိုးထိုက်သူ ဖြစ်လတ္တံ့"ဟု အကယ်၍ မြတ်စွာဘုရားသည် ဟောသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ ဖိနှိပ်ထိုက်သောသူကို ဖိနှိပ်ရာ၏၊ချီးမြှောက်ထိုက်သောသူကို ချီးမြှောက်ရာ၏ဟူသော စကားသည် မှားရာ၏၊ဖိနှိပ်ထိုက်သူကို ဖိနှိပ်ရာ၏ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ရာ၏ဟူသော ဤစကားကို အကယ်၍မြတ်စွာဘုရား ဟောတော်မူအပ်သည် ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "လောက၌ သူတပါးကို မညှဉ်းဆဲသူသည် ချစ်ထိုက်သူ မြတ်နိုးထိုက်သူ ဖြစ်လတ္တံ့"ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ်“လောက၌ သူတပါးကို မညှဉ်းဆဲသူသည် ချစ်ထိုက်သူ မြတ်နိုးထိုက်သူ ဖြစ်လတ္တံ့”ဟု ဤစကားကို မြတ်စွာဘုရားအား ဟောတော်မူအပ်၏၊ “ဖိနှိပ်ထိုက်သောသူကို ဖိနှိပ်ရာ၏၊ ချီးမြှောက်ထိုက်သောသူကို ချီးမြှောက်ရာ၏”ဟူ၍လည်း ဟောတော်မူအပ်၏၊ မင်းမြတ် “လောက၌ သူတပါးကိုမညှဉ်းဆဲသောသူသည် ချစ်ထိုက်သူ မြတ်နိုးထိုက်သူ ဖြစ်လတ္တံ့”ဟူသော ဤစကားတော်သည် အလုံးစုံသော မြတ်စွာဘုရားတို့၏ အနူးအညွတ် ခွင့်လွှတ်လိုလားသော စကားတော်ပေတည်း၊ ဤစကားတော်သည် ဆုံးမရိုးစကားတော်ပေတည်း၊ ဤစကားတော်သည် တရားဒေသနာဟောရိုးပေတည်း၊မင်းမြတ် ထိုစကား ဟုတ်မှန်၏၊ တရားတော်သည် မညှဉ်းဆဲ မနှိပ်စက်ခြင်း လက္ခဏာရှိ၏၊ ဤစကားတော်သည် သဘောဟုတ်မှန်သော စကားတော်ပေတည်း၊ မင်းမြတ် “ဖိနှိပ်ထိုက်သူကို ဖိနှိပ်ရာ၏၊ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ရာ၏”ဟူသော အကြင်စကားကို မြတ်စွာဘုရား ဟောတော်မူ၏၊ ဤစကားတော်သည် လောကအလေ့အလာ ဆိုရိုးစကားတည်း၊မင်းမြတ် တက်ကြွသောစိတ်ကို ဖိနှိပ်ရာ၏၊ တွန့်ဆုတ်သောစိတ်ကို ချီးမြှောက်ရာ၏၊ အကုသိုလ်စိတ်ကို ဖိနှိပ်ရာ၏၊ ကုသိုလ်စိတ်ကို ချီးမြှောက်ရာ၏၊ မသင့်လျော်သော နှလုံးသွင်းကို ဖိနှိပ်ရာ၏၊ သင့်လျော်သော နှလုံးသွင်းကို ချီးမြှောက်ရာ၏၊ မှားယွင်းသောအကျင့်ကို ဖိနှိပ်ရာ၏၊ မှန်ကန်သောအကျင့်ကို ချီးမြှောက်ရာ၏၊ သူတော် မဟုတ် သူယုတ်ကို ဖိနှိပ်ရာ၏၊ သူတော် သူမြတ်ကို ချီးမြှောက်ရာ၏၊ ခိုးသူကို ဖိနှိပ်ရာ၏၊ ခိုးသူမဟုတ်သူကို ချီးမြှောက်ရာ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ရှိပါစေတော့၊ယခုအခါ၌ အသျှင်ဘုရားသည် အကျွန်ုပ်၏ အရာအခွင့်သို့ ရှေးရှုရောက်လာလတ်ပြီ၊ အကျွန်ုပ်သည် အကြင် ဖိနှိပ်ခြင်းမျိုးကို မေးပါ၏၊ အကျွန်ုပ်၏ ထိုမေးလိုသော အဓိပ္ပါယ်သည် ဆိုက်ရောက်လာပါ၏၊ အသျှင်ဘုရားနာဂသေန ခိုးသူကို ဖိနှိပ်လိုသောသူသည် အဘယ်သို့ ဖိနှိပ်အပ်ပါသနည်းဟု (လျှောက်၏)။မင်းမြတ် ခိုးသူကို ဖိနှိပ်လိုသောသူသည် ဤသို့ဖိနှိပ်ရာ၏၊ဆဲရေး ရေရွတ်ထိုက်သူကို ဆဲရေး ရေရွတ်ရာ၏၊ ဒဏ်ပေးထိုက်သူကို ဒဏ်ပေးရာ၏၊ နှင်ထုတ်ထိုက်သူကို နှင်ထုတ်ရာ၏၊ ချုပ်နှောင်ထိုက်သူကို ချုပ်နှောင်ရာ၏၊ သတ်ထိုက်သူကို သတ်ရာ၏ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ခိုးသူတို့အား သတ်ခြင်းကို မြတ်စွာဘုရားတို့ အနူးအညွတ် ခွင့်လွှတ်အပ်ပါသလောဟု(လျှောက်၏)။မင်းမြတ် မဟုတ်ပါဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရားတို့သည် ခိုးသူကို ဆုံးမကာမြစ်အပ်၏ဟု အဘယ့်ကြောင့် ခွင့်ပြုတော်မူအပ်ပါသနည်းဟု (လျှောက်၏)။ မင်းမြတ် သတ်ထိုက်သော ခိုးသူကို မြတ်စွာဘုရားတို့၏ အလိုတော်ဖြင့် သတ်အပ်သည်မဟုတ်၊ မိမိပြုအပ်သော ခိုးမှုကြောင့်သာ ထိုခိုးသူကို သတ်အပ်၏၊ တနည်းသော်ကား တရားနှင့်လျော်သော အဆုံးအမ (ဥပဒေအာဏာ) ဖြင့်သာ ဆုံးမကာမြစ်အပ်၏၊ မင်းမြတ် သင်သည် ပြုလုပ်သူမဟုတ်သော အပြစ်ကင်းသော ခရီးလမ်း၌ သွားသောယောကျ်ားကို ဘမ်း၍ သတ်ခြင်းငှါ တတ်နိုင်ပါအံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား သတ်ခြင်းငှါ မတတ်ကောင်းပါဟု (လျှောက်၏)။ မင်းမြတ် အဘယ်အကြောင်းကြောင့်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ပြုလုပ်သူ မဟုတ်သောကြောင့်ပါတည်းဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ခိုးသူကို မြတ်စွာဘုရားတို့၏ အလိုတော်ဖြင့် သတ်အပ်သည် မဟုတ်၊ ကိုယ်တိုင်ပြုအပ်သော အမှုကြောင့်သာ ထိုခိုးသူကို သတ်အပ်၏၊ အသို့နည်း၊ ဤခိုးသူကို သတ်ရာ၌ (ဤအမှုကို ကျူးလွန်လျှင် အပြစ်ဖြစ်သည်ဟု) ဆုံးမခံသောသူသည် တစုံတခုသော အပြစ်သို့ ရောက်ထိုက်ပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရောက်ထိုက်ပါဟု (လျှောက်၏)။ မင်းမြတ် သို့ဖြစ်လျှင် မြတ်စွာဘုရားတို့၏ အဆုံးအမသည် ကောင်းသော အဆုံးအမပင်ဖြစ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား

http://www.dhammadownload.com



နာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

တဆယ့်တခုမြောက် အဟိံသာနိဂ္ဂဟပဥ္စာ ပြီး၏။

---

## ၁၂-ဘိက္ခုပဏ္ဏာမိတပဥ္စာ

### (ရဟန်းတို့ကို မြတ်စွာဘုရား နှင်ထုတ်ခြင်း ပြဿနာ)

၁၂။ အသျှင်ဘုရားနာဂသေန "ငါဘုရားသည် အမျက်ထွက်လေ့မရှိ ကင်းသောဒုစရိုက် ကြောင့် သစ်ငုတ်ရှိ၏"ဟု ဤစကားကို မြတ်စွာဘုရားဟောတော်မူအပ်၏၊ တဖန်လည်း မြတ်စွာဘုရား သည်အသျှင်သာရိပုတြာ အသျှင်မဟာမောဂ္ဂလာန်မထေရ်တို့ကို ပရိသတ်နှင့်တကွ နှင်ထုတ်တော် မူ၏၊ အသျှင်ဘုရားနာဂသေန အသို့ပါနည်း မြတ်စွာဘုရားသည် အမျက်ထွက်သည်ဖြစ်၍ ပရိသတ် ကို နှင်ထုတ်တော်မူပါသလော၊ သို့မဟုတ် ကြေနပ်နှစ်သက်သည်ဖြစ်၍ နှင်ထုတ်တော်မူပါသလော၊ ရှေးဦးစွာ ဤအကြောင်းကို ဤမည်သော အကြောင်းဟု သိတော်မူပါဦးလော့၊ အသျှင်ဘုရား နာဂသေန အမျက်ထွက်သည်ဖြစ်၍ အကယ်၍ နှင်ထုတ်တော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ မြတ်စွာ ဘုရားသည် အမျက်ထွက်မှုကို မနုတ်ပယ်အပ်သေး၊ ကြေနပ်နှစ်သက်သည်ဖြစ်၍ အကယ်၍ နှင်ထုတ် တော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ အကြောင်းမဟုတ်ရာ၌ မသိသဖြင့် နှင်ထုတ်တော်မူအပ်၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင် ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "ငါဘုရားသည် အမျက်ထွက်လေ့မရှိ ဒုစရိုက်ကြောင့် သစ်ငုတ်ကင်း၏"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ အသျှင်သာရိပုတြာ အသျှင်မဟာမောဂ္ဂလာန်မထေရ်တို့ကို လည်း ပရိသတ်နှင့်တကွ နှင်ထုတ်တော်မူ၏၊ ထိုသို့နှင်ထုတ်ခြင်းသည်ကား အမျက်ထွက်ခြင်း ကြောင့် နှင်ထုတ်တော်မူသည်မဟုတ်၊ မင်းမြတ် ဤလောက၌ တစုံတယောက်သော ယောကျ်ား သည် သစ်မြစ်ကြောင့်သော်ငြား သစ်ငုတ်ကြောင့်သော်ငြား ကျောက်ကြောင့်သော်ငြား အိုးခြမ်း ကွဲကြောင့်သော်ငြား မညီမညွတ်သော မြေအဘို့ကြောင့်သော်ငြား မြေကြီးပေါ်၌ ချော်၍လဲကျ၏၊ မင်းမြတ် မြေကြီးသည် အမျက်ထွက်သည်ဖြစ်၍ ထိုသူကို လဲစေသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါ၊ မြေကြီးအား အမျက်ဒေါသသည်ငြား ဝမ်းမြောက်ကြည်ရွှင်ခြင်းသည်ငြား မရှိပါ၊ မဟာပထဝီမြေကြီးသည် ချစ်ခြင်း မုန်းခြင်းမှ လွတ်ပါ၏၊ ထိုညံ့ဖျင်းသူသည် မိမိအ လိုလိုသာလျှင် ချော်၍လဲပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရား တို့အား အမျက်ထွက်ခြင်းသည်ငြား ကြည်လင်ရွှင်ပျခြင်းသည်ငြား မရှိပါ၊ ပူဇော်အထူးကို ခံတော် မူထိုက်ကုန်သော (သစ္စာလေးပါးတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာ ဘုရားတို့သည် ချစ်ခြင်း မုန်းခြင်းမှ လွတ်တော်မူကုန်၏၊ စင်စစ်သော်ကား ကိုယ်တိုင်ပြုအပ်သော မိမိ၏အပြစ်ကြောင့်သာလျှင် ထိုသူတို့ကို နှင်ထုတ်အပ်ကုန်၏။

မင်းမြတ် ဤလောက၌ မဟာသမုဒ္ဒရာသည် သေသော အကောင်ပုပ်နှင့် အတူမနေ၊ မဟာ သမုဒ္ဒရာ၌ အကြင်သေသော အကောင်ပုပ်သည် ရှိ၏၊ ထိုသေသော အကောင်ပုပ်ကို လျင်စွာ သာလျှင် ထုတ်ပယ်၏၊ ကုန်းသို့ (ဟင်ပွို) ဖယ်ရှား၏၊ မင်းမြတ် မဟာသမုဒ္ဒရာသည် အမျက်

http://www.dhammadownload.com



ထွက်သည်ဖြစ်၍ ထိုအကောင်ပုပ်ကို ထုတ်ပယ်သလေသဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါ၊ မဟာသမုဒ္ဒရာအား အမျက်ထွက်ခြင်းသည်၎င်း ကြည်လင်ရွှင်ပျခြင်းသည်၎င်း မရှိပါ၊ မဟာသမုဒ္ဒရာသည် ချစ်ခြင်း မုန်းခြင်းမှ လွတ်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားတို့အား အမျက်ထွက်ခြင်းသည်၎င်း ကြည်လင်ရွှင်ပျခြင်းသည်၎င်း မရှိ၊ ပူဇော် အထူးကိုခံတော်မူထိုက်ကုန်သော (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားတို့သည် ချစ်ခြင်း မုန်းခြင်းမှ လွတ်တော်မူကုန်၏၊ စင်စစ်သော်ကား ကိုယ်တိုင်ပြုအပ် သော မိမိ၏အပြစ်ကြောင့်သာလျှင် ထိုသူတို့ကို နှင်ထုတ်အပ်ကုန်၏။

မင်းမြတ် မြေ၌ ချော်သည်ဖြစ်၍ လဲကျသကဲ့သို့ ထို့အတူ မြတ်စွာဘုရား သာသနာတော် မြတ်၌ ချော်သည်ဖြစ်၍ နှင်ထုတ်အပ်၏၊ မင်းမြတ် မဟာသမုဒ္ဒရာ၌ အသေကောင်ပုပ်ကို ထုတ်ပယ် သကဲ့သို့ ထို့အတူ မြတ်စွာဘုရား သာသနာတော်မြတ်၌ ချွတ်ချော်သူကို နှင်ထုတ်အပ်၏။ မင်းမြတ် မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ အကျိုးကို အလိုရှိတော်မူ၍ အစီးအပွါးကို အလိုရှိတော်မူ၍ ချမ်းသာခြင်းကို အလိုရှိတော်မူ၍ စင်ကြယ်ခြင်းကို အလိုရှိတော်မူ၍ "ဤသို့ နှင်ထုတ်သဖြင့် ဤရဟန်းတို့သည် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းတို့မှ လွတ်ကုန်လတ္တံ့"ဟု နှလုံးသွင်း လျက် နှင်ထုတ်တော်မူ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

တဆယ့်နှစ်ခုမြောက် ဘိက္ခုပဏာမိတပဉှာ ပြီး၏။

## သုံးခုမြောက် ပဏာမိတဝဂ် ပြီး၏။

ဤပဏာမိတဝဂ်၌ အမေးပုစ္ဆာပြဿနာ တဆယ့်နှစ်ပါးတို့တည်း။

http://www.dhammadownload.com

# ၄-သဗ္ဗညုတဉာဏဝဂ်

## ၁-ဋ္ဌဒ္ဓိကမ္မဝိပါကပဥှာ

### (တန်ခိုးနှင့်ကံ၏ အကျိုး ပြဿနာ)

၁။ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ ငါဘုရား၏ တပည့်ဖြစ်သော တန်ခိုးကြီးသော ရဟန်းတို့တွင် မဟာမောဂ္ဂလာန်သည် အမြတ်ဆုံးတည်း"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ တဖန်လည်း ထိုအသျှင်မဟာမောဂ္ဂလာန်သည် ဆောက်ပုတ်တို့ဖြင့်(ခိုးသားငါးရာတို့) ရိုက်ပုတ်ခံရသည်ဖြစ်၍ ဦးခေါင်းတော်ကွဲလျက် အရိုးအသား ညက်ညက်ကြေပြီးလျှင် အကြောပြတ်သော ကိုယ်ရှိသည်ဖြစ်၍ ပရိနိဗ္ဗာန် ပြုတော်မူရသတတ်၊ အသျှင်ဘုရားနာဂသေန မဟာမောဂ္ဂလာန်မထေရ်သည် တန်ခိုး၏ အထွတ်အထိပ်သို့ ရောက်သည်ဖြစ်ပါမူ ဆောက်ပုတ်တို့ဖြင့် အရိုက်အပုတ်ခံရသည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုတော်မူရ၏ဟူသော ထိုစကားသည် မှားရာ၏၊ ဆောက်ပုတ်တို့ဖြင့် အရိုက်အပုတ်ခံရသည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုရသည်ဖြစ်ပါမူ တန်ခိုး၏ အထွတ်အထိပ်သို့ ရောက်၏ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ မိမိအား နှိပ်စက်သတ်ဖြတ်ခြင်းကို တန်ခိုးဖြင့် ဟန့်တားပယ်မြစ်ခြင်းငှါ မစွမ်းနိုင်လေသလော၊ နတ်နှင့်တကွသော လူအပေါင်း၏လည်း ကိုးကွယ်ရာဖြစ်ခြင်းငှါ ထိုက်တော်မူသည် မဟုတ်ပါလောဟု အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် ရဟန်းတို့ ငါဘုရား၏ တပည့်ဖြစ်သော တန်ခိုးကြီးသော ရဟန်းတို့တွင် မဟာမောဂ္ဂလာန်သည် အမြတ်ဆုံးတည်း"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ အသျှင်မဟာမောဂ္ဂလာန်သည်လည်း ဆောက်ပုတ်ဖြင့် အရိုက်အပုတ်ခံရသည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုတော်မူရ၏၊ ထိုဆောက်ပုတ်ဒဏ်ကြောင့် ပရိနိဗ္ဗာန်ပြုရခြင်းသည်လည်း အကုသိုလ်ကံ ဖိစီးနှိပ်စက်ခံရသောကြောင့် ဖြစ်ရပေ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန တန်ခိုးကြီးသောသူ၏ တန်ခိုးအရာနှင့် ကံ၏အကျိုး နှစ်ပါးစုံတို့သည် မကြံစည်အပ်သော အရာတို့ချည်း မဟုတ်ပါကုန်လော၊ မကြံစည်အပ်သော တန်ခိုးဖြင့် မကြံစည်အပ်သော ကံအကျိုးကို ပယ်နိုင်ရမည် မဟုတ်ပါလော၊ အသျှင်ဘုရား ဥပမာအားဖြင့် အသီးကို အလိုရှိသော အချို့သူတို့သည် သီးသီးဖြင့် သီးသီးကို ပစ်ခတ်ကုန်၏၊ သရက်သီးဖြင့် သရက်သီးကို ပစ်ခတ်ကုန်၏၊ အသျှင်ဘုရားနာဂသေန ဤအတူသာလျှင် မကြံစည်အပ်သော တန်ခိုးဖြင့် မကြံစည်အပ်သော ကံအကျိုးကို ပစ်ခတ်၍ ပယ်နိုင်ရမည် မဟုတ်ပါလောဟု (လျှောက်၏)။ မင်းမြတ် မကြံစည်အပ်သည်ချည်း ဖြစ်သော်လည်း တပါးသည် အတိုင်းထက် အလွန် အားကြီးလှ၏၊ မင်းမြတ် ဥပမာအားဖြင့် မြေအပြင်၌ တူမျှသော ဇာတ်ရှိကုန်သော မင်းတို့သည် ရှိကုန်၏၊ တူမျှသော ဇာတ်ရှိကုန်သော ထိုမင်းတို့တွင်လည်း တဦးသော မင်းသည် အလုံးစုံသော မင်းတို့ကို လွှမ်းမိုးလွန်ကဲ၍ အာဏာစက်ကို ဖြစ်စေ၏၊ မင်းမြတ် ဤအတူသာလျှင် ထိုမကြံစည်အပ်သော အရာတို့တွင် ကံ၏အကျိုးသည်သာလျှင် အတိုင်းထက်အလွန် အားကြီးလှ၏၊ ကံ၏အကျိုးသည်သာလျှင် အလုံးစုံသော အစိန္တိယအရာတို့ကို လွှမ်းမိုး၍ အာဏာကို ဖြစ်စေ၏၊ အကုသိုလ်ကံ နှိပ်စက်သောသူအား (ကံမှ)ကြွင်းသော အမှုမျိုးတို့သည် အခွင့်မရနိုင်ကုန်။

http://www.dhammadownload.com



မင်းမြတ် ဤလောက၌ တစုံတယောက်သော ယောကျ်ားသည် တစုံတခုသော အရာ၌ ကျူးလွန်ပြစ်မှား၏၊ ထိုကျူးလွန်ပြစ်မှားသော ယောကျ်ား၏ အမိသည်၎င်း အဖသည်၎င်း ညီမ အစ်မတို့သည်၎င်း ညီအစ်ကိုတို့သည်၎င်း အဆွေခင်ပွန်းတို့သည်၎င်း အပေါင်းအဖော်တို့သည်၎င်း မစောင့်ရှောက်နိုင်ကုန်၊ စင်စစ်သော်ကား မင်းသည်သာလျှင် ထိုယောကျ်ားအမှု၌ လွှမ်းမိုး၍ အာဏာကို ဖြစ်စေ၏၊ ထိုအရာ၌ မင်းအာဏာဖြစ်ကြောင်းကား အဘယ့်ကြောင့်နည်း၊ ထိုယောကျ်ား၏ အပြစ်ကျူးလွန်မိသည်၏ အဖြစ်ကြောင့်တည်း၊ မင်းမြတ် ဤအတူသာလျှင် ထိုကြံစည်အပ်သော အရာတို့တွင် ကံ၏အကျိုးသည်သာလျှင် အတိုင်းထက်အလွန် အားကြီးလှ၏၊ ကံ၏အကျိုးသည်သာလျှင် အလုံးစုံသော အစိန္တိယအရာတို့ကို လွှမ်းမိုး၍ အာဏာကို ဖြစ်စေ၏၊ အကုသိုလ်ကံ နှိပ်စက်သောသူအား (ကံမှ)ကြွင်းသော အမှုမျိုးတို့သည် အခွင့်မရနိုင်ကုန်။

မင်းမြတ် ဥပမာတနည်း သော်ကား မြေအပြင်၌ တောမီး တောက်လောင်လဘ်သော် အိုးတထောင် ရေသည်လည်း ငြိမ်းစေခြင်းငှါ မတတ်နိုင်၊ စင်စစ်သော်ကား မီးသည်သာလျှင် ထိုအရာ၌ လွှမ်းမိုး၍ အာဏာကို ဖြစ်စေ၏၊ ထိုအရာ၌ အကြောင်းကား အဘယ့်ကြောင့်နည်း၊ မီး၏ အားကြီးသောကြောင့်ပါတည်း၊ မင်းမြတ် ဤအတူသာလျှင် ထိုမကြံစည်အပ်သော အရာတို့တွင် ကံ၏အကျိုးသည်သာလျှင် အတိုင်းထက်အလွန် အားကြီးလှ၏၊ ကံ၏အကျိုးသည်သာလျှင် အလုံးစုံသော အစိန္တိယအရာတို့ကို လွှမ်းမိုး၍ အာဏာကို ဖြစ်စေ၏၊ အကုသိုလ်ကံ နှိပ်စက်သောသူအား (ကံမှ)ကြွင်းသော အမှုမျိုးတို့သည် အခွင့်မရနိုင်ကုန်။ မင်းမြတ် ထို့ကြောင့် အကုသိုလ်ကံ နှိပ်စက်သည်ဖြစ်၍ ဆောက်ပုတ်တို့ဖြင့် အရိုက်အပုတ်ခံရသော အသျှင်မဟာမောဂ္ဂလာန်အား ဆောင်စွမ်းနိုင်မှု မဖြစ်နိုင်တော့ပေဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ရှေးဦးစွာသော ဣဒ္ဓိကမ္မဝိပါကပဉှာ ပြီး၏။

---

## ၂-ဓမ္မဝိနယပဋိစ္ဆန္နာပဋိစ္ဆန္နပဉှာ

### (ဓမ္မဝိနယကို ဖုံးထားသင့် မထားသင့် ပြဿနာ)

၂။ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ မြတ်စွာဘုရား ဟောကြားတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းသည် ဖွင့်ထားသော်သာလျှင် တင့်တယ်၏၊ ဖုံးထားခဲ့သော် မတင့်တယ်"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏၊ တဖန်လည်း ပါတိမောက်ပြခြင်းကို၎င်း အလုံးစုံသော ဝိနည်းပိဋကတ်ကို၎င်း ပိတ်ထားအပ်၏၊ ဖုံးထားအပ်၏၊ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရား သာသနာတော်၌ သင့်လျော်သော အခွင့်ကို၎င်း လျောက်ပတ်သော အခွင့်ကို၎င်း အကယ်၍ ရခဲ့မူ ဝိနည်းပညတ်တော်သည် ဖွင့်ထားသော်သာ တင့်တယ်ရာ၏၊ အဘယ်အကြောင်းကြောင့် တင့်တယ်ရာသနည်း၊ ထိုဝိနည်းပိဋကတ်၌ အကျင့်သိက္ခာ စောင့်စည်းမှု ရှောင်ကြဉ်မှု သီလဂုဏ်နှင့် အကျင့်အာစာရကို ပညတ်မှုအပြင် အတ္ထရသ ဓမ္မရသ ဝိမုတ္တိရသတို့ အပြည့်အစုံ ရှိသောကြောင့်တည်း၊ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ မြတ်စွာဘုရား ဟောကြားတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းသည် ဖွင့်ထားသော်သာလျှင် တင့်တယ်၏၊ ဖုံးလွှမ်းခဲ့သော် မတင့်တယ်"ဟု မြတ်စွာဘုရား ဟောတော်မူသည်ဖြစ်ပါမူ "ပါတိမောက်ပြခြင်းကို၎င်း အလုံးစုံသော ဝိနည်းပိဋကတ်ကို၎င်း ပိတ်ထားအပ်၏၊ ဖုံးထားအပ်၏"ဟူသော စကားသည် မှားရာ၏၊

http://www.dhammadownload.com



ပါတိမောက်ပြခြင်းကိုရင်း အလုံးစုံသော ဝိနည်းပိဋကတ်ကိုရင်း ပိတ်ထားအပ်၏၊ ဖုံးထားအပ်၏ဟု ဟောတော်မူသည်ဖြစ်ပါမူ "ရဟန်းတို့ မြတ်စွာဘုရား ဟောကြားတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းသည် ဖွင့်ထားသော်သာလျှင် တင့်တယ်၏၊ ဖုံးထားခဲ့သော် မတင့်တယ်"ဟူသော စကားသည်လည်း မှားရာ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "ရဟန်းတို့ မြတ်စွာဘုရား ဟောကြားတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းသည် ဖွင့်ထားသော်သာလျှင် တင့်တယ်၏၊ ဖုံးထားခဲ့သော် မတင့်တယ်"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ တဖန်လည်း ပါတိမောက်ပြခြင်းကိုရင်း အလုံးစုံသော ဝိနည်းပိဋကတ်ကိုရင်း ပိတ်ထားအပ်၏၊ ဖုံးထားအပ်၏၊ ထိုသို့ ပိတ်ဖုံးထားသော်လည်း ထိုပိတ်ဖုံးခြင်းသည်ကား အလုံးစုံတို့အား ပိတ်ဖုံးထားသည် မဟုတ်ပေ၊ အပိုင်းအခြားပြု၍ ပိတ်ဖုံးထားအပ်၏။

မင်းမြတ် အကြောင်းသုံးမျိုးဖြင့် ပါတိမောက်ပြခြင်းကို အပိုင်းအခြားပြု၍ မြတ်စွာဘုရားသည် ပိတ်ထားတော်မူအပ်၏၊ ရှေးဘုရားတို့၏ အစဉ်အလာ၏ အစွမ်းကြောင့် ပါတိမောက်ပြခြင်းကို အပိုင်းအခြားပြု၍ ပိတ်ထားတော်မူအပ်၏၊ ပါတိမောက်တရားတော်၏ အလေးပြုအပ်သည်၏ အဖြစ်ကြောင့် (ပါတိမောက်ပြခြင်းကို) ပိတ်ထားတော်မူအပ်၏၊ ရဟန်းအဖြစ်၏ အလေးပြုအပ်သည်၏ အဖြစ်ကြောင့် (ပါတိမောက်ပြခြင်းကို) ပိတ်ထားတော်မူအပ်၏။

ရှေးဘုရားတို့၏ အစဉ်အလာ၏ အစွမ်းကြောင့် ပါတိမောက်ပြခြင်းကို အပိုင်းအခြားပြု၍ အသို့ ပိတ်ထားအပ်သနည်း၊ မင်းမြတ် ရဟန်းတို့အလယ်၌ ပါတိမောက်ပြ၍ ရဟန်းမှကြဉ်သောသူတို့အား ပိတ်ထားခြင်းသည် အလုံးစုံသော ရှေးဘုရားတို့၏ အစဉ်အလာပေတည်း၊ မင်းမြတ် ဥပမာအားဖြင့် မင်းတို့၏ ခတ္တိယမာယာသည် မင်းတို့၌သာလျှင် ဖြစ်၏၊ ဤသို့လျှင် မင်းတို့၏ လောကအစဉ်အလာကို ကြဉ်သော လူတို့အား ပိတ်ထားအပ်၏၊ မင်းမြတ် ဤအတူသာလျှင် ရဟန်းတို့အလယ်၌ ပါတိမောက်ပြ၍ ရဟန်းမှ ကြဉ်သော သူတို့အား ပိတ်ထားခြင်းသည် အလုံးစုံသော ရှေးဘုရားတို့၏ အစဉ်အလာပေတည်း။

မင်းမြတ် ဥပမာတနည်းသော်ကား မြေအပြင်၌ မလ္လာဂိုဏ်း အတောဏဂိုဏ်း ပဗ္ဗတဂိုဏ်း ဓမ္မဂိရိယဂိုဏ်း ဗြဟ္မဂိရိယဂိုဏ်း နဋကဂိုဏ်း နစ္စကဂိုဏ်း လင်္ဃကဂိုဏ်း ပိသာစဂိုဏ်း မဏိဘဒ္ဒဂိုဏ်း ပုဏ္ဏဘဒ္ဒဂိုဏ်း စန္ဒိမ သူရိယဂိုဏ်း သိရိဒေဝတာဂိုဏ်း ကာလိဒေဝတာဂိုဏ်း သိဝဂိုဏ်း ဝသုဒေဝဂိုဏ်း ဃနိကာဂိုဏ်း အသိပါသဂိုဏ်း ဘဒ္ဒိပုတ္တဂိုဏ်း ဟူသော ဂိုဏ်းတို့သည် ရှိကုန်၏။ ထိုထိုဂိုဏ်း လျှို့ဝှက်ချက်သည် ထိုထိုဂိုဏ်းတို့၌သာလျှင် ဖြစ်၏၊ ကြဉ်သောဂိုဏ်းတို့အား ပိတ်ထားအပ်၏။ မင်းမြတ် ဤအတူသာလျှင် ရဟန်းတို့အလယ်၌ ပါတိမောက်ကိုပြ၍ ရဟန်းမှ ကြဉ်သော သူတို့အား ပိတ်ထားခြင်းသည် အလုံးစုံသော ရှေးဘုရားတို့၏ အစဉ်အလာတည်း။ ဤသို့လျှင် ရှေးဘုရားတို့၏ အစဉ်အလာ၏ အစွမ်းကြောင့် ပါတိမောက်ပြခြင်းကို အပိုင်းအခြားပြု၍ ပိတ်ထားအပ်၏။

ပါတိမောက်တရားတော်၏ အလေးပြုအပ်သည်၏ အဖြစ်ကြောင့် ပါတိမောက်ပြခြင်းကို အပိုင်းအခြားပြု၍ အဘယ်သို့ ပိတ်ထားအပ်သနည်းဟူမူ—မင်းမြတ် ပါတိမောက်တရားတော်သည် လေး၏၊ တာဝန်ကြီး၏၊ ထိုပါတိမောက်တရားတော်၌ မှန်ကန်စွာ လိုက်နာကျင့်ကြံသူသည် အရဟတ္တဖိုလ်သို့ ရောက်နိုင်၏၊ ထိုပါတိမောက်၌ အဆက်ဆက်မှန်ကန်စွာ လိုက်နာကျင့်ကြံသည်၏ အဖြစ်ကြောင့် ထိုအရဟတ္တဖိုလ်သို့ ရောက်နိုင်၏၊ ထိုပါတိမောက်၌ အဆက်ဆက် မှန်ကန်စွာ

http://www.dhammadownload.com



မလိုက်နာ မကျင့်ကြံသည်၏ အဖြစ်ကြောင့် ထိုအရဟတ္တဖိုလ်သို့မရောက်နိုင်၊ ဤအနှစ်နှင့် ပြည့်စုံသောတရား မြတ်သောတရားသည် မှန်ကန်စွာ လိုက်နာကျင့်ကြံလေ့ မရှိကုန်သော သူတို့၏ လက်သို့ ရောက်သည်ရှိသော် အထင်သေးအပ်သည် မထေမဲ့မြင် ပြုအပ်သည် ရှုတ်ချအပ်သည် အပြစ်တင်အပ်သည် ကဲ့ရဲ့အပ်သည် မဖြစ်ပါစေလင့်၊ ဤအနှစ်နှင့် ပြည့်စုံသောတရား မြတ်သောတရားသည် သူယုတ်မာတို့ထံသို့ ရောက်သည်ရှိသော် အထင်သေးအပ်သည် မထေမဲ့မြင် ပြုအပ်သည် ရှုတ်ချအပ်သည် အပြစ်တင်အပ်သည် ကဲ့ရဲ့အပ်သည် မဖြစ်စေသတည်း၊ ဤသို့ တရားတော်၏ အလေးအမြတ်ပြုအပ်သည်၏ အဖြစ်ကြောင့် ပါတိမောက်ပြခြင်းကို အပိုင်းအခြားပြု၍ ပိတ်ထားအပ်၏။

မင်းမြတ် ဥပမာအားဖြင့် အနှစ်ဖြစ်၍ အမြတ်ဆုံး ဖြစ်၍ ကောင်းစွာ ပေါက်ရောက်သော အမျိုးဇာတ်ရှိသော ရဲရဲနီသော စန္ဒကူးနံ့သာမည်သည်ကား လူရိုင်းတို့၏ လက်သို့ ရောက်သည်ရှိသော် အထင်သေးအပ်သည် မထေမဲ့မြင်ပြုအပ်သည် ရှုတ်ချအပ်သည် အပြစ်တင်အပ်သည် ကဲ့ရဲ့အပ်သည် ဖြစ်၏၊ မင်းမြတ် ဤအတူသာလျှင် ဤအနှစ်နှင့် ပြည့်စုံသောတရား မြတ်သောတရားသည် အဆက်ဆက်မှန်ကန်စွာ ပြုကျင့်လေ့မရှိကုန်သော သူတို့၏ လက်သို့ ရောက်သည်ရှိသော် အထင်သေးအပ်သည် မထေမဲ့မြင်ပြုအပ်သည် ရှုတ်ချအပ်သည် အပြစ်တင်အပ်သည် ကဲ့ရဲ့အပ်သည် မဖြစ်ပါစေလင့်၊ ဤအနှစ်နှင့် ပြည့်စုံသောတရား မြတ်သောတရားသည် သူယုတ်တို့၏ လက်သို့ ရောက်သည်ဖြစ်၍ အထင်သေးအပ်သည် မထေမဲ့မြင်ပြုအပ်သည် ရှုတ်ချအပ်သည် အပြစ်တင်အပ်သည် ကဲ့ရဲ့အပ်သည် မဖြစ်ပါစေလင့်၊ ဤသို့သျှင် တရားတော်၏ အလေးပြုအပ်သည်၏ အဖြစ်ကြောင့် ပါတိမောက်ပြခြင်းကို အပိုင်းအခြားပြု၍ ပိတ်ထားအပ်၏။

ရဟန်းအဖြစ်၏ အလေးအမြတ်ပြုအပ်သောကြောင့် ပါတိမောက်ပြခြင်းကို အပိုင်းအခြားပြု၍ အဘယ်သို့ ပိတ်ထားအပ်သနည်း ဟူမူ—မင်းမြတ် စင်စစ် လောက၌ ရဟန်း၏ အဖြစ်သည် မချိန်စက်နိုင်၊ မနှိုင်းနိုင်၊ အဘိုးမဖြတ်နိုင်၊ တစုံတယောက်သောသူသည် အဘိုးဖြတ်ခြင်းငှါ ချိန်စက်ခြင်းငှါ နှိုင်းရှည့်ခြင်းငှါ မတတ်ကောင်း၊ ဤသို့ သဘောရှိသော ရဟန်းအဖြစ်၌တည်သော ဤရဟန်းသည် နတ်လူအပေါင်းနှင့် တူဘန်ညီမျှသည် မဖြစ်ပါစေသတည်းဟု နှလုံးသွင်း၍ ရဟန်းတို့၏ အတွင်း၌သာလျှင် ပါတိမောက်ပြခြင်းသည် ဖြစ်၏။ မင်းမြတ် ဥပမာအားဖြင့် လောက၌ အမြတ်ဆုံး ဘဏ္ဍာဟူသော အဝတ်သော်လည်းဖြစ်စေ အခင်းသော်လည်းဖြစ်စေ ဆင် မြင်း ရထား ရွှေ ငွေ ပတ္တမြား ပုလဲ မိန်းမရတနာစသည် တို့သော်လည်းဖြစ်စေ ရန်အောင်နိုင်သော အမှု၌ ရဲရင့်ကုန်သူတို့သော်လည်း ဖြစ်စေ ထိုအလုံးစုံတို့သည် မင်းထံသို့ ရောက်ရကုန်၏၊ မင်းမြတ် ဤအတူသာလျှင် လောက၌ မုခပါဌ်ပါဠိတော်ကို သင်ကြားမှု ကျင့်ကြံမှု ဂုဏ်ကျေးဇူးကို ဆုံးမမှု သီလစောင့်စည်းမှုဟူသော ဂုဏ်ကျေးဇူးဟူသမျှ အားလုံးတို့သည် ရဟန်းသံဃာထံသို့ ဆိုက်ရောက်ရကုန်၏၊ ဤသို့သျှင် ရဟန်းအဖြစ်၏ အလေးပြုအပ်သည်၏ အဖြစ်ကြောင့် ပါတိမောက်ပြခြင်းကို အပိုင်းအခြားပြု၍ ပိတ်ထားအပ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့သျှင် ဤစကားကို ထိုသို့ ဆိုတော်မူဘိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

နှစ်ခုမြောက် ဓမ္မဝိနယပဋိစ္ဆန္နာပဋိစ္ဆန္နပဥှာ ပြီး၏။

http://www.dhammadownload.com



## ၃-မုသာဝါဒဂရုလဟုဘာဝပဥှာ

### (မုသားစကား၏ အလေးအပေါ့ဖြစ်ပုံ ပြဿနာ)

၃။ အသျှင်ဘုရားနာဂသေန "သိလျက် မုသားစကားကို ပြောဆိုခြင်းကြောင့် သာသနာတော်မှ ဆုံးရှုံး၏"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ "သိလျက် မုသားစကားကို ပြောဆိုခြင်းကြောင့် ရဟန်းတဦး၏ အထံ၌ ဒေသနာကြားခြင်းလျှင် အကြောင်းရင်းရှိသော လဟုကအာပတ်သို့ ရောက်၏"ဟူ၍လည်း တဖန် ဟောတော်မူပြန်၏။ အသျှင်ဘုရားနာဂသေန မုသားစကားတမျိုးကို ပြောဆိုခြင်းကြောင့် သာသနာတော်မှ အရင်းအမြစ် ပြတ်၏၊ မုသားစကားဘမျိုးကို ပြောဆိုခြင်းကြောင့် ကုစားခြင်းနှင့် တကွဖြစ်၏ဟူသော ဤမုသားနှစ်မျိုး တို့၌ အထူးကား အဘယ်ပါနည်း၊ အကြောင်းကား အဘယ်ပါနည်း၊ အသျှင်ဘုရားနာဂသေန "သိလျက် မုသားစကားကို ပြောဆိုခြင်းကြောင့် သာသနာတော်မှ ဆုံးရှုံး၏"ဟု အကယ်၍ ဟောတော်မူသည်ဖြစ်အံ့၊ ထိုသို့ ဖြစ်ပါမူ "သိလျက် မုသားစကားကို ပြောဆိုခြင်းကြောင့် ရဟန်းတဦး၏ အထံ၌ ဒေသနာကြားခြင်းလျှင် အကြောင်းရင်းရှိသော လဟုကပါစိတ်အာပတ်သို့ ရောက်၏"ဟူသော စကားသည် မှားရာ၏၊ သိလျက် မုသားစကားကို ပြောဆိုခြင်းကြောင့် ရဟန်းတဦး၏ အထံ၌ ဒေသနာကြားခြင်းလျှင် အကြောင်းရင်းရှိသော လဟုကအာပတ်သို့ ရောက်၏၊ မြတ်စွာဘုရားသည် အကယ်၍ ဟောတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ "သိလျက် မုသားစကားကို ပြောဆိုခြင်းကြောင့် သာသနာတော်မှ ဆုံးရှုံး၏"ဟူသော ထိုစကားသည်လည်း မှားရာ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "သိလျက် မုသားစကားကို ပြောဆိုခြင်းကြောင့် သာသနာတော်မှ ဆုံးရှုံး၏" ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ "သိလျက် မုသားစကားကို ပြောဆိုခြင်းကြောင့် ရဟန်းတဦး၏ အထံ၌ ဒေသနာကြားခြင်းလျှင် အကြောင်းရင်းရှိသော လဟုက အာပတ်သို့ ရောက်၏"ဟူသော စကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်၏၊ ထိုသို့ဟောခြင်းသည်ကား လွန်ကျူးပြောဆိုသော အကြောင်းရင်းဝတ္ထု၏ အစွမ်းဖြင့် ဂရုက လဟုက ဖြစ်၏၊ မင်းမြတ် ထိုဆိုလတ္တံ့သောစကားကို အသို့မှတ်ထင်သနည်း၊ ဤလောက၌ တစုံတယောက်သော ယောကျ်ားသည် လူတဦးအား လက်ဖြင့် ရိုက်ပုတ်ငြားအံ့၊ ထိုယောကျ်ားအား သင်တို့သည် အဘယ်မျှသော ဒဏ်ကို ဆောင်စေကုန်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိုအရိုက်ခံရသူသည် "သည်းမခံနိုင်ပါ"ဟု အကယ်၍ ဆိုအံ့၊ သည်းမခံသည်ရှိသော် ထိုရိုက်သောသူအား အကျွန်ုပ်တို့သည် အသပြာဒဏ်ကို ဆောင်စေပါကုန်၏ဟု (လျှောက်၏)။

မင်းမြတ် ဤလောက၌ ထိုယောကျ်ားသည်ပင်လျှင် သင်မင်းမြတ်အား လက်ဖြင့် ရိုက်ပုတ်ငြားအံ့၊ ထိုယောကျ်ားအား အဘယ်ဒဏ် ထိုက်သနည်းဟု (မေးတော်မူ၏)၊ အသျှင်ဘုရား ထိုယောကျ်ား၏ လက်ကိုသော်လည်း ဖြတ်စေကုန်ရာပါ၏၊ ခြေကိုသော်လည်း ဖြတ်စေကုန်ရာပါ၏၊ ဦးခေါင်းပြတ်သည်တိုင်အောင် ဖြတ်စေကုန်ရာပါ၏၊ ရိုက်သောယောကျ်ား၏ အိုးအိမ်အားလုံးကိုသော်လည်း ဖျက်ဆီးစေကုန်ရာပါ၏၊ ဆွေမျိုးနှစ်ဖက်၌ အမျိုးခုနစ်ဆက်တိုင်အောင်သော်လည်း သတ်ဖြတ် ဖျက်ဆီးစေကုန်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် တဦးသောသူအား လက်ဖြင့် ရိုက်ပုတ်ရာ၌ အနည်းငယ်သော အသပြာမျှဒဏ်တပ်ခြင်းနှင့် သင့်အား လက်ဖြင့်ရိုက်ပုတ်ရာ၌

http://www.dhammadownload.com



လက်ဖြတ်ခြင်း ခြေဖြတ်ခြင်း ဦးခေါင်းဖြတ်ခြင်း အိုးအိမ်အားလုံးကို သိမ်းယူခြင်း ဆွေမျိုး နှစ်ဖက်၌ အမျိုးခုနစ်ဆက်တိုင် သတ်ဖြတ်ဖျက်ဆီးခြင်းဟူသော ဤအပြစ်ဒဏ်ပေးခြင်း နှစ်မျိုး၌ အထူးကား အဘယ်နည်း၊အကြောင်းကား အဘယ်နည်းဟု(မေးတော်မူ၏)။အသျှင်ဘုရား လွန်ချင်း ထူးခြားသောကြောင့်ပါတည်းဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် သိလျက် မုသား စကားကို ပြောဆိုခြင်းသည် အကြောင်းရင်း ဝတ္ထု၏ အစွမ်းဖြင့် ဂရုက လဟုက ဖြစ်၏ဟု (မိန့်တော်မူ၏)။အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော် မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

သုံးခုမြောက် မုသာဝါဒဂရုလဟုဘာဝပဥှာ ပြီး၏။

---

## ၄-ဗောဓိသတ္တဓမ္မတာပဥှာ

### (ဘုရားလောင်းဓမ္မတာ ပြဿနာ)

၄။ အသျှင်ဘုရားနာဂသေန ဓမ္မတာအပြားကို ဆိုရာ တရားဒေသနာတော်၌ "(ဗျာဒိတ်ကြားရာ) ရှေးဦးစွာ၌ပင် ဘုရားလောင်းတို့၏ အမိအဖတို့သည် မြဲကုန်၏၊ သမ္ဗုဒ္ဓဉာဏ်တော်သည် မြဲ၏၊ အဂ္ဂသာဝကတို့သည် မြဲကုန်၏၊ သားတော်သည် မြဲ၏၊ အလုပ်အကျွေးသည် မြဲ၏"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ တဖန် ဘုရားလောင်းသည် "တုသိတာနတ်အဖြစ်၌ တည်လျက် ရှစ်ပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်၏၊ ဘုရားဖြစ်ရန် အခါကို ကြည့်၏၊ ဘုရားဖြစ်ရာ ကျွန်းကို ကြည့်၏၊ ဖွားတော်မူရာ အရပ်ကို ကြည့်၏၊ ဖြစ်ရာ အမျိုးဇာတ်ကို ကြည့် ၏၊ မယ်တော်ကို ကြည့်၏၊ အသက်အပိုင်းအခြားကို ကြည့်၏၊ ဖွားမည့် လ ကို ကြည့်၏၊ တောထွက်ခြင်းကို ကြည့်၏"ဟု အသျှင်ဘုရားတို့ ဆိုတော်မူကြပြန်ပါကုန်၏၊ အသျှင်ဘုရားနာဂ သေန ဉာဏ်မရင့်ကျက်ခဲ့သော် သိမြင်နိုင်ခြင်း မရှိပေ၊ ဉာဏ်ရင့်ကျက်သည်ရှိသော် အကြောင်း အရာထူးကိုလည်း ဆိုင်းငံ့ခြင်းငှါ မတတ်ကောင်း၊ ရင့်ကျက်သောစိတ်ကို မလွန်အပ်၊ အဘယ့် ကြောင့် ဘုရားလောင်းသည် "အဘယ်အခါ၌ ငါဖြစ်ရအံ့နည်း"ဟု အခါကို ကြည့်ရလေသနည်း၊ ဉာဏ်မရင့်ကျက်ခဲ့သော် သိမြင်နိုင်ခြင်း မရှိပေ၊ ဉာဏ်ရင့်ကျက်သည်ရှိသော် အကြောင်းအရာ အထူးကိုလည်း ဆိုင်းငံ့ခြင်းငှါမတတ်ကောင်း၊အဘယ့်ကြောင့် ဘုရားလောင်းသည် အဘယ်အမျိုး၌ ငါဖြစ်ရအံ့နည်း"ဟု အမျိုးကို ကြည့်ရလေသနည်း၊ အသျှင်ဘုရားနာဂသေန (ဗျာဒိတ်ကြားရာ) ရှေးဦးစွာ၌ပင် ဘုရားလောင်း၏ အမိအဖတို့သည် အကယ်၍ မြဲကုန်သည် ဖြစ်အံ့၊ ထိုသို့ဖြစ်မူ "အမျိုးကို ကြည့်၏"ဟူသော စကားသည် မှားရာ၏၊ အမျိုးကို အကယ်၍ ကြည့်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ "(ဗျာဒိတ်ကြားရာ) ရှေးဦးစွာ၌ပင် ဘုရားလောင်း၏ အမိအဖတို့သည် မြဲကုန်၏" ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါ လော့ဟု (လျှောက်၏)။

မင်းမြတ်(ဗျာဒိတ်ကြားရာ)ရှေးဦးစွာ၌ပင် ဘုရားလောင်း၏ အမိအဖတို့သည် မြဲကုန်၏၊ ဘုရား လောင်းသည် အမျိုးကိုလည်း ကြည့်ပေ၏၊အဘယ်သို့လျှင် အမျိုးကို ကြည့်ပေသနည်း "ငါ၏ အမိ အဖတို့သည် မင်းမျိုးတို့လော၊ သို့မဟုတ် ပုဏ္ဏားမျိုးတို့လော"ဟု ဤသို့လျှင် ဘုရားလောင်းသည် အမျိုးကို ကြည့်ပေ၏။

http://www.dhammadownload.com



မင်းမြတ် ရှစ်ယောက်ကုန်သော သူတို့သည် အနာဂတ်အရေးကို ရှေးမဆွကပင် ကြည့်ရှုအပ်၏၊ အဘယ်ရှစ်ယောက်တို့နည်း၊မင်းမြတ် ကုန်သည်သည် ရောင်းရန်ဥစ္စာကို ရှေးမဆွကပင်ကြည့်အပ်၏၊ ဆင်ပြောင်ကြီးသည် နှာမောင်းဖြင့် မရောက်မီ ခရီးကို ကြည့်အပ်၏၊ လှည်းကုန်သည်သည် အနာဂတ် (လှည်းစခန်း)ဆိပ်ကို ရှေးမဆွကပင် ကြည့်အပ်၏၊ လှေသူကြီးသည် မရောက်သေးသောကမ်းကို ရှေးမဆွကပင် ကြည့်၍ လှေကို လှော်အပ်၏၊ ဆေးသမားသည် ရှေးမဆွကပင် အသက်ကို ကြည့်၍ သူနာထံသို့ ချဉ်းကပ်အပ်၏၊ တံတားကို ကူးသောသူသည် ရှေးမဆွကပင် ခိုင်သည် မခိုင်သည် အဖြစ်ကို သိပြီးမှ ကက်အပ်၏၊ ရဟန်းသည် ရှေးမဆွကပင် မရောက်သေးသော အခါကို ဆင်ခြင်၍ သုံးဆောင်ဖွယ်ကို သုံးဆောင်အပ်၏၊ဘုရားလောင်းတို့သည် ရှေးမဆွကပင် မင်းမျိုးကိုရင်း ပုဏ္ဏားမျိုးကိုရင်း ကြည့်အပ်၏၊ မင်းမြတ် ဤရှစ်ယောက်သော သူတို့သည် အနာဂတ်အရေးကို ရှေးမဆွကပင် ကြည့်ရှုအပ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

လေးခုမြောက် ဗောဓိသတ္တဓမ္မတာပဥ္စာ ပြီး၏။

---

## ၅-အတ္တနိပါတနပဥ္စာ

### (မိမိကိုယ်ကို သတ်ခြင်းနှင့်စပ်သော ပြဿနာ)

၅။ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ မိမိကိုယ်ကို မသတ်အပ်၊ အကြင် ရဟန်းသည် သတ်ငြားအံ့၊ အပြစ်အားလျော်စွာ ပြုစေအပ်၏"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူ၏၊ တဖန်လည်း "အမှတ်မရှိသော အရပ်၌ မြတ်စွာဘုရားသည် တပည့်သားတို့အား တရားဟောတော်မူသည်ရှိသော် အကြောင်းအမျိုးမျိုးဖြင့် ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်းကို အကြွင်းမဲ့ ဖြတ်ခြင်းငှါ တရားဟောတော်မူအပ်၏၊ အမှတ်မရှိသောသူသည် ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်းကို ကောင်းစွာ လွန်မြောက်၏၊ ထိုသူကို လွန်ကဲစွာသော ချီးမွမ်းခြင်းဖြင့် ချီးမွမ်း၏"ဟု အသျှင်ဘုရားတို့ ဆိုတော်မူကုန်၏၊ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ မိမိကိုယ်ကို မသတ်အပ်၊ အကြင်ရဟန်းသည် သတ်ငြားအံ့၊ အပြစ်အားလျော်စွာ ပြုစေအပ်၏" ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ"ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်းကို အကြွင်းမဲ့ ဖြတ်ခြင်းငှါ တရားဟောတော်မူ၏"ဟူသော ထိုစကားသည် မှားရပါ၏၊ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်းကို အကြွင်းမဲ့ ဖြတ်ခြင်းငှါ တရားကို အကယ်၍ ဟောတော်မူသည် ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ"ရဟန်းတို့ မိမိကိုယ်ကို မသတ်အပ်၊ အကြင်ရဟန်းသည် သတ်ငြားအံ့၊ အပြစ်အားလျော်စွာ ပြုစေအပ်၏" ဟူသော ထိုစကားသည်လည်း မှားရပါ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "ရဟန်းတို့ မိမိကိုယ်ကို မသတ်အပ်၊ အကြင်ရဟန်းသည် သတ်ငြားအံ့၊ အပြစ်အားလျော်စွာ ပြုစေအပ်၏"ဟု ဤစကားကို မြတ်စွာဘုရားသည် ဟောတော်မူအပ်၏၊ အမှတ်မရှိသော အရပ်၌ မြတ်စွာဘုရားသည် တပည့်သားတို့အား တရားဟောတော်မူသည် ရှိသော် အကြောင်းအမျိုးမျိုးဖြင့် ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်းကို အကြွင်းမဲ့ ဖြတ်ခြင်းငှါ တရားဟောတော်မူ၏၊ ထိုသို့ဟောရာ၌ အကြင်အကြောင်းဖြင့် မြတ်စွာဘုရားသည် ပယ်လည်း

http://www.dhammadownload.com



ပယ်တော်မူ၏၊ ဆောက်တည်လည်း ဆောက်တည်စေတော်မူ၏၊ ထိုအကြောင်းကား ရှိပေ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ဤအရာ၌ အကြင်အကြောင်းဖြင့် မြတ်စွာဘုရားသည် ပယ်လည်း ပယ်တော်မူ၏၊ဆောက်တည်လည်း ဆောက်တည်စေတော်မူ၏၊ထိုအကြောင်းသည် အဘယ်ပါနည်းဟု (မေးလျှောက်၏)။ မင်းမြတ် သီလရှိသူ သီလနှင့်ပြည့်စုံသူသည် သတ္တဝါတို့၏ ကိလေသာ အဆိပ်ကို ဖျက်ဆီးရာ၌ အဆိပ်ဖြေဆေးနှင့် တူပေ၏၊ သတ္တဝါတို့၏ ကိလေသာအနာကို ကင်းငြိမ်းစေရာ၌ ပဉ္စောသဆေးနှင့် တူ၏၊သတ္တဝါတို့၏ ကိလေသာမြူအညစ်အကြေးကို ဆေးကြောရာ၌ ရေနှင့် တူ၏၊ သတ္တဝါတို့အား အလုံးစုံသော စည်းစိမ်ချမ်းသာကို ပေးရာ၌ ပတ္တမြားရတနာနှင့် တူ၏၊ သတ္တဝါတို့အား ဩဃလေးပါးတို့မှ ကမ်းတဖက်သို့ ကူးရာ၌ လှေနှင့် တူ၏၊ သတ္တဝါတို့အား ဇာတိခရီးခဲမှ ကယ်တင်ရာ၌ လှည်းမှူးနှင့် တူ၏၊ သတ္တဝါတို့အား သုံးပါးသော သောကမီးပူကို ငြိမ်းစေရာ၌ လေနှင့်တူ၏၊ သတ္တဝါတို့၏ စိတ်နှလုံးကို ပြည့်စေရာ၌ မိုးကြီးနှင့် တူ၏၊ သတ္တဝါတို့အား ကုသိုလ်ကို ကျင့်စေရာ၌ ဆရာနှင့် တူ၏၊ သတ္တဝါတို့အား ဘေးကင်းသာခရီးကို ပြောကြားရာ၌ ကောင်းသောခရီးညွှန်နှင့် တူ၏၊ မင်းမြတ် ဤသို့သဘောရှိသော များသော ကျေးဇူးရှိသော တပါးမက ကျေးဇူးရှိသော အတိုင်းမသိ ကျေးဇူးရှိသော ကျေးဇူးအစု ကျေးဇူးအပုံ ဖြစ်သော သတ္တဝါတို့ ကြီးပွါးအောင် ပြုနိုင်သော သီလရှိသောသူသည် "မပျက်စီးပါစေလင့်"ဟု သတ္တဝါတို့အား သနားတော်မူသဖြင့် "ရဟန်းတို့ မိမိကိုယ်ကို မသတ်အပ်၊ အကြင်ရဟန်းသည် သတ်ငြားအံ့၊ အပြစ်အားလျော်စွာ ပြုစေအပ်၏"ဟု မြတ်စွာဘုရားသည် သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ မင်းမြတ် အကြင်အကြောင်းဖြင့် မြတ်စွာဘုရားသည် ပယ်တော်မူ၏၊ ဤသည်ပင် ဤအရာ၌ အကြောင်းတည်း။ မင်းမြတ် ပါယာသိရာဇညမင်းအား တမလွန်လောကကို ဆောင်ပြတော်မူသော ဆန်းကြယ်သော တရားစကားကို ဟောကြားတော်မူဘတ်သော ကုမာရကဿပမထေရ်သည်—"ရာဇညမင်း အကြင် အကြင်သို့သော အခြင်းအရာဖြင့် သီလ ရှိကုန်သော ကောင်းသော သဘောရှိကုန်သော သမဏဗြာဟ္မဏတို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး တည်နေကုန်၏၊ ထိုထိုသို့သော အခြင်းအရာဖြင့် ကုသိုလ်များစွာ ပွါးစီးကုန်၏၊ များစွာသော လူတို့၏ အစီးအပွါးရှိခြင်းငှါ များစွာသော လူတို့၏ ချမ်းသာခြင်းငှါ လောကကို အစဉ်စောင့်ခြင်းငှါ နတ်လူတို့၏ အကျိုးဖြစ်ခြင်းငှါ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်ကုန်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

အဘယ်အကြောင်းကြောင့် မြတ်စွာဘုရားသည် ဆောက်တည်စေသနည်းဟူမူ—မင်းမြတ် ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲ၏၊ အိုရခြင်းသည်လည်း ဆင်းရဲ၏၊ နာရခြင်းသည်လည်း ဆင်းရဲ၏၊သေရခြင်းသည်လည်း ဆင်းရဲ၏၊ ပူဆွေးရခြင်းသည်း ဆင်းရဲ၏၊ ငိုကြွေးရခြင်းသည်လည်း ဆင်းရဲ၏၊ ကိုယ်ဆင်းရဲခြင်းသည်လည်း ဆင်းရဲ၏၊ စိတ်ဆင်းရဲခြင်းသည်လည်း ဆင်းရဲ၏၊ ပြင်းစွာ ပင်ပန်းခြင်းသည်လည်း ဆင်းရဲ၏၊ မချစ်သူတို့နှင့် ပေါင်းဖော်ရခြင်းသည်လည်း ဆင်းရဲ၏၊ ချစ်သူတို့နှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏၊အမိသေခြင်းသည်လည်း ဆင်းရဲ၏၊ အဖသေခြင်းသည်လည်း ဆင်းရဲ၏၊အစ်ကိုသေခြင်းသည်လည်း ဆင်းရဲ၏၊နှမသေခြင်းသည်လည်း ဆင်းရဲ၏၊သားသမီး သေခြင်းသည်လည်း ဆင်းရဲ၏၊မယားသေခြင်းသည်လည်း ဆင်းရဲ၏၊ကျေးကျွန် သေခြင်းသည်လည်း ဆင်းရဲ၏၊ ဆွေမျိုးသေခြင်းသည်လည်း ဆင်းရဲ၏၊ အဆွေအမျိုးပျက်စီးခြင်းသည်လည်း ဆင်းရဲ၏၊ အနာရောဂါ နှိပ်စက်ဖျက်ဆီးခြင်းသည်လည်း ဆင်းရဲ၏၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းသည်လည်း

http://www.dhammadownload.com



ဆင်းရဲ၏၊ အကျင့်သီလ ပျက်စီးခြင်းသည်လည်း ဆင်းရဲ၏၊ အယူမှားယွင်း ပျက်စီးခြင်းသည်လည်း ဆင်းရဲ၏၊ မင်းမှဖြစ်သော ဘေးသည်လည်း ဆင်းရဲ၏၊ ခိုးသူမှဖြစ်သော ဘေးသည်လည်း ဆင်းရဲ၏၊ ရန်သူမှဖြစ်သော ဘေးသည်လည်း ဆင်းရဲ၏၊ ငတ်မွတ်ခြင်းဘေးသည်လည်း ဆင်းရဲ၏၊ မီးဘေးသည်လည်း ဆင်းရဲ၏၊ ရေဘေးသည်လည်းဆင်းရဲ၏၊ လှိုင်းတံပိုးဘေးသည်လည်း ဆင်းရဲ၏၊ ရေဝဲဂယ်သော ဘေးသည်လည်း ဆင်းရဲ၏၊ မိကျောင်းဘေးသည်လည်း ဆင်းရဲ၏၊ ငါးရဲဘေးသည်လည်း ဆင်းရဲ၏၊ မိမိကိုယ်ကို မိမိ စွပ်စွဲခြင်းဘေးသည်လည်း ဆင်းရဲ၏၊ မိမိကိုယ်ကို သူတပါးစွပ်စွဲခြင်း ဘေးသည်လည်း ဆင်းရဲ၏၊ ဒဏ်သင့်ခြင်း ဘေးသည်လည်း ဆင်းရဲ၏၊ မကောင်းသော ဂတိဘေး သည်လည်း ဆင်းရဲ၏၊ ပရိသတ်ကို ကြောက်ရွံ့ခြင်း ဘေးသည်လည်း ဆင်းရဲ၏၊ အခြားသူတို့ကိုမှီ၍ အသက်မွေးရခြင်းဘေးသည်လည်း ဆင်းရဲ၏၊ သေရခြင်း ဘေးသည်လည်း ဆင်းရဲ၏၊ ကြိမ်လုံးတို့ဖြင့် ရိုက်နှက်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ အဆူးရှိသောကြိမ်တို့ဖြင့် ရိုက်နှက်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ လေးတောင့်ထက်ဝက် တုတ်တိုတို့ဖြင့် ရိုက်နှက်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ လက်ဖြတ် ခံရခြင်းသည်လည်း ဆင်းရဲ၏၊ ခြေဖြတ်ခံရခြင်းသည်လည်း ဆင်းရဲ၏။ လက်ခြေဖြတ် ခံရခြင်း သည်လည်း ဆင်းရဲ၏၊ နားဖြတ်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ နှာခေါင်းဖြတ် ခံရခြင်းသည်လည်း ဆင်းရဲ၏၊ နားနှာခေါင်းဖြတ် ခံရခြင်းသည်လည်း ဆင်းရဲ၏၊ (ဦးခေါင်းခွံတွင် သံပူခဲထည့်၍ ကျိုက်ကျိုက်ဆူသော) ပုန်းရည်အိုးကဲ့သို့ ပြုလုပ်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ (ဦးခေါင်းခွံကိုခွါ၍) ခရုသင်းကဲ့သို့ ဦးခေါင်းပြည်းအောင် ပြုလုပ်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ (လ နေကို ငုံသော) ရာဟုခံတွင်းကဲ့သို့ ပြုလုပ်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ (ကိုယ်ကိုဆီပတ်ရစ်၍) မီးပန်းကဲ့သို့ ပြုလုပ်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ လက်၌ (ဆီပတ်ရစ်၍) ဆီမီးခွက်ကဲ့သို့ ပြုလုပ်ခံရခြင်းသည် လည်း ဆင်းရဲ၏၊ လည်မျိုမှ ဖမျက်တိုင် အရေကို ခွါဆုတ်လျက် ပိန်းရွက်ကဲ့သို့ ပြုလုပ်ခံရခြင်း သည်လည်း ဆင်းရဲ၏၊ အရေကို ခွါဆုတ်လျက် လျှော်တေကဲ့သို့ ပြုလုပ်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ ခြေလက်၌ သံကွင်းတပ် သံချောင်းနှက်၍ မီးရှို့လျက် လေးဖက်ထောက်သွား ဧကိသားကဲ့သို့ ပြုလုပ်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ နှစ်ဖက်သွား သံမြှားချိတ်ဖြင့် အရေအသား အကြောကို ခွါစေ၍ အရိုးကြဲကြဲရှိအောင် ပြုလုပ်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ ထက်သော ပဲခွပ်ဖြင့် တကျပ်သားမျှ ကျစေလျက် အသားရွှေခံရခြင်းသည်လည်း ဆင်းရဲ၏၊ လှံစသည်ဖြင့် မွှမ်း၍ ဆပ်ပြာဆားတို့ဖြင့် ပက်ဖြူးခံရခြင်းသည်လည်း ဆင်းရဲ၏၊ ဘေးစောင်းအိပ်စေလျက် တံသင်းနှက်၍ တံခါးကျည်းကဲ့သို့ အလှည့်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ အရေမဆုတ်ပဲ အရိုးကို ညက်စွာထုကာ ပစ်ချ၍ ကောက်ရိုးခွေကဲ့သို့ ပြုလုပ်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ ဆီပူဖြင့် သွန်းလောင်းခံရခြင်းသည်လည်း ဆင်းရဲ၏၊ ခွေးစားခံရခြင်းသည်လည်း ဆင်းရဲ၏၊ အသက်ရှင်စဉ် တံကျင်အလျှိုခံရခြင်းသည်လည်း ဆင်းရဲ၏၊ သန်လျက်ဖြင့် ဦးခေါင်းကို အဖြတ်ခံရခြင်း သည်လည်း ဆင်းရဲ၏၊ မင်းမြတ် ဤသို့သဘောရှိကုန်သော များသောအပြားရှိကုန်သော တပါးမကများကုန်သော ဆင်းရဲမျိုးတို့ကို သံသရာ၌ ကျင်လည်သောသူသည် အစဉ်ခံစားနေရ၏။

မင်းမြတ် ဥပမာအားဖြင့် ဟိမဝန္တာတောင်၌ သည်းစွာရွာသောမိုးရေသည် ဂင်္ဂါမြစ်၌ ကျောက်ခဲ ကျောက်စရစ် ကြမ်းသောသဲကျောက် ရေဝဲလှိုင်း တံပိုး ကံသင်း ဆည်ရိုး သစ်မြစ် သစ်ခက်တို့ကို ထက်ဝန်းကျင် ဖိစီးလွှမ်းမိုး၏၊ မင်းမြတ် ဤဒုက္ခသာလျှင် ဤသို့ သဘော ရှိကုန်သော များသော အပြားရှိကုန်သော တပါးမကများကုန်သော ဆင်းရဲမျိုးတို့ကို သံသရာ၌ ကျင်လည်သောသူသည် အစဉ်ခံစား နေရ၏၊ မင်းမြတ် ဝဋ်အစဉ်ဖြစ်ခြင်းသည် ဆင်းရဲ၏၊ ဝဋ်အစ

http://www.dhammadownload.com



ပြတ်ခြင်းသည် ချမ်းသာ၏၊ မင်းမြတ် ဝဋ်အစဉ်ပြတ်ခြင်း၏ ဂုဏ်ကျေးဇူးကိုင်း ဝဋ်အစဉ်ဖြစ်ခြင်း၏ ဘေးကိုင်း ပြတော်မူလျက် မြတ်စွာဘုရားသည် ဝဋ်အစဉ်ပြတ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်းကို လွန်မြောက်ခြင်းငှါ ကောင်းစွာ ဆောက်တည်စေ၏၊ မင်းမြတ် အကြင်အကြောင်းဖြင့် မြတ်စွာဘုရားသည် ကောင်းစွာ ဆောက်တည်စေ၏၊ ဤဆောက်တည်စေခြင်းသည် ဤအရာ၌ အကြောင်းတည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ပြဿနာကို ကောင်းစွာ ဖြေရှင်းအပ်ပါပေ၏၊ အကြောင်းကို ကောင်းစွာ ပြောဆိုနိုင်ပါပေ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ငါးခုမြောက် အတ္တနိပါတနပဉှာ ပြီး၏။

---

## ၆-မေတ္တာဘာဝနာနိသံသပဉှာ

### (မေတ္တာပွါးများအကျိုး ပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ (ကောဝစသည်မှ) စိတ်၏ထွက်မြောက်ကြောင်း ဖြစ်သော မေတ္တာကို အဖန်တလဲလဲ မှီဝဲသည်ရှိသော် ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် ယာဉ်ကဲ့သို့ပြုသည်ရှိသော် မှီရာကဲ့သို့ပြုသည်ရှိသော် စွဲမြဲ၍တည်ခဲ့သော် ပွါးစီးစေအပ်သော် ကောင်းစွာအားထုတ်သည်ရှိသော် တဆယ့်တပါးသော အကျိုးအာနိသင်တို့ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်ကုန်၏၊ အဘယ်တဆယ့်တပါးတို့နည်း ဟူမူ—ချမ်းသာစွာ အိပ်ရ၏၊ ချမ်းသာစွာ နိုးရ၏၊ ယုတ်ညံ့သောအိပ်မက်ကို မမြင်မက်၊ လူတို့ချစ်၏၊ နတ်တို့ချစ်၏၊ နတ်တို့စောင့်ရှောက်ကုန်၏၊ ထို (မေတ္တာပွါးများသော) သူအား မီးသည်၎င်း အဆိပ်သည်၎င်း လက်နက်သည်၎င်း မကျရောက်နိုင်၊ လျင်စွာ စိတ်တည်ကြည်၏၊ မျက်နှာအဆင်းသည် အထူးကြည်လင်၏၊ မတွေမဝေသေရ၏၊ ဈာန်မှအလွန်ဖြစ်သော မင်္ဂဖိုလ်ကို ထိုးထွင်း၍ မသိနိုင်ခဲ့သော် ဗြဟ္မာ့ပြည်တိုင်အောင် ရောက်နိုင်၏"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏၊ တဖန်လည်း "မေတ္တာဖြင့်နေလေ့ရှိသော သာမ သတို့သားသည် သမင်အပေါင်းခြံရံလျက် (မိဂသမ္မဒါမြစ်အနီး) တောတွင်း၌ လှည့်လည်လတ်သော် ပီဠိယက္ခမင်းသည် ဆိပ်လူးမြားဖြင့် ပစ်အပ်သည်ဖြစ်ရကား ထိုပစ်သောနေရာ၌ပင်လျှင် မိန်းမော၍ လဲကျလေပြီ"ဟု အသျှင်ဘုရားတို့ ဆိုတော်မူပါကုန်၏။

အသျှင်ဘုရားနာဂသေန "ရဟန်းတို့ မေတ္တာဖြင့်။ပ။ ဗြဟ္မာ့ပြည်တိုင်အောင် ရောက်နိုင်၏"ဟု မြတ်စွာဘုရားသည် အကယ်၍ ဟောတော်မူအပ်သည်ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ "မေတ္တာဖြင့်နေလေ့ရှိသော သာမသတို့သားသည် သမင်အပေါင်းခြံရံလျက် (မိဂသမ္မဒါမြစ်အနီး) တောတွင်း၌ လှည့်လည်လတ်သော် ပီဠိယက္ခမင်းသည် ဆိပ်လူးမြားဖြင့် ပစ်အပ်သည်ဖြစ်ရကား ထိုပစ်သော နေရာ၌ပင်လျှင် မိန်းမော၍လဲကျလေပြီ" ဟူသော စကားသည် မှားရာပါ၏၊ မေတ္တာဖြင့်နေလေ့ရှိသော သာမသတို့သားသည် သမင်အပေါင်းခြံရံလျက် (မိဂသမ္မဒါမြစ်အနီး) တောတွင်း၌ လှည့်လည်လတ်သော် ပီဠိယက္ခမင်းသည် ဆိပ်လူးမြားဖြင့် ပစ်အပ်သည်ဖြစ်ရကား ထိုပစ်သော နေရာ၌ပင် မိန်းမောကာအကယ်၍ လဲကျသည်ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ "ရဟန်းတို့ မေတ္တာဖြင့်။ပ။ ထိုသူ့အား လက်နက်သည် မကျရောက်နိုင်" ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ အစွန်း

http://www.dhammadownload.com



နှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အလွန်သိမ်မွေ့လှပါ၏၊ ထက်ဝန်းကျင် နူးညံ့ပါ၏၊ သိမ်မွေ့လှပါ၏၊ နက်နဲပါ၏၊ အလွန်သိမ်မွေ့သော ပညာရှိတို့သော်လည်း ကိုယ်၌ ချွေးယိုထွက်စေရာပါ၏၊ ထိုပြဿနာသည် အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ များစွာသော အရှုပ်အထွေးတို့ဖြင့် ရှုပ်ထွေးသော ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့၊ လာလတ္တံ့သော မြတ်စွာဘုရား သားတော်တို့အား ငြိမ်းအေးစေခြင်းငှါ ပညာမျက်စိကို ပေးတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "ရဟန်းတို့ မေတ္တာဖြင့်။ပ။ ထို (မေတ္တာပွါးများသော) သူအား လက်နက်သည် မကျရောက်နိုင်"ဟု ထိုစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ မေတ္တာဖြင့်နေလေ့ရှိသော သာမ သတို့သားသည် သမင်အပေါင်းခြံရံလျက် (မိဂသမ္မဒါမြစ်အနီး) တောတွင်း၌ လှည့်လည်လတ်သော် ပီဠိယက္ခမင်းသည် ဆိပ်လူးမြှားဖြင့် ပစ်အပ်သည်ဖြစ်၍ ထိုပစ်သော နေရာ၌ပင် မိန်းမောကာ လဲကျပေ၏၊ မင်းမြတ် ထိုအရာ၌ အကြောင်းရှိပေ၏၊ ထိုအရာ၌ အကြောင်းကား အဘယ်နည်းဟူမူ—မင်းမြတ် ဤချမ်းသာစွာ အိပ်ရခြင်းစသော ဂုဏ်ကျေးဇူးတို့သည် ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးတို့ မဟုတ်ကုန်၊ ဤ(ချမ်းသာစွာ အိပ်ရခြင်းစသော) ဂုဏ်ကျေးဇူးတို့သည် မေတ္တာဘာဝနာ၏ ဂုဏ်ကျေးဇူးတို့တည်း၊ မင်းမြတ် သာမ သတို့သားသည် ရေအိုးကို ချီမ၍ ထိုချီမခိုက်၌ မေတ္တာပွါးများမှု မေ့လျော့ခဲ့၏။

မင်းမြတ် အကြင်ခဏ၌ ပုဂ္ဂိုလ်သည် မေတ္တာကို ဆိုက်ရောက်ပွါးများ၏၊ ထိုခဏ၌ ထိုပုဂ္ဂိုလ်အား မီးသည်၎င်း အဆိပ်သည်၎င်း လက်နက်သည်၎င်း မကျရောက်၊ ထိုမေတ္တာပွါးများသော သူ၏ အစီးအပွါးမဲ့ကို အလိုရှိကုန်သော အမှတ်မရှိကုန်သော သူတို့သည် ကပ်ရောက်လာကုန်သော် ထို(မေတ္တာပွါးများသော)သူကို မမြင်ရကုန်၊ထို(မေတ္တာပွါးများသော)အခိုက်၌ အခွင့်ကို မရကုန်၊ မင်းမြတ် ဤ(ချမ်းသာစွာ အိပ်ရခြင်းစသော) ဂုဏ်ကျေးဇူးတို့သည် ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးတို့ မဟုတ်ကုန်၊ ဤဂုဏ်ကျေးဇူးတို့သည် မေတ္တာပွါးများခြင်း၏ ဂုဏ်ကျေးဇူးတို့ပေတည်း၊ မင်းမြတ် ဤလောက၌ စစ်သားသည် မကွဲမပျက်သော ချပ်ဝတ်တန်ဆာကွန်ရက်ကိုဝတ်၍ စစ်မြေပြင်သို့ သက်ဆင်းရာ၏၊ ပစ်လိုက်သော မြှားတို့သည် ထိုစစ်သားထံသို့ ရောက်လာကုန်သော် ပြန်၍ ကျကုန်၏၊ ပြန့်ကြဲကုန်၏၊ ထိုချပ်ဝတ်တန်ဆာကို ဖွဲ့ဝတ်ထားခိုက်၌ မြှားမှန်ခွင့်ကို မရကုန်၊ မင်းမြတ် အကြင် ဂုဏ်ကျေးဇူးကြောင့် ပစ်လိုက်သော မြှားတို့သည် ထိုစစ်သားထံသို့ ကပ်ရောက်လာကုန်သော် ပြန်၍ကျကုန်၏၊ ပြန့်ကြဲကုန်၏၊ ဤ(မြှားမစူးသော) ဂုဏ်ကျေးဇူးသည် စစ်သား၏ ဂုဏ်ကျေးဇူးမဟုတ်၊ မကွဲမပျက်သော ချပ်ဝတ်တန်ဆာကွန်ရက်၏ ဂုဏ်ကျေးဇူးပေတည်း၊ မင်းမြတ် ဤအတူသာလျှင် ဤ(ချမ်းသာစွာ အိပ်ရခြင်းစသော) ဂုဏ်ကျေးဇူးတို့သည် ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးတို့ မဟုတ်ကုန်၊ ဤဂုဏ်ကျေးဇူးတို့သည် မေတ္တာပွါးများခြင်း၏ ဂုဏ်ကျေးဇူးတို့ ပေတည်း။

မင်းမြတ် အကြင်ခဏ၌ ပုဂ္ဂိုလ်သည် မေတ္တာပွါးများနေ၏၊ထိုခဏ၌ ထိုပုဂ္ဂိုလ်အား မီးသည်၎င်း အဆိပ်သည်၎င်း လက်နက်သည်၎င်း မကျရောက်နိုင်၊ ထိုမေတ္တာပွါးများသောသူ၏ အစီးအပွါးမဲ့ကို အလိုရှိကုန်သော အမှတ်မရှိကုန်သော သူတို့သည် ကပ်ရောက်လာကုန်သော် ထို (မေတ္တာပွါးများသော) သူကို မမြင်ရကုန်၊ ထို(မေတ္တာပွါးများသော) အခိုက်၌ မြင်ခွင့်ကိုမရကုန်၊ မင်းမြတ် ဤ (ချမ်းသာစွာ အိပ်ရခြင်းစသော) ဂုဏ်ကျေးဇူးတို့သည် ပုဂ္ဂိုလ်၏ ဂုဏ်ကျေးတို့ မဟုတ်ကုန်၊ ဤဂုဏ်ကျေးဇူးတို့သည် မေတ္တာပွါးများခြင်း၏ ဂုဏ်ကျေးဇူးတို့ ပေတည်း၊ မင်းမြတ် ဤလောက၌ ယောကျ်ားသည် နတ်၌ဖြစ်သော ကိုယ်ပျောက်ဆေးမြစ်ကို လက်၌ ထားရာ၏၊

http://www.dhammadownload.com



ထိုနတ်၌ဖြစ်သော ကိုယ်ပျောက်ဆေးမြစ်သည် ထိုယောကျ်ား၏ လက်၌ တည်သမျှ ကာလပတ်လုံး အခြား တဦးတယောက်သော ပကတိသောလူသည် ထိုယောကျ်ားကို မမြင်နိုင်၊ မင်းမြတ် အကြင့်ကြောင့် ထိုဆေးမြစ် လက်ကိုင်ရှိသူသည် ပကတိလူတို့၏ မျက်စိအမြင်၌ မထင်နိုင်၊ ဤ(မထင်သော) ဂုဏ်ကျေးဇူးသည် ထိုယောကျ်ား၏ ဂုဏ်ကျေးဇူးမဟုတ်၊ ဤဂုဏ်ကျေးဇူးသည် ထိုကိုယ်ပျောက်ဆေးမြစ်၏ ဂုဏ်ကျေးဇူးတည်း၊ မင်းမြတ် ဤအတူသာလျှင် ဤ (ချမ်းသာစွာ အိပ်ရခြင်းစသော) ဂုဏ်ကျေးဇူးတို့သည် ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးတို့ မဟုတ်ကုန်၊ ဤ ဂုဏ်ကျေးဇူးတို့သည် မေတ္တာပွါးများခြင်း၏ ဂုဏ်ကျေးဇူးတို့ပေတည်း။

မင်းမြတ် အကြင်ခဏ၌ ပုဂ္ဂိုလ်သည် မေတ္တာပွါးများနေ၏၊ထိုခဏ၌ ထိုပုဂ္ဂိုလ်အား မီးသည်၎င်း အဆိပ်သည်၎င်း လက်နက်သည်၎င်း မကျရောက်နိုင်၊ ထိုမေတ္တာပွါးများသော သူ၏ အစီးအပွါးမဲ့ကို အလိုရှိကုန်သော အမှတ်မရှိကုန်သော သူတို့သည် ကပ်ရောက်လာကုန်သော် ထို (မေတ္တာပွါးများသော) သူကို မမြင်ရကုန်၊ ထို (မေတ္တာပွါးများသော) အခိုက်၌ မြင်ခွင့်ကို မရကုန်၊ မင်းမြတ် ဤ(ချမ်းသာစွာ အိပ်ရခြင်းစသော) ဂုဏ်ကျေးဇူးတို့သည် ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးတို့ မဟုတ်ကုန်၊ ဤ ဂုဏ်ကျေးဇူးတို့သည် မေတ္တာပွါးများခြင်း၏ ဂုဏ်ကျေးဇူးတို့ပေတည်း။ မင်းမြတ် ဥပမာတနည်းသော်ကား ကောင်းစွာ ပြုထားသော လိုဏ်ဂူကြီးသို့ ဝင်သော ယောကျ်ားကို သည်းစွာသော မိုးသည် ရွာသွန်းလျက် စွတ်စိုစိမ့်သောငှါ မတတ်နိုင်၊ မင်းမြတ် အကြင့်ကြောင့် သည်းစွာ ရွာသောမိုးသည် ရွာသွန်းသည်ရှိသော် ထိုသူကို မစွတ်စိုစေနိုင်၊ ဤမိုးမစွတ်သော ဂုဏ်ကျေးဇူးသည် ထိုယောကျ်ား၏ ဂုဏ်ကျေးဇူးမဟုတ်၊ ဤမိုးမစွတ်သော ဂုဏ်ကျေးဇူးသည် လိုဏ်ဂူကြီး၏ ဂုဏ်ကျေးဇူးပေတည်း၊ မင်းမြတ် ဤအတူသာလျှင် ဤ(ချမ်းသာစွာ အိပ်ရခြင်းစသော)ဂုဏ်ကျေးဇူးတို့သည် ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးတို့ မဟုတ်ကုန်၊ ဤဂုဏ်ကျေးဇူးတို့သည် မေတ္တာပွါးများခြင်း၏ ဂုဏ်ကျေးဇူးတို့ပေတည်း။

မင်းမြတ် အကြင်ခဏ၌ ပုဂ္ဂိုလ်သည် မေတ္တာပွါးများနေ၏၊ထိုခဏ၌ ထိုပုဂ္ဂိုလ်အား မီးသည်၎င်း အဆိပ်သည်၎င်း လက်နက်သည်၎င်း မကျရောက်နိုင်၊ ထို (မေတ္တာပွါးများသော) သူ၏ အစီးအပွါးမဲ့ကို အလိုရှိကုန်သော အမှတ်မရှိကုန်သော သူတို့သည် ကပ်ရောက်လာကုန်သော် ထိုမေတ္တာပွါးများသောသူကို မမြင်ရကုန်၊ ထို (မေတ္တာပွါးများသော)သူ၏ အစီးအပွါးမဲ့ကို ပြုခြင်းငှါ မတတ်နိုင်ကုန်၊ မင်းမြတ် ဤဂုဏ်ကျေးဇူးတို့သည် ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးတို့ မဟုတ်ကုန်၊ ဤဂုဏ်ကျေးဇူးတို့သည် မေတ္တာပွါးများခြင်း၏ ဂုဏ်ကျေးဇူးတို့ပေတည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အံ့ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရားနာဂသေန မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ မေတ္တာပွါးများခြင်းသည် မကောင်းမှုအားလုံးကို တားမြစ်နိုင်ပါပေ၏ဟု(လျှောက်၏)။ မင်းမြတ် မေတ္တာပွါးများခြင်းသည် အစီးအပွါးကို အလိုရှိသူတို့၏၎င်း အစီးအပွါးကို အလိုမရှိသူတို့၏၎င်း ကုသိုလ်ကျေးဇူး အားလုံးကို ရွက်ဆောင်နိုင်ပါပေ၏၊ အကြင်သူတို့သည် ဝိညာဏ်နှင့် စပ်ယှဉ်ကုန်၏၊ အလုံးစုံသော ထိုသူတို့သည် အကျိုးအာနိသင် ကြီးမားလှစွာသော မေတ္တာပွါးများခြင်းကို ကောင်းစွာမှီဝဲအပ်၏ဟု (မိန့်တော်မူ၏)။

ခြောက်ခုမြောက် မေတ္တာဘာဝနာနိသံသပဉှာ ပြီး၏။

http://www.dhammadownload.com



## ၇-ကုသလာကုသလသမဝိသမပဥှာ

### (ကုသိုလ်နှင့်အကုသိုလ် အကျိုးတူမတူ ပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန "ကုသိုလ်ပြုသူနှင့် အကုသိုလ်ပြုသူတို့၏ အကျိုးတရားသည် တူညီပါသလော၊ သို့မဟုတ်မူ တစုံတရာ အထူးရှိပါသေးသလော" ဟု (လျှောက်၏)။ မင်းမြတ် ကုသိုလ်နှင့် အကုသိုလ်တို့၏ အထူးသည် ရှိပေ၏၊ မင်းမြတ် ကုသိုလ်သည် ကောင်းကျိုးကို ပေး၏၊ နတ်ရွာသုဂတိ၌ ဖြစ်စေတတ်၏၊ အကုသိုလ်သည် မကောင်းကျိုးကို ပေး၏၊ ငရဲဒုဂ္ဂတိ၌ ဖြစ်စေတတ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "ဒေဝဒတ်သည် စင်စစ် မည်းညစ် ယုတ်မာ၏၊ စင်စစ် မည်းညစ်ယုတ်ညံ့သော တရားတို့နှင့် ပြည့်စုံ၏၊ ဘုရားလောင်းသည် စင်စစ် ဖြူစင်ကောင်းမြတ်၏၊ စင်စစ်ဖြူစင်ကောင်းမြတ်သော တရားတို့နှင့် ပြည့်စုံ၏" ဟု အသျှင်ဘုရားတို့ ဆိုတော်မူကုန်၏၊ တဖန်လည်း ဒေဝဒတ်သည် ဘဝတိုင်းဘဝတိုင်း၌ အခြံအရံ စည်းစိမ်အားဖြင့်၎င်း အသင်းအပင်းအားဖြင့်၎င်း ဘုရားလောင်းနှင့် တူညီ၏၊ တရံတခါ၌ ဘုရားလောင်းထက်ပင် လွန်ကဲပေသေး၏၊ ဒေဝဒတ်သည် ဗာရာဏသီမြို့ဝယ်ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်၏ သားဖြစ်စဉ်အခါ ဘုရားလောင်းသည် မန္တန်အတတ်ကို ဆောင်သော ယုတ်ညံ့သော ဒွန်းစဏ္ဍားမျိုး ဖြစ်ခဲ့၏၊ မန္တန်စုတ်၍ အခါမဲ့၌ သရက်သီးတို့ကို သီးစေ၏၊ ဤဇာတ်၌ ဘုရားလောင်းသည် ဒေဝဒတ်အောက် အမျိုးအားဖြင့် ယုတ်နိမ့်၏၊ အခြံအရံစည်းစိမ်အားဖြင့်လည်း ယုတ်နိမ့်ပါ၏။

ထို့မှတပါးလည်း ဒေဝဒတ်သည် မြင့်မြတ်သော မြေကြီးကိုအစိုးရသော အလုံးစုံသော အလိုနှင့် ပြည့်စုံသော မင်းဖြစ်စဉ်အခါက ဘုရားလောင်းသည် ထိုမင်း၏ အသုံးအဆောင် ဖြစ်သော အလုံးစုံသော လက္ခဏာနှင့်ပြည့်စုံသော ဆင်ပြောင်ကြီး ဖြစ်ခဲ့၏၊ မင်းသည် ထိုဆင်ပြောင်ကြီး၏ တင့်တယ်သော သွားခြင်း၏ ကွန့်မြူးခြင်းတို့ကို သည်းမခံနိုင်သည်ဖြစ်၍ သတ်လိုရကား "ဆင်ဆရာ သင်သည် ဆင်ပြောင်ကြီးကို (အသွားအလာအတတ်ပညာ) မသင်အပ်သေး၊ ထိုဆင်ပြောင်ကြီးအား ကောင်းကင်၌ သွားလာခြင်းမည်သော အတတ်အကြောင်းကို သင်ပေးလော့" ဟု ဆင်ဆရာကို မိန့်တော်မူ၏၊ ထိုဇာတ်၌လည်း ဘုရားလောင်းသည် ဒေဝဒတ်အောက် ဇာတ်အားဖြင့် အလွန်ယုတ်နိမ့်သော တိရစ္ဆာန်မျိုး၌ ဖြစ်ပါ၏။

ထို့မှတပါးလည်း ဒေဝဒတ်သည် တောထဲ၌ နွားပျောက်ကိုရှာသော လူဖြစ်စဉ်အခါက ဘုရားလောင်းသည် မဟာပထဝီမည်သော မျောက်ဖြစ်ခဲ့၏၊ ဤနေရာ၌လည်း လူနှင့် တိရစ္ဆာန်ဘို့၏ ထူးခြားသည့်အဖြစ်ကို တွေ့မြင်ရ၏၊ ထိုဇာတ်၌လည်း ထိုမျှလောက် ဘုရားလောင်းသည် ဒေဝဒတ်အောက် အမျိုးဇာတ်အားဖြင့် ယုတ်နိမ့်ခဲ့ပါ၏။

ထို့မှတပါးလည်း ဒေဝဒတ်သည် ဆင်ပြောင်ကြီးကဲ့သို့ အားကြီးသော သောဏုတ္တရမည်သော လူသား မုဆိုးဖြစ်စဉ်အခါက ဘုရားလောင်းသည် ဆဒ္ဒန္တမည်သော ဆင်မင်းဖြစ်ခဲ့၏၊ ထိုအခါက ထိုမုဆိုးသည် ထိုဆင်ပြောင်ကို သတ်၏၊ ထိုဇာတ်၌လည်း ဒေဝဒတ်ကသာလျှင် ဘုရားလောင်းထက် သာလွန်ပါ၏။

ထို့မှတပါးလည်း ဒေဝဒတ်သည် အိုးအိမ်မဲ့နေလေ့ရှိသော တော၌ ကျက်စားသော လူဖြစ်စဉ်အခါက ဘုရားလောင်းသည် မန္တန် သရဇ္ဈာယ်တတ်သော ခါငှက်ဖြစ်ခဲ့၏၊ ထိုအခါကလည်း ထိုတော၌ ကျက်စားသော မုဆိုးသည် ထိုခါငှက်ကို သတ်၏၊ ထိုဇာတ်၌လည်း ဒေဝဒတ်ကသာလျှင် အမျိုးဇာတ်အားဖြင့် ဘုရားလောင်းထက် သာလွန်ပါ၏။

http://www.dhammadownload.com



ထိုမှတပါးလည်း ဒေဝဒတ်သည် ကလာဗုမည်သော ကာသိမင်းဖြစ်စဉ်အခါက ဘုရားလောင်းသည် ခန္တိဝါဒီရသေ့ ဖြစ်ခဲ့၏၊ ထိုအခါက ထိုမင်းသည် ထိုရသေ့အား အမျက်ထွက်သည်ဖြစ်၍ လက်ခြေတို့ကို ဝါးမျှစ်စိုတို့ကဲ့သို့ ဖြတ်စေ၏၊ ထိုဇာတ်၌လည်း ဒေဝဒတ်ကသာလျှင် အမျိုးဇာတ်အားဖြင့်ရင်း အခြံအရံစည်းစိမ်အားဖြင့်ရင်း ဘုရားလောင်းထက် သာလွန်ပါ၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် လူသား မုဆိုးဖြစ်စဉ်အခါက ဘုရားလောင်းသည် နန္ဒိယမည်သော မျောက်မင်းဖြစ်၏၊ ထိုအခါကလည်း ထိုတော၌ ကျက်စားသော မုဆိုးသည် ထိုမျောက်မင်းကို အမိညီတို့နှင့်အတူ သတ်၏၊ ထိုဇာတ်၌လည်း ဒေဝဒတ်ကသာလျှင် အမျိုးဇာတ်အားဖြင့် ဘုရားလောင်းထက် သာလွန်ပါ၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် အဝတ်မဝတ်သော ကာရမ္ဘိယမည်သော ရသေ့စဉ်းလဲဖြစ်စဉ်အခါက ဘုရားလောင်းသည် ပဏ္ဍရကမည်သော နဂါးမင်းဖြစ်ခဲ့၏၊ ထိုဇာတ်၌လည်း ဒေဝဒတ်ကသာလျှင် အမျိုးဇာတ်အားဖြင့် ဘုရားလောင်းထက် သာလွန်ပါ၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် တော၌ လူသားရသေ့ဖြစ်စဉ်အခါက ဘုရားလောင်းသည် တစ္ဆကအမည်ရှိသော ဝက်ကြီးဖြစ်ခဲ့၏၊ ထိုဇာတ်၌လည်း ဒေဝဒတ်ကသာလျှင် အမျိုးဇာတ်အားဖြင့် ဘုရားလောင်းထက် သာလွန်ပါ၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် စေတီတိုင်းဝယ် တသျှမျှလောက်သော အထက်ကောင်းကင်ပြင်၌ သွားလာနိုင်သော သူရပရိစရမည်သော မင်းဖြစ်စဉ်အခါက ဘုရားလောင်းသည် ကပိလမည်သော ပုဏ္ဏားဖြစ်ခဲ့၏၊ ထိုဇာတ်၌လည်း ဒေဝဒတ်ကသာလျှင် အမျိုးဇာတ်အားဖြင့်ရင်း အခြံအရံစည်းစိမ်အားဖြင့်ရင်း ဘုရားလောင်းထက် သာလွန်ပါ၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် သာမမည်သော လူဖြစ်စဉ်အခါက ဘုရားလောင်းသည် ရုရုမည်သော သမင်မင်းဖြစ်ခဲ့၏၊ ထိုဇာတ်၌လည်း ဒေဝဒတ်ကသာလျှင် အမျိုးဇာတ်အားဖြင့် ဘုရားလောင်းထက် သာလွန်ပါ၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် တော၌ ကျက်စားသော လူသားမုဆိုးဖြစ်စဉ်အခါက ဘုရားလောင်းသည် ဆင်ပြောင်ကြီးဖြစ်ခဲ့၏၊ ထိုမုဆိုးသည် ထိုဆင်ပြောင်ကြီး၏ အစွယ်တို့ကို ခုနစ်ကြိမ်တိုင်ဘိုင်ဖြတ်၍ ဆောင်ယူ၏၊ ထိုဇာတ်၌လည်း ဒေဝဒတ်ကသာလျှင် အမျိုးဇာတ်အားဖြင့် ဘုရားလောင်းထက် သာလွန်ပါ၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် မင်းမျိုးသဘောရှိသော ( ပထဝီဇယမန္တန်တတ်သော ) မြေခွေးဖြစ်ခဲ့၍ ဇမ္ဗူဒိပ်ကျွန်းဝယ် ရှိသမျှ ပဒေသရာဇ် မင်းအားလုံးတို့ကို စစ်ပြိုင်သည်တို့ကို ပြုစဉ်အခါက ဘုရားလောင်းသည် ဝိဓုရမည်သော ပညာရှိဖြစ်ခဲ့၏၊ထိုဇာတ်၌လည်း ဒေဝဒတ်ကသာလျှင် အခြံအရံအားဖြင့် ဘုရားလောင်းထက် သာလွန်ပါ၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် ဆင်ပြောင်ကြီးဖြစ်၍ နံ့စုတ်ငှက်မ၏ သားငယ်တို့ကို သတ်၏၊ ထိုအခါက ဘုရားလောင်းသည်လည်း ဆင်ပြောင်ကြီးပင်ဖြစ်၍ ဆင်အပေါင်းတို့၏ အရှင်ဖြစ်၏၊ ထိုဇာတ်၌လည်း နှစ်ဦးကုန်သော ထိုသူတို့သည်ကား တူညီပါကုန်၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် အဓမ္မမည်သော နတ်ဖြစ်စဉ်အခါက ဘုရားလောင်းသည်လည်း ဓမ္မအမည်ရှိသော နတ်ဖြစ်ခဲ့၏၊ ထိုဇာတ်၌လည်း နှစ်ဦးသော သူတို့သည်ကား တူညီကြပါကုန်၏။

http://www.dhammadownload.com



ထိုမှတပါးလည်း ဒေဝဒတ်သည် အမျိုးသားငါးရာတို့ကို အစိုးရသော လေ့သူကြီးဖြစ်စဉ် အခါက ဘုရားလောင်းသည်လည်း အမျိုးသားငါးရာတို့ကို အစိုးရသော လေ့သူကြီးဖြစ်ခဲ့၏၊ ထိုဇာတ်၌လည်း နှစ်ဦးသော သူတို့သည် တူညီကြပါကုန်၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် လှည်းငါးရာတို့ကို အစိုးရသော လှည်းမှူးဖြစ်စဉ်အခါက ဘုရားလောင်းသည်လည်း လှည်းငါးရာတို့ကို အစိုးရသော လှည်းမှူးဖြစ်ခဲ့၏၊ ထိုဇာတ်၌လည်း နှစ်ဦးသော သူတို့သည် တူညီကြပါကုန်၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် သာခမည်သော သမင်မင်းဖြစ်စဉ်အခါက ဘုရားလောင်းသည်လည်း နိဂြောဓမည်သော သမင်မင်းဖြစ်ခဲ့၏၊ ထိုဇာတ်၌လည်း နှစ်ဦးသော သူတို့သည် တူညီကြပါကုန်၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် သာခမည်သော စစ်သူကြီးဖြစ်စဉ်အခါက ဘုရားလောင်းသည်လည်း နိဂြောဓမည်သော မင်းဖြစ်ခဲ့၏၊ ထိုဇာတ်၌လည်း နှစ်ယောက်သော သူတို့သည် တူညီကြပါကုန်၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် ခဏ္ဍဟာလမည်သော ပုဏ္ဏားဖြစ်စဉ်အခါက ဘုရားလောင်းသည် စန္ဒမည်သော မင်းသားဖြစ်ခဲ့၏၊ ထိုအခါက ခဏ္ဍဟာလပုဏ္ဏားကသာလျှင် သာလွန်ပါ၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် ထိုဗြဟ္မဒတ်မည်သော မင်းဖြစ်စဉ်အခါက ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ သားတော်ဖြစ်သော မဟာပဒုမမည်သော မင်းသားဖြစ်ခဲ့၏၊ ထိုအခါက ထိုဗြဟ္မဒတ်မင်းသည် မိမိ၏သားတော်ကို စောရပပါတမည်သောချောက်၌ ပစ်ချစေလေ၏၊ အဖသည်သာ သားသမီးတို့ထက် တစုံတခုဖြင့် သာလွန်ထူးကဲသည်သာတည်း၊ ထိုဇာတ်၌လည်း ဒေဝဒတ်ကသာလျှင် ဘုရားလောင်းထက် သာလွန်ပါ၏။

ထိုမှတပါးလည်း ဒေဝဒတ်သည် မဟာပတာပမည်သော မင်းဖြစ်စဉ်အခါက ဘုရားလောင်းသည် ထိုမဟာပတာပမင်း၏ သားဖြစ်သော ဓမ္မပါလမည်သော မင်းသားဖြစ်၏၊ ထိုအခါက ထိုမဟာပတာပမင်းသည် မိမိသား၏ လက်ခြေတို့ကိုင်း ဦးခေါင်းကိုင်း ဖြတ်စေပါ၏၊ ထိုဇာတ်၌ လည်း ဒေဝဒတ်ကသာလျှင် ဘုရားလောင်းထက် သာလွန်ပါ၏။

ယခု (နောက်ဆုံး)ဘဝ၌ နှစ်ဦးသော သူတို့သည်လည်း သာကီဝင်မင်း အမျိုး၌ ဖြစ်ကြပါကုန်၏၊ ဘုရားလောင်းသည် အလုံးစုံသော တရားကို သိတော်မူသော လောက၏ အကြီးအမှူး ဖြစ်တော်မူသော ဘုရားဖြစ်တော်မူပါ၏၊ ဒေဝဒတ်သည် ထို နတ်ထက်နတ်ဖြစ်သော မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြု၍ တန်ခိုးကိုဖြစ်စေလျက် ဘုရားအတုကို ပြုပါ၏၊အသျှင်ဘုရား နာဂသေန အကျွန်ုပ် ပြောဆိုလျှောက်ထားသော စကားအားလုံးသည် မှန်ပါသလော၊ သို့မဟုတ် ချွတ်ယွင်းပါသလော ဟု (လျှောက်၏)။

မင်းမြတ် သင်မင်းမြတ်သည် များစွာသော အကြောင်းကို ဆောင်ပြပေ၏၊ ထိုအားလုံးသည် မှန်သည်သာတည်း၊မများပေဟု (မိန့်တော်မူ၏)။အသျှင်ဘုရားနာဂသေန မည်းညစ်ယုတ်ညံ့သော တရားနှင့် ဖြူစင်သန့်ရှင်းသောတရားတို့ တူမျှသော သဘောရှိခဲ့မူ ကုသိုလ်နှင့် အကုသိုလ်သည် တူမျှသော အကျိုးရှိသည်ဖြစ်ရာ၏ဟု(လျှောက်၏)။ မင်းမြတ် ကုသိုလ်နှင့်အကုသိုလ် တူမျှသော အကျိုးရှိသည် မဖြစ်နိုင်၊ မင်းမြတ် ဒေဝဒတ်သည် အလုံးစုံသော သူတို့နှင့် ဆန့်ကျင်သည်မဟုတ်၊ ဘုရားလောင်းနှင့်သာ ဆန့်ကျင်၏၊ ထိုဒေဝဒတ်အား ဘုရားလောင်းနှင့် ဆန့်ကျင်ခြင်းသည်

http://www.dhammadownload.com



ထိုထိုဘဝ၌သာလျှင် ခံရ၏၊ အကျိုးပေး၏၊ မင်းမြတ် ဒေဝဒတ်သည်လည်း အစိုးရသော အရာ၌ တည်စဉ် ဇနပုဒ်တို့၌ အစောင့်အရှောက်ကို ပေးပေ၏၊ တံတားကို သဘင်ကို အလှူတင်းကုပ် အလှူမဏ္ဍပ်ကို ပြုလုပ်စေပေ၏၊ သမဏဗြာဟ္မဏ အထီးကျန်သူ ခရီးသွား သူတောင်းစား ကိုးကွယ်ရာရှိသူ ကိုးကွယ်ရာမဲ့သူတို့အား တောင့်တတိုင်းသော အလှူကို ပေးလှူပေ၏။ ထိုအလှူ၏ အကျိုးကြောင့် ထိုဒေဝဒတ်သည် ဘဝတိုင်း ဘဝတိုင်း၌ စည်းစိမ်ချမ်းသာတို့ကို ရ၏၊ မင်းမြတ် အလှူပေးခြင်း ဓန္ဒြေကို ဆုံးမခြင်း ကိုယ်နှုတ်ကို စောင့်စည်းခြင်း ဥပုသ်စောင့်သုံးခြင်းကို ဖဲကြဉ်ထား၍ စည်းစိမ်ချမ်းသာကို ခံစားရလတ္တံ့ဟု ဤစကားကိုဆိုခြင်းငှါ အဘယ်သူအား စွမ်းဆောင်နိုင်အံ့နည်း။

မင်းမြတ် " ဒေဝဒတ်နှင့် ဘုရားလောင်းတို့သည် အတူတကွ အစဉ်မပြတ် ဖြစ်ကုန်၏"ဟု သင်မင်းမြတ်သည် ယင်းပေါင်းဆုံမိခြင်းကို ဆို၏၊ ထိုကြုံကြိုက် ပေါင်းဆုံမိခြင်းသည် ဘဝတရာ လွန်သော်လည်း မဖြစ်နိုင်ပေ၊ဘဝတထောင် လွန်သော်လည်း မဖြစ်နိုင်ပေ၊ ဘဝတသိန်း လွန်သော်လည်း မဖြစ်နိုင်ပေ၊ တခါတရံ တကြိမ်တလေ အချိန်ကာလများစွာ ကုန်လွန်သဖြင့် ကြုံကြိုက် ပေါင်းဆုံမိခြင်းသည် ဖြစ်ပေ၏၊ ကေန်သော်ကား မြတ်စွာဘုရားသည် လူ့အဖြစ်ကို ရရှိခြင်း၌ လိပ်ကန်း ဥပမာကို ညွှန်ပြတော်မူအပ်သကဲ့သို့ မင်းမြတ် ဤဘုရားလောင်းနှင့် ဒေဝဒတ်တို့၏ ကြုံကြိုက် ပေါင်းဆုံမိခြင်းကို ထိုဥပမာအတူပင် မှတ်လော့။

မင်းမြတ် ဘုရားလောင်းအား ဒေဝဒတ်နှင့်သာလျှင် အတူကြုံကြိုက် ပေါင်းဆုံခြင်း ဖြစ်သည် မဟုတ်သေး၊ မင်းမြတ် သာရိပုတြာမထေရ်သည်လည်း များစွာကုန်သော ဘဝအသိန်းတို့၌ ဘုရားလောင်း၏ အဖဖြစ်ခဲ့ဘူး၏၊ ဘကြီးဖြစ်ခဲ့ဘူး၏၊ ဘထွေးဖြစ်ခဲ့ဘူး၏၊ ညီအစ်ကို ဖြစ်ခဲ့ဘူး၏၊ သားဖြစ်ခဲ့ဘူး၏၊ တူဖြစ်ခဲ့ဘူး၏၊ အဆွေခင်ပွန်းဖြစ်ခဲ့ဘူး၏။

မင်းမြတ် ဘုရားလောင်းသည်လည်း များစွာကုန်သော ဘဝအသိန်းတို့၌ သာရိပုတြာမထေရ်၏ အဖဖြစ်ခဲ့ဘူး၏၊ ဘကြီးဖြစ်ခဲ့ဘူး၏၊ ဘထွေးဖြစ်ခဲ့ဘူး၏၊ ညီအစ်ကိုဖြစ်ခဲ့ဘူး၏၊သားဖြစ်ခဲ့ဘူး၏၊ တူဖြစ်ခဲ့ဘူး၏၊ အဆွေခင်ပွန်းဖြစ်ခဲ့ဘူး၏၊ မင်းမြတ် သတ္တလောက၌ အကျုံးဝင်ကုန်၍ သံသရာ အယဉ်သို့ အစဉ်လိုက်ပါရကုန်လျက် သံသရာအယဉ်ဖြင့် မျောပါရကုန်သော သူအားလုံးတို့သည်ပင် မချစ်မနှစ်သက်သူတို့နှင့်ရင်း ချစ်ခင်နှစ်သက်သူတို့နှင့်ရင်း ကြုံကြိုက်ပေါင်းဆုံမိကြရကုန်၏၊ မင်းမြတ် အယဉ်ဖြင့် မျောပါသော ရေသည် စင်ကြယ်သောဝတ္ထု မစင်ကြယ်သောဝတ္ထု ကောင်းသောဝတ္ထု မကောင်းသောဝတ္ထုနှင့် ကြုံကြိုက်ပေါင်းဆုံသကဲ့သို့ မင်းမြတ် ဤအတူပင် သတ္တလောက၌ အကျုံးဝင်ကုန်၍ သံသရာအယဉ်သို့ အစဉ်လိုက်ပါရကုန်လျက် သံသရာအယဉ်ဖြင့် မျောပါကုန်သော သူအားလုံးတို့သည်ပင် မချစ်မနှစ်သက်သူတို့နှင့်ရင်း ချစ်ခင်နှစ်သက်သူတို့နှင့်ရင်း ကြုံကြိုက်ပေါင်းဆုံခြင်းသို့ ရောက်ကုန်၏။ မင်းမြတ် ဒေဝဒတ်သည် နတ်ဖြစ်သည်ရှိသော် မိမိသည် မတရားပဲ သူတပါးတို့ကို မတရား၌ တိုက်တွန်း၍ နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်းတို့ပတ်လုံး အဝီစိငရဲကြီး၌ ကျက်ရ၏၊ မင်းမြတ် ဘုရားလောင်းသည်လည်း နတ်ဖြစ်သည်ရှိသော် မိမိသည် တရားသည်ဖြစ်၍ သူတပါးတို့ကို တရား၌ တိုက်တွန်းလျက် နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်းတို့ပတ်လုံး အလုံးစုံသော ကာမဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ နတ်ပြည်၌ မွေ့လျော်ဝမ်းမြောက်ရပေ၏၊ မင်းမြတ် စင်စစ်သော်ကား ဒေဝဒတ်သည် ဤဘဝ၌ မပြစ်မှားထိုက်သော ဘုရားကို ပြစ်မှား၍ရင်း ညီညွတ်သော သံဃာကို သင်းခွဲ၍ရင်း မြေမျိုခံရ၏၊ မြတ်စွာဘုရားသည် အလုံးစုံသော တရားတို့ကို သိတော်မူ၍ ဥပဓိမရှိသော နိဗ္ဗာန်၌

http://www.dhammadownload.com



ပရိနိဗ္ဗာန်ဝင်စံတော်မူရ၏ဟု (မိန့်တော်မူ၏)။အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ခုနစ်ခုမြောက် ကုသလာကုသလသမဝိသမပဥ္စာ ပြီး၏။

## ဂ-အမရာဒေဝီပဥ္စာ

(အမရာဒေဝီ 'မကောင်းမှုမပြုသော' ပြဿနာ)

ဂ။ အသျှင်ဘုရားနာဂသေန—

"မိန်းမအားလုံးတို့သည်ပင် အခွင့်အခါကိုရင်း ဆိတ်ကွယ်ဖုံးလွှမ်းရာကိုရင်း အကယ်၍ ရကုန်သည်ဖြစ်အံ့၊မိမိလင်နှင့်တူသော ဖိတ်မန်သူကိုမူလည်း အကယ်၍ ရကုန်သည်ဖြစ်အံ့၊ မကောင်းမှုကို ပြုကုန်ရာ၏၊တပါးသောသူကို မရသာခဲ့သော် ခြေလက်ဆွံ့သူနှင့်သော်လည်း အတူတကွ မကောင်းမှုကို ပြုကုန်ရာ၏"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏။

တဖန်လည်း "မဟောသဓာပဏ္ဍာရှိ၏မယား အမရာမည်သော မိန်းမသည် ရွာငယ်၌ ပစ်ထားခဲ့၍ လင်နှင့် ကွေကွင်းလွတ်လပ်လျက် ဆိတ်ကွယ်ရာ၌ နေရ၍ ဆိတ်ငြိမ်ပါလျက် မင်းနှင့် တူသော လင်ကိုပြု၍ တထောင်သော အသပြာဖြင့် ဖိတ်မန်အပ်ပါလျက် မကောင်းမှုကို မပြုပေ" ဟု ဆိုပြန်ပါ၏၊ အသျှင်ဘုရားနာဂသေန မိန်းမအားလုံးတို့သည်ပင်။ပ။ ခြေလက်ဆွံ့သူနှင့်သော်လည်း အတူတကွ မကောင်းမှုကို ပြုကုန်ရာ၏"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူအပ်သည် ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ"မဟောသဓာပဏ္ဍာရှိ၏ မယား အမရာမည်သော မိန်းမသည်။ပ။မကောင်းမှုကို မပြု"ဟူသော စကားသည် မှားရာပါ၏၊ မဟောသဓာပဏ္ဍာရှိ၏ မယား အမရာမည်သော မိန်းမသည်။ပ။ မကောင်းမှုကို မပြု"ဟု အကယ်၍ ဟောတော်မူသည်ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ "အလုံးစုံသောမိန်းမတို့သည်ပင်။ပ။ခြေလက်ဆွံ့သူနှင့်သော်လည်း အတူတကွ မကောင်းမှုကိုပြုကုန်ရာ၏"ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ်"အလုံးစုံသော မိန်းမတို့သည်ပင်။ပ။ခြေလက်ဆွံ့သူနှင့်သော်လည်း အတူတကွ မကောင်းမှုကိုပြုရာ၏"ဟူသော ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ "မဟောသဓာပဏ္ဍာရှိ၏ မယားအမရာမည်သော မိန်းမသည်။ပ။မကောင်းမှုကိုမပြု"ဟု မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏၊ မင်းမြတ် အကြင်မိန်းမသည် အခွင့်အခါကိုရင်း ဆိတ်ကွယ်ဖုံးလွှမ်းရာကိုရင်း မိမိလင်နှင့်တူသော ဖိတ်မန်သူကိုရင်း အကယ်၍ ရငြားအံ့၊ ထိုမိန်းမသည် အသပြာတထောင်ကို ရလတ်မူကား မိမိလင် နှင့်တူသော ယောကျာ်းနှင့် အတူတကွ မကောင်းမှုကို ပြုရာ၏၊ မင်းမြတ် ထိုအမရာမည်သော မိန်းမသည် ဆိတ်ကွယ်ရာအခါကို စီစစ် စူးစမ်းလတ်သော် အခွင့်အခါကိုရင်း ဆိတ်ကွယ်ရာကိုရင်း ထိုလင်နှင့်တူသော ဖိတ်မန်သူကိုရင်း မမြင်လေ၊ ထို့ကြောင့် ထိုအမရာမည်သော မိန်းမသည် မကောင်းမှုကို မပြုပေ။

ဤလူ့ပြည်လောက၌ သူတပါး ကဲ့ရဲ့မည်မှ ကြောက်သောကြောင့် အခွင့်အခါကို မမြင်လေ၊ တမလွန်လောက၌ ငရဲဘေးမှ ကြောက်သောကြောင့် အခွင့်အခါကို မမြင်လေ၊ မကောင်းမှုသည်

http://www.dhammadownload.com



ခါးစပ်သောအကျိုးရှိ၏ဟု စိစစ်၍ အခွင့်အခါကို မမြင်လေ၊ ချစ်သောလင်ကို မလွတ်လိုသော ကြောင့် အခွင့်အခါကို မမြင်လေ၊ လင်ကို အလေးအမြတ် ပြုသည်၏အဖြစ်ကြောင့် အခွင့် အခါကို မမြင်လေ၊ တရားကို ရိုသေသည်ဖြစ်၍ အခွင့်အခါကို မမြင်လေ၊ မစင်ကြယ်သော အကျင့်ကို ကဲ့ရဲ့စက်ဆုပ်သည်ဖြစ်၍ အခွင့်အခါကို မမြင်လေ၊ မိမိပြုသင့်သည့် ဝတ်အကျင့်ကို မဖျက်ဆီးလိုသည်ဖြစ်၍ အခွင့်အခါကို မမြင်လေ၊ ဤသို့သဘောရှိကုန်သော များပြားကုန်သော အကြောင်းတို့ကြောင့် အခွင့်အခါကို မမြင်လေ။

ထိုအမရာသည် လောက၌ စိစစ် စူးစမ်းသည်ရှိသော် ဆိတ်ကွယ်ရာကို မမြင်သည်ဖြစ်၍လည်း မကောင်းမှုကို မပြု၊ ထိုအမရာသည် လူတို့မှ ဆိတ်ကွယ်ရာကို အကယ်၍ ရငြားအံ့ နတ်တို့မှ ဆိတ်ကွယ်ရာကို မရရာ၊ နတ်တို့မှ ဆိတ်ကွယ်ရာကို အကယ်၍ရငြားအံ့၊ သူတပါးစိတ်ကို သိကုန်သော ရဟန်းတို့မှ ဆိတ်ကွယ်ရာကို မရရာ၊ သူတပါးစိတ်ကို သိကုန်သော ရဟန်းတို့မှ ဆိတ်ကွယ်ရာကို အကယ်၍ရငြားအံ့၊ သူတပါးစိတ်ကို သိကုန်သောနတ်တို့မှ ဆိတ်ကွယ်ရာကို မရရာ၊ သူတပါးစိတ်ကို သိကုန်သော နတ်တို့မှ ဆိတ်ကွယ်ရာကို အကယ်၍ ရငြားအံ့၊ မိမိသည်ပင်လျှင် မကောင်းမှုတို့မှ ဆိတ်ကွယ်ရာကို မရရာ၊ မိမိသည်ပင်လျှင် မကောင်းမှုတို့မှ ဆိတ်ကွယ်ရာကို အကယ်၍ ရငြားအံ့၊ မတရားဖြင့် ဆိတ်ကွယ်ရာကို ရသည်ဖြစ်ရာ၏၊ ဤသို့သဘောရှိကုန်သော များပြားကုန်သော အကြောင်းတို့ကြောင့် ဆိတ်ကွယ်ရာကို မရသည်ဖြစ်၍ မကောင်းမှုကို မပြု။

ထိုအမရာသည် လောက၌ စိစစ်သည်ရှိသော် ထိုမိမိလင်နှင့်တူသော ဖိတ်မန်သူကို မရသည် ဖြစ်၍ မကောင်းမှုကို မပြု။ မင်းမြတ် မဟောသဓာပညာရှိသည် နှစ်ဆယ့်ရှစ်ပါးသော ဂုဏ်အင်္ဂါ တို့နှင့် ပြည့်စုံ၏၊ အဘယ်နှစ်ဆယ့်ရှစ်ပါးသော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသနည်းဟူမူ— မင်းမြတ် မဟောသဓာသည် ရဲရင့်၏၊မကောင်းမှုမှ ရှက်တတ်၏၊ မကောင်းမှုမှ ကြောက်လန့်တတ်၏၊ အသင်း အပင်းရှိ၏၊ အဆွေခင်ပွန်းနှင့် ပြည့်စုံ၏၊ သည်းခံတတ်၏၊ သီလရှိ၏ မှန်သောစကားကို ဆိုတတ် ၏၊ စင်ကြယ်သော အကျင့်နှင့်ပြည့်စုံ၏၊ အမျက် 'ဒေါသ' မရှိ၊ ထောင်လွှားမှုမာန မရှိ၊ ငြူစူစောင်းမြောင်းမှု မရှိ၊ လုံ့လရှိ၏၊ အားထုတ်၏၊ သူတဦးကို ချီးမြှင့်တတ်၏၊ ခွဲခြမ်းဝေဖန်လေ့ ရှိ၏၊ အပြောအဆို ပြေပြစ်၏၊ နှိမ့်ချထားသော သဘောရှိ၏၊ သိမ်မွေ့၏၊ စဉ်းလဲခြင်း မရှိ၊ လှည့်ပတ်ခြင်း မရှိ၊ လွန်ကဲသောပညာနှင့် ပြည့်စုံ၏၊ ကျော်စောခြင်း ရှိ၏၊ အတတ်ပညာနှင့်ပြည့်စုံ၏၊ မှီခိုလာသောသူတို့၏ အစီးအပွါးကို ရှာမှီးလိုသားလေ့ရှိ၏၊ လူအား လုံးက တောင့်တအပ်၏၊ ပစ္စည်းဥစ္စာရှိ၏၊ အခြံအရံများ၏။ မင်းမြတ် မဟောသဓာပညာရှိသည် ဤနှစ်ဆယ့်ရှစ်ပါးသော ဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံ၏၊ ထိုအမရာသည် မိမိလင်မှတပါးသော မိမိလင်နှင့် တူသော ဖိတ်မန်သူကို မရသည်ဖြစ်၍ မကောင်းမှုကို မပြုဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား နာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက် ၏)။ .

ရှစ်ခုမြောက် အမရာဒေဝီပဉှာ ပြီး၏။

---

## ၉-အရဟန္တအဘာယနပဉှာ

(ရဟန္တာပုဂ္ဂိုလ် ကြောက်ရွံ့ခြင်း ကင်းမကင်း ပြဿနာ)

၉။ အသျှင်ဘုရားနာဂသေန''ရဟန္တာပုဂ္ဂိုလ်တို့သည်ကြောက်ခြင်း ထိတ်လန့်ခြင်းမှ ကင်းလွတ် ကုန်၏''ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏၊ တဖန်လည်း ရာဇဂြိုဟ်မြို့၌ မြတ်စွာ

http://www.dhammadownload.com



ဘုရားထံသို့ ရှေးရှုလာလတ်သော ခနပါလကအမည်ရှိသော ဆင်ကြမ်းကို မြင်ကုန်၍ ရဟန္တာငါးရာတို့သည် မြတ်စွာဘုရားကို စွန့်ကုန်လျက် အာနန္ဒာမထေရ်တပါးတည်းကို ထား၍ ထိုထိုအရပ်သို့ ဖဲသွားကုန်၏ဟု ဟောတော်မူပါ၏၊ အသျှင်ဘုရားနာဂသေန အဘယ်သို့ပါနည်း၊ ထိုရဟန္တာတို့သည် ကြောက်ကုန်သည်ဖြစ်၍ ဖဲသွားပါကုန်သလော၊ မိမိတို့ပြုအပ်သော အမှုဖြင့် ထင်ရှားကုန်လတ္တံ့ဟု နှလုံးသွင်း၍ မြတ်စွာဘုရားကို (ဇီဝိတိန္ဒြေမှ) ကျစေလိုကုန်သည်ဖြစ်လျက် ဖဲသွားပါကုန်သလော၊ သို့မဟုတ် မြတ်စွာဘုရား၏ အတုမရှိသော ပြန့်ပြောသော ရဟန္တာတို့နှင့် မတူတန်သော ထန်ခိုးပြာဋိဟာကို ရှုမြင်လိုကုန်သည်ဖြစ်၍ ဖဲသွားပါကုန်သလော၊ အသျှင်ဘုရားနာဂသေန "ရဟန္တာပုဂ္ဂိုလ်တို့သည် ကြောက်ခြင်း ထိတ်လန့်ခြင်းမှ ကင်းကုန်၏"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "ရာဇဂြိုဟ်မြို့၌။ပ။အာနန္ဒာ တပါးတည်းကို ထားခဲ့ကုန်၍ ထိုထိုအရပ်သို့ ဖဲသွားကြကုန်၏" ဟူသော ထိုစကားသည် မှားရာပါ၏၊ ရာဇဂြိုဟ်မြို့၌ မြတ်စွာဘုရားထံသို့ ရှေးရှုလာလတ်သော ခနပါလကအမည်ရှိသော ဆင်ကြမ်းကို မြင်ကုန်၍ ရဟန္တာငါးရာတို့သည် မြတ်စွာဘုရားကို စွန့်ကုန်လျက် အာနန္ဒာမထေရ်တပါးတည်းကို ထားခဲ့ကုန်၍ ထိုထိုအရပ်သို့ အကယ်၍ ဖဲသွားကြကုန်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "ရဟန္တာပုဂ္ဂိုလ်တို့သည် ကြောက်ခြင်း ထိတ်လန့်ခြင်းမှ ကင်းလွတ်ကုန်၏"ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "ရဟန္တာပုဂ္ဂိုလ်တို့သည် ကြောက်ခြင်း ထိတ်လန့်ခြင်းမှ ကင်းလွတ်ကုန်၏" ဟူ၍ ဤစကားကိုမြတ်စွာဘုရား ဟောတော်မူအပ်၏၊ရာဇဂြိုဟ်မြို့၌ မြတ်စွာဘုရားထံသို့ ရှေးရှုလာလတ်သော ခနပါလကအမည်ရှိသော ဆင်ကြမ်းကို မြင်ကုန်၍ ရဟန္တာငါးရာတို့သည် မြတ်စွာဘုရားကို စွန့်ကုန်လျက် အာနန္ဒာမထေရ်တပါးတည်းကို ထားခဲ့ကုန်၍ ထိုထိုအရပ်သို့ ဖဲသွားကုန်၏၊ ထိုသို့ ဖဲသွားခြင်းသည်ကား ကြောက်သောကြောင့်မဟုတ်၊ မြတ်စွာဘုရားကို (ဇီဝိတိန္ဒြေမှ) ကျစေလိုသောကြောင့်လည်း မဟုတ်၊ မင်းမြတ် စင်စစ်သော်ကား အကြင်အကြောင်းကြောင့် ရဟန္တာတို့သည် ကြောက်မူလည်း ကြောက်ကုန်ရာ၏၊ ထိတ်လန့်မူလည်း ထိတ်လန့်ကုန်ရာ၏၊ ရဟန္တာတို့သည် ထိုအကြောင်းကို အကြွင်းမဲ့ ပယ်ဖြတ်အပ်ပြီ၊ထို့ကြောင့် ရဟန္တာတို့သည် ကြောက်ခြင်း ထိတ်လန့်ခြင်းမှ ကင်းလွတ်ကုန်၏၊ မင်းမြတ် မြေကြီးသည် တူးဆွသော်ငြား ခွဲသော်ငြား သမုဒ္ဒရာနှင့် တောင်တောင်ထွတ်ကို ရွက်ဆောင်ထားရသော်ငြား ကြောက်သလောဟု(မေးတော်မူ၏)။ အသျှင်ဘုရား မကြောက်ပါဟု (လျှောက်၏)။ မင်းမြတ် အဘယ်အကြောင်းကြောင့်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကြင်အကြောင်းကြောင့် မြေကြီးသည် ကြောက်လည်း ကြောက်ရာ၏၊ ထိတ်လန့်လည်း ထိတ်လန့်ရာ၏၊ ထိုအကြောင်းသည် မြေကြီး၌ မရှိပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အကြင်အကြောင်းကြောင့် ရဟန္တာတို့သည် ကြောက်လည်း ကြောက်ကုန်ရာ၏၊ ထိတ်လန့်လည်း ထိတ်လန့်ကုန်ရာ၏၊ ထိုအကြောင်းသည် ရဟန္တာတို့အား မရှိကုန်။

မင်းမြတ် တောင်ထွတ်သည် ဖြတ်သော်ငြား ခွဲသော်ငြား ပြိုကျသော်ငြား မီးဖြင့် ရှို့မြှိုက်သော်ငြား ကြောက်သလောဟု(မေးတော်မူ၏)၊အသျှင်ဘုရား မကြောက်ပါဟု(လျှောက်၏)။မင်းမြတ် အဘယ်အကြောင်းကြောင့်နည်းဟု (မေးတော်မူ၏)။အသျှင်ဘုရား အကြင်အကြောင်းကြောင့် တောင်ထွတ်သည် ကြောက်လည်း ကြောက်ရာ၏၊ ထိတ်လန့်လည်း ထိတ်လန့်ရာ၏၊ ထိုအကြောင်းသည် တောင်ထွတ်အား မရှိပါဟု(လျှောက်၏)။မင်းမြတ် ဤအတူသာလျှင် အကြင် အကြောင်း

http://www.dhammadownload.com



ကြောင့် ရဟန္တာတို့သည် ကြောက်လည်း ကြောက်ကုန်ရာ၏၊ ထိတ်လန့်လည်း ထိတ်လန့်ကုန်ရာ၏၊ ထိုအကြောင်းသည် ရဟန္တာတို့အား မရှိ။

မင်းမြတ် လောကဓာတ်တသိန်းဝယ် သတ္တဝါ အပေါင်း၌ အကျုံးဝင်ကုန်သော သူအားလုံးတို့သည် လှံတံကိုင်စွဲကုန်လျက် ရဟန္တာတပါးထံသို့ ဖွေးရှုပြေးလာကုန်၍ ထိတ်လန့်စေကုန်ငြားအံ့၊ ရဟန္တာစိတ် တမျိုးတမည်ဖြစ်ခြင်းသည် စိုးစဉ်းမျှ မဖြစ်နိုင်ရာ၊ အကြောင်းအဘယ်နည်းဟူမူ— အကြောင်းမဟုတ် အရာမဟုတ်သောကြောင့်တည်း။

မင်းမြတ် စင်စစ်သော်ကား ထိုရဟန္တာတို့အား ဤဆိုလတ္တံ့အတိုင်း စိတ်အကြံသည်ဖြစ်၏ "ယနေ့ မြတ်သောသူတို့ထက် အထူးသဖြင့် မြတ်သော မြတ်သည်ထက် မြတ်တော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ် မြို့သို့ အစဉ်လျှောက်၍ ဝင်တော်မူလတ်သော် ဓနပါလက ဆင်ကြမ်းသည် ခရီးလမ်းမဖြင့် ဖွေးရှုလာလတ္တံ့၊ နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားကို အလုပ်အကျွေးဖြစ်သော ညီတော်အာနန္ဒာသည်ကား ဧကန် စွန့်ခွါလိမ့်မည် မဟုတ်၊ ငါတို့အားလုံးသည်လည်း မြတ်စွာဘုရားကို အကယ်၍ မစွန့်ကုန်သည်ဖြစ်အံ့၊ အသျှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးသည် မထင်ရှားလတ္တံ့၊ ဆင်ပြောင်ကြီးသည် မြတ်စွာဘုရားအထံသို့ ကောင်းစွာ မရောက်နိုင်လတ္တံ့၊ ယခု ငါတို့ ဖဲသွားကုန်အံ့၊ ဤသို့ ဖဲသွားကုန်သည်ရှိသော် များစွာသော လူအပေါင်းအား ကိလေသာတည်းဟူသော အနှောင်အဖွဲ့မှ လွတ်သည်ဖြစ်လတ္တံ့၊ အသျှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးသည်လည်း ထင်ရှားလတ္တံ့"ဟု အကြံဖြစ်၏၊ ဤသို့လျှင် ထိုရဟန္တာတို့သည် အကျိုးအာနိသင်ကို မြင်ကုန်၍ ထိုထိုအရပ်သို့ ဖဲသွားကုန်၏ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ပြဿနာကို ကောင်းစွာ ဝေဖန်တော်မူနိုင်ပါပေ၏၊ ရဟန္တာတို့အား ကြောက်ခြင်းသည်၎င်း ထိတ်လန့်ခြင်းသည်၎င်း မရှိဟူသောစကားသည် မှန်ပါပေ၏၊ ရဟန္တာတို့သည် အကျိုးအာနိသင်ကိုမြင်ကုန်၍ ထိုထိုအရပ်သို့ ဖဲသွားပါကုန်၏ဟု (လျှောက်၏)။

ကိုးခုမြောက် အရဟန္တ အဘာယနပဉှာ ပြီး၏။

---

### ၁၀–ဗုဒ္ဓသဗ္ဗညုဘာဝပဉှာ

#### (မြတ်စွာဘုရားအလုံးစုံကိုသိတော်မူပုံ ပြဿနာ)

၁၀။ အသျှင်ဘုရားနာဂသေန "မြတ်စွာဘုရားသည် အလုံးစုံကို သိတော်မူ၏"ဟု အသျှင်ဘုရားတို့ ဆိုတော်မူကုန်၏၊ တဖန်လည်း မြတ်စွာဘုရားသည် သာရိပုတြာ မောဂ္ဂလာန်အမှူးရှိသော ရဟန်းသံဃာကို နှင်ထုတ်တော်မူသည်ရှိသော် စာတုမမြို့နေ သာကီဝင်မင်းတို့သည်၎င်း သဟမ္ပတိဗြဟ္မာမင်းသည်၎င်း မျိုးစေ့ဥပမာ နွားငယ်ဥပမာကို ညွှန်းပြလျှောက်ထား၍ မြတ်စွာဘုရားကို ကြည်လင်ရွှင်ပျစေကုန်ပြီ သည်းခံကြေချမ်းစေကုန်ပြီ သိစေကုန်ပြီ"ဟု ဆိုတော်မူကုန်၏၊ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် အကြင်ဥပမာတို့ဖြင့် နှစ်သက်စေလျက် သည်းခံကြေချမ်းစေလျက် ငြိမ်းအေးစေလျက် သိမြင်ခြင်းသို့ ရောက်တော်မူ၏၊ ထိုဥပမာတို့ကို မြတ်စွာဘုရားသည် မသိမမြင်ပါကုန်သလော၊ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် ထိုဥပမာတို့ကို အကယ်၍ မသိသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ မြတ်စွာဘုရားသည် အလုံးစုံကို သိတော်မမူရာ၊ အကယ်၍ သိတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ ဆဲ့ငင်နှိပ်စက်လျက် စုံစမ်းတော်မူလိုသည်ဖြစ်၍ နှင်ထုတ်တော်မူ၏၊ ထိုသို့ဖြစ်ပါမူ မြတ်စွာဘုရားအား ကရုဏာတော်မရှိသောအဖြစ် ဖြစ်သင့်ပါ၏၊ အစွန်း

http://www.dhammadownload.com



နှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် မြတ်စွာဘုရားသည် အလုံးစုံကို သိတော်မူ၏၊ ထိုဥပမာတို့ဖြင့်လည်း မြတ်စွာဘုရားသည် ကြည်လင်ရွှင်ပျလျက် နှစ်သက်လျက် သည်းခံကြေချမ်းလျက် ငြိမ်းအေးလျက် သိမြင်ခြင်းသို့ ရောက်တော်မူ၏၊ မင်းမြတ် မြတ်စွာဘုရားသည် တရားတော်၏ အရှင်ဖြစ်တော်မူ၏၊ မြတ်စွာဘုရား ဟောတော်မူပြီးသည်သာလျှင် ဖြစ်ကုန်သော ဥပမာတို့ဖြင့် ထိုသာကီဝင်မင်းနှင့် သဟမ္ပတိဗြဟ္မာတို့သည် မြတ်စွာဘုရားကို အားရစေကုန်ပြီ နှစ်သက်စေကုန်ပြီ ကြည်လင်ရွှင်ပျစေကုန်ပြီ၊ မြတ်စွာဘုရား ကြည်ကြည်လင်လင်ဖြစ်ရကား ထိုသာကီဝင်မင်းနှင့် သဟမ္ပတိဗြဟ္မာတို့အားလည်း "ကောင်းပြီ"ဟု ဝမ်းမြောက်ခြင်း ဖြစ်လေပြီ။

မင်းမြတ် ဥပမာအားဖြင့် မိန်းမသည် လင်၏ပစ္စည်းဖြစ်သော ဥစ္စာဖြင့်သာ လင်ကို အားရစေ၏၊ နှစ်သက်စေ၏၊ ကြည်လင်ရွှင်ပျစေ၏၊ ထိုမယားကိုလည်း လင်သည် "ကောင်းပြီ"ဟု ဝမ်းမြောက်၏၊မင်းမြတ် ဤအတူသာလျှင် စာတုမ္မဟာရာဇ်နေ သာကီဝင်မင်းတို့သည်၎င်း သဟမ္ပတိဗြဟ္မာသည်၎င်း မြတ်စွာဘုရား ဟောကြားတော်မူပြီးသည်သာဖြစ်သော ဥပမာတို့ဖြင့် မြတ်စွာဘုရားကို အားရစေကုန်၏၊ နှစ်သက်စေကုန်၏၊ ကြည်လင်ရွှင်ပျစေကုန်၏၊ မြတ်စွာဘုရားသည် ကြည်လင်ရွှင်ပျသည်ဖြစ်၍ ထိုသူတို့အားလည်း "ကောင်းပြီ"ဟု ဝမ်းမြောက်တော်မူ၏။

မင်းမြတ် ဥပမာတနည်းသော်ကား ဆေတ္တာသည်သည် မင်း၏ပစ္စည်းသာဖြစ်သော ရွှေဘီးဖြင့် မင်း၏ဦးခေါင်းကို ပုံပြင်ဖြီးလိမ်းလျက် မင်းကို အားရစေ၏၊ နှစ်သက်စေ၏၊ ကြည်လင်ရွှင်ပျစေ၏၊ မင်းသည် ကြည်လင်ရွှင်ပျသည်ဖြစ်၍ ထိုဆေတ္တာသည်အားလည်း "ကောင်းပြီ" ဟု ဝမ်းမြောက်၏၊ အလိုရှိတိုင်းပေးကမ်း၏၊ မင်းမြတ် ဤအတူသာလျှင် စာတုမ္မဟာရာဇ်နေ သာကီဝင်မင်းတို့သည်၎င်း သဟမ္ပတိဗြဟ္မာသည်၎င်း မြတ်စွာဘုရား ဟောတော်မူပြီးသည်သာ ဖြစ်သော ဥပမာတို့ဖြင့် မြတ်စွာဘုရားကို အားရစေကုန်၏၊ နှစ်သက်စေကုန်၏၊ ကြည်လင်ရွှင်ပျစေကုန်၏ မြတ်စွာဘုရားသည် ကြည်လင်ရွှင်ပျသည်ဖြစ်၍ ထိုသူတို့အားလည်း "ကောင်းပြီ"ဟု ဝမ်းမြောက်တော်မူ၏။

မင်းမြတ် ဥပမာတနည်းသော်ကား အတူနေတပည့်သည် ဥပဇ္ဈာယ်ဆရာ ဆောင်ယူလာသော ဆွမ်းကို ယူ၍ ဥပဇ္ဈာယ်ဆရာအား ကပ်လျက် ဥပဇ္ဈာယ်ဆရာကို အားရစေ၏၊ နှစ်သက်စေ၏၊ ကြည်လင်ရွှင်ပျစေ၏၊ ထိုအတူနေ တပည့်ကိုလည်း ဥပဇ္ဈာယ်ဆရာသည် ကြည်လင်ရွှင်ပျသည်ဖြစ်၍ "ကောင်းပြီ"ဟု ဝမ်းမြောက်၏၊ မင်းမြတ် ဤအတူသာလျှင် စာတုမ္မဟာရာဇ်နေ သာကီဝင်မင်းတို့သည်၎င်း သဟမ္ပတိဗြဟ္မာသည်၎င်း မြတ်စွာဘုရား ဟောတော်မူအပ်ပြီး သာလျှင်ဖြစ်သော ဥပမာတို့ဖြင့် မြတ်စွာဘုရားကို အားရစေကုန်၏၊ နှစ်သက်စေကုန်၏၊ ကြည်လင်ရွှင်ပျစေကုန်၏၊ မြတ်စွာဘုရားသည် ကြည်လင်ရွှင်ပျတော်မူသည်ဖြစ်၍ ထိုသူတို့အားလည်း "ကောင်းပြီ" ဟု ဝမ်းမြောက်တော်မူ၍ ဆင်းရဲဒုက္ခအားလုံးမှ လွတ်ခြင်းငှါ တရားဟောတော်မူ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ဆယ်ခုမြောက် ဗုဒ္ဓသမ္ဗုဒ္ဓဘာဝပဥ္စာ ပြီး၏။

## လေးခုမြောက် သမ္ဗုဒ္ဓတဥ္စာကဝဂ် ပြီး၏။

ဤသမ္ဗုဒ္ဓတဥ္စာကဝဂ်၌ အမေးပုစ္ဆာပြဿနာ ဆယ်ပါးတို့ဘည်း။

http://www.dhammadownload.com

# ၅-သန္ထဝဂ်

## ၁-သန္ထဝပဥှာ

### (သန္ထဝစသောဂါထာနှင့် စပ်သော ပြဿနာ)

၁။ အသျှင်ဘုရားနာဂသေန—

"ပေါင်းသင်းဆက်ဆံခြင်းကြောင့် ဘေးဖြစ်ရ၏၊ နေရာအိမ်ကြောင့် ကိလေသာမြူ ဖြစ်ပေါ်ရ၏၊ နေရာအိမ်မရှိသော ပေါင်းသင်းဆက်ဆံမှု မရှိသော ဤနိဗ္ဗာန်ကို မြတ်စွာဘုရားသည် စင်စစ်မြင်တော်မူပါပေ၏"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏။

တဖန်လည်း မြတ်စွာဘုရားသည် "မွေ့လျော်ဖွယ်ရှိကုန်သော ကျောင်းတို့ကို ဆောက်လုပ် (လှူဒါန်း) ရာ၏၊ ဤကျောင်း၌ များသော အကြားအမြင်ရှိကုန်သော ရဟန်းတို့ကို နေစေရာ၏"ဟု ဟောတော်မူပြန်၏၊ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် "ပေါင်းသင်းဆက်ဆံခြင်းကြောင့် ဘေးဖြစ်ရ၏၊ နေရာအိမ်ကြောင့် ကိလေသာမြူ ဖြစ်ပေါ်ရ၏၊ နေရာအိမ်မရှိသော ပေါင်းသင်းဆက်ဆံမှု မရှိသော ဤနိဗ္ဗာန်ကို မြတ်စွာဘုရားသည် မြင်တော်မူပါပေ၏"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူအပ်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "မွေ့လျော်ဖွယ်ရှိကုန်သော ကျောင်းတို့ကို ဆောက်လုပ် (လှူဒါန်း) ရာ၏၊ ဤကျောင်း၌ များသော အကြားအမြင်ရှိကုန်သော ရဟန်းတို့ကို နေစေရာ၏" ဟူသော ထိုစကားသည် မှားရာ၏၊ မြတ်စွာဘုရားသည် မွေ့လျော်ဖွယ်ရှိကုန်သော ကျောင်းတို့ကို ဆောက်လုပ် (လှူဒါန်း) ရာ၏၊ ဤကျောင်း၌ များသော အကြားအမြင် ရှိကုန်သော ရဟန်းတို့ကို နေစေရာ၏" ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "ပေါင်းသင်းဆက်ဆံခြင်းကြောင့် ဘေးဖြစ်ရ၏၊ နေရာအိမ်ကြောင့် ကိလေသာမြူ ဖြစ်ပေါ်ရ၏၊ နေရာအိမ်မရှိသော ပေါင်းသင်းဆက်ဆံမှုမရှိသော ဤနိဗ္ဗာန်ကို မြတ်စွာဘုရားသည် မြင်တော်မူပါပေ၏"ဟု မြတ်စွာဘုရား ဟောတော်မူသော ထိုစကားသည်လည်း မှားရာပါ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် မြတ်စွာဘုရားသည် "ပေါင်းသင်းဆက်ဆံခြင်းကြောင့် ဘေးဖြစ်ရ၏၊ နေရာအိမ်ကြောင့် ကိလေသာမြူ ဖြစ်ပေါ်ရ၏၊ နေရာအိမ်မရှိသော ပေါင်းသင်းဆက်ဆံမှုမရှိသော ဤနိဗ္ဗာန်ကို မြတ်စွာဘုရားသည် မြင်တော်မူပါပေ၏" ဟူသော ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ "မွေ့လျော်ဖွယ်ရှိကုန်သော ကျောင်းတို့ကို ဆောက်လုပ် (လှူဒါန်း) ရာ၏၊ ဤကျောင်း၌ များသော အကြားအမြင် ရှိကုန်သော ရဟန်းတို့ကို နေစေရာ၏" ဟူ၍လည်း မြတ်စွာဘုရား ဟောတော်မူအပ်၏၊ မင်းမြတ် မြတ်စွာဘုရားသည် "ပေါင်းသင်းဆက်ဆံခြင်းကြောင့် ဘေးဖြစ်ရ၏၊ နေရာအိမ်ကြောင့် ကိလေသာမြူ ဖြစ်ပေါ်ရ၏၊ နေရာအိမ်မရှိသော ပေါင်းသင်းဆက်ဆံမှု မရှိသော ဤနိဗ္ဗာန်ကို မြတ်စွာဘုရားသည် မြင်တော်မူပါပေ၏" ဟူသော အကြင်စကားကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုစကားသည် သဘောမှန်စကား

http://www.dhammadownload.com



တည်း၊ အကြွင်း မရှိသောစကားတည်း၊ အကျန်မရှိသော စကားတည်း၊ မုချစကားတည်း၊ ရဟန်းတို့အား လျောက်ပတ်သော စကားတည်း၊ ရဟန်းတို့အား သင့်တင့်သောစကားတည်း၊ ရဟန်းတို့အား ထိုက်တန်သော စကားတည်း၊ ရဟန်းတို့၏ ကျက်စားရာတည်း၊ ရဟန်းတို့၏ အကျင့်တည်း၊ ရဟန်းတို့၏ ကျင့်ဝတ်တည်း၊ မင်းမြတ် ဥပမာအားဖြင့် တော၌ ကျက်စားသော သမင်သည် တော၌ လှည့်လည်လျက် နေရာမရှိသည်ဖြစ်၍ အိမ်မရှိသည်ဖြစ်၍ အလိုအတိုင်း နေရ၏၊ မင်းမြတ် ဤအတူသာလျှင် ရဟန်းသည် "ပေါင်းသင်းဆက်ဆံမှုကြောင့် ဘေးဖြစ်ရ၏၊ နေရာအိမ်ကြောင့် ကိလေသာမြူ ဖြစ်ပေါ်ရ၏၊ နေရာအိမ်မရှိသော ပေါင်းသင်းဆက်ဆံမှုမရှိသော ဤနိဗ္ဗာန်ကို မြတ်စွာဘုရားသည် မြင်တော်မူပါပေ၏"ဟု ကြံအပ်ကြံသင့်၏။

မင်းမြတ် ထို့ပြင် "နှလုံး မွေ့လျော်ဖွယ်ရှိကုန်သော ကျောင်းတို့ကို ဆောက်လုပ် (လှူဒါန်း) ရာ၏၊ ဤကျောင်း၌ များသော အကြားအမြင်ရှိကုန်သော ရဟန်းတို့ကို နေစေရာ၏" ဟူသော ထိုစကားကိုမူကား အကျိုးထူးနှစ်ပါးတို့ကို ကောင်းစွာ မြင်တော်မူသည်ဖြစ်၍ မြတ်စွာဘုရား ဟောတော်မူအပ်၏၊ အကျိုးထူးနှစ်ပါးတို့ဟူသည် အဘယ်တို့နည်း—ကျောင်းအလှူ မည်သည်ကို အလုံးစုံသော ဘုရားရှင်တို့သည် ချီးမွမ်းတော်မူအပ်၏၊ ခွင့်ပြုတော်မူအပ်၏၊ ထောမနာတော်မူအပ်၏၊ ချီးကျူးတော်မူအပ်၏၊ ထိုဒါယကာတို့သည် ထိုကျောင်းအလှူကို ပေးလှူရသောကြောင့် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းမှ လွတ်ကုန်လတ္တံ့၊ ဤသည်ကား ကျောင်းအလှူ၌ ရှေးဦးစွာသော အကျိုးအာနိသင်တည်း။

နောက်တမျိုးသော်ကား ကျောင်းရှိလတ်သော် ဘိက္ခုနီမတို့သည် ရဟန်းဘို့နေရာဟု အမှတ်သင်္ကေတထင်ရှားကြကုန်လတ္တံ့၊ ဖူးမြင်လိုသော သူဘို့အား ဖူးမြင်ရလွယ်သည် ဖြစ်လတ္တံ့၊ ကျောင်းမရှိသော် ဖူးမြင်ရန် ခက်ခဲကုန်လတ္တံ့၊ ဤသည်ကား ကျောင်းအလှူ၌ နှစ်ခုမြောက်ဖြစ်သော အကျိုးအာနိသင်တည်း၊ ဤနှစ်ပါးသော အကျိုးထူးတို့ကို ကောင်းစွာ မြင်တော်မူသော မြတ်စွာဘုရားသည် "နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော ကျောင်းတို့ကို ဆောက်လုပ် (လှူဒါန်း) ရာ၏၊ ဤကျောင်း၌ များသော အကြားအမြင်ရှိသော ရဟန်းတို့ကို နေစေရာ၏"ဟု ဟောတော်မူအပ်၏၊ ထိုကျောင်း၌ မြတ်စွာဘုရားသားတော်သည် ငြိကပ်တပ်မက်မှုကို မပြုသင့်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ရှေးဦးစွာသော သန္ထဝပဉှာ ပြီး၏။

---

## ၂-ဥဒရသံယတပဉှာ

### (ဝမ်း 'အစာအိမ်'၌ စောင့်စည်းမှု ပြဿနာ)

၂။ အသျှင်ဘုရားနာဂသေန—

"ဆွမ်းခံအကျင့်၌ မမေ့မလျော့ရာ၊ ဝမ်း၌ အစားမကြီး စောင့်စည်းသည် ဖြစ်ရာ၏"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏။

http://www.dhammadownload.com



တဖန်လည်း "ဥဒါယီ ငါသည်ကား တရံတခါ ဤသပိတ်အနားရေးနှင့် ညီမျှသော ဆွမ်းကိုလည်း ဘုဉ်းပေး၏၊ ထိုထက်လွန်စွာလည်း ဘုဉ်းပေး၏"ဟု မြတ်စွာဘုရား ဟောတော်မူပြန်ပါ၏၊ အသျှင်ဘုရားနာဂသေန "ဆွမ်းခံအကျင့်၌ မမေ့မလျော့ရာ၊ ဝမ်း၌ အစားမကြီး စောင့်စည်းသည် ဖြစ်ရာ၏"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူသည် ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ ဥဒါယီ "ငါသည်ကား တရံတခါ ဤသပိတ်အနားရေးနှင့် ညီမျှသော ဆွမ်းကိုလည်း ဘုဉ်းပေး၏၊ ထိုထက်လွန်စွာလည်း ဘုဉ်းပေး၏"ဟူသော ထိုစကားသည် မှားရာ၏၊ ဥဒါယီ "ငါသည်ကား တရံတခါ ဤသပိတ်အနားရေးနှင့် ညီမျှသော ဆွမ်းကိုလည်း ဘုဉ်းပေး၏၊ ထိုထက်လွန်စွာလည်း ဘုဉ်းပေး၏"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူသည် ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ "ဆွမ်းခံအကျင့်၌ မမေ့မလျော့ရာ၊ ဝမ်း၌ အစားမကြီး စောင့်စည်းသည် ဖြစ်ရာ၏"ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "ဆွမ်းခံအကျင့်၌ မမေ့မလျော့ရာ၊ ဝမ်း၌ အစားမကြီး စောင့်စည်းသည် ဖြစ်ရာ၏" ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်၏၊ ဥဒါယီ "ငါသည်ကား တရံတခါ ဤသပိတ်အနားရေးနှင့်ညီမျှသော ဆွမ်းကိုလည်း ဘုဉ်းပေး၏၊ ထိုထက်လွန်စွာလည်း ဘုဉ်းပေး၏" ဟုလည်း ဟောတော်မူအပ်၏၊ မင်းမြတ် "ဆွမ်းခံအကျင့်၌ မမေ့မလျော့ရာ၊ ဝမ်း၌ အစားမကြီး စောင့်စည်းသည် ဖြစ်ရာ၏"ဟု အကြွင်းစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ ထိုစကားသည် သဘောမှန်စကားတည်း၊ အကြွင်းမရှိသော စကားတည်း၊ အကျန်မရှိသော စကားတည်း၊ ပရိယာယ်မဟုတ် မုချဖြစ်သောစကားတည်း၊ ဟုတ်သောစကားတည်း၊ မှန်သောစကားတည်း၊ မဖောက်မပြန် သဘောမှန်သောစကားတည်း၊ မချွတ်ယွင်းသောစကားတည်း၊ သီလစသောဂုဏ်ကို ရှာမှီးသူတို့၏ စကားတည်း၊ မုနိငါးပါးတို့ထက် မြတ်သော ဘုရားမြတ်၏ စကားတည်း၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံသော မြတ်စွာဘုရားတို့၏ စကားတည်း၊ ရဟန္တာတို့၏ စကားတည်း၊ ပစ္စေကဗုဒ္ဓါတို့၏စကားတည်း၊ မာရ်ငါးပါးကို အောင်တော်မူသော ဘုရားရှင်တို့၏ စကားတည်း၊ အလုံးစုံသော တရားကို သိတော်မူသော သဗ္ဗညုမြတ်စွာဘုရားတို့၏ စကားတည်း၊ ရှေးဘုရားတို့ ကဲ့သို့ လာခြင်းကောင်းတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားရှင်တို့၏ စကားတော်တည်း။

မင်းမြတ် ဝမ်း၌ မစောင့်မစည်း အစားကြီးသောသူသည် သူ၏အသက်ကိုလည်း သတ်၏၊ သူမပေးသော ဥစ္စာကိုလည်း ခိုးယူ၏၊ သူတပါးသားမယားကိုလည်း လွန်ကျူး သွားလာ၏၊ မမှန်ချွတ်ယွင်းသော စကားကိုလည်း ပြောဆို၏၊ သေအရက်ကိုလည်း သောက်၏၊ အမိကိုလည်း အသက်မှချ၏၊ အဖကိုလည်း အသက်မှချ၏၊ ရဟန္တာကိုလည်း အသက်မှချ၏၊ သံဃာကိုလည်း သင်းခွဲ၏၊ ပြစ်မှားသော စိတ်ဖြင့် မြတ်စွာဘုရားအား သွေး(စိမ်းတည်ခြင်း)ကိုလည်း ဖြစ်စေ၏။ မင်းမြတ် ဒေဝဒတ်သည် ဝမ်း၌ မစောင့်စည်းသည်ဖြစ်၍ သံဃာကို သင်းခွဲသောကြောင့် ကပ္ပတည်ကမ္ဘာပတ်လုံး တည်ရသော မကောင်းမှုကံကို အားထုတ်သည် မဟုတ်လော၊ မင်းမြတ် ဤသို့ သဘောရှိကုန်သော အခြား များစွာသော အကြောင်းတို့ကို မြင်တော်မူ၍ "ဆွမ်းခံအကျင့်၌ မမေ့မလျော့ရာ၊ ဝမ်း၌ အစားမကြီး စောင့်စည်းသည်ဖြစ်ရာ၏"ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏။

http://www.dhammadownload.com



မင်းမြတ် ဝမ်း၌ စောင့်စည်းသောသူသည် ထိုးထွင်း၍ သိထိုက်သော သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိ၏၊ လေးပါးကုန်သော မဂ်ဖိုလ်တို့ကို မျက်မှောက်ပြုနိုင်၏၊ ပဋိသမ္ဘိဒါလေးပါး သမာပတ်ရှစ်ပါး အဘိညာဉ်ခြောက်ပါးတို့၌ ပွါးထုံသည့်အဖြစ်သို့ ရောက်၏၊ အလုံးစုံသော ရဟန်းတရားကိုလည်း ပြည့်စေ၏၊ မင်းမြတ် ကျေးသားငယ်သည် ဝမ်း၌ စောင့်စည်းသည်ဖြစ်၍ တာဝတိံသာနတ်ပြည်တိုင်အောင် တုန်လှုပ်စေလျက် နတ်တို့အရှင် သိကြားမင်းကို အလုပ် အကျွေးအဖြစ်သို့ ရောက်စေနိုင်သည် မဟုတ်လော၊ မင်းမြတ် ဤသို့ သဘောရှိကုန်သော အခြား များစွာသော အကြောင်းတို့ကို မြင်တော်မူ၍ "ဆွမ်းခံအကျင့်၌ မမေ့မလျော့ရာ၊ အစားမကြီး ဝမ်း၌ စောင့်စည်းသည် ဖြစ်ရာ၏"ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏။

မင်းမြတ် "ဥဒါယိ ငါသည်ကား တရံတခါ ဤသပိတ်အနားရေးနှင့်ညီမျှသော ဆွမ်းကိုလည်း ဘုဉ်းပေး၏၊ ထို့ထက်လွန်စွာလည်း ဘုဉ်းပေးတော်မူ၏"ဟု အကြင်စကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ ထိုစကားကို ပြုပြီးသောကိစ္စရှိတော်မူသော ပြီးပြီးသော ပြုဖွယ်ရှိတော် မူသော အကျိုးပြီးတော်မူပြီးသော သိတင်းသုံးမှု ပြီးဆုံးတော်မူပြီးသော နီဝရဏ ကင်းတော် မူပြီးသော အလုံးစုံသောတရားကို သိတော်မူပြီးသော ဆရာမရှိ ကိုယ်တိုင်သိတော်မူပြီးသော မြတ်စွာဘုရားသည် မိမိကိုယ်တော်ကို ထောက်နှိုင်း၍ ဟောတော်မူအပ်၏။

မင်းမြတ် ဥပမာသော်ကား ပျို့အန်သော အနာရောဂါ မပြတ်သော အမြဲမပြတ် ရောဂါ စွဲကပ်နေသော သူနာအား သင့်လျော်လျောက်ပတ်သော အစာအာဟာရ၌ ပြုကျင့်ဖွယ်ကို အလို ရှိအပ်၏၊ မင်းမြတ် ဤအတူသာလျှင် ကိလေသာရှိသော သစ္စာလေးပါးကို မသိမမြင်သေးသော သူအား ဝမ်း၌ အစားမကြီး စောင့်စည်းခြင်းကို ပြုအပ်၏၊ မင်းမြတ် ဥပမာအားဖြင့် အရောင် ရှိသော အမျိုးမှန်သော အမျိုးစစ်၍ စင်ကြယ်သော ပတ္တမြားရတနာကို သုတ်ခြင်း ပွတ်တိုက်ခြင်း စင်ကြယ်စေခြင်းဖြင့် ပြုလုပ်ဖွယ်မရှိ၊ မင်းမြတ် ဤအတူသာလျှင် ဘုရားအရာ၌ အထွတ်အထိပ်သို့ ရောက်တော်မူပြီးသော မြတ်စွာဘုရားအား ပြုလုပ်ဖွယ် ပြုသင့်ပြုရာတို့ကို ပြုလုပ်ခြင်းတို့၌ အနှောင့်အရှက် အပိတ်အပင် မဖြစ်ပေဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှ ပါပေ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

နစ်ခုမြောက် ဥဒရသံယတပဉှာ ပြီး၏။

---

## ၁-ဗုဒ္ဓအပ္ပါဗာဓပဉှာ

(မြတ်စွာဘုရားနှင့်အနာကင်းသူ ပြဿနာ)

၁။ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ ငါသည် မကောင်းမှုမှ အပပြုပြီးသော အရိယာ သူတော်ကောင်းတို့ တောင်းခြင်း၌ အားထုတ်သော အခါခပ်သိမ်း ဖြန့်ထားသော လက်ရှိသော အဆုံးစွန်သော ကိုယ်ကိုဆောင်သော အတုမရှိမူ၍ ရောဂါကို နှတ်ပယ်နိုင်သော ဆေးဆရာဖြစ်၏" ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏၊ တဖန်လည်း "ရဟန်းတို့ ငါ၏တပည့် 'ဗာကုလ' ဖြစ်ကုန်သော အနာကင်းကုန်သော ရဟန်းတို့တွင် ဤဗာကုလသည် အမြတ်ဆုံး တည်း"ဟု မြတ်စွာဘုရား ဟောတော်မူပြန်ပါ၏၊ မြတ်စွာဘုရား၏ ကိုယ်တော်၌လည်း အကြိမ် များစွာ အနာဖြစ်ခြင်းသည် ထင်ခဲ့ပါ၏၊ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် အကယ်၍

http://www.dhammadownload.com



အတုမရှိသည်ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ "ရဟန်းတို့ ငါ၏တပည့် ဖြစ်ကုန်သော။ပ။ဤဗာကုလသည် အမြတ်ဆုံးတည်း" ဟူသော ထိုစကားသည် မှားရာပါ၏၊ ဗာကုလမထေရ်သည် အနာကင်းသော ရဟန်းတို့တွင် အမြတ်ဆုံးဖြစ်ပါမူ "ရဟန်းတို့ ငါသည်။ပ။ရောဂါကို နုတ်ပယ်နိုင်သော ဆေးဆရာ ဖြစ်၏"ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာ သည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်း တော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "ရဟန်းတို့ ငါသည်။ပ။ရောဂါကို နုတ်ပယ်နိုင်သော ဆေးဆရာဖြစ်၏"ဟူသော ဤစကားကို မြတ်စွာဘုရားဟောတော်မူအပ်၏၊ရဟန်းတို့ ငါ၏တပည့်'သာဝက'ဖြစ်ကုန်သော။ပ။ ဤဗာကုလသည် အမြတ်ဆုံးတည်း"ဟုလည်း ဟောတော်မူအပ်၏၊ စင်စစ်သော်ကား ထိုစကား ကိုလည်း အပပြုအပ် ပယ်အပ်ကုန်သော တရားတို့၏ရင်း ရောက်ကြောင်း တရားတို့၏ရင်း လက်ရောက်ရပြီးသော တရားတို့၏ရင်း ပရိယတ်တရားတို့၏ရင်း မိမိ၌ ထင်ရှားရှိသည်၏အဖြစ်ကို ရည်ရွယ်ချင့်ချိန်းတော်မူ၍ ဟောတော်မူအပ်၏။

မင်းမြတ် ရပ်ခြင်း စင်္ကြံသွားခြင်းသာ ရှိကြကုန်သော မြတ်စွာဘုရား၏တပည့်'သာဝက'တို့ သည် ရှိကြကုန်၏၊ ထိုတပည့်'သာဝက'တို့သည် ရပ်ခြင်း စင်္ကြံသွားခြင်းဖြင့် နေ့ညဥ့်ကို လွန်စေ ကုန်၏၊ မင်းမြတ် မြတ်စွာဘုရားသည်ကား ရပ်တော်မူခြင်းဖြင့်ရင်း စင်္ကြံသွားတော်မူခြင်းဖြင့်ရင်း ထိုင်တော်မူခြင်းဖြင့်ရင်း လျောင်းတော်မူခြင်းဖြင့်ရင်း နေ့ညဥ့်ကို လွန်စေတော်မူ၏၊ မင်းမြတ် အကြင်ရဟန်းတို့သည် ရပ်ခြင်း စင်္ကြံသွားခြင်းသာ ရှိကုန်၏၊ ထိုရဟန်းတို့သည် ထိုဣရိယာပုထ် အစိတ်အပိုင်းဖြင့် လွန်ကဲကုန်၏။

မင်းမြတ် ဧကာသနိက်ဓုတင်ကို ဆောက်တည်ကုန်သော မြတ်စွာဘုရား၏ တပည့်'သာဝက'တို့ သည် ရှိကုန်၏၊ ထိုရဟန်းတို့သည် အသက်ဟူသော အကြောင်းကြောင့်သော်လည်း နှစ်ထပ် သော ဘောဇဉ်ကို မသုံးဆောင်ကုန်၊ မင်းမြတ် မြတ်စွာဘုရားသည်ကား နှစ်ထပ်ရင်း သုံးထပ်တိုင်ရင်း ဘောဇဉ်ကို ဘုဉ်းပေးသုံးဆောင်တော်မူ၏၊ မင်းမြတ် အကြင်ရဟန်းတို့သည် ဧကာသနိက်ဓုတင်ဆောက်တည်ကုန်၏၊ထိုရဟန်းတို့သည် ထိုဓုတင်အစိတ်အပိုင်းဖြင့် လွန်ကဲကုန်၏၊ မင်းမြတ် များပြားကုန်သော ထို(ဓုတင်) အကြောင်းတို့ကို ထိုထိုရဟန်းတို့၏ ထိုထိုလွန်ကဲသော ဂုဏ်ကို ရည်၍ ဆိုအပ်ကုန်၏၊ မင်းမြတ် မြတ်စွာဘုရားသည် သီလအားဖြင့်ရင်း သမာဓိအားဖြင့် ရင်း ပညာအားဖြင့်ရင်း အရဟတ္တဖိုလ်အားဖြင့်ရင်း အရဟတ္တဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာ ဉာဏ်အားဖြင့်ရင်း အားတော်ဆယ်ပါးတို့ဖြင့်ရင်း ဝေသာရဇ္ဇဉာဏ်လေးပါးတို့ဖြင့်ရင်း တဆယ့် ရှစ်ပါးသော ဘုရားဂုဏ် ကျေးဇူးတရားတို့ဖြင့်ရင်း အသာဓာရဏဉာဏ် ခြောက်ပါးတို့ဖြင့်ရင်း အတုမရှိပေ၊ အလုံးစုံသော ဘုရားအရာ၌လည်း အတုမရှိပေ၊ ထိုသို့သောအရာကို ရည်ရွယ်၍ "ငါသည်။ပ။ရောဂါကို နုတ်ပယ်နိုင်သော ဆေးဆရာဖြစ်၏"ဟု ဟောတော်မူ၏။

မင်းမြတ် ဤလောက၌ လူတို့တွင် တယောက်သောသူသည် အမျိုးဇာတ်နှင့်ပြည့်စုံ၏၊ တယောက်သောသူသည် ဥစ္စာရှိ၏၊ တယောက်သောသူသည် ပညာရှိ၏၊တယောက်သောသူသည် လက်မှုအတတ်ရှိ၏၊တယောက်သောသူသည် ရဲစွမ်းသတ္တိရှိ၏၊ တယောက်သောသူသည် မြော်မြင် တတ်၏၊ ထိုအလုံးစုံသောသူတို့ကိုလည်း လွှမ်းမိုးလွန်ကဲ၍ မင်းသည်သာလျှင် ထိုသူတို့ထက် မြတ်၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့ထက် မြတ်၏ ကြီး၏ ထူး၏။

http://www.dhammadownload.com



အသျှင်ဗာကုလသည် အနာကင်း၏၊ ထိုသို့ အနာကင်းခြင်းသည် ဆုတောင်း၏အစွမ်းဖြင့် ဖြစ်၏၊ မင်းမြတ် အကြောင်းကား ထိုအသျှင်ဗာကုလမထေရ်သည် အနောမဒဿီမြတ်စွာဘုရားအား လေနာဖြစ်စဉ်အခါ၌၎င်း ဝိပဿီမြတ်စွာဘုရားအား၎င်း ခြောက်သန်း ရှစ်သိန်းသော ရဟန်းတို့အား၎င်း မြက်ပွင့်နံ့ကြောင့် ရောဂါဖြစ်သော အခါ၌၎င်း မိမိသည် ရသေ့ဖြစ်၍ အထူးထူးသော ဆေးတို့ဖြင့် ထိုအနာရောဂါကို ပယ်ဖျောက်ခဲ့သောကြောင့် အနာရောဂါ ကင်းသည်၏အဖြစ်သို့ ရောက်၏၊ ရဟန်းတို့ "ငါ၏ တပည့်'သာဝက' ဖြစ်ကုန်သော။ပ။ ဤဗာကုလသည် အမြတ်ဆုံး တည်း"ဟုလည်း ဟောတော်မူအပ်၏။

မင်းမြတ် မြတ်စွာဘုရားအား အနာရောဂါဖြစ်သော်၎င်း မဖြစ်သော်၎င်း ဓုတင်အကျင့်ကို ကျင့်သော်၎င်း မကျင့်သော်၎င်း မြတ်စွာဘုရားနှင့်တူသော တဦးတယောက်သော သတ္တဝါ မရှိပေ။ မင်းမြတ် 'နဘ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် သံယုတ္တနိကာယ်ဟု မြတ်သော တံဆိပ်အမှတ်ရှိသော ပါဠိတော်၌—

"ရဟန်းတို့ အခြေမရှိသည်လည်း ဖြစ်ကုန်သော အခြေနှစ်ချောင်းရှိသည်လည်း ဖြစ်ကုန်သော အခြေလေးချောင်းရှိသည်လည်း ဖြစ်ကုန်သော အခြေများစွာရှိသည်လည်း ဖြစ်ကုန်သော ရုပ်ရှိသည်လည်း ဖြစ်ကုန်သော နာမ်ရှိသည်လည်း ဖြစ်ကုန်သော သညာရှိသည်လည်း ဖြစ်ကုန်သော သညာမရှိသည်လည်း ဖြစ်ကုန်သော သညာရှိသည် လည်းမဟုတ် သညာမရှိသည်လည်း မဟုတ်ကုန်သော အကြင်မျှလောက်ကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ ထိုသတ္တဝါတို့ထက် ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို အမြတ်ဆုံး"ဟု ဆိုအပ်၏ဟု ထိုစကားကိုလည်း ဟောတော်မူအပ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ၊ နာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

သုံးခုမြောက် ဗုဒ္ဓအပ္ပါဗာဓပဥ္စာ ပြီး၏။

## ၄-မဂ္ဂုပ္ပါဒနပဥ္စာ

### (မဂ်ကိုဖြစ်စေပုံ ပြဿနာ)

၄။ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော(သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် မဖြစ်ပေါ်သေးသော မဂ် လမ်းစဉ်ကို ဖြစ်ပေါ်စေနိုင်၏"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏၊ တဖန်လည်း "ရဟန်းတို့ ရှေး၌ ပွင့်တော်မူကုန်ပြီးသော မြတ်စွာဘုရားတို့သည် ကြွသွားတော်မူမြဲ ခရီးဟောင်း ဖြစ်သော ရှေးမဂ်လမ်းစဉ်ကို ငါမြင်ပြီ"ဟု ဟောတော်မူပြန်ပါ၏၊အသျှင်ဘုရားနာဂသေန မြတ်စွာ ဘုရားသည် မဖြစ်ပေါ်သေးသော မဂ်လမ်းစဉ်ကို အကယ်၍ ဖြစ်ပေါ်စေတော်မူနိုင်သည် ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "ရဟန်းတို့ ရှေး၌ပွင့်တော်မူကုန်ပြီးသော မြတ်စွာဘုရားတို့သည် ကြွသွား တော်မူမြဲ ခရီးဟောင်းဖြစ်သော ရှေးမဂ်လမ်းစဉ်ကို ငါမြင်ပြီ" ဟူသော ထိုစကားသည်

http://www.dhammadownload.com



မှားရာပါ၏၊ မြတ်စွာဘုရားသည် "ရဟန်းတို့ ရှေး၌ ပွင့်တော်မူကုန်ပြီးသော မြတ်စွာဘုရားတို့သည် ကြွသွားတော်မူမြဲ ခရီးဟောင်းဖြစ်သော ရှေးမဂ်လမ်းစဉ်ကို ငါမြင်ပြီ"ဟု အကယ်၍ ဟောတော်မူအပ်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် မဖြစ်ပေါ်သေးသော မဂ်လမ်းစဉ်ကို ဖြစ်ပေါ်စေနိုင်၏"ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ အစွန်းနှစ်ဖက် ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် မဖြစ်ပေါ်သေးသော မဂ်လမ်းစဉ်ကို ဖြစ်ပေါ်စေနိုင်၏"ဟူသော ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏။ "ရဟန်းတို့ ရှေး၌ ပွင့်တော်မူကုန်ပြီးသော မြတ်စွာဘုရားတို့သည် ကြွသွားတော်မူမြဲ ခရီးဟောင်းဖြစ်သော ရှေးမဂ်လမ်းစဉ်ကို ငါမြင်ပြီ" ဟုလည်း ဟောတော်မူအပ်၏၊ ထိုစကားနှစ်ရပ်လုံးပင် သဘောဖြောင့်မှန်သော စကားချည်းတည်း၊ မင်းမြတ် ရှေး၌ ပွင့်တော်မူကုန်ပြီးသော မြတ်စွာဘုရားတို့ ပရိနိဗ္ဗာန်စံလွန်တော်မူသဖြင့် ဆုံးမဘတ်သော ဆရာမရှိလတ်သော် မဂ်လမ်းစဉ်သည် ကွယ်ပျောက်လေပြီး မြတ်စွာဘုရားသည် ပျက်စီးလေပြီး ပြတ်စဲလေပြီး တိမ်မြုပ်လေပြီး ပိတ်ကွယ်လေပြီး ဖုံးလွှမ်းလေပြီး အသွားအလာပြတ်လေပြီးသော ထိုမဂ်လမ်းစဉ်ကို ပညာမျက်စိဖြင့် ကောင်းစွာ မြင်တော်မူသည်ဖြစ်၍ ရှေး၌ပွင့်တော်မူကုန်ပြီးသော မြတ်စွာဘုရားတို့သည် ကြွသွားတော်မူမြဲကို မြင်တော်မူပြီ၊ ထိုအကြောင်းကြောင့် "ရဟန်းတို့ ရှေး၌ပွင့်တော်မူကုန်ပြီးသော မြတ်စွာဘုရားတို့ ကြွသွားတော်မူမြဲ ခရီးဟောင်းဖြစ်သော ရှေးမဂ်လမ်းစဉ်ကို ငါမြင်ပြီ"ဟု ဟောတော်မူ၏။

မင်းမြတ် ရှေး၌ ပွင့်တော်မူကုန်ပြီးသော မြတ်စွာဘုရားတို့ ပရိနိဗ္ဗာန်စံလွန်တော်မူသဖြင့် ဆုံးမတတ်သော ဆရာမရှိလတ်သော် ပျက်စီးလေပြီး ပြတ်စဲလေပြီး တိမ်မြုပ်လေပြီး ပိတ်ကွယ်လေပြီး ဖုံးလွှမ်းလေပြီး အသွားအလာ ပြတ်လေပြီးသော မဂ်လမ်းစဉ်ကို ယခုအခါ၌ အကြင် အကြောင်းကြောင့် မြတ်စွာဘုရားသည် ကြွသွားခြင်းကို ပြုတော်မူ၏၊ ထိုအကြောင်းကြောင့် "ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ငါဘုရားသည် မဖြစ်ပေါ်သေးသော မဂ်လမ်းစဉ်ကို ဖြစ်ပေါ်စေနိုင်၏"ဟု ဟောတော်မူ၏။

မင်းမြတ် ဤလောက၌ စကြဝတေးမင်း ကွယ်လွန်သဖြင့် ပတ္တမြားရတနာသည် တောင်ထွတ် ကြား၌ ဖုံးလွှမ်းကွယ်ပျောက်နေ၏၊ အခြားသော စကြဝတေးမင်း၏ ကောင်းစွာကျင့်ခြင်းဖြင့် ဆိုက်ရောက်လာပြန်၏၊ မင်းမြတ် ထိုပတ္တမြားရတနာသည် နောက်စကြဝတေးမင်းအား အသစ် ဖြစ်ပေါ်လာသလောဟု (မေးတော်မူ၏)။အသျှင်ဘုရား မဟုတ်ပါ၊ ပြကတေ့ရှိပြီးသားဖြစ်သော ထိုပတ္တမြားရတနာကိုသာ နောက်စကြဝတေးမင်းသည် ဖြစ်စေအပ်ပါ၏၊ မင်းမြတ်ဤအတူ သာလျှင် ပြကတေ့ရှိပြီးဖြစ်၍ ရှေး၌ ဘုရားရှင်တို့ လေ့ကျက်အပ်သော အေးမြသော ဆုံးမ တတ်သော ဆရာမရှိသောကြောင့် ပျက်စီးလေပြီး ပြတ်စဲလေပြီး တိမ်မြုပ်လေပြီး ပိတ်ကွယ် လေပြီး ဖုံးလွှမ်းလေပြီး အသွားအလာပြတ်လေပြီးသော မဂ်လမ်းစဉ်ကို မြတ်စွာဘုရားသည် ပညာ မျက်စိဖြင့် ကောင်းစွာမြင်တော်မူသည်ဖြစ်၍ ဖြစ်စေတော်မူ၏၊ ကြွသွားတော်မူခြင်းကို ပြုတော် မူ၏၊ ထိုအကြောင်းကြောင့် "ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါး

http://www.dhammadownload.com



တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် မဖြစ်ပေါ်သေးသော မဂ်လမ်းစဉ်ကို ဖြစ်ပေါ်စေနိုင်၏"ဟု (ဟောတော်မူ၏)။

မင်းမြတ် ဥပမာတနည်းသော်ကား ထင်ရှားရှိသည်သာလျှင်ဖြစ်သော သားကို (ယောနိ) မဂ်ဖြင့် မွေးဖွားတတ်သောကြောင့် အမိကို"ဖြစ်စေတတ်သူ"ဟု ဆိုအပ်၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ပျက်စီးလေပြီး ပြတ်စဲလေပြီး တိမ်မြုပ်လေပြီး ပိတ်ကွယ်လေပြီး ဖုံးလွှမ်းလေပြီး အသွားအလာ ပြတ်လေပြီးသော ထင်ရှားရှိပြီးသာလျှင်ဖြစ်သော မဂ်လမ်းစဉ်ကို ပညာမျက်စိဖြင့် ကောင်းစွာမြင်တော်မူသည်ဖြစ်၍ ဖြစ်ပေါ်စေနိုင်၏၊ကြွသွားခြင်းကို ပြုတော်မူ၏၊ ထိုအကြောင်းကြောင့်"ရဟန်းတို့ ပုဇော်အထူးကို ခံတော်မူထိုက်သော(သစ္စာလေးပါးတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် မဖြစ်ပေါ်သေးသော မဂ်လမ်းစဉ်ကို ဖြစ်ပေါ်စေနိုင်၏"ဟု (ဟောတော်မူ၏)။

မင်းမြတ် ဥပမာတနည်းသော်ကား တစုံတယောက်သော ယောကျ်ားသည် ပျောက်သော ပစ္စည်းဘဏ္ဍာ တစုံတခုကိုပြန်၍ တွေ့မြင်၏၊ "ထိုကြောင့် ထိုယောကျ်ားသည် ထိုပစ္စည်းဘဏ္ဍာကို ဖြစ်စေ၏"ဟု လူအပေါင်းက ခေါ်ဝေါ်၏၊မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ပျက်စီးလေပြီး ပြတ်စဲလေပြီး တိမ်မြုပ်လေပြီး ပိတ်ကွယ်လေပြီး ဖုံးလွှမ်းလေပြီး အသွားအလာပြတ်လေပြီးသော ထင်ရှားရှိပြီးသာလျှင်ဖြစ်သော မဂ်လမ်းစဉ်ကို ပညာမျက်စိဖြင့် ကောင်းစွာ မြင်တော်မူသည်ဖြစ်၍ ဖြစ်ပေါ်စေ၏၊ ကြွသွားခြင်းကို ပြုတော်မူ၏၊ ထိုအကြောင်းကြောင့် "ရဟန်းတို့ ပုဇော်အထူးကို ခံတော်မူထိုက်သော(သစ္စာလေးပါးတရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် မဖြစ်ပေါ်သေးသော မဂ်လမ်းစဉ်ကို ဖြစ်ပေါ်စေနိုင်၏"ဟု (ဟောတော်မူ၏)။

မင်းမြတ် ဥပမာတနည်းသော်ကား တစုံတယောက်သော ယောကျ်ားသည် တောကို သုတ်သင်ရှင်းလင်း၍ မြေရာကို တီထွင်၏၊ ထိုနေရာကို "ထိုယောကျ်ား၏မြေ"ဟု လူအပေါင်းက ခေါ်ဝေါ်၏၊ စင်စစ်သော်ကား ဤမြေကို ထိုယောကျ်ားသည် ဖြစ်စေအပ်သည် မဟုတ်၊ထိုမြေကို အကြောင်းပြု၍ မြေရှင်သာမည်၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ပျက်စီးလေပြီး ပြတ်စဲလေပြီး တိမ်မြုပ်လေပြီး ပိတ်ကွယ်လေပြီး ဖုံးလွှမ်းလေပြီး အသွားအလာ ပြတ်လေပြီးသော ထင်ရှားရှိပြီးသာလျှင်ဖြစ်သော မဂ်လမ်းစဉ်ကို ပညာမျက်စိဖြင့် ကောင်းစွာ မြင်တော်မူသည်ဖြစ်၍ ဖြစ်ပေါ်စေ၏၊ ကြွသွားခြင်းကို ပြုတော်မူ၏၊ ထိုအကြောင်းကြောင့် "ရဟန်းတို့ ပုဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် မဖြစ်ပေါ်သေးသော မဂ်လမ်းစဉ်ကို ဖြစ်ပေါ်စေနိုင်၏"ဟု ဟောတော်မူ၏။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

လေးခုမြောက် မဂ္ဂုပ္ပါဒနပဉှာ ပြီး၏။

---

## ၅-ဗုဒ္ဓအဝိဟေဌကပဉှာ

(မြတ်စွာဘုရား သတ္တဝါတို့ကို မညှဉ်းဆဲပုံ ပြဿနာ)

၅။ အသျှင်ဘုရားနာဂသေန"ငါသည် ရှေးရှေးဘဝ လူဖြစ်စဉ်က သတ္တဝါတို့အား မညှဉ်းဆဲခြင်း သဘောရှိသည် ဖြစ်ခဲ့ပြီ"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏။ တဖန်လည်း

http://www.dhammadownload.com



"လောမသကဿပမည်သော ရသေ့ဖြစ်စဉ်က အရာမက များစွာကုန်သော သတ္တဝါတို့ကို သတ်၍ ဝါဇပေယျအမည်ရှိသော ယင်ကြီးကို ပူဇော်ခဲ့ပြီ"ဟု ဟောတော်မူပြန်ပါ၏၊ အသျှင်ဘုရားနာဂသေန "ငါသည် ရှေးရှေးဘဝ လူဖြစ်စဉ်က သတ္တဝါတို့အား မညှဉ်းဆဲခြင်းသဘောရှိသည်ဖြစ်ခဲ့ပြီ"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူအပ်သည်ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ "လောမသကဿပမည်သော ရသေ့သည် အရာမကများစွာကုန်သော သတ္တဝါတို့ကို သတ်၍ ဝါဇပေယျယင်ကြီးကို ပူဇော်အပ်ပြီ" ဟူသောစကားသည် မှားရာပါ၏။ လောမသကဿပရသေ့သည် အရာမကများစွာကုန်သော သတ္တဝါတို့ကို သတ်၍ ဝါဇပေယျအမည်ရှိသော ယင်ကြီးကို အကယ်၍ ပူဇော်အပ်သည်ဖြစ်ပါအံ့၊ထိုသို့ဖြစ်ပါမူ"ငါသည် ရှေးရှေးဘဝ လူဖြစ်စဉ်က သတ္တဝါတို့အား မညှဉ်းဆဲခြင်းသဘောရှိသည်ဖြစ်ခဲ့၏" ဟူသော ထိုစကားသည်လည်း မှားရာပါ၏။ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "ငါသည် ရှေးရှေးဘဝ လူဖြစ်စဉ်က သတ္တဝါတို့အား မညှဉ်းဆဲခြင်း သဘောရှိသည် ဖြစ်ခဲ့၏"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊"လောမသကဿပ မည်သော ရသေ့သည် အရာမက များစွာကုန်သော သတ္တဝါတို့ကို သတ်၍ ဝါဇပေယျယင်ကြီးကို ပူဇော်အပ်ပြီ၊ စင်စစ်အားဖြင့် ထိုယင်ပူဇော်ခြင်းကိုလည်း ရာဂ၏အစွမ်းကြောင့် မိန်းမောသည်ဖြစ်၍ ပူဇော်အပ်၏၊(သေစေလိုသော)စေတနာရှိသည်ဖြစ်လျက် ပူဇော်အပ်သည်ကား မဟုတ်"ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ဤရှစ်ယောက်သော ပုဂ္ဂိုလ်တို့သည် သူတပါးအသက်ကို သတ်တတ်ကုန်၏၊ အဘယ်ရှစ်ယောက်တို့နည်းဟူမူ—တပ်မက်သောသူသည် တပ်မက်မှု'ရာဂ'၏ အစွမ်းဖြင့် သတ္တဝါတို့၏အသက်ကို သတ်၏၊ အမျက်ထွက်သောသူသည် အမျက် 'ဒေါသ'၏ အစွမ်းဖြင့် သတ္တဝါတို့၏အသက်ကို သတ်၏၊ တွေဝေမိုက်မဲသောသူသည် တွေဝေမိုက်မဲမှု 'မောဟ'၏ အစွမ်းဖြင့် သတ္တဝါတို့၏အသက်ကို သတ်၏၊ မာန်ထောင်တက်ကြွသူသည် မာန၏အစွမ်းဖြင့် သတ္တဝါတို့၏ အသက်ကို သတ်၏၊ လောဘရမ္မက်ကြီးသူသည် လောဘ၏အစွမ်းဖြင့် သတ္တဝါတို့၏အသက်ကို သတ်၏၊ ဆင်းရဲမွဲတေသူသည် အသက်မွေးခြင်းအကျိုးငှါ သတ္တဝါတို့၏အသက်ကို သတ်၏၊ မိုက်သောသူသည် ရှင်မြူးလိုသည်၏ အစွမ်းဖြင့် သတ္တဝါတို့၏ အသက်ကို သတ်၏၊ မင်းသည် ဆုံးမ (နှိပ်နင်း)လိုသည်၏ အစွမ်းဖြင့် သတ္တဝါတို့၏ အသက်ကိုသတ်၏၊ အသျှင်ဘုရားနာဂသေန ဤရှစ်ယောက်သော ပုဂ္ဂိုလ်တို့သည် သတ္တဝါတို့၏အသက်ကို သတ်တတ်ကုန်၏၊ အသျှင်ဘုရားနာဂသေန ဘုရားလောင်းသည် အသက်သတ်သူတို့၏ အလေ့ပြကတေ့ သဘောအတိုင်းသာ ပြုသည်မဟုတ်ပါလောဟု(လျှောက်၏)။ မင်းမြတ် ဘုရားလောင်းသည် အသက်သတ်သူတို့ အလေ့ ပြကတေ့ သဘောအတိုင်းသာ ပြုအပ်သည်မဟုတ်၊ မင်းမြတ် ဘုရားလောင်းသည် ပကတိသော အဖြစ်အားဖြင့် ယင်ကြီးပူဇော်ခြင်းငှါ အကယ်၍ ညွတ်ခဲ့အံ့၊ ဤသို့ ညွတ်ပါမူ—

> "သမုဒြာအရံနှင့်တကွသော သမုဒြာတည်းဟူသော နားတောင်းရှိသော မြေကြီးကို ကုံ့ရခြင်းနှင့် တကွဖြစ်သောကြောင့် ငါ အလိုမရှိပေ၊ သေယျအမတ် ဤသို့ ငါအလိုမရှိသော သဘောကို သိမှတ်လော့"ဟူသော ဤဂါထာကို မဆိုရာ။

http://www.dhammadownload.com



မင်းမြတ် ဘုရားလောင်းသည် ဤသို့ဆိုလေ့ရှိပါလျက် စန္ဒဝတီမင်းသမီးကို မြင်သည်နှင့်တပြိုင်နက် မိန်းမောတွေဝေဖြစ်ရလေ၏၊ ပျံ့လွင့်သော စိတ်ရှိသူ တပ်မက်မောသူဖြစ်၍ သညာချုတ်ယွင်းသကဲ့သို့ ဖြစ်ကာ နောက်နောက်ကျုကျု ချောက်ချားတုန်လှုပ်လေ၏၊ ပျံ့လွင့် တုန်လှုပ်ရှုပ်ရှက်နောက်ကျုသော ထိုစိတ်ဖြင့် မျှားလှစွာသော သားကောင်အပေါင်းကို သတ်၍ လည်ချောင်းသွေးကို စုပေါင်းရသော ဝါဇပေယျမည်သော ယဇ်ကြီးကို ပူဇော်လတ်သတည်း။

မင်းမြတ် ဥပမာအားဖြင့် သူရှူးသည် ပျံ့လွင့်သော စိတ်ရှိသည်ဖြစ်၍ တောက်လောင်နေသော မီးကိုသော်လည်း နင်း၏၊ အမျက်ထွက်သော မြွေကိုသော်လည်း ကိုင်၏၊ အမုန်ယစ်သော ဆင်ပြောင်ကြီးသို့သော်လည်း ချဉ်းကပ်၏၊ ကမ်းမမြင်ရသော သမုဒ္ဒရာသို့သော်လည်း ပြေးဆင်း၏၊ တံစီးတွင်းကိုရင်း အညစ်အကြေးစီးဆင်းရာ ညွန်အိုင်ကိုရင်း နင်းနယ်၏၊ ဆူးစိုက်ထားရာကိုလည်း တက်နင်း၏၊ ကမ်းပါးပြတ်၌သော်လည်း ခုန်ချ၏၊ မစင်ကိုသော်လည်း စား၏၊ အချည်းနှီး အဝတ်မဝတ်ပဲလည်း လမ်းမ၌ လှည့်လည်သွားလာ၏၊ အခြားမျှားပြားသော မပြုအပ်သည်ကိုသော်လည်း ပြု၏။ မင်းမြတ် ဤအတူသာလျှင် ဘုရားလောင်းသည် စန္ဒဝတီမင်းသမီးကို မြင်သည်နှင့်တပြိုင်နက် မိန်းမောတွေဝေဖြစ်ရလေ၏၊ ပျံ့လွင့်သော စိတ်ရှိသူ တပ်မက်မောသူ ဖြစ်၍ သညာချုတ်ယွင်းသကဲ့သို့ ဖြစ်ကာ နောက်နောက်ကျုကျု ချောက်ချားတုန်လှုပ်လေ၏၊ ပျံ့လွင့်တုန်လှုပ် ရှုပ်ရှက်နောက်ကျုသော ထိုစိတ်ဖြင့် မျှားလှစွာသော သားကောင်အပေါင်းကို သတ်၍ လည်ချောင်းသွေးကို စုပေါင်းရသော ဝါဇပေယျမည်သော ယဇ်ကြီးကို ပူဇော်လတ်သတည်း။

မင်းမြတ် ပျံ့လွင့်သောစိတ်ဖြင့် ပြုအပ်သော မကောင်းမှုသည် မျက်မှောက်ဘဝ၌လည်း ကြီးလေးသော အပြစ်မဖြစ်၊ တမလွန်ဘဝ၌ အကျိုးအားဖြင့်လည်း ထို့အတူ ကြီးလေးသော အပြစ်မဖြစ်။ မင်းမြတ် ဤလောက၌ တစုံတယောက်သော သူရှူးသည် အပြစ်သို့ ရောက်ငြားအံ့၊ သင်မင်းမြတ်တို့သည် ထိုသူရှူးအား အဘယ်ဒဏ်ကို ဆောင်စေသနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား အရှူးအား ဒဏ်ပေးခြင်းသည် အဘယ်မှာ ဖြစ်ပါလတ္တံ့နည်း၊ အကျွန်ုပ်တို့သည် ထိုသူရှူးကို ပုတ်ခတ်စေ၍ နှင်ထုတ်စေပါကုန်အံ့၊ ဤရိုက်နှက် ပုတ်ခတ်ခြင်းသည်သာလျှင် ထိုသူရှူးအား ထိုက်သင့်သော အပြစ်ဒဏ်ပါတည်းဟု (လျှောက်၏)။ မင်းမြတ် ဤသို့လျှင် သူရှူး၏လွန်ကျူးသော အပြစ်ကြောင့် ဒဏ်ပေးခြင်းသော်လည်း မဖြစ်၊ ထို့ကြောင့် သူရှူးသည် တစုံတခု ပြုသော်လည်း အပြစ်မဖြစ် ကုစားကောင်း၏။ မင်းမြတ် ဤအတူသာလျှင် လောမသကဿပအမည်ရှိသော ရသေ့သည် စန္ဒဝတီမင်းသမီးကို မြင်သည်နှင့် တပြိုင်နက် မိန်းမောတွေဝေ ဖြစ်ရလေ၏၊ ပျံ့လွင့်သော စိတ်ရှိသူ တပ်မက်မောသူဖြစ်၍ သညာချုတ်ယွင်းသကဲ့သို့ ဖြစ်ကာ နောက်နောက်ကျုကျု ချောက်ချား တုပ်သှုပ်လေ၏၊ ပျံ့လွင့်တုန်လှုပ် ရှုပ်ရှက်နောက်ကျုသော ထိုစိတ်ဖြင့် မျှားစွာသော သားကောင်အပေါင်းကို သတ်၍ လည်ချောင်းသွေးကို စုပေါင်းရသော ဝါဇပေယျအမည်ရှိသော ယဇ်ကြီးကို ပူဇော်သေ၏။ အကြင်အခါ၌ကား သဘောမှန်သော (ပကတိ) စိတ်ရှိ၍ တဖန်သတိရ၏၊ ထိုအခါ၌ တဖန်လျှင် ရဟန်းပြု၍ အဘိညာဉ်ငါးပါးတို့ကို ဖြစ်စေလျက် ဗြဟ္မာ့ဘုံသို့ လားရ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ငါးခုမြောက် ဗုဒ္ဓအပိဟေဌကပဥ္စာ ပြီး၏။

http://www.dhammadownload.com



## ၆-ဆဒ္ဒန္တဇောတိပါလာရဟပဉှာ

(ဆဒ္ဒန်ဆင်မင်းနှင့်ဇောတိပါလလုလင်တို့၏အပြုအမူ ပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန ဆဒ္ဒန်ဆင်မင်းသည်—

"ဤ (လေးနှင့်ပစ်) သူကို သတ်ပေအံ့ဟု ဆွဲထုတ် သုံးသပ်လတ်သော် ပစ္စေကဗုဒ္ဓါ ဘုရားရှင်တို့၏ တံခွန် (အောင်လံ) ဖြစ်သော မှုဆိုးဝတ်ထားသော သင်္ကန်းကို မြင်ရ လေ၏၊ (မြင်သောကြောင့်) မြားဒဏ်ဒုက္ခဖြင့် တွေ့ကြုံရသော ဆင်မင်းအား ဘုရားရှင်တို့၏ တံခွန် (အောင်လံ) ဖြစ်သော သင်္ကန်းသည်ကား ကောင်းမြတ်သည် ဖြစ်၍ မသတ်အပ် သော သဘောရှိပေ၏ဟု အမှတ်သညာ ထင်စွာဖြစ်၏" ဟူသော ဤစကားကို မြတ်စွာ ဘုရား ဟောတော်မူအပ်၏။

တဖန်လည်း "ဇောတိပါလလုလင်ဖြစ်စဉ်က ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားကို ဦးပြည်း (ခေါင်းတုံး) ဟူသော ခေါ်ဝေါ်ခြင်း ရှင်ယောင် (ရဟန်းယုတ်) ဟူသော ခေါ်ဝေါ်ခြင်းဖြင့် ယုတ်မာကုန်သော ကြမ်းထမ်းကုန်သော စကားတို့ဖြင့် ဆဲရေးခဲ့၏၊ ရေရွတ်ခဲ့၏" ဟု ဟောတော်မူပြန်ပါ၏။ အသျှင် ဘုရားနာဂသေန ဘုရားလောင်း (ဆဒ္ဒန်ဆင်မင်း) သည် တိရစ္ဆာန်ဖြစ်လျက် ဖန်ရည်စွန်းသော အဝတ် (သင်္ကန်း) ကို အကယ်၍ ပူဇော်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ "ဇောတိပါလလုလင်သည် ပူဇော် အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပ မြတ်စွာဘုရားကို ဦးပြည်း (ခေါင်းတုံး) ဟူသော ခေါ်ဝေါ်ခြင်း ရှင်ယောင် (ရဟန်းယုတ်) ဟူသော ခေါ်ဝေါ်ခြင်းဖြင့် ယုတ်မာကုန်သော ကြမ်းထမ်းကုန်သော စကားတို့ဖြင့် ဆဲရေးခဲ့၏၊ ရေရွတ်ခဲ့၏" ဟူသော စကားသည် မှားရာပါ၏၊ "ဇောတိပါလလုလင်သည် ပူဇော်အထူးကို ခံတော် မူထိုက်သော (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာ ဘုရားကို ဦးပြည်း (ခေါင်းတုံး) ဟူသော ခေါ်ဝေါ်ခြင်း ရှင်ယောင် (ရဟန်းယုတ်) ဟူသော ခေါ်ဝေါ်ခြင်းဖြင့် ယုတ်မာကုန်သောကြမ်းထမ်းကုန်သော စကားတို့ဖြင့် အကယ်၍ ဆဲရေး ရေရွတ် ခဲ့သည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "ဆဒ္ဒန်ဆင်မင်းသည် ဖန်ရည်စွန်းသော အဝတ် (သင်္ကန်း) ကို ပူဇော်အပ် ၏" ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ တိရစ္ဆာန်ဖြစ်သော ရုန့်ရင်းကြမ်းကြုတ် ခါးစပ်သော ဝေဒနာကို ခံစားရသော ဘုရားလောင်းသည် မုဆိုးဝတ်သော ဖန်ရည်စွန်းသော အဝတ် (သင်္ကန်း) ကို အကယ်၍ ပူဇော်အပ်သည်ဖြစ်အံ့၊ လူဖြစ်၍ဖြစ်သော ဇောတိပါလလုလင်သည် ရင့်ကျက်ပြီး သော ဗောဓိဉာဏ်ဖြင့် ရင့်ကျက်ပြီး ဉာဏ်ရှိသူဖြစ်ပါလျက် ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အားဆယ်ပါးနှင့် ပြည့်စုံတော် မူသော လောက၏ အကြီးအမှူးဖြစ်တော်မူသော အလွန်ကျော်စော ထင်ရှားသော ပြောင်ပြောင် တောက်သော ကိုယ်တော်ရောင် ရှိတော်မူသော အလွန်မြတ်တော်မူသော မွန်မြတ်သော နှစ်သက် စဖွယ် ကာသိတိုင်းဖြစ်သင်္ကန်းကို ဝတ်ရုံတော်မူသော ကဿပမြတ်စွာဘုရားကို ဖူးမြင်ရပါလျက် အဘယ့်ကြောင့် မပူဇော်ပဲ ရှိပါသနည်း၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလေ"ဟု (လျှောက်၏)။

http://www.dhammadownload.com



မင်းမြတ် ဆဒ္ဒန်ဆင်မင်းသည် "ဤ (လေးနှင့်ပစ်)သူကို သတ်ပေအံ့ဟူ၍ပ။ပ။မသတ်အပ်သော ဆဘောရှိ၏ဟု အမှတ်သညာထင်စွာဖြစ်၏"ဟူသော ဤစကားတော်ကို မြတ်စွာဘုရားဟောတော်မူအပ်၏။ ထို့ပြင် ဇောတိပါလလုလင်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားကို ဦးပြည်း (ခေါင်းတုံး) ဟူသောခေါ်ဝေါ်ခြင်း ရှင်ယောင် (ရဟန်းယုတ်) ဟူသော ခေါ်ဝေါ်ခြင်းဖြင့် ယုတ်မာကုန်သော ကြမ်းကြုတ်ကုန်သော စကားတို့ဖြင့် ဆဲရေးခဲ့၏၊ ရေရွတ်ခဲ့၏၊ ထိုဆဲရေး ရေရွတ်ခြင်း သည်ကား ဇာတ်၏အစွမ်း အမျိုး၏အစွမ်းဖြင့် ဖြစ်၏။ မင်းမြတ် ဇောတိပါလလုလင်သည် ယုံကြည်မှု 'သဒ္ဓါ'မရှိသော မကြည်ညိုသော ပုဏ္ဏားမျိုး၌ ဖြစ်၏၊ ထိုဇောတိပါလလုလင်၏ အမိ အဖတို့သည်ရင်း ညီမ အစ်မ အစ်ကိုတို့သည်ရင်း ကျွန်မိန်းမ ကျွန်ယောကျ်ား အစေအပါး အခြံအရံဖြစ်သော လူတို့သည်ရင်း ဗြဟ္မာလျှင် ကိုးစားရာနတ်ရှိကုန်၏၊ ဗြဟ္မာကိုသာ အလေးပြု ကုန်၏၊ ထိုအမျိုးတို့သည် "ပုဏ္ဏားတို့သည်သာ လွန်မြတ်ကုန်၏၊ မွန်မြတ်ကုန်၏"ဟု စွဲယူကုန်၍ ပုဏ္ဏားမှ ကြွင်းသောရဟန်းတို့ကို ကဲ့ရဲ့ကုန်၏၊စက်ဆုပ်ကုန်၏၊ ထိုအမျိုးအစေအပါးတို့၏ ထိုကဲ့ရဲ့ စကားကို ကြား၍ ဇောတိပါလလုလင်ကို ဃဋီကာရအိုးထိန်းသည်သည် မြတ်စွာဘုရားကို ဖူးမြင် ခြင်းငှါ ခေါ်အပ်သည်ရှိသော် "ဦးပြည်း(ခေါင်းတုံး) ဖြစ်သော ထိုရဟန်းယုတ်ကို ဖူးမြင်ခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း"ဟု ပြောဆို၏။

မင်းမြတ် ဥပမာအားဖြင့် အမြိုက်သုဓာဘုတ်သည် အဆိပ်နှင့်ရောရှက်ခြင်းသို့ ရောက်လတ် သော် ခါးသော အရသာ ဖြစ်လာ၏၊ ဥပမာ တနည်းသော်ကား ရေအေးသည် မီးနှင့်နီးကပ်လတ် သော် ပူ၏၊ မင်းမြတ် ဤတူအသာလျှင် ဇောတိပါလလုလင်သည် ကြည်ညိုမှု 'သဒ္ဓါ'မရှိသော မကြည်ညိုသောပုဏ္ဏားမျိုး၌ ဖြစ်၏၊ ထိုဇောတိပါလလုလင်သည် ပုဏ္ဏားမျိုး၏အစွမ်းဖြင့် မိုက်ကန်း သည်ဖြစ်၍ မြတ်စွာဘုရားကို ဆဲရေးရေရွတ်၏။

မင်းမြတ် ဥပမာအားဖြင့် အရောင်နှင့်တကွဖြစ်သော ပြောင်ပြောင်တောက်သော မီးပုံကြီး သည် ရေသို့ကပ်ရောက်လတ်သော် အရောင်တန်ခိုးကင်းငြိမ်းသည် ဖြစ်၏၊ အေးမြ၍ မှည့်သော ကြောင်ပန်းသီးနှင့်တူစွာ မည်းနက်၏၊ မင်းမြတ် ဤအတူသာလျှင် ဇောတိပါလလုလင်သည် ဘုန်း ရှိ၏၊ ယုံကြည်မှု 'သဒ္ဓါ' ရှိ၏၊ ဉာဏ်ပြန့်ပြောသော အရောင်ရှိ၏၊ ယုံကြည်မှု 'သဒ္ဓါ' မရှိသော မကြည်ညိုသော ပုဏ္ဏားမျိုး၌ ဖြစ်၏၊ ထိုဇောတိပါလလုလင်သည် အမျိုး၏အစွမ်းဖြင့် မိုက်ကန်းသည်ဖြစ်၍ မြတ်စွာဘုရားကို ဆဲရေး၏၊ ရေရွတ်၏၊ ထိုမှနောက်၌ကား ဆည်းကပ်မိသော် ဘုရားဂုဏ်တော်ကိုသိလေ၍ အစေခံကဲ့သို့ ဖြစ်၏၊ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြု၍ အဘိညာဉ်တို့ကိုရင်း သမာပတ်တို့ကိုရင်း ဖြစ်စေ၍ ဗြဟ္မာပြည်သို့ လားရောက်ရ၏ဟု (မိန့်တော်မူ ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ခြောက်ခုမြောက် ဆဒ္ဒန္တဇောတိပါလာရဗ္ဘပဉ္စာ ပြီး၏။

---

## ၇-ဃဋီကာရပဉ္စာ

### (ဃဋီကာရအိုးထိန်းသည်'အိမ်' ပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန "ဃဋီကာရအိုးထိန်းသည်၏ အိမ်တခုလုံးသည် မိုးသုံးလပတ်လုံး ကောင်းကင်လျှင် အမိုးရှိသည်ဖြစ်၍ တည်၏၊ မိုးရေမစွတ်"ဟု ဤစကားကို မြတ်စွာဘုရားဟော

http://www.dhammadownload.com



တော်မူအပ်ပါ၏။ တဖန်သည်း "ကဿပမြတ်စွာဘုရား၏ ကျောင်းတော်သည် မိုးရေစွတ်၏"ဟု ဟောတော်မူပြန်ပါ၏၊ အသျှင်ဘုရားနာဂသေန ဤမျှလောက် များပြားသော ကုသိုလ်မြစ်ရင်းရှိတော်မူသောမြတ်စွာဘုရား၏ကျောင်းတော်သည် အဘယ့်ကြောင့် မိုးရေစိုစွတ်ရပါသနည်း။မြတ်စွာဘုရား၏ ထိုကဲ့သို့သော တန်ခိုးအာနုဘော်မည်သည်ကို အလိုရှိအပ်သည် မဟုတ်ပါလော၊ အသျှင်ဘုရားနာဂသေန ဃဋီကာရအိုးထိန်းသည်၏ အိမ်သည် မိုးရေမစိုစွတ်ပဲ ကောင်းကင်လျှင် အမိုးရှိသည် အကယ်၍ဖြစ်ခဲ့ပါအံ့၊ ထိုသို့ဖြစ်ပါမူ "မြတ်စွာဘုရား၏ ကျောင်းတော်သည် မိုးရေစွတ်၏" ဟူသော ထိုစကားသည် မှားရာပါ၏။ မြတ်စွာဘုရား၏ကျောင်းတော်သည် အကယ်၍ မိုးရေစိုစွတ်သည် ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ "ဃဋီကာရအိုးထိန်းသည်၏ အိမ်သည် မိုးရေမစိုစွတ်ပဲ ကောင်းကင်လျှင် အမိုးရှိ၏"ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု(လျှောက်၏)။

မင်းမြတ် "ဃဋီကာရအိုးထိန်းသည်၏ အိမ်တခုလုံးသည် မိုးသုံးလပတ်လုံး ကောင်းကင်လျှင် အမိုးရှိသည်ဖြစ်၍ တည်၏၊ မိုးရေမစိုစွတ်"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ "ကဿပမြတ်စွာဘုရား၏ ကျောင်းတော်သည် မိုးရေစိုစွတ်၏"ဟူ၍လည်း ဟောတော်မူအပ်၏၊ မင်းမြတ် ဃဋီကာရအိုးထိန်းသည်သည် သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ များပြားသော ကုသိုလ်အရင်းမူလ ရှိ၏၊ မျက်မမြင်ဖြစ်ကုန်သော အိုမင်းကုန်သော အမိ အဖတို့ကို လုပ်ကျွေး၏၊ ထိုဃဋီကာရ၏ မျက်ကွယ်၌ မပန်ကြားပဲသာလျှင် ထိုအိုးထိန်းသည်၏ အိမ်၌ (မိုးထားသော) မြက်သက်ငယ်ကိုဆောင်၍ မြတ်စွာဘုရား၏ ကျောင်းတော်ကို မိုးကုန်၏၊ထိုဃဋီကာရအိုးထိန်းသည်သည် ထိုမြက်သက်ငယ်ကို ဆောင်ခြင်းကြောင့် မတုန်လှုပ် မချွေရှားပဲ ကောင်းစွာတည်တံ့သော ပြန့်ပြောသော အတုမရှိသော နှစ်သိမ့်မှု 'ပီတိ'ကို ရ၏ "လောက၌ ထွတ်မြတ်တော်မူသော မြတ်စွာဘုရားသည် ငါ့အပေါ်၌ အလွန်အလွန် အကျွမ်းဝင်သည်ဖြစ်၍ ငါ့အား အရဲတော်လေစွတကား"ဟု အတုမဲ့ ဝမ်းမြောက်မှုကိုလည်း ဖြစ်စေပြီ၊ ထိုကြောင့် ထိုအိုးထိန်းသည်အား မျက်မှောက်၌ ခံစားရသော(အိမ်မိုးရေ မစိုစွတ်ခြင်း)အကျိုးဖြစ်ရလေ၏၊ မင်းမြတ် မြတ်စွာဘုရားသည် ထိုမျှလောက် ကျောင်းတော် မိုးရေစွတ်၍ ဖောက်ပြန်ကာမျှဖြင့် တုန်လှုပ်တော်မမူ။

မင်းမြတ် ဥပမာအားဖြင့် မြင့်မိုရ်တောင်မင်းသည် အသိန်းမကများစွာသော လေတိုက်ခတ်ခြင်းကြောင့် မတုန်လှုပ် မချွေရှား၊ များသော ရေ၏တည်ရာဖြစ်သော မြတ်သည်ထက်မြတ်သော သမုဒြာသည် သန်းပေါင်းများစွာ မဟာဂင်္ဂါမြစ်ပေါင်း အသိန်းတို့ဖြင့်လည်း မပြည့်နိုင် ဖောက်ပြန်ခြင်းသို့ မရောက်နိုင်၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ထိုမျှလောက် ကျောင်းတော် မိုးရေစွတ်၍ ဖောက်ပြန်ကာမျှဖြင့် တုန်လှုပ်တော်မမူ။

မင်းမြတ် စင်စစ်သော်ကား မြတ်စွာဘုရား၏ ကျောင်းတော်ကို မိုးရေစွတ်ခြင်းသည် များစွာသော လူအပေါင်းအား အစဉ်စောင့်ရှောက်ခြင်းငှါ ဖြစ်၏၊ မင်းမြတ် အကျိုးထူး နှစ်ပါးတို့ကို ကောင်းစွာမြင်တော်မူသည်ဖြစ်၍ မြတ်စွာဘုရားတို့သည် ကိုယ်တိုင်ဖန်ဆင်းသော ပစ္စည်းကို မမှီဝဲကုန်၊ "ဤမြတ်စွာဘုရားသည် မြတ်သောအလှူကို ခံတော်မူထိုက်၏"ဟု မြတ်စွာဘုရားအား နတ်လူတို့သည် ပစ္စည်းကို ပေးလှူကုန်၍ အလုံးစုံသော မကောင်းသော လားရောက်ရာ 'ဒုဂ္ဂတိ'မှ လွတ်ကုန်လတ္တံ့ဟူ၍၎င်း၊ တန်ခိုးပြာဋိဟာကိုပြ၍ အသက်မွေးခြင်းကို ရှာမှီးကုန်၏ဟု "သူတပါးတို့ မစွပ်စွဲစေကုန်ရာသတည်း" ဟူ၍၎င်း ဤအကျိုးနှစ်ပါးတို့ကို ကောင်းစွာ မြင်တော်မူကုန်သော

http://www.dhammadownload.com



မြတ်စွာဘုရားတို့သည် ကိုယ်တော်တိုင် ဖန်ဆင်းတော်မူအပ်သော ပစ္စည်းကို မှီဝဲတော် မမူကုန်၊ မင်းမြတ် သိကြားမင်းသည်မူလည်း ထိုကျောင်းတော်ကို မိုးရေမစွတ်အောင် အကယ်၍ပြုငြားအံ့၊ ဗြဟ္မာသည်မူလည်း မိုးရေမစွတ်အောင် အကယ်၍ပြုငြားအံ့၊ ကိုယ်တော်တိုင်မူလည်း မိုးရေမစွတ်အောင် အကယ်၍ ပြုငြားအံ့၊ ထိုသို့မိုးရေမစွတ်အောင် ပြုခြင်းသည်ပင် ပြောဆိုဖွယ်ရှိသည် အပြစ်ရှိသည် နှိပ်နင်းဖွယ်ရှိသည် ဖြစ်ရာ၏၊ အကြောင်းသော်ကား ဤသိကြား ဗြဟ္မာတို့သည် ထင်ရှားစွာပြု၍ လူအပေါင်းကို တွေ့ဝေစေကုန်၏၊ အတိုင်းထက်အလွန်ကို ပြုကုန်၏၊ ဤသို့သော အကြောင်းကြောင့် ထိုမိုးရေမစွတ်အောင် ပြုခြင်းသည် ပြောဖွယ်ရှိသည် ဖြစ်ရာ၏၊ ထို့ကြောင့် ထိုအကြောင်းကို ကြဉ်ရှောင်အပ်၏။ မင်းမြတ် မြတ်စွာဘုရားတို့သည် ပစ္စည်းလေးပါးတည်းဟူသော ဝတ္ထုကို တောင်းတော် မမူကုန်၊ထိုပစ္စည်းလေးပါးတည်းဟူသော ဝတ္ထုကို မတောင်းခြင်းကြောင့် မစွပ်စွဲ မကြံစည်အပ်ကုန်ဟု (ဖြေတော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါပေ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

နှစ်ခုမြောက် ထင်္ဂိကာရပဥှာ ပြီး၏။

---

## ဂ-ဗြာဟ္မဏရာဇဝါဒပဥှာ

### (မြတ်စွာဘုရား၏ ဗြာဟ္မဏ,ရာဇဟူသော စကား ပြဿနာ)

ဂ။ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ ငါသည် တောင်းစားခြင်းနှင့်ယှဉ်သော ဗြာဟ္မဏ ဖြစ်၏"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ တဖန်လည်း "သေလပုဏ္ဏား ငါသည် ရာဇာဖြစ်၏"ဟု ဟောတော်မူပြန်ပါ၏၊အသျှင်ဘုရားနာဂသေန "ရဟန်းတို့ ငါသည် တောင်းစားခြင်းနှင့်ယှဉ်သော ဗြာဟ္မဏဖြစ်၏"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "သေလပုဏ္ဏား ငါသည် ရာဇာဖြစ်၏"ဟူသော စကားသည် မှားရာပါ၏၊ သေလပုဏ္ဏား ငါသည် ရာဇာဖြစ်၏ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "ရဟန်းတို့ ငါသည် တောင်းစားခြင်းနှင့်ယှဉ်သော ဗြာဟ္မဏဖြစ်၏" ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ ရာဇာမျိုးသော်လည်း ဖြစ်ရာ၏၊ ဗြာဟ္မဏမျိုးသော်လည်း ဖြစ်ရာ၏၊ တခုသောဘဝ၌ နှစ်ပါးသောအမျိုးဟူ၍မည်သည် မရှိကုန်၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "ရဟန်းတို့ ငါသည် တောင်းစားခြင်းနှင့် ယှဉ်သော ဗြာဟ္မဏဖြစ်၏"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ တဖန်လည်း "သေလပုဏ္ဏား ငါသည် ရာဇာဖြစ်၏"ဟု ဟောတော်မူပြန်၏၊ အကြင်အကြောင်းဖြင့် မြတ်စွာဘုရားသည် ဗြာဟ္မဏလည်းဖြစ်၏၊ ရာဇာလည်းဖြစ်၏၊ ရာဇာဗြာဟ္မဏနှစ်မျိုးဖြစ်ရာ၌ အကြောင်းရှိ၏ဟု (မိန့်ဆို၏)။

အသျှင်ဘုရားနာဂသေန အကြင်အကြောင်းဖြင့် မြတ်စွာဘုရားသည် ဗြာဟ္မဏလည်းဖြစ်၏၊ ရာဇာလည်းဖြစ်၏၊ ထိုအကြောင်းကား အဘယ်ပါနည်းဟု (လျှောက်၏)။ မင်းမြတ် မြတ်စွာဘုရားသည် ယုတ်ညံ့ကုန်သော အကုသိုလ်တရားအားလုံးတို့ကို အပပြုအပ်ကုန်ပြီ၊ ပယ်အပ်ကုန်ပြီ၊

http://www.dhammadownload.com



ကင်းကုန်ပြီ၊ အထူးသဖြင့် ကင်းကုန်ပြီ၊ ပြတ်ကုန်ပြီ၊ ကုန်ခန်းကုန်ပြီ၊ ပျက်ခြင်းသို့ ရောက်ကုန်ပြီ၊ ငြိမ်းကုန်ပြီ၊ အေးမြကုန်ပြီ၊ ထို့ကြောင့် မြတ်စွာဘုရားကို "ဗြာဟ္မဏ" ဟူ၍ ဆိုအပ်၏။

ဗြာဟ္မဏမည်သည်ကား ယုံမှားမှု မဆုံးဖြတ်နိုင်မှု နှလုံးနှစ်ခွဖြစ်မှုကို လွန်မြောက်၏၊ မင်းမြတ် မြတ်စွာဘုရားသည်လည်း ယုံမှားမှုကို မဆုံးဖြတ်နိုင်မှုကို နှလုံးနှစ်ခွဖြစ်မှုကို လွန်မြောက်တော်မူ၏၊ ထိုအကြောင်းကြောင့် မြတ်စွာဘုရားကို "ဗြာဟ္မဏ" ဟူ၍ ဆိုအပ်၏။

ဗြာဟ္မဏမည်သည်ကား အလုံးစုံသောဘဝကိုးပါး ဂတိငါးပါး ယောနိလေးပါးမှ လွတ်မြောက်၏၊ (ကိလေသာ) မြူအညစ်အကြေးသို့ ရောက်ခြင်းမှ လွတ်မြောက်၏၊ အဖော်မရှိ၊ မင်းမြတ် မြတ်စွာဘုရားသည်လည်း အလုံးစုံသော ဘဝကိုးပါး ဂတိငါးပါး ယောနိလေးပါးမှ လွတ်မြောက်တော်မူ၏၊ ကိလေသာ မြူအညစ်အကြေးသို့ ရောက်ခြင်းမှ လွတ်မြောက်တော်မူ၏၊ အဖော်ရှိတော်မမူ၊ ထိုအကြောင်းကြောင့် မြတ်စွာဘုရားကို "ဗြာဟ္မဏ" ဟူ၍ ဆိုအပ်၏။

ဗြာဟ္မဏမည်သည်ကား အလွန့်အလွန် မြင့်မြတ်သော နတ်တို့၏ နေခြင်းမျိုး 'ဒိဗ္ဗဝိဟာရ'ဖြင့် အနေများ၏၊ မင်းမြတ် မြတ်စွာဘုရားသည်လည်း အလွန့်အလွန်မြင့်မြတ်သော နတ်တို့၏ နေခြင်းမျိုး 'ဒိဗ္ဗဝိဟာရ'ဖြင့် အနေများ၏၊ ထိုအကြောင်းကြောင့်လည်း မြတ်စွာဘုရားကို "ဗြာဟ္မဏ"ဟူ၍ ဆိုအပ်၏။

ဗြာဟ္မဏမည်သည်ကား ဗေဒင်ရွတ်ခြင်း ရွတ်ဆိုစေခြင်း အလှူခံခြင်း ဣန္ဒြေကို ဆုံးမခြင်း စောင့်စည်းခြင်း မြဲသောအကျင့်ရှိခြင်း ရှေးအဆုံးအမ အစဉ်အနွယ်ကို ဆောင်ခြင်းရှိ၏၊ မင်းမြတ် မြတ်စွာဘုရားသည်လည်း တရားဟောခြင်း ဟောစေခြင်း အလှူခံခြင်း ဣန္ဒြေ ဆုံးမခြင်း စောင့်စည်းခြင်း မြဲသောအကျင့်ရှိခြင်း ရှေးဘုရားတို့၏ အလေ့အကျင့်ဖြစ်သော အဆုံးအမ အစဉ်အနွယ်ကို ဆောင်ခြင်းရှိတော်မူ၏၊ထိုအကြောင်းကြောင့်လည်း မြတ်စွာဘုရားကို"ဗြာဟ္မဏ" ဟူ၍ ဆိုအပ်၏။

ဗြာဟ္မဏမည်သည်ကား ကြီးပွါးသော ချမ်းသာစွာ နေခြင်းဟူသော စျာန်ကို ရှုဆင်ခြင်လေ့ရှိ၏၊ မင်းမြတ် မြတ်စွာဘုရားသည်လည်း ကြီးပွါးသော ချမ်းသာစွာနေခြင်းဟူသော စျာန်ကို ရှုလေ့ရှိတော်မူ၏၊ ထိုအကြောင်းကြောင့်လည်း မြတ်စွာဘုရားကို "ဗြာဟ္မဏ"ဟူ၍ ဆိုအပ်၏။

ဗြာဟ္မဏမည်သည်ကား အလုံးစုံသော ဘဝကြီးငယ် လားရောက်ရာ 'ဂတိ'တို့၌ ဘဝဇာတ်၌ ဖြစ်သော အစဉ်ဖြစ်သော စရိုက်အလေ့အကျင့်ကို သိတတ်၏၊ မင်းမြတ် မြတ်စွာဘုရားသည်လည်း အလုံးစုံသော ဘဝကြီးငယ် လားရောက်ရာ'ဂတိ'တို့၌ ဘဝဇာတ်၌ဖြစ်သော အစဉ်ဖြစ်သော စရိုက် အလေ့အကျင့်ကို သိတော်မူ၏၊ ထိုအကြောင်းကြောင့်လည်း မြတ်စွာဘုရားကို "ဗြာဟ္မဏ"ဟူ၍ ဆိုအပ်၏။

မင်းမြတ် မြတ်စွာဘုရား၏ ဗြာဟ္မဏဟူသော ဤအမည်တော်ကို မယ်တော်က မှည့်ခေါ်အပ်သည် မဟုတ်၊ ခမည်းတော်က မှည့်ခေါ်အပ်သည်မဟုတ်၊ ညီတော်က မှည့်ခေါ်အပ်သည်မဟုတ်၊ နှမတော် အစ်မတော်က မှည့်ခေါ်အပ်သည်မဟုတ်၊ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့က မှည့်ခေါ်အပ်သည်မဟုတ်၊ ဆွေတော် မျိုးတော်တို့က မှည့်ခေါ်အပ်သည်မဟုတ်၊ သမဏဗြာဟ္မဏတို့က မှည့်ခေါ်အပ်သည် မဟုတ်၊ နတ်တို့က မှည့်ခေါ်အပ်သည်မဟုတ်၊ ဗြာဟ္မဏဟူသော အကြင်အမည်တော်သည် ရှိ၏၊ ထိုအမည်တော်သည် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူကုန်သော မြတ်စွာဘုရားတို့၏ အရဟတ္တမဂ်၏အဆုံး၌ တည်သော ဗောဓိပင်ရင်း၌သာလျှင် မာရ်စစ်သည်ကို ဖျက်ဆီး၍

http://www.dhammadownload.com



အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို အပပြုပြီးလျှင် သဗ္ဗညုတဉာဏ်ကို ရတော်မူသည်နှင့်တပြိုင်နက် ရအပ်ကာမျှ ထင်ရှားစွာ ဖြစ်ကာမျှ၌ မျက်မှောက်ပြုအပ်သောအမည် ပညတ်တော်တည်း၊ ထိုအကြောင်းကြောင့်လည်း မြတ်စွာဘုရားကို "ဗြာဟ္မဏ" ဟူ၍ဆိုအပ်၏။

အသျှင်ဘုရားနာဂသေန အဘယ်အကြောင်းကြောင့် မြတ်စွာဘုရားကို "ရာဇာ"ဟူ၍ ဆိုအပ်ပါသနည်း။ မင်းမြတ် ရာဇာမည်သည်ကား အမှတ်မရှိ(တဦးတယောက်)သောသူသည် မင်းပြု၏၊ (ထိုမင်းသည်) လူအပေါင်းကို ဆုံးမ၏၊ မင်းမြတ် မြတ်စွာဘုရားသည်လည်း တသောင်းသော လောကဓာတ်၌ တရားဖြင့် မင်းပြု၏၊ နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော သတ္တလောကကို ဆုံးမတော်မူ၏၊ ထိုအကြောင်းကြောင့်လည်း မြတ်စွာဘုရားကို "ရာဇာ"ဟူ၍ ဆိုအပ်၏။

မင်းမြတ် ရာဇာမည်သည်ကား အလုံးစုံသော လူသူအပေါင်းတို့ကို လွှမ်းမိုး၍ ဆွေမျိုးအပေါင်းကို နှစ်သက်စေလျက် ရန်သူအပေါင်းကို စိုးရိမ်စေလျက် ကြီးကျယ်များပြားစွာသော အခြံအရံ အသရေကို ဆောင်နိုင်သော မြဲမြံခိုင်ခံ့သော အနှစ်အရိုးရှိသော တရာအောက်မယုတ်သော ခရိုင်အချက်တို့ဖြင့် တန်ဆာဆင်အပ်သော ဖြူဖြူ စင်စင် ညစ်ကြေးမတင်သော ထီးဖြူတော်ကို စိုက်ထူ၏၊ မင်းမြတ် မြတ်စွာဘုရားသည်လည်း မှားယွင်းသော အကျင့်ရှိသော မာရ်စစ်သည်ကို စိုးရိမ်စေလျက် ကောင်းသော အကျင့်ရှိကုန်သော နတ်လူတို့ကို နှစ်သက်စေလျက် တသောင်းသော လောကဓာတ်၌ ကြီးကျယ်များပြားစွာသော အခြံအရံအသရေကို ဆောင်တော်မူနိုင်သော သည်းခံခြင်းတည်းဟူသော မြဲမြံခိုင်ခံ့သော အနှစ် အရိုးရှိသော ဉာဏ်တော်မြတ်တည်းဟူသော အရာမကသော ခရိုင်အချက်တို့ဖြင့် တန်ဆာဆင်အပ်သော အလွန်အလွန်မြတ်သော အရဟတ္တဖိုလ်တည်းဟူသော ညစ်ကြေးမတင် ဖြူစင်သော ထီးဖြူတော်ကို စိုက်ထူတော်မူ၏၊ ထိုအကြောင်းကြောင့်လည်း မြတ်စွာဘုရားကို "ရာဇာ"ဟူ၍ ဆိုအပ်၏။

ရာဇာမည်သည်ကား များစွာကုန်သော ဆည်းကပ် ရောက်လာကုန်သော လူတို့သည် ရှိခိုးထိုက်၏၊ မင်းမြတ် မြတ်စွာဘုရားသည်လည်း များစွာကုန်သော ဆည်းကပ် ရောက်လာကုန်သော နတ်လူတို့သည် အလွန် ရိုကျိုး ရှိခိုးထိုက်၏၊ ထိုအကြောင်းကြောင့်လည်း မြတ်စွာဘုရားကို "ရာဇာ"ဟူ၍ ဆိုအပ်၏။

ရာဇာမည်သည်ကား နှစ်သက် ကျေနပ်စေတတ်သူ တစုံတယောက်အား ကြည်ရွှင်စေ၍ တောင့်တလိုလားသောဆုကို ပေးလျက် လိုအင်ဆန္ဒဖြင့် ရောင့်ရဲစေ၏၊ မင်းမြတ် မြတ်စွာဘုရားသည်လည်း ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း စိတ်ဖြင့်၎င်း နှစ်သက်ကျေနပ်စေတတ်သူ တစုံတယောက်အား ကြည်ရွှင်စေ၍ တောင့်တလိုလားသော အတုမရှိသော အလုံးစုံသော ဝဋ်ဆင်းရဲမှ လွတ်ရာ အရဟတ္တဖိုလ်ဆုကို ပေးတော်မူလျက် အကြွင်းမဲ့ အလိုရှိအပ်သော ဆုဖြင့်လည်း တင်းတိမ်ရောင့်ရဲစေ၏၊ ထိုအကြောင်းကြောင့်လည်း မြတ်စွာဘုရားကို "ရာဇာ"ဟူ၍ ဆိုအပ်၏။

ရာဇာမည်သည်ကား အာဏာကို လွန်ကျူးသောသူကို ရှုတ်ချ၏၊ ပူလောင်စေ၏၊ဖျက်ဆီး၏၊ မင်းမြတ် မြတ်စွာဘုရား၏ သာသနာတော်မြတ်၌လည်း အာဏာဒေသနာကို လွန်ကျူးသော အလဇ္ဇီပုဂ္ဂိုလ်ကို မျက်နှာမလှ အရှက်ရစေသော အဖြစ်ဖြင့် ဖိနှိပ်တော်မူ ရှုတ်ချတော်မူ

http://www.dhammadownload.com



ကဲ့ရဲ့တော်မူလျက် နိပ်စက်၍ မြတ်စွာဘုရား၏ သာသနာတော်မြတ်မှ ကြဉ်ထုတ်တော်မူ၏၊ ထိုအကြောင်းကြောင့်လည်း မြတ်စွာဘုရားကို "ရာဇာ"ဟူ၍ ဆိုအပ်၏။

ရာဇာမည်သည်ကား ရှေးဦးဖြစ်ကုန်သော တရားစောင့်ကုန်သော မင်းတို့၏ အစဉ်အဆက်ကို ဆုံးမသဖြင့် တရားသည် မတရားသည်ကို လျှော်စွာညွှန်ပြ၍ တရားဖြင့် မင်းပြုလျက် လူသူ အပေါင်းတို့ ချစ်ခင်အပ်သူ မြတ်နိုးအပ်သူ တောင့်တအပ်သူ ဖြစ်လျက် မင်းမျိုးအစဉ်အဆက်ကို တရားဂုဏ်အစွမ်းဖြင့် ကြာမြင့်စွာ တည်စေ၏၊ မင်းမြတ် မြတ်စွာဘုရားသည်လည်း ရှေးဦးဖြစ်ကုန်သော မြတ်စွာဘုရားတို့၏ အစဉ်အဆက်ကို ဆုံးမသဖြင့် တရားသည် မတရားသည်ကို လျှော်စွာ ညွှန်ပြတော်မူ၍ တရားဖြင့် လောကကို ဆုံးမတော်မူလျက် နတ်လူတို့ ချစ်ခင်အပ်သူ မြတ်နိုးအပ်သူ တောင့်တအပ်သူ ဖြစ်၍ သာသနာတော်ကို တရားဂုဏ်တော်အစွမ်းဖြင့် ကြာမြင့်စွာ တည်စေ၏၊ ထိုအကြောင်းကြောင့်လည်း မြတ်စွာဘုရားကို "ရာဇာ"ဟူ၍ ဆိုအပ်၏။ မင်းမြတ် အကြင်အကြောင်းဖြင့် မြတ်စွာဘုရားသည် ဗြာဟ္မဏမည်သည်လည်း ဖြစ်ရာ၏၊ ရာဇာမည်သည် လည်း ဖြစ်ရာ၏၊ ဤသို့ အကြောင်းသည် များပြား၏၊ အလွန်ပညာရှိသော ရဟန်းသည် တကမ္ဘာပတ်လုံးလည်း မပြည့်စုံစေနိုင်ရာ၊ အလွန်များစွာ ပြောဆိုခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ အကျဉ်းမျှကို လက်ခံအပ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ရှစ်ခုမြောက် ဗြာဟ္မဏရာဇဝါဒပဉှာ ပြီး၏။

---

## ၉-ဂါထာဘိဂီတဘောဇနကထာပဉှာ

(ဂါထာတို့ကို သီဆို၍ရအပ်သောဘောဇဉ်ကို မသုံးဆောင်ဟူသောစကားဆိုင်ရာ ပြဿနာ)

၉။ အသျှင်ဘုရားနာဂသေန—

"ပုဏ္ဏားငါ့အား ဂါထာတို့ကို သီဆို၍ ရအပ်သောဘောဇဉ်ကို စားခြင်းငါ မထိုက်၊ ဤဘောဇဉ်ကို စားခြင်းသဘောသည် (စင်ကြယ်ခြင်းကို)ကောင်းစွာ ရှုမြင်ကုန်သော ဘုရားရှင်တို့၏ သဘောမဟုတ်၊ မြတ်စွာဘုရားတို့သည် ဂါထာသီဆို၍ ရအပ်သော ဘောဇဉ်ကို ပယ်တော်မူကုန်၏၊ ပုဏ္ဏား အသက်မွေးမှု စင်ကြယ်ခြင်းသဘောရှိလတ်သော် ဤတရားသဖြင့် ရှာမှီးခြင်းသည် ဘုရားရှင်တို့၏ အသက်မွေးခြင်းတည်း"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏။

တဖန်လည်း မြတ်စွာဘုရားသည် ပရိသတ်အား တရားဟောပြောတော်မူသည်ရှိသော် အစဉ် အတိုင်း စကားတော်ဖြစ်သော ရှေးဦးစွာ ပေးလှူခြင်းနှင့် စပ်သော စကား'ဒါနကထာ'ကို ဟောတော်မူ၏၊ နောက်မှ စောင့်ထိန်းခြင်းနှင့်စပ်သောစကား 'သီလကထာ'ကို ဟောတော်မူ၏၊ လောကအားလုံးကို အစိုးရတော်မူသော ထိုမြတ်စွာဘုရား၏ ဟောတော်မူသော တရားတော်ကို ကြားနာရ၍ နတ်လူတို့သည် ပြုပြင်စီမံလျက် အလှူကို ပေးလှူကုန်၏၊ ထိုမြတ်စွာဘုရား၏ တိုက်တွန်းအပ်သော ထိုအလှူကို တပည့်'သာဝက'တို့သည် သုံးဆောင်ကုန်၏၊ အသျှင်ဘုရား နာဂသေန "ပုဏ္ဏား ငါ့အား ဂါထာတို့ကို သီဆို၍ ရအပ်သော ဘောဇဉ်ကို စားခြင်းငါ မထိုက်'ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူအပ်သည်ဖြစ်ပါအံ့၊ ထိုသို့ ဖြစ်ပါမူ "ဒါန

http://www.dhammadownload.com



ကထာကို ရှေးဦးစွာ မြတ်စွာဘုရား ဟောတော်မူ၏” ဟူသော ထိုစကားသည် မှားရာပါ၏၊ အကယ်၍ ဒါနကထာကို ရှေးဦးစွာ ဟောတော်မူသည် ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ “ပုဏ္ဏား ငါ့အား ဂါထာတို့ကို သီဆို၍ ရအပ်သော ဘောဇဉ်တို့ကို စားခြင်းငှါ မထိုက်” ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ အကြောင်းအဘယ်နည်းဟူမူ—အသျှင်ဘုရား အကြင်အလှူခံပုဂ္ဂိုလ်သည် လူတို့အား ဆွမ်းဒါန၏ အကျိုးကို ဟော၏၊ ထိုပုဂ္ဂိုလ်၏ တရားစကားကို ကြားနာရ၍ ကြည်ညိုသော စိတ်ရှိကုန်သော ထိုနတ်လူတို့သည် အဆက်ဆက် အလှူဒါနကို ပေးလှူကြကုန်၏၊အကြင်ပုဂ္ဂိုလ်တို့သည် ထိုဒါနကို သုံးဆောင်ကုန်၏၊ ထိုအလုံးစုံသော ပုဂ္ဂိုလ်တို့သည် ဂါထာတို့ကို သီဆို၍ ရအပ်သော ဘောဇဉ်ကို သုံးဆောင်ပါကုန်၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း သိမ်မွေ့ပါ၏၊ နက်နဲပါ၏၊အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် “ငါ့အား ဂါထာတို့ကို သီဆို၍ ရအပ်သော ဘောဇဉ်ကို စားခြင်းငှါ မထိုက်၊ ဤဘောဇဉ်ကို စားခြင်းသဘောသည် စင်ကြယ်ခြင်းကို ကောင်းစွာရှုမြင်ကုန်သော ဘုရားရှင်တို့၏ သဘောမဟုတ်၊ မြတ်စွာဘုရားတို့သည် ဂါထာတို့ကို သီဆို၍ ရအပ်သော ဘောဇဉ်ကို ပယ်တော်မူကုန်၏၊ ပုဏ္ဏား (အသက်မွေးမှုစင်ကြယ်ခြင်း)သဘောရှိလတ်သော် ဤတရားသဖြင့် ရှာမှီးခြင်းသည် ဘုရားရှင်တို့၏ အသက်မွေးခြင်းတည်း” ဟူသော ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူအပ်ပေ၏၊ မြတ်စွာဘုရားသည် ဒါနကထာကို ရှေးဦးစွာ ဟောလည်း ဟောတော်မူအပ်ပါပေ၏၊ ယင်းသို့ ဟောတော်မူခြင်းသည်ကား အလုံးစုံကုန်သော မြတ်စွာဘုရားတို့၏ အပြုအမူပေတည်း၊ ရှေးဦးစွာ ပေးလှူခြင်းနှင့် စပ်သောစကား ‘ဒါနကထာ’ ဖြင့် ထိုဒါနကထာ၌ စိတ်ကို မွေ့လျော်စေ၍ နောက်မှ စောင့်ထိန်းမှု ‘သီလ’ ၌ ယှဉ်စေတော်မူကုန်၏၊ မင်းမြတ် ဥပမာသော်ကား လူတို့သည် ကလေးသူငယ်တို့အား ရှေးဦးစွာ ကစားဖွယ်အရာဝတ္ထုတို့ကို ပေးကုန်၏၊ ဤကစားဖွယ်တို့သည် အဘယ်နည်း၊ ထွန်ငယ် ကျည်းသားတုတ် စကြာ ခြင်ခွက်ငယ် ရထားငယ် လေးငယ်ကို (ပေးကုန်၏)၊ နောက်မှ ထိုသူငယ်တို့ကို မိမိ မိမိတို့၏အမှု၌ ယှဉ်စေကုန်၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ရှေးဦးစွာ ပေးလှူခြင်းနှင့်စပ်သော ‘ဒါနကထာ’ ဖြင့် စိတ်ကို မွေ့လျော်စေ၍ နောက်မှ စောင့်ထိန်းမှု ‘သီလ’၌ ယှဉ်စေတော်မူ၏။

မင်းမြတ် ဥပမာတနည်းသော်ကား ဆေးဆရာမည်သည် သူနာတို့အား ရှေးဦးစွာ အားရှိအောင် ပြုခြင်းငှါ ပျော့ပျောင်းစေခြင်းငှါ လေးငါးရက်ပတ်လုံး ဆီကို သောက်စေ၏၊ နောက်မှ ဝမ်းလျှောစေ၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ရှေးဦးစွာ ပေးလှူခြင်းနှင့် စပ်သော ‘ဒါနကထာ’ ဖြင့် စိတ်ကို မွေ့လျော်စေ၍ နောက်မှ စောင့်ထိန်းမှု ‘သီလ’၌ ယှဉ်စေတော်မူ၏၊ မင်းမြတ် အလှူပေးကုန်သော အလှူရှင်တို့၏ စိတ်သည် နူးညံ့၏၊ပျော့ပျောင်း၏၊ ပြေပြစ်၏၊ ထိုအလှူပေးသူတို့သည် ထိုဒါနတည်းဟူသော တံတား ဒါနဘည်းဟူသောလှေဖြင့် သံသရာတည်းဟူသော သမုဒ္ဒရာကမ်းတဖက် နိဗ္ဗာန်သို့ အစဉ်သွားရကုန်၏၊ ထို့ကြောင့် ထိုသူတို့အား ရှေးဦးစွာ ဘာဝနာကံ၏ ဖြစ်မြောက်ရာဖြစ်သောဒါနဖြင့် ဆုံးမတော်မူ၏၊တစုံတခုသော အကြောင်းအားဖြင့် ဝိညတ်သို့ မရောက်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန“ဝိညတ်”ဟူ၍ အကြင်စကားကို ဆို၏၊ ထိုဝိညတ်တို့သည် အဘယ်မျှတို့ဖြစ်ပါကုန်သနည်း၊ မင်းမြတ် ဝိညတ်တို့သည် ကာယဝိညတ် ဝစီဝိညတ် ဤနှစ်ပါးတို့တည်း၊ ထို

http://www.dhammadownload.com



နှစ်ပါးတို့တွင် အပြစ်ရှိသော ကာယဝိညတ်သည် ရှိ၏၊ အပြစ်မရှိသော ကာယဝိညတ်သည် ရှိ၏၊ အပြစ်ရှိသော ဝစီဝိညတ်သည် ရှိ၏၊ အပြစ်မရှိသော ဝစီဝိညတ်သည် ရှိ၏။

အပြစ်ရှိသော ကာယဝိညတ်သည် အဘယ်နည်းဟူမူ—ဤသာသနာတော်၌ အချို့သောရဟန်းသည် ဒါယကာတို့သို့ ကပ်၍ မရပ်သင့်ရာ၌ရပ်လျက် ရပ်ခြင်းနှင့်စပ်သောသိက္ခာပုဒ်ကို ချိုးဖျက်၏၊ ဤသည်ကား အပြစ်ရှိသော ကာယဝိညတ်တည်း၊ ထိုအပြစ်ရှိသော ကာယဝိညတ်ဖြင့်လည်း သိစေအပ် ဖြစ်စေအပ်သော ပစ္စည်းကို အရိယာပုဂ္ဂိုလ်တို့သည် မသုံးဆောင်ကုန်၊ ထိုပုဂ္ဂိုလ်ကိုလည်း အရိယာတို့၏ အယူ၌ မထေမဲ့မြင် ပြုအပ်၏၊ ကဲ့ရဲ့အပ်၏၊ ရှုတ်ချအပ်၏၊ အပြစ်ဆိုအပ်၏၊ နှိပ်စက်အပ်၏၊ အရိုအသေမပြုအပ်၊ အသက်မွေးမှု ပျက်စီးသူဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

မင်းမြတ် နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ရဟန်းသည် ဒါယကာတို့သို့ ကပ်၍ မရပ်သင့်ရာ၌ ရပ်လျက် လည်ပင်းကို ညွတ်၍ "ဤသို့ ကြည့်သည်ရှိသော် ဤဒါယကာတို့သည် မြင်နိုင်ကုန်၏"ဟု ဥဒေါင်းကြည့်ဟန်ဖြင့် ကြည့်၏၊ ထိုသို့ ကြည့်ခြင်းဖြင့်လည်း ထိုဒါယကာတို့သည် မြင်ကုန်၏၊ ဤသည်လည်း အပြစ်ရှိသော ကာယဝိညတ်တည်း၊ ထိုဝိညတ်ဖြင့်လည်း သိစေအပ် ဖြစ်စေအပ်သော ပစ္စည်းကို အရိယာပုဂ္ဂိုလ်တို့သည် မသုံးဆောင်ကုန်၊ ထိုပုဂ္ဂိုလ်ကိုလည်း အရိယာတို့၏ အယူ၌ မထေမဲ့မြင် ပြုအပ်၏၊ ကဲ့ရဲ့အပ်၏၊ ရှုတ်ချအပ်၏၊ အပြစ်ဆိုအပ်၏၊ နှိပ်စက်အပ်၏၊ အရိုအသေမပြုအပ်၊ အသက်မွေးမှု ပျက်စီးသူဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

မင်းမြတ် နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ရဟန်းသည် မေးဖြင့်ရှင်း မျက်မှောင်ဖြင့်ရှင်း လက်ချောင်းဖြင့်ရှင်း သိစေ ဖြစ်စေ၏၊ ဤသည်လည်း အပြစ်ရှိသော ကာယဝိညတ်တည်း၊ ထိုဝိညတ်ဖြင့်လည်း သိစေအပ် ဖြစ်စေအပ်သော ပစ္စည်းကို အရိယာပုဂ္ဂိုလ်တို့သည် မသုံးဆောင်ကုန်၊ ထိုပုဂ္ဂိုလ်ကိုလည်း အရိယာတို့၏ အယူ၌ မထေမဲ့မြင် ပြုအပ်၏၊ ကဲ့ရဲ့အပ်၏၊ ရှုတ်ချအပ်၏၊ အပြစ်ဆိုအပ်၏၊ နှိပ်စက်အပ်၏၊ အရိုအသေမပြုအပ်၊ အသက်မွေးမှု ပျက်စီးသူဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

အပြစ်မရှိသော ကာယဝိညတ်သည် အဘယ်နည်းဟူမူ—ဤသာသနာတော်၌ ရဟန်းသည် ဒါယကာတို့သို့ ကပ်၍ သတိရှိသည် တည်ကြည်သည် ပညာအဆင်အခြင်ရှိသည်ဖြစ်၍ အရာဟုတ်သည်၌ရှင်း အရာမဟုတ်သည်၌ရှင်း ဘုရားဆုံးမတိုင်း သွားလျက် ရပ်သင့်သောအရပ်၌ ရပ်၏၊ ပေးလှူလိုကုန်သော် ရပ်၏၊ မပေးလှူလိုကုန်သော် ဖဲသွား၏၊ ဤသည်ကား အပြစ်မရှိသော ကာယဝိညတ်တည်း၊ ထိုကာယဝိညတ်ဖြင့်ကား သိစေအပ် ဖြစ်စေအပ်သော ပစ္စည်းကို အရိယာပုဂ္ဂိုလ်တို့သည် သုံးဆောင်ကုန်၏၊ ထိုပုဂ္ဂိုလ်ကိုလည်း အရိယာတို့၏အယူ၌ချီးမွမ်းအပ်၏၊ ထောမနာအပ်၏၊ ခြီးမြှောက်၍ ဆိုအပ်၏၊ ခေါင်းပါးသော အကျင့်ရှိသော စင်ကြယ်သော အသက်မွေးမှု ရှိသောသူဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏၊ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

"ပညာရှိ သူမြတ်တို့သည် စင်စစ် မတောင်းကုန်၊ ပညာရှိသည် သိခြင်းငှါ ထိုက်၏၊ အရိယာပုဂ္ဂိုလ်တို့သည် ရည်ညွှန်း၍ ရပ်ကုန်၏၊ ဤသို့ရပ်ခြင်းသည်ကား အရိယာတို့၏ တောင်းခံခြင်းပင်မည်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

http://www.dhammadownload.com



အပြစ်ရှိသော ဝစီဝိညတ်သည် အဘယ်နည်းဟူမူ—မင်းမြတ် ဤသာသနာတော်၌ ရဟန်းသည် နှုတ်ဖြင့် များပြားသော သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်ကို တောင်း၏၊ ဤသည်ကား အပြစ်ရှိသော ဝစီဝိညတ်တည်း၊ ထိုအပြစ်ရှိသော ဝစီဝိညတ်ဖြင့်လည်း တောင်း၍ရသော ပစ္စည်းကို အရိယာပုဂ္ဂိုလ်တို့သည် မသုံးဆောင်ကြကုန်၊ ထိုပုဂ္ဂိုလ်ကိုလည်း အရိယာတို့၏ အယူ၌ မထေမဲ့မြင်ပြုအပ်၏၊ ကဲ့ရဲ့အပ်၏၊ ရှုတ်ချအပ်၏၊ အပြစ်ဆိုအပ်၏၊ နှိပ်စက်အပ်၏၊ အရိုအသေ မပြုအပ်၊ အသက်မွေးမှု ပျက်စီးသူ ဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

မင်းမြတ် နောက်တမျိုးကား ဤသာသနာတော်၌ အချို့သောရဟန်းသည် သူ့ဘပါးတို့အား နှုတ်မြွက်ပြောကြားလျက် "ငါသည် ဤမည်သော ပစ္စည်းကို အလိုရှိ၏" ဟု ဤသို့ဆို၏၊ သူတပါးတို့အား နှုတ်မြွက်ပြောကြားအပ်သော ထိုဝစီဝိညတ်ဖြင့်လည်း ထိုရဟန်းအား လာဘ်လာဘဖြစ်၏၊ ဤသည်လည်း အပြစ်ရှိသော ဝစီဝိညတ်တည်း၊ ထိုဝိညတ်ဖြင့် တောင်း၍ရသောပစ္စည်းကို အရိယာပုဂ္ဂိုလ်တို့သည် မသုံးဆောင်ကြကုန်၊ ထိုပုဂ္ဂိုလ်ကိုလည်း အရိယာတို့၏အယူ၌ မထေမဲ့မြင် ပြုအပ်၏၊ ကဲ့ရဲ့ အပ်၏၊ ရှုတ်ချအပ်၏၊ အပြစ်ဆိုအပ်၏၊ နှိပ်စက်အပ်၏၊ အရိုအသေ မပြုအပ်၊ အသက်မွေးမှု ပျက်စီးသူဟူ၍ သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

မင်းမြတ် နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ရဟန်းသည် နှုတ်မြွက်သဖြင့် ပရိသတ်အား "ဤသို့ ဤသို့လည်း ရဟန်းတို့အား ပေးလှူအပ်၏" ဟု ပြောကြား၏၊ ထိုလူတို့သည် ထိုစကားကို ကြားကုန်သည်ရှိသော် ပြောကြားအပ်သော အလှူပစ္စည်းကို ရွေးရှုဆောင်ကုန်၏၊ ဤသည်လည်း အပြစ်ရှိသော ဝစီဝိညတ်တည်း၊ ထိုဝိညတ်ဖြင့်လည်း တောင်း၍ရသော ပစ္စည်းကို အရိယာပုဂ္ဂိုလ်တို့သည် မသုံးဆောင်ကုန်၊ ထိုပုဂ္ဂိုလ်ကိုလည်း အရိယာတို့၏ အယူ၌ မထေမဲ့မြင် ပြုအပ်၏၊ ကဲ့ရဲ့ အပ်၏၊ ရှုတ်ချအပ်၏၊ အပြစ်ဆိုအပ်၏၊ နှိပ်စက်အပ်၏၊ အရိုအသေ မပြုအပ်၊ အသက်မွေးမှု ပျက်စီးသူ ဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

မင်းမြတ် သာရိပုတြာမထေရ်သည်လည်း နေဝင်ပြီးနောက် ညဥ့်အဘို့၌ လေနာရောဂါရှိသည် ဖြစ်၍ မဟာမောဂ္ဂလာန်မထေရ်က ပျောက်ဘူးသော ဆေးကို မေးသည်ရှိသော် (နို့ထမင်းဖြင့် ပျောက်ဘူးသည်ဟူသော) စကားကို နှုတ်မြွက်ပြောဆို၏၊ ထိုသာရိပုတြာမထေရ်၏ ထိုသို့ နှုတ်မြွက် ပြောဆိုခြင်းဖြင့် (နို့ထမင်း) ဆေးသည် ဖြစ်၏၊ ထိုအခါ၌ သာရိပုတြာမထေရ်သည် ငါ၏ နှုတ်မြွက်ခြင်းကြောင့် ဤဆေးသည် ဖြစ်၏၊ "ငါ့အား အသက်မွေးမှု မပျက်စေလင့်" ဟု အသက်မွေးမှု ပျက်အံ့သည်မှ ကြောက်သောကြောင့် ထိုဆေးကို စွန့်၏၊ မမှီဝဲ၊ ဤသို့လျှင် ဝစီဝိညတ်သည် အပြစ်ရှိ၏၊ ထိုဝိညတ်ဖြင့်လည်း တောင်း၍ရသော ပစ္စည်းကို အရိယာပုဂ္ဂိုလ်တို့သည် မသုံးဆောင်ကြကုန်၊ ထိုပုဂ္ဂိုလ်ကိုလည်း အရိယာတို့၏ အယူ၌ မထေမဲ့မြင် ပြုအပ်၏၊ ကဲ့ရဲ့ အပ်၏၊ ရှုတ်ချအပ်၏၊ အပြစ်ဆိုအပ်၏၊ နှိပ်စက်အပ်၏၊ အရိုအသေ မပြုအပ်၊ အသက်မွေးမှုပျက်စီးသူဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

အပြစ်မရှိသော ဝစီဝိညတ်သည် အဘယ်နည်းဟူမူ—မင်းမြတ် ဤသာသနာတော်၌ ရဟန်းသည် အကြောင်းရှိလတ်သော် ဆွေမျိုးတော်သူ ဖိတ်ကြားအပ်သော သူတို့၌ ဆေးကို တောင်း၏၊ ဤသည်ကား အပြစ်မရှိသော ဝစီဝိညတ်တည်း၊ ထိုဝိညတ်ဖြင့် တောင်း၍ရသော ပစ္စည်းကိုကား အရိယာပုဂ္ဂိုလ်တို့သည် သုံးဆောင်ကုန်၏၊ ထိုပုဂ္ဂိုလ်ကို အရိယာတို့၏ အယူ၌ ချီးမွမ်း

http://www.dhammadownload.com



အပ်၏၊ ထောမနာအပ်၏၊ ချီးမြှောက်ပြောဆိုအပ်၏၊ ခေါင်းပါးသော အကျင့်ရှိသည်ဖြစ်၍
စင်ကြယ်သော အသက်မွေးမှုရှိသူဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏၊ ပူဇော်အထူးကို
ခံတော်မူထိုက်ကုန်သော (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော
မြတ်စွာဘုရားတို့သည် ခွင့်ပြုတော်မူအပ်၏။

မင်းမြတ် မြတ်စွာဘုရားသည် ကသိဘာရဒွါဇအမည်ရှိသော ပုဏ္ဏား၏ ဆွမ်းဘောဇဉ်ကို
ပယ်တော်မူ၏၊ ထိုဆွမ်းသည် စကားဖြင့် ရစ်ပတ်ခြင်း ဖြေချွတ်ခြင်း ဆွဲငင်ခြင်း နှိပ်ခြင်း ကုစား.
ဖြေရှင်းခြင်းကြောင့် ဖြစ်ရကား မြတ်စွာဘုရားသည် ထိုဆွမ်းကို ပယ်တော်မူ၏၊ မှီဝဲသုံးဆောင်
တော်မမူဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန မြတ်စွာဘုရား. ဆွမ်းဘုဉ်းပေးတော်မူသည်ရှိသော် နတ်တို့သည်
နတ်သြဇာကို အခါခပ်သိမ်း သပိတ်၌ လောင်းထည့်ကြပါကုန်သလော၊ သို့မဟုတ် ဝက်ပျိုသား
ပြွမ်း ဆွမ်း၌ရှင်း နို့ ဃနာဆွမ်း၌ရှင်း ဤသို့ နှစ်ပါးသော ဆွမ်းတို့၌သာလျှင် လောင်းထည့်ကြပါ
ကုန်သလောဟု (လျှောက်၏)။ မင်းမြတ် မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးတော်မူသည်ရှိသော်
အခါခပ်သိမ်း နတ်တို့သည် နတ်သြဇာကို ယူကုန်၍ အနီး၌ တည်လျက် ထုတ်ယူတိုင်း ထုတ်ယူ
တိုင်းသော ဆွမ်းလုပ်၌ လောင်းထည့်ကုန်၏။

မင်းမြတ် ဥပမာသော်ကား မင်း၏ စားတော်ချက်သည် ဘုရင်ပွဲတော်တည်စဉ် ဟင်းကို
ယူ၍ အနီး၌ တည်လျက် ထမင်းလုပ်တိုင်း ထမင်းလုပ်တိုင်း ဟင်းလျာကို လောင်းထည့်၏၊
မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးတော်မူသည်ရှိသော် အခါခပ်သိမ်း
နတ်တို့သည် နတ်သြဇာကို ယူကုန်၍ အနီး၌ တည်လျက် ထုတ်ယူတိုင်း ထုတ်ယူတိုင်းသော
ဆွမ်းလုပ်၌ နတ်သြဇာကို လောင်းထည့်ကုန်၏၊ မင်းမြတ် ဝေရဉ္စာမြို့၌လည်း မြတ်စွာဘုရား၏
ခြောက်သော မုယောဆန်တို့ကို ဘုဉ်းပေးတော်မူစဉ် နတ်တို့သည် နတ်သြဇာဖြင့် ဆွတ်ဖြန်း
ပေးကုန်၏၊ ထို့ကြောင့် မြတ်စွာဘုရား၏ ကိုယ်တော်သည် ပွါးစီးလေ၏ဟု(မိန့်တော်မူ၏)။
အသျှင်ဘုရားနာဂသေန ထိုနတ်တို့အား မြတ်စွာဘုရား၏ ကိုယ်တော်ကို လုပ်ကျွေးခြင်း၌
အမြဲမပြတ် ကြောင့်ကြစိုက်ထုတ်ခြင်းသို့ ရောက်ခြင်းသည် အရတော်လေစွတကား၊ အသျှင်
ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု
(လျှောက်၏)။

ကိုးခုမြောက် ဂါထာဘိဂီတဘောဇနကထာပဉှာ ပြီး၏။

---

## ၁၀-ဓမ္မဒေသနာယ အပ္ပေါဿုက္ကပဉှာ

(မြတ်စွာဘုရား တရားဟောမှု၌ ကြောင့်ကြမဲ့နေလိုခြင်း ပြဿနာ)

၁၀။ အသျှင်ဘုရားနာဂသေန "မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း၌
များစွာသော လူအပေါင်းကို ကယ်တင်ထုတ်ဆောင်ခြင်းငှါ သဗ္ဗညုတဉာဏ်တော်ကို ဆည်းပူး
တော်မူအပ်၏"ဟု အသျှင်ဘုရားတို့ ဆိုတော်မူကုန်၏၊ တဖန်လည်း ဘုရားအဖြစ်သို့ ရောက်သော
မြတ်စွာဘုရား၏ စိတ်တော်သည် ကြောင့်ကြမဲ့ နေခြင်းငှါ ညွတ်တော်မူ၏၊ တရားဟောတော်
မူခြင်းငှါ ညွတ်တော်မမူဟု ဆိုတော်မူကုန်၏။

http://www.dhammadownload.com



အသျှင်ဘုရားနာဂသေန လေးသမားသည်ငှင်း လေးသမား၏ တပည့်သည်ငှင်း များစွာသော နေ့တို့ပတ်လုံး စဉ်တိုက်ခြင်းအကျိုးငှါ မြှားပစ်လေ့လာခြင်းကို သင်ပြီးမှ စစ်ပွဲကြီး ကြိမ်ရောက်ခဲ့သည်ရှိသော် ဆုတ်နစ်လေရာသကဲ့သို့ အသျှင်ဘုရားနာဂသေန ဤအတူသာလျှင် မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း၌ များစွာသော လူအပေါင်းကို ကယ်တင် ထုတ်ဆောင်ခြင်းငှါ သဗ္ဗညုတဉာဏ်တော်ကို ရင့်ကျက်စေလျက် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ပြီး၍ တရားဟောတော်မူလိုခြင်းမှ ဆုတ်နစ်တော်မူဘိ၏။

အသျှင်ဘုရားနာဂသေန ဥပမာတနည်းသော်ကား လက်ဝှေ့သမားသည်ငှင်း လက်ဝှေ့သမား၏ တပည့်သည်ငှင်း များစွာသော နေ့တို့ပတ်လုံး လက်ဝှေ့အတတ်ကို သင်ပြီးမှ လက်ဝှေ့ပွဲကြီး ကြိမ်ရောက်ခဲ့သည်ရှိသော် ဆုတ်နစ်လေရာ၏၊ အသျှင်ဘုရားနာဂသေန ဤအတူသာလျှင် မြတ်စွာဘုရားသည် လေးသင်္ချေနှင့်ကမ္ဘာတသိန်းအတွင်း၌ များစွာသော လူအပေါင်းကို ကယ်တင် ထုတ်ဆောင်ခြင်းငှါ သဗ္ဗညုတဉာဏ်တော်ကို ရင့်ကျက်စေလျက် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ပြီး၍ တရားဟောတော်မူလိုခြင်းမှ ဆုတ်နစ်တော်မူဘိ၏။

အသျှင်ဘုရားနာဂသေန အသို့ပါနည်း မြတ်စွာဘုရားသည် ကြောက်သောကြောင့် ဆုတ်နစ်တော်မူပါသလော၊ သို့မဟုတ် ဉာဏ်၌ မပေါ်လွင် မထင်ရှားသောကြောင့် ဆုတ်နစ်တော်မူပါသလော၊ သို့မဟုတ် အားနည်းသောကြောင့် ဆုတ်နစ်တော်မူပါသလော၊ သို့မဟုတ် သဗ္ဗညုဘုရားမဟုတ်သောကြောင့် ဆုတ်နစ်တော်မူပါသလော၊ ထိုအရာ၌ အကြောင်းကား အသို့ပါနည်း၊ အသျှင်ဘုရားသည် အကျွန်ုပ်၏ ယုံမှားခြင်းကို ပယ်ဖျောက်ခြင်းငှါ ထိုအကြောင်းကို ဆိုတော်မူပါလော့၊ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် လေးသင်္ချေနှင့်ကမ္ဘာတသိန်းအတွင်း၌ များစွာသော လူအပေါင်းကို ကယ်တင်ခြင်းငှါ သဗ္ဗညုတဉာဏ်တော်ကို အကယ်၍ ရင့်ကျက်စေတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရား၏ စိတ်တော်သည် ကြောင့်ကြမဲ့နေခြင်းငှါ ညွတ်တော်မူ၏၊ တရားဟောခြင်းငှါ ညွတ်တော်မမူ"ဟူသော စကားသည် မှားရာပါ၏။ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရား၏ စိတ်တော်သည် ကြောင့်ကြမဲ့နေခြင်းငှါ အကယ်၍ ညွတ်တော်မူသည်ဖြစ်အံ့၊ တရားဟောခြင်းငှါ အကယ်၍ ညွတ်တော်မမူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါမူ "မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း၌ များစွာသော လူအပေါင်းကို ကယ်တင်ထုတ်ဆောင်ခြင်းငှါ သဗ္ဗညုတဉာဏ်ကို ဆည်းပူးတော်မူ၏"ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း နက်နဲလှပါ၏၊ ဖြေနိုင်ခဲလှပါ၏၊ အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း၌ များစွာသော လူအပေါင်းကို ကယ်တင်ထုတ်ဆောင်ခြင်းငှါ သဗ္ဗညုတဉာဏ်တော်ကို ဆည်းပူးတော်မူအပ်၏၊ ထို့ပြင် သဗ္ဗညုဘုရားအဖြစ်သို့ရောက်တော်မူသောမြတ်စွာဘုရား၏ စိတ်တော်သည် ကြောင့်ကြမဲ့နေခြင်းငှါ ညွတ်တော်မူ၏၊ တရားဟောခြင်းငှါ ညွတ်တော်မမူ၊ ထိုသို့ဖြစ်ခြင်းသည်ကား တရားတော်၏ နက်နဲသည်၏အဖြစ် သိမ်မွေ့သည်၏အဖြစ် မြင်နိုင်ခဲသည်၏အဖြစ် သိနိုင်ခဲသည်၏အဖြစ် နူးညံ့သည်၏အဖြစ် ထိုးထွင်း၍သိနိုင်ခဲသည်၏အဖြစ်ကိုငှင်း သတ္တဝါတို့၏ တဏှာ၌ ပျော်ပိုက်သည်၏အဖြစ်ကိုငှင်း (ငါ ငါဟု စွဲလမ်းသော) သက္ကာယဒိဋ္ဌိ၏ ပြင်းထန်စွဲမြဲစွာယူသည်၏အဖြစ်ကိုငှင်း မြင်တော်မူ၍

http://www.dhammadownload.com



"အသို့ဟောရအံ့နည်း၊ အဘယ်အကြောင်းဖြင့် ဟောရအံ့နည်း"ဟု စူးစမ်းတော်မူလို၍ တရားဟောရန် လုံ့လပြုတော်မမူသေးသောအားဖြင့် စိတ်ညွတ်တော်မူ၏၊ (လျှင်လျှင် မြန်မြန်) တရားဟောခြင်းငှါ ညွတ်တော်မမူ၊ဤသို့ကြံစည်ခြင်း တရားဟောရန် စိတ်မညွတ်ခြင်းသည်ကား သတ္တဝါတို့(တရားကို)သိမြင်နိုင်ရန် ကြံစည်သောစိတ် ဖြစ်ရုံမျှသာတည်း။

မင်းမြတ် ဥပမာသော်ကား ရောဂါကို ပယ်ထုတ်တတ်သော ဆေးသမားသည် များစွာသော အနာဖြင့် နှိပ်စက်သောသူသို့ ချဉ်းကပ်၍"အဘယ်သို့သော လုံ့လဖြင့် အဘယ်သို့သော ဆေးဖြင့် ဤသူနာ၏ အနာကို ငြိမ်းစေရအံ့နည်း"ဟု ဤသို့ကြံစည်၏၊ မင်းမြတ် ဤအတူသာလျှင် အလုံးစုံသော ကိလေသာတည်းဟူသော အနာသည် နှိပ်စက်အပ်သော လူအပေါင်းကိုရှင်း တရားတော်၏ နက်နဲသည်၏အဖြစ် သိမ်မွေ့သည်၏အဖြစ် မြင်နိုင်ခဲသည်၏အဖြစ် သိနိုင်ခဲသည်၏အဖြစ် နူးညံ့သည်၏အဖြစ် ထိုးထွင်း၍ သိနိုင်ခဲသည်၏ အဖြစ်ကိုရှင်း မြင်တော်မူ၍ "အသို့ဟောရအံ့နည်း၊ အဘယ်အကြောင်းဖြင့် ဟောရအံ့နည်း"ဟု စူးစမ်းတော်မူလို၍ မြတ်စွာဘုရား၏ စိတ်တော်သည် တရားဟောရန် လုံ့လပြုတော်မမူသေးသောအားဖြင့် စိတ်ညွတ်တော်မူ၏၊ (လျှင်လျှင်မြန်မြန်) တရားဟောခြင်းငှါ ညွတ်တော်မမူ၊ ဤသို့ ကြံစည်ခြင်း တရားဟောရန် စိတ်မညွတ်ခြင်းသည်ကား သတ္တဝါတို့ (တရားကို) သိမြင်နိုင်ရန် ကြံစည်သောစိတ် ဖြစ်ရုံမျှသာတည်း။

မင်းမြတ် ဥပမာသော်ကား ဦးထိပ်၌ အဘိသိက်သွန်းအပ်ပြီးသော မင်းမျိုးဖြစ်သော မင်းအား တံခါးစောင့် ကိုယ်ရံတော် အခြံအရံပရိသတ် နိဂုံးသူ အခစား စစ်သည်ဗိုလ်ပါ အမတ်အပေါင်း လက်အောက်ခံမင်း မင်းကို မှီ၍ အသက်မွေးသောသူတို့ကို မြင်တော်မူ၍ ဤသူတို့ကို "အသို့လျှင် ချီးမြှောက်ရအံ့နည်း၊ အဘယ်အကြောင်းဖြင့် ချီးမြှောက်ရအံ့နည်း"ဟု ဤသို့ စိတ်ဖြစ်ရာ၏၊ မင်းမြတ် ဤအတူသာလျှင် တရားတော်၏ နက်နဲသည်၏အဖြစ် သိမ်မွေ့သည်၏အဖြစ် မြင်နိုင်ခဲသည်၏အဖြစ် သိနိုင်ခဲသည်၏အဖြစ် နူးညံ့သည်၏အဖြစ် ထိုးထွင်း၍ သိနိုင်ခဲသည်၏အဖြစ် သတ္တဝါတို့၏ တဏှာ၌ ပျော်ပိုက်သည်၏အဖြစ်ကိုရှင်း သက္ကာယဒိဋ္ဌိ၏ မြဲမြံပြင်းထန်စွာ စွဲယူသည်၏အဖြစ်ကိုရှင်း မြင်တော်မူ၍ "အသို့ ဟောရအံ့နည်း၊ အဘယ်အကြောင်းဖြင့် ဟောရအံ့နည်း"ဟု မြတ်စွာဘုရား၏ စိတ်တော်သည် တရားဟောရန် လုံ့လပြုတော်မမူသေးသောအားဖြင့် စိတ်ညွတ်တော်မူ၏၊ (လျှင်လျှင်မြန်မြန်) တရားဟောခြင်းငှါ ညွတ်တော်မမူ၊ ဤသို့ ကြံစည်ခြင်း တရားဟောရန် စိတ်မညွတ်ခြင်းသည် သတ္တဝါတို့ (တရားကို) သိမြင်နိုင်ရန် ကြံစည်သောစိတ် ဖြစ်ရုံမျှသာတည်း။

မင်းမြတ် စင်စစ်သော်ကား ဗြဟ္မာတောင်းပန်အပ်သည်ဖြစ်၍ တရားကို ဟောတော်မူကုန်၏၊ ဤသို့ ဗြဟ္မာတောင်းပန်မှ တရားဟောတော်မူခြင်းသည် ဘုရားအားလုံးတို့၏ သုံးစံ (ဓမ္မတာ) ပေတည်း၊ ထိုအရာ၌ အကြောင်းကား အဘယ်နည်းဟူမူ— ထိုစဉ်အခါက အကြင်ရသေ့ ပရိဗိုဇ် သမဏဗြာဟ္မဏဖြစ်ကုန်သော လူအားလုံးတို့သည် ဗြဟ္မာလျှင် နတ်ရှိကုန်၏၊ ဗြဟ္မာကို အလေးပြုကုန်၏၊ ဗြဟ္မာလျှင် လည်းလျောင်းရာရှိကုန်၏၊ ထို့ကြောင့် အားကြီးသော အခြံအရံ အကျော်အစောရှိသော အများသိသော ထင်ရှားသော လွန်ကဲသော အလွန်မြင့်မြတ်ထင်ရှားသော ထိုဗြဟ္မာ၏ ဦးညွတ်နှိမ့်ချသဖြင့် နတ်နှင့်တကွသော လူအပေါင်းသည် ဦးညွတ်နှိမ့်ချလတ္တံ့ သက်ဝင်ယုံကြည်လတ္တံ့ စိတ်ဝင်စားလတ္တံ့၊ မင်းမြတ် ဤသို့သော အကြောင်းကြောင့်လည်း မြတ်စွာဘုရားတို့သည် ဗြဟ္မာတောင်းပန်မှ တရားကို ဟောတော်မူကုန်၏။

http://www.dhammadownload.com



မင်းမြတ် ဥပမာသော်ကား တစုံတယောက်သော မင်းသည်၎င်း မင်းအမတ်ကြီးသည်၎င်း အကြင်ပုဂ္ဂိုလ်အား ဦးညွှတ်နှိမ့်ချ၏၊ အရိုအသေပြု၏၊ အားကြီးသော ထို (မင်းအမတ်ကြီး)၏ ဦးညွှတ်နှိမ့်ချခြင်းကြောင့် ကြွင်းသော လူအပေါင်းသည် ဦးညွှတ်နှိမ့်ချ၏၊ အရိုအသေ ပြု၏၊ မင်းမြတ် ဤအတူသာလျှင် ဖြဟ္မာသည် ဦးညွှတ်နှိမ့်ချသော် မြတ်စွာဘုရားတို့အား နတ်နှင့်တကွသော လူအပေါင်းသည် ဦးညွှတ်နှိမ့်ချလတ္တံ့၊ မင်းမြတ် လူအပေါင်းသည် ပူဇော်အပ်သူကိုသာ ပူဇော်၏၊ ထို့ကြောင့် ထိုဗြဟ္မာသည် အလုံးစုံသော မြတ်စွာဘုရားတို့အား တရားဟောတော်မူခြင်းငှါ တောင်းပန်၏၊ ထိုအကြောင်းကြောင့်လည်း မြတ်စွာဘုရားတို့သည် ဗြဟ္မာတောင်းပန်မှသာ တရားကို ဟောတော်မူကုန်၏ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ပြဿနာကို ကောင်းစွာ ဖြေဆိုအပ်ပါပေ၏၊ အဖြေဝိသဇ္ဇနာသည် အလွန်ကောင်းပါပေ၏၊ ဤသို့လျှင် ဤစကားတော်ကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု(လျှောက်၏)။

ဆယ်ခုမြောက် ဓမ္မဒေသနာယ အဗ္ဗေါ်ထာက္ကပဥ္စာ ပြီး၏။

---

## ၁၁-အာစရိယာနာစရိယပဥ္စာ

### (မြတ်စွာဘုရားအား ဆရာ ရှိမရှိ ပြဿနာ)

၁၁။ အသျှင်ဘုရားနာဂသေန—

"နတ်နှင့်တကွသော လောက၌ ငါ့အား ဆရာမရှိ၊ ငါနှင့် တူသောသူ မရှိ၊ ငါနှင့်ပြိုင်ဖက် ပုဂ္ဂိုလ် မရှိ"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏။

တဖန်လည်း "ရဟန်းတို့ ဤသို့လျှင် ကာလာမ၏သားဖြစ်သော အာဠာရရသေ့သည် ငါ၏ဆရာဖြစ်လျက် တပည့်ဖြစ်သော ငါ့ကို မိမိနှင့်ထပ်တူထပ်မျှထား၏၊ မွန်မြတ်သောပူဇော်ခြင်းဖြင့်လည်း ငါ့ကို ပူဇော်၏"ဟု ဟောတော်မူပြန်ပါ၏၊ အသျှင်ဘုရားနာဂသေန "နတ်နှင့်တကွသော လောက၌ ငါ့အား ဆရာမရှိ၊ ငါနှင့်တူသောသူ မရှိ၊ ပြိုင်ဖက်ပုဂ္ဂိုလ်မရှိ"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူသည်ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ "ရဟန်းတို့ ဤသို့လျှင် ကာလာမ၏ သားဖြစ်သော အာဠာရရသေ့သည် ငါ၏ဆရာဖြစ်လျက် တပည့်ဖြစ်သော ငါ့ကို မိမိနှင့် ထပ်တူထပ်မျှ ထား၏" ဟူသော စကားသည် မှားရာပါ၏၊ "ရဟန်းတို့ ဤသို့လျှင် ကာလာမ၏ သားဖြစ်သော အာဠာရရသေ့သည် ငါ၏ဆရာဖြစ်လျက် တပည့်ဖြစ်သော ငါ့ကို မိမိနှင့်ထပ်တူထပ်မျှ ထား၏"ဟု အကယ်၍ မြတ်စွာဘုရား ဟောတော်မူသည်ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ "နတ်နှင့်တကွသော လောက၌ ငါ့အား ဆရာမရှိ၊ ငါနှင့် တူသောသူမရှိ၊ ငါ့အား ပြိုင်ဖက်ပုဂ္ဂိုလ် မရှိ" ဟူသော ထိုစကားသည်လည်း မှားရာပါ၏၊ အစွန်းနှစ်ဖက်ထွက်သော ဤပြဿနာသည်လည်း အသျှင်ဘုရားထံသို့ အစဉ်ရောက်ပါ၏၊ အသျှင်ဘုရားသည် ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် "နတ်နှင့်တကွသောလောက၌ ငါ့အား ဆရာ မရှိ၊ ငါ့အား တူသောသူမရှိ၊ ငါ့အား ပြိုင်ဖက်ပုဂ္ဂိုလ် မရှိ" ဟူသော ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်ပါ၏၊ "ရဟန်းတို့ ဤသို့လျှင် ကာလာမ၏သားဖြစ်သော အာဠာရရသေ့သည် ငါ၏ဆရာဖြစ်လျက် တပည့်ဖြစ်သော ငါ့ကို မိမိနှင့်ထပ်တူထပ်မျှထား၏၊ မွန်မြတ်သော ပူဇော်ခြင်းဖြင့်လည်း ငါ့ကို ပူဇော်၏" ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏။

http://www.dhammadownload.com



ထိုစကားကိုကား သစ္စာလေးပါးကို မသိမီ သစ္စာလေးပါးကို ထင်ရှားမသိသေးသော ဘုရားလောင်းသာဖြစ်စဉ်က ဆရာအဖြစ်ကိုရည်ရွယ်တော်မူ၍ ဟောတော်မူ၏။

"မင်းမြတ် သစ္စာလေးပါးကို မသိမီ သစ္စာလေးပါးကို ထင်ရှားမသိသေးသော ဘုရားလောင်းဖြစ်စဉ်က အကြင်ဆရာတို့သည် ဆုံးမအပ်သည်ဖြစ်၍ ဘုရားလောင်းသည် ထိုဆရာ့အထံ၌ နေ့ကိုဖွားကာမျှ၌ လက္ခဏာဖတ်ကုန်သော ရာမပုဏ္ဏား ဓဇပုဏ္ဏား လက္ခဏပုဏ္ဏား မန္တိပုဏ္ဏား ယညပုဏ္ဏား သုယာမပုဏ္ဏား သုဘောဇပုဏ္ဏား သုဒတ္တပုဏ္ဏား ဟူသော ဤရှစ်ယောက်သော ပုဏ္ဏားတို့သည် ထိုဘုရားလောင်း၏ ချမ်းသာခြင်းကို ကြားလျှောက်ကုန်၍ စောင့်ရှောက်မှုကို ပြုကုန်၏။ ထိုပုဏ္ဏားတို့သည်ကား ပဌမ ဆရာတို့တည်း။

မင်းမြတ် ထို့မှတပါး ဘုရားလောင်း၏ ခမည်းတော် သုဒ္ဓေါဒနမင်းသည် ထိုအခါက ကောင်းသောဇာတ်ရှိသော ဥဒိစ္စပုဏ္ဏားမျိုးဖြစ်သော ပုဒ်ကိုတတ်သော ဗျာကရုဏ်းတတ်သော ဆဠင်္ဂကျမ်းအတတ်ရှိသော သဗ္ဗမိတ္တမည်သောပုဏ္ဏားကို ပင့်ဆောင်၍ ရွှေကရားဖြင့် ရေကို သွန်းချလျက် ဤမင်းသားကို အတတ်ပညာသင်ပေးလော့ဟု အပ်နှင်း၏၊ ဤပုဏ္ဏားသည်ကား ဒုတိယဆရာတည်း။

မင်းမြတ် ထို့မှတပါး အကြင်နတ်သားသည် ဘုရားလောင်းကို ထိတ်လန့်စေ၏၊ အကြင်နတ်သား၏ စကားကို ကြား၍ ဘုရားလောင်းသည် ထိတ်လန့်တုန်လှုပ်လျက် ထိုခဏ၌ပင်လျှင် တောထွက်တော်မူ၍ ရဟန်းပြု၏၊ ဤနတ်သားသည်ကား တတိယ ဆရာတည်း။

မင်းမြတ် ထို့မှတပါး ကာလာမ၏သားဖြစ်သော အာဠာရရသေ့သည် အာကိဉ္စညာယတနစျာန်၏ ပရိကံကို ပြောကြား၏၊ ဤရသေ့သည်ကား စတုတ္ထဆရာတည်း။

မင်းမြတ် ထို့မှတပါး ရာမ၏သားဖြစ်သော ဥဒကရသေ့သည် နေဝသညာနာသညာယတနစျာန်၏ ပရိကံကို ပြောကြား၏၊ ဤရသေ့သည်ကား ပဉ္စမဆရာတည်း။ မင်းမြတ် ဤငါးယောက်သော ဆရာတို့သည် သစ္စာလေးပါးကို မသိမီ သစ္စာလေးပါးကို ထင်ရှားမသိသေးသော ဘုရားလောင်းဖြစ်စဉ်က ဆရာတို့တည်း၊ ထိုဆရာတို့သည်ကား လောကီတရား၌ ဆရာတို့မည်ကုန်၏၊ မင်းမြတ် ဤလောကုတ္တရာတရား၌ကား သဗ္ဗညုတဉာဏ်တော်ကို ရခြင်းငှါ မြတ်စွာဘုရားအား လွန်မြတ်သော ဆုံးမနိုင်သူမရှိ၊မင်းမြတ် မြတ်စွာဘုရားသည် သစ္စာလေးပါးကို အလိုလိုသိမြင်သော ဘုရားဖြစ်၍ ဆရာမရှိပေ၊ ထိုအကြောင်းကြောင့် မြတ်စွာဘုရားသည် "နတ်နှင့်တကွသော လောက၌ ငါ့အား ဆရာမရှိ၊ ငါနှင့်တူသောသူ မရှိ၊ ငါ့အား ပြိုင်ဖက်ပုဂ္ဂိုလ် မရှိ" ဟု ဟောတော်မူ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

တဆယ့်တခုမြောက် အာစရိယာနာစရိယပဉှာ ပြီး၏။

ငါးခုမြောက် သန္ထဝဝဂ် ပြီး၏။

ဤသန္ထဝဝဂ်၌ အမေးပုစ္ဆာပြဿနာ တဆယ့်တခုတို့တည်း။

**မေဏ္ဍကပဉှာ ပြီး၏။**

http://www.dhammadownload.com

# ၅—အနုမာနပဉ္စာ

## ၁-ဗုဒ္ဓဝဂ် ၁-ဒွိန္နံ ဗုဒ္ဓါနံ အနုပ္ပဇ္ဇမာနပဉ္စာ

### (ဘုရားနှစ်ဆူတပြိုင်နက်မပွင့်ခြင်း ပြဿနာ)

၁။ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ တခုသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော မြတ်စွာဘုရားနှစ်ဆူတို့သည် မရှေးမနှောင်း တပြိုင်နက် ပွင့်ကုန်ရာ၏ဟူသော ဤအကြောင်းမျိုးသည် အကြောင်းမဟုတ်၊ အခွင့်မဟုတ်၊ ထိုအကြောင်းမျိုး မရှိနိုင်"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူပါ၏၊ အသျှင်ဘုရားနာဂသေန အလုံးစုံသော မြတ်စွာဘုရားတို့သည် ဟောကြားတော်မူကုန်သော်လည်း သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့ကို ဟောတော်မူကုန်၏၊ ဖြေကြားတော်မူကုန်သော်လည်း အရိယာသစ္စာလေးပါးတို့ကို ဖြေကြားတော်မူကုန်၏၊ ကျင့်စေကုန်သော်လည်း သုံးပါးကုန်သော သိက္ခာတို့၌ ကျင့်စေတော်မူကုန်၏၊ ဆုံးမတော်မူကုန်သော်လည်း မမေ့လျော့မှု 'အပ္ပမာဒ'ပဋိပတ်၌ ဆုံးမတော်မူကုန်၏၊ အသျှင်ဘုရားနာဂသေန အလုံးစုံလည်းဖြစ်ကုန်သော မြတ်စွာဘုရားတို့၏ တခုသော ဒေသနာတော် တခုသော အဖြေတော် တခုသော အကျင့်သိက္ခာ တခုသော အဆုံးအမတော်သည် အကယ်၍ ဖြစ်ပါကုန်အံ့၊ အဘယ်အကြောင်းကြောင့် မြတ်စွာဘုရားနှစ်ဆူတို့သည် တပြိုင်နက် ခဏ၌ မပွင့်ပါကုန်သနည်း၊ ဘုရားတဆူတည်းသာ ပွင့်တော်မူခြင်းဖြင့်လည်း ဤလောကသည် ထိုရွှေလောက် ပြောင်ပြောင်တောက်သော တရားအရောင်အလင်း ဖြစ်ပေါ်ချေသေး၏၊ နှစ်ဆူမြောက်ဘုရားသည် အကယ်၍ ပွင့်တော်မူငြားအံ့၊ ဘုရားနှစ်ဆူတို့၏ တရားအရောင်အလင်းဖြင့် ဤလောကသည် အတိုင်းထက်အလွန် တရားအရောင်အလင်းဖြစ်ရာပါ၏၊ဆုံးမတော်မူကုန်သည်ရှိသော် နှစ်ဆူသော ဘုရားတို့သည် ချမ်းသာစွာ ဆုံးမတော်မူကုန်ရာပါ၏၊သွန်သင်တော်မူကုန်သည်ရှိသော် ချမ်းသာစွာ သွန်သင်တော်မူကုန်ရာပါ၏၊ အကြင်အခြင်းအရာဖြင့် အကျွန်ုပ်သည် ယုံမှားကင်းသည် ဖြစ်ရာ၏၊ ထိုစကား၌ အကျွန်ုပ်အား အကြောင်းကို ဟောတော်မူပါလော့ဟု(လျှောက်၏)။

မင်းမြတ် ဤတသောင်းသော လောကဓာတ်သည် ဘုရားတဆူကိုသာ ဆောင်နိုင်၏၊ ဘုရားတဆူ၏ ဂုဏ်ကိုသာလျှင် ဆောင်နိုင်၏၊ နှစ်ဆူမြောက် ဘုရားသည် အကယ်၍ ဖြစ်ပွင့်တော်မူငြားအံ့၊ ဤတသောင်းသော လောကဓာတ်သည် မဆောင်နိုင်ရာ၊ လှုပ်ရာ၏ တုန်ရာ၏ နိမ့်ရှိုင်းရာ၏ ညွတ်ကိုင်းရာ၏ ယိမ်းယိုင်ရာ၏ ဖရိုဖရဲဖြစ်ရာ၏ လွင့်ကျရာ၏ ပျက်စီးရာ၏၊ မိမိတည်နေရာ အတိုင်းသို့ မကပ်ရောက်နိုင်ပေရာ။

မင်းမြတ် ဥပမာသော်ကား လှေသည် ယောကျ်ားတယောက်ကိုသာ ဆောင်နိုင်ရာ၏၊ တယောက်သော ယောကျ်ားသည် တက်စီးသည်ရှိသော် ထိုလှေသည် ရေနှင့် ညီမျှရာ၏၊ အသက် ဖြင့်ရင်း အဆင်းဖြင့်ရင်း အရွယ်ဖြင့်ရင်း သဏ္ဌာန်ဖြင့်ရင်း အကြုံ အဆူ (အပိန် အဝ)ဖြင့်ရင်း အလုံးစုံသော အင်္ဂါကြီးငယ်ဖြင့် ထိုရှေးယောကျ်ားနှင့် တူသော သဘောရှိသော နှစ်ယောက် မြောက်ယောကျ်ားသည် လာရာ၏၊ ထိုယောကျ်ားသည် ထိုလှေကို အကယ်၍ တက်စီးငြားအံ့၊ မင်းမြတ် ထိုလှေသည် ယောကျ်ားနှစ်ယောက်တို့အား ဆောင်နိုင်ရာအံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဆောင်နိုင်ရာပါ၊ လှုပ်ရာပါ၏ တုန်ရာပါ၏ နိမ့်ရှိုင်းရာပါ၏ ညွတ်ကိုင်းရာပါ၏

http://www.dhammadownload.com



ယိမ်းယိုင်ရာပါ၏ ဖရိုဖရဲဖြစ်ရာပါ၏ လွင့်ကျရာပါ၏ ပျက်စီးရာပါ၏၊ မိမိတည်နေရာအတိုင်းသို့ မရောက်နိုင်ရာပါ ရေ၌ နစ်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ဤတသောင်းသော လောကဓာတ်သည် ဘုရားတဆူကိုသာ ဆောင်နိုင်ရာ၏၊ ဘုရားတဆူ၏ ဂုဏ်ကျေးဇူးကိုသာလျှင် ဆောင်နိုင်ရာ၏၊ နှစ်ဆူမြောက် ဘုရားသည် အကယ်၍ ပွင့်တော်မူငြားအံ့၊ ဤတသောင်းသော လောကဓာတ်သည် မဆောင်နိုင်ရာ၊ လှုပ်ရာ၏ တုန်ရာ၏ နိမ့်ရှိုင်းရာ၏ ညွတ်ကိုင်းရာ၏ ယိမ်းယိုင်ရာ၏ ဖရိုဖရဲဖြစ်ရာ၏ လွင့်ကျရာ၏ ပျက်စီးရာ၏၊ မိမိတည်နေရာအတိုင်းသို့ မရောက်နိုင်ရာ။

မင်းမြတ် ဥပမာတနည်းသော်ကား ယောကျ်ားသည် အလိုရှိတိုင်း စားဖွယ်ကို လည်မျိုတိုင်အောင် အပြည့် အသိပ်စားငြားအံ့၊ ထိုယောကျ်ားသည် တင်းတိမ်အားရပြည့်ဝလျက် မပြတ်ပျင်းရိထိုင်းမှိုင်းသည်ကိုပြု၍ ကိုင်းမညွတ်နိုင်သော တုတ်ချောင်းသဖွယ် ဖြစ်စေပြီးလျှင် ထိုမျှလောက်သော စားဖွယ်ကို ထပ်၍ စားငြားအံ့၊ မင်းမြတ် ထိုယောကျ်ားသည် ချမ်းသာခြင်း ဖြစ်နိုင်ရာအံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ချမ်းသာခြင်း မဖြစ်နိုင်ရာပါ တကြိမ်ထပ်၍ စားပြန်လျှင် သေဆုံးရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူ သာလျှင် ဤတသောင်းသော လောကဓာတ်သည် ဘုရားတဆူကိုသာ ဆောင်နိုင်ရာ၏၊ ဘုရားတဆူ၏ ဂုဏ်ကိုသာလျှင် ဆောင်နိုင်ရာ၏၊ နှစ်ဆူမြောက်ဘုရားသည် အကယ်၍ ထပ်၍ပွင့်တော်မူငြားအံ့၊ ဤတသောင်းသော လောကဓာတ်သည် မဆောင်နိုင်ရာ၊ လှုပ်ရာ၏ တုန်ရာ၏ နိမ့်ရှိုင်းရာ၏ ညွတ်ကိုင်းရာ၏ ယိမ်းယိုင်ရာ၏ ဖရိုဖရဲဖြစ်ရာ၏ လွင့်ကျရာ၏ ပျက်စီးရာ၏၊ မိမိတည်နေရာအတိုင်းသို့ မရောက်နိုင်ရာဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အသို့နည်း လွန်ကဲသော တရားတည်းဟူသော ဝန်ကြောင့် မြေကြီးသည် တုန်လှုပ်ပါသလောဟု (မေးလျှောက်၏)၊ မင်းမြတ် ဤလောက၌ လှည်းနှစ်စီးတို့သည် လှည်းမျက်နှာဝနှင့်အမျှတိုင်အောင် ရတနာတို့ဖြင့် ပြည့်သည်ဖြစ်ကုန်အံ့၊ လှည်းတစီးမှ ရတနာကို ယူ၍ လှည်းတစီး၌ လောင်းကုန်ငြားအံ့၊ မင်းမြတ် ထိုလှည်းသည် လှည်းနှစ်စီးတို့၏ ရတနာကို ဆောင်နိုင်ရာအံ့လောဟု(မေးတော်မူ၏)။အသျှင်ဘုရားနာဂသေန မဆောင်နိုင်ရာပါ၊ထိုလှည်း၏ ပုန်တောင်းသော်လည်း ကွဲထွက်ရာပါ၏၊ ထိုလှည်း၏ အကန့်ထောက်တို့သည်လည်း ကျိုးကုန်ရာပါ၏၊ ထိုလှည်း၏ အကွပ်တံကူသည်လည်း ကျွတ်ကျရာပါ၏၊ ထိုလှည်း၏ ဝင်ရိုးသည်လည်း ကျိုးကျရာပါ၏ ဟု(လျှောက်၏)။ မင်းမြတ် အသို့နည်း လွန်ကဲသော ရတနာတည်းဟူသော ဝန်ကြောင့် လှည်းသည် ကျိုးသည်မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် လွန်ကဲသော တရားတည်းဟူသော ဝန်ကြောင့် မြေကြီးသည် တုန်လှုပ်၏ဟု(မိန့်တော်မူ၏)။

မင်းမြတ် ထို့ပြင်လည်း မြတ်စွာဘုရား၏ အစွမ်းသတ္တိကို ပြခြင်းငှါ ဤအကြောင်းကို ထည့်သွင်းအပ်၏၊ ထိုအရာ၌ ဘုရားနှစ်ဆူတို့ တပြိုင်နက်သော ခဏ၌ ပွင့်တော်မမူနိုင်သော အခြားလျှောက်ပတ်သော အကြောင်းကိုလည်း နာဦးလော့၊မင်းမြတ် ဘုရားနှစ်ဆူတို့သည် တပြိုင်နက်သော ခဏ၌ အကယ်၍ ပွင့်တော်မူကုန်ငြားအံ့၊ ထိုမြတ်စွာဘုရားတို့၏ပရိသတ်၌ "သင်တို့၏ဘုရားတည်း၊ ငါတို့၏ဘုရားတည်း" ဟု ငြင်းခုံခြင်းသည် ဖြစ်ရာ၏၊ နှစ်ဖို့နှစ်သင်းဖြစ်ကုန်ရာ၏၊ မင်းမြတ် ဥပမာသော်ကား အင်အားကြီးကုန်သော အမတ်နှစ်ယောက်တို့၏ ပရိသတ်၌

http://www.dhammadownload.com



"သင်တို့၏ အမတ်တည်း၊ ငါတို့၏ အမတ်တည်း"ဟုငြင်းခုံခြင်းဖြစ်ပေါ်၍ နှစ်ဖို့နှစ်သင်းဖြစ်ကုန်ရာ၏၊ မင်းမြတ် ဤအဘူသာလျှင် ဘုရားနှစ်ဆူတို့သည် တပြိုင်နက်သော ခဏ၌ အကယ်၍ ပွင့်တော်မူကုန်ငြားအံ့၊ ထိုမြတ်စွာဘုရားတို့၏ ပရိသတ်၌"သင်တို့၏ ဘုရားတည်း၊ ငါတို့၏ ဘုရားတည်း"ဟု ငြင်းခုံခြင်းသည် ဖြစ်ပေါ်၍ နှစ်ဖို့နှစ်သင်းဖြစ်ကုန်ရာ၏၊ မင်းမြတ် အကြောင်းအကြောင်းဖြင့် ဘုရားနှစ်ဆူတို့သည် တပြိုင်နက်သော ခဏ၌ မပွင့်ကုန်၊ ဤသည်ကား ရှေးဦးစွာသော အကြောင်းဖြစ်၏။

မင်းမြတ် ထို့ပြင်လည်း ဘုရားနှစ်ဆူဘို့ တပြိုင်နက်သောခဏ၌ ပွင့်ဘော်မမူသော အခြားအကြောင်းကို နာဦးလော့၊ မင်းမြတ် ဘုရားနှစ်ဆူတို့သည် တပြိုင်နက်သော ခဏ၌ အကယ်၍ ပွင့်တော်မူကုန်ငြားအံ့၊ "မြတ်စွာဘုရားသည် အမြတ်ဆုံးတည်း" ဟူသော အကြောင်စကားသည် ရှိ၏. ထိုစကားသည် အမှားဖြစ်ရာ၏၊ "မြတ်စွာဘုရားသည် အကြီးဆုံးဖြစ်၏"ဟူသော အကြောင်စကားသည် ရှိ၏၊ ထိုစကားသည် အမှားဖြစ်ရာ၏၊ "မြတ်စွာဘုရားသည် အလွန် ချီးမွမ်းအပ်၏" ဟူသော "မြတ်စွာဘုရားသည် ထူး၏" ဟူသော "မြတ်စွာဘုရားသည် လွန်မြတ်၏" ဟူသော "မြတ်စွာဘုရားသည် မွန်မြတ်၏"ဟူသော"မြတ်စွာဘုရားသည် အတုမရှိ"ဟူသော"မြတ်စွာဘုရားသည် အတုမဲ့သော ရှေးဘုရားတို့နှင့်သာ တူတော်မူ၏"ဟူသော"မြတ်စွာဘုရားသည် နှိုင်းယှဉ်ဖက်မရှိ" ဟူသော "မြတ်စွာဘုရားသည် ပြိုင်ဖက်မရှိ" ဟူသော "မြတ်စွာဘုရားသည် တုပြိုင်ဖက်ပုဂ္ဂိုလ်မရှိ" ဟူသော အကြောင်စကားသည် ရှိ၏၊ ထိုစကားသည် အမှားဖြစ်ရာ၏၊ မင်းမြတ် အကြောင်အကြောင်းဖြင့် ဘုရားနှစ်ဆူတို့သည် တပြိုင်နက်သော ခဏ၌ ပွင့်တော်မမူကုန်၊ ဤအကြောင်းကိုလည်း သင်မင်းမြတ်သည် ဝန်ခံလော့။

မင်းမြတ် ထို့ပြင်လည်း လောက၌ တဆူသော ဘုရားသည်သာလျှင် ပွင့်တော်မူ၏၊ ဤသို့ပွင့်တော်မူခြင်းသည် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူကုန်သော မြတ်စွာဘုရားတို့၏ ပကတိ သဘောပင်တည်း၊ အဘယ်အကြောင်းကြောင့်နည်းဟူမူ—သဗ္ဗညုတဉာဏ် ရတော်မူကုန်သော မြတ်စွာဘုရား ဂုဏ်တော်တို့၏ ကြီးမြတ်သည်၏ အဖြစ်ကြောင့်တည်း။ မင်းမြတ် (ဘုရားမှ)တပါးလည်း လောက၌ အကြင်အရာသည် ကြီးမြတ်၏၊ ထိုကြီးမြတ်သော အရာသည် တခုတည်းသာလျှင် ဖြစ်၏။ မင်းမြတ် မြေကြီးသည် ကြီးကျယ်၏၊ ထိုမြေကြီးသည် တခုတည်းသာလျှင် ဖြစ်၏။သမုဒ္ဒရာသည် ကြီးကျယ်၏၊ထိုသမုဒ္ဒရာသည် တစင်းတည်းသာလျှင်ဖြစ်၏။ မြင့်မိုရ်တောင်မင်းသည် ကြီးကျယ်၏၊ ထိုမြင့်မိုရ်တောင်မင်းသည် တခုတည်းသာလျှင် ဖြစ်၏။ ကောင်းကင်သည် ကြီးကျယ်၏၊ ထိုကောင်းကင်သည် တခုတည်းသာလျှင် ဖြစ်၏။ သိကြားမင်းသည် ကြီးကျယ်၏၊ ထို သိကြားမင်းသည် တယောက်တည်းသာလျှင် ဖြစ်၏။ မာရ်နတ်သည် ကြီးကျယ်၏၊ ထိုမာရ်နတ်သည် တယောက်တည်းသာလျှင် ဖြစ်၏။ မဟာဗြဟ္မာသည် ကြီးကျယ်၏၊ ထိုမဟာဗြဟ္မာသည် တယောက်တည်းသာလျှင်ဖြစ်၏။ ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ကြီးကျယ်မြင့်မြတ်၏၊ထိုမြတ်စွာဘုရားသည် လောက၌ တဆူတည်းသာလျှင် ဖြစ်၏။အကြင်ဌာန၌ ထိုမြတ်စွာဘုရားတို့သည် ပွင့်တော်မူကုန်၏၊ ထိုဌာန၌ တပါးသောသူ၏ အခွင့်သည်မဖြစ်၊ မင်းမြတ် ထို့ကြောင့် ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါးတရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် လောက၌ တဆူတည်းသာလျှင် ပွင့်တော်မူ၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရားနာဂသေန ပြဿနာကို ဥပမာအကြောင်းတို့ဖြင့် ကောင်းစွာ ဖြေအပ်ပါပေ၏၊ ပညာမရှိသူ သင်သော်လည်း ဤအကြောင်းကို ကြားရမူကား ဝမ်းမြောက်ခြင်းဖြစ်ရာပါ၏၊ အကျွန်ုပ်ကဲ့သို့ ပညာကြီးသောသူကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း၊ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ ဟု (လျှောက်၏)။

ရှေးဦးစွာသော ဒိန္န ဗဂ္ဂါနံ အနုပ္ပဒမာနပဉ္စာ ပြီး၏။

---

## ၂-ဂေါတမိဝတ္ထဒါနပဉ္စာ

(မိထွေးတော်ဂေါတမီ သင်္ကန်းလှူခြင်း ပြဿနာ)

၂။ အသျှင်ဘုရားနာဂသေန မိထွေးတော် မဟာပဇာပတိ ဂေါတမီက မိုးရေခံသင်္ကန်းကို လှူအပ်သည်ရှိသော် "ဂေါတမီ သင်သည် သံဃာအား လှူလော့၊ သင်သည် သံဃာကို လှူအပ်သည်ရှိသော် ငါဘုရားကိုရင်း သံဃာကိုရင်း ပူဇော်အပ်သည် ဖြစ်လတ္တံ့"ဟု ဤစကားကိုမြတ်စွာဘုရား ဟောတော်မူအပ်ပါ၏၊ အသျှင်ဘုရားနာဂသေန အသို့ပါနည်း၊ မြတ်စွာဘုရားသည် သံဃာရတနာထက် မလေးစား ထိုက်ပါသလော၊ အလေးမပြု ထိုက်ပါသလော၊ မြတ်သော အလှူကို မခံထိုက်ပါသလော၊အကြင့်ကြောင့် မြတ်စွာဘုရားသည် မိမိ၏ မိထွေးတော်သည် ကိုယ်တိုင်ဖန်အပ် ကိုယ်တိုင်ကြိတ်အပ် ကိုယ်တိုင်ဖတ်အပ် ကိုယ်တိုင်ငင်အပ် ကိုယ်တိုင် ရက်အပ်သော မိမိအား လှူသောမိုးရေခံသင်္ကန်းကို သံဃာအား လှူစေ၏။ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် သံဃာရတနာထက် အကယ်၍ မြတ်သည်ဖြစ်အံ့၊လွန်သည်မူလည်း ဖြစ်အံ့၊ထူးသည်မူလည်းဖြစ်အံ့၊ "ငါ့အား လှူအပ်သည်ရှိသော် ကြီးသော အကျိုးရှိသည် ဖြစ်လတ္တံ့"ဟု မြတ်စွာဘုရားသည် မိထွေးတော်ဂေါတမီ ကိုယ်တိုင်ဖန်အပ်သော ကိုယ်တိုင်ကြိတ်အပ်သော ကိုယ်တိုင်ဖတ်အပ်သော ကိုယ်တိုင်ငင်အပ်သော မိုးရေခံသင်္ကန်းကို သံဃာအား မလှူစေရာ၊ အသျှင်ဘုရားနာဂသေန အကြင့်ကြောင့်လျှင် မြတ်စွာဘုရားသည် မိမိကိုယ်ကို တောင့်တတော်မမူ၊ အားကိုးစွာ အမှီပြုတော်မမူ၊ ထို့ကြောင့် မြတ်စွာဘုရားသည် မိထွေးတော်ဂေါတမီ၏ ထိုမိုးရေခံသင်္ကန်းကို သံဃာအား လှူစေ၏ဟု (လျှောက်၏)။

မင်းမြတ် မြတ်စွာဘုရားသည် မိထွေးတော် မဟာပဇာပတိ ဂေါတမီက မိုးရေခံသင်္ကန်းကို လှူအပ်သည်ရှိသော်"ဂေါတမီ(သင်သည်)သံဃာအား လှူလော့၊သင်သည် သံဃာကို လှူသည်ရှိသော် ငါဘုရားကိုရင်း သံဃာကိုရင်း ပူဇော်အပ်သည်ဖြစ်လတ္တံ့"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏၊ ထိုသို့ ဟောတော်မူခြင်းသည်ကား မိမိအား ရှေးရှုမြတ်နိုးခြင်း၏ အကျိုးမရှိသည်၏အဖြစ်ကြောင့် ဟောတော်မူသည် မဟုတ်ချေ၊ မြတ်သော အလှူကို မခံထိုက်သောကြောင့် ဟောတော်မူသည် မဟုတ်ချေ၊ မင်းမြတ် စင်စစ်သော်ကား အစီးအပွါးအလို့ငှါ စောင့်ရှောက်ခြင်းငှါ လာလတ္တံ့သောအခါ၌ ငါကွယ်လွန်သဖြင့် သံဃာသည် ဒရှိအသေပြုခံရသည် ဖြစ်လတ္တံ့ဟု ထင်ရှားရှိသည်သာလျှင် ဖြစ်ကုန်သော ဂုဏ်ကျေးဇူးတို့ကို ချီးကျူးလိုရကား "ဂေါတမီ သင်သည် သံဃာအား လှူလော့၊ သံဃာကို လှူအပ်သည်ရှိသော် ငါ့ကိုရင်း သံဃာကိုရင်း ပူဇော်အပ်သည်ဖြစ်လတ္တံ့"ဟု ဤသို့(ဟောတော်မူ၏)။

http://www.dhammadownload.com



မင်းမြတ် "ဤငါ့လက်ထက်၌ မြင့်တင်၍ ထားအပ်သည်ရှိသော် နောင်လာလတ္တံ့သောအခါ၌ ဝယ် လူတိအလယ်၌ ပူဇော်ခံရသည် ဖြစ်လတ္တံ့"ဟု ဖခမည်းတော်သည် မိမိထင်ရှားစဉ်ပင်လျှင် အမတ်အခစား ဗိုလ်ပါ တံခါးစောင့် ကိုယ်ရံတော် အခြွေအရံလူများ၏ အလယ် မင်း၏ညီလာခံသဘင်ဝယ် သားတော်၏ ထင်ရှားရှိသည်သာလျှင်ဖြစ်သော ဂုဏ်ကျေးဇူးကို ပြောကြားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် အစီးအပွါးအလို့ငှါ အစဉ်စောင့်ရှောက် သနားတော်မူခြင်းငှါ နောင်လာလတ္တံ့သောအခါ၌ ငါကွယ်လွန်တော်မူသဖြင့် သံဃာသည် အရှိအသေပြု ခံရသည်ဖြစ်လတ္တံ့ဟု ထင်ရှားရှိသည်သာလျှင်ဖြစ်ကုန်သော ဂုဏ်ကျေးဇူးတို့ကို ချီးကျူးပြောကြားတော်မူလိုရကား "ဂေါတမီ သင်သည် သံဃာအား လှူလော့၊သင်သည် သံဃာကိုလှူသည်ရှိသော် ငါဘုရားကိုရင်း သံဃာကိုရင်း ပူဇော်အပ်သည်ဖြစ်လတ္တံ့"ဟု (ဟောတော်မူ၏)။

မင်းမြတ် ထိုမျှလောက် မိုးရေခံသင်္ကန်းကို လှူဒါန်းစေကာမျှဖြင့် သံဃာသည် မြတ်စွာဘုရားထက် လွန်ကဲသည်မည်သည် မဖြစ်ချေ၊ထူးသည်လည်း မဖြစ်ချေ၊မင်းမြတ် ဥပမာသော်ကား အမိအဖတို့သည် သားသမီးတို့အား (နံ့သာဖြင့်)ပွတ်သပ်ပေးကုန်၏၊(ဆီဖြင့်)ဆုပ်နယ်ပေးကုန်၏၊ (နံ့သာဖြင့်)ရေချိုးပေးကုန်၏ (လက်ရှုံးကြီးထွားရန်)ထုရိုက်ပေးကုန်၏၊ မင်းမြတ် ထိုမျှလောက် (နံ့သာဖြင့်)ပွတ်သပ်ပေးခြင်း (ဆီဖြင့်)ဆုပ်နယ်ပေးခြင်း (နံ့သာဖြင့်)ရေချိုးပေးခြင်း (လက်ရှုံးကြီးထွားရန်)ထုရိုက်ပေးခြင်းမျှဖြင့်"သားသမီးသည် မိဖတို့ထက် လွန်ကဲသည်မှုလည်း ဖြစ်သလော၊ ထူးချွန်သည်မှုလည်း ဖြစ်သလော"ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်နိုင်ပါ၊အသျှင်ဘုရား မိဖတို့သည် သားသမီးတို့က အလိုမရှိသော်လည်း ပြုအပ်ကုန်၏၊ ထို့ကြောင့် မိဖတို့သည် သားသမီးတို့အား (နံ့သာဖြင့်)ပွတ်သပ်ပေးခြင်း (ဆီဖြင့်)ဆုပ်နယ်ပေးခြင်း (နံ့သာဖြင့်)ရေချိုးပေးခြင်း (လက်ရှုံးကြီးထွားရန်) ထုရိုက်ပေးခြင်းကို ပြုကြပါကုန်၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ထိုမျှလောက် မိုးရေခံသင်္ကန်းကို လှူစေကာမျှဖြင့် သံဃာတော်သည် မြတ်စွာဘုရားထက် လွန်ကဲသည်မှုလည်း မဖြစ်ချေ၊ ထူးချွန်သည်မှုလည်း မဖြစ်ချေ၊ မင်းမြတ် မြတ်စွာဘုရားသည် စင်စစ်သော်ကား အလိုမရှိသော်လည်း ပြုအပ်သောကိစ္စကို ပြုတော်မူလျက် မိထွေးတော်ဂေါတမီ၏ ထိုမိုးရေခံသင်္ကန်းကို သံဃာအား လှူစေတော်မူ၏။

မင်းမြတ် ဥပမာတနည်းသော်ကား တစုံတယောက်သော ယောကျာ်းသည် မင်း၏လက်ဆောင်ပဏ္ဏာကို ဆောင်ယူခဲ့၏၊ မင်းသည် ထိုလက်ဆောင်ပဏ္ဏာကို အခြားသော အခစားအားရင်း ဗိုလ်ပါအားရင်း စစ်သူကြီးအားရင်း ပုရောဟိတ်အားရင်း ပေးငြားအံ့၊ ထိုယောကျာ်းသည် ထိုမျှလောက်သော လက်ဆောင်ကို ရကာမျှဖြင့် မင်းထက် လွန်ကဲသည်မှုလည်း ဖြစ်သလော၊ ထူးချွန်သည်မှုလည်း ဖြစ်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်ပါ၊ အသျှင်ဘုရား ထိုယောကျာ်းသည် မင်းခစားပါတည်း၊ မင်းကို မှီ၍ အသက်မွေးရပါ၏၊ ထိုမင်းခစားအရာထားလိုသောမင်းသည် လက်ဆောင်ပဏ္ဏာကို ပေးပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ထိုမျှလောက် မိုးရေခံသင်္ကန်းကို လှူစေကာမျှဖြင့် သံဃာတော်သည် မြတ်စွာဘုရားထက် လွန်ကဲသည်မှုလည်း မဖြစ်ချေ၊ထူးချွန်သည်မှုလည်း မဖြစ်ချေ၊ စင်စစ်သော်ကား မြတ်စွာဘုရား၏ အလုပ်အကျွေးသာတည်း၊ မြတ်စွာဘုရားကို မှီ၍ အသက်မွေးရ၏၊ ထိုမိမိအရာ၌ ထားတော်မူသော မြတ်စွာဘုရားသည် သံဃာအား မိုးရေခံသင်္ကန်းကို ပေးလှူစေ၏။

http://www.dhammadownload.com



မင်းမြတ် ထို့ပြင်လည်း မြတ်စွာဘုရားအား ဤသို့သော အကြံသည် ဖြစ်၏ "သံဃာကို သဘောအားဖြင့် ပူဇော်အပ်၏၊ ငါ၏ဥစ္စာဖြင့် သံဃာကို ရွေးရွေးပူဇော်အံ့"ဟု သံဃာအား မိုးရေခံသင်္ကန်းကို ပေးလှူစေ၏၊ မင်းမြတ် မြတ်စွာဘုရားသည် မိမိအားသာလျှင် ရွေးရွေးပူဇော်ခြင်းကို ချီးမွမ်းတော်မမူ၊ စင်စစ်သော်ကား လောက၌ အကြင်သူတို့သည် ပူဇော်ထိုက်ကုန်၏၊ ထိုသူတို့အားလည်း ရွေးရွေး ပူဇော်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

မင်းမြတ် နတ်ထက် နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် မဇ္ဈိမနိကာယ်မြတ်ဟု တံဆိပ်ခပ်အပ်သော ဓမ္မဒါယာဒသုတ် တရားဒေသနာတော်၌ အလိုနည်းသော အကျင့်ကို ချီးကျူးတော်မူလိုရကား "စားကြွင်းကို မစားမူ၍ တရားအားဆုတ်သော ရှေးဦးရဟန်းကို အထူးသဖြင့်လည်း ပူဇော်အပ်၏၊ အလွန်လည်း ချီးမွမ်းအပ်၏"ဟူသော စကားကို (ဟောတော်မူအပ်၏) မင်းမြတ် ဘဝသုံးပါးတို့၌ မြတ်စွာဘုရားထက် အလှူကို ခံထိုက်သည်လည်း ဖြစ်သော လွန်သည်လည်း ဖြစ်သော လွန်ကဲသည်လည်းဖြစ်သော ထူးချွန်သည်လည်းဖြစ်သော တစုံတယောက်သောသတ္တဝါသည် မရှိ၊ မြတ်စွာဘုရားသည်သာလျှင် လွန်၏ လွန်ကဲ၏ ထူးချွန်၏။

မင်းမြတ် သံယုတ္တနိကာယ်မြတ်၌ မာဏဝဂါမိကအမည်ရှိသော နတ်သားသည် မြတ်စွာဘုရား၏ ရှေ့တော်မှောက် နတ်လူတို့၏အလယ်၌ ရပ်တည်လျက်—

"ရာဇဂြိုဟ်မြို့ရှိ တောင်(ငါးလုံး)တို့တွင် ဝိပုလတောင်ကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏၊ ဟိမဝန္တာရှိ တောင်အပေါင်းတို့တွင် ကေလာသတောင်ကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏၊ ကောင်းကင်၌ သွားသော ကြယ်နက္ခတ်အပေါင်းတို့တွင် နေမင်းကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏။

မြစ်အပေါင်းတို့တွင် သမုဒ္ဒရာကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏၊ နက္ခတ်အပေါင်းတို့တွင် လကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏၊ နတ်နှင့်တကွသော လူအပေါင်းတွင် ဘုရားကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏"ဟူ၍ ဤစကားကိုလည်း ဆိုအပ်၏။

မင်းမြတ် ထိုမာဏဝဂါမိကအမည်ရှိသော နတ်သားသည် ထိုဂါထာကို ကောင်းစွာသီကုံးအပ်၏၊ မကောင်းသဖြင့် သီကုံးအပ်သည်မဟုတ်၊ ကောင်းစွာ ရွတ်ဆိုအပ်၏၊ မကောင်းသဖြင့် ရွတ်ဆိုအပ်သည်မဟုတ်၊ မြတ်စွာဘုရားကလည်း ခွင့်ပြုတော်မူအပ်၏။ မင်းမြတ် တရားစစ်သူကြီး ဖြစ်တော်မူသော သာရိပုတြာမထေရ်သည်—

"မာရ်စစ်သည်ဗိုလ်ပါကို နှုတ်ပယ်တော်မူပြီးသော ဘုရားရှင်၌ တကြိမ်တခါမျှ စိတ်ဖြင့် ကြည်ညိုခြင်းသည်၎င်း သရဏဂုံဆောက်တည်ခြင်းသည်၎င်း လက်အုပ်ချီမိုး ရှိခိုးခြင်းသည်၎င်း စောင့်ရှောက်ကယ်ဘင်ခြင်းငှါ စွမ်းဆောင်နိုင်၏"ဟု (ဟောတော်မူအပ်၏)။

နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်လည်း "ရဟန်းတို့ လောက၌ တဦးတည်းသော ပုဂ္ဂိုလ်သည် ဖြစ်ပေါ်လာသည်ရှိသော် များစွာသော လူတို့၏ အစီးအပွါးအလို့ငှါ များစွာသော လူတို့၏ ချမ်းသာခြင်းငှါ လူအပေါင်းကို အစဉ်စောင့်ရှောက်ခြင်းငှါ နတ်လူတို့၏ အကျိုးငှါ

http://www.dhammadownload.com



အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပေ၏၊ တယောက်သော ပုဂ္ဂိုလ်သည် အဘယ်နည်း ဟူမူကား— ပွင့်တော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါးတရားတို့ကို) ကိုယ်ဘိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားတည်း။ပ။ နတ်လူတို့၏ အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပေ၏''ဟု ဟောတော်မူအပ်၏ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

နှစ်ခုမြောက် ဝေါတမိဝတ္ထဒါနပဥှာ ပြီး၏၊

---

## ၃-ဂိဟိပဗ္ဗဇိတသမ္မာပဋိပတ္တိပဥှာ

### (လူနှင့်ရဟန်းတို့ ကောင်းစွာကျင့်ခြင်း ပြဿနာ)

၃။ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ လူ၏ငှင်း ရဟန်း၏ငှင်း ကောင်းစွာကျင့်ခြင်းကို ငါဘုရားချီးမွမ်း၏၊ ရဟန်းတို့ လူသည်မူလည်းဖြစ်စေ ရဟန်းသည်မူလည်းဖြစ်စေ ကောင်းစွာ ကျင့်ခဲ့သော် ကောင်းစွာကျင့်ခြင်းဟူသော အကြောင်းကြောင့် မဂ်ကုသိုလ်တရားကို ပြီးစီး စေနိုင်၏''ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏။ အသျှင်ဘုရားနာဂသေန လူသည် အဝတ်ဖြူကိုဝတ်ကာ ကာမဂုဏ်ခံစား၍ သားမယားတို့ဖြင့် ကျဉ်းမြောင်းစွာ အိမ်ရာ တည်ထောင်နေထိုင်လျက် ကာသိတိုင်းထွက် အဝတ် စန္ဒကူးနံ့သာကို သုံးဆောင်ခံစားပြီးလျှင် ပန်း နံ့သာ နံ့သာပျောင်းကို ဆောင်လျက် ရွှေ ငွေကို သာယာလျက် ပတ္တမြားနားတောင်းကို ပန်ဆင်လျက် ဆန်းကြယ်သော ဥဿျောင်ကိုဘုံးလျက် 'ကောင်းစွာ ကျင့်သည်ရှိသော် မဂ်ကုသိုလ် တရားကို အကယ်၍ ပြီးစီးစေငြားအံ့၊ ရဟန်းသည်လည်း ဦးခေါင်းတုံးကာ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်လျက် သူတပါးတို့၏ ထမင်းကို ရည်ရွယ်ချဉ်းကပ်ရလျက် လေးပါးကုန်သော သီလ အစုတို့၌ ကောင်းစွာ ပြည့်ကျင့်လေ့ရှိသည်ဖြစ်၍ နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်သော သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်လျက် တဆယ့်သုံးပါးကုန်သော ဓုတင်ဂုဏ်တို့၌ အကြွင်းမရှိပဲ ကျင့်လျက် မဂ်ကုသိုလ်တရားကို ပြီးစီးစေနိုင်ငြားအံ့၊အသျှင်ဘုရား ဤသို့ဖြစ်သော် ထိုနှစ်ဦးတို့တွင် လူ၏ငှင်း ရဟန်း၏ငှင်း အထူးအထွေသည် အဘယ်ပါနည်း၊ အကျင့်ကို ကျင့်သုံးရခြင်းသည် အကျိုးမရှိ ဖြစ်၏၊ ရဟန်းပြုခြင်းသည် အကျိုးမရ၊ သိက္ခာပုဒ်ကို စောင့်ထိန်းရခြင်းသည် မြုံတော့သည် တကား၊ဓုတင်ဂုဏ်ကို ဆောက်တည်ခြင်းသည် အချည်းနှီးပေတကား၊ရဟန်းအဖြစ်၌ ဆင်းဆင်းရဲရဲ ကျင့်သုံးရခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊(ကာမ) ချမ်းသာဖြင့်သာလျှင် (နိဗ္ဗာန်)ချမ်းသာသို့ ရောက်နိုင်သည်မည်သည် မဟုတ်ပါလောဟု (လျှောက်၏)။

မင်းမြတ် "ရဟန်းတို့ လူ၏ငှင်း ရဟန်း၏ငှင်း ကောင်းစွာကျင့်ခြင်းကို ငါဘုရားချီးမွမ်း၏၊ ရဟန်းတို့ လူသည်မူလည်းဖြစ်စေ ရဟန်းသည်မူလည်းဖြစ်စေ ကောင်းစွာ ကျင့်ခဲ့သော်ကောင်းစွာ ကျင့်ခြင်းဟူသော အကြောင်းကြောင့် မဂ်ကုသိုလ်တရားကို ပြီးစီးစေနိုင်၏''ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏။ မင်းမြတ် ဤစကားသည် ဤအတိုင်းပင်တည်း၊ ကောင်းစွာ ကျင့်သောသူသည်သာ မြတ်၏၊မင်းမြတ် ရဟန်းပြုသူသည်လည်း "ငါရဟန်းဖြစ်၏''ဟု ကောင်းစွာ မကျင့်ငြားအံ့၊ယင်းသို့ မကျင့်သော်ကား ထိုသူသည် ရဟန်း၏အဖြစ်မှ ဝေးသည်သာလျှင်တည်း၊ မြတ်သောအဖြစ်မှ ဝေးသည်သာလျှင်တည်း၊ အဝတ်ဖြူကို ဝတ်သောလူသည် အဘယ်ဆိုဖွယ်ရာ

http://www.dhammadownload.com



ရှိအံ့နည်း၊ မင်းမြတ် လူဖြစ်သောသူသည်လည်း ကောင်းစွာ ကျင့်သည်ရှိသော် မဂ်ကုသိုလ်တရားကို ပြီးစီးစေနိုင်၏၊ မင်းမြတ် ရဟန်းဖြစ်သောသူသည်လည်း ကောင်းစွာ ကျင့်သည်ရှိသော် မဂ်ကုသိုလ် တရားကို ပြီးစီးစေနိုင်၏။

မင်းမြတ် စင်စစ်သော်ကား ရဟန်းသည်သာလျှင် ရဟန်း၏အဖြစ်ကို အစိုးရ၏၊ ကြီးမှူး နိုင်၏၊ မင်းမြတ် ရဟန်းအဖြစ်သည် များသောဂုဏ်ရှိ၏၊ တပါးမက များပြားသော ဂုဏ်ရှိ၏၊ မနှိုင်းရှည့်နိုင်သော ဂုဏ်ရှိ၏၊ ရဟန်း၏ဂုဏ်ကို နှိုင်းရှည့်ခြင်းငှါ မတတ်ကောင်း။

မင်းမြတ် "ပတ္တမြားရတနာ၏အဘိုးသည် ဤမျှလောက်ပင်တည်း"ဟု အလိုဆန္ဒဟူသမျှကို ပေးစွမ်းနိုင်သော ပတ္တမြားရတနာ၏တန်ဘိုးကို ဥစ္စာဖြင့် နှိုင်းရှည့်ခြင်းငှါ မတတ်နိုင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ရဟန်းအဖြစ်သည် များသောဂုဏ်ရှိ၏၊ တပါးမက များပြားသော ဂုဏ်ရှိ၏၊ မနှိုင်းရှည့်နိုင်သော ဂုဏ်ရှိ၏၊ ရဟန်း၏ဂုဏ်ကို နှိုင်းရှည့်ခြင်းငှါ မတတ်ကောင်း။

မင်းမြတ် ဥပမာတနည်းသော်ကား "မဟာသမုဒ္ဒရာ၌ လှိုင်းတံပိုးတို့သည် ဤမျှ ဤမျှရှိကုန်၏" ဟု မဟာသမုဒ္ဒရာ၌ လှိုင်းတံပိုးတို့ကို နှိုင်းရှည့်ခြင်းငှါ မတတ်နိုင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ရဟန်း၏အဖြစ်သည် များသောဂုဏ်ရှိ၏၊ တပါးမက များပြားသော ဂုဏ်ရှိ၏၊ ရဟန်း၏ဂုဏ်ကို နှိုင်းရှည့်ခြင်းငှါ မတတ်ကောင်း။

မင်းမြတ် ရဟန်းအား ပြုဖွယ်ကိစ္စ တစုံတရာရှိငြားအံ့၊ ပြုဖွယ်ကိစ္စ အားလုံးသည် လျင်မြန်စွာသာလျှင် ပြီးပြည့်စုံ၏၊ ကြာမြင့်မှ ပြီးသည်မဟုတ်၊ အဘယ်အကြောင်းကြောင့်နည်းဟူမူ— မင်းမြတ် ရဟန်းဖြစ်သူသည် အလိုနည်း၏ ရောင့်ရဲလွယ်၏ ကာမမှကင်းဆိတ်၏ ကာမနှင့်မနီးနှော မြဲမြံသောဝီရိယရှိ၏ ငြိကပ်မှုကင်းလွတ်၏ တပ်မက်မှုတဏှာဟူသော အိမ်မရှိ၊ ပြည့်စုံသောသီလ ရှိ၏၊ ခေါင်းပါးသော အကျင့်ရှိ၏ ဓုတင်အကျင့်၌ လိမ္မာ၏၊ ထိုသို့သောအကြောင်းကြောင့် ရဟန်းအား ပြုဖွယ်ကိစ္စ တစုံတရာရှိငြားအံ့၊ ပြုဖွယ်ကိစ္စ အားလုံးသည် လျင်မြန်စွာသာလျှင် ပြီးပြည့်စုံ၏၊ ကြာမြင့်မှ ပြီးသည်မဟုတ်။ မင်းမြတ် အဖုအထစ်မရှိသော ကောင်းစွာ ပွတ်တိုက် အပ်သည်ဖြစ်၍ ဖြောင့်မတ်လျက် အညစ်အကြေးကင်းသော မြားသည် ကောင်းစွာပြင်ဆင် အပ်သော် ကောင်းစွာရွက်ဆောင်နိုင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ရဟန်းအား ပြုဖွယ် ကိစ္စ တစုံတရာရှိငြားအံ့၊ ထိုပြုဖွယ်ကိစ္စ အားလုံးသည် လျင်မြန်စွာသာလျှင် ပြီးပြည့်စုံ၏၊ ကြာမြင့် မှပြီးသည် မဟုတ်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

သုံးခုမြောက် ဂိဟိပဗ္ဗဇိတသမ္မာပဋိပတ္တိပဥှာ ပြီး၏။

---

## ၄-ပဋိပဒါဒေါသပဥှာ

### (ဒုက္ကရစရိယာအကျင့်၏ အပြစ် ပြဿနာ)

၄။ အသျှင်ဘုရားနာဂသေန အကြင်အခါ၌ ဘုရားလောင်းသည် ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူ၏၊ ထိုဒုက္ကရစရိယာအကျင့်ကိုကြဉ်ထား၍ ထိုသို့သဘောရှိသောအားထုတ်မှုမျိုး မတွေ့

http://www.dhammadownload.com



မဆုတ်အားထုတ်မှုမျိုး ကိလေသာကို တိုက်ခိုက်မှုမျိုး မာရ်စစ်သည်ကို ဖျက်ဆီးမှုမျိုး အာဟာရကို ချုပ်တည်း သိမ်းဆည်းမှုမျိုး မည်သည်မရှိ၊ ထိုအခါ ဤသို့သဘောရှိသော အားပါး စိုက်ထုတ်ခြင်း၌ စိုးစဉ်းမျှသော သာယာဖွယ်ကို မရနိုင်သောကြောင့် ထိုအားထုတ်သော စိတ်တော်ကိုပင် ယုတ်လျော့စေ၍ "ငါသည် ပြင်းထန် ခါးစပ်သော ဤမျှသော ဒုက္ကရစရိယာ အကျင့်ဖြင့် လူတို့၏ ကုသိုလ်ကမ္မပထတရားတို့ထက် လွန်မြတ်သော အရိယာတို့၏ ဉာဏ်ဖြင့်သာ မြင်စွမ်းနိုင်သော တရားအထူးကို မရနိုင်ပေ၊ တရားအထူးကို သိမြင်ခြင်းငှါ အခြားလမ်းသည် ရှိသေးသလော"ဟု ဆိုခဲ့၏။ ထိုဒုက္ကရစရိယာ အကျင့်၌ ငြီးငွေ့တော်မူ၍ အခြားသော အကျင့်လမ်းဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူ၏၊ တဖန် ထိုငြီးငွေ့ခဲ့သော အကျင့်ဖြင့်ပင် တပည့်သာဝကတို့ကို—

"မြတ်စွာဘုရား သာသနာတော်၌ အားထုတ်ကြကုန်လော့၊ မတွန့်မဆုတ် အားထုတ်ကြကုန်လော့၊ အမြဲနိစ္စ ကြိုးပမ်းကြကုန်သော့၊ ဆင်ပြောင်သည် ကျူအိမ်ကို နင်းနယ်ခြေမှုန်းသကဲ့သို့ မာရ်မင်း၏ ကိလေသာစစ်သည်ကို ဖျက်ဆီးကြကုန်လော့"ဟု ဆုံးမတော်မူပြန်၏၊ ဆောက်တည်စေတော် မူပြန်၏။

အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် အကြင် ဒုက္ကရစရိယာ အကျင့်၌ ကိုယ်တိုင် ငြီးငွေ့တော်မူခဲ့၏၊ တပ်ခြင်းကင်းတော်မူခဲ့၏၊ ထို အကျင့်ဖြင့်ပင် တပည့်သာဝကတို့ကို အဘယ့်ကြောင့် ဆုံးမတော် မူပြန်ပါသနည်း၊ ဆောက်တည်စေတော် မူပြန်ပါသနည်းဟု (လျှောက်၏)။

မင်းမြတ် ထိုစဉ်အခါကသော်၎င်း ယခုအခါ၌သော်၎င်း ထိုဒုက္ကရစရိယာ အကျင့်ပင်တည်း၊ ထိုအကျင့်ကို ကျင့်၍ ဘုရားလောင်းသည် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်၏၊ မင်းမြတ် စင်စစ်သော်ကား ဘုရားလောင်းသည် လွန်ကဲသောလုံ့လကို ပြုသည်ရှိသော် အကြွင်းမဲ့အားဖြင့် အာဟာရကို ပိတ်ပင်ပယ်ဖြတ်တော်မူ၏၊ ထိုဘုရားလောင်းအား အာဟာရကို ဖြတ်ခြင်းကြောင့် စိတ်အားနည်းခြင်းသည် ဖြစ်ပေါ်လာ၏၊ ထိုဘုရားလောင်းသည် ယင်းသို့ စိတ်အားနည်းခြင်းကြောင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ခြင်းငှါ မစွမ်းနိုင်၊ ထိုဘုရားလောင်းသည် အနည်းငယ် အနည်းငယ်မျှသော ကဗဠီကာရအာဟာရကို မှီဝဲသည်ရှိသော် ထိုအကျင့်ဖြင့်သာလျှင် မကြာမြင့်မီပင် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်၏၊ မင်းမြတ် ထိုအကျင့်သည်ပင်လျှင် အလုံးစုံသော ဘုရားရှင်တို့အား သဗ္ဗညုတဉာဏ်တော်ကို ရခြင်းငှါဖြစ်၏။

မင်းမြတ် ဥပမာသော်ကား အလုံးစုံသော သတ္တဝါတို့အား အစာအာဟာရသည် ထောက်ပံ့တတ်၏၊ အာဟာရကို မှီကုန်သော အလုံးစုံသော သတ္တဝါတို့သည် ချမ်းသာကို ခံစားရကုန်၏၊ မင်းမြတ် ဤအတူသာလျှင် ထိုအကျင့်သည်ပင်လျှင် ဘုရားရှင်အားလုံးတို့အား သဗ္ဗညုတဉာဏ်တော်ကို ရခြင်းငှါဖြစ်၏၊ မင်းမြတ် အကြင်အကြောင်းကြောင့် မြတ်စွာဘုရားသည် ထို ဒုက္ကရစရိယာအကျင့်ကို ကျင့်သောအခါ သဗ္ဗညုတဉာဏ်တော်သို့ မရောက်၊ ဤသို့ မရောက်ခြင်းသည် အားထုတ်ခြင်း၏ အပြစ်မဟုတ်၊ မတွန့်မဆုတ် အားထုတ်ခြင်း၏ အပြစ်မဟုတ်၊ ကိလေသာကို တိုက်ခိုက်ခြင်း၏ အပြစ်မဟုတ်၊ စင်စစ်သော်ကား ဤသို့ (သဗ္ဗညုတဉာဏ်တော်သို့)မရောက်ခြင်းသည် အာဟာရကို ပိတ်ပင်ပယ်ဖြတ်တော်မူခြင်း၏ အပြစ်သာတည်း၊ ဤအကျင့်သည် အခါခပ်သိမ်း သဗ္ဗညုတဉာဏ်နှင့် စပ်ယှဉ်သည်သာလျှင်တည်း။

မင်းမြတ် ဥပမာသော်ကား ယောကျ်ားသည် အဓွန့်ရှည်သော ခရီးသို့ အလွန်လျင်မြန်စွာ သွားရာ၏၊ ထို့ကြောင့် ထိုယောကျ်ားသည် ခြေဆွံ့ခြင်း ခြေထိုင်းခြင်းသည်မူလည်း ဖြစ်ရာ၏၊

http://www.dhammadownload.com



အသွားဆွဲ့ သည်မှုလည်း ဖြစ်ရာ၏၊ မြေအပြင်၌ မသွားနိုင်၊ မင်းမြတ် အကြင်အကြောင်းကြောင့် ထိုယောကျ်ားသည် ခြေဆွံ့ခြင်း ဖြစ်၏၊ ထိုခြေဆွံ့ခြင်းသည် မြေကြီး၌ အပြစ်ရှိသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား အပြစ်မရှိပါ၊ အသျှင်ဘုရား မြေကြီးသည် အခါခပ်သိမ်း သွားခြင်းနှင့် စပ်ယှဉ်၏၊ ထိုမြေကြီးအား အဘယ်မှာ အပြစ်ရှိနိုင်အံ့နည်း၊ အကြင် (လျင်စွာသွားခြင်းဟူသော)အကြောင်းကြောင့် ထိုယောကျ်ားသည် ခြေဆွံ့ခြင်းဖြစ်၏၊ဤခြေဆွံ့ခြင်းသည် အားထုတ်ခြင်း၏သာလျှင် အပြစ်ပါတည်းဟု (လျှောက်၏)။ မင်းမြတ် ဤအတူပင် အကြင်အကြောင်းကြောင့် မြတ်စွာဘုရားသည် ထိုဒုက္ကရစရိယာအကျင့်ကို ကျင့်သောအခါ၌ သဗ္ဗညုတဉာဏ်တော်သို့ မရောက်၊ ဤသို့ မရောက်ခြင်းသည် အားထုတ်ခြင်း၏ အပြစ်မဟုတ်၊ မတွန့်မဆုတ်အားထုတ်ခြင်း၏ အပြစ်မဟုတ်၊ ကိလေသာကို တိုက်ခိုက်ခြင်း၏ အပြစ်မဟုတ်၊ စင်စစ်သော်ကား ဤသို့ မရောက်ခြင်းသည် အာဟာရကို ပိတ်ပင်ပယ်ဖြတ်တော်မူခြင်း၏သာလျှင် အပြစ်တည်း၊ ဤအကျင့်သည် အခါခပ်သိမ်း သဗ္ဗညုတဉာဏ်နှင့် စပ်ယှဉ်သည်သာလျှင်တည်း။

မင်းမြတ် ဥပမာတနည်းသော်ကား ယောကျ်ားသည် ညစ်နွမ်းသော ပုဆိုးကိုဝတ်ရာ၏၊ ထိုယောကျ်ားသည် ထိုပုဆိုးကို မဖွတ်မလျှော်ရာ၊ ဤသို့ မဖွတ်မလျှော်ခြင်းသည် ရေ၏ အပြစ်မဟုတ်၊ ရေသည် အခါခပ်သိမ်း စင်ကြယ်ခြင်းနှင့် စပ်ယှဉ်၏၊ပုဆိုးညစ်နွမ်းခြင်းဟူသော ထိုအပြစ်သည် ယောကျ်ား၏သာလျှင် အပြစ်တည်း။ မင်းမြတ် ဤအတူသာလျှင် အကြင်အကြောင်းကြောင့် မြတ်စွာဘုရားသည် ထိုဒုက္ကရစရိယာ အကျင့်ကို ကျင့်သောအခါ၌ သဗ္ဗညုတဉာဏ်တော်သို့ မရောက်၊ ဤသို့ မရောက်ခြင်းသည် အားထုတ်ခြင်း၏ အပြစ်မဟုတ်၊ မတွန့်မဆုတ် အားထုတ်ခြင်း၏ အပြစ်မဟုတ်၊ ကိလေသာကို တိုက်ခိုက်ခြင်း၏ အပြစ်မဟုတ်၊ စင်စစ်သော်ကား ဤသို့ မရောက်ခြင်းသည် အာဟာရကို ပိတ်ပင် ပယ်ဖြတ်တော်မူခြင်း၏သာလျှင် အပြစ်တည်း၊ ဤအကျင့်သည် အခါခပ်သိမ်း သဗ္ဗညုတဉာဏ်နှင့် စပ်ယှဉ်သည် သာလျှင်တည်း၊ ထို့ကြောင့် မြတ်စွာဘုရားသည် ထိုအကျင့်ဖြင့်သာလျှင် တပည့်သာဝကတို့ကို ဆုံးမတော်မူ၏၊ ဆောက်တည်စေတော်မူ၏၊ မင်းမြတ် ဤသို့လျှင် ထိုဒုက္ကရစရိယာအကျင့်သည် သဗ္ဗညုတဉာဏ်နှင့် စပ်ယှဉ်၏ အပြစ်မရှိဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

လေးခုမြောက် ပဋိပဒါဒေါသပဥှာ ပြီး၏။

---

## ၅-ဟီနာယာဝတ္တနပဥှာ

(သာသနာတော်မှ ပြန်လည်ဆုတ်နစ် 'လူထွက်'ခြင်း ပြဿနာ)

၅။ အသျှင်ဘုရားနာဂသေန ဤမြတ်စွာဘုရား၏ သာသနာတော်ကြီးသည် ကြီးကျယ်လှပါပေ၏၊ ကောင်းမြတ်လှပါပေ၏၊တောင့်တအပ်လှပါပေ၏၊ ချီးမွမ်းအပ်လှပါပေ၏၊ အလွန်မြတ်လှပါပေ၏၊ နှိုင်းရည့်ဖွယ်ကင်းပါပေ၏။ စင်ကြယ်လှပါပေ၏၊အညစ်အကြေး ကင်းပါပေ၏၊ဖြူစင်လှပါပေ၏၊အပြစ်မျိုးမှ ကင်းလွတ်ပါပေ၏၊ထိုမျှလောက်သော လူသာမန်ကို ရှင်ရဟန်းပြုခြင်းငှါ မသင့်ပါ၊

http://www.dhammadownload.com



လူ့ဘဝကပင်လျှင် တခုသောဖိုလ်၌ တည်စေပြီး၍ တမဂ်တဖိုလ်ရပြီး၍ တဖန်ဆုတ်နစ်ခြင်းသဘော မရှိသည့် လူကိုသာ ရှင်ရဟန်းပြုပေးသင့်၏၊ အဘယ်အကြောင်းကြောင့်နည်းဟူမူ— ဤသူယုတ်တို့သည် ထိုမျှလောက်စင်ကြယ်သော ထိုသာသနာတော်၌ ရဟန်းပြုပြီးမှ တဖန်ဆုတ်နစ်၍ လူထွက်ကုန်၏၊ ထိုသူယုတ်တို့၏(လူ့ဘောင်သို့)တဖန် ပြန်လာခြင်းကြောင့် ဤလူအပေါင်းသည်"အချင်းတို့ ရဟန်းဂေါတမ၏ ဤသာသနာတော်သည် စင်စစ် အချည်းနှီးဖြစ်လတ္တံ့၊ ယင်းသို့ အချည်းနှီး ဖြစ်သောကြောင့် ဤရဟန်းတို့သည် ပြန်လည် ဆုတ်နစ်ကုန်၏"ဟု ကြံစည်အောက်မေ့တတ်၏၊ ဤအရာ၌ ဤသည်ကား အကြောင်းပါတည်းဟု (လျှောက်၏)။

မင်းမြတ် ဥပမာသော်ကား ပြည့်လျှံသည်ဖြစ်၍ စင်ကြယ်ကာ အညစ်အကြေးကင်းလျက် အေးမြသော ရေရှိသော တဖက်ဆည်ကန်သည် ရှိရာ၏၊ ထိုအခါ၌ ညစ်နွမ်း ပေကျံသော အညစ်အကြေး ညှန်အလိမ်းအလိမ်း ကပ်သော တစုံတယောက်သောသူသည် ထိုတဖက်ဆည်ကန်သို့ သွား၍ ရေမချိုးပဲ ညစ်နွမ်းပေကျံလျက်ပင် တဖန်ပြန်လာငြားအံ့၊ မင်းမြတ် ထိုသို့ပြန်လာရာ၌ လူအပေါင်းသည် အဘယ်ကို ကဲ့ရဲ့ရာသနည်း၊ ညစ်နွမ်းပေကျံသူကိုသော်မူလည်း ကဲ့ရဲ့ရာသလော၊ တဖက်ဆည်ကန်ကိုသော်မူလည်း ကဲ့ရဲ့ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား "ဤသူသည် တဖက်ဆည်ကန်သို့ သွား၏၊ ရေမချိုးပဲ ညစ်နွမ်းပေကျံလျက်ပင် ပြန်ခဲ့၏၊ ရေချိုးခြင်းငှါ အလိုမရှိသော ဤသူကို တဖက်ဆည်ကန်က အလိုအလျောက် အဘယ်မှာ ရေချိုးပေးနိုင်လိမ့်မည်နည်း၊ တဖက်ဆည်ကန်အား အဘယ်မှာ အပြစ်ရှိအံ့နည်း"ဟု လူအပေါင်းက ညစ်နွမ်းပေကျံသူကိုသာ ကဲ့ရဲ့ရာပါ၏။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် ကိလေသာမှ လွတ်မြောက်မှု 'ဝိမုတ္တိ' ဟူသော မြတ်သောရေဖြင့် ပြည့်လျှံသော သူတော်ကောင်း တရားမြတ်တည်းဟူသော တဖက် ဆည်ကန်ကို "ကိလေသာ အညစ်အကြေးဖြင့် ညစ်နွမ်းပေကျံသည်ဖြစ်၍ (စင်ကြယ်လိုသည့်) စေတနာရှိကုန်သော အကြင်အချို့သော ပညာရှိတို့ ရှိကုန်၏၊ ထိုသူတို့သည် ဤသူတော်ကောင်း တရားတည်းဟူသော ကန်၌ ရေချိုး၍ ကိလေသာအားလုံးတို့ကို မျှောကုန်လတ္တံ့"ဟု ဖန်ဆင်း တော်မူ၏၊ တစုံတယောက်သောသူသည် ထိုသူတော်ကောင်း တရားမြတ်တည်းဟူသော တဖက် ဆည်ကန်သို့ သွား၍ ရေမချိုးပဲ ကိလေသာနှင့်တကွသာလျှင် တဖန်ပြန်လည်ဆုတ်နစ်၍ လူထွက်အံ့ "ဤသူသည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပြီးမှ ထိုသာသနာတော်၌ ထောက်တည် ရာကို မရသည်ဖြစ်၍ လူထွက်ခဲ့၏၊ တရားမကျင့်သော ဤသူကို မြတ်စွာဘုရား သာသနာတော်က အလိုအလျောက် အဘယ်မှာ သိစေနိုင်လိမ့်မည်နည်း၊ မြတ်စွာဘုရား သာသနာတော်အား အဘယ် အပြစ်ရှိအံ့နည်း "ဟု ထိုလူထွက်သော သူကိုသာလျှင် လူအပေါင်းက ကဲ့ရဲ့ရာ၏။

မင်းမြတ် ဥပမာတနည်းသော်ကား အလွန်ရောဂါနှိပ်စက်သော ယောကျ်ားသည် ရောဂါဖြစ် ကြောင်း၌ လိမ္မာသော ဆေးကုမှု၌ အချည်းနှီးမဖြစ်မူ၍ အမြဲပြီးမြောက် သိဒ္ဓိပေါက်လျက် ရောဂါကို ပယ်ထုတ်နိုင်သော ဆေးသမားကိုမြင်လျက် ဆေးမကုစေမူ၍ အနာနှင့်တကွသာလျှင် ပြန်ခဲ့ငြားအံ့၊ ထိုသို့ပြန်လာရာ၌ လူအပေါင်းက အဘယ်သူကို ကဲ့ရဲ့ရာသနည်း၊ အနာနှိပ်စက်သော သူကိုသော်မူလည်း ကဲ့ရဲ့ရာသလော၊ဆေးသမားကိုသော်မူလည်း ကဲ့ရဲ့ရာသလောဟု(မေးတော်မူ၏) အသျှင်ဘုရား "ဤသူသည် ရောဂါဖြစ်ကြောင်း၌ လိမ္မာသော ဆေးကုမှု၌ အချည်းနှီးမဖြစ်မူ၍ အမြဲ ပြီးမြောက် သိဒ္ဓိပေါက်လျက် ရောဂါကို ပယ်ထုတ်နိုင်သော ဆေးသမားကိုမြင်လျက် ဆေးမကုစေ မူ၍ အနာနှင့်တကွသာလျှင် ပြန်ခဲ့၏၊ ဆေးမကုစေသော ဤသူနာကို ဆေးသမားက အလို အလျောက် အဘယ်မှာ ဆေးကုပေးနိုင်လိမ့်မည်နည်း၊ ဆေးသမားအား အဘယ်မှာ အပြစ်ရှိပ

http://www.dhammadownload.com



အံ့နည်း”ဟု အနာနှိပ်စက်ခံရသူကိုသာ လူအပေါင်းက ကဲ့ရဲ့ရာ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် သာသနာတော်တည်းဟူသော ဆေးအစ်အတွင်း၌ ကိလေသာဟူသော အနာရောဂါအားလုံးကို ငြိမ်းစေခြင်းငှါ စွမ်းနိုင်သော နိဗ္ဗာန်အမြိုက်ဆေးကို ထည့်ထားတော်မူ၏၊ “ကိလေသာ အနာ နှိပ်စက်ခံရသည်ဖြစ်၍ (အနာပျောက်လိုသည့်) စေတနာရှိကုန်သော အချို့သော ပညာရှိတို့သည် ဤနိဗ္ဗာန်အမြိုက်ဆေးကို သောက်ကုန်၍ ကိလေသာ အနာဟူသမျှအားလုံးကို ငြိမ်းစေကုန်လတ္တံ့”ဟု နိဗ္ဗာန်အမြိုက်ဆေးကို ထည့်ထားတော်မူ၏၊ တစုံတယောက်သောသူသည် ထိုနိဗ္ဗာန်အမြိုက်ဆေးကို မသောက်ပဲ ကိလေသာနှင့်တကွသာလျှင် တဖန်ပြန်လည်ဆုတ်နစ်၍ လူထွက်အံ့၊ “ဤသူသည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပြီးမှ ထိုသာသနာတော်၌ ထောက်တည်ရာမရသည်ဖြစ်၍ လူထွက်ခဲ့၏၊ တရားမကျင့်သော ဤသူကို မြတ်စွာဘုရား သာသနာတော်က အလိုအလျောက် အဘယ်မှာ သိစေနိုင်လိမ့်မည်နည်း၊ မြတ်စွာဘုရား သာသနာတော်အား အဘယ်မှာ အပြစ်ရှိအံ့နည်း”ဟု ထိုလူထွက်သော သူကိုသာလျှင် လူအပေါင်းက ကဲ့ရဲ့ရာ၏။

မင်းမြတ် ဥပမာတနည်းသော်ကား ဆာလောင်မွတ်သိပ်သော ယောကျ်ားသည် ဘုန်းကံကြီးမားသူ ကောင်းမှုရှင်တို့၏ ထမင်းကျွေးရာသို့ သွား၍ ထိုကျွေးမွေးသော ထမင်းကို မစားပဲ ဆာလောင်မွတ်သိပ်လျက်သာ ပြန်လည်ဆုတ်နစ်ရာ၏၊ ထိုသို့ပြန်လည်ဆုတ်နစ်ရာ၌ လူအပေါင်းက အဘယ်သူကို ကဲ့ရဲ့ရာသနည်း၊ ဆာလောင်မွတ်သိပ်သူကိုသော်မူလည်း ကဲ့ရဲ့ရာသလော၊ ကောင်းမှုရှင်တို့၏ ထမင်းကိုသော်မူလည်း ကဲ့ရဲ့ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား “ဤသူသည် ဆာလောင်မွတ်သိပ်မှု နှိပ်စက်အပ်သည်ဖြစ်၍ ကောင်းမှုရှင်တို့၏ ထမင်းကို ရပါလျက် မစားပဲ ဆာလောင်မွတ်သိပ်လျက်သာလျှင် ပြန်လည်ဆုတ်နစ်ခဲ့၏၊ မစားမသောက်သော ဤယောကျ်ား၏ ခံတွင်းသို့ ဘောဇဉ်က အဘယ်မှာ အလိုအလျောက် ဝင်လာလတ္တံ့နည်း၊ ဘောဇဉ်အား အဘယ်မှာ အပြစ်ရှိအံ့နည်း”ဟု ဆာလောင်မွတ်သိပ်သူကိုသာ လူအပေါင်းက ကဲ့ရဲ့ရာ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် သာသနာတော်ဟူသော ထမင်းအုပ်တွင်း၌ အလွန်အကြူး ကောင်းမြတ်သော အေးမြသော ဘေးကင်းသော မွန်မြတ်သော မသေစေနိုင်သော အလွန်ချိုမြိန်သော ကာယဂတာသတိဟူသော ဘောဇဉ်ကို “အတွင်း၌ ကိလေသာ ဆာလောင်မွတ်သိပ်မှုရှိကုန်သည် တဏှာနှိပ်စက်အပ်သော စိတ်ရှိကုန်သည်ဖြစ်၍ (လွတ်လိုသည့်) စေတနာရှိကုန်သော အချို့သော ပညာရှိတို့သည် ဤ(ကာယဂတာသတိဟူသော) ဘောဇဉ်ကို စားရ၍ ကာမ ရူပ အရူပဘဝတို့၌ တပ်မက်မှုအားလုံးကို ပယ်ကုန်လတ္တံ့”ဟု ထားတော်မူခဲ့၏၊ တစုံတယောက်သောသူသည် ထို(ကာယဂတာသတိဟူသော) ဘောဇဉ်ကို မသုံးဆောင်ပဲ တဏှာဟူသော ဆာလောင်မွတ်သိပ်မှုရှိလျက်သာလျှင် ပြန်လည်ဆုတ်နစ်၍ လူထွက်အံ့“ဤသူသည် မြတ်စွာဘုရား သာသနာတော်၌ ရှင်ရဟန်းပြုလျက် ထိုသာသနာတော်၌ ထောက်တည်ရာ မရသည်ဖြစ်၍ လူထွက်ခဲ့၏၊ တရားမကျင့်သော ဤသူကို မြတ်စွာဘုရား သာသနာတော်က အလိုအလျောက် အဘယ်မှာ သိစေနိုင်လိမ့်မည်နည်း၊ မြတ်စွာဘုရား သာသနာတော်အား အဘယ်မှာ အပြစ်ရှိပါအံ့နည်း”ဟု ထိုလူထွက်သော သူကိုသာလျှင် လူအပေါင်းက ကဲ့ရဲ့ရာ၏။

မင်းမြတ် မြတ်စွာဘုရားသည် တမဂ်တဖိုလ်၌ တည်ပြီးသောသူကိုသာ အကယ်၍ ရဟန်းပြုပေးငြားအံ့၊ ဤရဟန်းအဖြစ်သည် ကိလေသာကို ပယ်ခြင်းငှါရင်း (ကိလေသာမှ) စင်ကြယ်ခြင်းငှါရင်း မဖြစ်တော့ပေ၊ ရဟန်းအဖြစ်၌ ပြုဖွယ်ကိစ္စ မရှိတော့ပေ၊ မင်းမြတ် ဥပမာသော်

http://www.dhammadownload.com



ကား ယောကျ်ားသည် အရာမကသော ပြုလုပ်မှုဖြင့် တဖက်ဆည်ကန်ကို တူးစေ၍ ပရိသတ်အား "အချင်းတို့ ညစ်နွမ်းကုန်သော အချို့သောသူတို့သည် ငါ၏ ဤတဖက်ဆည်ကန်သို့ မသက်ဆင်းကုန်လင့်၊ အညစ်အကြေး ဆေးကြောပြီး၍ စင်ကြယ်ပြီးကုန်သော အညစ်အကြေးကင်း၍ ချောမွေ့ကုန်သော သူတို့သည်သာ ဤတဖက်ဆည်ကန်သို့ သက်ဆင်းကြကုန်လော့"ဟု ကြွေးကြော်ရာ၏၊ မင်းမြတ် အညစ်အကြေး ဆေးကြောပြီး၍ စင်ကြယ်ပြီးကုန်သော အညစ်အကြေးကင်း၍ ချောမွေ့ကုန်သော ထိုသူတို့အား ထိုတဖက်ဆည်ကန်ဖြင့် ပြုဖွယ်ကိစ္စ ရှိရာသေးသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား တဖက်ဆည်ကန်ဖြင့် ပြုဖွယ်ကိစ္စမရှိတော့ပါ၊ ထိုသူတို့သည် အညစ်အကြေးစင်ကြယ်ခြင်း အကျိုးငှါထိုတဖက်ဆည်ကန်သို့ ချဉ်းကပ်ကုန်ရာပါ၏၊ ထိုသူတို့သည် ထိုပြုလုပ်ဖွယ်ကို အခြားအရပ်၌သာလျှင် ပြုအပ်ပြီးလေပြီ၊ ထိုသူတို့အား ထိုတဖက်ဆည်ကန်ဖြင့် အဘယ်ပြုဖွယ်ရှိပါအံ့နည်းဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် တမဂ်တဖိုလ်၌ တည်ပြီးသော လူကိုသာလျှင် အကယ်၍ ရဟန်းပြုပေးငြားအံ့၊ ထိုသူတို့သည် ထိုဖိုလ်၌သာလျှင် ပြုဖွယ်ကို ပြုပြီးဖြစ်၏၊ ထိုသူတို့အား ရဟန်း၏ အဖြစ်ဖြင့် အဘယ်ပြုဖွယ်ရှိအံ့နည်း။

မင်းမြတ် ဥပမာတနည်းသော်ကား သဘာဝတည်းဟူသော ရသေ့ဆရာသို့ ဆည်းကပ်သော အကြားအမြင်မန္တန်ပုဒ်ကို ဆောင်သော ကြံဆမနေရပဲ ရောဂါဖြစ်ကြောင်း၌ လိမ္မာသော ဆေးကုမှု၌ အချည်းနှီးမဖြစ်မှု၍ အမြဲပြီးမြောက် သိဒ္ဓိပေါက်လျက် ရောဂါကို ထုတ်ပယ်တတ်သော ဆေးသမားသည် ရောဂါခပ်သိမ်း ငြိမ်းငြိမ်းစေတတ်သော ဆေးကို စုရုံးဖော်စပ်၍ "အချင်းတို့ အနာရှိကုန်သော အချို့သူတို့သည် ငါ၏အထံသို့ မချဉ်းကပ်ကြကုန်လင့်၊ အနာမရှိကုန်သော ရောဂါမရှိကုန်သော သူတို့သည် ငါ၏အထံသို့ ချဉ်းကပ်ကြကုန်လော့"ဟု ပရိသတ်အလယ်၌ ကြွေးကြော်ရာ၏၊ မင်းမြတ် အနာမရှိကုန်သော ရောဂါမရှိကုန်သော ပြည့်ဖြိုးကုန်သော တက်ကြွကုန်သော ထိုသူတို့အား ထိုဆေးသမားဖြင့် ပြုဖွယ်ကိစ္စ ဖြစ်ရာသေးသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မဖြစ်ရာပါ၊ အကြင်အနာပျောက်ကင်းခြင်းအကျိုးငှါ ထိုသူတို့သည် အနာကို ထုတ်ပယ်တတ်သော ထိုဆေးသမားကို ချဉ်းကပ်ကုန်ရာပါ၏၊ ထိုသူတို့သည် ထိုရောဂါပျောက်ကင်းမှုကို အခြားအရပ်၌သာလျှင် ပြုအပ်ပြီးလေပြီ၊ ထိုသူတို့အား ထိုဆေးသမားဖြင့် အဘယ်ပြုဖွယ်ရှိပါအံ့နည်းဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် တမဂ်တဖိုလ်၌ တည်ပြီးသောလူကိုသာလျှင် အကယ်၍ ရဟန်းပြုပေးငြားအံ့၊ ထိုသူတို့သည် ထိုဖိုလ်၌သာလျှင် ပြုဖွယ်ကို ပြုပြီးဖြစ်၏၊ ထိုသူတို့အား ရဟန်းအဖြစ်ဖြင့် အဘယ်ပြုဖွယ်ရှိအံ့နည်း။

မင်းမြတ် ဥပမာတနည်းသော်ကား တစုံတယောက်သော ယောကျ်ားသည် အရာမကသော ထမင်းအိုးဖြင့် ချက်ပြီးသော ဘောဇဉ်ကို စီရင်စေပြီး၍ "အိုလူအများအပေါင်းတို့ ဆာလောင်မွတ်သိပ်သောသူတို့သည် ငါ၏ ဤထမင်းကျွေးရာအရပ်သို့ မချဉ်းကပ်ကြကုန်လင့်၊ ကောင်းစွာ စားကုန်ပြီးသော (တင်းတိမ်) ရောင့်ရဲကုန်ပြီးသော ပြည့်စုံကုန်ပြီးသော ဝမ်းဝအောင် ဆောင်ကုန်ပြီးသော ဝပြောကုန်ပြီးသော ထက်ဝန်းကျင် ပြည့်စုံကုန်ပြီးသော အချို့သူတို့သည်သာ ငါ၏ဤထမင်းကျွေးရာသို့ ချဉ်းကပ်ကြကုန်လော့"ဟု ပရိသတ်အလယ်၌ ကြွေးကြော်ရာ၏၊ မင်းမြတ် စားပြီးကုန်သော (တင်းတိမ်) ရောင့်ရဲကုန်ပြီးသော ပြည့်စုံကုန်ပြီးသော ဝမ်းဝအောင် ဆောင်ကုန်ပြီးသော ဝပြောကုန်ပြီးသော ထက်ဝန်းကျင် ပြည့်စုံကုန်ပြီးသော ထိုသူတို့အား ထိုဘောဇဉ်ဖြင့် ပြုဖွယ်ကိစ္စရှိသေးသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ထိုဘောဇဉ်ဖြင့် ပြုဖွယ်

http://www.dhammadownload.com



ကိစ္စမရှိတော့ပါ၊ အကြင် ဆာလောင်မွတ်သိပ်မှု ပျောက်ခြင်းအကျိုးငှါ ဆာလောင်မွတ်သိပ်သော သူတို့သည် ထိုထမင်းကျွေးရာ အရပ်သို့ ချဉ်းကပ်ကုန်ရာ၏၊ထိုသူတို့သည် ထိုထမင်းစားခြင်းကိစ္စကို အခြားအရပ်၌သာလျှင် ပြုအပ်ပြီးလေပြီ၊ ထိုသူတို့အား ထိုထမင်းကျွေးရာအရပ်သို့ ချဉ်းကပ်သဖြင့် အဘယ်ပြုဖွယ်ရှိပါအံ့နည်းဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် တမဂ်တဖိုလ်၌ တည်ပြီးသော လူကိုသာလျှင် အကယ်၍ ရဟန်းပြုပေးငြားအံ့၊ ထိုသူတို့သည် ထိုဖိုလ်၌သာလျှင် ပြုဖွယ်ကိစ္စကို ပြုပြီးဖြစ်၏၊ ထိုသူတို့အား ရဟန်းအဖြစ်ဖြင့် အဘယ်ပြုဖွယ် ရှိအံ့နည်း။

မင်းမြတ် စင်စစ်သော်ကား အကြင်သူတို့သည် လူထွက်လာကုန်၏၊ ထိုသူတို့သည် မြတ်စွာဘုရား သာသနာတော်၏ ငါးပါးကုန်သော အတုမရှိသော ဂုဏ်ကျေးဇူးတို့ကို ပြကုန်၏၊ အဘယ် ငါးပါးတို့နည်းဟူမူ—သာသနာတော်၏တည်ရာ မြင့်မြတ်သည်၏အဖြစ်ကို ပြကုန်၏၊ စင်ကြယ်သန့်ရှင်း အညစ်အကြေးကင်းသည်၏ အဖြစ်ကို ပြကုန်၏၊ မကောင်းမှုတို့နှင့် မရောနှောသည်၏ အဖြစ်ကို ပြကုန်၏၊ ထိုးထွင်း၍ သိမြင်နိုင်ခဲသည်၏ အဖြစ်ကို ပြကုန်၏၊ များစွာ ထိန်းသိမ်းစောင့် ရှောက်ရသည်၏ အဖြစ်ကို ပြကုန်၏။

အဘယ်သို့လျှင် မြတ်စွာဘုရား သာသနာတော်၏တည်ရာ မြင့်မြတ်သည်၏ အဖြစ်ကို ပြကုန်သနည်းဟူမူ—မင်းမြတ် ဥပမာသော်ကား ဥစ္စာမရှိသော အမျိုးယုတ်သော ဂုဏ်ထူးမရှိသော ပညာချို့တဲ့သော ယောကျ်ားသည် ကြီးကျယ်မြင့်မြတ်သော မင်းအဖြစ်ကို ရသော်လည်း မကြာမြင့်မီပင်လျှင် လျှောကျ၏၊ ပျက်စီး၏၊ အခြံအရံမှ ဆုတ်ယုတ်၏၊ အစိုးရခြင်းကို ကောင်းစွာ တည်စိမ့်သောငှါ မစွမ်းနိုင်၊ အကြောင်းအဘယ်နည်းဟူမူ—အစိုးရခြင်း၏ မြင့်မြတ်သည်၏အဖြစ်ကြောင့်ပင်တည်း၊ မင်းမြတ် ဤအတူသာလျှင် ဂုဏ်ထူးမရှိကုန်သော ပြုဆည်းပူးအပ်သော ကောင်းမှုမရှိကုန်သော ပညာချို့တဲ့ကုန်သော အချို့သူတို့သည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုကုန်၏၊ ထိုသူတို့သည် မြတ်သည်ထက်မြတ်သော ထိုရဟန်းအဖြစ်ကို တည်စိမ့်သောငှါ မစွမ်းနိုင်ကုန်သည်ဖြစ်၍ မကြာမြင့်မီပင် မြတ်စွာဘုရား သာသနာတော်မှ လျှောကျကုန်သည် ပျက်စီးကုန်သည် ဆုတ်ယုတ်ကုန်သည်ဖြစ်၍ လူထွက်ကုန်၏၊ မြတ်စွာဘုရား သာသနာတော်ကို ကောင်းစွာ ထမ်းဆောင်ခြင်းငှါ မစွမ်းနိုင်ကုန်၊အကြောင်း အဘယ်နည်းဟူမူ—တည်ရာ သာသနာတော်၏ မြင့်မြတ်သည်၏ အဖြစ်ကြောင့်ပင်တည်း၊ ဤသို့လျှင် မြတ်စွာဘုရား သာသနာတော်၏ မြင့်မြတ်သည်၏ အဖြစ်ကို ပြကုန်၏။

အဘယ်သို့လျှင် မြတ်စွာဘုရား သာသနာတော်၏ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည်၏ အဖြစ်ကို ပြကုန်သနည်းဟူမူ—မင်းမြတ် ဥပမာသော်ကား ရေပေါက်သည် ကြာရွက်၌ ပျံ့ကြဲနေ၏ လွင့်ကျ၏ ပျောက်ပျက်၏၊ ထောက်တည်ရာသို့ မကပ်ရောက်၊ မလိမ်းကျံ၊ အကြောင်းကား အဘယ်နည်းဟူမူ—ပဒုမ္မာကြာ၏ စင်ကြယ်သန့်ရှင်း အညစ်အကြေးကင်းသည်၏ အဖြစ်ကြောင့်တည်း၊ မင်းမြတ် ဤအတူသာလျှင် စဉ်းလဲကုန်သော ကောက်ကျစ်ကုန်သော ကွေးကုန်သော လိမ်တွန့်ကုန်သော မညီညွတ်သော အယူရှိကုန်သော အချို့သူတို့သည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုကုန်၏၊ထိုသူတို့သည် စင်ကြယ်သန့်ရှင်း အညစ်အကြေးကင်း၍ ဆူးမရှိ ဖြူစင်မြင့်မြတ်သော သာသနာတော်မှ မကြာမြင့်မီပင်လျှင် ပျံ့ကြဲလွင့်ကျ ပျောက်ပျက်၍ မတည်တံ့နိုင် မကပ်တွယ်နိုင်ပဲ လူထွက်ကုန်၏၊ အကြောင်းအဘယ်နည်းဟူမူ— မြတ်စွာဘုရား သာသနာ

http://www.dhammadownload.com



တော်၏ စင်ကြယ်သန့်ရှင်း အညစ်အကြေးကင်းသည်၏ အဖြစ်ကြောင့်ပင်တည်း၊ ဤသို့လျှင် မြတ်စွာဘုရား သာသနာတော်၏ စင်ကြယ်သန့်ရှင်း ညစ်ကြေးကင်းသည်၏ အဖြစ်ကို ပြကုန်၏။

အဘယ်သို့လျှင် မြတ်စွာဘုရား သာသနာတော်၏ မကောင်းမှုတို့နှင့် မရောနှောသည်၏ အဖြစ်ကို ပြကုန်သနည်းဟူမူ—မင်းမြတ် ဥပမာသော်ကား မဟာသမုဒ္ဒရာသည် အသေကောင် ပုပ်နှင့် အတူမနေ၊ မဟာသမုဒ္ဒရာ၌ အသေကောင်ပုပ်ကို လျင်စွာသာလျှင် ကမ်းသို့ ဆောင်ပို့၏၊ ကြည်းကုန်းထက်သို့မူလည်း လွှင့်တင် ဖယ်ရှား၏၊ အကြောင်းအဘယ်နည်းဟူမူ—မဟာသမုဒ္ဒရာ သည် ကြီးကုန်သော သတ္တဝါတို့၏ နေရာဖြစ်သောကြောင့်တည်း၊ မင်းမြတ် ဤအတူသာလျှင် ယုတ်မာကုန်သော (ကိုယ်နှုတ်)မစောင့်စည်းကုန်သော အရှက်မရှိကုန်သော မကျင့်နိုင်ကုန်သော ဆုတ်နစ်သော လုံ့လရှိကုန်သော ပျင်းရိကုန်သော ညစ်နွမ်းကုန်သော သူယုတ်မာ ဖြစ်ကုန်သော အချို့လူတို့သည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုကုန်၏၊ ထိုသူတို့သည် မကြာမြင့်မီ ပင်လျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော အညစ်အကြေးကင်းသော အာသဝေါကုန်ပြီးသော ကြီးမြတ်သော ရဟန္တာတို့၏နေရာဖြစ်သော မြတ်စွာဘုရား၏ သာသနာတော်မှ ထွက်၍ အတူ မနေနိုင်ပဲ လူထွက်ကုန်၏၊ အကြောင်းအဘယ်နည်းဟူမူ— မြတ်စွာဘုရား သာသနာတော်သည် မကောင်းမှုတို့နှင့် ပေါင်းဖော်ရောနှောခြင်း မရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဤသို့လျှင် မြတ်စွာ ဘုရား သာသနာတော်၏ ယုတ်မာသော သူတို့နှင့် မရောနှောသည်၏ အဖြစ်ကိုပြ၏။

အဘယ်သို့လျှင် မြတ်စွာဘုရား သာသနာတော်၏ ထိုးထွင်း၍ သိမြင်နိုင်ခဲသည်၏ အဖြစ်ကို ပြသနည်းဟူမူ–မင်းမြတ် ဥပမာသော်ကား မလိမ္မာကုန်သော အတတ်မသင်ကုန်သော အတတ်မဲ့ ကုန်သော ပညာဉာဏ်ချို့တဲ့ကုန်သော အချို့သော လေးသမားတို့သည် သားမြီးဖျားကို ပစ်ခွင်း ထွင်းဖောက်ခြင်းငှါ မစွမ်းနိုင်ကုန်သည်ဖြစ်၍ လျောကျကုန်၏၊ ဖဲသွားကြကုန်၏၊ အကြောင်း အဘယ်နည်းဟူမူ–သားမြီးဖျား၏ နူးညံ့သိမ်မွေ့သည်ဖြစ်၍ ပစ်ခွင်း ထွင်းဖောက်ခြင်းငှါ ခဲယဉ်း သည်၏ အဖြစ်ကြောင့်တည်း၊ မင်းမြတ် ဤအတူသာလျှင် ပညာမဲ့ကုန်သော ထုထိုင်းကုန်သော အ ကုန်သော မိုက်မဲတွေဝေကုန်သော နှုန့်နှေးသော ပညာရှိကုန်သော အချို့သောလူတို့သည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုကုန်၏၊ ထိုသူတို့သည် ထိုလွန်စွာ နူးညံ့သိမ်မွေ့သော သစ္စာလေးပါးတရားကို ထိုးထွင်း၍သိခြင်းငှါ မစွမ်းနိုင်ကုန်သည်ဖြစ်၍ မြတ်စွာဘုရား သာသနာ တော်မှ လျောကျကုန်လျက် ဖဲသွားကုန်ပြီးလျှင် မကြာမြင့်မီပင် လူထွက်ကုန်၏၊ အကြောင်း အဘယ်နည်းဟူမူ— သစ္စာလေးပါးတရားတို့၏ လွန်စွာသိမ်မွေ့ နူးညံ့သည်ဖြစ်၍ ထိုးထွင်းသိနိုင် ခဲသည်၏ အဖြစ်ကြောင့်တည်း၊ ဤသို့လျှင် မြတ်စွာဘုရား သာသနာတော်၏ ထိုးထွင်း သိနိုင်ခဲ သည်၏ အဖြစ်ကို ပြ၏။

အဘယ်သို့လျှင် မြတ်စွာဘုရား သာသနာတော်၏ များစွာထိန်းသိမ်း စောင့်ရှောက်ရသည်၏ အဖြစ်ကို ပြသနည်းဟူမူ—မင်းမြတ် ဥပမာသော်ကား ကြီးကျယ်သော စစ်မြေပြင်သို့ရောက်သော တစုံတယောက်သော ယောကျာ်းသည် တဖက်စစ်သည်က ထက်ဝန်းကျင် အရပ်ရှစ်မျက်နှာတို့မှ ဝန်းရံအပ်သည်ဖြစ်၍ လှံလက်စွဲလျက် အနီးသို့ရောက်လာသော စစ်သည်အပေါင်းကို မြင်ရသော် ကြောက်၍ရကား ဆုတ်နစ်၏၊ တုံ့လည်၏၊ ထွက်ပြေး၏၊ အကြောင်းအဘယ်နည်းဟူမူ—များစွာ ဗိုလ်ထုရှိသော တပ်ဦးကို စောင့်ရှောက်ခြင်းမှ ကြောက်သောကြောင့်တည်း၊ မင်းမြတ် ဤအဘူ

http://www.dhammadownload.com



သာလျှင် ယုတ်မာကုန်သော (ကိုယ်နှုတ်) စောင့်စည်းခြင်း မရှိကုန်သော အရှက်မရှိကုန်သော မကျင့်နိုင်ကုန်သော သည်းခံခြင်းမရှိကုန်သော လျှပ်ပေါ်ကုန်သော တုန်လှုပ်ကုန်သော ခေတ္တခဏမျှ ဖြစ်ကုန်သော အချို့သော သူမိုက်တို့သည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုကုန်၏၊ ထိုသူမိုက်တို့သည် များစွာသော သိက္ခာပုဒ်ကို အပြည့်အစုံစောင့်ရှောက် ထိန်းသိမ်းခြင်းငှါ မစွမ်းနိုင်ကုန်သည်ဖြစ်၍ ဆုတ်နစ်လျက် ဘုံလည်ထွက်ပြေးပြီးလျှင် မကြာမြင့်မီပင် လူထွက်ကုန်၏၊ အကြောင်းအဘယ်နည်းဟူမူ—မြတ်စွာဘုရား သာသနာတော်၏ များစွာသော စောင့်စည်းခြင်းဖြင့် စောင့်စည်းအပ်သည်၏ အဖြစ်ကြောင့်တည်း၊ ဤသို့လျှင် မြတ်စွာဘုရား သာသနာတော်၏ များစွာထိန်းသိမ်းစောင့်ရှောက်ရခြင်း သဘောရှိသည်၏အဖြစ်ကို ပြကုန်၏။

မင်းမြတ် ကြည်းကုန်း၌ဖြစ်သောပန်းတို့တွင် အထွတ်မြတ်ဆုံးဖြစ်သော မြတ်လေးပန်းချုံ၌လည်း ပိုးကိုက်ကုန်သော ပန်းတို့သည် ရှိကုန်၏၊ ထိုပန်းညှန့်တို့သည် တွန့်လိပ်ကောက်ကွေးကုန်လျက် မရင့်ရော်မီ အတွင်း၌ပင် ကြွေကျကုန်၏၊ စင်စစ် ထိုကြွေကျသော ပန်းတို့ကြောင့် မြတ်လေးပန်းချုံသည် ရှုတ်ချကဲ့ရဲ့အပ်သည် မည်သည်မဖြစ်၊ ထိုမြတ်လေးပန်းချုံ၌ တည်ရှိနေကုန်သော ပန်းတို့သည် ကောင်းသောအနံ့ဖြင့် ထိုထိုအရပ်မျက်နှာတို့ကို နံ့စေကုန်၏၊ မင်းမြတ် ဤအတူသာလျှင် အကြင်သူတို့သည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြု၍ လူထွက်ကုန်၏၊ ထိုသူတို့သည် မြတ်စွာဘုရား သာသနာတော်၌ ပိုးကိုက်ကုန်သော အဆင်းအနံ့မှ ကင်းကုန်သော မြတ်လေးပန်းတို့ကဲ့သို့ သီလတည်းဟူသော အဆင်းမရှိကုန်သည်ဖြစ်၍ ပြန့်ပြောခြင်းငှါ မထိုက်ကုန်၊ ထိုသူတို့၏ လူထွက်ခြင်းကြောင့် မြတ်စွာဘုရား သာသနာတော်သည် ရှုတ်ချကဲ့ရဲ့အပ်သည် မည်သည်မဖြစ်၊ ထိုသာသနာတော်၌ တည်ရှိနေသေးသော ရဟန်းကောင်းတို့သည် နတ်နှင့်တကွသော လောကကို သီလတည်းဟူသော မြတ်သောအနံ့ဖြင့် ပြန့်နှံ့စေကုန်၏။

မင်းမြတ် ကောက်နှာကင်း၍ ချင်းချင်းနီကုန်သော သလေးစပါးတို့၏ အတွင်း၌လည်း ကရုမ္ဘကမည်သော သလေးမျိုးသည် ပေါက်ရောက်ဖြစ်ပေါ်လာ၍ မရင့်ရော်မီ အတွင်း၌ပင်လျှင် ပျက်စီး၏၊ ထိုကရုမ္ဘကမည်သော သလေးမျိုး၏ ပျက်စီးသည့်အဖြစ်ကြောင့် ချင်းချင်းနီသော သလေးစပါးမျိုးသည် ရှုတ်ချကဲ့ရဲ့အပ်သည်မည်သည် မဖြစ်၊ ထိုသလေးခင်း၌ တည်ကုန်သော အကြင်သလေးနီစပါးမျိုးတို့သည် ရှိကုန်၏၊ ထိုသလေးနီစပါးတို့သည်သာ မင်းသုံးမင်းဆောင်တို့ ဖြစ်ကုန်၏၊ မင်းမြတ် ဤအတူသာလျှင် အကြင်သူတို့သည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပြီးမှ လူထွက်ကုန်၏၊ ထိုသူတို့သည် သလေးနီတို့၏အတွင်း၌ ကရုမ္ဘကမည်သော သလေးမျိုးကဲ့သို့ မြတ်စွာဘုရား သာသနာတော်၌ မကြီးပွါးပဲ ပြန့်ပြောသည်၏ အဖြစ်သို့ မရောက်မူ၍ အကြား၌ပင်လျှင် လူထွက်ကုန်၏၊ ထိုသူတို့၏ လူထွက်ခြင်းကြောင့် မြတ်စွာဘုရား သာသနာတော်သည် ရှုတ်ချကဲ့ရဲ့အပ်သည် မည်သည် မဖြစ်၊ ထိုသာသနာတော်၌ တည်နေသေးသော ရဟန်းကောင်းတို့သည် အရဟတ္တမဂ်အား လျော်ကပ်ကုန်၏။

မင်းမြတ် အလိုရှိရာ ပေးတတ်သော ပတ္တမြားရတနာ၏လည်း တစိတ်တဒေသ ကြမ်းထမ်းခက်မာသည်ဖြစ်၏၊ ထိုပတ္တမြား၌ ကြမ်းထမ်းခက်မာသော အရာဖြစ်သောကြောင့် ပတ္တမြားရတနာသည် ရှုတ်ချကဲ့ရဲ့အပ်သည် မည်သည်မဖြစ်၊ ပတ္တမြား ဥပမာ၌ ပတ္တမြားရတနာ၏ သန့်ရှင်းစင်ကြယ်ခြင်းသည် လူအပေါင်းအား ရွှင်ပျခြင်းကိုပြုတတ်၏၊ မင်းမြတ် ဤအတူသာလျှင် အကြင်သူတို့သည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပြီးမှ လူထွက်ကုန်၏၊ ထိုသူတို့သည် မြတ်စွာ

http://www.dhammadownload.com



ဘုရား သာသနာတော်၌ ကြမ်းထမ်းသော ကျောက်လှာကျောက်ချပ်တို့ပင်တည်း၊ ထိုသူတို့၏ လူထွက်ခြင်းကြောင့် မြတ်စွာဘုရား သာသနာတော်သည် ရွတ်ချုကဲ့ရဲ့အပ်သည် မည်သည်မဖြစ်၊ ထိုသာသနာတော်၌ တည်ရှိနေသေးသော ရဟန်းကောင်းတို့သည် နတ်လူတို့၏ ရှင်ပျခြင်းကို ဖြစ်စေတတ်ကုန်၏။

မင်းမြတ် ဇာတ်နှင့်ပြည့်စုံသော (အမျိုးကောင်းသော) စန္ဒကူးနီအားလည်း တစိတ်တဒေသ ဆွေးမြေ့သည်ဖြစ်၍ အမွှေးနံ့နည်း၏၊ ထိုသို့ အမွှေးနံ့နည်းခြင်းကြောင့် စန္ဒကူးနီသည် ရွတ်ချုကဲ့ရဲ့အပ်သည် မည်သည်မဖြစ်၊ ထိုစန္ဒကူးနီ၌ မပုပ်မဆွေးသော အနံ့ကောင်းသော စန္ဒကူးသည် ထက်ဝန်းကျင် လှိုင်စေ၏၊ အလွန်ပြန့်နှံ့စေ၏၊ မင်းမြတ် ဤအတူသာလျှင် အကြင်သူတို့သည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပြီးမှ လူထွက်ကုန်၏၊ ထိုသူတို့ကို စန္ဒကူးနီအနှစ် အတွင်း၌ ပုပ်ဆွေးသော အရပ်ကို စွန့်ရသကဲ့သို့ မြတ်စွာဘုရား သာသနာတော်၌လည်း စွန့်အပ်ကုန်၏၊ ထိုသူတို့၏ လူထွက်ခြင်းကြောင့် မြတ်စွာဘုရား သာသနာတော်သည် ရွတ်ချုကဲ့ရဲ့အပ်သည် မည်သည်မဖြစ်၊ ထိုသာသနာတော်၌ တည်ရှိနေသေးသော ရဟန်းကောင်းတို့သည် နတ်နှင့်တကွသော လောကကို သီလတည်းဟူသော မြတ်သော စန္ဒကူးနီအနံ့ဖြင့် လိမ်းကျံစေကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ လျောက်ပတ်သော ထိုထိုအကြောင်း တူညီသော ထိုထိုအကြောင်းဖြင့် မြတ်စွာဘုရား သာသနာတော်ကို အပြစ်မဲ့ခြင်းသို့ အစဉ်ရောက်စေအပ်ပါ၏၊ မြင့်မြတ်သည့်အဖြစ်ဖြင့် ထင်ရှားပြအပ်ပါ၏၊ ထိုသူတို့သည် လူထွက်ကုန်သော်လည်း မြတ်စွာဘုရား သာသနာတော်၏ မြင့်မြတ်သည်၏အဖြစ်ကိုသာလျှင် ပြပါကုန်၏ဟု(လျှောက်၏)။

ငါးခုမြောက် ဟီနာယာဝတ္တနပဥှာ ပြီး၏။

---

## ၆-အရဟန္တဝေဒနာဝေဒိယနပဥှာ

### (ရဟန္တာဝေဒနာခံစားခြင်း ပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန "ရဟန္တာပုဂ္ဂိုလ်သည် ကိုယ်၌ ဖြစ်သော တခုတည်းသော ဝေဒနာကို ခံစား၏၊ စိတ်၌ဖြစ်သော ဝေဒနာကို မခံစား"ဟု အသျှင်ဘုရားတို့ ဆိုတော်မူပါကုန်၏၊ အသျှင်ဘုရားနာဂသေန အသို့ပါနည်း ရဟန္တာ၏စိတ်သည် အကြင်ကိုယ်ကို မှီ၍ ဖြစ်၏၊ ရဟန္တာသည် ထိုကိုယ်၌ အစိုးမရလေသလော၊ကိုယ်ပိုင် မဟုတ်လေသလော၊ အလိုသို့ မလိုက်စေနိုင်လေသလောဟု (လျှောက်၏)။ မင်းမြတ် ဩော်ပဟုတ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား နာဂသေန ထိုရဟန္တာသည် မိမိစိတ်၏ ဖြစ်ရာဖြစ်သော ကိုယ်၌ အစိုးမရ ကိုယ်ပိုင်မဟုတ်၊ အလိုသို့ မလိုက်စေနိုင်၊ ဤသို့ဖြစ်ရခြင်းသည် မသင့်လျော်ပေ၊ အသျှင်ဘုရား ငှက်သော်မူလည်း အသိုက်၌ နေသမျှကာလပတ်လုံး ထိုငှက်သည် ထိုအသိုက်၌ အစိုးရဘိသေး၏၊ ကိုယ်ပိုင် ဖြစ်ဘိသေး၏၊ အလိုသို့ လိုက်စေနိုင်ဘိသေး၏ဟု (လျှောက်၏)။

မင်းမြတ် ကိုယ်သို့ အစဉ်လိုက်တတ်ကုန်သော ဤဆယ်ပါးသော တရားတို့သည် ဖြစ်လေရာရာ ဘဝ၌ ကိုယ်သို့ အစဉ်ပြေးလိုက်ကုန်၏ အစဉ်လည်၍ လိုက်ပါကုန်၏၊ အဘယ်ဆယ်ပါးတို့နည်း

http://www.dhammadownload.com



ဟူမူ—အချမ်း အပူ ဆာလောင်ခြင်း ရေမွတ်သိပ်ခြင်း ကျင်ကြီး ကျင်ငယ် ငိုက်မျည်းခြင်း အိုခြင်း ဖျားနာခြင်း သေခြင်းတို့တည်း။ မင်းမြတ် ကိုယ်သို့ အစဉ်လိုက်ကုန်သော ဤဆယ်ပါးသော တရားတို့သည် ဖြစ်လေရာရာဘဝ၌ ကိုယ်သို့ အစဉ်ပြေးလိုက်ကုန်၏၊ အစဉ်လည်း၍ လိုက်ပါကုန်၏၊ရဟန္တာသည် တရားဆယ်ပါး၌ အစိုးမရပေ၊ကိုယ်ပိုင်မဟုတ်ပေ၊ အလိုသို့ မလိုက်စေနိုင်ပေဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အဘယ်အကြောင်းကြောင့် ရဟန္တာသည် ကိုယ်၌ အာဏာမဖြစ်ပါသနည်း၊ အစိုးတရ မဖြစ်ပါသနည်း၊ ထိုစကား၌ အကျွန်ုပ်အား အကြောင်းကို ဟောတော်မူပါလော့ဟု (လျှောက်၏)။မင်းမြတ် ဥပမာသော်ကား မြေကြီးကို မှီ၍ဖြစ်ကုန်သော သတ္တဝါဟူသမျှ အားလုံးတို့သည် မြေကြီးကို မှီ၍ သွားကုန်၏၊ နေကုန်၏၊ အသက်မွေးခြင်းကို ပြုကုန်၏၊မင်းမြတ် ထိုသတ္တဝါတို့အား မြေကြီး၌ အာဏာသည် ဖြစ်သလော၊ အစိုးရခြင်းသည်လည်း ဖြစ်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်ပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ရဟန္တာ၏စိတ်သည် ကိုယ်ကိုမှီ၍ကား ဖြစ်၏၊ သို့သော် ရဟန္တာပုဂ္ဂိုလ်အား ကိုယ်၌ အာဏာ မဖြစ်၊ အစိုးရခြင်းသည်လည်း မဖြစ်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အဘယ်အကြောင်းကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်သည် ကိုယ်၌လည်းဖြစ် စိတ်၌လည်းဖြစ်သော ဝေဒနာကို ခံစားပါသနည်းဟု(လျှောက်၏)။ မင်းမြတ် စိတ်ကို မပွါးများ မထုံအပ်သည်၏ အဖြစ်ကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်သည် ကိုယ်၌လည်းဖြစ် စိတ်၌လည်းဖြစ်သော ဝေဒနာကို ခံစား၏၊ မင်းမြတ် ဥပမာသော်ကား ဆာလောင် မွတ်သိပ်သော နွားကို အားနည်း ချိတဲ့၍ အနည်းငယ်သော မြက်ပင်တို့၌ရင်း နွယ်၌ရင်း ဖွဲ့ချည်ထားသည် ဖြစ်ရာ၏၊ ထိုနွားသည် အမျက်ထွက်သောအခါ ဖွဲ့ချည်ထားသော မြက်နွယ်နှင့်တကွ ထွက်သွား၏၊ မင်းမြတ် ဤအတူသာလျှင် မပွါးစေအပ်သော စိတ်ရှိသော ပုထုဇဉ်ပုဂ္ဂိုလ်အား ခံစားမှု'ဝေဒနာ'သည် ဖြစ်၍ စိတ်ဖောက်ပြန်၏၊ စိတ်ဖောက်ပြန်လတ်သော် ကိုယ်ကို တန့်စေ၏၊ မစောင့်ထိန်းနိုင်၊ တပြောင်းပြန်ပြန်ဖြစ်၏၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်သည် မပွါးစေအပ်သော စိတ်ရှိသည်ဖြစ်၍ ထိတ်လန့်၏၊ မြည်တမ်း၏၊ ကြောက်ဖွယ်သောအသံကို အော်၏၊ မင်းမြတ် အကြင်အကြောင်းကြောင့် ပုထုဇဉ်သည် ကိုယ်၌လည်းဖြစ် စိတ်၌လည်းဖြစ်သောဝေဒနာကို ခံစား၏၊ ဤအရာ၌ ဤသည်ကား အကြောင်းတည်း။

အကြင်အကြောင်းကြောင့် ရဟန္တာသည် ကိုယ်၌ဖြစ်သော တခုတည်းသော ဝေဒနာကိုသာ ခံစား၏၊ စိတ်၌ဖြစ်သော ဝေဒနာကို မခံစား၊ ထိုအကြောင်းကား အဘယ်ပါနည်းဟု (လျှောက်၏)။ မင်းမြတ် ရဟန္တာ၏စိတ်သည် ပွါးစေအပ်ပြီး ကောင်းစွာပွါးများစေအပ်ပြီး ဆုံးမယဉ်ကျေးပြီး ကောင်းစွာ ဆုံးမယဉ်ကျေးပြီး ကောင်းစွာနာယူပြီး ဆိုဆုံးမတိုင်း လိုက်နာပြီး ဖြစ်၏၊ ထိုရဟန္တာပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာဖြင့် တွေ့ထိသည်ရှိသော် အမြဲမရှိ“အနိစ္စ”ဟူ၍ မြဲစွာ စွဲယူ၏၊သမာဓိတည်းဟူသော တိုင်၌ စိတ်ကို မြဲစွာဖွဲ့ချည်ထား၏၊ထိုရဟန္တာပုဂ္ဂိုလ်၏ ထိုစိတ်သည် သမာဓိတည်းဟူသော တိုင်၌ မြဲစွာဖွဲ့ချည်ထားအပ်သည်ရှိသော် မယိမ်းယိုင် မတုန်လှုပ် တည်တံ့၏၊ မပျံ့လွင့်၊ ထိုရဟန္တာ၏ ကိုယ်သည် ဝေဒနာဖြင့် ဖောက်ပြန်ပြန့်နှံ့ခြင်းကြောင့် တွန့်ခွေ၏ မစောင့်ထိန်းနိုင် တပြောင်းပြန်ပြန် ဖြစ်၏၊ မင်းမြတ် အကြင်အကြောင်းကြောင့် ရဟန္တာသည် ကိုယ်၌ဖြစ်သော တခုတည်းသော ကာယိကဝေဒနာကိုသာ ခံစား၏၊ စိတ်၌ဖြစ်သော (စေတသိကဝေဒနာ)ကိုကား မခံစား၊ ဤအရာ၌ ဤသည်ကား အကြောင်းတည်းဟု ဖြေတော်မူ၏။

http://www.dhammadownload.com



အသျှင်ဘုရားနာဂသေန ကိုယ်တုန်လှုပ်ပါလျက် စိတ်မတုန်လှုပ်ခြင်းသည် အံ့ဖွယ်ရှိပါ၏၊ ထိုသို့ဖြစ်ရာ၌ အကျွန်ုပ်အား အကြောင်းကို ဆိုတော်မူပါလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာသော်ကား ပင်စည် အခက်အရွက်နှင့် ပြည့်စုံသော သစ်ပင်ကြီးကို အားကြီးသောလေ တိုက်ခတ်သော် အကိုင်းအခက်သည် တုန်လှုပ်၏၊ ထိုသစ်ပင်ကြီး၏ ပင်စည်သည်လည်း တုန်လှုပ်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မတုန်လှုပ်ပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ရဟန္တာသည် ဆင်းရဲသော ဒုက္ခဝေဒနာနှင့် တွေ့ထိသည်ရှိသော် "အနိစ္စ"ဟူ၍ မြဲစွာ စွဲယူ၏၊ သမာဓိတည်းဟူသော တိုင်၌ စိတ်ကို ဖွဲ့ချည်ထား၏၊ ထိုရဟန္တာပုဂ္ဂိုလ်၏ ထိုစိတ်သည် သမာဓိတည်းဟူသော တိုင်၌ ဖွဲ့ချည်ထားအပ်သည်ရှိသော် မတုန်မလှုပ် တည်တံ့၏၊ မပျံ့လွင့်၊ ထိုရဟန္တာပုဂ္ဂိုလ်၏ ကိုယ်သည် ဝေဒနာ ဖောက်ပြန်ခြင်း၏ ပျံ့နှံ့သောကြောင့် တွန့်ခွေ၏၊ မစောင့်ထိန်းနိုင်၊ တပြောင်းပြန်ပြန် ဖြစ်၏။ မင်းမြတ် ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်သည်ကား သစ်ပင်ကြီး၏ ပင်စည်ကဲ့သို့ မတုန်မလှုပ်ဟု (ဖြေတော်မူ၏)။ အသျှင်ဘုရားနာဂသေန အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရားနာဂသေန မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ အကျွန်ုပ်သည် ဤသို့သဘောရှိသော အခါခပ်သိမ်း တည်သော တရားတည်းဟူသော ဆီမီးကို မမြင်ဘူးပါဟု (လျှောက်၏)။

ခြောက်ခုမြောက် အရဟန္တဝေဒနာဝေဒိယနပဥှာ ပြီး၏။

---

## ၇-အဘိသမယန္တရာယကရပဥှာ

### (တရားကို ထိုးထွင်းသိမြင်ခြင်း၏ အန္တရာယ် ပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန ဤလောက၌ တစုံတယောက်သောလူသည် သာသနာတော်မှ ဆုံးရှုံးခြင်း 'ပါရာဇိက' သို့ ရောက်ရာ၏၊ ထိုသူသည် အခါတပါး၌ ရဟန်းပြုရာ၏၊ မိမိကိုယ်တိုင်ကလည်း "လူအဖြစ်ဖြင့်ပင် ပါရာဇိကသို့ ငါရောက်၏"ဟု မသိရာ၊ အခြားတစုံတယောက်သော သူကလည်း "လူအဖြစ်ဖြင့်ပင် ပါရာဇိကသို့ သင် ရောက်၏"ဟု ထိုသူ့အား မပြောကြားရာ၊ ထိုသူသည် ထို(ဈာန်မဂ်ဖိုလ်)အကျိုးငှါ ကျင့်ရာပါ၏ ထိုသူ့အား(သစ္စာလေးပါး)တရားကို သိခြင်းသည် ဖြစ်နိုင်ရာပါသလောဟု (လျှောက်၏)။ မင်းမြတ် မဖြစ်နိုင်ရာပါဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အဘယ်အကြောင်းကြောင့်ပါနည်းဟု (လျှောက်၏)။ ထိုသူသည် (သစ္စာလေးပါး) တရားကို သိခြင်း၏ အကြောင်းကို ဖြတ်ပြီးဖြစ်၏၊ ထို့ကြောင့် (သစ္စာလေးပါး)တရားကို ထိုးထွင်း၍ သိခြင်းသည် မဖြစ်နိုင်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "သိသောသူအား နောင်တပူပန်မှု 'ကုက္ကုစ္စ' သည် ဖြစ်၏၊ နောင်တပူပန်မှု 'ကုက္ကုစ္စ' ဖြစ်လတ်သော် တားမြစ်ပိတ်ပင်ခြင်းသည် ဖြစ်၏၊ တားမြစ်ပိတ်ပင်သော စိတ်ဖြစ်ခဲ့သော် (သစ္စာလေးပါး) တရားကို သိခြင်းသည် မဖြစ်"ဟု အသျှင်ဘုရားတို့ ဆိုတော်မူကုန်၏၊ အမှန်အားဖြင့်သော်ကား ပါရာဇိကရောက်သည်ကို မသိသော နောင်တပူပန်မှု 'ကုက္ကုစ္စ' မဖြစ်သော ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍နေသော ဤသူ့အား အဘယ်အကြောင်းကြောင့် (သစ္စာလေးပါး) တရားကို သိခြင်း မဖြစ်ပါသနည်း၊ ဤပြဿနာကား မညီမညွတ်သောအားဖြင့် (အသျှင်ဘုရားထံသို့) ရောက်လာပါ၏၊ ကြံစည်စဉ်းစား၍ ဖြေကြားတော်မူပါလော့ဟု (လျှောက်၏)။

http://www.dhammadownload.com



မင်းမြတ် ကောင်းစွာ ထွန်ယက်ထားသော တမန်းညွန်ရှိသော ကြည်လင် သန့်စင်သော လယ်၌ သရဒရတုပတ်လုံး ကောင်းစွာ တည်နေရပြီးသော မျိုးစေ့သည် အပင်ပေါက်နိုင်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ပေါက်နိုင်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုမျိုးစေ့ပင်လျှင် တခဲနက်သော ကျောက်တောင်ထက်ရှိ ကျောက်ခဲအပြင်၌မူ အပင်ပေါက်နိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မပေါက်နိုင်ရာပါဟု (လျှောက်၏)။ မင်းမြတ် ထိုမျိုးစေ့ပင်လျှင် တမန်းညွန်၌ကား အဘယ့်ကြောင့် အပင်ပေါက်ရောက်နိုင်၍ တခဲနက်သော ကျောက်တောင်၌မူကား အဘယ့်ကြောင့် အပင်မပေါက်ရောက်နိုင်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား တခဲနက်သော ကျောက်တောင်၌ ထိုမျိုးစေ့ အပင်ပေါက်ရောက်ခြင်း၏အကြောင်း မရှိ၊ အကြောင်းမရှိသောကြောင့် မျိုးစေ့သည် အပင်မပေါက်ရောက်နိုင်ပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ထိုပုဂ္ဂိုလ်သည် (သစ္စာလေးပါး) တရားကို သိခြင်း၏ အကြောင်းကို ဖြတ်အပ်ပြီ၊ အကြောင်းမရှိသောကြောင့် (သစ္စာလေးပါး) တရားကို သိခြင်းသည် မဖြစ်နိုင်ဟု (မိန့်တော်မူ၏)။ မင်းမြတ် ဥပမာတနည်းသော်ကား တုတ် ခဲ တင်းပုတ် လက်ရိုက်တို့သည် မြေကြီး၌ တည်ခြင်းသို့ ရောက်ကုန်၏၊ မင်းမြတ် ထို တုတ် ခဲ တင်းပုတ် လက်ရိုက်တို့သည်ပင်လျှင် ကောင်းကင်၌ တည်ခြင်းသို့ ရောက်ကုန်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရောက်ပါဟု (လျှောက်၏)။ မင်းမြတ် ထို တုတ် ခဲ တင်းပုတ် လက်ရိုက်တို့သည်ပင် မြေ၌ တည်ခြင်းသို့ရောက်ကုန်၏၊ ဤအရာ၌ အကြောင်းကား အဘယ်နည်း၊ အဘယ်အကြောင်းကြောင့် ကောင်းကင်၌ မတည်ကုန်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထို တုတ် ခဲ တင်းပုတ် လက်ရိုက်တို့၏ တည်နေရန် ကောင်းကင်၌ အကြောင်းမရှိပါ၊ အကြောင်းမရှိခြင်းကြောင့် မတည်ပါကုန်ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ထိုပုဂ္ဂိုလ်သည် ထိုပါရာဇိကကျခြင်းဟူသော အပြစ်ကြောင့် (သစ္စာလေးပါး)တရားကို ထိုးထွင်း၍ သိခြင်း၏ အကြောင်းကို ဖြတ်အပ်၏၊အကြောင်းပြတ်သည်ရှိသော် အကြောင်းမရှိသောကြောင့် (သစ္စာလေးပါး) တရားကို သိခြင်းသည် မဖြစ်ဟု (မိန့်တော်မူ၏)။

မင်းမြတ် ဥပမာတနည်းသော်ကား မီးသည် ကြည်းကုန်း၌ တောက်လောင်၏၊ မင်းမြတ် ထိုမီးသည်ပင်လျှင် ရေ၌ တောက်လောင်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မတောက်လောင်ပါဟု (လျှောက်၏)။ မင်းမြတ် ထိုမီးသည်ပင်လျှင် ကြည်းကုန်း၌ တောက်လောင်၏၊ အဘယ်အကြောင်းကြောင့် ရေ၌ မတောက်လောင်သနည်း၊ ဤအရာ၌ အကြောင်းကား အဘယ်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ရေ၌ မီး၏ တောက်လောင်ခြင်းငှါ အကြောင်းမရှိပါ၊ အကြောင်းမရှိခြင်းကြောင့် မတောက်လောင်ပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ထိုပုဂ္ဂိုလ်သည် ထိုပါရာဇိကကျခြင်းဟူသော အပြစ်ကြောင့် (သစ္စာလေးပါး) တရားကို သိခြင်း၏ အကြောင်းကို ဖြတ်အပ်၏၊ အကြောင်း ပြတ်သည်ရှိသော် အကြောင်းမရှိခြင်းကြောင့် (သစ္စာလေးပါး) တရားကို သိခြင်းသည် မဖြစ်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန တဖန်လည်း ဤအကြောင်းကို ကြံပါဦးလော့၊ မသိသောသူအား နောင်တပူပန်မှု 'ကုက္ကုစ္စ' မရှိလတ်သော် ပိတ်ပင်မှုဖြစ်၏ဟု ထိုအရာဝယ် အကျွန်ုပ်၏ စိတ်၌ စွဲမှတ်မှု မဖြစ်နိုင်ပါ၊အကြောင်းဖြင့် အကျွန်ုပ်ကို သိစေပါလော့ဟု(လျှောက်၏)။ မင်းမြတ် လတ်တလောချင်း သေစေတတ်သော အဆိပ်သည် (အဆိပ်ဟု) မသိသဖြင့် ခဲစားမိသော်လည်း သေစေနိုင်သည် မဟုတ်လောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား သေစေနိုင်ပါ၏ဟု (လျှောက်၏)။

http://www.dhammadownload.com



မင်းမြတ် ဤအဘူသာလျှင် မသိသဖြင့် ပြုအပ်သောမကောင်းမှုကံသည်လည်း (သစ္စာလေးပါး) တရားကို သိခြင်း၏ အန္တရာယ်ကို ပြုတတ်၏။

မင်းမြတ် မီးသည် မသိသဖြင့် နင်းသောသူကို လောင်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား လောင်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မသိသဖြင့် ပြုအပ်သော မကောင်းမှုကံသည်လည်း (သစ္စာလေးပါး) တရားကို သိခြင်း၏ အန္တရာယ်ကို ပြုတတ်၏။

မင်းမြတ် မြွေဟောက်သည်(မြွေဟု)မသိသောသူကို ကိုက်လျှင် သေစေနိုင်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား သေစေနိုင်ပါ၏ (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မသိသဖြင့် ပြုအပ်သော မကောင်းမှုကံသည်လည်း (သစ္စာလေးပါး)တရားကို သိခြင်း၏ အန္တရာယ်ကို ပြုတတ်၏။

မင်းမြတ် ရသေ့တို့သားဖြစ်သော ကာလိင်္ဂစကြာမင်းသည် ရတနာခုနစ်ပါးတို့ဖြင့် ခြံရံလျက် ဆင်ရတနာကို တက်စီး၍ မယ်တော်ခမည်းတော်တို့ကို ကြည့်ရှုဖူးမြင်ခြင်းငှါ(ကောင်းကင်ခရီးဖြင့်) သွားသည်ရှိသော် မသိပ်လျက်လည်း ဗောဓိမဏ္ဍိုင်၏ အထက်မှသွားခြင်းငှါ မတတ်နိုင်သည် မဟုတ်လော၊ မင်းမြတ် မသိသဖြင့် ပြုအပ်သော မကောင်းမှုကံသည်လည်း (သစ္စာလေးပါး) တရားကို သိခြင်း၏အန္တရာယ်ကို ပြုတတ်၏၊ ဤသည်ကား ဤအရာ၌ အကြောင်းတည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရား ဟောတော်မူအပ်သော အကြောင်းကို တားမြစ်ခြင်းငှါ မတတ်ကောင်းပါ၊ ဤ အသျှင်မိန့်ဆိုတိုင်းသာလျှင် ထိုပုစ္ဆာ၏ ဟုတ်မှန်သော အဓိပ္ပါယ်ပါတည်း၊ ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ခုနစ်ခုမြောက် အဘိသမယန္တရာယကရပဥ္စာ ပြီး၏။

---

## ဂ-ဒုဿီလပဥ္စာ

### (ဒုဿီလ 'ရဟန်းနှင့်လူ အထူး' ပြဿနာ)

ဂ။ အသျှင်ဘုရားနာဂသေန လူဒုဿီလနှင့် ရဟန်းဒုဿီလတို့၏ အထူးကား အဘယ်ပါနည်း၊ ထူးသောအကြောင်းကား အဘယ်ပါနည်း၊ဤနှစ်ဦးသောသူတို့သည် တူမျှသောဖြစ်ခြင်း တူမျှသော အလားရှိပါကုန်သလော၊ နှစ်ဦးသောသူတို့၏လည်း တူမျှသောအကျိုးဖြစ်နိုင်ပါသလော၊သို့မဟုတ် တစုံတရာ ထူးသောအကြောင်း ရှိပါသေးသလောဟု(မေးလျှောက်၏)။

မင်းမြတ် ရဟန်းဒုဿီလ၏ ဤဆယ်ပါးသောဂုဏ်တို့သည် လူဒုဿီလထက် အထူးသဖြင့် လွန်ကဲကုန်၏၊ ဆယ်ပါးသောအကြောင်းတို့ဖြင့်လည်း လွန်ကဲစွာ မြတ်နိုးသောအလှူကို သုတ်သင်နိုင်၏။ အဘယ်သို့လျှင် ရဟန်းဒုဿီလ၏ ဤဆယ်ပါးသောဂုဏ်တို့သည် လူဒုဿီလထက် အထူးသဖြင့် လွန်ကဲကုန်သနည်းဟူမူ—မင်းမြတ် ဤသာသနာတော်၌ ရဟန်းဒုဿီလသည်—ဘုရား၌ ရိုသေခြင်းရှိ၏၊ တရား၌ ရိုသေခြင်းရှိ၏၊ သံဃာ၌ ရိုသေခြင်းရှိ၏၊ သီတင်းသုံးဖော်တို့၌ ရိုသေခြင်းရှိ၏၊ ပါဠိ သင်ကြားခြင်း အဋ္ဌကထာသင်ကြားခြင်း၌ လုံ့လထုတ်၏၊ ကြားနာရခြင်း များ၏၊ မင်းမြတ် သီလ ပျက်သော်လည်း ဒုဿီလသည် ပရိသတ်ဘောင်သို့ရောက်လတ်သော် (သီလဝန်) အသွင်အပြင်တို့ကို ဖြစ်စေ၏၊ ကဲ့ရဲ့ခြင်းမှ ကြောက်သောကြောင့် ကိုယ်မှု နှုတ်မှုကို စောင့်ရှောက်၏၊ ထို့ပြင်

http://www.dhammadownload.com



ထိုဒုဿီလရဟန်း၏စိတ်သည် ကမ္မဋ္ဌာန်းသို့ ရှေးရှုသည်လည်း ဖြစ်၏၊ ရဟန်းသာမန်သို့ ကပ်ရောက်၏၊ မင်းမြတ် ရဟန်းဒုဿီလသည် မကောင်းမှုကို ပြုသော်လည်း ပုန်းလျှိုး ကွယ်လျှိုး ကျင့်၏။ မင်းမြတ် ဥပမာသော်ကား လင်ရှိသော မိန်းမသည် ပုန်းကွယ်၍ လျှို့ဝှက်သဖြင့်သာလျှင် မကောင်းမှုကို ကျင့်၏၊ မင်းမြတ် ဤအတူသာလျှင် ရဟန်းဒုဿီလသည် မကောင်းမှုကိုပြုသော်လည်း ပုန်းလျှိုး ကွယ်လျှိုး ကျင့်၏၊ မင်းမြတ် ရဟန်းဒုဿီလ၏ ဤဂုဏ်ဆယ်ပါးတို့သည် လူဒုဿီလထက် အထူးသဖြင့် လွန်ကဲကုန်၏။

အဘယ်သို့လျှင် ဆယ်ပါးသော အကြောင်းတို့ဖြင့် လွန်ကဲစွာ အလှူကို သုတ်သင်နိုင်သနည်း၊ အပြစ်ကင်းသော ချပ်မိန်ညီနှင့်တူသော သင်္ကန်းကို ဆောင်သည်၏အဖြစ်ကြောင့်လည်း မြတ်သော အလှူကို သုတ်သင်နိုင်၏၊ဘုရားအရိယာတို့နှင့်တူစွာ ဦးပြည်းသောအသွင်ကို ဆောင်သောကြောင့်လည်း မြတ်သောအလှူကို သုတ်သင်နိုင်၏၊ရဟန်းသံဃာအပေါင်းသို့ သက်ဝင်သည့်အဖြစ်ကြောင့်လည်း မြတ်သောအလှူကို သုတ်သင်နိုင်၏၊ဘုရားတရားသံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ကပ်ရောက်သည့်အဖြစ်ကြောင့်လည်း မြတ်သောအလှူကို သုတ်သင်နိုင်၏၊ ကမ္မဋ္ဌာန်းအလုပ်ရှိသူတို့၏ တည်နေရာ ကျောင်းကန်၌ နေထိုင်သည့်အဖြစ်ကြောင့်လည်း မြတ်သောအလှူကို သုတ်သင်နိုင်၏၊ ဘုရားသာသနာတော်၏ တည်တံ့ခြင်းကို လိုလားရှာမှီးသောကြောင့်လည်း မြတ်သောအလှူကို သုတ်သင်နိုင်၏၊ မြတ်သောတရားကို ဟောကြားတတ်သောကြောင့်လည်း မြတ်သောအလှူကို သုတ်သင်နိုင်၏၊ တရားလျှင် မှီခိုရာ လားရာ လည်းလျောင်းရာ ရှိသည့်အဖြစ်ကြောင့်လည်း မြတ်သောအလှူကို သုတ်သင်နိုင်၏၊ ဘုရားသည် အမြတ်ဆုံးဟု ကေန်စင်စစ် ဖြောင့်မတ်သော အယူရှိသည့်အဖြစ်ကြောင့်လည်း မြတ်သောအလှူကို သုတ်သင်နိုင်၏၊ (တလလျှင်နှစ်ကြိမ် ပါရိသုဒ္ဓိစသော) ဥပုသ်ကို ဆောက်တည်သောကြောင့်လည်း မြတ်သောအလှူကို သုတ်သင်နိုင်၏၊ မင်းမြတ် ဤသို့လျှင် ဤဆယ်ပါးသော အကြောင်းတို့ဖြင့် လွန်ကဲစွာ မြတ်သော အလှူကို သုတ်သင်နိုင်၏။

မင်းမြတ် ရဟန်းဒုဿီလသည် အလွန်အကျင့်ဖောက်ပြန်သော်လည်း ဒါယကာတို့၏ အလှူကို သုတ်သင်နိုင်၏၊ မင်းမြတ် ဥပမာသော်ကား ရေသည် အလွန်နောက်ကျုခြွဲပျစ်သော်လည်း ညွန်ပျောင်း ချွံကြမ်း မြူအညစ်အကြေးကို ပယ်နိုင်၏၊ မင်းမြတ် ဤအတူသာလျှင် ရဟန်းဒုဿီလသည် အကျင့်အလွန်ဖောက်ပြန်သော်လည်း ဒါယကာတို့၏ မြတ်သောအလှူကို သုတ်သင်နိုင်၏။

မင်းမြတ် ဥပမာတနည်းသော်ကား ရေနွေးသည် ကျိုက်ကျိုက်ဆူသော်လည်း အလျှံတပြောင်ပြောင် တောက်လောင်သော မီးပုံကြီးကို ငြိမ်းစေနိုင်၏၊မင်းမြတ် ဤအတူသာလျှင် ရဟန်းဒုဿီလသည် အလွန်အကျင့်ပျက်သော်လည်း ဒါယကာတို့၏ မြတ်သော အလှူကို သုတ်သင်နိုင်၏။

မင်းမြတ် ဥပမာတနည်းသော်ကား ဘောဇဉ်သည် အရသာမရှိသော်လည်း ဆာလောင်ခြင်း အားနည်းခြင်းကို ပယ်နိုင်၏၊ မင်းမြတ် ဤအတူသာလျှင် ရဟန်းဒုဿီလသည် အကျင့်ပျက်သော်လည်း ဒါယကာတို့၏ မြတ်သောအလှူကို သုတ်သင်နိုင်၏။

မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် မဇ္ဈိမနိကာယ်မြတ်ဟု တံဆိပ်ခတ်အပ်သော ဒက္ခိဏာဝိဘင်းပါဠိတော်၌—

"သီလရှိသော အကြင်ဒါယကာသည် အလွန်ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ မွန်မြတ်သော ကံ၏အကျိုးကို ယုံကြည်လျက် တရားသဖြင့် ရအပ်သော လှူဖွယ်ကို

http://www.dhammadownload.com



ဒုဿီလရဟန်းတို့အား ပေးလှူ၏၊ ထိုအလှူသည် ဒါယကာကြောင့် စင်ကြယ်၏”ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အံ့ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရားနာဂသေန မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ အကျွန်ုပ်တို့သည် ထိုမျှလောက်သော ပြဿနာကို အသျှင်ဘုရားအား မေးလျှောက် ခဲ့ပါကုန်ပြီ၊ ထိုပြဿနာကို အသျှင်ဘုရားသည် ဥပမာတို့ဖြင့်၎င်း အကြောင်းတို့ဖြင့်၎င်း ထင်ရှားစွာ ပြတော်မူလျက် အမြိုက်သုဓာဘုတ်ကဲ့သို့ ချိုမြိန် ကောင်းမြတ်စွာ နားကြားနိုင်လောက်သော အခြေရောက်အောင် ပြတော်မူပါပေ၏၊ အသျှင်ဘုရား ဥပမာမည်သည်ကား စားတော်ကဲသည်၎င်း စားတော်ကဲ၏တပည့်သည်၎င်း ထိုမျှလောက်သော အမဲဟင်းလျာကို ရ၍ အထူးထူး အပြားပြားသော ဟင်းအဆောက်အဦတို့ဖြင့်စီရင် ချက်ပြုတ်ပြီးလျှင် မင်းသုံးမင်းဆောင်ကိုပြု၏၊အသျှင်ဘုရားနာဂသေန ဤအတူသာလျှင် အကျွန်ုပ်သည် ထိုမျှလောက်သော ပြဿနာကို မေးလျှောက်ခဲ့ပါကုန်ပြီ၊ ထိုပြဿနာကို အသျှင်ဘုရားသည် ဥပမာတို့ဖြင့်၎င်း အကြောင်းတို့ဖြင့်၎င်း ထင်ရှားပြတော်မူလျက် အမြိုက်သုဓာဘုတ်ကဲ့သို့ ချိုမြိန်ကောင်းမြတ်စွာ နားကြားနိုင်လောက်သော အခြေရောက်အောင် ပြုတော်မူပါပေ၏ဟု(လျှောက်၏)။

ရှစ်ခုမြောက် ဒုဿီလပဥ္စာ ပြီး၏။

---

## ၉-ဥဒကသတ္တဇီဝပဥ္စာ

### (ရေသည် သတ္တဇီဝ ဟုတ်မဟုတ် ပြဿနာ)

၉။ အသျှင်ဘုရားနာဂသေန ဤရေသည် မီး၌ ကျိုချက်အပ်သော် စိဋ္ဋ်စိဋ္ဋ်အသံထွက်၏၊ စိဋ္ဋ်စိဋ္ဋ်စစ်စစ်မြည်၏၊ အသံအမျိုးမျိုးထွက်၏၊ အသျှင်ဘုရားနာဂသေန အသို့ပါနည်း ရေသည် အသက်ရှိပါသလော၊ မြူးထူးသည်ဖြစ်၍ အသံပြုပါသလော၊ သို့မဟုတ်မူ အခြားသော ဝတ္ထုက နှိပ်စက်အပ်သည်ဖြစ်၍ အသံပြုပါသလောဟု(မေးလျှောက်၏)။ မင်းမြတ် ရေသည် အသက်မရှိ၊ ရေ၌ အသက်'ဇီဝ'သည်၎င်း သတ္တဝါသည်၎င်း မရှိ၊ မင်းမြတ် စင်စစ်သော်ကား မီးပူအဟုန်၏ ကြီးမား(ပြင်းထန်)သည်၏ အဖြစ်ကြောင့် ရေသည် စိဋ္ဋ်စိဋ္ဋ်အသံထွက်၏၊ စိဋ္ဋ်စိဋ္ဋ်စစ်စစ်မြည်၏၊ အသံအမျိုးမျိုးထွက်၏ဟု(ဖြေတော်မူ၏)။

အသျှင်ဘုရားနာဂသေန ဤလောက၌ အချို့သော တိတ္ထိတို့သည် ရေကို အသက်ရှိ၏ဟု ရေအေးကို ပယ်လျက် ရေကို ပူစေပြီးလျှင် ရေကို ဖောက်ပြန်ပြောင်းလဲသည်ကို ပြု၍ သုံးဆောင်ကြကုန်၏“သာကီဝင်မင်းသား ရဟန်းတို့သည် (ရုပ်) ဣန္ဒြေတခုသာရှိသော အသက် ‘ဇီဝ’ ကို ညှဉ်းဆဲကြကုန်၏”ဟု ထိုတိတ္ထိတို့သည် အသျှင်ဘုရားတို့ကို ကဲ့ရဲ့ကုန်၏၊ နှိမ့်ချကုန်၏၊ထိုတိတ္ထိတို့၏ ထိုကဲ့ရဲ့ခြင်း နှိမ့်ချခြင်းကို ဖျောက်တော် မူပါလော့ ပယ်တော်မူပါလော့ မိန့်မြွက်တော်မူပါလော့ဟု(လျှောက်၏)။ မင်းမြတ် ရေသည် အသက်မရှိ ရေ၌အသက်'ဇီဝ'သည်၎င်း သတ္တဝါသည်၎င်း မရှိ၊ မင်းမြတ် စင်စစ်သော်ကား မီးပူအဟုန်၏ကြီးမား(ပြင်းထန်)သည်၏ အဖြစ်ကြောင့် ရေသည် စိဋ္ဋ်စိဋ္ဋ်အသံထွက်၏၊ စိဋ္ဋ်စိဋ္ဋ်စစ်စစ်မြည်၏၊ အသံအမျိုးမျိုးထွက်၏။

မင်းမြတ် ဥပမာအားဖြင့် ထုံးအိုင် ရေကန် မြစ်ချောင်း အိုင်ကြီး တဖက်ဆည်ကန် ချောက်ချောက်လက်တက် ရေတွင်း နိမ့်ရှိုင်းရာ လေးထောင့်ကန်တို့၌ တည်ရှိသော ရေသည် လေ နေပူ

http://www.dhammadownload.com



အဟုန်၏ ကြီးမား(ပြင်းထန်)သည်၏ အဖြစ်ကြောင့် လျော့ပါး၏၊ ကုန်ခြင်းသို့ရောက်၏၊ ထိုထုံးအိုင်စသည်တို့၌ ရေသည် စိုင့်စိုင့်အသံထွက်သလော၊ စိုင့်စိုင့်စစ်စစ်မြည်သလော၊ အသံအမျိုးမျိုးထွက်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား အသံမထွက်ပါဟု (လျှောက်၏)။ မင်းမြတ် ရေသည် အကယ်၍ အသက်ရှိသည်ဖြစ်အံ့၊ ထိုထုံးအိုင်စသည်၌လည်း ရေသည် အသံဖြစ်ရာ၏၊ မင်းမြတ် ဤသို့သောအကြောင်းကြောင့်လည်း "ရေ၌ အသက် 'ဇီဝ' သည်ရှင်း သတ္တဝါသည်ရှင်း မရှိ၊ မီးပူအဟုန်၏ ကြီးမား (ပြင်းထန်) သည်၏ အဖြစ်ကြောင့် ရေသည် စိုင့်စိုင့်အသံထွက်၏၊ စိုင့်စိုင့်စစ်စစ်မြည်၏၊ အသံအမျိုးမျိုးထွက်၏"ဟု သိလော့ဟု (မိန့်တော်မူ၏)။

မင်းမြတ် ထို့ပြင်လည်း "ရေ၌ အသက်'ဇီဝ'သည်ရှင်း သတ္တဝါသည်ရှင်း မရှိ၊မီးပူ အဟုန်၏ ကြီးမား(ပြင်းထန်)သည်၏အဖြစ်ကြောင့် ရေသည် အသံထွက်၏"ဟူသော အခြားအကြောင်းကိုလည်း နာဦးလော့၊ မင်းမြတ် အကြင်အခါ၌ကား ရေကိုဆန်တို့နှင့် ရောနှောလျက် အိုး၌ထည့်ကာ ပိတ်ထားအပ်၏၊ ဖိုခုံလောက်၌ကား မထားရသေး၊ထိုအိုး၌ ရေသည် အသံထွက်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား အသံမထွက်ပါ၊ မတုန်မလှုပ် ငြိမ်ငြိမ်သက်သက်ဖြစ်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် စင်စစ်သော်ကား အိုး၌ထည့်ထားသော ထိုရေကိုပင်လျှင် မီးထိုးလျက် ဖိုခုံလောက်၌ ထားသည်ဖြစ်အံ့၊ ထိုအိုး၌ ရေသည် မတုန်မလှုပ် ငြိမ်ငြိမ်သက်သက်ဖြစ်သလောဟု (မေးတော်မူ၏)၊ အသျှင်ဘုရား မတုန်မလှုပ် ငြိမ်ငြိမ်သက်သက် မဖြစ်ပါ လှုပ်ပါ၏ ချောက်ချားပါ၏ လိမ့်စီးပါ၏ နောက်ကျုပါ၏ လှိုင်းထပါ၏၊ အထက်အောက် တူရူဖီလာအရပ်သို့ ပြေးသွားပါ၏ ဆူတက်ပါ၏ ဝေတက်ပါ၏၊ အမြှုပ်ထပါ၏ဟု (လျှောက်၏)။ မင်းမြတ် ပြကတေ့ရေသည် အဘယ့်ကြောင့် မလှုပ်သနည်း၊ ငြိမ်ငြိမ်သက်သက်ဖြစ်သနည်း၊ မီးသို့ရောက်သည်ရှိသော် အဘယ့်ကြောင့် လှုပ်သနည်း၊ ချောက်ချားသနည်း လိမ့်စီးသနည်း နောက်ကျုသနည်း လှိုင်းထသနည်း အထက်အောက်တူရူ ဖီလာ အရပ်သို့ ပြေးသွားသနည်း ဆူတက်သနည်း ဝေတက်သနည်း အမြှုပ်ထသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ပြကတေ့ ရေသည်မလှုပ်ပါ၊ မီးသို့ ရောက်သော်ကား ရေသည် မီးပူအဟုန်၏ ကြီးမား (ပြင်းထန်)သည်၏ အဖြစ်ကြောင့် စိုင့်စိုင့်အသံထွက်၏၊ စိုင့်စိုင့်စစ်စစ်မြည်၏ အသံအမျိုးမျိုး ထွက်ပါ၏ဟု(လျှောက်၏)။ မင်းမြတ် ဤအကြောင်းကြောင့်လည်း" ရေ၌ အသက် 'ဇီဝ' သည်ရှင်း သတ္တဝါသည်ရှင်း မရှိ၊ မီးပူအဟုန်၏ ကြီးမား (ပြင်းထန်) သည်၏အဖြစ်ကြောင့် ရေသည် အသံဖြစ်၏"ဟု သိလော့ ဟု(မိန့်တော်မူ၏)။

မင်းမြတ် ထို့ပြင်လည်း အခြားအကြောင်းကိုလည်း နာဦးလော့၊ ရေ၌ အသက်'ဇီဝ' သည်ရှင်း သတ္တဝါသည်ရှင်း မရှိ၊ မီးပူအဟုန်၏ ကြီးမား(ပြင်းထန်)သည်၏ အဖြစ်ကြောင့် ရေသည် အသံဖြစ်၏၊ မင်းမြတ် ရေအိုး၌ ထည့်ထားသည်ဖြစ်၍ ပိတ်ထားအပ်သော ရေသည် အိမ်တိုင်း အိမ်တိုင်း၌ ရှိသည် မဟုတ်လောဟု (မေးတော်မူ၏)။အသျှင်ဘုရား ရှိပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုရေသည် လှုပ်သလော ချောက်ချားသလော လိမ့်စီးသလော နောက်ကျုသလော လှိုင်းထသလော အထက်အောက် တူရူဖီလာအရပ်သို့ ပြေးသွားသလော ဆူတက်သလော ဝေတက်သလော အမြှုပ်ထသလောဟု (မေးတော်မူ၏)။အသျှင်ဘုရား ထိုရေအိုး၌ တည်သော ပြကတေ့သော ထိုရေသည် မတုန်လှုပ်ပါ ဟု(လျှောက်၏)။

မင်းမြတ်"မဟာသမုဒ္ဒရာ၌ ရေသည် လှုပ်၏ ချောက်ချား၏ လိမ့်စီး၏ နောက်ကျု၏ လှိုင်းထ၏ အထက်အောက် တူရူဖီလာအရပ်သို့ ပြေးသွား၏ ဆူတက်၏ ဝေတက်၏ အမြှုပ်ထ၏၊ ဆန်တက်

http://www.dhammadownload.com



၍ရင်း လျှောကျ၍ရင်း ကမ်း၌ ပုတ်ခတ်၏ အသံများစွာ ပြု၏”ဟု သင်မင်းမြတ် ကြားဘူးပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ကြားဘူးပါ၏၊ ထိုအခြင်းအရာကို အကျွန်ုပ်သည် မြင်လည်း မြင်ဘူးပါ၏၊ မဟာသမုဒ္ဒရာ၌ ရေသည် အတောင်တရာတိုင်အောင်ရင်း အတောင်နှစ်ရာတိုင်အောင်ရင်း ကောင်းကင်၌ တက်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် အိုး၌တည်သော ရေသည် အဘယ့်ကြောင့် မလှုပ်သနည်း၊ အဘယ့်ကြောင့် အသံမဖြစ်သနည်း၊ မင်းမြတ် မဟာသမုဒ္ဒရာ၌ ရေသည် အဘယ့်ကြောင့် လှုပ်သနည်း၊ အဘယ့်ကြောင့် အသံပြုသနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား လေအဟုန်ပြင်းထန်သည်၏ အဖြစ်ကြောင့် မဟာသမုဒ္ဒရာ၌ ရေသည် လှုပ်ပါ၏၊ အသံဖြစ်ပါ၏၊ ရေအိုး၌ တည်သော ရေသည် တစုံတရာတို့ဖြင့် မထိခိုက်ခြင်းကြောင့် မလှုပ်ပါ၊ အသံမပြုပါဟု (လျှောက်၏)။ မင်းမြတ် လေအဟုန် ပြင်းထန်သည်၏အဖြစ်ကြောင့် မဟာသမုဒ္ဒရာ၌ ရေသည် လှုပ်သကဲ့သို့ အသံဖြစ်သကဲ့သို့ ဤအတူသာလျှင် မီးပူအဟုန်၏ ကြီးမားပြင်းထန်သည်၏ အဖြစ်ကြောင့် ရေသည် အသံပြု၏ဟု (မိန့်တော်မူ၏)။

မင်းမြတ် သွေ့ခြောက်သော စည်ခေါင်းစည်ခွက်ကို ခြောက်သော နွားရေဖြင့် ဖွဲ့ကျက်အပ်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏ဟု(လျှောက်၏)။ မင်းမြတ် စည်၌ အသက် ‘ဇီဝ’သည်ရင်း သတ္တဝါသည်ရင်း ရှိသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရှိပါဟု (လျှောက်၏)။ မင်းမြတ် စည်သည် အဘယ့်ကြောင့် အသံပြုသနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား မိန်းမ၏သော်ရင်း ယောကျာ်း၏သော်ရင်း ထိုအသံအားလျော်သော လုံ့လဖြင့် စည်သည် အသံဖြစ်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် မိန်းမ၏သော်ရင်း ယောကျာ်း၏သော်ရင်း ထိုအသံအားလျော်သော လုံ့လဖြင့် စည်သည် အသံဖြစ်သကဲ့သို့ ဤအတူသာလျှင် မီးပူအဟုန်၏ ကြီးမားပြင်းထန်သည်၏ အဖြစ်ကြောင့် ရေသည် အသံဖြစ်၏၊ မင်းမြတ် ဤအကြောင်းကြောင့်လည်း “ရေ၌ အသက် ‘ဇီဝ’သည်ရင်း သတ္တဝါသည်ရင်း မရှိ၊ မီးပူအဟုန်၏ ကြီးမားပြင်းထန်သည်၏ အဖြစ်ကြောင့် ရေသည် အသံပြု၏”ဟု (မိန့်တော်မူ၏)။

မင်းမြတ် သင်မင်းမြတ်အား ငါ၏ မေးမြန်းဖွယ်သည် ရှိပေသေး၏၊ ဤသို့ မေးသဖြင့် ထိုပြဿနာကို ကောင်းစွာ ဆုံးဖြတ်အပ်သည် ဖြစ်ပေလတ္တံ့၊ မင်းမြတ် အသို့နည်း၊ အိုးအားလုံးတို့မှ ပူသောရေသည် အသံပြုသလော၊ သို့မဟုတ် အချို့အိုးတို့မှသာ ပူသောရေသည် အသံပြုသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား အိုးအားလုံးတို့မှ ပူသော ရေသည် အသံမပြုပါ၊ အချို့အိုးတို့မှသာ ပူသော ရေသည် အသံပြုပါ၏ဟု (လျှောက်၏)။ မင်းမြတ် သို့ဖြစ်လျှင် မိမိအယူကို စွန့်အပ်၏၊ ငါ၏အရာသို့ တဖန် ရောက်လာပြီ၊ ရေ၌ အသက် ‘ဇီဝ’ သည်ရင်း သတ္တဝါသည်ရင်း မရှိ၊ မင်းမြတ် အိုးအားလုံးတို့မှ ပူသော ရေသည် အကယ်၍ အသံပြုငြားအံ့၊ ရေသည် အသက်‘ဇီဝ’ရှိ၏ဟု ဤစကားကို ဆိုခြင်းငှါ သင့်၏၊ မင်းမြတ် “အသံပြုသော ရေသည် အသက် ‘ဇီဝ’ရှိ၏၊ အသံမပြုသော ရေသည် အသက် ‘ဇီဝ’ မရှိ”ဟု ရေသည် နှစ်မျိုးမဖြစ်ကောင်း၊ မင်းမြတ် ရေသည် အကယ်၍ အသက် ‘ဇီဝ’ ရှိငြားအံ့၊ ကြီးကျယ်ကုန်သော ပွါးစည်းသော ကိုယ်ရှိကုန်သော အမုန်ယစ်ကုန်သော ဆင်တို့၏ နှာမောင်းဖြင့် ပင့်တင်စုတ်ယူ၍ ခံတွင်း၌ ထည့်သွင်းလျက် ဝမ်းသို့ သွင်းအပ်ကုန်သော ထိုရေသည်လည်း သွားကြား၌ စုတ်၍ ကြိတ်အပ်သည်ရှိသော် အသံပြုရာ၏၊အတောင်တရာရှိကုန်သော လှေသင်္ဘောတို့သည် လေးကုန်သည့် ဝန်တို့ဖြင့် ပြည့်ကုန်သည်ဖြစ်၍ အသိန်းမကသော ဝန်တို့ဖြင့် ပြည့်နှက်ကုန်လျက် မဟာသမုဒ္ဒရာ၌ လှည့်လည်ကုန်၏၊ ထိုလှေသင်္ဘောတို့ဖြင့်လည်း ကြိတ်မိသည်ရှိသော် ရေသည် အသံပြုရာ၏။ ယူဇနာ အရာမကသော

http://www.dhammadownload.com



ကိုယ်ရှိကုန်သော တိမိ တိမိင်္ဂလ တိမိရပိင်္ဂလ အမည်ရှိကုန်သော ငါးကြီးတို့သည်လည်း သမုဒ္ဒရာအတွင်း၌ ငုပ်ကုန်လျက် မဟာသမုဒ္ဒရာ၌ နေရာဌာနအဖြစ်သို့ နေကုန်လျက် များစွာသော ရေအယဉ်တို့ကို ငုံထားကုန်၏၊ ထွေးထုတ်လည်း ထွေးထုတ်ကုန်၏၊ ထိုငါးကြီးတို့၏ သွားကြား၌ရှင်း ဝမ်းတွင်း၌ရှင်း ကြိတ်အပ်သော် ထိုရေသည် အသံပြုရာ၏။ မင်းမြတ် စင်စစ်လျှင် အကြင်အကြောင်းကြောင့်လည်း ဤသို့ ဤသို့သဘောရှိကုန်သော ကြီးမားကုန်သော နှိပ်စက်ခြင်းတို့ဖြင့် နှိပ်စက်အပ်သော ထိုရေသည် အကြင့်ကြောင့် အသံမပြု၊ ထိုကြောင့်လည်း ရေ၌ အသက် 'ဇီဝ' သည်ရှင်း သတ္တဝါသည်ရှင်း မရှိ၊ မင်းမြတ် ဤသို့လျှင် ထိုအကြောင်းကို မှတ်လေ့ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ အပြစ်သို့ ရောက်သော ပြဿနာကို လျှောက်ပတ်သော ဝေဖန်ခြင်းဖြင့် ဝေဖန်ဘော်မူပါပေ၏၊ အသျှင်ဘုရားနာဂသေန ဥပမာမည်သည်ကား အဘိုးများစွာထိုက်သော ပတ္တမြားရတနာသည် ကျွမ်းကျင်သော သင်အပ်ပြီးသော ကျောက်သွေးအတတ်ရှိသော လိမ္မာသော ဆရာလက်သို့ ရောက်၍ ကျော်စောခြင်းကို ရရာပါ၏၊ ချီးမွမ်းခြင်း ချီးကျူးခြင်းကို ရရာပါ၏၊ ပုလဲရတနာသည်လည်း ပုလဲသွေးဆရာလက်သို့ ပုဆိုးရတနာသည်လည်း ပုဆိုးရက်ဆရာလက်သို့ စန္ဒကူးနီသည်လည်း နံ့သာဆိုင်သို့ ရောက်၍ ကျော်စောခြင်းကို ရရာပါ၏၊ ချီးမွမ်းခြင်း ချီးကျူးခြင်းကို ရရာပါ၏၊ အသျှင်ဘုရားနာဂသေန ဤအတူသာလျှင် အပြစ်သို့ ရောက်သော ပြဿနာကို လျှောက်ပတ်သော ဝေဖန်ခြင်းဖြင့် ဝေဖန်တော်မူပါပေ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ကိုးခုမြောက် ဥဒကသတ္တဇီဝပဉှာ ပြီး၏။

# ရှေးဦးစွာသော ဗဂ္ဂဝဂ် ပြီး၏။

ဤဗဂ္ဂဝဂ်၌ အမေးပုစ္ဆာပြဿနာ ကိုးခုတို့တည်း။

http://www.dhammadownload.com

# ၂-နိပ္ပပဥ္စဝဂ်

## ၁-နိပ္ပပဥ္စပဥ္စာ

### (သံသရာမချဲ့တတ်သောတရား ပြသနာ)

၁။ အသျှင်ဘုရားနာဂသေန "ရဟန်းတို့ သံသရာကို အကျယ်မချဲ့တတ်သော 'နိပ္ပပဥ္စ' တရားတို့၌ မွေ့လျော်ကုန်သည် နိပ္ပပဥ္စတရားတို့၌ ပျော်ပိုက်ကုန်သည်ဖြစ်၍ နေကြကုန်လော့" ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ ထိုနိပ္ပပဥ္စတရားဟူသည် အဘယ်ပါနည်းဟု (မေးလျှောက်၏)။ မင်းမြတ် သောတာပတ္တိဖိုလ်သည် နိပ္ပပဥ္စတရားတည်း၊ သကဒါဂါမိဖိုလ်သည် နိပ္ပပဥ္စတရားတည်း၊ အနာဂါမိဖိုလ်သည် နိပ္ပပဥ္စတရားတည်း၊ အရဟတ္တဖိုလ်သည် နိပ္ပပဥ္စတရားတည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သောတာပတ္တိဖိုလ်သည် အကယ်၍ နိပ္ပပဥ္စတရားဖြစ်အံ့၊ သကဒါဂါမိဖိုလ်သည် အနာဂါမိဖိုလ်သည် အရဟတ္တဖိုလ်သည် အကယ်၍ နိပ္ပပဥ္စတရားဖြစ်အံ့၊ အဘယ့်ကြောင့် ဤရဟန်းတို့သည် သုတ်ကို ဂေယျကို ဝေယျာကရဏ်းကို ဂါထာကို ဥဒါန်းကို ဣတိဝုတ်ကို ဇာတ်ကို အဗ္ဘုတဓမ္မကို ဝေဒလ္လကို သင်ကုန်သနည်း မေးမြန်းကုန်သနည်း၊ အမှုသစ်ဖြင့်ရင်း အလှူပေးခြင်းဖြင့်ရင်း ပူဇော်ခြင်းဖြင့်ရင်း ကြောင့်ကြစိုက်ကြကုန်သနည်း၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ပယ်တော်မူအပ်သော အမှုကို ပြုကုန်သည် မဟုတ်ပါလောဟု (လျှောက်၏)။

မင်းမြတ် အကြင်ရဟန်းတို့သည် သုတ်ကို ဂေယျကို ဝေယျာကရဏ်းကို ဂါထာကို ဥဒါန်းကို ဣတိဝုတ်ကို ဇာတ်ကို အဗ္ဘုတဓမ္မကို ဝေဒလ္လကို သင်ကုန်၏ မေးမြန်းကုန်၏ အမှုသစ်ဖြင့်ရင်း အလှူပေးခြင်းဖြင့်ရင်း ပူဇော်ခြင်းဖြင့်ရင်း ကြောင့်ကြစိုက်ကြကုန်၏၊ ထိုရဟန်းအားလုံးတို့သည် နိပ္ပပဥ္စတရားသို့ ရောက်ခြင်းငှါ ပြုလုပ်ကြကုန်၏၊ မင်းမြတ် အကြင်ရဟန်းတို့သည် သဘောအားဖြင့် စင်ကြယ်ကုန်၏၊ ရှေးဘဝက ထုံခဲ့သောအထုံ 'ဝါသနာ' ရှိကုန်၏၊ ထိုရဟန်းတို့သည် စိတ္တက္ခဏတချက်ဖြင့် နိပ္ပပဥ္စပုဂ္ဂိုလ်တို့ ဖြစ်ကြကုန်၏၊ အကြင်ရဟန်းတို့သည်ကား ပညာမျက်စိ၌ ကိလေသာမြူ အားကြီးကုန်၏၊ ထိုရဟန်းတို့သည် ဤ (ပါဠိသင်ကြားခြင်းစသော) လုံ့လတို့ဖြင့် နိပ္ပပဥ္စဖြစ်ကုန်၏။

မင်းမြတ် ဥပမာသော်ကား ယောကျ်ားတယောက်သည် လယ်၌ မျိုးစေ့ကို စိုက်ပျိုး၍ မိမိ၏ စွမ်းအား အလျောက်ဖြစ်သော လုံ့လဖြင့် အရံစောင်ရန်မှကင်း၍ စပါးကို ထုတ်ဆောင်ရာ၏၊ ယောကျ်ားတယောက်သည် လယ်၌ မျိုးစေ့ကို စိုက်ပျိုး၍ တောသို့ဝင်လျက် သစ်သားကိုရင်း သစ်ခက်ကိုရင်း ဖြတ်လျက် စည်းစောင်ရန်းကို ပြုလုပ်၍ စပါးကို ထုတ်ဆောင်ရာ၏၊ ထိုအရာ၌ ထိုယောကျ်ား၏အကြင်စည်းစောင်ရန်းကို ရှာမှီးခြင်းသည် ရှိ၏၊ ထိုရှာမှီးခြင်းသည် စပါးအလို့ငှါ ရှာမှီး၏၊ မင်းမြတ် ဤအတူသာလျှင် အကြင်ရဟန်းတို့သည် သဘောအားဖြင့် စင်ကြယ်ကုန်၏၊ ရှေးဘဝကထုံခဲ့သော အထုံ 'ဝါသနာ' ရှိကုန်၏၊ ထိုရဟန်းတို့သည် စည်းစောင်ရန်းအရံမှ ကင်း၍ စပါးကို ထုတ်ဆောင်သော ယောကျ်ားကဲ့သို့ စိတ္တက္ခဏတချက်ဖြင့်ပင် နိပ္ပပဥ္စဖြစ်ကုန်၏၊ အကြင်ရဟန်းတို့သည်ကား ပညာမျက်စိ၌ ကိလေသာမြူ အားကြီးကုန်၏၊ ထိုရဟန်းတို့သည် စည်းစောင်ရန်းအရံကိုပြု၍ စပါးကို ထုတ်ဆောင်သော ယောကျ်ားကဲ့သို့ ဤ (ပါဠိသင်ကြားခြင်းစသော) လုံ့လတို့ဖြင့် နိပ္ပပဥ္စဖြစ်ကုန်၏။

http://www.dhammadownload.com



မင်းမြတ် ဥပမာတနည်းသော်ကား အလွန်ကြီးမားသော သရက်ပင်ထိပ်ဖျား၌အသီးခိုင် အသီးပြွတ်သည် ဖြစ်ငြားအံ့၊ ထိုသို့ဖြစ်သော် ထိုသစ်ပင်၌ အကြင်အမှတ်မရှိ တဦးတယောက်သော တန်ခိုးရှိသူသည် လာ၍ ထိုအပင်၏ အသီးကို ဆောင်ယူရာ၏၊ အကြင်သူသည်ကား ထိုသို့ဆောင်ယူခြင်း၌ တန်ခိုးမရှိ၊ ထိုသူသည် သစ်သားကိုငှင်း နွယ်ကိုငှင်း ဖြတ်၍ လှေကားကို ဖွဲ့ပြီးလျှင် ထိုလှေကားဖြင့် ထိုသရက်ပင်သို့ တက်၍ သရက်သီးကို ဆွတ်ခူးယူရာ၏၊ ထိုအရာ၌ ထိုယောကျ်ား၏ လှေကားကို ရှာမှီးခြင်းသည် သရက်သီးအကျိုးငှါ ဖြစ်၏၊ မင်းမြတ် ဤအတူသာလျှင် အကြင်ရဟန်းတို့သည် သဘောအားဖြင့် စင်ကြယ်ကုန်၏၊ ရှေးဘ၀က ထုံခဲ့သော အထုံ'ဝါသနာ'ရှိကုန်၏၊ ထိုရဟန်းတို့သည် တန်ခိုးကြီးသူ သစ်သီးကို ဆောင်ယူသကဲ့သို့ စိတ္တက္ခဏတချက်ဖြင့်ပင် နိဗ္ဗာန်သို့ ဖြစ်ကုန်၏၊ အကြင်ရဟန်းတို့သည်ကား ပညာမျက်စိ၌ ကိလေသာမြူအားကြီးကုန်၏၊ ထိုရဟန်းတို့သည် ယောကျ်ားသည် လှေကားဖြင့် သစ်သီးကို ဆွတ်ခူးသကဲ့သို့ ဤ(ပါဠိသင်ကြားခြင်းစသော) လုံ့လတို့ဖြင့် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိကုန်၏။

မင်းမြတ် ဥပမာတနည်းသော်ကား ယောကျ်ားတယောက်သည် မိမိအကျိုးကို ပြုလုပ်လိုသည်ဖြစ်၍ တယောက်တည်းသာလျှင် အရှင်သခင်၏ အထံသို့ကပ်လျက် အကျိုးကိုပြီးစေ၏၊ တယောက်သည်ကား ဥစ္စာရှိသည်ဖြစ်၍ ဥစ္စာ၏အစွမ်းဖြင့် ပရိသတ်ကို ပွါးစေလျက် ပရိသတ်ဖြင့် အကျိုးကိုပြီးစေ၏၊ ထိုအရာ၌ ထိုဥစ္စာရှိသော ယောကျ်ား၏ ပရိသတ်ကို ရှာမှီးခြင်းသည် မိမိအကျိုးငှါ ဖြစ်၏၊ မင်းမြတ် ဤအတူသာလျှင် အကြင်ရဟန်းတို့သည် သဘောအားဖြင့် စင်ကြယ်ကုန်၏၊ ရှေးဘ၀က ထုံခဲ့သော အထုံ 'ဝါသနာ' ရှိကုန်၏၊ ထိုရဟန်းတို့သည် ယောကျ်ားသည် တယောက်တည်း အကျိုးပြီးခြင်းကို ပြုသကဲ့သို့ စိတ္တက္ခဏတချက်ဖြင့် အဘိညာဉ်ခြောက်ပါးတို့၌ လေ့လာသည်၏အဖြစ်သို့ ရောက်ကုန်၏၊ အကြင်ရဟန်းတို့သည်ကား ပညာမျက်စိ၌ ကိလေသာမြူ အားကြီးကုန်၏၊ ထိုရဟန်းတို့သည် ပရိသတ်ဖြင့် အကျိုးပြီးခြင်းကို ပြုသော ယောကျ်ားကဲ့သို့ ဤ(ပါဠိသင်ကြားခြင်းစသော)လုံ့လတို့ဖြင့် အရဟတ္တဖိုလ်တည်းဟူသော ရဟန်းပြုခြင်းအကျိုးကို ပြီးစေကုန်၏။

မင်းမြတ် ထိုထိုပြုဖွယ်ကိစ္စတို့၌ ပါဠိသင်ခြင်းသည်လည်း ကျေးဇူးများ၏၊ မေးမြန်းခြင်းသည်လည်း ကျေးဇူးများ၏၊ အမှုသစ်သည်လည်း ကျေးဇူးများ၏၊ လှူဒါန်းခြင်းသည်လည်း ကျေးဇူးများ၏၊ ပူဇော်ခြင်းသည်လည်း ကျေးဇူးများ၏၊ မင်းမြတ် ဥပမာသော်ကား ယောကျ်ားသည် အမတ်အခစား ဗိုလ်ပါ တံခါးစောင့် ကိုယ်ရံတော် ပရိသတ်ဖြစ်သူ လူတို့နှင့် အတူပင် မင်းအားဆည်းကပ်ခစားလေ့ရှိ၏ မင်း၏ ကိစ္စကို ပြုလုပ်လေ့ရှိ၏၊ ပြုဖွယ်ကိစ္စရောက်လတ်သော် ထိုအလုံးစုံသော သူတို့သည်လည်း ထိုယောကျ်ားအား ကျေးဇူးပြုကုန်၏၊ မင်းမြတ် ဤအတူသာလျှင် ထိုထိုပြုဖွယ်ကိစ္စတို့၌ ပါဠိသင်ခြင်းသည်လည်း ကျေးဇူးများ၏၊ မေးမြန်းခြင်းသည်လည်း ကျေးဇူးများ၏၊ အမှုသစ်သည်လည်း ကျေးဇူးများ၏၊ လှူဒါန်းခြင်းသည်လည်း ကျေးဇူးများ၏၊ ပူဇော်ခြင်းသည်လည်း ကျေးဇူးများ၏၊ မင်းမြတ်အကယ်၍ အလုံးစုံသော ပုဂ္ဂိုလ်တို့သည်လည်း ပဋိသန္ဓေအားဖြင့် စင်ကြယ်ကုန်မူ အဆုံးအမစကားဖြင့် ပြုကျင့်ဖွယ်မရှိ၊ မင်းမြတ် စင်စစ်သော်ကား ပဋိသန္ဓေအားဖြင့် စင်ကြယ်ခြင်း မဖြစ်သေးသောကြောင့်သာ ကြားနာခြင်းဖြင့် ပြုကျင့်ရ၏၊ မင်းမြတ် အသျှင်သာရိပုတြာမထေရ်သည် မနှိုင်းရှည့်နိုင်သော ကမ္ဘာအသင်္ချေကို အစပြု၍ ဆည်းပူးအပ်ပြီးသော ကုသိုလ်အရင်းခံရှိ၏၊ ပညာပါရမီ၏ အထွတ်အထိပ်သို့ ရောက်တော်မူ၏၊ ထိုသာရိပုတြာ အသျှင်မြတ်ကြီးသော်မှလည်း ကြားနာခြင်းနှင့် ကင်း၍ အာသဝေါကုန်ခန်းခြင်းသို့

http://www.dhammadownload.com



ရောက်ခြင်းငှါ မစွမ်းနိုင်ပေ၊ မင်းမြတ် ထိုကြောင့် ကြားနာရခြင်းသည် ကျေးဇူးများ၏၊ ထိုအတူ ပါဠိသင်ခြင်းသည်ရှင်း မေးမြန်းခြင်းသည်ရှင်း ကျေးဇူးများ၏၊ ထိုကြောင့် ပါဠိသင်ခြင်း မေးမြန်းခြင်းကိုလည်း နိပ္ပပဥ္စတရားဟု ရေတွက်အပ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား နာဂသေန ပြဿနာကို ကောင်းစွာ သိစေအပ်ပါပြီ၊ ဤသို့ ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ရှေးဦးစွာသော နိပ္ပပဥ္စပဥ္စာ ပြီး၏။

---

## ၂-ခီဏာသဝဘာ၀ ပဥ္စာ

### (လူ့အသွင်ဖြင့် ရဟန္တာအဖြစ်ပြဿနာ)

၂။ အသျှင်ဘုရားနာဂသေန "အကြင်သူသည် လူ့အသွင်အပြင်ဖြင့်ပင် အရဟတ္တဖိုလ်သို့ ရောက်၏၊ ထိုသူအား နှစ်ပါးသာလျှင်ဖြစ်ကုန်သော ဂတိတို့သည် ဖြစ်ကုန်၏၊ အခြားဂတိ မရှိကုန်၊ ထို(အရဟတ္တဖိုလ်သို့ ရောက်သည့်) နေ့၌ပင်လျှင် ရဟန်းသော်လည်း ပြုရာ၏၊ ပရိနိဗ္ဗာန်သော်လည်း ပြုရာ၏၊ ထိုနေ့ကို လွန်ခြင်းငှါ မတတ်ကောင်း"ဟု အသျှင်ဘုရားတို့ ဆိုတော်မူကုန်၏၊ အသျှင်ဘုရားနာဂသေန ထိုလူရဟန္တာသည် ထိုနေ့၌ ကမ္မဝါဆရာကိုရှင်း ဥပဇ္ဈာယ်ဆရာကိုရှင်း သပိတ်သင်္ကန်းကိုရှင်း အကယ်၍ မရသည်ဖြစ်အံ့၊ ထိုလူရဟန္တာသည် ကိုယ်တိုင်လည်း ရဟန်းပြုရာ သလော၊ နေ့ကိုသော်လည်း လွန်စေရာသလော၊ အခြားတစုံတယောက်သော တန်ခိုးနှင့် ပြည့်စုံ သော ရဟန္တာသည် ကြွလာ၍ ထိုလူရဟန္တာကို ရဟန်းသော်လည်း ပြုပေးရာပါသလော၊ ထိုလူ ရဟန္တာသည် ပရိနိဗ္ဗာန်သော်လည်း စံရာသလောဟု (မေးလျှောက်၏)။ မင်းမြတ် ထိုလူရဟန္တာ သည် ကိုယ်တိုင် ရဟန်းမပြုရာ၊ ကိုယ်တိုင် ရဟန်းပြုသည်ရှိသော် ရဟန်းအသွင် ခိုးမှုသို့ ရောက်၏၊ နေ့ကိုမူလည်း မလွန်စေရာ၊ အခြားသော ရဟန္တာ၏ လာခြင်းသည် ဖြစ်မူလည်း ဖြစ်ရာ၏၊ မဖြစ်မူလည်း မဖြစ်ရာ၊ ထိုရဟန္တာဖြစ်သည့် နေ့၌ပင်လျှင် ပရိနိဗ္ဗာန်ပြုရာ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အရဟတ္တဖိုလ်ကြောင့် အရဟတ္တဖိုလ်ကို ရသောပုဂ္ဂိုလ်၏ အသက်ကို ဆောင်သည် ဖြစ်ခဲ့မူ၊ အရဟတ္တဖိုလ်၏ ငြိမ်းချမ်းသည့်အဖြစ်ကို စွန့်အပ်သည် မဟုတ်ပါလောဟု (လျှောက်၏)။

မင်းမြတ် လူ၏အသွင်အပြင်သည် မညီညွတ်၊ မညီညွတ်သော အသွင်အပြင်၌ အသွင်အပြင် အားနည်းသည်၏ အဖြစ်ကြောင့် အရဟတ္တဖိုလ်သို့ ရောက်သော လူပုဂ္ဂိုလ်သည် ထိုနေ့၌ပင်လျှင် ရဟန်းသော်လည်း ပြုရ၏၊ ပရိနိဗ္ဗာန်သော်သည်း ပြုရ၏၊ မင်းမြတ် အသွင်အပြင်အားနည်းသည်၏ အဖြစ်သည် လူ့အသွင်အပြင်၏ အပြစ်သာ ဖြစ်၏၊ အရဟတ္တဖိုလ်၏ အပြစ်မဟုတ်။

မင်းမြတ် ဥပမာအားဖြင့် သတ္တဝါအားလုံးတို့၏ အသက်ကို စောင့်တတ်သော ဇီဝိတိန္ဒြေကို စောင့်တတ်သော စားဖွယ်ဘောဇဉ်သည် မကျေကျက်သဖြင့် မညီညွတ်သော ဝမ်းရှိသူ နုန့်ညံ့သော အားနည်းသော ဝမ်းမီးရှိသောသူ၏ အသက်ကိုမူ ဆောင်ယူတတ်၏၊ မင်းမြတ် ဝမ်းမီး အားနည်းသော အဖြစ်သည် ဝမ်း၏အပြစ်သာတည်း၊ စားဖွယ်ဘောဇဉ်၏ အပြစ် မဟုတ်၊ မင်းမြတ် ဤအတူသာလျှင် မညီညွတ်သော လူ့အသွင်အပြင်၌ အသွင်အပြင်၏ အားနည်းသည်၏ အဖြစ်ကြောင့် အရဟတ္တဖိုလ်သို့ ရောက်သော လူပုဂ္ဂိုလ်သည် ထိုနေ့၌ပင်လျှင်

http://www.dhammadownload.com



ရဟန်းသော်လည်း ပြုရ၏၊ ပရိနိဗ္ဗာန်သော်လည်း ပြုရ၏၊ မင်းမြတ် အသွင်အပြင်အားနည်းသည်၏ အဖြစ်သည် လူ့အသွင်အပြင်၏ အပြစ်သာ ဖြစ်၏၊ အရဟတ္တဖိုလ်၏ အပြစ်မဟုတ်။

မင်းမြတ် ဥပမာတနည်းသော်ကား အနည်းငယ်သော မြက်ဝါးခြမ်းသည် အထက်၌ လေးသော ကျောက်ခဲကို တင်ထားအပ်သည်ရှိသော် အားနည်းသည်၏ အဖြစ်ကြောင့် ပြို၍ကျ၏၊ မင်းမြတ် ဤအတူသာလျှင် အရဟတ္တဖိုလ်သို့ ရောက်သော လူပုဂ္ဂိုလ်သည် ထိုလူ့အသွင်အပြင်ဖြင့် အရဟတ္တဖိုလ်ကို ဆောင်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ ထိုနေ့၌ပင်လျှင် ရဟန်းသော်လည်း ပြုရ၏၊ ပရိနိဗ္ဗာန်သော်လည်း ပြုရ၏။

မင်းမြတ် ဥပမာတနည်းသော်ကား ဘုန်းကံနည်းပါးသော အမျိုးယုတ်သော ယောကျ်ားသည် အားမရှိသည် အားနည်းသည်ဖြစ်၍ ကြီးစွာသော မင်းအဖြစ်ကို ရလတ်သော် ခဏချင်းဖြင့် လျောကျ၏၊ ပျက်စီး၏၊ ဆုတ်နစ်၏၊ မင်းစည်းစိမ်ကို ဆောင်ခြင်းငှါ မစွမ်းနိုင်၊ မင်းမြတ် ဤအတူသာလျှင် အရဟတ္တဖိုလ်သို့ ရောက်သော လူပုဂ္ဂိုလ်သည် ထိုလူ့အသွင်အပြင်ဖြင့် အရဟတ္တဖိုလ်ကို ဆောင်ခြင်းငှါ မစွမ်းနိုင်၊ ထိုအကြောင်းကြောင့် ထိုနေ့၌ပင်လျှင် ရဟန်းသော်လည်း ပြုရ၏၊ ပရိနိဗ္ဗာန်သော်လည်း ပြုရ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

နှစ်ခုမြောက် ဂိဟာရဟတ္တပဉှာ ပြီး၏။

---

## ၃-ခီဏာသဝသတိသမ္မောသပဉှာ

(ရဟန္တာနှင့် သတိမေ့လျော့မှုပြဿနာ)

၃။ အသျှင်ဘုရားနာဂသေန ရဟန္တာအား သတိမေ့လျော့မှု ရှိပါသေးသလောဟု (မေးလျှောက်၏)။ မင်းမြတ် ရဟန္တာတို့သည် သတိမေ့လျော့မှုမှ ကင်းကုန်၏၊ ရဟန္တာတို့အား သတိမေ့လျော့မှု မရှိဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ရဟန္တာတို့သည် အာပတ်သင့်ပါသေးသလောဟု (လျှောက်၏)။ မင်းမြတ် အာပတ်သင့်သေး၏ဟု (မိန့်တော်မူ၏)။ အဘယ်အကြောင်းကြောင့် အာပတ်သင့်ပါသနည်းဟု (လျှောက်၏)။ မင်းမြတ် ကုဋိကာရသိက္ခာပုဒ်ကြောင့်၎င်း အောင်တမန်အလုပ် သဉ္စရိတ္တသိက္ခာပုဒ်ကြောင့်၎င်း နေလွဲသောအခါ၌ နေမလွဲသေးဟူသော အမှတ်သညာကြောင့်၎င်း (စားဖွယ်ကို) တားမြစ်မိရာ၌ မတားမြစ်မိဟူသော အမှတ်သညာကြောင့်၎င်း အတိုရိက် ဝိနည်းကံ မပြုရသေးပဲ အတိုရိက်ဝိနည်းကံ ပြု၏ဟူသော အမှတ်သညာကြောင့်၎င်း အာပတ်သင့်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "အာပတ်သင့်ခြင်းသို့ ရောက်ကုန်သော ထိုရဟန်းတို့သည် မရိုသေခြင်းကြောင့်၎င်း မသိခြင်းကြောင့်၎င်း နှစ်ပါးသော အကြောင်းတို့ကြောင့် သင့်ကုန်၏"ဟု အသျှင်ဘုရားတို့ ဆိုတော်မူကြပါကုန်၏၊ အသျှင်ဘုရား ရဟန္တာအား (သိက္ခာပုဒ်ကို)မရိုသေမှု ရှိပါသေးသလော ယင်းမရိုသေမှုဟူသော အကြောင်းကြောင့် ရဟန္တာအား အာပတ်သင့်ပါသေးသလောဟု (မေးလျှောက်၏)။ မင်းမြတ် မသင့်ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရားနာဂသေန ရဟန္တာသည် အာပတ်သင့်ခြင်းသို့ အကယ်၍ ရောက်သည်ဖြစ်အံ့၊ ရဟန္တာအား သိက္ခာပုဒ်ကို မရိုသေမှု မရှိသည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ ရဟန္တာပုဂ္ဂိုလ်အား သတိမေ့လျော့ခြင်း ရှိသေးသည် မဟုတ်ပါလောဟု (မေးလျှောက်၏)။ မင်းမြတ် ရဟန္တာအား သတိမေ့လျော့မှု မရှိ၊ ရဟန္တာသည် အာပတ်သင့်ခြင်းသို့ကား ရောက်သေး၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား သို့ဖြစ်မူ အကြောင်းဖြင့် အကျွန်ုပ်ကို သိစေတော်မူပါလော့၊ ထိုသတိသမ္မောသ မရှိပဲ အာပတ်သင့်ရာ၌ အကြောင်းကား အဘယ်ပါနည်းဟု (လျှောက်၏)။ မင်းမြတ် ညစ်နွမ်းမှု အပြစ်တို့သည် လောကပြစ် ပညတ်တော်ပြစ်ဟု နှစ်ပါးရှိကုန်၏။ မင်းမြတ် လောကပြစ်သည် အဘယ်နည်းဟူမူ—အကုသိုလ် ကမ္မပထတရားဆယ်ပါးတို့တည်း၊ ဤအကုသလကမ္မပထတရားဆယ်ပါးကို လောကပြစ်ဟု ဆိုအပ်၏၊ ပညတ်တော်ပြစ်သည် အဘယ်နည်းဟူမူ—လောက၌ လူတို့အား အပြစ်မရှိစေကာမူ ရဟန်းတို့အားသာ မလျောက်ပတ် မလျော်ကန်သောအမှု၌ မြတ်စွာဘုရားသည် တပည့်သာဝကတို့အား "အသက်ထက်ဆုံး မလွန်ကျူးအပ်"ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ မင်းမြတ် နေလွဲညစာ စားခြင်းသည် လူ၌ အပြစ်မရှိ၊ ထိုနေလွဲညစာ စားခြင်းသည် မြတ်စွာဘုရား သာသနာတော်၌ကား အပြစ်ရှိ၏၊ မင်းမြတ် မြက်သစ်ပင်အပေါင်းကို ဖျက်ဆီးခြင်းသည် လူ၌ အပြစ်မရှိ၊ ထိုဖျက်ဆီးခြင်းသည် မြတ်စွာဘုရား သာသနာတော်၌ကား အပြစ်ရှိ၏၊ မင်းမြတ် ရေ၌ ရွှင်မြူးကစားခြင်းသည် လူ၌အပြစ်မရှိ၊ ထိုရေ၌ရွှင်မြူး ကစားခြင်းသည် မြတ်စွာဘုရား သာသနာတော်၌ကား အပြစ်ရှိ၏၊ မင်းမြတ် ဤသို့ ဤသို့သဘောရှိကုန်သော အမှုတို့သည် မြတ်စွာဘုရား သာသနာတော်၌ အပြစ်တို့တည်း၊ ဤအမှုကို ပညတ်တော်ပြစ်ဟု ဆိုအပ်၏၊ လောကပြစ်ကို ရဟန္တာပုဂ္ဂိုလ်သည် လွန်ကျူး၍ ကျင့်ခြင်းငှါ မထိုက်။ ပညတ်တော်ပြစ်ကိုမူကား ရဟန္တာသည် မသိသည်ဖြစ်၍ ရောက်သော်ရောက်ရာ၏၊ မင်းမြတ် အချို့သောရဟန္တာအား အလုံးစုံကိုသိခြင်းငှါ အရာအခွင့်မဟုတ်ချေ၊ ထိုရဟန္တာအား အလုံးစုံကို သိခြင်းငှါ အားအစွမ်းသည် မရှိနိုင်ပေ၊ မင်းမြတ် ရဟန္တာသည် မိန်းမယောကျ်ားတို့၏ အမည်ကိုရင်း အနွယ်ကိုရင်း မသိအပ် မသိနိုင်ပေ၊ထိုရဟန္တာသည် မြေအပြင်၌လည်း လမ်းခရီးကို မသိနိုင်ပေ၊ မင်းမြတ် အချို့သော ရဟန္တာသည် မဂ်ဖိုလ်နိဗ္ဗာန်ကိုသာ သိနိုင်ရာ၏၊ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသောရဟန္တာသည် မိမိ၏အရာကို သိနိုင်ရာ၏၊ မင်းမြတ် သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်သော မြတ်စွာဘုရားသည်သာ အလုံးစုံကို သိမြင်နိုင်ပေ၏ဟု (ဖြေတော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

သုံးခုမြောက် ခီဏာသဝသတိသမ္မောသပဥ္စာ ပြီး၏။

---

## ၄-လောကေနတ္ထိဘာဝပဥ္စာ

### (လောက၌မရှိသောဝတ္ထု ပြဿနာ)

၄။ အသျှင်ဘုရားနာဂသေန လောက၌ မြတ်စွာဘုရားတို့သည် ထင်ရှားရှိကုန်၏၊ပစ္စေကဗုဒ္ဓါတို့သည် ထင်ရှားရှိကုန်၏၊မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် ထင်ရှားရှိကုန်၏၊ စကြဝတေးမင်းတို့သည် ထင်ရှားရှိကုန်၏၊ ပဒေသရာဇ်မင်းတို့သည် ထင်ရှားရှိကုန်၏၊နတ်လူတို့သည် ထင်ရှားရှိကုန်၏၊ ဥစ္စာရှိသောသူတို့သည် ထင်ရှားရှိကုန်၏၊ ဥစ္စာမရှိသောသူတို့သည် ထင်ရှားရှိကုန်၏၊

http://www.dhammadownload.com



ကောင်းသော သဘောရှိသောသူတို့သည် ထင်ရှားရှိကုန်၏၊ မကောင်းသော သဘောရှိသောသူတို့သည် ထင်ရှားရှိကုန်၏၊ ယောကျ်ားအား ဣတ္ထိလိင်ဖြစ်ပေါ်လာခြင်းသည် ထင်ရှားရှိ၏၊ မိန်းမအား ပုရိသလိင်ဖြစ်ပေါ်လာခြင်းသည် ထင်ရှားရှိ၏၊ ကောင်းစွာ ပြုအပ် မကောင်းသဖြင့် ပြုအပ်သောကံသည် ထင်ရှားရှိ၏၊ ကောင်းသောကံ မကောင်းသောကံတို့၏ အကျိုးကို ခံစားကုန်သော သတ္တဝါတို့သည် ထင်ရှားရှိကုန်၏၊ လောက၌ အဥ၌ဖြစ်သော သတ္တဝါ သားအိမ်၌ဖြစ်သောသတ္တဝါ ရေညှိစသည်၌ဖြစ်သောသတ္တဝါ ကိုယ်ထင်ရှားဖြစ်ကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အခြေမရှိကုန်သောသတ္တဝါ အခြေနှစ်ချောင်းရှိကုန်သောသတ္တဝါ အခြေလေးချောင်းရှိကုန်သောသတ္တဝါ အခြေများစွာရှိကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ လောက၌ ဘီလူး ရက္ခိုသ် ကုမ္ဘဏ် အသုရာ ဒါနဝ ဂန္ဓဗ္ဗနတ် ပြိတ္တာ မြေဘုတ်ဘီလူးတို့သည် ရှိကုန်၏၊ကိန္နရာ မြွေကြီး နဂါး ဂဠုန် သိဒ္ဓနတ်မျိုး ဝိဇ္ဇာဓိုရ်တို့သည် ရှိကုန်၏၊ဆင် မြင်း နွား ကျွဲ ကုလားအုတ် မြည်း ဆိတ်နှင့်သိုး သမင် ဝက် ခြင်္သေ့ ကျားသစ် ဝံ တောခွေး အောင်း အိမ်ခွေး မြေခွေးတို့သည် ရှိကုန်၏၊ များသော အပြားရှိကုန်သော ငှက်တို့သည် ရှိကုန်၏၊ ရွှေ ငွေ ပုလဲ ပတ္တမြား ခရုသင်း ကျောက်သလင်း သန္တာ ပတ္တမြားနီ ပတ္တမြားပြောက် ကြောင်မျက်ရွဲ စိန် ဖလ် ကြေးမည်း ကြေးနီ ကြေးပုပ် ကြေးဖြူတို့သည် ရှိကုန်၏၊ ခေါမအထည် ပိုးချည်ထည် ဝါချည်ထည် လျှော်မြှင်အထည် ရောစပ်၍ ရက်သောအထည် သားမွေးကမ္ဗလာအထည်သည် ရှိ၏၊ သလေးစပါး ကောက်စပါး မုယောစပါး ဆတ်စပါး လူး ပြောင်း နတ်ကောက် ပဲနောက် ပဲကြီး နှမ်း ကုလားပဲသည် ရှိ၏၊ အမြစ်နံ့သာ အနှစ်နံ့သာ အကာနံ့သာ အခေါက်နံ့သာ အရွက်နံ့သာ အပွင့်နံ့သာ အသီးနံ့သာ အလုံးစုံသောနံ့သာသည် ရှိ၏၊ မြက် နွယ်ခြုံ သစ်ပင် ဆေးပင် တောစိုးသစ်ပင် မြစ် တောင် သမုဒ္ဒရာ ငါးလိပ်တို့သည် ရှိကုန်၏၊လောက၌ အလုံးစုံသည် ရှိ၏၊အသျှင်ဘုရား လောက၌ မရှိသောအရာကို အကျွန်ုပ်အား ပြောကြားတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် လောက၌ ဤသုံးမျိုးတို့သည် မရှိကုန်၊ အဘယ်သုံးမျိုးတို့နည်းဟူမူကား— စိတ်စေတနာရှိသည်မူလည်းဖြစ်စေစိတ်စေတနာ မရှိသည်မူလည်းဖြစ်စေ မအိုမသေရသောအရာမျိုးသည် လောက၌ မရှိ၊ သင်္ခါရတရားတို့၏ မြဲသောအဖြစ်သည် မရှိ၊ မဖောက်မပြန် အမှန်သဘော 'ပရမတ္ထ'အားဖြင့် သတ္တဝါဟု ရနိုင်ခြင်းမရှိ၊ မင်းမြတ် ဤသုံးမျိုးသောအရာတို့သည် လောက၌ မရှိကုန်ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

လေးခုမြောက် လောကေနတ္ထိဘာဝပဉှာ ပြီး၏။

---

## ၅-အကမ္မဇာဒိပဉှာ

### (ကံစသည်ကြောင့် မဖြစ်သောအရာဝတ္ထုပြဿနာ)

၅။ အသျှင်ဘုရားနာဂသေန လောက၌ ကံကြောင့်ဖြစ်သော အရာတို့သည် ထင်ရှားရှိကုန်၏၊ အကြောင်းကြောင့်ဖြစ်ကုန်သော အရာတို့သည် ထင်ရှားရှိကုန်၏၊ ဥတုကြောင့် ဖြစ်ကုန်သော အရာတို့သည် ထင်ရှားရှိကုန်၏၊ လောက၌ အကြင်အရာသည် ကံကြောင့် မဖြစ်၊ အကြောင်း

http://www.dhammadownload.com



ကြောင့် မဖြစ်၊ ဥတုကြောင့် မဖြစ်၊ ထိုအရာကို အကျွန်ုပ်အား ဟောကြားတော်မူပါလော့ဟု (လျှောက်၏)။ မင်းမြတ် လောက၌ ဤနှစ်ပါးတို့သည် ကံကြောင့်လည်း မဖြစ်ကုန်၊ အကြောင်းကြောင့်လည်း မဖြစ်ကုန်၊ ဥတုကြောင့်လည်း မဖြစ်ကုန်။ အဘယ်နှစ်ပါးတို့နည်းဟူမူ—မင်းမြတ် ကောင်းကင်သည် ကံကြောင့်လည်း မဖြစ်၊ အကြောင်းကြောင့်လည်း မဖြစ်၊ ဥတုကြောင့်လည်း မဖြစ်၊ မင်းမြတ် နိဗ္ဗာန်သည် ကံကြောင့်လည်း မဖြစ်၊ အကြောင်းကြောင့်လည်း မဖြစ်၊ ဥတုကြောင့်လည်း မဖြစ်။ မင်းမြတ် ဤနှစ်ပါးတို့သည် ကံကြောင့်လည်း မဖြစ်ကုန်၊ အကြောင်းကြောင့်လည်း မဖြစ်ကုန်၊ ဥဘုကြောင့်လည်း မဖြစ်ကုန်ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန မြတ်စွာဘုရား စကားတော်ကို မချေဖျက်ပါလင့်၊ မသိပဲလျက် ပြဿနာကို မဖြေဆိုပါလင့်ဟု (လျှောက်၏)။မင်းမြတ် သင်မင်းမြတ်သည် ငါ့ကို "အသျှင်ဘုရားနာဂသေန မြတ်စွာဘုရား စကားတော်ကို မချေဖျက်ပါလင့်၊ မသိပဲလျက် ပြဿနာကို မဖြေပါလင့်"ဟု ဆိုဘိ၏၊ ငါသည် အသို့ဆိုရအံ့နည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန "ကောင်းကင်သည် ကံကြောင့်လည်း မဖြစ်၊ အကြောင်းကြောင့်လည်း မဖြစ်၊ ဥတုကြောင့်လည်း မဖြစ်"ဟု ရှေးဦးစွာ ဤစကားကို ဆိုခြင်းငှါ သင့်တန်ပါစေ၊ အသျှင်ဘုရားနာဂသေန အရာမက များစွာကုန်သော အကြောင်းတို့ဖြင့် မြတ်စွာဘုရားသည် တပည့်သာဝကတို့အား နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ အကြောင်းဖြစ်သော မဂ်ကို ဟောတော်မူအပ်ပါ၏၊ ထိုသို့ ဟောအပ်ပါလျက် အသျှင်ဘုရားက "နိဗ္ဗာန်သည် အကြောင်းကြောင့် မဖြစ်"ဟု ဆိုဘိ၏ဟု (လျှောက်၏)။ မင်းမြတ် မြတ်စွာဘုရားသည် အရာမကများစွာသော အကြောင်းတို့ဖြင့် တပည့်သာဝကတို့အား နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှါ အကြောင်းဖြစ်သော မဂ် ကို ဟောတော်မူသည်ကား မှန်ပေ၏၊ ထိုသို့ ဟောသော်လည်း နိဗ္ဗာန်၏ ဖြစ်ကြောင်းကိုကား မဟောပေဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ဤအရာ၌ အကျွန်ုပ်တို့သည် အမိုက်မှောင်ထက် အလွန်မိုက်သော မှောင်မိုက်ကြီးသို့ ဝင်ရပါကုန်၏ တောဘကာထက် အလွန်နက်သော တောကြီးသို့ ဝင်ရပါကုန်၏၊ အရှုပ်တကာထက် ရှုပ်သော အရှုပ်သို့ ဝင်ရပါကုန်၏၊ အကြင့်ကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ အကြောင်းရှိ၏၊ ထိုနိဗ္ဗာန်ဘရား၏ ဖြစ်ကြောင်းသည်ကား မရှိ၊ အသျှင်ဘုရားနာဂသေန နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ အကြောင်းသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ထိုသို့ ရှိပါမူ နိဗ္ဗာန်၏ ဖြစ်ကြောင်းကိုလည်း အလိုရှိအပ်ပါ၏။

အသျှင်ဘုရားနာဂသေန ဥပမာသော်ကား သား၏အဖသည် ရှိ၏ ထို (သား၏အဖရှိသော) ကြောင့် အဖ၏ အဖကိုလည်း အလိုရှိအပ်ပေ၏၊ ဥပမာတနည်းသော်ကား တပည့်၏ ဆရာသည် ရှိ၏၊ ထို(သို့တပည့်၏ ဆရာရှိသော)ကြောင့် ဆရာ၏ ဆရာကိုလည်း အလိုရှိအပ်၏၊ ဥပမာတနည်းသော်ကား အညွန့်အညောက်၏ မျိုးစေ့သည် ရှိ၏၊ ထိုကြောင့် မျိုးစေ့၏ မျိုးစေ့ကိုလည်း အလိုရှိအပ်၏၊ အသျှင်ဘုရားနာဂသေန ဤအတူသာလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ အကြောင်းသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ထိုအကြောင်းကြောင့် နိဗ္ဗာန်၏ဖြစ်ကြောင်းကိုလည်း အလိုရှိအပ်၏။

ဥပမာတနည်းသော်ကား သစ်ပင်၏ရင်း နွယ်၏ရင်း အဖျားသည် ရှိခဲ့သော် ထိုအကြောင်းကြောင့် အလယ်သည်လည်း ရှိ၏၊ အရင်းသည်လည်း ရှိ၏၊ အသျှင်ဘုရားနာဂသေန ဤအတူ

http://www.dhammadownload.com



သာလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၏ အကြောင်းသည် အကယ်၍ရှိသည်ဖြစ်အံ့၊ ထိုအကြောင်းကြောင့် နိဗ္ဗာန်၏ ဖြစ်ကြောင်းကိုလည်း အလိုရှိအပ်ပါ၏ဟု (လျှောက်၏)။

မင်းမြတ် နိဗ္ဗာန်ကို တစုံတခုသော အကြောင်းက မဖြစ်စေအပ်၊ ထို့ကြောင့် နိဗ္ဗာန်၏ ဖြစ်ကြောင်းကို ဟောတော်မမူအပ်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန တိုက်တွန်းပါ၏ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၏သာ အကြောင်းရှိ၍ နိဗ္ဗာန်၏ ဖြစ်ကြောင်းသည်ကား မရှိဟု သိနိုင်ရသော အကြောင်းကိုပြလျက် အကျွန်ုပ်အား သိစေတော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် ထိုသို့သိလိုမှုကား ရှိသေစွာ နားထောင်လော့၊ ကောင်းစွာ နာလော့၊ ထိုအရာ၌ အကြောင်းကို ဟောပေအံ့၊ မင်းမြတ် ယောကျ်ားသည် ပကတိသော အင်အားဖြင့် ဤအရပ်မှ ဟိမဝန္တာတောင်မင်းသို့ ချဉ်းကပ်ခြင်းငှါ စွမ်းနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား စွမ်းနိုင်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုယောကျ်ားသည် ပကတိသော အင်အားဖြင့် ဟိမဝန္တာတောင်မင်းကို ဤအရပ်သို့ ဆောင်ယူခြင်းငှါ စွမ်းနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မစွမ်းနိုင်ရာပါဟု(လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၏ အကြောင်းဖြစ်သော မဂ်ကို ဟောကြားခြင်းငှါ တတ်နိုင်ကောင်း၏၊ နိဗ္ဗာန်၏ ဖြစ်ကြောင်းကို ပြခြင်းငှါကား မတတ်ကောင်း။

မင်းမြတ် ယောကျ်ားသည် ပကတိသော အင်အားဖြင့် မဟာသမုဒ္ဒရာကို လှေဖြင့်ကူး၍ ထိုမှာဖက်ကမ်းသို့ သွားခြင်းငှါ တတ်ကောင်းရာ သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား တတ်ကောင်းရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုယောကျ်ားသည် ပကတိသော အင်အားဖြင့် မဟာသမုဒ္ဒရာ၏ ထိုမှာဖက်ကမ်းကို ဤအရပ်သို့ ဆောင်ယူခြင်းငှါ တတ်ကောင်းရာ သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မတတ်ကောင်းရာ ပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၏ အကြောင်းဖြစ်သောမဂ်ကို ဟောကြားခြင်းငှါ တတ်ကောင်း၏၊ နိဗ္ဗာန်၏ဖြစ်ကြောင်းကို ပြခြင်းငှါကား မတတ်ကောင်း၊ အဘယ်အကြောင်းကြောင့်နည်းဟူမူ—နိဗ္ဗာန်တရား၏ အသင်္ခတဖြစ်သောကြောင့် တည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန နိဗ္ဗာန်ကို အကြောင်းတရားလေးပါးတို့က မပြုပြင်အပ်ပါသလောဟု (မေးတော်မူ၏)။ မင်းမြတ် နိဗ္ဗာန်ကို အကြောင်းတရား လေးပါးတို့က မပြုပြင်အပ်၊ နိဗ္ဗာန်ကို တစုံတခုသောအကြောင်းတရားတို့က မပြုပြင်အပ်၊ မင်းမြတ် နိဗ္ဗာန်ကို ခဏတ္တယသို့ ရောက်ဆဲ 'ဥပ္ပန္န' ဟူ၍ရင်း ခဏတ္တယသို့ ရောက်ပြီး ရောက်ဆဲမဟုတ်ဟူ၍ရင်း မချတ်ဖြစ်လတ္တံ့ဟူ၍ရင်း အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူ၍ရင်း စက္ခုဝိညာဏ်ဖြင့်သိအပ်၏ဟူ၍ရင်း သောတဝိညာဏ်ဖြင့် သိအပ်၏ဟူ၍ရင်း ဃာနဝိညာဏ်ဖြင့် သိအပ်၏ ဟူ၍ရင်း ဇိဝှါဝိညာဏ်ဖြင့် သိအပ်၏ဟူ၍ရင်း ကာယဝိညာဏ်ဖြင့် သိအပ်၏ဟူ၍ရင်း မဆိုအပ်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန နိဗ္ဗာန်သည် အကယ်၍ ခဏတ္တယသို့ ရောက်ဆဲ 'ဥပ္ပန္န' မဟုတ်ခဲ့မူ ခဏတ္တယသို့ရောက်ပြီး ရောက်ဆဲမဟုတ်သော အနုပ္ပန္နမဟုတ်ခဲ့မူ မချတ်ဖြစ်လတ္တံ့ မဟုတ်ခဲ့မူ အတိတ် အနာဂတ် ပစ္စုပ္ပန် မဟုတ်ခဲ့မူ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်ဖြင့် သိအပ်သော တရားမဟုတ်ခဲ့မူ အသျှင်ဘုရားနာဂသေန ထိုသို့ မဟုတ်သောကြောင့် အသျှင်ဘုရားတို့

http://www.dhammadownload.com



သည် မရှိသောတရားသည် နိဗ္ဗာန်ပင်တည်း "နိဗ္ဗာန်သည် မရှိ"ဟု ညွှန်ပြတော်မူပါကုန်လော့ဟု (လျှောက်၏)။ မင်းမြတ် နိဗ္ဗာန်သည် ရှိပေ၏၊ နိဗ္ဗာန်ကို မနေ့ဝိညာဏ်ဖြင့် သိအပ်၏၊ အထူးသဖြင့် စင်ကြယ်သော မွန်မြတ်သော ဖြောင့်မတ်သော ကမ္ဘာဝရဏ စသည်အပိတ်အပင်ကင်းသော ကာမဂုဏ် (အာမိသ) ကင်းသော စိတ်ဖြင့် ကောင်းစွာကျင့်သော အရိယသာဝကသည် နိဗ္ဗာန်ကို မြင်ရ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကြင်နိဗ္ဗာန်ကို ဥပမာတို့ဖြင့် ကောင်းစွာပြအပ်၏၊ ထိုနိဗ္ဗာန်သည် အဘယ်သို့ သဘောရှိပါသနည်း၊ ဥပမာတို့ဖြင့် ကောင်းစွာပြအပ်သော နိဗ္ဗာန်ကို အကြောင်းတို့ဖြင့် အကျွန်ုပ်အား သိစေတော်မူပါလော့၊ ထိုနိဗ္ဗာန်သည် အသို့ဖြစ်လေသနည်းဟု (မေးလျှောက်၏)။မင်းမြတ် လေမည်သည် ရှိ၏ မဟုတ်လောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ရှိပါ၏ဟု (လျှောက်၏)။ မင်းမြတ် ငါတိုက်တွန်း၏၊ လေကို အဆင်းအားဖြင့်ငှင်း သဏ္ဌာန်အားဖြင့်ငှင်း ပြပါလော့၊ ငယ်သလော ကြီးသလော ရှည်သလော တိုသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရားနာဂသေန လေကို (အဆင်းသဏ္ဌာန်စသည်ဖြင့်) ညွှန်ပြခြင်းငှါ မတတ်ကောင်းပါ၊ ထိုလေသည် လက်ဖြင့် ဆုပ်ကိုင်နိုင်ခြင်းသို့ငှင်း သုံးသပ်ဆုပ်နယ်နိုင်ခြင်းသို့ငှင်း မရောက်နိုင်ပါ၊ထိုသို့ မရောက်နိုင်သော်လည်း ထိုလေသည် ရှိပါ၏ဟု(လျှောက်၏)။မင်းမြတ် လေကို (အဆင်းသဏ္ဌာန်စသည်ဖြင့်)ပြခြင်းငှါ အကယ်၍ မတတ်ကောင်းသည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ လေသည် မရှိသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အကျွန်ုပ်သည် လေရှိ၏ဟု သိရပါ၏၊ လေရှိ၏ဟု အကျွန်ုပ်၏ နှလုံး၌ မြစ်စွဲနေပါ၏၊ သို့ပင်သိပါသော်လည်း အကျွန်ုပ်သည် လေကို (အဆင်းသဏ္ဌာန်စသည်ဖြင့်) ပြခြင်းငှါ မတတ်နိုင်ပါဟု (လျှောက်၏)။မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် ရှိ၏၊ထိုသို့ရှိသော်လည်း နိဗ္ဗာန်ကို အဆင်းအားဖြင့်ငှင်း သဏ္ဌာန်အားဖြင့်ငှင်း ပြခြင်းငှါ မတတ်ကောင်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဥပမာကို ကောင်းစွာ ပြအပ်ပါပေ၏၊ အကြောင်းကို ကောင်းစွာ ထုတ်ပြတော်မူပါပေ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ငါးခုမြောက် အကမ္မဇာဒိပဥ္စာ ပြီး၏။

---

## ၆-ကမ္မဇာဒိပဥ္စာ

### (ကံစသည်ကြောင့်ဖြစ်သော အရာဝတ္ထုပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန ဤတရားအပေါင်းတို့တွင် အဘယ်တရားတို့သည် ကံကြောင့် ဖြစ်ပါကုန်သနည်း၊ အဘယ်တရားတို့သည် အကြောင်းကြောင့် ဖြစ်ပါကုန်သနည်း၊ အဘယ်တရားတို့သည် ဥတုကြောင့် ဖြစ်ပါကုန်သနည်း၊ အဘယ်တရားတို့သည် ကံကြောင့် မဖြစ်ပါကုန်သနည်း၊ အကြောင်းကြောင့် မဖြစ်ပါကုန်သနည်း ဥတုကြောင့် မဖြစ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် စိတ်စေတနာရှိကုန်သော အကြင်အမှတ်မရှိသော သတ္တဝါတို့သည် ရှိကုန်၏၊ ထိုအလုံးစုံသောသတ္တဝါတို့သည်ကံကြောင့်ဖြစ်ကုန်၏၊ မီးသည်ငှင်း အလုံးစုံသော မျိုးစေ့အပေါင်းတို့သည်ငှင်း အကြောင်းကြောင့် ဖြစ်ကုန်၏၊ မြေသည်ငှင်း တောင်တို့သည်ငှင်း ရေသည်ငှင်း လေသည်ငှင်း

http://www.dhammadownload.com



ထိုအလုံးစုံတို့သည် ဥတုကြောင့်ဖြစ်ကုန်၏၊ ကောင်းကင်သည်ရှင်း နိဗ္ဗာန်သည်ရှင်း ဤနှစ်ပါးတို့သည် ကံကြောင့်လည်း မဖြစ်ကုန်၊ အကြောင်းကြောင့်လည်း မဖြစ်ကုန်၊ ဥတုကြောင့်လည်း မဖြစ်ကုန်၊ မင်းမြတ် နိဗ္ဗာန်ကိုကား ကံကြောင့်ဖြစ်၏ဟူ၍ရှင်း အကြောင်းကြောင့်ဖြစ်၏ဟူ၍ရှင်း ဥတုကြောင့်ဖြစ်၏ဟူရှင်း ခဏတ္တယသို့ရောက်ဆဲ 'ဥပ္ပန္န'ဟူ၍ရှင်း ခဏတ္တယသို့ရောက်ပြီး ရောက်ဆဲ မဟုတ် 'အနုပ္ပန္န' ဟူ၍ရှင်း မချွတ်ဖြစ်လတ္တံ့ 'ဥပ္ပါဒနိယ' ဟူ၍ရှင်း အတိတ် ဟူ၍ရှင်း အနာဂတ်ဟူ၍ရှင်း ပစ္စုပ္ပန်ဟူ၍ရှင်း စက္ခုဝိညာဏ်ဖြင့် သိအပ်၏ဟူ၍ရှင်း သောတဝိညာဏ်ဖြင့် သိအပ်၏ဟူ၍ရှင်း ဃာနဝိညာဏ်ဖြင့် သိအပ်၏ဟူ၍ရှင်း ဇိဝှါဝိညာဏ်ဖြင့် သိအပ်၏ဟူ၍ရှင်း ကာယဝိညာဏ်ဖြင့် သိအပ်၏ဟူ၍ရှင်း မဆိုအပ် မဆိုထိုက်၊ မင်းမြတ် စင်စစ်သော်ကား နိဗ္ဗာန်ကို မနောဝိညာဏ်ဖြင့် သိအပ်၏၊ အကြင် နိဗ္ဗာန်သည် ရှိ၏၊ ထိုနိဗ္ဗာန်ကို ကောင်းစွာကျင့်သော အရိယသာဝကသည် အထူးသဖြင့် စင်ကြယ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မြင်ရ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ပြဿနာကို ကောင်းစွာ ဆုံးဖြတ်တော်မူအပ်သည်ဖြစ်၍ နှစ်သက်ဖွယ်ရှိလှပါပေ၏(အကျွန်ုပ်သည်) ယုံမှားကင်းရပါပေ၏၊ ကေန်ဟု ဆုံးဖြတ်နိုင်ခြင်းသို့ ရောက်ရပါပေ၏၊ ဂိုဏ်းဆရာမြတ်တို့ထက် မြတ်သော အသျှင်ဘုရားကို ဆည်းကပ်ရ၍ ယုံမှားကင်းပြတ်ရပါပြီဟု (လျှောက်၏)။

ခြောက်ခုမြောက် ကမ္မဇာဒိပဉှာ ပြီး၏။

---

## ၇-ယက္ခပဉှာ

### (ဘီလူးရှိ မရှိပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန လောက၌ ဘီလူးတို့မည်သည် ရှိပါကုန်သလောဟု(မေးလျှောက်၏)။ မင်းမြတ် လောက၌ ဘီလူးတို့မည်သည် ရှိကုန်၏ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရား ထိုဘီလူးတို့သည် ထိုဘီလူးမျိုးမှ စုတေကြပါကုန်သလောဟု (မေးလျှောက်၏)။ မင်းမြတ် ထိုဘီလူးတို့သည် ထိုဘီလူးမျိုးမှ စုတေကြပါကုန်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန သေကုန်သော ထိုဘီလူးတို့၏ ကိုယ်ကောင်ကို အဘယ့်ကြောင့် မတွေ့မြင်ရပါသနည်း၊ အပုပ်နံ့သည်လည်း အဘယ့်ကြောင့် မလှိုင်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် သေကုန်သော ဘီလူးတို့၏ ကိုယ်ကောင်ကို တွေ့မြင်ရ၏၊ ထိုဘီလူးတို့၏ အပုပ်နံ့သည်လည်း လှိုင်၏၊ မင်းမြတ် သေကုန်သော ဘီလူးတို့၏ကိုယ်ကောင်ကို ပိုးကောင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ပေါက်ဖတ်အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ခြပုန်းအသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ပိုးနံ့ကောင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ မြွေအသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ကင်းမြီးကောက်အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ကင်းခြေများ အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ငှက်အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ သမင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အသျှင်ဘုရားကဲ့သို့သော ပညာရှိကို ဖယ်ထား၍ အခြားအဘယ်သူသည် ဤမေးအပ်သောပြဿနာကို ဖြေဆိုနိုင်ရာအံ့နည်းဟု (လျှောက်၏)။

ခုနစ်ခုမြောက် ယက္ခပဉှာ ပြီး၏။

http://www.dhammadownload.com



## ၈-အနဝသေသသိက္ခာပဒပဥှာ

(သိက္ခာပုဒ်ကို အကြွင်းမဲ့ ပညတ်ခဲ့ခြင်းပြဿနာ)

၈။ အသျှင်ဘုရားနာဂသေန ဆေးသမားတို့၏ ရှေးဦးဖြစ်ကုန်သော ဆရာကြီးတို့သည် ရှိကုန်၏။ အဘယ်ဆရာကြီးတို့နည်းဟူမူ—နာရဒဆေးဆရာကြီး ဓန္နန္တရိဆေးဆရာကြီး အင်္ဂီရသဆေးဆရာကြီး ကပိလဆေးဆရာကြီး ကဏ္ဍရဂ္ဂိသာမဆေးဆရာကြီး အတုလဆေးဆရာကြီး ပုဗ္ဗကစ္စာယန ဆေးဆရာကြီးတို့တည်း၊ ထိုအလုံးစုံသော ဆရာကြီးတို့သည် တကြိမ်သာလျှင် ရောဂါ၏ဖြစ်ပေါ်ခြင်းကိုရင်း ရောဂါ၏ဖြစ်ကြောင်းကိုရင်း ရောဂါ၏သဘာဝကိုရင်း ရောဂါ ဖြစ်စေတတ်သော ဝတ္ထုကိုရင်း ဆေးကုသခြင်းကိုရင်း ရောဂါ(အထ အကြွ အတိုး အဆုတ်)အမှုအရာကိုရင်း ဆေးဖြင့်ကုသ၍ ပြီး မပြီးကိုရင်း ထိုအလုံးစုံကို အကြွင်းမဲ့သိကုန်ပြီး၍ "ဤကိုယ်၌ ဤမျှလောက်ကုန်သော ရောဂါတို့သည် ဖြစ်ကုန်လတ္တံ့"ဟု တပြိုင်နက် ဉာဏ်၌ ပေါင်းစုစွဲယူခြင်းကိုပြု၍ ဆေးကျမ်းကို စီကုံးဖွဲ့ထားကုန်ပြီ၊ ဤဆရာအားလုံးတို့သည် သဗ္ဗညုမဟုတ်ကုန် (အလုံးစုံကို မသိကုန်)၊ မြတ်စွာဘုရားသည် အလုံးစုံသောတရားတို့ကို သိသောသဗ္ဗညုဖြစ်ပါလျက် မရောက်သေးသော ပြုဘွယ်ကိစ္စမျိုးကို ဘုရားဉာဏ်တော်ဖြင့် သိတော်မူ၍ "ဤရွေ့ ဤမျှသော အကြောင်းကြောင့် ဤရွေ့ ဤမျှလောက်သော သိက္ခာပုဒ်ကို ပညတ်အပ်သည်ဖြစ်လတ္တံ့"ဟု ပိုင်းခြားလျက် အကြွင်းမရှိသောအားဖြင့် သိက္ခာပုဒ်ကို အဘယ့်ကြောင့် ပညတ်တော်မမူပါသနည်း၊ (ပညတ်ရန်) အကြောင်းဖြစ်ပေါ်မှ အရှိန်အစော်မဲ့ဖြစ်ပေါ် ထင်ရှားလာမှ အပြစ်ပြန့်ပွါးလျက် များစွာဖြစ်မှ လူတို့ကဲ့ရဲ့ကုန်မှ ထိုထိုအခါ၌သာ တပည့်သာဝကတို့အား သိက္ခာပုဒ်ကို အဘယ့်ကြောင့် ပညတ်တော်မူရပါသနည်းဟု(လျှောက်၏)။

မင်းမြတ် မြတ်စွာဘုရားသည် "ယခုအခါ ဤလူတို့၌ တရာ့ငါးဆယ်ကျော်သော သိက္ခာပုဒ်ကို ပညတ်အပ်သည်ဖြစ်လတ္တံ့"ဟု ဤအကြောင်းကို သိတော်မူအပ်၏၊ ထိုသို့ သိတော်မူသော်လည်း မြတ်စွာဘုရားအား ဤသို့ အကြံဖြစ်တော်မူ၏ "ငါဘုရားသည် တရာ့ငါးဆယ် ကျော်သော သိက္ခာပုဒ်ကို အကယ်၍ တပြိုင်နက် ပညတ်လိုက်မူ လူများအပေါင်းသည် ဤသာသနာတော်၌ စောင့်စည်းဖွယ် များလှ၏၊အချင်းတို့ ရဟန်းဂေါတမ၏ သာသနာတော်၌ ရဟန်းပြုခြင်းငှါ ခဲယဉ်းစွတကား"ဟု ထိတ်လန့်ခြင်းသို့ ရောက်လတ္တံ့၊ ရဟန်းပြုလိုသူတို့သည်လည်း ရဟန်းမပြုကုန်လတ္တံ့၊ငါဘုရား၏ စကားကိုလည်း မယုံကြည်ကြကုန်လတ္တံ့၊ မယုံကြည်ကြကုန်သော ထိုလူတို့သည် အပါယ်သို့ လားကုန်လတ္တံ့၊ ပညတ်ရန် အကြောင်းဖြစ်ပေါ် ဖြစ်ပေါ်ကာမှ တရားဒေသနာတော်ဖြင့် သိစေ၍ အပြစ်ထင်ရှားမှ သိက္ခာပုဒ်ကို ပညတ်အံ့"ဟု အကြံဖြစ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားတို့၏ အဖြစ်သည် အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားတို့၏ အဖြစ်သည် မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် အလွန်လျှင် ကြီးကျယ်ပါပေစွ၊ အသျှင်ဘုရားနာဂသေန ဤစကားသည် ဤသို့ မိန့်တော်မူတိုင်း မှန်ပါပေ၏၊ မြတ်စွာဘုရားသည် ဤအနက်သဘောကို ဤသို့လျှင် ကောင်းစွာမြင်တော်မူပါပေ၏၊ "ဤရဟန်းဂေါတမ သာသနာတော်၌ များစွာကျင့်ရ၏"ဟု ကြားကုန်သည်ရှိသော် သတ္တဝါတို့အား ထိတ်လန့်ခြင်းဖြစ်ရာပါ၏၊တဦးတယောက်သောသူမျှလည်း မြတ်စွာဘုရားသာသနာတော်၌ ရဟန်းမပြုရာပါ၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ရှစ်ခုမြောက် အနဝသေသသိက္ခာပဒပဉှာ ပြီး၏။

http://www.dhammadownload.com



## ၉-သူရိယတပနပဉှာ

### (နေ၏ထွန်းလင်းတောက်ပမှုပြဿနာ)

၉။ အသျှင်ဘုရားနာဂသေန ဤနေသည် အခါခပ်သိမ်း ပြင်းထန်စွာ ထွန်းလင်းတောက်ပ ပါသလော၊ သို့မဟုတ် တရံတခါ၌ နုန့်နုန့်ညှင်းညှင်း ထွန်းလင်း တောက်ပ ပါသေးသလောဟု (မေးလျှောက်၏)။မင်းမြတ် ဤနေသည် အခါခပ်သိမ်း ပြင်းထန်စွာ ထွန်းလင်းတောက်ပ၏၊ တရံတခါမျှ နုန့်နုန့်ညှင်းညှင်း မထွန်းလင်း မတောက်ပပေဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန နေသည် အခါခပ်သိမ်း ပြင်းထန်စွာ အကယ်၍ ထွန်းလင်းတောက်ပ သည်ဖြစ်အံ့၊ အဘယ့်ကြောင့် နေသည် တရံခါ ပြင်းထန်စွာ ထွန်းလင်းတောက်ပပါသနည်း၊ အဘယ့်ကြောင့် တရံတခါ နုန့်နုန့်ညှင်းညှင်း ထွန်းလင်းတောက်ပပါသနည်းဟု(မေးလျှောက်၏)။ မင်းမြတ် နေ၏ရောဂါတို့သည် ဤလေးပါးတို့တည်း၊အကြင်ရောဂါတို့တွင် တပါးပါးသော ရောဂါဖြင့် နှိပ်စက်အပ်သော နေသည် နုန့်နုန့် ညှင်းညှင်း ထွန်းလင်းတောက်ပ၏၊ အဘယ်လေးပါးတို့နည်းဟူမူ—မင်းမြတ် တိမ်တိုက်သည် နေ၏ရောဂါတည်း၊ထိုရောဂါဖြင့် နှိပ်စက်အပ်သောနေသည် နုန့်နုန့် ညှင်းညှင်း ထွန်းလင်းတောက်ပ၏၊ မင်းမြတ် ဆီးနှင်းသည် နေ၏ ရောဂါတည်း၊ ထိုရောဂါဖြင့် နှိပ်စက်အပ်သော နေသည် နုန့်နုန့် ညှင်းညှင်း ထွန်းလင်းတောက်ပ၏၊ မင်းမြတ် မိုးသည် နေ၏ ရောဂါတည်း၊ထိုရောဂါဖြင့် နှိပ်စက်အပ်သော နေသည် နုန့်နုန့်ညှင်းညှင်း ထွန်းလင်းတောက်ပ၏၊ မင်းမြတ် ရာဟုအသုရိန်သည် နေ၏ ရောဂါတည်း၊ ထိုရောဂါဖြင့် နှိပ်စက်အပ်သော နေသည် နုန့်နုန့်ညှင်းညှင်း ထွန်းလင်းတောက်ပ၏၊မင်းမြတ် စင်စစ်လျှင် နေ၏ ရောဂါတို့သည် ဤလေးပါးတို့ ဖြစ်ကုန်၏၊ အကြင်ရောဂါတို့တွင် တပါးပါးသော ရောဂါဖြင့်နှိပ်စက်အပ်သော နေသည် နုန့်နုန့် ညှင်းညှင်း ထွန်းလင်းတောက်ပ၏ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရားနာဂသေန မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊တန်ခိုးနှင့်ပြည့်စုံသော နေမင်းအားလည်း ထိုမျှ လောက်သော ရောဂါသည် ဖြစ်ဘိသေး၏၊အခြားသော သတ္တဝါတို့အား ရောဂါသည် အဘယ်မှာ ဝဖြစ်ပဲ ရှိလိမ့်မည်နည်း၊ အသျှင်ဘုရားနှင့်တူသောပညာရှိကို ထား၍ အခြားသူအား ဤသို့သော မဖန်နိုင်ခြင်း မရှိပါဟု(လျှောက်၏)။

ကိုးခုမြောက် သူရိယတပနပဉှာ ပြီး၏။

---

## ၁၀-ကဌိနတပနပဉှာ

### (နေ၏ပြင်းစွာထွန်းလင်းတောက်ပမှုပြဿနာ)

၁၀။ အသျှင်ဘုရားနာဂသေန ဆောင်းတွင်း၌ နေသည် အဘယ့်ကြောင့် ပြင်းထန်စွာ ထွန်းလင်းတောက်ပပါသနည်း၊ နွေလအခါ၌ ထိုဆောင်းတွင်းအတူ အဘယ့်ကြောင့် မထွန်းလင်း မတောက်ပပါသနည်းဟု(မေးလျှောက်၏)· မင်းမြတ် နွေလအခါ၌ မြူမှုန်အညစ်အကြေးသည် အစဉ် ကပ်ငြိစုဝေး၏၊ လေကြောင့် ချောက်ချားထကြွကုန်သော မြူတို့သည် ကောင်းကင်သို့ အစဉ် တက်ရောက်ကုန်၏၊ ကောင်းကင်၌လည်း တိမ်တိုက်တို့သည် အလွန်ထူထပ်ကုန်၏၊ လေပြင်းသည် လည်း လွန်စွာတိုက်ခတ်လာ၏၊ ထိုအလုံးစုံတို့သည် အထူးထူးအားဖြင့် ရောယှက်ကုန်လျက် အညီ

http://www.dhammadownload.com



အမျှပင် စပ်ယှဉ်ကုန်၍ နေရောင်ခြည်တို့ကို ဆို့ပိတ်ကုန်၏၊ ထို့ကြောင့် နွေလအခါ၌ နေသည် နုန့်နုန့်ညှင်းညှင်း ထွန်းလင်းတောက်ပ၏။

မင်းမြတ် ဆောင်းတွင်း၌မူ အောက်၌ မြေကြီးသည် အေးမြ၏၊အထက်ကောင်းကင်၌ ကြီးစွာသော မိုးတိမ်သည် လွှမ်းမိုး၍ တည်၏၊ မြူမှုန် အညစ်အကြေးသည် ငြိမ်သက်၏၊ မြူမှုန်သည်လည်း ငြိမ်ငြိမ်ကောင်းကင်၌ ရွေ့ရှား၏၊ ကောင်းကင်သည်လည်း တိမ်တိုက်ကင်း၏၊ လေသည်လည်း အေးအေးညှင်းညှင်း တိုက်၏၊ ထို(တိမ်စသော)ဘေးရန်တို့၏ ကင်းခြင်းကြောင့် နေရောင်ခြည်တို့သည် အထူးသဖြင့် စင်ကြယ်ကုန်၏၊ဘေးရန်မှ လွတ်သော နေ၏ အရောင်အလင်းသည် လွန်စွာ ထွန်းလင်းတောက်ပ၏။ မင်းမြတ် ဆောင်းတွင်း၌ နေသည် ပြင်းထန်စွာ ထွန်းလင်းတောက်ပ၏၊ နွေလအခါ၌ ထိုဆောင်းတွင်းအတူ မထွန်းလင်း မတောက်ပ၊ဤသည်လျှင် ဤအရာ၌ အကြောင်းတည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ဘေးရန်အားလုံးမှ လွတ်သော နေသည် ပြင်းထန်စွာ ထွန်းလင်း တောက်ပ၏၊ မိုးစသော ဘေးရန်နှင့်တကွဖြစ်သော နေသည် ပြင်းထန်စွာ မထွန်းလင်း မတောက်ပပါဟု (လျှောက်၏)။

ဆယ်ခုမြောက် ကဋ္ဌိနတပနပဥ္စ၁ ပြီး၏။

# နှစ်ခုမြောက် နိပ္ပပဥ္စဝဂ် ပြီး၏။

ဤနိပ္ပပဥ္စဝဂ်၌ အမေးပုစ္ဆာပြဿနာ ဆယ်ပါးတို့တည်း။

http://www.dhammadownload.com

# ၃-ဝေသန္တရဝဂ်

## ၁-ဝေသန္တရပဥှာ

(ဝေသန္တရာမင်းကြီး၏ ပေးလှူမှုပြဿနာ)

၁။ အသျှင်ဘုရားနာဂသေန ဘုရားလောင်း အားလုံးတို့သည်ပင် သားမယားကို ပေးလှူကြပါသလော၊ သို့မဟုတ် ဝေသန္တရာမင်းသည်သာ သားမယားကို ပေးလှူ ပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် ဘုရားလောင်းအားလုံးတို့သည်ပင် သားမယားကို ပေးလှူကြကုန်၏၊ ဝေသန္တရာမင်းသည်သာ သားမယားကို ပေးလှူသည် မဟုတ်ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန စင်စစ်သော်ကား (ထိုဘုရားလောင်းတို့သည်) ထိုသားမယားတို့၏ ခွင့်ပြုချက်ဖြင့် ပေးလှူကြပါကုန်သလောဟု (မေးလျှောက်၏)။ မင်းမြတ် မယားသည် အလိုတူ၏၊ သူငယ်တို့သည်ကား မသိမလိမ္မာသေးသည်၏ အဖြစ်ကြောင့် ငိုမြည်တမ်းကုန်၏၊ ထိုသူငယ်တို့သည် အကျိုးအားဖြင့် အကယ်၍ သိကုန်ငြားအံ့၊ ဝမ်းမြောက်ကုန်ရာ၏၊ မငိုယို မမြည်တမ်းကုန်ရာ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ထိုဘုရားလောင်းသည် မိမိ၏ ရင်သွေးဖြစ်ကုန်သော ချစ်လှစွာကုန်သော သားသမီးတို့ကို (ဇူဇကာ)ပုဏ္ဏားအား ကျွန်အလို့ငှါ ပေးလှူလေ၏၊ (ထိုပေးလှူခြင်းဖြင့်)ဘုရားလောင်းသည် ပြုနိုင်ခဲသောအမှုကို ပြုတော်မူပါပေ၏။

ထိုဘုရားလောင်းသည် မိမိ၏ရင်သွေးဖြစ်ကုန်သော ချစ်လှစွာကုန်သော မလိမ္မာ သေးကုန်သော နုနယ်ကုန်သော သားသမီးတို့ကို နွယ်ဖြင့် တုပ်နှောင်၍ နွယ်ဖြင့် ဆွဲငင်သည်တို့ကို မြင်ပါလျက် လျစ်လျူရှု၍ နေနိုင်ဘိ၏၊ ဤသို့လျစ်လျူရှု၍ နေခြင်းသည်လည်း နှစ်ကြိမ်မြောက် ပြုနိုင်ခဲသည်ထက် အလွန်ပြုနိုင်ခဲသော ပြုခြင်းပင်တည်း။

ထိုဘုရားလောင်းသည် မိမိအားအစွမ်းဖြင့် အနှောင်အဖွဲ့မှ လွတ်၍ ပြေးလာကုန်သော ကြောက်လန့်၍ ကပ်လာကုန်သော သားသမီးတို့ကို တဖန်လျှင် နွယ်ဖြင့် တုပ်နှောင်၍ ပေး၏၊ ဤသို့ပေးခြင်းသည်လည်း သုံးကြိမ်မြောက် ပြုနိုင်ခဲသည်ထက် အထူးသဖြင့် ပြုနိုင်ခဲသော အမှုကို ပြုခြင်းပင်တည်း။

ထိုဘုရားလောင်းသည် "ခမည်းတော် ဤသူကား ဘီလူးပါတည်း၊ အကျွန်ုပ်တို့ကို စားခြင်းငှါ ဆောင်ယူပါ၏"ဟု ငိုယိုမြည်တမ်းကုန်သော သားသမီးတို့ကို "မကြောက်ကြ ကုန်လင့်"ဟု သက်သာရာကို မရစေ၊ ဤသို့ မရစေခြင်းသည်လည်း လေးကြိမ်မြောက် ပြုနိုင်ခဲသည်ထက် အထူးသဖြင့် ပြုနိုင်ခဲသောအမှုကို ပြုခြင်းပင်တည်း။

ထိုဘုရားလောင်းသည် ဇာလိမင်းသားကလေးက ငိုယိုလျက် ခြေအစုံတို့၌ ဝပ်တွား၍ "ခမည်းတော် မသင့်တော်ပါ၊ ကဏှာဇိန်(နှမငယ်)ကို ပြန်လာပါစေလော့၊ အကျွန်ုပ်သည်သာ ဘီလူးနှင့် အတူတကွ လိုက်ပါသွားပါအံ့၊ ဘီလူးသည် အကျွန်ုပ်ကို စားပါစေလော့"ဟု တောင်းပန်လျက် လက်မခံ၊ ဤသို့ လက်မခံခြင်းသည်လည်း ငါးကြိမ်မြောက် ပြုနိုင်ခဲသည်ထက် အထူးသဖြင့် ပြုနိုင်ခဲသော အမှုကို ပြုခြင်းပင်တည်း။

http://www.dhammadownload.com



ထိုဘုရားလောင်းသည် ဇာလီမင်းသားက "ခမည်းတော် သင်ခမည်းတော်သည် ဆင်းရဲခြင်းသို့ ရောက်ကုန်သော အကျွန်ုပ်တို့ကို တွေ့မြင်ရပါလျက် လူမရှိသော တောကြီးမြိုင်ယံ၌ဘီလူးဆောင်ယူသည်ရှိသော် တားမြစ်တော် မမူပေ၊ သင်ခမည်းတော်၏ နှလုံးတော်သည် ကျောက်ခဲအတိ ဖြစ်လေဘိသလော" ဟု ငိုယိုမြည်တမ်းစဉ် ငဲ့ညှာသနားခြင်း အမှုကို မပြု၊ ဤသို့ မပြုခြင်းသည်လည်း ခြောက်ကြိမ်မြောက် ပြုနိုင်ခဲသည်ထက် အထူးသဖြင့် ပြုနိုင်ခဲသော အမှုကို ပြုခြင်း ပင်တည်း။

ထိုဘုရားလောင်းသည် ကြောက်ကြောက်လန့်လန့် ရှိုက်ကြီးတငင် ငိုယိုနေစဉ် ဆောင်ယူအပ်ကုန်သော သူငယ်တို့သည် မမြင်ရခြင်းသို့ ရောက်ကုန်လတ်သော် (ဘုရားလောင်း၏) နှလုံးတော်သည် အစိတ်တရာရင်း အစိတ်ဘထောင်ရင်း မကွဲခဲ့ပေ၊ ဤသို့ မကွဲခြင်းသည်လည်း ခုနစ်ကြိမ်မြောက် ပြုနိုင်ခဲသည်ဆက် အထူးသဖြင့် ပြုနိုင်ခဲသောအမှုကို ပြုခြင်းပင်တည်း၊ ကောင်းမှုကို အလိုရှိသောသူသည် သူတပါးကို ဆင်းရဲစေသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ စင်စစ် မိမိကိုယ်ကိုသာ ပေးလှူအပ်သည် မဟုတ်ပါလောဟု (လျှောက်၏)။

မင်းမြတ် ပြုနိုင်ခဲသောအမှုကို ပြုနိုင်သည်၏အဖြစ်ကြောင့် ဘုရားလောင်း၏ ကျော်စောသံသည် တသောင်းသော လောကဓာတ်ဝယ် နတ်ပြဟ္မာနှင့်တကွသော လူတို့၌ ပျံ့နှံ့ရှိတက်၏၊ နတ်တို့သည် နတ်ပြည်၌ ချီးကျူးထောမနာကုန်၏၊ အသုရာတို့သည် အသုရာပြည်၌ ချီးကျူးထောမနာကုန်၏၊ ဂဠုန်တို့သည် ဂဠုန်ပြည်၌ ချီးကျူးထောမနာကုန်၏၊ နဂါးတို့သည် နဂါးပြည်၌ ချီးကျူးထောမနာကုန်၏၊ ဘီလူးတို့သည် ဘီလူးပြည်၌ ချီးကျူးထောမနာကုန်၏၊အစဉ်သဖြင့် ထိုဘုရားလောင်း၏ ကျော်စောသံသည် ယခုဤအခါ ဤအရပ်၌ ငါတို့၏ အခွင့်အခိုက်သို့ ဆိုက်ရောက်ခဲ့၏၊ ထိုအလှူသည် ကောင်းစွာပေးလှူအပ်သော အလှူတည်း၊သို့မဟုတ် မကောင်းသဖြင့် ပေးလှူအပ်သော အလှူတည်းဟု ထိုအလှူကို ငါတို့ ချီးကျူးကဲ့ရဲ့ကုန်လျက် နေကြပေကုန်၏၊ မင်းမြတ် စင်စစ်လျှင် ထိုချီးကျူးသံသည် သိမ်မွေ့ကုန်သော သိကြား လိမ္မာကုန်သော သိမြင်နိုင်ကုန်သော ပညာရှိကုန်သော ဘုရားလောင်းတို့၏ ဆယ်ပါးသော ဂုဏ်ကျေးဇူးတို့ကို ထင်စွာ ဖော်ပြ၏၊ အဘယ်ဆယ်ပါးတို့နည်း တပ်မက်မှုမရှိခြင်း မကပ်ငြိခြင်း ပေးကမ်းနိုင်ခြင်း စွန့်လွှတ်နိုင်ခြင်း နောက်မဆုတ်ခြင်း သိမ်မွေ့နူးညံ့ခြင်း ကြီးကျယ်မြင့်မြတ်ခြင်း သိနိုင်ခဲခြင်း ရနိုင်ရန် ခဲယဉ်းခြင်း ဘုရားဖြစ်ကြောင်းဘုရား၏ အတုမရှိခြင်းတို့တည်း၊မင်းမြတ် စင်စစ်လျှင် ထိုချီးကျူးသံသည် သိမ်မွေ့ကုန်သော သိကြား လိမ္မာကုန်သော သိမြင်နိုင်ကုန်သော ပညာရှိကုန်သော ဘုရားလောင်းတို့၏ ဤဆယ်ပါးသော ဂုဏ်ကျေးဇူးတို့ကို ထင်စွာ ဖော်ပြ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အကြင်သူသည် သူတပါးကို ဆင်းရဲစေ၍ အလှူကို ပေးလှူ၏၊ ထိုအလှူသည် ကောင်းသောအကျိုး ရှိပါသလော၊ နတ်ပြည်၌ ဖြစ်စေတတ်ပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် ဖြစ်စေတတ်ပေ၏၊ အဘယ်ဆိုဖွယ်ရှိသနည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အကြောင်းကို ဆောင်ပြတော် မူပါဦးလော့ဟု (လျှောက်၏)။ မင်းမြတ် ဤလောက၌ တစုံတယောက်သော သမဏသည်ရင်း ဗြာဟ္မဏသည်ရင်း သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ ထိုသမဏဗြာဟ္မဏသည် ခြေထိုင်းလျက် အသွားပျက်သူမှုလည်း ဖြစ်ရာ၏၊ အသွားဆွံ့သူမှုလည်း ဖြစ်ရာ၏၊ တစုံတခုသော အနာရောဂါသို့မှုလည်း ရောက်သူဖြစ်ရာ၏၊ ထိုသမဏဗြာဟ္မဏကို ကောင်းမှုလိုလားသော တစုံတယောက်သော ယောကျ်ားသည် ယာဉ်ထက်သို့တင်၍

http://www.dhammadownload.com



အလိုရှိရာအရပ်သို့ ရောက်စေရာ၏၊မင်းမြတ် ယောကျ်ားအား ထိုကောင်းမှုကို ပြုခြင်းတည်းဟူသော အကြောင်းကြောင့် တစုံတခုသော ချမ်းသာသည်ဖြစ်ရာသလော၊ထိုအမှုသည် နတ်ပြည်၌ ဖြစ်စေရာသလောဟု(မိန့်တော်မူ၏)။အသျှင်ဘုရား ဖြစ်စေရာပါ၏၊အဘယ်ဆိုဖွယ်ရှိပါသနည်း၊ အသျှင်ဘုရား ထိုယောကျ်ားသည် ဆင်ယာဉ်ကိုသော်၎င်း မြင်းယာဉ်ကိုသော်၎င်း ရထားယာဉ်ကိုသော်၎င်း ရရာပါ၏၊ ကြည်းကုန်း၌ကုန်းယာဉ်ကိုသော်၎င်း ရေ၌ ရေယာဉ်ကိုသော်၎င်း နတ်ပြည်တို့၌ နတ်ယာဉ်ကိုသော်၎င်း လူ့ပြည်တို့၌ လူယာဉ်ကိုသော်၎င်း ရရာပါ၏၊(ထိုယောကျ်ားသည်)ထိုအားလျော်ပတ်သော ထိုအားလျော်သော အကျိုးသည် ဘဝတိုင်း ဘဝတိုင်း ဖြစ်ရာပါ၏၊ ထိုယောကျ်ားအား ထိုအားလျော်ပတ်ကုန်သော ထိုအားလျော်ကုန်သော ချမ်းသာတို့သည် ဖြစ်ကုန်ရာပါ၏၊သုဂတိဘုံတခုမှ သုဂတိဘုံတခုသို့ သွားရာပါ၏၊ ထိုကံ၏အကျိုးဆက်ကြောင့်သာ ဣဒ္ဓိယာဉ်ကို တက်စီး၍ တောင့်တသော နိဗ္ဗာန်မြို့တော်သို့ ရောက်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုသို့ဖြစ်မူ သူတပါးကို ဆင်းရဲစေသဖြင့် ပေးလှူသော အလှူသည် ကောင်းသောအကျိုးကို ပေးလေ့ရှိ၏၊ နတ်ပြည်၌ ဖြစ်စေတတ်၏၊ ယင်းသို့ကောင်းကျိုးရှိသောကြောင့် ထိုယောကျ်ားသည် ဝန်ဆောင်နွားတို့ကို ဆင်းရဲစေ၍ ဆိုခဲ့ပြီးသော သဘောရှိသော ချမ်းသာကို ခံစားရ၏။

မင်းမြတ် အကြင်အခြင်းအရာဖြင့် သူတပါးကို ဆင်းရဲစေသဖြင့် ပေးလှူသောအလှူသည် ကောင်းသောအကျိုး ရှိ၏၊ နတ်ပြည်၌ ဖြစ်စေတတ်၏၊ ထိုအခြင်းအရာဖြင့် ထို့ထက်လွန်သော အခြားအကြောင်းကိုလည်း နာဦးလော့၊ မင်းမြတ် ဤလောက၌ တစုံတယောက်သော မင်းသည် ဇနပုဒ်မှ တရားနှင့်လျော်သော အခွန်အတုတ်ကို ထုတ်ဆောင်စေ၍ အာဏာဖြစ်စေသဖြင့် အလှူကို ပေးလှူရာ၏၊ မင်းမြတ် ထိုမင်းသည် ထိုသို့ပေးလှူခြင်းတည်း ဟူသော အကြောင်းကြောင့် တစုံတရာသော ချမ်းသာကို ခံစားရရာသလော၊ ထိုအလှူသည် နတ်ပြည်၌ ဖြစ်စေရာသလောဟု(မေးတော်မူ၏)။ အသျှင်ဘုရား ဖြစ်စေရာပါ၏၊ အဘယ်ဆိုဖွယ်ရှိပါသနည်း၊ အသျှင်ဘုရား ထိုသို့ပေးလှူခြင်းတည်းဟူသော အကြောင်းကြောင့် ထိုမင်းသည် လွန်စွာ အသိန်းမကသော ဂုဏ်ကျေးဇူးကို ရရာပါ၏၊ မင်းတို့ထက် လွန်ကဲသော မင်းဖြစ်ရာပါ၏၊ နတ်တို့ထက် လွန်ကဲသော နတ်ဖြစ်ရာပါ၏၊ ဗြဟ္မာတို့ထက် လွန်ကဲသော ဗြဟ္မာဖြစ်ရာပါ၏၊ သမဏတို့ထက် လွန်ကဲသော သမဏဖြစ်ရာပါ၏၊ဗြာဟ္မဏတို့ထက် လွန်ကဲသော ဗြာဟ္မဏဖြစ်ရာပါ၏၊ရဟန္တာတို့ထက် လွန်ကဲသော ရဟန္တာဖြစ်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုသို့ဖြစ်မူကား သူတပါးကို ဆင်းရဲစေသဖြင့် ပေးလှူအပ်သော အလှူသည် ကောင်းသောအကျိုး ရှိ၏၊ နတ်ပြည်၌ ဖြစ်စေတတ်၏၊ယင်းသို့ ကောင်းကျိုးရှိသောကြောင့် ထိုမင်းသည် အခွန်အတုတ်ဖြင့် လူအပေါင်းကို နှိပ်စက်၍ပေးလှူသောအလှူကြောင့် ဤသို့သဘောရှိသော အခြံအရံ ချမ်းသာကို ခံစားရ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ဝေဿန္တရာမင်းသည် လွန်ကဲသော အလှူကို ပေးလှူအပ်ပါ၏၊ အကြင့်ကြောင့် ထိုဝေဿန္တရာမင်းသည် မိမိမယားကို တပါးသောသူ၏ မယားအလို့ငှါ ပေးလှူ၏၊ မိမိရင်နှစ်ဖြစ်ကုန်သော သားသမီးတို့ကို ပုဏ္ဏားအား ကျွန်အလို့ငှါ ပေးလှူ၏၊ အသျှင်ဘုရား နာဂသေန လောက၌ လွန်ကဲသော အလှူမည်သည်ကို ပညာရှိတို့သည် ကဲ့ရဲ့ရှုတ်ချအပ်ပါ၏။ အသျှင်ဘုရားနာဂသေန ဥပမာသော်ကား အလွန်ဝန်လေးသဖြင့် လှည်း၏ဝန်ရိုးသည် ကျိုး၏၊ အလွန်ဝန်လေးသဖြင့် လှေသည် နစ်မြုပ်၏၊ အလွန်စားသဖြင့် အစာသည် မညီညွတ် ကြေကျက်၏၊

http://www.dhammadownload.com



အလှုန်မိုးရွာသဖြင့် စပါးသည် ပျက်စီး၏၊ အလှုန်ပေးလှူသဖြင့် ဥစ္စာစည်းစိမ် ကုန်ခြင်းသို့ ရောက်၏၊ အလှုန်ပူသဖြင့် မြေကြီးသည် လောင်ကျွမ်း၏၊ အလှုန်တပ်မက်သဖြင့် ရူးသွပ်၏၊ အလှုန်အမျက်ထွက်သဖြင့် သတ်ထိုက်သူဖြစ်၏၊ အလှုန်တွေဝေသဖြင့် ပျက်စီးခြင်းသို့ ရောက်၏၊ အလှုန်လိုချင်သဖြင့် ခိုးယူခံရ၏၊ အလှုန်ကြောက်သဖြင့် ချုပ်ပျက်ရ၏၊ အလှုန်ပြည့်လျှံသဖြင့် မြစ်သည် ကမ်းကို လွှန်၏၊ အလှုန်လေတိုက်သဖြင့် မိုးကြိုးကျ၏၊ အလှုန်မီးပြင်းသဖြင့် ထမင်းဝေကျ၏၊ အလှုန်လှည့်လည် သွားလာသဖြင့် ကြာမြင့်စွာ အသက်မရှည်နိုင်၊ အသျှင်ဘုရားနာဂသေန ဤအတူသာလျှင် လောက၌ လွန်ကဲသော ပေးလှူခြင်းကို ပညာရှိတို့ ကဲ့ရဲ့ရှုတ်ချအပ်ပါ၏၊ အသျှင်ဘုရားနာဂသေန ဝေဿန္တရာမင်းသည် လွန်ကဲသော အလှူကို ပေးလှူအပ်ပါ၏၊ ထိုသို့ ပေးလှူရာ၌ တစုံတရာသောအကျိုးကို အလိုမရှိအပ်ပါဟု (လျှောက်၏)။

မင်းမြတ် လောက၌ လွန်ကဲသောပေးလှူခြင်းကို ပညာရှိတို့ ချီးကျူးအပ်၏၊ ထောမနာအပ်၏၊ အထူးသဖြင့် ချီးကျူးအပ်၏၊ အလုံးစုံသော လူသာမန်တို့သည် ဟူးဟူးငြားငြား (မည်ကာမတ္တ) အလှူကို ပေးလှူကုန်၏၊ လွန်ကဲသောအလှူကို ပေးလှူသောသူသည် လောက၌ ကျော်စောခြင်းသို့ ရောက်၏။ မင်းမြတ် ဥပမာသော်ကား နတ်ဆေးမြစ်သည် အလှုန်ကောင်းမြတ်ခြင်းကြောင့် နတ်ဆေး ကိုင်ထားသူကိုသော်လည်း ဟတ္ထပါသ်အတွင်း၌တည်ကုန်သော တပါးသောသူတို့အား မမြင်စေ၊ ဆေးသည် အလှုန်အမျိုးမှန်ခြင်းကြောင့် အိုင်းအမာကို ပယ်ဖျောက်နိုင်၏၊ ရောဂါတို့၏ပျောက်ခြင်းကို ပြုနိုင်၏၊ မီးသည် အလှုန်ပူသောကြောင့် လောင်မြိုက်၏၊ ရေသည် အလှုန်အေးသောကြောင့် အပူကို ငြိမ်းစေနိုင်၏၊ ပဒုမ္မာကြာသည် အလှုန်စင်ကြယ်သောကြောင့် ရေ ညွှန်ဖြင့် မလိမ်းကျံ၊ ပတ္တမြားသည် ဂုဏ်လှုန်ကဲသောကြောင့် အလိုဆန္ဒကို ပေးနိုင်၏၊ စိန်သည် အလှုန်ထက်မြက်သောကြောင့် ပတ္တမြား ပုလဲ ဖလ် မှန်ကို ထွင်းဖောက်နိုင်၏၊ မြေကြီးသည် အလှုန်ကြီးသောကြောင့် လူ မြွေ သားငှက် ရေ ကျောက်တောင် သစ်ပင်တို့ကို ဆောင်နိုင်၏၊ သမုဒ္ဒရာသည် အလှုန်ကျယ်သောကြောင့် မပြည့်နိုင်၊ မြင်းမိုရ်တောင်သည် အလှုန်လေးသောကြောင့် မတုန်လှုပ်၊ ကောင်းကင်သည် အလှုန်ကျယ်သောကြောင့် အဆုံးမရှိ၊ နေသည် အလှုန်အရောင်တောက်သောကြောင့် အမိုက်တိုက်ကို ပယ်ဖျက်နိုင်၏၊ ခြင်္သေ့သည် ဇာတ်မြင့်သောကြောင့် ကြောက်ခြင်းကင်း၏၊ လက်ဝှေ့သမားသည် အလှုန်အားကြီးသောကြောင့် ပြိုင်ဘက်လက်ဝှေ့သမားကို လျင်မြန်စွာ ပစ်ချနိုင်၏၊ ဘုရင်သည် အလှုန်ဘုန်းကြီးသောကြောင့် တပါးသောသူတို့ကို အစိုးရ၏၊ ရဟန်းသည် အလှုန်သီလရှိသောကြောင့် နဂါး ဘီလူး လူနတ်တို့ ရှိခိုးထိုက်၏၊ မြတ်စွာဘုရားသည် အလှုန်မြတ်သောကြောင့် နှိုင်းခိုင်းစရာ ဥပမာ မရှိ။ မင်းမြတ် ဤအတူသာလျှင် လောက၌ လွန်ကဲသော ပေးလှူခြင်းကို ပညာရှိတို့ ချီးကျူးအပ်၏၊ ထောမနာအပ်၏။ အထူးသဖြင့် ချီးကျူးအပ်၏၊ အလုံးစုံသော လူသာမန်တို့သည် ဟူဟူးငြားငြား (မည်ကာမတ္တ)အလှူကို ပေးလှူကုန်၏၊ လွန်ကဲသော အလှူကို ပေးလှူသောသူသည် လောက၌ ကျော်စောခြင်းသို့ ရောက်၏၊ လွန်ကဲသော အလှူကြောင့် ဝေဿန္တရာမင်းကို တသောင်းသော လောကဓာတ်၌ ချီးကျူးအပ်၏၊ ထောမနာအပ်၏၊ အထူးသဖြင့် ချီးကျူးအပ်၏၊ပူဇော်အပ်၏၊ချီးပင့်ပြောကြားအပ်၏၊ထိုလွန်ကဲသော အလှူကြောင့်သာလျှင် ဝေဿန္တရာမင်းသည် ယခုအခါ၌ နတ်နှင့်တကွသော လောက၌ အမြတ်ဆုံးသော ဘုရားဖြစ်တော်မူ၏။

မင်းမြတ် အလှူခံပုဂ္ဂိုလ်ရောက်လာသည်ရှိသော် အကြင်အလှူကို မပေးမလှူအပ်၊ မပေးမလှူပဲ ထားအပ်သော ထိုအလှူသည် လောက၌ ရှိသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား

http://www.dhammadownload.com



နာဂသေန ဆယ်ပါးသော ဤအလှူတို့သည် ရှိပါကုန်၏၊ ယင်းအလှူတို့ကို လောက၌ မပေးလှူသင့်သော အလှူဟု သမုတ်အပ်ကုန်၏၊ အကြင်သူသည် ထိုအလှူတို့ကို ပေးလှူ၏၊ ထိုသူသည် အပါယ်သို့ လား၏၊ အဘယ်ဆယ်ပါးတို့နည်းဟူမူ—အသျှင်ဘုရားနာဂသေန သေအရက်အလှူကို လောက၌ မပေးလှူသင့်သော အလှူဟူ၍ သမုတ်အပ်၏၊ အကြင်သူသည် ထို (သေအရက်) အလှူကို ပေးလှူ၏၊ ထိုသူသည် အပါယ်သို့ လား၏၊ သဘင်အလှူကို။ပ။ မိန်းမအလှူကို၊ နွားလားဥသဘအလှူကို၊ ပန်းချီဆေးရေးအလှူကို၊ လက်နက်အလှူကို၊ အဆိပ်အလှူကို၊ သံခြေကျင်းအလှူကို၊ ကြက် ဝက် အလှူကို၊ ချိန်စဉ်းလဲ တောင်းစဉ်းလဲအလှူကို လောက၌ မပေးလှူသင့်သော အလှူဟူ၍ သမုတ်အပ်၏၊ အကြင်သူသည် ထိုအလှူကို ပေးလှူ၏၊ ထိုသူသည် အပါယ်လား၏၊ အသျှင်ဘုရားနာဂသေန လောက၌ မပေးလှူသင့်သော အလှူဟု သမုတ်အပ်ကုန်သော အလှူတို့သည် ဤဆယ်ပါးတို့တည်း၊ အကြင်သူသည် ထိုအလှူတို့ကို ပေးလှူ၏၊ ထိုသူသည် အပါယ်သို့ လား၏ဟု (လျှောက်၏)။

မင်းမြတ် ငါသည် ထိုမပေးလှူသင့်သော အလှူဟု သမုတ်သည်ကို မမေး၊ မင်းမြတ် ငါသည် ဤဆိုလတ္တံ့သော ဒါနကိုသာ သင့်အား မေး၏"မင်းမြတ် အလှူခံပုဂ္ဂိုလ် ရောက်လာသည်ရှိသော် အကြင်အလှူကို မပေးလှူအပ်၊ မပေးလှူပဲ ထားအပ်သော ထိုအလှူသည် လောက၌ ရှိသလောဟုသာ ငါသည် သင့်အား မေး၏ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အလှူခံပုဂ္ဂိုလ် ရောက်လာသည်ရှိသော် အကြင်အလှူကို မပေးလှူအပ်၊ မပေးလှူပဲ ထားအပ်သော ထိုအလှူသည် လောက၌ မရှိပါ၊ စိတ်၌ ကြည်ညိုခြင်း ဖြစ်သည်ရှိသော် အချို့သောသူတို့သည် အလှူခံပုဂ္ဂိုလ်တို့အား ဘောဇဉ်ကို ပေးလှူပါကုန်၏၊ အချို့သော သူတို့သည် အဝတ်အထည်ကို ပေးလှူပါကုန်၏၊ အချို့သော သူတို့သည် အိပ်ရာနေရာကို ပေးလှူပါကုန်၏၊ အချို့သောသူတို့သည် စရပ် တန်ဆောင်း ကျောင်းကန်ကို ပေးလှူပါကုန်၏၊ အချို့သောသူတို့သည် အခင်းအရံကို ပေးလှူပါကုန်၏၊ အချို့သောသူတို့သည် ကျွန်မိန်းမ ကျွန်ယောကျ်ားကို။ အချို့သော သူတို့သည် လယ်ယာခြံမြေကို။ အချို့သောသူတို့သည် အခြေနှစ်ချောင်း အခြေလေးချောင်းရှိသော သတ္တဝါကို။အချို့သောသူတို့သည် အရာကို အထောင်ကို အသိန်းကို။ အချို့သောသူတို့သည် ကြီးစွာသော မင်းအဖြစ်ကို ပေးလှူကုန်၏၊ အချို့သောသူတို့သည် အသက်ကိုသော်လည်း ပေးလှူပါကုန်၏၊ မင်းမြတ် အချို့သောသူတို့သည် အသက်ကိုသော်လည်း အကယ်၍ ပေးလှူကုန်အံ့၊ သားယေ သမီးယေကိုငှင်း မယားကိုငှင်း ကောင်းစွာ ပေးလှူအပ်သည်ရှိသော် အလှူရှင်ဖြစ်သော ဝေဿန္တရာမင်းကို အဘယ့်ကြောင့် အလွန်ပြင်းထန်စွာ နှိမ့်ချရပေသနည်း။

မင်းမြတ် လောကသဘော လောကအလေ့အကျင့်သည် ရှိသလော၊ အဖသည် ကြွေးမြီနှိပ်စက်၍သော်ငှင်း အသက်မွေးမှုခက်ခဲ၍သော်ငှင်း သားသမီးကို ပေါင်နှံခြင်းငှါဖြစ်စေ ရောင်းစားခြင်းငှါ ဖြစ်စေ ရပါသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ရပါ၏၊အဖသည် ကြွေးမြီနှိပ်စက်၍သော်ငှင်း အသက်မွေးမှုခက်ခဲ၍သော်ငှင်း သားသမီးကို ပေါင်နှံခြင်းငှါ ဖြစ်စေ ရောင်းစားခြင်းငှါ ဖြစ်စေ ရပါ၏ဟု (လျှောက်၏)။ မင်းမြတ် အဖအည် ကြွေးမြီနှိပ်စက်၍သော်ငှင်း အသက်မွေးမှု ခက်ခဲ၍သော်ငှင်း သားသမီးကို ပေါင်နှံခြင်းငှါ ဖြစ်စေ ရောင်းစားခြင်းငှါ ဖြစ်စေ အကယ်၍ ရခဲ့မူ မင်းမြတ် ဝေဿန္တရာမင်းသည်လည်း သဗ္ဗညုတဉာဏ်တော်ကို မရသည် ဖြစ်၍ နှိပ်စက်အပ်သည် ဆင်းရဲခြင်းသို့ ရောက်သည်ဖြစ်ရကား ထိုတရားတည်းဟူသော ဥစ္စာကို ရခြင်းငှါ သား မယားကို ပေါင်လည်း ပေါင်နှံပြီ၊ရောင်းလည်း ရောင်းပြီ၊ မင်းမြတ် ဤသို့လျှင် ဝေဿန္တရာမင်းသည်

http://www.dhammadownload.com



တပါးသောသူတို့ ပေးလှူအပ်သည်ကိုသာလျှင် ပေးလှူအပ်၏၊ တပါးသောသူတို့ ပြုအပ်သည်ကို သာလျှင် ပြုအပ်၏၊ မင်းမြတ် သို့ဖြစ်လျက် သင်မင်းမြတ်သည် ထိုအလှူဖြင့် အလှူရှင် ဝေဿန္တရာ မင်းကို အလွန်ပြင်းထန်စွာ အဘယ့်ကြောင့် မောင်းမဲပြစ်တင်ရသနည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အကျွန်ုပ်သည် အလှူရှင်ဝေဿန္တရာမင်း၏ အလှူကို မကဲ့ရဲ့ပါ၊ စင်စစ်သော်ကား သားမယားကို တောင်းလာသည်ရှိသော် နှိုင်းချိန်၍ မိမိကိုယ်ကို ပေးလှူ အပ်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် သားမယားကို တောင်းလာသည်ရှိသော် မိမိကိုယ်ကို ပေးလှူခြင်းသည် စင်စစ် သူယုတ်တို့ ပြုလုပ်မှုတည်း၊ ထိုစကား သင့်ပါ၏၊ အကြင် အကြင် ပစ္စည်းကို တောင်းသည်ရှိသော် ထိုထိုတောင်းသော ပစ္စည်းကိုသာလျှင် ပေးလှူ အပ်၏၊ ဤသို့ ပေးလှူ ခြင်းသည်သာ သူတော်ကောင်း တို့၏ အမှုတည်း။ မင်းမြတ် ဥပမာ သော်ကား တစုံတယောက်သော ယောကျ်ားသည် ရေကို ဆောင်ယူစေငြားအံ့၊ ထိုသူအား အကြင်သူသည် သုံးဆောင်ဖွယ်ဘောဇဉ်ကို ပေးရာ၏၊ မင်းမြတ် ထိုပေးသော ယောကျ်ားသည် ထိုအလိုရှိသော ယောကျ်ား၏ ကိစ္စကို ပြုလုပ်သည် ဖြစ်ပေအံ့လောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ပြုလုပ်သည် မဖြစ်ပါ၊ ထိုသူသည် အကြင်ပစ္စည်းဝတ္ထုကို ဆောင်ယူစေ၏၊ ထို ပစ္စည်းဝတ္ထုကိုသာလျှင် ထိုသူအား ပေးသည်ရှိသော် ကိစ္စကို ပြုလုပ်သည် ဖြစ်ရာပါ၏ဟု(လျှောက် ၏)။ မင်းမြတ် ဤအတူသာလျှင် ဝေဿန္တရာမင်းသည် ပုဏ္ဏားက သားမယားကို တောင်းလာ သည်ရှိသော် သားမယားကိုသာလျှင် ပေးလှူ၏၊မင်းမြတ်(ဇူဇကာ)ပုဏ္ဏားသည် ဝေဿန္တရာမင်း၏ ကိုယ်ကို အကယ်၍ တောင်းငြားအံ့၊ မင်းမြတ် ထိုဝေဿန္တရာမင်းသည် မိမိကိုယ်ကို မစောင့်ရှောက် ရာ၊မတုန်လှုပ်ရာ၊မတပ်မက်ရာ၊ ထိုပုဏ္ဏားအား မိမိကိုယ်ကိုပင် ပေးလှူအပ် စွန့်လွှတ်အပ်သည်သာ ဖြစ်ရာ၏။ မင်းမြတ် တစုံတယောက်သောသူသည် အလှူရှင်ဝေဿန္တရာမင်းထံသို့ ချဉ်းကပ်၍ "ငါ၏ ကျွန်အဖြစ်သို့ ရောက်ပါလော့"ဟု အကယ်၍ တောင်းငြားအံ့၊ ထိုဝေဿန္တရာမင်း၏ ကိုယ်ကို ပေးလှူအပ် စွန့်လွှတ်အပ်သည်သာ ဖြစ်ရာ၏၊ ထိုဝေဿန္တရာမင်းသည် ပေးလှူပြီး၍ မပူပန်ရာ။ မင်းမြတ် ဝေဿန္တရာမင်း၏ ကိုယ်သည် အများနှင့် ဆက်ဆံ၏။

မင်းမြတ် ဥပမာအားဖြင့် ကျက်ပြီးသော အသားတစ် အသားတုံးသည် အများနှင့် ဆက်ဆံ ၏၊ မင်းမြတ် ဤအတူသာလျှင် ဝေဿန္တရာမင်း၏ ကိုယ်သည် အများနှင့် ဆက်ဆံ၏။ မင်းမြတ် ဥပမာတနည်းသော်ကား အသီးရှိသော သစ်ပင်သည် အထူးထူးသော ငှက်အပေါင်းတို့နှင့် ဆက်ဆံ၏၊ မင်းမြတ် ဤအတူသာလျှင် ဝေဿန္တရာမင်း၏ ကိုယ်သည် အများနှင့် ဆက်ဆံ၏၊ အဘယ်အကြောင်းကြောင့်နည်းဟူမူ—ငါသည် ဤသို့ ကျင့်သည်ရှိသော် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရလတ္တံ့ဟု စိတ်ထားသောကြောင့်တည်း။

မင်းမြတ် ဥပမာသော်ကား ဥစ္စာမရှိသော ယောကျ်ားသည် ဥစ္စာကို အလိုရှိသည်ဖြစ်၍ ဥစ္စာရှာမှီးခြင်းငှါ လှည့်လည်သည်ရှိသော် ဆိတ်ဖြင့် သွားရသော ခရီးသို့-ချွန်းကောက်ချိတ်ဖြင့် ချိတ်ဆွဲ၍ သွားရသော ခရီးသို့-ကြိမ်နွယ်တို့ဖြင့် ဆွဲဘက်၍သွားရသော ခရီးသို့ သွား၏၊ ရေလမ်း ခရီး ကုန်းလမ်းခရီး၌ ကုန်သွယ်ခြင်းကို ပြု၏၊ ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း စိတ်ဖြင့်၎င်း ဥစ္စာကို နှစ်သက်ပြီးစီးစေ၏၊ ဥစ္စာကို ရခြင်းငှါ လုံ့လအုတ်၏၊ မင်းမြတ် ဤအတူသာလျှင် အလှူရှင် ဝေဿန္တရာမင်းသည် သဗ္ဗညုတဉာဏ်တည်းဟူသော ဥစ္စာမရှိသည်ဖြစ်၍ ဘုရားအဖြစ်တည်းဟူ သော ဥစ္စာဖြင့်_သဗ္ဗညုတဉာဏ်တော်ရတနာကို ရခြင်းငှါ ဖုန်းတောင်းယာစကာတို့အား ဥစ္စာစပါး

http://www.dhammadownload.com



ကိုရင်း ကျွန်မိန်းမ ကျွန်ယောကျ်ားကိုရင်း ယာဉ်ဝေါကိုရင်း အလုံးစုံသော ဥစ္စာနှစ်ကိုရင်း မိမိ၏ သားမယားကိုရင်း မိမိကိုယ်ကိုရင်း စွန့်၍ သဗ္ဗညုဘုရားအဖြစ်ကိုသာလျှင် ရှာမှီးတော်မူ၏။

မင်းမြတ် ဥပမာတနည်းသော်ကား ဘွဲ့တံဆိပ်ကို အလိုရှိသော အမတ်သည် ဘွဲ့တံဆိပ်ဟူသော အကြောင်းကြောင့် အိမ်၌ ရှိသော ရွှေငွေ အလုံးစုံကို ပေး၍သော်လည်း ဘွဲ့တံဆိပ်ကို ရခြင်းငှါ လုံ့လထုတ်၏၊ မင်းမြတ် ဤအတူသာလျှင် အလှူရှင်ဝေဿန္တရာမင်းသည် ထိုအတွင်းအပဖြစ်သော ဥစ္စာအားလုံးကို ပေးလှူ၍ အသက်ကိုသော်လည်း သူတပါးတို့အား ပေးလှူပြီးလျှင် သဗ္ဗညုဘုရား အဖြစ်ကိုသာလျှင် ရှာမှီးတော်မူ၏။

မင်းမြတ် စင်စစ်သော်ကား အလှူရှင်ဝေဿန္တရာမင်းအား ဤသို့သော အကြံသည်ဖြစ်၏— "ထိုပုဏ္ဏားသည် အကြင်လှူဖွယ်ဝတ္ထုကို တောင်းခံ၏၊ ငါသည် ထိုပုဏ္ဏားအား တောင်းခံသော လှူဖွယ်ဝတ္ထုကိုသာ ပေးလှူသည်ရှိသော် လိုသော အမှုကိစ္စကို ပြုသူမည်၏" ဟု အကြံ ဖြစ်၏၊ ဤသို့ အကြံဖြစ်သဖြင့် ထိုအလှူရှင် ဝေဿန္တရာမင်းသည် ထို(ဇူဇက)ပုဏ္ဏားအား သားမယားကို ပေးလှူ၏၊ မင်းမြတ် အလှူရှင်ဝေဿန္တရာမင်းသည် မုန်းသည်၏အဖြစ်ကြောင့် ပုဏ္ဏားအား သားမယားကို ပေးလှူသည် မဟုတ်၊ မတွေ့မမြင်လိုသည်၏ အဖြစ်ကြောင့် သား မယားကို ပေးလှူသည် မဟုတ်၊ ငါ့အား သားမယားတို့သည် အလွန်များကုန်၏၊ ထိုသားမယား တို့ကို ကျွေးမွေးခြင်းငှါ မတတ်နိုင်ဟု သားမယားကို ပေးလှူသည် မဟုတ်၊ ငါသည် မချစ်တော့ ပြီဟု ငြီးငွေ့သည်ဖြစ်၍ နှင်ထုတ်လိုသောကြောင့် သားမယားကို ပေးလှူသည် မဟုတ်၊ စင်စစ် သော်ကား သဗ္ဗညုတဉာဏ်တော်ရတနာကိုသာလျှင် ချစ်မြတ်နိုးခြင်းသည်ဖြစ်၍ သဗ္ဗညုတဉာဏ် တော်တည်းဟူသော အကြောင်းကြောင့် ဝေဿန္တရာမင်းသည် ဤသို့သဘောရှိသော အတု မရှိသော ပြန့်ပြောသော အလွန်မြတ်သော ချစ်စဖွယ်သော နှစ်သက်ဖွယ်သော သနားဖွယ်သော အသက်နှင့်တူသော သားမယားတည်းဟူသော အလှူမြတ်ကို ပုဏ္ဏားအား ပေးလှူ၏။

မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် စရိယာပိဋကတ်ပါဠိတော်၌—

> "ငါသည် နှစ်ယောက်ကုန်သော သားသမီးငယ်တို့ကို မုန်းသည် မဟုတ်၊ မဒ္ဒီမိဖုရားကို မုန်းသည် မဟုတ်၊ငါသည် သဗ္ဗညုတဉာဏ်တော်ကို ချစ်ခင်အပ်၏၊ ထို့ကြောင့် ချစ်လှစွာ သော သားမယားတို့ကို ငါပေးလှူဘူးခဲ့လေပြီ"ဟု ဤစကားကို ဟောတော်မူအပ်၏။

မင်းမြတ် ထို့ကြောင့် ဝေဿန္တရာမင်းသည် သားသမီးအလှူကို ပေးလှူပြီးနောက် သခ်မ်း ကျောင်းသို့ဝင်၍ လျောင်းစက်၏၊ အလွန်ချစ်ခင်ခြင်းကြောင့် ဆင်းရဲသို့ရောက်သော ထိုဝေဿန္တရာ မင်းအား ကြီးစွာသော စိုးရိမ်ခြင်းဖြစ်လေပြီ၊ နှလုံးသား ပူလောင်ခြင်းဖြစ်လေပြီ၊ နှာခေါင်းဖြင့် မဆံ့နိုင်၍ ခံတွင်းဖြင့် ပူလောင်သော ထွက်သက်ဝင်သက်လေတို့ကို လွှတ်ရလေပြီ၊ မျက်ရည်တို့သည် ယိုစီးကျကုန်သည်ရှိသော် သွေးပေါက်တို့ဖြစ်ကုန်၍ မျက်စိတို့မှ ထွက်ကုန်ပြီ၊ မင်းမြတ် ဤမျှ လောက်ပင် ဆင်းရဲဒုက္ခရောက်သဖြင့် ငါ၏အလှူဝတ်သည် မဆုတ်ယုတ်စေသတည်း" ဟု ဝေဿန္တရာမင်းသည် ပုဏ္ဏားအား သားမယားကို ပေးလှူ၏။

မင်းမြတ် စင်စစ်သော်ကား ဝေဿန္တရာမင်းသည် နှစ်ပါးသော အကျိုးထူးတို့ကိုစွဲ၍ ပုဏ္ဏားအား နှစ်ယောက်သောသူငယ်တို့ကို ပေးလှူ၏၊အဘယ်နှစ်ပါးတို့နည်းဟူမူ—ငါ၏အလှူဝတ်သည်လည်း

http://www.dhammadownload.com



မယုတ်လျော့ခြင်းဖြစ်လတ္တံ့၊ တောသစ်မြစ် တောသစ်သီးတို့ဖြင့် ဆင်းရဲခြင်းသို့ ရောက်ကုန်သော ငါ၏သားသမီးတို့ကို ဤသို့ ဆင်းရဲခြင်း အကြောင်းကြောင့် ဘိုးတော် သိဥ္စည်းမင်းကြီးသည် (ပုဏ္ဏားလက်မှ) လွှတ်စေလတ္တံ့၊ ဤနှစ်ပါးတို့တည်း။ မင်းမြတ် ဝေဿန္တရာမင်းသည် "ငါ၏ သားငယ်သမီးငယ်တို့ကို တစုံတယောက်သောသူသည် ကျွန်အသုံးအဆောင်ဖြင့် သုံးဆောင် ခြင်းငှါ မတတ်နိုင်ရာ၊ စင်စစ်အားဖြင့်လည်း ဤသားငယ်သမီးငယ်တို့ကို ဘိုးတော်သိဥ္စည်းမင်း ကြီးသည် ရွေးနုတ်လတ္တံ့၊ ဤသို့ သားငယ်သမီးငယ်တို့ကို လှူရခြင်းကြောင့် ငါတို့မှာလည်း (တိုင်းတော်ပြည်တော်သို့) ပြန်သွားရခြင်း ဖြစ်လတ္တံ့"ဟု သိပေ၏၊ မင်းမြတ် စင်စစ်လျှင် ဤနှစ်ပါးသော အကျိုးထူးတို့ကို စွဲ၍ ပုဏ္ဏားအား နှစ်ယောက်သော သားငယ် သမီးငယ်တို့ကို ပေးလှူ၏။

မင်းမြတ် တနည်းသော်ကား ဝေဿန္တရာမင်းသည် စင်စစ် "ဤပုဏ္ဏားသည် အိုမင်းပြီ အရွယ် ကြီးပြီ ရင့်ရော်ပြီ အားနည်း၏ ခါးကိုင်း၏ တောင်ဝှေးလျှင် မှီခိုရာရှိ၏၊ အသက်ကုန်ခါနီး ဖြစ်၏ ဘုန်းကံနည်း၏၊ ဤပုဏ္ဏားသည် ဤသူငယ်တို့ကို ကျွန်အဖြစ်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်ရာ"ဟု သိ၏၊ မင်းမြတ် ယောကျ်ားသည် ပကတိသောအားအစွမ်းဖြင့် ဤသို့ တန်ခိုး ကြီးကုန်သော ဤသို့ အာနုဘော်ကြီးကုန်သော ဤလနေတို့ကို ယူ၍ ပခြုပ်၌ငှင်း ကလပ်၌ငှင်း ထည့်၍ အရောင်မရှိအောင် ပြုပြီးလျှင် ခွက်ငယ်ဟူသော သုံးဆောင်ခြင်းဖြင့် သုံးဆောင်ခြင်းငှါ စွမ်းနိုင်ရာသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မစွမ်းနိုင်ရာပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ဤလောက၌ ထိုလနေနှင့်တူသော ဝေဿန္တရာမင်း၏ သူငယ်တို့ကို တစုံ တယောက်သောသူသည် ကျွန်အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်ဟု (မိန့်တော်မူ၏)။

မင်းမြတ် ဝေဿန္တရာမင်း၏ သားသမီးငယ်တို့ကို တစုံတယောက်သောသူသည် ကျွန်အသုံး အဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်သော အကြောင်းတပါးကိုလည်း နားထောင်ဦးလော့၊ မင်းမြတ် ကောင်းမြတ်သော အမျိုးမှန်သော ရှစ်မြှောင့်ရှိသော ကောင်းစွာပွတ်တိုက်၍ သွေးအပ် သော လေးတောင်ခန့် အလျားရှိ၍ လှည်းပုန်တောင်းမျှ အဝန်းရှိသော စကြာဝတေးမင်း၏ ပတ္တမြားရတနာကို တစုံတယောက်သောသူသည် ပုဆိုးပိုင်းဖြင့် ရစ်ပတ်၍ ပခြုပ်၌ ထည့်ပြီးလျှင် ဓားသွေးကျောက် အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်သကဲ့သို့ မင်းမြတ် ဤအတူ သာလျှင် လောက၌ စကြာဝတေးမင်း၏ ပတ္တမြားရတနာနှင့် တူကုန်သော ထိုဝေဿန္တရာမင်း၏ သူငယ်တို့ကို တစုံတယောက်သော သူသည် ကျွန်အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်။

မင်းမြတ် ဝေဿန္တရာမင်း၏ သားသမီးငယ်တို့ကို တစုံတယောက်သောသူသည် ကျွန်အသုံး အဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်သော အကြောင်းတပါးကိုလည်း နားထောင်ဦးလော့၊ မင်းမြတ် သုံးပါးသောအရပ်မှ မုန်ယိုသော ကိုယ်လုံးဖြူသော (အမြီး အင်္ဂါဇာတ် နှာမောင်း ခြေလက်အားဖြင့်) ခုနစ်ပါးသော ထိခြင်းရှိသော ရှစ်တောင်မြင့်သော ကိုးတောင်ရှည်လျား၍ ထိုအားလျော်သော ကိုယ်လုံးရှိသော စိတ်ကြည်ရွှင်ဖွယ်ရှိသော ရှုချင်စဖွယ်ရှိသော ဥပေါသထ မျိုးဖြစ်သော ဆင်မင်းကို တစုံတယောက်သောသူသည် ဆန်ကောဖြင့်ငှင်း ခွက်ဖြင့်ငှင်း ဖုံးပိတ် ခြင်းငှါဖြစ်စေ နွားငယ်ကဲ့သို့ နွားခြံ၌ ထည့်၍ ဆောင်ယူထားခြင်းငှါဖြစ်စေ မစွမ်းနိုင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင်လောက၌ဥပေါသထမျိုးဖြစ်သော ဆင်မင်းနှင့်တူသော ဝေဿန္တရာမင်း

http://www.dhammadownload.com



၏ သားသမီးငယ်တို့ကို တစုံတယောက်သောသူသည် ကျွန်အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်။

မင်းမြတ် ဝေဿန္တရာမင်း၏ သားသမီးငယ်တို့ကို တစုံတယောက်သောသူသည် ကျွန်အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်သော အကြောင်းတပါးကိုလည်း နားထောင်ဦးလော့၊ မင်းမြတ် ရှည်လျား ကျယ်ဝန်း ပြန့်ပြောသော နက်ရှိုင်းသော မခြင်တွယ်နိုင်သော ကူးခပ်နိုင်ခဲသော မသက်ဝင်နိုင်သော မပိတ်ပင်နိုင်သော မဟာသမုဒ္ဒရာကို တစုံတယောက်သောသူသည် အလုံးစုံသော ရေဆိပ်တို့၌ ပိတ်၍ တခုသော ရေဆိပ်ဖြင့် သုံးဆောင်ခြင်းကိုပြုခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ဤအတူ သာလျှင် မဟာသမုဒ္ဒရာနှင့်တူသော ဝေဿန္တရာမင်း၏ သားသမီးငယ်တို့ကို တစုံတယောက်သောသူသည် ကျွန်အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်။

မင်းမြတ် ဝေဿန္တရာမင်း၏ သားသမီးငယ်တို့ကို တစုံတယောက်သောသူသည် ကျွန်အသုံး အဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်သော အကြောင်းတပါးကိုလည်း နားထောင် ဦးလော့၊ မင်းမြတ် ယူဇနာငါးရာတိုင်တိုင် ကောင်းကင်သို့ မြင့်တက်သော ယူဇနာသုံးထောင် အရှည်အပြန့်ရှိသော ရှစ်သောင်းလေးထောင်သော တောင်ထွတ်တို့ဖြင့် တန်ဆာဆင်ထားသော ငါးရာသော မြစ်ကြီးတို့၏ စီးထွက်ရာဖြစ်သော များစွာသော နတ်ဘီလူးအပေါင်းတို့၏ မှီနေရာ ဖြစ်သော အထူးထူး အပြားပြားသော နံ့သာမျိုးကို ဆောင်သော နတ်ဆေးပင်အရာတို့ဖြင့် ကောင်းစွာတန်ဆာဆင်အပ်သော ဟိမဝန္တာတောင်မင်းသည် ကောင်းကင်၌ တိမ်တိုက်ကဲ့သို့ အလွန်မြင့်တက်သည်ဖြစ်၍ ထင်ရှားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ထိုလောက၌ ဟိမဝန္တာ တောင်မင်းနှင့် တူသော ဝေဿန္တရာမင်း၏ သားသမီးငယ်တို့ကို တစုံတယောက်သောသူသည် ကျွန်အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်။

မင်းမြတ် ဝေဿန္တရာမင်း၏ သားသမီးငယ်တို့ကို တစုံတယောက်သောသူသည် ကျွန်အသုံး အဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်သော အကြောင်းတပါးကိုလည်း နားထောင်ဦးလော့၊ မင်းမြတ် ညဉ့်မှောင်မိုက်ဝယ် တောင်ထိပ်ထက်၌ တောက်လောင်သော မီးပုံကြီးသည် အလွန် ဝေးသောအရပ်၌သော်လည်း ထင်ရှားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ဝေဿန္တရာမင်းသည် တောင်ထိပ်၌ တောက်လောင်သော မီးပုံကြီးကဲ့သို့ ဝေးသောအရပ်၌သော်လည်း ထင်ရှား၏၊ ထိုဝေဿန္တရာမင်း၏ သားသမီးငယ်တို့ကို တစုံတယောက်သောသူသည် ကျွန်အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်။

မင်းမြတ် ဝေဿန္တရာမင်း၏ သားသမီးငယ်တို့ကို တစုံတယောက်သောသူသည် ကျွန်အသုံး အဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်သော အကြောင်းတပါးကိုလည်း နားထောင်ဦးလော့၊ မင်းမြတ် ဟိမဝန္တာတောင်၌ ကံ့ကော်ပန်း ပွင့်သောအခါ လေဖြောင့်ဖြောင့် တိုက်ခတ်သည် ရှိသော် ဆယ်ယူဇနာ တဆယ့်နှစ်ယူဇနာတို့တိုင် ပန်းရနံ့သည် ကြိုင်လှိုင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ဝေဿန္တရာမင်း၏ ကျော်စောသံသည်လည်း ယူဇနာ အထောင်တို့တိုင်အောင် ၎င်း အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင်၎င်း ဤအတွင်း နတ်ဘုံ အသုရာဘုံ ဂဠုန်တို့နေရာ ဂန္ဓဗ္ဗနတ်ဘုံ ဘီလူးတို့နေရာ ရက္ခိုသ်တို့နေရာ နဂါးဘုံ ကိန္နရာဘုံ သိကြားဘုံတို့၌ ပြန့်နှံ့၍ တက်၏၊ ထိုဝေဿန္တ ရာမင်း သီလ၏ မြတ်သောအနံ့သည်လည်း ကောင်းစွာသင်းလှိုင်၏၊ထို့ကြောင့် ထိုဝေဿန္တရာမင်း၏

http://www.dhammadownload.com



သားသမီးငယ်တို့ကို တစုံတယောက်သောသူသည် ကျွန်အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မစွမ်းနိုင်။ မင်းမြတ် ဇာလီမင်းသားကို ခမည်းတော်ဖြစ်သော ဝေဿန္တရာမင်းသည် "ချစ်သား သင်ချစ်သား၏ ဘိုးတော်သည် ပုဏ္ဏားအား ဥစ္စာကို ပေး၍ သင်ချစ်သားတို့ကို ရွေးနုတ်လိုသည် ရှိသော် သင်ချစ်သားကို ရွှေစင်နိက္ခတထောင်ပေး၍ ရွေးနုတ်ပါစေ၊ ကဏှာဇိန်ကို ရွေးနုတ်လို သည်ရှိသော် ကျွန်ယောကျ်ားတရာ ကျွန်မိန်းမတရာ ဆင်တရာ မြင်းတရာ နို့ညှစ်နွားမတရာ နွားလားဥသဘတရာ ရွှေစင်နိက္ခတရာ ဤသို့အလုံးစုံ(ခုနစ်ခုပေါင်း) တရာစီပေး၍ ရွေးနုတ်ပါစေ၊ ချစ်သား သင်တို့၏ အဘိုးသည် သင်ချစ်သားတို့ကို ပုဏ္ဏား၏လက်မှ မင်းအာဏာဖြင့် အနိုင် အထက် အချည်းနှီးအကယ်၍ ယူလေငြားအံ့၊ သင်ချစ်သားတို့သည် ဘိုးတော်၏စကားကို မလိုက်နာကြကုန်လင့်၊ ပုဏ္ဏားသို့သာ အစဉ်လိုက်ကြကုန်လော့"ဟု သွန်သင်ဆုံးမတော် မူလိုက်၏၊ ဤသို့ သွန်သင်ဆုံးမတော်မူ၍ သားတော်သမီးတော်တို့ကို စေလွှတ်တော်မူလိုက်၏၊ ထို့နောင်မှ ဇာလီမင်းသားသည် သွား၍ ဘိုးတော်က မေးအပ်သည်ရှိသော်—

"ဘိုးတော်ဘုရား ခမည်းတော်သည် အကျွန်ုပ်ကို ရွှေစင်နိက္ခ တထောင်ဘိုးကိုသာ ပေးစေပါပြီ၊ ထို့ပြင် ကဏှာဇိန်နှမပျိုကို ဆင်တရာစသော ခုနစ်ပါးပေါင်း တရာစီကို ပေးစေ ပါပြီ"ဟု (လျှောက်၏)။

အသျှင်ဘုရားနာဂသေန ပြဿနာကို ကောင်းစွာဖြေအပ်ပါပြီ၊ ဒိဋ္ဌိတည်းဟူသော ကွန်ရက်ကို ကောင်းစွာဖျက်ဆီးအပ်ပါပြီ၊ သူတပါး၏ အစွပ်အစွဲကို ကောင်းစွာ နှိပ်နင်းအပ်ပါပြီ၊ မိမိ၏ အယူ ကို ကောင်းစွာပြတော်မူအပ်ပါပြီ၊ သဒ္ဒါကို ကောင်းစွာပြင်ဆင် သုတ်သင်အပ်ပါပြီ၊ အနက်ကို ကောင်းစွာဝေဖန်အပ်ပါပြီ၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ရှေးဦးစွာသော ဝေဿန္တရပဉ္စာ ပြီး၏။

---

## ၂-ဒုက္ကရကာရိကပဉ္စာ

### (ဒုက္ကရစရိယာအကျင့်ပြဿနာ)

၂။ အသျှင်ဘုရားနာဂသေန ဘုရားလောင်းအားလုံးတို့သည်ပင် ပြုနိုင်ခဲလှစွာသော ဒုက္ကရ စရိယာအကျင့်ကို ပြုကျင့်ပါကုန်သလော၊ သို့မဟုတ် ဂေါတမဘုရားအလောင်းတော်သည်သာ ဒုက္ကရစရိယာအကျင့်ကို ပြုကျင့်ရပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် ဘုရားလောင်း အားလုံးတို့အား ဒုက္ကရစရိယာအကျင့်သည် မရှိ၊ ဂေါတမဘုရားလောင်းသည်သာလျှင် ဒုက္ကရ စရိယာအကျင့်ကို ပြုကျင့်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ဤသို့ဖြစ်ခဲ့မူ ဘုရားလောင်းတို့၏ ဘုရားလောင်းတို့နှင့် ထူးခြားသည်၏ အဖြစ်သည် မသင့်တော်ချေဟု (လျှောက်၏)။ မင်းမြတ် အကြောင်းအရာ လေးပါးတို့ဖြင့် ဘုရား လောင်းတို့၏ ဘုရားလောင်းတို့နှင့် ထူးခြားသော အဖြစ်သည် ဖြစ်၏။ အဘယ်လေးပါးတို့ဖြင့်နည်း ဟူမူ—အမျိုးဇာတ် ထူးခြားသော အဖြစ် ကမ္မဋ္ဌာန်းအကျင့် ထူးခြားသောအဖြစ် အသက်တော် ထူးခြားသောအဖြစ် အရပ်တော်ပမာဏ ထူးခြားသော အဖြစ်တို့တည်း၊မင်းမြတ် ဤလေးပါးသော အကြောင်းတို့ဖြင့် ဘုရားလောင်းတို့၏ ဘုရားလောင်းတို့နှင့် ထူးခြားသောအဖြစ်သည် ဖြစ်၏။

http://www.dhammadownload.com



မင်းမြတ် အလုံးစုံသော ဘုရားရှင်တို့အား အသွင်၌ရှင်း သီလ၌ရှင်း သမာဓိ၌ရှင်း ပညာ၌ရှင်း ဝိမုတ္တိဉာဏ်၌ရှင်း ဝိမုတ္တိဉာဏ်အမြင်၌ရှင်း ဝေသာရဇ္ဇဉာဏ်လေးပါး၌ရှင်း ဘုရားရှင်တို့၏ အားတော်ဆယ်ပါး၌ရှင်း အသာဓာရဏဉာဏ်တော်ခြောက်ပါး၌ရှင်း ဘုရားဉာဏ်တော်တဆယ့်လေးပါး၌ရှင်း ဘုရားဂုဏ်ကျေးဇူးတရား တဆယ့်ရှစ်ပါး၌ရှင်း အလုံးစုံသော ဘုရားဂုဏ်တော်၌ရှင်း ထူးခြားသောအဖြစ်သည် မရှိ၊ အလုံးစုံသော မြတ်စွာဘုရားတို့သည်လည်း ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတို့နှင့် တူမျှကြကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အလုံးစုံသော မြတ်စွာဘုရားတို့သည်လည်း ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတို့နှင့် အကယ်၍ တူမျှကြပါကုန်သည်ဖြစ်အံ့၊ အဘယ်အကြောင်းကြောင့် ဂေါတမဘုရားအလောင်းသည်သာ ဒုက္ကရစရိယာအကျင့်ကို ပြုကျင့်အပ်ပါသနည်းဟု (လျှောက်၏)။ မင်းမြတ် ဂေါတမဘုရားလောင်းတော်သည် ဉာဏ်မရင့်ကျက်မီ သမ္ဗောဓိဉာဏ်တော် မရင့်ကျက်သေးမီ တောထွက်သည်ဖြစ်ရကား မရင့်ကျက်သေးသော ဉာဏ်ကို ရင့်ကျက်စေသောကြောင့် ဒုက္ကရစရိယာအကျင့်ကို ပြုကျင့်တော်မူရ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အဘယ်အကြောင်းကြောင့် ဘုရားအလောင်းသည် ဉာဏ်မရင့်ကျက်သေးမီ သမ္ဗောဓိဉာဏ် မရင့်ကျက်သေးမီ တောထွက်ဘိသနည်း၊ ဉာဏ်ကို ရင့်ကျက်စေ၍ ဉာဏ်ရင့်ကျက်မှ ထွက်သင့်သည် မဟုတ်ပါလောဟု (လျှောက်၏)။

မင်းမြတ် ဘုရားလောင်းသည် ဖောက်ပြန်သော မောင်းမအပေါင်းကို မြင်၍ နှလုံးမသာယာခြင်း ဖြစ်၏၊ နှလုံးမသာယာခြင်းဖြစ်သော ထိုဘုရားလောင်းအား မမွေ့လျော်ခြင်းဖြစ်၏၊ မမွေ့လျော်သော စိတ်ဖြစ်သည်ကို မြင်၍ မာရ်နတ်၏ အသင်းအပင်းဖြစ်သော တဦးသောနတ်သားသည် "ဤအခါသည်ကား စင်စစ် မမွေ့လျော်သောစိတ်ကို ဖျောက်ပယ်ခြင်းငှါ အခါတည်း"ဟု ကောင်းကင်၌ရပ်လျက် ဤစကားကို ဆို၏ "အလောင်းမင်း သင်အလောင်းမင်းသည် ပျင်းရိခြင်း မဖြစ်ပါလင့်၊ သင်အလောင်းမင်းအား ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ အကန့်တထောင်ရှိသော အကွပ်နှင့်တကွသော ပုန်တောင်းနှင့်တကွသော အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသော နတ်၌ဖြစ်သော စကြာရတနာသည် ထင်ရှားဖြစ်ပါလတ္တံ့၊ သင်အလောင်းမင်းအား မြေ၌ ရောက်ကုန်သော ရတနာတို့သည်၎င်း ကောင်းကင်၌ တည်သော ရတနာတို့သည်၎င်း အလိုလိုသာလျှင် ကပ်ရောက်လာပါကုန်လတ္တံ့၊ ကျွန်းငယ်နှစ်ထောင်အခြံအရံရှိကုန်သော ကျွန်းကြီးလေးကျွန်းတို့၌ တဦးတည်း ပြဋ္ဌာန်းသော အားဖြင့် အာဏာသျှံနှံ့လတ္တံ့၊ အလောင်းမင်းအား ရဲရင့်ကုန်သော သူရဲကောင်း အင်္ဂါရုပ်ရှိကုန်သော တဖက်စစ်သည်တို့ကို နှိပ်နင်းနိုင်ကုန်သော အထောင်မကသော သားတော်တို့သည် ဖြစ်ကုန်လတ္တံ့၊ ထိုသားတော်တို့ ခြံရံလျက် ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ လေးကျွန်းသူ လူအပေါင်းကို ဆုံးမရလတ္တံ့"ဟု ဆို၏။

တနေ့လုံး ပူလောင်ထားသော တခုလုံး ပူလောင်နေသော သံတံကျင်သည် နားတွင်းသို့ စူးဝင်ရာသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ထိုနတ်သား၏ စကားသည် ဘုရားလောင်း၏ နားတွင်းသို့ စူးဝင်လေ၏၊ ဤသို့လျှင် ထိုဘုရားလောင်းသည် ပြကတေ့အားဖြင့်သာလျှင်

http://www.dhammadownload.com



ပျင်းရိငြီးငွေ့နေသည်ဖြစ်လျက် ထိုနတ်၏စကားကြောင့်ကား အတိုင်းထက်အလွန် ထိတ်လန့်ကြောက်ရွံ၏ ထိတ်လန့်ခြင်းသို့ ရောက်၏။

မင်းမြတ် ကြီးစွာသော မီးပုံကြီးသည် တောက်လောင်နေစဉ် တပါးသော ထင်းမီးစာဖြင့် ထပ်မံ တောက်လောင်စေခဲ့သော် အတိုင်းထက်အလွန် တောက်လောင်ရာသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ဘုရားလောင်းသည် ပြကတေ့အားဖြင့်သာလျှင် ငြီးငွေ့နေသည်ဖြစ်လျက် ထိုနတ်၏စကားကြောင့်ကား အတိုင်းထက်အလွန် ထိတ်လန့်ကြောက်ရွံ၏၊ ထိတ်လန့်ခြင်းသို့ ရောက်၏။

မင်းမြတ် ဥပမာတနည်းသော်ကား ပြကတေ့ စိုစွတ်သည်ဖြစ်၍ ကောင်းစွာပေါက်သဖြင့် စိမ်းစိုသော နေဇာမြက်နုရှိသော မြေကြီးသည် နောက်ထပ် ရေလောင်းအပ်သည်ရှိသော် ရွံ့ညွန်အတိဖြစ်လျက် တဖန်လျှင် မိုးကြီးရွာသွန်းပြန်သော် အတိုင်းထက်အလွန် ရွံ့ညွန်အတိဖြစ်ရာ၏၊ မင်းမြတ် ဤအတူသာလျှင် ဘုရားလောင်းသည် ပြကတေ့အားဖြင့်သာလျှင် ငြီးငွေ့နေသည် ဖြစ်လျက် ထိုနတ်၏ စကားကြောင့်ကား အတိုင်းထက်အလွန် ထိတ်လန့်ကြောက်ရွံ၏၊ ထိတ်လန့်ခြင်းသို့ ရောက်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ဘုရားလောင်းအား ခုနစ်ရက်မြောက်သောနေ့ဝယ် နတ်၌ဖြစ်သော စကြာရတနာသည် အကယ်၍ဖြစ်ငြားအံ့၊ ဘုရားလောင်းသည် နတ်၌ဖြစ်သော စကြာရတနာ ဖြစ်ပေါ်လတ်သော် ဆုတ်နစ်ပြန်လည်ရာပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် ခုနစ်ရက်မြောက်သောနေ့၌ ဘုရားလောင်းအား နတ်၌ဖြစ်သော စကြာရတနာသည် မဖြစ်ရာ၊ ထိုသို့စကြာရတနာ မဖြစ်ပဲလျက်လည်း ထိုနတ်သည် ဖြားယောင်း သွေးဆောင်ခြင်းအကျိုးငှါ မမှန်သောစကားကို ဆိုအပ်၏၊ မင်းမြတ် ခုနစ်ရက်မြောက်သောနေ့၌ နတ်၌ဖြစ်သော စကြာရတနာသည်အကယ်၍ ဖြစ်စေဦးတော့၊ ဘုရားလောင်းသည် မဆုတ်နစ် မပြန်လည်ရာ။ အကြောင်းအဘယ်နည်းဟူမူ—မင်းမြတ် ဘုရားလောင်းသည်"အနိစ္စ"ဟု မြဲမြံစွာစွဲယူ၏၊ "ဒုက္ခဟု အနတ္တ"ဟု မြဲမြံစွာ စွဲယူ၏၊ (နိစ္စ သုခ အတ္တဟု တဏှာဒိဋ္ဌိအားဖြင့်) ပြင်းစွာ စွဲလမ်းမှု ကုန်ပျက်ခြင်းသို့ ရောက်၏၊ (ထို့ကြောင့် မဆုတ်နစ် မပြန်လည်ရာ)။

မင်းမြတ် ဥပမာအားဖြင့် အနောတတ်အိုင်ကြီးမှ ရေသည် ဂင်္ဂါမြစ်သို့ဝင်၏၊ ဂင်္ဂါမြစ်မှ မဟာသမုဒ္ဒရာသို့ ဝင်၏၊ မဟာသမုဒ္ဒရာမှ(နဂါးပြည်) ပါတာလမုခသို့ဝင်၏၊ မင်းမြတ် ပါတာလမုခသို့ ရောက်ပြီးသော ထိုရေသည် ပြန်လည်၍ မဟာသမုဒ္ဒရာသို့ ဝင်နိုင်ရာသလော၊ မဟာသမုဒ္ဒရာမှ ဂင်္ဂါမြစ်သို့ ဝင်နိုင်ရာသလော၊ ဂင်္ဂါမြစ်မှ တဖန် အနောတတ်အိုင်သို့ ဝင်နိုင်ရာသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မဝင်နိုင်ရာပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ဘုရားလောင်းသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းတို့ပတ်လုံး ဤ(ပစ္ဆိမဘဝိက ဘုရားဖြစ်မည့်) ဘဝ၏အကြောင်းကြောင့် ကုသိုလ်ကို ဆည်းပူးအပ်ပြီ၊ ထိုဘုရားလောင်းသည် နောက်ဆုံးဘဝသို့ ရောက်လတ်ပြီ၊ သဗ္ဗညုတဉာဏ်တော်သည် ရင့်ကျက်ပြီ၊ ခြောက်နှစ်တို့ဖြင့် တရားအားလုံးကို ထင်ရှားစွာသိ၍ လောက၌ အထွက်အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူသော ဘုရားဖြစ်လတ္တံ့၊

http://www.dhammadownload.com



မင်းမြတ် ဘုရားလောင်းသည် စကြာရတနာဟူသော အကြောင်းကြောင့် ဆုတ်နစ်ပြန်လည်နိုင်ရာအံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဆုတ်နစ် မပြန်လည်ရာပါဟု (လျှောက်၏)။

မင်းမြတ် စင်စစ်သော်ကား မြေကြီးသည် တောနှင့်တကွ တောင်နှင့်တကွ ဆုတ်နစ်သော် ဆုတ်နစ်ရာသေး၏၊ ဘုရားလောင်းသည် သဗ္ဗညုတဉာဏ်သို့ မရောက်ရပဲ မဆုတ်နစ်ရာပေ။ မင်းမြတ် ဂင်္ဂါမြစ်ရေသည် ရေဆန်ရေညာသို့ ဆန်တက်သော် ဆန်တက်ရာ၏၊ ဘုရားလောင်းသည် သဗ္ဗညုတဉာဏ်သို့ မရောက်ရပဲ မဆုတ်နစ်ရာပေ၊ မင်းမြတ် မနှိုင်းရှည့်နိုင်သော ရေကို ဆောင်သော မဟာသမုဒြာသည် နွားခြေရာကွက်၌ ရေကဲ့သို့ ခြောက်ခန်းသော်လည်း ခြောက်ခန်းရာ၏၊ ဘုရားလောင်းသည် သဗ္ဗညုတဉာဏ်သို့ မရောက်ပဲ မဆုတ်နစ်ရာပေ၊ မင်းမြတ် မြင့်မိုရ်တောင်မင်းသည် အစိတ်အရာသော်ငှင်း အစိတ်အထောင်သော်ငှင်း ကွဲသော်လည်း ကွဲရာ၏၊ ဘုရားလောင်းသည် သဗ္ဗညုတဉာဏ်သို့ မရောက်ရပဲ မဆုတ်နစ်ရာပေ၊ မင်းမြတ် လနေတို့သည် ကြယ်တာရာတို့နှင့်တကွ မြေ၌ ခဲကဲ့သို့ ကျသော်လည်း ကျရာ၏၊ ဘုရားလောင်းသည် သဗ္ဗညုတဉာဏ်သို့ မရောက်ရပဲ မဆုတ်နစ်ရာပေ၊ မင်းမြတ် ကောင်းကင်သည် ဖျာကဲ့သို့ လိပ်သော်လည်း လိပ်ရာ၏၊ ဘုရားလောင်းသည် သဗ္ဗညုတဉာဏ်သို့ မရောက်ရပဲ မဆုတ်နစ်ရာပေ။ အဘယ်အကြောင်းကြောင့်နည်း ဟူမူ—အလုံးစုံသော အနှောင်အဖွဲ့တို့ကို ဖြတ်တောက်အပ်ပြီးသည်၏ အဖြစ်ကြောင့်တည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန လောက၌ အနှောင်အဖွဲ့တို့သည် အဘယ်မျှလောက် ရှိပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် လောက၌ အနှောင်အဖွဲ့တို့သည် ဤဆယ်ပါးတို့ပေတည်း၊ ယင်းအနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့အပ်ကုန်သော သတ္တဝါတို့သည် မထွက်ခွါနိုင်ကုန်၊ ထွက်ခွါပါကုန်သော်လည်း ပြန်လည်ရကုန်၏။အဘယ်ဆယ်ပါးတို့နည်းဟူမူ—မင်းမြတ် လောက၌ အမိသည် အနှောင်အဖွဲ့တည်း၊ မင်းမြတ် လောက၌ အဖသည် အနှောင်အဖွဲ့တည်း၊ မင်းမြတ် လောက၌ မယားသည် အနှောင်အဖွဲ့တည်း၊ မင်းမြတ် လောက၌ သားသမီးတို့သည် အနှောင်အဖွဲ့တည်း၊ မင်းမြတ် လောက၌ ဆွေမျိုးတို့သည် အနှောင်အဖွဲ့တည်း၊ မင်းမြတ် လောက၌ မိတ်ဆွေသည် အနှောင်အဖွဲ့တည်း၊ မင်းမြတ် လောက၌ ဥစ္စာသည် အနှောင်အဖွဲ့တည်း၊ မင်းမြတ် လောက၌ လာဘ်ပူဇော်သကာသည် အနှောင်အဖွဲ့တည်း၊ မင်းမြတ် လောက၌ အစိုးရခြင်းသည် အနှောင်အဖွဲ့တည်း၊မင်းမြတ် လောက၌ ကာမဂုဏ်ငါးပါးတို့သည် အနှောင်အဖွဲ့တည်း၊မင်းမြတ် လောက၌ အနှောင်အဖွဲ့တို့သည် ဤဆယ်ပါးတို့တည်း။ ယင်းအနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့အပ်ကုန်သော သတ္တဝါတို့သည် မထွက်ခွါနိုင်ကြကုန်၊ ထွက်ခွါပါကုန်သော်လည်း ပြန်လည်ရကုန်၏၊ ထိုဆယ်ပါးသော အနှောင်အဖွဲ့တို့ကို ဘုရားလောင်းသည် ဖြတ်အပ်ပြီးကုန်ပြီ၊ ခွဲဖျက်အပ်ပြီးကုန်ပြီ၊မင်းမြတ် ထို့ကြောင့် ဘုရားလောင်းသည် ဆုတ်နစ်တော်မမူဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ဘုရားလောင်းသည် နတ်၏ စကားကြောင့် မမွေ့လျော်သော စိတ်ဖြစ်ပေါ်လတ်သော် ဉာဏ်မရင့်ကျက်သေးမီ သဗ္ဗညုတဉာဏ် မရင့်ကျက်သေးမီ အကယ်၍ တောထွက်ခဲ့ငြားအံ့၊ထိုဘုရားလောင်း ပြုလုပ်အပ်သော ဒုက္ကရစရိယာအကျင့်ဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ အလုံးစုံသော စားသောက်ဖွယ်ကို စားသောက်ခြင်းဖြင့် ဉာဏ်ရင့်ကျက်ခြင်းကို ငံ့လင့်လျက် ဖြစ်ရမည် မဟုတ်ပါလောဟု (လျှောက်၏)။

http://www.dhammadownload.com



မင်းမြတ် လောက၌ မထေမဲ့မြင် ပြုအပ်ကုန်သော အယုတ်ဟု မှတ်အပ်ကုန်သော ရှုတ်ချအပ်ကုန်သော ကဲ့ရဲ့အပ်ကုန်သော ပြစ်တင်အပ်ကုန်သော နှိပ်စက်အပ်ကုန်သော အရိုအသေမပြုအပ်ကုန်သော ပုဂ္ဂိုလ်တို့သည် ဤဆယ်ယောက်တို့တည်း။ အဘယ်ဆယ်ယောက်တို့နည်းဟူမူ— မင်းမြတ် လင်ကင်းသောမိန်းမကို လောက၌ မထေမဲ့မြင်ပြုအပ်၏၊ အယုတ်ဟု မှတ်အပ်၏၊ ရှုတ်ချအပ်၏၊ ကဲ့ရဲ့အပ်၏၊ ပြစ်တင်အပ်၏၊နှိပ်စက်အပ်၏၊အရိုအသေမပြုအပ်၊မင်းမြတ် အားအင်နည်းပါးသောပုဂ္ဂိုလ်ကို။ပ။ အဆွေအမျိုးမဲ့သောပုဂ္ဂိုလ်ကို။ အစားကြီးသော ပုဂ္ဂိုလ်ကို။ ဆရာ့ထံ မဆည်းကပ်ဘူးသောပုဂ္ဂိုလ်ကို။ ယုတ်မာသော အဆွေခင်ပွန်းရှိသော ပုဂ္ဂိုလ်ကို။ ဥစ္စာပစ္စည်းချို့တဲ့သော ပုဂ္ဂိုလ်ကို။ အကျင့်ယုတ်သောပုဂ္ဂိုလ်ကို။ ယုတ်ညံ့သော အလုပ်ရှိသောပုဂ္ဂိုလ်ကို။ လုံ့လမရှိသော ပုဂ္ဂိုလ်ကို လောက၌ မထေမဲ့မြင်ပြုအပ်၏၊ အယုတ်ဟု မှတ်အပ်၏၊ အပြစ်တင်အပ်၏၊ ရှုတ်ချအပ်၏၊ ကဲ့ရဲ့အပ်၏၊ နှိပ်စက်အပ်၏၊ အရိုအသေမပြုအပ်။ မင်းမြတ် လောက၌ မထေမဲ့မြင်ပြုအပ်ကုန်သော အယုတ်ဟု မှတ်အပ်ကုန်သော ရှုတ်ချအပ်ကုန်သော ကဲ့ရဲ့အပ်ကုန်သော အပြစ်တင်အပ် နှိပ်စက်အပ်ကုန်သော အရိုအသေမပြုအပ်ကုန်သော ပုဂ္ဂိုလ်တို့သည် ဤဆယ်ယောက်တို့ပေတည်း။ မင်းမြတ် ဤဆယ်ပါးသော အကြောင်းအရာတို့ကို အောက်မေ့သော ဘုရားလောင်းအား ဤသို့သော အမှတ်သညာဖြစ်၏၊ ငါသည် အသုပ်လက်မဲ့ လုံ့လချို့တဲ့၍ နတ်လူတို့ ကဲ့ရဲ့အပ်သည် မဖြစ်ပါစေလင့်၊ အကယ်၍ "ငါသည် အမှုလုပ် အရှင်ဖြစ်အံ့၊ အမှုလုပ်ခြင်းကို အလေးပြုအံ့၊ အမှုလုပ်ခြင်းလျှင် အကြီးအမှူးရှိသည်ဖြစ်အံ့၊ အမှုလုပ်ခြင်းလျှင် အလေ့အကျင့်ရှိသည်ဖြစ်အံ့၊ အမှုလုပ်ခြင်းကို ဆောင်ရွက်အံ့၊ အမှုလုပ်ခြင်းလျှင် အိမ်နေရာရှိသည်ဖြစ်၍ မမေ့မလျော့နေဘော့အံ့"ဟု (အမှတ်သညာဖြစ်၏)၊မင်းမြတ် ဤသို့လျှင် ဘုရားလောင်းသည် ဉာဏ်ကို ရင့်ကျက်စေလျက် ဒုက္ကရစရိယာအကျင့်ကို ပြုကျင့်တော်မူ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ဘုရားလောင်းသည် ဒုက္ကရစရိယာအကျင့်ကို ပြုသည်ရှိသော် "ငါသည် ဤဆင်းရဲငြိုငြင်လှစွာသော ဒုက္ကရစရိယာအကျင့်ကို ကျင့်သဖြင့် လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်သော အရိယာတို့၏ ဉာဏ်အမြင်အထူးကို မရခဲ့၊ သစ္စာလေးပါးကို သိခြင်းငှါ အခြားလမ်း ရှိရာသေးသလောဟု ဆိုပါ၏၊ ထိုအခါ ဘုရားလောင်းအား မဂ်ကို အကြောင်းပြု၍ သတိလွတ်ကင်း တွေဝေခြင်း ဖြစ်ပါသေးသလော"ဟု (မေးလျှောက်၏)။

မင်းမြတ် စိတ်ကို အားနည်းအောင် ပြုတတ်ကုန်သော တရားတို့သည် ဤနှစ်ဆယ့်ငါးပါးတို့တည်း၊ ယင်းနှစ်ဆယ့်ငါးပါးသော တရားတို့က အားနည်းအောင် ပြုအပ်သော စိတ်သည် မတည်ကြည်နိုင်။ အာသဝေါတရားတို့ ကုန်ခြင်းငှါ မဖြစ်နိုင်။ အဘယ်နှစ်ဆယ့်ငါးပါးတို့နည်းဟူမူ—မင်းမြတ် အမျက်ဒေါသသည် စိတ်ကို အားနည်းအောင် ပြုတတ်သောတရားတည်း၊ ယင်းအမျက်ဒေါသက အားနည်းအောင်ပြုသော စိတ်သည် မတည်ကြည်နိုင်၊ အာသဝေါတရားတို့ ကုန်ခြင်းငှါ မဖြစ်။ ရန်ငြိုးဖွဲ့ခြင်းသည်။ပ။ ကျေးဇူးကို ချေဖျက်ခြင်းသည်။ ဂုဏ်ပြိုင်ခြင်းသည်။ ငြူစူစောင်းမြောင်းခြင်းသည်။ ဝန်တိုခြင်းသည်၊ လှည့်ပတ်ခြင်းသည်။ ကောက်ကျစ်စဉ်းလဲခြင်းသည်။ ခက်ထန်တင်းမာခြင်းသည်။ ချုတ်ချယ်ခြင်းသည်။ မာန်မူခြင်းသည်။ အလွန်မာန်မူခြင်းသည်။ မာန်ယစ်ခြင်းသည်။ မေ့လျော့ပေါ့ဘန်ခြင်းသည်။ လေးလံထိုင်းမှိုင်းခြင်းသည်။ ငြီးငွေ့ခြင်းသည်။ ပျင်းရိခြင်းသည်။ ယုတ်ညံ့သော အဆွေခင်ပွန်းရှိခြင်းသည်။ အဆင်း 'ရူပါရုံ' တို့သည်။ အသံ 'သဒ္ဒါရုံ' တို့သည်။ အနံ့ 'ဂန္ဓာရုံ' တို့သည်။ အရသာ 'ရသာရုံ' တို့သည်။ အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'

http://www.dhammadownload.com



တို့သည်။ ဆာလောင်မွတ်သိပ်ခြင်းသည်။ မင်းမြတ် မမွေ့လျော်ခြင်းသည် စိတ်ကို အားနည်းအောင် ပြုတတ်သော တရားတည်း၊ ယင်းမမွေ့လျော်ခြင်းက အားနည်းအောင် ပြုအပ်သော စိတ်သည် မတည်ကြည်နိုင်၊ အာသဝေါတရားတို့ ကုန်ခြင်းငှါ မဖြစ်နိုင်။ မင်းမြတ် နှစ်ဆယ့်ငါးပါးကုန်သော ဤတရားတို့သည် စိတ်ကို အားနည်းအောင် ပြုတတ်ကုန်သော တရားတို့တည်း၊ ယင်းတရားတို့က အားနည်းအောင် ပြုအပ်သော စိတ်သည် မတည်ကြည် အာသဝေါတရားတို့ကုန်ခြင်းငှါ မဖြစ်နိုင်။

မင်းမြတ် ဘုရားလောင်း၏ ဆာလောင် မွတ်သိပ်မှုတို့သည် ကိုယ်ကို ချူးစေကုန်၏၊ ကိုယ်ချူးလတ်သော် စိတ်သည် မတည်ကြည်နိုင်၊ အာသဝေါတရားတို့ ကုန်ခြင်းငှါ မဖြစ်နိုင်၊ မင်းမြတ် လေးသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး ဘုရားလောင်းသည် ထိုထိုဘဝတို့၌ အရိယသစ္စာလေးပါးတို့ကိုသာလျှင် ထိုးထွင်း၍ သိကြောင်းကို ရှာဖွေခဲ့လေပြီ၊ သို့ဖြစ်လျက် ထိုဘုရားလောင်းအား အဆုံးစွန်ဘဝဖြစ်သော သစ္စာလေးပါးကို ထိုးထွင်း၍ သိရမည့်ဘဝ၌ မဂ်ကိုအာရုံပြု၍ သတိလွတ်ကင်း တွေဝေခြင်းသည် အဘယ်မှာ ဖြစ်နိုင်လတ္တံ့နည်း၊ မင်းမြတ် ဘုရားလောင်းအား "သစ္စာလေးပါးကို သိခြင်းငှါ အခြားလမ်းသည် ရှိရာသေးသလော" ဟု အမှတ်သညာမျှသည် ဖြစ်၏။ မင်းမြတ် ဘုရားလောင်းသည် တလသားမျှသာဖြစ်လျက် သာကီဝင် မင်းဖြစ်သော ဖခမည်းတော် လယ်ထွန်မင်္ဂလာအမှုကို ပြုလုပ်စဉ် အေးမြသော သပြေပင်ရိပ်ဝယ် ကြက်သရေရှိသော နေရာ၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလျက် ကာမဂုဏ်တို့မှ ကင်းဆိတ်လျက် သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်' သုံးသပ်ဆင်ခြင်မှု 'ဝိစာရ' နှင့် တကွဖြစ်သော နီဝရဏ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍နေ၏။ပ။ စတုတ္ထဈာန်ကို ပြည့်စုံစေ၍နေ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏၊ ဘုရားလောင်းသည် ဉာဏ်ကို ရင့်ကျက်စေတော်မူလျက် ဒုက္ကရစရိယာအကျင့်ကို ပြုကျင့်တော်မူပါ၏ဟု (လျှောက်၏)။

နှစ်ခုမြောက် ဒုက္ကရကာရိကပဉှာ ပြီး၏။

---

## ၃-ကုသလာကုသလဗလဝတရပဉှာ

### (ကုသိုလ်အကုသိုလ်၏အားကြီးမှုပြဿနာ)

၃။ 'အသျှင်ဘုရားနာဂသေန အဘယ်တရားသည် အလွန်အကဲ အားကြီးလေသနည်း၊ ကုသိုလ်သည်မှုလည်း အားကြီးသလော၊ အကုသိုလ်သည်မှုလည်း အားကြီးသလောဟု (မေးလျှောက်၏)။ မင်းမြတ် ကုသိုလ်သည် အလွန်အကဲ အားကြီး၏၊ ထိုကုသိုလ်အတူ အကုသိုလ်သည် အားမကြီးဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန "ကုသိုလ်သည် အလွန်အကဲအားကြီး၏၊ ထိုကုသိုလ်အတူ အကုသိုလ်သည် အားမကြီး" ဟူသော ထိုစကားကို အကျွန်ုပ် လက်မခံနိုင်ပါ၊ အသျှင်ဘုရားနာဂသေန ဤလောက၌ သူ၏ အသက်ကို သတ်ကုန်သူတို့သည် ထင်ရှားရှိကုန်၏၊ မပေးသည်ကို ခိုးယူသူတို့သည် ထင်ရှားရှိကုန်၏၊ ကာမတို့၌ မှားသောအားဖြင့် ကျင့်သူတို့သည် ထင်ရှားရှိကုန်၏၊ မဟုတ်မမှန် ပြောဆိုသူတို့သည် ထင်ရှားရှိကုန်၏၊ ရွာကို တိုက်ဖျက်သူတို့သည် ထင်ရှားရှိကုန်၏၊ လမ်းခရီး၌ လုယက်သူတို့သည် ထင်ရှားရှိကုန်၏၊ စဉ်းလဲသူတို့သည် ထင်ရှားရှိကုန်၏၊

http://www.dhammadownload.com



လှည့်ပတ်ဖြားယောင်းသူတို့သည် ထင်ရှားရှိကုန်၏၊ထိုအလုံးစုံသောသူတို့သည် ထိုမျှလောက်သော မကောင်းမှုဖြင့် လက်ဖြတ်ခြင်းကို ခံရကုန်၏၊ခြေဖြတ်ခြင်းကို လက်ခြေဖြတ်ခြင်းကို နားဖြတ်ခြင်းကို နှာခေါင်းဖြတ်ခြင်းကို နားနှာခေါင်းဖြတ်ခြင်းကို ပုန်းရည်အိုးခေါ် ညှဉ်းပန်းမှုကို ခရုသင်းဦးပြည်းခေါ် ညှဉ်းပန်းမှုကို ရာဟုခံတွင်းခေါ် ညှဉ်းပန်းမှုကို မီးပန်းခေါ် ညှဉ်းပန်းမှုကို လက်ဆီမီးခေါ် ညှဉ်းပန်းမှုကို မြိန်းရွက်ခေါ် ညှဉ်းပန်းမှုကို လျှော်တေအဝတ်ခေါ် ညှဉ်းပန်းမှုကို ဧဏီသားမီးမြိုက်ခေါ် ညှဉ်းပန်းမှုကို ငါးမြှားချိတ်ဖြင့် အသားလှီးခြင်းကို ကျပ်ပြားမျှလောက် အသားဖြတ်ခြင်းကို (အသားကိုမှုန်း၍) ဆားငံရေလောင်းခြင်းကို တံခါးကျည်လှည့်ခေါ် ညှဉ်းပန်းမှုကို ကောက်ရိုးထုံးခေါ် ညှဉ်းပန်းမှုကို ဆီပူဖြင့် သွန်းလောင်းခြင်းကို ခွေးတို့ကို ကိုက်စားစေသည်တို့ကို အရှင်လတ်လတ် သံတံကျင်လျှိုခြင်းကို သန်လျက်ဖြင့် ဦးခေါင်းဖြတ်ခြင်းကို ခံရကုန်၏။

အချို့သော သူတို့သည် ညဉ့်အခါ၌ မကောင်းမှုကို ပြု၍ ညဉ့်အခါ၌ပင်လျှင် မကောင်းကျိုးကို ခံစားရကုန်၏၊ အချို့သောသူတို့သည် ညဉ့်အခါ၌ (မကောင်းမှုကို) ပြု၍ နေ့အခါ၌ပင်လျှင် (မကောင်းကျိုးကို) ခံစားရကုန်၏။ အချို့သော သူတို့သည် နေ့အခါ၌ (မကောင်းမှုကို)ပြု၍ နေ့အခါ၌ပင်လျှင် (မကောင်းကျိုးကို) ခံစားရကုန်၏၊ အချို့သော သူတို့သည် နေ့အခါ၌ (မကောင်းမှုကို) ပြု၍ ညဉ့်အခါ၌ပင်လျှင် (မကောင်းကျိုးကို) ခံစားရကုန်၏။ အချို့သော သူတို့သည် နှစ်ရက် သုံးရက် လွန်သည်ရှိသော် (မကောင်းကျိုးကို) ခံစားရကုန်၏။ ထိုအလုံးစုံသော သူတို့သည်လည်း မျက်မှောက်ဖြစ်သော ကိုယ်၏ အဖြစ်၌သာလျှင် မကောင်းကျိုးကို ခံစားရကုန်၏။ အသျှင်ဘုရားနာဂသေန တယောက်သော သူအားရင်း နှစ်ယောက်သော သူအားရင်း သုံးယောက်သောသူတို့အားရင်း လေးယောက်သော သူတို့အားရင်း ငါးယောက်သော သူတို့အားရင်း ဆယ်ယောက်သော သူတို့အားရင်း တရာသော သူအားရင်း တထောင်သော သူအားရင်း တသိန်းသောသူအားရင်း အခြံအရံနှင့်တကွသော အလှူကို ပေး၍ သီလဖြင့်ရင်း ဥပုသ်ကံဖြင့်ရင်း မျက်မှောက်ဖြစ်သော စည်းစိမ်ကိုရင်း အခြံအရံကိုရင်း ချမ်းသာကိုရင်း ခံစားရသောသူ တစုံတယောက် ရှိပါ၏လောဟု (မေးလျှောက်၏)။

မင်းမြတ် ယောကျ်ားလေးယောက်တို့သည် အလှူကို ပေးသောကြောင့် သီလကို ဆောက်တည်သောကြောင့် ဥပုသ်ကံကို ပြုလုပ်သောကြောင့် မျက်မှောက်ဘဝ၌ပင် ထိုလူကိုယ်ဖြင့်သာလျှင် တာဝတိံသာနတ်ပြည်သို့ ရောက်ဘူးသောသူတို့ ရှိကုန်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အဘယ်သူ အဘယ်သူတို့ပါနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မန္ဓာတုစကြာမင်း နေမိမင်း သာဓိနမင်း ဂုတ္တိလစောင်းသမားတို့ပေတည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ထိုဒိဋ္ဌဓမ္မအကျိုးသည် များစွာသော ဘဝအထောင်တို့ ခြားကွာနေ၏၊ ဤ အသျှင်ဘုရား ပြသော အကြောင်းကား နှစ်ဦးသော အကျွန်ုပ်တို့၏ မျက်ကွယ်ဖြစ်ချေ၏၊ အကယ်၍ စွမ်းနိုင်သည်ဖြစ်ပါအံ့၊ မြတ်စွာဘုရား ထင်ရှား ရှိတော်မူသောအခါ ပစ္စုပ္ပန်ဘဝ၌ပင် ဖြစ်ဘူးသည်ကို မိန့်ကြားတော်မူပါလော့ဟု (လျှောက်၏)။ မင်းမြတ် ပစ္စုပ္ပန်ဘဝ၌လည်း ပုဏ္ဏကကျွန်သည် အသျှင်သာရိပုတြာမထေရ်အား ဘောဇဉ်ကို ပေးလှူသောကြောင့် ထိုပေးလှူသောနေ့၌ပင်လျှင် သူဌေးအရာသို့ ရောက်ရလေ၏၊ ထိုပုဏ္ဏကသည် ယခုလက်ထက်၌ ပုဏ္ဏကသူဌေးဟူ၍ ထင်ရှား၏။ ဂေါပါလမာတာမည်သော မိဖုရားသည် မိမိ၏ ဆံပင်တို့ကို ရောင်း၍ ရအပ်ကုန်သော ရှစ်သပြာတို့ဖြင့် အသျှင်မဟာကစ္စည်းမထေရ်အပါအဝင် မထေရ်ရှစ်ပါးအား ဆွမ်းကို ပေးလှူ

http://www.dhammadownload.com



သောကြောင့် ထိုပေးလှူသော နေ့၌ပင်လျှင် စန္ဒပဇ္ဇောတမင်း၏ မိဖုရားအရာသို့ ရောက်ရ၏၊ သုပ္ပိယာဥပါသိကာမသည် မကျန်းမာသော ရဟန်းတပါးအား မိမိ၏ ပေါင်သားဖြင့် အသားဟင်းကို ပေးလှူသောကြောင့် နှစ်ရက်မြောက်သော နေ့၌ပင်လျှင် အသားနုတက်ကာ ကောင်းသော အသားအရေဖြစ်၍ အနာကင်းရလေ၏၊ မလ္လိကာဒေဝီသည် မြတ်စွာဘုရားအား တညဉ့်လွန်ပြီးသော မုယောမုံ့လုံးကို ပေးလှူသောကြောင့် ထိုပေးလှူသော နေ့၌ပင်လျှင် ကောသလမင်း၏ မိဖုရားခေါင်ကြီး ဖြစ်ရလေ၏။ သုမနပန်းသည်သည် ရှစ်ဆုပ်သော မုလေးပန်းတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်သောကြောင့် ထို ပူဇော်သောနေ့၌ပင်လျှင် များစွာသော စည်းစိမ်ချမ်းသာ ပြည့်စုံခြင်းသို့ ရောက်ရလေ၏၊ ကေသာဋကပုဏ္ဏားသည် အပေါ် ရုံပုဆိုးဖြင့် မြတ်စွာဘုရားကို ပူဇော်သောကြောင့် ထိုပူဇော်သောနေ့၌ပင်လျှင် အလုံးစုံသော ဆင်စသည်တို့၏ ရှစ်ခုအပေါင်းကို ရ၏၊ ထိုအလုံးစုံသော သူတို့သည် မျက်မှောက်ဖြစ်သော စည်းစိမ်ကိုဝင်း အခြံအရံကိုဝင်း ခံစားရကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ခြောက်ယောက်သောသူတို့ကိုသာလျှင် ရွေးချယ်ရှာမှီး၍ ပြတော်မူရသည် မဟုတ်ပါလောဟု (လျှောက်၏)။ မင်းမြတ် ဟုတ်ပေ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ထိုသို့ဖြစ်ပါမူ အကုသိုလ်သည်သာလျှင် အလွန်အကဲအားကြီး၏၊ ထို အကုသိုလ်အတူ ကုသိုလ်သည် အားမကြီး၊အသျှင်ဘုရားနာဂသေန အကျွန်ုပ်သည်ကား တနေ့တည်း၌ပင် မကောင်းမှု ကံ၏ အကျိုးကြောင့် တံကျင်လျှိုတင်ခံရကုန်သော ဆယ်ယောက်သော ယောကျ်ားတို့ကိုလည်း မြင်ရပါ၏၊ မကောင်းမှုကံ၏ အကျိုးကြောင့် တံကျင်လျှိုတင်ခံရကုန်သော နှစ်ဆယ်သော ယောကျ်ားတို့ကိုဝင်း သုံးဆယ်သောယောကျ်ားတို့ကိုဝင်း လေးဆယ်သော ယောကျ်ားတို့ကိုဝင်း ငါးဆယ်သော ယောကျ်ားတို့ကိုဝင်း ယောကျ်ားတရာကိုဝင်း ယောကျ်ားတထောင်ကိုဝင်း မြင်ရပါ၏။ အသျှင်ဘုရားနာဂသေန နန္ဒကုလမည်သောမင်း၏ ဘဒ္ဒသာလမည်သော စစ်သူကြီးသားသည် ရှိလေ၏၊ ထိုဘဒ္ဒသာလနှင့် စန္ဒဂုတ်မင်းသည် စစ်မြေပြင်၌ တိုက်ခိုက်ခြင်းဖြစ်လေ၏၊ အသျှင်ဘုရားနာဂသေန ထိုစစ်မြေပြင်၌ နှစ်ဖက်သော ဗိုလ်ပါအပေါင်းဝယ် ရှစ်ဆယ်သော ခေါင်းပြတ်အလောင်းကောင်တို့ ဖြစ်လေကုန်၏၊ ခေါင်းပြတ်အလောင်းကောင်တခု လဲကျသည်ရှိသော် ခေါင်းပြတ်အလောင်းကောင်တခုသည် ထ၏၊ ထိုအလုံးစုံသော သူတို့သည်လည်း မကောင်းမှုကံ၏ အကျိုးကြောင့်ပင် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ရကုန်၏။ အသျှင်ဘုရားနာဂသေန ဤအကြောင်းကြောင့်လည်း အကုသိုလ်သည်သာလျှင် အလွန်အကဲ အားကြီး၏၊ ထိုအကုသိုလ်အတူ ကုသိုလ်သည် အားမကြီးဟု ဆိုပါ၏။

အသျှင်ဘုရားနာဂသေန ဤမြတ်စွာဘုရား သာသနာတော်၌ ကောသလမင်းသည် အသဒိသအလှူကြီးကို ပေးလှူ၏ဟု ကြားဘူးပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် ကြားဘူး၏(ဟု မိန့်ဆို၏)။ အသျှင်ဘုရားနာဂသေန ကောသလမင်းသည် ထိုအသဒိသအလှူကြီးကို ပေးလှူ၍ ထိုသို့ပေးလှူခြင်းဟူသော အကြောင်းကြောင့် တစုံတရာသော မျက်မှောက်ဖြစ်သော စည်းစိမ်ကိုသော်ဝင်း အခြံအရံကိုသော်ဝင်း ချမ်းသာကိုသော်ဝင်း ရပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် မရဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောသလမင်းသည် ဤသို့သော သဘောရှိသော အတုမရှိသော အလှူဒါနကို ပေးလှူလျက်လည်း ထိုသို့ပေးလှူခြင်းဟူသော အကြောင်းကြောင့် မျက်မှောက်ဖြစ်သော စည်းစိမ်ကိုသော်ဝင်း အခြံအရံကိုသော်ဝင်း ချမ်းသာကိုသော်ဝင်း

http://www.dhammadownload.com



အကယ်၍ မရအံ့၊ အသျှင်ဘုရားနာဂသေန ထိုသို့ဖြစ်ပါမူ အကုသိုလ်သည်သာလျှင် အလွန်အကဲ အားကြီး၏၊ ထိုအကုသိုလ်အတူ ကုသိုလ်တရားသည် အားမကြီးပါဟု (လျှောက်၏)။

မင်းမြတ် အကုသိုလ်၏ နည်းပါးသည်၏ အဖြစ်ကြောင့် အကုသိုလ်သည် လျင်မြန်စွာ အကျိုးပေး၏၊ ကုသိုလ်၏ များမြတ် ပြန့်ပွါးသည်၏ အဖြစ်ကြောင့် ကာလရှည်ကြာမှ အကျိုးပေး၏၊ မင်းမြတ် ဤအရာကို ဥပမာအားဖြင့်လည်း စူးစမ်းဆင်ခြင်အပ်၏၊ မင်းမြတ် ဥပမာအားဖြင့် အပရန္တဇနပုဒ်၌ ကုမုဒဘဏ္ဍိက အမည်ရှိသော စပါးမျိုးသည် (စိုက်၍) တလပြည့်သည်ရှိသော် အိမ်အတွင်းသို့ ရောက်၏၊ သလေးစပါးတို့သည် ခြောက်လငါးလကြာမှ မှည့်ရင့်ကုန်၏၊ မင်းမြတ် ဤအရာ၌ ကုမုဒဘဏ္ဍိကစပါး၏ငှင်း သလေးစပါးတို့၏ငှင်း ထူးခြားချက်ကား အဘယ်နည်းဟု (မိန့်တော်မူ၏)။အသျှင်ဘုရား ကုမုဒဘဏ္ဍိကစပါးမျိုး၏ အာနိသင်နည်းပါးသည်၏အဖြစ်ကြောင့် (စိုက်၍)တလပြည့်သော် အိမ်တွင်းသို့ ရောက်၏၊ သလေးစပါးတို့ ပြန့်ပြောသည်၏အဖြစ်ကြောင့် ငါးလခြောက်လကြာမှ မှည့်ရင့်ပါကုန်၏၊ အသျှင်ဘုရားနာဂသေန သလေးစပါးတို့သည် မင်းအား ထိုက်ပါကုန်၏၊ မင်းသုံးမင်းဆောင် ဘောဇဉ်ပါတည်း၊ ကုမုဒဘဏ္ဍိက စပါးမျိုးသည် ကျွန်အမှုလုပ်တို့၏ အစာဘောဇဉ်ပါတည်းဟု(လျှောက်၏)။မင်းမြတ် ဤအတူသာလျှင် အကုသိုလ်၏ နည်းပါးသည်၏အဖြစ်ကြောင့် အကုသိုလ်သည် လျင်မြန်စွာအကျိုးပေး၏၊ ကုသိုလ်၏ များမြတ်ပြန့်ပြောသည်၏ အဖြစ်ကြောင့် ကာလရှည်ကြာမှ အကျိုးပေး၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ထိုစကား၌ အကြင်အရာသည် လျင်မြန်စွာ အကျိုးပေး၏၊ ထိုအရာမည်သည် လောက၌ အလွန်အကဲအားကြီး၏၊ ထို့ကြောင့် အကုသိုလ်သည် အလွန်အကဲအားကြီး၏၊ ထိုအကုသိုလ်အတူ ကုသိုလ်သည် အားမကြီး၊ အသျှင်ဘုရားနာဂသေန ဥပမာ မည်သည်ကား တစုံတယောက်သော စစ်သည်သူရဲသည် ကြီးစွာသော စစ်ပွဲသို့ဝင်၍ ရန်သူ၏ခါးတောင်းကျိုက်ကို ကိုင်ယူဆွဲငင်လျက် အလွန်လျင်စွာ အရှင်သခင်အား ဆောင်နှင်းရာ၏၊ ထို စစ်သူရဲသည် လောက၌ စွမ်းနိုင်သော ရဲရင့်သော သူရဲကောင်း မည်၏၊ ထို့ပြင် အကြင်ဆေးသမားသည်လည်း ဆူးငြောင့်ကို လျင်စွာထုတ်ပယ်နိုင်၏၊ ရောဂါကို ပယ်ဖျောက်နိုင်၏၊ ထိုဆေးသမားသည် လိမ္မာ (ကျွမ်းကျင်)သူ မည်၏၊ အကြင်ဂဏန်းတွက်သမားသည် အလွန်လျင်မြန်စွာ ရေတွက်၍ လျင်စွာပြ၏၊ ထိုဂဏန်းတွက်သမားသည် လိမ္မာ (ကျွမ်းကျင်)သူ မည်၏၊ အကြင် လက်ဝှေ့သမားသည် အပြိုင်လက်ဝှေ့သမားကို လျင်စွာ မြှောက်ချီ၍ ပက်လက်ကျစေ၏၊ ထိုလက်ဝှေ့သမားသည် စွမ်းနိုင်သော သူရဲကောင်းမည်၏။ အသျှင်ဘုရားနာဂသေန ဤအတူပင်လျှင် အကြင်ကုသိုလ်သည်ငှင်း အကြင်အကုသိုလ်သည်ငှင်း လျင်စွာ အကျိုးပေး၏၊ ထိုကုသိုလ် အကုသိုလ်ကံသည် လောက၌ လွန်ကဲစွာ အားကြီးပါ၏ဟု (လျှောက်၏)။

မင်းမြတ် နှစ်ပါးစုံလည်းဖြစ်သော ထိုကုသိုလ်အကုသိုလ်ကံသည် တမလွန်၌ အကျိုးခံစားရသည်ချည်းသာတည်း၊ သို့ဖြစ်သော်လည်း အကုသိုလ်သည် အပြစ်နှင့်တကွဖြစ်သည်၏ အဖြစ်ကြောင့် ခဏချင်းဖြင့်ပင် မျက်မှောက်ဘဝ၌ ခံစားရ၏၊ မင်းမြတ် ရှေးမင်းတို့သည် "အကြင်သူသည် သူ့အသက်ကို သတ်၏၊ထိုသူသည် ဒဏ်ထိုက်၏၊ အကြင်သူသည် မပေးသည်ကို ခိုးယူ၏၊ အကြင်သူသည် သူတပါး၏ မယားကို သွားလာလွန်ကျူး၏၊ အကြင်သူသည် မဟုတ်မမှန်သော စကားကို ပြောဆို၏၊အကြင်သူသည် ရွာကို တိုက်ဖျက်၏၊အကြင်သူသည် လမ်းခရီးကို လုယက်၏၊

http://www.dhammadownload.com



အကြင်သူသည် စဉ်းလဲခြင်းကို ပြု၏၊ အကြင်သူသည် လှည့်ပတ်ခြင်းကို ပြု၏၊ ထိုသူသည် အပြစ်ဒဏ်ထိုက်၏၊ သတ်အပ်၏၊ ဖြတ်အပ်၏၊ ခွဲအပ်၏၊ ရိုက်ပုတ်အပ်၏" ဟူသော ဤမြဲသော စည်းမျဉ်းဥပဒေကို ထားအပ်၏၊ ထိုရှေးမင်းတို့သည် ထိုထားသော စည်းမျဉ်း ဥပဒေကို စွဲယူ၍ စူးစမ်း စီစစ်၍ ဒဏ်ထားကုန်၏၊ သတ်ကုန်၏၊ ဖြတ်ကုန်၏၊ ခွဲကုန်၏၊ ရိုက်ပုတ်ကုန်၏၊ မင်းမြတ် တစုံတယောက်သော မင်းစသည်တို့သည် "အကြင်သူသည် ဒါနကိုမူလည်း ပေး၏၊ သီလကို မူလည်း စောင့်၏၊ ဥပုသ်ကံကိုမူလည်း စောင့်သုံး၏၊ ထိုသူအား ဥစ္စာကိုရင်း အခြံအရံကိုရင်း ပေးအပ်၏"ဟု ထားအပ်သော မြဲသော စည်းမျဉ်းဥပဒေသည် ရှိသလော၊ ပြုအပ်သော ခိုးမှု ရှိသောခိုးသူအား သတ်ခြင်း နှောင်ဖွဲ့ခြင်းကဲ့သို့ ထိုကုသိုလ်ပြုသူကို စူးစမ်းစီစစ်၍ ဥစ္စာကိုရင်း အခြံအရံကိုရင်း ပေးကြကုန်သလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မပေးကြပါဟု (လျှောက်၏)။ မင်းမြတ် ပေးလှူကုန်သော သူတို့အား စူးစမ်းစီစစ်၍ ဥစ္စာကိုရင်း အခြံအရံကိုရင်း အကယ်၍ ပေးကုန်ငြားအံ့၊ ကုသိုလ်သည်လည်း မျက်မှောက်ဘဝ၌ ခံစားရသည်ဖြစ်ရာ၏၊ မင်းမြတ် အကြင့်ကြောင့်လျှင် "ဥစ္စာကိုရင်း အခြံအရံကိုရင်း ပေးကုန်အံ့"ဟု ပေးလှူသောသူတို့ကို မစူးစမ်း မစီစစ်ကုန်၊ ထို့ကြောင့် ကုသိုလ်သည် မျက်မှောက်ဘဝ၌ မခံစားရပေ။ မင်းမြတ် ဤ အကြောင်းကြောင့်လည်း အကုသိုလ်သည် ဒိဋ္ဌဓမ္မအကျိုးခံစားရ၏၊ တမလွန်ဘဝ၌ ထိုအကုသိုလ် ပြုသူသည် အလွန်အကဲအားကြီးသော ဆင်းရဲဝေဒနာကို ခံစားရ၏ဟု (မိန့်တော်မူ၏)။ အသျှင် ဘုရားနာဂသေန ကောင်းလှပါ၏၊ အသျှင်ဘုရားနှင့် တူသော ပညာရှိသူနှင့်ကင်း၍ ဤပြဿနာကို ကောင်းစွာ မဖြေဆိုနိုင်ပေရာ၊ အသျှင်ဘုရားနာဂသေန လောကီအကြောင်းကို လောကုတ္တရာ အကြောင်းဖြင့် သိစေအပ်ပါပြီ ဟု (လျှောက်၏)။

သုံးခုမြောက် ကုသလာကုသလဗလဝတရပဉှာ ပြီး၏။

---

## ၄-ပုဗ္ဗပေတာဒိသပဉှာ

### (ရှေးကသေလွန်ပြီးသူတို့အား ရည်ညွှန်း၍လှူသော အလှူပြဿနာ)

၄။ အသျှင်ဘုရားနာဂသေန ဤပေးလှူသောသူတို့သည် အလှူကိုပေးလှူကုန်၍ "ဤအလှူ သည် သေလွန်ကုန်ပြီးသောသူတို့အား ရောက်ပါစေသတည်း"ဟု ရှေးက သေလွန်ပြီးသူတို့အား ရည်ညွှန်းကုန်၏၊ ထိုသေလွန်ပြီးသူတို့သည် ထိုလှူဒါန်းရည်ညွှန်းခြင်းလျှင် အကြောင်းရှိသော တစုံ တရာသော အကျိုးကို ရပါကုန်သလောဟု (မေးလျှောက်၏)။ မင်းမြတ် အချို့သောသူတို့သည် ရကုန်၏၊ အချို့သောသူတို့သည် မရကုန်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အဘယ်သူတို့သည် ရပါ ကုန်သနည်း၊ အဘယ်သူတို့သည် မရပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ငရဲသို့ ကျရောက် ကုန်သူတို့သည် မရကုန်၊ နတ်ပြည်သို့ ရောက်ကုန်သူတို့သည် မရကုန်၊ တိရစ္ဆာန်မျိုး၌ ဖြစ်ကုန်သော သူတို့သည် မရကုန်၊ ပြိတ္တာလေးမျိုးတို့တွင် အစာကို အန်ရသော ဝန္တာသိကပြိတ္တာမျိုး စား၍ မဝင် ငတ်မွတ်သောခုပ္ပိပါသပြိတ္တာမျိုး ဝမ်းခေါင်း ပြောင်ပြောင် တောက်လောင် နေသော နိဇ္ဈာမတဏှိကပြိတ္တာမျိုး ဤသုံးဦးသော ပြိတ္တာမျိုးတို့သည် မရကုန်၊ သူတပါး ပေးကမ်းသည်ကို မှီ၍ အသက်မွေးရကုန်သော ပရဒတ္တူပဇီဝိပြိတ္တာတို့သည်သာ ရကုန်၏၊ ထိုပြိတ္တာတို့သည်လည်း ပေးလှူသည်ကို သိကုန်သော်မှသာလျှင် ရကုန်၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရားနာဂသေန ထိုသို့ဖြစ်ပါမူ အကြင်သူတို့အား ရည်မှတ်၍ ပြုအပ်၏၊ ထိုသူတို့သည် အကယ်၍ မရကုန်သည်ဖြစ်အံ့၊ ပေးလှူသောသူတို့၏ အလှူသည် ခန်းခြောက်ရာပါ၏ အကျိုးမရှိရာပါဟု(လျှောက်၏)။ မင်းမြတ် အလှူသည် အကျိုးမရှိသည်မဟုတ်၊ အကျိုးမပေးသည်မဟုတ်၊ ပေးလှူသော ဒါယကာတို့သည်သာလျှင် ထိုအလှူ၏ အကျိုးကို ခံစားရကုန်၏ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ထိုသို့ဖြစ်ပါမူ အကြောင်းဖြင့် အကျွန်ုပ်ကို သိစေတော် မူပါလော့ ဟု (လျှောက်၏)။ မင်းမြတ် ဤလောက၌ အချို့သောသူတို့သည် ငါး အမဲ အရက် ထမင်း ခဲဖွယ်တို့ကို စီရင်၍ ဆွေမျိုးတို့ထံသို့ သွားကုန်၏၊ထိုဆွေမျိုးတို့သည် ထိုလက်ဆောင်ကို အကယ်၍ မခံယူကုန်သည်ဖြစ်အံ့၊ထိုလက်ဆောင်သည် ခြောက်ကပ်ခြင်းသို့ ရောက်မူလည်း ရောက်ရာသလော၊ပျက်စီးမူလည်း ပျက်စီးရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မပျက်စီးရာပါ၊ ထိုလက်ဆောင်သည် ဥစ္စာရှင်တို့အားသာလျှင် ဖြစ်ပါ၏ဟု(လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ပေးလှူသူတို့သည်သာလျှင် ထိုအလှူ၏ အကျိုးကို ခံစားရကုန်၏။ မင်းမြတ် ဥပမာ တနည်းသော်ကား တိုက်ခန်းသို့ဝင်သော ယောကျ်ားသည် ရှေ့မှ ထွက်ရာတံခါး မရှိခဲ့သော် အဘယ်တံခါးဖြင့် ထွက်ရာသနည်းဟု(မေးတော်မူ၏)။အသျှင်ဘုရား ဝင်ရာတံခါးဖြင့်သာလျှင် ထွက်ရာပါ၏ဟု(လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ထိုအလှူ၏အကျိုးကို ပေးလှူသူတို့သည်သာလျှင် ခံစားရကုန်၏ဟု (မိန့်တော်မူ၏)။အသျှင်ဘုရားနာဂသေန ဤအတိုင်းဖြစ်စေလော့၊ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း လက်ခံပါ၏၊ ထိုအလှူ၏ အကျိုးကို ပေးလှူသူတို့သည်သာ ခံစားရကုန်၏၊ အကျွန်ုပ်တို့သည် ထိုအကြောင်းကို ဆန့်ကျင်ဖက် မပြုလိုပါကုန်ဟု (လျှောက်၏)။

အသျှင်ဘုရားနာဂသေန ဤပေးလှူသော သူတို့၏ ပေးလှူသော အလှူသည် သေသွားသူတို့အား အကယ်၍ ရောက်သည်ဖြစ်အံ့၊ ထိုသေသွားသော သူတို့သည် ထိုအလှူ၏ အကျိုးကို အကယ်၍ ခံစားရကုန်အံ့၊ ထိုသို့ဖြစ်ပါမူ သူ၏အသက်ကို သတ်လေ့ရှိသော ကြမ်းတမ်းသော သွေးစွန်းသော လက်ရှိသော ပြစ်မှားတတ်သော စိတ်ရှိသော သူတို့သည် လူတို့ကို သတ်၍ ကြမ်းကြုတ်သော အမှုကို ပြုလျက် သေသွားသူတို့အား"ငါ၏ ဤမကောင်းမှုကံအကျိုးသည် သေသွားသူတို့အား ရောက်ပါစေသတည်း"ဟု ရည်ညွှန်းခဲ့အံ့၊ ထိုမကောင်းမှု၏ အကျိုးသည် သေသွားသူတို့အား ရောက်ပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် မရောက်ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အကြင့်ကြောင့် ကုသိုလ်သည် ရောက်၏၊ အကုသိုလ်သည် မရောက်ဟူရာ၌ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အထားကား အဘယ်ပါနည်းဟု (လျှောက်၏)။ မင်းမြတ် ဤပြဿနာကို မမေးထိုက် မမေးသင့်၊ မင်းမြတ် သင်သည် ဖြေတတ်သောသူရှိ၏ဟူ၍ မမေးထိုက် မမေးသင့်သော ပြဿနာကို မမေးလင့်၊ ကောင်းကင်သည် အဘယ့်ကြောင့် မှီရာမရှိသနည်း၊ ဂင်္ဂါမြစ်သည် အဘယ့်ကြောင့် အထက်ရေဆန်သို့ ရေးရှုမစီးသနည်း၊ ဤလူတို့သည်၎င်း ဤငှက်တို့သည်၎င်း အဘယ့်ကြောင့် အခြေနှစ်ချောင်း ရှိကုန်သနည်း၊ ဤ သားသမင်တို့သည် အဘယ့်ကြောင့် အခြေလေးချောင်းရှိကုန်သနည်း၊ ဤသို့ ထိုအကြောင်းကို လည်း ငါ့ကို သင်မေးလတ္တံ့ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အကျွန်ုပ်သည် ထိုပြဿနာကို ညှဉ်းဆဲလို၍ မေးလျှောက်သည် မဟုတ်ပါ၊စင်စစ်သော်ကား ယုံမှားခြင်း ပြေမိမ်းရန် အလို့ငှါ မေးလျှောက်ပါ၏၊ လောက၌ လက်ဝဲလမ်းမှားသို့လိုက်ကုန်သော ဉာဏ်စက္ခုကင်းကုန်

http://www.dhammadownload.com



သော လူတို့သည် များပြားလှပါကုန်၏၊ ထိုလူတို့သည် အဘယ်သို့လျှင် အခွင့်မရပဲ ရှိကုန်အံ့နည်းဟု
နှလုံးသွင်း၍ အကျွန်ုပ်သည် အသျှင်ဘုရားကို မေးလျှောက်ပါ၏ဟု (လျှောက်၏)။ မင်းမြတ်
မကောင်းမှုကို မပြုကျင့်သူ အလိုမတူသူနှင့် အညီအမျှ မကောင်းမှုကံကို ခွဲဝေပေးခြင်းငှါ မဘတ်
နိုင်ပေ။

မင်းမြတ် လူတို့သည် ရေတံလျှောက်ဖြင့် ရေကို အလွန်ဝေးသော အရပ်သို့လည်း ဆောင်ယူ
ကုန်သကဲ့သို့ တခဲနက်သော ကျောက်တောင်ကြီးကို ရေတံလျှောက်ဖြင့် အလိုရှိရာ အရပ်သို့
ယူဆောင်ခြင်းငှါ တတ်ကောင်းပါအံ့လောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မတတ်နိုင်ပါဟု
(လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ကုသိုလ်ကို ခွဲဝေပေးခြင်းငှါ တတ်နိုင်၏၊ အကုသိုလ်ကို
ခွဲဝေပေးခြင်းငှါ မတတ်နိုင်။ မင်းမြတ် ဆီဖြင့် ဆီမီးကို ညှိထွန်းခြင်းငှါ တတ်ကောင်းသကဲ့သို့
မင်းမြတ် ရေဖြင့် ဆီမီးကို ညှိထွန်းခြင်းငှါ တတ်နိုင်ပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား
မတတ်နိုင်ပါဟု (လျှောက်၏)။မင်းမြတ် ဤအတူသာလျှင် ကုသိုလ်ကိုခွဲဝေပေးခြင်းငှါ တတ်နိုင်၏၊
အကုသိုလ်ကို ခွဲဝေပေးခြင်းငှါ မတတ်နိုင်၊ မင်းမြတ် ဥပမာတနည်းသော်ကား လယ်သမားတို့သည်
တဖက်ဆည်ကန်မှ ရေကို ထုတ်၍ စပါးကို မှည့်ရင့်စေကုန်သကဲ့သို့၊ မင်းမြတ် မဟာသမုဒ္ဒါမှ ရေကို
ထုတ်၍ စပါးကို မှည့်ရင့်စေခြင်းငှါ တတ်နိုင်ပါသလောဟု (မိန့်ဘော်မူ၏)။ အသျှင်ဘုရား မတတ်
နိုင်ပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ကုသိုလ်ကို ခွဲဝေပေးခြင်းငှါ တတ်နိုင်၏၊
အကုသိုလ်ကို ခွဲဝေပေးခြင်းငှါ မတတ်နိုင်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အဘယ်အကြောင်းကြောင့် ကုသိုလ်ကို ခွဲဝေပေးခြင်းငှါ တတ်နိုင်ပါ
သနည်း၊ အကုသိုလ်ကို ခွဲဝေပေးခြင်းငှါ မတတ်နိုင်ပါသနည်း၊ အကြောင်းဖြင့် အကျွန်ုပ်ကို သိစေ
ပါလော့၊ အကျွန်ုပ်သည် ပညာမျက်စိ မကန်းပါ၊ ပညာအလင်း မရသူ မဟုတ်ပါ၊ ကြားနာရပါမူ
သိနိုင်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် အကုသိုလ်သည် နည်းပါး၏၊ ကုသိုလ်သည် များပြား
၏၊ အကုသိုလ်သည် နည်းပါးသည်၏ အဖြစ်ကြောင့် ပြုတတ်သူကိုသာ သိမ်းယူနိုင်၏၊ ကုသိုလ်သည်
များပြားသည်၏ အဖြစ်ကြောင့် နတ်နှင့်တကွသော လောကကို လွှမ်းမိုးနိုင်၏ဟု (မိန့်တော်မူ၏)။
ဥပမာပြုတော်မူပါဦးလော့ဟု (လျှောက်၏)။

မင်းမြတ် ဥပမာအားဖြင့် ရေပေါက်ငယ်တခုသည် မြေ၌ ကျရာ၏၊ မင်းမြတ် ထိုရေပေါက်
ရေစက်သည် ဆယ်ယူဇနာ ဆယ့်နှစ်ယူဇနာတို့တိုင်အောင် လွှမ်းမိုးနိုင်ရာသလောဟု (မေးတော်
မူ၏)။ အသျှင်ဘုရား မလွှမ်းမိုးနိုင်ရာပါ၊ ထိုရေပေါက် ရေစက်သည် ကျရာအရပ်၌ပင်လျှင်
ကုန်ပျောက်သွားပါ၏ဟု (လျှောက်၏)။မင်းမြတ် အဘယ်အကြောင်းကြောင့်နည်းဟု(မေးတော်
မူ၏)။အသျှင်ဘုရား ရေပေါက် ရေစက်၏ နည်းလှသည်၏အဖြစ်ကြောင့်ပါတည်းဟု(လျှောက်၏)။
မင်းမြတ် ဤအတူသာလျှင် အကုသိုလ်သည် နည်းပါးသည်၏ အဖြစ်ကြောင့် ပြုသူကိုသာလျှင်
သိမ်းယူနိုင်၏၊ ခွဲဝေပေးခြင်းငှါ မတတ်နိုင်။

မင်းမြတ် ဥပမာတနည်းသော်ကား သည်းစွာသော မိုးကြီးသည် မြေအပြင်ကို တင်းတိမ်ရောင့်ရဲ
စေလျက် ရွာသွန်းရာ၏၊ မင်းမြတ် ထိုသည်းစွာသော မိုးကြီးသည် ထက်ဝန်းကျင်မှ ရွာသွန်းလွှမ်းမိုး

http://www.dhammadownload.com



ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ရွှာသွန်းလွမ်းမိုးရာပါ၏၊ မိုးကြီးသည် ထုံးအိုင် အိုင်ကြီး အိုင်ငယ် မြစ်ချောင်း မြစ်လက်တက် ချောက်ကြား ရှို မြောင် တဖက်ဆည်ကန် ရေတွင်း ရေကန်တို့ကို ပြည့်ခစေ၍ ဆယ်ယူဇနာ ဆယ့်နှစ်ယူဇနာတို့ တိုင်အောင် လွမ်းမိုးရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် အဘယ်အကြောင်းကြောင့်နည်းဟု (မေးတော်မူ၏)။အသျှင်ဘုရား မိုး၏ အားကြီးများပြားသည်၏ အဖြစ်ကြောင့်ပါတည်းဟု(လျှောက်၏)။ မင်းမြတ် ဤအတူသာ လျှင် ကုသိုလ်သည် များပြား၏၊ များပြားသည်၏ အဖြစ်ကြောင့် နတ်လူတို့နှင့် အတူတကွ လည်း ခွဲဝေခြင်းငှါ တတ်နိုင်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အဘယ်အကြောင်းကြောင့် အကုသိုလ်သည် နည်းပါးပါသနည်း၊ ကုသိုလ်သည် များပြားပါသနည်းဟု(လျှောက်၏)။ မင်းမြတ် ဤလောက၌ တစုံတယောက်သော သူသည် အလှူကို ပေး၏၊သီလကို ဆောက်တည်၏၊ဥပုသ်ကံကို စောင့်သုံး၏၊ထိုသူသည် ရွှင်ပျ၏၊ အလွန် ရွှင်ပျ၏၊ ပြုံးရယ်၏၊ ဝမ်းမြောက်၏၊ ကြည်လင်သောစိတ်ရှိ၏၊ နှစ်သက်စွာဖြစ်၏၊ ထိုသူ့ အား အဆင့်ဆင့် နှစ်သိမ့်မှု 'ပီတိ'ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသောသူအား အလွန့် အလွန် ကုသိုလ်တရား တိုးပွါး၏။

မင်းမြတ် ဥပမာသော်ကား များစွာသော ရေပြည့်လျှံသော ရေတွင်း၌ ရေသည် တခုသော အရပ်ဖြင့် ဝင်ရာ၏၊ တခုသော အရပ်ဖြင့် ထွက်ရာ၏၊ထွက်သော်လည်း အဆင့်ဆင့်ဖြစ်၏၊ကုန်ခန်း ခြင်းသို့ ရောက်စိမ့်သောငှါ မတတ်နိုင်၊ မင်းမြတ် ဤအတူသာလျှင် ကုသိုလ်သည် အလွန့် အလွန် တိုးပွါး၏၊မင်းမြတ် ယောကျ်ားသည် အနှစ်ဘရာမြောက်၌လည်း ပြုအပ်သော ကုသိုလ်ကို အကယ်၍ ဆင်ခြင်ငြားအံ့၊ ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း အလွန့်အလွန် ကုသိုလ်တရားတိုးပွါး၏၊ ထိုယောကျ်ား၏ ထိုကုသိုလ်ကို အလိုရှိသော သူတို့နှင့်အတူ အမျှခွဲဝေခြင်းငှါ တတ်နိုင်၏၊ မင်းမြတ် အကြင်အကြောင်းဖြင့် ကုသိုလ်သည် များပြား၏၊ ဤကုသိုလ်သည် များပြား၏ဟူသော စကား၌ ဤသည်ကား အကြောင်းတည်း။

မင်းမြတ် အကုသိုလ်ကို ပြုသောသူသည် နောက်၌ နှလုံးမသာယာ၊ နှလုံးမသာယာသောသူ၏ စိတ်သည် တွန့်၏ ဆုတ်၏ ဆုတ်နစ်၏ မပျံ့ပျူး စိုးရိမ်၏ ပူပန်၏ အားယုတ်၏ အားကုန်၏ မတိုးပွါး၊ ထိုဖြစ်သောအခိုက်အတန့်၌သာ ကုန်ခန်းနေ၏၊ မင်းမြတ် ဥပမာသော်ကား ရေခန်းခြောက်သော သဲအားကြီးသော ကုန်းကြည်းရှိသော ကောက်ကွေ့သော မြစ်၌ အထက်မှ လာသော ရေအနည်း ငယ်သည် ဆုတ်ယုတ်၏ ကုန်ခန်း၏ မတိုးပွါး၊ ထိုလာရာအရပ်၌သာ ကုန်ခန်းနေ၏၊ မင်းမြတ် ဤအတူသာလျှင် အကုသိုလ်ပြုသောသူ၏ စိတ်သည် တွန့်တို၏ ဆုတ်၏ ဆုတ်နစ်၏ မပျံ့ပျူး စိုးရိမ်၏ ပူပန်၏ အားယုတ်၏ အားကုန်၏ မတိုးပွါး၊ ထိုဖြစ်သောအခိုက်အတန့်၌သာ ကုန်ခန်း၏၊ မင်းမြတ် အကြင်အကြောင်းကြောင့် အကုသိုလ်သည် နည်း၏၊ ဤအရာ၌ ဤဆိုခဲ့ပြီးသည်ကား အကြောင်းတည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

လေးခုမြောက် ပုဗ္ဗပေတာဒိသပဉှာ ပြီး၏။

http://www.dhammadownload.com



## ၅-သုပိနပဉှာ

### (အိပ်မက် ပြဿနာ)

၅။ အသျှင်ဘုရားနာဂသေန ဤလောက၌ ယောကျ်ားမိန်းမတို့သည် ကောင်းသည်လည်းဖြစ်သော မကောင်းသည်လည်းဖြစ်သော မြင်ဘူးသည်လည်း ဖြစ်သော မမြင်ဘူးသည်လည်းဖြစ်သော ပြုလုပ်ဘူးသည်လည်းဖြစ်သော မပြုလုပ်ဘူးသည်လည်းဖြစ်သော ဘေးကင်းသည်လည်းဖြစ်သော ဘေးနှင့်တကွလည်းဖြစ်သော အိပ်မက်ကို မြင်မက်ကုန်၏၊ ဝေးသောအရပ်၌ရှင်းနီးသောအရပ်၌ရှင်း များပြားကုန်သော အထောင်မကများလှသော အကြောင်းအရာတို့ကိုလည်း တွေ့မြင်ရကုန်၏၊ ဤအိပ်မက်မည်သည် အဘယ်ပါနည်း၊ ဤအိပ်မက်ကို အဘယ်သူသည်မူလည်း မြင်မက်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် အကြင်အာရုံသည် စိတ်အား ထင်ခြင်းသို့ ရောက်၏၊ ထိုအာရုံသည် အိပ်မက်မည်၏၊ မင်းမြတ် ဤခြောက်ယောက်သော သူတို့သည် အိပ်မက်မြင်မက်ကုန်၏၊ လေနာရှိသူသည် အိပ်မက်ကို မြင်မက်၏၊ သည်းခြေနာရှိသူသည် အိပ်မက်ကို မြင်မက်၏၊ သလိပ်နာရှိသူသည် အိပ်မက်ကို မြင်မက်၏၊နတ်တို့ဆောင်ပြသောအားဖြင့် အိပ်မက်ကို မြင်မက်၏၊ လေ့ကျက်ဘူးသောအားဖြင့် အိပ်မက်ကို မြင်မက်၏၊ ရှေ့ပြေးနိမိတ်အားဖြင့် အိပ်မက်ကို မြင်မက်၏။ မင်းမြတ် ထိုခြောက်ပါးသော အိပ်မက်တို့တွင် ရှေ့ပြေးနိမိတ်အားဖြင့် မြင်မက်သော အိပ်မက်သည်သာလျှင် မှန်၏၊ ထိုမှကြွင်းသော အိပ်မက်သည် မမှန်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အကြင်သူသည် ရှေ့ပြေးနိမိတ်အားဖြင့် အိပ်မက်ကို မြင်မက်၏၊ ထိုသူ၏ စိတ်သည် မိမိအလိုလို သွား၍ ထိုအာရုံကို စူးစမ်းသလော၊ ထိုအာရုံကမူလည်း စိတ်အား ရှေးရှုထင်ခြင်းသို့ ရောက်ပါသလော၊ တပါးသော သူသည်မူလည်း လာ၍ ထိုသူအား ပြောကြားပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် ထိုအိပ်မက် မက်သောသူ၏ စိတ်သည် အလိုလို သွား၍ ထိုအာရုံကို မစူးစမ်း၊ အခြား တစုံတယောက်သော သူသည်မူလည်း လာ၍ ထိုသူအား မပြောကြား၊ စင်စစ်သော်ကား ထိုအာရုံသည်သာလျှင် စိတ်အား ရှေးရှုထင်ခြင်းသို့ ရောက်၏၊ မင်းမြတ် ဥပမာအားဖြင့် ကြေးမုံမှန်သည် မိမိအလိုလို တစုံတရာသော အရပ်သို့ သွား၍ အရိပ်ကို မစူးစမ်း၊ အခြား တစုံတယောက်သောသူသည်မူလည်း အရိပ်ကို ဆောင်ခဲ့၍ ကြေးမုံ မှန် ပေါ်သို့ မတင်၊စင်စစ်သော်ကား အရိပ်သည် အမှတ်မထင် တခုခုသော အရပ်မှလာ၍ ကြေးမုံ မှန် အား ရှေးရှုထင်ခြင်းသို့ ရောက်၏။ မင်းမြတ် ဤအတူသာလျှင် ထိုအိပ်မက် မက်သောသူ၏ စိတ်သည် မိမိအလိုလို သွား၍ ထိုအာရုံနိမိတ်ကို မစူးစမ်း၊ အခြား တစုံတယောက်သော သူသည်မူလည်း လာ၍ မပြောကြား၊ စင်စစ်သော်ကား အာရုံသည် အမှတ်မထင် တခုခုသော အရပ်မှလာ၍ စိတ်အား ရှေးရှုထင်ခြင်းသို့ ရောက်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အိပ်မက် မြင်မက်သော စိတ်သည် "ဤမည်သော အကျိုးသည် ဖြစ်လတ္တံ့၊ ဘေးကင်းသည်မူလည်း ဖြစ်လတ္တံ့၊ဘေးရှိသည်မူလည်း ဖြစ်လတ္တံ့"ဟု သိနိုင်ပါသလောဟု (မေးလျှောက်၏)။မင်းမြတ် ထိုအိပ်မက် မက်သောစိတ်သည်"ဤမည်သော အကျိုးဖြစ်လတ္တံ့၊ ဘေးကင်းသည်မူလည်း ဖြစ်လတ္တံ့၊ ဘေးရှိသည်မူလည်း ဖြစ်လတ္တံ့"ဟု မသိနိုင်ပါ၊ စင်စစ်သော်

http://www.dhammadownload.com



ကား အာရုံနိမိတ်ဖြစ်သည်ရှိသော် တပါးသောသူတို့အား ပြောကြား၏၊ထိုနောက်မှ ထိုသူတို့သည့် အကျိုးအပြစ်ကို ပြောကြားကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန တိုက်တွန်းပါ၏၊ အကျွန်ုပ်အား အကြောင်းကို ပြတော်မူပါလော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာသော်ကား ကိုယ်၌ မှဲ့တို့သည်၎င်း အဖုအပိမ့်တို့သည်၎င်း ပွေးတို့သည်၎င်း လာဘ်ရခြင်းငှါ၎င်း လာဘ်မရခြင်းငှါ၎င်း အခြံအရံများခြင်းငှါ၎င်း အခြံအရံမများခြင်းငှါ၎င်း ကဲ့ရဲ့ခြင်းငှါ၎င်း ချီးမွမ်းခြင်းငှါ၎င်း ချမ်းသာခြင်းငှါ၎င်း ဆင်းရဲခြင်းငှါ၎င်း ပေါ်ပေါက်ကုန်၏၊ မင်းမြတ် ထိုအဖုအပိမ့်တို့သည် "ငါတို့သည် ဤမည်သောအကျိုးကို ပြီးစေကုန်အံ့"ဟု သိ၍ ပေါ်ပေါက်ကုန်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤသို့လျှင် အကျိုးကိုသိ၍ ပေါ်ပေါက်သည် မဟုတ်ပါ၊ အကြင်သို့ သဘောရှိသော အရပ်တို့၌ အဖုအပိမ့်တို့ ဖြစ်ပေါ်ကုန်၏၊ ထိုပေါ်ပေါက်ရာအရပ်၌ ထိုအဖုအပိမ့်တို့ကို မြင်၍ နိမိတ်ဖတ်သူတို့သည် "ဤမည်သော အကျိုးဖြစ်လတ္တံ့"ဟု ပြောကြားပါကုန်၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အိပ်မက်မြင်မက်သော စိတ်သည် ဤမည်သော အကျိုးဖြစ်လတ္တံ့၊ ဘေးကင်းသည်မှုလည်း ဖြစ်လတ္တံ့၊ ဘေးရှိသည်မှုလည်း ဖြစ်လတ္တံ့"ဟု မသိ၊ စင်စစ်သော်ကား အာရုံနိမိတ် ဖြစ်ပေါ်လာသည်ရှိသော် တပါးသော သူတို့အား ပြောကြား၏၊ ထိုနောင်မှ ထိုသူတို့သည် အကျိုးအပြစ်ကို ပြောကြားကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အိပ်မက် မြင်မက်သောသူသည် အိပ်ပျော်စဉ် မြင်မက်ပါသလော၊ ထိုသို့မဟုတ် နိုးကြားစဉ် မြင်မက်ပါသလောဟု (လျှောက်၏)။မင်းမြတ် အိပ်မက် မြင်မက်သောသူသည် အိပ်ပျော်စဉ်လည်း မမြင်မက်၊ နိုးကြားစဉ်လည်း မမြင်မက်၊ စင်စစ်သော်ကား ငိုက်မျဉ်းခြင်းသို့ သက်ရောက်သော် ဘဝင်အယဉ်သို့ မရောက်မီ ဤအတွင်း၌ အိပ်မက်ကို မြင်မက်၏၊ ငိုက်မျဉ်းခြင်းသို့ သက်ရောက်သောသူ၏ စိတ်သည် ဘဝင်အယဉ်သို့ ရောက်၏၊ ဘဝင်အယဉ်သို့ ရောက်သော စိတ်သည် (ဇောဝီထိအားဖြင့်) မဖြစ်နိုင်၊ (ဇောဝီထိအားဖြင့်) မဖြစ်သောစိတ်သည် ချမ်းသာဆင်းရဲကို မသိ၊ ချမ်းသာဆင်းရဲကို မသိသောသူအား အိပ်မက်ကို မြင်မက်ခြင်းသည် မဖြစ်၊ (ဇောဝီထိအားဖြင့်) စိတ်ဖြစ်သည်ရှိသော် အိပ်မက်ကို မြင်မက်၏။

မင်းမြတ် ဥပမာအားဖြင့် မှောင်မိုက်သော အရောင်အလင်းမရှိသော အမိုက်တိုက်၌ အလွန်စင်ကြယ်သော ကြေးမုံ(မှန်)၌သော်လည်း အရိပ်သည် မထင်၊ မင်းမြတ် ဤအတူသာလျှင် ငိုက်မျဉ်းခြင်းသို့ သက်ရောက်သောစိတ်သည် ဘဝင်အယဉ်သို့ ရောက်သည်ရှိသော် ကိုယ်သည် ရပ်တည်နေသော်လည်း စိတ်သည် (ဇောဝီထိအားဖြင့်) မဖြစ်၊ စိတ်သည် (ဇောဝီထိအားဖြင့်) မဖြစ်သော် အိပ်မက်ကို မမြင်မက်၊ မင်းမြတ် ကြေးမုံ (မှန်) အတူ ကိုယ်ကို မှတ်အပ်၏၊ အမိုက်တိုက်အတူ အိပ်ပျော်ခြင်းကို မှတ်အပ်၏၊ အရောင်အလင်းအတူ စိတ်ကို မှတ်အပ်၏။

မင်းမြတ် ဥပမာ တနည်းသော်ကား ဆီးနှင်းဖုံးလွှမ်းသော နေ၏အရောင်သည် မထင်၊ နေရောင်ခြည်သည် ထင်ရှားစွာရှိလျက်သာ မဖြစ်ပေါ်၊ နေရောင်ခြည် မဖြစ်ပေါ်သည်ရှိသော် အရောင်အလင်းမဖြစ်ပေါ်၊ မင်းမြတ် ဤအတူသာလျှင် ငိုက်မျဉ်းခြင်းသို့ သက်ရောက်သောသူ၏ စိတ်သည် ဘဝင်အယဉ်သို့ ရောက်၏၊ ဘဝင်အယဉ်သို့ ရောက်သောစိတ်သည်(ဇောဝီထိအားဖြင့်) မဖြစ်၊ (ဇောဝီထိအားဖြင့်) မဖြစ်သောစိတ်သည် အိပ်မက်ကို မမြင်မက်၊ မင်းမြတ် နေနှင့်အတူ

http://www.dhammadownload.com



ကိုယ်ကို မှတ်အပ်၏၊ ဆီးနှင်းဖုံးလွှမ်းသည်နှင့်အတူ ငိုက်မျဉ်းခြင်းကို မှတ်အပ်၏၊ နေရောင်ခြည်နှင့်
အတူ စိတ်ကို မှတ်အပ်၏။

မင်းမြတ် နှစ်ဦးသောသူတို့၏ ကိုယ်သည် ထင်ရှားရှိသော်လည်း စိတ်သည် မဖြစ်ပေါ်၊
ငိုက်မျဉ်းခြင်းသို့ သက်ရောက်သည်ဖြစ်၍ ဘဝင်အယဉ်ကျသောသူ၏ကိုယ်သည် ထင်ရှားရှိသော်
လည်း စိတ်သည် မဖြစ်ပေါ်၊ နိရောဓသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်၏ ကိုယ်သည် ထင်ရှား
ရှိသော်လည်း စိတ်သည် မဖြစ်ပေါ်၊ မင်းမြတ် နိုးကြားသောသူ၏စိတ်သည် လှုပ်၏ ပွင့်၏
ပေါ်၏ မမြဲ၊ ဤသို့သဘောရှိသော သူ၏စိတ်၌ အာရုံသည် ထင်ခြင်းသို့ မရောက်၊ မင်းမြတ်
ဥပမာသော်ကား ဟင်းလင်းပွင့်တတ်သော ပေါ်လွယ်သော ကောင်းသော အမူအရာမရှိသော
မလျှို့ဝှက်တတ်သော ယောကျ်ားကို လျှို့ဝှက်လိုသူတို့သည် ရှောင်ကြဉ်ကုန်၏၊မင်းမြတ် ဤအတူ
သာလျှင် နိုးကြားသောသူအား နတ်၌ဖြစ်သော အကြောင်းအရာသော်လည်း ထင်ခြင်းသို့
မရောက်၊ ထို့ကြောင့် နိုးကြားသောသူသည် အိပ်မက်ကို မမြင်မက်နိုင်၊ မင်းမြတ် ဥပမာတနည်း
သော်ကား အာဇီဝပျက်သော မလျှောက်ပတ်သော အကျင့်ရှိသော အဆွေခင်ပွန်းယုတ်ရှိသော
သီလကင်းသော ပျင်းရိသော လုံ့လလျော့သော ရဟန်းကို ကုသိုလ်ဖြစ်ကုန်သော ဗောဓိပက္ခိယ
တရားတို့သည် ထင်ခြင်းသို့ မရောက်ကုန်၊ မင်းမြတ် ဤအတူသာလျှင် နိုးကြားသောသူအား
နတ်၌ဖြစ်သော အကြောင်းအရာသော်လည်း ထင်ခြင်းသို့ မရောက်၊ ထို့ကြောင့် နိုးကြားသော
သူသည် အိပ်မက်ကို မမြင်မက်နိုင်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အိပ်ခြင်း၏ အစ အလယ် အဆုံးသည် ရှိပါသလောဟု (မေးလျှောက်
၏)။ မင်းမြတ် အိပ်ခြင်း၏ အစ အလယ် အဆုံးသည် ရှိ၏၊ အသျှင်ဘုရားနာဂသေန အဘယ်သည်
အစပါနည်း၊ အဘယ်သည် အလယ်ပါနည်း၊ အဘယ်သည် အဆုံးပါနည်းဟု (မေးလျှောက်၏)။
မင်းမြတ် ကိုယ်၏ လေးလံထိုင်းမှိုင်းခြင်း အလွန်လေးလံထိုင်းမှိုင်းခြင်း အားနည်းခြင်း နုန့်နှေးခြင်း
မခံ့ခြင်းသည် အိပ်ခြင်း၏ အစတည်း။ အကြင်သူသည် မျောက်၏ အိပ်ခြင်းကဲ့သို့သော
အိပ်ခြင်းနှင့် ယှဉ်သည်ဖြစ်၍ စိတ်အစဉ်ဘဝင်ရောပြွမ်းခြင်းသို့ ရောက်၏၊ ဤသည်ကား အိပ်ခြင်း၏
အလယ်တည်း၊ ဘဝင်အယဉ်သို့ ရောက်ခြင်းသည် အိပ်ခြင်း၏ အဆုံးတည်း၊ အိပ်ခြင်း၏အလယ်၌
ရောက်လျက် မျောက်၏ အိပ်ခြင်းကဲ့သို့သော အိပ်ခြင်းနှင့်ယှဉ်သောသူသည် အိပ်မက်ကို
မြင်မက်၏၊ မင်းမြတ် ဥပမာသော်ကား တစုံတယောက်သော လုံ့လအကျင့်ရှိသော သူသည်
တည်ကြည်သောစိတ်ရှိလျက် တည်ကြည်သောတရားရှိ၍ မတုန်မလှုပ်သော ဉာဏ်အမြင်ရှိလျက်
ပယ်အပ်ပြီးသော အုတ်အုတ် ကျက်ကျက်အသံရှိသော တောသို့ သက်ဝင်၍ သိမ်မွေ့သော အနက်
အဓိပ္ပါယ်ကို ကြံ၏၊ ထိုပုဂ္ဂိုလ်သည် ထိုတော၌ အိပ်ပျော်ခြင်းသို့ မသက်ရောက်၊ ထိုသူသည်
ထိုတော၌ တည်ကြည်သော တခုတည်းသော စိတ်ရှိသည်ဖြစ်၍ သိမ်မွေ့သော အနက်အဓိပ္ပါယ်ကို
ထိုးထွင်း၍ သိ၏၊ မင်းမြတ် ဤအတူသာလျှင် နိုးကြားသော အိပ်ပျော်ခြင်းသို့ မရောက်သော
အိပ်ခြင်း၏ အလယ်သို့ရောက်သော မျောက်၏ အိပ်ခြင်းကဲ့သို့ အိပ်ခြင်းနှင့် ယှဉ်သောသူသည်
အိပ်မက်ကို မြင်မက်၏၊ မင်းမြတ် အုတ်အုတ် ကျက်ကျက် အသံနှင့်အတူ နိုးကြားခြင်းကို မှတ်အပ်၏၊
ဆိတ်ငြိမ်သော တောနှင့်အတူ မျောက်၏ အိပ်ခြင်းကဲ့သို့သော အိပ်ခြင်းနှင့်ယှဉ်သောသူကို မှတ်
အပ်၏၊ ထိုသူသည် အုတ်အုတ် ကျက်ကျက် အသံကို ပယ်၍ အိပ်ပျော်ခြင်းကို ကြဉ်လျက် လျစ်လျူ
ရှုသည်ဖြစ်၍ သိမ်မွေ့သော အနက်အဓိပ္ပါယ်ကို ထိုးထွင်း၍ သိသည်နှင့်အတူ နိုးကြားသော အိပ်
ပျော်ခြင်းသို့ မရောက်သေးသော မျောက်၏ အိပ်ခြင်းကဲ့သို့သော အိပ်ခြင်းနှင့်ယှဉ်သောသူသည်

http://www.dhammadownload.com



အိပ်မက်ကို မြင်မက်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ငါးခုမြောက် သုပိနပဥှာ ပြီး၏။

---

## ၆-အကာလမရဏပဥှာ

### (သေချိန်မရောက်မီ သေခြင်း ပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန သေသောသတ္တဝါအားလုံးတို့သည် သေချိန်အခါ၌သာ သေပါကုန်သလော၊ သို့မဟုတ် သေချိန်အခါ မရောက်မီလည်း သေပါကုန်သလောဟု(မေးလျှောက်၏)။ မင်းမြတ် သေချိန်အခါ၌ သေခြင်းလည်း ရှိ၏၊ သေချိန်အခါ မရောက်မီ သေခြင်းလည်း ရှိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အဘယ်သူတို့သည် သေချိန်အခါ၌ သေပါကုန်သနည်း၊ အဘယ်သူတို့သည် သေချိန်အခါ မရောက်မီ သေပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် သရက်ပင်မှ သော်၎င်း သပြေပင်မှသော်၎င်း ထို့ပြင် အသီးရှိသော အခြားသစ်ပင်မှသော်၎င်း ကြွေကျကုန်သော စိမ်းသည်လည်း ဖြစ်ကုန်သော မှည့်သည်လည်း ဖြစ်ကုန်သော သစ်သီးတို့ကို သင်မင်းမြတ် မြင်ဘူး သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မြင်ဘူးပါ၏ဟု (လျှောက်၏)။ မင်းမြတ် သစ်ပင်မှ ကြွေကျသော သစ်သီးအားလုံးတို့သည် ကြွေချိန်အခါ၌သာ ကြွေကျပါကုန်သလော၊ သို့မဟုတ် ကြွေချိန်အခါ မရောက်မီလည်း ကြွေကျပါကုန်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား နာဂသေန အကြင်သစ်သီးတို့သည် မှည့်ရင့် ဟောင်းအိုကုန်သည်ဖြစ်၍ ကြွေကျကုန်သော သစ်သီး အားလုံးတို့သည် ကြွေချိန်အခါ၌သာ ကြွေကျပါကုန်၏၊ ထိုမှတပါး မှည့်သောအသီးမှ ကြွင်းကုန် သော သစ်သီးတို့တွင် အချို့သော သစ်သီးတို့သည် ပိုးထိုးကုန်သည်ဖြစ်၍ ကြွေကျပါကုန်၏၊ အချို့သော သစ်သီးတို့သည် တုတ် ဆောက်ပုတ်တို့ ခတ်မိကုန်၍ ကြွေကျပါကုန်၏၊ အချို့သော သစ်သီးတို့သည် လေတိုက်ခတ်ကုန်၍ ကြွေကျပါကုန်၏၊ အချို့သော သစ်သီးတို့သည် အတွင်းပုပ် ကုန်သည်ဖြစ်၍ ကြွေကျပါကုန်၏၊ ထိုအလုံးစုံသော သစ်သီးတို့သည် ကြွေချိန်အခါ မရောက်မီ ကြွေကျပါကုန်၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် အိုခြင်း'ဇရာ' အဟုန် ပုတ်ခတ် ကုန်၍ သေကုန်သော သူတို့သည်သာ သေချိန်အခါ၌ သေကုန်၏၊ ကြွင်းသောသတ္တဝါတို့သည် အချို့တို့ကား ကံနှိပ်စက်၍ သေကုန်၏၊ အချို့တို့ကား ဂတိနှိပ်စက်၍ သေကုန်၏၊ အချို့တို့ကား အပြုအမူနှိပ်စက်၍ သေကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ကံနှိပ်စက်၍ သေသော သတ္တဝါ ဂတိနှိပ်စက်၍ သေသောသတ္တဝါ အပြုအမူနှိပ်စက်၍ သေသောသတ္တဝါ အိုခြင်း 'ဇရာ' အဟုန် ပုတ်ခတ်ကုန်၍ သေသောသတ္တဝါ အားလုံးတို့သည် သေချိန်အခါ၌သာလျှင် သေပါကုန်၏။ အကြင်သူသည်ကား အမိဝမ်းသို့ ကပ် ရောက်စဉ် သေပါ၏ ထိုအချိန် ထိုအခါသည် ထိုသူ၏ သေချိန်ပါတည်း၊ထိုသူသည် သေချိန်အခါ၌ သာ သေပါ၏၊အကြင်သူသည် ဖွားရာအိမ်၌ သေပါ၏၊ ထိုအချိန် ထိုအခါသည် ထိုသူ၏ သေချိန်

http://www.dhammadownload.com



ပါတည်း၊ထိုသူသည်လည်း သေချိန်အခါ၌သာ သေပါ၏၊အကြင်သူသည်ကား အသက်တလရှိသည်ဖြစ်၍။ပ။အကြင်သူသည်ကား အနှစ်တရာရှိသည်ဖြစ်၍ သေပါ၏၊ ထိုသူသည် သေချိန်အခါ၌သာ သေပါ၏၊ အသျှင်ဘုရားနာဂသေန ထိုသို့ဖြစ်ပါမူ သေချိန်အခါ မရောက်မီ သေသည်မည်သည် မဖြစ်သင့်ပြီ၊ သေသော သတ္တဝါ အားလုံးတို့သည် သေချိန်အခါ၌သာ သေပါကုန်၏ဟု (လျှောက်၏)။

မင်းမြတ် ခုနစ်ဦးကုန်သော ဤသူတို့သည် ပိုလွန်နေရရန် အသက်ရှိသေးသော်လည်း သေချိန်အခါမရောက်မီ သေပါကုန်၏၊ အဘယ်ခုနစ်ဦးတို့နည်းဟူမူ—မင်းမြတ် ဝေ်မွတ်ဆာလောင်သော သူသည် အစာကို မရခဲ့မူ ဝမ်းတွင်း၌ လေခတ်သည်ဖြစ်၍ ပိုလွန်နေရရန် အသက်ရှိသေးသော်လည်း သေချိန်အခါမရောက်မီ သေပါ၏၊ မင်းမြတ် ရေငတ်သောသူသည် သောက်ရေကို မရခဲ့မူ ခြောက်ကပ်သော နှလုံးရှိသည်ဖြစ်၍ ပိုလွန်နေရရန် အသက်ရှိသေးသော်လည်း သေချိန်အခါ မရောက်မီ သေပါ၏၊မင်းမြတ် မြွေကိုက်ခံရသောသူသည် အဆိပ်ဟုန် နှိပ်စက်သည်ဖြစ်၍ ဆေးဆရာကို မရခဲ့မူ ပိုလွန်နေရရန် အသက်ရှိသေးသော်လည်း သေချိန်အခါ မရောက်မီ သေပါ၏၊ မင်းမြတ် အဆိပ်ကို စားမိသောသူသည် အင်္ဂါကြီးငယ်တို့ ပူလောင်ကုန်သည်ရှိသော် ဆေးကို မရခဲ့မူ ပိုလွန်နေရရန် အသက်ရှိသေးသော်လည်း သေချိန်အခါ မရောက်မီ သေပါ၏၊ မင်းမြတ် မီး၌ ရောက်သည်ဖြစ်၍ လောင်မြိုက်သော သူသည် ငြိမ်းကြောင်းကို မရခဲ့မူ ပိုလွန်နေရရန် အသက်ရှိသေးသော်လည်း သေချိန်အခါ မရောက်မီ သေပါ၏၊ မင်းမြတ် ရေနစ်မြုပ်သောသူသည် ထောက်တည်ရာကို မရခဲ့မူ ပိုလွန်နေရရန် အသက်ရှိသေးသော်လည်း သေချိန်အခါ မရောက်မီ သေပါ၏၊ မင်းမြတ် လက်နက် ထိခိုက်မိ၍ အနာရှိသောသူသည် ဆေးသမားကို မရခဲ့မူ ပိုလွန်နေရရန် အသက်ရှိသေးသော်လည်း သေချိန်အခါ မရောက်မီ သေပါ၏၊ မင်းမြတ် ဤခုနစ်ဦးသော သူတို့သည် ပိုလွန်နေရရန် အသက်ရှိသေးသော်လည်း သေချိန်အခါ မရောက်မီ သေပါကုန်၏၊ မင်းမြတ် ထိုအရာ၌လည်း ငါသည် ကေန်စင်စစ်အားဖြင့် ဆိုဦးအံ့။

မင်းမြတ် ရှစ်ပါးသောအကြောင်းအားဖြင့် သတ္တဝါတို့၏ သေခြင်းသည် ဖြစ်၏၊ လေကြောင့်ရင်း သည်းခြေကြောင့်ရင်း သလိပ်ကြောင့်ရင်း လေ သည်းခြေ သလိပ်တို့ ပေါင်းဆုံစုဝေးခြင်း 'သန္နိပါတ်' ကြောင့်ရင်း ဥတုဖောက်ပြန်သောကြောင့်ရင်း မညီညွတ်သော အစာကြောင့်ရင်း သူတပါး လုံ့လပယောဂကြောင့်ရင်း ကံ၏အကျိုးကြောင့်ရင်း သတ္တဝါတို့၏ သေခြင်းဖြစ်၏။ မင်းမြတ် ထိုရှစ်မျိုးတို့တွင် ကံ၏အကျိုးကြောင့် သေခြင်းသည် သာလျှင် ထိုသေခြင်း တို့တွင် အခါကာလနှင့် ယှဉ်သော သေရခြင်း မည်၏၊ ကြွင်းသော သေခြင်းတို့သည် အခါကာလနှင့် မယှဉ်သော သေရခြင်း မည်ကုန်၏။

"ထိုသို့သေရာ၌ ထမင်းဝေ်မွတ် ဆာလောင်ခြင်းကြောင့်ရင်း ရေငတ်ခြင်းကြောင့်ရင်း မြွေကိုက်ခြင်းကြောင့်ရင်း အဆိပ်ကို စားမိသောကြောင့်ရင်း မီးလောင်ခြင်း ရေနစ်ခြင်း လက်နက်ထိခိုက်ခြင်းတို့ကြောင့်ရင်း သေချိန်အခါ မရောက်မီ သေ၏။

ထိုသို့သေရာ၌ လေ သည်းခြေကြောင့်ရင်း သလိပ်ကြောင့်ရင်း လေ သည်းခြေ သလိပ်တို့၏ စုပေါင်းခြင်း 'သန္နိပါတ်' ကြောင့်ရင်း ဥတုမညီညွတ်ခြင်းတို့ကြောင့်ရင်း မညီညွတ်သော အာဟာရ သူတပါးလုံ့လ ကံ၏အကျိုးတို့ကြောင့်ရင်း သေချိန်အခါ မရောက်မီ သေ၏" ဤကား(အကျဉ်းချုပ်) သင်္ဂဟဂါထာဖြစ်၏။

http://www.dhammadownload.com



မင်းမြတ် အချို့သောသတ္တဝါတို့သည် ရှေးဘဝက ပြုခဲ့ဘူးသော ထိုထိုအကုသိုလ်ကံ၏ အကျိုးကြောင့် သေရကုန်၏၊ မင်းမြတ် ဤလောက၌ ရှေးဘဝက သူတပါးတို့ကို ဆာလောင်ငတ်မွတ်စေခြင်းဖြင့် သတ်ခဲ့သောသူသည် သိန်းပေါင်းများစွာသော နှစ်တို့ပတ်လုံး ဆာလောင်ငတ်မွတ်ခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ ဆာလောင်ငတ်မွတ်လျက် ပင်ပန်းသည် ခြောက်ခန်းညှိုးနွမ်းသောနှလုံးရှိသည် အလွန်ဆာလောင်သည် တကိုယ်လုံးခြောက်ကပ်၍ လောင်ကျွမ်းသည် ဝမ်းအတွင်း၌ ပူလောင်သည်ဖြစ်၍ ဆာလောင်ခြင်းဖြင့်သာလျှင် ငယ်ရွယ်နုပျိုစဉ်ဖြစ်စေ အလယ်အလတ် အရွယ်ဖြစ်စေ ကြီးရင့်အိုမင်းသော အရွယ်ဖြစ်စေ သေရ၏၊ ဤသို့သောသေခြင်းသည်လည်း ထိုသူ၏ အခါကာလနှင့် ယှဉ်သော သေခြင်းတည်း။

ရှေးဘဝက သူတပါးတို့ကို ရေငတ်စေခြင်းဖြင့် သတ်ခဲ့သောသူသည် သိန်းပေါင်းများစွာသော နှစ်တို့ပတ်လုံး နိဇ္ဈာမတဏှိကမည်သော ပြိတ္တာဖြစ်လျက် ခေါင်းပါးကြုံလှီသည် ခြောက်ကပ်သော နှလုံးရှိသည်ဖြစ်၍ ရေငတ်ခြင်းဖြင့်သာလျှင် ငယ်ရွယ်နုပျိုစဉ်ဖြစ်စေ အလယ်အလတ်အရွယ်ဖြစ်စေ ကြီးရင့်အိုမင်းသောအရွယ်ဖြစ်စေ သေရ၏၊ဤသို့သော သေခြင်းသည်လည်း ထိုသူ၏အခါကာလနှင့် ယှဉ်သော သေခြင်းတည်း။

ရှေးဘဝက သူတပါးတို့ကို မြွေကိုက်စေ၍ သတ်ခဲ့သောသူသည် သိန်းပေါင်းများစွာသော နှစ်တို့ပတ်လုံး စပါးကြီးမြွေခံတွင်း တခုမှသာလျှင် စပါးကြီးမြွေခံတွင်းတခုသို့ မြွေဟောက်ခံတွင်းတခုမှသာလျှင် မြွေဟောက်ခံတွင်းတခုသို့ ပြောင်းလဲ့ကာ ထိုမြွေတို့ ကိုက်အပ်ခဲအပ်သည်ဖြစ်ရကား မြွေကိုက်ခံရ၍သာ ငယ်ရွယ်နုပျိုစဉ်ဖြစ်စေ အလယ်အလတ် အရွယ်ဖြစ်စေ ကြီးရင့်အိုမင်းသော အရွယ်ဖြစ်စေ သေရ၏၊ ဤသို့သော သေခြင်းသည်လည်း ထိုသူ၏ အခါကာလနှင့်ယှဉ်သော သေခြင်းတည်း။

ရှေးဘဝက သူတပါးတို့ကို အဆိပ်ကို ပေးလျက် သတ်ခဲ့သောသူသည် သိန်းပေါင်းများစွာသော နှစ်တို့ပတ်လုံး ပူလောင်သော အင်္ဂါကြီးငယ် ကွဲပျက်သော ကိုယ်ဖြင့် အပုပ်နံ့ကို လှိုင်စေလျက် အဆိပ်ဖြင့်သာလျှင် ငယ်ရွယ်နုပျိုစဉ်ဖြစ်စေ အလယ်အလတ်အရွယ်ဖြစ်စေ ကြီးရင့်အိုမင်းသော အရွယ်ဖြစ်စေ သေရ၏၊ ဤသို့သော သေခြင်းသည်လည်း ထိုသူ၏အခါကာလနှင့်ယှဉ်သော သေခြင်းတည်း။

ရှေးဘဝက သူတပါးတို့ကို မီးဖြင့် သတ်ခဲ့သောသူသည် သိန်းပေါင်းများစွာသော နှစ်တို့ပတ်လုံး မီးတောင်တခုမှသာလျှင် မီးတောင်တခုသို့ ယမမင်းနိုင်ငံတခုမှသာလျှင် ယမမင်းနိုင်ငံတခုသို့ ပြောင်းလှည့်ကာ ပူလောင်ကျွမ်းကျက်သော ကိုယ်ရှိသည်ဖြစ်၍ မီးဖြင့်သာလျှင် ငယ်ရွယ်နုပျိုစဉ်ဖြစ်စေ အလယ်အလတ်အရွယ်ဖြစ်စေ ကြီးရင့်အိုမင်းသော အရွယ်ဖြစ်စေ သေရ၏၊ ဤသို့သော သေခြင်းသည်လည်း ထိုသူ၏အခါကာလနှင့်ယှဉ်သော သေခြင်းတည်း။

ရှေးဘဝက သူတပါးတို့ကို ရေဖြင့် သတ်ခဲ့သောသူသည် သိန်းပေါင်း များစွာသော နှစ်တို့ပတ်လုံး တိုက်ခတ် ပျက်ယွင်း ကျိုးပဲ့အားမဲ့သော ကိုယ်ရှိသည်ဖြစ်၍ ချောက်ချားသော စိတ်ရှိလျက် ရေဖြင့်သာလျှင် ငယ်ရွယ်နုပျိုစဉ်ဖြစ်စေ အလယ်အလတ်အရွယ်ဖြစ်စေ ကြီးရင့်အိုမင်းသောအရွယ်ဖြစ်စေ သေရ၏၊ ဤသို့သော သေခြင်းသည်လည်း ထိုသူ၏ အခါကာလနှင့်ယှဉ်သော သေခြင်းတည်း။

http://www.dhammadownload.com



ရှေးဘဝက သူတပါးတို့ကို လှံဖြင့် သတ်ခဲ့သောသူသည် သိန်းပေါင်း များစွာသော နှစ်တို့ပတ်လုံး စုတ်ပြတ် ကွဲပျက် ထုနုက် မှုန့်ချေအပ်သော ကိုယ်ရှိ၍ လှံသွားဖြင့် အထိုးခံရသည်ဖြစ်လျက် လှံဖြင့်သာလျှင် ငယ်ရွယ်နုပျိုစဉ်ဖြစ်စေ အလယ်အလယ်အရွယ်ဖြစ်စေ ကြီးရင့်အိုမင်းသောအရွယ်ဖြစ်စေ သေရ၏၊ ဤသို့သော သေခြင်းသည်လည်း ထိုသူ၏ အခါကာလနှင့်ယှဉ်သော သေခြင်းတည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန သေချိန်အခါမရောက်မီ သေခြင်းသည် ရှိ၏ဟု အကြင်စကားကို အသျှင်ဘုရားဆို၏၊ တိုက်တွန်း တောင်းပန်ပါ၏၊ ထိုစကား၌ အသျှင်ဘုရားသည် အကျိုးအကြောင်းကို ညွှန်ပြတော်မူပါလော့ဟု(လျှောက်၏)။ မင်းမြတ် ဥပမာသော်ကား ကြီးစွာသော မီးပုံကြီးသည် စွဲလောင်အပ်သော မြက်ထင်း သစ်ခက် သစ်ရွက်ရှိ၍ လောင်ကျွမ်းပြီးသော မီးစာရှိလျက် မီးလောင်စာကုန်သောကြောင့် ငြိမ်း၏၊ ထိုမီးဘေးကို "ဘေးရန်မရှိပဲ ဥပဒ်မရှိပဲ ငြိမ်းချိန်တန်သောအခါ၌ ငြိမ်းအေးသော မီးမည်၏"ဟု ဆိုအပ်၏၊ မင်းမြတ် ဤအတူသာလျှင် တစုံတယောက်သောသူသည် ထောင်ပေါင်းများစွာသော နေ့တို့ပတ်လုံး အသက်ရှင်၍ အိုမင်းရင့်ရော်လျက် အသက်ကုန်ခြင်းကြောင့် ဘေးရန်မရှိပဲ ဥပဒ်မရှိပဲ သေရ၏၊ ထိုသူကို "သေချိန်အခါ၌ သေခြင်းသို့ ရောက်သောသူ"ဟု ဆိုအပ်၏။

မင်းမြတ် ဥပမာတနည်းသော်ကား ကြီးစွာသော မီးပုံကြီးသည် စွဲလောင်အပ်သော မြက်ထင်း သစ်ခက် သစ်ရွက်ရှိသည် ဖြစ်ရာ၏၊ ထိုမီးပုံကြီးသည် မြက်ထင်း သစ်ခက်သစ်ရွက်လောင်၍ မကုန်မီပင် မိုးကြီးသည်းစွာရွာ၍ ငြိမ်းရာ၏၊ မင်းမြတ် မေးဦးအံ့၊ ထိုမီးပုံကြီးသည် ငြိမ်းချိန်တန်သောအခါ၌ ငြိမ်းအေးသည် မည်သည်ဖြစ်သလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မဖြစ်ပါဟု (လျှောက်၏)။ မင်းမြတ် နောက်ဆိုသော မီးပုံသည် ရှေးဦးဆိုသော မီးပုံနှင့် တူမျှသော သဘောရှိသည် အဘယ့်ကြောင့် မဖြစ်ပါသနည်းဟု (မိန့်တော်မူ၏)။အသျှင်ဘုရား ရုတ်တရက်ရွာသွန်းလာသော မိုးသည် နှိပ်စက်သည်ဖြစ်၍ ထိုမီးသည် ငြိမ်းချိန် မရောက်ပဲငြိမ်း၏၊ ထို့ကြောင့် ရှေးမီးနှင့် မတူပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် တစုံတယောက်သောသူသည် သေချိန်အခါမဟုတ်ပဲ သေ၏၊ ထိုသူသည် ရုတ်တရက်ဖြစ်ပေါ်လာသော ရောဂါသည် နှိပ်စက်အပ်သည်ဖြစ်၍ လေကြောင့်၎င်း သည်းခြေကြောင့်၎င်း သလိပ်ကြောင့်၎င်း လေ သည်းခြေ သလိပ်ပေါင်းဆုံခြင်း 'သန္နိပါတ်'ကြောင့်၎င်း ဥတုဖောက်ပြန်သော ရောဂါကြောင့်၎င်း မညီညွတ်သော အစာကြောင့်၎င်း သူတပါးလုံ့လကြောင့်၎င်း ဝေဒနာဆာလောင်သောကြောင့်၎င်း ရေမွတ်သိပ်သောကြောင့်၎င်း မြွေကိုက်သောကြောင့်၎င်း အဆိပ်ကို စားမိသောကြောင့်၎င်း မီးလောင်သောကြောင့်၎င်း ရေနစ်သောကြောင့်၎င်း လက်နက်ဟုန် နှိပ်စက်အပ်သောကြောင့်၎င်း သေချိန်အခါမရောက်မီ သေရ၏၊ မင်းမြတ် ဤသည်ကား သေချိန်အခါမရောက်မီ သေရခြင်း၌ အကြောင်းတည်း။

မင်းမြတ် ဥပမာတနည်းသော်ကား ကောင်းကင်၌မိုးကြီးသည်းထန်စွာတက်လတ်၍ ချိုင့်ဝှမ်းရာအရပ်ကို၎င်း ကြည်းကုန်းရာအရပ်ကို၎င်း ပြည့်လျှမ်းစေလျက် ရွာသွန်း၏၊ ထိုမိုးကို ဘေးရန်မရှိပဲ ဥပဒ်မရှိပဲ ရွာသောမိုးဟူ၍ ဆိုအပ်၏၊မင်းမြတ် ဤအတူသာလျှင် တစုံတယောက်သောသူသည် ကြာမြင့်စွာ အသက်ရှင်၍ အိုမင်းရင့်ရော်လျက် အသက်ကုန်ခြင်းကြောင့် ဘေးရန် ဥပဒ်မရှိပဲ သေရ၏၊ထိုသူကို "သေချိန်အခါ၌ သေခြင်းသို့ ရောက်သောသူ"ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



မင်းမြတ် ဥပမာတနည်းသော်ကား ကောင်းကင်၌ မိုးကြီးသည်းစွာရွာတက်လတ်၍ လမ်းခရီး ကြား၌ပင်လျှင် ကြီးစွာသော လေကြောင့် ကင်းပြတ်ပျက်စီးခြင်းသို့ ရောက်၏၊ မင်းမြတ် ထိုမိုး ကြီးသည် ကင်းပြတ်ပျက်စီးခြင်းသို့ ရောက်သင့်သောအချိန်၌ ကင်းပြတ်သည်မည်သည် ဖြစ်ရာ သလောဟု(မိန့်တော်မူ၏)။အသျှင်ဘုရား မဖြစ်ရာပါဟု(လျှောက်၏)။ မင်းမြတ် နောက်ဆိုသော မိုးသည် ရှေးဦးဆိုသော မိုးနှင့် အဘယ့်ကြောင့် တူမျှသော သဘောရှိသည် မဖြစ်ပါသနည်းဟု (မိန့်တော်မူ၏)။အသျှင်ဘုရား တခဏချင်း တိုက်ခတ်လာသော လေသည် နှိပ်စက်အပ်သည်ဖြစ်၍ ထိုမိုးသည် အခါသို့မရောက်မီပင် ကင်းပြတ်ပါ၏၊ (ထို့ကြောင့် ရှေးမိုးနှင့် မတူပါဟု လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် တစုံတယောက်သောသူသည် သေချိန်အခါမရောက်မီ သေရ၏၊ ထိုသူ သည် ရုတ်တရက်ရောက်လာသော ရောဂါနှိပ်စက်အပ်သည်ဖြစ်၍ လေကြောင့်ငှင်း။ပ။လက်နက်ဟုန် နှိပ်စက်အပ်သောကြောင့်ငှင်း သေချိန်အခါ မရောက်မီ သေရ၏၊ မင်းမြတ် ဤသည်ကား သေချိန်အခါမရောက်မီ သေရခြင်း၌ အကြောင်းတည်း။

မင်းမြတ် ဥပမာ တနည်းသော်ကား အားကြီးသော အဆိပ်ပြင်းသော မြွေသည် အမျက် ထွက်သည်ဖြစ်၍ တစုံတယောက်သော ယောကျ်ားကို ကိုက်ရာ၏၊ ထိုယောကျ်ားအား ထို အဆိပ်သည် အဆိပ်ဖြေဆေးစသော အထိအခိုက်မရှိပဲ သေခြင်းသို့ ရောက်စေရာ၏၊ ထိုအဆိပ်ကို အဆိပ်ဖြေဆေးစသော အထိအခိုက်မရှိသော အဆိပ် အထက်မြှာ်ဆုံးဖြစ်သော အဆိပ်ဟူ၍ ဆိုအပ်၏၊ မင်းမြတ် ဤအတူသာလျှင် တစုံတယောက်သော သူသည် ကြာမြင့်စွာ အသက်ရှင်၍ အိုမင်းရင့်ရော်လျက် အသက်ကုန်ခြင်းကြောင့် ဘေးရန်ဥပဒ်မရှိပဲ သေရ၏၊ ထိုသူ့ကို“အထိအခိုက် မရှိပဲ အသက်အဆုံးသို့ ရောက်သော သေချိန်နှင့်ယှဉ်သော သေခြင်းသို့ရောက်သောသူ” ဟူ၍ ဆိုအပ်၏။

မင်းမြတ် ဥပမာတနည်းသော်ကား အားကြီးသော အဆိပ်ပြင်းသော မြွေကိုက်ခံရသော သူအား ကိုက်သည့်အတွင်း၌ပင်လျှင် မြွေဆရာသည် အဆိပ်ဖြေဆေးကို ပေး၍ အဆိပ်မရှိ သည်ကို ပြုရာ၏၊မင်းမြတ် ထိုအဆိပ်သည် အချိန်အခါ၌ ကင်းပြတ်သည် မည်သလောဟု(မေးတော် မူ၏)။အသျှင်ဘုရား မမည်ပါဟု(လျှောက်၏)။မင်းမြတ် နောက်ဆိုသောအဆိပ်သည် ရှေးဆိုသော အဆိပ်နှင့် အဘယ့်ကြောင့် တူမျှသော သဘောရှိသည် မဖြစ်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား တခဏချင်းရောက်လာသော အဆိပ်ဖြေဆေးက တိုက်ဖျက်အပ်သောမူလအဆိပ်သည် အဆုံးသို့မရောက်ပဲသာလျှင် ကင်းပြတ်ပါ၏၊ထို့ကြောင့် တူမျှသောသဘောမရှိပါဟု(လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် တစုံတယောက်သောသူသည် သေချိန်အခါမဟုတ်ပဲ သေ၏၊ထိုသူသည် တခဏချင်း ရောက်လာသော ရောဂါနှိပ်စက်အပ်သည်ဖြစ်၍ လေကြောင့်ငှင်း ။ပ။ လက်နက် ဟုန် နှိပ်စက်သောကြောင့်ငှင်း သေချိန်အခါမရောက်မီ သေရ၏၊ မင်းမြတ် ဤသည်ကား သေချိန်အခါမရောက်မီ သေခြင်း၌ အကြောင်းပင်တည်း။

မင်းမြတ် ဥပမာတနည်းသော်ကား လေးသမားသည် မြှားကို ပစ်လွှတ်ရာ၏၊ ထိုမြှားသည် သွားမြဲတိုင်းသော ခရီးလမ်းအဆုံးသို့ ကပ်၍ ရောက်သည်ဖြစ်အံ့၊ ထိုမြှားကို “အထိအခိုက်မရှိပဲ သွားမြဲတိုင်းသော ခရီးလမ်းအဆုံးသို့ ရောက်သော မြှားမည်၏”ဟူ၍ ဆိုအပ်၏၊ မင်းမြတ် ဤ အဘူသာလျှင် တစုံတယောက်သောသူသည် ကြာမြင့်စွာ အသက်ရှင်၍ အိုမင်းရင့်ရော်လျက် အသက်ကုန်ခြင်းကြောင့် ဘေးရန်ဥပဒ်မရှိပဲ သေရ၏၊ ထိုသူ့ကို “အထိအခိုက်မရှိပဲ သေချိန်အခါ၌ သေခြင်းသို့ ရောက်သူ”ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



မင်းမြတ် ဥပမာတနည်းသော်ကား လေးသမားသည် မြားကို ပစ်လွှတ်ရာ၏၊ ထိုသူ၏ ထိုမြားကို ထိုပစ်သောခဏ၌ပင် တစုံတယောက်သောသူသည် ဆွဲကိုင်ရာ၏၊ မင်းမြတ် ထိုမြားသည် သွားမြဲတိုင်းသော ခရီးလမ်းအဆုံးသို့ ရောက်ခြင်းမည်သည် ဖြစ်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်ပါဟု (လျှောက်၏)။ မင်းမြတ် နောက်ဆိုသောမြားသည် ရှေးဆိုသောမြားနှင့် အဘယ့်ကြောင့် တူမျှသော သဘောရှိသည် မဖြစ်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ရုတ်တရက်ဖြစ်ပေါ်လာသော ဆွဲကိုင်ခြင်းသည် ထိုမြား၏ သွားခြင်းကို ဖြတ်အပ်ပါ၏၊ ထို့ကြောင့် တူမျှသောသဘော မရှိပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် တစုံတယောက်သောသူသည် အခါမရောက်မီ သေရ၏၊ထိုသူသည် ရုတ်တရက်ဖြစ်ပေါ်လာသော ရောဂါနှိပ်စက်အပ်သည် ဖြစ်၍ လေကြောင့်ငှင်း ။ပ။ လက်နက်ဟုန်နှိပ်စက်သောကြောင့်ငှင်း သေချိန်အခါ မရောက်မီ သေရ၏၊ မင်းမြတ် ဤသည်ကား သေချိန်အခါ မရောက်မီ သေရခြင်း၌ အကြောင်းပင်တည်း။

မင်းမြတ် ဥပမာတနည်းသော်ကား တစုံတယောက်သောသူသည် သံခွက်ကို တီးခေါက်ရာ၏၊ ထိုသူ၏ တီးခေါက်ခြင်းကြောင့် အသံဖြစ်ပေါ်လာ၍ သွားမြဲတိုင်းသော ခရီးလမ်း အဆုံးသို့ ရောက်၏၊ ထိုအသံကို "အထိအခိုက်မရှိပဲ သွားမြဲတိုင်းသော ခရီးလမ်းအဆုံးသို့ ရောက်သော အသံမည်၏"ဟူ၍ ဆိုအပ်၏၊မင်းမြတ် ဤအတူသာလျှင် တစုံတယောက်သော သူသည် နေ့ ရက် ထောင်ပေါင်း များစွာတို့ပတ်လုံး အသက်ရှင်၍ အိုမင်းရင့်ရော်ကာ အသက်ကုန်ခြင်းကြောင့် ဘေးရန်ဥပဒ်မရှိပဲ သေရ၏၊ ထိုသူ့ကို "အထိအခိုက် မရှိပဲ သေရမည့်အချိန်အခါ၌ သေခြင်းသို့ ရောက်သောသူ"ဟူ၍ ဆိုအပ်၏။

မင်းမြတ် ဥပမာတနည်းသော်ကား တစုံတယောက်သော သူသည် သံခွက်ကို တီးခေါက်ရာ၏၊ ထိုသူ၏ တီးခေါက်ခြင်းကြောင့် အသံသည် ဖြစ်ပေါ်လာရာ၏၊ ဖြစ်သော အသံသည် အဝေးသို့ မရောက်မီ တစုံတယောက်သောသူက ခွက်ကို ကိုင်တွယ်ငြားအံ့၊ကိုင်တွယ်သည်နှင့် တပြိုင်နက်အသံ ချုပ်ပျောက်ရာ၏၊မင်းမြတ် အသံသည် သွားမြဲတိုင်းသော ခရီးလမ်းအဆုံးသို့ ရောက်ခြင်းမည်သည် ဖြစ်သလောဟု(မေးတော်မူ၏)။အသျှင်ဘုရားမဖြစ်ပါဟု(လျှောက်၏)။မင်းမြတ် နောက်ဆိုသော အသံသည် ရှေးဆိုသောအသံနှင့် အဘယ့်ကြောင့် တူမျှသောသဘောရှိသည် မဖြစ်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ရုတ်တရက် ဖြစ်ပေါ် လာသော သုံးသပ်ကိုင်တွယ်ခြင်းကြောင့် ထိုအသံသည် ကင်းပြတ်ပါ၏၊ ထို့ကြောင့် တူမျှသော သဘောမရှိပါဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် တစုံတယောက်သောသူသည် သေချိန်အခါ မရောက်မီ သေရ၏၊ ထိုသူသည် ရုတ်တရက်ဖြစ်ပေါ်လာသော ရောဂါနှိပ်စက်အပ်သည်ဖြစ်၍ လေကြောင့်ငှင်း။ပ။ လက်နက်ဟုန်နှိပ်စက်သောကြောင့်ငှင်း သေချိန်အခါမရောက်မီ သေရ၏၊ မင်းမြတ် ဤသည်ကား သေချိန်အခါမရောက်မီ သေရခြင်း၌ အကြောင်းပင်တည်းဟု (မိန့်တော်မူ၏။)

မင်းမြတ် ဥပမာတနည်းသော်ကား လယ်၌ ကောင်းစွာ စည်ပင်သော စပါးမျိုးသည် ကောင်းစွာ ရွာသောမိုးဖြင့် အထက်အောက် စည်ပင် ထွားကျိုင်း ပွါးများကာ အသီးအနှံ များပြားသည်ဖြစ်၍ စပါးအောင်မြင်သောအခါသို့ ရောက်၏၊ ထိုစပါးကို အထိအခိုက်မရှိပဲ အခါသို့ ကောင်းစွာရောက်သောစပါးမည်၏"ဟုဆိုအပ်၏။မင်းမြတ် ဤအတူသာလျှင် တစုံတယောက်သော

http://www.dhammadownload.com



သူသည် ထောင်ပေါင်းများစွာသော နေ့တို့ပတ်လုံး အသက်ရှင်၍ အိုမင်းရင့်ရော်ကာ အသက်ကုန်ခြင်းကြောင့် အထိအခိုက်မရှိပဲ သေရ၏၊ ထိုသူ့ကို အထိအခိုက်မရှိပဲ သေချိန်အခါ၌ သေခြင်းသို့ ရောက်သူ"ဟူ၍ ဆိုအပ်၏။

မင်းမြတ် ဥပမာတနည်းသော်ကား လယ်၌ ကောင်းစွာစည်ပင်သော စပါးမျိုးသည် မိုးဇရ ချီုတဲ့သည်ဖြစ်၍ သေရာ၏၊ မင်းမြတ် ထိုမိုးလိုနေသော စပါးသည် အချိန်အခါသို့ ရောက်သောစပါး မည်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မမည်ပါဟု (လျှောက်၏)။ မင်းမြတ် နောက်ဆိုသောစပါးသည် ရှေးဆိုသောစပါးနှင့် အဘယ့်ကြောင့် တူမျှသော သဘောရှိသည် မဖြစ်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ရုတ်ဘရက် ရောက်လာသော အပူ နှိပ်စက်အပ်သည်ဖြစ်၍ ထိုစပါးသည် သေပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် တစုံတယောက်သောသူသည် သေချိန်အခါ မရောက်မီ သေရ၏၊ ထိုသူသည် ရှေးရှုကပ်ရောက်လာသော ရောဂါ နှိပ်စက်အပ်သည်ဖြစ်၍ လေကြောင့်ရင်း လက်နက်ဟုန်နှိပ်စက်သောကြောင့်ရင်း သေချိန်အခါ မရောက်မီ သေရ၏၊ မင်းမြတ် ဤသည်ကား သေချိန်အခါမရောက်မီ သေရခြင်း၌ အကြောင်းပင်တည်း။

မင်းမြတ် "ကောင်းစွာပြည့်စုံသော ကောက်နှံကို ပိုးတို့သည် ထကြွကုန်၍ အမြစ်ရင်းနှင့်တကွ ဖျက်ဆီးကုန်၏"ဟု သင်ကြားဘူးသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိုအကြောင်းကို အကျွန်ုပ်တို့သည် ကြားလည်း ကြားဘူးပါ၏၊ မြင်လည်း မြင်ဘူးပါ၏ဟု(လျှောက်၏)။ မင်းမြတ် ထိုပိုးဖျက်ဆီးသောကောက်သည် အချိန်အခါသို့ရောက်မှ ပျက်စီးသလော, သို့မဟုတ် အချိန်အခါ မရောက်မီ ပျက်စီးသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား အချိန်အခါမရောက်မီ ပျက်စီးပါ၏၊ အသျှင်ဘုရား ထိုကောက်ပင်ကို ပိုးတို့သည် အကယ်၍ မကိုက်ကုန်ငြားအံ့၊ ကောက်စပါးထုတ်ယူ သိမ်းဆည်းသော အချိန်အခါသို့ ရောက်ရာပါ၏ဟု(လျှောက်၏)။ မင်းမြတ် ရုတ်တရက်ရောက်လာသော ဘေးရန်အဖျက်အဆီးကြောင့် ကောက်ပင်သည် ပျက်စီးရ၏၊ ဘေးရန်အဖျက်အဆီး ကင်းသောကောက်ပင်သည် ကောက်စပါး ထုတ်ယူသိမ်းဆည်းသော အချိန်အခါသို့ ရောက်နိုင်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ရောက်နိုင်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် တစုံတယောက်သောသူသည် သေချိန်အခါမရောက်မီ သေရ၏၊ ထိုသူသည် ရုတ်တရက်ဖြစ်ပေါ်လာသော ရောဂါ နှိပ်စက်အပ်သည်ဖြစ်၍ လေကြောင့်ရင်း။ပ။ လက်နက်ဟုန် နှိပ်စက်သောကြောင့်ရင်း သေရ၏၊ မင်းမြတ် ဤသည်ကား အခါမဟုတ်ပဲ သေရခြင်း၌ အကြောင်းပင်တည်း။

မင်းမြတ် "ကောက်စပါးသည် ပြည့်စုံလျက် အသီးဝန်ဖြင့် ညွတ်ကိုင်းသော ကောက်နှံခိုင် အဖြစ်သို့ ရောက်သည်ရှိသော် ရွာက်ရွာမိုး[၁] မည်သော မိုးမျိုးသည် ကျ၍ ပျက်စီးစေ၏၊ အသီး မရှိသည်ကို ပြု၏"ဟု သင်ကြားဘူးသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိုအကြောင်းကို အကျွန်ုပ်တို့သည် ကြားလည်း ကြားဘူးပါ၏၊ မြင်လည်း မြင်ဘူးပါ၏ဟု(လျှောက်၏)။ မင်းမြတ် ကောက်ပင်သည် အချိန်အခါ၌ ပျက်စီးပါသလော၊ သို့မဟုတ် အချိန်အခါမရောက်မီ ပျက်စီးပါ သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား အချိန်အခါမရောက်မီ ပျက်စီးပါ၏၊ အသျှင်ဘုရား ကောက်စပါးသည် အကယ်၍ရွာက် ရွာမိုး မရွာသည်ဖြစ်အံ့ ကောက်စပါးထုတ်ယူသိမ်းဆည်းသော အချိန်အခါသို့ ရောက်ရာပါ၏ဟု (လျှောက်၏)။ မင်းမြတ် ရုတ်တရက်ဖြစ်ပေါ်ရောက်လာသော

---

၁-မိုးသီးနှင့်တကွရွာချသောမိုး

http://www.dhammadownload.com



ဘေးရန်အဖျက်အဆီးကြောင့် ကောက်ပင်သည် ပျက်စီးရ၍ ဘေးရန်အဖျက်အဆီးကင်းသော ကောက်ပင်သည် ကောက်စပါး ထုတ်ယူသိမ်းဆည်းသော အချိန်အခါသို့ ရောက်ရသည် မဟုတ်ပါလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ကောက်စပါး ထုတ်ယူသိမ်းဆည်းသော အချိန်အခါသို့ ရောက်ရပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် တစုံတယောက်သော သူသည် သေချိန်မဟုတ်ပဲ အခါမရောက်မီ သေရ၏၊ ထိုသူသည် ရုတ်တရက်ဖြစ်ပေါ်လာသော ရောဂါဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ လေကြောင့်ရင်း သည်းခြေကြောင့်ရင်း သလိပ်ကြောင့်ရင်း လေ သည်းခြေ သလိပ်တို့၏ စုဝေးခြင်း'သန္နိပါတ်'ကြောင့်ရင်း ဥတုဖောက်ပြန်သောကြောင့်ရင်း မညီညွတ်သော အာဟာရကြောင့်ရင်း သူတပါးလုံ့လကြောင့်ရင်း ဝတ်မွတ် ဆာလောင်သောကြောင့်ရင်း ရေမွတ်သိပ်သောကြောင့်ရင်း မြွေကိုက်သောကြောင့်ရင်း အဆိပ်သင့်သောကြောင့်ရင်း မီးလောင်သောကြောင့်ရင်း ရေနစ်သောကြောင့်ရင်း လက်နက်ဟုန် နှိပ်စက်သောကြောင့်ရင်း သေချိန်အခါမရောက်မီ သေရ၏၊ ရုတ်တရက်ဖြစ်ပေါ်လာသော ရောဂါနှိပ်စက်အပ်သည် မဖြစ်ငြားအံ့၊သေချိန်အခါ၌သာ သေခြင်းသို့ရောက်ရာ၏၊မင်းမြတ် ဤသည်ကား သေချိန်အခါမရောက်မီ သေရခြင်း၌ အကြောင်းပင်တည်းဟု(မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အံ့ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရားနာဂသေန မဖြစ်ဘူးမြဲဖြစ်ပါပေ၏၊ သေချိန်အခါမရောက်မီ သေခြင်းကို ပြခြင်းငှါ အကြောင်းကို ကောင်းစွာပြအပ်ပေ၏၊ ဥပမာကို ကောင်းစွာ ပြအပ်ပါပေ၏၊ သေချိန်အခါမရောက်မီ သေခြင်းသည် ရှိ၏"ဟု ပေါ်လွင်စွာပြုအပ်ပါပြီ ထင်ရှားစွာ ပြုအပ်ပါပြီ ထင်စွာဖြစ်အောင်ပြုအပ်ပါပြီ၊ အသျှင်ဘုရားနာဂသေန စိတ်မရှိသကဲ့သို့ ပျံ့လွင့်သော လူသော်မှလည်း တခုတခုသော ဥပမာဖြင့်ပင် "သေချိန်အခါမရောက်မီ သေရခြင်းသည် ရှိ၏"ဟု ဆုံးဖြတ်နိုင်ခြင်းသို့ ရောက်ရာပါသေး၏၊ စိတ်ရှိသောလူဖြစ်ပါမူကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း၊ အသျှင်ဘုရား အကျွန်ုပ်သည် ရှေးဦးစွာသော ဥပမာဖြင့်ပင် "သေချိန်အခါမရောက်မီ သေခြင်းသည် ရှိ၏"ဟု သိမှတ်ပြီးပါပြီ၊ သို့သော်လည်း အထပ်ထပ်ဖြေရှင်းခြင်းကို နာယူလို၍ ဝန်မခံခဲ့ပါဟု (လျှောက်၏)။

ခြောက်ခုမြောက် အကာလမရဏပဉ္ဟာ ပြီး၏။

---

## ၇-စေတိယပါဋိဟာရိယပဉ္ဟာ

### (စေတီတန်ခိုးပြခြင်း ပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန ပရိနိဗ္ဗာန် စံတော်မူကုန်ပြီးသော ဘုရားရှင် အားလုံးတို့၏ စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်ပါသလော၊ သို့မဟုတ် အချို့သော ဘုရားရှင်တို့၏ စေတီ၌သာ တန်ခိုးပြာဋိဟာသည် ဖြစ်ပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် အချို့သော ဘုရားရှင်တို့၏ စေတီ၌ ဖြစ်၏၊ အချို့သောဘုရားရှင်တို့၏ စေတီ၌ မဖြစ်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အဘယ်ဘုရားရှင်တို့၏ စေတီ၌ ဖြစ်ပါသနည်း၊ အဘယ်ဘုရားရှင်တို့၏ စေတီ၌ မဖြစ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် သုံးယောက်သောပုဂ္ဂိုလ်တို့တွင် တယောက်ယောက်သောပုဂ္ဂိုလ်၏ အဓိဋ္ဌာန်ကြောင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။ အဘယ်သုံးယောက်သောပုဂ္ဂိုလ်တို့နည်း ဟူမူ—မင်းမြတ် ဤ

http://www.dhammadownload.com



သာသနာတော်၌ ရဟန္တာပုဂ္ဂိုလ်သည် နတ်လူတို့အား အစဉ်သနားသဖြင့် ရပ်တည်တော်မူလျက် ဤမည် ဤမည်သော တန်ခိုးပြာဋိဟာသည် "စေတီ၌ ဖြစ်စေသတည်း"ဟု အဓိဋ္ဌာန်၏၊ ထိုရဟန္တာ၏ အဓိဋ္ဌာန်အစွမ်းဖြင့် စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏၊ ဤသို့လျှင် ရဟန္တာပုဂ္ဂိုလ် အဓိဋ္ဌာန်ပြုသည်၏အစွမ်းဖြင့် ပရိနိဗ္ဗာန်စံတော်မူကုန်ပြီးသော ဘုရားရှင်၏ စေတီတော်၌ တန်ခိုး ပြာဋိဟာသည် ဖြစ်၏။

မင်းမြတ် နောက်တမျိုးကား နတ်တို့သည် လူတို့အား အစဉ်သနားသဖြင့် ပရိနိဗ္ဗာန်စံတော် မူပြီးသော ဘုရားရှင်၏ စေတီတော်၌ "ဤတန်ခိုးပြာဋိဟာဖြင့် သူတော်ကောင်းတရား တည်းဟူသော သာသနာသည် အမြဲချီးမြှောက်အပ်သည် ဖြစ်လတ္တံ့၊ လူတို့သည်လည်း ကြည်ညိုကုန်သည် ဖြစ်၍ ကုသိုလ်ကောင်းမှု တိုးပွါးကုန်လတ္တံ့"ဟု တန်ခိုးပြာဋိဟာကို ပြကုန်၏၊ ဤသို့လျှင် နတ်တို့အဓိဋ္ဌာန်၏ အစွမ်းဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏စေတီတော်၌ တန်ခိုး ပြာဋိဟာသည် ဖြစ်၏။

မင်းမြတ် နောက်တမျိုးကား မိန်းမမူလည်းဖြစ်စေ ယောကျ်ားမူလည်းဖြစ်စေ ယုံကြည်မှု 'သဒ္ဓါ'အားရှိသော ရဘနာသုံးပါး၌ ကြည်ညိုတတ်သော ပညာရှိသော လိမ္မာသော ထိုးထွင်း နိုင်သော ပညာရှိသော အသိဉာဏ်နှင့်ပြည့်စုံသောသူသည် သင့်လျော်သောအားဖြင့် ကြံစည်၍ နံ့သာကိုဖြစ်စေ ပန်းကိုဖြစ်စေ အဝတ်ပုဆိုးကိုဖြစ်စေ တခုခုသောလှူဖွယ်ဝတ္ထု တစုံတရာကိုဖြစ်စေ "ဤသို့ သောတန်ခိုးပြာဋိဟာမည်သည် ဖြစ်ပါစေသတည်း"ဟု အဓိဋ္ဌာန်၍ စေတီတော်၌ တင်မြှောက်၏၊ ထိုသူ၏ အဓိဋ္ဌာန်အစွမ်းဖြင့်လည်း ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏ စေတီတော်၌ တန်ခိုး ပြာဋိဟာသည် ဖြစ်၏၊ ဤသို့လျှင် လူတို့၏အဓိဋ္ဌာန်အစွမ်းဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏ စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။

မင်းမြတ် ဤသို့လျှင် သုံးယောက်သောပုဂ္ဂိုလ်တို့တွင် တယောက်ယောက်သောပုဂ္ဂိုလ်၏ အဓိဋ္ဌာန်အစွမ်းဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။

မင်းမြတ် ထိုပုဂ္ဂိုလ်တို့၏ အဓိဋ္ဌာန်ပြုခြင်းသည် အကယ်၍ မဖြစ်ငြားအံ့၊ အဘိညာဉ်ခြောက်ပါး နှင့် ပြည့်စုံသော စိတ်၏ဝသီဘော်သို့ ရောက်ပြီးသော အာသဝေါကုန်ခန်းပြီးသော ရဟန္တာ ပုဂ္ဂိုလ်၏လည်း စေတီတော်၌ တန်ခိုးပြာဋိဟာသည် မဖြစ်၊ မင်းမြတ် တန်ခိုးပြာဋိဟာမရှိသော် လည်း အလွန်စင်ကြယ်သော အကျင့်ကိုမြင်၍ "ဤမြတ်စွာဘုရား သားတော်သည် ကောင်းစွာ ပရိနိဗ္ဗာန်စံတော်မူ၏"ဟု သက်ဝင်အပ်၏၊ ဆုံးဖြတ်ခြင်းသို့ ရောက်အပ်၏၊ ယုံကြည်အပ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ခုနစ်ခုမြောက် စေတိယပါဋိဟာရိယပဥှာ ပြီး၏။

---

## ၈-ဓမ္မာဘိသမယပဥှာ

### (မဂ်ဖိုလ်ကို ထိုးထွင်း၍သိခြင်း ပြဿနာ)

၈။ အသျှင်ဘုရားနာဂသေန ကောင်းစွာကျင့်ကြသူ အားလုံးတို့အားပင် မဂ်ဖိုလ်တရားကို ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပါသလော၊ သို့မဟုတ် အချို့သောသူအား တရားကို ထိုးထွင်း

http://www.dhammadownload.com



သိခြင်းသည် မဖြစ်ပါသလောဟု(မေးလျှောက်၏)။မင်းမြတ် အချို့သောသူအား တရားကို ထိုးထွင်း သိခြင်း ဖြစ်၏၊ အချို့သောသူအား မဖြစ်ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရား အဘယ်ပုဂ္ဂိုလ်အား ဖြစ်ပါသနည်း၊ အဘယ်ပုဂ္ဂိုလ်အား မဖြစ်ပါသနည်းဟု(မေးလျှောက်၏)။မင်းမြတ် ကောင်းစွာကျင့် သော်လည်း တိရစ္ဆာန်အား တရားကို ထိုးထွင်း၍ သိခြင်းသည် မဖြစ်နိုင်။ ပြိတ္တာဘုံ၌ဖြစ်သူအား။ မိစ္ဆာဒိဋ္ဌိအယူရှိသူအား။ ကောက်ကျစ်စဉ်းလဲသောသူအား။ အမိကိုသတ်သူအား။ အဖကိုသတ် သူအား။ ရဟန္တာကို သတ်သူအား။ သံဃာကို သင်းခွဲသူအား။ ဘုရားကို သွေးစိမ်းတည်အောင် ပြုသူအား။ ရဟန်းအသွင်ကို ခိုး၍နေသူအား။ တိတ္ထိဘောင်သို့ ပြောင်းသွားသူအား။ဘိက္ခုနီမကို ဖျက်ဆီးသူအား။ တဆယ့်သုံးပါးကုန်သော သံဃာဒိသိသ်အာပတ်တို့တွင် တပါးပါးသောအာပတ် သို့ရောက်၍ အာပတ်မှ မထသေးသောသူအား။ ပဏ္ဍုက်ငါးမျိုးအား။ ဥဘတောဗျည်းအား ကောင်းစွာကျင့်ငြားသော်လည်း မဂ်ဖိုလ်တရားကို ထိုးထွင်း၍ သိခြင်းသည် မဖြစ်နိုင်။ ခုနစ်နှစ် အောက်ငယ်၍ လူဖြစ်သော သူငယ်အား ကောင်းစွာကျင့်သော်လည်း တရားကို ထိုးထွင်း၍ သိခြင်း သည် မဖြစ်နိုင်။ မင်းမြတ် ဤတကျိပ်ခြောက်ယောက်သော ပုဂ္ဂိုလ်တို့အား ကောင်းစွာကျင့်ကုန် သော်လည်း တရားကို ထိုးထွင်း၍သိခြင်းသည် မဖြစ်နိုင်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အကြင်တကျိပ်ငါးယောက်သော ပုဂ္ဂိုလ်တို့သည် (သာသနာတော် နှင့်)ဆန့်ကျင်သည်သာလျှင် ဖြစ်ပါစေကုန်၊ ထိုပုဂ္ဂိုလ်တို့အား တရားကို ထိုးထွင်း၍ သိခြင်းသည် ဖြစ်မှုလည်း ဖြစ်ပါစေ၊ မဖြစ်လျှင်မှုလည်း မဖြစ်ပါစေ၊ ခုနစ်နှစ်အောက်ငယ်သည့် လူဖြစ်သော သူငယ်အား ကောင်းစွာကျင့်လျက်လည်း တရားကို ထိုးထွင်း၍ သိခြင်းသည် အဘယ်အကြောင်း ကြောင့် မဖြစ်ပါသနည်း၊ဤအရာ၌ ရှေးဦးစွာ မေးအပ်သော ပြဿနာသည်ဖြစ်၏ “သူငယ်အား တပ်မက်မှု‘ရာဂ’သည် မဖြစ်၊ အမျက်ထွက်မှု ‘ဒေါသ’သည် မဖြစ်၊ တွေဝေမှု ‘မောဟ’သည် မဖြစ်၊ ထောင်လွှားမှု ‘မာန’သည် မဖြစ်၊ မှားသော အယူသည် မဖြစ်၊ မမွေ့လျော်ခြင်းသည် မဖြစ်၊ ကာမ ဂုဏ်ကို ကြံစည်မှုသည် မဖြစ်၊ ကိလေသာတို့နှင့် မရောနှောသေး၊ ထိုသို့သောသူငယ်ဖြစ်လျက်လည်း သစ္စာလေးပါးတို့ကို တကြိမ်တည်း ထိုးထွင်း၍သိခြင်းဖြင့် ထိုးထွင်း၍ သိခြင်းငှါ သင့်လျော်လည်း သင့်လျော်ရမည် မဟုတ်ဘုံလော၊ လျောက်ပတ်လည်း လျောက်ပတ်ရမည် မဟုတ်တုံလော၊ ထိုက်တန်လည်း ထိုက်တန်ရမည် မဟုတ်တုံလော”ဟု (လျှောက်၏)။

မင်းမြတ် ငါသည် အကြင်အကြောင်းဖြင့် “ခုနစ်နှစ်အောက် ငယ်သောသူငယ်အား တရားကို ထိုးထွင်း၍ သိခြင်းသည် မဖြစ်”ဟူ၍ ဆို၏၊ ထိုတင်ပြသော အကြောင်းသည်ပင်လျှင် ဤအရာ၌ အကြောင်းပင်တည်း။ မင်းမြတ် ခုနစ်နှစ်အောက် ငယ်သော သူငယ်သည် တပ်မက်ဖွယ် အာရုံ၌ အကယ်၍ တပ်မက်ငြားအံ့၊ ပြစ်မှားဖွယ်အာရုံ၌ အကယ်၍ ပြစ်မှားငြားအံ့၊ တွေဝေဖွယ်အာရုံ၌ အကယ်၍ တွေဝေငြားအံ့၊မာန်ယစ်ဖွယ်အာရုံ၌ အကယ်၍ မာန်ယစ်ငြားအံ့၊ အယူမှား အယူမှန်ကို ခွဲခြား၍ သိငြားအံ့၊ မွေ့လျော်ဖွယ်အာရုံကိုရင်း မမွေ့လျော်ဖွယ်အာရုံကိုရင်း ခွဲခြား၍သိငြားအံ့ ကုသိုလ် အကုသိုလ်ကို ကြံစည်ငြားအံ့ ထိုသူငယ်အား တရားကို ထိုးထွင်း၍ သိခြင်းသည် ဖြစ်ရာ၏၊ မင်းမြတ် စင်စစ်သော်ကား ခုနစ်နှစ်အောက်ငယ်သော သူငယ်၏ စိတ်သည် အားမရှိ၊ အားနည်း ၏၊ သေး၏ ငယ်၏ နည်းပါး၏ နုန့်နေး၏ မထင်ရှားသေး၊ အသင်္ခတနိဗ္ဗာနဓာတ်သည် လေး၏ ဝန်လေး၏ ပြန့်ပြော၏ ကြီးကျယ် မြင့်မြတ်၏၊ မင်းမြတ် ခုနစ်နှစ်အောက် ငယ်သော သူငယ်သည်

http://www.dhammadownload.com



အားနည်းသော သေးငယ်သော နုန့်နှေးသော မထင်ရှားသေးသော ထိုစိတ်ဖြင့် လေးသော ဝန်လေးသော ပြန့်ပြောသော ကြီးကျယ်မြင့်မြတ်သော အသင်္ခတနိဗ္ဗာနဓာတ်ကို ထိုးထွင်း၍ သိခြင်းငှါ မစွမ်းနိုင်။

မင်းမြတ် ဥပမာအားဖြင့် မြင့်မိုရ်တောင်မင်းသည် လေး၏ ဝန်လေး၏ ပြန့်ပြော၏ ကြီးကျယ်၏၊ မင်းမြတ် ထိုယောကျ်ားသည် ထိုမြင့်မိုရ်တောင်မင်းကို မိမိ၏ ပကတိသော စွမ်းအားလုံ့လဖြင့် ထုတ်ဆောင်ခြင်းငှါ စွမ်းနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မစွမ်းနိုင်ရာပါဟု (လျှောက်၏)။ မင်းမြတ် အဘယ်အကြောင်းကြောင့်နည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ယောကျ်ား၏ အားသေးသည်၏ အဖြစ်နှင့် မြင့်မိုရ်တောင်မင်း၏ ကြီးကျယ်သည်၏ အဖြစ်ကြောင့်ပါတည်းဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ခုနစ်နှစ်အောက် ငယ်သော သူငယ်၏ စိတ်သည် အားမရှိ အားနည်း၏ သေး၏ ငယ်၏ နည်းပါး၏ နုန့်နှေး၏ မထင်ရှားသေး၊ အသင်္ခတနိဗ္ဗာနဓာတ်သည် လေး၏ ဝန်လေး၏ ပြန့်ပြော၏ ကြီးကျယ် မြင့်မြတ်၏၊ ခုနစ်နှစ်အောက် ငယ်သော သူငယ်သည် အားနည်းသော သေးငယ်သော နုန့်နှေးသော မထင်ရှားသေးသော ထိုစိတ်ဖြင့် လေးသော ဝန်လေးသော ပြန့်ပြောသော ကြီးကျယ်မြင့်မြတ်သော အသင်္ခတနိဗ္ဗာနဓာတ်ကို ထိုးထွင်း၍ သိခြင်းငှါ မစွမ်းနိုင်၊ ထိုအကြောင်းကြောင့် ခုနစ်နှစ်အောက် ငယ်သော သူငယ်အား ကောင်းစွာ ကျင့်သော်လည်း တရားကို ထိုးထွင်း၍ သိခြင်းငှါ မဖြစ်နိုင်။

မင်းမြတ် ဥပမာတနည်းသော်ကား ဤမြေကြီးသည် ရှည်၏ လျား၏ ထူ၏ ပွ၏ ကျယ်၏ ကျယ်ပြော၏ ကျယ်ပြန့်၏ ကြီး၏၊ မင်းမြတ် ထိုမြေကြီးကို အနည်းငယ်သော ရေပေါက်ကလေးဖြင့် ဆွတ်ဖြန်း၍ နှံ့ညွန်ကို ပြုခြင်းငှါ တတ်ကောင်းပါမည်လောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မတတ်ကောင်းပါဟု (လျှောက်၏)။ မင်းမြတ် အဘယ်အကြောင်းကြောင့်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ရေပေါက်၏ နည်းသည်၏ အဖြစ်နှင့် မြေကြီး၏ ကြီးကျယ်သည်၏ အဖြစ်ကြောင့်ပါတည်းဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ခုနစ်နှစ်အောက် ငယ်သော သူငယ်၏ စိတ်သည် အားမရှိ အားနည်း၏ သေး၏ ငယ်၏ နည်းပါး၏ နုန့်နှေး၏ မထင်ရှားသေး၊ အသင်္ခတနိဗ္ဗာနဓာတ်သည် ရှည်၏ လျား၏ ထူ၏ ပွ၏ ကျယ်၏ ကျယ်ပြော၏ ကျယ်ပြန့်၏ ကြီး၏၊ ခုနစ်နှစ်အောက် ငယ်သော သူငယ်သည် အားနည်းသော သေးငယ်သော နုန့်နှေးသော မထင်ရှားသေးသော ထိုစိတ်ဖြင့် ကြီးကျယ်သော အသင်္ခတနိဗ္ဗာနဓာတ်ကို ထိုးထွင်း၍ သိခြင်းငှါ မစွမ်းနိုင်၊ ထိုအကြောင်းကြောင့် ခုနစ်နှစ်အောက် ငယ်သော သူငယ်အား ကောင်းစွာ ကျင့်သော်လည်း တရားကို ထိုးထွင်း၍ သိခြင်းငှါ မဖြစ်နိုင်။

မင်းမြတ် ဥပမာတနည်းသော်ကား စွမ်းအားမရှိသော အားနည်းသော သေးငယ်သော နုန့်နှေးသော မထင်ရှားသေးသော မီးသည် ရှိရာ၏၊ မင်းမြတ် ထိုမျှလောက် နုန့်နှေးသော မီးဖြင့် နတ်နှင့်တကွသော လောက၌ အမိုက်တိုက်ကို မှုတ်လွင့်ပယ်ဖျောက်၍ အရောင်အလင်းကို ပြုခြင်းငှါ တတ်ကောင်းပါမည်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မတတ်ကောင်းပါဟု (လျှောက်၏)။ မင်းမြတ် အဘယ်အကြောင်းကြောင့်နည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မီး၏ နုန့်သည်အဖြစ်နှင့် လောက၏ ကြီးကျယ်သည်၏ အဖြစ်ကြောင့်ပါတည်းဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ခုနစ်နှစ်အောက် ငယ်သော သူငယ်၏ စိတ်သည်လည်း အားမရှိ၊ အားသေး၏ ငယ်၏ နည်းပါး၏ နုန့်နှေး၏ မထင်ရှားသေး၊ ထို့ပြင် ကြီးစွာသော အဝိဇ္ဇာ

http://www.dhammadownload.com



တည်းဟူသော အမိုက်တိုက်ဖြင့် ပိတ်ဆို့ အပ်၏၊ ထို့ကြောင့် ဉာဏ်တည်းဟူသော အရောင်အလင်းကို ပြုခြင်းငှါ ခဲယဉ်းလှပေ၏၊ ထိုအကြောင်းကြောင့် ခုနစ်နှစ်အောက် ငယ်သော သူငယ်အား ကောင်းစွာ ကျင့်သော်လည်း တရားကို ထိုးထွင်း၍ သိခြင်းငှါ မဖြစ်နိုင်။

မင်းမြတ် ဥပမာတနည်းသော်ကား ရောဂါရှိသော ကြုံလှီသော အဏုမြူနှင့် နှိုင်းရှည့်အပ်သော ကိုယ်ရှိသော ကမျဉ်းနီမည်သောပိုးသည် သုံးပါးသော အရပ်၌ မုန်ယို၍(ဦးကင်း ရင်အုံ ကျောပြင်) အကျယ်သုံးပါးရှိသော အလျားကိုးတောင် လုံးပတ်ဆယ်တောင် အမြင့်ရှစ်တောင်ရှိသော မိမိနေရာဌာနသို့ ကပ်ရောက်လာသော ဆင်ပြောင်ကြီးကို မြင်၍ မျိုခြင်းငှါ ဆွဲငင်ငြားအံ့၊ မင်းမြတ် ထိုကမျဉ်းနီမည်သော ပိုးကောင်သည် ထိုဆင်ပြောင်ကြီးကို မျိုခြင်းငှါ စွမ်းနိုင်ပါအံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မစွမ်းနိုင်ပါဟု (လျှောက်၏)။ မင်းမြတ် အဘယ်အကြောင်းကြောင့်နည်းဟု(မေးတော်မူ၏)။ အသျှင်ဘုရား ကမျဉ်းနီမည်သော ပိုးကောင်ကား သေးငယ်၍ ဆင်ပြောင်ကြီးက ကြီးမားသောကြောင့်ပါတည်းဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် ခုနစ်နှစ်အောက် ငယ်သော သူငယ်၏ စိတ်သည် အားမရှိ အားသေး၏ ငယ်၏ နည်းပါး၏ နုန့်နှေး၏ မထင်ရှားသေး၊ အသင်္ခတနိဗ္ဗာနဓာတ်သည် ကြီးကျယ် မြင့်မြတ်၏၊ ထိုသူငယ်သည် အားမရှိသော အားသေးသော ငယ်သော နုန့်နှေးသော မထင်ရှားသေးသော ထိုစိတ်ဖြင့် ကြီးကျယ်မြင့်မြတ်သော အသင်္ခတနိဗ္ဗာနဓာတ်ကို ထိုးထွင်း၍ သိခြင်းငှါ မစွမ်းနိုင်၊ ထိုအကြောင်းကြောင့် ခုနစ်နှစ်အောက် ငယ်သော သူငယ်အား ကောင်းစွာ ကျင့်သော်လည်း တရားကို ထိုးထွင်း၍ သိခြင်းငှါ မဖြစ်နိုင်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ရှစ်ခုမြောက် ဓမ္မာဘိသမယပဥှာ ပြီး၏။

---

## ၉-ကေဝလသုခနိဗ္ဗာနပဥှာ

### (နိဗ္ဗာန်၏ စင်စစ် ချမ်းသာအတိဖြစ်ပုံ ပြဿနာ)

၉။ အသျှင်ဘုရားနာဂသေန နိဗ္ဗာန်သည် စင်စစ် ချမ်းသာအတိဖြစ်ပါသလော၊ ထိုသို့ မဟုတ်မူ ဆင်းရဲနှင့် ရောပြွမ်းပါသေးသလောဟု (မေးလျှောက်၏)။ မင်းမြတ် နိဗ္ဗာန်သည် စင်စစ် ချမ်းသာအတိဖြစ်၍ ဆင်းရဲနှင့် မရောပြွမ်းပေဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "နိဗ္ဗာန်သည် စင်စစ် ချမ်းသာအတိဖြစ်၏"ဟူသော ထိုစကားကို အကျွန်ုပ်တို့ မယုံကြည်နိုင်ပါကုန်၊ အသျှင်ဘုရားနာဂသေန "နိဗ္ဗာန်သည် ဆင်းရဲနှင့် ရောပြွမ်း၏" ဟူ၍ ဤသို့လျှင် ဤအရာ၌ အကျွန်ုပ်တို့သည် ယုံကြည်ပါကုန်၏၊ "နိဗ္ဗာန်သည် ဆင်းရဲနှင့် ရောပြွမ်း၏"ဟူ၍ ဤအရာ၌ အကြောင်းကိုလည်း ရပါကုန်၏၊ ဤအရာ၌ အကြောင်းသည် အဘယ်ပါနည်း၊ အသျှင်ဘုရားနာဂသေန နိဗ္ဗာန်ကို ရှာမှီးသောသူတို့သည် ကိုယ်၏ရင်း စိတ်၏ရင်း အားထုတ်ခြင်း အလွန်အားထုတ်ခြင်း ရပ်ခြင်း သွားခြင်း ထိုင်ခြင်း အိပ်ခြင်း စားသောက်ရခြင်းတို့၌ သိမ်းဆည်းခြင်း ငိုက်မျဉ်းခြင်းကို ပိတ်ပင်တားဆီးရခြင်း (စက္ခုစသော) အာယတနတို့ကို ဖိနှိပ်ခြင်း ဥစ္စာစပါး ချစ်ခင်သူ ဆွေမျိုးမိတ်သင်္ဂဟတို့ကို စွန့်ပစ်ရခြင်းကို တွေ့မြင်ရပါ၏။ လောက၌

http://www.dhammadownload.com



ချမ်းသာသူ ချမ်းသာခြင်းနှင့် ပြည့်စုံသူအားလုံးတို့သည်လည်း ကာမဂုဏ်ငါးပါးတို့ဖြင့် (စက္ခု စသော)အာယတနတို့ကို မွေ့လျော်စေကုန်၏၊ တိုးပွါးစေကုန်၏၊ သာယာဖွယ် နှစ်သက်ဖွယ်ရှိသော များပြားစွာသော သုဘနိမိတ်ဖြစ်သော အဆင်းဖြင့် မျက်စိကို မွေ့လျော်စေပါကုန်၏၊ တိုးပွါးစေပါကုန်၏။ သာယာဖွယ် နှစ်သက်ဖွယ်ရှိသော သီဆိုခြင်း တီးမှုတ်ခြင်း များပြားစွာသော သုဘနိမိတ်ဖြစ်သော အသံဖြင့် နားကို မွေ့လျော်စေပါကုန်၏၊ တိုးပွါးစေပါကုန်၏။ သာယာဖွယ် နှစ်သက်ဖွယ်ရှိသော ပန်း သစ်သီး အရွက် အခေါက် အမြစ် အနှစ် များပြားစွာသော သုဘနိမိတ်ဖြစ်သော အနံ့ဖြင့် နှာခေါင်းကို မွေ့လျော်စေပါကုန်၏၊တိုးပွါးစေပါကုန်၏။ သာယာဖွယ် နှစ်သက်ဖွယ်ရှိသော ခဲဖွယ် စားဖွယ် လျက်ဖွယ် သောက်ဖွယ် သာယာဖွယ် များပြားစွာသော သုဘနိမိတ်ဖြစ်သော အရသာဖြင့် လျှာကို မွေ့လျော်စေပါကုန်၏၊ တိုးပွါးစေပါကုန်၏။ သာယာဖွယ် နှစ်သက်ဖွယ် သိမ်မွေ့နူးညံ့ပျော့ပျောင်း ချောမွတ်သော များပြားသော သုဘနိမိတ်ဖြစ်သောအတွေ့ဖြင့် ကိုယ်ကို မွေ့လျော်စေပါကုန်၏၊တိုးပွါးစေပါကုန်၏။သာယာဖွယ်ရှိသော ကောင်းဆိုး ဖွယ်ရာ မဖွယ်ရာသော များပြားစွာသော အကြံအစည်ကို နှလုံးပြုသဖြင့် စိတ်ကို မွေ့လျော်စေပါကုန်၏၊ တိုးပွါးစေပါကုန်၏၊ အသျှင်ဘုရားတို့သည် ထိုမျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ်တို့၏ တိုးပွါးခြင်းကို ပယ်ဖျက်ပါကုန်၏၊ နှိပ်စက်ပါကုန်၏၊ ဖြတ်ကြပါကုန်၏၊ ပြင်းစွာဖြတ်ကြပါကုန်၏၊ ပိတ်ပင်ကြပါကုန်၏၊ ပြင်းစွာ ပိတ်ပင်ကြပါကုန်၏၊ ထို့ကြောင့် ကိုယ်သည်လည်း ပူလောင်ပါ၏၊ စိတ်သည်လည်း ပူလောင်ပါ၏၊ ကိုယ်ပူလောင်သည်ရှိသော် ကိုယ်၌ဖြစ်သော ဒုက္ခဝေဒနာကို ခံစားရ၏၊ စိတ်ပူလောင်သည်ရှိသော် စိတ်၌ဖြစ်သော ဒုက္ခဝေဒနာကို ခံစားရ၏၊ မာဂဏ္ဍိယမည်သော ပရိဗိုဇ်သည်လည်း မြတ်စွာဘုရားကို ကဲ့ရဲ့လျက်"ရဟန်းဂေါတမသည် ကြီးပွါးမှုကို ဖျက်ဆီးတတ်၏"ဟု ဆိုခဲ့သည် မဟုတ်ပါလော၊ ဤအရာ၌ နိဗ္ဗာန်သည် ဆင်းရဲနှင့် ရောပြွမ်း၏ဟု အကျဉ်းချုပ်ဆိုသော အကြောင်းကား ဤသည်ပင်တည်းဟု (လျှောက်၏)။

မင်းမြတ် နိဗ္ဗာန်သည် ဆင်းရဲနှင့် မရောပြွမ်း၊ နိဗ္ဗာန်သည် စင်စစ် ချမ်းသာအတိဖြစ်ပေ၏၊ မင်းမြတ် သင်မင်းမြတ်သည် "အကြင်ဆင်းရဲကို နိဗ္ဗာန်"ဟု ဆို၏၊ ထိုဆင်းရဲသည် နိဗ္ဗာန်မမည်ပေ၊ စင်စစ်သော်ကား ဆင်းရဲဒုက္ခသည် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၏ ရှေးအဘို့ပေတည်း၊ ဤဆင်းရဲဒုက္ခသည် နိဗ္ဗာန်ကို ရှာမှီးသော ဆင်းရဲဒုက္ခတည်း။ မင်းမြတ် နိဗ္ဗာန်သည် စင်စစ် ချမ်းသာအတိသာလျှင် ဖြစ်၏၊ ဆင်းရဲနှင့် မရောပြွမ်း၊ ဤနေရာ၌ အကြောင်းကို ဆိုဦးအံ့၊ မင်းမြတ် မင်းတို့အား မင်းစည်းစိမ်ချမ်းသာမည်သည် ရှိသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မင်းတို့အား မင်းစည်းစိမ်ချမ်းသာသည် ရှိပါ၏ဟု(လျှောက်၏)။ မင်းမြတ် ထိုမင်းစည်းစိမ်ချမ်းသာသည် ဆင်းရဲနှင့် ရောပြွမ်းသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မရောပြွမ်းပါဟု (လျှောက်၏)။ မင်းမြတ် တိုင်းစွန်ပြည်နား လှုပ်ရှား ထကြွခဲ့သော် ထိုမင်းတို့သည် တိုင်းစွန်ပြည်နားကို မှီလျက် ထကြွသောင်းကျန်းကုန်သော ထိုသူတို့ကို တားမြစ်ခြင်းငှါ အမတ် ဗိုလ်မှူး အခစား ဗိုလ်ပါတို့ဖြင့် ခြံရံလျက် တိုင်းစွန်ပြည်နားသို့ သွား၍ ခြင် မှက် လေ.နေပူတို့ နှိပ်စက်ခံရကုန်လျက် ညီညွတ်သော အရပ် မညီညွတ်သော အရပ်သို့ အဘယ့်ကြောင့် ပြေးသွားရကုန်သနည်း၊ အဘယ့်ကြောင့် ကြီးကျယ်သော စစ်တိုက်ခြင်းကိုလည်း ပြုရကုန်သနည်း၊အဘယ့်ကြောင့် အသက်သေရမည် ရှင်ရမည် တွေးတော ယုံမှားခြင်းသို့လည်း ရောက်ရကုန်သနည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ထိုသို့ ပြုလုပ်ရခြင်းသည် မင်းချမ်းသာ မဟုတ်ပါ၊ဤသို့ ပြုလုပ်ရခြင်းသည် မင်းချမ်းသာကို ရှာမှီးခြင်း၏ ရှေးအဘို့ပါတည်း၊ အသျှင်ဘုရားနာဂသေန မင်းတို့သည် ဆင်းရဲဖြင့်

http://www.dhammadownload.com



မင်းအဖြစ်ကို ရှာမှီး၍ မင်းချမ်းသာကို ခံစားရကုန်၏၊ အသျှင်ဘုရားနာဂသေန ဤသို့ မင်းချမ်းသာသည် ဆင်းရဲနှင့် မရောပြွမ်းပါ၊ ထိုမင်းချမ်းသာသည် တခြားပါတည်း၊ ဆင်းရဲ 'ဒုက္ခ'သည် တခြားပါတည်းဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် စင်စစ် ချမ်းသာအတိဖြစ်၏၊ ဆင်းရဲနှင့် မရောပြွမ်း၊ ထိုနိဗ္ဗာန်ကို ရှာမှီးသောသူတို့သည် ကိုယ်ကိုရင်း စိတ်ကိုရင်း ပူလောင်စေ၍ ရပ်ခြင်း သွားခြင်း ထိုင်ခြင်း အိပ်ခြင်း စားသောက်ခြင်းတို့ကို ချုပ်တည်းသိမ်းဆည်းကာ ငိုက်မျဉ်းခြင်းကို ပိတ်ပင်တားဆီးလျက် (စက္ခုစသော)အာယတနတို့ကို ဖိနှိပ်ပြီးလျှင် ကိုယ်ကိုရင်း အသက်ကိုရင်း စွန့်လျက် ရန်သူကို နှိပ်နင်းပြီးသော် မင်းတို့သည် မင်းချမ်းသာကို ခံစားရကုန်သကဲ့သို့ ဆင်းရဲခြင်းဖြင့် နိဗ္ဗာန်ကို ရှာမှီး၍ စင်စစ် ချမ်းသာသော နိဗ္ဗာန်ကို ခံစားရကုန်၏။ မင်းမြတ် ဤသို့လျှင် နိဗ္ဗာန်သည် စင်စစ် ချမ်းသာအတိဖြစ်၏၊ ဆင်းရဲနှင့် မရောပြွမ်း၊ နိဗ္ဗာန်သည် တခြား ဆင်းရဲသည် တခြားတည်း။

မင်းမြတ် နိဗ္ဗာန်သည် စင်စစ် ချမ်းသာအတိဖြစ်၏၊ ဆင်းရဲနှင့် မရောပြွမ်း၊ ဆင်းရဲသည် တခြား နိဗ္ဗာန်သည် တခြားတည်းဟူသော ထို့ထက်လွန်သော အခြားအကြောင်းကိုလည်း နာဦးလော့၊ မင်းမြတ် အတတ်ပညာရှင် ဆရာတို့အား အတတ်ပညာ ချမ်းသာမည်သည် ရှိသည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား အတတ်ပညာရှင် ဆရာတို့အား အတတ်ပညာ ချမ်းသာသည် ရှိပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုအတတ်ပညာချမ်းသာသည် ဆင်းရဲနှင့် ရောပြွမ်းသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရောပြွမ်းပါဟု (လျှောက်၏)။ မင်းမြတ် ထိုအတတ်ပညာရှင် ဆရာတို့သည် မိမိဆရာကြီးတို့အား ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်းဖြင့်၎င်း ရေခပ်ခြင်း အိမ်ကို တံမြက်လှည်းခြင်း တံပူကမ်းခြင်း မျက်နှာသစ်ရေကို ပေးဆက်ခြင်း စားကြွင်းကို ခံယူခြင်း အဝတ်အခြုံပြုလုပ်ခြင်း ချေးရေပေးခြင်း ခြေလက်ဆုပ်နယ်ခြင်းဖြင့်၎င်း မိမိ၏စိတ်ကို ချထား၍ သူတပါးစိတ်အလိုသို့ လိုက်ရသဖြင့် ဆင်းရဲစွာ အိပ်ရခြင်း မညီညွတ်သော အစာကို စားရခြင်းဖြင့် ကိုယ်ကို အဘယ့်ကြောင့် ပူပန်စေရပါကုန်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရားနာဂသေန ဤသို့ ပြုလုပ်ရခြင်းသည် အတတ်ပညာ ချမ်းသာမဟုတ်ပါ၊ ဤသို့ ပြုလုပ်ရခြင်းသည် အတတ်ပညာချမ်းသာကို ရှာမှီးခြင်း၏ ရှေးအဘို့ပါတည်း၊ အသျှင်ဘုရား နာဂသေန ဆရာတို့သည် ဆင်းရဲသဖြင့် အတတ်ပညာကို ရှာမှီး၍ အတတ်ပညာချမ်းသာကို ခံစားရပါကုန်၏၊ အသျှင်ဘုရားနာဂသေန ဤသို့လျှင် အတတ်ပညာချမ်းသာသည် ဆင်းရဲနှင့် မရောပြွမ်း၊ ထိုအတတ်ပညာချမ်းသာသည် တခြား ဆင်းရဲသည် တခြားပါတည်းဟု(လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် စင်စစ် ချမ်းသာအတိဖြစ်၏၊ ဆင်းရဲနှင့် မရောပြွမ်း၊ ထိုနိဗ္ဗာန်ကို ရှာမှီးသောသူတို့သည် ကိုယ်ကိုရင်း စိတ်ကိုရင်း ပူလောင်စေ၍ ရပ်ခြင်း သွားခြင်း ထိုင်ခြင်း လျောင်းခြင်း စားသောက်ခြင်းတို့ကို ချုပ်တည်းသိမ်းဆည်းကာ ငိုက်မျဉ်းခြင်းကို ပိတ်ပင်တားဆီးလျက် (စက္ခုစသော) အာယတနတို့ကို ဖိနှိပ်ပြီးလျှင် ကိုယ်ကိုရင်း အသက်ကိုရင်း စွန့်လျက် ဆရာကြီးတို့၏ အတတ်ပညာချမ်းသာကို ခံစားရကုန်သောဆရာကဲ့သို့ ဆင်းရဲဖြင့် နိဗ္ဗာန်ကို ရှာမှီး၍ စင်စစ် ချမ်းသာအတိဖြစ်သော နိဗ္ဗာန်ကို ခံစားရကုန်၏၊ မင်းမြတ် ဤသို့လျှင် နိဗ္ဗာန်သည် စင်စစ် ချမ်းသာအတိဖြစ်၏၊ ဆင်းရဲနှင့် မရောပြွမ်း၊ ဆင်းရဲသည် တခြား နိဗ္ဗာန်သည် တခြားတည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ကိုးခုမြောက် ကေဝလသုခနိဗ္ဗာနပဉှာ ပြီး၏။

http://www.dhammadownload.com



## ၁၀-နိဗ္ဗာနရူပသဏ္ဌာနပဉှာ

### (နိဗ္ဗာန်၏အဆင်းအသွင်သဏ္ဌာန် ပြဿနာ)

၁၀။ အသျှင်ဘုရားနာဂသေန "နိဗ္ဗာန် နိဗ္ဗာန်"ဟု ဆို၏၊ ထိုနိဗ္ဗာန်၏ အဆင်းကိုဂင်း သဏ္ဌာန်ကိုဂင်း အရွယ်ကိုဂင်း အတိုင်းအရှည်ကိုဂင်း ဥပမာအားဖြင့်ဖြစ်စေ အကြောင်းအားဖြင့်ဖြစ်စေ အသင့်ယုတ္တိအားဖြင့် ဖြစ်စေ နည်းအားဖြင့် ဖြစ်စေ ဆောင်ပြခြင်းငှါ တတ်နိုင်ပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် နိဗ္ဗာန်သည် အတုမရှိ၊ နိဗ္ဗာန်၏ အဆင်းကိုဂင်း သဏ္ဌာန်ကိုဂင်း အရွယ်ကိုဂင်း အတိုင်းအရှည်ကိုဂင်း ဥပမာအားဖြင့် ဖြစ်စေ အကြောင်းအားဖြင့် ဖြစ်စေ အသင့်ယုတ္တိအားဖြင့် ဖြစ်စေ နည်းအားဖြင့် ဖြစ်စေ ဆောင်ပြခြင်းငှါ မတတ်နိုင်ပေဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အရှိသဘောဖြစ်သော နိဗ္ဗာန်၏အဆင်းကိုဂင်း သဏ္ဌာန်ကိုဂင်း အရွယ်ကိုဂင်း အတိုင်းအရှည်ကိုဂင်း ဥပမာအားဖြင့် ဖြစ်စေ အကြောင်းအားဖြင့် ဖြစ်စေ အသင့်ယုတ္တိအားဖြင့် ဖြစ်စေ နည်းအားဖြင့် ဖြစ်စေ ထင်ရှားမပြနိုင်သော စကားကိုလည်း အကျွန်ုပ် လက်မခံနိုင်ပါ၊ အကြောင်းဖြင့် အကျွန်ုပ်ကို သိမှတ်စေတော်မူပါလော့ဟု (လျှောက်၏)။ မင်းမြတ် ရှိပါစေ အကြောင်းဖြင့် သင်မင်းမြတ်ကို သိစေအံ့၊ မင်းမြတ် မဟာသမုဒ္ဒရာမည်သည် ရှိသည်မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤမဟာသမုဒ္ဒရာသည် ရှိပါ၏ဟု (လျှောက်၏)။ မင်းမြတ် တစုံတယောက်သောသူသည် သင့်အား ဤသို့မေးရာ၏ "မင်းမြတ် မဟာသမုဒ္ဒရာ၌ ရေသည် အဘယ်မျှလောက်ရှိသနည်း၊ မဟာသမုဒ္ဒရာ၌နေသော သတ္တဝါတို့သည် အဘယ်မျှလောက် ရှိကုန်သနည်း"ဟု မေးအံ့၊ မင်းမြတ် ဤသို့ မေးသည်ရှိသော် သင်မင်းမြတ်သည် ထိုသူ့အား အဘယ်သို့ ဖြေကြားမည်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်ကို တစုံတယောက်သောသူသည် "မင်းမြတ် မဟာသမုဒ္ဒရာ၌ ရေသည် အဘယ်မျှလောက်ရှိသနည်း၊ မဟာသမုဒ္ဒရာ၌ နေသော သတ္တဝါတို့သည် အဘယ်မျှလောက်ရှိကုန်သနည်း"ဟု အကယ်၍ မေးငြားအံ့၊ အသျှင်ဘုရား ထိုသူ့ကို "အိုယောကျ်ား သင်သည် မမေးထိုက်သည်ကို ငါ့အား မေး၏၊ ဤအမေးကို တစုံတယောက်သောသူသည် မမေးထိုက်၊ ဤအမေးမျိုးကို မဖြေပဲသာ ထားထိုက်၏၊ လောကကို ကြံစည်ပြောကြားသော လူအပေါင်းတို့သည် မဟာသမုဒ္ဒရာကို မဝေဖန်ထိုက်၊ မဟာသမုဒ္ဒရာ၌ ရေကို ခြင်တွယ်ခြင်းငှါ မတတ်နိုင်၊ ထိုမဟာသမုဒ္ဒရာ၌ နေကြကုန်သော သတ္တဝါတို့ကိုလည်း ရေတွက်ခြင်းငှါ မတတ်နိုင်"ဟု ဆိုရာပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့ ထိုမေးသော သူအား စကားတုံ့ ပေးရာပါ၏ဟု (လျှောက်၏)။

မင်းမြတ် သင်မင်းမြတ်သည် အရှိသဘောဖြစ်သော မဟာသမုဒ္ဒရာ၌ အဘယ့်ကြောင့် ဤသို့ စကားတုံ့ ပေးရသနည်း၊ "မဟာသမုဒ္ဒရာ၌ ရေသည် ဤမျှရှိ၏၊ မဟာသမုဒ္ဒရာ၌ ဤမျှလောက်ကုန်သော သတ္တဝါတို့သည်လည်း နေကြကုန်၏"ဟု ရေတွက်၍ ဆိုသူ့အား ပြောကြားအပ်သည် မဟုတ်လောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မတတ်နိုင်ပါ၊ ဤပြဿနာသည် မေးထိုက်သော ပြဿနာ မဟုတ်ပါဟု (လျှောက်၏)။

မင်းမြတ် အရှိသဘောဖြစ်သော မဟာသမုဒ္ဒရာ၌ပင် ရေကို ခြင်တွယ်တွက်ခြင်းငှါ မတတ်နိုင်သကဲ့သို့ဂင်း ထိုမဟာသမုဒ္ဒရာ၌ နေကုန်သော သတ္တဝါတို့ကို ရေတွက်ခြင်းငှါ မတတ်နိုင်သကဲ့သို့ဂင်း မင်းမြတ် ဤအတူသာလျှင် အရှိသဘောဖြစ်သော နိဗ္ဗာန်၏အဆင်းကိုဂင်း သဏ္ဌာန်ကိုဂင်း အရွယ်ကိုဂင်း အတိုင်းအရှည်ကိုဂင်း ဥပမာအားဖြင့် ဖြစ်စေ အကြောင်းအားဖြင့်ဖြစ်စေ အသင့်

http://www.dhammadownload.com



ယုတ္တိအားဖြင့် ဖြစ်စေ နည်းအားဖြင့် ဖြစ်စေ ဆောင်ပြခြင်းငှါ မတတ်နိုင်။ မင်းမြတ် စိတ်ကို လေ့လာပြီးသော တန်ခိုးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် မဟာသမုဒ္ဒရာ၌ ရေကို ခြင်တွယ်မည်ဆိုသော် ခြင်တွယ်နိုင်ရာသေး၏၊ ထိုမဟာသမုဒ္ဒရာ၌ မှီနေသောသတ္တဝါတို့ကိုလည်း ရေတွက်မည်ဆိုသော် ရေတွက်နိုင်ရာသေး၏၊ စိတ်ကိုလေ့လာပြီးသော တန်ခိုးနှင့်ပြည့်စုံသော ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်၏ အဆင်းကိုဖြစ်စေ သဏ္ဌာန်ကိုဖြစ်စေ အတိုင်းအရှည်ကိုဖြစ်စေ ဥပမာအားဖြင့် ဖြစ်စေ အကြောင်းအားဖြင့် ဖြစ်စေ အသင့်ယုတ္တိအားဖြင့် ဖြစ်စေ နည်းအားဖြင့် ဖြစ်စေ ထို့ပြင်လည်း ဆောင်ပြခြင်းငှါ မတတ်နိုင်။

မင်းမြတ် အရှိသဘောဖြစ်သော နိဗ္ဗာန်၏ အဆင်းကိုဖြစ်စေ သဏ္ဌာန်ကိုဖြစ်စေ အရွယ်ကိုဖြစ်စေ အတိုင်းအရှည်ကိုဖြစ်စေ ဥပမာအားဖြင့် ဖြစ်စေ အကြောင်းအားဖြင့် ဖြစ်စေ အသင့်ယုတ္တိအားဖြင့် ဖြစ်စေ နည်းအားဖြင့် ဖြစ်စေ ဆောင်ပြခြင်းငှါ မတတ်နိုင်ဟူသော အခြားအကြောင်းကိုလည်း နာဦးလော့၊ မင်းမြတ် ဗြဟ္မာတို့တွင် အရူပဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့မည်သည် ရှိသည်မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား "ဗြဟ္မာတို့တွင် အရူပဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့မည်သည် ရှိ၏"ဟု ကြားဘူးပါ၏ဟု (လျှောက်၏)။ မင်းမြတ် ထိုအရူပဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အဆင်းကိုဖြစ်စေ သဏ္ဌာန်ကိုဖြစ်စေ အရွယ်ကိုဖြစ်စေ အတိုင်းအရှည်ကိုဖြစ်စေ ဥပမာအားဖြင့် ဖြစ်စေ အကြောင်းအားဖြင့် ဖြစ်စေ အသင့်ယုတ္တိအားဖြင့် ဖြစ်စေ နည်းအားဖြင့် ဖြစ်စေ ဆောင်ပြခြင်းငှါ တတ်နိုင်ပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မတတ်နိုင်ပါဟု (လျှောက်၏)။ မင်းမြတ် ထိုသို့ဖြစ်မူကား အရူပဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့သည် မရှိပါကုန်သလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အရူပဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့သည် ရှိပါကုန်၏၊ ထိုဗြဟ္မာတို့၏ အဆင်းကိုဖြစ်စေ သဏ္ဌာန်ကိုဖြစ်စေ အရွယ်ကိုဖြစ်စေ အတိုင်းအရှည်ကိုဖြစ်စေ ဥပမာအားဖြင့် ဖြစ်စေ အကြောင်းအားဖြင့် ဖြစ်စေ အသင့်ယုတ္တိအားဖြင့် ဖြစ်စေ နည်းအားဖြင့် ဖြစ်စေ ဆောင်ပြခြင်းငှါ မတတ်နိုင်ပါဟု (လျှောက်၏)။ မင်းမြတ် ထင်ရှားရှိကုန်သော အရူပဘုံ၌ဖြစ်ကုန်သော ဗြဟ္မာတို့၏ အဆင်းကိုဖြစ်စေ သဏ္ဌာန်ကိုဖြစ်စေ အရွယ်ကိုဖြစ်စေ အတိုင်းအရှည်ကိုဖြစ်စေ ဥပမာအားဖြင့် ဖြစ်စေ အကြောင်းအားဖြင့် ဖြစ်စေ အသင့်ယုတ္တိအားဖြင့် ဖြစ်စေ နည်းအားဖြင့် ဖြစ်စေ ဆောင်ပြခြင်းငှါ မတတ်နိုင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် အရှိသဘောသာလျှင်ဖြစ်သော နိဗ္ဗာန်၏ အဆင်းကိုဖြစ်စေ သဏ္ဌာန်ကိုဖြစ်စေ အရွယ်ကိုဖြစ်စေ အတိုင်းအရှည်ကိုဖြစ်စေ ဥပမာအားဖြင့် ဖြစ်စေ အကြောင်းအားဖြင့် ဖြစ်စေ အသင့်ယုတ္တိအားဖြင့် ဖြစ်စေ နည်းအားဖြင့် ဖြစ်စေ ဆောင်ပြခြင်းငှါ မတတ်နိုင်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန နိဗ္ဗာန်သည် စင်စစ် ချမ်းသာသည် ဖြစ်ပါစေတော့၊ ထိုနိဗ္ဗာန်၏ အဆင်းကိုဖြစ်စေ သဏ္ဌာန်ကိုဖြစ်စေ အရွယ်ကိုဖြစ်စေ အတိုင်းအရှည်ကိုဖြစ်စေ ဥပမာအားဖြင့် ဖြစ်စေ အကြောင်းအားဖြင့် ဖြစ်စေ အသင့်ယုတ္တိအားဖြင့် ဖြစ်စေ နည်းအားဖြင့် ဖြစ်စေ ဆောင်ပြခြင်းငှါ မတတ်နိုင်သည် ဖြစ်ပါစေတော့၊ အသျှင်ဘုရား အခြားသူတို့သည် သက်ဝင်နိုင်သော ဥပမာထုတ်ဆောင်ပြခြင်းမျှဖြစ်သော တစ်စုံတခုသော နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးသည် ရှိပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် သရုပ်သကောင်အားဖြင့် မရှိ၊ ဂုဏ်ကျေးဇူးအားဖြင့်မူကား စိုးစဉ်းမျှသော ဥပမာညွှန်ပြခြင်းမျှကို ဆောင်ပြခြင်းငှါ တတ်နိုင်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါပြီ၊ အကြင်သို့သော အခြင်းအရာဖြင့် ဟောပြသည်ရှိသော် နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးအားဖြင့်လည်း တစိတ်တဒေသပြဆိုကာမျှကို အကျွန်ုပ်ရပါ၏၊ ထိုသို့သော

http://www.dhammadownload.com



အခြင်းအရာဖြင့် လျင်မြန်စွာ ဟောပြတော်မူပါလော့၊ အကျွန်ုပ်၏ နှလုံးပူပန်ခြင်းကို ငြိမ်းစေတော်မူပါလော့၊ အေးမြချိုသာသော စကားလေပြည်ဖြင့် ပယ်ဖျောက်တော်မူပါလော့ဟု (လျှောက်၏)။

မင်းမြတ် ပဒုမာကြာ၏ ဂုဏ်တပါးသည် နိဗ္ဗာန်သို့ (ဥပမာအားဖြင့်) သက်ဝင်၏၊ ရေ၏ ဂုဏ်နှစ်ပါး၊ ဆေး၏ ဂုဏ်သုံးပါး၊ မဟာသမုဒ္ဒရာ၏ ဂုဏ်လေးပါး၊ ဘောဇဉ်၏ဂုဏ်ငါးပါး၊ ကောင်းကင်၏ ဂုဏ်ဆယ်ပါး၊ ပတ္တမြားရတနာ၏ ဂုဏ်သုံးပါး၊ စန္ဒကူးနီစဉ် ဂုဏ်သုံးပါး၊ ထောပတ်ကြည်၏ ဂုဏ်သုံးပါး၊ တောင်ထွတ်၏ ဂုဏ်ငါးပါးတို့သည် နိဗ္ဗာန်သို့ (ဥပမာအားဖြင့်) သက်ဝင်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "ပဒုမာကြာ၏ ဂုဏ်တပါးသည် နိဗ္ဗာန်သို့ သက်ဝင်၏" ဟူ၍ ယင်းစကားကို ဆိုတော်မူ၏၊ ပဒုမာကြာ၏ အဘယ်ဂုဏ်တပါးသည် နိဗ္ဗာန်သို့ သက်ဝင်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ပဒုမာကြာသည် ရေဖြင့် မလိမ်းကျံသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် အလုံးစုံသော ကိလေသာတို့ဖြင့် မလိမ်းကျံ၊ မင်းမြတ် ပဒုမာကြာ၏ ဤဂုဏ်တပါးသည် နိဗ္ဗာန်သို့ သက်ဝင်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "ရေ၏ ဂုဏ်နှစ်ပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏" ဟူ၍ ယင်းစကားကို ဆိုတော်မူ၏၊ ရေ၏ အဘယ်ဂုဏ်နှစ်ပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ရေသည် အေးမြသကဲ့သို့ ပူလောင်ခြင်းကို ငြိမ်းစေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် အေးမြ၏၊ အလုံးစုံသော ကိလေသာပူလောင်မှုကို ငြိမ်းစေတတ်၏၊ မင်းမြတ် ရေ၏ ဤပဌမဂုဏ်သည် နိဗ္ဗာန်သို့သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား ရေသည် ပင်ပန်းခြင်း ခြောက်ကပ်ခြင်း မွတ်သိပ်ခြင်း နေပူခြင်းတို့ဖြင့် နှိပ်စက်အပ်ကုန်သော လူနှင့် သားကောင်တို့၏ မွတ်သိပ်ခြင်းကို ပယ်ဖျောက်နိုင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ တည်းဟူသော မွတ်သိပ်ခြင်းကို ပယ်ဖျောက်တတ်၏၊ မင်းမြတ် ရေ၏ ဤဒုတိယ ဂုဏ်ကျေးဇူးသည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် ရေ၏ ဤဂုဏ်နှစ်ပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "ဆေး၏ ဂုဏ်သုံးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏" ဟူ၍ ယင်းစကားကို ဆိုတော်မူ၏၊ ဆေး၏ အဘယ် ဂုဏ်သုံးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ဆေးသည် အဆိပ်ဖြင့် နှိပ်စက်ခြင်း ခံရကုန်သော သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် ကိလေသာ အဆိပ်ဖြင့် နှိပ်စက်ခြင်းခံရကုန်သော သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်၏၊ မင်းမြတ် ဆေး၏ ဤပဌမဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား ဆေးသည် အနာရောဂါတို့၏ အဆုံးကို ပြုတတ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် အလုံးစုံသော ဝဋ္ဋဆင်းရဲတို့၏ အဆုံးကို ပြုတတ်၏၊ မင်းမြတ် ဆေး၏ ဤဒုတိယဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား ဆေးသည် အသက်ကို မသေစေနိုင် သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် မသေစေနိုင်၊ မင်းမြတ် ဆေး၏ ဤတတိယဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် ဆေး၏ ဤဂုဏ်သုံးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "မဟာသမုဒ္ဒရာ၏ ဂုဏ်လေးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏" ဟူ၍ ယင်းစကားကို ဆိုတော်မူ၏၊ မဟာသမုဒ္ဒရာ၏ အဘယ် ဂုဏ်လေးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မဟာသမုဒ္ဒရာသည် အလုံးစုံသော

http://www.dhammadownload.com



အကောင်ပုပ်တို့မှ ဆိတ်သုဉ်းသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် အလုံးစုံသော ကိလေသာအပုပ်တို့မှ ဆိတ်သုဉ်း၏၊ မင်းမြတ် မဟာသမုဒ္ဒရာ၏ ဤပဌမဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား မဟာသမုဒ္ဒရာသည် ကြီးကျယ်၏၊ ထိုမှာဖက်ကမ်းမရှိ၊ အလုံးစုံသော မြစ်တို့ဖြင့် (စီးဝင်သော်လည်း) မပြည့်နိုင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် ကြီးကျယ်၏၊ ထိုမှာဖက်ကမ်းမရှိ၊ အလုံးစုံသော သတ္တဝါတို့ဖြင့် မပြည့်နိုင်၊ မင်းမြတ် မဟာသမုဒ္ဒရာ၏ ဤဒုတိယဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား မဟာသမုဒ္ဒရာသည် ကြီးကုန်သော သတ္တဝါတို့၏ နေရာဖြစ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် ကြီးမြတ်ကုန်သော အညစ်အကြေး ကင်းကုန်ပြီးသော အာသဝေါကုန်ပြီးကုန်သော (အရဟတ္တဖိုလ်တည်းဟူသော) အားအစွမ်းသို့ ရောက်ပြီးကုန်သော လေ့လာပြီးခြင်း 'ဝသီဘော်' ရှိသည်ဖြစ်ကုန်သော ကြီးမြတ်သော သတ္တဝါဖြစ်ကုန်သော ရဟန္တာတို့၏ နေရာဖြစ်၏၊ မင်းမြတ် မဟာသမုဒ္ဒရာ၏ ဤတတိယဂုဏ်သည်လည်း နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား မဟာသမုဒ္ဒရာသည် မနှိုင်းရှည့်အပ်သော အထူးထူး အပြားပြား ပြန့်ပြောသော လှိုင်းတံပိုးတို့ဖြင့် ပြွမ်းသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် မနှိုင်းရှည့်အပ်သော အထူးထူး အပြားပြား ပြန့်ပြောသော အညစ်အကြေးမရှိ စင်ကြယ်သော အသိဉာဏ် 'ဝိဇ္ဇာ' လွတ်မြောက်မှု 'ဝိမုတ္တိ' ပန်းတို့ဖြင့် ပြွမ်း၏၊ မင်းမြတ် မဟာသမုဒ္ဒရာ၏ ဤဂုဏ်လေးပါးသည် နိဗ္ဗာန်သို့သက်ဝင်၏၊ မင်းမြတ် မဟာသမုဒ္ဒရာ၏ ဤဂုဏ်လေးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "ဘောဇဉ်၏ ဂုဏ်ငါးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏"ဟူ၍ ယင်းစကားကို ဆိုတော်မူ၏၊ ဘောဇဉ်၏ အဘယ်ဂုဏ်ငါးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့အား အသက်ကို ဆောင်ထားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် မိမိကို မျက်မှောက်ပြုသူတို့အား အိုခြင်း သေခြင်း ပျက်စီးခြင်းမှ အသက်ကို ဆောင်ထားတတ်၏၊ မင်းမြတ် ဘောဇဉ်၏ ဤ ပဌမဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့အား အားကို တိုးပွါးစေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် မိမိကို မျက်မှောက်ပြုသော သတ္တဝါအားလုံးတို့အား တန်ခိုးအားကို တိုးပွါးစေ၏၊ မင်းမြတ် ဘောဇဉ်၏ ဤဒုတိယဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့အား အဆင်းကို ဖြစ်စေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် မိမိကို မျက်မှောက်ပြုသော သတ္တဝါအားလုံးတို့အား ဂုဏ်တည်းဟူသော အဆင်းကို ဖြစ်စေတတ်၏၊ မင်းမြတ် ဘောဇဉ်၏ ဤတတိယဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့၏ ပူပန်ခြင်းကို ငြိမ်းစေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် မိမိကို မျက်မှောက်ပြုသော သတ္တဝါအားလုံးတို့၏ ကိလေသာတည်းဟူသော ပူပန်မှုအားလုံးကို ငြိမ်းစေတတ်၏၊ မင်းမြတ် ဘောဇဉ်၏ ဤစတုတ္ထဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊မင်းမြတ် နောက်တမျိုးကား ဘောဇဉ်သည် အလုံးစုံသောသတ္တဝါတို့၏ ငတ်မွတ်ခြင်း အားနည်းခြင်းကို ပယ်ဖျောက်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် မိမိကိုမျက်မှောက်ပြုသော သတ္တဝါအားလုံးတို့၏ အလုံးစုံသော ဆင်းရဲတည်းဟူသော ဆာလောင်အားနည်းမှုကို ပယ်ဖျောက်တတ်၏၊ မင်းမြတ် ဘောဇဉ်၏ ဤပဉ္စမဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် ဘောဇဉ်၏ ဤဂုဏ်ငါးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရားနာဂသေန "ကောင်းကင်၏ ဂုဏ်ဆယ်ပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏" ဟူ၍ ယင်းစကားကို ဆိုတော်မူ၏၊ ကောင်းကင်၏ အဘယ်ဂုဏ် ဆယ်ပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ကောင်းကင် သည် ပဋိသန္ဓေမနေ မအို မသေ မစုတေ မဖြစ်ပေါ် ညှဉ်းဆဲ ပုတ်ခတ်နိုင်ရန် ခဲယဉ်း၏၊ ခိုးသူတို့ မယူဆောင်နိုင် တစုံတရာ အမှီမရှိ ငှက်အပေါင်းတို့ ပျံတက်သွားရောက်ရာဖြစ်၏ အပိတ်အပင်မရှိ အဆုံးမရှိသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် ပဋိသန္ဓေမနေ မအို မသေ မစုတေ မဖြစ်ပေါ် သူတပါးတို့ မညှဉ်းဆဲနိုင် ခိုးသူတို့ မယူဆောင်နိုင် တစုံတရာ အမှီမရှိ အရိယာပုဂ္ဂိုလ်တို့၏ သွားရာဖြစ်၏ အပိတ်အပင်မရှိ အဆုံးမရှိ မင်းမြတ် ကောင်းကင်၏ ဤဂုဏ်ဆယ်ပါးတို့သည် နိဗ္ဗာန်သို့ (ဥပမာအားဖြင့်) သက်ဝင်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "ပတ္တမြားရတနာ၏ ဂုဏ်သုံးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏" ဟူ၍ ယင်းစကားကို ဆိုတော်မူ၏၊ ပတ္တမြားရတနာ၏ အဘယ်ဂုဏ်သုံးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ပတ္တမြားရတနာသည် အလိုရှိရာ ပေးနိုင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် အလိုရှိရာကို ပေးနိုင်၏၊ မင်းမြတ် ပတ္တမြားရတနာ၏ ဤပဌမဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား ပတ္တမြားရတနာသည် ကြည်လင်ရွှင်လန်းခြင်းကို ပြုတတ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် ကြည်လင်ရွှင်လန်းခြင်းကို ပြုတတ်၏၊ မင်းမြတ် ပတ္တမြားရတနာ၏ ဤဒုတိယဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား ပတ္တမြားရတနာသည် ထွန်းလင်းတောက်ပခြင်းကို ပြုတတ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် ထွန်းလင်းတောက်ပခြင်း ကို ပြုတတ်၏၊ မင်းမြတ် ပတ္တမြားရတနာ၏ ဤတတိယဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် ပတ္တမြားရတနာ၏ ဤဂုဏ်သုံးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "စန္ဒကူးနီ၏ ဂုဏ်သုံးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏"ဟူ၍ ယင်းစကားကို ဆိုတော်မူ၏၊ စန္ဒကူးနီ၏ အဘယ်ဂုဏ်သုံးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ပါကုန်သနည်းဟု(မေးလျှောက်၏)။ မင်းမြတ် စန္ဒကူးနီသည် ရနိုင်ခဲသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် ရနိုင်ခဲ၏၊ မင်းမြတ် စန္ဒကူးနီ၏ ဤပဌမဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား စန္ဒကူးနီသည် အတူမရှိ ကောင်းသောအနံ့ ရှိသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် အတူမရှိ ကောင်းသောအနံ့ ရှိ၏၊ မင်းမြတ် စန္ဒကူးနီ၏ ဤဒုတိယဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား စန္ဒကူးနီကို လူကောင်းသူကောင်းတို့ ချီးမွမ်းအပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်ကို အရိယာသူတော်ကောင်းတို့ ချီးမွမ်းအပ်၏၊ မင်းမြတ် စန္ဒကူးနီ၏ ဤတတိယဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် စန္ဒကူးနီ၏ ဤဂုဏ်သုံးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "ထောပတ်ကြည်၏ ဂုဏ်သုံးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏" ဟူ၍ ယင်းစကားကို ဆိုတော်မူ၏၊ ထောပတ်ကြည်၏ အဘယ်ဂုဏ်သုံးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ပါကုန်သနည်း ဟု (မေးလျှောက်၏)။ မင်းမြတ် ထောပတ်ကြည်သည် အဆင်းနှင့် ပြည့်စုံသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် ဂုဏ်တည်းဟူသော အဆင်းနှင့် ပြည့်စုံ၏၊ မင်းမြတ် ထောပတ်ကြည်၏ ဤပဌမဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား ထောပတ်ကြည်သည် အနံ့နှင့်ပြည့်စုံသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် သီလ

http://www.dhammadownload.com



တည်းဟူသော အနံ့နှင့် ပြည့်စုံ၏၊ မင်းမြတ် ထောပတ်ကြည်၏ ဤဒုတိယဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား ထောပတ်ကြည်သည် အရသာနှင့် ပြည့်စုံသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် လွတ်မြောက်မှု 'ဝိမုတ္တိ'အရသာနှင့် ပြည့်စုံ၏၊ မင်းမြတ် ထောပတ်ကြည်၏ ဤတတိယဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် ထောပတ်ကြည်၏ ဤ ဂုဏ်သုံးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန "တောင်ထွတ်၏ ဂုဏ်ငါးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏"ဟူ၍ ယင်းစကားကို ဆိုတော်မူ၏၊ တောင်ထွတ်၏ အဘယ်ဂုဏ်ငါးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် တောင်ထွတ်သည် အလွန်မြင့်တက်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် အလွန်မြင့်တက်၏၊ မင်းမြတ် တောင်ထွတ်၏ ဤပဌမဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား တောင်ထွတ်သည် မတုန်မလှုပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် မတုန်မလှုပ်၊ မင်းမြတ် တောင်ထွတ်၏ ဤဒုတိယဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား တောင်ထွတ်သည် တက်ရောက်နိုင်ခဲသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် အလုံးစုံသော ကိလေသာတို့ တက်ရောက်နိုင်ခဲ၏၊ မင်းမြတ် တောင်ထွတ်၏ ဤတတိယဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား တောင်ထွတ်သည် အလုံးစုံသော မျိုးစေ့တို့၏ ပေါက်ရောက်ကြီးပွါးရာ မဟုတ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် အလုံးစုံသော ကိလေသာတို့၏ ပေါက်ရောက် ကြီးပွါးရာ မဟုတ်၊ မင်းမြတ် တောင်ထွတ်၏ ဤစတုတ္ထဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် နောက်တမျိုးကား တောင်ထွတ်သည် ချစ်ခြင်း မုန်းခြင်းမှ ကင်းလွတ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် ချစ်ခြင်း မုန်းခြင်းမှ ကင်းလွတ်၏၊ မင်းမြတ် တောင်ထွတ်၏ ဤပဉ္စမဂုဏ်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် တောင်ထွတ်၏ ဤဂုဏ်ငါးပါးတို့သည် နိဗ္ဗာန်သို့(ဥပမာအားဖြင့်) သက်ဝင်ကုန်၏ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

ဆယ်ခုမြောက် နိဗ္ဗာနရူပသဏ္ဌာနပဉှာ ပြီး၏။

---

## ၁၁-နိဗ္ဗာနသစ္ဆိကရဏပဉှာ

### (နိဗ္ဗာန်သို့ မျက်မှောက်ပြုပုံ ပြဿနာ)

၁၁။ အသျှင်ဘုရားနာဂသေန "နိဗ္ဗာန်သည် အတိတ်လည်း မဟုတ်၊ အနာဂတ်လည်း မဟုတ်ပေ၊ ပစ္စုပ္ပန်လည်း မဟုတ်၊ ခဏတ္တယသို့ရောက်ဆဲ 'ဥပ္ပန္န'တရားလည်း မဟုတ်၊ ခဏတ္တယသို့ ရောက်ပြီး ရောက်ဆဲမဟုတ်သော 'အနုပ္ပန္န'တရားလည်း မဟုတ်၊ မချွတ်ဖြစ်လတ္တံ့လည်း မဟုတ်"ဟု အသျှင်ဘုရားတို့ ဆိုတော်မူကုန်၏၊ အသျှင်ဘုရားနာဂသေန ဤသာသနာတော်၌ အမှတ်မရှိ တစုံတယောက်သောသူသည် ကောင်းစွာကျင့်သည်ရှိသော် နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ထိုသူသည် ဖြစ်ဆဲနိဗ္ဗာန်ကို မျက်မှောက်ပြုပါသလော၊ သို့မဟုတ် ဖြစ်ပြီးနိဗ္ဗာန်ကို မျက်မှောက်ပြုပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် အမှတ်မရှိ တစုံတယောက်သောသူသည် ကောင်းစွာကျင့်သည် ဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ထိုသူသည် ဖြစ်ဆဲနိဗ္ဗာန်ကို မျက်မှောက်မပြု၊ ဖြစ်ပြီးနိဗ္ဗာန်

http://www.dhammadownload.com



ကိုလည်း မျက်မှောက်မပြု၊ မင်းမြတ် စင်စစ်သော်ကား ကောင်းစွာ ကျင့်သောသူသည် အကြင် နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ထိုနိဗ္ဗာနဓာတ်သည်-ရှိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ဤပြဿနာကို ဖုံးကွယ်လျှို့ဝှက်၍ မပြပါလင့်၊ ဆန္ဒရှိသည့်အတိုင်း ကြိုးစား၍ ပွင့်လင်းထင်ရှားစွာ ပြတော်မူပါလော့၊ အသျှင်ဘုရား သင်ကြားထားသော နည်းနာ အားလုံးကို ဤနိဗ္ဗာန်ပြဿနာ၌သာ လောင်းထည့်လိုက်ပါလော့၊ ဤအရာ၌ ဤလူအပေါင်းသည် တွေဝေပါ၏၊ ယုံမှားခြင်း ဖြစ်ပါ၏၊ သံသယသို့ ပြေးဝင်ပါ၏၊ ဤအတွင်း၌ အပြစ်တည်းဟူသော ဤဆူးငြောင့်ကို နုတ်ပယ်တော်မူပါလော့ဟု (လျှောက်၏)။ မင်းမြတ် ငြိမ်းအေးသော ချမ်းသာ စစ်ဖြစ်သော မွန်မြတ်တောင့်တအပ်သော ဤနိဗ္ဗာနဓာတ်သည် ရှိ၏၊ ကောင်းစွာ ကျင့်သော သူသည် မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း သင်္ခါရတရားတို့ကို သုံးသပ်လျက် ပညာဖြင့် ထိုနိဗ္ဗာနဓာတ်ကို မျက်မှောက် ပြု၏၊ မင်းမြတ် ဥပမာသော်ကား တပည့်သည် ဆရာဆုံးမတော် မူသည့်အတိုင်း အတတ်ကို ပညာဖြင့် မျက်မှောက်ပြု၏၊ မင်းမြတ် ဤအတူသာလျှင် ကောင်းစွာ ကျင့်သော သူသည် မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း နိဗ္ဗာန်ကို ပညာဖြင့် မျက်မှောက် ပြု၏။

ထိုနိဗ္ဗာန်ကို အဘယ်သို့ ရှုမြင်အပ်သနည်းဟူမူ—ထိုနိဗ္ဗာန်ကို အပြစ်မရှိသောအားဖြင့် ဥပဒ် ကင်းသောအားဖြင့် ဘေးမရှိသောအားဖြင့် ရန်ကင်းသောအားဖြင့် အေးငြိမ်းသောအားဖြင့် ချမ်းသာသောအားဖြင့် သာယာဖွယ်အားဖြင့် မွန်မြတ်သောအားဖြင့် စင်ကြယ်သောအားဖြင့် အေးမြသောအားဖြင့် ရှုမြင်အပ်၏။

မင်းမြတ် ဥပမာသော်ကား ထင်းများစွာကို တောက်လောင်နေသော မီးသည် ယောကျ်ားကို လောင်မြိုက်အပ်သော်(ထိုယောကျ်ားသည်)လုံ့လဖြင့် ထိုမီးမှလွတ်အောင် ရုန်းထွက်၍ မီးမရှိသော နေရာသို့ ဝင်ရောက်သည်ရှိသော် ထိုအရပ်၌ လွန်ကဲသော ချမ်းသာကို ရရာ၏၊ မင်းမြတ် ဤအတူ သာလျှင် ကောင်းစွာကျင့်သောသူသည် သင့်လျော်သော နှလုံးသွင်းဖြင့် သုံးလောက မီးပူမှ လွတ်ကင်းသော လွန်စွာချမ်းသာသော နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ မင်းမြတ် ပြကတေ့ မီးနှင့် အတူ သုံးပါးသော မီးကို မှတ်အပ်၏၊ မီးပုံအလယ်သို့ ရောက်သော ယောကျ်ားနှင့်အတူ ကောင်း စွာကျင့်သောသူကို မှတ်အပ်၏၊ မီးကင်းသော အရပ်နှင့်အတူ နိဗ္ဗာန်ကို မှတ်အပ်၏။

မင်းမြတ် ဥပမာတနည်းသော်ကား မြွေကောင်ပုပ် ခွေးကောင်ပုပ် လူကောင်ပုပ် ကိုယ်အညစ် အကြေးတို့ စုပုံရာသို့ ရောက်၍ အပုပ်မျိုး ရှုပ်ရှက်ခပ်သော အရပ်သို့ ဝင်ရောက်သောယောကျ်ား သည် လုံ့လဖြင့် ထိုအကောင်ပုပ်ရှိရာ အရပ်မှ လွတ်ကင်းအောင် ရုန်းထွက်၍ အကောင်ပုပ်မရှိရာ အရပ်သို့ ဝင်ရောက်သည်ရှိသော် ထိုအရပ်၌ လွန်ကဲသော ချမ်းသာကို ရရာ၏၊ မင်းမြတ် ဤအတူ သာလျှင် ကောင်းစွာကျင့်သောသူသည် သင့်လျော်သော နှလုံးသွင်းဖြင့် ကိလေသာအကောင်ပုပ်မှ လွတ်သော လွန်စွာချမ်းသာသော နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ မင်းမြတ် အကောင်ပုပ်နှင့်အတူ ကာမဂုဏ်ငါးပါးတို့ကို မှတ်အပ်၏၊ အကောင်ပုပ်ရှိရာသို့ ရောက်သော ယောကျ်ားနှင့်အတူ ကောင်းစွာ ကျင့်သောသူကို မှတ်အပ်၏၊ အကောင်ပုပ်ကင်းသော အရပ်နှင့်အတူ နိဗ္ဗာန်ကိုမှတ် အပ်၏။

မင်းမြတ် ဥပမာတနည်းသော်ကား ကြောက်၍ ထိတ်လန့် တုန်လှုပ်နေသော ဖောက်ပြန်စွာ တုန်လှုပ်သည့် စိတ်ရှိသော ယောကျ်ားသည် လုံ့လဖြင့် ထိုကြောက်ဖွယ်အရပ်မှ လွတ်အောင်

http://www.dhammadownload.com



ရှိန်းထွက်၍ မြဲမြံ ခိုင်ခံ့ မတုန်လှုပ်သော ဘေးလွတ်ရာအရပ်သို့ ဝင်ရောက်သည်ရှိသော် ထိုအရပ်၌ လွန်ကဲသော ချမ်းသာကို ရရာ၏၊ မင်းမြတ် ဤအတူသာလျှင် ကောင်းစွာ ကျင့်သောသူသည် သင့်လျော်သော နှလုံးသွင်းဖြင့် ကြောက်ရွံ့ ထိတ်လန့်ခြင်းကင်းသော လွန်စွာချမ်းသာသော နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ မင်းမြတ် ဘေးနှင့်အတူ ပဋိသန္ဓေနေခြင်း 'ဇာတိ' အိုခြင်း 'ဇရာ' နာခြင်း 'ဗျာဓိ' သေခြင်း 'မရဏ' ကို စွဲ၍ အဆက်ဆက်(ထပ်ကာ ထပ်ကာ)ဖြစ်သော ဘေးကို မှတ်အပ်၏၊ ကြောက်သောယောကျ်ားနှင့်အတူ ကောင်းစွာ ကျင့်သောသူကို မှတ်အပ်၏၊ ဘေးလွတ်ရာအရပ်နှင့်အတူ နိဗ္ဗာန်ကို မှတ်အပ်၏။

မင်းမြတ် ဥပမာတနည်းသော်ကား ညစ်နွမ်းနောက်ကျုသော ညွန်ပုပ်ရွှံ့စေးရှိရာ အရပ်သို့ ကျရောက်သော ယောကျ်ားသည် လုံ့လဖြင့် ထိုညွန်ပုပ်ရွှံ့စေးကို ဖယ်ကြဉ်ထုတ်နုတ်၍ စင်ကြယ်သန့်ရှင်း အညစ်အကြေးကင်းသော အရပ်သို့ ရောက်လျက် ထိုအရပ်၌ လွန်ကဲသော ချမ်းသာကို ရရာ၏၊ မင်းမြတ် ဤအတူသာလျှင် ကောင်းစွာ ကျင့်သောသူသည် သင့်လျော်သော နှလုံးသွင်းဖြင့် ကိလေသာအညစ်အကြေး ညွန်စေးကင်းသော လွန်စွာချမ်းသာသောနိဗ္ဗာန်ကို မျက်မှောက်ပြု၏။ မင်းမြတ် ညွန်ပြောင်းနှင့်အတူ လာဘ်ပူဇော်သကာ အကျော်အစောကို မှတ်အပ်၏၊ ညွန်ပုပ်သို့ ရောက်သော ယောကျ်ားနှင့်အတူ ကောင်းစွာ ကျင့်သောသူကို မှတ်အပ်၏၊ အထူးသဖြင့် စင်ကြယ်သန့်ရှင်း အညစ်အကြေးကင်းသော အရပ်နှင့်အတူ နိဗ္ဗာန်ကို မှတ်အပ်၏။

ထိုနိဗ္ဗာန်ကိုလည်း ကောင်းစွာကျင့်သောသူသည် အဘယ်သို့လျှင် မျက်မှောက်ပြုပါသနည်း၊ မင်းမြတ် ကောင်းစွာ ကျင့်သောသူသည် သင်္ခါရတရားတို့၏ ဖြစ်ခြင်းကို သုံးသပ်၏၊ ဖြစ်ခြင်းကို သုံးသပ်သည်ရှိသော် ထိုသင်္ခါရတရားတို့၌ ဖြစ်ခြင်း 'ဇာတိ' ကို မြင်၏၊ အိုခြင်း 'ဇရာ' ကို မြင်၏၊ နာခြင်း 'ဗျာဓိ' ကို မြင်၏၊ သေခြင်း 'မရဏ' ကို မြင်၏၊ ထိုသင်္ခါရတရားတို့၌ အစမှငြင်း အလယ်မှ ငြင်း အဆုံးမှငြင်း တစုံတခုသော ချမ်းသာဖွယ် သာယာဖွယ်ကို မမြင်၊ ထိုသူသည် သင်္ခါရတရားတို့၌ တစုံတခု စွဲယူလောက်သော အရာကို လုံးဝမမြင်၊ မင်းမြတ် ဥပမာသော်ကား ယောကျ်ားသည် တနေ့လုံး ပြင်းစွာ ပူနေသော တောက်လောင်သော ပြောင်ပြောင်တောက်သော ပြင်းထန်သော သံတွေခဲ၌ အစမှငြင်း အလယ်မှငြင်း အဆုံးမှငြင်း တစုံတခု ယူလောက်ရာအရပ်ကို မမြင်၊ ဤအတူသာလျှင် သင်္ခါရတရားတို့၏ ဖြစ်ခြင်းကို သုံးသပ်သောသူသည် ထိုသင်္ခါရတရားတို့၌ ဖြစ်ခြင်း 'ဇာတိ' ကို မြင်၏၊ အိုခြင်း 'ဇရာ' ကို မြင်၏၊ နာခြင်း 'ဗျာဓိ' ကို မြင်၏၊ သေခြင်း 'မရဏ' ကို မြင်၏၊ ထိုသင်္ခါရတရားတို့၌ အစမှငြင်း အလယ်မှငြင်း အဆုံးမှငြင်း တစုံတခု ချမ်းသာဖွယ် သာယာဖွယ်ကို မမြင်၊ ထိုသူသည် ထိုသင်္ခါရတရားတို့၌ တစုံတခု စွဲယူလောက်ရာကို မမြင်၊ စွဲယူလောက်ရာကို မမြင်သော ထိုသူ၏စိတ်ဝယ် သင်္ခါရတရားတို့၌ မမွေ့လျော်ခြင်းသည် ကောင်းစွာ တည်၏၊ ကိုယ်၌ ပူလောင်လာ၏၊ ထိုသူသည် ပုန်းခိုရာ မရ အားထားရာ မရ ကိုးစားရာ မရှိသကဲ့သို့ ဖြစ်၍ ဘုံသုံးပါးတို့၌ ငြီးငွေ့၏။

မင်းမြတ် ဥပမာသော်ကား ယောကျ်ားသည် တောက်လောင်သော မီးတောက်ရှိသော ကြီးစွာသော မီးပုံတွင်းသို့ ဝင်ငြားအံ့၊ ထိုယောကျ်ားသည် ထိုမီးပုံတွင်း၌ ပုန်းခိုရာမရ အားထားရာမရ ကိုးစားရာမရှိသကဲ့သို့ဖြစ်၍ မီး၌ ငြီးငွေ့ရာ၏၊ မင်းမြတ် ဤအတူသာလျှင် ယူလောက်ရာကို မမြင်သော ထိုသူ၏ စိတ်၌ မမွေ့လျော်ခြင်းသည် ကောင်းစွာတည်၏၊ ကိုယ်၌ ပူလောင်လာ၏၊ ထိုသူသည် ပုန်းခိုရာ မရ အားထားရာ မရ ကိုးစားရာ မရှိသကဲ့သို့ဖြစ်၍ ဘုံသုံးပါးတို့၌ ငြီးငွေ့၏။

http://www.dhammadownload.com



သင်္ခါရ၏ ဖြစ်စဉ်၌ ဘေးကို ရှုမြင်သော ထိုသူအား ဤသို့သော စိတ်သည်ဖြစ်၏ "ဤသင်္ခါရတို့၏ ဖြစ်စဉ်သည် ပူလောင်လှသည်သာတည်း၊ ရဲရဲတောက်သည်သာတည်း၊ အလျှံပြောင်ပြောင်တောက်လောင်သည်သာတည်း၊ ဒုက္ခများလှသည်သာတည်း၊ ပူပန်ခြင်း များလှသည်သာတည်း၊ တစုံတယောက်သောသူသည် သင်္ခါရတို့၏ မဖြစ်ရာကို ရလေရာ၏၊ သင်္ခါရအားလုံးတို့၏ ငြိမ်းရာအလုံးစုံသော ခန္ဓာငါးပါးတို့ကို လွတ်လွတ်စွန့်ပစ်ရာ တဏှာကုန်ခန်းရာ ရာဂကင်းရာ သင်္ခါရတို့၏ ချုပ်ရာ တဏှာမှ ထွက်မြောက်ရာ နိဗ္ဗာန်သည် ငြိမ်သက်၏ မွန်မြတ်၏"ဟု စိတ်ဖြစ်၏။ ဤသို့လျှင် ထိုသူ၏ ဤစိတ်သည် သင်္ခါရအစဉ် မဖြစ်ရာ နိဗ္ဗာန်၌ ပြေးဝင်၏၊ ကြည်လင်၏ ရွှင်ပျ၏ "ငါအား သင်္ခါရတို့မှ ထွက်မြောက်ကြောင်းကို ရအပ်ပေပြီ"ဟု နှစ်သက်၏။

မင်းမြတ် ဥပမာသော်ကား ပျက်စီးသော ခရီးမှားအရပ်သို့ ပြေးဝင်မိသော ယောကျ်ားသည် ထွက်မြောက်ကြောင်း ခရီးလမ်းကို မြင်၍ ထိုလမ်းခရီး၌ ပြေးဝင်၏ ကြည်လင်၏ ရွှင်ပျ၏၊ "ငါသည် ထွက်မြောက်ကြောင်း ခရီးလမ်းကို ရပြီ"ဟု နှစ်သက်၏၊ မင်းမြတ် ဤအတူသာလျှင် သင်္ခါရတရားတို့၏ ဖြစ်စဉ်၌ ဘေးဟုရှုသောသူအား သင်္ခါရတို့၏ အစဉ်မဖြစ်ရာ နိဗ္ဗာန်၌ စိတ်သည် ပြေးဝင်၏၊ ကြည်လင်၏ ရွှင်ပျ၏ "ငါသည် ထွက်မြောက်ရာကို ရအပ်ပြီ"ဟု နှစ်သက်၏။

ထိုသူသည် သင်္ခါရတရားတို့၏ မဖြစ်ရာ နိဗ္ဗာန်အကျိုးငှါ ရောက်ကြောင်းမဂ်ကို အားထုတ်၏ ရှာမှီး၏ ပွါးများ၏၊ ကြိမ်ဖန်များစွာပြု၏၊ ထိုထွက်မြောက်ရာ နိဗ္ဗာန်အကျိုးငှါ ထိုသူအား အောက်မေ့မှု 'သတိ'သည် ကောင်းစွာတည်၏၊ ထိုထွက်မြောက်ရာ နိဗ္ဗာန်အကျိုးငှါ အားထုတ်ခြင်း 'ဝီရိယ'သည် ကောင်းစွာ တည်၏၊ ထိုထွက်မြောက်ရာ နိဗ္ဗာန်အကျိုးငှါ နှစ်သက်မှု 'ပီတိ'သည် ကောင်းစွာတည်၏၊ အဆင့်ဆင့် အထပ်ထပ် နှလုံးသွင်းသော ထိုသူ၏ ထိုစိတ်သည် သင်္ခါရတို့၏ ဖြစ်စဉ်ကို လွန်မြောက်၍ သင်္ခါရအစဉ်မဖြစ်ရာ နိဗ္ဗာန်သို့ သက်ဝင်၏၊ မင်းမြတ် သင်္ခါရအစဉ်မဖြစ်ရာ နိဗ္ဗာန်သို့ အစဉ်ရောက်သော ကောင်းစွာ ကျင့်သောသူကို နိဗ္ဗာန်ကို မျက်မှောက်ပြုသူဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ ဤသို့လျှင် ဤစကားကို ထိုသို့ဆိုတော်မူတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

တဆယ့်ဘခုမြောက် နိဗ္ဗာနသစ္ဆိကရဏပဥှာ ပြီး၏။

---

## ၁၂-နိဗ္ဗာနသန္နိဟိတပဥှာ

### (နိဗ္ဗာန်၏ တည်ရာပြဿနာ)

၁၂။ အသျှင်ဘုရားနာဂသေန အရှေ့အရပ်၌ ဖြစ်စေ တောင်အရပ်၌ဖြစ်စေ အနောက်အရပ်၌ဖြစ်စေ မြောက်အရပ်၌ဖြစ်စေ အထက်အရပ်၌ဖြစ်စေ အောက်အရပ်၌ဖြစ်စေ ဖီလာအရပ်၌ဖြစ်စေ အကြင်အရပ်၌ နိဗ္ဗာန်သည် အမြဲ အစဲ့တည်နေ၏၊ ထိုနိဗ္ဗာန်တည်ရာ အရပ်သည် ရှိပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် အရှေ့အရပ်၌ဖြစ်စေ တောင်အရပ်၌ဖြစ်စေ အနောက်အရပ်၌ဖြစ်စေ မြောက်အရပ်၌ဖြစ်စေ အထက်အရပ်၌ဖြစ်စေ အောက်အရပ်၌ဖြစ်စေ ဖီလာအရပ်၌ဖြစ်စေ အကြင်အရပ်၌ နိဗ္ဗာန်သည် အမြဲအစဲ့တည်နေ၏၊ ထိုနိဗ္ဗာန်တည်ရာ အရပ်သည် မရှိဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရားနာဂသေန နိဗ္ဗာန်၏ အမြဲအစွဲတည်နေရာ အရပ်သည် အကယ်၍ မရှိသည် ဖြစ်ပါအံ့၊ ထိုသို့ဖြစ်ပါမူ နိဗ္ဗာန်သည် မရှိ၊ အကြင်သူတို့သည် ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပါ၏၊ ထိုသူတို့၏ မျက်မှောက်ပြုခြင်းသည်လည်း မှားယွင်းရာပါ၏၊ ထိုအမှားကို ဆိုရာ၌ အကြောင်းကို လျှောက်ဆိုပါအံ့၊ အသျှင်ဘုရားနာဂသေန မြေ၌ စပါး၏ဖြစ်ရာ လယ်သည် ရှိ၏၊ အနံ့ဖြစ်ရာ ပန်းသည် ရှိ၏၊ ပန်း၏ဖြစ်ရာ ပန်းရုံသည် ရှိ၏၊ အသီး၏ဖြစ်ရာ သစ်ပင်သည် ရှိ၏၊ ရတနာ၏ ဖြစ်ရာ ဖြစ်သော တည်ရာသည် ရှိ၏၊ ထိုအရပ်၌ အမှတ်မရှိ တစုံတယောက်သောသူသည် အကြင် ဝတ္ထုကို အလိုရှိ၏၊ ထိုသူသည် ထိုအရပ်သို့ သွား၍ ထိုထို လိုရာဝတ္ထုကို ဆောင်ယူသကဲ့သို့ အသျှင်ဘုရားနာဂသေန ဤအတူသာလျှင် နိဗ္ဗာန်သည် အကယ်၍ ရှိသည်ဖြစ်ပါအံ့၊ ထိုနိဗ္ဗာန်၏ ဖြစ်ပေါ်ရာအရပ်ကိုလည်း အလိုရှိအပ်ပါ၏၊ အသျှင်ဘုရားနာဂသေန အကြင့်ကြောင့်လျှင် နိဗ္ဗာန်၏ ဖြစ်ရာ အရပ်သည် မရှိ၊ ထို့ကြောင့် နိဗ္ဗာန်မရှိဟူ၍ ဆိုရာပါ၏၊ အကြင်သူတို့သည် နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်၏၊ထိုသူတို့၏မျက်မှောက်ပြုခြင်း သည်လည်းမှားယွင်းရာပါ၏ဟု(လျှောက်၏)။

မင်းမြတ် နိဗ္ဗာန်၏ အမြဲအစွဲတည်နေရာ အရပ်သည် မရှိ၊ ထိုသို့ဘည်ရာအရပ် မရှိသော်လည်း ဤနိဗ္ဗာန်သည် ရှိသည်သာတည်း၊ ကောင်းစွာကျင့်သော သူသည် သင့်လျော်သော နှလုံးသွင်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ မင်းမြတ် ဥပမာအားဖြင့် မီးမည်သည် ထင်ရှား ရှိ၏၊ ထိုမီး၏ အမြဲအစွဲ တည်နေရာ အရပ်မရှိ၊ ထင်းနှစ်ခုတို့ကို ပွတ်တိုက်သည်ရှိသော် မီးကိုရ၏၊ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် ထင်ရှားရှိ၏၊ ထိုနိဗ္ဗာန်၏အမြဲအစွဲ တည်နေရာအရပ်သည် မရှိ၊ ကောင်းစွာကျင့်သောသူသည် သင့်လျော်သော နှလုံးသွင်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

မင်းမြတ် ဥပမာတနည်းသော်ကား ရတနာခုနစ်ပါးတို့ မည်သည် ရှိကုန်၏။ ဤရတနာခုနစ်ပါး တို့သည် အဘယ်သည်တို့နည်း၊ စကြာရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိန်းမ ရတနာ သူကြွယ်ရတနာ သားကြီးရတနာတို့တည်း။ ထိုရတနာခုနစ်ပါးတို့၏ အမြဲအစွဲတည်နေရာ အရပ်ကား မရှိ၊ကောင်းစွာ ကျင့်သောမင်းအား အကျင့်၏ အစွမ်းဖြင့် ထိုရတနာတို့သည် ကပ်ရောက် လာကုန်၏။ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် ထင်ရှားရှိ၏၊ ထိုနိဗ္ဗာန်၏ အမြဲအစွဲ တည်နေ ရာ အရပ်ကား မရှိ၊ ကောင်းစွာ ကျင့်သောသူသည် သင့်လျော်သော နှလုံးသွင်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန နိဗ္ဗာန်၏ အမြဲအစွဲ တည်နေရာ အရပ်သည် မရှိလျှင် ဖြစ်ပါစေတော့၊ အကြင်အရပ်၌ တည်လျက် ကောင်းစွာကျင့်သောသူသည် နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ထိုအရပ် သည် ရှိပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် အကြင်အရပ်၌ တည်လျက် ကောင်းစွာ ကျင့်သောသူသည် နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ထိုအရပ်သည် ရှိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကြင်အရပ်၌ တည်လျက် ကောင်းစွာ ကျင့်သောသူသည် နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ထိုအရပ်သည် အဘယ်အရပ်ပါနည်းဟု (မေးလျှောက်၏)။ မင်းမြတ် သီလ သည် နိဗ္ဗာန်ကို မျက်မှောက်ပြုရာ တည်ရာပေတည်း၊ သီလ၌ တည်လျက် သင့်လျော်သော အားဖြင့် နှလုံးသွင်းသော် သက္ကတိုင်းယွန်းတိုင်း၌ဖြစ်စေ စိန့်တိုင်းဝိလာတတိုင်း၌ဖြစ်စေ အလ သန္ဒအရပ်၌ဖြစ်စေ နိကုမ္ဗအရပ်၌ဖြစ်စေ ကာသိတိုင်းကောသလတိုင်း၌ဖြစ်စေ ကသ္မီရတိုင်း၌ဖြစ်စေ ဂန္ဓာရတိုင်း၌ဖြစ်စေ တောင်ထိပ်၌ဖြစ်စေ ဗြဟ္မာ့ပြည်၌ဖြစ်စေ အမှတ်မရှိ တစုံတခုသောအရပ်၌ တည်လျက် ကောင်းစွာ ကျင့်သောသူသည်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ မင်းမြတ် ဥပမာ

http://www.dhammadownload.com



သော်ကား အမှတ်မရှိ တစုံတယောက်သော မျက်စိအမြင်နှင့် ပြည့်စုံသော ယောကျ်ားသည် သက္ကတိုင်းယွန်းတိုင်း၌ဖြစ်စေ စိန့်တိုင်းဝိလာတတိုင်း၌ဖြစ်စေ အလသန္ဒအရပ်၌ဖြစ်စေ နိဂုမ္ဘအရပ်၌ ဖြစ်စေ ကာသိတိုင်း ကောသလတိုင်း၌ဖြစ်စေ ကသ္မီရတိုင်း၌ဖြစ်စေ ဂန္ဓာရတိုင်း၌ဖြစ်စေ တောင် ထိပ်၌ဖြစ်စေ ဗြဟ္မာ့ပြည်၌ဖြစ်စေ အမှတ်မရှိ တစုံတခုသောအရပ်၌ တည်လျက် ကောင်းကင်ကို မြင်နိုင်၏၊ မင်းမြတ် ဤအတူသာလျှင် သီလ၌ တည်လျက် သင့်လျော်သော နှလုံးသွင်းရှိသော သူသည် သက္ကတိုင်းယွန်းတိုင်း၌ဖြစ်စေ ။ပ။ အမှတ်မရှိ တစုံတခုသော အရပ်၌ တည်လျက် ကောင်းစွာကျင့်သောသူသည်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။

မင်းမြတ် ဥပမာတနည်းသော်ကား သက္ကတိုင်းယွန်းတိုင်း၌ဖြစ်စေ။ပ။ အမှတ်မရှိ တစုံတခုသော အရပ်၌ တည်သောသူအားလည်း အရှေ့အရပ်သည် ရှိ၏၊ မင်းမြတ် ဤအတူသာလျှင် သီလ၌ တည်လျက် သင့်လျော်သောအားဖြင့် နှလုံးသွင်းရှိသောသူအား သက္ကတိုင်း၌ဖြစ်စေ ယွန်းတိုင်း၌ ဖြစ်စေ။ပ။ အမှတ်မရှိ တစုံတခုသောအရပ်၌ တည်လျက် ကောင်းစွာ ကျင့်သောသူအားလည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊ အသျှင်ဘုရားသည် နိဗ္ဗာန်ကို ဟောတော်မူနိုင်ပေ၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုကြောင်းကို ဟောတော်မူနိုင်ပေ၏၊ သီလဂုဏ်ကျေးဇူးတို့ ထက်ဝန်းကျင် ခြံရံအပ်ပါကုန်၏၊ ကောင်းသော အကျင့်တရားကို ပြတော်မူအပ်ပါပေ၏၊ တရားတည်းဟူသော တံခွန်ကို စိုက်ထူတော်မူအပ်ပါပေ၏၊ တရားတည်းဟူသော ရေမြောင်းကို ကောင်းစွာ ထားတော်မူအပ်ပါပြီ၊ ကောင်းစွာကျင့်သူတို့၏ ကောင်းသောလုံ့လသည် မမြုံပါပေ၊ ဂိုဏ်း၏ အကြီးအမှူးဖြစ်၍ မြတ်သောသူတို့ထက် မြတ်တော် မူပေသော အသျှင်ဘုရား ဤအတိုင်း ဟုတ်ပါပေ၏၊ ဤအတိုင်း ဝန်ခံပါ၏ဟု (လျှောက်၏)။

တဆယ့်နှစ်ခုမြောက် နိဗ္ဗာနသန္နိဟိတပဉှာ ပြီး၏။

## သုံးခုမြောက် ဝေဿန္တရဝဂ် ပြီး၏။

ဤဝေဿန္တရဝဂ်၌ အမေးပုစ္ဆာပြဿနာ တဆယ့်နှစ်ပါးတို့တည်း။

http://www.dhammadownload.com

# ၄-အနုမာနဝဂ်

## ၁-အနုမာနပဉှာ

### (မှန်းဆ၍ 'မြတ်စွာဘုရားရှိကြောင်း' သိရပုံပြဿနာ)

၁။ ထိုအခါ မိလိန္ဒမင်းသည် အသျှင်နာဂသေနရှိရာသို့ ချဉ်းကပ်ပြီးလျှင် အသျှင်နာဂသေန မထေရ်ကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် သိလိုသည် ကြားနာလိုသည် ဆောင်လိုသည် ဉာဏ်ရောင် အလင်းကို ရှုမြင်လိုသည် မသိမမြင်မှု 'မောဟ'ကို ပယ်ဖျက်လိုသည် ဉာဏ်ရောင် အလင်းကို ဖြစ်စေလိုသည် အဝိဇ္ဇာမှောင်ကို ဖျက်ဆီးလိုသည်ဖြစ်၍ လွန်ကဲသော တည်ကြည်ခြင်းကိုရင်း အားထုတ်မှု 'ဝီရိယ'ကိုရင်း အောက်မေ့မှု 'သတိ'ကိုရင်း ပညာကိုရင်း ဖြစ်စေလျက် အသျှင်နာဂသေနအား "အသျှင်ဘုရားနာဂသေန အသျှင်ဘုရားသည် မြတ်စွာဘုရားကို မြင်ဘူးပါသလော"ဟု (မေးလျှောက်၏)။ မင်းမြတ် မမြင်ဘူးပါဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား၏ ဆရာတို့သည် မြတ်စွာဘုရားကို မြင်ဘူးပါသလောဟု (မေးလျှောက်၏)။ မင်းမြတ် မမြင်ဘူးပါဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားနာဂသေန အသျှင်ဘုရားသည် မြတ်စွာဘုရားကို မမြင်ဘူးလေသတတ်၊ အသျှင်ဘုရား၏ ဆရာတို့သည်လည်း မြတ်စွာဘုရားကို မမြင်ဘူးလေသတတ်၊ အသျှင်ဘုရားနာဂသေန ထိုသို့ဖြစ်ပါမူ မြတ်စွာဘုရားသည် မရှိပေတကားဟု ဆိုသင့်ပါ၏၊ ဤနေရာ၌ မြတ်စွာဘုရားသည် မထင်ရှားချေဟု (လျှောက်၏)။

မင်းမြတ် သင်၏မင်းမျိုးမင်းနွယ်၌ ရှေးဦးအစဖြစ်ကုန်သော ရှေးရှေးမင်းတို့သည် ရှိပါကုန်သလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ရှိပါကုန်၏၊ အဘယ်သူသည် ယုံမှားရှိပါအံ့နည်း၊ အကျွန်ုပ်၏ မင်းမျိုးမင်းနွယ်၌ ရှေးဦးအစဖြစ်ကုန်သော ရှေးရှေးမင်းတို့သည် ရှိပါကုန်၏ဟု (လျှောက်၏)။ မင်းမြတ် သင်မင်းမြတ်သည် ရှေးရှေးမင်းတို့ကို မြင်ဘူးပါသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မမြင်ဘူးပါဟု(လျှောက်၏)။ မင်းမြတ် သင့်ကိုဆုံးမကြကုန်သော ပုရောဟိတ် စစ်သူကြီး တရားဆုံးဖြတ်တတ်သော အမတ်ကြီးတို့သည် ရှေးရှေးမင်းတို့ကို မြင်ဘူးပါကုန်သလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မမြင်ဘူးပါကုန်ဟု(လျှောက်၏)။ မင်းမြတ် သင်မင်းမြတ်သည် ရှေးရှေးမင်းတို့ကို အကယ်၍ မမြင်ဘူးသည်ဖြစ်အံ့၊ သင်မင်းမြတ်အား ဆုံးမတတ်ကုန်သော သူတို့သည်လည်း မမြင်ဘူးကုန်သည်ဖြစ်ကုန်အံ့၊ ထိုသို့ဖြစ်မူ ရှေးရှေးမင်းတို့သည် မရှိကုန်ဟု ဆိုသင့်ပါ၏၊ ဤအရာဝယ် ရှေးရှေးမင်းတို့သည် မထင်ရှားကုန်တကားဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန ရှေးရှေးမင်းတို့၏ အသုံးအဆောင်ဖြစ်ကုန်သော ထီးဖြူ သင်းကျစ် ခြေနင်း သားမြီးယပ် သန်လျက် သလွန်ညောင်စောင်းတို့ကို မြင်ရပါကုန်၏. ယင်းအသုံးအဆောင်တို့ကြောင့် အကျွန်ုပ်တို့သည် "ရှေးရှေးမင်းတို့ ရှိကုန်၏"ဟု သိရပါကုန်၏၊ ယုံကြည်ရပါကုန်၏ ဟု (လျှောက်၏) ။မင်းမြတ် ဤအတူသာလျှင် အကြင်အကြောင်းကြောင့် "ထိုမြတ်စွာဘုရားထင်ရှားရှိ၏"ဟူ၍ ငါတို့သိရ ယုံကြည်ရသော အကြောင်းသည် ရှိပါ၏၊ ထိုအကြောင်း ကား အဘယ်နည်းဟူမူ—မင်းမြတ် သစ္စာလေးပါးကို သိတော်မူသော သစ္စာလေးပါးကိုမြင်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား သုံးဆောင်ခဲ့ကုန်သော သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဗိုလ်ငါးပါး

http://www.dhammadownload.com



ပေဘဇ္ဇင်ခုနစ်ပါး အရိယမဂ္ဂင်ရှစ်ပါးဟူသော အသုံးအဆောင် ဘဏ္ဍာတို့သည် ရှိပါကုန်၏၊ ယင်း အသုံးအဆောင်ဘဏ္ဍာတို့ကြောင့် နတ်နှင့်တကွသော လောကသည် "ထိုမြတ်စွာဘုရား ရှိ၏" ဟု သိရ၏၊ယုံကြည်ရ၏၊ မင်းမြတ် ဤအကြောင်း ဤအထောက်အပံ့ဖြင့် ဤသို့သောနည်း ဤသို့သော မှန်းဆခြင်းဖြင့် "ထိုမြတ်စွာဘုရားသည် ရှိ၏" ဟု သိအပ်၏။

"အကြင် မြတ်စွာဘုရားသည် များစွာသော နတ်လူအပေါင်းတို့ကို နိဗ္ဗာန် သို့ ကယ်တင် ပြီး၍ ဥပဓိကုန်ရာ နိဗ္ဗာန်၌ ပရိနိဗ္ဗာန်စံဝင်တော်မူပြီ၊ ထိုဘုရားရှင်သည်ရှိ၏" ဟု မှန်းဆ သောအားဖြင့် သိအပ်၏။

အသျှင်ဘုရားနာဂသေန ဥပမာကို ပြုတော်မူပါဦး·လော့ဟု (လျှောက်၏)။ မင်းမြတ် ဥပမာ သော်ကား မြို့ဘည်ဆောက်သော လက်သမားသည် မြို့ကိုဖန်ဆင်း တည်ဆောက်လိုသည်ရှိသော် ရှေးဦးစွာ မမြင့်မနိမ့် ညီညွတ်သော ကျောက်စရစ် ကျောက်ခဲမရှိသော ဘေးဥပဒ်ကင်းသော အပြစ်ကင်းသော မွေ့လျော်ပျော်ရွှင်နာဖြစ်သော မြေအဘို့ကို စိစစ်ကြည့်ရှု၍ ထိုမြေအဘို့၌ မညီညွတ်သော နေရာကို ညီညွတ်အောင် ပြုစေ၍ သစ်ငုတ် ဆူးငြောင့်တို့ကို တူးဖယ် သုတ်သင် စေလျက် ထိုအရပ်၌ တင့်တယ်သောအဘို့အားဖြင့် ဝေဖန်ခွဲခြမ်းအပ်သော နှိုင်းရှည့်အပ်သော ကောင်းစွာ စီစစ်အပ်သော ကျုံးတန်တိုင်းဖြင့် ခြံရံအပ်သော မြဲမြံသော တံခါးတိုင် ပြအိုးတံခါး မုတ်ရှိသော များစွာသော ခရီးလမ်းယယ် လမ်းလေးခွဆုံရှိသော စင်ကြယ်သောအပြင် မင်းလမ်းမ ရှိသော ကောင်းစွာဝေဖန်ထားသော အိမ်ဈေးရှိသော အရံဥယျာဉ် တဖက်ဆည်ကန် လေးထောင့် ကန် ရေတွင်းနှင့် ပြည့်စုံသော များစွာသော မင်း၏နေရာ နန်းတော်အိမ်တော်တို့ဖြင့် တန်ဆာ ဆင်အပ်သော အလုံးစုံ အပြစ်ကင်းသော မြို့ကို ဖန်ဆင်းတည်ထောင်ရာ၏၊ ထိုလက်သမားသည် ထိုမြို့၌ ခပ်သိမ်းသော အခြင်းအရာဖြင့် ပြန့်ပြောသည်၏ အဖြစ်သို့ ရောက်သည်ရှိသော် တပါးသော အရပ်သို့ သွားရောက်ပြန်၏၊ ထို့နောက် ထိုမြို့သည် အခါတပါး၌ ပြည့်စုံသည် စည်ပင်ပွင့်လင်းသည် ရလွယ်သော ထမင်းရှိသည် ဘေးကင်းသည် ကုံလုံသည် အေးချမ်းသည် ဘေးရန်မရှိသည် ဥပဒ် မရှိသည်ဖြစ်၍ အထူးထူးသော လူမျိုးတို့ဖြင့် ပြွမ်းသည် ဖြစ်ရာ၏။

များစွာသော မင်း ပုဏ္ဏား, ကုန်သည် သူဆင်းရဲများ ဆင်စီးသူရဲများ မြင်းစီးသူရဲများ ရထားစီးသူရဲများ ခြေသည်သူရဲများ လေးသည်များ ဓားကိုင်သမားများ အောင်လံကိုင်များ စစ်ဆင်သူများ ရိက္ခာပို့သူများ (စစ်၌)ထူးချွန်ကျော်စောသော မင်းသားများ တဖက်စစ်တပ် ဖောက်ထွင်းပြီးဝင်နိုင်သူများ ဆင်ပြောင်ကြီးကဲ့သို့သောသူရဲများ လွန်စွာရဲရင့်သူများ ချပ်ဝတ်သူ ရဲများ စစ်သည်တော်များ ကျွန်ယုံတော်များ အစေအပါးသားများ လက်ပန်းသမားများ ဂဏန်း တတ်သူများ ထမင်းချက်သူများ စဖိုသည်များ ဆေးတ္တာသည်များ ရေချိုးပေးသူများ ပန်းပွတ် သမားများ ပန်းကုံးသူများ ရွှေပန်းထိမ်သည်များ ငွေပန်းထိမ်သည်များ သလွဲမည်း သမားများ သလွဲဖြူသမားများ ပန်းပဲသမားများ ကြေးသွန်းသမားများ သံထည်သမားများ ရွှဲဘွင်းသမားများ[၁] ရက်ကန်းသမားများ အိုးထိန်းသည်များ ဒေါင်းရွှေသမားများ[၂] ဆားချက် သမားများ သားရေနယ်သမားများ ရထားလုပ်သမားများ ဆင်စွယ်ပွတ်သမားများ ကြိုးကျစ်သမားများ ဘီးလုပ်သမားများ ချည်သမားများ နှီးယက်သမားများ လေးလုပ် သမားများ လေးညို့သမားများ မြားသမားများ ပန်းချီသမားများ ပန်းဆိုးသမားများ

---

၁-ကျောက်သွေးသမားများ။ ၂-နှီးသမားများ။

http://www.dhammadownload.com



ကဝါဖွတ်သမားများ ချည်ငင်သမားများ အပ်ချုပ်သမားများ ငွေမှုတ်သမားများ အထည်ကုန်သည်များ သနပ်ခါးသွေးသမားများ မြက်ထမ်းသမားများ ထင်းထမ်းသမား သူရင်းငှါးများ အရွက်ရောင်းသမားများ ဟင်းအရောင်းသမားများ အမြစ် အဉရောင်းသမားများ ထမင်းရောင်းသမားများ မုန့်သည်များ ငါးရောင်းသူများ အမဲရောင်းသူများ အရက်ရောင်းသူများ ကချေသည်များ အငြိမ့်သည်များ ကျွမ်းသမားများ မျက်လှည့်သမားများ မောင်းတီးသမားများ လက်ဝှေ့သမားများ သူကောင်မြိုက်သမားများ ပန်းမှိုက်သွန်ဘင်ကျုံးသမားများ နီးရက်သမားများ မုဆိုးများ ပြည့်တန်ဆာများ ယိမ်းကဟန်သမားများ အိုးထိန်းကျွန်မများ သက္ကတိုင်း ယွန်းတိုင်း စိန္နတိုင်း ဝိလာတတိုင်းသားများ ဥဇ္ဇေနီတိုင်းသားများ ဘာရုကစ္ဆက အရပ်သားများ ကာသိတိုင်း ကောသလတိုင်းသားများ အပရန္တတိုင်းသားများ မာဂဓတိုင်းသားများ သာကေတမြို့သားများ သောရေယျမြို့သားများ ပါဝေယျကတိုင်းသားများ ကောဋုမ္ဗရတိုင်းသားမာထုရမြို့သားများ အလသန္ဒအရပ် ကသ္မီရတိုင်း ဂန္ဓာရတိုင်းသားများတို့သည်ငှင်း ထိုမြို့သို့ နေခြင်းငှါ ကပ်ရောက်လာကုန်သော အထူးထူးသော အာရုံရှိကုန်သော လူတို့သည်ငှင်း အသစ်ဖြစ်သော ကောင်းစွာဝေဖန်အပ်သော အပြစ်မရှိသော စုပ်ဖွဲကဲ့ရဲ့ရန် မရှိသော မွေ့လျော်ဖွယ်ရှိသော ထိုမြို့ကို မြင်ရ၍ "အချင်းတို့ ဤမြို့ကို ဖန်ဆင်းတည်ဆောက်သော လက်သမားသည် ကျွမ်းကျင် လိမ္မာပေစွတကား"ဟု အမြင်ကို နှိုင်းဆသဖြင့် သိနိုင်ကုန်ရာ၏။

မင်းမြတ် ဤအတူသာလျှင် သူတပါးတို့နှင့် တူတော်မမူသော အတူမရှိသည့် ရှေးဘုရားတို့နှင့်သာ တူတော်မူသော ပြိုင်ဖက်ကင်းတော်မူသော အတုမဲ့တော်မူသော နှိုင်းယှဉ်ဖက်ကင်းတော်မူသော မရေတွက်နိုင်သော မနှိုင်းရှည့်နိုင်သော မတုနှိုင်းနိုင်သော မပြိုင်ယှဉ်နိုင်သည့်ဂုဏ်ရှိတော်မူသော ဂုဏ်ကျေးဇူး၏ အထွတ်အမြတ်သို့ ရောက်တော်မူပြီးသော အဆုံးမရှိသော ဉာဏ်ရှိတော်မူသော အဆုံးမရှိသော တန်ခိုးရှိတော်မူသော အဆုံးမရှိသော လုံ့လရှိတော်မူသော အဆုံးမရှိသော အားအစွမ်းရှိတော်မူသော ဘုရားရှင်၏ အားတော်ပါရမီတော်သို့ ရောက်တော်မူပေသော ထိုမြတ်စွာဘုရားသည် စစ်သည်အပေါင်းနှင့်တကွသော မာရ်မင်းကို ရှုံးစေ၍ မိစ္ဆာဒိဋ္ဌိတည်းဟူသော ကွန်ရက်ကို ဖောက်ခွဲလျက် အဝိဇ္ဇာကို ကုန်စေပြီးလျှင် ပညာဉာဏ်ကိုဖြစ်စေ၍ တရားမီးရှူးတိုင်ကို ဆောင်တော်မူ၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူ၍ အောင်ပြီးသော စစ်ထိုးခြင်းရှိသည်ဖြစ်၍ တရားမြို့တော်ကြီးကို ဖန်ဆင်းတည်ထောင်တော်မူပေ၏။

မင်းမြတ် မြတ်စွာဘုရား၏ တရားမြို့တော်ကြီးသည် သီလဟူသော တန်တိုင်းရှိ၏၊ ဟိရီဟူသော ကျုံးမြောင်းရှိ၏၊ ဉာဏ်တော်ဟူသော တံခါးမုခ်ရှိ၏၊ ဝီရိယဟူသော ပြအိုးငုံ၏၊ သဒ္ဓါဟူသော တုရိုက်တိုင်ရှိ၏၊ သတိဟူသော တံခါးစောင့်ရှိ၏၊ ပညာဟူသော ပြာသာဒ်ရှိ၏၊ သုတ္တန်ဟူသော လမ်းသွယ်ရှိ၏၊ အဘိဓမ္မာဟူသော လမ်းဆုံရှိ၏၊ ဝိနည်းဟူသော ဒဏ်ဆုံးအဖြတ်မှတ်တိုင်ရှိ၏၊ သတိပဋ္ဌာန်လေးပါးဟူသော လမ်းမရှိ၏၊ မင်းမြတ် ထိုတရားမြို့တော်ကြီး၏ သတိပဋ္ဌာန်လမ်းမတော်၌ ပန်းဈေးရုံ နံ့သာဈေးရုံ အသီးဈေးရုံ အဆိပ်ဖြေဆေးဈေးရုံ ဆေးဈေးရုံ အမြိုက်ရေစင်ဈေးရုံ ရတနာအမျိုးမျိုးဈေးရုံ ကုန်စုံဈေးရုံဟူသော ဈေးရုံတို့ကို ပြန့်ခင်း ရောင်းချအပ်ကုန်၏။

အသျှင်ဘုရားနာဂသေန ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၏ ပန်းဈေးရုံတော်ဟူသည် အဘယ်ပါနည်းဟု (မေးလျှောက်၏)။ မင်းမြတ် သစ္စာလေးပါးကို သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကိုခံတော်မူထိုက်သော(သစ္စာလေးပါးတရားတို့ကို)မဖောက်မပြန် သိတော်

http://www.dhammadownload.com



မူသော ထိုမြတ်စွာဘုရား ဟောတော်မူအပ်ကုန်သော အာရုံကို ဝေဖန်ခြင်းတို့သည် ရှိကုန်၏၊ အာရုံကို ဝေဖန်ခြင်းတို့သည် အဘယ်နည်းဟူမူ—အနိစ္စသညာ ဒုက္ခသညာ အနတ္တသညာ အသုဘသညာ အာဒီနဝသညာ ပဟာနသညာ ဝိရာဂသညာ နိရောဓသညာ သဗ္ဗလောကေ အနဘိရတိသညာ သဗ္ဗသင်္ခါရေသု အနိစ္စသညာ အာနာပါနဿတိ ဥဒ္ဓုမာတကသညာ ဝိနီလက သညာ ဝိပုဗ္ဗကသညာ ဝိစ္ဆိဒ္ဒကသညာ ဝိက္ခာယိတကသညာ ဝိက္ခိတ္တကသညာ ဟတဝိက္ခိတ္တကသညာ လောဟိတကသညာ ပုဠုဝကသညာ အဋ္ဌိကသညာ မေတ္တာသညာ ကရုဏာသညာ မုဒိတာသညာ ဥပေက္ခာသညာ မရဏာနုဿတိ ကာယဂတာသတိတို့ပေတည်း။ မင်းမြတ် သစ္စာလေးပါးကို သိတော်မူသော မြတ်စွာဘုရားသည် ဤနှစ်ဆယ့်ခုနစ်ပါးသော အာရုံဝေဖန်ခြင်းတို့ကို ဟောကြား တော်မူအပ်ကုန်၏။ ထိုအာရုံ နှစ်ဆယ့်ခုနစ်ပါးကို ဝေဖန်ရာ၌ အိုခြင်း သေခြင်းမှ လွတ်လိုသူ တစုံတယောက်သည် ထိုအာရုံနှစ်ဆယ့်ခုနစ်ပါးတို့တွင် တပါးပါးသော အာရုံကို ယူ၏၊ ထို(အနိစ္စ သညာစသော)အာရုံဖြင့် ရာဂမှလွတ်၏ ဒေါသမှလွတ်၏ မောဟမှလွတ်၏၊မာနမှလွတ်၏၊ ဒိဋ္ဌိမှ လွတ်၏၊ သံသရာကို ကူးမြောက်နိုင်၏၊ တဏှာအယဉ်ကို တားမြစ်နိုင်၏၊ အညစ်အကြေးသုံးမျိုးကို သုတ်သင်နိုင်၏၊ အလုံးစုံသော ကိလေသာတို့ကို သတ်ဖြတ်၍ ကိလေသာ အညစ်အကြေးကင်း သော ရာဂတည်းဟူသော မြူမရှိသော စင်ကြယ်သော ဖြူဖွေးသော ပဋိသန္ဓေ နေခြင်းမရှိသော အိုခြင်းမရှိသော သေခြင်းမရှိသော ချမ်းသာသော အေးငြိမ်းသော ဘေးကင်းသော မြို့တော် မြတ်ဖြစ်သော နိဗ္ဗာန်မြို့တော်သို့ဝင်၍ အရဟတ္တဖိုလ်၌ စိတ်ကို (ကိလေသာမှ)လွတ်မြောက်စေ၏။ မင်းမြတ် ဤဈေးရုံတော်ကို "မြတ်စွာဘုရား၏ ပန်းဈေးရုံတော်" ဟူ၍ဆိုအပ်၏။

> ကံတည်းဟူသော အဘိုးငွေကိုယူ၍ ပန်းဈေးရုံတော်သို့ ကပ်ရောက်ကြကုန်သော ထိုဈေးရုံတော်မှ အနိစ္စသညာစသော အာရုံတည်းဟူသော ပန်းကိုဝယ်ယူ၍ အရဟတ္တဖိုလ် ဖြင့် မောဟစသည်တို့မှ လွတ်မြောက်ကြကုန်လော့။

အသျှင်ဘုရားနာဂသေန ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၏ နံ့သာဈေးရုံတော် ဟူသည် အဘယ်ပါနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ထိုမြတ်စွာဘုရားသည် ဟောကြား တော်မူအပ်ကုန်သော သီလကို ဝေဖန်မှုတို့သည် ရှိကုန်၏၊ အကြင်သီလတည်းဟူသော နံ့သာဖြင့် လိမ်းကျံအပ်ကုန်သော မြတ်စွာဘုရား၏ သားတော်တို့သည် နတ်နှင့်ဘက္ခသော လောကကို သီလတည်းဟူသော အနံ့ဖြင့် မွှေးကြိုင်စေကုန်၏၊ ကောင်းစွာမွှေးကြိုင်စေကုန်၏၊ တူရူအရပ်ကိုရင်း အထောင့်အရပ်ကိုရင်း လေအောက်ကိုရင်း လေညာကိုရင်း ပြန့်လှိုင်စေကုန်၏၊ အလွန်ပြန့်လှိုင် စေကုန်၏၊ ပြန့်နှံ့၍ တည်စေကုန်၏၊ ထိုသီလကို ဝေဖန်ခြင်းတို့သည် အဘယ်သည်တို့နည်းဟူမူ— သရဏဂုံသီလ ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလ ဥဒ္ဒေသငါးပါး၌ အကျုံးဝင်သော ပါတိမောက္ခ သံဝရသီလတို့ပေတည်း။မင်းမြတ် ဤအလုံးစုံသော သီလကို"မြတ်စွာဘုရား၏ နံ့သာဈေးရုံတော်" ဟူ၍ ဆိုအပ်၏၊ မင်းမြတ် နတ်ထက် နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤဂါထာကိုလည်း ဟောတော်မူအပ်၏—

> "ပန်းတို့၏ အနံ့သည် လေညာသို့ မသွားရောက်နိုင်၊ စန္ဒကူးပန်းပင်ဖြစ်စေ တောင်ဇလပ် ပန်းပင်ဖြစ်စေ ကြက်ရုံးပန်းပင်ဖြစ်စေ လေညာသို့ မသွားရောက်နိုင်၊ သူတော်ကောင်း တို့၏ အနံ့သည်ကား လေညာသို့ သွားရောက်နိုင်၏၊ သူတော်ကောင်းတို့၏ ရနံ့သည် အလုံးစုံသော အရပ်သို့ ပြန့်လှိုင်၏။

http://www.dhammadownload.com



စန္ဒကူးပန်းအမျိုးမျိုး တောင်ဇလပ်ပန်းအမျိုးမျိုး ကြာညိုပန်းအမျိုးမျိုး မြတ်လေးပန်း အမျိုးမျိုး ဤပန်းနံ့သာမျိုးတို့ထက် သီလတည်းဟူသော ပန်းနံ့သာသည် အတိုင်းထက် အလွန် မွန်မြတ်လှပေ၏။

အကြင် တောင်ဇလပ်ပန်း စန္ဒကူးပန်းအနံ့သည် ရှိ၏၊ ဤပန်း၏အနံ့သည် အနည်း ငယ်မျှသာတည်း၊ သီလရှိကုန်သောသူတို့၏ ထိုသီလတည်းဟူသော အနံ့သည် မြတ်သည် ဖြစ်၍ နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ပြန့်လှိုင်၏"ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏ဟု (ဟောတော်မူ၏)။

အသျှင်ဘုရားနာဂသေန ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၏ သစ်သီးဈေးရုံတော် ဟူသည် အဘယ်ပါနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မြတ်စွာဘုရား ဟောကြားတော် မူအပ်ကုန်သော ဖိုလ်တရားတည်းဟူသော အသီးတို့သည် ရှိကုန်၏၊ ဤဖိုလ်အသီးတို့သည် အဘယ်သည် တို့နည်းဟူမူ—သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ် သုညတဖလသမာပတ် အနိမိတ္တဖလသမာပတ် အပ္ပဏိဟိတဖလသမာပတ်တို့ပေတည်း။ ထိုဖိုလ်အသီး တို့တွင် တစုံတယောက်သောသူသည် အကြင်ဖိုလ် (အသီး)ကို အလိုရှိ၏၊ သောတာပတ္တိဖိုလ် (အသီး)ကို အကယ်၍ အလိုရှိအံ့၊ သကဒါဂါမိဖိုလ်(အသီး)ကို အကယ်၍ အလိုရှိအံ့၊ အနာဂါမိ ဖိုလ် (အသီး)ကို အကယ်၍ အလိုရှိအံ့၊ အရဟတ္တဖိုလ်(အသီး)ကို အကယ်၍ အလိုရှိအံ့၊ သုညတဖလ သမာပတ်ကို အကယ်၍ အလိုရှိအံ့၊ အနိမိတ္တဖလသမာပတ်ကို အကယ်၍ အလိုရှိအံ့၊ အပ္ပဏိဟိတဖလ သမာပတ်ကို အကယ်၍ အလိုရှိအံ့၊ ထိုသူသည် ကုသိုလ်ကံတည်းဟူသော အရင်းဥစ္စာကို ပေး၍ တောင့်တအပ်သော ဖိုလ်အသီးကို ဝယ်ယူနိုင်၏၊ မင်းမြတ် ဥပမာသော်ကား တစုံတယောက်သော ယောကျ်ားအား အမြဲသီးသော သရက်ပင်သည် ရှိရာ၏၊ ထိုယောကျ်ားသည် ဝယ်ယူလိုသောသူတို့ မရောက်လာကြကုန်သေးသမျှကာလပတ်လုံး ထိုသရက်ပင်မှ အသီးတို့ကို မဆွတ်ခူးသေး၊ ဝယ်ယူလို သောသူတို့ရောက်လာကုန်မူကား အဘိုးငွေကို ယူ၍ "အချင်းယောကျ်ား ဤသရက်ပင်သည် အမြဲ သီး၏၊ ထိုသရက်ပင်မှ အသီးစိမ်းနု(အကင်း)ကိုငင်း အစေ့မရှက်သော အသီးစိမ်းကိုငင်း အစေ့ရှက် သောအသီးကိုငင်း အသီးစိမ်းရင့်ကိုငင်း အသီးမှည့်ကိုငင်း အလိုရှိသမျှသော အသီးကို ယူ လော့"ဟု ပြောကြား၏၊ ထိုယောကျ်ားသည် ထိုမိမိပေးသော အဘိုးငွေဖြင့် အသီးစိမ်းနု (အကင်း)ကို အကယ်၍ အလိုရှိအံ့၊ အသီးစိမ်းနု(အကင်း)ကိုယူ၏၊ အစေ့မရှက်သော အသီး စိမ်းကို အကယ်၍ အလိုရှိအံ့၊ အစေ့မရှက်သော အသီးစိမ်းကို ယူ၏၊ အစေ့ရှက်သော အသီး စိမ်းကို အကယ်၍ အလိုရှိအံ့၊ အစေ့ရှက်သော အသီးစိမ်းကို ယူ၏၊ အသီးစိမ်းရင့်ကို အကယ်၍ အလိုရှိအံ့၊ အသီးစိမ်းရင့်ကို ယူ၏၊ အသီးမှည့်ကို အကယ်၍ အလိုရှိအံ့၊ အသီးမှည့်ကို ယူ၏။ မင်းမြတ် ဤအတူသာလျှင် အကြင်သူသည် အကြင်ဖိုလ်(အသီး)ကို အလိုရှိ၏၊ သောတာပတ္တိ ဖိုလ်(အသီး)ကို အကယ်၍ အလိုရှိသည်ဖြစ်အံ့ ။ပ။ အပ္ပဏိဟိတဖလသမာပတ်ကို အကယ်၍ အလိုရှိသည် ဖြစ်အံ့၊ ထိုသူသည် ကံတည်းဟူသော အဘိုးငွေကိုပေး၍ တောင့်တအပ်သော ဖိုလ်(အသီး)ကို ယူနိုင်၏၊ မင်းမြတ် ဤသည်ကို "မြတ်စွာဘုရား၏ သစ်သီးဈေးရုံတော်"ဟူ၍ ဆိုအပ်၏။

လူအပေါင်းတို့သည် ကုသိုလ်ကံတည်းဟူသော အဘိုးငွေကို ပေး၍ အမြိုက်မဂ်ဖိုလ် ဟူသော အသီးကို ဝယ်ယူကုန်၏၊ အမြိုက်မဂ်ဖိုလ်တည်းဟူသော အသီးကို ဝယ်ယူကုန် သူတို့သည် ထိုမဂ်ဖိုလ်အသီးဖြင့် ချမ်းသာကုန်၏။

http://www.dhammadownload.com



အသျှင်ဘုရားနာဂသေန ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၏ အဆိပ်ဖြေဆေး ဈေးရုံတော်ဟူသည် အဘယ်ပါနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မြတ်စွာဘုရား ဟောကြား တော်မူအပ်ကုန်သော အဆိပ်ဖြေဆေးတို့သည် ရှိကုန်၏၊ ယင်းအဆိပ်ဖြေဆေးတို့ဖြင့် ထိုမြတ်စွာ ဘုရားသည် နတ်နှင့်တကွသော လူ့အပေါင်းကို ကိလေသာအဆိပ်မှ လွတ်ကင်းစေတော်မူ၏၊ ထို အဆိပ်ဖြေဆေးတို့သည် အဘယ်သည်တို့နည်းဟူမူ—မင်းမြတ် မြတ်စွာဘုရားသည် အကြင် အရိယာ သစ္စာလေးပါးတို့ကို ဟောတော်မူအပ်ကုန်၏၊ ဤအရိယသစ္စာလေးပါးတို့သည် အဘယ်သည် တို့နည်း ဟူမူ—ဒုက္ခဟူသော အရိယသစ္စာ ဒုက္ခဖြစ်ပေါ်ကြောင်းဟူသော အရိယသစ္စာ ဒုက္ခ ချုပ်ရာဟူသော အရိယသစ္စာ ဒုက္ခချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဟူသော အရိယ သစ္စာတို့တည်း။ သိလိုစိတ်ရှိ၍ သစ္စာလေးပါးတရားကို နာကြားကြသူတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်ကုန်၏၊ အိုခြင်းမှ လွတ်ကုန်၏၊ သေခြင်းမှ လွတ်ကုန်၏၊ ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းတို့မှ လွတ်ကုန်၏။ မင်းမြတ် ဤသည်ကို "မြတ်စွာ ဘုရား၏ အဆိပ်ဖြေဆေးရောင်းသော ဈေးရုံတော်"ဟူ၍ ဆိုအပ်၏။

> လောက၌ အဆိပ်ဘို့ကို တားမြစ် ပယ်ဖျောက်တတ်ကုန်သော အကြင် အမှတ်မရှိ ကုန်သော ဆေးတို့သည် ရှိကုန်၏၊ တရားတည်းဟူသော အဆိပ်ဖြေဆေးနှင့်တူသော ဆေးသည် မရှိ၊ ရဟန်းတို့ (သင်တို့သည်) ဤဘုရားတည်းဟူသော အဆိပ်ဖြေဆေးကို သောက်ကြကုန်လော့။

အသျှင်ဘုရားနာဂသေန ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၏ (ရောဂါ) အနာကို ပျောက်စေတတ်သော ဆေးအမျိုးမျိုးဈေးရုံတော်ဟူသည် အဘယ်ပါနည်းဟု(မေးလျှောက်၏)။ မင်းမြတ် မြတ်စွာဘုရား ဟောကြားအပ်ကုန်သော ဆေးအမျိုးမျိုးတို့သည် ရှိကုန်၏၊ ယင်းဆေး အမျိုးမျိုးတို့ဖြင့် ထိုမြတ်စွာဘုရားသည် နတ်လူတို့ကို ကုစားတော်မူ၏၊ ဤဆေးတို့သည် အဘယ် သည်တို့နည်း ဟူမူ—သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး အရိယမဂ္ဂင်ရှစ်ပါးတို့တည်း။ ဤသတိပဋ္ဌာန်စသော တရားဆေးတော် အမျိုးမျိုးတို့ဖြင့် မြတ်စွာဘုရားသည် မိစ္ဆာဒိဋ္ဌိကို သက်လျှောကျစေ၏၊ မိစ္ဆာသင်္ကပ္ပကို သက်လျှော ကျစေ၏၊ မိစ္ဆာဝါစာကို သက်လျှောကျစေ၏၊ မိစ္ဆာကမ္မန္တကို သက်လျှောကျစေ၏၊ မိစ္ဆာအာဇီဝကို သက်လျှောကျစေ၏၊ မိစ္ဆာဝါယာမကို သက်လျှောကျစေ၏၊ မိစ္ဆာသတိကို သက်လျှောကျစေ၏၊ မိစ္ဆာသမာဓိကို သက်လျှောကျစေ၏၊ လောဘကို ပျို့အန်စေ၏၊ ဒေါသကို ပျို့အန်စေ၏၊ မောဟကို ပျို့အန်စေ၏၊ မာနကို ပျို့အန်စေ၏၊ ဒိဋ္ဌိကို ပျို့အန်စေ၏၊ ဝိစိကိစ္ဆာကို ပျို့အန်စေ၏၊ ဥဒ္ဓစ္စကို ပျို့အန် စေ၏၊ ထိနမိဒ္ဓကို ပျို့အန်စေ၏၊ အဟိရိကအနောတ္တပ္ပကို ပျို့အန်စေ၏၊ ကိလေသာအားလုံးကို ပျို့အန် စေ၏၊ မင်းမြတ် ဤသည်ကို "မြတ်စွာဘုရား၏ ဆေးအမျိုးမျိုးရောင်းသော ဈေးရုံတော်"ဟူ၍ ဆိုအပ်၏။

> လောက၌ အမျိုးမျိုး များစွာကုန်သော အကြင်ဆေးတို့သည် ရှိကုန်၏၊ ထိုဆေးတို့တွင် တရားနှင့်တူသော ဆေးသည် မရှိ၊ ရဟန်းတို့ သင်တို့သည် ဤတရားတည်းဟူသော ဆေးကို သောက်ကြကုန်လော့။
>
> တရားတည်းဟူသော ဆေးကို သောက်၍ မအို မသေရကုန်သည် ဖြစ်ကုန်လော့၊ မဂ်ကို ပွါး၍ နိဗ္ဗာန်ကို မျက်မှောက်မြင်ရ၍ ဥပဓိဟူသော ခန္ဓာငါးပါးကုန်ရာ နိဗ္ဗာန်၌ ငြိမ်းကြကုန်လော့။

http://www.dhammadownload.com



အသျှင်ဘုရားနာဂသေန ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၏ အမြိုက်ရေစင်ရောင်းသော ဈေးရုံတော်ဟူသည် အဘယ်ပါနည်းဟု (မေးလျှောက်၏)။မင်းမြတ် မြတ်စွာဘုရားဟောကြားတော်မူအပ်သောအမြိုက်ရေစင်သည် ရှိ၏၊ယင်းအမြိုက်ရေစင်ဖြင့် ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော လောကကို သွန်းလောင်းတော်မူ၏၊ ယင်းအမြိုက်ရေစင်ဖြင့် သွန်းလောင်းခံရကုန်သော နတ်လူတို့သည် ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းတို့မှ လွတ်ကုန်၏။ ထိုအမြိုက်ရေစင်သည် အဘယ်နည်း ဟူမူ—ကာယဂတာသတိပင်တည်း။ မင်းမြတ် နတ်ထက် နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် "ရဟန်းတို့ အကြင်သူတို့သည် ကာယဂတာသတိကို သုံးဆောင်ကုန်၏၊ ထိုသူတို့သည် အမြိုက်ရေကို သုံးဆောင်ရသည် မည်ကုန်၏"ဟု ဤစကားကို မြတ်စွာဘုရားဟောတော်မူခဲ့၏။ မင်းမြတ် ဤသည်ကို "မြတ်စွာဘုရား၏ အမြိုက်ရေစင်ရောင်းသော ဈေးရုံတော်"ဟူ၍ ဆိုအပ်၏။

> ရောဂနာစသော ရောဂါနှိပ်စက်သော သတ္တဝါအပေါင်းကို မြင်တော်မူ၍ အမြိုက်ရေစင် ဈေးရုံတော်ကို (ဘုရားရှင်)ဖြန့်ခင်းတော်မူ၏၊ ရဟန်းတို့ သင်တို့သည် ထိုအမြိုက်ရေကို ကုသိုလ်ကံဖြင့်ဝယ်ယူလျက် သုံးဆောင်ကြကုန်လော့။

အသျှင်ဘုရားနာဂသေန ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၏ ရတနာရောင်းသော ဈေးရုံတော်ဟူသည် အဘယ်ပါနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မြတ်စွာဘုရားဟောကြားတော်မူအပ်ကုန်သော ရတနာတို့သည် ရှိကုန်၏၊ ယင်းရတနာတို့ဖြင့် တန်ဆာဆင်ကုန်သော မြတ်စွာဘုရား၏ သားတော်တို့သည် နတ်နှင့်တကွသော လောကကို တင့်တယ်စေကုန်၏၊ တောက်ပ စေကုန်၏၊ အပြားအားဖြင့် တောက်ပစေကုန်၏၊ ထွန်းလင်းစေကုန်၏၊ ထွန်းပ စေကုန်၏၊ အထက်အောက် ဖီလာအရပ်၌ အလင်းရောင်ကို ပြကုန်၏။ ထိုရတနာတို့သည် အဘယ်သည်တို့နည်းဟူမူ—သီလရတနာ သမာဓိရတနာ ပညာရတနာ ဝိမုတ္တိရတနာ ဝိမုတ္တိဉာဏဒဿနရတနာ ပဋိသမ္ဘိဒါရတနာ ဗောဇ္ဈင်ရတနာတို့တည်း။

မင်းမြတ် မြတ်စွာဘုရား၏ သီလရတနာသည် အဘယ်နည်းဟူမူ—ပါတိမောက္ခသံဝရသီလ ဣန္ဒြိယသံဝရသီလ အာဇီဝပါရိသုဒ္ဓိသီလ ပစ္စယသန္နိဿိတသီလ စူဠသီလ မဇ္ဈိမသီလ မဟာသီလ မဂ်သီလ ဖိုလ်သီလတို့ပေတည်း။ မင်းမြတ် သီလတည်းဟူသော ရတနာဖြင့် တန်ဆာဆင်အပ်သော ပုဂ္ဂိုလ်အား နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောကသည် ချစ်မြတ်နိုး၏၊ တောင့်တ၏။ မင်းမြတ် သီလရတနာကို ပန်ဆင်သောရဟန်းသည် တူရူအရပ် အထောင့်အရပ် အထက်အရပ် အောက်အရပ် ဖီလာအရပ်၌ တင့်တယ်၏၊ အလွန်တင့်တယ်၏၊ အောက်အဝီစိမှ အထက်ဘဝဂ်၏ အတွင်း၌ အလုံးစုံသော ရတနာတို့ကို လွန်၍ ဖိစီး၍ လွှမ်းမိုး၍ တည်၏၊ မင်းမြတ် ဤသို့သဘောရှိကုန်သော သီလရတနာတို့ကို မြတ်စွာဘုရား၏ ရတနာဈေးရုံတော်၌ ဖြန့်ခင်းအပ်ကုန်၏။ မင်းမြတ် ဤသည်ကို"မြတ်စွာဘုရား၏ သီလရတနာဈေးရုံတော်"ဟူ၍ ဆိုအပ်၏။

> မြတ်စွာဘုရား၏ ရတနာဈေးရုံတော်၌ ဤသို့သဘောရှိကုန်သော သီလတည်းဟူသော ရတနာတို့သည် ရှိကုန်၏၊ (သင်တို့သည်) ကုသိုလ်တည်းဟူသော အဘိုးငွေဖြင့် ဝယ်ယူ၍ ထိုသီလတည်းဟူသော ရတနာကို ပန်ဆင်ကြကုန်လော့။

http://www.dhammadownload.com



မင်းမြတ် မြတ်စွာဘုရား၏ သမာဓိ တည်းဟူသော ရတနာသည် အဘယ်နည်းဟူမူ—ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ' နှင့်တကွဖြစ်သော တည်ကြည်ခြင်း 'သမာဓိ' ကြံစည်ခြင်း 'ဝိတက်' မရှိ သုံးသပ်ခြင်း 'ဝိစာရ' မျှသာ ရှိသော တည်ကြည်ခြင်း သမာဓိ' ကြံစည်ခြင်း 'ဝိတက်' လည်းမရှိ သုံးသပ်ခြင်း 'ဝိစာရ' လည်း မရှိသော တည်ကြည်ခြင်း 'သမာဓိ' အတ္တမှဆိတ်သော တည်ကြည်ခြင်း 'သုညတသမာဓိ' နိစ္စနိမိတ်စသည်မှ ကင်းသော တည်ကြည်ခြင်း 'အနိမိတ္တသမာဓိ' တဏှာဘောင့်တခြင်းကင်းသော တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' တို့ဘည်း။ မင်းမြတ် သမာဓိရတနာကို ပန်ဆင်သော ရဟန်းအား ကာမကို ကြံစည်ခြင်း 'ကာမဝိတက်' ပျက်စီးစေရန် ကြံစည်ခြင်း 'ဗျာပါဒဝိတက်' ညှဉ်းဆဲရန် ကြံစည်ခြင်း 'ဝိဟိံသာဝိတက်' ထောင်လွှားခြင်း 'မာန' ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' အယူမှားခြင်း 'ဒိဋ္ဌိ' မဆုံးဖြတ်နိုင်ခြင်း 'ဝိစိကိစ္ဆာ' ဟူသော ညစ်နွမ်းမှုကိလေသာဝတ္ထုတို့သည်၎င်း အထူးထူး အပြားပြား စက်ဆုပ်ဖွယ် အကြံအစည်တို့သည်၎င်း ရှိကုန်၏၊ ထိုအလုံးစုံတို့သည် သမာဓိသို့ ကပ်ရောက်သည်ရှိသော် ဖရိုဖရဲ ကြဲကုန်၏၊ လွင့်ထွက်ကုန်၏၊ ပျက်စီးကုန်၏၊ မတည်နိုင်ကုန်၊ မလိမ်းကျံနိုင်ကုန်။ မင်းမြတ် ဥပမာသော်ကား ရေသည် ကြာရွက်၌ ဖရိုဖရဲကြဲ၏၊ လွင့်ထွက်၏၊ ပျက်စီး၏၊ မတည်တံ့နိုင်၊ မလိမ်းကျံနိုင်၊ ထိုသို့ မလိမ်း ကျံနိုင်ခြင်းသည် အဘယ်အကြောင်းကြောင့် နည်းဟူမူ—ပဒုမာကြာ၏ စင်ကြယ်သည်၏ အဖြစ်ကြောင့်တည်း၊ မင်းမြတ် ဤအတူသာလျှင် သမာဓိရတနာကို ပန်ဆင်သော ရဟန်းအား အကြင်ကာမကို ကြံစည်မှု 'ကာမဝိတက်' ပျက်စီးစေရန် ကြံစည်မှု 'ဗျာပါဒဝိတက်' ညှဉ်းဆဲရန် ကြံစည်မှု 'ဝိဟိံသာဝိတက်' ထောင်လွှားခြင်း 'မာန' ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' အယူမှားခြင်း 'ဒိဋ္ဌိ' မဆုံးဖြတ်နိုင်ခြင်း 'ဝိစိကိစ္ဆာ' ဟူသော ကိလေသာဝတ္ထုတို့သည်၎င်း အထူးထူး အပြားပြား စက်ဆုပ်ဖွယ် အကြံအစည်တို့သည်၎င်း ရှိကုန်၏၊ ထိုအလုံးစုံတို့သည် သမာဓိသို့ ကပ်ရောက်သည်ရှိသော် ဖရိုဖရဲကြဲကုန်၏၊ လွင့်ထွက်ကုန်၏၊ ပျက်စီးကုန်၏၊ မတည်တံ့နိုင်ကုန်၊ မလိမ်းကျံနိုင်ကုန်၊ ထိုသို့ မလိမ်းကျံနိုင်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ—တည်ကြည်မှု 'သမာဓိ' ၏ စင်ကြယ်သည်၏ အဖြစ်ကြောင့်တည်း။ မင်းမြတ် ဤသည်ကို "မြတ်စွာဘုရား၏ သမာဓိရတနာ" ဟူ၍ ဆိုအပ်၏။ မင်းမြတ် ဤသို့သဘောရှိကုန်သော သမာဓိရတနာတို့ကို မြတ်စွာဘုရား၏ ရတနာ ဈေးရုံတော်၌ ဖြန့်ခင်းအပ်ကုန်၏။

> တည်ကြည်မှု 'သမာဓိ' ရတနာပန်းကို ပန်ဆင်သော ရဟန်းအား စက်ဆုပ်ဖွယ် အကြံအစည်တို့သည် မဖြစ်ကုန်၊ စိတ်သည်လည်း ပျံ့လွင့်ခြင်းမရှိ၊ သင်တို့သည် ထိုသမာဓိ ရတနာတည်းဟူသော ပန်းကို ပန်ဆင်ကြကုန်လော့။

မင်းမြတ် မြတ်စွာဘုရား၏ ပညာရတနာသည် အဘယ်နည်းဟူမူ—မင်းမြတ် အကြင်ပညာဖြင့် မြတ်စွာဘုရား၏ တပည့်သည် "ဤကား ကုသိုလ်တည်း" ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ "ဤကား အကုသိုလ်တည်း" ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ "ဤကား အပြစ်ရှိ၏၊ ဤကား အပြစ်မရှိ၊ ဤသည်ကို မှီဝဲအပ်၏၊ ဤသည်ကို မမှီဝဲအပ်၊ ဤသည်ကား ယုတ်၏၊ ဤသည်ကား မြတ်၏၊ ဤသည်ကား မည်းညစ်၏၊ ဤသည်ကား ဖြူစင်၏၊ ဤသည်ကား အမည်းအဖြူနှင့်တူသော သဘောရှိ၏" ဟု ဟုတ်မှန်သောအတိုင်း သိ၏ ဤကား ဒုက္ခတည်း" ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား ဒုက္ခ၏ဖြစ်ပေါ်ကြောင်းတည်း" ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား ဒုက္ခချုပ်ရာ တည်း" ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား ဒုက္ခချုပ်ရာ (နိဗ္ဗာန်) သို့ရောက်ကြောင်း အကျင့်

http://www.dhammadownload.com



တည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏။ မင်းမြတ် ဤတရားကို "မြတ်စွာဘုရား၏ ပညာရတနာ" ဟူ၍ ဆိုအပ်၏။

ပညာရတနာပန်းကို ပန်ဆင်သူအား ဘဝသည် ကြာမြင့်စွာ မဖြစ်နိုင်၊ဆိုသူသည် လျင်မြန်စွာ သေခြင်းကင်းသော နိဗ္ဗာန်ကို မြင်နိုင်၏၊ ဘဝသုံးပါး၌ မနှစ်သက်နိုင်။

မင်းမြတ် မြတ်စွာဘုရား၏ ကိလေသာမှ လွတ်မြောက်မှု 'ဝိမုတ္တိ' ရတနာသည် အဘယ်နည်း ဟူမူ–မင်းမြတ် "အရဟတ္တဖိုလ်ကို ကိလေသာမှ လွတ်မြောက်မှု 'ဝိမုတ္တိ' ရတနာဟု ဆိုအပ်၏၊ မင်းမြတ် အရဟတ္တဖိုလ်သို့ ရောက်သောရဟန်းကို 'ဝိမုတ္တိ'ရတနာကို ပန်ဆင်သောသူ" ဟူ၍ ဆိုအပ်၏။ မင်းမြတ် ဉပမာသော်ကား ပုလဲကုံး ပတ္တမြားကုံး သန္တာကုံး တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်အပ်သော အကျော် တောင်ဇလပ် မုလေး စန္ဒကူ နီတို့ဖြင့် လိမ်းကျံသော ကိုယ်ရှိသော ကုံကော်ပန်း ပုန်းညက်ပန်း အင်ကြင်းပန်း သရဖီပန်း စကားဝါ နေဇာပန်း ပင်လယ်ကသစ်ပန်း ကြာညိုပန်း မြတ်လေးပန်း ကြက်ချေးပန်းတို့ဖြင့် ဆန်းကြယ်စွာ တန်ဆာဆင်အပ်သော ယောကျ်ားသည် ကြွင်းသောလူအပေါင်းတို့ကို လွန်၍ ပန်းနံ့သော ရတနာဟန်းဆာတို့ဖြင့် တင့်တယ်၏၊ အလွန်တင့်တယ်၏၊ ထွန်းလင်း၏၊ ထွန်းပ၏၊ ကောင်းစွာ အပြားအားဖြင့် ထွန်းပ၏၊ ထိန်လင်း၏၊ အပြားအားဖြင့် ထိန်လင်း၏၊ လွှမ်းမိုး၏၊ ဖုံးအုပ်၏။ မင်းမြတ် ဤအတူသာလျှင် အရဟတ္တဖိုလ်သို့ ရောက်ပြီးသော အာသဝကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ကိလေသာမှ လွတ်မြောက်မှု 'ဝိမုတ္တိ' ရတနာကို တန်ဆာဆင်လျက် ထောက်ဆ၍ ထောက်ဆ၍ လွန်ဆဲဖြစ်ကုန်သော ရဟန်းတို့ကို လွန်၍ ကောင်းစွာလွန်၍ အရဟတ္တဖိုလ်ဖြင့် တင့်တယ်၏၊ အလွန်တင့်တယ်၏၊ ထွန်းပ၏၊ အပြားအားဖြင့် ထွန်းပ၏၊ ကောင်းစွာ အပြားအားဖြင့် ထွန်းပ၏၊ ထိန်လင်း၏ အပြားအားဖြင့် ထိန်လင်း၏၊ လွှမ်းမိုး၏၊ ဖုံးအုပ်၏၊ ထိုသို့ လွှမ်းမိုးနိုင်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ– မင်းမြတ် ယင်းအရဟတ္တဖိုလ်တည်းဟူသော တန်ဆာသည် ရှိ၏၊ ဤအရဟတ္တဖိုလ်တည်းဟူသော တန်ဆာသည် အလုံးစုံသော တန်ဆာတို့ထက် မြတ်၏။ မင်းမြတ် ဤသည်ကို "မြတ်စွာဘုရား၏ ဝိမုတ္တိရတနာ" ဟူ၍ ဆိုအပ်၏။

ပတ္တမြားပန်းကို ပန်ဆင်သော အိမ်ရှင်ကို လူအပေါင်းသည် မော်၍ကြည့်၏၊ ဝိမုတ္တိရတနာပန်းကို ပန်ဆင်သူကိုကား နတ်နှင့်တကွသော လူတို့သည် မော်၍ကြည့်ကုန်၏။

မင်းမြတ် မြတ်စွာဘုရား၏ ကိလေသာမှ လွတ်မြောက်မှုကို သိသောဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' ရတနာသည် အဘယ်နည်းဟူမူ– မင်းမြတ် ပစ္စဝေက္ခဏာဉာဏ်ကို မြတ်စွာဘုရား၏ ကိလေသာမှ လွတ်မြောက်မှုကို သိသော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' ရတနာဟူ၍ ဆိုအပ်၏၊ ယင်းပစ္စဝေက္ခဏာဉာဏ်ဖြင့် အရိယသာဝကသည် မဂ် ဖိုလ် နိဗ္ဗာန်တို့ကိုရင်း ပယ်အပ်ပြီးသော ကိလေသာ ကြွင်းကျန်သောကိလေသာတို့ကိုရင်း ဆင်ခြင်၏။

အကြင်ပစ္စဝေက္ခဏာဉာဏ်ဖြင့် အရိယာပုဂ္ဂိုလ်တို့သည် ပြုအပ်ပြီးသော ကိစ္စရှိသော ရဟန္တာ၏အဖြစ်ကို သိမြင်နိုင်ကုန်၏၊ ထိုဉာဏ်တော်ရတနာကို ရခြင်းငှါ ဘုရားရှင်၏ သားတော် ဖြစ်ကြကုန်သော သင်တို့သည် အားထုတ်ကြကုန်လော့။

မင်းမြတ် မြတ်စွာဘုရား၏ ပဋိသမ္ဘိဒါရတနာသည် အဘယ်နည်းဟူမူ– မင်းမြတ် ပဋိသမ္ဘိဒါတို့သည် အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါ ပဋိဘာနပဋိသမ္ဘိဒါဟူ၍ လေးပါးတို့တည်း။ မင်းမြတ် ဤလေးပါးသော ပဋိသမ္ဘိဒါရတနာတို့ဖြင့် ကောင်းစွာတန်ဆာဆင်ထားသော

http://www.dhammadownload.com



ရဟန်းသည် မင်းပရိသတ်သို့ဖြစ်စေ ပုဏ္ဏားပရိသတ်သို့ ဖြစ်စေ သူကြွယ်ပရိသတ်သို့ဖြစ်စေ ရဟန်းပရိသတ်သို့ဖြစ်စေ ချဉ်းကပ်လိုရာရာ ပရိသတ်သို့ ရဲရဲရင့်ရင့် ချဉ်းကပ်ရ၏၊ မျက်နှာမသာမယာ မရှိသည် မကြောက်သည် မတုန်လှုပ်သည် မထိတ်လန့်သည် ကြက်သီးမွေးညင်း ထခြင်းမှ ကင်းသည်ဖြစ်၍ ပရိသတ်သို့ ချဉ်းကပ်ရ၏။

မင်းမြတ် ဥပမာသော်ကား စစ်မြေပြင်အရပ်၌ ရဲရင့်သော သူရဲကောင်းသည် လက်နက်ငါးပါးကို ဆောင်ယူလျက် ကြောက်ရွံ့ခြင်း မရှိသည်ဖြစ်၍ စစ်မြေပြင်သို့ ချီတက်၏၊ ရန်သူတို့သည် အကယ်၍ အဝေး၌ ရှိကြကုန်မူ မြားဖြင့်ပစ်အံ့၊ ထိုမြားပစ်လောက်အောင် ဝေးသောအရပ်မှ ဤမှာဖက်၌ အကယ်၍ဖြစ်ခဲ့ကုန်မူ လှံဖြင့် ထိုးအံ့၊ လှံဖြင့် ထိုးလောက်အောင် ဝေးသောအရပ်မှ ဤမှာဖက်၌ အကယ်၍ ဖြစ်ခဲ့ကုန်မူ ခက်ယင်းဖြင့် ထိုးအံ့၊ ထင်ထင်ရှားရှား အနီးသို့ကပ်ရောက်သောသူကို သန်လျက်ဖြင့် နှစ်ပိုင်းဖြတ်အံ့၊ မိမိကိုယ်အနီးသို့ရောက်လာသူကို ဓားမြှောင်ဖြင့် ထိုးစိုက်အံ့ဟု စစ်မြေပြင်သို့ ချီတက်၏။ မင်းမြတ် ဤအတူသာလျှင် လေးပါးသော ပဋိသမ္ဘိဒါရတနာတို့ဖြင့် တန်ဆာဆင်ထားသော ရဟန်းသည် တုန်လှုပ်ခြင်းမရှိသည်ဖြစ်၍ ပရိသတ်သို့ ကပ်ရ၏၊ တစုံတယောက်သောသူသည် ငါ့အား အတ္ထပဋိသမ္ဘိဒါ၌ ပြဿနာကိုမေးအံ့၊ ထိုသူ့အား ငါသည် အကျိုးဖြင့် အကျိုးကို ဖြေဆိုအံ့၊ အကြောင်းဖြင့် အကြောင်းကို ဖြေဆိုအံ့၊ အထောက်အထားဖြင့် အထောက်အထားကို ဖြေဆိုအံ့၊ နည်းနယဖြင့် နည်းနယကို ဖြေဆိုအံ့၊ သံသယကင်းသည်ကို ပြုအံ့၊ ယုံမှားခြင်းကို ဖြေရှင်းအံ့၊ ပြဿနာကို ဖြေသဖြင့် နှစ်သက်စေအံ့။

တစုံတယောက်သောသူသည် ငါ့အား ဓမ္မပဋိသမ္ဘိဒါ၌ ပြဿနာကို မေးအံ့၊ ထိုသူ့အား အကြောင်းဖြင့် အကြောင်းကို ဖြေဆိုအံ့၊ အမြိုက်ဖြင့် အမြိုက်ကို ဖြေဆိုအံ့၊ အသင်္ခတဖြင့် အသင်္ခတကို ဖြေဆိုအံ့၊ နိဗ္ဗာန်ဖြင့် နိဗ္ဗာန်ကို ဖြေဆိုအံ့၊ သုညတဖြင့် သုညတကို ဖြေဆိုအံ့၊ အနိမိတ္တဖြင့် အနိမိတ္တကို ဖြေဆိုအံ့၊ အပ္ပဏိဟိတဖြင့် အပ္ပဏိဟိတကို ဖြေဆိုအံ့၊ တဏှာကင်းသော တရားဖြင့် တဏှာကင်းသော တရားကို ဖြေဆိုအံ့၊ သံသယမရှိသည်ကို ပြုအံ့၊ ယုံမှားခြင်းကို ဖြေရှင်းအံ့၊ ပြဿနာကို ဖြေသဖြင့် နှစ်သက်စေအံ့။

တစုံတယောက်သောသူသည် ငါ့အား နိရုတ္တိပဋိသမ္ဘိဒါ၌ ပြဿနာကို မေးအံ့၊ ထိုသူ့အား သဒ္ဒါဖြင့် သဒ္ဒါကို ဖြေဆိုအံ့၊ ပုဒ်ဖြင့် ပုဒ်ကို ဖြေဆိုအံ့၊ ပုဒ်သို့ အစဉ်လိုက်သော ဝိဘတ်ပစ္စည်းဖြင့် ပုဒ်သို့အစဉ်လိုက်သော ဝိဘတ်ပစ္စည်းကို ဖြေဆိုအံ့၊ အက္ခရာဖြင့် အက္ခရာကို ဖြေဆိုအံ့၊ အစပ်သန္ဓိဖြင့် အစပ်သန္ဓိကို ဖြေဆိုအံ့၊ ဗျည်းဖြင့် ဗျည်းကို ဖြေဆိုအံ့၊ ဗျည်းသို့ အစဉ်လိုက်သော ဝဂ်စသည်ဖြင့် ဗျည်းသို့ အစဉ်လိုက်သော ဝဂ်စသည်ကို ဖြေဆိုအံ့၊ ဝဏ္ဏဖြင့် ဝဏ္ဏကို ဖြေဆိုအံ့၊ သရဖြင့် သရကို ဖြေဆိုအံ့၊ ပညတ်ဖြင့် ပညတ်ကို ဖြေဆိုအံ့၊ ဝေါဟာရဖြင့် ဝေါဟာရကို ဖြေဆိုအံ့၊ သံသယကင်းခြင်းကို ပြုအံ့၊ ယုံမှားခြင်းကို ဖြေရှင်းအံ့၊ ပြဿနာကို ဖြေသဖြင့် နှစ်သက်စေအံ့။

တစုံတယောက်သောသူသည် ငါ့အား ပဋိဘာနပဋိသမ္ဘိဒါ၌ ပြဿနာကို မေးအံ့၊ ထိုသူ့အား ပဋိဘာန်ဖြင့် ပဋိဘာန်ကို ဖြေဆိုအံ့၊ ဥပမာဖြင့် ဥပမာကို ဖြေဆိုအံ့၊ အမှတ်လက္ခဏာဖြင့် အမှတ်လက္ခဏာကို ဖြေဆိုအံ့၊ ကိစ္စဖြင့် ကိစ္စကို ဖြေဆိုအံ့၊ သံသယကင်းခြင်းကို ပြုအံ့၊ ယုံမှားခြင်းကို ဖြေရှင်းအံ့၊ ပြဿနာကို ဖြေသဖြင့် နှစ်သက်စေအံ့။ မင်းမြတ် ဤသည်ကို "မြတ်စွာဘုရား၏ ပဋိသမ္ဘိဒါရတနာ"ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



အကြင်သူသည် ပဋိသမ္ဘိဒါတရားတို့ကို (ကုသိုလ်ကံတည်းဟူသော အဘိုးငွေဖြင့်) ဝယ်ယူ၍ ဉာဏ်ဖြင့် တွေ့ထိငြားအံ့၊ ထိုသူသည် မတုန်လှုပ် မထိတ်လန့်ပဲ နတ်နှင့်တကွသော လောက၌ အလွန်တင့်တယ်၏။

မင်းမြတ် မြတ်စွာဘုရား၏ ဗောဇ္ဈင်ရတနာသည် အဘယ်နည်းဟူမူ—မင်းမြတ် ဗောဇ္ဈင်တို့သည် သတိသမ္ဗောဇ္ဈင် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင် ပီတိသမ္ဗောဇ္ဈင် ပဿဒ္ဓိသမ္ဗောဇ္ဈင် သမာဓိသမ္ဗောဇ္ဈင် ဥပေက္ခာသမ္ဗောဇ္ဈင်ဟူ၍ ခုနစ်ပါးတို့တည်း၊ မင်းမြတ် ဤခုနစ်ပါးသော ဗောဇ္ဈင်ရတနာတို့ဖြင့် တန်ဆာဆင်ထားသော ရဟန်းသည် အလုံးစုံသော အမိုက်တိုက်ကို လွှမ်းမိုး၍ နတ်နှင့်တကွသော လောကကို တောက်ပစေ၏၊ အပြားအားဖြင့် တောက်ပစေ၏၊ အရောင်အလင်းကို ဖြစ်စေ၏။ မင်းမြတ် ဤသည်ကို "မြတ်စွာဘုရား၏ ဗောဇ္ဈင်ရတနာ" ဟူ၍ ဆိုအပ်၏။

ဗောဇ္ဈင်ရတနာပန်းကို ပန်ဆင်သူအား နတ်နှင့်တကွသော လူအပေါင်းတို့သည် ခစားကုန်၏၊ သင်တို့သည် ထိုဗောဇ္ဈင်ရတနာကို ကုသိုလ်ကံဖြင့် ဝယ်ယူ၍ ပန်ဆင်ကြကုန်လော့။

အသျှင်ဘုရားနာဂသေန ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၏ ကုန်မျိုးစုံရောင်းသော ဈေးရုံဟူသည် အဘယ်ပါနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မြတ်စွာဘုရား၏ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော စကားတော်သည်၎င်း ကိုယ်တော်စားဖြစ်ကုန်သော ဥဒ္ဒိဿစေတီ ဓာတုစေတီတို့သည်၎င်း သုံးဆောင်တော်မူရာဖြစ်သော သပိတ် သင်္ကန်းစသော ပရိဘောဂစေတီတို့သည်၎င်း သံဃာရတနာသည်၎င်း ကုန်မျိုးစုံရောင်းသော ဈေးရုံမည်၏၊ မင်းမြတ် ကုန်မျိုးစုံရောင်းသော ဈေးရုံ၌ မြတ်စွာဘုရားသည် ဇာတ်နှင့်ပြည့်စုံမှု 'ဇာတိသမ္ပတ္တိ' ဟူသော ကုန်ကို ဖြန့်ခင်းအပ်၏၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံမှု 'ဘောဂသမ္ပတ္တိ'ဟူသော ကုန်ကို ဖြန့်ခင်းအပ်၏၊ အသက်ရှည်ခြင်းနှင့် ပြည့်စုံမှု'အာယုသမ္ပတ္တိ'ဟူသော ကုန်ကို ဖြန့်ခင်းအပ်၏၊ အနာကင်းခြင်းနှင့် ပြည့်စုံမှု 'အာရောဂျသမ္ပတ္တိ'ဟူသောကုန်ကို ဖြန့်ခင်းအပ်၏၊ အဆင်းနှင့် ပြည့်စုံမှု 'ဝဏ္ဏသမ္ပတ္တိ'ဟူသော ကုန်ကို ဖြန့်ခင်းအပ်၏၊ ပညာနှင့် ပြည့်စုံမှု'ပညာသမ္ပတ္တိ'ဟူသော ကုန်ကို ဖြန့်ခင်းအပ်၏၊ လူ၌ဖြစ်သော ချမ်းသာနှင့် ပြည့်စုံမှု'မာနုသိကသမ္ပတ္တိ'ဟူသော ကုန်ကို ဖြန့်ခင်းအပ်၏၊ နတ်၌ဖြစ်သော ချမ်းသာနှင့်ပြည့်စုံမှု 'ဒိဗ္ဗသမ္ပတ္တိ'ဟူသော ကုန်ကို ဖြန့်ခင်းအပ်၏၊ နိဗ္ဗာန်ချမ်းသာနှင့် ပြည့်စုံမှု 'နိဗ္ဗာနသမ္ပတ္တိ'ဟူသော ကုန်ကို ဖြန့်ခင်းအပ်၏၊ ထိုဈေးရုံတော်၌ ထိုထိုသမ္ပတ္တိကို အလိုရှိကြသူတို့သည် ကံတည်းဟူသော အဘိုးငွေကို ပေး၍ တောင့်တတိုင်း တောင့်တအပ်သော သမ္ပတ္တိကို ဝယ်ယူကြကုန်၏၊ အချို့သူတို့သည် သီလဆောက်တည်ခြင်းဖြင့် ဝယ်ယူကြကုန်၏၊ အချို့သူတို့သည် ဥပုသ်ကံဖြင့် ဝယ်ယူကြကုန်၏၊ အနည်းငယ်သော ကုသိုလ်ကံတည်းဟူသော အဘိုးငွေဖြင့်လည်း ထောက်၍ ထောက်၍ ပြည့်စုံမှု 'သမ္ပတ္တိ'တို့ကို ရကုန်၏။

မင်းမြတ် ဥပမာသော်ကား အိမ်ဈေးသည်၏အိမ်ဈေး၌ နှမ်း ပဲနောက် ပဲကြီးတို့ကို အနည်းငယ်သော ဆန် ပဲနောက် ပဲကြီးဖြင့်၎င်း အနည်းငယ်သော အဘိုးငွေဖြင့် ထောက်၍ ထောက်၍ ဝယ်ယူကုန်၏၊ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရား၏ ကုန်မျိုးစုံရောင်းသော ဈေးရုံတော်၌ အနည်းငယ်သော ကုသိုလ်ကံတည်းဟူသော အဘိုးငွေဖြင့်လည်း ထောက်၍ ထောက်၍ ပြည့်စုံမှု 'သမ္ပတ္တိ'တို့ကို ရကုန်၏၊ မင်းမြတ် ဤသည်ကို "မြတ်စွာဘုရား၏ ကုန်မျိုးစုံရောင်းသော ဈေးရုံတော်" ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



မြတ်စွာဘုရား၏ ကုန်မျိုးစုံရောင်းသော ဈေးရုံတော်၌ အသက်ရှည်ကြောင်း ကုန်မျိုးသည်ရင်း အနာကင်းကြောင်း ကုန်မျိုးသည်ရင်း အဆင်းလှကြောင်း ကုန်မျိုးသည်ရင်း နတ်ပြည်ရောက်ကြောင်း ကုန်မျိုးသည်ရင်း အမျိုးမြတ်ကြောင်း ကုန်မျိုးသည်ရင်း ပြုပြင်စီရင်ခြင်းကင်းသော အမြိုက်နိဗ္ဗာန် ကုန်မျိုးသည်ရင်း ရှိပေ၏။

နည်းသည်လည်းဖြစ်သော များသည်လည်းဖြစ်သော ကံတည်းဟူသော အဘိုးငွေဖြင့် ဝယ်ယူနိုင်၏၊ ရဟန်းတို့ သင်တို့သည် သဒ္ဓါဟူသော အဘိုးငွေဖြင့် ဝယ်၍ ကြွယ်ဝချမ်းသာသည် ဖြစ်ကြကုန်လော့။

မင်းမြတ် မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ ဤသို့သဘောရှိကုန်သော သူတို့သည် နေကုန်၏၊ သုတ္တန်ဆောင်သူများ ဝိနည်းဆောင်သူများ အဘိဓမ္မာဆောင်သူများ တရားဟောသူများ ဇာတ်တော်ကို ဆောင်သူများ ဒီဃနိကာယ်ကို ဆောင်သူများ မဇ္ဈိမနိကာယ်ကို ဆောင်သူများ သံယုတ္တနိကာယ်ကို ဆောင်သူများ အင်္ဂုတ္တရနိကာယ်ကို ဆောင်သူများ ခုဒ္ဒကနိကာယ်ကို ဆောင်သူများ သီလနှင့်ပြည့်စုံသူများ သမာဓိနှင့်ပြည့်စုံသူများ ပညာနှင့်ပြည့်စုံသူများ ဗောဇ္ဈင်၌ မွေ့လျော်သူများ ဝိပဿနာရှုသူများ မိမိအကျိုးကို ကြိုးပမ်းသူများ အာရညကင်ဓုတင် ဆောက်တည်သူများ ရုက္ခမူဓုတင် ဆောက်တည်သူများ အဗ္ဘောကာသိကဓုတင် ဆောက်တည်သူများ ကောက်ရိုးပုံ၌ ကျင့်သူများ သုသာန်ဓုတင်ဆောက်တည်သူများ နိသဇ်ဓုတင် ဆောက်တည်သူများ မဂ်အကျင့်နှင့်ပြည့်စုံသူများ ဖိုလ်၌တည်ကုန်သူများ ကျင့်ဆဲသေက္ခပုဂ္ဂိုလ်များ ဖိုလ်နှင့်ပြည့်စုံသူများ သောတာပန်ပုဂ္ဂိုလ်များ သကဒါဂါမ်ပုဂ္ဂိုလ်များ အနာဂါမ်ပုဂ္ဂိုလ်များ ရဟန္တာပုဂ္ဂိုလ်များ ဝိဇ္ဇာသုံးပါးရှိသူများ အဘိညာဉ်ခြောက်ပါးရှိသူများ တန်ခိုးရှိသူများ ပညာ၏ကမ်းတဖက်သို့ ရောက်သူများ သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင် မြတ်သောဈာန် ဝိမောက္ခ ရူပ အရူပ သိမ်မွေ့ ချမ်းသာသော သမာပတ်တို့၌ လိမ္မာကုန်သူတို့သည် နေထိုင်ကုန်၏၊ တရားမြို့တော်သည် ကျူတော မြားဆိပ်တောကဲ့သို့ ရဟန္တာတို့ဖြင့် ရောထွေးနေ၏၊ အလွန် ရောထွေး၏၊ ပြွမ်း၏ အလွန်ပြွမ်း၏။ ဤအရာ၌ အကျဉ်းချုပ်ကား—

တရားမြို့တော်ကြီး၌ ရာဂကင်းသူ ဒေါသကင်းသူ မောဟကင်းသူ အာသဝကင်းသူ တဏှာကင်းသူ ပြင်းစွာ စွဲလမ်းမှု'ဥပါဒါန်'မရှိသူတို့ နေကြကုန်၏။

တရားမြို့တော်ကြီး၌ တောကျောင်းနေသူ ဓုတင်ဆောင်သူ ဈာန်ဝင်စားသူ ခေါင်းပါးသော သင်္ကန်းရှိသူ ဆိတ်ငြိမ်ရာ၌ မွေ့လျော်သူ ပညာရှိတို့နေကြကုန်၏။

တရားမြို့တော်ကြီး၌ နိသဇ်ဓုတင်ဆောင်သူ ရသမျှကျောင်းနေရာ၌သာ နေထိုင်သူ ရပ်ခြင်း စင်္ကြံသွားခြင်းဖြင့်သာ နေထိုင်သူ ပံသုကူဓုတင်ဆောင်အားလုံးတို့ နေကြကုန်၏။

တရားမြို့တော်ကြီး၌ စမ္မခဏ်သားရေလျှင် လေးခုမြောက်ဖြစ်ကုန်၍ သင်္ကန်းသုံးထည်ကို ဆောင်ကုန်သော သူတော်ကောင်းဖြစ်သူ တနေရာတည်း စားခြင်း နေခြင်း၌ မွေ့လျော်သူ ပညာရှိသူတို့ နေကြကုန်၏။

တရားမြို့တော်ကြီး၌ အလိုနည်းသူ ပညာရင့်သူ တည်ကြည်သူ နည်းပါးသော အစာရှိသူ အစာ၌ မလျှပ်ပေါ်သူ လာဘ်ရမှု လာဘ်မရမှုဖြင့်ရောင့်ရဲလွယ်သူတို့ နေကြကုန်၏။

http://www.dhammadownload.com



တရားမြို့တော်ကြီး၌ ဈာန်ဝင်စားလေ့ရှိသူ ဈာန်၌ မွေ့လျော်သူ ဈာန်၌ တည်ကြည်သူ ငြိမ်သက်သောစိတ်ရှိသူ တည်ကြည်မှု 'သမာဓိ' ရှိသူ အာကိဉ္စညာယတနဈာန်ကို တောင့်တကုန်သူတို့ နေကြကုန်၏။

တရားမြို့တော်ကြီး၌ မဂ်အကျင့်ရှိသူ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် သေက္ခပုဂ္ဂိုလ် ဖိုလ်နှင့်ပြည့်စုံသူ မြတ်သောအရဟတ္တဖိုလ်ကို တောင့်တသူတို့ နေကြကုန်၏။

တရားမြို့တော်ကြီး၌ အညစ်အကြေး ကင်းကုန်သော သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ကုန်သောသူတို့ နေကြကုန်၏။

တရားမြို့တော်ကြီး၌ သတိပဋ္ဌာန်၌ လိမ္မာသူ ဗောဇ္ဈင်ကိုပွါးခြင်း၌ မွေ့လျော်သူ ဝိပဿနာကိုရှုသူ တရားတော်ကို ဆောင်သူတို့ နေကြကုန်၏။

တရားမြို့တော်ကြီး၌ ဣဒ္ဓိပါဒ်တို့၌ လိမ္မာသူ သမာဓိဘာဝနာ၌ မွေ့လျော်သူ သမ္မပ္ပဓာန်လုံ့လကို အမြဲယှဉ်သူတို့ နေကြကုန်၏။

တရားမြို့တော်ကြီး၌ အဘိညာဉ် အထွတ်အထိပ်သို့ရောက်သူ ဘုရားဟူသော ခမည်းတော်၏ ဥစ္စာဖြစ်သော သတိပဋ္ဌာန်စသော အာရုံ၌ မွေ့လျော်သူ ကောင်းကင်၌ ဈာန်ဖြင့် သွားလာနိုင်သူတို့ နေကြကုန်၏။

တရားမြို့တော်ကြီး၌ ချအပ်သော မျက်လွှာရှိသူ အတိုင်းအရှည်နှင့် ယှဉ်သော စကားရှိသူ လုံခြုံသော တံခါးရှိသူ ကောင်းစွာ စောင့်စည်းသူ အမြတ်ဆုံးဖြစ်သော ဣန္ဒြေကို ဆုံးမခြင်း၌ ကောင်းစွာဆုံးမ ယဉ်ကျေးပြီးသူများတို့ နေကြကုန်၏။

တရားမြို့တော်ကြီး၌ ထိုသို့သဘောရှိကုန်သော ဝိဇ္ဇာသုံးပါးရှိသူ အဘိညာဉ်ခြောက်ပါးရှိသူ တန်ခိုးဣဒ္ဓိပါဒ်၌ လွန်မြတ်သည့် အဖြစ်သို့ ရောက်သူ ပညာလွန်မြတ်သည့် အဖြစ်သို့ ရောက်သူတို့ နေကြကုန်၏ဟု ဖြစ်၏။

မင်းမြတ် အကြင်ရဟန်းတို့သည်ကား မနှိုင်းရှည့်နိုင်သော မြတ်သောဉာဏ်ကို ဆောင်ကုန်၏၊ ငြိတွယ် ပိတ်ပင်ခြင်း မရှိကုန်၊ မနှိုင်းရှည့်နိုင်သော ဂုဏ်ရှိကုန်၏၊ အတုမရှိသော အခြံအရံရှိကုန်၏၊ အတုမရှိသော ဉာဏ်အားအစွမ်း ရှိကုန်၏၊ အတုမရှိသော တန်ခိုးရှိကုန်၏၊ တရားစက်ကို အတုပြု၍ လည်စေနိုင်ကုန်၏၊ ပညာလွန်မြတ်သည့် အဖြစ်သို့ ရောက်ကုန်၏၊ မင်းမြတ် ဤသို့သဘောရှိကုန်သော ရဟန်းတို့ကို "မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ တရားစစ်သူကြီးတို့" ဟူ၍ ဆိုအပ်ကုန်၏။

မင်းမြတ် အကြင်ရဟန်းတို့သည် တန်ခိုးနှင့် ပြည့်စုံကုန်၏၊ ရအပ်သော ပဋိသမ္ဘိဒါဉာဏ် ရှိကုန်၏၊ ရအပ် ရောက်အပ်သော ဝေသာရဇ္ဇဉာဏ်ရှိကုန်၏၊ ကောင်းကင်၌ ပျံသွားနိုင်ကုန်၏၊ သူတပါးတို့ မနှိပ်စက်နိုင်ကုန်၊ သူတပါးတို့ မညှဉ်းဆဲနိုင်ကုန်၊ ဆဲ့ကိုင်ရာမရှိပဲ သွားလာနိုင်ကုန်၏၊ သမုဒြာတောင်ထုနှင့် တကွသော မြေကြီးကို တုန်လှုပ်စေနိုင်ကုန်၏၊ လနေတို့ကို သုံးသပ်နိုင်ကုန်၏၊ အထူးဖန်ဆင်းခြင်း တန်ခိုးဆောက်တည်ခြင်း တန်ခိုးကို ရွေးချယ်ဆောင်ခြင်း၌ လိမ္မာကုန်၏၊ တန်ခိုးအရာ၌ အထွတ်အထိပ်သို့ ရောက်ကုန်၏၊ မင်းမြတ် ဤသို့သဘောရှိကုန်သော ရဟန်းတို့ကို "မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ ပုရောဟိတ်တို့" ဟူ၍ ဆိုအပ်ကုန်၏။

http://www.dhammadownload.com



မင်းမြတ် အကြင်ရဟန်းတို့သည် ဓုတင်အကျင့်သို့ အစဉ်လိုက်ကုန်၏၊ အလိုနည်းကုန်၏၊ ရောင့်ရဲလွယ်ကုန်၏၊မအပ်သော သိစေမှု မအပ်သော ရှာမှီးမှုတို့ကို စက်ဆုပ်ကုန်၏၊ ဆွမ်းအလို့ငှါ အိမ်စဉ်လှည့်လည်သော အကျင့်ရှိကုန်၏၊ ပျားပိတုန်းတို့သည် ရနံ့ကို စုပ်နမ်း၍ တောသို့ ဝင်ကုန် သကဲ့သို့ ထိုအဘူ ဆိတ်ငြိမ်သော တောအရပ်သို့ ဝင်ကုန်၏၊ ကိုယ်၌ငှင်း အသက်၌ငှင်း ငဲ့ကွက် ခြင်း မရှိကုန်ပဲ အရဟတ္တဖိုလ်သို့ အစဉ်ရောက်ကုန်၏၊ဓုတင်ဂုဏ်ကျေးဇူးကို အမြတ်ဟု ထားကုန်၏၊ မင်းမြတ် ဤသို့သဘောရှိကုန်သော ရဟန်းတို့ကို "မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ တရား ဆုံးဖြတ်သော တရားသူကြီးတို့"ဟူ၍ ဆိုအပ်ကုန်၏။

မင်းမြတ် အကြင်ရဟန်းတို့သည် ထက်ဝန်းကျင် သန့်ရှင်းစင်ကြယ်ကုန်၏၊ အညစ်အကြေး ကင်းကုန်၏၊ ကိလေသာ မရှိကုန်၊ စုတိပဋိသန္ဓေ၌ လိမ္မာကုန်၏၊ ဒိဗ္ဗစက္ခုအဘိညာဏ်၌ အထွတ် အထိပ်သို့ ရောက်ကုန်၏၊ မင်းမြတ် ဤသို့သဘောရှိကုန်သော ရဟန်းတို့ကို "မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ မြို့အသရေကို ထွန်းလင်းစေတတ်သော အတွင်းဝန်တို့"ဟူ၍ ဆိုအပ်ကုန်၏။

မင်းမြတ် အကြင်ရဟန်းတို့သည် များသော အကြားအမြင်ရှိကုန်၏၊ နှုတ်တက်အာဂုံဆောင်ကုန် ၏၊ သုတ်အဘိဓမ္မာကို ဆောင်ကုန်၏၊ ဝိနည်းကို ဆောင်ကုန်၏၊မာတိကာကို ဆောင်ကုန်၏၊ လျော့ ပြင်း ရှည် တို လေး ပေါ့၍ ရွတ်ဖတ်အပ်သော အက္ခရာအပိုင်းအခြားတို့၌ လိမ္မာကုန်၏၊ အင်္ဂါကိုးပါးရှိသော သာသနာတော်ကို ဆောင်ကုန်၏၊ မင်းမြတ် ဤသို့ သဘောရှိကုန်သော ရဟန်းတို့ကို "မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ တရားမြို့တော်စောင့် အမတ်ကြီးတို့" ဟူ၍ ဆိုအပ်ကုန်၏။

မင်းမြတ် အကြင်ရဟန်းတို့သည်ကား ဝိနည်းကို တတ်သိကုန်၏၊ ဝိနည်း၌ လိမ္မာကုန်၏၊ အရာဟုတ်သည် မဟုတ်သည်၌ လိမ္မာကုန်၏၊ အာပတ်သင့်ခြင်း အာပတ်မသင့်ခြင်း ဂရုကအာပတ် လဟုကအာပတ် ကုစားကောင်း မကုစားကောင်းသောအာပတ် ဝုဋ္ဌာနက် ဒေသနာက်အာပတ် ပုဂ္ဂိုလ်ကို နှိပ်သော နိဂ္ဂဟက် ကုစားသော ပဋိကမ္မက် သံဃာ့ဘောင်သို့ သွင်းသော ဩသာရဏက် သံဃာ့ဘောင်မှ ထုတ်သော နိဿရဏက် အောက်မေ့စေခြင်း ပဋိသာရဏက်တို့၌ လိမ္မာကုန်၏၊ ဝိနည်း၌ အထွတ်အထိပ်သို့ ရောက်ကုန်၏။ မင်းမြတ် ဤသို့သဘောရှိကုန်သော ရဟန်းတို့ကို "မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ မြို့၏ အဆင်း 'ရူပါရုံ'ကို စောင့်ရှောက်တတ်သောအမတ် ကြီးတို့"ဟူ၍ ဆိုအပ်ကုန်၏။

မင်းမြတ် အကြင်ရဟန်းတို့သည် ကိလေသာမှ လွတ်မြောက်ခြင်း 'ဝိမုတ္တိ' ဟူသော မြတ်သော ပန်းကုံးကို ဖွဲ့တတ်ကုန်၏၊ မြတ်သည်ထက် အလွန်မြတ်၍ ကြေ ဘန်လုစွာ မြတ်သည့်အဖြစ်သို့ အစဉ်ရောက်ကုန်၏၊ များစွာသောသူတို့ ချစ်ခင်အပ် တောင့်တအပ်ကုန်၏၊ မင်းမြတ် ဤသို့ သဘောရှိကုန်သော ရဟန်းတို့ကို"မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ ပန်းဈေးဆိုင်ရှင်တို့"ဟူ၍ ဆိုအပ်ကုန်၏။

မင်းမြတ် အကြင်ရဟန်းတို့သည် သစ္စာလေးပါးကို သိမြင်ခြင်း၌ ထွင်းဖောက်နိုင်ကုန်၏၊ မြင်ပြီးသော သစ္စာလေးပါးရှိကုန်၏၊ သိပြီးသော ပဋိဝေဓသာသနာ ရှိကုန်၏၊ လေးပါးသော မဂ်ဖိုလ်တို့၌ လွန်မြောက်ပြီးသော ဝိစိကိစ္ဆာရှိကုန်၏၊ ရအပ်ပြီးသော ဖိုလ်ချမ်းသာရှိကုန်၏၊ မဂ်အကျင့်ကို ကျင့်ကုန်သော သူတပါးတို့အားလည်း ထိုဖိုလ်ဘို့ကို ဝေဖန်ခွဲခြမ်းကုန်၏၊ မင်းမြတ် ဤသို့သဘောရှိကုန်သော ရဟန်းတို့ကို "မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ သစ်သီးဈေးဆိုင် ရှင်တို့"ဟူ၍ ဆိုအပ်ကုန်၏။

http://www.dhammadownload.com



မင်းမြတ် အကြင်ရဟန်းတို့သည် စောင့်ထိန်းမှု'သီလ' တည်းဟူသော နံ့သာတို့ဖြင့် လိမ်းကျံကုန်သည်ဖြစ်၍ များပြားသော ဂုဏ်ကျေးဇူးကို ဆောင်ကုန်၏၊ ကိလေသာ အညစ်အကြေး တည်းဟူသော မကောင်းသော အနံ့ကို မှုတ်လွှင့် ဖျက်ဆီးဘတ်ကုန်၏၊ မင်းမြတ် ဤသို့သဘော ရှိကုန်သော ရဟန်းတို့ကို "မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ နံ့သာဈေးဆိုင်ရှင်တို့" ဟူ၍ ဆိုအပ်ကုန်၏။

မင်းမြတ် အကြင်ရဟန်းတို့သည် တရားကို လိုလားကုန်သည်ဖြစ်၍ ချစ်ခင်ဖွယ်သော စကားဖြင့် ခေါ်ဝေါ်ပြောဆိုကုန်၏၊ ထူးမြတ်သော သုတ် အဘိဓမ္မာ၌ရင်း ထူးမြတ်သော ဝိနည်း၌ရင်း အလွန်ဝမ်းမြောက်ခြင်း ရှိကုန်၏၊ တောသို့ ကပ်ရောက်ကုန်သော်ရင်း သစ်ပင်ရင်းသို့ ကပ်ရောက်ကုန်သော်ရင်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်ကုန်သော်ရင်း တရားမြတ်အရသာကို သောက်ကုန်၏၊ ကိုယ်နှုတ်စိတ်ဖြင့် တရားမြတ်အရသာသို့ သက်ဝင်ကုန်သည်ဖြစ်၍ လွန်ကဲသော ဉာဏ်ပဋိဘာန်ရှိကုန်၏၊ တရားတော်တို့၌ တရားတော်ကို ရှာမှီးလျက်သာ သွားလာကျင့်ကြံကုန်၏၊ ဤအရပ်မှရင်း ထိုအရပ်မှရင်း အကြင်အကြင်အရပ်၌ အလိုနည်းသည်ကို ချီးကျူးပြောဆိုကုန်၏၊ ရောင့်ရဲလွယ်သည်ကို ချီးကျူးပြောဆိုကုန်၏၊ ဆိတ်ငြိမ်ရာနှင့် စပ်သည်ကို ချီးကျူးပြောဆိုကုန်၏၊ လူတို့နှင့် မရောနှောသည်ကို ချီးကျူးပြောဆိုကုန်၏၊ လုံ့လထုတ်ခြင်းနှင့် စပ်သည်ကို ချီးကျူးပြောဆိုကုန်၏၊ သီလနှင့်စပ်သော စကားကို ချီးကျူးပြောဆိုကုန်၏၊ သမာဓိနှင့် စပ်သော စကားကို ချီးကျူးပြောဆိုကုန်၏၊ ပညာနှင့်စပ်သောစကားကို ချီးကျူးပြောဆိုကုန်၏၊ ကိလေသာမှ လွတ်မြောက်မှု'ဝိမုတ္တိ'နှင့် စပ်သောစကားကို ချီးကျူးပြောဆိုကုန်၏ ကိလေသာမှ လွတ်မြောက်မှု'ဝိမုတ္တိဉာဏ်' အမြင်နှင့် စပ်သောစကားကို ချီးကျူးပြောဆိုကုန်၏၊ထိုထိုအရပ်သို့ သွား၍ ထိုထိုအပွင့်စကထာစသည်တို့၏ အရသာကို သောက်ကုန်၏၊ မင်းမြတ် ဤသို့သဘောရှိကုန်သော ရဟန် တို့ကို "မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ (တရားအရသာကို) သောက်စားကြူးယစ်သူတို့"ဟူ၍ ဆိုအပ်ကုန်၏။

မင်းမြတ် အကြင်ရဟန်းတို့သည် ညဉ့်၏ရှေး ညဉ့်ဦးယံ မိုးသောက်ယံ၌ နိုးကြားမှုလုံ့လနှင့် ယှဉ်ကုန်သည်ဖြစ်၍ ထိုင်ခြင်း ရပ်ခြင်း သွားခြင်းတို့ဖြင့် ညဉ့်နေ့တို့ကို လွန်စေကုန်၏၊ ပွါးများမှု 'ဘာဝနာ'၌ အားထုတ်ခြင်းနှင့် ယှဉ်ကုန်သည်ဖြစ်၍ ကိလေသာကို တားမြစ်ခြင်းငှါ မိမိအကျိုး ဟူသော အရဟတ္တဖိုလ်ကိုသာ လေ့လာအားထုတ်ကုန်၏၊ မင်းမြတ် ဤသို့သဘောရှိကုန်သော ရဟန်းတို့ကို "မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ တရားမြို့တော်စောင့်တို့"ဟူ၍ ဆိုအပ်ကုန်၏။

မင်းမြတ် အကြင်ရဟန်းတို့သည် အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရားစကားတော်ကို အနက် အားဖြင့်ရင်း သဒ္ဒါအားဖြင့်ရင်း နည်းနယအားဖြင့်ရင်း အကြောင်းအားဖြင့်ရင်း အထောက်အပံ့ အားဖြင့်ရင်း ဥဒါဟရဏ်(ပုံစံထုတ်ပြခြင်း)အားဖြင့်ရင်း ပို့ချကုန်၏၊ အထောက်ပြု၍ ပို့ချကုန်၏၊ ပြောဟောကုန်၏၊ အထောက်ပြု၍ ပြောဟောကုန်၏၊ မင်းမြတ် ဤသို့သဘောရှိကုန်သော ရဟန်းတို့ကို "မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ တရားဈေးဆိုင်ရှင်တို့"ဟူ၍ ဆိုအပ်ကုန်၏။

မင်းမြတ် အကြင်ရဟန်းတို့သည် တရားရတနာဟူသော ဥစ္စာဖြင့် အာဂုံပရိယတ်အကြား အမြင်ဟူသော ဥစ္စာဖြင့် စည်းစိမ်ရှိကုန်၏၊ ဥစ္စာရှိကုန်၏၊ အကျယ်ညွှန်းပြအပ်သော သဒ္ဒ ဗျည်း တို့၏ သဘောလက္ခဏာကို ထိုးထွင်း၍ သိနိုင်ကုန်၏၊ ပညာရှိကုန်၏၊ ဉာဏ်ပညာပြန့်နှံ့ ကုန်၏၊ မင်းမြတ် ဤသို့သဘောရှိကုန်သော ရဟန်းတို့ကို "မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ တရား သူဌေးတို့"ဟူ၍ ဆိုအပ်ကုန်၏။

http://www.dhammadownload.com



မင်းမြတ် အကြင်ရဟန်းတို့သည် မြတ်သောဒေသနာကို ထိုးထွင်း၍ သိနိုင်ကုန်၏၊ အဖန်တလဲလဲ လေ့ကျင့်သောအာရုံကို ဝေဖန်၍ အကျယ်ညွှန်ကြားနိုင်ကုန်၏၊ သိက္ခာဂုဏ်ကျေးဇူးတို့၏ အထွတ်အထိပ်သို့ ရောက်ကုန်၏၊ မင်းမြတ် ဤသို့ သဘောရှိကုန်သော ရဟန်းတို့ကို "မြတ်စွာဘုရား၏ တရားမြို့တော်ကြီး၌ ထင်ရှားသော တရားကျင့်သူတို့" ဟူ၍ ဆိုအပ်ကုန်၏။

မင်းမြတ် ဤသို့သျှင် မြတ်စွာဘုရား၏ တရားမြို့တော်ကြီးကို ကောင်းစွာဝေဖန်အပ်၏၊ ဤသို့ ကောင်းစွာ ဖန်ဆင်းအပ်၏၊ဤသို့ ကောင်းစွာ စီရင်အပ်၏၊ ဤသို့ ကောင်းစွာ ထက်ဝန်းကျင်မှ ပြည့်စုံစေအပ်၏၊ ဤသို့ ကောင်းစွာ ပိုင်းခြားမှတ်သားအပ်၏၊ ဤသို့ ကောင်းစွာ စောင့်ရှောက်အပ်၏၊ ဤသို့ ကောင်းစွာ လုံခြုံစေအပ်၏၊ ဤသို့ ဆန့်ကျင်ဖက်ကို လိုလားကုန်သော ရန်သူတို့ နှိပ်စက်နိုင်ခဲ၏၊မင်းမြတ် ဤသို့သောအကြောင်း ဤသို့သောအထောက်အထား ဤသို့သောနည်း ဤသို့သော မှန်းဆခြင်းဖြင့် ထိုမြတ်စွာဘုရားသည် ထင်ရှားရှိ၏ဟု သိအပ်၏။

"ကောင်းစွာ ဝေဖန်ပိုင်းခြားအပ်သော နှလုံးမွေ့လျော်ဖွယ်ရှိသော မြို့တော်ကို မြင်ရသည်ရှိသော် တည်ဆောက်သော လက်သမား၏ လက်မှုအတတ် မြင့်မြတ်ကြီးကျယ်သည်၏အဖြစ်ကို မှန်းဆသဖြင့် သိနိုင်ပေသကဲ့သို့ ထို့အတူသာလျှင် လူတို့၏ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရား၏ တရားတည်းဟူသော မြို့တော်မြတ်ကို မြင်ရသည်ရှိသော် ထိုမြတ်စွာဘုရားသည် ထင်ရှားရှိ၏ဟူ၍ မှန်းဆသဖြင့် သိရကုန်၏။

သမုဒ္ဒရာ၌ လှိုင်းတံပိုးကို မြင်သည်ရှိသော် အကြင်အခြင်းအရာကြောင့် ဤလှိုင်းတံပိုးကို ရှုမြင်အပ်၏၊ ထိုအခြင်းအရာကြောင့် ထိုသမုဒ္ဒရာသည် ကြီးကျယ်သည်ဖြစ်လတ္တံ့ဟု မှန်းဆသဖြင့် သိနိုင်ကုန်သကဲ့သို့ ထို့အတူ စိုးရိမ်မှု'သောက'ကို ပယ်နုတ်တော်မူတတ်သော အလုံးစုံသောအရာ၌ ရန်သူတို့ မအောင်နိုင်သော တဏှာ၏ ကုန်ခြင်းသို့ ရောက်တော်မူသော ဘဝသံသရာမှ လွတ်တော်မူပြီးသော မြတ်စွာဘုရားကို မှန်းဆသဖြင့် သိရ၏။

နတ်နှင့်တကွသော လောကသမုဒ္ဒရာ၌ တရားလှိုင်းတံပိုးကို မြင်၍ အကြင်အခြင်းအရာကြောင့် တရားလှိုင်း၏ ပြန့်ကျယ်ခြင်းသည် ဖြစ်၏၊ ထိုအခြင်းအရာကြောင့် ထင်ရှားမြင့်မြတ်သော ဘုရားဖြစ်လတ္တံ့ဟု မှန်းဆသဖြင့် သိအပ်၏။

မြင့်တက်သော တောင်ထွတ်ကို မြင်၍ အကြင်အခြင်းအရာကြောင့် ဤတောင်သည် မြင့်တက်၏၊ ထိုအခြင်းအရာကြောင့် ထိုတောင်သည် ဟိမဝန္တာတောင် ဖြစ်လတ္တံ့ဟု မှန်းဆသဖြင့် သိကုန်သကဲ့သို့ ထို့အတူ ရာဂစသည်မှ ငြိမ်းအေးသည်ဖြစ်၍ ဖြစ်သော ဘဝ၌ စွဲကပ်မှုဥပဓိမရှိသော မြင့်တက်သော တုန်လှုပ်ခြင်းမရှိသော ကောင်းစွာတည်သော မြတ်စွာဘုရား၏ တရားဟူသော တောင်ကြီးကို မြင်ရ၏။

ထို့အတူပင်လျှင် တရားတောင်ကြီးကို မြင်ရ၍ ကြီးသော လုံ့လရှိတော်မူသော ထိုပုဂ္ဂိုလ်သည် မြတ်သော ဘုရားဖြစ်လတ္တံ့ဟု မှန်းဆသဖြင့် သိအပ်၏။

လူတို့သည် ဆင်မင်း၏ခြေရာကို မြင်ကုန်၍ ဤဆင်သည် ကြီးသောဆင်တည်းဟု မှန်းဆသဖြင့် သိကုန်သကဲ့သို့ ထို့အတူသာလျှင် သဗ္ဗညုတဉာဏ်ပညာရှိပေသော ဘုရားတည်းဟူသော ဆင်မင်း၏ တရားခြေရာကိုမြင်၍ ထိုဘုရားသည် မြင့်မြတ်သည် ဖြစ်လတ္တံ့ဟု မှန်းဆသဖြင့် သိကုန်၏။

ကြောက်လန့်ကုန်သော သားငယ်တို့ကို မြင်၍ သားတို့သနင်း ခြင်္သေ့မင်း၏ အသံကြောင့် ဤသားငယ်တို့သည် ကြောက်လန့်ကုန်၏ဟု မှန်းဆသဖြင့် သိကုန်သကဲ့သို့

http://www.dhammadownload.com



ထိုအတူသာလျှင် ကြောက်သောစိတ်ရှိကုန်သော တုန်လှုပ် တွန့်ရှုံ့ကုန်သော တိတ္ထိတို့ကို မြင်၍ တရားမင်းဘုရားသည် ကြုံးဝါးဟောကြားတော်မူသော တရားတော်ကို မှန်းဆသဖြင့် သိအပ်၏။

မြေငွေ့အပူမှ ငြိမ်းအေးလျက် စိမ်းစိုသော မြက်သစ်ချက်ရှိသော များသောရေလည်းရှိသော မြေကိုမြင်၍ သည်းစွာရွာသွန်းသော မိုးကြီးကြောင့် အေးမြ၏ဟု မှန်းဆသဖြင့် သိကုန်သကဲ့သို့ ထိုအတူသာလျှင် လွန်စွာနှစ်သက်ဝမ်းမြောက်သော ဤလူအပေါင်းကို မြင်၍ တရားမိုးကြီးကြောင့် နှစ်သက်ဝမ်းမြောက်၏ဟု မှန်းဆသဖြင့် သိအပ်၏။

ငြိတွယ်စေးကပ်သော ပြင်းထန်များပြားသော ရွှံ့ညွန်ရှိသော ညွန်ဖြင့် စိုစွတ်သော မြေအပြင်ကို မြင်၍ များပြားသော ရေလုံးရေစုသည် စီးသွား၏ဟု မှန်းဆသဖြင့် သိရကုန်သကဲ့သို့ ထိုအတူသာလျှင် တရားတည်းဟူသော မြစ်ရေ၌ မျောအပ်သော တရားသမုဒ္ဒရာကြီး၌ စွန့်ပယ်အပ်သော ကိလေသာမှုညွန်ကို ဆေးကြောစွန့်ချအပ်သော ဤလူအပေါင်းကို မြင်၍ တရားအမြိုက်ရည်သို့ ချောက်သော နတ်နှင့်တကွသော ဤမြေနှင့်တူသော လူအပေါင်းကိုမြင်၍ များစွာသော ဓမ္မက္ခန္ဓာတည်းဟူသော တရားအစုသည် စီးသွား၏ဟု မှန်းဆသဖြင့် သိအပ်၏။

မြတ်သော အနံ့ကို နမ်းရှူရ၍ အကြင်အခြင်းအရာကြောင့် ဤပန်း၏ အနံ့သည် ပျံ့လှိုင်၏၊ ထိုအခြင်းအရာကြောင့် ပန်းပင်တို့သည် ပွင့်သည်ဖြစ်ကုန်လတ္တံ့ဟု မှန်းဆသဖြင့် သိကုန်သကဲ့သို့ ထိုအတူသာလျှင် အကြင်အခြင်းအရာကြောင့် ဤသီလတည်းဟူသော ပန်း၏အနံ့သည် နတ်နှင့်တကွသော လောက၌ ပြန့်လှိုင်၏၊ ထိုအခြင်းအရာကြောင့် အတုမရှိသော ဘုရားရှိ၏ဟု မှန်းဆသဖြင့် သိအပ်၏။

မင်းမြတ် ဤသို့ သဘောရှိသည်သာဖြစ်သော အကြောင်းအရာဖြင့်လည်း အကြောင်းအထောင်ဖြင့်လည်း အထောက်အထားအရာဖြင့်လည်း အထောက်အထားအထောင်ဖြင့်လည်း နည်းအရာဖြင့်လည်း နည်းအထောင်ဖြင့်လည်း ဥပမာအရာဖြင့်လည်း ဥပမာအထောင်ဖြင့်လည်း မြတ်စွာဘုရား၏ အားအစွမ်းကို ထုတ်ဆောင်ပြဆိုခြင်းငှါ တတ်နိုင်၏၊ မင်းမြတ် လိမ္မာသော ပန်းကုံးသမားသည် အမျိုးမျိုးသော ပန်းအစုအပုံမှ ဆရာ့အဆုံးအမဖြင့်လည်း မျက်မှောက်ဖြစ်သော ယောကျ်ားလုံ့လဖြင့်လည်း ဆန်းကြယ်လှစွာသော ပန်းကုံးအစုကို သီကုံးပြုလုပ်ရာသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ထိုမြတ်စွာဘုရားသည် ဆန်းကြယ်သော ပန်းစုပန်းပုံကဲ့သို့ အဆုံးအပိုင်းအခြားမရှိသော ဂုဏ်ကျေးဇူးရှိတော်မူ၏၊ မနှိုင်းရှည့်နိုင်သော ဂုဏ်ကျေးဇူးရှိတော်မူ၏၊ ငါသည် ယခုအခါ မြတ်စွာဘုရား သာသနာတော်၌ ပန်းကို သီကုံးသောသူသည် ပန်းအမျိုးမျိုးကို သီကုံးသကဲ့သို့ ရှေး၌ဖြစ်ကုန်သော ဆရာတို့၏ နည်းညွှန်လမ်းဖြင့်လည်း ငါ၏ပညာစွမ်းဖြင့်လည်း မရေတွက်နိုင်ကုန်သည်သာဖြစ်သော အကြောင်းကို ချိန်ဆသဖြင့် မြတ်စွာဘုရား၏ အားအစွမ်းကို ပြပေအံ့၊ ဤသို့ ပြရာ၌ သင်မင်းမြတ်သည်ကား နားကြားခြင်းငှါ အလိုဆန္ဒကို ဖြစ်စေလော့ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန တပါးသောသူတို့အား ဤသို့ သဘောရှိသော အကြောင်းဖြင့်လည်း မှန်းဆခြင်းဖြင့်လည်း မြတ်စွာဘုရား၏ အားအစွမ်းကို ထုတ်ဆောင်ပြဆိုခြင်းငှါ ခဲခက်လှပါ၏၊ အသျှင်ဘုရားနာဂသေန အသျှင်ဘုရားတို့၏ အလွန်ဆန်းကြယ်သော ပြဿနာကို ဖြေသဖြင့် ငြိမ်းချမ်းခြင်း ဖြစ်ရပါ၏ဟု (လျှောက်၏)။

ရှေးဦးစွာသော အနုမာနပဉှာ ပြီး၏။

http://www.dhammadownload.com



## ၂-ဓုတင်္ဂပဥှာ

### (ဓုတင်အကျင့် ပြဿနာ)

"မိလိန္ဒမင်းသည် ကိလေသာကို ခါတွက်နိုင်ကြောင်း ဓုတင်အကျင့်၌ (ကျင့်ကြံသောအားဖြင့်) သက်ဝင်ကုန်လျက် အာရညကင်ဓုတင် ဆောက်တည်သော ရဟန်းတို့ကို မြင်ရ၏၊ တဖန်အနာဂါမိဖိုလ်၌ တည်ကုန်သော လူပုဂ္ဂိုလ်တို့ကို မြင်ရပြန်၏။

ထိုလူရဟန်းနှစ်ဦးသော သူတို့ကိုပင် ဆင်ခြင်ကြည့်ရှု၍ လူဖြစ်လျက် မဂ်ဖိုလ်တရားတို့ကို အကယ်၍ သိနိုင်ငြားအံ့၊ ဓုတင်ကျင့်ဝတ်သည် အကျိုးမရှိ အချည်းနှီးဖြစ်ရာ၏ဟု ကြီးစွာသော ယုံမှားခြင်း ဖြစ်လတ်၏။

ယခု ပိဋကတ်သုံးပုံ၌ ပရဝါဒီပုဂ္ဂိုလ်တို့၏ ဝါဒမှားကို ပယ်ဖျက်နိုင်သော သိမ်မွေ့သော ပညာရှိသော ဟောကြားတတ်သူတို့ထက် မြတ်သော အသျှင်နာဂသေနကို မေးလျှောက်ပါအံ့၊ ထိုအသျှင်နာဂသေနသည် ငါ၏ယုံမှားခြင်းကို ပယ်ဖျောက်ပေးလတ္တံ့."ဟု ကြံစည်သတတ်။

ထိုသို့ကြံပြီးသော် မိလိန္ဒမင်းသည် အသျှင်နာဂသေနရှိရာသို့ ချဉ်းကပ်ပြီးလျှင် အသျှင်နာဂသေနအား ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေပြီးသော် ဤစကားကို လျှောက်၏—"အသျှင်ဘုရား နာဂသေန အကြင်သူသည် လောဘစသည်မှ ငြိမ်းအေးသော အမြတ်ဆုံးသော အကျိုးဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်၏၊ အိမ်၌ နေထိုင်ကာ ကာမဂုဏ်ကို ခံစား၍ သားမယားတို့ဖြင့် ကျဉ်းမြောင်းစွာ နေထိုင်ခြင်းဖြင့် နေထိုင်လျက် ကာသိတိုင်းဖြစ် အဝတ် စန္ဒကူးနှစ် နံ့သာကို ဝတ်ရုံလိမ်းကျံ၍ ပန်းအမွှေး နံ့သာပျောင်းကို ပန်ဆင်လိမ်းကျံပြီးလျှင် ရွှေငွေကို သုံးစွဲသာယာ၍ ပတ္တမြား ပုလဲ ရွှေတို့ဖြင့် ခြယ်လှယ်သော ဥသျှောင်ကို ဖွဲ့ဆုံးလျက် လောဘစသည်မှ ငြိမ်းအေးရာ ပရမတ္ထနိဗ္ဗာန်ကို မျက်မှောက်ပြုသူ လူပုဂ္ဂိုလ်တစုံတယောက် ရှိပါသလောဟု (မေးလျှောက်၏)။

မင်းမြတ် တရာမျှလည်းမက နှစ်ရာ သုံးရာ လေးရာ ငါးရာ တထောင် တသိန်း တသန်း ကုဋေတရာ ကုဋေတထောင် ကုဋေတသိန်းလည်းမက (များလှပေ၏)၊ မင်းမြတ် တကျိပ် နှစ်ကျိပ် တရာ တထောင်သောလူတို့၏ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းသည် တည်ရှိပါစေ၊ (ဆယ် ရာ ထောင် သင်္ချေမှ ကြွင်းသော သောင်း သိန်းစသော သင်္ချေတို့တွင်) အဘယ်သင်္ချာပရိယာယ်ဖြင့် သင်မင်းမြတ်အား အဖြေပေးရမည်နည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားသည်ပင်လျှင် ဖြေလိုသောသင်္ချာကို ဖြေဆိုတော်မူပါလော့ဟု (လျှောက်၏)။ မင်းမြတ် ထိုသို့ဖြစ်မူ သင်မင်းမြတ်အား အရာဖြင့်ငှင်း အထောင်ဖြင့်ငှင်း အသိန်းဖြင့်ငှင်း ကုဋေဖြင့်ငှင်း ကုဋေအရာဖြင့်ငှင်း ကုဋေအထောင်ဖြင့်ငှင်း ကုဋေအသိန်းဖြင့်ငှင်း ဖြေဆိုပေအံ့၊ အင်္ဂါ ကိုးပါးရှိသော မြတ်စွာဘုရား သာသနာတော်၌ ခေါင်းပါးသော အကျင့် ပဋိပတ္တိ ဓုတင်အကျင့်ကို ဆောင်ခြင်း၌ မှီကုန်သော အမှတ်မရှိ အလုံးစုံသော စကားတော်တို့သည် ဤဆိုလတ္တံ့သော စကား၌ ပေါင်းရုံး သက်ဝင်ကုန်လတ္တံ့၊ မင်းမြတ် ဥပမာသော်ကား နိမ့်ရှိုင်းမြင့်မောက်ရာ ညီညွတ် မညီညွတ်ရာ ကုန်းကြည်းချိုင့်ဝှမ်းရာအရပ်ဒေသ၌ ရွာသော မိုးရေအားလုံးသည် ထိုကြည်းကုန်း အရပ်မှ လျှောကျ သက်ဆင်း၍ များစွာသော ရေ၏တည်ရာဖြစ်သော မဟာသမုဒ္ဒရာသို့

http://www.dhammadownload.com



ပေါင်းရုံးသက်ဝင်၏၊ မင်းမြတ် ဤအတူသာလျှင် ငြိမ်းပြည့်စုံခြင်းကို လိုလားသည်ရှိသော် အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား စကားတော်၌ ခေါင်းပါးသော အကျင့်ပဋိပတ္တိ ဓုတင်အကျင့်ကို ဆောင်ခြင်း၌ မှီကုန်သော စကားအားလုံးတို့သည် ဤဆိုလတ္တံ့သော စကား၌ ပေါင်းရုံးသက်ဝင်ကုန်လတ္တံ့။

မင်းမြတ် ဤအရာ၌ ငါ၏ ထက်မြက်သော ပညာစွမ်းရည်ဖြင့်လည်း အကြောင်းကို ထင်စွာပြခြင်းသည် ပေါင်းရုံးသက်ဝင်လတ္တံ့၊ ထို့ကြောင့် ဤပြဿနာကို ကောင်းစွာ ဝေဖန်အပ်သည် အလွန်ဆန်းကြယ်၍ အစိပ္ပါယ်ပြည့်စုံသည် သန့်ရှင်းစင်ကြယ်သည် ကောင်းစွာ ထုတ်ဆောင်သည် ဖြစ်လတ္တံ့၊ မင်းမြတ် ဥပမာသော်ကား ကောင်းစွာ သင်ကြားအပ်ပြီးသည်ဖြစ်၍ လိမ္မာ တတ်ကျွမ်းသော စာရေးဆရာသည် ရေးသားရန် အကြောင်းအရာကို အမှတ်ရစေသည်ရှိသော် မိမိ၏ အကြောင်းကို ပြကာမျှဖြင့် ပြည့်စုံစေ၏၊ ဤသို့လျှင် ထိုအရေးအသားသည် ပြီးမြောက်ပြည့်စုံသည် မယုတ်လျော့သည် ဖြစ်လတ္တံ့။ မင်းမြတ် ဤအတူသာလျှင် ဤအရာ၌ ငါ၏ထက်မျက်သော ပညာစွမ်းရည်ကြောင့်လည်း အကြောင်းကို ထင်စွာပြခြင်းသည် ပေါင်းရုံးသက်ဝင်လတ္တံ့၊ ထို့ကြောင့် ဤပြဿနာကို ကောင်းစွာ ဝေဖန်အပ်သည်၊ အလွန်ဆန်းကြယ်၍ အစိပ္ပါယ်ပြည့်စုံသည် သန့်ရှင်းစင်ကြယ်သည် ကောင်းစွာဆောင်ပြအပ်သည် ဖြစ်လတ္တံ့။

မင်းမြတ် သာဝတ္ထိပြည်၌ ဘုရား၏ အရိယသာဝကဖြစ်ကုန်သော ငါးကုဋေမျှလောက်သော ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့သည် ရှိကြကုန်၏၊ သုံးသိန်းငါးသောင်း ခုနစ်ထောင်တို့သည် အနာဂါမိဖိုလ်၌ တည်ကုန်၏၊ ထိုအလုံးစုံသော သူတို့သည်လည်း လူပုဂ္ဂိုလ်တို့ချည်းသာတည်း၊ ရဟန်းမဟုတ်ကုန်။ ထို့ပြင် ထိုသာဝတ္ထိပြည်၌ပင် ကဏ္ဍမ္ဗမျှာဥ်ပင်၏ အရက်ဖြူပင်ရင်း၌ အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူသော အခါဝယ် ကုဋေနှစ်ဆယ်သော သတ္တဝါတို့သည် သစ္စာလေးပါးကို သိကြကုန်၏၊ ထို့ပြင် စူဠရာဟုလောဝါဒသုတ်ကို ဟောတော်မူသော အခါ၌ရင်း မဟာမင်္ဂလသုတ္တန်ကို ဟောတော်မူသော အခါ၌ရင်း သမစိတ္တဒေသနာကို ဟောတော်မူသော အခါ၌ရင်း ပရာဘဝသုတ်ကို ဟောတော်မူသောအခါ၌ရင်း ပုရာဘေဒသုတ်ကို ဟောတော်မူသော အခါ၌ရင်း ကလဟဝိဝါဒသုတ်ကို ဟောတော်မူသောအခါ၌ရင်း စူဠဗျူဟသုတ်ကို ဟောတော်မူသော အခါ၌ရင်း မဟာဗျူဟသုတ်ကို ဟောတော်မူသော အခါ၌ရင်း တုဝဋ္ဋကသုတ်ကို ဟောတော်မူသော အခါ၌ရင်း သာရိပုတ္တသုတ်ကို ဟောတော်မူသော အခါ၌ရင်း အရေအတွက် ဂဏန်းကို လွန်ကုန်သော နတ်တို့သည် သစ္စာလေးပါးကို ထိုးထွင်း၍ သိကြကုန်၏။

ရာဇဂြိုဟ်မြို့တော်၌ သုံးသိန်း ငါးသောင်း ကုန်သော ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့သည် မြတ်စွာဘုရား၏ အရိယသာဝကဖြစ်ကုန်၏။ ထိုရာဇဂြိုဟ်မြို့တော်၌ပင်လျှင် ဓနပါလဆင်ကို ဆုံးမသောအခါ၌ ကုဋေကိုးဆယ်သော သတ္တဝါတို့သည်ရင်း ပါရာယနပုဏ္ဏား အစည်းအဝေးဖြစ်သော ပါသာဏကစေတီ၌ တဆယ့်လေးကုဋေ သော သတ္တဝါတို့သည်ရင်း သစ္စာလေးပါးကို ထိုးထွင်း၍ သိကုန်၏၊ ထို့ပြင် ဣန္ဒသာလလိုဏ်၌ ကုဋေရှစ်ဆယ်သော နတ်တို့သည်ရင်း ဗာရာဏသီမြို့တော် ဣသိပတနမိဂဒါဝုန်တောဝယ် ရှေးဦးစွာ တရားဟောတော်မူသောအခါ၌ တဆယ့်ရှစ်ကုဋေသော ဗြဟ္မာတို့သည်ရင်း မရေမတွက်နိုင်သော နတ်တို့သည်ရင်း ထို့ပြင် တာဝတိံသာ နတ်ပြည် ပဏ္ဍုကမ္ဗလာကျောက်ဖျာ၌ (ဝါတွင်းသုံးလပတ်လုံး) အဘိဓမ္မာဒေသနာကို ဟောတော်မူ

http://www.dhammadownload.com



သောအခါ ကုဋေရှစ်ဆယ်သောနတ်တို့သည်၎င်း နတ်ပြည်မှ ဆင်းသက်တော်မူသောအခါ သင်္ကဿနဂိုရ်မြို့တော်၏မြို့တံခါးဝယ် လောကဝိဝရဏ တန်ခိုးပြာဋိဟာကို ပြတော်မူသောအခါ၌ ကြည်ညိုကုန်သော နတ် လူ ကုဋေသုံးဆယ်တို့သည်၎င်း သစ္စာလေးပါးကို ထိုးထွင်း၍ သိကြကုန်၏။

ထို့ပြင် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံ၌ ဗုဒ္ဓဝင်ဒေသနာကို ဟောတော်မူသောအခါ၌၎င်း မဟာသမယသုတ်ကို ဟောတော်မူသောအခါ၌၎င်း အရေအတွက်ဂဏန်းကို လွန်ကုန်သော နတ်တို့သည် သစ္စာလေးပါးကို ထိုးထွင်း၍ သိကြကုန်၏၊ ထို့ပြင် သုမနပန်းသည်၏ အစည်းအဝေး၌၎င်း ဂရဟဒိန္နသူကြွယ်၏ အစည်းအဝေး၌၎င်း အာနန္ဒသူဌေး၏ အစည်းအဝေး၌၎င်း ဇမ္ဗုကတက္ကတွန်း၏အစည်းအဝေး၌၎င်း ဖားနတ်သား၏အစည်းအဝေး၌၎င်း မဋ္ဌကုဏ္ဍလိနတ်သား၏ အစည်းအဝေး၌၎င်း သုလသာမည်သော ပြည့်တန်ဆာမ၏ အစည်းအဝေး၌၎င်း သိရိမာမည်သော ပြည့်တန်ဆာမ၏ အစည်းအဝေး၌၎င်း ပေသကာရီမည်သော ယက်ကန်းသည်သမီး၏ အစည်းအဝေး၌၎င်း စူဠသုဘဒ္ဒါ၏ အစည်းအဝေး၌၎င်း သာကေတပုဏ္ဏား၏ သင်းချိုင်းကို ကြည့်ရှုရန် လာသော အစည်းအဝေး၌၎င်း သုနာပရန္တ အစည်းအဝေး၌၎င်း သက္ကပဉှအစည်းအဝေး၌၎င်း တိရောကုဍ္ဍအစည်းအဝေး၌၎င်း ရတနသုတ်အစည်းအဝေး၌၎င်း အသီးအသီး ရှစ်သောင်းလေးထောင်သော သတ္တဝါတို့သည် သစ္စာလေးပါးတရားကို ထိုးထွင်း၍သိကြကုန်၏၊ မင်းမြတ် အကြင်မျှလောက် မြတ်စွာဘုရားသည် လောက၌ တည်ရှိတော်မူ၏၊ ထိုမျှလောက် ဒေသစာရီကြွချီရာ မဟာမဏ္ဍလစသော သုံးပါးတို့၌ ပြည်ကြီးတဆယ့်ခြောက်ပြည်တို့တွင် အကြင်အကြင်ပြည်၌မြတ်စွာဘုရားသည် နေတော်မူ၏၊ ထိုထိုအရပ်၌ များသောအားဖြင့် နှစ်ယောက် သုံးယောက် လေးယောက် ငါးယောက် တရာ တထောင် တသိန်းသော နတ်တို့သည်၎င်း လူတို့သည်၎င်း ငြိမ်းအေးသော ပရမတ္ထနိဗ္ဗာန်ကို မျက်မှောက်ပြုကုန်၏၊ မင်းမြတ် အကြင်နတ်တို့သည် ရှိကုန်၏၊ ထိုနတ်တို့သည် လူပုဂ္ဂိုလ်တို့သာတည်း၊ ရဟန်းမဟုတ်ကြကုန်၊ မင်းမြတ် ဤသို့ပြဆိုခဲ့ပြီးသော နတ်တို့သည်၎င်း ဤမှတပါးကုန်သော များစွာသော နတ်ကုဋေတသိန်းတို့သည်၎င်း အိမ်၌နေကြ၍ ကာမဂုဏ်တို့ကို ခံစားကြသူ လူပုဂ္ဂိုလ်ဖြစ်ကြကုန်လျက်ငြိမ်းအေးသော ပရမတ္ထ နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရားနာဂသေန အိမ်၌နေကြ၍ ကာမဂုဏ်ကိုခံစားကြသူ လူပုဂ္ဂိုလ်ဖြစ်ကြသော လူတို့သည် ငြိမ်းအေးသော ပရမတ္ထနိဗ္ဗာန်ကို အကယ်၍ မျက်မှောက်ပြုကုန်သည် ဖြစ်ပါအံ့၊ ထိုသို့ ဖြစ်ပါမူ ဤဓုတင်တို့သည် အဘယ်အကျိုးကို ပြီးစေနိုင်ပါကုန်သနည်း၊ ထို့ကြောင့် ဓုတင်တို့သည် ပြုဖွယ်ကိစ္စကို မပြုနိုင်ကြပါကုန်၊ အသျှင်ဘုရားနာဂသေန မန္တရား ဆေးဝါးတို့နှင့်ကင်း၍ အနာရောဂါတို့သည် အကယ်၍ငြိမ်းကုန်အံ့၊ ဤသို့ငြိမ်းကုန်မူ ပျို့အန်စေခြင်း ဝမ်းလျှောစေခြင်း စသည် ကိုယ်အားနည်းအောင် ပြုလုပ်ခြင်းဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ လက်သီးတို့ဖြင့် ရန်သူကို နှိမ်နင်းနိုင်ခဲ့ပါမူ သန်လျက် လှံ မြှား လင်းလေး တူးလေး တုတ် ဆောက်ပုတ်တို့ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ သစ်ဖု သစ်ကောက် သစ်ခေါင်း ဆူး နွယ် သစ်ခက်တို့ကို ကိုင်ဆွဲ၍ သစ်ပင်သို့တက်နိုင်ခဲ့ပါမူ ရှည်လျားခိုင်မြဲသော လှေကားကို ရှာမှီးခြင်းဖြင့် အဘယ်အကျိုး ရှိပါအံ့နည်း၊ အိပ်ရန်ပြုလုပ်ထားသော မြေအမြင့်၌ အိပ်သဖြင့် ဓာတ်သဘာဝ ညီညွတ်မျှတခြင်းဖြစ်နိုင်ခဲ့ပါမူ ကောင်းသော အတွေ့ရှိသော ကြီးမြတ်သော အသရေရှိသော အိပ်ရာကို ရှာမှီးသဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ တယောက်တည်း ရွံရှာဖွယ်ရှိသော ဘေးမရှိသော မညီညွတ်သော ခရီးခဲသို့ ကူးမြောက်ရန် စွမ်းနိုင်သည် ဖြစ်နိုင်ခဲ့ပါမူ ချပ်မိန်ညှိုတ်ဆင်ခြင်း

http://www.dhammadownload.com



များပြားသော လှည်းကုန်သည်တို့ကို ရှာမှီးခြင်းဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ မြစ် ထုံးအိုင်ကို လက်ပစ်ကူးခြင်းငှါ စွမ်းနိုင်သည်ဖြစ်ခဲ့ပါမူ အမြဲခင်းထားသော တံတားလှေကို ရှာမှီးသဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ မိမိဥစ္စာဖြင့် စားသောက် ဝတ်ဆင်ရန် စွမ်းနိုင်သည်ဖြစ်ခဲ့ပါမူ သူတပါးကိုမှီဝဲ၍ ချစ်ဖွယ်သောစကားကိုပြောဆိုခြင်း နောက်လိုက် ရှေ့ပြေးပြုရခြင်းဖြင့် အဘယ် အကျိုးရှိပါအံ့နည်း၊ မတူးရသော တဖက်ဆည်ကန်၌ ရေကို ရနိုင်ခဲ့ပါမူ၊ ရေတွင်းတဖက်ဆည်ကန် လေးထောင့်ကန်ကို တူးသဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ အသျှင်ဘုရားနာဂသေန ဤအတူ သာလျှင် အိမ်၌နေကြ၍ ကာမဂုဏ်ကို ခံစားကုန်သော လူပုဂ္ဂိုလ်တို့သည် ငြိမ်းအေးသော ပရမတ္ထ နိဗ္ဗာန်ကို အကယ်၍ မျက်မှောက်ပြုနိုင်ကုန်သည်ဖြစ်ပါအံ့၊ ဓုတင်အကျင့်ကို ဆောက်တည်ခြင်းဖြင့် အဘယ်အကျိုးရှိပါအံ့နည်းဟု (လျှောက်၏)။

မင်းမြတ် အကြင်ဂုဏ်ကျေးဇူးတို့ဖြင့် ဓုတင်အကျင့်တို့ကို အလုံးစုံသော မြတ်စွာဘုရားတို့ လေးမြတ်အပ်ကုန်၏၊ တောင့်တအပ်ကုန်၏၊ ဟုတ်မှန်တိုင်းသော ဂုဏ်ဖြစ်ကုန်သော ဤခုဘင်၏ ဂုဏ်ကျေးဇူးတို့သည် နှစ်ဆယ့်ရှစ်ပါးတို့တည်း။ အဘယ်နှစ်ဆယ့်ရှစ်ပါးတို့နည်း—မင်းမြတ် ဤ သာသနာတော်၌ ဓုတင်အကျင့်သည် အသက်မွေးစင်ကြယ်ခြင်း ချမ်းသာသော အကျိုးရှိခြင်း အပြစ်ဒေါသလွတ်ကင်းခြင်း သူတပါးကို မဆင်းရဲစေရခြင်း ဘေးရန်ကင်းလွတ်ရခြင်း မနှိပ်စက် မညှဉ်းပန်းရခြင်း စင်စစ် ကုသိုလ်တိုးပွါးခြင်း မဆုတ်ယုတ်နိုင်ခြင်း မာယာမရှိခြင်း ကိုယ်ကို စောင့်ရှောက်ခြင်း တောင့်တအပ်သည်ကို ပေးနိုင်ခြင်း သတ္တဝါအားလုံးကို ဆုံးမနိုင်မှု စောင့် စည်းမှုဟူသော စီးပွါးရှိခြင်း သူတော်ကောင်းအား လျော်ကန်ခြင်း သူတပါးကို မမှီရခြင်း လာဘ်၌ မက်မောခြင်းမှ ကင်းလွတ်ခြင်း ရာဂကုန်ခန်းလွယ်ခြင်း ဒေါသကုန်ခန်းလွယ်ခြင်း မောဟ ကုန်ခန်းလွယ်ခြင်း မာနကို ပယ်ဖျစ်နိုင်ခြင်း မကောင်းသောအကြံကို ပယ်ဖြတ်နိုင်ခြင်း ယုံမှားမှုကို လွန်မြောက်ရခြင်း ပျင်းရိမှုကို ဖျက်ဆီးနိုင်ခြင်း မမွေ့လျော်မှုကို ပယ်နိုင်ခြင်း အရာရာသယ် သည်းခံနိုင်ခြင်း အဘုမရှိခြင်း ပြိုင်ယှဉ်ဘက်ကင်းခြင်း အလုံးစုံသော ဆင်းရဲကုန်ရာ နိဗ္ဗာန်ပေါက် မြောက်ခြင်းဟူသော အကျိုးရှိ၏၊ မင်းမြတ် အကြင်ဂုဏ်ကျေးဇူးတို့ဖြင့် ဓုတင်အကျင့်တို့ကို အလုံးစုံသော ဘုရားရှင်တို့ လေးမြတ်အပ်ကုန်၏၊ တောင့်တအပ်ကုန်၏၊ ဟုတ်မှန်တိုင်းသော ဂုဏ်ဖြစ်ကုန်သော ထိုဓုတင်၏ ဂုဏ်ကျေးဇူးတို့သည် ဤနှစ်ဆယ့်ရှစ်ပါးတို့တည်း။

မင်းမြတ် ဓုတင်အကျင့်ကို ကောင်းစွာ ကျင့်သုံးမှီဝဲကုန်သော သူတို့သည် တဆယ့်ရှစ်ပါးသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံကုန်၏၊ အဘယ်တဆယ့်ရှစ်ပါးတို့နှင့် ပြည့်စုံကုန်သနည်း၊ ထိုဓုတင်ဆောင် ပုဂ္ဂိုလ်တို့၏ အကျင့်သည် စင်ကြယ်၏၊ ကျင့်ဝတ်သည် ကောင်းစွာပြည့်စုံ၏၊ ကာယကံ ဝစီကံကို ကောင်းစွာစောင့်ရှောက်အပ်သည် မည်၏၊ ပီတိအလေ့အကျင့်သည် ကောင်းစွာစင်ကြယ်၏၊ လုံ့လကိုကောင်းစွာ ချီးမြှောက်အပ်၏၊ ဘေးဥပဒ်ငြိမ်း၏၊ အတ္တဟု စွဲယူမှုဒိဋ္ဌိကင်း၏၊ ရန်ငြိုးထား ခြင်း ကင်းလွတ်၏၊ မေတ္တာတရား ရှေးရှုထင်၏၊ သုံးဆောင်ဖွယ် (အာဟာရ)ကို ပိုင်းခြားနိုင်၏၊ သတ္တဝါအားလုံး အလေးပြုအပ်၏၊ စားဖွယ် (ဘောဇဉ်)၌ အတိုင်းအရှည်ကို သိ၏၊ နိုးကြားမှုကို အားထုတ်နိုင်၏၊ (စွဲလမ်းဖွယ်ရာ) နေရာကျောင်းမရှိ၊ ချမ်းသာရာအရပ်၌ နေနိုင်၏၊ မကောင်းမှု ကို စက်ဆုပ်တတ်၏၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်၏၊ အမြဲမပြတ် မမေ့မလျော့၊ မင်းမြတ် ဓုတင်အကျင့် ကို ကောင်းစွာ ကျင့်သုံးမှီဝဲကုန်သော ရဟန်းတို့သည် ဤတဆယ့်ရှစ်ပါးသော ဂုဏ်တို့နှင့် ကောင်းစွာ ပြည့်စုံကုန်၏။

http://www.dhammadownload.com



မင်းမြတ် တကျိပ်ကုန်သော ဤပုဂ္ဂိုလ်တို့သည် ဓုတင်အကျင့်ကို ကျင့်ထိုက်ကုန်၏။ အဘယ် တကျိပ်တို့နည်းဟူမူ—ယုံကြည်မှု'သဒ္ဓါ'ရှိသူ မကောင်းမှုမှ ရှက်တတ်သူ တည်ကြည်မှု 'သမာဓိ' ရှိသူ အံ့ဖွယ်ကို မပြုတတ်သူ အကျိုးကို ထုံလေ့ရှိသူ မလျှပ်ပေါ်သူ သိက္ခာအကျင့်ကို လိုလားသူ မြဲစွာဆောက်တည်မှုရှိသူ ကဲ့ရဲ့ခြင်းသဘောမရှိသူ မေတ္တာပွါး၍ နေလေ့ရှိသူတည်း။ မင်းမြတ် ဤတကျိပ်သော ပုဂ္ဂိုလ်တို့သည် ဓုတင်အကျင့်ကို ကျင့်ထိုက်ကုန်၏။

မင်းမြတ် အိမ်၌ နေကြ၍ ကာမဂုဏ်ကို ခံစားကြသူ လူပုဂ္ဂိုလ်တို့သည် ငြိမ်းအေးသော ပရမတ္ထ နိဗ္ဗာန်ကို မျက်မှောက်ပြုကြသူ လူပုဂ္ဂိုလ်အားလုံးတို့သည် ရှေးဘဝတို့၌ တဆယ့်သုံးပါးကုန်သော ဓုတင်အကျင့်တို့ကို ချဉ်းကပ် ကျင့်ကြံခဲ့ဘူးကုန်၏၊ နိဗ္ဗာန်ရောက်ကြောင်း ကံ၏တည်ရာကို ပြုလုပ် ခဲ့ဘူးကုန်၏၊ ထိုသူတို့သည် ထိုရှေးဘဝတို့က. အလေ့အကျက်ကိုရင်း အကျင့် ပဋိပတ်ကိုရင်း သုတ်သင်၍ ယခုဤဘဝ၌ လူပုဂ္ဂိုလ်တို့သာ ဖြစ်ကြကုန်လျက် ငြိမ်းအေးသော ပရမတ္ထ နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်၏။

မင်းမြတ် ဥပမာသော်ကား တတ်ကျွမ်းသော လေးသမားသည် တပည့်တို့ကို ရှေးဦးစွာ မြှားလေ့ကျင့်ရာ တဲမဏ္ဍပ်၌ လေးကို ဖြန့်ခွဲခြင်း လေးတင်ခြင်း လက်ဖြင့် လေးကို ကိုင်ယူခြင်း ဆုပ်ညှပ်ခြင်း လက်ချောင်းဖြင့် တွန်းဖယ်ခြင်း ခြေထားခြင်း မြှားကိုယူခြင်း လေး၌တင်ထားခြင်း ပစ်ရန်ငင်ဆွဲခြင်း ချိန်ရွယ်ခြင်း မှတ်တိုင်ကို မှတ်သားခြင်း ပစ်ခတ်ခြင်းတို့ကိုရင်း မြက်ရုပ် နွား ခြေးပုံ မြက်ပုံ ကောက်ရိုးပုံ ပျဉ်ချပ် မှတ်တိုင်ပေါက်တို့ကိုရင်း အထပ်ထပ် ပစ်ခတ်သင်ကြားစေ၍ မင်း၏အထံ၌ မြှားအတတ်ကိုပြခြင်းဖြင့် နှစ်သက်စေလျက် အာဇာနည်မြင်းကသော ရထား ဆင် မြင်း ဥစ္စာစပါး ငွေ ရွှေ ကျွန်မိန်းမ ကျွန်ယောကျ်ား မယား ရွာဆုကို ရ၏၊ မင်းမြတ် ဤအတူ သာလျှင် အိမ်၌နေကြ၍ ကာမဂုဏ်ခံစားကြပြီးလျှင်ငြိမ်းအေးသော ပရမတ္ထနိဗ္ဗာန်ကို မျက်မှောက် ပြုကြသူ လူပုဂ္ဂိုလ်အားလုံးတို့သည် ရှေးဘဝတို့၌ တဆယ့်သုံးပါးကုန်သော ဓုတင် အကျင့်တို့ကို ချဉ်းကပ် ကျင့်ကြံခဲ့ဘူးကုန်၏၊ နိဗ္ဗာန်ရောက်ကြောင်း ကံ၏တည်ရာကို ပြုလုပ်ခဲ့ဘူးကုန်၏။ထိုသူတို့သည် ထိုရှေးဘဝတို့၌ပင် အလေ့အကျက်ကိုရင်း အကျင့်ပဋိပတ်ကိုရင်း သုတ်သင်၍ ယခု ဤဘဝ၌ လူတို့သာ ဖြစ်ကြကုန်လျက် ငြိမ်းအေးသော ပရမတ္ထနိဗ္ဗာန်ကို မျက်မှောက်ပြုကုန်၏။ မင်းမြတ် တဆယ့်သုံးပါးသော ဓုတင်၏ဂုဏ်ကျေးဇူးတို့၌ ရှေးဘဝက ကျင့်ကြံခဲ့ဘူးသည်ကို ကြဉ်ထား၍ တဘဝတည်း၌ပင် အရဟတ္တဖိုလ်ကို မျက်မှောက်မပြုနိုင်၊မြတ်သောအားထုတ်ခြင်းလုံ့လ မြတ်သော အကျင့် ထိုသို့သဘောရှိသောဆရာ ကောင်းသောအဆွေခင်ပွန်းဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက် ပြုနိုင်၏။

မင်းမြတ် ဥပမာတနည်းသော်ကား အနာကိုထုတ်ပယ်တတ်သော ဆေးသမားသည် ဆရာကို ဥစ္စာဖြင့်ရင်း ဝတ်ကြီးဝတ်ငယ်ဖြင့်ရင်း နှစ်သက်စေ၍ ဓားကိုင်ခြင်း ဖြတ်လှီးခြင်း ခြစ်ဆွဲခြင်း ထိုးဖောက်ခြင်း ငြောင့်ထုတ်ခြင်း အနာကို ဖန်ရေဆေးခြင်း ပြည်ခန်းခြောက်စေခြင်း ဆေးတင် လိမ်းကျံခြင်း ပျို့အန်စေခြင်း ဝမ်းသက်စေခြင်း (အသားနုတက်ရန်) ဆေးဖြင့် ထုံခြင်းအမှုမျိုးကို သင်ကြား၍ ဆေးအတတ်တို့၌ သင်အပ်ပြီးသော အတတ်ရှိ၍ ပြုလုပ်ပြီးသော အလေ့အကျက် ရှိကာ လက်ကျင့်ရပြီးသောအခါမှ အနာရှိသောသူတို့ထံ ဆေးကုခြင်းငှါ ချဉ်းကပ်၏၊ မင်းမြတ် ဤအတူသာလျှင် အိမ်၌နေကြ၍ ကာမဂုဏ် ခံစားကြပြီးလျှင် ငြိမ်းအေးသော ပရမတ္ထနိဗ္ဗာန်ကို မျက်မှောက်ပြုကြသူ လူပုဂ္ဂိုလ်အားလုံးတို့သည် ရှေးဘဝတို့က တဆယ့်သုံးပါးကုန်သော ဓုတင် အကျင့်တို့၌ ချဉ်းကပ်ကျင့်ကြံခဲ့ဘူးကုန်၏၊ နိဗ္ဗာန်ရောက်ကြောင်း ကံ၏တည်ရာကို ပြုလုပ်ခဲ့ဘူး

http://www.dhammadownload.com



ကုန်၏။ ထိုသူတို့သည် ထိုရှေးဘဝတို့ကပင် အလေ့အကျက်ကိုရင်း အကျင့်ပဋိပတ်ကိုရင်း သုတ်သင်၍ ယခု ဤဘဝ၌ လူတို့သည်ပင် ဖြစ်ကုန်လျက် ငြိမ်းအေးသော ပရမတ္ထ နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်၏၊ မင်းမြတ် တဆယ့်သုံးပါးကုန်သော ဓုတင်အကျင့်ကို မကျင့်ဘူးသူတို့အား သစ္စာတရားကို ထိုးထွင်း၍ သိခြင်းသည် မဖြစ်။

မင်းမြတ် ဥပမာသော်ကား ရေကို မသွန်းလောင်းခြင်းကြောင့် မျိုးစေ့မပေါက်ရောက်နိုင်၊ မင်းမြတ် ဤအတူသာလျှင် ဓုတင်အကျင့်ကို မကျင့်ဘူးသူတို့အား သစ္စာတရားကို ထိုးထွင်း၍ သိခြင်းသည် မဖြစ်။

မင်းမြတ် ဥပမာတနည်းသော်ကား ကုသိုလ်မပြုဘူးသူတို့အားရင်း ကောင်းမှု မပြုဘူးသူတို့ အားရင်း သုဂတိသို့လားခြင်းသည် မဖြစ်၊ မင်းမြတ် ဤအတူသာလျှင် ဓုတင်အကျင့် မကျင့်ဘူး သူတို့အား သစ္စာတရားကို ထိုးထွင်း၍သိခြင်းသည် မဖြစ်။

မင်းမြတ် ဓုတင်အကျင့်သည် အထူးသဖြင့် စင်ကြယ်ရာနိဗ္ဗာန်ကို လိုလားသူတို့၏ တည်ရာ သဘောရှိသောကြောင့် မြေကြီးနှင့် တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံသော ကိလေသာ အညစ် အကြေးကို ဆေးကြောသုတ်သင်တတ်သော သဘောရှိသောကြောင့် ရေနှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံသော ကိလေသာတည်းဟူ သော အနာကို လောင်မြိုက်စေတတ်သော သဘောရှိသောကြောင့် မီးနှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံသော ကိလေသာ အညစ် အကြေးမြူမှုန်ကို မျှောတတ် လွှင့်တတ်သော သဘောရှိသောကြောင့် လေနှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံသော ကိလေသာအနာကို ငြိမ်း စေတတ်သော သဘောရှိသောကြောင့် အဆိပ်ဖြေဆေးနှင့် တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံသော ကိလေသာ အဆိပ်ကို ဖျောက်ဖျက်တတ်သော သဘောရှိသောကြောင့် အမြိုက်ရည်နှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံသော မဂ်ဖိုလ်ဟူသော ကောက် ပင်၏ပေါက်ရောက်ရာဖြစ်သော သဘောရှိသောကြောင့် လယ်နှင့် တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ တောင့်တတိုင်း အလိုရှိဝင်းသော အလုံးစုံသော စည်းစိမ်မြတ်ကို ပေးတတ်သော သဘောရှိသောကြောင့် မနောဟရပတ္တမြားနှင့် တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ သံသရာတည်းဟူသော မဟာသမုဒ္ဒရာ၏ ကမ်းတဖက်သို့ ရောက်ကြောင်းဖြစ်သော သဘောရှိသောကြောင့် လှေနှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားကုန်သော အိုခြင်း သေခြင်းမှ ကြောက်ကုန် သော သူတို့၏ သက်သာရာကို ပြုတတ်သော သဘောရှိသောကြောင့် ကြောက်ဖွယ် ဘေးရန်မှ စောင့်ရှောက်ရာ ပုန်းအောင်းရာနှင့်တူ၏။

http://www.dhammadownload.com



မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားကုန်သော ကိလေသာဆင်းရဲဖြင့် နှိပ်စက်ခံရသော သူတို့ကို အစဉ်ချီးမြှောက်သော သဘောရှိသောကြောင့် မိခင်နှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားကုန်သော ကုသိုလ်၏ တိုးပွါးခြင်းကို အလိုရှိကုန်သော သူတို့၏ အလုံးစုံသော မဂ်ဖိုလ်ကို ဖြစ်စေတတ်သော သဘောရှိသောကြောင့် အဖနှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားကုန်သူတို့၏ အလုံးစုံသော ရဟန်း၏ဂုဏ်ကျေးဇူးကို ရှာခြင်း၌ မချွတ်ယွင်းစေတတ်သော သဘောရှိသောကြောင့် မိတ်ဆွေနှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံသော ကိလေသာ အညစ်အကြေးတို့ဖြင့် မလိမ်းကျံသော သဘောရှိသောကြောင့် ပဒုမာကြာနှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ ကိလေသာတည်းဟူသော မကောင်းသော အနံ့ဆိုးကို ပယ်ဖျောက်တတ်သော သဘောရှိသောကြောင့် နံ့သာမျိုးလေးပါး၏ မြတ်သော အနံ့နှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားကုန်သော သူတို့၏ လောကဓံတရား ရှစ်ပါးဟူသော လေတို့ဖြင့် မတုန်လှုပ်သော သဘောရှိသောကြောင့် မြင်းမိုရ်တောင်မြတ်နှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံ၌ ကိုင်ယူခြင်းမှ ကင်း၍ ကြီးပွါး ရှည်လျား ကျယ်ဝန်းသော သဘောရှိသောကြောင့် ကောင်းကင်နှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ ကိလေသာအညစ်အကြေးကို ဖျောတတ်သော သဘောရှိသောကြောင့် မြစ်နှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ ပဋိသန္ဓေနေရခြင်း ခရီးခဲ ကိလေသာ တောခြုံမှ ထွက်မြောက်တတ်သော သဘောရှိသောကြောင့် လမ်းညွှန်လမ်းပြကောင်းနှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့ကို အလုံးစုံသော ဘေးတို့မှ ကင်းဆိတ်၍ ချမ်းအေးရာ ဘေးလွတ်ရာဖြစ်သော တောင့်တအပ် မြတ်သော နိဗ္ဗာန်မြို့တော်သို့ ရောက်စေတတ်သော သဘောရှိသောကြောင့် လှည်းမှူးကြီးနှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ သင်္ခါရသဘောကို ပြတတ်သော သဘောရှိသောကြောင့် ကောင်းစွာ တိုက်ချွတ်ထားသော အညစ်အကြေးကင်းသော ကြေးမုံ (မှန်) နှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ ကိလေသာဆောက်ပုတ် မြားလှံတို့ကို တားမြစ်တတ်သော သဘောရှိသောကြောင့် ကာနှင့်တူ၏၊

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ ကိလေသာတည်းဟူသော မိုးနှင့် မီးသုံးပါးတို့၏ အပူဟူသော နေပူမှ တားမြစ်တတ်သော သဘောရှိသောကြောင့် ထီးနှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ ချစ်အပ် တောင့်တအပ်သောသဘော ရှိသောကြောင့် လနှင့်တူ၏။

http://www.dhammadownload.com



မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ မောဟဟူသော အလွန် မိုက်သော မှောင်ကို ပယ်ဖျောက်တတ်သော သဘောရှိသောကြောင့် နေနှင့်တူ၏။

မင်းမြတ် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ များသော အပြားရှိသောမဂ်ဖိုလ် မြတ်သောရတနာကို ဖြစ်ပေါ်စေတတ်သော သဘောရှိသောကြောင့်၎င်း မခြင်တွယ်နိုင် မရေတွက်နိုင် မနှိုင်းရှည့်နိုင်သော သဘောရှိသောကြောင့်၎င်း သမုဒ္ဒရာနှင့်တူ၏။

မင်းမြတ် ဤသို့လျှင် ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့အား များသောကျေးဇူး ရှိ၏၊အလုံးစုံသော ပူပန်ခြင်း ပင်ပန်းခြင်းတို့ကို ပယ်ဖျောက်နိုင်၏၊ မမွေ့လျော်ခြင်းကို ပယ်ဖျောက်နိုင်၏၊ ကြောက်ဖွယ်ဘေးကို ပယ်ဖျောက်နိုင်၏၊ ဘဝကို ပယ်ဖျောက်နိုင်၏၊ ခြောင့်တံသင်းကို ပယ်ဖျောက်နိုင်၏၊ အညစ်အကြေးကို ပယ်ဖျောက်နိုင်၏၊ ပူဆွေးစိုးရိမ်ခြင်းကို ပယ်ဖျောက်နိုင်၏၊ ဆင်းရဲခြင်းကို ပယ်ဖျောက်နိုင်၏၊ ရာဂကို ပယ်ဖျောက်နိုင်၏၊ ဒေါသကို ပယ်ဖျောက်နိုင်၏၊ မောဟကို ပယ်ဖျောက်နိုင်၏၊ မာနကို ပယ်ဖျောက်နိုင်၏၊ ဒိဋ္ဌိကို ပယ်ဖျောက်နိုင်၏၊ အလုံးစုံသော အကုသိုလ်ဓမ္မကို ပယ်ဖျောက်နိုင်၏၊ အခြံအရံအကျော်အစောကို ဆောင်ရွက်နိုင်၏၊ အစီးအပွါးကို ဆောင်ရွက်နိုင်၏၊ ချမ်းသာကို ဆောင်ရွက်နိုင်၏၊ ချမ်းသာစွာ နေရခြင်းကို ပြုနိုင်၏၊ နှစ်သက်မှုကို ပြုနိုင်၏၊ ယောဂ၏ ကုန်ခြင်းကို ပြုနိုင်၏၊ အပြစ်မရှိ အသိုရှိအပ်သော ချမ်းသာခြင်း အကျိုးရှိ၏၊ ကျေးဇူးအစု ကျေးဇူးအပုံ မရေတွက်အပ် မနှိုင်းရှည့်အပ်သော မြတ်သောဂုဏ်ရှိသည် ဖြစ်၍ တောင့်တအပ်၏၊ အလွန်တောင့်တအပ်၏ မြတ်၏။

မင်းမြတ် ဥပမာသော်ကား လူတို့သည် အထောက်အပံ့ အစွမ်းအားဖြင့် ဘောဇဉ်ကို မှီဝဲကုန်၏၊ အစီးအပွါး၏ အစွမ်းဖြင့် ဆေးကို မှီဝဲကုန်၏၊ ကျေးဇူး၏အစွမ်းဖြင့် မိဘ်ဆွေကို မှီဝဲကုန်၏၊ ကူးမြောက်ခြင်း၏ အစွမ်းဖြင့် လှေကို မှီဝဲကုန်၏၊ကောင်းသောအနံ့၏ အစွမ်းဖြင့် ပန်းနံ့သာကို မှီဝဲကုန်၏၊ ဘေးကင်းသည်၏ အစွမ်းဖြင့် ဘေးရန် တားမြစ်နိုင်သောသူကို မှီဝဲကုန်၏၊ တည်ရာ အစွမ်းဖြင့် မြေကြီးကို မှီဝဲကုန်၏၊ အတတ်ပညာ၏ အစွမ်းဖြင့် ဆရာကို မှီဝဲကုန်၏၊ အခြံအရံ အကျော်အစော၏ အစွမ်းဖြင့် မင်းကို မှီဝဲကုန်၏၊ အလိုရှိတိုင်းကို ပေးနိုင်သည်၏ အစွမ်းဖြင့် ပတ္တမြားရတနာကို မှီဝဲကုန်၏၊ မင်းမြတ် ဤအတူသာလျှင် အလုံးစုံသော မဂ်ဖိုလ်ကို ပေးတတ်သည်၏ အစွမ်းဖြင့် အရိယာတို့သည် ဓုတင်အကျင့်ကို မှီဝဲကုန်၏။

မင်းမြတ် ဥပမာတနည်းသော်ကား ရေသည် မျိုးစေ့ ပေါက်ရောက်ခြင်းငှါ ဖြစ်၏၊ မီးသည် လောင်ကျွမ်းခြင်းငှါ ဖြစ်၏၊ အာဟာရသည် ခွန်အားကို ဆောင်ခြင်းငှါ ဖြစ်၏၊ နွယ်ပင်သည် ဖွဲ့ချည်ခြင်းငှါ ဖြစ်၏၊ ဓားသည် ခုတ်ဖြတ်ခြင်းငှါ ဖြစ်၏၊ သောက်ရေသည် မွတ်သိပ်ခြင်းကို ပယ်ဖျောက်ခြင်းငှါ ဖြစ်၏၊ ရွှေအိုးသည် သက်သာရာကို ပြုခြင်းငှါ ဖြစ်၏၊ လှေသည် ကမ်းတဖက်သို့ ရောက်စေခြင်းငှါ ဖြစ်၏၊ ဆေးသည် အနာကို ငြိမ်းစေခြင်းငှါ ဖြစ်၏၊ ယာဉ်သည် ချမ်းသာစွာ သွားခြင်းငှါ ဖြစ်၏၊ ကြောက်သူတို့၏ ခိုလှုံအားကိုးရာသည် ကြောက်လန့်မှုကို ပယ်ဖျောက်ခြင်းငှါ ဖြစ်၏၊ မင်းသည် စောင့်ရှောက်ခြင်းငှါ ဖြစ်၏၊ ကာသည် တုတ် ခဲ ဆောက်ပုတ် မြှား လှံကို တားမြစ်ခြင်းငှါ ဖြစ်၏၊ ဆရာသည် ဆုံးမသွန်သင်ခြင်းငှါ ဖြစ်၏၊ အမိသည် ကျွေးမွေးသုတ်သင်ခြင်းငှါ ဖြစ်၏၊ ကြေးမုံ(မှန်)သည် ကြည့်ရှုခြင်းငှါ ဖြစ်၏၊ တန်ဆာသည် တင့်တယ်စေခြင်းငှါ ဖြစ်၏၊ အဝတ်သည် ဖုံးလွှမ်းခြင်းငှါ ဖြစ်၏၊ လှေကားသည် တက်ခြင်းငှါ ဖြစ်၏၊ ချိန်သည် မညီမျှသည်ကို ပယ်ခြင်းငှါ ဖြစ်၏၊ မန္တရားသည် မန်းမှုတ်ခြင်းငှါ ဖြစ်၏၊ လက်နက်သည် ခြိမ်းချောက်ခြင်းကို တားမြစ်ခြင်းငှါ

http://www.dhammadownload.com



ဖြစ်၏၊ ဆီမီးသည် အမိုက်တိုက်ကို ပယ်ဖျောက်မှုတ်လွှင့်ခြင်းငှါ ဖြစ်၏၊ လေသည် ပူအိုက်မှုကို ငြိမ်းစေခြင်းငှါ ဖြစ်၏၊ အတတ်ပညာသည် အသက်မွေးမှုကို ပြီးစေခြင်းငှါ ဖြစ်၏၊ ဆေးသည် အသက်ကို စောင့်ရှောက်ခြင်းငှါ ဖြစ်၏၊ သတ္တုတွင်းသည် ရတနာကို ဖြစ်စေခြင်းငှါ ဖြစ်၏၊ ရတနာသည် တန်ဆာဆင်ခြင်းငှါ ဖြစ်၏၊ အာဏာသည် မလွန်ကျူးစိမ့်သောငှါ ဖြစ်၏၊ အစိုးရမှုသည် အလိုသို့လိုက်စေခြင်းငှါ ဖြစ်၏။

မင်းမြတ် ဤအတူသာလျှင် ဓုတင်အကျင့်သည် မဂ်ဖိုလ်မျိုးစေ့ကို ပေါက်ရောက်စေခြင်းငှါ ဖြစ်၏၊ ကိလေသာအညစ်အကြေးကို လောင်ကျွမ်းစေခြင်းငှါ ဖြစ်၏၊ တန်ခိုးအစွမ်းကို ဆောင်ခြင်းငှါ အောက်မေ့စောင့်စည်းမှု'သတိသံဝရ'ကို မြဲမြံစွာဖွဲ့ခြင်းငှါ တွေးတောမှု မဝေခွဲနိုင်မှုကို ဖြတ်တောက်ခြင်းငှါ တဏှာမှတ်သိပ်မှုကို ပယ်ဖျောက်ခြင်းငှါ သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိမှုဟူသော သက်သာရာပြုခြင်းငှါ ဩဃလေးပါးမှ ထွက်မြောက်ခြင်းငှါ ကိလေသာအနာငြိမ်းခြင်းငှါ နိဗ္ဗာန်ချမ်းသာကို ရခြင်းငှါ ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဟူသော ဘေးတို့ကို ပယ်ဖျောက်ခြင်းငှါ မဂ်ဖိုလ်ကို စောင့်ရှောက်ခြင်းငှါ မမွေ့လျော်မှု မကောင်းသော ကြံစည်မှုကို ပယ်ဖျောက်ခြင်းငှါ အလုံးစုံသော မဂ်ဖိုလ်ဟူသော အကျိုးကို ဆုံးမခြင်းငှါ အလုံးစုံသော မဂ်ဖိုလ်ဟူသော ဂုဏ်ကျေးဇူးကို မွေးမြူခြင်းငှါ သဖထဝိပဿနာ မဂ်ဖိုလ် နိဗ္ဗာန်ကို မြင်ခြင်းငှါ အလုံးစုံသော လောက၏ ချီးကျူးထောမနာမှု များစွာတင့်တယ်မှုကိုပြုခြင်းငှါ အလုံးစုံသော အပါယ်ကို ပိတ်ပင်ခြင်းငှါ မဂ်ဖိုလ်ဟူသော တောင်ထွတ် တောင်ထိပ်သို့ တက်ရောက်ခြင်းငှါ ကောက်ကျစ်လိမ်တွန့်၍ မညီမညွတ်သော စိတ်ကို ပယ်ဖျောက်ခြင်းငှါ မှီဝဲအပ်သော တရား မမှီဝဲအပ်သောတရားတို့ကို ကောင်းစွာသရဇ္ဈာယ်မှုကို ပြုခြင်းငှါ အလုံးစုံသော ကိလေသာရန်သူကို ခြိမ်းချောက်ခြင်းငှါ အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ပယ်ဖျောက် ဖုံးလွှမ်းခြင်းငှါ သုံးပါးသောမီးဖြင့် ပူလောင်အိုက်စပ်မှုကို ငြိမ်းစေခြင်းငှါ နူးညံ့သိမ်မွေ့ငြိမ်သက်သော သမာပတ်ကို ပြီးစေခြင်းငှါ အလုံးစုံသော မဂ်ဖိုလ်ကို ထက်ဝန်းကျင် စောင့်ရှောက်ခြင်းငှါ ဗောဇ္ဈင်မြတ်ရတနာကို ဖြစ်စေခြင်းငှါ ယောဂီပုဂ္ဂိုလ်တို့၏ တန်ဆာဆင်ခြင်းငှါ အပြစ်မရှိသော သိမ်မွေ့နူးညံ့ငြိမ်းအေးသော ချမ်းသာကို မလွန်ခြင်းငှါ အလုံးစုံသော မဂ်ဖိုလ်ဟူသော အရိယဓမ္မ၏ အလိုသို့လိုက်ခြင်းငှါ ဖြစ်၏၊ မင်းမြတ် ဤသို့လျှင် တခုတခုစီသော ဓုတင်အကျင့်သည် ရှိ၏၊ ဤဆိုအပ်ခဲ့ပြီးသော ဂုဏ်ကျေးဇူးတို့ကို ရခြင်းငှါ ဖြစ်၏၊ မင်းမြတ် ဤသို့လျှင် ဓုတင်ဟူသော ဂုဏ်ကျေးဇူးသည် မချိန်စက်နိုင်၊ မနှိုင်းရှည့်နိုင်၊ အတုမရှိ ပြိုင်ဖက်ကင်း၏၊ တူသောအဘို့မရှိ၊ အတုမရှိ ချီးမွမ်းအပ်၏၊ လွန်ကဲ၏ မြတ်၏ ထူး၏ ပိုလွန်၏ ရှည်၏ ကြီး၏ ပျံ့၏ အရာကျယ်၏ လေး၏ ဝန်လေး၏ ကြီးမြတ်လှ၏။

မင်းမြတ် ယုတ်မာသော အလိုရှိသော အလိုဆိုး နှိပ်စက်သော အံ့ဖွယ်ကိုပြုတတ်သော လောဘကြီးသော ဝမ်းရေးကို ငဲ့ကွက်သော လာဘ်ကို တပ်မက်လိုလားသော အခြံအရံ အကျော်အစောကို လိုလားသော ကျော်ကြားသည်ကို လိုလားသော ဓုတင်နှင့်မလျော်သော ဓုတင်ကျင့်ခွင့် မသင့်သော ဓုကင်အား မလျောက်ပတ်သော ဓုတင်နှင့် မထိုက်တန်သော ဓုတင်နှင့် မသင့်လျော်သော အကြင်ပုဂ္ဂိုလ်သည် ဓုတင်ကို ဆောက်တည် ကျင့်သုံး၏၊ ထိုပုဂ္ဂိုလ်သည် နှစ်ပြန်နှစ်ဆတက်သော အပြစ်ဒဏ်သို့ ရောက်၏၊ အလုံးစုံသော ဂုဏ်ကိုဖျက်ဆီးရာ ရောက်၏၊ ဒိဋ္ဌဓမ္မဖြစ်သော ကဲ့ရဲ့ခြင်း ရှုတ်ချခြင်း အပြစ်ဆိုခြင်း မျက်မှောက် ပြက်ရယ်ပြုခြင်း နှိပ်ချခြင်း အတူမပေါင်းသင်းခြင်း ပယ်ထုတ်ခြင်း ဖယ်ရှားခြင်း အပပြုခြင်း နှင်ထုတ်ခြင်းကို ရ၏၊ တမလွန်ဘဝ

http://www.dhammadownload.com



၌လည်း ယူဇနာ တရာရှိ၍ ပူလောင်သောပြင်းထန်စွာပူသော ရဲရဲပူသော ပြောင်ပြောင်တောက် လောင်သော မီးတောက်မီးလျှံ မီးပန်းထွက်သော အဝီစိငရဲကြီး၌ ကုဋေသိန်းပေါင်းများစွာသော နှစ်တို့ပတ်လုံး အထက်အောက်ဖီလာအားဖြင့် ဖူးဖူးရောင်သော ကိုယ်ရှိသည်ဖြစ်၍ တပြောင်း ပြန်ပြန် ကျက်ရသေး၏၊ ထိုအဝီစိငရဲကြီးမှ လွတ်ပြန်သော် ကြုံလှီကြမ်းကြုတ် မည်းညစ်သော ကိုယ်အင်္ဂါ ရှိသည်ဖြစ်၍ ခွေးကောင်ပုပ်ကဲ့သို့ ဖူးဖူးမောက်မောက်အပေါက်များသော ဦးခေါင်း ရှိလျက် ဆာလောင်မွတ်သိပ်ကာ မညီမညွတ် ကြောက်ဖွယ်သောအဆင်းသဏ္ဌာန်ရှိရ၍ နားပြတ် နှာခေါင်းကြီးဖြစ်လျက် ဖွင့်တုံမှိတ်တုံဖြင်သော မျက်စိရှိရလျက် အနာများသောကိုယ် ခြောက်ကပ် သော ကိုယ်ရှိရ၍ ပိုးလောက်တို့ဖြင့် ပြွမ်းသော အလုံးစုံသော ကိုယ်ရှိရကား လေပေါက်ဝ၌ တောက်လောင်နေသော မီးပုံစုကဲ့သို့ ကိုယ်တွင်း၌ တောက်လောင်လျက် တပြောင်ပြောင် လောင်ကျွမ်း၍ မှီခိုရာမဲ့ ကိုးစားရာမရှိပဲ ငိုကာ ယိုကာ သနားစရာသော အသံကို ဟစ်ကြွေး မြည်တမ်းလျက် နိဇ္ဈာမတဏှိကအမည်ရှိသော ရဟန်းပြိတ္တာကြီးဖြစ်ရ၍ မြေအပြင်၌ ထိုမှ ဤမှ လှည့်လည်သွားလာလျက် နာကျင်လှစွာသော အသံကို ပြုရလေ၏။

မင်းမြတ် မင်းနှင့်မလျော်သော မင်းနှင့် အခွင့်မသင့်သော မင်းနှင့် မလျောက်ပတ်သော မင်းနှင့်မထိုက်တန်သော မင်းနှင့်မသင့်လျော်သော ယုတ်သော မကောင်းသော အမျိုးဇာတ်ရှိ သော တစုံတယောက်သောသူသည် မင်းတို့၏ အဘိသိက်ဖြင့် အဘိသိက်သွန်း၏၊ ထိုသူသည် လက်ဖြတ်ခြင်း ခြေဖြတ်ခြင်း လက်ခြေဖြတ်ခြင်း နားဖြတ်ခြင်း နှာခေါင်းဖြတ်ခြင်း နားနှာခေါင်း ဖြတ်ခြင်း ပုန်းရည်အိုးခေါ် ညှဉ်းပန်းမှုကို ပြုခြင်း ခရုသင်းဦးပြည်းခေါ် ညှဉ်းပန်းမှုကို ပြုခြင်း ရာဟုခံတွင်းခေါ် ညှဉ်းပန်းမှုကို ပြုခြင်း မီးပန်းခေါ် ညှဉ်းပန်းမှုကိုပြုခြင်း လက်ဆီမီးခေါ် ညှဉ်းပန်း မှုကိုပြုခြင်း ပြိန်းရွက်ခေါ် ညှဉ်းပန်းမှုကိုပြုခြင်း လျှော်တေအဝတ်ခေါ် ညှဉ်းပန်းမှုကိုပြုခြင်း ဧဏီ သားမီးမြိုက်ခေါ် ညှဉ်းပန်းမှုကို ပြုခြင်း ငါးမြားချိတ်ဖြင့် အသားလှီးမှုကို ပြုခြင်း ကျပ်ပြားမျှ လောက် အသားဖြတ်မှုပြုခြင်း အသားကို မှုန်း၍ ဆားငံရေလောင်းမှုကို ပြုခြင်း တံခါးကျဉ်လှည့် ခေါ် ညှဉ်းပန်းမှုကိုပြုခြင်း ကောက်ရိုးထုံးခေါ် ညှဉ်းပန်းမှုကိုပြုခြင်း ဆီပူဖြင့်သွန်းလောင်းခြင်း ခွေး တို့ကို ကိုက်စားစေခြင်း အရှင်လတ်လတ် သံတံကျင်လျှိုခြင်း သန်လျက်ဖြင့်ဦးခေါင်းကို ဖြတ်ခြင်း ဟူသော များလှစွာသော ညှဉ်းပန်းမှုကိုလည်း ခံစားရ၏၊ အဘယ်အကြောင်းကြောင့် နည်းဟူမူ— မင်းအဖြစ်နှင့် မလျော်သော (မင်းအဖြစ်နှင့်) အခွင့်မသင့်သော မင်းနှင့်မလျောက်ပတ်သော မင်းနှင့်မထိုက်တန်သော မင်းနှင့်မသင့်လျော်သော ယုတ်သော မကောင်းသော ဇာတ်ရှိသော သူသည် မြတ်သော အစိုးရသော အရာ၌ မိမိကိုယ်ကို တင်ထားခြင်း လောကစည်းကမ်းကို ဖျက်ဆီးခြင်းကြောင့်တည်း၊ မင်းမြတ် ဤအတူသာလျှင် အကြင်အမှတ်မရှိသော ပုဂ္ဂိုလ်သည် အလိုဆိုးရှိသည်ဖြစ်၍။ပ။ မြေအပြင်၌ နာကျင်လှစွာသောအသံကို ပြုရ၏။

မင်းမြတ် ဓုတင်နှင့်လျောက်ပတ်သော ဓုတင်ကျင့်ခွင့်သင့်သော ဓုတင်အား လျောက်ပတ် သော ဓုတင်အားထိုက်တန်သော ဓုတင်အားသင့်လျော်သော အလိုနည်းသော ရောင့်ရဲလွယ် သော ဆိတ်ငြိမ်ရာသို့ ကပ်သော လူတို့နှင့်မရောနှောသော ထက်သန်သော ဝီရိယရှိသော နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသော မစဉ်းလဲသော မာယာကင်းသော ဝမ်းရေးကို ငဲ့ကွက်မှု မရှိသော လာဘ်ကို မလိုလားသော အခြံအရံကို မလိုလားသော အကျော်အစောကို မလိုလား သော ယုံကြည်မှု 'သဒ္ဓါ'တရားရှိသော ယုံကြည်၍ ရဟန်းပြုသော အိုခြင်း သေခြင်းမှလွတ်လို သော အကြင်ပုဂ္ဂိုလ်သည်ကား သာသနာတော်ကို ချီးမြှောက်အံ့ဟု ဓုတင်ကို ဆောက်တည်

http://www.dhammadownload.com



ကျင့်သုံး၏၊ ထိုသူသည် နှစ်ပြန်နှစ်ဆတက်သော ပူဇော်ခြင်းကို ခံထိုက်၏၊ (ထိုသူကို)နတ်တို့သည်ရင်း (လူတို့သည်ရင်း) ချစ်ခင်အပ်၏ မြတ်နိုးအပ်၏ ခင်မင်အပ်၏ တောင့်တအပ်၏၊ ရေချိုးဖိးလိမ်းပြီးသောသူအား မြတ်လေး ကြက်ရုံးစသော ပန်းကို ထိုက်သကဲ့သို့ စားလိုသောသူအား မွန်မြတ်သောဘောဇဉ်ကို ထိုက်သကဲ့သို့ ရေငတ်သောသူအား မြေသန့်ရှင်း ရန့်သင်းသော ရေကို ထိုက်သကဲ့သို့ အဆိပ်မျိုမိသောသူအား အဆိပ်ဖြေဆေးကို ထိုက်သကဲ့သို့ လျင်မြန်စွာ ခရီးသွားလိုသောသူအား အာဇာနည်မြင်းကသော ရထားမြတ်ကို ထိုက်သကဲ့သို့ အကျိုးစီးပွါးကို အလိုရှိသောသူအား မနောဟရပတ္တမြားရတနာကို ထိုက်သကဲ့သို့ ဘိသိက်သွန်းခြင်းငှါ အလိုရှိသောမင်းအား ဖြူစင်သော အညစ်အကြေးမတင်သော ထီးဖြူကို ထိုက်သကဲ့သို့ တရားကို အလိုရှိသောသူအား အတုမရှိ မြတ်သော အရဟတ္တဖိုလ်ရခြင်းကို ထိုက်သကဲ့သို့ ထိုဓုတင်ကို ဆောင်ခြင်းငှါ ထိုက်သောပုဂ္ဂိုလ်အား လေးပါးသော သတိပဋ္ဌာန်တို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏၊ သမထဝိပဿနာကို ရ၏၊ မဂ်ဖိုလ်ရကြောင်း ကျင့်ဝတ်သည် ရင့်ကျက်၏၊ မဂ်ဖိုလ်လေးပါး ပဋိသမ္ဘိဒါလေးပါး ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါးတို့သည်ရင်း အလုံးစုံသော ရဟန်းတရားသည်ရင်း အလုံးစုံသော တရားတို့သည် ထိုရဟန်းအား ရွေးရှုတည်လာကုန်၏၊ အရဟတ္တဖိုလ်တည်းဟူသော ဖြူစင်သန့်ရှင်း အညစ်အကြေးကင်းသော ထီးဖြူတော်ဖြင့် အဘိသိက်သွန်း၏။

မင်းမြတ် ဥပမာသော်ကား အမျိုးဂုဏ်ဇာတ်မြင့်မြတ်သော မင်းအဘိသိက်ဖြင့် အဘိသိက်သွန်းအပ်သော မင်းမျိုးဖြစ်သော မင်းအား တိုင်းပြည် နိဂုံး ဇနပုဒ်သူတို့နှင့်တကွသော မင်းခစားဗိုလ်ပါတို့သည်ရင်း သုံးကျိပ်ရှစ်ဦးသော မင်းပရိသတ်တို့သည်ရင်း အငြိမ့်သည် ကခြေသည်တို့သည်ရင်း လုပ်ကျွေးကုန်၏၊ နှုတ်မင်္ဂလာကို ထုတ်ဆိုကုန်လျက် ချေမ်းသာယာ ကောင်းစွာချီးကျူးကုန်လျက် သမဏဗြာဟ္မဏအယူဝါဒ အမျိုးမျိုးရှိကြသည့် ဂိုဏ်းအားလုံးတို့သည် ဆည်းကပ်ကုန်၏၊ အလုံးစုံသော မြေအပြင်၌ ဆိပ်ကမ်း ရတနာတွင်း မြို့အကောက်ဌာန တိုင်းခြားနယ်ခြားတို့၌ လူအပေါင်းအား ဆုံးမမှုဟူသမျှကို အစိုးရ၏၊ မင်းမြတ် ဤအတူသာလျှင် ဓုတင်နှင့်လျောက်ပတ်သော ဓုတင်အကျင့်နှင့်သင့်လျော်သော တစုံတယောက်သော ပုဂ္ဂိုလ်သည် ။ပ။ အရဟတ္တဖိုလ်တည်းဟူသော ဖြူစင်သော သန့်ရှင်း အညစ်အကြေးကင်းသော ထီးဖြူတော်ဖြင့် အဘိသိက်သွန်း၏။

မင်းမြတ် အကြင်ဓုတင်တို့ဖြင့် စင်ကြယ်စွာပြုအပ်သော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ဟူသော မဟာသမုဒ္ဒရာသို့ သက်ဝင်၍ များသော အပြားရှိသော တရားတည်းဟူသော မြွေလျော် ပျော်ပါးခြင်းဖြင့် ပျော်ပါးကစားနိုင်၏၊ ရူပဈာန်လေးပါး အရူပဈာန်လေးပါးအားဖြင့် သမာပတ် ရှစ်ပါးတို့ကို သုံးဆောင်နိုင်၏၊ ဣဒ္ဓိဝိဓအဘိညာဉ် ဒိဗ္ဗသောတအဘိညာဉ် ပရစိတ္တဝိဇာနနအဘိညာဉ် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ဒိဗ္ဗစက္ခုအဘိညာဉ်သို့ရင်း အလုံးစုံသော အာသဝေါတရားတို့ကုန်ရာ အရဟတ္တဖိုလ်သို့ရင်း ရောက်၏၊ ဤဓုတင်တို့သည် တဆယ့်သုံးပါးတို့တည်း။ အဘယ်တဆယ့်သုံးပါးတို့နည်းဟူမူ—ပံ့သုကူဓုတင် တိစီဝရိက်ဓုတင် ပိဏ္ဍပါတ်ဓုတင် သပဒါနစာရိကဓုတင် ကောသနိက်ဓုတင် ပတ္တပိုဏ်ဓုတင် ခလုပစ္ဆာဘတ္တိကဓုတင် အာရညကင်ဓုတင် ရုက္ခမူဓုတင် အဗ္ဘောကာသိကဓုတင် သောသာနိကဓုတင် ယထာသန္ထတိဓုတင် နိသဇ်ဓုတင်တို့တည်း၊ မင်းမြတ် ရှေးဘဝက မှီဝဲအပ်ကုန်သော အမြဲဆည်းကပ်အပ်ကုန်သော လေ့ကျက်အပ်ကုန်သော အဖန်ဖန်

http://www.dhammadownload.com



လေ့ကျက်အပ်ကုန်သော အဖန်ဖန် ဆည်းပူးအပ်ကုန်သော ပွါးများအပ်ကုန်သော ပြည့်စုံစေအပ်ကုန်သော ဤ္ဂတဆယ့်သုံးပါးသော ဓုတင်အကျင့်တို့ဖြင့် အရိယသာဝကသည် အလုံးစုံသော မဂ်ဖိုလ်ကို ရ၏၊ သိမ်မွေ့ချမ်းသာကုန်သော သမာပတ် အားလုံးတို့သည် ထိုအရိယသာဝကအား ဆက်စပ်ကုန်၏။

မင်းမြတ် ဥပမာအားဖြင့် ဥစ္စာရှိသော လှေသူကြီးသည် ဆိပ်ကမ်း၌ အခွန်အတုတ်ပေးဆောင်အပ်ပြီးသည်ဖြစ်၍ မဟာသမုဒ္ဒရာသို့ သက်ဝင်လျက် ဝင်္ဂတိုင်း တက္ကောလတိုင်း စိန္နတိုင်း သောဝီရတိုင်း သုရဋ္ဌတိုင်း အလသန္ဒကျွန်း ကောလဆိပ် သုဝဏ္ဏဘူမိသို့ သွား၏၊ ထိုမှတပါးလည်း လှေသင်္ဘော သွားနိုင်သမျှ အရပ်အလုံးစုံသို့ သွား၏၊ မင်းမြတ် ဤအတူသာလျှင် ရှေးဘဝက မှီဝဲအပ်ကုန်သော အမြဲဆည်းကပ်အပ်ကုန်သော လေ့ကျက်အပ်ကုန်သော အဖန်ဖန် လေ့ကျက်အပ်ကုန်သော ဆည်းပူးအပ်ကုန်သော ပွါးများအပ်ကုန်သော ပြည့်စုံစေအပ်ကုန်သော ဤ္ဂတဆယ့်သုံးပါးသော ဓုတင်အကျင့်တို့ဖြင့် အရိယသာဝကသည် အလုံးစုံသော မဂ်ဖိုလ်ကို ရနိုင်၏၊ သိမ်မွေ့ချမ်းသာကုန်သော သမာပတ် အားလုံးတို့သည် ထိုအရိယသာဝကအား ဆက်စပ်ကုန်၏။

မင်းမြတ် ဥပမာအားဖြင့် လယ်သမားသည် လယ်၏အပြစ် အနာအဆာ ဖြစ်သော မြက်သစ်ငုတ် ကျောက်ခဲကို ရှေးဦးစွာ ထုတ်ပယ်၍ ထွန်ယက်ပြီးသော် စိုက်ပျိုးပြီးလျှင် ရေကို ကောင်းစွာ သွင်း၍ စောင့်ရှောက်လုံခြုံစေပြီးနောက် ရိတ်ခြင်း နယ်ခြင်းဖြင့် များစွာသော စပါးရှိသူဖြစ်၏၊ ထိုလယ်သမားအား စပ်ဆိုင်ကုန်သော ဥစ္စာမဲ့ကုန်သော အထီးကျန်ကုန်သော ဆင်းရဲ မွဲတေကုန်သော အားလုံးတို့သည် ထိုလယ်သမားအား ဆိုက်ရောက်လာကုန်၏၊ မင်းမြတ် ဤအတူသာလျှင် ရှေးဘဝက မှီဝဲအပ်ကုန်သော ဤ္ဂတဆယ့်သုံးပါးသော ဓုတင်အကျင့်တို့ဖြင့်။ပ။ အလုံးစုံကုန်သော သိမ်မွေ့ချမ်းသာကုန်သော သမာပတ် အားလုံးတို့သည် ထိုအရိယာသာဝက အား ဆက်စပ်ကုန်၏။

မင်းမြတ် ဥပမာတနည်းသော်ကား ဦးထိပ်၌ အဘိသိက်သွန်းပြီးသော အမျိုးဂုဏ်ဇာတ်မြင့်မြတ်သော မင်းသည် ဖြတ်ခြင်း ခွဲခြင်း လူအပေါင်းကို ဆုံးမခြင်း၌ အစိုးရ၏၊ အလိုသို့လိုက်စေနိုင်၏၊ အရှင်ဖြစ်၏၊ အလိုအတိုင်းပြုနိုင်၏၊ အလုံးစုံသော မြေကြီးသည် ထိုမင်းအား ဆိုက်ရောက်၏။ မင်းမြတ် ဤအတူသာလျှင် ရှေးဘဝက မှီဝဲအပ်ကုန်သော အမြဲဆည်းကပ်အပ်ကုန်သော လေ့ကျင့်အပ်ကုန်သော အဖန်ဖန် လေ့ကျင့်အပ်ကုန်သော ဆည်းပူးအပ်ကုန်သော ပွါးများအပ်ကုန်သော ပြည့်စုံစေအပ်ကုန်သော ဤ္ဂတဆယ့်သုံးပါးသော ဓုတင်အကျင့်တို့ဖြင့် မြတ်စွာဘုရား သာသနာတော်မြတ်၌ အစိုးရ၏၊ အလိုသို့လိုက်စေနိုင်၏၊ အရှင်ဖြစ်၏ အလိုအတိုင်းပြုနိုင်၏၊ အလုံးစုံသော ရဟန်းဂုဏ်ကျေးဇူးတို့သည်လည်း ထိုအရိယာသာဝကအား ဆက်စပ်ကုန်၏။

မင်းမြတ် ဝင်္ဂန္တပုဏ္ဏားအ၏သားဖြစ်သော ဥပသေနမထေရ်သည် သလ္လေခဂုဏ် ဓုတင်ဂုဏ်တို့၌ ပြည့်ကျင့်ခြင်းကို ပြုလေ့ရှိသည်၏ အဖြစ်ကြောင့် သာဝတ္ထိပြည်၌ သံဃာ၏ပါစိတ်အာပတ်ကို ဒေသနာကြားစတမ်းဟူသော ကတိကဝတ်ကို မနာယူပဲ ပရိသတ်နှင့်တကွ တပါးတည်း ကိန်းနေတော်မူသော ဆုံးမတတ်သော ရထားထိန်းသဖွယ်ဖြစ်သော မြတ်စွာဘုရားသို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်၍ခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏။ မြတ်စွာဘုရားသည်လည်း ကောင်းစွာ ဆုံးမထားသော ထိုပရိသတ်ကိုကြည့်၍ ရွှင်ပျနှစ်သက် နှစ်ခြိုက်ဝမ်းမြောက်၍ ပရိသတ်နှင့်အတူ စကားပြောဆိုတော်မူပြီး၍ မကွဲမပျက်သော ဖြဟ္မာ၏ အသံနှင့်တူသော

http://www.dhammadownload.com



အသံဟော်ဖြင့် "ဥပသေန သင်၏ ဤပရိသတ်သည် ကြည်ညိုဖွယ်ရှိစွတကား၊ ဥပသေန သင်သည် အသို့လျှင် ပရိသတ်ကို ဆုံးမသနည်း"ဟု ဤစကားကို မိန့်တော်မူ၏။ ထိုဥပသေနမထေရ်သည်လည်း အလုံးစုံသော တရားကို သိတော်မူသော အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် မေးတော်မူအပ်သော် ဟုတ်မှန်တိုင်းသဘောဖြစ်သော ဂုဏ်၏အစွမ်းဖြင့် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—

အသျှင်ဘုရား အကြင်အမှတ်မရှိသောသူသည် အကျွန်ုပ်ထံသို့ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို သော်၎င်း နိဿရည်းကိုသော်၎င်းတောင်းအံ့၊ထိုသူ အား အကျွန်ုပ်သည် ဤသို့ဆိုပါ၏—"ငါ့သျှင် ငါသည် အာရညကင်ဓုတင်ဆောက်တည်၏ ပိဏ္ဍပါတ်ဓုတင်ဆောက်တည်၏ ပံသုကူဓုတင်ဆောက်တည်၏ တိစီဝရိက်ဓုတင်ဆောက်တည်၏၊ သင်သည်လည်း အကယ်၍ အာရညကင်ဓုတင်ဆောက်တည်အံ့ ပိဏ္ဍပါတ်ဓုတင်ဆောက်တည်အံ့ ပံသုကူဓုတင်ဆောက်တည်အံ့ တိစီဝရိက်ဓုတင်ဆောက်တည်အံ့၊ ဤသို့ဆောက်တည်ခဲ့သော် ငါသည် သင့်ကို ရှင်ရဟန်းပြုပေးအံ့၊ နိဿရည်းပေးအံ့"ဟု ပြောဆိုပါ၏၊ အသျှင်ဘုရား ထိုသူသည် အကျွန်ုပ်၏စကားကို ကြားရ၍ နှစ်သက် ကြေနပ်ခဲ့မူ အကျွန်ုပ်သည် ထိုသူ့ကို ရှင်ရဟန်းပြုပေးပါ၏ နိဿရည်းပေးပါ၏၊ အကယ်၍ မနှစ်သက် မကြေနပ်ခဲ့မူ ထိုသူ့ကို ရှင်ရဟန်းပြုမပေးပါ နိဿရည်းမပေးပါ၊ အသျှင်ဘုရား ဤသို့လျှင် အကျွန်ုပ်သည် ပရိသတ်ကို ဆုံးမပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤသို့လျှင် ဓုတင်အကျင့်မြတ်ကို ဆောက်တည်သောပုဂ္ဂိုလ်သည် မြတ်စွာဘုရား သာသနာတော်မြတ်၌ ဆိုးရ၏၊ အလိုလိုက်စေနိုင်၏၊ အရှင်ဖြစ်၏၊ အလိုအတိုင်း ပြုနိုင်၏၊ သိမ်မွေ့ ချမ်းသာကုန်သော သမာပတ် အားလုံးတို့သည် ထိုပုဂ္ဂိုလ်အား ဆက်စပ်ကုန်၏။

မင်းမြတ် ဥပမာအားဖြင့် ပဒုမာကြာသည် အလွန်ကြီးပွါး သန့်စင်သော ဇာတ်လျှင်ဖြစ်ကြောင်းရှိ၏ နူးညံ့၏ လိုချင်ဖွယ်ရှိ၏ ရနံ့ကောင်း၏ ချစ်အပ်၏ တောင့်တအပ်၏ ချီးမွမ်းအပ်၏ ရေညွန်ဖြင့် မလိမ်းကျံ ဝတ်မှုံကြာဖတ် ကြာဝတ်ဆံ ကြာချပ်တို့ဖြင့် တန်ဆာဆင်အပ်၏၊ ပိတုန်းအပေါင်းသည် မှီဝဲအပ်၏၊ မြေသောရေ၌ ကြီးပွါး၏။ မင်းမြတ် ဤအတူသာလျှင် ရှေးဘဝက မှီဝဲအပ်ကုန်သော အမြဲဆည်းကပ်အပ်ကုန်သော လေ့ကျင့်အပ်ကုန်သော အဖန်ဖန် လေ့ကျင့်အပ်ကုန်သော ဆည်းပူးအပ်ကုန်သော ပွါးများအပ်ကုန်သော ပြည့်စုံစေအပ်ကုန်သော ဤတဆယ့်သုံးပါးသော ဓုတင်ဂုဏ်ကျေးဇူးတို့ဖြင့် အရိယသာဝကသည် သုံးဆယ်သော ဂုဏ်ကျေးဇူးမြတ်တို့နှင့် ပြည့်စုံ၏။

အဘယ်သုံးဆယ်သော ဂုဏ်ကျေးဇူးတို့နှင့်ပြည့်စုံသနည်းဟူမူ—ပြေပြစ်နူးညံ့ပြော့ပျောင်းသော မေတ္တာစိတ်ရှိသူဖြစ်၏၊ ကိလေသာတို့ကို ဖျက်ဆီးသတ်ပုတ် ပယ်နုတ်ပြီးသူဖြစ်၏၊ မာန်ထောင်ခြင်း မာန်မူခြင်းကို ပယ်ပြီးသူဖြစ်၏၊ မဘုန်မလှုပ် မြဲမြံစွာသက်ဝင်၍ ယုံမှားကင်းသော သဒ္ဓါတရားရှိသူဖြစ်၏၊ ပြည့်လျှမ်းနှစ်မြို့ကြည် ရွှင်ခင်မင်စဖွယ် မြေသိမ်မွေ့ချမ်းသာသော သမာပတ်ကို ရသူဖြစ်၏၊ သီလဟူသော အလွန်မြတ်သော အတုမရှိ စင်ကြယ်သော အနံ့ဖြင့် ထုံအပ်သူဖြစ်၏၊ နတ်လူတို့ ချစ်ခင်မြတ်နိုးအပ်သူဖြစ်၏၊ ရဟန္တာသခင် အရိယာအရှင် မြတ်သော ပုဂ္ဂိုလ်တို့ တောင့်တအပ်သူဖြစ်၏၊ နတ်လူတို့ ရှိခိုးပူဇော်အပ်သူဖြစ်၏၊ အလွန့်အလွန်ပညာရှိသော ပဏ္ဍိတ်ဖြစ်သူတို့ အလွန့်အလွန်ချီးကျူးထောမနာ လွန်စွာချီးမွမ်းအပ်သူဖြစ်၏၊ ဤလူ့ပြည်၌၎င်း ဘုံနတ်ပြည် ဗြဟ္မာ့ပြည်၌၎င်း လောကနှင့်မလိမ်းကျံသူဖြစ်၏၊ အလွန်အနည်းငယ်မျှသော အပြစ်၌သော်လည်း ဘေးဟု ရှုလေ့ရှိသူဖြစ်၏၊ ပြန့်ပြောများမြတ်သော သမ္ပတ္တိကို လိုလားသူတို့၏ မဂ်ဖိုလ်ဟူသောအကျိုးကို

http://www.dhammadownload.com



ပြီးစေနိုင်သူဖြစ်၏၊ တောင့်တအပ်၍ ပြန့်ပြောမွန်မြတ်စွာသော ပစ္စည်းကို ရသူဖြစ်၏၊ မြဲသော ကျောင်းအိပ်ရာနေရာ မရှိသူဖြစ်၏၊ ဈာန်၌ သက်ဝင်၍ ထိုဈာန်မြတ်ဖြင့်သာ နေထိုင်လေ့ရှိသူဖြစ်၏၊ ဖြတ်ရှင်းအပ်သော ကိလေသာကွန်ရက်လျှင် တည်ရာရှိသူဖြစ်၏၊ ကောက်ကွေ့ဖုံးလွှမ်းသော ဂတိ နိဝရဏတို့ကို ခွဲဖျက်ပြီး ကောက်ကွေးစေပြီး ကောင်းစွာဖြတ်ပြီးသူဖြစ်၏၊ မပျက်စီးခြင်း သဘော ရှိသူဖြစ်၏၊ အလွန်နှိပ်ချသော နေထိုင်ခြင်းရှိသူဖြစ်၏၊ အပြစ်ကင်းသော အသုံးအဆောင်ရှိသူ ဖြစ်၏၊ နိရယဂတိစသော ဂတိငါးပါးမှလွတ်သူဖြစ်၏၊ အလုံးစုံသော ယုံမှားကို လွန်မြောက်ပြီးသူ ဖြစ်၏၊ အရဟတ္တဖိုလ်လျှင် တောင့်တအပ်သောအကျိုးရှိသူဖြစ်၏၊ မဂ်ဖိုလ်တရားကို မြင်ပြီးသူဖြစ်၏၊ မတုန်မလှုပ် မြဲမြံ၍ ကြောက်လန့်သူတို့၏အားကိုးရာ အကြောက်ကင်းရာ နိဗ္ဗာန်သို့ ကပ်ရောက်သူ ဖြစ်၏၊ အနုသယကို ပိုင်းဖြတ်နိုင်သူဖြစ်၏၊ အလုံးစုံသော အာသဝေါကုန်ခန်းခြင်းသို့ ရောက်သူ ဖြစ်၏၊ မြေချမ်းသာသော သမာပတ်ကို ဝင်စား၍ နေထိုင်ခြင်းများသူဖြစ်၏၊ အလုံးစုံသော ရဟန်း၏ ဂုဏ်ကျေးဇူးအပေါင်းနှင့် ကောင်းစွာ ပြည့်စုံသူဖြစ်၏၊ ဤသုံးဆယ်သော ဂုဏ်ကျေးဇူး မြတ်တို့နှင့် ပြည့်စုံ၏။

မင်းမြတ် အသျှင်သာရိပုတြာမထေရ်သည် တသောင်းသောလောကဓာတ်၌ လောကသုံးပါး၏ ဆရာဖြစ်သော ဘုရားရှင်ကိုထား၍ အမြတ်ဆုံး မဟုတ်ပါလော၊ ထိုအသျှင်သာရိပုတြာမထေရ် သည်ပင်လည်း မန္တိုင်းရှည် မရေတွက်နိုင်သော ကမ္ဘာတို့ပတ်လုံး ကောင်းစွာဆည်းပူးအပ်သော ကုသိုလ်လျှင် အရင်းခံရှိသည်ဖြစ်၍ မြတ်သောပုဏ္ဏားမျိုးဖြစ်လျက် နှစ်ခြိုက်ဖွယ်ရာ ကာမဂုဏ်၌ မွေ့လျော်ခြင်းကိုရင်း ရာပေါင်းများစွာ အရေအတွက် ရှိသော ဥစ္စာမြတ်ကိုရင်း စွန့်ပယ်၍ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုခဲ့ပြီးလျှင် ဤတဆယ့်သုံးပါးသော ဓုတင်အကျင့် တို့ဖြင့် ကိုယ်နှုတ်စိတ်ကို ဆုံးမလျက် ယခုထက်တိုင် အဆုံးမရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူ၍ ဂေါတမ မြတ်စွာဘုရား၏ သာသနာတော် မြတ်ဝယ် တရားစက်ကြီးကို အတုလိုက်၍ လည်စေနိုင်သူ ဖြစ်ပေ၏၊ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရား သည် ဧကင်္ဂုတ္တရနိကာယ်ဟု တံဆိပ်ခပ်အပ်သော ပါဠိတော်၌—

> "ရဟန်းတို့ ဤသာရိပုတြာသည် မြတ်စွာဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာသာလျှင် အတုလိုက်၍ လည်စေနိုင်သကဲ့သို့ ဤအတူ မြတ်စွာဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာသာလျှင် အတုလိုက်၍ လည်စေ နိုင်သော အခြား တဦးသော ပုဂ္ဂိုလ်ကိုမျှလည်း ငါမမြင်၊ ရဟန်းတို့ သာရိပုတြာသည် မြတ်စွာဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာသာလျှင် အတု လိုက်၍ လည်စေ၏"ဟု ဤစကားတော်ကို မြတ်စွာဘုရား ဟောတော်မူအပ်၏ဟု (မိန့် တော်မူ၏)။

အသျှင်ဘုရားနာဂသေန ကောင်းလှပါပေ၏၊ အလုံးစုံသော အင်္ဂါကိုးပါးရှိသော မြတ်စွာ ဘုရား စကားတော်သည်ရင်း လောကုတ္တရာဖြစ်သော အကြင်ပြုဖွယ်သည်ရင်း လောက၌ အကြင် ရအပ်သော ပြန့်ပြောမွန်မြတ်သော ချမ်းသာမျိုးတို့သည်ရင်း ရှိကုန်၏၊ ထိုအလုံးစုံသည် တဆယ့် သုံးပါးသော ဓုတင်အကျင့်တို့၌ စုပေါင်းဆိုက်ရောက်ပါ၏ဟု (လျှောက်၏)။

နှစ်ခုမြောက် ဓုတင်ပဉှာ ပြီး၏။

## လေးခုမြောက် အနုမာနဝဂ် ပြီး၏။

http://www.dhammadownload.com

# ၆-ဩပမ္မကထာပဉှာ

## မာတိကာ

အသျှင်ဘုရားနာဂသေန အဘယ်မျှလောက်သော အင်္ဂါတို့နှင့် ပြည့်စုံသော ရဟန်းသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါသနည်းဟု (မေးလျှောက်၏)။

မင်းမြတ် ဤသာသနာတော်၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလိုသောရဟန်းသည်—

မြည်း၏ အင်္ဂါတပါးကို ယူအပ် ၏။

ကြက်၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏။

ရှဉ့်နက်၏ အင်္ဂါတပါးကို ယူအပ်၏။

သစ်မ၏ အင်္ဂါတပါးကို ယူအပ်၏။

သစ်ဖို၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။

လိပ်၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏။

ဝါးပင်၏ အင်္ဂါတပါးကို ယူအပ်၏။

လေး၏ အင်္ဂါတပါးကို ယူအပ်၏။

ကျီး၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။

မျောက်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။

ရှေးဦးစွာသော ဂဒြဘဝဂ် ပြီး၏။

ဗူးနွယ်၏ အင်္ဂါတပါးကို ယူအပ်၏။

ပဒုမကြာ၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။

မျိုးစေ့၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။

သာလကလျာဏီပင်၏ အင်္ဂါတပါးကို ယူအပ်၏။

လှေ၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။

ကျောက်ဆူး၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။

လင်းယဉ်တိုင်၏ အင်္ဂါတပါးကို ယူအပ်၏။

လှေသူကြီး၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။

အမှုလုပ်လှေထိုးသား၏ အင်္ဂါတပါးကို ယူအပ်၏။

သမုဒြာ၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏။

နှစ်ခုမြောက် သမုဒ္ဒဝဂ် ပြီး၏။

http://www.dhammadownload.com



မြေကြီး၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏။
ရေ၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏။
မီး၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏။
လေ၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏။
တောင်၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏။
ကောင်းကင်၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏။
လ၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏။
နေ၏ အင်္ဂါခုနစ်ပါးတို့ကို ယူအပ်ကုန်၏။
သိကြားမင်း၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။
စကြဝတေးမင်း၏ အင်္ဂါလေးပါးတို့ကို ယူအပ်ကုန်၏။

သုံးခုမြောက် ပထဝီဝဂ် ပြီး၏။

ခြ၏ အင်္ဂါတပါးကို ယူအပ်၏။
ကြောင်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
ကြွက်၏ အင်္ဂါတပါးကို ယူအပ်၏။
ကင်းမြီးကောက်၏ အင်္ဂါတပါးကို ယူအပ်၏။
မြွေပါ၏ အင်္ဂါတပါးကို ယူအပ်၏။
မြေခွေးအို၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
သမင်၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။
နွားအပေါင်း၏ အင်္ဂါလေးပါးတို့ကို ယူအပ်ကုန်၏။
ဝက်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
ဆင်၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏။

လေးခုမြောက် ဥပစိကာဝဂ် ပြီး၏။

ခြင်္သေ့၏ အင်္ဂါခုနစ်ပါးတို့ကို ယူအပ်ကုန်၏။
စက္ကဝါကငှက်၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။
အောက်ချင်းငှက်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
အိမ်ခို၏ အင်္ဂါတပါးကို ယူအပ်၏။
ခင်ပုပ်ငှက်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
ခေါက်ရှာငှက်၏ အင်္ဂါတပါးကို ယူအပ်၏။
လင်းနို့၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။

http://www.dhammadownload.com



မြွေ၏ အင်္ဂါတပါးကို ယူအပ်၏။
မြွေ၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။
စပါးကြီးမြွေ၏ အင်္ဂါတပါးကို ယူအပ်၏။

ငါးခုမြောက် သီဟဝဂ် ပြီး၏။

ပင့်ကူ၏ အင်္ဂါတပါးကို ယူအပ်၏။
နို့စို့သူငယ်၏ အင်္ဂါတပါးကို ယူအပ်၏။
ကုန်းလိပ်ပြောက်၏ အင်္ဂါတပါးကို ယူအပ်၏။
တောအုပ်၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏။
သစ်ပင်၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။
မိုး၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏။
ပတ္တမြားရတနာ၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။
သားမုဆိုး၏ အင်္ဂါလေးပါးတို့ကို ယူအပ်ကုန်၏။
ငါးမြားသူ၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
တစည်းသမား၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။

ခြောက်ခုမြောက် မက္ကဋဝဂ် ပြီး၏။

အိုး၏ အင်္ဂါတပါးကို ယူအပ်၏။
တီးတုတ်ငှက်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
ထီး၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။
လယ်၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။
အဆိပ်ဖြေဆေး၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
ဘောဇဉ်၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။
လေးသမား၏ အင်္ဂါလေးပါးတို့ကို ယူအပ်ကုန်၏။

ခုနစ်ခုမြောက် ကုမ္ဘဝဂ် ပြီး၏။

မင်း၏ အင်္ဂါလေးပါးတို့ကို ယူအပ်ကုန်၏။
တံခါးစောင့်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
ခဲသွေးကျောက်၏ အင်္ဂါတပါးကို ယူအပ်၏။
ဆီမီး၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
ဥဒေါင်း၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။

http://www.dhammadownload.com



မြင်း၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
ထုံးအိုင်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
တံခါးခုံ၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
ချိန်ခွင်၏ အင်္ဂါတပါးကို ယူအပ်၏။
သန်လျက်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
ငါး၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
မြီစား၏ အင်္ဂါ ါတပါးကို ယူအပ်၏။
သူနာ၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
သေသူ၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
မြစ်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
နွားလားဥသဘ၏ အင်္ဂါတပါးကို ယူအပ်၏။
ခရီးလမ်း၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
အခွန်ခွဲခံသောသူ၏ အင်္ဂါတပါးကို ယူအပ်၏။
ခိုးသူ၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။
သိမ်းငှက်၏ အင်္ဂါတပါးကို ယူအပ်၏။
ခွေး၏ အင်္ဂါတပါးကို ယူအပ်၏။
ဆေးသမား၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။
ကိုယ်ဝန်ဆောင်မိန်းမ၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
စာမရီသား၏ အင်္ဂါတပါးကို ယူအပ်၏။
တိတီတွတ်ငှက်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
ခိုမ၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။
မျက်စိတဖက်သာရှိသောသူ၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
လယ်ထွန်သမား၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။
မြေခွေးမ၏ အင်္ဂါတပါးကို ယူအပ်၏။
စင်္ကဝါရက၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
ယောက်မ၏ အင်္ဂါတပါးကို ယူအပ်၏။
ကြွေးချပေးသောသူ၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏။
တရားစိစစ်သူ၏ အင်္ဂါတပါးကို ယူအပ်၏။
ရထားထိန်း၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
စားဖွယ်ကို စားသောက်သောသူ၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏။
အပ်ချုပ်သမား၏ အင်္ဂါတပါးကို ယူအပ်၏။

http://www.dhammadownload.com



လေ့လာသူကြီး လေ့စီးသူ၏ အင်္ဂါတပါးကို ယူအပ်၏။
ပျားပိတုံး၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

အကျဉ်းခေါင်းစဉ် 'မာတိကာ' ပြီး၏။

---

## ၁-ဂဒြဘဝဂ် ၁-ဂဒြဘာဂ်ပဥ္စမ

### (မြည်း၏ အင်္ဂါ ပြဿနာ)

၁။ အသျှင်ဘုရားနာဂသေန "မြည်း၏ အင်္ဂါတပါးကို ယူအပ်၏"ဟူ၍ ဆိုတော်မူ၏၊အဘယ် အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ဥပမာအားဖြင့် မြည်းမည် သည်ကား တံမြက်ချေးစွန့်ရာ (အမှိုက်ပုံ) ၌ရင်း ခရီးလမ်းဆုံ၌ရင်း ခရီးစပ် လမ်းကြား၌ရင်း ရွာတံခါး၌ရင်း ဖွဲပုံ၌ရင်း အမှတ်မရှိတခုခုသော နေရာ၌ အိပ်နိုင်၏၊ အအိပ်မများ၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မြက်အခင်း၌ဖြစ်စေ သစ်ရွက် အခင်း၌ ဖြစ်စေ သစ်ခင်းညောင်စောင်း၌ ဖြစ်စေ မြေ၌ဖြစ်စေ အမှတ်မရှိ တခုခုသော နေရာ၌ သားရေနယ်ကို ခင်း၍ အိပ်ရာ၏၊ (ထိုသို့ အိပ်သော်လည်း) များစွာ မအိပ်ရာ။ မင်းမြတ် မြည်း၏ ဤအင်္ဂါတပါးကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် "ရဟန်းတို့ ယခုအခါ၌ ငါဘုရား၏ တပည့်'သာဝက'တို့သည် ထင်းဆွေးတုံးနှင့်တူကုန်၍ ကမ္မဋ္ဌာန်း ကို အားစိုက်ခြင်း၌ မမေ့မလျော့ကုန်ပဲ လုံ့လ ကြိုးကုတ် အားထုတ် နေထိုင်ကုန်၏"ဟု (မိန့်တော်မူ၏)။ မင်းမြတ် တရားစစ်သူကြီး ဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ် သည်လည်း—

> "ထက်ဝယ် ဖွဲ့ခွေ ထိုင်နေသော ယောဂီရဟန်းအား ပုဆစ်ဒူးဝန်း နှစ်ဖက်တို့ကို မိုးရေမစွတ်၊ (ဤမျှလောက် မိုးလုံသော နေရာ ရကာမျှဖြင့်) နိဗ္ဗာန်သို့ စေလွှတ် အပ်သော စိတ်ရှိသော ရဟန်းအား ချမ်းသာစွာနေခြင်းငှါ သင့်လျော်ပေ၏" ဟူသော ဤစကားကိုလည်း ဟောတော်မူအပ်၏။

ရှေးဦးစွာသော ဂဒြဘာဂ်ပဥ္စမ ပြီး၏။

---

## ၂-ကုက္ကုဋ္ဌာဂ်ပဥ္စမ

### (ကြက်၏ အင်္ဂါပြဿနာ)

၂။ အသျှင်ဘုရားနာဂသေန "ကြက်၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ဆိုတော်မူ၏၊ အဘယ်အင်္ဂါငါးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ကြက်သည် လျောက်ပတ် သင့်လျော်သော အချိန်အခါ၌ အိပ်တန်းတက်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် လျောက်ပတ်သင့်လျော်သော အချိန်အခါ၌ စေတီ ယင်ပြင်ကို တံမြက်လှည်း၍ သောက်ရေ သုံးဆောင်ရေကို ထည့်ထားပြီးနောက် ကိုယ်ကို သုတ်သင်

http://www.dhammadownload.com



ပြီးလျှင် စေတီတော်ကို ရှိခိုး၍ သီတင်းကြီးရဟန်းတို့အား ဖူးမြင်ရန် သွား၍ လျောက်ပတ် သင့်လျော်သော အချိန်အခါ၌ ဆိတ်ငြိမ်ရာအရပ်သို့ ဝင်ရာ၏၊ မင်းမြတ် ကြက်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ကြက်သည် လျောက်ပတ်သင့်လျော်သော အချိန်အခါ၌ပင် ထသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် လျောက်ပတ်သင့်လျော်သော အချိန်အခါ၌ပင် အိပ်ရာမှထ၍ စေတီယင်ပြင်ကို တံမြက်လှည်း၍ သောက်ရေ သုံးရေကို ထည့်ထားပြီးနောက် ကိုယ်ကို သုတ်သင်ပြီးလျှင် စေတီတော်ကို ရှိခိုးပြီး၍ တဖန် ဆိတ်ငြိမ်ရာအရပ်သို့ ဝင်ရာ၏၊ မင်းမြတ် ကြက်၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ကြက်သည် မြေကို ယက်ကာယက်ကာ အစာကို ကောက်ယူစားမျိုသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဆင်ခြင်၍ ဆင်ခြင်၍ အစာအာဟာရကို သုံးဆောင်ရာ၏၊မြူး ရွှင်ခြင်းငှါ မသုံးဆောင်အပ်၊မာန်ယစ်ခြင်းငှါ မသုံးဆောင်အပ်၊ အရေအသား ကြည်လင်စေခြင်းငှါ မသုံးဆောင်အပ်၊ တန်ဆာဆင်ယင်ခြင်းငှါ မသုံးဆောင်အပ်၊ဤကိုယ်၏ တည်တံ့ခိုင်မြဲရှိသာ မျှတရှိသာ ဆာလောင်မှုဖြင့် ညှဉ်းဆဲခြင်းကို ပယ်ဖျောက်ရုံမျှသာ မြတ်သောအကျင့်ကို ချီးမြှောက်ထောက်ပံ့နိုင်ရုံမျှသာ သုံးဆောင်ရာ၏၊ ဤဆွမ်းအာဟာရဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်နိုင်အံ့၊ ခတ်ဖောက်ပြန်ခြင်းစသော ဝေဒနာသစ်ကိုလည်း မဖြစ်ပွါးစေအံ့၊ ငါ့အား တရက်တလ မျှတနိုင်ခြင်းသည်ရှင်း အပြစ်ကင်းလွတ်ခြင်းသည်ရှင်း ချမ်းချမ်းသာသာ နေထိုင်ခြင်းသည်ရှင်း ဖြစ်လတ္တံ့ဟု သုံးဆောင်ရာ၏၊ မင်းမြတ် ကြက်၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

"ခရီးခဲ၌ မိမိသား၏ အသားကဲ့သို့ရှင်း လှည်းဝင်ရိုး၏ သုတ်လိမ်းသော လှည်းစာဆီကဲ့သို့ရှင်း ဤအတူ ဆွမ်းဘောဇဉ်ကို မတပ်မက်ပဲ မျှတခြင်းငှါ သုံးဆောင်ရာ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

မင်းမြတ် နောက်တမျိုးကား ကြက်သည် မျက်စိရှိသော်လည်း ညဉ့်အခါ၌ ကန်းသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မကန်းပဲလျက် ကန်းသကဲ့သို့ ဖြစ်ရာ၏၊ တော၌ဖြစ်စေ ဆွမ်းခံရွာ၌ဖြစ်စေ ဆွမ်းအလို့ငှါ လှည့်လည်ရာ၌ဖြစ်စေ တပ်မက်ဖွယ်ဖြစ်ကုန်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့၌ ကန်းသကဲ့သို့ နားပင်းသကဲ့သို့ အ သကဲ့သို့ ဖြစ်ရာ၏၊ယောကျ်ား မိန်းမ အဆင်း အသံစသော အမှတ်နိမိတ်ကို မယူရာ၊ လက်ခြေစသော သဏ္ဌာန်ကို မယူရာ၊ မင်းမြတ် ကြက်၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် အသျှင်မဟာကစ္စာယနမထေရ်သည်—

"ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မျက်စိရှိလျက်လည်း ကန်းသူကဲ့သို့ ဖြစ်ရာ၏၊ နားရှိလျက်လည်း နားပင်းသူကဲ့သို့ ဖြစ်ရာ၏၊ ပညာရှိလျက်လည်း သူအကဲ့သို့ ဖြစ်ရာ၏၊အားရှိလျက်လည်း အားနည်းသူကဲ့သို့ဖြစ်ရာ၏၊ကိုယ်ကျိုးဖြစ်ပေါ်လတ်သော် သူသေအိပ်ခြင်းကဲ့သို့ အိပ်ရာ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

မင်းမြတ် နောက်တမျိုးကား ကြက်သည် ခဲ တုတ် ဆောက်ပုတ် တင်းပုတ်တို့ဖြင့် ပစ်ခတ်ချသော်လည်း မိမိအိမ်ကို မစွန့်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သင်္ကန်းချုပ်ခြင်းအမှုကို ပြုသော်ရှင်း အမှုသစ်ကို ပြုသော်ရှင်း ဝတ်ကြီးဝတ်

http://www.dhammadownload.com



ယယ်ပြုသော်ရှင်း ပါဠိသင်သော်ရှင်း ပါဠိသင်စေသော်ရှင်း သင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်းကို မစွန့်ရာ၊ မင်းမြတ် ဤသင့်လျော်သော အားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ' သည်ကား ယောဂီပုဂ္ဂိုလ်၏ ကိုယ်ပိုင် အိမ်တည်း၊မင်းမြတ် ကြက်၏ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်—"ရဟန်းတို့ မိမိအဖ မြတ်စွာဘုရား၏ ဥစ္စာဖြစ်သော ရဟန်း၏ ကျက်စားရာ အာရုံပြုရာသည် အဘယ်နည်း၊ ဤသတိပဋ္ဌာန် လေးပါးတို့ပင်တည်း"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။ မင်းမြတ် တရားစစ်သူကြီးဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်လည်း—

> "ကောင်းစွာ ယဉ်ကျေးပြီးသော ဆင်သည် မိမိ၏နှာမောင်းကို မနင်းသကဲ့သို့ရှင်း မိမိ၏ အသက်မွေးခြင်းကို ပြုကြောင်းဖြစ်သော စားသင့်သော အစာ မစားသင့်သောအစာကို သိသကဲ့သို့ရှင်း ထို့အတူ သာလျှင် မြတ်စွာဘုရားသားတော်သည် မမေ့မလျော့သဖြင့် သာလျှင် အလွန်မြတ်သော နှလုံးသွင်းခြင်းဟူသော မြတ်စွာဘုရား အဆုံးအမ စကားတော်ကို မနှိပ်နင်း မချိုးဖျက်အပ်"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

နှစ်ခုမြောက် ကုက္ကုဋင်္ဂပဥှ၁ ပြီး၏။

---

## ၃-ကလန္ဒကင်္ဂပဥှ၁

### (ရှဉ့်၏ အင်္ဂါ ပြဿနာ)

၃။ အသျှင်ဘုရားနာဂသေန "ရှဉ့်၏ အင်္ဂါတပါးကို ယူအပ်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ရှဉ့်သည် ရန်သူရှေးရှု ရောက်လာသည်ရှိသော် အမြီးကိုခါ၍ ကြီးအောင်ပြုလျက် ထိုအမြီးဆောက်ပုတ်ဖြင့်သာ ရန်သူကို ပယ်လှန်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကိလေသာရန်သူ ရှေးရှုရောက်လာသည်ရှိသော် သတိပဋ္ဌာန်ဆောက်ပုတ်ကို ခါတွက်၍ ကြီးအောင် ပြုလျက် ထိုသတိပဋ္ဌာန်ဆောက်ပုတ်ဖြင့်သာလျှင် အလုံးစုံသော ကိလေသာတို့ကို ပယ်ရှားအပ်ကုန်၏။ မင်းမြတ် ရှဉ့်၏ တပါးသော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် စူဠပန္ထက မထေရ်သည်—

> "အကြင်အခါ၌ ရဟန်း၏ဂုဏ်ကို ဖျက်ဆီးတတ်ကုန်သော ကိလေသာတို့ ရှေးရှု ရောက်လာကုန်၏၊ ထိုအခါ ကိလေသာတို့ကို သတိပဋ္ဌာန်ဆောက်ပုတ်ဖြင့် အဖန်ဖန် အထပ်ထပ် သတ်ပုတ်အပ်ကုန်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

သုံးခုမြောက် ကလန္ဒကင်္ဂပဥှ၁ ပြီး၏။

---

## ၄-ဒီပိနိယင်ပဥှ၁

### (သစ်မ၏ အင်္ဂါ ပြဿနာ)

၄။ အသျှင်ဘုရားနာဂသေန "သစ်မ၏ အင်္ဂါတပါးကို ယူအပ်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် သစ်မသည် တကြိမ်

http://www.dhammadownload.com



သာလျှင် ကိုယ်ဝန်ကို ယူ၏၊ အဖန်ဖန် အထပ်ထပ် သစ်ဖိုသို့ မချဉ်းကပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် နောင်အခါ ပဋိသန္ဓေ တည်နေ ဖြစ်ပွါးရခြင်း အမိဝမ်း၌ ကိန်းရခြင်း စုတေရွေ့လျောရခြင်း ပျက်စီးခြင်း ကုန်ခြင်း ပျက်ပြား ခြင်းကိုရင်း သံသရာဘေးကိုရင်း မကောင်းသောဘဝကိုရင်း မညီညွတ်သည်ကိုရင်း နှိပ်စက်အပ် သည်ကိုရင်း မြင်၍ "ဒုတိယဘဝ၌ ပဋိသန္ဓေမနေတော့အံ့"ဟု သင့်လျော်သောအားဖြင့် နှလုံး သွင်းခြင်းကို ပြုရာ၏။ မင်းမြတ် သစ်မ၏ ဤအင်္ဂါတပါးကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ် တော်မူသော မြတ်စွာဘုရားသည် သုတ္တနိပါတ် ဓနိယဂေါပါလကသုတ်၌—

"ဓနိယ နွားလားဥသဘသည် ဖွဲ့ကြိုးတို့ကို ဖြတ်သကဲ့သို့(ဥဒ္ဓံဘာဂိယသံယောဇဉ်ငါးပါး ဟူသော) အနှောင်အဖွဲ့ (ဖွဲ့ကြိုး)တို့ကို ပိုင်းဖြတ်၍ရင်း ဆင်ပြောင်ကြီးသည် ဆင်သမ နွယ်ကို ဖြတ်သကဲ့သို့ (ဩရမ္ဘာဂိယသံယောဇဉ်ငါးပါးဟူသော) အနှောင်အဖွဲ့ (ဖွဲ့ကြိုး) တို့ကို ဖြတ်၍ရင်း သွားတော့အံ့၊ငါသည် အမိဝမ်း၌ တဖန်ကိန်းအောင်းခြင်းသို့ ကပ်ရောက် တော့မည် မဟုတ်၊ သို့ဖြစ်သောကြောင့် မိုးမင်း အကယ်၍ ရွာလိုမူ ရွာတော့လော့"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

လေးခုမြောက် ဒီပိနိယင်္ဂပဉှာ ပြီး၏။

---

## ၅-ဒီပိကင်္ဂပဉှာ

### (သစ်ဖို၏ အင်္ဂါ ပြဿနာ)

၅။ အသျှင်ဘုရားနာဂသေန "သစ်ဖိုလ်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော် မူ၏၊ အဘယ်အင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်း ဟု(မေးလျှောက်၏)။မင်းမြတ် သစ်ဖိုသည် တော၌ အသွားခက်သော မြက်တော သစ်တော တောင်ကို အမှီပြု၍ ပုန်းအောင်း၍ သားကောင်တို့ကို ဖမ်းယူသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီ ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ တော သစ်ပင်ရင်း တောင်ချောက် တောင်ခေါင်း သုသာန် တောအုပ် လွင်တီးခေါင် ကောက်ရိုးပုံကိုရင်း လူသံနည်းသော ကြွေးကြော်သံနည်းသော လူတို့၏သွားလာမှု ကြောင့်ဖြစ်သည့် လေမှကင်းသော လူတို့၏လျှို့ဝှက်မှုကို ပြုလုပ်ခြင်းငှါ လျော်ကပတ်သော တယောက်တည်း ကိန်းအောင်းခြင်းငှါ လျော်ကပတ်သော နေရာကိုရင်း မှီဝဲရာ၏၊ မင်းမြတ် ဆိတ်ငြိမ်ရာကို မှီဝဲသော ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မကြာမီပင် အဘိညာဉ် ခြောက်ပါးတို့၌လည်း လေ့လာပြီးခြင်းသို့ ရောက်၏။ မင်းမြတ် သစ်ဖို၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် သင်္ဂါယနာတင် မထေရ်တို့သည်—

"သစ်ဖိုမည်သည် (တောတောင်၌) ပုန်းအောင်း၍ သားကောင်တို့ကို ဖမ်းသကဲ့သို့ ထို့အတူသာလျှင် အမြဲယှဉ်သော လုံ့လရှိသော ဝိပဿနာပွါးထုံသော ဤဘုရားရှင်၏ သားတော်သည် တောသို့ဝင်၍ မြတ်သော ဖိုလ်တရားကို ဖမ်းယူ၏"ဟု ဤစကားကိုလည်း ဆိုတော်မူအပ်၏။

မင်းမြတ် နောက်တမျိုးကား သစ်ဖိုသည် အမှတ်မရှိသော သားကောင်ကို သတ်၍ လက်ဝဲနံ ပါးဖြင့် လဲကျသော သားကောင်ကို မစားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်း

http://www.dhammadownload.com



သော ယောဂီပုဂ္ဂိုလ်သည် ဝါးပေးခြင်းဖြင့်ရင်း သစ်ရွက်ပေးခြင်းဖြင့်ရင်း ပန်းပေးခြင်းဖြင့်ရင်း သစ်သီးပေးခြင်းဖြင့်ရင်း ရေချိုးဆပ်ပြာပေးခြင်းဖြင့်ရင်း မြေညက်ပေးခြင်းဖြင့်ရင်း ရေချိုးကသယ်မှုန့်ပေးခြင်းဖြင့်ရင်း တံပူပေးခြင်းဖြင့်ရင်း မျက်နှာသစ်ရေပေးခြင်းဖြင့်ရင်း မြှောက်ပင့်ပြောဆိုခြင်းဖြင့်ရင်း ပဲနောက်ဟင်းအလား စကားမမှန်တခွန်း မှန် တခွန်းပြောဆိုခြင်းဖြင့်ရင်း အထိန်းသဖွယ် သူငယ်ကိုပွေ့ပြင်၍ ဆင်ပြင်ထိန်းသခြင်းဖြင့်ရင်း ဒါယကာတို့ စေပါးသည်ကို သွားလာခြင်းဖြင့်ရင်း ဆေးဝါးကုသခြင်းဖြင့်ရင်း တမန်အမှုဖြင့်ရင်း စေခိုင်းသည်ကို သွားလာခြင်းဖြင့်ရင်း ဆွမ်းတုံ့ပေးခြင်းဖြင့်ရင်း ပေးတုံ့ပေးသဖြင့်ရင်း အိမ်ယာမြေစသည်ကို စီရင်သဖြင့်ရင်း နက္ခတ်ဆိုး ကောင်း ဟောသဖြင့်ရင်း အင်္ဂဝိဇ္ဇာအတတ် ဟောသဖြင့်ရင်း ဆိုပြီးသည်မှတပါး အခြားသောဘုရားရှင် ကဲ့ရဲ့တားမြစ်အပ်သော မိစ္ဆာဇီဝဖြစ်စေအပ်သော ဘောဇဉ်ကို လက်ဝဲနံပါးဖြင့် လဲကျသော သားကောင်ကို သစ်ဖိုသည် မစားသကဲ့သို့ မစားရာ၊ မင်းမြတ် သစ်ဖို၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ တရားစစ်သူကြီးဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်—

"ငါသည် နှုတ်မြွက်ပြောဆိုရခြင်းကြောင့်ဖြစ်သော ကောင်းမြတ်သော နို့ဃနာဆွမ်းကို အကယ်၍ စားသည်ဖြစ်အံ့၊ ငါ၏အသက်မွေးမှုသည် ကဲ့ရဲ့အပ်သည် ဖြစ်ရာ၏၊

ငါ၏ အအူသည် အပြင်သို့ထွက်၍ ကျက်စားမူလည်း ကျက်စားစေကာမူ အသက်ကို စွန့်ရစေကာမူ ငါ၏ အသက်မွေးမှုကို မဖျက်ဆီးတော့အံ့"ဟု ဟောတော်မူအပ်၏။

ငါးခုမြောက် ဒီပိကဂ်ပဥ္စာ ပြီး၏။

---

## ၆-ကုမ္မဂ်ပဥ္စာ

### (လိပ်၏ အင်္ဂါ ပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန "လိပ်၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါငါးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် လိပ်သည် ရေ၌သာ ကျက်စား၍ ရေ၌သာလျှင် နေခြင်းကို ပြုသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သက်ရှိသတ္တဝါ အားလုံးတို့၏ အကျိုးစီးပွါးကို အစဉ်စောင့်သော မေတ္တာနှင့်တကွသော ပြန့်ပြောသော မြတ်သည့်အဖြစ်သို့ ရောက်သော အတိုင်းအရှည်မရှိသော ရန်ကင်းသော ကြောင့်ကြကင်းသော စိတ်ဖြင့် အလုံးစုံသော သတ္တလောကကို ပြန့်နှံ့စေ၍ နေရာ၏။ မင်းမြတ် လိပ်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လိပ်သည် ရေ၌ ပေါ်လတ်သော် ဦးခေါင်းကို ချီပင့်လျက် ပေါ်၏၊ တဦးတယောက်သောသူကို အကယ်၍ မြင်အံ့၊ "ထိုသူတို့သည် တဖန် ငါ့ကို မမြင်စေသတည်း"ဟု ထိုအရပ်၌သာ ငုပ်လျှိုး၏၊ နက်ရှိုင်းရာသို့ သက်ဝင်၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကိလေသာတို့ အနီးသို့ ကျရောက်လာကုန်သော် "ကိလေသာတို့သည် တဖန် ငါ့ကို မမြင်စေသတည်း"ဟု အာရုံဟူသော ရေအိုင်၌ ငုပ်လျှိုးရာ၏၊ နက်ရှိုင်းရာသို့ သက်ဆင်းရာ၏။ မင်းမြတ် လိပ်၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

http://www.dhammadownload.com



မင်းမြတ် နောက်တမျိုးကား လိပ်သည် ရေမှထွက်၍ မိမိကိုယ်ကို နေလှုန်းသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ထိုင်ခြင်း ရပ်ခြင်း လျောင်းခြင်း စင်္ကြံသွားခြင်းမှ စိတ်ကို ထုတ်ဆောင်၍ သမ္မပ္ပဓာန်၌ စိတ်ကို ခြောက်သွေ့စေရာ၏။ မင်းမြတ် လိပ်၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လိပ်သည် မြေကို တူး၍ ဆိတ်ငြိမ်ရာ အရပ်၌ နေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် လာဘ်ပူဇော်သကာ အကျော်အစောကို စွန့်ပယ်၍ ဆိတ်သုဉ်းသော ဆိတ်ငြိမ်သော တော တောအုပ် တောင် ချောက် တောင်ခေါင်းသို့ရင်း လူသံနည်းသော ကြွေးကြော်သံနည်းသော ဆိတ်ငြိမ်ရာအရပ်သို့ရင်း သက်ဝင်၍ ဆိတ်ငြိမ်ရာ၌သာ နေရာ၏။ မင်းမြတ် လိပ်၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် ဝင်္ဂန္တပုဏ္ဏား၏သားဖြစ်သော ဥပသေနမထေရ်သည်—

"ရဟန်းသည် တပါးတည်း ကိန်းအောင်းနေလိုသောကြောင့် ဆိတ်ငြိမ်သော ကြွေးကြော်သံနည်းသော သားရဲသမင်တို့ မှီဝဲရာ ဖြစ်သော ကျောင်းကို မှီဝဲရာ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

မင်းမြတ် နောက်တမျိုးကား လိပ်သည် ကျက်စားခြင်းငှါ သွားလတ်သော် တဦးတယောက်ကိုမူလည်း အကယ်၍ မြင်အံ့၊ အသံကိုမူလည်း အကယ်၍ ကြားအံ့၊ လည်ပင်းလျှင် ငါးခုမြောက် ဖြစ်ကုန်သော အင်္ဂါတို့ကို မိမိအခွံ၌ သွင်းထား သိုဝှက်၍ ကြောင့်ကြမဲ့ တိတ်ဆိတ်စွာ နေလျက် မိမိကိုယ်ကို စောင့်ရှောက်လျက် တည်နေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အဆင်း အနံ့ အရသာ အတွေ့အထိ သဘောတရားဟူသော အလုံးစုံသော အာရုံတို့ ရှေးရှုကျရောက်လာကုန်သည်ရှိသော် ခြောက်ဒွါရတို့၌ စောင့်စည်းမှုတံခါးရွက်ကို မဖွင့်လှစ်မူ၍ စိတ်ကို ကောင်းစွာ သိုမှီးစောင့်စည်းခြင်းကို ပြုလျက် သတိသမ္ပဇဉ်ဖြင့် ရဟန်းတရားကို စောင့်ရှောက်သဖြင့် နေရာ၏။ မင်းမြတ် လိပ်၏ ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သံယုတ္တနိကာယ်မြတ် ကုမ္မူပမသုတ်၌—

"လိပ်သည် မိမိပိုင် အခွံတွင်း၌ အင်္ဂါတို့ကို သွတ်သွင်းထားသကဲ့သို့ ရဟန်းသည် စိတ်အကြံအစည်တို့ကို ကောင်းစွာ ထိန်းထားပါလျှင် တဏှာဒိဋ္ဌိ အမှီမခံရပဲ တပါးပုဂ္ဂိုလ်ကို မထိခိုက် မညှဉ်းဆဲမူ၍ ချုပ်ငြိမ်းရ၏၊ တစုံတယောက်ကိုမျှ မစွပ်စွဲ မပြောဆိုရာ"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ခြောက်ခုမြောက် ကုမ္မဂ်ပဉှာ ပြီး၏။

---

## ၇-ဝံသင်္ဂပဉှာ

(ဝါး၏ အင်္ဂါ ပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန "ဝါး၏ အင်္ဂါတပါးကို ယူအပ်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ဝါးသည် လေတိုက်ရာ

http://www.dhammadownload.com



အရပ်သို့ ညွတ်ကိုင်းသောအားဖြင့် လျှော်စေသကဲ့သို့ တပါးသော အရပ်သို့ မပြေးသွားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား၏ အဆုံးအမတော်ကို လျှော်စေ၍ အပ်စပ်သော အပြစ်မရှိသော အရပ်၌ တည်၍ ရဟန်းတရားကို သာလျှင် ရှာမှီးရာ၏။ မင်းမြတ် ဝါး၏ ဤအင်္ဂါတပါးကို ယူအပ်၏။ မင်းမြတ် အသျှင်ရာဟုလာမထေရ်သည်—

"အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား၏ စကားတော်ကို အခါခပ်သိမ်း ညီညွတ်သင့်လျှော်စေ၍ အပ်စပ်သော အပြစ်ကင်းသော အရပ်၌ တည်လျက် အပါယ်ကို လွန်မြောက်နိုင်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ခုနစ်ခုမြောက် ဝံသင်္ဂပဥ္စာ ပြီး၏။

---

## ၈-စာပင်္ဂပဥ္စာ

### (လေး၏ အင်္ဂါ ပြဿနာ)

၈။ အသျှင်ဘုရားနာဂသေန "လေး၏ အင်္ဂါတပါးကို ယူအပ်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ကောင်းစွာ ရွှေအပ်သော လေးသည် ညွတ်ကွေးသည်ရှိသော် အဖျားမှ အရင်းတိုင်အောင် အညီအမျှသာ ညွတ်ကွေး၍ တောင့်ခိုင်မနေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သီတင်းကြီး သီတင်းလတ် သီတင်းငယ်ဖြစ်သော ရဟန်းတို့၌ လျှော်စွာကိုင်းညွတ်ရာ၏ မတောင့်ခိုင်ရာ။ မင်းမြတ် လေး၏ ဤအင်္ဂါတပါးကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝိဓုရဇာတ်တော်၌—

"ပညာရှိသည် လေးကဲ့သို့ ယုတ်လျော့သော ဝမ်းရှိရာ၏၊ ဝါးကဲ့သို့လည်း (လေအလိုက်သင့်) လှုပ်ရှားရာ၏၊ ဆန့်ကျင်ဘက် မကျင့်ရာ၊ ထိုသို့သောသူသည် မင်းထံ ခစား နေထိုင်ရာ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ရှစ်ခုမြောက် စာပင်္ဂပဥ္စာ ပြီး၏။

---

## ၉-ဝါယသင်္ဂပဥ္စာ

### (ကျီးငှက်၏ အင်္ဂါ ပြဿနာ)

၉။ အသျှင်ဘုရားနာဂသေန "ကျီးငှက်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ကျီးငှက်သည် ယုံမှားစိုးနှောင့်ခြင်းရှိလျက် လုံ့လထုတ်၍ ကျက်စားရသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အပ်သလော မအပ်သလောဟု ယုံမှားစိုးနှောင့်ခြင်းရှိလျက် လုံ့လထုတ်ကာ ထင်သော သတိရှိသည်ဖြစ်၍ ဣန္ဒြေတို့ကို စောင့်စည်းလျက် ကျင့်ရာ၏။ မင်းမြတ် ကျီးငှက်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

http://www.dhammadownload.com



မင်းမြတ် နောက်တမျိုးကား ကျီးငှက်သည် တစုံတခုသော ဘောဇဉ်ကို မြင်သည်ရှိသော် ဆွေမျိုးဖြစ်သော ကျီးတို့နှင့် ခွဲခြမ်းဝေဖန်၍သာ စားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အယုတ်သဖြင့် သပိတ်၌ အကျုံးဝင်ကာမျှလည်းဖြစ်သော တရားနှင့်လျော်ညီစွာ တရားသဖြင့် ရအပ်ကုန်သော လာဘ်တို့ဖြင့် သီလရှိကုန်သော သီတင်းသုံးဖော်တို့နှင့်အတူ ခွဲခြမ်းဝေဖန်လျက်သာ သုံးဆောင်လေ့ရှိသည် ဖြစ်ရာ၏။မင်းမြတ် ကျီးငှက်၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် တရားစစ်သူကြီးဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်—

"ခြိုးခြံသော အကျင့်ရှိသောသူတို့သည် ရရသမျှသော ဘောဇဉ်ကို ငါသာရိပုတြာအား အကယ်၍ လှူဒါန်းဆက်ကပ်ကုန်ငြားအံ့၊ ထိုဘောဇဉ်မှ အလုံးစုံသော သီတင်းသုံးဖော်တို့ကို ခွဲခြမ်းဝေဖန်၍သာ ဘောဇဉ်ကို စားလို၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ကျီးခုမြောက် ဝါယသင်္ဂပဉှာ ပြီး၏။

---

## ၁၀-မက္ကဋင်္ဂပဉှာ

### (မျောက်၏ အင်္ဂါ ပြဿနာ)

၁၀။ အသျှင်ဘုရားနာဂသေန "မျောက်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု(မေးလျှောက်၏)။မင်းမြတ် မျောက်သည် နေထိုင်ရန် ကပ်ရောက်သည်ရှိသော် ဆိတ်ငြိမ်၍ သစ်ခက်တို့ဖြင့် တခဲနက်ထွေးရှက်သော ကြောက်သူတို့၏ ပုန်းအောင်းရာဖြစ်သော ကြီးစွာသော သစ်ပင်ကြီးဟု ဆိုအပ်သော ထိုသို့သဘောရှိသော အရပ်၌ နေထိုင်ရန် ကပ်ရောက်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မကောင်းမှုမှ ရှက်တတ်သော သီလကိုချစ်သော သီလနှင့်ပြည့်စုံသော ကောင်းသောအကျင့်ရှိသော များသော အကြားအမြင်ရှိသော သုတ် အဘိဓမ္မာကိုဆောင်သော ဝိနည်းကို ဆောင်သော ချစ်နှစ်သက်အပ်သော အလေးပြုလောက်သော တရားသဖြင့်ဆိုတတ်သော ဆိုခြင်း၌လည်း ခံသော ဆုံးမတတ်သော သိစေတတ်သော ကောင်းစွာ တရားပြတတ်သော ဆောက်တည်စေတတ်သော ကောင်းစွာ ထက်သန်စေတတ်သော ကောင်းစွာ ရွှင်စေတတ်သော ဤသို့သဘောရှိသော အဆွေခင်ပွန်းကောင်းဖြစ်သော ဆရာကို မှီ၍ နေရာ၏။ မင်းမြတ် မျောက်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မျောက်သည် သစ်ပင်၌သာလျှင် သွား၏ ရပ်၏ ထိုင်၏၊ အကယ်၍ အိပ်ရန် ကပ်ရောက်သည်ဖြစ်အံ့ ထိုသစ်ပင်၌သာလျှင် ညဉ့်အခါ နေ၏ ထိုင်၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် တောသို့ရှေးရှုသည် ဖြစ်ရာ၏၊ တော၌သာလျှင် ရပ်ခြင်း သွားခြင်း ထိုင်ခြင်း လျောင်းခြင်း အိပ်ခြင်းသို့ သက်ရောက်ရာ၏၊ ထိုတောအရပ်၌သာလျှင် သတိပဋ္ဌာန်တရားကို ခံစားသုံးဆောင်ရာ၏။ မင်းမြတ် မျောက်၏ နှစ်ခု

http://www.dhammadownload.com



မြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် တရားစစ်သူကြီးဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်—

"ရဟန်းသည် တောအရပ်၌ စကြံ့သွားလျက်ရှင်း ရပ်လျက်ရှင်း ထိုင်နေခြင်း လျောင်းစက်ခြင်းဖြင့်ရှင်း တင့်တယ်၏၊ တောတွင်း၌ နေခြင်းကိုသာ ချီးမွမ်းအပ်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ဆယ်ခုမြောက် မဏ္ဍရှက်ပဉှာ ပြီး၏။

## ရှေးဦးစွာသော ဂန္ဓာဘဝင် ပြီး၏။

http://www.dhammadownload.com



# ၂-သမုဒ္ဒဝဂ်

## ၁-လာဗုလတဂ်ပဥှ

(ဗူးနွယ်၏ အင်္ဂါ ပြသနာ)

၁။ အသျှင်ဘုရားနာဂသေန "ဗူးနွယ်၏ အင်္ဂါတပါးကို ယူအပ်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။မင်းမြတ် ဗူးနွယ်သည် မြက်ပင်၌ရင်း သစ်ပင်၌ရင်း နွယ်၌ရင်း နှာမောင်းတို့ဖြင့် ဆွဲကိုင်မှီတွယ်၍ ထိုမြက်စသည်၏ အထက်၌ ကြီးပွါး သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်၌ အလွန်ကြီးပွါးလိုသောစိတ်ဖြင့် (သခ်ါရတရားတို့၏)အာရုံကို ဆွဲကိုင်မှီတွယ်၍ အရဟတ္တဖိုလ်၌ အလွန်ကြီးပွါးသည် ဖြစ်ရာ၏။ မင်းမြတ် ဗူးနွယ်၏ ဤအင်္ဂါတပါးကို ယူအပ်၏။ မင်းမြတ် တရားစစ်သူကြီးဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်—

"ဗူးနွယ်မည်သည်ကား မြက်၌ရင်း ထင်းတုံးသစ်ပင်၌ရင်း နွယ်၌ရင်း နှာမောင်းတို့ဖြင့် ဆွဲကိုင်မှီတွယ်၍ ထိုမြက်သစ်ပင်စသည်တို့၏ အထက်၌ စည်ပင်ကြီးပွါးသကဲ့သို့ ထို့အတူ သာလျှင် အရဟတ္တဖိုလ်ကို လိုလားသော မြတ်စွာဘုရားသားတော်သည် (သခ်ါရတရား တို့၏)အာရုံကို ဆွဲကိုင်မှီတွယ်၍ အရဟတ္တဖိုလ်၌ ကြီးပွါးသည် ဖြစ်ရာ၏"ဟု ဤစကား ကိုလည်း ဟောတော်မူအပ်၏။

ရှေးဦးစွာသော လာဗုလတဂ်ပဥှ ပြီး၏။

---

## ၂-ပဒုမင်္ဂပဥှ

(ပဒုမာကြာ၏အင်္ဂါ ပြသနာ)

၂။ အသျှင်ဘုရားနာဂသေန "ပဒုမာကြာ၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ဆိုတော်မူ၏၊ အဘယ်အင်္ဂါသုံးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ပဒုမာကြာ သည် ရေ၌ပေါက်၍ ရေ၌ကြီးပွါးလျက် ရေဖြင့် မလိမ်းကျံသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အမျိုး၌ရင်း ဂိုဏ်း၌ရင်း လာဘ်၌ရင်း အခြံအရံ၌ရင်း ပူဇော်သက္ကာရ၌ရင်း လေးမြတ်ခြင်း၌ရင်း အသုံးအဆောင် ပစ္စည်းတို့၌ရင်း အလုံးစုံတို့၌ မကပ်ငြိ မလိမ်းကျံသည် ဖြစ်ရာ၏။ မင်းမြတ် ပဒုမာကြာ၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ပဒုမာကြာသည် ရေပေါ်၌ တက်ရောက်၍ တည်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော လောကကို လွှမ်းမိုး၍ (လောကမှ)အထက်၌ တက်ရောက်လျက် လောကုတ္တရာတရား၌ တည်သည် ဖြစ်ရာ၏။ မင်းမြတ် ပဒုမာကြာ၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ပဒုမာကြာသည် အနည်းငယ်မျှသော လေတိုက်ခတ်ခြင်း ကြောင့်လည်း တုန်လှုပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီ

http://www.dhammadownload.com



ပုဂ္ဂိုလ်သည် အနည်းငယ်မျှသော ကိလေသာတို့၌သော်လည်း စောင့်စည်းမှုကို ပြုလျက် ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ နေရာ၏။ မင်းမြတ် ပဒုမာကြာ၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်— "အနုမြူမျှလောက်ကုန်သော (အနည်းငယ်မျှသော) အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ စောင့်ရှောက်အပ်သော သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

နှစ်ခုမြောက် ပဒုမင်္ဂပဥှာ ပြီး၏။

---

## ၃-ဗီဇင်္ဂပဥှာ

### (မျိုးစေ့၏ အင်္ဂါ ပြဿနာ)

၃။ အသျှင်ဘုရားနာဂသေန "မျိုးစေ့၏အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မျိုးစေ့သည် အနည်းငယ်ဖြစ်သော်လည်း လယ်ကောင်း၌ စိုက်ပျိုးအပ်သော် မိုးသည်လည်း ကောင်းစွာ ရေအယဉ်ကို ရွာသွန်းလတ်သော် အလွန်များကုန်သော အသီးတို့ကို အစဉ်တစိုက်ပေးသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် အကြင်အခြင်းအရာဖြင့် ကျင့်သည်ရှိသော် စောင့်ထိန်းအပ်သော သီလသည် အလုံးစုံသော အရဟတ္တဖိုလ်တည်းဟူသော အသီးကို အစဉ်တစိုက်ပေး၏၊ ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ထိုအခြင်းအရာဖြင့် ကောင်းစွာကျင့်ရာ၏။ မင်းမြတ် မျိုးစေ့၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မျိုးစေ့သည် ကောင်းစွာ ထက်ဝန်းကျင် သုတ်သင်ပြီးသော လယ်၌ စိုက်ပျိုးအပ်သည်ရှိသော် လျင်မြန်စွာသာလျှင် ပေါက်ရောက်စည်ပင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကောင်းစွာ သိမ်းဆည်းအပ်သော ဆိတ်ငြိမ်ရာအရပ်၌ ကောင်းစွာ သုတ်သင်အပ်သော သတိပဋ္ဌာန်တည်းဟူသော လယ်မြတ်၌ ပစ်ချ စိုက်ပျိုးအပ်သောစိတ်သည် လျင်မြန်စွာသာလျှင် ပေါက်ရောက်စည်ပင်၏။ မင်းမြတ် မျိုးစေ့၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် အသျှင်အနုရုဒ္ဓါမထေရ်သည်—

> "သစ်ငုတ်စသည်မှ ဝင်ကြယ်သောလယ်၌ စိုက်ပျိုး ချထားအပ်သော မျိုးစေ့သည် ပြန့်ပွါးသော အသီးကိုဖြစ်စေလျက် လယ်သမားကို နှစ်သက်စေသကဲ့သို့ ထို့အတူသာလျှင် ယောဂီပုဂ္ဂိုလ်၏ ဆိတ်ငြိမ်ရာ၌ သုတ်သင်အပ်သော စိတ်သည် သတိပဋ္ဌာန်တည်းဟူသော လယ်၌ လျင်မြန်စွာသာလျှင် ပေါက်ရောက်စည်ပင်၏"ဟု ဤစကားကိုလည်း ဟောတော်မူ အပ်၏။

သုံးခုမြောက် ဗီဇင်္ဂပဥှာ ပြီး၏။

http://www.dhammadownload.com



## ၄-သာလကလျာဏိကင်္ဂပဉှာ

(သာလကလျာဏိပင်၏ အင်္ဂါ ပြဿနာ)

၄။ အသျှင်ဘုရားနာဂသေန "သာလကလျာဏိမည်သောသစ်ပင်၏ အင်္ဂါတပါးကို ယူအပ်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် သာလကလျာဏိမည်သော သစ်ပင်သည် မြေကြီး၏ အတွင်း၌သာလျှင် အတောင်တရာရှင်း ထိုအတောင်တရာထက် အလွန်ရှင်း စည်ပင်တိုးပွါးသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဖိုလ်လေးပါး ပဋိသမ္ဘိဒါလေးပါး အဘိညာဉ်ခြောက်ပါး ရဟန်း တရားအလုံးစုံကို ဆိတ်ငြိမ်ရာ အရပ်၌သာလျှင် ဖြည့်ဆည်းပူးအပ်၏။ မင်းမြတ် သာလကလျာဏိ မည်သော သစ်ပင်၏ တခုသော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် အသျှင်ရာဟုလာမထေရ်သည်—

"ပေါက်ရောက်သော သာလကလျာဏိမည်သော သစ်ပင်သည် မြေကြီး၏အတွင်း၌ သာလျှင် အတောင်တရာမျှလည်း စည်ပင်ကြီးပွါး၏။

(ဘုရားပွင့်တော်မူသော) အချိန်အခါ ရောက်ခဲ့သော် ထိုသစ်ပင်သည် ကြီးရင့်သဖြင့် အထက်သို့ ပြန့်ပွါးလျက် တရက်မျှဖြင့်ပင် အတောင်တရာမျှလည်း စည်ပင်ကြီးပွါး သကဲ့သို့ ဤအတူသာလျှင် ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် သာလကလျာဏိမည်သော သစ်ပင်ကဲ့သို့ အတွင်းသန္တာန်၌ ဆိတ်ငြိမ်ရာဝယ် တရား အားဖြင့် တိုးပွါးရပါပြီ"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

လေးခုမြောက် သာလကလျာဏိကင်္ဂပဉှာ ပြီး၏။

---

## ၅-နာဝင်္ဂပဉှာ

(လှေ၏အင်္ဂါ ပြဿနာ)

၅။ အသျှင်ဘုရားနာဂသေန "လှေ၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ ဆို တော်မူ၏၊ အဘယ်အင်္ဂါသုံးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် လှေသည် အမျိုးမျိုးသော သစ်တို့ စပ်ဟပ်ပေါင်းဖွဲ့သဖြင့် များစွာသောလူတို့ကိုလည်း ကယ်တင် သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အကျင့်သီလဂုဏ် ဝတ်ကြီးဝတ်ငယ်ဟူသော အမျိုးမျိုးသောတရားတို့ စုပေါင်းညီညွတ်သဖြင့် နတ်နှင့်တကွသော လူအပေါင်းကို (သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ နိဗ္ဗာန်ကမ်းတဖက်သို့) ကယ်တင်ရာ၏။ မင်းမြတ် လှေ၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လှေသည် အမျိုးမျိုးသော လှိုင်းလုံး၏ ရိုက်ခတ်သောအဟုန် ကျယ်ပြန့်သော ဩဃအဟုန်ကို သည်းခံနိုင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အမျိုးမျိုးသော ကိလေသာလှိုင်းလုံး၏ အဟုန်ကိုရှင်း လာဘ် ပူဇော်သကာ အခြံအရံအကျော်အစော ပူဇော်ရှိခိုးခြင်း တပါးသူတို့ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း

http://www.dhammadownload.com



ချမ်းသာခြင်း ဆင်းရဲခြင်း မြတ်နိုးခြင်း မမြတ်နိုးခြင်း အမျိုးမျိုးသော အပြစ်ဒေါသ လှိုင်းတံပိုး အဟုန်ကိုရင်း သည်းခံနိုင်ရာ၏။ မင်းမြတ် လှေ၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လှေသည် မန္တိုင်းရှည့်နိုင် အဆုံးမထင် ကမ်း မမြင်မူ၍ အတိုင်းမသိ နက်ရှိုင်းသော ပြင်းထန်သော အသံရှိလျက် တိမိငါး တိမိင်္ဂလငါး မကန်းငါးအပေါင်းတို့ဖြင့် ရောပြွမ်းသော မဟာသမုဒ္ဒရာကြီး၌ သွားလာနိုင်၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အပြန်သုံးဖြာ အခြင်းအရာတဆယ့်နှစ်မျိုးရှိသော သစ္စာလေးပါးကို သိမြင်ထိုးထွင်းခြင်း၌ စိတ်ကို ကျက်စား သွားလာစေရာ၏။ မင်းမြတ် လှေ၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် သံယုတ္တနိကာယ်မြတ် သစ္စသံယုတ်၌—

"ရဟန်းတို့ သင်တို့သည် ကြံစည်ကြကုန်သည် ရှိသော်ကား "ဤတရားသည် ဆင်းရဲတည်း"ဟု ကြံစည်ကြကုန်လော့၊ "ဤတရားသည် ဆင်းရဲဖြစ်ပေါ်ကြောင်း တရားတည်း" ဟု ကြံစည်ကြကုန်လော့၊ "ဤတရားသည် ဆင်းရဲ၏ ချုပ်ရာတရားတည်း" ဟု ကြံစည်ကြကုန်လော့၊ "ဤတရားသည် ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်တရားတည်းဟု ကြံစည်ကြကုန်လော့"ဟု ဤစကားကို သည်း ဟောတော်မူအပ်၏။

ငါးခုမြောက် နာဝင်္ဂပဥ္စာ ပြီး၏။

---

## ၆-နာဝါလင်္ဂနကင်္ပဥ္စာ

### (ကျောက်ဆူး၏ အင်္ဂါ ပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန "ကျောက်ဆူး၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ကျောက်ဆူးသည် များပြားသော လှိုင်းကွန့်ရက်တို့ဖြင့် ရှုပ်ရှက် ချောက်ချားသော ရေအပြင်ရှိသော မဟာသမုဒ္ဒရာကြီး၌ လှေကို ငြိမ်စေ၏၊ တည်ရပ်စေလျက် တပူအရပ် ဖီလာအရပ်သို့ ဆောင်ခြင်းငှါ မပေးသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ရာဂ ဒေါသ မောဟ တည်းဟူသော လှိုင်းကွန့်ရက်ရှိသော များစွာသော ဝိတက်လှိုင်းပုတ်ခတ်အပ်သော အာရုံ၌စိတ်ကို တည်အောင်ထားရာ၏၊ တပူအရပ် ဖီလာအရပ်သို့လည်း ဆောင်ခြင်းငှါ မပေးရာ။မင်းမြတ် ကျောက်ဆူး၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ကျောက်ဆူးသည် ရေပေါ်သို့ မပေါ်နစ်မြုပ်၏၊ အတောင်တရာရှိသော ရေ၌လည်း လှေကို ငြိစေ၏၊ ရပ်တည်စေ၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် လာဘ် အခြံအရံ အကျော်အစော မြတ်နိုးခြင်း ရှိခိုးခြင်း ပူဇော်ခြင်း အရိုအသေပြုခြင်းတို့၌ မြတ်သော လာဘ် မြတ်သော အခြံအရံ၌ပင်သော်လည်း မပေါ်လွင်ရာ၊ ကိုယ်နှင့်မျှတ လောက်ရုံသော ပစ္စည်းလေးပါး၌သာလျှင် စိတ်ကို ထားအပ်၏၊ မင်းမြတ် ကျောက်ဆူး၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။မင်းမြတ် တရားစစ်သူကြီးဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်—

http://www.dhammadownload.com



"သမုဒ္ဒရာ၌ ကျောက်ဆူးသည် ရေပေါ်သို့ မပေါ် နစ်မြုပ်နေသကဲ့သို့ ထို့အတူ သာလျှင် သင်တို့သည် လာဘ်ပူဇော်သက္ကာရ၌ မပေါ်လွင်ကုန်လင့်၊ နစ်မြုပ်ကြကုန်လော့" ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ခြောက်ခုမြောက် နာဝါလဂ္ဂနကင်္ဂပဉှာ ပြီး၏။

---

## ၇-ကူပင်္ဂပဉှာ

### (လင်းယဉ်တိုင်၏အင်္ဂါ ပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန "လင်းယဉ်တိုင်၏ အင်္ဂါတပါးကို ယူအပ်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် လင်းယဉ်တိုင်သည် ကြိုးကိုငင်း သားရေလွန်ကိုငင်း ရွက်ကိုငင်း ဆောင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သတိ သမ္ပဇဉ်နှင့်ပြည့်စုံသည် ဖြစ်ရာ၏၊ ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ တူရူကြည့်ရာ တစောင်းကြည့်ရာ ကွေးရာ ဆန့်ရာ ဒုကုဋ် သပိတ် သင်္ကန်းကို ဝတ်ရုံဆောင်ယူရာ စားရာ သောက်ရာ ခဲရာ လျက်ရာ ကျင်ကြီးကျင်ငယ်စွန့်ရာ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ စကားပြောရာ ဆိတ်ဆိတ်နေရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ ရှိသည်ဖြစ်ရာ၏။ မင်းမြတ် လင်းယဉ်တိုင်၏ တပါးသော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် "ရဟန်းတို့ ရဟန်းသည် သတိရှိသည်ဖြစ်၍ ပညာဖြင့်ဆင်ခြင်လျက် နေရာ၏၊ ဤသည်ကား ငါဘုရားဘို့၏ အဆုံးအမတည်း"ဟု ဤစကား ကိုလည်း ဟောတော်မူအပ်၏။

ခုနစ်ခုမြောက် ကူပင်္ဂပဉှာ ပြီး၏။

---

## ၈-နိယာမကင်္ဂပဉှာ

### (လှေသူကြီး၏အင်္ဂါ ပြဿနာ)

၈။ အသျှင်ဘုရားနာဂသေန "လှေသူကြီး၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါသုံးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် လှေသူကြီးသည် နေ့ရောညဉ့်ပါ မပြတ်မလတ် မမေ့မလျော့သည်ဖြစ်၍ လုံ့လကြိုးကုတ် အားထုတ်လျက် လှေကို သွားစေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီ ပုဂ္ဂိုလ်သည် စိတ်ကို အမြဲမှတ်အပ်သဖြင့် နေ့ရောညဉ့်ပါ မပြတ်မလတ် မမေ့မလျော့ လုံ့လ ကြိုးကုတ် အားထုတ်လျက် သင့်လျော်သော နှလုံးသွင်းဖြင့် စိတ်ကို မှတ်ရာ၏။ မင်းမြတ် လှေသူကြီး၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဓမ္မပဒပါဠိတော်၌—

"ရဟန်းတို့ သင်တို့သည် မမေ့မလျော့ခြင်း၌ မွေ့လျော်ကြကုန်လော့၊ မိမိတို့၏စိတ်ကို စောင့်စည်းကြကုန်လော့၊ ညွန်ပျောင်း၌ နစ်မြုပ်သော မင်းစီးဆင်တော်သည် မိမိကိုယ်ကို လွန်မြောက်နိုင်ခဲသော ညွန်ပျောင်းမှ ထုတ်နုတ်လေသကဲ့သို့ ထို့အတူ မိမိကိုယ်ကို

http://www.dhammadownload.com



လွန်မြောက် နိုင်ခဲသော သံသရာဝဋ်မှ ဆယ်ထုတ်ကြကုန်လော့”ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

မင်းမြတ် နောက်တမျိုးကား လှေသူကြီးသည် မဟာသမုဒ္ဒရာ၌ ကောင်း မကောင်း အလုံးစုံကို သိသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကုသိုလ် အကုသိုလ်ကိုင်ရင်း အပြစ်ရှိမရှိကိုင်ရင်း အယုတ်အမြတ်ကိုင်ရင်း မည်းညစ်သောအဘို့ ဖြူစင်သော အဘို့ကိုင်ရင်း သိရာ၏၊ မင်းမြတ် လှေသူကြီး၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လှေသူကြီးသည် “တစုံတယောက်သော သူမျှ စက်ကို မကိုင်လင့်”ဟု စက်၌ တံဆိပ်ခပ်ထား၏။ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် “တစုံတခု ယုတ်မာသော အကုသိုလ်အကြံကို မကြံစည်လင့်”ဟု စိတ်၌ စောင့်စည်းမှု တံဆိပ်ခပ်အပ်၏။ မင်းမြတ် လှေသူကြီး၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သံယုတ္တနိကာယ်မြတ်၌— “ရဟန်းတို့ ယုတ်မာကုန်သော အကုသိုလ်အကြံအစည်တို့ကို မကြံစည်ကြကုန်လင့်၊ ဤအကုသိုလ် အကြံအစည်တို့ဟူသည် အဘယ်သည်တို့နည်းဟူမူ—ကာမဝိတက် ဗျာပါဒဝိတက်ဝိဟိံသာဝိတက် တို့ပေတည်း”ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ရှစ်ခုမြောက် နိယာမကင်ပဥှာ ပြီး၏။

---

## ၉-ကမ္မကာရဂ်ပဥှာ

### (လှေထိုးသား၏ အင်္ဂါ ပြဿနာ)

၉။ အသျှင်ဘုရားနာဂသေန “လှေထိုးသား၏ အင်္ဂါတပါးကို ယူအပ်၏”ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် လှေထိုးသားသည် “ငါသည် အခစားဖြစ်၍ ဤလှေ၌ အလုပ်လုပ်ရ၏၊ ငါသည် ဤလှေဖြင့် ရွက်ဆောင်သော အစွမ်းကြောင့် ထမင်းအခကို ရ၏၊ ငါသည် မေ့လျော့ခြင်းကို မပြုအပ်၊ငါသည် မမေ့မလျော့ သဖြင့် ဤလှေကို ဆောင်ရွက်အပ်၏”ဟု ဤသို့ ကြံစည်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည်“ငါသည် မဟာဘုတ် လေးပါးလျှင် ဖြစ်ကြောင်းရှိသော ဤကိုယ်ကို သုံးသပ်ဆင်ခြင်သည်ရှိသော် မပြတ်မလတ် မမေ့မလျော့ ထင်သောသတိရှိသည်ဖြစ်၍ သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်လျက် တည်ကြည်သည် တခုတည်းသော အာရုံရှိသော စိတ်ရှိသည် ဖြစ်၍ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းတို့မှ လွတ်ရလတ္တံ့ ဟူ၍ မမေ့မလျော့ ပြုရာ၏”ဟု ဤသို့ ကြံစည်ရာ၏။ မင်းမြတ် လှေထိုးသား၏ တပါးသော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် တရားစစ်သူကြီး ဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်—

“ဤကိုယ်ကို (လက္ခဏာရေးသုံးပါးသို့တင်၍)ဆင်ခြင်သုံးသပ်ကြကုန်လော့၊ အဖန်ဖန် ပိုင်းခြား၍ သိကြကုန်လော့၊ ကိုယ်၌ အနိစ္စသဘောစသည်ကို မြင်နိုင်မှုကား ဒုက္ခ၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်လတ္တံ့”ဟု ဤစကားကိုလည်း ဟောတော် မူအပ်၏။

ကိုးခုမြောက် ကမ္မကာရဂ်ပဥှာ ပြီး၏။

http://www.dhammadownload.com



## ၁၀-သမုဒ္ဒင်္ဂပဥှာ

### (သမုဒြာ၏အင်္ဂါ ပြဿနာ)

၁၀။ အသျှင်ဘုရားနာဂသေန "သမုဒြာ၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ဆိုတော်မူ၏၊ အဘယ်အင်္ဂါငါးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မဟာသမုဒြာသည် သူကောင်ပုပ်နှင့်အတူ မနေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ မက္ခ ပဠာသ ဣဿာ မစ္ဆရိယ မာယာ သာဌေယျဟူသော ကောက်ကျစ်၍ မညီမညွတ်သော မကောင်းမှုဒုစရိုက် ကိလေသာ အညစ်အကြေးတို့နှင့်အတူ မနေရာ။မင်းမြတ် သမုဒြာ၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မဟာသမုဒြာသည် ပုလဲ ပတ္တမြား ကြောင်မျက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ ဖလ် မြဟူသော အထူးထူးသော ရတနာစုကို ဆောင်လျက် ပိတ်၏၊ အပသို့ မကြဲဖြန့်သကဲ့သို့၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မဂ် ဖိုလ် ဈာန် ဝိမောက္ခ သမာဓိ သမာပတ် ဝိပဿနာ အဘိညာဉ်တည်းဟူသော အထူးထူးသော ဂုဏ်ကျေးဇူးရတနာတို့ကို ရသည်ရှိသော် ပိတ်ဖုံးထားအပ်ကုန်၏၊အပသို့ မထုတ်ဆောင်အပ်ကုန်။ မင်းမြတ် သမုဒြာ၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မဟာသမုဒြာသည် များပြားကုန်သော ကြီးကျယ်လှကုန်သော သတ္တဝါတို့နှင့်အတူ နေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလိုနည်းသော ရောင့်ရဲလွယ်သော ကိလေသာ ခါတွက်ခြင်းကို ပြောဟောဘတ်သော ခေါင်းပါးသော အသက်မွေးခြင်းရှိသော အကျင့်နှင့်ပြည့်စုံသော ရှက်တတ်သော သီလကို ချစ်ခင်သော လေးစားအပ်သော ပွါးစေအပ်ပြီးသော ဘာဝနာရှိသော ဆိုဆုံးမသော စကားကို သည်းခံနိုင်သော အပြစ်တင်တတ်သော မကောင်းမှုကို ကဲ့ရဲ့တတ်သော သွန်သင်တတ်သော ဆုံးမတတ်သော တရားကို သိစေတတ်သော တရားကို ပြတတ်သောတရားကို ဆောက်တည်စေတတ်သော ထက်စေတတ်သော ရွှင်စေတတ်သော မိတ်ဆွေကောင်းဖြစ်သော သီတင်းသုံးဖော်ကို အမှီပြု၍ နေရာ၏။မင်းမြတ် မဟာသမုဒြာ၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မဟာသမုဒြာသည် အသစ်အသစ်ဖြစ်သောရေတို့ဖြင့် ပြည့်ကုန်သော ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီစသော မြစ်အသိန်းတို့ဖြင့်ငှင်း ကောင်းကင်မှကျသော ရေအယဉ်တို့ဖြင့်ငှင်း ပြည့်သော်လည်း မိမိကမ်းကို မလွန်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် လာဘ်ပူဇော်သကာ အကျော်အစော ရှိခိုးခြင်း မြတ်နိုးခြင်း ပူဇော်ခြင်းဟူသော အကြောင်းကြောင့်ငှင်း အသက်ဟူသော အကြောင်းကြောင့်ငှင်း စေတနာရှိသည်ဖြစ်၍ သိက္ခာပုဒ်တော်ကို လွန်ကျူးမှု မပြုရာ။မင်းမြတ် မဟာသမုဒြာ၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

"မင်းမြတ် သမုဒြာသည် မြဲစွာတည်သော သဘောရှိ၏၊ ကမ်းကို မလွန်သကဲ့သို့၊ မင်းမြတ် ဤအတူသာလျှင် ငါဘုရားသည် တပည့်သာဝကတို့အား အကြင်သိက္ခာပုဒ်တော်ကို ပညတ်အပ်၏၊

http://www.dhammadownload.com



ငါဘုရား၏ တပည့်သာဝကတို့သည် ထိုစိက္ခာပုဒ်တော်ကို အသက်ဟူသော အကြောင်းကြောင့်လည်း မလွန်ကျူးကြကုန်”ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

မင်းမြတ် နောက်တမျိုးကား မဟာသမုဒ္ဒရာသည် စီးဝင်ကုန်သော ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီမြစ်အားလုံးတို့ဖြင့်ရင်း ကောင်းကင်မှကျသော ရေအယဉ်တို့ဖြင့်ရင်း မပြည့်နိုင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ပါဠိသင်ခြင်း အဋ္ဌကထာ သင်ခြင်း နားထောင်ခြင်း နှုတ်တက်အာဂုံဆောင်ခြင်း ဆုံးဖြတ်ခြင်း အဘိဓမ္မာဝိနည်း၌ သက်ဝင်နေခြင်း သုတ္တန်ကို သင်ယူခြင်း ပုဒ်ကိုထားခြင်း ပုဒ်ကိုဆက်စပ်ခြင်း ပုဒ်ကို ဝေဖန်ခြင်းဖြင့် မှတ်အပ်သော အင်္ဂါကိုးပါးရှိသော ဘုရား၏ ပရိယတ္တိသာသနာတော်မြတ်ကို နာယူကာမျှဖြင့်လည်း မရောင့်ရဲရာ၊ မတင်းတိမ်ရာ။ မင်းမြတ် မဟာသမုဒ္ဒရာ၏ ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် သုတသောမ ဇာတ်တော်၌—

“ခမည်းတော်မင်းမြတ် မီးသည် မြက် ထင်း မီးစာကို လောင်မြိုက်၍ မရောင့်ရဲသကဲ့သို့ ရင်း သမုဒ္ဒရာသည် မြစ်ရေတို့ဖြင့် မရောင့်ရဲသကဲ့သို့ရင်း ဤအတူ ပညာရှိတို့သည် ကောင်းစွာဆိုသော တရားစကားဖြင့်(အခါခါ) ကြားနာရကုန်သော်လည်း မရောင့်ရဲ၊ မတင်းတိမ်ကုန်”ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ဆယ်ခုမြောက် သမုဒ္ဒကပဉှာ ပြီး၏။

## နှစ်ခုမြောက် သမုဒ္ဒဝဂ် ပြီး၏။

http://www.dhammadownload.com

# ၃-ပထဝီဝဂ်

## ၁-ပထဝီအင်္ဂပဉှာ

### (မြေကြီး၏အင်္ဂါ ပြဿနာ)

၁။ အသျှင်ဘုရားနာဂသေန "မြေကြီး၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါငါးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မြေကြီးသည် ကောင်းမကောင်းဖြစ်ကုန်သော ပရုတ် အကျော် တောင်ဇလပ် စန္ဒကူး မာလာကျိုကျူစသည်တို့ကို လောင်းချသော်ငြားလည်း သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီ တံတွေး နှပ် အစေး ကျင်ငယ် ကျင်ကြီး စသည်တို့ကို လောင်းချသော်ငြားလည်း မတုန်လှုပ် မဖောက်မပြားသည် ဖြစ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကောင်းသည် မကောင်းသည်၌ငြားလည်း လာဘ်ရခြင်း လာဘ် မရ၌ငြားလည်း ကျော်စောရှိ ကျော်စောမဲ့၌ငြားလည်း ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း၌ငြားလည်း ချမ်းသာခြင်း ဆင်းရဲခြင်း၌ငြားလည်း အလုံးစုံသော အရာ၌ မတုန်လှုပ် မဖောက်ပြားသည်သာ ဖြစ်ရာ၏။ မင်းမြတ် မြေကြီး၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မြေကြီးသည် တန်ဆာဆင်ခြင်း အပြေအပြစ်ပြုခြင်းမှ ကင်းသည် ဖြစ်၍ မိမိ၏အနံ့ဖြင့် ထက်ဝန်းကျင်မှ ပြန့်နှံ့ထုံစေအပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အပြေအပြစ်ပြုခြင်းမှ ကင်းသည်ဖြစ်၍ မိမိ၏သီလ တည်းဟူသော အနံ့ဖြင့် ထက်ဝန်းကျင် ထုံအပ်သည် ဖြစ်ရာ၏။ မင်းမြတ် မြေကြီး၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မြေကြီးသည် အပြတ်အခြားမရှိ အကျိုးအပေါက်မရှိ အခေါင်းမရှိ ထူထဲ၍ တခဲနက် ပြန့်ကျယ်၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အပြတ်အခြားမရှိ အကျိုးအပေါက်မရှိ အခေါင်းမရှိ ထူထဲ၍ တခဲနက်ပြန့်ကျယ်သော သီလရှိသည် ဖြစ်ရာ၏။ မင်းမြတ် မြေကြီး၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မြေကြီးသည် ရွာနိဂုံး ဇနပုဒ် သစ်ပင် တောင် မြစ် တဖက်ဆည် ကန် လေးထောင့်ကန် သားငှက် လူယောကျ်ား မိန်းမအပေါင်းကို ထမ်းဆောင်နေရသော်လည်း ငြီးငြင်ပင်ပန်းမှု မရှိသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သွန်သင်ဆုံးမသဖြင့်ငြားလည်း သိစေသဖြင့်ငြားလည်း တရားပြသဖြင့်ငြားလည်း ဆောက်တည်စေသဖြင့်ငြားလည်း ထက်သန်စေသဖြင့်ငြားလည်း ရွှင်လန်းစေသဖြင့်ငြားလည်း တရားဒေသနာတို့၌ ငြီးငြင်ပင်ပန်းမှုမရှိသည် ဖြစ်ရာ၏။ မင်းမြတ် မြေကြီး၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မြေကြီးသည် ချစ်ခြင်း မုန်းခြင်းမှ ကင်းသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ချစ်ခြင်း မုန်းခြင်းမှ ကင်းလွတ်သော မြေကြီးနှင့်တူသော စိတ်ဖြင့် နေရာ၏။ မင်းမြတ် မြေကြီး၏ ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် စူဠသုဘဒ္ဒါမည်သော ဥပါသိကာမသည် မိမိကိုးကွယ်ဆည်းကပ်သော ရဟန်းတို့ကို ချီးကျူးလိုသည်ဖြစ်၍—

http://www.dhammadownload.com



"အမျက်ထွက်စိတ်ဖြင့် လက်မောင်းတဖက်ကို ပဲခွပ်ဖြင့် အကယ်၍ ရွှေစေကာမူ နှစ်သက်ရှင်ပျသည်ဖြစ်၍ လက်မောင်းတဖက်ကို အမွှေးနံ့သာဖြင့် အကယ်၍ သုတ်လိမ်းစေကာမူ ဤမည်သော လက်မောင်းတဖက်ကို ရွှေသောသူ၌ ရန်လိုမုန်းထားခြင်း မရှိချေ၊ ထိုလက်မောင်းတဖက်ကို အမွှေးနံ့သာ သုတ်လိမ်းသူ၌ တပ်နှစ်သက်ခြင်း မရှိပေ၊ ထိုရဟန်းတို့သည် မြေကြီးနှင့်တူသော စိတ်ရှိပါကုန်၏၊ ငါ၏ ရဟန်းတို့သည် ထိုသို့သဘော ရှိပါကုန်၏"ဟု ဤစကားကိုလည်း ဆိုအပ်၏။

ရှေးဦးစွာသော ပဏ္ဏာသအင်္ဂပဥ္စာ ပြီး၏။

---

## ၂-အာပဏ်ပဥ္စာ

### (ရေ၏အင်္ဂါ ပြဿနာ)

၂။ အသျှင်ဘုရားနာဂသေန "ရေ၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါငါးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ရေသည် ကောင်းစွာတည်ခြင်း မတုန်လှုပ်ခြင်း မနောက်ကျုခြင်း သဘာဝအားဖြင့် စင်ကြယ်ခြင်းရှိသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဟန်ဆောင်ခြင်း ဝါကြွားခြင်း အရိပ်နိမိတ်ပြုခြင်း ဖိနှိပ်၍ပြောခြင်းကို ပယ်၍ ကောင်းစွာတည်ခြင်း မတုန်လှုပ်ခြင်း မနောက်ကျုခြင်း သဘာဝအားဖြင့် ထက်ဝန်းကျင် စင်ကြယ်သော အကျင့်ရှိသည် ဖြစ်ရာ၏။ မင်းမြတ် ရေ၏ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ရေသည် အေးမြခြင်းသဘော၌ တည်ရာသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သတ္တဝါအားလုံးဘို့၌ သည်းခံခြင်း ချစ်ခြင်း သနားခြင်းနှင့် ပြည့်စုံသူ အစီးအပွါးကို ရှာမှီးသူ အစဉ်စောင့်ရှောက်သူ ဖြစ်ရာ၏။ မင်းမြတ် ရေ၏ နှစ်ခုမြောက်သော ဤအင်္ဂါကိုယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ရေသည် မစင်ကြယ်သည်ကို စင်ကြယ်အောင် ပြုသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ရွာ၌ဖြစ်စေ တော၌ဖြစ်စေ ဥပဇ္ဈာယ်၌ရင်း ဥပဇ္ဈာယ်နှင့်တန်းတူ ပုဂ္ဂိုလ်တို့၌ရင်း ဆရာ၌ရင်း ဆရာနှင့်တန်းတူ ပုဂ္ဂိုလ်တို့၌ရင်း အလုံးစုံသော ပုဂ္ဂိုလ်တို့၌ မငြင်းမခုံသည် အကြောင်းမဲ့ ပြုလေ့ရှိသည် ဖြစ်ရာ၏။ မင်းမြတ် ရေ၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ရေကို လူအများ တောင့်တအပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း ဆိတ်ငြိမ်ရာအရပ်၌ ကိန်းအောင်းခြင်းဖြင့် အမြဲမပြတ် အလုံးစုံသောလူအပေါင်းတို့ တောင့်တအပ်သူ ဖြစ်ရာ၏။ မင်းမြတ် ရေ၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ရေသည် တစုံတယောက်သော သူ၏ အစီးအပွါးမဲ့ကို မဆောင်သကဲ့သို့ ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သူတပါးတို့နှင့် ငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ဖက် ပြောဆိုခြင်း မညီမညွတ်ပြောဆိုခြင်း အချည်းနှီး မကြံစည်ခြင်း

http://www.dhammadownload.com



မမွေလျော်သည်ကို ဖြစ်စေခြင်းဟူသော မကောင်းမှုကို ကိုယ်နှုတ်စိတ်တို့ဖြင့် မပြုရာ။ မင်းမြတ် ရေ၏ ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကဏှဇာတ်၌—

"အလုံးစုံသော နတ်တို့ကို အစိုးရသော သိကြားမင်း အကယ်၍ ငါ့အား ဆုပေးငြား အံ့၊ သိကြားမင်း ငါ့ကို အကြောင်းပြု၍ တစုံတယောက်သော သူ၏ စိတ်ကိုဇင်း ကိုယ်ကို ဇင်း တခုတခါမျှ မနှိပ်စက်စေလို၊ သိကြားမင်း ဤသို့သောဆုကို ငါတောင်း၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

နှစ်ခုမြောက် အာပင်္ဂပဉှာ ပြီး၏။

---

## ၃-တေဇင်္ဂပဉှာ

## (မီး၏ အင်္ဂါ ပြဿနာ)

၃။ အသျှင်ဘုရားနာဂသေန "မီး၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါငါးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မီးသည် မြက် ထင်း သစ်ခက် သစ်ရွက်ကို လောင်တတ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်း သော ယောဂီပုဂ္ဂိုလ်သည် အတွင်း၌လည်းဖြစ်ကုန်သော အပ၌လည်းဖြစ်ကုန်သော ဣဋ္ဌာရုံ အနိဋ္ဌာ ရုံကို ခံစားကုန်သော ကိလေသာ အားလုံးတို့ကို ဉာဏ်တည်းဟူသော မီးဖြင့် ရှို့မြိုက်အပ်ကုန်၏။ မင်းမြတ် မီး၏ ရှေ့ဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မီးသည် သနားခြင်းမရှိ ကြင်နာခြင်းမရှိသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော ကိလေသာတို့၌ ကြင်နာခြင်း သနားခြင်းကို မပြုရာ။ မင်းမြတ် မီး၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မီးသည် အအေးကို ပယ်ဖျောက်သကဲ့သို့ မင်းမြတ် ဤအတူ သာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဝီရိယတည်းဟူသော အပူမီးကိုဖြစ်စေ၍ ကိလေသာတို့ကို ပယ်ဖျောက်အပ်ကုန်၏။ မင်းမြတ် မီး၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မီးသည် ချစ်ခြင်း မုန်းခြင်းမှ လွတ်ကင်းလျက် အပူကိုဖြစ် စေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ချစ်ခြင်း မုန်းခြင်းမှ ကင်းလွတ်သော မီးနှင့်တူသော စိတ်ဖြင့် နေရာ၏။ မင်းမြတ် မီး၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မီးသည် အမိုက်တိုက်ကို ပယ်ဖျောက်၍ အလင်းကို ပြုသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ပယ်ဖျောက်၍ ဉာဏ်တည်းဟူသော အလင်းရောင်ကို ပြုရာ၏။ မင်းမြတ် မီး၏ ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် မိမိ၏သားတော်ဖြစ်သော ရာဟုလာကို ဆုံးမတော်မူလိုရကား—

http://www.dhammadownload.com



"ရာဟုလာ မီးနှင့်တူသော ဘာဝနာကို ပွါးလေလော့၊ ပွါးများခြင်းအကျိုးကား ရာဟုလာ မီးနှင့်တူသော ဘာဝနာကို ပွါးများသော သင့်အား ဖြစ်ပေါ်ဆဲ ဖြစ်ကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ်ဖြစ်သော ဖဿတို့သည် သင်၏ စိတ်ကို သိမ်းကျုံး၍ မတည်နိုင်ကြကုန်လတ္တံ့"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

သုံးခုမြောက် ဘေဇဂ်ပဥ္စ ပြီး၏။

---

## ၄-ဝါယုဂ်ပဥ္စ

### (လေ၏အင်္ဂါ ပြဿနာ)

၄။ အသျှင်ဘုရားနာဂသေန "လေ၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါငါးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် လေသည် ကောင်းစွာပွင့်သော တောအုပ်၏ အတွင်းကို လွှမ်းခြုံတိုက်ခတ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကိလေသာမှ လွတ်မြောက်မှု 'ဝိမုတ္တိ'ဟူသော မြတ်သောပန်းတို့၏ ပွင့်ရာ အာရုံတောအတွင်း၌ မွေ့လျော်ရာ၏။ မင်းမြတ် လေ၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လေသည် မြေ၌ ပေါက်ရောက်သော သစ်ပင်အပေါင်းတို့ကို လုံးထွေးတိုက်ခတ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် တောအတွင်း၌ တည်လျက် သင်္ခါရတရားတို့ကို စီစစ်ခြင်းဖြင့် ကိလေသာတို့ကို လုံးထွေး တိုက်ခတ်အပ်ကုန်၏။ မင်းမြတ် လေ၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လေသည် ကောင်းကင်၌ သွားသကဲ့သို့ မင်းမြတ် ဤအတူ သာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် လောကုတ္တရာတရားတို့၌ စိတ်ကိုကောင်းစွာ ကျက်စားစေရာ၏။ မင်းမြတ် လေ၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လေသည် အနံ့ကို ခံစားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မိမိ၏ သီလမြတ်တည်းဟူသော အလွန်မွှေးကြိုင်သော အနံ့ကို ခံစားရာ၏။ မင်းမြတ် လေ၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လေသည် တည်နေရာမရှိ အမြဲဘပ်စွဲသော နေရာလည်း မရှိသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် တည်နေရာမရှိ၊ အမြဲဘပ်စွဲသော နေရာလည်း မရှိ၊ ရောနှောဆက်ဆံခြင်းလည်း မရှိသဖြင့် အာရုံအားလုံးတို့၌ တပ်မက်မှုကင်းလွတ်သည် ဖြစ်ရာ၏။ မင်းမြတ် လေ၏ ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သုတ္တနိပါတ်ပါဠိတော်၌—

"တဏှာဒိဋ္ဌိအားဖြင့် ရောနှောခြင်းကြောင့် ဘေးဖြစ်၏၊ တပ်မက်ခြင်း 'တဏှာ'စသော ကျောင်း အိမ်ကြောင့် ရာဂစသော မြူဖြစ်၏၊ တပ်မက်ခြင်း'တဏှာ' စသော ကျောင်း အိမ်မရှိသော တဏှာဒိဋ္ဌိအားဖြင့် ရောနှောခြင်းကင်းသော ဤသူ့ကို မြတ်စွာဘုရားသည် ရှုမြင် ချီးမွမ်းတော်မူအပ်ပါပေ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

လေးခုမြောက် ဝါယုဂ်ပဥ္စ ပြီး၏။

http://www.dhammadownload.com



## ၅-ပဗ္ဗတင်္ဂပဉှာ
### (တောင်၏အင်္ဂါ ပြဿနာ)

၅။ အသျှင်ဘုရားနာဂသေန "တောင်၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါငါးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် တောင်သည် မရွေ့ရှား မတုန်လှုပ် မယိမ်းယိုင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မြတ်နိုးခြင်း မမြတ်နိုးခြင်း၌၎င်း အရိုအသေပြုခြင်း အရိုအသေမပြုခြင်း၌၎င်း အလေးပြုခြင်း အလေးမပြုခြင်း၌၎င်း အခြံအရံရှိခြင်း အခြံအရံမရှိခြင်း၌၎င်း ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း၌၎င်း ချမ်းသာခြင်း ဆင်းရဲခြင်း၌၎င်း အလိုရှိအပ်သော အာရုံ အလိုမရှိအပ်သော အာရုံတို့၌၎င်း အဆင်း အသံ အနံ့ အရသာ အတွေ့သဘော ဖြစ်ကုန်သော တပ်မက်ဖွယ် အာရုံအားလုံးတို့၌ မတပ်မက်ရာ ပြစ်မှားဖွယ်အာရုံတို့၌လည်း မပြစ်မှားရာ တွေဝေဖွယ် အာရုံတို့၌လည်း မတွေဝေရာ မတုန်လှုပ်ရာ မရွေ့ရှားရာ၊ တောင်သည် မရွေ့ရှားသကဲ့သို့ မရွေ့ရှားသည် ဖြစ်ရာ၏။ မင်းမြတ် တောင်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

> "တခဲနက်ဖြစ်သော ကျောက်တောင်သည် လေတိုက်ခတ်သောကြောင့် မတုန်လှုပ်သကဲ့သို့ ဤအတူသာလျှင် ပညာရှိတို့သည် ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်" ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

မင်းမြတ် နောက်တမျိုးကား တောင်သည် တင်းမာသည်ဖြစ်၍ တစုံတခုနှင့်မျှ မရောနှော မတွဲစပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် တင်းမာသည်ဖြစ်၍ မရောနှော မတွဲစပ်သည်ဖြစ်ရာ၏၊ တစုံတယောက်နှင့်မျှ ရောနှောတွဲစပ်ခြင်းကို မပြုရာ။ မင်းမြတ် တောင်၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

> "အိမ်ရာထောင်သော လူတို့နှင့်၎င်း အိမ်ရာမထောင်သော ရဟန်းတို့နှင့်၎င်း လူရဟန်း နှစ်ဦးတို့နှင့် မရောနှောသော အတွယ်အတာကင်း၍ ကျင့်ခြင်းရှိသော အလိုနည်းသော ထိုသို့သော သူကို မကောင်းမှုမှ အပပြုပြီးသော ဗြာဟ္မဏ ဟူ၍ ဆိုအပ်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

မင်းမြတ် နောက်တမျိုးကား တောင်၌ မျိုးစေ့သည် မပေါက်နိုင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မိမိ၏စိတ်၌ ကိလေသာတို့ကို မပေါက်ရောက်စေရာ။ မင်းမြတ် တောင်၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် အသျှင်သုဘူတိမထေရ်သည်—

> "အကြင်အခါ၌ ရာဂနှင့်စပ်ယှဉ်သော စိတ်သည် ငါ့အား ဖြစ်ပေါ်၏၊ ထိုအခါ ကိုယ်တိုင်ပင် ဆင်ခြင်၏၊ ထိုရာဂစိတ်ကို ငါသည် တည်ကြည်သည်ဖြစ်၍ ဆုံးမ၏။
>
> (အဘယ်သို့ ဆုံးမ သနည်းဟူမူ) အချင်းသုဘူတိ သင်သည် တပ်မက်ဖွယ်အာရုံ၌လည်း တပ်မက်ဘိ၏၊ ပြစ်မှားဖွယ်အာရုံ၌လည်း ပြစ်မှားဘိ၏၊ တွေဝေဖွယ် အာရုံ၌လည်း တွေဝေဘိ၏၊ (ဤမျှရိုင်းစိုင်းသော) သင်သုဘူတိသည် (သူတော်ကောင်းတို့နေရာ) တောအရပ်မှ ထွက်သွားပါလေလော့။

http://www.dhammadownload.com



ဤတောအရပ်သည် စင်ကြယ်ကုန်သော အညစ်အကြေးကင်းကုန်သော အကျင့်ရှိကုန်သော သူတော်ကောင်းတို့၏ နေထိုင်ရာတည်း၊ သင်သုဘူတိသည် စင်ကြယ်သော တောအရပ်ကို မဖျက်ဆီးပါလင့်၊ တောအရပ်မှ ထွက်သွားပါလေလော့”ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

မင်းမြတ် နောက်တမျိုးကား တောင်သည် အထက်သို့ မြင့်တက်သကဲ့သို့ မင်းမြတ် ဤအတူ သာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဉာဏ်ဖြင့်မြင့်တက်သည် ဖြစ်ရာ၏။ မင်းမြတ် တောင်၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

“ပညာရှိသောသူသည် အကြင်အခါ၌ မေ့လျော့ခြင်းကို မမေ့လျော့ခြင်းဖြင့် နှတ်ပယ်၏၊ ထိုအခါ၌ ပညာရှိသည် ပညာတည်းဟူသော ပြာသာဒ်ထက်သို့ တက်၍ တောင်ထက်၌ တည်နေသောသူသည် မြေ၌တည်နေသောသူတို့ကို(ငုံ၍) ကြည့်နိုင်သကဲ့သို့ ထိုအတူ စိုးရိမ်ခြင်းမရှိမူ၍ စိုးရိမ်ပူဆွေးနေသော သတ္တဝါအပေါင်းကိုငုံ၍ လူမိုက်တို့ကိုငုံ၍ ကြည့်နိုင်၏”ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

မင်းမြတ် နောက်တမျိုးကား တောင်သည် (ပကတိထက်) မမြင့်မောက် မနိမ့်ရှိုင်းသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် လောကဓံတရားတို့ကြောင့် တက်ကြွမှု စိတ်နိမ့်ကျမှုကို မပြုလုပ်ရာ။ မင်းမြတ် တောင်၏ ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် စူဠသုဘဒ္ဒါမည်သော ဥပါသိကာမသည် မိမိကိုးကွယ်ဆည်းကပ်နေသော ရဟန်းတို့ကို ချီးကျူးလိုသည်ဖြစ်၍—

“လူအပေါင်းသည် လာဘ်ရခြင်းကြောင့် တက်ကြွ၏၊ လာဘ်မရခြင်းကြောင့် စိတ်နိမ့်ကျ၏၊ ရဟန်းတို့သည် လာဘ်ရခြင်း လာဘ်မရခြင်းကြောင့် (အမြင့်အနိမ့်မရှိ) တူသော သဘောရှိကုန်၏၊ ငါ၏ရဟန်းတို့သည် ထိုသို့ သဘောရှိကုန်၏” ဟု ဤစကားကိုလည်း ပြောဆိုအပ်၏။

ငါးခုမြောက် ပဗ္ဗတင်ပဥ္စာ ပြီး၏။

---

## ၆-အာကာသင်ပဥ္စာ

### (ကောင်းကင်၏ အင်္ဂါ ပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန “ကောင်းကင်၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏”ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါငါးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ကောင်းကင်သည် ခပ်သိမ်းသော အပြားအားဖြင့် မကိုင်တွယ် မဆုပ်ဖမ်းနိုင်သကဲ့သို့ မင်းမြတ် ဤအတူ သာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ခပ်သိမ်းသော အပြားအားဖြင့် ကိလေသာတို့က မကိုင်တွယ် မဆုပ်ဖမ်းနိုင်သည် ဖြစ်ရာ၏။ မင်းမြတ် ကောင်းကင်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ကောင်းကင်သည် ဘုရား ရဟန္တာ ဈာန်ရ ရသေ့ နတ် ဗြဟ္မာ ငှက်သတ္တဝါ အပေါင်းတို့ လှည့်လည်သွားလာရာ ဖြစ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင်

http://www.dhammadownload.com



ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အနိစ္စ ဒုက္ခ အနတ္တဟူသော သင်္ခါရတရားတို့၌ စိတ်ကို လှည့်လည်သွားလာစေရာ၏။ မင်းမြတ် ကောင်းကင်၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ကောင်းကင်သည် ထိတ်လန့်တုန်လှုပ်ဖွယ် ဖြစ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော ဘုံဘဝ ပဋိသန္ဓေတို့၌ စိတ်ကို ထိတ်လန့်စေရာ၏ သာယာခြင်းကို မပြုရာ၊ မင်းမြတ် ကောင်းကင်၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ကောင်းကင်သည် အပိုင်းအခြားမရှိ အတိုင်းအရှည်မရှိ မရေတွက်နိုင်၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အဆုံး အပိုင်းအခြား မရှိသော သီလရှိသူ မနိုင်းရှည့်အပ်သော ဉာဏ်ရှိသူ ဖြစ်ရာ၏။ မင်းမြတ် ကောင်းကင်၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ကောင်းကင်သည် ကပ်ငြိမှုမရှိ တွယ်တာမှုမရှိ တည်ရာမရှိ အမြေးအယှက်မရှိ၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အမျိုး (ဒါယကာ)၌၎င်း ဂိုဏ်းဂဏ၌၎င်း လာဘ်လာဘ၌၎င်း ကျောင်းအိပ်ရာနေရာ၌၎င်း ပစ္စည်းပလိဗောဓ၌၎င်း အလုံးစုံသော ကိလေသာတို့၌၎င်း အားလုံးတို့၌ အငြိအကပ်မရှိသည် ဖြစ်ရာ၏၊ အတွယ်အတာမရှိသည် တည်ရာမရှိသည် အမြေးအယှက်မရှိသည် ဖြစ်ရာ၏။ မင်းမြတ် ကောင်းကင်၏ ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် မိမိ၏သားတော်ဖြစ်သော ရာဟုလာကို ဆုံးမတော်မူလိုသဖြင့်— "ရာဟုလာ ကောင်းကင်သည် တစုံတခုသောအရပ်၌ မတည်သကဲ့သို့ ရာဟုလာ ဤအတူသာလျှင် သင်သည် ကောင်းကင်နှင့်တူသော ဘာဝနာကို ပွါးများလော့၊ ပွါးများခြင်း အကျိုးကား ကောင်းကင်နှင့်တူသော ဘာဝနာကို ပွါးများသော သင့်အား ဖြစ်ပေါ်ဆဲ ဖြစ်ကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ်ဖြစ်သော ဖဿတို့သည် သင်၏ စိတ်ကို သိမ်းကျုံး၍ မတည်နိုင်ကုန်လတ္တံ့"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ခြောက်ခုမြောက် အာကာသင်္ဂပဉှာ ပြီး၏။

---

## ၇-စန္ဒင်္ဂပဉှာ

### (လ၏အင်္ဂါ ပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန "လ၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါငါးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် လသည် လဆန်းပက္ခ၌ ထွက်ပေါ်လတ်သော် တိုးတက် တိုးတက်၍ ပွါးသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အကျင့်သီလဂုဏ်ကျေးဇူး ဝတ်ကြီးဝတ်ငယ်၌၎င်း ပါဠိသင်ခြင်း တရားထူးရခြင်း၌၎င်း တပါးတည်း ကိန်းအောင်းခြင်း၌၎င်း သတိပဋ္ဌာန်၌၎င်း ဣန္ဒြေတို့၌ လုံခြုံသောတံခါးရှိမှု၌၎င်း စားဖွယ်၌ အတိုင်းအရှည်ကို သိမှု၌၎င်း နိုးကြားမှုနှင့် ယှဉ်မှု၌၎င်း တိုးတက်တိုးတက်၍ ပွါးရာ၏၊ မင်းမြတ် လ၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

http://www.dhammadownload.com



မင်းမြတ် နောက်တမျိုးကား လသည် ကြယ်တာရာအပေါင်းတို့၏ အကြီးအမှူးဖြစ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မွန်မြတ်သော ဆန္ဒာဓိပတိရှိသည် ဖြစ်ရာ၏။ မင်းမြတ် လ၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လသည် ညဉ့်၌ လှည့်လည်ထွက်ပေါ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်သူ ဖြစ်ရာ၏။ မင်းမြတ် လ၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လသည် ဗိမာန်တံခွန်ဖြစ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သီလတည်းဟူသော တံခွန်ရှိသည် ဖြစ်ရာ၏။ မင်းမြတ် လ၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လသည် တောင်းပန်အပ် တောင့်တအပ်သည်ဖြစ်၍ ထွက်ပေါ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် တောင်းပန်အပ် တောင့်တအပ်သည်ဖြစ်၍ ဒါယကာတို့သို့ ချဉ်းကပ်ရာ၏၊ မင်းမြတ် လ၏ ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သံယုတ္တနိကာယ်မြတ်၌— "ရဟန်းတို့ သင်တို့သည် လနှင့်အလားတူစွာ ကိုယ်ကို မငြိကပ်ပဲ ရှောင်လွှဲ၍ သာ စိတ်ကို မငြိကပ်ပဲ ရှောင်လွှဲ၍သာ အမြဲအားဖြင့် ရောက်သစ်စ အာဂန္တုကဲ့သို့ ဖြစ်ကုန်လျက် ဒါယကာတို့၌ ခက်ထန်ကြမ်းကြုတ်ခြင်းမှ ကင်းကုန်၍ ဒါယကာတို့သို့ ချဉ်းကပ်ကြကုန်လော့" ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ခုနစ်ခုမြောက် စန္ဒင်ပဉ္စာ ပြီး၏။

---

## ၈-သူရိယင်ပဉ္စာ

### (နေ၏အင်္ဂါ ပြဿနာ)

၈။ အသျှင်ဘုရားနာဂသေန "နေ၏ အင်္ဂါခုနစ်ပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါခုနစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် နေသည် အလုံးစုံသော ရေကို ခန်းခြောက်စေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော ကိလေသာတို့ကို အကြွင်းမဲ့ ခန်းခြောက်စေရာ၏။ မင်းမြတ် နေ၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား နေသည် အမှိုက်မှောင်ကို ပယ်ဖျောက်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော ရာဂအမိုက်မှောင် ဒေါသအမိုက်မှောင် မောဟအမိုက်မှောင် မာနအမိုက်မှောင် ဒိဋ္ဌိအမိုက်မှောင် ကိလေသာအမိုက်မှောင် အလုံးစုံသော ဒုစရိုက်အမိုက်မှောင်ကို မှုတ်လွှင့် ပယ်ဖျောက်ရာ၏။ မင်းမြတ် နေ၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

http://www.dhammadownload.com



မင်းမြတ် နောက်တမျိုးကား နေသည် အခါမပြတ် လှည့်လည်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အခါမပြတ် သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကို ပြုရာ၏။ မင်းမြတ် နေ၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား နေသည် ရောင်ခြည်ပန်းကုံးရှိသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အာရုံပန်းကုံးရှိသည် ဖြစ်ရာ၏။ မင်းမြတ် နေ၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား နေသည် လူအပေါင်းကို ကောင်းစွာနွေးစေလျက် လှည့်လည်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အကျင့်သီလ ဂုဏ်ကျေးဇူး ဝတ်ကြီးဝတ်ငယ် အကျင့်တို့ဖြင့်၎င်း ဈာန် ဝိမောက္ခ သမာဓိ သမာပတ် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ်တို့ဖြင့်၎င်း နတ်နှင့်တကွသော လူအပေါင်းကို ကောင်းစွာ နွေးစေရာ၏။ မင်းမြတ် နေ၏ ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား နေသည် ရာဟုအသုရိန်၏ ဘေးမှ ကြောက်ရွံ့၍ လှည့်လည်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဒုစရိုက်ကွန်ရက် ဒုဂ္ဂတိကွန်ရက် မညီမညွတ်သော ခရီးခဲဟူသော ဝိပါက်ကွန်ရက် ဝိနိပါတကွန်ရက် ကိလေသာကွန်ရက်တို့ဖြင့် ဖွဲ့ယှက်အပ်ကုန်သော ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိအပေါင်းဟူသော မိစ္ဆာသံခမောက်ကို စွပ်ဆောင်းကုန်သော မကောင်းသော ခရီးသို့ တက်ရောက်ပြေးသွားကုန်သော လမ်းလွဲသို့ သွားကုန်သော သတ္တဝါတို့ကိုမြင်၍ ကြီးစွာသော ထိတ်လန့်ခြင်း ဘေးဖြင့် စိတ်ကို ထိတ်လန့်စေရာ၏။ မင်းမြတ် နေ၏ ခြောက်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား နေသည် အကောင်းအဆိုးတို့ကို ပြသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ်ဖြစ်သော လောကီ လောကုတ္တရာတရားတို့ကို ပြရာ၏။ မင်းမြတ် နေ၏ ခုနစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။မင်းမြတ် အသျှင်ဝင်္ဂီသမထေရ်သည်—

> "နေသည် ထွက်ပေါ်လတ်သော် စင်ကြယ်သည်မူလည်းဖြစ်သော မစင်ကြယ်သည်မူလည်းဖြစ်သော ကောင်းသည်မူလည်းဖြစ်သော မကောင်းသည်မူလည်းဖြစ်သော အဆင်းကို သတ္တဝါတို့အား ထင်မြင်စေသကဲ့သို့ ထို့အတူ တရားကို ကျင့်ဆောင်သော ရဟန်းသည် အဝိဇ္ဇာမှောင်အမိုက်ဖြင့် ဖုံးပိတ်သော သတ္တဝါအပေါင်းကို နေမင်းသည် ထွက်ပေါ်လာ၍ အဆင်းကို ထင်မြင်စေသကဲ့သို့ အထူးထူးသော တရားလမ်းကြောင်းကို ထင်မြင်စေ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ရှစ်ခုမြောက် သူရိယပဉှာ ပြီး၏။

---

## ၉-သက္ကပဉှာ

### (သိကြားမင်း၏အင်္ဂါ ပြဿနာ)

၉။ အသျှင်ဘုရားနာဂသေန "သိကြားမင်း၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါသုံးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် သိကြား

http://www.dhammadownload.com



မင်းသည် ကေန်စင်စစ်အားဖြင့် ချမ်းသာနှင့် ပြည့်စုံသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကေန်စင်စစ်အားဖြင့် ဆိတ်ငြိမ်ရာ၌ ချမ်းသာစွာ မွေ့လျော်ခြင်းရှိသည် ဖြစ်ရာ၏။ မင်းမြတ် သိကြားမင်း၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား သိကြားမင်းသည် နတ်တို့ကို မြင်သည်ရှိသော် ချီးမြှောက် ရွှင်လန်းခြင်းကို ဖြစ်စေ၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ မတွန့်တိုအောင် မပျင်းရိအောင် ငြိမ်သက်အောင် စိတ်ကို ချီးမြှောက်အပ်၏၊ ရွှင်လန်းခြင်းကို ဖြစ်စေအပ်၏၊ အားထုတ်အပ်၏၊ နှီးဆော်အပ်၏၊ လုံ့လပြုအပ်၏။ မင်းမြတ် သိကြားမင်း၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား သိကြားမင်းအား မမွေ့လျော်မှု မဖြစ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ၌ မမွေ့လျော်မှုကို မဖြစ်စေရာ။ မင်းမြတ် သိကြားမင်း၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် အသျှင်သုဘူတိမထေရ်သည်—

"ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရား၏ သာသနာတော်၌ အကြင်အခါမှစ၍ အကျွန်ုပ် ရဟန်းပြု၏၊ ထိုအခါမှစ၍ ကာမဝိတက်နှင့်စပ်လျက် စိတ်ဖြစ်ဘူးသည်ကို အကျွန်ုပ် မသိစဘူးပါ"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ကိုးခုမြောက် သက္ကဂ်ပဥ္စာ ပြီး၏။

---

## ၁၀- စက္ကဝတ္တိဂ်ပဥ္စာ

### (စကြာဝတေးမင်း၏ အင်္ဂါ ပြဿနာ)

၁၀။ အသျှင်ဘုရားနာဂသေန "စကြာဝတေးမင်း၏ အင်္ဂါလေးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါလေးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် စကြာဝတေးမင်းသည် လေးပါးသော သင်္ဂဟဝတ္ထုတို့ဖြင့် လူအပေါင်းကို ချီးမြှောက်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ပရိသတ်လေးပါးတို့၏ စိတ်ကို ချီးမြှောက်ရာ၏၊ ထောက်ပံ့ရာ၏၊ ရွှင်စေရာ၏၊ မင်းမြတ် စကြာဝတေးမင်း၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား စကြာဝတေးမင်း၏ တိုင်းနိုင်ငံ၌ ခိုးသူတို့သည် မထကြွကုန်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက်တို့ကို မဖြစ်စေရာ။ မင်းမြတ် စကြာဝတေးမင်း၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

"အကြင်သူသည် ကာမဝိတက်စသည်မှ အေးငြိမ်းမှု၌ မွေ့လျော်သည် ဖြစ်၍သာ အခါခပ်သိမ်း သတိထားလျက် အသုဘအာရုံကို ပွါးများ၏၊ ဤသူသည်ကား ကိလေသာ ပျက်စီးအောင် ပြုနိုင်ပေလတ္တံ့၊ ဤသူသည် မာရ်မင်း၏ အနှောင်အဖွဲ့ကို ဖြတ်နိုင်ပေလတ္တံ့"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

http://www.dhammadownload.com



မင်းမြတ် နောက်တမျိုးကား စကြဝတေးမင်းသည် နေ့တိုင်း နေ့တိုင်း သမုဒ္ဒရာအဆုံးရှိသော မြေအပြင်၌ ကောင်းမကောင်းတို့ကို စူးစမ်းလျက် လှည့်လည်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ငါ့အား ဤသုံးပါးသော အကြောင်းတို့ဖြင့် မစွပ်စွဲအပ်သည်ဖြစ်၍ နေ့သည် ကုန်လွန်ပါလေ၏လောဟု ကာယကံ ဝစီကံ မနောကံကို နေ့တိုင်း နေ့တိုင်း ဆင်ခြင်ရာ၏။ မင်းမြတ် စကြဝတေးမင်း၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် အင်္ဂုတ္တရနိကာယ်မြတ်၌—

"ငါ့အား အဘယ်သို့အားဖြင့်ဖြစ်၍ ညဉ့်နေ့တို့သည် လွန်ကုန်လေသနည်းဟု ရဟန်းဖြစ်သောသူသည် မပြတ်ဆင်ခြင်အပ်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

မင်းမြတ် နောက်တမျိုးကား စကြဝတေးမင်းသည် အတွင်းအပ အစောင့်အရှောက်ကို ကောင်းစွာ စီရင်အပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အတွင်းအပ ကိလေသာတို့ကို စောင့်ရှောက်ခြင်းငှါ သတိတည်းဟူသော တံခါးစောင့်ကို ထားရာ၏။ မင်းမြတ် စကြဝတေးမင်း၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

"ရဟန်းတို့ သတိတည်းဟူသော တံခါးစောင့်ရှိသော အရိယသာဝကသည် အကုသိုလ်ကို ပယ်စွန့်၏၊ ကုသိုလ်ကို ပွါးများ၏၊ အပြစ်ရှိသော တရားကို ပယ်စွန့်၏၊ အပြစ်မရှိသော တရားကို ပွါးများ၏၊ မိမိကိုယ်ကို စင်ကြယ်စွာ ဆောင်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ဆယ်ခုမြောက် စက္ကဝတ္တိဂ်ဝဂ္ဂ ပြီး၏။

## သုံးခုမြောက် ပထဝီဝဂ်ပြီး၏။

http://www.dhammadownload.com

# ၄-ဥပစိကာဝဂ်

## ၁-ဥပစိကင်္ပဥှာ

### (ခြ၏ အင်္ဂါ ပြဿနာ)

၁။ အသျှင်ဘုရားနာဂသေန "ခြ၏ အင်္ဂါတပါးကို ယူအပ်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ခြသည် အထက်၌ မြေအမိုးကို ပြုလျက် မိမိကိုယ်ကို ပိတ်ဖုံး၍ အစာရှာခြင်းငှါ လှည့်လည်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သီလစောင့်ထိန်းမှုဟူသော အမိုးကိုပြုလျက် စိတ်ကို ပိတ်ဖုံး၍ ဆွမ်းအလို့ငှါ လှည့်လည်ရာ၏၊ မင်းမြတ် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သီလစောင့်ထိန်းမှုဟူသော အမိုးဖြင့် အလုံးစုံသော ဘေးကို လွန်မြောက်နိုင်၏။ မင်းမြတ် ခြ၏ တပါးသော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် ဝင်္ဂန္တပုဏ္ဏား၏ သားဖြစ်သော အသျှင်ဥပသေန မထေရ်သည်—

"အားထုတ်ခြင်း လုံ့လရှိသော ရဟန်းသည် သီလစောင့်ထိန်းမှုဟူသော အမိုးကို ပြုလုပ်လျက် စိတ်ကို လောကဖြင့် မလိမ်းကျံအပ်သည်ဖြစ်၍ ရာဂဘေးစသည်မှ လွတ်မြောက်ရ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ရှေးဦးစွာသော ဥပစိကင်္ပဥှာ ပြီး၏။

---

## ၂-ဗိဠာရင်္ပဥှာ

### (ကြောင်၏ အင်္ဂါ ပြဿနာ)

၂။ အသျှင်ဘုရားနာဂသေန "ကြောင်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ကြောင်သည် လိုဏ်ဂူသို့ သွားသော်၎င်း သစ်ခေါင်းသို့ သွားသော်၎င်း ပြာသာဒ်ဦးပြည်း၏ အတွင်းသို့ သွားသော်၎င်း ကြွက်ကိုသာလျှင် ရှာဖွေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ရွာသို့ သွားသော်၎င်း တောသို့ သွားသော်၎င်း သစ်ပင်ရင်းသို့ သွားသော်၎င်း ဆိတ်ငြိမ်ရာအရပ်သို့ သွားသော်၎င်း မပြတ်မလပ် မမေ့မလျော့သဖြင့် ကာယဂတာသတိတည်းဟူသော ဘောဇဉ်ကိုသာလျှင် ရှာမှီးအပ်၏။ မင်းမြတ် ကြောင်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ကြောင်သည် အနီး၌သာလျှင် အစာကို ရှာဖွေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့၌သာလျှင် ဖြစ်ခြင်း ပျက်ခြင်းကို အဖန်ဖန် ရှုဆင်ခြင်သည်ဖြစ်၍ နေရာ၏၊ ဤတရားကား ရုပ်တည်း၊ ဤတရားကား ရုပ်၏ ဖြစ်မှုဖြစ်ကြောင်းတည်း၊ ဤတရားကား ရုပ်၏ ချုပ်မှုချုပ်ကြောင်းတည်း၊ ဤတရားကား ဝေဒနာတည်း၊ ဤတရားကား ဝေဒနာ၏ ဖြစ်မှုဖြစ်ကြောင်းတည်း။ ဤတရားကား ဝေဒနာ၏ ချုပ်မှုချုပ်ကြောင်းတည်း၊ ဤတရားကား သညာတည်း၊ ဤတရားကား

http://www.dhammadownload.com



သညာ၏ ဖြစ်မှုဖြစ်ကြောင်းတည်း၊ ဤတရားကား သညာ၏ ချုပ်မှုချုပ်ကြောင်းတည်း၊ ဤတရားကား သင်္ခါရတို့တည်း၊ ဤတရားကား သင်္ခါရတို့၏ ဖြစ်မှုဖြစ်ကြောင်းတည်း၊ ဤတရားကား သင်္ခါရတို့၏ ချုပ်မှုချုပ်ကြောင်းတည်း၊ ဤတရားကား ဝိညာဏ်တည်း၊ ဤတရားကား ဝိညာဏ်၏ ဖြစ်မှုဖြစ်ကြောင်းတည်း၊ ဤတရားကား ဝိညာဏ်၏ ချုပ်မှုချုပ်ကြောင်းတည်းဟု ရှုဆင်ခြင်သည်ဖြစ်၍ နေရာ၏။ မင်းမြတ် ကြောင်၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

"ဤကိုယ်ခန္ဓာမှ အဝေး၌ မဖြစ်သင့်၊ အထက်ဘဝဂ်ပြဟ္မာ့ပြည်သည် အဘယ်ပြုအံ့နည်း၊ ပစ္စုပ္ပန်ဟု ခေါ်ဆိုအပ်သော မိမိကိုယ်၌သာ ရှာဖွေကြကုန်လော့"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

နှစ်ခုမြောက် ဗိဠာရင်္ဂပဉှာ ပြီး၏။

---

## ၃-ဥန္ဒုရင်္ဂပဉှာ

### (ကြွက်၏အင်္ဂါ ပြဿနာ)

၃။ အသျှင်ဘုရားနာဂသေန "ကြွက်၏ အင်္ဂါတပါးကို ယူအပ်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ကြွက်သည် ထိုမှ ဤမှ သွားလာသည်ရှိသော် အစာအာဟာရကိုသာ အဦးမူသည်ဖြစ်၍ သွားလာသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ထိုမှ ဤမှ လှည့်လည်သွားလာသည်ရှိသော် သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကိုသာ အဦးမူသည်ဖြစ်၍ လှည့်လည်သွားရာ၏။ မင်းမြတ် ကြွက်၏ တပါးသော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် ဝင်္ဂန္တပုဏ္ဏား၏သားဖြစ်သော အသျှင်ဥပသေနမထေရ်သည်—

"တရား၌ အဦးမူ၍ နေထိုင်လျက် မဆုတ်နစ်မူ၍ အခါခပ်သိမ်း သတိရှိလျက် ဝိပဿနာ ရှုကြည့် ပွါးများသောသူသည် ရာဂစသည်မှ ငြိမ်းလျက် နေထိုင်ရာ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

သုံးခုမြောက် ဥန္ဒုရင်္ဂပဉှာ ပြီး၏။

---

## ၄-ဝိစ္ဆိကင်္ဂပဉှာ

### (ကင်းမြီးကောက်၏ အင်္ဂါ ပြဿနာ)

၄။ အသျှင်ဘုရားနာဂသေန "ကင်းမြီးကောက်၏ အင်္ဂါတပါးကို ယူအပ်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ကင်းမြီးကောက်သည် အမြီးလျှင် လက်နက်ရှိသည်ဖြစ်၍ အမြီးကိုထောင်လျက် သွားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဉာဏ်လျှင် လက်နက်ရှိသည် ဖြစ်ရာ၏၊

http://www.dhammadownload.com



ဥဘဏ်ကို စိုက်ထောင်၍ နေသူ၏၊မင်းမြတ် ကင်းမြီးကောက်၏ တပါးသော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် ဝင်္ဂန္တပုဏ္ဏား၏ သားဖြစ်သော အသျှင်ဥပသေနမထေရ်သည်—

"ဥဘဏ်တည်းဟူသော သန်လျက်ကို ကိုင်စွဲနေထိုင်လျက် ဝိပဿနာရှုကြည့် ပွါးများနေသောသူသည် အလုံးစုံသော ဘေးမှ လွတ်မြောက်ရ၏၊ ထိုသူသည် သူတပါးတို့ မညှဉ်းဆဲနိုင်သောသူလည်း ဖြစ်ရပေ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

လေးခုမြောက် ဝိစ္ဆိကင်္ပဥ္စ၁ ပြီး၏။

---

## ၅-နကုလင်္ပဥ္စ၁

### (မြွေပါ၏ အင်္ဂါပြဿနာ)

၅။ အသျှင်ဘုရားနာဂသေန "မြွေပါ၏ အင်္ဂါတပါးကို ယူအပ်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မြွေပါသည် မြွေသို့ကပ်သည်ရှိသော် (ကိုယ်ကာ) ဆေးဖြင့် ကိုယ်ကို ထုံ၍ မြွေကိုဖမ်းယူခြင်းငှါ ချဉ်းကပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အမျက်ရန်ငြိုးအားကြီးသော ခိုက်ရန်ဖြစ်ခြင်း မညီညွတ်ခြင်း ငြင်းခုံခြင်း ဆန့်ကျင်ခြင်းတို့ဖြင့် နှိပ်စက်သောလူအပေါင်းသို့ ချဉ်းကပ်သည်ရှိသော် မေတ္တာဆေးဖြင့် စိတ်ကို အစဉ်မပြတ် လိမ်းကျံရာ၏။ မင်းမြတ် မြွေပါ၏ တပါးသော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် တရားစစ်သူကြီးဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်—

"ထိုသို့ (ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်းစသည်) ဖြစ်တတ်သောကြောင့် မိမိအားရင်း သူတပါးတို့အားရင်း မေတ္တာပွါးထုံခြင်းကို ပြုအပ်ပြုသင့်၏၊ မေတ္တာစိတ်ဖြင့် ဖြန့်အပ်၏၊ ဤသည်ကား မြတ်စွာဘုရားတို့၏ အဆုံးအမတော်တည်း"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ငါးခုမြောက် နကုလင်္ပဥ္စ၁ ပြီး၏။

---

## ၆-ဇရသိင်္ဂါလင်္ပဥ္စ၁

### (မြေခွေးအို၏ အင်္ဂါပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန "မြေခွေးအို၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မြေခွေးအိုသည် အစာကို ရသည်ရှိသော် မစက်ဆုပ် မရွံရှာပဲ အလိုရှိတိုင်း စားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဘောဇဉ်ကို ရသည်ရှိသော် မစက်ဆုပ် မရွံရှာပဲ ခန္ဓာကိုယ် မျှတလောက်ရုံသာ သုံးဆောင်ရာ၏။ မင်းမြတ် မြေခွေးအို၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် အသျှင်မဟာကဿပမထေရ်သည်—

"ငါသည် ကျောင်းမှ ဆင်းသက်၍ ရွာသို့ ဆွမ်းအလို့ငှါ ဝင်ခဲ့ပြီ၊ ထမင်းစားနေသော နူနာရှိသော ယောကျ်ားသို့ အလေးအမြတ်ပြုကာ အနီးကပ်၍ ရပ်ပြီ။

http://www.dhammadownload.com



ထိုနူနာရှိသော ယောကျ်ားသည် ပြည်ပုပ် သွေးခြောက်တို့ဖြင့် မှည့်သော လက်ဖြင့် ထမင်းလုပ်ကို ငါ့အား ဆက်ကပ်လှူဒါန်းပြီ၊ ထမင်းလုပ်ကို ထည့်လောင်းနေစဉ် နူနာရှိသော ယောကျ်ား၏ လက်ချောင်းသည်လည်း ဤသပိတ်ထဲ၌ ပြတ်ကျလေပြီ။

ငါသည် နံရံခြေကိုမှီ၍ ဆွမ်းလုပ်ကို စား၏၊ စားဆဲ၌ရှင်း စားပြီး၌ရှင်း ငါ့အား စက်ဆုပ်ရွံရှာခြင်း မရှိ''ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

မင်းမြတ် နောက်တမျိုးကား မြေခွေးအိုသည် အစာကို ရသည်ရှိသော် ကြမ်းထမ်း၏ဟူ၍ရှင်း မွန်မြတ်၏ဟူ၍ရှင်း မဒူးစမ်း မရွေးချယ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဘောဇဉ်ကိုရသည်ရှိသော် ကြမ်းထမ်း၏ဟူ၍ရှင်း မွန်မြတ်၏ဟူ၍ရှင်း ကောင်းမြတ်သည်ကိုရှင်း မကောင်းမြတ်သည်ကိုရှင်း မစူးစမ်း မရွေးချယ်ရာ၊ ရတိုင်းသော အစာဖြင့် ရောင့်ရဲရာ၏။ မင်းမြတ် မြေခွေးအို၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် ဝင်္ဂန္တပုဏ္ဏား၏ သားဖြစ်သော အသျှင်ဥပသေနမထေရ်သည်—

''ကြမ်းထမ်းသော ဘောဇဉ်ဖြင့်လည်း ရောင့်ရဲ တင်းတိမ်ရာ၏၊ ရရှိသည်မှတပါး များစွာသော အရသာကို မတောင့်တရာ၊ အရသာတို့၌ တပ်မက်သူ၏စိတ်သည် ဈာန်၌ မမွေ့လျော်နိုင်၊ ဆိုးကောင်း ယုတ်မြတ် ရတတ်သမျှသော အစာဖြင့် တင်းတိမ်ရောင့်ရဲနိုင်သူသည် မဂ်ဖိုလ်ကို ပြည့်စေနိုင်၏''ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ခြောက်ခုမြောက် ဇရသိင်္ဂါလင်္ဂပဥှာ ပြီး၏။

---

## ၇-မိဂင်္ဂပဥှာ

### (သမင်၏ အင်္ဂါပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန ''သမင်၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏''ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါသုံးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် သမင်သည် နေ့အခါ တော၌ လှည့်လည်၏၊ ညဉ့်အခါ လွင်တီးခေါင်၌ လှည့်လည်၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် နေ့အခါ တော၌ နေရာ၏၊ ညဉ့်အခါ လွင်တီးခေါင်၌ နေရာ၏။ မင်းမြတ် သမင်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နတ်ထက် နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကြက်သီးထဖွယ်ကို ပြရာ လောမဟံသနဒေသနာတော်၌—

''သာရိပုတြာ ထိုငါဘုရားသည်ကား (တပို့တွဲ တပေါင်း နှစ်လ၏) အကြား ရှစ်ရက်ဖြစ်သော ဆီးနှင်းကျသောအခါ၌ မြေကုန်သော ဆောင်းလဖြစ်ကုန်သော ညဉ့်တို့၌ ညဉ့်အခါ ငါဘုရားသည် လွင်တီးခေါင်၌နေ၏၊ နေ့အခါ တောအုပ်၌ နေ၏၊ နွေလတို့၏ နောက်ဆုံးတလ၌ နေ့အခါ လွင်တီးခေါင်၌နေ၏၊ ညဉ့်အခါ တောအုပ်၌ နေ၏''ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

မင်းမြတ် နောက်တမျိုးကား သမင်သည် လှံဖြစ်စေ မြားဖြစ်စေ ရှေးရှု ကျရောက်လာသည်ရှိသော် လှည့်ပတ်၏၊ ပြေးလွှား၏၊ ကိုယ်ကို လက်နက်အနီးသို့ မဆောင်၊ မင်းမြတ် ဤအတူသာ

http://www.dhammadownload.com



မင်းမြတ် နောက်တမျိုးကား တောအုပ်သည် ငြိမ်သက်၍ သန့်ရှင်းစင်ကြယ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ငြိမ်သက်၍ သန့်ရှင်းစင်ကြယ်သည် ဖြစ်ရာ၏၊ ရာဂစသည်၌ ငြိမ်းအေးသည် မာနကို ပယ်ပြီးသည် ကျေးဇူးချေဖျက်ခြင်းကို ပယ်ပြီးသည် ဖြစ်ရာ၏။ မင်းမြတ် တောအုပ်၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား တောအုပ်သည် အရိယာဖြစ်သော သူတော်ကောင်းတို့ အမြဲမှီဝဲအပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အရိယာဖြစ်သော သူတော်ကောင်းတို့ အမြဲမှီဝဲအပ်သည် ဖြစ်ရာ၏။မင်းမြတ် တောအုပ်၏ ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သံယုတ္တနိကာယ်မြတ်၌—

"ရာဂစသည်တို့မှ ခွဲတိတ်ကင်းကုန်သော ဖြူစင်သော အကျင့်ရှိကုန်သော နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကုန်သော ကိလေသာကို ရှို့မြိုက်တတ်ကုန်သော အမြဲထက်သန်သော ဝီရိယရှိကုန်သော ပညာရှိတို့နှင့်အတူတကွ နေထိုင်ရာ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

လေးခုမြောက် ပဝနင်္ဂပဥ္စ ပြီး၏။

---

## ၅-ရုက္ခင်္ဂပဥ္စ

### (သစ်ပင်၏အင်္ဂါပြဿနာ)

၅။ အသျှင်ဘုရားနာဂသေန "သစ်ပင်၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါသုံးပါးတို့ကို ယူအပ်ပါကုန် သနည်းဟု(မေးလျှောက်၏)။မင်းမြတ် သစ်ပင်မည်သည်ကား အပွင့်အသီးကို ဆောင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကိလေသာမှ လွတ်မြောက်မှု 'အရဟတ္တဖိုလ်' တည်းဟူသော အပွင့် မဂ်ဖိုလ်ဟူသော အသီးကိုဆောင်သည် ဖြစ်ရာ၏။ မင်းမြတ် သစ်ပင်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား သစ်ပင်သည် အနီးသို့ ကပ်လာကုန်သောလူတို့အား အရိပ်ကို ပေးသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အနီးသို့ ကပ်လာဝင်လာကုန်သော ပုဂ္ဂိုလ်တို့အား ဆွမ်းစသော အာမိသအစေ့အစပ်ဖြင့်၎င်း တရားတည်းဟူသော အစေ့အစပ်ဖြင့်၎င်း အစေ့အစပ်ပြုရာ၏။ မင်းမြတ် သစ်ပင်၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား သစ်ပင်သည် အရိပ်ဖြင့် ထူးကဲသည်၏အဖြစ်ကို မပြု သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သတ္တဝါတို့၌ ထူးကဲသည်၏ အဖြစ်ကို မပြုရာ၊ ခိုးသူ သူသတ် ရန်သူတို့၌၎င်း မိမိ၌၎င်း "ဤသတ္တဝါတို့သည် အဘယ်သို့လျှင် ဘေးရန် မရှိကြကုန်ပဲ ကြောင့်ကြစိုးရိမ်ခြင်း မရှိကြကုန်ပဲ ဆင်းရဲမရှိကြကုန်ပဲ မိမိကိုယ်ကို ချမ်းချမ်းသာသာ ဆောင်နိုင်ပါကုန်အံ့နည်း"ဟု

http://www.dhammadownload.com.



တူမျှသော မေတ္တာပွါးခြင်းကို ပြုရာ၏။ မင်းမြတ် သစ်ပင်၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် တရားစစ်သူကြီးဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်—

"မြတ်စွာဘုရားသည် သတ်ပုတ်ညှဉ်းပန်းတတ်သော ဒေဝဒတ်၌ရင်း ခိုးသူဖြစ်သော အင်္ဂုလိမာလ၌ရင်း (သတ်ရန်လာသော) ဓနပါလဆင်၌ရင်း (သားတော်) ရာဟုလာ၌ရင်း အလုံးစုံသောသူတို့၌ တူမျှသောစိတ် ရှိတော်မူ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ငါးခုမြောက် ရုက္ခင်္ဂပဉှာ ပြီး၏။

---

## ၆–မေဃင်္ဂပဉှာ

### (မိုး၏အင်္ဂါပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန "မိုး၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါငါးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု(မေးလျှောက်၏)။ မင်းမြတ် မိုးသည် ဖြစ်ပေါ်လာသော မြူအညစ်အကြေးကို ငြိမ်းစေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဖြစ်ပေါ်လာသော ကိလေသာ မြူအညစ်အကြေးကို ငြိမ်းစေအပ်၏။ မင်းမြတ် မိုး၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မိုးသည် မြေ၌ အပူကို ငြိမ်းစေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မေတ္တာဘာဝနာဖြင့် နတ်နှင့်တကွသော လူအပေါင်းကို ငြိမ်းစေရာ၏။ မင်းမြတ် မိုး၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မိုးသည် အလုံးစုံသော မျိုးစေ့တို့ကို ပေါက်ရောက်စေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သတ္တဝါတို့အား ယုံကြည်မှု 'သဒ္ဓါ' တရားကို ဖြစ်စေ၍ ထိုယုံကြည်မှု 'သဒ္ဓါ'တရား ဟူသော မျိုးစေ့ကို အလွန်မြတ်သော ပရမတ္ထနိဗ္ဗာန်ချမ်းသာ စည်းစိမ်တိုင်အောင် နတ်ပြည် လူ့ပြည်၌ ဖြစ်သော ချမ်းသာစည်းစိမ်ဟူသော သုံးပါးသောချမ်းသာစည်းစိမ်တို့၌စိုက်ပျိုးရာ၏။ မင်းမြတ် မိုး၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မိုးသည် ဥတုအားဖြင့် ဖြစ်ပွါး၍ မြေအပြင်၌ ပေါက်ရောက်ကုန်သော မြက် သစ်ပင် နွယ် ချုံ ဆေးပင် တောစိုးသစ်ပင်တို့ကို စောင့်ရှောက်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကိုဖြစ်စေ၍ ထိုသင့်လျော်သောအားဖြင့် နှလုံးသွင်းမှုဖြင့် ရဟန်းတရားကို စောင့်ရှောက်ရာ၏၊ အလုံးစုံသော ကုသိုလ်တရားတို့သည် သင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်းလျှင် အရင်းရှိကုန်၏။ မင်းမြတ် မိုး၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မိုးသည် ရွာသည်ရှိသော် မြစ် တဖက်ဆည်ကန် လေးထောင့်ကန်တို့ကိုရင်း ချောက် ချောက်လက်တက် ရေအိုင် ထုံးအိုင် ရေတွင်းတို့ကိုရင်း ရေအယဉ်တို့ဖြင့် ပြည့်စေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ပါဠိ

http://www.dhammadownload.com



## ၁၀-ဟတ္ထိဂံပဥှ

### (ဆင်၏ အင်္ဂါပြဿနာ)

၁၀။ အသျှင်ဘုရားနာဂသေန "ဆင်၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါငါးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ဆင်မည်သည်ကား သွားနေစဉ်ပင် မြေကြီးကို ခွဲသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကိုယ်ကို သုံးသပ်သည်ဖြစ်၍သာလျှင် ကိလေသာအားလုံးတို့ကို ဖောက်ခွဲအပ်၏။ မင်းမြတ် ဆင်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ဆင်သည် အလုံး (တကိုယ်လုံးဖြင့်သာလျှင်)လှည့်လည်ကြည့်၏၊ ဖြောင့်စွာသာလျှင် ကြည့်၏၊ တူရူအရပ် အထောင့်အရပ်တို့ကို မကြည့်၊မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော ကိုယ်ဖြင့် ကြည့်သည် ဖြစ်ရာ၏၊ တူရူအရပ် အထောင့်အရပ်တို့ကို မကြည့်ရာ၊ အထက်သို့ မကြည့်ရာ၊ အောက်သို့ မကြည့်ရာ၊ လှည်းထမ်းပိုးတပြန်မျှကိုသာ ကြည့်သည်ဖြစ်ရာ၏။ မင်းမြတ် ဆင်၏နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ဆင်သည် အမြဲနေရာမရှိမူ၍ ကျက်စားခြင်းငှါ သွားသည်ရှိသော် ထိုရောက်ရာအရပ်သို့သာလျှင် နေရန် ချဉ်းကပ်၏၊ အမြဲတည်ရပ်ရာ နေရာမရှိ၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အမြဲနေရာ မရှိသည်ဖြစ်ရာ၏၊ တပ်ခြင်းအာလယကင်းသည်ဖြစ်၍ ဆွမ်းခံသွားရာ၏၊ ဝိပဿနာရှုသော ရဟန်းသည် နှစ်သက်ဖွယ်ရှိသော သင့်တင့်လျောက်ပတ်သော နှစ်သက်စဖွယ်ရှိသော အရပ်၌ဖြစ်သော မဏ္ဍပ်ကိုရင်း သစ်ပင်ရင်းကိုရင်း လိုဏ်ကိုရင်း တောင်ဝှမ်းကိုရင်း အကယ်၍ မြင်သည်ဖြစ်အံ့၊ ထိုမြင်ရာအရပ်၌သာလျှင် နေရန် ချဉ်းကပ်ရာ၏။ အမြဲတည်သော နေရာကို မပြုရာ။ မင်းမြတ် ဆင်၏သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ဆင်သည် ရေသို့ သက်ဆင်းသည်ရှိသော် စင်ကြယ်သန့်ရှင်း အညစ်အကြေးကင်း၍ အေးမြသောရေဖြင့် ပြည့်သော ကြာခေါင်းလောင်း ကြာညို ကြာပဒုမ္မာ ကြာပုဏ္ဍရိက်တို့ဖြင့် ဖုံးလွှမ်းလျက် များစွာ ကြီးကျယ်သော ပဒုမ္မာကြာအိုင်သို့ သက်ဆင်းကာ ဆင်တို့၏ ကစားခြင်းဖြင့် ကစား၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် စင်ကြယ်သန့်ရှင်း အညစ်အကြေးကင်း၍ အထူးကြည်လင်သော မနောက်ကျုသော မြတ်သောတရားတည်းဟူသော ရေဖြင့် ပြည့်သော (ဝိမုတ္တိ) အရဟတ္တဖိုလ်ဟူသော ပန်းတို့ဖြင့် ဖုံးလွှမ်းသော မဟာသတိပဋ္ဌာန်တည်းဟူသော ရေကန်သို့ သက်ဆင်းလျက် ဉာဏ်ဖြင့် သင်္ခါရတရားတို့ကို ခါ၍ ချအပ်ကုန်၏၊ ခါတွက် လွှင့်ပစ်အပ်ကုန်၏၊ ယောဂါဝစရပုဂ္ဂိုလ်တို့၏ ကစားခြင်းဖြင့် ကစားရာ၏။ မင်းမြတ် ဆင်၏လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ဆင်သည် သတိရှိသည်ဖြစ်၍ ခြေကို ကြွ၏၊ သတိရှိသည်ဖြစ်၍ ခြေကို ချ၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သတိသမ္ပဇဉ်

http://www.dhammadownload.com



ရှိသည်ဖြစ်၍ ခြေကို ကြွရာ၏၊ သတိသမ္ပဇဉ်ရှိသည်ဖြစ်၍ ခြေကို ချရာ၏၊ ရှေ့သို့တက်ခြင်း နောက်သို့ ဆုတ်ခြင်း၌၎င်း ကွေးခြင်း ဆန့်ခြင်း၌၎င်း အလုံးစုံသော ဣရိယာပုထ်တို့၌ သတိသမ္ပဇဉ်ရှိသည် ဖြစ်ရာ၏။ မင်းမြတ် ဆင်၏ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သံယုတ္တနိကာယ်မြတ်၌—

"ကိုယ်ဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊နှုတ်ဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ စိတ်နှလုံးဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ အလုံးစုံတို့၌ စောင့်စည်းခြင်းသည် ကောင်း၏၊ အလုံးစုံ၌ (မကောင်းမှုမှ) ရှက်ကြောက်၍ စောင့်စည်းသောသူကို စောင့်ရှောက်လုံခြုံသူဟု ဆိုအပ်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ဆယ်ခုမြောက် ဟတ္ထိင်္ဂပဥှာ ပြီး၏။

# လေးခုမြောက် ဥပမိကာဝဂ် ပြီး၏။

http://www.dhammadownload.com

# ၅-သီဟဝဂ်

## ၁-သီဟင်္ဂပဥှာ

### (ခြင်္သေ့၏အင်္ဂါ ပြဿနာ)

၁။ အသျှင်ဘုရားနာဂသေန "ခြင်္သေ့၏ အင်္ဂါခုနစ်ပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါခုနစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ခြင်္သေ့မည်သည် ဖြူဖြူဖွေးဖွေး ညစ်ကြေးမတင် စင်ကြယ်စွာ ဖြူသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဖြူဖြူဖွေးဖွေး ညစ်ကြေးမတင် စင်ကြယ်စွာသော ဖြူသောစိတ်ဖြင့် ယုံမှားမှု ကင်းသည်ဖြစ်ရာ၏၊ မင်းမြတ် ခြင်္သေ့၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ခြင်္သေ့သည် အခြေလေးချောင်းရှိသည်ဖြစ်၍ အလွန်ရဲရင့်စွာ လှည့်လည် သွားလာသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဣဒ္ဓိပါဒ်လေးပါးတည်းဟူသော အခြေရှိသည် ဖြစ်ရာ၏။ မင်းမြတ် ခြင်္သေ့၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ခြင်္သေ့သည် အလွန်လှပ၍ နှစ်သက်စဖွယ်ဖြစ်သော လည်ဆံရှိသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလွန်လှပ၍ နှစ်သက်စဖွယ်ဖြစ်သော သီလတည်းဟူသော လည်ဆံရှိသည် ဖြစ်ရာ၏။ မင်းမြတ် ခြင်္သေ့၏ သုံးခုမြောက်သော ဤ အင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ခြင်္သေ့သည် အသက်ပင်ကုန်ဆုံးသော်လည်း တစုံတဦးသော သတ္တဝါကိုမျှ မကိုင်းညွတ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ ဆေးပရိက္ခရာတို့ ကင်းပြတ်သော်လည်း တစုံတယောက်သောသူကိုမျှ မကိုင်းညွတ်ရာ။ မင်းမြတ် ခြင်္သေ့၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ခြင်္သေ့သည် အစဉ်အတိုင်း စား၏၊ ကျရာအရပ်၌သာလျှင် အလိုရှိတိုင်း စား၏၊ မွန်မြတ်သောအသားကို မရွေးချယ်၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အစဉ်အတိုင်းစားသည် ဖြစ်ရာ၏၊ ပေးလှူသူဒါယကာတို့ကို မရွေးချယ်အပ်ကုန်၊ ရှေးဦးအိမ်ကို ပယ်၍ (ပေးလှူသူဒါယကာ)တို့ကို မချဉ်းကပ်အပ်ကုန်၊ ဘောဇဉ်ကို မရွေးချယ်ရာ၊ ဆွမ်းလုပ်ကို ယူရာအရပ်၌သာလျှင် ခန္ဓာကိုယ်မျှတခြင်းငှါ စားရာ၏၊ မွန်မြတ်သောဘောဇဉ်ကို မရွေးချယ်ရာ။ မင်းမြတ် ခြင်္သေ့၏ ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ခြင်္သေ့သည် အစာကို သိုမှီးသိမ်းဆည်းထားခြင်း မရှိ၊ တကြိမ်ကျက်စားရာအရပ်၌ စားပြီးသော် တဖန် ထိုအရပ်သို့ မချဉ်းကပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သိုမှီးခြင်းကို မပြုမူ၍ သုံးဆောင်လေ့ရှိသည် ဖြစ်ရာ၏။ မင်းမြတ် ခြင်္သေ့၏ ခြောက်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

http://www.dhammadownload.com



မင်းမြတ် နောက်တမျိုးကား ခြင်္သေ့သည် အစာကို မရသည်ရှိသော် မပူပင် မတောင့်တ၊ အစာကို ရသော်လည်း မတပ်မက် မတွေဝေ၊ လောဘအလွန် မသက်ရောက်စေပဲ စား၏၊မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဘောဇဉ်ကို မရသောကြောင့် မပူပင် မတောင့်တရာ၊ ဘောဇဉ်ကိုရသော်လည်း မတပ်မက် မတွေဝေပဲ လောဘအလွန် မသက်ရောက်စေပဲ အပြစ်ကို ရှုကြည့်လျက် ဝဋ်မှ ထွက်မြောက်ကြောင်း ပညာဖြင့် သုံးဆောင်ရာ၏။ မင်းမြတ် ခြင်္သေ့၏ ခုနစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သံယုတ္တနိကာယ်မြတ်၌ မဟာကဿပမထေရ်ကို ချီးကျူးထောမနာတော်မူလိုရကား—

"ရဟန်းတို့ ဤကဿပသည် ရရသမျှသောဆွမ်းဖြင့် ရောင့်ရဲနိုင်၏၊ ရရသမျှသော ဆွမ်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကိုလည်း ဆိုလေ့ရှိ၏၊ ဆွမ်းဟူသောအကြောင်းကြောင့် မလျောက်ပတ်သော (မအပ်သော) ရှာမှီးခြင်းသို့ မရောက်၊ ဆွမ်းကို မရ၍လည်း မပူပင် မတောင့်တ၊ ဆွမ်းကို ရ၍လည်း မတပ်မက် မတွေဝေ၊ လောဘအလွန် မသက်ရောက်စေပဲ အပြစ်ကို ရှုဆင်ခြင်လျက် ဝဋ်မှထွက်မြောက်ကြောင်း ပညာရှိသည် ဖြစ်၍ သုံးဆောင်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ရှေးဦးစွာသော သီဟင်္ဂပဉှာ ပြီး၏။

---

## ၂-စက္ကဝါကင်္ဂပဉှာ

(စက္ကဝါက်ငှက်၏ အင်္ဂါပြဿနာ)

၂။ အသျှင်ဘုရားနာဂသေန"စက္ကဝါက်ငှက်၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏" ဆိုတော်မူ၏၊ အဘယ် အင်္ဂါသုံးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် စက္ကဝါက်ငှက်သည် အသက်ဆုံးသည်တိုင်အောင် အဖော်ကို မစွန့်ပစ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အသက်ဆုံးသည်တိုင်အောင် သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'ကို မစွန့်ရာ။ မင်းမြတ် စက္ကဝါက်ငှက်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား စက္ကဝါက်ငှက်သည် မှော်သေး မှော်ညှင်းကို စား၏၊ထိုမှော်သေး မှော်ညှင်းဖြင့်သာ ရောင့်ရဲ၏၊ ထိုမှော်သေး မှော်ညှင်းဖြင့် ရောင့်ရဲခြင်းကြောင့် အားအင်မှုရင်း အဆင်းမှုရင်း မဆုတ်ယုတ်၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ရရသမျှနှင့် ရောင့်ရဲရာ၏၊ မင်းမြတ် ရရသမျှဖြင့် ရောင့်ရဲသော ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သီလမှ မဆုတ်ယုတ်၊ သမာဓိမှ မဆုတ်ယုတ်၊ ပညာမှ မဆုတ်ယုတ်၊ ဝိမုတ္တိ (အရဟတ္တဖိုလ်)မှ မဆုတ်ယုတ်၊ ဝိမုတ္တိဉာဏ်အမြင်မှ မဆုတ်ယုတ်၊ အလုံးစုံသော ကုသိုလ်တရားတို့မှ မဆုတ်ယုတ်။ မင်းမြတ် စက္ကဝါက်ငှက်၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား စက္ကဝါက်ငှက်သည် သတ္တဝါတို့ကို မညှဉ်းဆဲသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် တုတ်ကို ချထားသည် လက်နက်

http://www.dhammadownload.com



ကို ချထားအပ်သည် မကောင်းမှုမှ ရှက်သည် သနားခြင်းသို့ ရောက်သည် အလုံးစုံသော သက်ရှိသတ္တဝါတို့၏ အစီးအပွါးကို စောင့်ရှောက်သည် ဖြစ်ရာ၏။ မင်းမြတ် စက္ကဝါကြက်၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် စက္ကဝါကဇာတ်၌—

"အကြင်သူသည် ကိုယ်တိုင်လည်း မသတ်၊ သူတပါးကိုလည်း မသတ်ပုတ်စေ၊ ကိုယ်တိုင်လည်း မအောင်နိုင်၊ သူတပါးကိုလည်း မအောင်နိုင်စေ၊ အလုံးစုံသော သတ္တဝါတို့၌ မေတ္တာအဘို့အစု ရှိ၏၊ ထိုသူ့အား တစုံတဦးနှင့်မျှ ရန်မရှိနိုင်"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

နှစ်ခုမြောက် စက္ကဝါကင်္ဂပဥှာ ပြီး၏။

---

## ၃-ပေဏ္ဍာဟိကင်္ဂပဥှာ

### (အောက်ချင်းငှက်၏ အင်္ဂါပြဿနာ)

၃။ အသျှင်ဘုရားနာဂသေန "အောက်ချင်းငှက်မ၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ် ထိုအင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် အောက်ချင်းငှက်မသည် မိမိ၏လင်၌ ငြူစူခြင်းကြောင့် သားငယ်တို့ကို မကျွေးမွေးသကဲ့သို့ မင်းမြတ် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မိမိစိတ်၌ ကိလေသာဖြစ်ပေါ်လတ်သော် ငြူစူသည် ဖြစ်ရာ၏၊သတိပဋ္ဌာန်ဖြင့် ကောင်းစွာ စောင့်စည်းမှုဟူသော အခေါင်း၌ ထည့်ထား၍ မနောဒွါရ၌ ကာယဂတာသတိကို ပွါးများရာ၏။ မင်းမြတ် အောက်ချင်းငှက်မ၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား အောက်ချင်းငှက်မသည် တော၌ တနေ့ပတ်လုံး ကျက်စားရာ အရပ်ကို သွားလာလှည့်လည်၍ ညဉ့်၌ မိမိ၏လုံခြုံခြင်းငှါ ငှက်အပေါင်းသို့ ကပ်၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သံယောဇဉ်မှ လွတ်ခြင်းငှါ တယောက်တည်း ဆိတ်ငြိမ်ရာအရပ်ကို မှီဝဲရာ၏၊ ထိုဆိတ်ငြိမ်ရာအရပ်၌ မွေ့လျော်မှုကို မရသော ရဟန်းသည် ကဲ့ရဲ့စွပ်စွဲမှုဘေးမှ စောင့်ထိန်းရန် သံဃာ့ဘောင်သို့ သက်ဝင်၍ သံဃာအစောင့်အရှောက်ဖြင့် နေရာ၏။မင်းမြတ် အောက်ချင်းငှက်မ၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် မြတ်စွာဘုရားအထံတော်၌ သဟမ္ပတိမည်သောဗြဟ္မာသည်—

"တောတွင်း၌ ဖြစ်ကုန်သော ကျောင်း အိပ်ရာ နေရာ တို့ကို မှီဝဲကုန်လော့၊ သံယောဇဉ်မှ လွတ်ခြင်းငှါ ကျင့်ရာ၏၊ ထိုတော၌ မွေ့လျော်မှုကို အကယ်၍ မရငြားအံ့၊ သတိရှိ၍ စိတ်ကို စောင့်စည်းလျက် သံဃာ့ဘောင်၌ နေထိုင်ရာ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

သုံးခုမြောက် ပေဏ္ဍာဟိကင်္ဂပဥှာ ပြီး၏။

http://www.dhammadownload.com



## ၄-ဃရကပေါတက်ပဉှာ

### (အိမ်ခို၏အင်္ဂါပြဿနာ)

၄။ အသျှင်ဘုရားနာဂသေန "အိမ်ခို၏ အင်္ဂါတပါးကို ယူအပ်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် အိမ်ခိုသည် သူတပါးအိမ်၌ နေရသည်ရှိသော် ထိုသူတပါးတို့၏ ဥစ္စာဘဏ္ဍာ၏ တစုံတခုသော နိမိတ်အမှတ်ကို မယူ၊ လျစ်လျူရှု၍ အမှတ်များစွာပြု၍ နေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် တပါးသောအမျိုးသို့ ကပ်သည်ရှိသော် ထိုအမျိုး၌ မိန်းမ ယောကျ်ားတို့ ညောင်စောင်း၌ရင်း အင်းပျဉ်၌ရင်း အဝတ်ပုဆိုး၌ရင်း တန်ဆာ၌ရင်း အိမ်တွင်း အသုံးအဆောင်၌ရင်း အိမ်ပ အသုံးအဆောင်၌ရင်း ဘောဇဉ်အထူးအထွေတို့၌ရင်း နိမိတ် အမှတ် အသားကို မယူရာ၊ လျစ်လျူရှုသည် ဖြစ်ရာ၏၊ ရဟန်းဟူသော အမှတ်သညာကို ရှေးရှုဖြစ်စေရာ၏။ မင်းမြတ် အိမ်ခို၏ ဤအင်္ဂါတပါးကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် စူဠနာရဒဇာတ်၌—

"သူတပါးအိမ်သို့ သောက်ခြင်းငှါရင်း စားခြင်းငှါရင်း ဝင်သည်ရှိသော် အတိုင်းအရှည် နှင့် ယှဉ်၍ ခဲရာ၏၊ အတိုင်းအရှည်နှင့်ယှဉ်၍ စားရာ၏၊ မိန်းမ၏အဆင်း'ရူပါရုံ'၌ စိတ်ထား မပြုရာ"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

လေးခုမြောက် ဃရကပေါတက်ပဉှာ ပြီး၏။

---

## ၅-ဥလူကင်္ဂပဉှာ

### (ခင်ပုပ်ငှက်၏အင်္ဂါပြဿနာ)

၅။ အသျှင်ဘုရားနာဂသေန "ခင်ပုပ်ငှက်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ခင်ပုပ်ငှက်သည် ကျီးငှက်တို့နှင့် ဆန့်ကျင်ဖက်ဖြစ်၍ ညဉ့်အခါ၌ ကျီးအပေါင်းရှိရာသို့ သွားလျက် များစွာသော ကျီးတို့ကိုလည်း သတ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မသိမှု 'မောဟ'နှင့် ဆန့်ကျင်ခြင်းကို ပြုရာ၏၊ တယောက်တည်း ဆိတ်ငြိမ်ရာ အရပ်၌ နေ၍ မသိမှု'မောဟ'ကို ကောင်းစွာ နှိပ်နင်းရာ၏၊ အရင်းမှ ဖြတ်ရာ၏။ မင်းမြတ် ခင်ပုပ်ငှက်၏ ရှေးဦးစွာ သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ခင်ပုပ်ငှက်သည် လုံခြုံစွာ ကိန်းအောင်းသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မသိမှု ကိန်းအောင်းခြင်း၌ မွေ့လျော်သည် ကိန်းအောင်းခြင်း၌ ပျော်ပိုက်သည် ဖြစ်ရာ၏။ မင်းမြတ် ခင်ပုပ်ငှက်၏ နှစ်ခု မြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက် နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သံယုတ္တနိကာယ်မြတ်၌—

"ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်သည် ဆိတ်ငြိမ်ရာ၌ ပျော်ပိုက်သည်ဖြစ်၍ "ဤတရားကား ဆင်းရဲဘည်း"ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤတရားကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း"ဟု ဟုတ်မှန်သော အတိုင်း

http://www.dhammadownload.com



သိ၏၊ "ဤတရားကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)တည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤတရားကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းဖြစ်သော အကျင့်တည်း" ဟု ဟုတ်မှန်သောအတိုင်း သိ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ငါးခုမြောက် ဥလူကင်ပဥ္စာ ပြီး၏။

---

## ၆-သတပတ္တင်ပဥ္စာ

### (ခေါက်ရှာငှက်၏အင်္ဂါပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန "ခေါက်ရှာငှက်၏ အင်္ဂါတပါးကို ယူအပ်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ခေါက်ရှာငှက်သည် တွန်မြည်လျက် သူတပါးတို့အား ဘေးမရှိသည်ကိုဋ်း ဘေးရှိသည်ကိုဋ်း ပြောကြားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သူတပါးတို့အား တရားကို ဟောသဖြင့် ဖရိုဖရဲ ကျရသော ဝိနိပါတဘေးကို ဘေးအားဖြင့် ပြရာ၏၊ နိဗ္ဗာန်ကို ဘေးကင်းသောအားဖြင့် ပြရာ၏။ မင်းမြတ် ခေါက်ရှာငှက်၏ ဤအင်္ဂါတပါးကို ယူအပ်၏။ မင်းမြတ် အသျှင်ပိဏ္ဍောလဘာရဒ္ဒါဇမထေရ်သည်—

"ယောဂီရဟန်းသည် ငရဲ၌ ဘေး၏ကြောက်လန့်ဖွယ်ကိုဋ်း နိဗ္ဗာန်၌ ပြန့်ပြောများပြားသော ချမ်းသာကိုဋ်း ဤနှစ်ပါးကုန်သော အကျိုးတို့ကို ပြအပ်ကုန်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ခြောက်ခုမြောက် သတပတ္တင်ပဥ္စာ ပြီး၏။

---

## ၇-ဝဂ္ဂုလိဂ်ပဥ္စာ

### (လင်းနို့၏အင်္ဂါပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန "လင်းနို့၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် လင်းနို့သည် အိမ်သို့ဝင်၍ ပျံသန်း လှည့်လည်ပြီးသော် ထွက်၏၊ ထိုအိမ်၌ မနှောင့်ရှက်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ရွာသို့ ဆွမ်းအလို့ငှါ ဝင်လျက် အိမ်စဉ်အတိုင်း လှည့်လည်ပြီးသော် ရသောလာဘ်ဖြင့် လျင်စွာသာလျှင် ထွက်ရာ၏၊ ထိုရွာ၌ နှောင့်ရှက်သည် မဖြစ်ရာ။ မင်းမြတ် လင်းနို့ ၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်ဘမျိုးကား လင်းနို့ သည် သူတပါးအိမ်၌ နေသည်ရှိသော် ထိုအိမ်ရှင်တို့အား ဆုတ်ယုတ်ပျက်စီးကြောင်းကို မပြုသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် (ဒါယကာ)အိမ် တို့သို့ ချဉ်းကပ်၍ အလွန်တောင်းခြင်းဖြင့်ဋ်း သိစေခြင်း 'ဝိညတ်' များသဖြင့်ဋ်း မိမိကိုယ်၏ အပြစ်ဒေါသများသဖြင့် အလွန် အဆိုအပြောများသဖြင့်ဋ်း တူမျှသော ချမ်းသာဆင်းရဲရှိသဖြင့်ဋ်း ထိုဒါယကာတို့အား တစုံတရာ နှလုံးမသာယာဖွယ်ကို

http://www.dhammadownload.com



မပြုရာ၊ ထိုဒါယကာတို့၏ ပြုလုပ်ရင်းအမှုကို မယုတ်လျော့စေရာ၊ အလုံးစုံ ကြီးပွါးခြင်းကိုသာလျှင် အလိုရှိရာ၏။ မင်းမြတ် လင်းနို့၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက် နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဒီဃနိကာယ်မြတ် လက္ခဏသုတ်၌—

"သဒ္ဓါတရားဖြင့်ရင်း သီလဖြင့်ရင်း ပရိယတ်အကြားအမြင်ဖြင့်ရင်း ပညာဖြင့်ရင်း စွန့်ကြဲခြင်းဖြင့်ရင်း လောကီတရားဖြင့်ရင်း များစွာကုန်သော ကောင်းမြတ်သော ဂုဏ်တို့ဖြင့်ရင်း ဥစ္စာဖြင့်ရင်း စပါးဖြင့်ရင်း လယ်ယာဖြင့်ရင်း သားသမီးတို့ဖြင့်ရင်း မယားတို့ဖြင့်ရင်း အခြေလေးချောင်းရှိသော သတ္တဝါတို့ဖြင့်ရင်း ဆွေမျိုးတို့ဖြင့်ရင်း အဆွေခင်ပွန်းတို့ဖြင့်ရင်း ချစ်ခင် တော်စပ်သူတို့ဖြင့်သော်ရင်း အားအင်ဖြင့်ရင်း အဆင်းဖြင့်ရင်း ချမ်းသာခြင်းဖြင့်ရင်း ကိုယ်ကျိုး သူကျိုးနှစ်မျိုးစုံတို့ဖြင့်ရင်း သူတပါးတို့သည် အသို့လျှင် မဆုတ်ယုတ်ကုန်အံ့နည်းဟု အလိုရှိ၏၊ အကျိုးပြီးမြောက်ခြင်းကိုလည်း လွန်စွာ တောင့်တ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ခုနစ်ခုမြောက် ဝဂ္ဂုလိင်္ဂပဉှာ ပြီး၏။

## ဂ-ဇလူကင်္ဂပဉှာ

### (မြော့၏အင်္ဂါပြဿနာ)

၈။ အသျှင်ဘုရားနာဂသေန မြော့၏ အင်္ဂါတပါးကို ယူအပ်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မြော့သည် အကြင်သူ၌ တွယ်၏၊ ထိုသူ၌သာ မြဲစွာ တွယ်၍ သွေးကို စုတ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အကြင်ကမ္မဋ္ဌာန်းတည်းဟူသော အာရုံ၌ စိတ်သည် တွယ်၏၊ ထိုကမ္မဋ္ဌာန်းတည်းဟူသော အာရုံကို အဆင်းအားဖြင့်ရင်း သဏ္ဌာန်အားဖြင့်ရင်း အရပ်မျက်နှာအားဖြင့်ရင်း တည်ရာမှီရာအားဖြင့်ရင်း အပိုင်းအခြား အားဖြင့်ရင်း အသွင်အပြင် အားဖြင့်ရင်း အမှတ်နိမိတ်အားဖြင့်ရင်း မြဲစွာတည်ထောင်စိုက်နှက်၍ ထိုစွဲလမ်းသော အာရုံဖြင့်သာလျှင် တစုံတခုသော အရသာနှင့် မရောယှက်သော ကိလေသာမှ လွတ်မြောက်မှု 'ဝိမုတ္တိ' တည်းဟူသော အရဟတ္တဖိုလ်ကို သောက်ရာ၏၊ မင်းမြတ် မြော့၏ ဤအင်္ဂါတပါးကို ယူအပ်၏။ မင်းမြတ် အနုရုဒ္ဓါမထေရ်သည်—

"စင်ကြယ်လှစွာသော စိတ်ဖြင့် ကမ္မဋ္ဌာန်းအာရုံ၌ တည်၍ ထိုစိတ်ဖြင့် မည်သည့် အရသာတို့နှင့်မျှ မရောယှက်သော ဝိမုတ္တိဟူသော နိဗ္ဗာန် မဂ်ဖိုလ် အရသာကို သောက်သုံးအပ်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ရှစ်ခုမြောက် ဇလူကင်္ဂပဉှာ ပြီး၏။

## ၉-သပ္ပင်္ဂပဉှာ

### (မြွေ၏အင်္ဂါပြဿနာ)

၉။ အသျှင်ဘုရားနာဂသေန မြွေ၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါသုံးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် မြွေသည်

http://www.dhammadownload.com



ရင်ပတ်ဖြင့် သွားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ပညာဖြင့် သွားအပ်၏၊ မင်းမြတ် ပညာဖြင့် သွားသော ယောဂီပုဂ္ဂိုလ်၏ စိတ်သည် နည်းမှန် လမ်းမှန် သဘောမှန်၌ လှည့်လည်၏၊ မမှန်သော သဘောလက္ခဏာကို ရှောင်ကြဉ်၏၊ ဟုတ်မှန်သော သဘောလက္ခဏာကို ပွါးများ၏။ မင်းမြတ် မြွေ၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မြွေသည် သွားလာသည်ရှိသော် (အဆိပ်နိုင်သော) ဆေးကို ကြဉ်ရှောင်၍ သွား၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မကောင်းသော အကျင့်ဒုစရိုက်ကို ကြဉ်ရှောင်သဖြင့် သွားလာလှည့်လည်ရာ၏။ မင်းမြတ် မြွေ၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား မြွေသည် လူတို့ကို မြင်သည်ရှိသော် ပူပန်၏၊စိုးရိမ်၏၊ ကြံစည်၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မကောင်းသော အကြံတို့ကို ကြံမိ၍ မမေ့လျော့ခြင်း ဖြစ်ပေါ်လတ်သော် "ငါသည် မေ့လျော့ ခြင်းဖြင့် နေ့ကို ကုန်လွန်စေအပ်၏၊ ထိုမေ့လျော့ခြင်းကို တဖန်ရခြင်းငှါ မတတ်ကောင်း"ဟု ပူပန်ရာ၏၊ စိုးရိမ်ရာ၏၊ ကြံစည်ရာ၏။ မင်းမြတ် မြွေ၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် ဘလ္လာတိယ ဇာတ်၌ ကိန္နရာဖိုမနှစ်ဦးတို့သည်—

> "မုဆိုး ငါတို့သည် တညဉ့်ပတ်လုံး အလိုမရှိကြကုန်ပဲ တဦးသည် တဦးကို လွမ်းဆွတ်အောက်မေ့ကြကုန်လျက် (မြစ်ရေခြား၍) ကွေကွင်းနေကြရကုန်၏၊ ထိုတညဉ့်အတွက်ကို ပူဆွေး လွမ်းဆွတ်ကုန်သည်ဖြစ်၍ ထိုညဉ့်မျိုး နောက်ထပ် တဖန် မဖြစ်ပါစေလင့်ဟု ငိုပွဲချီချ စိုးရိမ်ကြရကုန်၏"ဟု (မုဆိုးအား ပြောသော) ဤစကားကို မြတ်စွာဘုရားသည်လည်း ဟောတော်မူအပ်၏။

ကိုးခုမြောက် သပ္ပဂ်ပဥ္စာ ပြီး၏။

---

## ၁၀-အဇဂရဂ်ပဥ္စာ

### (စပါးကြီးမြွေ၏အင်္ဂါပြဿနာ)

၁၀။ အသျှင်ဘုရားနာဂသေန "စပါးကြီးမြွေ၏ အင်္ဂါတပါးကို ယူအပ်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် စပါးကြီးမြွေသည် ကြီးစွာသော ကိုယ်ရှိ၏၊ များစွာသော နေ့တို့ပတ်လုံး ယုတ်လျော့သော ဝမ်းခေါင်းရှိ၏၊ အလွန်နွမ်းပါး၏၊ ဝမ်းခေါင်းပြည့်အောင် အစာကို မရ၊ ပြည့်စုံစွာ မရသည်ဖြစ်၍သာလျှင် ကိုယ်၏ မျှတလောက်ရုံမျှဖြင့်သာ မျှတသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ဆွမ်းခံအကျင့်၌ လေ့ကျက်သော သူတပါးထံမှဆွမ်းကို ရရန်ကပ်သော သူတပါးပေးလှူသည်ကိုသာ လိုလားသော ကိုယ်တိုင်ယူခြင်းမှ ကြဉ်ရှောင်သော ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဝမ်းပြည့်လောက်အောင်သော ဆွမ်း အာဟာရကို ရရန် ခဲယဉ်း၏၊ အာဟာရ ရနိုင်ခဲ၏၊ ခဲယဉ်းသဖြင့် ရအပ်၏။ ထိုသို့ဖြစ်စေကာမူ ကေန်စင်စစ်အားဖြင့် အကျိုးစီးပွါးကိုသာ ပွါးများစေလိုရင်းရှိသော အမျိုးကောင်းသား ယောဂီသည် လေးလုပ် ငါးလုပ်သော ဆွမ်းတို့ကို မစားမူ၍ အကြွင်းကို ရေဖြင့် ပြည့်စေအပ်၏။ မင်းမြတ် စပါးကြီးမြွေ၏ တခုသော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် တရားစစ်သူကြီးဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်—

http://www.dhammadownload.com



"ရဟန်းသည် စွတ်စိုသောအစာကိုဖြစ်စေ ခြောက်သွေ့သောအစာကိုဖြစ်စေ (ရရသမျှ) စားသုံး၍ ပြည့်စုံဝပြောသည် မဖြစ်ရာ၊ ယုတ်လျော့သောဝမ်းရှိသည် အတိုင်းအရှည်ရှိသော အစာအာဟာရရှိသည်ဖြစ်၍ သတိပြုလျက် ကျင့်သုံးရာ၏။

လေးလုတ် ငါးလုတ်သော ဆွမ်းတို့ကို မစားပဲ ရေသောက်ရာ၏၊ ဤသို့စားသည်ရှိသော် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသော ရဟန်းအား ချမ်းသာစွာ နေနိုင်ခြင်းငှါ သင့်လျော်လောက်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ဆယ်ခုမြောက် အဇဂရင်္ဂပဥှာ ပြီး၏။

# ငါးခုမြောက် သီဟဝဂ်ပြီး၏။

http://www.dhammadownload.com

# ၆-မဂ္ဂင်္ဂရကဝဂ်

## ၁-ပဌမမဂ္ဂင်္ဂရကဂ်ပဥ္စာ

### (ပင့်ကူ၏အင်္ဂါပြသနာ)

၁။ အသျှင်ဘုရားနာဂသေန "ပင့်ကူ၏ အင်္ဂါတပါးကို ယူအပ်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု(မေးလျှောက်၏)။ မင်းမြတ် ပင့်ကူသည် လမ်း၌ ပင့်ကူကွန်ရက် (ပင့်ကူအိမ်)ကို ပြု၍ ထိုကွန်ရက်၌ ပိုးသည်ငှင်း ယင်သည်ငှင်း နှံကောင်သည်ငှင်း အကယ်၍ ငြိသည်ဖြစ်အံ့၊ ထိုအကောင်ကို ဖမ်းယူ၍ စားသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဒွါရခြောက်ပါးတို့၌ သတိပဋ္ဌာန်တည်းဟူသော ကွန်ရက်ဗိတာန်ကို ပြု၍ ထိုကွန်ရက်ဗိတာန်၌ ကိလေသာတည်းဟူသော ယင်ကောင်တို့သည် အကယ်၍ ဖွဲ့မိကုန်သည်ဖြစ်အံ့၊ ထိုနေရာ၌ပင်လျှင် သတ်အပ်၏၊ မင်းမြတ် ပင့်ကူ၏ ဤအင်္ဂါတပါးကို ယူအပ်၏။ မင်းမြတ် အနုရုဒ္ဓါမထေရ်သည်—

"ခြောက်ဒွါရတို့၌ (ဖြစ်သော) စိတ်ကို သတိပဋ္ဌာန်အာရုံမြတ်၌ အမြဲ စွဲမှတ်ရာ၏၊ ထိုစိတ်၌ ကိလေသာတို့သည် အကယ်၍ ငြိကုန်အံ့၊ ဝိပဿနာပွါးများသော ယောဂီပုဂ္ဂိုလ်သည် ထိုကိလေသာတို့ကို သတ်အပ်ကုန်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ရှေးဦးစွာသော ပဌမမဂ္ဂင်္ဂရကဂ်ပဥ္စာ ပြီး၏။

---

## ၂-ထနသိတဒါရကဂ်ပဥ္စာ

### (နို့စို့သူငယ်၏အင်္ဂါပြသနာ)

၂။ အသျှင်ဘုရားနာဂသေန "နို့စို့သူငယ်၏ အင်္ဂါတပါးကို ယူအပ်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် နို့စို့သူငယ်သည် မိမိအကျိုး၌သာ ငိုကြွက်၍ နို့စို့လိုသော် ငိုသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မိမိအကျိုး (အရဟတ္တဖိုလ်)၌ ငိုကြွက်၍ ပါဠိသင်ခြင်း အဋ္ဌကထာသင်ခြင်း ကောင်းစွာ လှုံ့လပြုခြင်း ဆိတ်ငြိမ်ရာအရပ်၌ဆရာနှင့်အတူ နေထိုင်ခြင်း အဆွေခင်ပွန်းကောင်းကို မှီဝဲခြင်း အားလုံးတို့၌ တရားသက်ဝင်သော ဉာဏ်ရှိသည် ဖြစ်ရာ၏။ မင်းမြတ် နို့စို့သူငယ်၏ ဤအင်္ဂါတပါးကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဒီဃနိကာယ်မြတ် ပရိနိဗ္ဗာနသုတ္တန်၌—

"အာနန္ဒာ ငါဘုရား တိုက်တွန်း၏၊ သင်တို့သည် မိမိအကျိုးစီးပွါး၌ စေ့ဆော်ကြကုန်လော့၊ မိမိအကျိုးစီးပွါး၌ အားထုတ်ကြကုန်လော့၊ မိမိအကျိုးစီးပွါး၌ မမေ့မလျော့ကြကုန်ပဲ ကိလေသာကို ပူပန်စေတတ်သောလုံ့လရှိကုန် နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိကုန်သည်ဖြစ်၍ နေကြကုန်လော့"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

နှစ်ခုမြောက် ထနသိတဒါရကဂ်ပဥ္စာ ပြီး၏။

http://www.dhammadownload.com



## ၃-စိတ္တကဒရကုမ္မင်္ဂပဉှာ

(ကုန်းလိပ်ပြောက်၏အင်္ဂါပြဿနာ)

၃။ အသျှင်ဘုရားနာဂသေန "ကုန်းလိပ်ပြောက်၏ အင်္ဂါတပါးကို ယူအပ်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ကုန်းလိပ်ပြောက်သည် ရေမှ ကြောက်သောကြောင့် ရေကို ကြဉ်ရှောင်၍သွား၏၊ ထိုသို့ရေကို ကြဉ်ရှောင်ခြင်းကြောင့်လည်း အသက်မှ မဆုတ်ယုတ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မေ့လျော့မှု၌ ဘေးဟု ရှုလေ့ရှိသည်ဖြစ်ရာ၏၊ မမေ့မလျော့မှု၌ ဂုဏ်ကျေးဇူးအထူးကို ရှုလေ့ရှိသည်ဖြစ်ရာ၏၊ ထိုသို့ (မေ့လျော့မှု၌) ဘေးဟု ရှုလေ့ရှိသည်၏ အပြစ်ကြောင့်လည်း ရဟန်း၏အဖြစ်မှ မယုတ်၊ နိဗ္ဗာန်၏ အနီး၌ ကပ်၍ တည်၏။ မင်းမြတ် ကုန်းလိပ်ပြောက်၏ ဤအင်္ဂါတပါးကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဓမ္မပဒ၌—

"မမေ့မလျော့ခြင်း၌ မွေ့လျော်သော မေ့လျော့ခြင်း၌ ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် ရဟန်းဂုဏ်ကျေးဇူးဖြစ်သောမဂ်ဖိုလ်မှ ဆုတ်ယုတ်ခြင်းငှါ မထိုက်၊ နိဗ္ဗာန်၏အနီး၌သာလျှင် တည်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

သုံးခုမြောက် စိတ္တကဒရကုမ္မင်္ဂပဉှာ ပြီး၏။

---

## ၄-ပဝနင်္ဂပဉှာ

(တောအုပ်၏အင်္ဂါပြဿနာ)

၄။ အသျှင်ဘုရားနာဂသေန "တောအုပ်၏ အင်္ဂါငါးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါငါးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် တောအုပ်မည်သည် မစင်ကြယ်သောလူအပေါင်းကို ဖုံးလွှမ်းသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် တပါးသောသူတို့၏ အပြစ် ချွတ်ယွင်းချက်ကို ဖုံးလွှမ်းရာ၏ မဖွင့်အပ်၊ မင်းမြတ် တောအုပ်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား တောအုပ်သည် များစွာသော လူတို့မှ ဆိတ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် တပ်မက်မှု 'ရာဂ' အမျက်ထွက်မှု 'ဒေါသ' တွေဝေမှု 'မောဟ' ထောင်လွှားမှု 'မာန' မှားသောအယူ 'ဒိဋ္ဌိ' ဟူသောကွန်ရက်တို့မှငှင်း အလုံးစုံသော ကိလေသာတို့မှငှင်း ကင်းဆိတ်သည် ဖြစ်ရာ၏။ မင်းမြတ် တောအုပ်၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား တောအုပ်သည် လူတို့ဖြင့် ကျဉ်းမြောင်းခြင်းမှ ကင်းသည်ဖြစ်၍ ဆိတ်ငြိမ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အရိယာတို့၏ ဥစ္စာမဟုတ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့မှ ကင်းဆိတ်သည် ဖြစ်ရာ၏။ မင်းမြတ် တောအုပ်၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

http://www.dhammadownload.com



လျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကိလေသာတို့ ရှေးရှုကျရောက်ကုန်သည်ရှိသော် လှည့်ပတ်ရာ၏၊ ပြေးလွှားရာ၏၊ စိတ်ကို ကိလေသာအနီးသို့ မဆောင်အပ်။ မင်းမြတ် သမင်၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား သမင်သည် လူတို့ကို မြင်သည်ရှိသော် "ထိုလူတို့သည် ငါ့ကို မမြင်စေကုန်သတည်း"ဟု ထိုထိုဤဤ အတည်မရှိသော အရပ်သို့ ပြေးသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ခိုက်ရန်ဖြစ်ခြင်း မညီညွတ်ခြင်း ငြင်းခုံခြင်း အလေ့ရှိကုန်သော သီလမရှိ ပျင်းရိသူတို့ကိုင်း အပေါင်းအဖော်၌ မွေ့လျော်သူတို့ကိုင်း မြင်သည်ရှိသော် "ထိုသူတို့သည် ငါ့ကို မမြင်စေကုန်သတည်း၊ ငါသည်လည်း ထိုသူတို့ကို မတွေ့ မမြင်ရလို"ဟု ထိုထိုဤဤ အတည်မရှိသော အရပ်သို့ ပြေးရာ၏။ မင်းမြတ် သမင်၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် တရားစစ်သူကြီးဖြစ်တော်မူသော အသျှင်သာရိပုတြာ မထေရ်သည်—

"ငါ့အား တစုံတခုသောအရပ်ဝယ် တရံတခါမျှ ယုတ်မာသော အလိုရှိသူ ပျင်းရိသူ လုံ့လဝီရိယယုတ်လျော့သူ အကြားအမြင်နည်းပါးသူ မပြုကျင့်သင့်သည်ကို ပြုကျင့်သူဟု အမှတ် သိမှတ်အပ်သည် မဖြစ်ဘူးချေ"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ခုနစ်ခုမြောက် မိဂင်္ဂပဥ္စ ပြီး၏။

---

## ၈-ဂေါရူပဂ်ပဥ္စ

### (နွားအပေါင်း၏ အင်္ဂါပြဿနာ)

၈။ အသျှင်ဘုရားနာဂသေန "နွားအပေါင်း၏ အင်္ဂါလေးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါလေးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် နွားအပေါင်းသည် မိမိ၏နေရာ ခြံအိမ်ကို မစွန့်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် "ဤကိုယ်ကောင်သည် မမြဲခြင်း အဝတ်ကိုဖြင့် ဖုံးလွှမ်းရခြင်း နှိပ်နယ်ရခြင်း ကွဲပျက်ခြင်း ဖရိုဖရဲပြန့်ကြဲခြင်း ပျက်စီးခြင်း သဘောရှိ၏"ဟု မိမိကိုယ်ကို မစွန့်ရာ။ မင်းမြတ် နွားအပေါင်း၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား နွားအပေါင်းသည် ဆွဲယူရွက်ဆောင်အပ်သော ဝန်ရှိသည်ဖြစ်၍ ချမ်းသာခြင်း ဆင်းရဲခြင်းဖြင့် ဝန်ကို ရွက်ဆောင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဆောက်တည်အပ် မြတ်သောအကျင့်ရှိသည်ဖြစ်၍ ချမ်းသာခြင်း ဆင်းရဲခြင်းဖြင့် အသက်အပိုင်းအခြားတိုင်အောင် အသက်ဆုံးသည် တိုင်အောင် မြတ်သောအကျင့် ကို ကျင့်ရာ၏။ မင်းမြတ် နွားအပေါင်း၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား နွားအပေါင်းသည် အလိုအာသာဖြင့် အနံ့ကိုယူလျက် ရေကို သောက်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဆရာ

http://www.dhammadownload.com



ဥပဇ္ဈာယ်တို့၏ အဆုံးအမကို အလိုအာသာဖြင့် ချစ်ခင်လေးမြတ်သဖြင့် ကြည်ညိုခြင်းဖြင့် ကောင်း မကောင်းသော အနှိုက်ကိုယူလျက် ခံယူရာ၏။ မင်းမြတ် နွားအပေါင်း၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား နွားအပေါင်းသည် တစုံတယောက်သောသူက (ဝန်ကို) ရွက်ဆောင်စေအပ်သည် ရှိသော် ရွက်ဆောင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သီတင်းကြီး သီတင်းလတ်ဖြစ်သော ရဟန်းတို့၏ရင်း လူဥပါသကာ၏ရင်း အဆုံးအမ အသွန်အသင်ကို ဦးခေါင်းဖြင့် ခံယူရာ၏။ မင်းမြတ် နွား အပေါင်း၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် တရားစစ်သူကြီး ဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်—

"မွေးဖွားသော နှစ်အားဖြင့် ခုနစ်နှစ်မျှသာ ရှိသေး၍ ယနေ့ပြုသစ်စဖြစ်သော သာမဏေယ်ကသော်လည်း ငါ့ကို ဆုံးမငြားအံ့၊ ငါသည် ထိုအဆုံးအမကို ဦးထိပ်ဖြင့် ခံယူပါ၏။

ထိုသာမဏေယ်ကို မြင်လတ်သည်ရှိသော် ထက်သန်လှသောအလိုကိုရင်း ချစ်ခင် လေးမြတ်ခြင်းကိုရင်း ဖြစ်စေပေအံ့၊ ထိုသာမဏေကို အကြိမ်ကြိမ် ရှိသေစွာပြု၍ ဆရာ့ အရာ၌ ထားပါအံ့"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ရှစ်ခုမြောက် ဂေါရူပင်္ဂပဉှာ ပြီး၏။

## ၉-ဝရာဟင်္ဂပဉှာ

### (ဝက်၏ အင်္ဂါပြဿနာ)

၉။ အသျှင်ဘုရားနာဂသေန "ဝက်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ဝက်သည် အလွန်ပူလောင်သော နွေကာလသို့ ရောက်သည်ရှိသော် ရေသို့ ချဉ်းကပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အမျက်ဒေါသကြောင့် စိတ်နောက် ကျု၊ ချော်ချွတ် တုန်လှုပ် ပူလောင်ခဲ့သော် အေးမြလှစွာသော အမြိုက်နှင့်တူသော မွန်မြတ်သော မေတ္တာဘာဝနာသို့ ကပ်ရာ၏။ မင်းမြတ် ဝက်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ဝက်သည် ရွှံ့ညွန်ရေသို့ ကပ်သည်ရှိသော် နှာခေါင်းဖြားဖြင့် မြေကြီးကို တူး၍ ကျင်းဖွဲ့ကာ ကျင်းခွက်၌ အိပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် စိတ်၌ ကိုယ်ကို ထားလျက် အာရုံအတွင်းသို့ ရောက်သည်ဖြစ်၍ အိပ်ရာ၏။ မင်းမြတ် ဝက်၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် အသျှင် ပိဏ္ဍောလဘာရဒွါဇမထေရ်သည်—

"ဝိပဿနာရှုသောသူသည် ကိုယ်၌ အနိစ္စစသော သဘောကို မြင်၍ စူးစမ်းဆင်ခြင် ကာ တဦးတည်းဖြစ်၍ အဖော်မပါ သတိပဋ္ဌာန်စသော အာရုံအတွင်း၌ အိပ်နေ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ကိုးခုမြောက် ဝရာဟင်္ဂပဉှာ ပြီး၏။

http://www.dhammadownload.com



အာဂုံ သင်ကြားခြင်းဖြင့် တရားတည်းဟူသော မိုးကို အလွန်ရွာသွန်းစေ၍ မဂ်ဖိုလ်ကို အလိုရှိကုန်သော သူတို့၏ စိတ်ကို ထက်ဝန်းကျင်ပြည့်စေရာ၏။ မင်းမြတ် မိုး၏ ငါးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် တရားစစ်သူကြီး ဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်—

"မုနိငါးပါးတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည် ကျွတ်ထိုက်သောသတ္တဝါကို မြင်သည်ရှိသော် ယူဇနာတသိန်းတိုင်အောင်ပင် တခဏခြင်းဖြင့် ကြွတော်မူ၍ ထိုသူ့အား သစ္စာလေးပါးကို သိစေတော်မူ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ခြောက်ခုမြောက် မေဃင်္ဂပဥ္စာ ပြီး၏။

---

## ၇-မဏိရတနင်္ဂပဥ္စာ

### (ပတ္တမြား၏အင်္ဂါပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန "ပတ္တမြားရတနာ၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါသုံးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု(မေးလျှောက်၏)။ မင်းမြတ် ပတ္တမြားရတနာသည် စင်စစ် ထက်ဝန်းကျင် စင်ကြယ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် စင်စစ် ထက်ဝန်းကျင် စင်ကြယ်သော အသက်မွေးခြင်း ရှိသည် ဖြစ်ရာ၏။ မင်းမြတ် ပတ္တမြား ရတနာ၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ပတ္တမြားရတနာသည် တစုံ တရာသော အညစ် အကြေးနှင့် မရောနှော သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ယုတ်ညံ့ကုန်သောတရား ယုတ်ညံ့သော အဆွေခင်ပွန်းတို့နှင့် တကွ မရောနှောရာ။ မင်းမြတ် ပတ္တမြားရတနာ၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် ပတ္တမြားရတနာသည် (မျိုးမှန်) ရတနာတို့နှင့် ယှဉ်စပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလွန်မြတ်သော ဇာတ်ရှိသော သူတို့နှင့်အတူ ပေါင်းသင်းဆက်ဆံရာ၏၊ မဂ်အကျိုးငါ့ကျင့်သူ ဖိုလ်၌တည်သူ သေက္ခဖြစ်သူ ဖိုလ်နှင့်ပြည့်စုံသူ ဖြစ်ကြကုန်သော သောတာပန် သကဒါဂါမိ ရဟန္တာ တေဝိဇ္ဇာ ဆဠဘိညာပုဂ္ဂိုလ်ဟူကုန်သော ပတ္တမြားရတနာနှင့်တူသော ရဟန်းတို့နှင့်အတူ ပေါင်းသင်းဆက်ဆံရာ၏။ မင်းမြတ် ပတ္တမြားရတနာ၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သုတ္တနိပါတ်၌—

"စင်ကြယ်ကုန်သူတို့သည် စင်ကြယ်ကုန်သူတို့နှင့် ရှိသေကျိုးနွံကုန်၍ ပေါင်းသင်းဆက်ဆံခြင်းကို ပြုကြကုန်လော့၊ ထိုသို့ပြုသည်ရှိသော် ညီညွတ်ကြကုန်သည်ဖြစ်၍ ပညိန္ဒြေ ရင့်ကြကုန်လျက် ဆင်းရဲ၏အဆုံးကို ပြုနိုင်ကြကုန်လတ္တံ့"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ခုနစ်ခုမြောက် မဏိရတနင်္ဂပဥ္စာ ပြီး၏။

## ၈-မာဂဝိကင်္ဂပဉှာ

### (သားမုဆိုး၏အင်္ဂါပြဿနာ)

၈။ အသျှင်ဘုရားနာဂသေန "သားမုဆိုး၏ အင်္ဂါလေးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါလေးပါးတို့ကို ယူအပ်ပါကုန်သနည်း ဟု (မေးလျှောက်၏)။ မင်းမြတ် သားမုဆိုးသည် အနည်းငယ်သာ အိပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အိပ်ခြင်းနည်းသည် ဖြစ်ရာ၏။ မင်းမြတ် သားမုဆိုး၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား သားမုဆိုးသည် သားသမင်တို့၌ သာလျှင် စိတ်ကို မြဲစွာဖွဲ့နှောင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းအာရုံတို့၌သာလျှင် စိတ်ကို မြဲစွာဖွဲ့နှောင်ရာ၏။ မင်းမြတ် သားမုဆိုး၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား သားမုဆိုးသည် ပြုဖွယ်အမှု၏ အချိန်ကာလကို သိသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် "ဤအခါသည်ကား တပါးတည်း ကိန်းအောင်းရမည့်အခါတည်း၊ ဤအခါသည်ကား ကိန်းအောင်းရာမှ ထွက်ရမည့်အခါတည်း"ဟု ကိန်းအောင်းခြင်း၏ အခါကို သိရာ၏။ မင်းမြတ် သားမုဆိုး၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား သားမုဆိုးသည် သားသမင်ကို မြင်သည်ရှိသော် "ဤသမင်ကို ရပေလတ္တံ့"ဟု ရွှင်လန်းခြင်းကို ဖြစ်စေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းအာရုံ၌ အလွန်မွေ့လျော်သည်ဖြစ်၍ လွန်မြတ်သော တရားအထူးကို ရပေတော့လတ္တံ့"ဟု ရွှင်ပြခြင်းကို ဖြစ်စေရာ၏။ မင်းမြတ် သားမုဆိုး၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် အသျှင်မောဃရာဇာမထေရ်သည်—

> "နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသော ရဟန်းသည် ကမ္မဋ္ဌာန်း အာရုံတို့ကို ရသည်ရှိသော် လွန်မြတ်သော မဂ်ဖိုလ်တရားကို ရပေတော့အံ့ဟု လွန်စွာ ရွှင်ခြင်းကို ဖြစ်စေအပ်၏"ဟုလည်း ဟောတော်မူအပ်၏။

ရှစ်ခုမြောက် မာဂဝိကင်္ဂပဉှာ ပြီး၏။

---

## ၉-ဗာဠိသိကင်္ဂပဉှာ

### (ငါးမြှားသူ၏အင်္ဂါပြဿနာ)

၉။ အသျှင်ဘုရားနာဂသေန"ငါးမြှားသူ၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။မင်းမြတ် ငါးမြှားသူသည် ငါးမြှားချိတ်ဖြင့် ငါးတို့ကို ထုတ်ငင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်း

http://www.dhammadownload.com



သော ယောဂီပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် မှန်မြတ်သော မဂ်ဖိုလ်တို့ကို ထုတ်ယူအပ်ကုန်၏။ မင်းမြတ် ငါးမြားသူ၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ငါးမြားသူသည် အနည်းငယ်သော ငါးကိုသတ်၍ ပြန့်ပြော များပြားသော လာဘ်ကို ရသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အနည်းငယ်သော လောကအာမိသမျှကို စွန့်ရာ၏၊ မင်းမြတ် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် လောကအာမိသမျှကို စွန့်၍ ပြန့်ပြောများပြားသော မဂ်ဖိုလ်ကို ရ၏။ မင်းမြတ် ငါးမြားသူ၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် အသျှင် ရာဟုလာမထေရ်သည်—

"လောကအာမိသကို စွန့်သောကြောင့် သုညတမဂ်ဖိုလ်နိဗ္ဗာန်ကိုဂင်း အနိမိတ္တမဂ်ဖိုလ် နိဗ္ဗာန်ကိုဂင်း ဝိမောက္ခမဂ်ဖိုလ်နိဗ္ဗာန်ကိုဂင်း အပ္ပဏိဟိတမဂ်ဖိုလ်နိဗ္ဗာန်ကိုဂင်း ဖိုလ်လေးပါး တို့ကိုဂင်း အဘိညာဉ်ခြောက်ပါးတို့ကိုဂင်း ရနိုင်၏"ဟု ဤစကားကိုလည်း ဟောတော်မူ အပ်၏။

ကိုးခုမြောက် ဗာဠိသိကင်္ဂပဥှာ ပြီး၏။

---

## ၁၀-တစ္ဆကင်္ဂပဥှာ
## (တစည်းသမား၏အင်္ဂါပြဿနာ)

၁၀။ အသျှင်ဘုရားနာဂသေန "တစည်းသမား၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။) မင်းမြတ် တစည်းသမားသည် တံမျဉ်းချည်ကို လိုက်လျော ညီညွတ်စေ၍ သစ်ကို ရွေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မြတ်စွာဘုရား အဆုံးအမတည်း ဟူသော သာသနာတော်အား လိုက်လျောညီညွတ်စေ၍ သီလတည်းဟူသော မြေ၌ ရပ်တည်လျက် သဒ္ဓါတည်းဟူသော လက်ဖြင့် ပညာတည်းဟူသော ပဲခွပ်ကို ကိုင်စွဲလျက် ကိလေသာတို့ကို ရွေအပ်ကုန်၏။ မင်းမြတ် တစည်းသမား၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား တစည်းသမားသည် အကာကိုပယ်၍ အနှစ်ကိုယူသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သတ္တဝါ သင်္ခါရ တို့ မြဲ၏ ဟူသော 'သဿတ'အယူကိုဂင်း သေလျှင် ဘဝပြတ်၏ ဟူသော 'ဥစ္ဆေဒ'အယူကိုဂင်း ထိုအသက်သည်ပင် ထိုကိုယ်ဘည်းဟူသောအယူကိုဂင်း အသက်သည်ဘခြား ကိုယ်သည်တခြား ဟူသောအယူကိုဂင်း ထိုငါ၏ အယူသည်သာ မြတ်၏ တပါးသောအယူသည် မမြတ်ဟူသော အယူ ကိုဂင်း တစုံတယောက်သောသူက မပြုအပ် ပြု၍မဖြစ် ပြုခြင်း၌ မထိုက်ဟူသော အယူကိုဂင်း ယောကျ်ားတို့ ပြုအပ်သော လုံ့လသည် အကျိုးမရှိဟူသော အယူကိုဂင်း မြတ်သောအကျင့်ကို ကျင့်ခြင်း၏ အကျိုးမရှိဟူသောအယူကိုဂင်း သတ္တဝါသည် ပျက်စီး၏ဟုယူသော အယူကိုဂင်း သတ္တဝါသည် အသစ်ဖြစ်၏ဟူသော အယူကိုဂင်း သင်္ခါရဘရားတို့ မြဲ၏ဟုယူသော အယူကိုဂင်း အကြင်သူသည် ပြု၏ ထိုသူသည် ခံစားရ၏ဟူသော အယူကိုဂင်း သူတပါးသည် ပြု၏ သူတပါး သည် ခံစားရ၏ဟူသောအယူကိုဂင်း ကံ၏အကျိုးသာဟု စွဲယူသော အယူကိုဂင်း ပြုအပ်သော အမှု ၏အကျိုးကိုသာ ခံစားရ၏ဟု ယူသောအယူကိုဂင်း ဤသို့သဘောရှိကုန်သော အယူတို့ကိုဂင်း

http://www.dhammadownload.com



အခြားသောငြင်းခုံခြင်း၏အကြောင်းဖြစ်သော အယူတို့ကိုင်ငြင်း ပယ်စွန့်၍ သခ်ါရတို့၏သဘောကိုငြင်း အလွန်ကင်းဆိတ်ခြင်းကိုငြင်း လုံ့လကင်းခြင်း ဇီဝကင်းခြင်းကိုငြင်း စင်စစ်ပြတ်ကင်း ဆိတ်ငြိမ်ခြင်းကိုငြင်း စွဲယူရာ၏။ မင်းမြတ် တစည်းသမား၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏၊ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သုတ္တနိပါတ်၌—

''အမှိုက်သဖွယ် ပျက်ပြယ်သော အလိုရှိသူကို နှင်ထုတ်ကြကုန်လော့၊ ခရုယောက်သွားပုပ်အတူ ပျက်ပြယ်သော သီလရှိသူကိုလည်း နှင်ထုတ်ကြကုန်လော့၊ ထို့ကြောင့် ရဟန်းအကျင့်မဟုတ်ပဲ ရဟန်းအကျင့်ဖြစ်၏ဟု မှတ်ထင်ကုန်သော အယူအဖျင်းတို့ကို နှင်ထုတ်ကြကုန်လော့။

ယုတ်မာသော အလိုတို့ကိုငြင်း ယုတ်မာသောအကျင့် ကျက်စားရာ အာရုံတို့ကိုငြင်း နှင်ထုတ်ပြီး၍ စင်ကြယ် ကုန်သူတို့သည် စင်ကြယ်ကုန်သူတို့နှင့် ရိုသေကျိုးနွံကုန်၍ ပေါင်းသင်းဆက်ဆံခြင်းကို ပြုကြကုန်လော့၊ ထိုသို့ ပြုသည်ရှိသော် ညီညွတ်ကြကုန်သည်ဖြစ်၍ ပညာရင့်ကြကုန်လျက် ဆင်းရဲ၏ အဆုံးကို ပြုနိုင်ကြကုန်လတ္တံ့''ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ဆယ်ခုမြောက် တစ္ဆကာဂ်ပဉ္စာ ပြီး၏။

## ခြောက်ခုမြောက် မဏ္ဍကဝဂ် ပြီး၏။

http://www.dhammadownload.com

# ၇—ကုန္တဝဂ်

## ၁-ကုမ္ဘဂ်ပဉှာ

### (အိုး၏အင်္ဂါပြဿနာ)

၁။ အသျှင်ဘုရားနာဂသေန အိုး၏ အင်္ဂါတပါးကို ယူအပ်၏”ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါတပါးကို ယူအပ်ပါသနည်းဟု (မေးလျှောက်၏)။ မင်းမြတ် အိုးသည် ရေပြည့်သည်ရှိသော် အသံမပြုသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ပါဠိ အာဂုံ၌၎င်း တရားအထူးကို ရခြင်း၌၎င်း သင်ကြားခြင်း၌၎င်း မဂ်ဖိုလ်၌၎င်း ထွတ်မြတ်ခြင်းသို့ ရောက်သည်ရှိသော် အသံမပြုရာ၊ ထိုထွတ်မြတ်ခြင်းသို့ရောက်သော ဂုဏ်ဖြင့် မာန်ထောင်လွှား ခြင်းကို မပြုရာ၊ မာန်မူခြင်းကို မပြုရာ၊နှိမ့်ချသောမာန် နှိမ့်ချသောမာန်မူခြင်းရှိသည် ဖြစ်ရာ၏၊ ဖြောင့်မှန်သည် နှုတ်မကြမ်းသည် အထူးအထွေ မကျူးဝါးသည် ဖြစ်ရာ၏။ မင်းမြတ် အိုး၏ ဤအင်္ဂါတပါးကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် သုတ္တနိပါတ်၌—

“အကြင်အိုးသည် ယုတ်လျော့၏၊ (မပြည့်)၊ ထိုယုတ်လျော့သော အိုးသည် အသံ ပြု၏၊ အကြင်အိုးသည် ပြည့်လျှံ၏၊ ထိုပြည့်လျှံသော အိုးသည် အသံမမြည်၊ ငြိမ်သက် သည်သာတည်း၊ လူမိုက်သည် မပြည့်သောအိုးနှင့်တူ၏၊ ပညာရှိသည်ကား ပြည့်လျှံသော အိုးကြီးနှင့် တူပေ၏”ဟူ၍ ဤစကားကိုလည်း ဟောတော်မူအပ်၏။

ရှေးဦးစွာသော ကုမ္ဘဂ်ပဉှာ ပြီး၏။

---

## ၂-ကာဠဝါယသင်္ဂပဉှာ

### (တီးတုတ်ငှက်၏အင်္ဂါ ပြဿနာ)

၂။ အသျှင်ဘုရားနာဂသေန“တီးတုတ်ငှက်၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏”ဟူ၍ ဆိုတော် မူ၏၊ အဘယ် အင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။မင်းမြတ် တီးတုတ် ငှက်သည် သေရည်ကို သောက်မိသော် တွေးအန်ပစ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မနှစ်သက်ဖွယ်ဖြစ်သောစိတ်ကို သွေးအန်ပစ်၏။ မင်းမြတ် တီးတုတ်ငှက်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား တီးတုတ်ငှက်သည် တကြိမ်သောက်အပ်သော ရေကို မတွေး မအန်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည်“ထိုမြတ်စွာ ဘုရားသည် မြတ်တော်မူပါပေ၏၊ သစ္စာလေးပါးကို မဖောက်မပြန်ကိုယ်ဘိုင် သိမြင်တော်မူပါပေ၏၊ တရားတော်သည် ကောင်းစွာဟောကြားထားသော တရားတော်ပါပေတည်း၊ သံဃာတော်သည် ကောင်းစွာကျင့်တော်မူပါပေ၏”ဟု တကြိမ်ဖြစ်ပေါ်လာသော ကြည်ညိုမှုကိုပြန်၍ မလျှော့ချအပ်၊ ရုပ်သည် အနိစ္စ သညာသည် အနိစ္စ သင်္ခါရတို့သည် အနိစ္စ ဝိညာဏ်သည် အနိစ္စ ဟု တကြိမ်ဖြစ်ပေါ်

http://www.dhammadownload.com



လာသော ဉာဏ်ကို တဖန်မလျော့ချအပ်။ မင်းမြတ် တီးတုတ်ငှက်၏နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

"သောတာပတ္တိမဂ်ဉာဏ်၌ ကောင်းစွာဉာဏ်အမြင်စင်ကြယ်ပြီးသော သူသည် အရိယာတို့၏တရား၌ မြဲမြံလျက် ထူးသောပုဂ္ဂိုလ်အဖြစ်သို့ ရောက်၍ များစွာသော အဘိုးအားဖြင့် မတုန်မလှုပ်နိုင်၊ ထိုသူသည် ခပ်သိမ်းသော အပြားအားဖြင့် မြတ်သည့်အဖြစ်သို့သာ ရောက်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

နှစ်ခုမြောက် ကာဠဝယသင်္ဂပဥှာ ပြီး၏။

---

## ၃-ဆတ္တင်္ဂပဥှာ

(ထီး၏အင်္ဂါပြဿနာ)

၃။ အသျှင်ဘုရားနာဂသေန "ထီး၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ် အင်္ဂါသုံးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ထီးသည် ဦးထိပ်ထက်၌ (တည်လျက်) လှည့်လည် ကျက်စား သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကိလေသာတို့၏ ဦးထိပ်အထက်၌ (တည်၍) လှည့်လည်ကျက်စားသည် ဖြစ်ရာ၏။ မင်းမြတ် ထီး၏ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ထီးသည် ဦးထိပ်၌ ထောက်ပံ့တတ်သည်ဖြစ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းဟူသော အထောက်အပံ့ရှိသည် ဖြစ်ရာ၏။ မင်းမြတ် ထီး၏နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ထီးသည် လေနေပူမိုးပေါက်တို့ကို ပယ်ဖျောက်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အထူးထူးအပြားပြား အယူရှိသော များစွာသော သမဏဗြာဟ္မဏတို့၏ အယူဟူသော လေ (ရာဂ ဒေါသ မောဟ) ဟူသော သုံးပါးသော မီးပူ ကိလေသာဟူသော မိုးပေါက်တို့ကို ပယ်ဖျောက်အပ်ကုန်၏။ မင်းမြတ် ထီး၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် တရားစစ်သူကြီး ဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်—

'ပြန့်ကျယ်၍ အပေါက်မရှိသော မြဲမြံခိုင်ခံ့စွာ ဖွဲ့ရှက်အပ်သော ထီးသည် လေနေပူကိုငင်း ကြီးစွာသော မိုးပေါက်တို့ကိုငင်း တားမြစ်သကဲ့သို့ ထိုအတူသာလျှင် သီလတည်းဟူသော ထီးကိုဆောင်းသော စင်ကြယ်သော မြတ်စွာဘုရား သားတော်သည်လည်း ကိလေသာမိုးပေါက်တို့ကိုငင်း မီးသုံးပါးအပူတို့ကိုငင်း တားမြစ်နိုင်၏"ဟူ၍ ဤစကားကိုလည်း ဟောတော်မူအပ်၏။

သုံးခုမြောက် ဆတ္တင်္ဂပဥှာ ပြီး၏။

http://www.dhammadownload.com



## ၄-ခေတ္တင်္ဂပဏ္ဏာ

(လယ်၏ အင်္ဂါပြဆိုနာ)

၄။ အသျှင်ဘုရားနာဂသေန "လယ်၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါသုံးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် လယ်သည် ရေမြောင်းနှင့် ပြည့်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကောင်းစွာ ကျင့်အပ်သော ဝတ်ကြီးဝတ်ငယ်ဟူသော မြောင်းနှင့် ပြည့်စုံသည် ဖြစ်ရာ၏။ မင်းမြတ် လယ်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လယ်သည် ကန်သင်းအပိုင်းအခြားနှင့် ပြည့်စုံ၏၊ ထိုကန်သင်းအပိုင်းအခြားဖြင့် ရေကို စောင့်ရှောက်၍ စပါးကို ရင့်စေ၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် စောင့်ထိန်းမှု 'သီလ 'ရှက်မှု'ဟိရီ' တည်းဟူသော အပိုင်းအခြားနှင့် ပြည့်စုံသည်ဖြစ်ရာ၏၊ ထိုစောင့်ထိန်းမှု'သီလ' ရှက်မှု'ဟိရီ' တည်းဟူသော အပိုင်းအခြားဖြင့်လည်း ရဟန်းဂုဏ်ကို စောင့်ရှောက်၍ လေးပါးကုန်သောမဂ်ဖိုလ်တို့ကို ယူအပ်ကုန်၏။ မင်းမြတ် လယ်၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လယ်သည် စပါးဖြစ်ပေါ်ကြောင်း မြေဩဇာနှင့် ပြည့်စုံသည်ဖြစ်၍ လယ်သမားအား ရွှင်လန်းခြင်းကို ဖြစ်စေတတ်၏၊ အနည်းငယ်သော မျိုးစေ့ကို စိုက်ပျိုးသော်လည်း အသီးအနှံများစွာဖြစ်၏၊ မျိုးစေ့ကို များစွာ စိုက်ပျိုးသည်ရှိသော် အထူးသဖြင့် များပြားသော အသီးအနှံဖြစ်၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကောင်းမှုဖြစ်ပေါ်ကြောင်း အကျင့်နှင့် ပြည့်စုံသည်ဖြစ်၍ ပြန့်ပြောသော အကျိုးကို ပေးစေနိုင်သည် ဖြစ်ရာ၏၊အကြင်အခြင်းအရာဖြင့် အနည်းငယ်ပေးလှူသော် များသော အကျိုးရှိသည်ဖြစ်၏၊ များစွာပေးလှူသော် အထူးသဖြင့် များပြားစွာ အကျိုးရှိသည်ဖြစ်၏၊ ထိုအခြင်းအရာဖြင့် ဒါယကာတို့၏ ရွှင်လန်းခြင်းကို ဖြစ်စေရာ၏။ မင်းမြတ် လယ်၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် ဝိနည်းဓိုရ်ဖြစ်သော အသျှင်ဥပါလိမထေရ်သည်—

"လယ်နှင့်တူစွာ ကောင်းမှုဖြစ်ထွန်းရာ ပြန့်ပြောသော အကျိုးကို ပေးနိုင်သည်ဖြစ်ရာ၏၊ အကြင်အလှူခံပုဂ္ဂိုလ်သည် ပြန့်ပြောသော ဒါနအကျိုးကို ပေးနိုင်၏၊ ဤပုဂ္ဂိုလ်သည် ကောင်းမှုဖြစ်ထွန်းရာ မြတ်လှစွာသော လယ်မည်၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

လေးခုမြောက် ခေတ္တင်္ဂပဏ္ဏာ ပြီး၏။

---

## ၅ အာဂဒင်္ဂပဏ္ဏာ

(အဆိပ်ဖြေဆေး၏အင်္ဂါပြဆိုနာ)

၅။ အသျှင်ဘုရားနာဂသေန "အဆိပ်ဖြေဆေး၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါနှစ်ပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ်

http://www.dhammadownload.com



အဆိပ်ဖြေဆေး၌ ပိုးလောက်တို့သည် မတည်နိုင်ကုန်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် စိတ်၌ ကိလေသာတို့ကို မတည်စေအပ်။ မင်းမြတ် အဆိပ်ဖြေဆေး၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား အဆိပ်ဖြေဆေးသည် ကိုက်အပ် တွေ့ထိအပ် မြင်အပ် စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အလုံးစုံသော အဆိပ်ကို ပယ်ဖျောက်နိုင်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ရာဂမှု ဒေါသမှု မောဟမှု မာနမှု ဒိဋ္ဌိတည်းဟူသော အလုံးစုံသော အဆိပ်ကို ပယ်ဖျောက်ရာ၏။ မင်းမြတ် အဆိပ်ဖြေဆေး၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

"သင်္ခါရတရားတို့၏ သဘောတရားကို ရှုဆင်ခြင်လိုသော ယောဂီပုဂ္ဂိုလ်သည် ကိလေသာတည်းဟူသော အဆိပ်ကို ဖျက်ဆီးရာ၌ အဆိပ်ဖြေဆေးနှင့် တူသည်သာ ဖြစ်ရာ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ငါးခုမြောက် အဂဒင်္ဂပဉှာ ပြီး၏။

---

## ၆-ဘောဇနင်္ဂပဉှာ

### (ဘောဇဉ်၏ အင်္ဂါပြဿနာ)

၆။ အသျှင်ဘုရားနာဂသေန "ဘောဇဉ်၏ အင်္ဂါသုံးပါးတို့ကို ယူအပ်ကုန်၏"ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါသုံးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့အား အထောက်အပံ့ ဖြစ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သတ္တဝါတို့အား မဂ်၏ အထောက်အပံ့ ဖြစ်စေရာ၏။ မင်းမြတ် ဘောဇဉ်၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့၏ ခွန်အားကို တိုးပွါးစေသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကောင်းမှု၏ တိုးပွါးခြင်းဖြင့် တိုးပွါးစေရာ၏။မင်းမြတ် ဘောဇဉ်၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား ဘောဇဉ်ကို အလုံးစုံသောသတ္တဝါတို့ တောင့်တအပ်သကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော လူအပေါင်းတို့ တောင့်တအပ်သူဖြစ်ရာ၏။ မင်းမြတ် ဘောဇဉ်၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် အသျှင်မဟာမောဂ္ဂလာန်မထေရ်သည်—

"အားထုတ်ခြင်းလုံ့လရှိသော ပုဂ္ဂိုလ်သည် ကာယကံကို စောင့်စည်းခြင်းဖြင့်၎င်း အမြဲနိယမဖြစ်သော သီလဖြင့်၎င်း အကျင့်ပဋိပတ်ဖြင့်၎င်း လူအားလုံး တောင့်တအပ်သည် ဖြစ်စေရာ၏"ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏။

ခြောက်ခုမြောက် ဘောဇနင်္ဂပဉှာ ပြီး၏။

http://www.dhammadownload.com



## ၇-ဌ္ဌာသာသက်ပဥ္စာ

### (လေးသမား၏ အင်္ဂါပြဿနာ)

၇။ အသျှင်ဘုရားနာဂသေန "လေးသမား၏ အင်္ဂါလေးပါးတို့ကို ယူအပ်ကုန်၏" ဟူ၍ ဆိုတော်မူ၏၊ အဘယ်အင်္ဂါလေးပါးတို့ကို ယူအပ်ပါကုန်သနည်းဟု (မေးလျှောက်၏)။ မင်းမြတ် လေးသမားသည် မြှားတို့ကို ပစ်သည်ရှိသော် ခြေနှစ်ဖက်တို့ကို မြေကြီး၌ မြဲစွာတည်စေ၏၊ ဒူးပုဆစ်တို့ကို မချွတ်ယွင်းအောင်ပြု၏၊မြှားတောင့်ကို ခါးအစပ်၌ ထား၏၊ကိုယ်ကို တောင့်ခိုင်အောင်ပြု၏၊ လက်နှစ်ဖက်တို့ကို လေးအစပ်ရှိရာသို့ တင်၏၊ လက်ဆုပ်ကို မြဲမြဲဆုပ်၏၊ လက်ချောင်းတို့ကို အကြားမရှိ စေ့စေ့စပ်စပ်ပြု၏၊ လည်ပင်းကို ချီမ၏၊ မျက်စိတို့ကိုငင်း ခံတွင်းကိုငင်း ပိတ်၏၊ မှတ်တိုင်ကို ဖြောင့်စွာပြု၏၊ "ပစ်အံ့"ဟု ရွှင်လန်းခြင်းကို ဖြစ်စေ၏၊ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သီလတည်းဟူသော မြေ၌ ဝီရိယတည်းဟူသော ခြေတို့ကို တည်စေရာ၏၊ သည်းခံခြင်းအကျင့်၌ မွေ့လျော်မှုကို မချွတ်ယွင်းအောင်ပြုရာ၏၊ စောင့်စည်းခြင်း၌ စိတ်ကို ထားရာ၏၊ ဣန္ဒြေစောင့်ခြင်းဟူသော လောကနိယမတရား၌ ကိုယ်ကို ကပ်ဆောင်ရာ၏၊ အလိုဆိုးနှင့် တွေဝေ မိန်းမောမှုကို နှိပ်စက်ရာ၏၊ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု ယောနိသောမနသိကာရ၌ စိတ်ကို စေ့စေ့စပ်စပ်ပြုရာ၏၊ လုံ့လကို မြှင့်တင်ရာ၏၊ ခြောက်ဒွါရတို့ကို ပိတ်အပ်ကုန်၏၊ အောက်မေ့မှု 'သတိ'ကို ဖြစ်စေရာ၏၊ "အလုံးစုံသော ကိလေသာတို့ကို ဉာဏ်တည်းဟူသော မြှားဖြင့် ပစ်အံ့"ဟု ရွှင်ခြင်းကို ဖြစ်စေရာ၏။ မင်းမြတ် လေးသမား၏ ရှေးဦးစွာသော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လေးသမားသည် ကောက်ကွေးတွန့်လိမ်သော မြှားကို ဖြောင့်စွာပြုခြင်းငှါ မြှားဖြောင့်သောကျင်းကို ဆောင်ယူသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဤကိုယ်၌ ကောက်ကွေးတွန့်လိမ်သောစိတ်ကို ဖြောင့်စွာပြုခြင်းငှါ သတိပဋ္ဌာန်တည်းဟူသော ကျင်းကို ဆောင်ရာ၏။ မင်းမြတ် လေးသမား၏ နှစ်ခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လေးသမားသည် မှတ်တိုင်၌ မြှားပစ်လေ့လာသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဤကိုယ်၌ လေ့လာရာ၏။မင်းမြတ် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဤကိုယ်၌ အဘယ်သို့ လေ့လာရာသနည်းဟူမူ— မမြဲသော 'အနိစ္စ'အားဖြင့် လေ့လာအပ်၏။ ဆင်းရဲသော 'ဒုက္ခ'အားဖြင့် လေ့လာအပ်၏။ အလိုသို့ မလိုက်သော'အနတ္တ'အားဖြင့် လေ့လာအပ်၏။ အနာရောဂါအားဖြင့်။ပ။ အိုင်းအမာအားဖြင့်။ ငြောင့်အားဖြင့်။ဆင်းရဲ၏တည်ရာအားဖြင့်။ အနာဖြစ်ရာအားဖြင့်။ ရန်သူအားဖြင့်။ ပျက်စီးတတ်သောအားဖြင့်။ ပျက်စီးကြောင်း ဘေးအားဖြင့်။ အကျိုးမဲ့ကိုဆောင်သော ဘေးဥပဒ်အားဖြင့်။ ဘေးအားဖြင့်။ ဘေး၏ငြိကပ်ရာအားဖြင့်။ လောကဓံ၌ လှုပ်ရှားသောအားဖြင့်။ ပျက်စီးတတ်သောအားဖြင့်။ မခိုင်ခံ့သောအားဖြင့်။ ဘေးမှ မစောင့်ရှောက်သောအားဖြင့်။ ပုန်းအောင်းရာ မရှိသောအားဖြင့်။ မှီခိုရာ မရှိသောအားဖြင့်။ သုခစသည်မှ ဆိတ်သောအားဖြင့်။သုခစသည်မှ အချည်းနှီးအားဖြင့်။ အရှင်သခင်အဖြစ်စသည်မှသုဉ်းသောအားဖြင့်။ အပြစ်အားဖြင့်။ဖောက်ပြန်တတ်သော သဘောအားဖြင့်။ အနှစ်မရှိသောအားဖြင့်။ မကောင်းမှု၏ အမြစ်ရင်းအားဖြင့်။ သတ်ပုတ်ညှဉ်းဆဲတတ်သောအားဖြင့်။ ကြီးပွါးခြင်းကင်းသောအားဖြင့်။ အာသဝ၏ အာရုံဖြစ်

http://www.dhammadownload.com



သောအားဖြင့်။ ပြုပြင်စီရင်ရသောအားဖြင့်။ မစ္ဆုမာရ် ကိလေသာမာရ်၏ အာမိသအားဖြင့်။ ပဋိသန္ဓေနေခြင်း သဘောအားဖြင့်။အိုခြင်းသဘောအားဖြင့်။နာခြင်းသဘောအားဖြင့်။ သေခြင်း သဘောအားဖြင့်။ ပူဆွေးခြင်းသဘောအားဖြင့်။ ငိုကြွေးခြင်းသဘောအားဖြင့်။ ပြင်းစွာပင်ပန်း ခြင်းသဘောအားဖြင့်။ ပူပန်တတ်သော သဘောအားဖြင့် လေ့လာအပ်၏။မင်းမြတ် ဤသို့လျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဤကိုယ်၌ လေ့လာရာ၏။ မင်းမြတ် လေးသမား၏ သုံးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။

မင်းမြတ် နောက်တမျိုးကား လေးသမားသည် ညနေတိုင်း နံနက်တိုင်း လေ့လာသကဲ့သို့ မင်းမြတ် ဤအတူသာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ညနေတိုင်း နံနက်တိုင်း ကမ္မဋ္ဌာန်းအာရုံ၌ လေ့လာရာ၏။ မင်းမြတ် လေးသမား၏ လေးခုမြောက်သော ဤအင်္ဂါကို ယူအပ်၏။ မင်းမြတ် တရားစစ်သူကြီးဖြစ်တော်မူသော အသျှင်သာရိပုတြာမထေရ်သည်—

"လေးသမားမည်သည် ညနေတိုင်း နံနက်တိုင်း လေ့လာ၏၊ လေ့လာခြင်း မကောင်းပြတ် သည်ရှိသော် ထမင်းလခရိက္ခာကို ရသကဲ့သို့ ထို့အတူသာလျှင် မြတ်စွာဘုရား သားတော် သည်လည်း ကိုယ်ကို လက္ခဏာသုံးပါးဖြင့် လေ့လာခြင်းကို ပြုကျင့်၏၊ ကိုယ်ကို လက္ခဏာ သုံးပါးဖြင့် လေ့လာခြင်း မကောင်းပြတ်သည်ရှိသော် အရဟတ္တဖိုလ်ကို ရနိုင်ပေ၏"ဟု ဤ စကားကိုလည်း ဟောတော်မူအပ်၏။

ခုနစ်ခုမြောက် ဗာဟိရသင်္ဃဟပဥှာ ပြီး၏။

ခုနစ်ခုမြောက် ကုမ္ဘဝဂ် ပြီး၏။

# ခြောက်ခုမြောက် ဩပမ္မကထာပဥှာ ပြီး၏။

[မာတိကာ၌ ယောဂါဝစရပုဂ္ဂိုလ်၏ အင်္ဂါဥပမာ ၁၀၅-ပါးထားသော်လည်း အကျယ်ပြရာ၌ ၆၇-ပါး သာ ရှိပေသည်၊ ကျန် ၃၈-ပါးသော အင်္ဂါတို့ကို မည်သည့်မူ၌မျှ မပါမရှိပေ။]

http://www.dhammadownload.com



## နိဂုံး

ဤသို့ နှစ်ဆယ့်နှစ်ဝဂ်တို့ဖြင့် တန်ဆာဆင်အပ်သော ကဏ္ဍခြောက်ပါးတို့၌ ဖော်ပြသော ဤကျမ်းလာ ၆၂-ပါးသော မိလိန္ဒပဥှာသည် ပြီးပြည့်စုံပြီ၊ဤကျမ်းတွင် မလာ မပါသေးသော ၄၂-ပါးသော အမေးအဖြေတို့ ရှိကုန်သေး၏၊ လာ မလာအမေးအဖြေတို့ကို ပေါင်းလိုက်သော် ၃၀၄-ပါး ဖြစ်ကုန်၏၊ အလုံးစုံကိုပင် မိလိန္ဒပဥှာဟု ရေတွက်ခေါ်ဝေါ် ရကုန်၏။

မိလိန္ဒမင်း၏ရင်း အသျှင်နာဂသေနမထေရ်၏ရင်း အမေးအဖြေတို့၏ အဆုံး၌ ရှစ်သောင်းလေးထောင် ယူဇနာအထုရှိသော ရေကို အဆုံးပြု၍ ဤမြေကြီးသည် ခြောက်ပါးသော အဘို့အားဖြင့် တုန်လှုပ်၏၊လျှပ်စစ်နွယ်တို့သည် ပြက်သန်းကုန်၏၊ နတ်တို့သည် ပန်းမိုးကို ရွာချကုန်၏၊ မဟာဗြဟ္မာကြီးသည် ကောင်းချီးပေး၏၊မဟာသမုဒ္ဒရာ၏ ဝမ်းရေပြင်၌ မိုးကြိုးထစ်ချုန်းသံကဲ့သို့ အသံကြီးဖြစ်၏၊ ဤသို့လျှင် အံ့ဖွယ်သရဲ ဖြစ်သည်ရှိသော် ထိုမိလိန္ဒမင်းသည်၎င်း မောင်းမ အပေါင်းတို့သည်၎င်း ဦးခေါင်းဖြင့် လက်အုပ်ချီလတ်၍ ရှိခိုးကြကုန်၏။

မိလိန္ဒမင်းသည် အလွန်လျှင် ဝမ်းမြောက်သော စိတ်နှလုံးရှိသည် ကောင်းစွာမွှေနှောက်သော ရက်တက်ရည်ကဲ့သို့ ဖြူဖွေးသော နှလုံးရှိသည်ဖြစ်၍ မြတ်စွာဘုရား သာသနာတော်၌ အနှစ်သာရှိ၏ဟု အယူရှိသည်. ရတနာသုံးပါးတို့၌ ယုံမှားကင်းသည် ရှုပ်ထွေးခြင်း ကင်းသည် ခက်ထန်ကြမ်းကြုတ်ခြင်းကင်းသည်ဖြစ်၍ အသျှင်နာဂသေနမထေရ်၏ ဂုဏ်ကျေးဇူးတို့၌၎င်း ရဟန်းအဖြစ်တို့၌၎င်း အကျင့်ဣရိယာပုထ်တို့၌၎င်း အလွန်ကြည်ညိုသည် ဖြစ်ရကား ရဝံ့သည် အာလယကင်းသည် မာန်ခက်ထန်မှုကို ပယ်ချအပ်ပြီးသည်ဖြစ်၍ ထုတ်နုတ်အပ်သော အစွယ်ရှိသော နဂါးမင်းကဲ့သို့ ဖြစ်ရကား "အသျှင်ဘုရားနာဂသေန ကောင်းလှပါ၏၊မြတ်စွာဘုရား၏ အရာသာဖြစ်သော ပြဿနာကို အသျှင်ဘုရား ဖြေကြားတော်မူပါပေ၏၊ ဤမြတ်စွာဘုရား သာသနာတော်၌ တရားစစ်သူကြီးဖြစ်သော အသျှင်သာရိပုတြာမထေရ်ကို ချန်ထား၍ ပြဿနာကို ဖြေကြားရာဝယ် အသျှင်ဘုရားနှင့် တူသော အခြားသူ မရှိတော့ပါ၊ အသျှင်ဘုရားနာဂသေန အကျွန်ုပ်၏ အပြစ်ကို သည်းခံတော်မူပါ၊ အသျှင်ဘုရားနာဂသေန အကျွန်ုပ်ကို ယနေ့ ဤအချိန်မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ခြင်းသို့ ကပ်ရောက်သော ရတနာသုံးပါးကို ဆည်းကပ်တတ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ"ဟု (လျှောက်၏)။

## မိလိန္ဒမင်း ရဟန်းပြုခြင်း

ထိုအခါ မိလိန္ဒမင်းသည် ပိုလ်ပါအပေါင်းနှင့်တကွ အသျှင်နာဂသေနမထေရ်ကို ဆည်းကပ်ပြီးလျှင် မိလိန္ဒမည်သော ကျောင်းတော်ကို ဆောက်လုပ်၍ အသျှင်နာဂသေနမထေရ်အား ဆောင်နှင်းလျက် ရာပေါင်းများစွာသော ရဟန်းတို့နှင့် အတူတကွ နာဂသေနမဟထေရ်ကို ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေး၏၊ နောက်ထပ်လည်း မထေရ်၏ ပညာ၌ ကြည်ညိုသဖြင့် သားတော်ကြီးအား မင်းအဖြစ်ကို အပ်နှင်းကာ လူ့ဘောင်မှ ထွက်၍ ရဟန်းဘောင်သို့ ဝင်ရောက်(ရဟန်းပြု)ပြီးလျှင် ဝိပဿနာကို ပွါးများလတ်သော် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ထိုကြောင့်—

"ပညာသည် လောက၌ ချီးမွမ်းအပ်သည်ဖြစ်၍ သူတော်ကောင်းတရား တည်တံ့ခြင်းငှါ ပြုနိုင်၏၊ ပညာရှိတို့သည် ပညာဖြင့် တွေးတောယုံမှားခြင်းကို ပယ်ဖျောက်လျက် ရာဂမီးစသည်မှ ငြိမ်းချမ်းသော နိဗ္ဗာန်သို့ ရောက်ကုန်၏။

http://www.dhammadownload.com



အကြောင်တရားအစု၌ ပညာဥာဏ် တည်ရှိ၏၊ ထိုတရားအစုဝယ် သတိတရားသည် မဆုတ်ယုတ်၊ ထိုသတိပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ပူဇော်အထူး၏ တည်ရာဖြစ်၏၊ မြတ်သောသူဖြစ်လျက် ချီးကျူးထိုက်သော အတုမရှိမြတ်သော သူဖြစ်၏။

ထို့ကြောင့်ပင် ပညာရှိသောသူသည် မိမိ၏အစီးအပွါးကို ရှုမြင်လျက် ရှိသေခြင်းနှင့် တကွ စေတီကို ပူဇော်ရာသကဲ့သို့ ပညာရှိသူကို ပူဇော်ရာ၏''ဟု ဆိုအပ်ပေသတည်း။

## ကျမ်းနိဂုံး

သီဟိုဠ်ကျွန်း ဒေါဏ်မြို့၌နေထိုင်ရကား ဒေါဏိမထေရ်ဟု အမည်ရသော မဟာထေရ်သည် မိလိန္ဒမင်း၏ အမေးကိုရင်း အသျှင်နာဂသေန၏ အဖြေကိုရင်း ကြားနာမှတ်သိရသည့်အတိုင်း ရေးသား၍ ကောင်းစွာထားအပ်၏၊ မိလိန္ဒမင်းသည် ပညာကြီးသူတပါးတည်း၊ နာဂသေနမထေရ်သည်လည်း အလွန်ပညာရှိသူပါတည်း။

ဤကောင်းမှုကြောင့် ဤလူ့ပြည်မှ (စုတေသော်) တုသိတာနတ်ပြည်သို့ ရောက်ရပါလို၏၊ နောင်အခါ မေတ္တေယျမြတ်စွာဘုရားကို ဖူးမြင်ရပါလို၏၊ မြတ်သောတရားတော်ကို နာယူရပါလို၏၊ ဤကား ကျမ်းပြီးအဆုံး နိဂုံးစကားရပ်တည်း။

# မိလိန္ဒပဉှာ ပြီး၏။

• http://www.dhammadownload.com

## မိလိန္ဒပဉှာပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အကုသိုလ်ကြောင့် မျက်မှောက် အကျိုးခံရပုံ | ၃၀၁ |
| အကုသိုလ်ထက် ကုသိုလ်အားကြီးပုံ | ၃၀၀ |
| အကြောင်းမရှိပဲ သိက္ခာပုဒ်ကို မပညတ်ပုံ | ၂၇၃ |
| အခြားကိုယ်သို့ ပြောင်းသော သတ္တဝါ ရှိ မရှိ | ၇၁ |
| အင်္ဂုတ္တရနေ္တာပမသုတ်နှင့် သွေးအံသော ရဟန်းများ | ၃၈၈ |
| အစိရဝတီ ဆေးဆရာကြီး | ၂၇၃ |
| အစားကြီးသူ၏ အပြစ်များ | ၂၂၄ |
| အဆိပ်ဖြေဆေး ဈေးရုံတော် | ၃၄၁ |
| အဆိပ်ဖြေဆေး၏ အင်္ဂါနှစ်ပါး | ၄၂၅ |
| အဋ္ဌိသာရပစ္စေကဗုဒ္ဓါ | ၁၂၆ |
| အတုလ ဆေးဆရာကြီး | ၂၇၃ |
| အတတ်တဆယ့်ရှစ်ပါးမှတ်ချက်အကျယ် | ၅ |
| အနန္တကာယအမတ်ပြဿနာမေးပုံ | ၃၂ |
| အနာဂတ်အရေးကို ကြည့်သူရှစ်ဦး | ၂၀၈ |
| အနုရုဒ္ဓါ၊အသျှင် | ၃၇၁၊၄၁၂၊၄၁၅ |
| အနောမဒဿီမြတ်စွာဘုရား | ၂၂၈ |
| အနှောင်အဖွဲ့ဆယ်မျိုး | ၂၉၇ |
| အပရန္တဇနပုဒ် | ၃၀၃ |
| အပြစ်ရှိသော ကာယဝိညတ်နှင့် အပြစ်မရှိသော ကာယဝိညတ် | ၂၄၀ |
| အမရာဒေဝီအကြောင်း | ၂၁၈ |
| အမေးလေးပါး | ၁၅၇ |
| အမြတ်ဆုံးဖြစ်သော တရားများ | ၂၅၂ |
| အမြတ်ဆုံး ရဟန်း | ၁၉၄ |
| အမြိုက်ရေစင် ဆောင်းသော ဈေးရုံတော် | ၃၄၂ |
| [ အ ] | |
| အရဟတ္တဖိုလ်သို့ ရောက်ပုံ | ၂၀ |
| အရိယာတို့ ရှေးဘဝက ဓုတင်ကျေးဇူးတို့ဖြင့် ရအပ်သော ဂုဏ်ကျေးဇူးများ | ၃၆၅ |
| အရိုးရှည် | ၉၉ |
| အလသန္ဒကျွန်း | ၉၆၊၃၆၄ |
| အလောင်းတော်ကို ပူဇော်ခြင်း၌ ကြောင့်ကြစိုက်သင့် မစိုက်သင့် | ၁၉၀ |
| အဿဂုတ္တ၊အသျှင် | ၉ |
| အသောကာရုံကျောင်း | ၁၇ |
| အသက်ကြွင်းရှိသေးသော်လည်း သေချိန်မရောက်မီ သေရသူ | ၃၁၂ |
| [ အာ ] | |
| အာနန္ဒသူဌေး | ၃၅၅ |
| အာနန္ဒာမထေရ်၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ကြပုံများ | ၂၂၀ |
| အာယတနငါးပါးကံကြောင့်ဖြစ်ပုံ | ၈၂ |
| အာယုပါလ၊အသျှင် | ၂၀ |
| အာဠာရ ရသေ့ | ၂၄၅ |
| [အိ-ဣ] | |
| အိပ်မက်မြင်မက်တတ်သူ ခြောက်ယောက် | ၃၀၇ |
| အိမ်ခို၏ အင်္ဂါတပါး | ၄၁၀ |
| ဣဒ္ဓိပါဒ်စွမ်းအားကို ပြခြင်း | ၁၅၃ |
| ဣန္ဒသာလလိုဏ်ဂူ | ၃၅၄ |

http://www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဉ ]** | |
| ဥပသေနမထေရ် | ၃၆၄၊၃၇၆၊၃၉၉ |
| ဥပသေနမထေရ်နှင့် ၎င်း၏ ပရိသတ် | ၃၆၄ |
| ဥပါလိ၊အသျှင် | ၄၂၅ |
| ဥပါသကာ၏ ဂုဏ်အင်္ဂါ | ၁၁၀ |
| **[ ဧ ]** | |
| ဧကသာဋကပုဏ္ဏား | ၃၀၂ |
| **[ အောက် ]** | |
| အောက်ချင်းငှက်၏ အင်္ဂါနှစ်ပါး | ၄၀၉ |
| **[ အိုး ]** | |
| အိုး၏ အင်္ဂါတပါး | ၄၂၇ |
| **[ က ]** | |
| ကဏှာဇိန်မင်းသမီး | ၂၈၆ |
| ကဏ္ဍရဂ္ဂိသာမ ဆေးဆရာကြီး | ၂၈၃ |
| ကပိလ ဆေးဆရာကြီး | ၂၈၃ |
| ကပိလဝတ်ပြည်၌ ကျွတ်တန်း ဝင်ကြသူများ | ၇၅၅ |
| ကမျှဉ်းနီနှင့် ဆင်ပြောင်ကြီး | ၇၂၂ |
| ကလန္ဒသူဌေးသား သျှင်သုဒိန် | ၁၈၄ |
| ကလသိရွာ | ၉၆ |
| ကသ္မိရတိုင်း | ၉၆ |
| ကာယဝိညတ်နှင့် ဝစီဝိညတ် | ၂၇၉ |
| ကာလ | ၅၅ |
| ကာလ၏ အရင်းမူလ | ၅၆ |
| ကုမုဒဘဏ္ဍိကစပါးမျိုးနှင့် သလေးစပါး | ၃၀၃ |
| ကုသိုလ်ကဲ့သို့ အကုသိုလ်ကို အမျှဝေ၍ ရ မရ | ၃၀၅ |
| ကုသိုလ်ကံ အကုသိုလ်ကံ ခြားနားမှု | ၇၃ |
| ကုသိုလ်နှင့် အကုသိုလ် အကျိုး တူ မတူ | ၂၁၃ |
| ကုသိုလ်နှင့် အကုသိုလ် အနည်းအများ | ၉၇ |
| ကေတုမတီဗိမာန် | ၉ |
| **[ က ]** | |
| ကောလဆိပ် | ၃၆၄ |
| ကောသလမင်း၏ အသဒိသဒါန | ၃၀၂ |
| ကံ၏ အကျိုးရှိသည့်အဖြစ် | ၈၂ |
| ကိုယ်တိုင်ဖန်ဆင်းအပ်သော ပစ္စည်းကိုမသုံးဆောင်ခြင်း၏ အကြောင်းနှစ်ပါး | ၂၇၄ |
| ကိုယ်ထင်ရှားရှိသော်လည်း စိတ်မဖြစ်ပေါ်သူ နှစ်ဦး | ၃၁၀ |
| ကိုယ်ဝန်တည်ခြင်းအကြောင်း | ၁၃၇ |
| ကုန်မျိုးစုံရောင်းသော ဈေးရုံတော် | ၃၄၆ |
| ကုန်းလိပ်ပြောက်၏ အင်္ဂါတပါး | ၄၁၆ |
| ကင်းမြီးကောက်၏ အင်္ဂါတပါး | ၄၀၀ |
| ကောင်းကင်၏ ဂုဏ်ဆယ်ပါး | ၇၂၉ |
| ကောင်းကင်၏ အင်္ဂါငါးပါး | ၇၉၃ |
| ကောင်းစွာ ကျင့်သော်လည်း မဂ်ဖိုလ်ကို မသိမြင်နိုင်သူ တဆယ့်ခြောက်ဦး | ၃၁၉ |
| ကောင်းစွာ ကျင့်သူတို့ နိဗ္ဗာန်ကို မျက်မှောက်ပြုပုံ | ၃၃၀၊၃၃၁ |
| ကျီးငှက်၏ အင်္ဂါနှစ်ပါး | ၇၇၇ |
| ကျောက်ဆူး၏ အင်္ဂါနှစ်ပါး | ၃၈၃ |
| ကျမ်းနိဂုံး | ၄၃၀ |
| ကြာမြင့်စွာက ပြုပြီးသည်ကို အောက်မေ့နိုင်မှု | ၈၉ |
| ကြီးမြတ်သော အရဟတ္တသမျှ တခုတည်းသာ ဖြစ်ပုံ | ၂၄၉ |
| ကြက်၏ အင်္ဂါငါးပါး | ၇၇၁ |
| ကြောင်၏ အင်္ဂါနှစ်ပါး | ၇၉၉ |
| ကြွက်၏ အင်္ဂါတပါး | ၄၀၀ |
| **[ ခ ]** | |
| ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များ | ၁၅၆ |
| ခုနစ်နှစ်အောက်ငယ်ရွယ်သူ မဂ်ဖိုလ်ကို မရခြင်း၏ အကြောင်း | ၇၂၀ |
| ခုပ္ပိပါသပြိတ္တာမျိုး | ၃၀၄ |
| ခေါက်ရှာငှက်၏ အင်္ဂါတပါး | ၄၁၁ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ခ ]** | |
| ခင်ပုပ်ငှက်၏ အင်္ဂါနှစ်ပါး | ၄၁၀ |
| ချက်ကို သုံးသပ်၍ သန္ဓေတည်စေပုံများ | ၁၃၇ |
| ချုပ်ခြင်းသည် နိဗ္ဗာန် | ၇၇ |
| ခြ၏ အင်္ဂါတပါး | ၃၉၉ |
| ခြေတော်၌ ကျောက်ချပ်လှသာထိခြင်း | ၁၉၂ |
| ခြသေ့၏ အင်္ဂါခုနစ်ပါး | ၄၀၇ |
| **[ ဂ ]** | |
| ဂဇင်္ဂလပဏ္ဍားရွာ | ၁၁ |
| ဂရဟာဒိန္နသူကြွယ် | ၃၅၅ |
| ဂါထာသီဆို၍ရသောဘောဇဉ်ကို မသုံးဆောင် | ၂၃၀ |
| ဂေါပါလမာတာ မိဖုရား | ၃၀၁ |
| ဂိုဏ်းကြီးတဆယ့်ကိုးဂိုဏ်းတို့၏ လျှို့ဝှက်ချက် | ၂၀၃ |
| ဂိုဏ်းဆရာကြီး ခြောက်ဦး | ၇ |
| ဂုတ္တိလ စောင်းသမား | ၃၀၁ |
| ဂုဏ်ကိုပြောဆိုခြင်း၌ ဘုရား၏ အလိုတော် | ၁၉၆ |
| **[ ဃ ]** | |
| ဃဋိကာရအိုးထိန်းသည်၏အိမ် | ၂၃၃ |
| **[ င ]** | |
| ငရဲမီးပူလောင်ပုံ | ၇၅ |
| ငါးမြှားသူ၏အင်္ဂါနှစ်ပါး | ၄၂၀ |
| **[ စ ]** | |
| စကားလေးမျိုးနှင့် အကြောင်းငါးမျိုး | ၁၆၁ |
| စပါးကြီးမြွေ၏အင်္ဂါတပါး | ၄၁၃ |
| စူဠပန္ထကမထေရ် | ၁၀၃၊၃၇၃ |
| စူဠသုဘဒ္ဒါဥပါသိကာမ | ၃၅၅၊၃၀၀၊၃၉၃ |
| စေတနာ လက္ခဏာ | ၆၀ |
| စေတီပုထိုး တန်ခိုးပြကြောင်းသုံးမျိုး | ၃၁၀ |
| စက္ကဝါကငှက်၏အင်္ဂါသုံးပါး | ၄၀၀ |
| စက္ခုဝိညာဏ်စသည်ဖြစ်ပုံ | ၆၄ |
| စကြဝတေးမင်း၏ အင်္ဂါလေးပါး | ၃၉၇ |
| စန္ဒကူးနီ၏ဂုဏ်သုံးပါး | ၃၂၉ |
| စန္ဒဂုတ်မင်း | ၃၀၂ |
| စန္ဒဝတီမင်းသမီး | ၂၃၁ |
| စိတ်ထားမကောင်းသူတို့ ခုတင် အကျင့်ကြောင့် အပြစ်ကြီးပုံ | ၃၆၁ |
| စိတ်အားနည်းအောင် ပြုတတ်သော တရားနှစ်ဆယ့်ငါးပါး | ၂၉၉ |
| စိတ်အားနည်းခြင်း၏အကြောင်း | ၂၅၅ |
| စိန့်ဝိုင်း | ၃၆၄ |
| စိန်မင်းသမုဒြာ၌ ရထားဖြင့် ရေကစားပုံ | ၁၃၅ |
| စုန္ဒရွှေပန်းထိမ်သည်၏ဆွမ်း | ၁၀၇ |
| **[ ဆ ]** | |
| ဆရာ၏ဂုဏ်အင်္ဂါ | ၁၀၉ |
| ဆာလောင်မှုတို့ကြောင့်ဖြစ်သော အပြစ်များ | ၃၀၀ |
| ဆေးကျမ်းပြုဆရာကြီးတို့၏ အမည်များ | ၂၀၃ |
| ဆေးဆရာဖြစ်သော မြတ်စွာဘုရား | ၂၂၅ |
| ဆေးအမျိုးမျိုးဈေးရုံတော် | ၃၄၁ |
| ဆေး၏ဂုဏ်သုံးပါး | ၃၂၇ |
| ဆံပင်၌ ကြောင့်ကြခြင်း တဆယ့်ခြောက်ပါး | ၁၄ |
| ဆင်၏အင်္ဂါငါးပါး | ၄၀၅ |
| ဆင်းရဲအမျိုးမျိုး | ၂၀၀ |
| ဆဒ္ဒန်ဆင်မင်း | ၂၃၂ |
| ဆွမ်းနှစ်မျိုးအကျိုးတူပုံ | ၁၀၇ |
| **[ ဇ ]** | |
| ဇာလီမင်းသား | ၂၀၆ |
| ဇူဇကာပုဏ္ဏား | ၂၀၆ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ ဇ ] | |
| ဇောတိပါလလုလင် | ၂၃၂ |
| ဇမ္ဗုကတက္ကတွန်း | ၃၅၅ |
| [ ဈ ] | |
| ဈေးရုံကြီးအမျိုးမျိုး | ၃၃၀ |
| [ ည ] | |
| ဉာဏ်နှင့်ပညာ | ၄၆ |
| [ တ ] | |
| တစည်းသမား၏အင်္ဂါနှစ်ပါး | ၄၂၁ |
| တရားတော်ကို မြင်မမြင် | ၈၀ |
| တရားတော်သည် အမြတ်ဆုံးဖြစ်မဖြစ် | ၁၇၅ |
| တရားမဟောလိုခြင်း၏အကြောင်းများ | ၂၄၃ |
| တရားမြို့တော်ကြီး၌ စစ်သူကြီးနှင့် ပုရောဟိတ်များ | ၃၄၀ |
| တရားမြို့တော်ကြီး၌ တရားသူကြီးနှင့် မြို့တော်စောင့်များ | ၃၄၉ |
| တရားမြို့တော်ကြီး၌ ထင်ရှားသော တရားကျင့်သူ | ၃၅၁ |
| တရားမြို့တော်ကြီး၌ နေသူများ | ၃၄၇ |
| တရားမြို့တော်ကြီး၌ သောက်စားကြူးသူ | ၃၅၀ |
| တရားမြို့တော်ကြီး၏ မြို့အင်္ဂါများ | ၃၃၀ |
| တရားမြို့တော်စောင့်နှင့် တရားဈေးဆိုင်ရှင်သူဌေး | ၃၅၀ |
| တရားအစဉ်ဆက်စပ်ပုံ | ၄၄ |
| တမင်တဖိုလ်တည်ပြီးသူ ရှင်ရဟန်းအဖြစ်မှမဆုတ်နစ် | ၂၅၇ |
| တာဝတိံသာနတ်ပြည်၌ ကျွတ်တန်းဝင်ကြသူများ | ၃၅၄ |
| တီးတုတ်ငှက်၏အင်္ဂါနှစ်ပါး | ၄၂၃ |
| တောအုပ်၏ အင်္ဂါငါးပါး | ၄၁၆ |
| တားမြစ်၍ မရကောင်းသော ဘုရားဂုဏ်ကျေးဇူးတော်လေးပါး | ၁၇၀ |
| [ တ ] | |
| တက္ကောလဝိုင်း | ၃၆၄ |
| တောင်ထွတ်၏ဂုဏ်ငါးပါး | ၃၃၀ |
| တောင်၏ အင်္ဂါငါးပါး | ၃၉၂ |
| တိုင်ပင်ခြင်း၏ ရှောင်ကြဉ်ရာ အရပ်ရှစ်မျိုး | ၁၀၅ |
| တိုင်ပင်ပြောဆိုနည်းများ | ၃၀ |
| တိုင်ပင်မှုကိုဖျက်ဆီးတတ်သူရှစ်ဦး | ၁၀၇ |
| တန်ခိုးနှင့် ကံအကျိုး | ၂၀၁ |
| [ ထ ] | |
| ထီး၏အင်္ဂါသုံးပါး | ၄၂၄ |
| ထေဝပတ်ကြည်၏ အင်္ဂါသုံးပါး | ၃၂၉ |
| ထွက်သက်ဝင်သက်ချုပ်ရန် တတ်နိုင်သလော | ၉၉ |
| [ ဒ ] | |
| ဒါနဝဘီလူးနှင့်ဝိဇ္ဇာစိုရ် | ၁၆၆ |
| ဒိဋ္ဌမင်္ဂလိကာ ပုဏ္ဏေးမပျို | ၁၃၇ |
| ဒုကုလနှင့်ပါရိကာ | ၁၃၇ |
| ဒေဝဒတ်နှင့်မြတ်စွာဘုရားကရုဏာတော် | ၁၂၂ |
| ဒေဝဒတ်၏ အနာဂတ်ရေး | ၁၂၆ |
| ဒေဝမန္တိယအမတ် | ၂၄ |
| ဒေါဏ်မထေရ် | ၄၃၀ |
| ဒေါဏ်မြို့ | ၄၃၀ |
| ဒုက္ခကိုပယ်စွန့်ခြင်း | ၉၃ |
| ဒုဿိလရဟန်း၏ ဂုဏ်ဆယ်ပါး | ၂၆၇ |
| [ ဓ ] | |
| ဓနပါလဆင် | ၃၅၄ |
| ဓန္နန္တရိ ဆေးဆရာကြီး | ၂၀၃ |
| ဓုတင်ကျင့်သုံးထိုက်သူ ဆယ်ယောက် | ၃၅၇ |
| ဓုတင်ဂုဏ်ကျေးဇူးဆယ့်ရှစ်ပါးနှင့် ဓုတင်ကျင့်သူတို့ဂုဏ်ကျေးဇူး ဆယ့်ရှစ်ပါး | ၃၅၆ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဓ ]** | |
| ဓုတင်အကျင့် | ၃၅၃ |
| ဓုတင်အကျင့်၏မြေကြီးစသည်တို့နှင့်တူပုံ | ၃၅၈ |
| ဓမ္မကံရှိကြောင်းရေစစ် | ၇၇ |
| ဓမ္မရက္ခိတ၊အသျှင် | ၁၈ |
| ဓမ္မဝိနယကို ဖုံးထားသင့် မထားသင့် | ၂၀၂ |
| **[ န ]** | |
| နာဂသေနဒဏ်ထားခံရခြင်း | ၁၆ |
| နာဂသေနမထေရ်နှင့် မိလိန္ဒမင်းတို့၏ ရှေးဆုတောင်း | ၄ |
| နာဂသေနမထေရ် ပိဋကသင်ကြားခဏ်း | ၁၈ |
| နာဂသေနမထေရ် ပြန်မေးသောပြဿနာ | ၇၂ |
| နာဂသေနမထေရ်၏ဂုဏ်ရည် | ၂၂ |
| နာဂသေနမထေရ်၏ ဘွဲ့မည်များ | ၂၇ |
| နာဂသေနမထေရ်၏ဝါတော် | ၃၀ |
| နာဂသေနမထေရ်၏ အလောင်းနတ်သား | ၉ |
| နာဂသေနဖွားမြင်ပုံ | ၁၁ |
| နာဂသေနရှင်ပြုခဏ်း | ၁၄ |
| နာဂသေနသာမဏေအဘိဓမ္မာ သင်ကြားခြင်း | ၁၅ |
| နာရဒဆေးဆရာကြီး | ၂၈၃ |
| နေမိမင်း | ၃၀၁ |
| နေမိတ္တိကအမတ် | ၂၁ |
| နေ၏ရောဂါလေးမျိုး | ၂၄၈ |
| နေ၏အင်္ဂါခုနစ်ပါး | ၃၉၅ |
| နေအိမ်အပြစ်နှင့် ကျောင်းအကျိုးတရား | ၂၂၂ |
| နံ့သာဈေးဆိုင်ပိုင်ရှင် | ၃၅၀ |
| နံ့သာဈေးရုံတော် | ၃၃၉ |
| နို့စို့သူငယ်၏အင်္ဂါတပါး | ၄၁၅ |
| နိဂုံး | ၄၂၉ |
| နိဗ္ဗာမတဏှိကပြိတ္တာမျိုး | ၃၀၄ |
| နိဗ္ဗာန်နှင့်တည်ရာအရပ်မျက်နှာ | ၃၃၃ |
| နိဗ္ဗာန်ရခြင်းနှင့် နိဗ္ဗာန်ချမ်းသာ | ၇၈ |
| နိဗ္ဗာန်၏စင်စစ် ချမ်းသာအတိဖြစ်ပုံ | ၃၂၂ |
| နိဗ္ဗာန်၏အဆင်းပုံဟန်သဏ္ဌာန်အသွင် | ၃၂၅ |
| နန္ဒမထေရ် | ၁၈၃ |
| နာမ်တရားကို ပိုင်းခြားခြင်း၌ ခဲယဉ်းပုံ | ၁၀၂ |
| နာမ်ရုပ်နှင့် ပဋိသန္ဓေ | ၅၄ |
| နာမ်ရုပ် | ၅၀ |
| နွားအပေါင်း၏ အင်္ဂါလေးပါး | ၄၀၃ |
| **[ ပ ]** | |
| ပဥ္စသာလရွာသားတို့အား မာရ်နတ် ပူးဝင်ပုံ | ၁၆၉ |
| ပညာကြီးရင့်ကြောင်း | ၁၀၈ |
| ပညာ၏နေရာ | ၈၈ |
| ပညာရတနာ | ၃၄၃ |
| ပညာရှိစူးစမ်းခဏ်း | ၇ |
| ပညာလက္ခဏာ | ၄၂ |
| ပဋိသန္ဓေနေမနေ | ၄၅ |
| ပဋိသန္ဓေနေရခြင်း | ၃၄ |
| ပဋိသန္ဓေဖြစ်တည်မှုကို သိမသိ | ၈၂ |
| ပဋိသမ္ဘိဒါရတနာ | ၃၄၄ |
| ပတ္တမြားရတနာ၏ ဂုဏ်သုံးပါး | ၃၂၉ |
| ပတ္တမြားရတနာ၏ အင်္ဂါသုံးပါး | ၄၁၉ |
| ပဒုမာကြာ၏ ဂုဏ်တပါး | ၃၂၇ |
| ပဒုမာကြာ၏အင်္ဂါသုံးပါး | ၃၈၀ |
| ပရဒတ္တူပဇီဝိပြိတ္တာမျိုး | ၃၀၄ |
| ပရိနိဗ္ဗာန်ပြုပြီးသော မြတ်စွာဘုရားအား ပူဇော်မှုအကျိုးရှိမရှိ | ၁၁၁ |
| ပရိတ်ရွတ်၍ အန္တရာယ်ကင်းပုံ | ၁၆၄ |
| ပါတိမောက်ပြခြင်းကို အပိုင်းအခြားပြု၍ ပိတ်ထားခြင်း၏အကြောင်းသုံးမျိုး | ၂၀၃ |
| ပါဋလိပုတ်ပြည် | ၁၈ |
| ပါဋလိပုတ်သူဌေး | ၁၉ |
| ပိဏ္ဍောလဘာရဒွါဇ၊ အသျှင် | ၄၀၄ |
| ပုဏ္ဏကသူဌေး | ၃၀၁ |
| ပုဏ္ဏားတို့သင်ကြားရသောကျမ်းများ | ၁၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ပ ]** | |
| ပုဗ္ဗကစ္စာယန ဆေးဆရာကြီး | ၂၀၃ |
| ပူရဏကဿပနှင့် မက္ခလိဂေါသာလတို့၏ အယူဝါဒ | ၈ |
| ပေသကာရီ ယက်ကန်းသည်သမီးလေး | ၃၅၅ |
| ပင့်ကူ၏ အင်္ဂါတပါး | ၄၁၅ |
| ပန်းဈေးဆိုင်ရှင် | ၃၃၉ |
| ပန်းဈေးရုံတော် | ၃၃၀ |
| ပြိတ္တာလေးမျိုး | ၃၀၄ |
| **[ ဖ ]** | |
| ဖဿစသည်ကို ခွဲခြား၍သိမသိ | ၇၁ |
| ဖဿလက္ခဏာ | ၆၆ |
| ဖားနတ်သား | ၃၅၅ |
| ဖြစ်ဆဲသင်္ခါရရှိမရှိ | ၅၀ |
| ဖြစ်ရာမရှိပဲ သင်္ခါရဖြစ်မဖြစ် | ၅၉ |
| **[ ဗ ]** | |
| ဗန္ဓုမတီပြည့်တန်ဆာမက ဂင်္ဂါမြစ်ကို ဆန်၍စီးစေခြင်း | ၁၃၅ |
| ဗာကုလမထေရ်နှင့် ဧတဒဂ် | ၂၂၅ |
| ဗာကုလမထေရ်၏ အနာကင်းကြောင်း | ၂၂၇ |
| ဗာရာဏသီပြည်၌ကျွတ်တန်းဝင်ကြသူများ | ၃၅၄ |
| ဗူးနွယ်၏အင်္ဂါတပါး | ၃၀၀ |
| ဗောဇ္ဈင် | ၉၇ |
| ဗောဇ္ဈင်ရတနာ | ၃၇၅ |
| ဗြဟ္မာ့ပြည်နှင့် လူ့ပြည်အကွာအဝေး | ၉၅ |
| ဗြာဟ္မဏနှင့် ရာဇမည်ကြောင်း | ၂၃၅ |
| **[ ဘ ]** | |
| ဘဒ္ဒသာလစစ်သူကြီးသား | ၃၀၂ |
| ဘာရဒွါဇပုဏ္ဏားနှင့် စကားပြောသောကြို့ပင် | ၁၀၆ |
| ဘလ္လာတိယ၊ ကိန္နရာမောင်နှံ | ၄၁၃ |
| ဘီလူး တစ္ဆေ ပြိတ္တာတို့၏ ရုပ်အလောင်း | ၂၈၂ |
| ဘုရားဂုဏ်တော်ကိုသတိရမှု | ၉၃ |
| ဘုရားလောင်းတို့ ထူးခြားချက်လေးပါး | ၂၉၅ |
| ဘုရားလောင်းထက် ဒေဝဒတ်အလောင်းက အဆင့်အတန်းမြင့်ခဲ့ပုံများ | ၂၁၃ |
| ဘုရားလောင်းဓမ္မတာနှင့် ကြည့်ခြင်းရှစ်မျိုး | ၂၀၆ |
| ဘုရားလောင်းသည် သတ္တဝါတို့ကို မညှဉ်းဆဲ | ၂၂၉ |
| ဘုရားလောင်း၏ဆရာငါးဦး | ၂၄၅ |
| ဘောဇဉ်၏ဂုဏ်ငါးပါး | ၃၂၀ |
| ဘောဇဉ်၏အင်္ဂါသုံးပါး | ၄၂၆ |
| **[ မ ]** | |
| မကောင်းမှု ပွါးစီး မပွါးစီး | ၁၇၁ |
| မညှဉ်းဆဲခြင်းနှင့် ဖိနှိပ်ခြင်း | ၁၉၇ |
| မဋ္ဌကုဏ္ဍလီ | ၃၅၅ |
| မဏ္ဍဗျလုလင် | ၁၃၇ |
| မထေမဲ့မြင်အပြုခံရသော ပုဂ္ဂိုလ်ဆယ်ယောက် | ၂၉၉ |
| မန္ဓာတုစကြာမင်း | ၃၀၁ |
| မနသိကာရလက္ခဏာ | ၃၅ |
| မပေးလှူသင့်သော အလှူဆယ်မျိုး | ၂၈၀ |
| မပြောင်းရွှေ့ပဲ ပဋိသန္ဓေနေမနေ | ၈၀ |
| မလ္လိကာဒေဝီ | ၃၀၂ |
| မဟာကစ္စည်း၊ အသျှင် | ၃၀၁ |
| မဟာကစ္စာယနမထေရ် | ၃၇၂ |
| မဟာကဿပ၊ အသျှင် | ၄၀၁ |
| မဟာပဇာပတိဂေါတမီ | ၂၅၀ |
| မဟာမောဂ္ဂလာန်၊ အသျှင် | ၂၀၁ |
| မဟာသေန နတ်သား | ၁၀ |

http://www.dhammadownload.com




| အကွရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မဃဏဝါမိကနတ်သား | ၂၅၂ |
| မိမိကိုယ်ကို ချစ်မချစ် | ၈၄ |
| မိမိကိုယ်ကို သတ်သေခြင်း | ၂၀၇ |
| မိလိန္ဒမင်းနှင့် အသျှင်နာဂသေန တွေ့ဆုံပုံ | ၂၄ |
| မိလိန္ဒမင်းရဟန်းပြုခြင်း | ၄၂၉ |
| မိလိန္ဒမင်းအကြောင်း | ၅ |
| မိလိန္ဒမင်း၏ ပြဿနာနှင့် အမေးအဖြေများ | ၁၀၃ |
| မီး၏အင်္ဂါငါးပါး | ၃၉၀ |
| မုသားစကား၏ အလေးအပေါ့ | ၂၀၅ |
| မေတ္တာပွါးများနေသူအား လက်နက် ဘေးမရောက်နိုင်ပုံ | ၂၁၁ |
| မေတ္တာပွါးများရကျိုး တဆယ့်တမျိုး | ၂၁၀ |
| မောဃရာဇပုဏ္ဏား | ၁၈၃ |
| မိုး၏အင်္ဂါငါးပါး | ၄၁၈ |
| မည်သူမျှမစိုးပိုင်နိုင်သော ကိုယ်သို့အစဉ် လိုက်နေသောတရားဆယ်မျိုး | ၂၆၃ |
| မည်သည့်အကြောင်းကြောင့်မျှ မဖြစ်သောတရားနှစ်ပါး | ၂၇၈ |
| မိန်းမအားလုံးပင် ဆိတ်ကွယ်ရာ၌ မကောင်းမှုပြုသည် ဟူသောစကား | ၂၁၇ |
| မျိုးစေ့၏အင်္ဂါနှစ်ပါး | ၃၈၁ |
| မျက်မှောက်ဘဝ၌ ကုသိုလ်အကျိုး ပေးသူ ခြောက်ယောက် | ၃၀၁ |
| မျက်ရည်သည် ဆေးလော ဘေးလော | ၈၇ |
| မျောက်၏အင်္ဂါနှစ်ပါး | ၃၇၈ |
| မြေကြီးတည်နေပုံ | ၇၇ |
| မြေကြီး၏အင်္ဂါငါးပါး | ၃၈၇ |
| မြေခွေးအို၏ အင်္ဂါနှစ်ပါး | ၄၀၁ |
| မြေလျှင်လှုပ်ပုံ | ၁၂၇ |
| မြေမျိုခံရသူများ | ၁၁၆ |
| မြည်း၏အင်္ဂါတပါး | ၃၇၁ |
| မြတ်စွာဘုရားကို ပြနိုင်မပြနိုင် | ၈၃ |
| မြတ်စွာဘုရား စကားကြမ်း ဆိုတော်မူခြင်း | ၁၈၃ |
| မြတ်စွာဘုရား တရားအားလုံးကို သိမှသိ | ၈၄ |
| မြတ်စွာဘုရားနှင့် ဗြဟ္မစာရီ | ၈၆ |
| မြတ်စွာဘုရားနှင့် မဟာပုရိသ လက္ခဏာ | ၈၅ |
| မြတ်စွာဘုရား ပဋ္ဌင်းဖြစ်မဖြစ် | ၈၇ |
| မြတ်စွာဘုရား မဖြေကြားသောပြဿနာ | ၁၅၇ |
| မြတ်စွာဘုရား ရှိမရှိ | ၇၉ |
| မြတ်စွာဘုရား သတ္တဝါအားလုံး၏ အကျိုးစီးပွါးကို ဆောင်မဆောင် | ၁၇၇ |
| မြတ်စွာဘုရား အကုသိုလ်ကို အကြွင်းမဲ့ ဖြတ်မဖြတ် | ၁၄၇ |
| မြတ်စွာဘုရား အတုမရှိ မြတ်ပုံ | ၇၉ |
| မြတ်စွာဘုရား အလုံးစုံကို သိတော်မူပုံ | ၂၂၀ |
| မြတ်စွာဘုရားအား ပြုလုပ်ဖွယ် ကျန်မကျန် | ၁၅၁ |
| မြတ်စွာဘုရားအား မကွဲပျက်သော ပရိသတ် ရှိမရှိ | ၁၇၃ |
| မြတ်စွာဘုရား၏ လာဘ်အန္တရာယ် | ၁၆၇ |
| မြောက်ကျွန်းကို သွားနိုင်မသွားနိုင် | ၉၈ |
| မှန်းဆချက်ဖြင့် မြတ်စွာဘုရား ရှိကြောင်းသိရပုံ | ၃၃၆ |
| မြွေ၏အင်္ဂါတပါး | ၄၁၂ |
| မြွေပါ၏ အင်္ဂါတပါး | ၄၀၁ |
| မြွေ၏ အင်္ဂါသုံးပါး | ၄၁၂ |
| **[ ယ ]** | |
| ယုဂန္ဓိုရ်တောင်ထိပ် | ၉ |
| ယောနိသောမနသိကာရနှင့် ပညာ | ၃၄ |
| **[ ရ ]** | |
| ရက္ခိတကုန်းပြင် | ၉ |
| ရတနာခုနစ်ပါးနှင့်နိဗ္ဗာန် | ၃၃၄ |

http://www.dhammadownload.com



အက္ခရာစဉ် — စာမျက်နှာ

[ ရ ]


ရတနာရောင်းသော စျေးရုံတော် ၃၄၂
ရဟန္တာပုဂ္ဂိုလ်ကြောက်ရွံ့ခြင်းကင်းမကင်း ၂၁၈
ရဟန်းတို့ကို မြတ်စွာဘုရားနှင်ထုတ်ခြင်း ၁၉၉
ရဟန်းပြုရကျိုး ၃၃
ရဟန်းသံဃာကို ထိန်းသိမ်းခြင်း ၁၇၂
ရဟန်း၏ ဂုဏ်ကျေးဇူးများ ၂၇၄
ရဟန်း၏ အကျင့်တရားနှစ်ဆယ့်နှင့် အသွင်အပြင်နှစ်မျိုး ၁၇၅
ရာဂရှိသူနှင့်ရာဂကင်းသူ ၈၈
ရာဇဂြိုဟ်ပြည်၌ ကျွတ်တန်းဝင်ကြသူများ ၃၅၄
ရာထောင်မကသစွာလေးပါးသိသူ လူပုဂ္ဂိုလ်တို့များပုံ ၃၅၃
ရာဟုလာ၊အသျှင် ၃၇၇၊၃၀၂
ရေ၌အသက်'ဇီဝ'ရှိမရှိ ၂၇၃
ရေ၌ဂုဏ်နှစ်ပါး ၃၂၇
ရေ၏အင်္ဂါငါးပါး ၃၀၉
ရေဟဏမထေရ်နှင့်နာဂသေနတွေ့ဆုံခဏ်း ၁၃
ရေဟဏ၊အသျှင် ၁၁
ရှိသေခြင်းကို မပြုတတ်သူတဆယ့်နှစ်ဦး ၁၉၃
ရှေးဘဝက ဓုတင်ကျင့်သုံးဘူးသူ လူပုဂ္ဂိုလ်တို့၏အကျိုး ၃၅၇
ရှေးဘုရားတို့ မဂ်လမ်းစဉ် ၂၂၇
ရှေးအစွန်း ၅၆
ရှဉ့်၏အင်္ဂါငါးပါး ၃၇၃
ရှောက်ရွာမိုး ၃၁၇


[ လ ]


လဏ်၏အင်္ဂါငါးပါး ၃၉၄
လူအဖြစ်ဖြင့် နတ်ပြည်သို့ ရောက်ဘူးသူလေးယောက် ၁၀၁
လူစကားပြောသော သစ်ပင်တို့စိတ်ရှိမရှိ ၁၀၆
လူထွက်သောရဟန်းက သာသနာတော်၏ ဂုဏ်ငါးမျိုးကို ပြပုံ ၂၆၀
လူဘဝကပါရာဇိကသို့ ရောက်ပြီးသူ ဈာန်မဂ်ဖိုလ်မရနိုင်ပုံ ၂၆၅
လူရဟန္တာအဖြစ်ဖြင့် မတည်နိုင်ခြင်း အကြောင်း ၂၇၅
လူသောတာပန်ကပုထုဇဉ် ရဟန်း သာမဏေကို ရှိခိုးရခြင်းအကြောင်း ၁၇၅
လေမိုးစသည်တို့ကြောင့်ပဋိသန္ဓေ တည်ပုံများ ၁၄၁
လေ၏အင်္ဂါငါးပါး ၃၉၁
လေးသမား၏ အင်္ဂါလေးပါး ၄၂၇
လေး၏အင်္ဂါတပါး ၃၇၇
လယ်၏အင်္ဂါသုံးပါး ၄၂၅
လောကနှစ်ခု၌ဖြစ်ရမှုတူမျှပုံ ၉၆
လောက၌မရှိနိုင်သောတရားသုံးမျိုး ၂၄၀
လောကဖြစ်နှင့်ပညတ်တော်ဖြစ် ၂၇၇
လောမသကဿပရသေ့ ၂၃၀
လင်းနို့၏အင်္ဂါနှစ်ပါး ၄၁၁
လင်းယဉ်တိုင်၏ အင်္ဂါတပါး ၃၀၄
လိပ်ပြာကောင် ၆၁
လိပ်၏ အင်္ဂါငါးပါး ၃၇၅
လှံလဝိရိယထုတ်ခြင်း ၇၄
လှေထိုးသား၏ အင်္ဂါတပါး ၃၀၅
လှေသူကြီး၏ အင်္ဂါသုံးပါး ၃၀၄
လှေ၏ အင်္ဂါသုံးပါး ၃၀၂
လျှို့ဝှက်ချက်ကို ဖျက်ဆီးတတ်သူများ ၁၀၇
လျှို့ဝှက်သောအင်္ဂါကိုပြခြင်း ၁၀၅


[ ဝ ]


ဝက်တိုင်း ၃၆၄
ဝင်္ဂီသ၊ အသျှင် ၃၉၆
ဝတ္တနီယကျောင်း ၁၃
ဝဏ္ဏာသိကပြိတ္တာမျိုး ၃၀၄
ဝါဇပေယျမည်သောယဇ်ကြီး ၂၃၁
ဝိဇမ္ဘဝတ္ထုကျောင်းတိုက် ၁၅
ဝိညာဏ်လက္ခဏာ ၆၉
ဝိညာဏ်၏ အနက်အထူးထူး ၁၀၁

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ ]** | |
| ဝိတက်ဝိစာရလက္ခဏာ | ၇၀ |
| ဝိပုလတောင် | ၂၅၂ |
| ဝိမုတ္တိဉာဏဒဿနရတနာ | ၃၄၄ |
| ဝိမုတ္တိရတနာ | ၃၄၄ |
| ဝီရိယလက္ခဏာ | ၃၉ |
| ဝေဒနာ | ၄၉ |
| ဝေဒနာ လက္ခဏာ | ၆၇ |
| ဝေဿန္တရာမင်း၏ ပြုနိုင်ခဲ့သောအမှု ခုနစ်ပါး | ၂၀၆ |
| ဝါး၏ အင်္ဂါတပါး | ၃၇၆ |
| ဝက်၏ အင်္ဂါနှစ်ပါး | ၄၀၄ |
| ဝမ်း၌ စောင့်စည်းမှု | ၂၂၃ |
| ဝမ်း၌ စောင့်စည်းသည့် ကျေးသားငယ် | ၂၂၅ |
| **[ သ ]** | |
| သညာနှစ်ဆယ့်ခုနစ်ပါး | ၃၃၉ |
| သညာလက္ခဏာ | ၆၈ |
| သတိဖြစ်ပေါ်ပုံ | ၉၁ |
| သတိလက္ခဏာ | ၃၉ |
| သတိသည်အမြဲဖြစ်မဖြစ် | ၈၉ |
| သမဏမည်ကြောင်းတရားလေးပါး | ၁၉၄ |
| သမာဓိရတနာ | ၃၄၃ |
| သမာဓိလက္ခဏာ | ၄၀ |
| သမုဒ္ဒရာ | ၁၀၀ |
| သမုဒ္ဒရာ၏ ဂုဏ်လေးပါး | ၃၂၇ |
| သမုဒ္ဒရာ၏ ငန်ခြင်း | ၁၀၀ |
| သမုဒ္ဒရာ၏ အင်္ဂါငါးပါး | ၃၀၆ |
| သမင်၏ အင်္ဂါသုံး ပါး | ၄၀၂ |
| သာကေတပုဏ္ဏား | ၃၅၅ |
| သာဂလမြို့ | ၁ |
| သာဂလမြို့စည်ကားပုံ | ၂ |
| သာဓိနမင်း | ၃၀၁ |
| သာရိပုတြာမထေရ် | ၁၈၃၊၃၇၁၊၃၈၀၊၄၀၁ |
| သာဝတ္ထိပြည်၌ ကျွတ်တန်းဝင်ကြသူများ | ၃၅၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သာလကလျာဏီမည်သော သစ်ပင်၏ အင်္ဂါတပါး | ၃၈၂ |
| သာသနာ ကွယ်မကွယ် | ၁၄၃ |
| သိကြားမင်း | ၉ |
| သိကြားမင်း၏ အင်္ဂါသုံးပါး | ၃၉၆ |
| သိလျက်နှင့် မသိပဲ မကောင်းမှုပြုခြင်း | ၉၈ |
| သိဝိမင်းနှင့် နတ်မျက်စိ | ၁၃၃ |
| သီရိမာပြည့်တန်ဆာမ | ၃၅၅ |
| သီလမရှိသောရဟန်း လွန်ကဲသော အလှူကို သုတ်သင်နိုင်ခြင်း အကြောင်းဆယ်ပါး | ၂၆၈ |
| သီလရတနာ | ၃၄၂ |
| သီလရှိသူ၏ တူမျှမှု ဆယ်ပါး | ၂၀၀ |
| သီလလက္ခဏာ | ၃၅ |
| သီဟိုဠ်ကျွန်း | ၄၃၀ |
| သုဇာတာနှင့်စုန္ဒတို့၏ ဆွမ်းအကျိုး ကြီးမြတ်ခြင်းအကြောင်း | ၁၈၉ |
| သုပ္ပိယာဥပါသိကာမ | ၃၀၂ |
| သုဘူတိအသျှင် | ၃၉၂ ၃၉၇ |
| သုမနပန်းသည် | ၃၀၂၊၃၅၅ |
| သုရဋ္ဌတိုင်း | ၃၆၄ |
| သုလသာပြည့်တန်ဆာမ | ၃၅၅ |
| သုဝဏ္ဏဘူမိ | ၃၆၄ |
| သုဝဏ္ဏသာမသတို့သား | ၁၃၇ |
| သူတပါးတို့ကိုဆင်းရဲစေ၍လှူသော အလှူအကျိုးပေးပုံ | ၂၈၀ |
| သူတပါးအသက်ကို သတ်တတ်သူ ရှစ်ယောက် | ၂၃၀ |
| သေခြင်းမှကြောက်မကြောက် | ၁၅၉ |
| သေခြင်း၏အကြောင်းရှစ်မျိုး | ၃၁၂ |
| သေချိန်မရောက်မီသေသူနှင့်မသေသူ | ၃၁၁ |
| သေမင်းကျော့ကွင်း | ၁၆၄ |
| သေလပုဏ္ဏား | ၁၀၁၊၂၃၅ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ သ ] | |
| သေသူတို့အားရည်ညွှန်းအပ်သော အလှူ | ၃၀၄ |
| သောကုတ္တရပုဏ္ဏား | ၁၁ |
| သောတာပန်ဖြစ်ကြပုံ | ၁၈ |
| သောဝီရတိုင်း | ၃၆၄ |
| သံသရာ | ၈၈ |
| သားမုဆိုး၏အင်္ဂါလေးပါး | ၄၂၀ |
| သက္ကတိုင်း | ၃၅၅ |
| သက်ဆာနဂိုရ်ပြည်၌ကျွတ်တန်း ဝင်ကြသူများ | ၃၅၅ |
| သခ်ျေယျပရိဝုဏ် | ၂၀ |
| သဒ္ဓါလက္ခဏာ | ၃၇ |
| သဗ္ဗညုတဉာဏ်နှင့်စိတ်ခုနစ်မျိုး | ၁၁၇ |
| သမ္ဗဒိန္နအမတ် | ၃၁ |
| သစ်ပင်၏အင်္ဂါသုံးပါး | ၄၁၇ |
| သစ်ဖို၏အင်္ဂါနှစ်ပါး | ၃၇၄ |
| သစ်မ၏အင်္ဂါတပါး | ၃၇၃ |
| သစ်သီးဈေးဆိုင်ရှင် | ၃၄၀ |
| သစ်သီးဈေးရုံတော် | ၃၄၀ |
| သိမ်မွေ့သောအရာဝတ္ထု | ၁၀၁ |
| [ ဟ ] | |
| ဟိမဝန္တာတောင် | ၉ |
| ဟောရိုးမမှတာစကားနှင့် လောကအလေ့ဆိုရိုးစကား | ၁၉၈ |


ပ.ဓ.သ.စ-၆၅/၆.၁၁.၉၇ (၁၀၀၀၀) လာမ်ည်း

http://www.dhammadownload.com

http://www.dhammadownload.com